http://www.dhammadownload.com

မန္တလေးမြို့
အဝေရာရာမ ရန်ကင်းကျောင်းတိုက်

အရှင်ဩဇဒီတသိရီဘိဝံသ
ရေးသားပြုစုသော

ဓယာမေဒနီ

# အဋ္ဌသာလိနီဂုဏ်ရည်ကျမ်း

(ပထမတွဲ)

သာသနာ ၂၅၅၅ ကောဇာ ၁၃၇၃ ခရစ် ၂၀၁၂

အရှင်ဩဇဒီတသိရီဘိဝံသ ဓယာမေဒနီ အဋ္ဌသာလိနီဂုဏ်ရည်ကျမ်း (ပထမတွဲ)

http://www.dhammadownload.com

ဤကျမ်းတွင်-

- အဌသာလိနီစည်းမျဉ်း ဖွင့်ဆိုချက်များ။
- အဌသာလိနီ နိဒါနကထာမှ အကုသလကမ္မပထကထာအဆုံးထိ ကောင်းနိုးရာရာ ဝါကျ (၆၈)ဝါကျဆိုင်ရာ ဖွင့်ဆိုချက်များ ။
- ကျက်မှတ်စရာ လင်္ကာဆောင်ပုဒ်များ ။
- ယောနော ၊ ဂတ္တိ ၊ နိဿယဆိုင်ရာ စိစစ်ချက်များနှင့် ပဒဝိနိစ္ဆယများ ဖော်ပြထားပါသည်။
- စိတ်ဝင်တစား လေ့လာကြသော သောတုဇနတို့အား အောင်ပန်း ပန်ဆင်နိုင်ရန် ဤကျမ်းက အကူအညီ ပေးပါလိမ့်မည်။

http://www.dhammadownload.com

၆၀၀၀

မန္တလေးမြို့

အဘယာရာမ ရန်ကင်းကျောင်းတိုက်

**အရှင်ဩဒါတသိရီဘိဝံသ**

အဂ္ဂမဟာပဏ္ဍိတ

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

အစိုးရနှင့် သကျသီဟ ဓမ္မာစရိယ၊ ပါဠိပါရဂူ

ရေးသားပြုစုသော

ဓဿဓေဒနီ

# အဋ္ဌသာလိနီဂုဏ်ရည်ကျမ်း

## (ပထမတွဲ)

သာသနာ ၂၅၅၅ ကောဇာ ၁၃၇၃ ခုနှစ် ၂၀၁၂

http://www.dhammadownload.com

ဒေါက်တာနာဂဝံသာလင်္ကာရ (M.A . Ph.D)

အဝေရာ

အရှင်ဇဋိလ (အဝေရာ)

*mgmglinnsay (shwetl..ır)*

ကိုရဲထွန်း

**လမင်း**

**ပုံနှိပ်တိုက်**

မွေ့ဒါန

ဒုတိယအကြိမ်

၁၀၀၀

ပြာသိုလ၊ ၁၃၇၃-ခုနှစ်၊ ဇန်နဝါရီလ၊ ၂၀၁၂-ခုနှစ်၊

http://www.dhammadownload.com

# ဒုတိယအကြိမ်ရိုက် အမှာစကား

ဤဇယမေဒနီ အဋ္ဌသာလိနီ ဂုဏ်ရည်ကျမ်းကို မဟာဝိသုဒ္ဓါရုံ တိုက်သစ် ကျေးဇူးရှင် ဝါဆိုဆရာတော်ဘုရားကြီးထံ (ဇယမေဒနီ အတုလ ဂုဏ်ရည်ကျောင်း၌) နေထိုင်စဉ် ၁၃၅၈-ခုနှစ် (၁၉၉၆-ခုနှစ်)က ပထမ အကြိမ် စာအုပ်ရေ (၂၀၀၀) ရိုက်နိပ် ထုတ်ဝေခဲ့ပါသည်။

၁၃၆၃-ခုနှစ်(၂၀၀၁-ခုနှစ်)တွင် ဝါဆိုဆရာတော်ဘုရားကြီး အမှူး ပြုသော ရွှေကျင်နိကာယ ဗဟိုဌာန ဆရာတော်များ၏ တာဝန်ပေးချက်အရ သံလျှက်မော်အရှေ့ရပ်ကွက် အဝေရာရာမ ရန်ကင်းကျောင်းတိုက်သို့ ပဓာန နာယကအဖြစ် ပြောင်းရွှေ့နေထိုင်ရပါသည်။

သို့ဖြစ်၍ ယခု ၁၃၇၃-ခုနှစ် (၂၀၁၁-ခုနှစ်)တွင် မိမိ အဝေရာရာမ ရန်ကင်းကျောင်းတိုက်သို့ ရောက်ရှိသည်မှာ ၁၀-နှစ်ပြည့်ပြီ ဖြစ်ပါသည်။

ထိုသို့ ၁၀-နှစ် ပြည့်သည်ကို အကြောင်းပြု၍ အဝေရာရာမရန်ကင်း ကျောင်းတိုက် ၁၀-နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဤကျမ်းစာအရှင်ရေးသား ပြုစုသော ကျမ်းစာအုပ်များကို ပြန်လည်ရိုက်နိပ်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

ထိုသို့ ဆုံးဖြတ်ချက်အရ ဤကျမ်းစာကို ဒုတိယအကြိမ် အဖြစ် ရိုက်နိပ်ထုတ်ဝေခြင်း ဖြစ်ပါတယ်။

ဤကျမ်းစာ ထုတ်ဝေနိုင်ရေးအတွက် ကျောင်းဒါယကာ, ကျောင်း ဒါယိကာမများနှင့် အလှူရှင်များက အလှူငွေများ ထည့်ဝင် လှူဒါန်းကြပါ သည်။

ဤကျမ်းစာအုပ်မှ ဖြစ်ပေါ်လာသော ဝတ္ထုငွေများကို ဤကျမ်းစာရှင် ၏ ကျမ်းစာအုပ်များ အစဉ်မပြတ် ထုတ်ဝေနိုင်ရေးအတွက် ပညာပါရမီ ရန်ပုံ ငွေအဖြစ် ထားရှိပြီး ကျမ်းစာအုပ်များ ရိုက်နိပ် ထုတ်ဝေရာတွင် အသုံးပြုသွား မည်ဖြစ်ပါသည်။

http://www.dhammadownload.com

ဤကျမ်းစာအတွက် အလှူငွေများကို လှူဒါန်းကြသော ကုသိုလ်ရှင်များနှင့်. ကွန်ပျူတာ စာစီခြင်း၊ အမှားအမှန် စိစစ်ခြင်း၊ စာအုပ်ရိုက်နှိပ်ခြင်းစသော ကိစ္စများကို အားတက်သရော ပါဝင်ဆောင်ရွက်ကြသည့် အဝေရာရာမ တပည့်များ၏ သဒ္ဓါ. စေတနာ. မေတ္တာ. ဝီရိယတရားတို့ကို အလေးအနက် မှတ်တမ်းတင်ပါသည်။

ဦးသြဒါတသိရီဘိဝံသ

၁၃၇၃-ခုနှစ်၊
တန်ဆောင်မုန်းလပြည့်နေ့။
(၁၀.၁၁.၂၀၁၀)

http://www.dhammadownload.com



# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | (ဂ) |
| ၂။ | အဋ္ဌသာလိနီ စည်းမျဉ်း (၁၀) ချက်ဖွင့်ဆိုချက်များ | ၁ |

## နိဒါနကထာ အဖွင့်

| | | | | |
|---|---|---|---|---|
| ၃။ | ဝါကျအမှတ် | (၁) | ကောနဋ္ဌေန အဘိဓမ္မာအဖွင့် | ၁၀၇ |
| ၄။ | ဝါကျအမှတ် | (၂) | ဝိနယောအဖွင့် | ၁၂၈ |
| ၅။ | ဝါကျအမှတ် | (၃) | သုတ္တံအဖွင့် | ၁၄၀ |
| ၆။ | ဝါကျအမှတ် | (၄) | အဘိဓမ္မာ အဖွင့် | ၁၅၄ |
| ၇။ | ဝါကျအမှတ် | (၅) | ဂမ္ဘီရလေးပါးအဖွင့် (၁) | ၁၆၈ |
| ၈။ | ဝါကျအမှတ် | (၆) | ဂမ္ဘီရလေးပါးအဖွင့် (၂) | ၁၈၂ |
| ၉။ | ဝါကျအမှတ် | (၇) | ဂမ္ဘီရလေးပါးအဖွင့် (၃) | ၂၀၂ |

## တိကမာတိကာ အဖွင့်

| | | | | |
|---|---|---|---|---|
| ၁၀။ | ဝါကျအမှတ် | (၈) | ကုသလတိက် အဖွင့် (၁) | ၂၁၁ |
| ၁၁။ | ဝါကျအမှတ် | (၉) | ကုသလတိက် အဖွင့် (၂) | ၂၂၀ |
| ၁၂။ | ဝါကျအမှတ် | (၁၀) | ဓမ္မာအဖွင့် (၁) | ၂၃၆ |
| ၁၃။ | ဝါကျအမှတ် | (၁၁) | ဓမ္မာအဖွင့် (၂) | ၂၄၇ |
| ၁၄။ | ဝါကျအမှတ် | (၁၂) | ကောဋ္ဌာသနဋ္ဌ အဖွင့် (၁) | ၂၅၉ |
| ၁၅။ | ဝါကျအမှတ် | (၁၃) | ကောဋ္ဌာသနဋ္ဌ အဖွင့် (၂) | ၂၇၁ |
| ၁၆။ | ဝါကျအမှတ် | (၁၄) | ကောဋ္ဌာသနဋ္ဌ အဖွင့် (၃) | ၂၈၂ |
| ၁၇။ | ဝါကျအမှတ် | (၁၅) | ဝေဒနာတိက် အဖွင့် | ၂၉၃ |
| ၁၈။ | ဝါကျအမှတ် | (၁၆) | ဝိပါကတိက် အဖွင့် (၁) | ၃၀၅ |

http://www.dhammadownload.com




| စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၁၉။ | ဝါကျအမှတ် | (၁၇) | ဥပါဒိန္နတိက် အဖွင့် | ၃၁၅ |
| ၂၀။ | ဝါကျအမှတ် | (၁၈) | သံကိလိဋ္ဌတိက် အဖွင့် | ၃၂၄ |
| ၂၁။ | ဝါကျအမှတ် | (၁၉) | ဝိတက္ကတိက် အဖွင့် | ၃၃၁ |
| ၂၂။ | ဝါကျအမှတ် | (၂၀) | ပီတိတိက် အဖွင့် | ၃၃၉ |
| ၂၃။ | ဝါကျအမှတ် | (၂၁) | ဒဿနတိက် အဖွင့် | ၃၄၈ |
| ၂၄။ | ဝါကျအမှတ် | (၂၂) | ဒဿနဟေတုတိက် အဖွင့် | ၃၆၁ |
| ၂၅။ | ဝါကျအမှတ် | (၂၃) | အာစယဂါမိတိက် အဖွင့် (၁) | ၃၇၅ |
| ၂၆။ | ဝါကျအမှတ် | (၂၄) | အာစယဂါမိတိက် အဖွင့် (၂) | ၃၈၄ |
| ၂၇။ | ဝါကျအမှတ် | (၂၅) | သေက္ခတိက် အဖွင့် | ၃၉၈ |
| ၂၈။ | ဝါကျအမှတ် | (၂၆) | ပရိတ္တတိက် အဖွင့် | ၄၁၀ |
| ၂၉။ | ဝါကျအမှတ် | (၂၇) | မိစ္ဆတ္တတိက် အဖွင့် | ၄၂၁ |
| ၃၀။ | ဝါကျအမှတ် | (၂၈) | မဂ္ဂါရမ္မဏတိက် အဖွင့် | ၄၃၃ |
| ၃၁။ | ဝါကျအမှတ် | (၂၉) | ဥပ္ပန္နတိက် အဖွင့် | ၄၄၇ |
| ၃၂။ | ဝါကျအမှတ် | (၃၀) | အဇ္ဈတ္တတိက် အဖွင့် | ၄၅၅ |


## ဒုက မာတိကာ အဖွင့်


| | | | | |
|---|---|---|---|---|
| ၃၃။ | ဝါကျအမှတ် | (၃၁) | ဟေတု ဂေါစ္ဆက အဖွင့် (၁) | ၄၆၅ |
| ၃၄။ | ဝါကျအမှတ် | (၃၂) | ဟေတု ဂေါစ္ဆက အဖွင့် (၂) | ၄၇၇ |
| ၃၅။ | ဝါကျအမှတ် | (၃၃) | စူဠန္တရဒုက် အဖွင့် | ၄၈၈ |
| ၃၆။ | ဝါကျအမှတ် | (၃၄) | အာသဝ ဂေါစ္ဆက အဖွင့် (၁) | ၅၀၀ |
| ၃၇။ | ဝါကျအမှတ် | (၃၅) | အာသဝ ဂေါစ္ဆက အဖွင့် (၂) | ၅၀၉ |
| ၃၈။ | ဝါကျအမှတ် | (၃၆) | သံယောဇနဂေါစ္ဆကအဖွင့်စသည် | ၅၁၆ |
| ၃၉။ | ဝါကျအမှတ် | (၃၇) | မဟန္တရဒုက်အဖွင့် | ၅၂၃ |
| ၄၀။ | ဝါကျအမှတ် | (၃၈) | ပိဋ္ဌိဒုက် အဖွင့် (၁) | ၅၃၀ |
| ၄၁။ | ဝါကျအမှတ် | (၃၉) | ပိဋ္ဌိဒုက် အဖွင့် (၂) | ၅၃၈ |

http://www.dhammadownload.com




| စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|

## သုတ္တန္တိကဒုက မာတိကာအဖွင့်

| | | | | |
|---|---|---|---|---|
| ၄၂။ | ဝါကျအမှတ် | (၄၀) | ဝိဇ္ဇာဘာဂီဒုက် အဖွင့် | ၅၄၇ |
| ၄၃။ | ဝါကျအမှတ် | (၄၁) | ဝိဇ္ဇူပမဒုက် အဖွင့် | ၅၅၆ |
| ၄၄။ | ဝါကျအမှတ် | (၄၂) | အဓိဝစနဒုက် အဖွင့် | ၅၆၅ |
| ၄၅။ | ဝါကျအမှတ် | (၄၃) | နာမရူပဒုက် အဖွင့် စသည် | ၅၇၂ |
| ၄၆။ | ဝါကျအမှတ် | (၄၄) | သံဝေဇနီယဋ္ဌာနဒုက်အဖွင့်စသည် | ၅၇၇ |

## ကာမာဝစရကုသလ ပဒဘာဇနီ အဖွင့်

| | | | | |
|---|---|---|---|---|
| ၄၇။ | ဝါကျအမှတ် | (၄၅) | ကတမေဓမ္မာကုသလာအဖွင့်(၁) | ၅၈၆ |
| ၄၈။ | ဝါကျအမှတ် | (၄၆) | ပုဏ္ဏာငါးမျိုးအဖွင့် | ၅၉၂ |
| ၄၉။ | ဝါကျအမှတ် | (၄၇) | ကတမေဓမ္မာကုသလာအဖွင့်(၂) | ၆၀၀ |
| ၅၀။ | ဝါကျအမှတ် | (၄၈) | ကတမေဓမ္မာကုသလာအဖွင့်(၃) | ၆၀၆ |
| ၅၁။ | ဝါကျအမှတ် | (၄၉) | သမယသဒ္ဒါ အဖွင့် (၁) | ၆၁၆ |
| ၅၂။ | ဝါကျအမှတ် | (၅၀) | သမယသဒ္ဒါ အဖွင့် (၂) | ၆၂၄ |
| ၅၃။ | ဝါကျအမှတ် | (၅၁) | သမယသဒ္ဒါ အဖွင့် (၃) | ၆၃၂ |
| ၅၄။ | ဝါကျအမှတ် | (၅၂) | ကာမာဝစရ် အဖွင့် (၁) | ၆၄၃ |
| ၅၅။ | ဝါကျအမှတ် | (၅၃) | ကာမာဝစရ် အဖွင့် (၂) | ၆၅၄ |
| ၅၆။ | ဝါကျအမှတ် | (၅၄) | ကာမာဝစရ် အဖွင့် (၃) | ၆၆၄ |
| ၅၇။ | ဝါကျအမှတ် | (၅၅) | ကုသလ် အဖွင့် (၁) | ၆၈၁ |
| ၅၈။ | ဝါကျအမှတ် | (၅၆) | ကုသလ် အဖွင့် (၂) | ၆၉၁ |
| ၅၉။ | ဝါကျအမှတ် | (၅၇) | လက္ခဏာဒိ စတုက္က အဖွင့် | ၇၀၄ |
| ၆၀။ | ဝါကျအမှတ် | (၅၈) | စိတ္တံ အဖွင့် (၁) | ၇၁၃ |
| ၆၁။ | ဝါကျအမှတ် | (၅၉) | စိတ္တံ အဖွင့် (၂) | ၇၂၅ |
| ၆၂။ | ဝါကျအမှတ် | (၆၀) | ဥပ္ပန္နံ အဖွင့် | ၇၃၇ |

http://www.dhammadownload.com



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | | | | |
|---|---|---|---|---|
| ၆၃။ | ဝါကျအမှတ် | (၆၁) | စိတ္တံ ဥပ္ပန္နံ ဟောတိ အဖွင့် | ၇၅၇ |
| ၆၄။ | ဝါကျအမှတ် | (၆၂) | ဝိညတ္တိ အဖွင့် (၁) | ၇၆၇ |
| ၆၅။ | ဝါကျအမှတ် | (၆၃) | ဝိညတ္တိ အဖွင့် (၂) | ၇၇၄ |

## အကုသလ ကမ္မပထကထာ အဖွင့်

| | | | | |
|---|---|---|---|---|
| ၆၆။ | ဝါကျအမှတ် | (၆၄) | ပါဏာတိပါတ အဖွင့် | ၇၈၂ |
| ၆၇။ | ဝါကျအမှတ် | (၆၅) | အဒိန္နာဒါန အဖွင့် | ၇၉၂ |
| ၆၈။ | ဝါကျအမှတ် | (၆၆) | မုသာဝါဒ အဖွင့် | ၇၉၈ |
| ၆၉။ | ဝါကျအမှတ် | (၆၇) | ပိသုဏဝါစာ အဖွင့် | ၈၀၆ |
| ၇၀။ | ဝါကျအမှတ် | (၆၈) | မိစ္ဆာဒိဋ္ဌိ အဖွင့် | ၈၁၆ |

| | |
|---|---|
| ပထမတွဲ ကျမ်းပြီး နိဂုံး | ၈၂၂ |
| အက္ခရာဝလိ | ၈၂၃ |


မာတိကာပြီး၏

http://www.dhammadownload.com

# နိဒါန်း

## ပဏာမနှင့် ပဋိညာဉ်

သမ္ဗုဒ္ဓံ ဘိဝန္ဒိ သံဃံ၊ ဂုရုံ နတွာ ဘိဝန္ဒိကံ။
ကဿံ သုသာရတ္ထံ အဋ္ဌ-သာလိနီ ဂုဏဒီပနိံ။

အဟံ၊ မန္တလေး ဝိသုဒ္ဓါရုံ, ရွှေဘုံတိုက်မ, ဇယမေဒနီဝိဟာရဌ်, မွေစာပေ, အထွေထွေပို့ချ, ဘဒ္ဒန္တသြဒါတသိရီဘိဝံသ, ဂဏဝါစက, စာချဆရာ ငါသည်။ အာဘိဝန္ဒိကံ၊ မွေသင်္ဂဏီအစ, ပဋ္ဌာနအဆုံး, ပေါင်းရုံးခေါ်ဝေါ်, အဘိဓမ္မာ တရားတော်ကို, ဟောဖော်ညွှန်ပြ ဆုံးမတော်မူပေသော၊ သမ္ဗုဒ္ဓံ စ၊ ဘုန်းတော်ကံတော်, ဉာဏ်တော်အနန္တ, စုံပြည့်ဝသည့်, လောက ထွတ်ထား, မြတ်စွာဘုရားကိုလည်းကောင်း။ အဘိဝန္ဒံစ၊ မဂ်,ဖိုလ်,နိဗ္ဗာန်, မွေကျွန်, ပရိယတ်, ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း။ အာဘိဝန္ဒိကံ၊ မဂ်ဖိုလ်နိဗ္ဗာန်, တရားမှန်ကို, ဇကန်တိတိ, သိမြင်ရရှိတော်မူ သော၊ သံဃံ စ၊ သုပ္ပဋိပန်, ဂုဏ်ပေါင်းလျှံသည့်, ရှစ်တန်အရိယာ, မြတ် သံဃာကိုလည်းကောင်း။ အာဘိဝန္ဒိကံ၊ အဘိဓမ္မာပိဋကတ်, အဦးထပ်၍, ပိဋကတ်သုံးဖြာ, သိဖွယ်ရာကို, ကောင်းစွာပို့ချ, သင်ပြတော်မူပေသော၊ ဂုရုံ စ၊ အနန္တဂိုဏ်း, တုနှိုင်းမမီ, ဂုဏ်ရည်ခညောင်း, ကျေးဇူးရှင် ဆရာမြတ် အပေါင်းကိုလည်းကောင်း။ နတွာ၊ ဂုဏ်တော်အမြတ်, အာရုံကပ်၍,

http://www.dhammadownload.com



တုပ်ဝပ်ရိုကျိုး, ရှိသေစွာ ရှိခိုးပြီး၍၊ သုသာရတ္ထံ၊ တက်နည်းထွက်နည်း, ဝိဂြိုဟ်နည်းနှင့်, ပစ္စည်း, ပုဒ်, ဓာတ်, ဗျူပွတ်ဖွေရှာ, သံဝဏ္ဏနာအာဘော်, သုံးဖော်ဝိသယ, ဝေတ္တနှင့်, ငါးဝကြိယာ, လက္ခဏာစတုက္က, သိဒ္ဓိပြလျက်, ပဌာနနည်း, နည်းစုံမှီးသဖြင့်, အံ့ရှီးတင့်အပ်, မြင့်မြတ်ဂုဏ်ဝေ, အနှစ်သာရနှင့် ပြည့်စုံပေသော၊ အဋ္ဌသာလိနီ ဂုဏာဒီပနီ၊ အဋ္ဌသာလိနီ, ကျမ်းဂန္ထိ၏, ဂုဏ်ရည်ဖော်ပြ, နာမတင့်ဆန်း, အဋ္ဌသာလိနီဂုဏ်ရည်ကျမ်းကို၊ ကာသံ၊ မွှာစရိယတန်းဝင်, ထေရ်အရှင်တို့, ဉာဏ်မြင်ပြည့်ဝ, နလုံးလှအောင်, ဉာဏသမ္ဘဇဉ်, မေတ္တာယှဉ်လျက်, စီစဉ်ခွံခွံ, ရေးသားပေအံ့သတည်း။

# နက်နဲလှစွာ မြတ်ဗုဒ္ဓဒေသနာ

## ဂန္ထိရာ ပါဠိမွှော စ၊ တဋ္ဌီကာဋ္ဌကထာဒယော၊
## ဥဂ္ဂဏှန္တာ သုညာယေန၊ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ၊

ပါဠိမွှော စ – အရဟံတစ်ဆူ၊ သယမ္ဘူဟု၊ စံတုမဲ့ကင်း၊ တရားမင်းဘုရား၊ ဟောကြားမြွက်ဖော်၊ ပါဠိတော်တို့သည်လည်းကောင်း။ တဋ္ဌီကာ – ထိုပါဠိတော်၊ သရုပ်ပေါ်အောင်၊ ထုတ်ဖော်လှစ်ဟ၊ ဖွင့်ဆိုကြကုန်သော၊ အဋ္ဌ–ကထာဒယောစ – အဋ္ဌကထာ၊ ကျမ်းဋီကာဟု၊ သညာတင့်ဆန်း၊ အဖွင့်ကျမ်းတို့သည်လည်းကောင်း၊ ဂန္ထိရာ – အံ့မခန်းဖွယ်၊ နည်းစုံကြွယ်သဖြင့်၊ ဆန်းကျယ်နက်နဲ၊ ခက်ခဲကြပါပေကုန်၏။

တေ – ဝိစိတြ၊ နယဂန္ထိ၊ မြတ်ဂုဏ်ရည်နှင့်၊ စုံညီပြည့်ဝ၊ ထိုပါဠိတော်၊ မြတ်မွှေတို့ကို၊ သုညာယေန – ဝိဋ္ဋကတ်သင်နည်း၊ နိဿရည်းဟု၊ သိပ်သည်း ကျစ်လစ်၊ မှန်ကန်သော နည်းစနစ်ဖြင့်၊ ဥဂ္ဂဏှန္တာ – ဆရာကောင်းထံ၊ နည်းနာခံလျက်၊ ထက်သန်ဆန္ဒ၊ ဝီရိယဖြင့်၊ နေ့ညမဟူ၊ ကြိုးစားသင်ယူကြပေကုန်သော၊ ပဏ္ဍိတာ ဇဝ – သာသနာကြည်ညို၊ စာကိုချစ်ခင်၊ အမြင်ထက်သန်၊ ပညာဉာဏ်ရှိကြသူတို့သည်သာလျှင်၊ အတ္ထံ – ခက်ခဲထူးဆန်း၊ နည်းစုံပြွမ်းသည့်၊ အံ့မခန်းဖွယ်၊ အနက်အဓိပ္ပါယ်ကို၊ ဇာနန္တိ – စာပေအသိ၊ ကိုယ်လုံးပြည့်အောင်၊ မိမိပိုင်ပိုင်၊ သိနိုင်ကြပါပေကုန်သတည်း။

http://www.dhammadownload.com



မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သော ဓမ္မက္ခန္ဓာ ပါဠိတော်များသည် အထူးထူးသော နည်းတို့ဖြင့် သိမ်မွေ့နက်နဲ ခက်ခဲသောကြောင့် သာမန်လေ့လာရုံမျှဖြင့် လိမ္မာကျွမ်းကျင်သည့် ပိဋကတ်ဉာဏ်အမြင်ကို မရနိုင်ပါပေ။

ထိုပါဠိတော်၏ ခက်ခဲသော ပုဒ်နှင့်အနက်အဓိပ္ပါယ်များကို အဋ္ဌကထာ. ဋီကာတို့က ဖွင့်ပြကြရာ ထိုအဋ္ဌကထာ. ဋီကာတို့ကိုလည်း သဒ္ဒါနည်း. အလင်္ကာနည်း. နေတ္တိနည်း. ပဋ္ဌာန်းနည်း. ဥတ်နည်းစသော နည်းတို့ဖြင့် မလေ့လာပါက အတွင်းကျကျ အနက်အဓိပ္ပါယ်တို့ကို ထဲထဲဝင်ဝင် သိမြင်နိုင်မည် မဟုတ်ပေ။ ထိုသို့ မသိမြင်ပါကလည်း ပိဋကစာပေ. ပါဠိစာပေ၌ ကျွမ်းကျင်သော ပညာရှင်အဖြစ်ကို ရရှိနိုင်မည် မဟုတ်ပေ။

ထို့ကြောင့် ပိဋကစာပေ ပါဠိစာပေ၌ လိမ္မာကျွမ်းကျင်သော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်လာရန် (သို့မဟုတ်) ဓမ္မာစရိယ = စာချပုဂ္ဂိုလ်တစ်ယောက်ဖြစ်မြောက်လာစေရန် ရှေးရှေးဆရာတော်ကြီးများက ပိဋကစာပေ လေ့လာနည်းများကို ထုတ်ဖော်တော်မူခဲ့ပေသည်။

## မြန်မာနိုင်ငံနှင့် ပိဋကကျွမ်းကျင်မှု

ပိဋကစာပေကျွမ်းကျင်မှု၌ မြန်မာဘုန်းတော်ကြီးများသည် ကမ္ဘာတွင် ထိပ်တန်းအဆင့်က ရှိကြပေသည်။ မျက်မှောက်ခေတ်တွင် မြန်မာဘုန်းတော်ကြီးများ၏ ပိဋကကျွမ်းကျင်မှု. ပါဠိစာပေနိုင်နင်းမှုကို အခြားနိုင်ငံများရှိ ပါဠိပညာရှင်. ပိဋကစာပေပညာရှင်တို့က လေးစားကြ ချီးကျူးကြပေသည်။

ထို့ပြင် မြန်မာဘုန်းတော်ကြီးတို့၏ ပိဋကစာပေ လေ့လာနည်း (သင်ယူနည်း)များကိုလည်း စိတ်ဝင်စားကြ အလေးထား အသိအမှတ်ပြုကြပေသည်။

မြန်မာဘုန်းတော်ကြီးတို့၏ ပိဋကစာပေ လေ့လာနည်းသည် ပါဠိကို အနက်ထင်ရုံမျှသာ လေ့လာသည့်နည်း မဟုတ်ပေ။ ပုဒ်တစ်ပုဒ်. ဝါကျ

http://www.dhammadownload.com



တစ်ပိုဒ်ကို သုတ္တဝဏ္ဏနာ ခြောက်မျိုး( သံဝဏ္ဏနာဆဋ္ဌနည်း)ဖြင့် သာမက ပဋ္ဌာန်းနည်း, နေတ္တိနည်း, အလင်္ကာနည်း, ဆန်းနည်းစသည့် နည်းမျိုးစုံတို့ဖြင့် လေ့လာသည့် နည်း ဖြစ်ပေသည်။

ထိုသို့သောနည်းတို့ဖြင့် လေ့လာခြင်းကြောင့် မြန်မာဘုန်းတော်ကြီးများ၏ ပိဋကစာပေ ကျွမ်းကျင်မှုကို အခြားနိုင်ငံရှိ ပိဋကပညာရှင်, ပါဠိပညာရှင်တို့ လိုက်မမီခြင်း ဖြစ်ပေသည်။

မြန်မာဘုန်းတော်ကြီးတို့၏ **"စာပေလေ့လာနည်း"** ဟူသည် အခြားမဟုတ်၊ ဓမ္မာစရိယစာချတန်းဝင် အရှင်မြတ်တို့ သင်ယူလေ့လာနေကြသည့် **"ဓမ္မာစရိယတန်း စာသင်နည်း"** ပင်ဖြစ်ပေသည်။

## ဓမ္မာစရိယတန်း

မြန်မာနိုင်ငံတော် အစိုးရက နှစ်စဉ်ကျင်းပပေးလျက်ရှိသော ဓမ္မာစရိယစာချတန်းစာမေးပွဲသည် ပိဋကစာပေ လိမ္မာကျွမ်းကျင်သော ဓမ္မာစရိယ = စာချ ဆရာတော်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျင်းပသော စာမေးပွဲဖြစ်သည်။

တစ်နည်းအားဖြင့် မြန်မာဘုန်းတော်ကြီးများ၏ **"ကမ္ဘာကျော် ပါဠိစာပေလေ့လာနည်း"** ကို ရှေးမူမပျက် ရှင်သန်နေစေရန်ရည်ရွယ်၍ ကျင်းပသော စာမေးပွဲဟုလည်း ဆိုနိုင်ပေသည်။

ထိုစာမေးပွဲတွင် ဝိနည်းပိဋကမှ ပါရာဇိကဏ်ပါဠိတော်၊ သုတ္တန်ပိဋကမှ သီလက္ခန်ပါဠိတော်၊ အဘိဓမ္မာပိဋကမှ ဓမ္မသင်္ဂဏီပါဠိတော်တို့ကို ယင်းတို့၏ အဋ္ဌကထာကျမ်းတို့နှင့် တွဲဖက်၍ မသင်မနေရ လေ့လာရန် (ကျမ်းရင်းသုံးကျမ်းအဖြစ်) ပြဋ္ဌာန်းထားပေသည်။

ထိုပါဠိတော်, အဋ္ဌကထာတို့ကို -

**သမ္ဗန္ဓော စ ပဒဉ္စေဝ၊ ပဒတ္ထော ပဒဝိဂ္ဂဟော။**
**စောဒနာ ပရိဟာရောတိ၊ ဆဗ္ဗိဓာ သုတ္တဝဏ္ဏနာ။**

ဟူသော ပါဠိစာပေလေ့လာနည်း ခြောက်ရပ်တွင် အပါအဝင် ဖြစ်သော

http://www.dhammadownload.com



အတက်အထွက် စုဒ်စောဒနာထုတ်ခြင်း၊ ဝစနတ္ထပြု၍ ဉာသ်နည်း, ဝစနာဒိဆတ္တကနည်း, ဗျုပ္ပတ္တိစတုက္ကနည်းတို့ဖြင့် ဝေဖန်ခြင်း၊ ဝါကျခွဲခြင်း၊ အာဘော်သံဝဏ္ဏနာဖော်ခြင်း၊ ပါဠိမှား/ပါဠိမှန် စိစစ်ခြင်း၊ နည်းဥပစာ, ကြိယာငါးတန်, ဝေတ္တဖလ, နိပါတတ္ထတို့ကို ထုတ်ဖော်ခြင်း၊ အလင်္ကာနည်း, နေတ္တိနည်း, ပဋ္ဌာန်းနည်းတို့ဖြင့် လေ့လာခြင်း၊ သဒ္ဒါနည်း, ဆန်းနည်းတို့နှင့် အညီ ပါဠိဘာသာတို့ကို ရေးသားခြင်းစသော နည်းတို့ဖြင့် လေ့လာကြရ ပေသည်။

ထိုလေ့လာနည်းတို့ကို ပီပီပြင်ပြင် ထိထိမိမိ လေ့လာသော ပုဂ္ဂိုလ်သည် ပါဠိစာပေ, ပိဋကစာပေတို့ကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်နိုင်သည့် အပြင် "**ဓမ္မာစရိယ**" ဟူသော ဘွဲ့ထူးကြီးကိုလည်း ဆွတ်ခူးနိုင်မည် ဖြစ်ပေသည်။

## ဓမ္မသင်္ဂဏီနှင့် အဋ္ဌသာလိနီ

ဓမ္မသင်္ဂဏီကျမ်းသည် အဘိဓမ္မာ(၇)ကျမ်းတွင် ပထမဆုံးဖြစ်၍ စိတ်, စေတသိက်, ရုပ်တရားတို့ကို ပြည့်ပြည့်စုံစုံ ဟောကြားထားသောကျမ်း ဖြစ်ပေသည်။

ထိုဓမ္မသင်္ဂဏီကျမ်းလာ ပုဒ်တို့၏ အနက်တို့နှင့် အခြားသိမှတ်ဖွယ်ရာ အဘိဓမ္မာ သဘောတရားတို့ကို အဋ္ဌသာလိနီကျမ်းက ဖွင့်ပြထားပေသည်။

ထိုဓမ္မသင်္ဂဏီနှင့် အဋ္ဌသာလိနီကျမ်းကို လေ့လာကြရသည့် စာချတန်း ဝင် အရှင်မြတ်တို့သည် အနက်ထင်ရှံမျှသာ မဟုတ်ဘဲ ဤကျမ်း ပထမပိုင်း တွင် ဖွင့်ဆိုထားသည် စည်းမျဉ်းများ (လေ့လာနည်းများ)နှင့်အညီ သင်ယူကြရပေသည်။

အဘိဓမ္မာတရားသည် ပင်ကိုအားဖြင့်ပင် အသိခက် နားလည်ရခက် သော တရားဖြစ်သည်။ အဘိဓမ္မာဆိုင်ရာ အယူအဆများ၏ အသိခက်မှု ကြောင့် လေ့လာကြရသည့် ပုဂ္ဂိုလ်များမှာလည်း ပင်ပင်ပန်းပန်း လေ့လာ ကြရပေသည်။

http://www.dhammadownload.com



## ကျမ်းပြုသူနှင့် အဋ္ဌသာလိနီ

ဤကျမ်းကို ပြုစုသူသည် အဋ္ဌသာလိနီအဋ္ဌကထာကို ၁၃၄၄-ခုနှစ်မှ စ၍ ပို့ချခဲ့ရာ မိမိ၏ ကြိုးစားပို့ချမှုကြောင့် စာလိုက်သံဃာများ၏ အားတက်သရော အားပေးမှုကို ရရှိခဲ့ပါသည်။

ဤကျမ်းစာကို ပို့ချရာတွင် ကြုံတင်လေ့လာ၍ ခက်ဆစ်ခက်ရာ အချက်အလက်တို့ကို ထုတ်နှုတ်ရေးသားပြီးမှ ပြောသင့်ပြောထိုက်ရာများကို အကျယ်ချဲ့၍ ရှင်းလင်းပြောကြားပို့ချပါသည်။

ထိုအကျဉ်း ကောက်နှုတ်ချက်များကို ဂဏ္ဌိသဘောမျိုးဖြင့် ကျမ်းစာထုတ်ဝေရန်လည်း ရည်ရွယ်ချက်ထားခဲ့ပါသည်။

စာရေးသူသည် အဋ္ဌသာလိနီ အဋ္ဌကထာကို ဝါကျဆင်၍ အမေး+အဖြေ ပုံစံဖြင့်ရေးရန် မူလက စိတ်မဝင်စားခဲ့ပါ။ ဆိုခဲ့ပြီးအတိုင်း ခက်ဆစ်ကောက်နှုတ်ချက်ကို ဂဏ္ဌိသဘောမျိုး ရေးသာရန်သာ ဆန္ဒရှိခဲ့ပါသည်။

သို့သော် စာသင်သားများ အကျိုးများ/မများ ဆင်ခြင်စဉ်းစားသောအခါ ဂဏ္ဌိပုံစံထက် ဝါကျဆင်ပြီး အမေး+အဖြေပုံစံဖြင့် ရေးသားခြင်းသည်သာ ခေတ်စာသင်သားများအတွက် ကျေးဇူးများနိုင်သည်ဟု သဘောရပါသည်။

ထို့ပြင် ဂဏ္ဌိပုံစံဖြင့် ရေးသားခြင်းသည် အဋ္ဌသာလိနီကျမ်း လေ့လာနည်းအားလုံး ဖော်ပြနိုင်မည် မဟုတ်ဘဲ ဝါကျဆင်၍ အမေး+အဖြေ ပုံစံဖြင့်ရေးသားခြင်းသည်သာ အဋ္ဌသာလိနီ လေ့လာနည်း (တစ်နည်းဆိုလျှင် ပိဋကလေ့လာနည်း)ကို အစုံအလင် ဖော်ပြနိုင်မည်ဟု သဘောပေါက်လာပါသည်။

ထို့ကြောင့် **"ဖယမေဒနီ အဋ္ဌသာလိနီဂုဏ်ရည်"** ဟူသော ဤကျမ်းကို ရေးသားခြင်း ဖြစ်ပါသည်။

## ရေးသားစီစဉ်ပုံ

ဤကျမ်း၌ ပထမပိုင်း, ဒုတိယပိုင်း နှစ်ပိုင်းခွဲခြားထားပါသည်။

ပထမပိုင်း၌ **"အဋ္ဌသာလိနီ လေ့လာနည်း"** ဟု ဆိုရမည့် စည်းမျဉ်း

http://www.dhammadownload.com



(၁၀)ချက် ဖွင့်ဆိုချက်များကို ဖော်ပြထားပါသည်။ ဒုတိယပိုင်း၌ အဋ္ဌသာလိနီ အဋ္ဌကထာလာ ကောင်းနိုးရာရာ ဝါကျများကို စည်းမျဉ်းများနှင့်အညီ ဖွင့်ဆိုထားပါသည်။

အချို့ နေရာများတွင် ပါဠ်မှား+ပါဠ်မှန် စိစစ်ချက်များနှင့် နိဿယနစ်စောင်၏ အယူအဆတို့ကို စိစစ်ထားချက်များကိုလည်း ဖော်ပြထားပါသည်။

## တိုက်တွန်းချက်

အဋ္ဌသာလိနီကို လေ့လာကြမည့် မွောစရိယတန်းဝင် အရှင်မြတ်များအဖို့ ပါဠိတော်နှင့် အဋ္ဌကထာအနက်များကို နိဿယနက် ကျကျရဖို့လိုအပ်သည်။

ဒုတိယအရေးကြီးဆုံးမှာ ဤကျမ်း ပထမပိုင်း၌ ပြဆိုထားသည့် **"စည်းမျဉ်း(၁၀)ချက် ဖွင့်ဆိုချက်များ"**ကို နားလည် သဘောပေါက်အောင်ပိုင်ပိုင်နိုင်နိုင် လေ့လာရန် ဖြစ်ပါသည်။

ထိုသို့ ကျေပွန်စွာ လေ့လာပြီးပါက ဒုတိယပိုင်းတွင် ပြဆိုထားသောဝါကျဆိုင်ရာ ရှင်းလင်း ဖွင့်ဆိုချက်များကို စိတ်ပါဝင်စားစွာ ဆက်လက်လေ့လာရန် ဖြစ်ပါသည်။

သို့ဖြစ်၍- (၁) နိဿယနက် ကျကျနနရဖို့ (၂) စည်းမျဉ်း ၁၀-ချက်ရှင်းလင်းချက်တို့ကို နားလည်သဘောပေါက်အောင် လေ့လာဖို့နှင့် (၃) ဒုတိယပိုင်းလာ ဝါကျများကို စိတ်ပါဝင်စားစွာ လေ့လာမှတ်သားဖို့ တိုက်တွန်းအပ်ပါသည်။

## မှာထားချက်

ပထမပိုင်း **"စည်းမျဉ်း (၁၀)ချက် ဖွင့်ဆိုချက်"**တွင် နံပါတ်(၁) မေးခွန်းနှင့်ဆိုင်သော အနက်ပေးနည်းများနှင့် နံပါတ် (၆)မေးခွန်းနှင့် သက်ဆိုင်သောအာဘော်ဖော်နည်းများကို (ကျယ်ဝန်းသဖြင့်) ဖော်ပြမထားပါ။ သို့သော်

http://www.dhammadownload.com



ဒုတိယပိုင်း ဝါကျများ လေ့လာခန်းတွင်မူ လိုအပ်သော အတိုင်းအတာတိုင်း ထိုအနက်ပေးနှင့် အာဘော်များကို ပြည့်စုံစွာ ဖော်ပြထားပါသည်။

ထို့ပြင် ဒုတိပိုင်းတွင် ဖော်ပြထားသော ဝါကျလေ့လာခန်းတွင် ရှေ့ပိုင်း ဝါကျများ၌ ဌပနာပဋ္ဌကအတက်, ပါပနာပဋ္ဌကအတက်များကို အပြည့်အစုံ ပြထားသော်လည်း နောက်ပိုင်းဝါကျများတွင် (သိနိုင်လောက်ပြီဖြစ်၍) ဌပနာပဋ္ဌကအတက်တွင် ဌပနာတိကသာ ဖော်ပြပြီး ပါပနာပဋ္ဌကအတက် တွင် ဌပနာနှင့် အနုလောမပါပနာမျှလောက်သာ ပြထားပါသည်။

ဌပနာပဋ္ဌကတက်နည်းကို ပိုင်ပိုင်နိုင်နိုင် လေ့လာထားပြီးသော ပုဂ္ဂိုလ် အဖို့ ဌပနာတိကကို သိလျှင် ဟိတ်နှင့် ဌပနာပဋ္ဌိကွေပတို့ကို မသိနိုင်စရာ မလုပ်တတ်စရာ မရှိတော့ပါ။ ထို့အတူ ပါပနာပဋ္ဌကတက်နည်းကို သဘော ပေါက်အောင် လေ့လာထားသူအဖို့ ပါပနာပဋ္ဌကအတက်တွင် ဌပနာနှင့် အနုလောမပါပနာကိုရလျှင် ကြွင်းသုံးပါးကို မလုပ်တတ်စရာ မရှိပါ။

ထိုမှတစ်ပါး နံပါတ် (၄) ဗျုပ္ပတ္တိစတုက္ကအခန်းတွင် ရှေ့ပိုင်းဝါကျများ၌ ကိတ်ပုဒ်၏ ဗျုပ္ပတ္တိနိမိတ်, ပဝတ္တိနိမိတ်ကို အပြည့်အစုံထုတ်ပြထားသော် လည်း နောက်ပိုင်းဝါကျများ၌ ဓာတ်, ပစ္စည်းနှင့် ကြိယာမျှလောက်သာ ညွှန်းထားပါသည်။ ဓာတ်, ပစ္စည်းနှင့် ကြိယာကိုသိလျှင် ဗျုပ္ပတ္တိစတုက္က မထုတ်တတ်စရာ မရှိပါ။

နံပါတ် (၅) ဆိုင်ရာ ပဒ, အန္တ စသည် ခွဲရာ၌လည်း နောက်ပိုင်းဝါကျများ၌ အသိခက်သော ပုဒ်တို့ကိုသာ ဖော်ပြထားပါသည်။ ထို့အတူ နံပါတ် (၆)ဆိုင်ရာ အာဘော်ခန်း၌ အာဘော်တို့ကိုသာ ပြည့်ပြည့်စုံစုံ ဖော်ပြ ထားပြီး သံဝဏ္ဏနာအမည်တို့ကိုမူ ဖော်ပြမထားပါ။ အာဘော်ဖော်တတ်လျှင် သံဝဏ္ဏနာ အမည်ပေးရာတွင် အခက်အခဲ တွေ့စရာ မရှိပါ။

ဤမှာထားချက်တို့ကို သတိပြု၍ တိုက်တွန်းချက်ပါ အချက်သုံးချက် တို့ကို ဖြည့်စွမ်းနိုင်ပါလျှင် အဋ္ဌသာလိနီ အခက်အခဲကို လွယ်ကူစွာ ဖြတ်ကျော် အောင်ပွဲဆင်နိုင်မည် ဖြစ်ပါသည်။

http://www.dhammadownload.com



ထက်သန်ဆန္ဒ၊ ဝီရိယနှင့်၊ ပြင်းပြစိတ်ဓာတ်၊ ဖြတ်လတ်လျှင်မြန်၊ ပညာဉာဏ်ဟု၊ လေးတန်ဣဒ္ဓိပါဒ်၊ ဆေးတော်မြတ်ကို၊ မပြတ်မှီဝဲ၊ ဆောင်သုံးစွဲက၊ အောင်ပွဲအတန်တန်၊ ရမည်မှန်သည်- ကောန်သုံးမှ သင့်မည်ကို။

အရှင်ဩဒါတသိရီဘိဝံသ

၁၃၅၈ - ခုနှစ်၊
ပထမဝါဆိုလပြည့်ကျော် (၁၀) ရက်။

http://www.dhammadownload.com



# နိဂုံး

[illegible]

[illegible]

[illegible]

[illegible]

http://www.dhammadownload.com

# ဇယမေဒနီ

# အဋ္ဌသာလိနီဂုဏ်ရည်ကျမ်း

## ပထမပိုင်း

### အဋ္ဌသာလိနီ စည်းမျဉ်းဆိုင်ရာ ဖွင့်ဆိုချက်များ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### နံပါတ်(၂) စည်းမျဉ်းဆိုင်ရာ ဖွင့်ဆိုချက်များ

အဋ္ဌသာလိနီ (ဒုတိယနေ့) မေးခွန်း နံပါတ်(၂)၌ ကျမ်းရိုးငါးချက်တက်နည်းကို မေးမည်ဖြစ်ရာ ထိုကျမ်းရိုးငါးချက်တက်နည်းကို ကျေညက်စွာ လေ့လာထားရပေမည်။

### ကျမ်းရိုးငါးချက်တက်နည်း ၂-နည်း

၁။ ဥပနာပဋ္ဌက ကျမ်းရိုးငါးချက်တက်နည်း။

၂။ ပါပနာပဋ္ဌက ကျမ်းရိုးငါးချက်တက်နည်း။

http://www.dhammadownload.com



## ၁။ ဌပနာပဉ္စက ကျမ်းရိုးငါးချက်တက်နည်း

ဤဌပနာပဉ္စက ကျမ်းရိုးငါးချက်တက်နည်းတွင် ၁။ ဌပနာ ၂။ အာဘော် ၃။ဟိတ် ၄။ဌပနာပဋိက္ခေပ ၅။အနုယပုစ္ဆာဟု အချက်ငါးချက် ပါဝင်စေရမည်။ ထိုငါးချက် ပါဝင်သောကြောင့် ဌပနာပဉ္စကတက်နည်း ဟု ခေါ်သည်။

*** ဌပနာ, အာဘော်၊ ဟိတ်ဖော်,ဌ-ဖျက်၊ အမေးစွက်၊ ငါးချက်ပဉ္စက။**

### ဌပနာပဉ္စက ကျမ်းရိုးငါးချက် အဓိပ္ပာယ်နှင့် အသုံးအနှုန်းများ

**ဌပနာ** - ကျမ်းဆရာ၏စကားကို စောဒကက မိမိရရ ဆုပ်ကိုင်တည် ထားခြင်း၊ ယင်းကို အတတ်တက်ရာ၌ (၏) ဟူသော ကြိယာ စကားလုံးဖြင့် အဆုံးသတ်ရသည်။

**အာဘော်** - စောဒကပုဂ္ဂိုလ်၏ ပြောလို, ပြောစေလိုသော နှလုံးသွင်း အာဘောဂ၊ ထိုအာဘော်စကားကို "လော" ဟူသော အမေးစကားဖြင့် သုံးရမည်။

**ဟိတ်** - စောဒက၏ အာဘော်နှင့် အလားတူသော အကြောင်းပြ စကား။ ယင်းကို "ထို့ကြောင့်" ဟု သုံးရသည်။

**ဌပနာပဋိက္ခေပ** - ဆိုခဲ့ပြီးသော အာဘော်နှင့် အကြောင်း(ဟိတ်) တို့ကြောင့် ကျမ်းဆရာသည် ထိုသို့မဆိုသင့်ဟု ဌပနာထားခဲ့သော စကားရပ်ကို ပယ်ရှားခြင်းတည်း။ ယင်းကို "မဆိုသင့်" ဟု သုံးနှုန်းသည်။

**ပုစ္ဆာ** - ဆိုလတ္တံ့ဝါကျနှင့် လျော်စွာ (ဝါ) အာဘော်နှင့် လျော်စွာ မေးမြန်းခြင်းတည်း။ ယင်းကို "နည်း" ဟူသော ပုစ္ဆာစကား ရပ်ဖြင့် အဆုံးသတ်ရသည်။

*** ၏ - ဌပနာ၊ လော - မှာအာဘော်၊ ကြောင့် - ဖော်ဟိတ်ဖွင့်၊ မသင့် - ပဋိက္ခေ၊ နည်း - မေးလေ၊ ငါးထွေပဉ္စက သုံးရိုးတည်း။**

http://www.dhammadownload.com



**ဌပနာပဋ္ဌကကျမ်းရှိုးငါးချက်တက်ပုံ**

(က) အတ္ထော အက္ခရသညာတော။

(ခ) အက္ခရာပါဒယော ဓေကစတ္တာလီသံ။

ဤ(ခ)ဝါကျသို့ တက်လိုသော် -

အရှင်ကစ္စည်းဆရာ ဆရာသည် (က) ဝါကျဖြင့် အနက်အဓိပ္ပာယ်တို့ကို အက္ခရာတို့ဖြင့် သိအပ်၏ဟု ဆိုတော်မူ၏။ (ဌပနာ)။ ထိုမျှသာ ဆိုချေသော် အနက်တို့ကို သိကြောင်းဖြစ်သော အက္ခရာသရုပ်ကို မသိရသေး။ (မပြရသေး)သည် မဟုတ်ပါလော (အာဘော်)၊ ထို့ကြောင့် (ဟိတ်) အနက်အဓိပ္ပာယ်တို့ကိုအက္ခရာတို့ဖြင့်သိအပ်၏ဟု (က) ဝါကျကိုသာဆရာမဆိုသင့် (ဌပနာ ပဋိက္ခေပ)။ အနက်တို့ကို သိနိုင်ကြောင်းဖြစ်သော အက္ခရာတို့ကား အဘယ်ပါနည်း(ပုစ္ဆာ)။ ဤသို့ မေးဖွယ်ရှိသောကြောင့် ယင်းအမေးကို ဖြေဆိုတော်မူလိုသော အရှင်ကစ္စည်း ဆရာသည် အက္ခရာပါဒယော ဧကစတ္တာလီသံ ဟူသော (ခ) ဝါကျကို မိန့်၏။

**သတိပြုရန် -**

အတက် တက်ရာတွင် လွန်ပြီးစကားရပ်နှင့် ဆိုလတ္တံ့ စကားရပ်တို့ မည်သို့ဆက်သွယ်သည်၊ ဆိုလိုရင်း ပြလိုရင်းက အဘယ်သို့ ဖြစ်သည် ကို ရှေးဦးစွာ ဆင်ခြင်စဉ်းစား၍ ဆီလျော်အောင် တက်ရပေသည်။

(က) သရာ သရေ လောပံ၊ (ရှေ့သရကို ချေဟုပြသည်)

(ခ) ဝါ ပရော အသရူပါ။ (နောက်သရကို ချေဟုပြသည်)

အရှင်ကစ္စည်းဆရာ ဆရာသည် (က)ဝါကျဖြင့် နောက်သရ နောင်းလျှင် ရှေ့သရကို ချေရမည်ဟု ဆိုတော်မူ၏ (ဌပနာ)။ ဘိက္ခုနီစသော ပြယုဂ်များပြီးစီးရန် နောက်သရကို ချေသည့်သုတ်ကိုလည်း ဆိုသင့်သည် မဟုတ်ပါလော(အာဘော်)။ ထို့ကြောင့် (ဟိတ်)၊ ရှေ့သရကိုချေသော သရာ သရေလောပံသုတ်ကိုသာ ဆရာမဆိုသင့် (ဌပနာပဋိက္ခေပ)။ နောက်သရကို ချေသောသုတ်ကား အဘယ်မှာနည်း (ပုစ္ဆာ)၊ ဤသို့ မေးဖွယ်ရှိသောကြောင့်

http://www.dhammadownload.com



ဝါ ပရော အသရူပါ ဟူသော (ခ)ဝါကျကို မိန့်။

**အထူးသတိပြုရန်**

ဤဥပနာ ပဋ္ဌကတက်ရာ၌ ဥပနာအာဘော်သည် အလွန်အရေးကြီးသည်၊ ဥပနာအကိုင်မှားသော်လည်းကောင်း၊ အာဘော် အသွင်းမှားသော်လည်းကောင်း၊ငါးချက်လုံး မှားသွားနိုင်သည်။ ဥပနာနှင့်အာဘော် မှန်ခဲ့လျှင် ကျန်သုံးချက် မှားနိုင်ဖွယ် မရှိပေ။

> အာဘော်ဟူသည် "အာဘော်ဟူရာ အကြောင်းသာ" ဟူသည်နှင့်အညီ စောဒကာ၏ အကြောင်းပြစကားဖြစ်၍ ဥပနာထားသော ဝါကျနှင့်လည်း ဆီလျော်မှုရှိသည့်အာဘော် မျိုးဖြစ်ရမည်။ ထို့ပြင် မေးလတ္တံ့သော ပုစ္ဆာသည်လည်း အာဘော်နှင့် လိုက်လျောညီထွေသော ပုစ္ဆာဖြစ်ရမည်။

ဆိုခဲ့ပြီး (က) အတ္ထော အက္ခရသညာတော (ခ) အက္ခရာ ပါဒယော ကေစတ္တာလီသံ ၂-ဝါကျကို တက်ရာ၌-

ဆရာ ဆရာသည် (က) ဝါကျဖြင့် အနက်ကို အက္ခရာတို့ဖြင့် သိအပ်၏ဟု ဆိုတော်မူ၏။ (ဥပနာ)။ ထိုအနက်တို့ကို ပြဆိုသင့်သေးသည် မဟုတ်ပါလော။ (အာဘော်) - ဟု **အာဘော်မထားရပေ။** အဘယ့်ကြောင့်ဟူမူ အက္ခရာပါဒယော ကေစတ္တာလီသံ - ဟူသောသုတ်သည် အနက်ကိုပြလိုရင်း မဟုတ်၊ အက္ခရာတို့ကိုသာ ပြလိုရင်းဖြစ်သောကြောင့်တည်း။

ထို့ပြင် ပုစ္ဆာကိုသွင်းရာ၌လည်း အာဘော်နှင့် လိုက်လျောညီထွေ မရှိသော ပုစ္ဆာမျိုးကို မသွင်းရပေ။

ဥပမာ -

ဆရာ ဆရာသည် အနက်တို့ကို အက္ခရာတို့ဖြင့် သိအပ်၏ဟု ဆို၏။ အနက်တို့ကို သိကြောင်းဖြစ်သော အက္ခရာတို့ကို ပြဆိုသင့်သည် မဟုတ်ပါလော။(အာဘော်)။ **ထိုအနက်တို့ကား အဘယ်ပါနည်း** (ပုစ္ဆာ)ဟု ပုစ္ဆာကို မသွင်းရပေ။ အဘယ့်ကြောင့်ဟူမူ စောဒက၏ အာဘောဂနှင့် အမေးသည်

http://www.dhammadownload.com



တခြားစီဖြစ်နေသောကြောင့်ပေတည်း။

## ပုစ္ဆာတက်နှင့် စောဒနာတက်

ပုစ္ဆာတက်နှင့် စောဒနာတက် အထူးကို ဒေါသတင် (ဒေါသာရောပနာ)ပါ, မပါဖြင့်လည်း ပြောကြသည်။ အာဘော်ပါ, မပါဖြင့်လည်း ပြောကြသည်။ ဌပနာ,အာဘော်,ပုစ္ဆာသုံးမျိုးပါသောအတက်ကို ဌပနာတိက ပုစ္ဆာတက်ဟုခေါ်ဝေါ်ကြသဖြင့် ဒေါသတင် ပါ, မပါဖြင့် အထူးကို ပြခြင်းကသာ ကောင်းပေသည်။

ထို့ကြောင့် ဤ ဖယာမေဒနီ အဋ္ဌသာလိနီဂုဏ်ရည်ကျမ်းတွင် ဒေါသတင် ပါသောအတက်ကို စောဒနာတက်၊ ဒေါသတင် မပါသော အတက်ကို ပုစ္ဆာတက် ဟု သုံးနှုန်းသွားမည် ဖြစ်ပါသည်။

### ဌပနာတိကသည် အခြေခံ

ဤဌပနာပဉ္စက ကျမ်းတက်ကို ကျွမ်းကျင်စွာ တက်လိုသော ပုဂ္ဂိုလ်သည် (၁)ဌပနာ (၂)အာဘော် (၃)ပုစ္ဆာဟူသော အပိုင်းသုံးပိုင်း ပါဝင်သည့် ဌပနာတိက ပုစ္ဆာတက်ကို ကျွမ်းကျင်ဖို့ လိုအပ်ပေသည်။ ဌပနာတိကတွင် ဟိတ်နှင့် ဌပနာ ပဋိက္ခေပကို ထည့်လိုက်လျှင် ဌပနာပဉ္စက ဖြစ်တော့သည်။

ဟိတ်သည် အထူးမရှိ၊ အာဘော်နောက်တွင် "**ထို့ကြောင့်**"ဟု သုံးလိုက်ရုံမျှဖြင့်လုံလောက်သည်။ ဌပနာပဋိက္ခေပသည်လည်းထားခဲ့သော ဌပနာကိုပယ်ရှားခြင်းပင်ဖြစ်သောကြောင့် "**ထိုစကားကို ဆရာမဆိုသင့်**"ဟု သုံးလိုက် ရုံဖြင့် ပြီးစီးနိုင်ပေသည်။

ထို့ကြောင့် ဌပနာပဉ္စကကိုတက်ရာ၌ ဌပနာတိကသည် အခြေခံဖြစ်ကြောင်း သတိပြုရပေမည်။

ဌပနာတိကတက်ကို ကျွမ်းကျင်လိုသော ပုဂ္ဂိုလ်သည် -

(က) ဝါကျတစ်ဝါကျစီ၏ဆိုလိုရင်း(ပိဏ္ဍတ္ထ)ကို နားလည်ရမည်။

http://www.dhammadownload.com



(ခ) တစ်ဝါကျနှင့် တစ်ဝါကျ မည်သို့ ဆက်စပ်နေသည်ကို သိရမည်။

(ဂ) တက်ရမည့် ဝါကျဝယ် ကျမ်းဆရာ၏ အာဘော်ကိုကြည့်၍ " အဖြေရှောင်တွင်း လျော်ရာနင်း သွင်းလေ အာဘောဂ" ဟူသည်နှင့်အညီ သင့်လျော်သော (ဝါ) ငုပ်နေသော အာဘော်ကို ဖော်ထုတ်ပြီး အခြားသင့်လျော်သော အာဘော်ကိုသွင်းနိုင်ရမည် - ဟူသော အခြေခံ အချက် (၃) ချက်ကို ပိုင်နိုင်မှသာ မှန်ကန်တိကျသော ကျမ်းရိုးတက်နည်းများကို တက်နိုင်+ထွက်နိုင်မည် ဖြစ်ပေသည်။

အောက်ပါ အဋ္ဌကထာပါဠိကို ဥပနာပဋ္ဌက တက်ကြည့်ပါ။

(က) ဝစနတ္ထော ပနေတ္ထ ကုစ္ဆိတေ ပါပကေ မေဝ့ သလယန္တိ စလယန္တိ ဝိဒ္ဓံသေန္တီတိ ကုသလာ။

(ခ) ကုစ္ဆိတေန ဝါ အာကာရေန သယန္တီတိ ကုသာ၊ တေ အကုသလသင်္ခါတေ ကုသေ လုနန္တိ ဆိန္ဒန္တီတိ ကုသလာ။ (ဋ္ဌ-၈၁)

[ ဤနှစ်ဝါကျတို့တွင် -

(က) ဝါကျဖြင့် ကုသလာကို ကုစ္ဆိတေ သလယန္တီတိ ကုသလာ ဟု ဝစနတ္ထပြု၊ ကု- ရှေးရှိသော သလ- ဓာတ် + အပစ္စည်းဖြင့် ပြီးသည်ဟု ပြသည်။

(ခ) ဝါကျဖြင့် ကုသေ လုနန္တီတိ ကုသလာ ဟု ဝစနတ္ထပြု၊ ကုသ ရှေးရှိသော လုဓာတ် + အ - ပစ္စည်းဖြင့်လည်း ပြီးနိုင်သေးသည်ဟု ပြသည်။ ]

ဤသို့ ဆိုလိုရင်း ပိဏ္ဍတ္ထကို မှတ်ရမည်။ ထို့ပြင် (ခ) ဝါကျ၌

http://www.dhammadownload.com



သမုစ္စယတ္ထ ဝါသဒ္ဒါ ပါသည်ကိုလည်း သတိပြုရမည်။ ထိုသို့ နောက်ဝါကျ၌ သမုစ္စယတ္ထ ဝါသဒ္ဒါပါလျှင် **"သမုစ္စယတ္ထ နောက်၌ပြ၊ ဧဝအာဘော်ဆင်"** ဟူသည်နှင့်အညီ ရှေ့(က)ဝါကျ၌ ဧဝ - သွင်း၍ အာဘော်လုပ်ရမည်ကိုလည်း သဘောပေါက်ထားရမည်။

## ဥပနာပဋ္ဌကတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က) ဝါကျဖြင့် ကုသလာကို ကုစ္ဆိတေ သလယန္တီတိ ကုသလာ ဟု ဝစနတ္ထ ပြု၍ ကု - ရှေးရှိသော သလ - ဓာတ် အပစ္စည်းဖြင့် ပြီးကြောင်း ပြဆိုတော်မူခဲ့၏။ (ဥပနာ)ယင်းသို့ ဆိုချေ သော်ကုသလာကို ကုစ္ဆိတေ သလယန္တီတိ ကုသလာ ဟူ၍သာ ဝစနတ္ထပြု၍ ကု - ရှေးရှိသော သလ - ဓာတ်၊ အပစ္စည်းဖြင့်သာ ပြီးသည်ဟု မှတ်ရမည် လော။ (အာဘော်) (ရှေ့ဝါကျ၌ ဧဝသွင်း၍ အာဘော်လုပ်ခြင်းတည်း) တစ်နည်း - ကုသလာကို ကုသေ လုနန္တီတိ ကုသလာ ဟု ဝစနတ္ထပြု၍ ကုသ - ရှေးရှိသော လု - ဓာတ် အပစ္စည်းဖြင့်လည်း ပြီးနိုင်သေးသည် မဟုတ်ပါလော။ (အာဘော်) ထို့ကြောင့် (ဟိတ်) (က) ဝါကျကိုသာ ဆရာ မဆိုသင့် (ဥပနာပဋိက္ခေပ) အဘယ့်သို့ ဝစနတ္ထပြုနိုင်ပါသေးသနည်း။(ပုစ္ဆာ) ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ)ဝါကျကို မိန့်။

**အဓိပ္ပာယ်ကား**

> ကုသေ လုနန္တီတိ ကုသလာဟု ဝစနတ္ထပြု၍ ကုသ - ရှေးရှိသော လု - ဓာတ်၊ အပစ္စည်းဖြင့်လည်း ပြီးနိုင်သေးသည်ဟု ငါပြဆိုပါ၏ ဟူလို။

## စောဒနာတက်

ဆရာ ဆရာသည် (က)ဝါကျဖြင့် (ပ) ဆိုတော်မူ၏။ (ဥပနာ)ယင်းသို့ ဆိုချေသော် ကုသလာကို ကုစ္ဆိတေ သလယန္တီတိ ကုသလာ ဟုသာ ဝစနတ္ထ ပြုကောင်းသည်ဟု မှတ်ရမည်လော။(အာဘော်)။ ထို့ကြောင့်(ဟိတ်)

http://www.dhammadownload.com



(က) ဝါကျကိုသာ ဆရာမဆိုသင့်။ (ဌပနာပဋိက္ခေပ) အခြားဖြစ်သင့်သော ဝစနတ္တကို ဆရာ မဆိုချေသော် ဆရာ့၌ အဗျာပိတဒေါသ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ (ဒေါသာရောပန စောဒနာ) အခြားဖြစ်သင့်သော ဝစနတ္တကား အဘယ်ပါနည်း။ (ပုစ္ဆာ) ဤသို့စောဒနာဖွယ်ရှိသောကြောင့် (ခ) မိန့်။

**အဓိပ္ပါယ်ကား -**

ကုသေ လုနန္တီတိ ကုသလာဟူလည်း ဝစနတ္တပြုနိုင်သေးကြောင်း ငါပြဆိုသောကြောင့် သင်တင်သောဒေါသ ငါ၌မရောက် ဟူလို။

## ပါပနာပဥ္စက ကျမ်းရိုးငါးချက်တက်နည်း

ပါပနာပဥ္စကကျမ်းရိုးငါးချက် တက်ရာ၌ ၁။ ဌပနာ ၂။ အနုလောမ ပါပနာ ၃။ ပဋိလောမ ပါပနာ ၄။ အနုလောမ ရောပနာ ၅။ ပဋိလောမ ရောပနာငါးမျိုးပါဝင်ရသည်။

၁။ ဌပနာ (ယခင်နည်းတူ)

၂။ အနုလောမပါပနာ = ဌပနာထားခဲ့သော စကားရပ်ကို ဆိုသဖြင့် အလျော်အားဖြင့် ရောက်လာသော စကားကျအနက်အဓိပ္ပာယ်၊ ဤအနုလောမ ပါပနာကို "အနက်သည် **ရောက်၏**" ဟု သုံးနှုန်းရသည်။

၃။ ပဋိလောမပါပနာ = ဌပနာထားခဲ့သော စကားရပ်ကို ဆိုသဖြင့် ဆန့်ကျင်ဘက် ရောက်လာသော စကားကျ အနက်အဓိပ္ပာယ်။ ပဋိလောမ ပါပနာကို "**ထိုအနက်သည် မရောက်သင့်**" ဟု သုံးနှုန်းရသည်။

၄။ အနုလောမ ရောပနာ = မည်သို့ ဆိုသင့်ပါသေးသည် ဟု စောဒကကအလျော် (ဆိုလတ္တံ့ဝါကျနှင့် အလျော်) အားဖြင့် တင်ပြလိုသော စကားရပ်။ ယင်းကို "**ဆိုသင့်သေး၏**"ဟု သုံးနှုန်းရသည်။

၅။ ပဋိလောမ ရောပနာ = ဌပနာပဋိက္ခေပနှင့် အလားတူ

http://www.dhammadownload.com



သော "မဆိုဘဲ မနေသင့်" ဟု ဆန့်ကျင်ဘက်အားဖြင့် တင်ပြသော စကားရပ်၊ ယင်းကို "မဆိုသင့်" ဟု သုံးနှုန်းရသည်။

* ၏-ဌပနာ၊ နု-ပါနက်ရောက်၊ မရောက်ရာမူ၊ ပဋိ-ဟူ၏၊ မှတ်ယူ ဆိုသင့်၊ နု-ရောချင့်၍၊ မဆိုသင့်မူ၊ ပဋိ-ယူသည်၊ ငါးဆူပဉ္စက ကျမ်းရိုးတည်း။

## ပါပနာပဉ္စက ကျမ်းရိုးငါးချက်တက်ပုံ

(က) အတ္တောအက္ခရ သညာတော။

(ခ) အက္ခရာပါဒယောကေစတ္တာလီသံ။

ဆရာ ဆရာသည် (က) ဝါကျဖြင့် အနက်ကို အက္ခရာတို့ဖြင့် သိအပ်၏ဟု ဆိုတော်မူ၏။ (ဌ) ယင်းသို့သာ ဆိုချေသော် အက္ခရာတို့ဟူသည် မည်သည်တို့တည်းဟု မသိသင့်ဟူသော အနက်သည် ရောက်၏။ (အနု-လောမ ပါပနာ) စင်စစ်တမူကား အက္ခရာတို့နှင့်ကင်း၍ အနက်အဓိပ္ပါယ်ကို မသိနိုင်သောကြောင့် ယင်းသို့သော အနက်သည် မရောက်သင့်။ (ပဋိလောမ ပါပနာ) ထို့ကြောင့် အက္ခရာတို့ဟူသည် မည်သည်တို့တည်းဟု အက္ခရာကို ပြဆိုသင့်သေး၏။ (အနုလောမရောပနာ) မဆိုဘဲမနေသင့်။ (ပဋိလောမ ရောပနာ) တစ်နည်း- အနက်ကို အက္ခရာတို့ဖြင့် သိအပ်၏ ဟူ၍သာ မဆိုသင့်။ (ပဋိလောမ ရောပနာ) ဆိုသင့်သည်ကိုမဆိုချေသော်ဆရာ၌ အဗျာပိတ ဒေါသ ရောက်ရာ၏။ (ဒေါသတင်) ဟု စောဒနာဖွယ်ရှိသောကြောင့် ယင်း စောဒနာကို သောနော့လိုသော ဆရာသည် အက္ခရာပါဒယော ကေ စတ္တာလီသံဟူသော သုတ်ကိုမိန့်။

(အဓိပ္ပါယ်ပြန် ဒေါသပယ်၍ ပြန်လေ)

## အဋ္ဌကထာဝါကျ၌ ပါပနာ ပဉ္စကစောဒနာတက်ပုံ

(က) ဝစနတ္တောပနေတ္ထ (ပ) ကုသလာ။

http://www.dhammadownload.com



( ခ) ကုစ္ဆိတေန ဝါ အာကာရေန (ပ) ကုသလာ။ (၄-၈၁)

ဆရာ ဆရာသည် (က) ဝါကျဖြင့် ကုသလာကို ကုစ္ဆိတေ သလယန္တီတိ ကုသလာ ဟု ဝစနတ္ထပြုရမည်ဟု ဆိုတော်မူ၏၊ (၄) ယင်းသို့သာ ဆိုချေသော် ကုသလာကို ယင်းသို့သာ ဝစနတ္ထပြုကောင်းသည်ဟူသော အနက်သည် ရောက်၏။ (အနု-ပါ) ကုသေ လုနန္တီတိ ကုသလာဟု ဝစနတ္ထ မပြုသင့်သော အနက်လည်း ရောက်၏။ (ဤကား ဗျတိရေက) အားဖြင့် ရောက်လာသော ပါပနာတည်း။ (ပဋိလောမ ပါပနာဟုလည်း အသုံးရှိသည်) စင်စစ်တမူကား ကုသေ လုနန္တီတိ ကုသလာ ဟုလည်း ဝစနတ္ထပြုကောင်းသေးသောကြောင့် ထိုအနက်သည် မရောက်သင့်။ (ပဋိ-ပါ) ထို့ကြောင့် အခြားဖြစ်သင့်သော ဝစနတ္ထတစ်မျိုးကိုလည်း ပြဆိုသင့်သေး၏။ (အနုလောမ ရောပနာ) မဆိုဘဲ မနေသင့်။(ပဋိလောမ ရော ပနာ) ဆိုသင့်သည်ကို မဆိုချေသော် ဆရာ့၌ အဗျာပိတဒေါသ ရောက်ရာ၏။ စဒ်ကြောင့် (ခ) မိန့်။

(အဓိပ္ပါယ်ပြန် - ဒေါသလည်းပယ်လေ)

## ဝါကျအားလျော်စွာ အာဘော်နှင့် အနုလောမ ပါပနာ သွင်းပုံများ

ဆိုခဲ့ပြီးကျမ်းရိုးငါးချက် တက်နည်းကား ပင်မအခြေခံဖြစ်၍ ကျမ်းရိုးငါးချက်ပြည့်စုံအောင် တက်တက်ရန် ပင်မအခြေခံအဖြစ် ပြဆိုခြင်းတည်း။

ထိုထိုဝါကျများကို တက်ရာ၌ အများအားဖြင့် ဝါကျတက် တက်လေ့ရှိရာ ဝါကျအားလျော်စွာ အာဘော်ထားပုံ၊ အနုလောမပါပနာ ထားပုံများကိုလည်းအကျဉ်းအားဖြင့် သိမှတ်သင့်ပေသည်။ ဝါကျတက်ကို အခြေခံရထားသောပုဂ္ဂိုလ်သည် အဓိပ္ပါယ်တက် တက်ရာ၌လည်း အထောက်အကူများစွာ ရနိုင်ပေသည်။

ဝါကျတက်ကို တက်ရာ၌ ရှေ့ဝါကျ နောက်ဝါကျ ထောက်ဆ၍ ဝါကျခွဲရိုး ရှိသော်လည်း ကျမ်းတက်ရာ၌မူ အများအားဖြင့် ရှေ့ဝါကျကို

http://www.dhammadownload.com



ထောက်ဆ၍ တက်ရသည်က များပေသည်။

ထို့ကြောင့် ရှေ့ဝါကျနှင့် တက်မည့်အမျိုးအစား ဝါကျများကို ကွဲပြားအောင် လေ့လာရပေမည်။ ဝါကျအယူအဆများသည် နာနာဝါဒဖြစ်၍ အမျိုးမျိုး ဖြစ်နိုင်ရာ နိဿယဆရာတော်ပေးထားသည့် အနက်များကို ဦးစားပေးလေ့လာခြင်းသည်သာ အခြေပြုပုဂ္ဂိုလ်များအတွက် အကောင်းဆုံး ဖြစ်ပေသည်။ (အခြေခံရပြီးသော ပုဂ္ဂိုလ်များအတွက်မူ မိမိဉာဏ်သက်ရာ ယုတ္တိအထောက် အထားဖြင့် မိမိနှစ်သက်သလို ယူနိုင်ကြပါသည်။)

ဝါကျတက်သည် (သဒ္ဒါတက်၊ ပညတ်တက်၊ ပရမတ်တက် သုံးမျိုးတွင်) သဒ္ဒါတက်၊ ပညတ်တက်တို့၌ ထိုက်သည့်အားလျော်စွာ ပါဝင်သည့်အပြင် အခြေပြု စာသင်သားများအတွက် သိလွယ်မြင်လွယ်သော တက်နည်း ဖြစ်ပေသည်။ (ပရမတ်တက်၊ သဘောအဓိပ္ပာယ်တက်တို့၏ အခြေခံလည်း ဖြစ်ပေသည်။)

သို့ဖြစ်ရာ ဝါကျတက်ကို အခြေခံအဖြစ် နားလည်သဘောပေါက်အောင် ကြိုးစားသင့်ပေသည်။

## ပက္ခနှင့် ပက္ခန္တရ

(က) ဝစနတ္ထော ပနေတ္ထ (ပ) ကုသလာ၊ (ပက္ခဝါကျ)

(ခ) ကုစ္ဆိတေန ဝါ အာကာရေန (ပ) ကုသလာ။ (ပက္ခန္တရ ဝါကျ)

ဆရာ (က) ဝါကျဖြင့် ကုသလာကို ကုစ္ဆိတေန သလယန္တီတိ ကုသလာဟု ဝစနတ္ထပြုရမည်ဖြစ်ကြောင်း ဆိုတော်မူ၏။ (ပက္ခကိုဌပနာထား) ယင်းသို့ဆိုလျှင် ကုသလာကို အခြား ဝစနတ္ထမပြုကောင်းဟု မှတ်ရမည်လော။ (အာဘော်) ကုသလာကို အခြားနည်းဖြင့် ဝစနတ္ထ မပြုကောင်းဟူသော အနက်သည် ရောက်၏။ (အနု-ပါ)

## သစေပဝါကျနှင့် ဝိတ္တာရဝါကျ

(က) တတ္ထ စိတ္တံ တာဝ စတုဗ္ဗိခံ ကာမာဝစရံ ရူပါဝစရံ အရူပါဝစရံ

http://www.dhammadownload.com



လောကုတ္တရစ္စေတိ၊ (သစ်ေပဝါကျ)

( ခ ) တတ္ထ ကတမံ ကာမာဝစရံ။ သောမနဿသဟဂတံ (ပ) လောဘမူလစိတ္တာနိ နာမ။ (ကာမာဝစရံ ဟူသော အကျဉ်းကို အကျယ်ချဲ့ပြသည့် ဝိတ္ထာရဝါကျ)

အရှင်အနုရုဒ္ဓါ ဆရာ ဆရာသည် (က) ဝါကျဖြင့် စိတ်သည် ကာမာဝစရစသောအားဖြင့် လေးပါးအပြားရှိကြောင်း ဆိုတော်မူ၏။ (ဥပနာ) ကာမာဝစရ စိတ်၏အကျယ်ကို မပြတော့ပြီလော။ (အာဘော်) ကာမာဝစရ စိတ်၏အကျယ်ကို (ဝါ) ကာမာဝစရစိတ်တို့ကား ဤသည်တို့တည်းဟု အကျယ်ကို မသိသင့် ဟူသော အနက်သည် ရောက်၏။ (အန-ပါ)

(က) အယံ ဟိ အဘိသဒ္ဒေါ ဝုမိလက္ခဏာပူဇိတပရိစ္ဆိန္နာဓိကေသု ဒိဿတိ။ (ကျဉ်း)

( ခ ) တထာ ဟေသ "ဟဋ္ဌာ မေ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ၊ နော ပဋိက္ကမန္တိ" တိ အာဒီသု ဝုမိယံ အာဂတော။ (ကျယ်)

(ဋ-၂၀)

ဆရာ ဆရာသည် (က)ဝါကျဖြင့် အဘိသဒ္ဒါသည် ဝုမိလက္ခဏာ စသော အနက်တို့ကိုဟော၏ဟု ဆိုတော်မူ၏။(ဋ) အဘိသဒ္ဒါက ယင်းအနက်တို့ကို ဟောနိုင်ကြောင်း ယုတ္တိသာကေနှင့်တကွ အကျယ် မပြတော့ပြီလော။ (အာဘော်) အဘိသဒ္ဒါက ထိုအနက်တို့ကို ဟောနိုင်ကြောင်း ယုတ္တိသာကေနှင့်တကွအကျယ် တဝင့် မဖွင့်ဆိုဟူသော အနက်သည် ရောက်၏။ (အန-ပါ)

## ဒဋ္ဌိယဝါကျနှင့် ဒဋ္ဌီကရဏဝါကျ

(က) အယံ ဟိ အဘိသဒ္ဒေါ (ပ) ဒိဿတိ။ (ဒဋ္ဌိယဝါကျ)

( ခ ) တထာဟေသ (ပ) အာဂတော (ဒဋ္ဌီကရဏဝါကျ) (ယခင်ဝါကျ)

ဆရာ ဆရာသည် အဘိသဒ္ဒါသည် ဝဍ္ဍိ စသော အနက်တို့ကို

http://www.dhammadownload.com



ပဟာတော် မူ၏ဟု ဆိုတော်မူ၏။(ဌ) ဆရာ့စကားသည်တစ်စုံတစ်ရာ ယုတ္တိမရှိသော အတ္တ - နောမတိမျှသာ ဖြစ်ပါသလော။(အာဘော်) (ဝါ) တစ်စုံတစ်ရာ ယုတ္တိမရှိသော အတ္တနောမတိမျှသာ ဖြစ်၍ မယုံကြည်နိုင်ရာသည် မဟုတ်ပါလော။ (အာဘော်) ဆရာ့စကားသည် တစ်စုံတစ်ရာ ယုတ္တိသာဓက မရှိဟူသော အနက်သည်ရောက် ၏။ (အန - ပါ)

## ဇလဝါကျနှင့် ကာရကဝါကျ

(က) ဘာဝနာယာတိ သေသမဂ္ဂတ္တယေန။ (ဇလဝါကျ)

(ခ) သေသမဂ္ဂတ္တယဉ္စိ ပဌမမဂ္ဂေန ဒိဋ္ဌသ္မိံယေဝ ဓမ္မေ ဘာဝနာဝသေန ဥပ္ပဇ္ဇတိ၊ အဒိဋ္ဌ ပုဗ္ဗံ ကိဉ္စိ နပဿတိ၊ တသ္မာ "ဘာဝနာ" တိ ဝုစ္စတိ။

(ကာရကဝါကျ) (ဌ - ၈၆)

ဆရာ ဆရာသည် (က)ဝါကျဖြင့် ဘာဝနာဟူသည် (သောတာပတ္တိမဂ်မှ ကြွင်းသော) မဂ်သုံးပါးတည်းဟု ဆိုတော်မူ၏။ (ဌ) အထက်မဂ်သုံးပါးကို ဘာဝနာဟု ခေါ်ဆိုရခြင်း အကြောင်းကို မသိရသေးသည် မဟုတ်ပါလော။ (အာဘော်) ယင်းသို့သာဆိုလျှင် အထက်မဂ်သုံးပါးကို ဘာဝနာဟု ဆိုရခြင်းအကြောင်းကို မသိသင့်ဟူသော အနက်သည် ရောက်၏။ (အန - ပါ)

## ကာရကဝါကျနှင့် ဇလဝါကျ

(က) သေသမဂ္ဂတ္တယဉ္စိ ပဌမမဂ္ဂေန (ပ)န ပဿတိ။

(ကာရကဝါကျ)

(ခ) တသ္မာ "ဘာဝနာ" တိ ဝုစ္စတိ။ (ဇလဝါကျ) (ဌ - ၈၆)

ဆရာ ဆရာသည် ကြွင်းသော အထက်မဂ်သုံးပါးသည် ပဌမမဂ်ဖြင့် မြင်အပ်သော သစ္စာတရား၌ ပွားစေသည်၏ အစွမ်းဖြင့်ဖြစ်၏။ အသစ်ဖြစ်သော တရားကိုမမြင်ဟု ဆိုတော်မူ၏။ (ဌ) ယင်းသို့ဆိုသဖြင့် တစ်စုံတစ်ရာ အကျိုးမရှိသည် မဟုတ်ပါလော။ (အာဘော်) ယင်းသို့ဆိုသဖြင့် တစ်စုံ

http://www.dhammadownload.com



တစ်ရာအကျိုးမရှိ ဟူသော အနက်သည် ရောက်၏။ (အန - ပါ)

နံပါတ်(၂) မေးခွန်းဆိုင်ရာဖွင့်ဆိုချက်ပြီး၏။

## နံပါတ် (၃) စည်းမျဉ်းဆိုင်ရာ ဖွင့်ဆိုချက်များ

ဤအမှတ်(၃) မေးခွန်း၌ - ဝါ၊ အထဝါ၊ ပိ၊ အပိစ၊ အပရောနယော ထားရခြင်းအကြောင်း၊ တသ္မာ ဝုတ္တံ၊ တေန ဝုတ္တံ၊ တေနေဝါဟ၊ အဓိပ္ပေတံ၊ ကထိတံ၊ အဓိဝစနံ စသော သဒ္ဒါများထားရခြင်းအကြောင်းနှင့် ထိုထိုဝါကျဖြင့် ပယ်အပ် သော ဒေါသ၊ (ဝါ) ဒေါသပယ်ပုံတို့ကို မေးမည်ဖြစ်ပေသည်။

### ဝါ၊ အထဝါသဒ္ဒါထားရခြင်း အကြောင်းများ

* ကြောင်း + ကျိုးနှစ်ချက်၊ အနက် + သဒ္ဒါ၊ လဲလိုရာနှင့်၊ ကျယ်ရာ ချုံးပြ၊ ထူးရာပြ၊ ထားကြဝါ + အထဝါ။

ထိုထိုဝါကျများ၌ ဝါ - သဒ္ဒါ၊ အထဝါသဒ္ဒါတို့ကို ဖော်ပြပါ အကြောင်း များကြောင့် ထားပေသည်။

၁။ အကြောင်းကိုလဲလိုခြင်း။
၂။ အကျိုးကို လဲလိုခြင်း။
၃။ အကြောင်းအကျိုး နှစ်မျိုးလုံးကို လဲလိုခြင်း။
၄။ အနက်ကိုလဲလိုခြင်း။
၅။ သဒ္ဒါကိုလဲလိုခြင်း။
၆။ အနက် + သဒ္ဒါနှစ်မျိုးလုံးကို လဲလိုခြင်း။
၇။ အကျယ်ကို အကျဉ်းချုံးပြလိုခြင်း။
၈။ အနက်ထူးကို ပြလိုခြင်း။

ဤ အကြောင်းများအနက် တစ်ခုကြောင့်ဖြစ်စေ၊ နှစ်ခု, သုံးခု စသောအကြောင်းများကြောင့်ဖြစ်စေ ဝါ - အထဝါသဒ္ဒါတို့ကို ထားလေ့ရှိ သည်။

http://www.dhammadownload.com



## ဝိ,အဝိစ,အပရောနယော ထားရခြင်းအကြောင်းများ

၁။ အကြောင်းကို လဲလိုခြင်း။
၂။ အကျိုးကိုလဲ လိုခြင်း။
၃။ အကြောင်းအကျိုး နှစ်မျိုးလုံးကို လဲလိုခြင်း။
၄။ အနက်ကိုလဲလိုခြင်း။
၅။ သဒ္ဒါကိုလဲလိုခြင်း။
၆။ အနက် + သဒ္ဒါနှစ်မျိုးလုံးကို လဲလိုခြင်း။
၇။ အနက်ထူးကို ပြလိုခြင်း။
၈။ အဇ္ဈနောမတိကို ပြလိုခြင်း။

ဤအကြောင်းများအနက် တစ်ခုကြောင့်ဖြစ်စေ နှစ်ခု, သုံးခု စသော အကြောင်းများကြောင့်ဖြစ်စေ ဝိ, အဝိစ, အပရောနယောတို့ကို ထားလေ့ရှိသည်။

## သဒ္ဒါနှင့်အနက်

သဒ္ဒါ + အနက်၊ အကြောင်း + အကျိုး၊ လေးမျိုးတို့တွင် သဒ္ဒါနှင့် အနက်ကိုသိလျှင် အကြောင်းနှင့်အကျိုးတို့ကိုလည်း သဘောပေါက်နိုင်ပေသည်။ ထို့ကြောင့် သဒ္ဒါ + အနက်ယူပုံကို အကျဉ်းအားဖြင့် ပြဆိုပါမည်။

**သဒ္ဒါဟူသည်** - ပုဒ်၊ ဓာတ်၊ ပစ္စည်း၊ ဝိဘတ်များတည်း။

**အနက်ဟူသည်** - ပုဒ်အနက်၊ ဓာတ်အနက်၊ ပစ္စည်းအနက်၊ ဝိဘတ်အနက်၊ အရကောက်အနက်နှင့် အဓိပ္ပာယ်အနက်များတည်း။

## ပုဒ်ခွဲ၍ကြည့်ပါ

ပုဒ်တစ်ပုဒ်၊ ဝါကျတစ်ခုတွေ့လျှင် မူရင်းပုဒ်ကို ရှာဖွေ၍ ထိုမူရင်းပုဒ်ကို သမာသ်ပုဒ်၊ တဒ္ဓိတ်ပုဒ်၊ ကိတ်ပုဒ်၊ အာချာတ်ပုဒ်၊ ဥပသာရပုဒ်၊ နိပါတ်ပုဒ်တို့တွင် မည်သည့်ပုဒ်ဟု ရှေးဦးစွာ ဝေဖန်ရမည်။

http://www.dhammadownload.com



**သမာသ်ပုဒ်ဖြစ်လျှင်** - ရှေ့ပုဒ်နောက်ပုဒ်ခွဲ၍ ထိုပုဒ်တို့၏ အနက်နှင့် မည်သည့် သမာသ်ပုဒ်ဖြစ်ကြောင်း ခွဲဝေစဉ်းစားရမည်။

**တဒ္ဓိတ်ပုဒ်ဖြစ်လျှင်** - ပုဒ်နှင့်ပစ္စည်းခွဲ၍ ပုဒ်အနက် ပစ္စည်းအနက်နှင့် မည်သည့် တဒ္ဓိတ်ပုဒ်ဟု ဝေဖန်ရမည်။

**ကိတ်ပုဒ်ဖြစ်လျှင်** - ဓာတ် + ပစ္စည်းခွဲ၍ ဓာတ်အနက်၊ ပစ္စည်း အနက်နှင့် မည်သည့် သာဓန ဖြစ်သည်ဟု ဝေဖန်ကြည့်ရမည်။

**အာချာတ်ပုဒ်ဖြစ်လျှင်** - ဓာတ်ပစ္စည်း + ဝိဘတ်ခွဲဝေ၍ ဓာတ်အနက် နှင့် မည်သည့်အနက်ဟော အာချာတ်ပုဒ်ဟု ဝေဖန်ကြည့်ရမည်။

ဥပသာရပုဒ် နိပါတ်ပုဒ်ဖြစ်လျှင် - မည်သည့်အနက် ဟောသည်၊ သို့မဟုတ် အနက်ထူး ရှိ, မရှိနှင့် ဓာတွတ္ထဗာဓက စသော အမျိုးအစားများ ခွဲခြားကြည့်ရမည်။

ထိုသို့ ခွဲဝေပြီးနောက် အောက်ဖော်ပြလတ္တံ့ပါအချက်များကို အခြေခံ ထား၍သဒ္ဒါ + အနက်၊ အကြောင်း + အကျိုးတို့တွင် မည်သည်ကိုလဲလို၍ထား ကြောင်း ဆုံးဖြတ်နိုင်ပေသည်။

**သဒ္ဒါလဲများ**

၁။ သမာသ်ပုဒ်အဖြစ်မှ တဒ္ဓိတ်ပုဒ်၊ ကိတ်ပုဒ်အဖြစ်သို့ -

၂။ တဒ္ဓိတ်ပုဒ်အဖြစ်မှ သမာသ်ပုဒ်၊ ကိတ်ပုဒ်အဖြစ်သို့ -

၃။ ကိတ်ပုဒ်အဖြစ်မှ သမာသ်ပုဒ်၊ တဒ္ဓိတ်အဖြစ်သို့ -

၄။ သမာသ်တစ်မျိုးမှ သမာသ်တစ်မျိုးသို့ -

၅။ တဒ္ဓိတ်တစ်မျိုးမှ တဒ္ဓိတ်ပုဒ်တစ်မျိုးသို့ -

၆။ ကိတ်ပုဒ်ဝယ် သာဓန (ဝိဂ္ဂဟ) တစ်မျိုးမှ သာဓန (ဝိဂ္ဂဟ) တစ်မျိုးသို့

၇။ ကိတ်ပုဒ်ဝယ် ဓာတ်တစ်မျိုးမှ ဓာတ်တစ်မျိုးသို့ -

၈။ ပစ္စည်းတစ်မျိုးမှ အခြားပစ္စည်းတစ်မျိုးသို့ - ပြောင်းလဲလျှင် သဒ္ဒါလဲသည်ဟု မှတ်ရမည်။ (နောက်တွင် ပုံစံများနှင့် တွဲပြထားသည်)

http://www.dhammadownload.com



**အနက်လဲများ**

၁။ သမာသ်ဝိဂ္ဂဟတစ်မျိုးမှ အခြားဝိဂ္ဂဟတစ်မျိုးသို့ -

၂။ တဒ္ဓိတ်ဝိဂ္ဂဟတစ်မျိုးမှ အခြားဝိဂ္ဂဟတစ်မျိုးသို့ -

၃။ ကိတ်ဝိဂ္ဂဟတစ်မျိုးမှ အခြားဝိဂ္ဂဟတစ်မျိုးသို့ -

၄။ သမာသ်ဝယ် ပုဒ်အနက်တစ်မျိုးမှ အခြားပုဒ်အနက် တစ်မျိုး သို့ -

၅။ တဒ္ဓိတ်ဝယ် ပုဒ်အနက် + ပစ္စည်းအနက် တစ်မျိုးမှ အခြား ပုဒ်+အနက် ပစ္စည်းအနက်တစ်မျိုးသို့ -

၆။ ကိတ်ဝယ် ဓာတ်အနက်+ပစ္စည်းအနက်တစ်မျိုးမှ အခြား ဓာတ် အနက် + ပစ္စည်းအနက်တစ်မျိုးသို့ -

၇။ ဥပသာရဟုဒ် နိပါတ်ပုဒ်တို့ဝယ် အနက်တစ်မျိုးမှ အခြားအနက် တစ်မျိုးသို့ -

၈။ ဝိဘတ်အနက်တစ်မျိုးမှ အခြားဝိဘတ်အနက်တစ်မျိုးသို့ -

၉။ အရကောက် အဘိဓေယျတ္ထ တစ်မျိုးမှ အခြားအရကောက် အဘိဓေယျတ္ထ တစ်မျိုးသို့ ပြောင်းလဲလျှင် **အနက်လဲ** ဟု မှတ်ရမည်။

**အကြောင်းနှင့် အကျိုး**

အကြောင်းဟူရာ၌ ဟိတ်ထိုက်သော သဘာဝအကြောင်းနှင့် (ဝဒန္တ, သုဏန္တတို့အလိုအားလျော်စွာ) သဒ္ဒါ+အနက်တို့ကို အကြောင်းပြု၍ ယူအပ် သော အကြောင်းဟု နှစ်မျိုးရှိသည်။

သဘာဝအကြောင်း၌ အထူးခွဲခြားမှတ်ဖွယ် မရှိသော်လည်း သဒ္ဒါ+ အနက်ကိုစွဲ၍ ခွဲခြားရာ၌ကား ဝဒန္တအလို သုဏန္တအလိုဟု နှစ်မျိုးရှိပေသည်။

**ဝဒန္တနှင့် သုဏန္တ**

**ဝဒန္တ(ပြောဆိုသူ)** ပုဂ္ဂိုလ်၏ အလိုအားဖြင့် အနက်သည်အကြောင်း

http://www.dhammadownload.com



သဒ္ဒါသည် အကျိုးဖြစ်သည်။

တစ်စုံတစ်ခုကို ပြောလိုသော (ဝဒန္တ)ပုဂ္ဂိုလ်သည် ရှေးဦးစွာ မိမိ ပြောလိုသည့် အနက်အဓိပ္ပာယ်တို့ကို ဆင်ခြင်စဉ်းစားရသည်။ ထိုနောက်မှ မိမိပြောလိုသော အကြောင်းအရာ အနက်အဓိပ္ပာယ်တို့ကို အသံထုတ်၍ ပြောဆိုသည်။ ထို့ကြောင့် နှုတ်ဖြင့် မပြောမီ ရှေးဦးအလျှင် ကြိုတင်၍ ဆင်ခြင်စဉ်းစားအပ်သော အနက်သည် အကြောင်းဖြစ်၍ နှုတ်ဖြင့်ထုတ်၍ ပြောဆိုအပ်သော အသံ (သဒ္ဒါ)သည် အကျိုးဖြစ်သည်။

**သုဏန္တ (နားထောင်သူ)** ပုဂ္ဂိုလ်၏ အလိုအားဖြင့် သဒ္ဒါ (အသံ)သည် အကြောင်းဖြစ်၍ အနက်အဓိပ္ပာယ်သည် အကျိုးဖြစ်သည်။

နားထောင်သော သုဏန္တပုဂ္ဂိုလ်သည် ရှေးဦးစွာ ပြောဆိုသော ဝဒန္တ ပုဂ္ဂိုလ်၏ အသံကိုကြားရ၏။ ထိုအသံသည် သဒ္ဒါပင်ဖြစ်၏။ ထိုအသံကို ကြားရမှ ပြောဆိုသော ပုဂ္ဂိုလ်၏ အလိုဆန္ဒနှင့် အနက်အဓိပ္ပာယ်ကို သိရသည်။ ထိုသိအပ်သော အနက်အဓိပ္ပာယ်သည် အနက်ဖြစ်၏။

ထို့ကြောင့် ကြားရသောအသံ(သဒ္ဒါ)သည် အကြောင်း ထိုအသံကို အကြောင်းပြု၍ သိရသောအနက်အဓိပ္ပာယ်သည် အကျိုးဖြစ်သည်။

## ဝဒန္တပုဂ္ဂိုလ်အလိုအတိုင်းမှတ်ရမည်

ပါဠိတော် အဋ္ဌကထာ၊ ဋီကာများကို လေ့လာကြသော ပုဂ္ဂိုလ်များ သည် ပြောပြရေးသားကြသော ဘုရားရှင်နှင့် အဋ္ဌကထာဆရာ. ဋီကာဆရာ တို့၏ ပြောဆိုချက်၊ ရေးသားချက်တို့ကို ကြည့်၍ အနက်အဓိပ္ပာယ်ကို သိရသောကြောင့် ဝဒန္တပုဂ္ဂိုလ်၏ အလိုအတိုင်း **အနက်ကိုအကြောင်း၊ သဒ္ဒါကိုအကျိုး** ဟု မှတ်ရမည်။

ထို့ကြောင့် သဒ္ဒါနှင့် အနက်ကို အစွဲပြု၍ အကြောင်းအကျိုး ခွဲခြားရာတွင် **အနက်လဲလျှင် အကြောင်းလဲသည်**ဟု လည်းကောင်း၊ **သဒ္ဒါလဲလျှင်အကျိုးလဲသည်**ဟု လည်းကောင်း မှတ်သားရမည်။

http://www.dhammadownload.com



## အချုပ်မှတ်ဖွယ်

ပုဒ်, ဓာတ်, ပစ္စည်း, ဝိဘတ်ပြောင်းလဲလျှင် သဒ္ဒါလဲ - အကျိုးလဲဟု မှတ်ရမည်။ ပုဒ်အနက်, ဓာတ်အနက်မှ ပစ္စည်းအနက်, ဝိဘတ်အနက် သရုပ်ပြားအဘိဓေယျတ္ထအနက်နှင့်ဝိဂြိုဟ်ဝစနတ္ထ (ဗျူပွတ်) ပြောင်းလဲလျှင် အနက်လဲ အကြောင်းလဲဟု မှတ်ရမည်။

## လေ့လာဖွယ်ပုံစံများ

### သမာသ်မှ တဒ္ဓိတ်သို့

(က) အဋ္ဌင်္ဂိကောပိ မဂ္ဂေါ ပစ္စယဋ္ဌေန ဧတေသံ ဟေတူတိ မဂ္ဂ - ဟေတုကာ၊
(မဂ္ဂဟေတုကာကို ဗဟုဗ္ဗီှသမာသ်ပြုဟု ပြသည်)

(ခ) မဂ္ဂသမ္ပယုတ္တာ ဝါ ဟေတု, မဂ္ဂေ ဝါ ဟေတူတိ မဂ္ဂဟေတု - ကာ၊ တေ ဧတေသံ ဟေတူတိပိ မဂ္ဂဟေတုကာ။
(အဿတ္ထိတဒ္ဓိတ်ဟု ပြသည်)။

(ဋ္ဌ - ၈၇ - ၈၈)

### ကိတ်မှ သမာသ်သို့

(က) ဝစနတ္ထတော ပန သမ္မာ ပဿတိ၊ သမ္မာ ဝါ တာယ ပဿန္တီတိ သမ္မာဒိဋ္ဌိ။ (သမာဒိဋ္ဌိကို ကိတ်ဝစနတ္ထပြုဟု ပြသည်။)

(ခ) အပိစ ပသတ္ထာ သုန္ဒရာ ဝါ ဒိဋ္ဌိ သမ္မာဒိဋ္ဌီတိ ဣမိနာပိ နယေန ဝစနတော ဝေဒိတဗ္ဗော။ (သမာသ်ဝစနတ္ထပြုဟုပြသည်)

(ဋ္ဌ - ၁၆၇)

### သမာသ်တစ်မျိုးမှသမာသ်တစ်မျိုးသို့

(က) ကိလေသဝိက္ခမ္ဘန သမတ္ထတာယ (ပ) မဟန္တဘာဝံ ဂတာ။
(မဟဂ္ဂတာကို ဒုတိယာ တပ္ပုရိသ် သမာသ်ပြုဟု ပြသည်)

http://www.dhammadownload.com



(ခ) မဟာန္တေဟိ ဝါ ဥဠာရစ္ဆန္ဒဝီရိယစိတ္တပညေဟိ ဂတာ ပဋိပန္နာတိပိ မဟဂ္ဂတာ။ (တတိယာတပ္ပုရိသ်သမာသ် ပြုဟုပြသည်) (ဌ-၈၇)

## တဒ္ဓိတ်မှ သမာသ်သို့

(က) ဝီရဿ ဘာဝေါ ဝီရိယံ၊ ဝီရာနံ ဝါ ကမ္မံ ဝီရိယံ။ (ဝီရိယ ကို တဒ္ဓိတ်ဝစနတ္ထပြုဟု ပြသည်)

(ခ) ဝိဓိနာ ဝါ နယေန ဥပါယေန ဤရယိတဗ္ဗံ ပဝတ္တယိတဗ္ဗန္တိ ဝီရိယံ။(တတိယာကိတန္တသမာသ်ဝစနတ္ထပြုပါဟုပြသည်။) (ဌ-၁၆၃)

## တဒ္ဓိတ်မှ ကိတ်သို့

(က) သတ္တာနံ့ သောက္ခာနံ ဧတေတိပိ သောက္ခာ။ (သောက္ခာကို က္ကာဒ်တဒ္ဓိတ် ပြုပါဟုပြသည်။)

(ခ) အပရိယောသိတ သိက္ခတ္တာ သယမေဝ သိက္ခန္တိပိ သေက္ခာ။ (ကတ္တုသာဓနေ ကိတ်ဝစနတ္ထ ပြုပါဟုပြသည်။) (ဌ-၈၆)

## တဒ္ဓိတ်တစ်မျိုးမှ တဒ္ဓိတ်တစ်မျိုးသို့

(က) အတ္တာနံ အာရမ္မဏံ ကတွာ ပဝတ္တနေန သံကိလေသံ အရဟန္တိ။ (သံကိလေသိကာကို အရဟာတိ တဒ္ဓိတ်ပြုပါဟု ပြသည်)

(ခ) သံကိလေသေ ဝါ နိယုတ္တာ (ပ) သံကိလေသိကာ။ (နိယုတ္တ တဒ္ဓိတ် ပြုပါဟုပြသည်။) (ဌ-၈၅)

## ကိတ်မှ သမာသ်သို့

(က) သုခယတီတိ သုခံ။ (သုခံကို ကိတ်ဝစနတ္ထပြုပါဟု ပြသည်)

http://www.dhammadownload.com



(ခ) သုဋ္ဌု ဝါ ခါဒတိ, ခနတိစ ကာယစိတ္တာဗာဓန္တိ သုခံ။ (ကိတန္တသမာသ်ပြုပါဟု ပြသည်။) (ဋ္ဌ-၁၆၀)

## ကိတ်မှ တဒ္ဓိတ်သို့

(က) အတ္တနော တာဝ မေဇ္ဇတီတိ မေတ္တာ။ (မေတ္တာကို ကတ္တု-သာဓန ကိတ်ဝစနတ္တပြုပါဟုပြသည်)

(ခ) မိတ္တေ ဝါ ဘဝါ,မိတ္တဿ ဝါ ဧသာ ပဝတ္တိတိ မေတ္တာ။ (ဘာဝ တဒ္ဓိတ်၊ ဣဒံတဒ္ဓိတ်ဝစနတ္တပြုပါဟု ပြသည်။) (ဋ္ဌ-၂၃၇)

## ကိတ်တစ်မျိုးမှ ကိတ်တစ်မျိုးသို့

(က) အတ္တနော ပန သဘာဝံ ဓာရေန္တီတိ ဓမ္မာ။ (ဓမ္မကို ကတ္တု-သာဓန ဝစနတ္တပြုပါဟုပြသည်။)

(ခ) ဓာရီယန္တိဝါ ပစ္စယေဟိ,ဓာရီယန္တိ ဝါ ယထာသဘာဝတောတိ ဓမ္မာ။ (ကမ္မသာဓနပြုပါဟုပြသည်) (ဋ္ဌ-၈၁)

## ဓာတ်တစ်မျိုးမှ ဓာတ်တစ်မျိုးသို့

(က) ကုစ္ဆိတေန ဝါ အာကာရေန (ပ) ကုသေ လုနန္တိ ဆိန္ဒန္တီတိ ကုသလာ။ (ကုသလာသည် ကုသ-ရှေးရှိသော လုဓာတ်ဟု ပြသည်)

(ခ) ကုစ္ဆိတာနံ ဝါ သာနတော (ပ)တေန ကုသလေန လာတဗ္ဗာ တိ ကုသလာ၊ (ကုသ-ရှေးရှိသော လာဓာတ်ဟုပြသည်) (ဋ္ဌ-၈၁)

## ပစ္စည်းတစ်မျိုးမှ ပစ္စည်းတစ်မျိုးသို့

(က) ကမ္မကိလေသေဟိ အာစိယတီတိ အာစယော။ (အာစယော သည် အာ-ရှေးရှိသော စိ-ဓာတ်၊ အ-ပစ္စည်းဟုပြသည်)

http://www.dhammadownload.com



( ခ ) အပိစ ပါကာရံ (ပ) အာစိန္နာ ဂစ္ဆန္တီတိ အာစယဂါမိနော။ (အာ - ရှေးရှိသော စိ - ခတ်၊ နာ - ပစ္စည်း၊ အန္တ - ပစ္စည်းဟု ပြုသည်။ အာစိန္နမှ အာစယသို့ နိရုတ္တိနည်းဖြင့် ပြောင်းသည်။) (ဌ - ၈၆)

## ဓာတ်နက်တစ်မျိုးမှ ဓာတ်နက်တစ်မျိုးသို့

(က) အာသဝန္တီတိ အာသဝါ၊ စက္ခုတောပိ (ပ) မနတောပိ သန္ဒန္တိ ပဝတ္တန္တီတိ ဝုတ္တံ ဟောတိ။ (အာသဝါ၌ သု - ခတ်သည် ယိုစီးခြင်း အနက်ဟောဟု ပြုသည်)

( ခ ) အာယတံ ဝါ သံသာရဒုက္ခံ သဝန္တိ ပသဝန္တီတိပိ အာသဝါ။ (သု - ခတ်သည် မွေးဖွားခြင်းအနက်ဟောဟု ပြုသည်) (ဌ - ၉၀)

## ပစ္စည်းနက်တစ်မျိုးမှ ပစ္စည်းနက်တစ်မျိုးသို့

(က) အဝတ္ထာနော ပန သဘာဝံ ဓာရေန္တီတိ မွော။ (မွ - ၌ ရမ္မ - ပစ္စည်းသည် ကတ္တားအနက်ဟော ဟုပြုသည်)

( ခ ) ဓာရီယန္တိ ဝါ ပစ္စယေဟိ (ပ) မွော။ (ကံ - အနက်ဟောဟု ပြုသည်) (ဌ - ၈၁)

## ပုဒ်နက်တစ်မျိုးမှ ပုဒ်နက်တစ်မျိုးသို့

(က) သမာဓိဇန္တိ ပဌမဈာန သမာဓိတော ဇာတံ။ (သမာဓိဇံ - ၌ သမာဓိ အရ ပဌမဈာန် သမာဓိဟု ပြုသည်)

( ခ ) သမ္ပယုတ္တသမာဓိတော ဝါ ဇာတံ။ (သမာဓိ - အရ ဒုတိယ ဈာန် သမာဓိဟု ပြုသည်) (ဌ - ၂၁၅)

(က) သဘာဝဓမ္မေန

( ခ ) နိဿတ္တဓမ္မေန ဝါ ဓာတု။

http://www.dhammadownload.com



(က-ဝါကျ၌ ဓာတုသဒ္ဒါ သဘာဝအနက်ဟောဟု ပြ၏။ ခ-ဝါကျ၌ကား နိသဿတ္တအနက်ဟောဟု ပြ၏)

(ဠ-၁၈၆)

**ဥပသာရပုဒ်၏အနက်တစ်မျိုးမှ အခြားအနက်တစ်မျိုးသို့**

(က) ဝိစရဏ ဝသေန ဝိစာရော။ အနုဂန္တာ ဝိစရဏဝသေန အနုဝိစာရော။ ဥပဂန္တာ ဝိစရဏ ဝသေန ဥပဝိစာရော။ (ဝိ + အနု + ဥပသာရပုဒ်တို့၏ အသီးသီး အနက်ရှိပုံကို ပြသည်။)

( ခ ) ဥပသဂ္ဂဝသေန ဝါ ပဒါနိ ဝဍ္ဎိတာနိ။ (ဝိ + အနု + ဥပ-ဥပသာရပုဒ်တို့ အနက်မရှိဟုပြသည်။) (ဠ-၁၈၇)

**နိပါတ်ပုဒ်အနက်တစ်မျိုးမှအခြားအနက်တစ်မျိုးသို့**

(က) အပိစ ပသတ္ထာ. သုန္ဒရာ ဝါ ဒိဋ္ဌိ သမ္မာဒိဋ္ဌိ။ (သမ္မာသဒ္ဒါ၏ ပသတ္ထ အနက်မှ သုန္ဒရအနက်ကို ပြောင်းလဲပြသည်)

**ဒေါသပယ်**

ထိုထိုဝါကျဖြင့် ပယ်အပ်သော အပြစ်ဒေါသများကို နံပါတ် (၃)၌ မေးရန် ပြဋ္ဌာန်းထားသည်။

ကျမ်းဂန်များ၌အသုံးများသော ဒေါသများ

၁။ အဗျာပိတဒေါသ = အပရိပုဏ္ဏဒေါသ = စကားမပြည့်စုံသောကြောင့် သင့်ရောက်သောဒေါသ။

၂။ အတိဗျာပိတဒေါသ = မလိုအပ်သော အနက်အဓိပ္ပါယ်များ ပါဝင်လာသဖြင့် သင့်ရောက်သောဒေါသ။

၃။ ဝိရောဓိဒေါသ = ပါဠိတော်နှင့် ဖြစ်စေ၊ အဋ္ဌကထာနှင့် ဖြစ်စေ၊ ရှေ့စကား နောက်စကားနှင့်ဖြစ်စေ၊ ဆန့်ကျင်နေသဖြင့် သင့်ရောက်သော ဒေါသ။

http://www.dhammadownload.com



၄။ နိရတ္တက ဒေါသ = တစ်စုံတစ်ရာ အကျိုး (အနက်) မရှိသဖြင့် သင့်ရောက်သောဒေါသ။

၅။ ဩဇိတျဟီနဒေါသ = အသင့်ယုတ္တိမရှိခြင်းကြောင့် သင့်ရောက်သော ဒေါသ။

၆။ ပုနရုတ္တိဒေါသ = ဆိုပြီးစကားကို ထပ်မံ၍ ပြခြင်းကြောင့် သင့်ရောက်သော ဒေါသ။

၇။ ဂန္တဂရုဒေါသ = ဆိုပြီးစကားကို ထပ်မံ၍ ပြခြင်းကြောင့် သင့်ရောက်သော ဒေါသ။

## ဝါကျဖြင့် မှတ်သားခြင်း

အခြားတစ်ပါးသော ဝစနတ္ထ. အနက်. အဓိပ္ပာယ်တို့ကို ပြဆိုသော ပဟ္ဘန္တရဝါကျ၊ စကားမပြည့်စုံသေး၍ မူရင်းပြဆိုခဲ့သောစကားနှင့် ပတ်သက်ပြီး ဆက် လက်ပြဆိုသော ဥပနျာသဝါကျနှင့် ဝါကျာရမ္ဘဝါကျတို့ဖြင့် အဗျာပိတ. အပရိ ပုဏ္ဏဒေါသတို့ကို ပယ်နိုင်သည်။

အကျိုးပြသည့် ဖလဝါကျ၊ ထပ်ဆင့်အကျိုးကို ပြသည့် လဒ္ဒဂုဏ ဝါကျတို့ဖြင့် နိရတ္တက ဒေါသကို ပယ်သည်။

မိမိစကားကို ခိုင်မာစေရန် အကြောင်းယုတ္တိ.ဥပမာတို့ဖြင့်ပြဆိုသော ဒဠှီကရဏဝါကျတို့ဖြင့် ဝိရောဓိဒေါသကို ပယ်နိုင်သည်။

လိုအပ်သောအနက်ကို ထုတ်ပြသည့် အတ္ထုဒ္ဓေသဝါကျဖြင့် အတိ ဗျာပိတဒေါသ ဝိရောဓိဒေါသတို့ကို ပယ်နိုင်သည်။

ဆိုပြီးသည်နှင့် ဆိုလတ္တံ့စကားတို့ကို လည်းကောင်း၊ ဇသေဝနယော စသည်ဖြင့် နည်းတူသည်ကို လည်းကောင်း၊ ညွှန်းဆိုသော အတိဒေသ ဝါကျများဖြင့် ဂန္တဂရုဒေါသ ပုနရုတ္တိဒေါသတို့ကို ပယ်နိုင်သည်။

အကြောင်းကိုပြဆိုသော ကရဏဝါကျ၊ ဟေတုဝါကျတို့ဖြင့် ဩဇိတျ ဟီန ဒေါသတို့ကို ပယ်နိုင်သည်။

http://www.dhammadownload.com



## ဆောင်ပုဒ်များ

* ပက္ခန်,ဥပ၊ အာရမ္မ ပယ်ချ အဗျာပီ။
* လဒ္ဓဂုဏ၊ ကျိုးဖလ၊ နိရုတ္တကစင်။
* ဝါကျဒွင်း၊ ဝိရောဓိ၊ ပယ်၏အမြဲပင်။
* အတ္ထုဒ္ဓါရ နိရုတ္တ၊ အတ္ထုဒ္ဒေသ ဝိရောဓ၊ တဝ တိဗျာပီ။
* ဆိုပြီးသည်ကို၊ ပြည့်ဆန်းဆို၊ ပယ်လို ပုနရုတ်။
* ဆိုလတ္တံ့ညွှန်း၊ နည်းတူညွှန်း၊ ကျမ်းညွှန်း ဂန္ထထုတ်။
* ကာရကဝါကျ၊ မှန်သမျှ၊ သြစိတျပဟီနစင်။

### ဒေါသတင်+ဒေါသပယ်

အဋ္ဌသာလိနီဝါကျဆိုင်ရာကျမ်းစာအုပ်များ၌ဒေါသတင် + ဒေါသပယ် ကိုရှေးရှေးဝါကျဖြင့် သင့်ရောက်ဖွယ်ရှိသော ဒေါသကို နောက်နောက်ဝါကျ ဖြင့် ပယ်သည်ဟု ဖွင့်ဆိုလေ့ရှိကြသည်။

အမှန်မှာ ဤဝါကျကိုမဆိုလျှင် ဤအပြစ်ရောက်နိုင်သည်။ ထို ရောက်ဖွယ်ရှိသည့် အပြစ်ဒေါသသည် ဤဝါကျကို ဆိုလိုက်သဖြင့် အပြစ် မရောက်တော့ ဟု ယူဆမှသာ သဘာဝကျပေသည်။

ထို့ကြောင့် ဖော်ပြပါ အကျဉ်းဆောင်ပုဒ်ကို မှတ်သား၍ ဒေါသတင်+ ဒေါသပယ်ကို စဉ်းစားရမည်။

* မဆိုလျှင်၊ အပြစ်တင်၊ ဆိုလျှင် အပြစ်ကင်း။

### ရှင်းပါမည်

အောက်ပါ ပုံစံနှစ်ခုကို လေ့လာပါ။

(က) အတ္တာနံ အာရမ္မဏံ ကတွာ ပဝတ္တနေန သံကိလေသံ အရဟန္တိ။

(ခ) သံကိလေသေ ဝါ နိယုတ္တာ တသ္သ အာရမ္မဏဘာဝါန-တိက္ကမနတောတိ သံကိလေသိကာ။

http://www.dhammadownload.com



(က) ဝါကျဖြင့် သံကိလေသိကာ - ကို သံကိလေသံ အရဟာန္တိတိ သံကိလေသိကာဟု အရဟာတိတဒ္ဓိတ် ဝစနတ္ထပြုရမည်ဟု ပြ၏။

(ခ) ဝါကျဖြင့် သံကိလေသေ နိယုတ္တာ သံကိလေသိကာ ဟု နိယုတ္တ တဒ္ဓိတ် ဝစနတ္ထပြုရမည်ဟု ပြ၏။

အကယ်၍ (က)ဝါကျကိုသာ ဆိုပြီး (ခ)ဝါကျကို မဆိုခဲ့လျှင် သံကိလေသိကာကို နိယုတ္တတဒ္ဓိတ် ဝစနတ္ထပြုရမည်ဟု မသိနိုင်။ ယင်းသို့ မသိနိုင်က သံကိလေသိကာ၏ ဝစနတ္ထကို ပြည့်စုံစွာ မသိရသောကြောင့် (ခ)ဝါကျကို မဆိုသော အဋ္ဌကထာဆရာ၌ အဗျာပိတ၊ အပရိပုဏ္ဏဒေါသ သင့်ရောက်နိုင်သည်။

(ခ)ဝါကျကို ဆိုလိုက်သဖြင့် သံကိလေသိကာ၏ ဝစနတ္ထကို ပြည့်စုံစွာ သိရသောကြောင့် (ဝါ) သံကိလေသိကာ၏ ဝစနတ္ထကို ပြည့်စုံစွာ ပြဆိုလိုက်သောကြောင့် အဗျာပိတ. အပရိပုဏ္ဏဒေါသ မသင့်ရောက်တော့ပေ။

သို့ဖြစ်၍ သင့်ရောက်မည့် အပြစ်ဒေါသသည် ဆိုလိုက်ခြင်းကြောင့် မရောက်နိုင်တော့ရကား ဆိုပြီးဝါကျ၌ အပြစ်ဒေါသရောက်သည်ဟု ဆိုခြင်းမှာ ယုတ္တိမရှိပေ။

အတက်တက်ရာ၌ စောဒနာတက်သည့်အခါ "အကယ်၍ ဆိုသင့်သည်ကို မဆိုချေသော် ဆရာ့၌ ဒေါသသင့်ရောက်ရာ၏" ဟူသော ဒေါသာရောပန စကားရပ်ကို ကြည့်လျှင်လည်း မဆိုလျှင် အပြစ်ရောက်သည်၊ ဆိုလျှင် အပြစ်မရောက်တော့ဟု သိနိုင်သည်။

စောဒနာတက်သည်ကို အဓိပ္ပါယ်ပြန်ရာ၌ " - - - - -ကိုလည်း ငါပြဆိုသောကြောင့် သင်တင်သောဒေါသ ငါ၌မရောက် ပျောက်ပါ၏ဟူလို" ဟူသောအသုံးကို ကြည့်လျှင်လည်း ဆိုခြင်းကြောင့် အပြစ်ကင်းသည့်အဖြစ်ကို သိနိုင်ပေသည်။

ထို့ကြောင့် -

"မဆိုလျှင် အပြစ်တင်၊ ဆိုလျှင် အပြစ်ကင်း" ဟူသော မူရင်းအချက်ကို သေချာစွာ မှတ်သားသင့်ပေသည်။

http://www.dhammadownload.com



## ဆက်လက် လေ့ကျင့်ကြည့်ပါ

(က) ကုစ္ဆိတော ပါပကေ ဓမ္မေ သလယန္တိ စလယန္တိ ကမ္ပေန္တိ ဝိဒ္ဓံသေန္တီတိ ကုသလာ။
(ကုစ္ဆိတေ သလယန္တီတိ ကုသလာ၊ သို့မဟုတ် - ကုစ္ဆိတေ သလာ ကုသလာ ဟူသော ဝစနတ္ထကို ပြ၏။)

(ခ) ကုစ္ဆိတေန ဝါ အာကာရေန သယန္တီတိ ကုသာ၊ တေ အကုသလ သင်္ခါတေ ကုသေ လုနန္တိ ဆိန္ဒန္တီတိ ကုသလာ။
(ကုသေ လုနန္တီတိ ကုသလာ ဟူသော ဝစနတ္ထကိုပြ၏။)

ဤ၌ (ခ) ဝါကျကို မဆိုခဲ့လျှင် ကုသေ လုနန္တီတိ ကုသလာ ဟူသော ဝစနတ္ထ ကို သိခွင့်မရနိုင်၊ ကုစ္ဆိတေ သလယန္တီတိ ကုသလာ (သို့မဟုတ်) ကုစ္ဆိတေ သလာ ကုသလာ - ဟူသော ဝစနတ္ထတစ်မျိုးသာ သိနိုင်၏။ ထို့ကြောင့် ကုသလာ၏ ဝစနတ္ထကို ပြည့်စုံစွာမသိရ။ သို့ဖြစ်လျှင် (ခ - ဝါကျကို မဆိုခဲ့လျှင်) အဗျာပိတ အပရိပုဏ္ဏဒေါသ သင့်ရောက်နိုင်၏။

(ခ) ဝါကျကို ဆိုလိုက်သဖြင့် ပဌမနည်း ဝိဂ္ဂဟအပြင် ဒုတိယနည်း ဝိဂ္ဂဟ ကိုလည်း ဖြည့်စွက် မှတ်သားခွင့်ရသောကြောင့် ပို၍ ပြည့်စုံသွား၏။ ထို့ကြောင့် (ခ) ဝါကျကို ဆိုလိုက်သောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်သည်။

## အတ္ထုဒ္ဓါရဝါကျနှင့် အတ္ထုဒ္ဒေသဝါကျ

(က) ဓမ္မသဒ္ဒေါ ပနာယံ ပရိယတ္တိ ဟေတု ဂုဏနိဿတ္တ နိဇ္ဇီဝတာ ဒီသု ဒိဿတိ။ (အတ္ထုဒ္ဓါရဝါကျ)

(ခ) သဗ္ဗာယမိဓာပိ နိဿတ္တ နိဇ္ဇီဝတာယ မေဝ ဝဋ္ဋတိ။
(အတ္ထုဒ္ဒေသဝါကျ)

ဤနှစ်ဝါကျတွင် (က) ဝါကျဖြင့် ဓမ္မသဒ္ဒါသည် ပရိယတ္တိ ဟေတု စသော အနက်များကို ဟောနိုင်ကြောင်း ပြ၏။ (ခ) ဝါကျဖြင့် ကုသလာဓမ္မာ၌ ဓမ္မသဒ္ဒါသည် နိဿတ္တ နိဇ္ဇီဝတာအနက်ကိုသာ ဟောကြောင်း ပြ၏။

http://www.dhammadownload.com



## ဒေါသသင့်ပုံ+ပယ်ပုံ

အကယ်၍ (ခ) ဝါကျကို မဆိုခဲ့လျှင် ကုသလာဓမ္မာ၌ ဓမ္မသဒ္ဒါသည် ပရိယတ္တိ ဟေတု ဂုဏ နိဿတ္တ နိဇ္ဇီဝတာ ဟူသော အနက်လေးမျိုးလုံးကို ဟောသည်ဟု ယူဖွယ်ရှိ၏။ ထိုသို့ယူလျှင် မလိုအပ်သော ပရိယတ္တိ စသော အနက်များ ငြိကပ် ပါဝင်လာသောကြောင့် အတိဗျာပိတဒေါသနှင့် ဝိရောဓိ ဒေါသ သင့်ရောက်နိုင်၏။ (ခ) ဝါကျကိုဆိုလိုက်သဖြင့် ကုသလာဓမ္မာ၌ ဓမ္မသဒ္ဒါ-သည် နိဿတ္တ နိဇ္ဇီဝတာ အနက်ကိုသာ ဟော၏ဟု ဘုရားရှင် အလိုတော်ကျ သိရသောကြောင့်(ဝါ) လိုအပ်သောအနက်ကိုသာ သိရသော ကြောင့် အတိဗျာပိတဒေါသ ဝိရောဓိဒေါသတို့ကို ပယ်နိုင်သည်။

## ဒဋ္ဌဗ္ဗယဝါကျနှင့် ဒဋ္ဌဗ္ဗကရဏဝါကျ

(က) ဓမ္မသဒ္ဒေါ ပနာယံ ပရိယတ္တိ (ပ) ဒိသု ဒိဿတိ။

(ခ) အယဉ္ဟိ "ဓမ္မံ ပရိယာပုဏာတိ သုတ္တံ ဂေယျံ"န္တိ အာဒိသု ပရိယတ္တိယံ ဒိဿတိ။

ဤနှစ်ဝါကျတွင် (က)ဝါကျဖြင့် ဓမ္မသဒ္ဒါဟောနိုင်သော အနက်များ ကို ပြ၏။ (ခ)ဝါကျဖြင့် ဓမ္မသဒ္ဒါ ပရိယတ္တိအနက်ကို ဟောကြောင်း အာဂမ ယုတ္တိ ပါဠိတော်ကို ထောက်ပြသည်။

## ဒေါသသင့်ပုံ+ပယ်ပုံ

အကယ်၍ (က)ဝါကျကိုသာဆိုပြီး (ခ) ဝါကျကို မဆိုခဲ့လျှင် ဓမ္မသဒ္ဒါ ပရိယတ္တိအနက်ကို ဟောကြောင်း အာဂုံပါဠိ ယုတ္တိမရှိ၍ ယုံကြည်လက်ခံ နိုင်ဖွယ်မရှိ။ အာဂုံပါဠိ ယုတ္တိမရှိဘဲ ဆိုပြန်လျှင်လည်း ဝိရောဓိဒေါသ, ဩဠိတျဟီနဒေါသ သင့်ရောက်နိုင်၏။

(ခ)ဝါကျကို ဆိုလိုက်သဖြင့် ဓမ္မသဒ္ဒါ ပရိယတ္တိအနက်ကို ဟော ကြောင်း ယုတ္တိအခိုင်အမာဖြင့် သိရသောကြောင့် ထိုသင့်ရောက်ဖွယ်ရှိသော ဝိရောဓိဒေါသ,ဩဠိတျဟီနဒေါသတို့ မသင့်ရောက်နိုင်တော့ပေ။

http://www.dhammadownload.com



**ဝိတ္ထာရဝါကျနှင့် သခ်ေပဝါကျ**

(က) သောမနဿသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ (ပ) ဣစ္စေဝံ သဗ္ဗထာပိ ဒွါဒသာကုသလစိတ္တာနိ သမတ္တာနိ။

(ခ) အဋ္ဌဓာ လောဘမူလာနိ (ပ) ဒွါဒသာ ကုသလာသိယုံ။

(က) ဝါကျဖြင့် အကုသိုလ်စိတ် (၁၂)ပါးသရုပ်ကို အပြည့်အစုံ ထုတ်ပြသည်။

(ခ) ဝါကျဖြင့် အကျဉ်းဆောင်လိုသော သံခိတ္တရုစိ ပုဂ္ဂိုလ်တို့ အတွက် အကျဉ်းသခ်ေပ သင်္ဂဟဂါထာကို ပြသည်။

**ဒေါသသင့်ပုံ + ပယ်ပုံ**

အကယ်၍(ခ) ဝါကျကို မဆိုက အကျဉ်းဆောင်လိုသော သံခိတ္တရုစိ ပုဂ္ဂိုလ်တို့အတွက် လိုအင်ဆန္ဒမပြည့်စုံသဖြင့် အဗျာပိတ, အပရိပုဏ္ဏဒေါသ သင့်ဖွယ်ရှိ၏။

(ခ)ဝါကျကို ဆိုသဖြင့် ဝိတ္ထာရရုစိ အကျယ်ကြိုက်ပုဂ္ဂိုလ်များ၏ အလိုဆန္ဒသာမက သံခိတ္တရုစိ အကျဉ်းကြိုက်ပုဂ္ဂိုလ်တို့၏ အလိုဆန္ဒပါ ပြည့်စုံသောကြောင့် (ဝါ) အကျယ်ရော အကျဉ်းပါ ပြဆိုပြီးဖြစ်သောကြောင့် အဗျာပိတ, အပရိပုဏ္ဏဒေါသမှ လွတ်မြောက်ရသည်။

**မှတ်ချက်။** ။အကျယ်ပြ ( ဝိတ္ထာရ ) ဝါကျကို ဆိုပြီးနောက် အကျဉ်းပြ (သခ်ေပ) ဝါကျကို ဆိုရာ၌ နောက်ဆိုသော သခ်ေပဝါကျနှင့်စပ်၍ စကားထပ်ခြင်းကြောင့် ပုနရုတ္တိဒေါသ၊ ဂန္ထ ဂရုဒေါသတို့ သင့်ရောက်ဖွယ်ရှိ၏။ သို့သော် ဆောင်လွယ် မှတ်လွယ်စေရန် အကျဉ်းကို ပြခြင်းဖြစ်သောကြောင့် အပြစ်ဒေါသ မရောက်ဘဲ (စကားပြည့်စုံသဖြင့်) ပရိပုဏ္ဏဂုဏ်ပင် ရောက်နိုင်သည်။ ဆိုလိုသည်မှာ ဝိတ္ထာရကို ပြပြီးနောက် သခ်ေပကို ဆိုရာဝယ် ဒေါသတင်လိုက ပုနရုတ္တိ

http://www.dhammadownload.com



ဒေါသတင်၊ ဒေါသပယ်လိုက ထိုပုနရုတ္တိဒေါသနှင့် တကွ အဗျာပိတ. အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါ ဟူလို။

## တသ္မာ့,တေနစသည် ထားရခြင်းအကြောင်းများ

အကြောင်းကိုလည်းကောင်း၊ အကျိုးကိုလည်းကောင်း၊ မူလအကျိုးမှ တဆင့်တက်၍ရသော လဒ္ဓဂုဏ်ကိုလည်းကောင်း၊ မိမိစကားကို ခိုင်မြဲအောင်ပြုလိုသော ဒဠှီကရဏကိုလည်းကောင်း၊ နိဂုံးကိုလည်းကောင်း ပြလိုရာ၌ တသ္မာ (ဝုတ္တံ)၊ တေန (ဝုတ္တံ) (အာဟ)တို့ကို ထားလေ့ရှိသည်။

* လဒ္ဓဂုဏ၊ ကျိုးဖလနှင့်၊ ကာရဏ - ဒဠှီ၊ တစ်လီ နိဂမ၊ ပြလိုက၊ တေန, တသ္မာ ထား။

## အဓိပ္ပေတ, ကထိတ သဒ္ဒါထားရခြင်း အကြောင်း

သာမညအနက်မှ ဝိသေသအနက်ကို ထုတ်ပြလိုရာ၌ဖြစ်စေ၊ စောဒကနှင့် သူနိုင်. ငါနိုင် စကားပြိုင်နေရာဝယ် မိမိ၏စကားကို မြဲမြဲပိုင်ပိုင် ကိုင်ပြလိုရာ၌ ဖြစ်စေ၊ အဓိပ္ပေတံ.ကထိတံ တို့ကို ထားလေ့ရှိသည်။

* သာမညမှ၊ အတ္တဝိသေ၊ တစ်ထွေစကားလု၊ ပြလိုမှု၊ မှတ်ရှု ကထိတံ. မိပ္ပေတံ။

## ဝုစ္စတိ,ဝုစ္စတေ ထားရခြင်းအကြောင်း

ပုဒ်၏ပင်ရင်းအနက် သကတ္ထ (ပိဏ္ဍတ္ထ)ကို ဖြစ်စေ၊ အဖြေ ဝိသဇ္ဇနာကိုဖြစ်စေ၊ ဥပစာသဒ္ဒါအဖြစ်ကို ဖြစ်စေ ယုံမှားသံသယ(အာသင်္ကာ) ဖြစ်ဖွယ်ရာ၌ဖြစ်စေ ဝုစ္စတိ,ဝုစ္စတေကို ထားလေ့ရှိသည်။

* သကတ် တစ်ထွေ၊ အဖြေဥပစာ၊ အာသင်္ကာ၊ ထားရာ ဝုစ္စတိ။

## အဓိဝစနံ,နာမံသဒ္ဒါ ထားရခြင်းအကြောင်း

ပြဆိုခဲ့သော အနက်များစွာတို့တွင် ဤ၌ လိုအပ်သောအနက်ကို

http://www.dhammadownload.com



ထုတ်နုတ်၍ (ဧကဒေသျူပစာဖြင့်)ပြလိုရာ၌ အဓိဝစနံ, နာမံတို့ကို ထားလေ့ရှိသည်။

* အဓိဝစနံ၊ နာမံရှိက၊ များလှနက်တွင်၊ လိုအင်နက်မှီ၊ တင်ရှင်ဦး၊ စွဲသည် ကေန္တ။

## ဝုတ္တံ ဟောတိ, ဣဒံ ဝုတ္တံ ဟောတိ ထားရခြင်းအကြောင်း

မိမိဆိုအပ်သည့်စကား (သို့မဟုတ်) ပါဠိတော်စကားများသည် အသိခက်၍ ကွယ်ဝှက်ကောက်ကွေ့နေလျှင် ထိုစကား၏ ဆိုလိုယင်း အနက်အဓိပ္ပာယ်ကိုဖြောင့်မတ်ပေါ်လွင် ထင်ရှားလာအောင် ပြလိုရာ၌ ဝုတ္တံ ဟောတိ၊ ဣဒံ ဝုတ္တံ ဟောတိ တို့ကို ထားလေ့ရှိသည်။

* ဣဒံ ဝုတ္တံ၊ ဟောတိခံက၊ နေယျဝက်၊ ဂူဠတ္ထကြောင့်၊ ထိုက်စွာဖြောင့်ပြ၊ ပိဏ္ဍတ္ထ၊ မှတ်ကြ ကျမ်းဂန်မှာ။

* ဝုတ္တံ ဟောတိ၊ သဘောရှိ၊ ဟောဘိ ပိဏ္ဍတ္ထ။

## သေယျထိဒံ သဒ္ဒါ ထားရခြင်းအကြောင်း

သရုပ်စသည် မထင်ရှား ကွယ်ဝှက်နေသော အရာများကို ထင်ရှားအောင် ဖော်ပြလိုရာ၌ သေယျထိဒံကို ထားလေ့ရှိသည်။

* သေယျထိဒံ၊ တင်လာပြန်၊ ဖော်ရန် ဂူဠတ္ထ။

## အဓိပ္ပာယော, အဓ္ဓောထားရခြင်းအကြောင်း

ကွယ်ဝှက်တိမ်မြုပ်၊ ငုတ်နေသောအနက်ကို ဖော်ထုတ်၍ စကားကျအဓိပ္ပာယ်ကို ပြလိုရာ၌ အဓိပ္ပာယော, အဓ္ဓောတို့ကို ထားလေ့ရှိသည်။

* အဓိပ္ပာယော၊အဓ္ဓောရှိက၊ဂူဠဖော်ပြ၊စကားကျ၊မှတ်ကြအမြဲသာ။

## ဓသောဝနယော, သေနယောထားရခြင်းအကြောင်း

ပြဆိုပြီး စကားရပ်နှင့် ဝစနတ္ထအားဖြင့် ဖြစ်စေ၊ သဘော အဓိပ္ပာယ်အားဖြင့် ဖြစ်စေ အလုံးစုံတူညီနေသည်ကို ပြလိုရာ၌ ဓသောဝနယောထားလေ့

http://www.dhammadownload.com



ရှိသည်။ ပြဆိုပြီး စကားရပ်နှင့် ဝစနတ္တ သဘောအဓိပ္ပာယ်များ တစ်စိတ် တစ်ဒေသ တူသည်ကို ပြလိုရာ၌ ဒေသနယောကို ထားလေ့ရှိသည်။

* အလုံးစုံအတ္တ၊ တူညီမျှ၊ သဒေဝနယောဆို။

* တစ်စိတ်မတူ၊ တစ်စိတ်တူ၊ သုံးမူ ဒေသနယောကို။

ပုံစံများနှင့် ရှင်းလင်းပြဆိုချက်များကို ဆိုင်ရာဝါကျများတွင် ရှုပါ။

## နံပါတ် (၄) ဆိုင်ရာ စည်းမျဉ်း ဖွင့်ဆိုချက်များ

ဤနံပါတ်(၄)၌ ပုဒ်တို့ကို ဝစနတ္တ ဝိဂြိုဟ်ပြုနိုင်းပြီး ဗျုပ္ပတ္တိစတုက္က ထုတ်နိုင်းပါမည်။ ဝိဂြိုဟ်ပြုနည်းကို အကျယ်မရေးတော့ဘဲ ဗျုပ္ပတ္တိစတုက္က ထုတ်နည်း ကိုသာ ရှင်းလင်း ရေးသားမည် ဖြစ်ပါသည်။

### ဗျုပ္ပတ္တိစတုက္က

၁။ ဗျုပ္ပတ္တိ၊ ၂။ ဗျုပ္ပတ္တိနိမိတ် ၃။ ပဝတ္တိ ၄။ ပဝတ္တိနိမိတ် ဟူသော လေးပါးအပေါင်းကို ဗျုပ္ပတ္တိစတုက္ကဟု ဆိုသည်။

ဗျုပ္ပတ္တိစတုက္က ခွဲနည်းသည် (၁) အဘိဓာန်ဋီကာနည်းနှင့် (၂) ဘေဒ စိန္တာဒီပနီနည်းဟု နှစ်မျိုးရှိသည်။

### အဘိဓာန်ဋီကာနည်း

၁။ တစ်လုံး တစ်လုံးသော အက္ခရာဟု ဆိုအပ်သော ပရမတ္ထ သဒ္ဒါသည် ဗျုပ္ပတ္တိမည်၏။ (ဥပမာ - ပုရိသော၌ ပု - ဟူသော, ရိ - ဟူသော၊ သော - ဟူသော. တစ်လုံးတစ်လုံးသော အက္ခရာတည်း) (ဗုဒ္ဓေါ၌ ဗုဒ် - ဟူသော. ဓော - ဟူသော. တစ်လုံးတစ်လုံးသော အက္ခရာတည်း။)

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ဓာတ်. ပစ္စည်း၊ ပုဒ်. ပစ္စည်း ဟူသော ပကတိ + ပစ္စယနှင့် ပုဒ်အချင်းချင်း၏ စပ်ခြင်း သမ္ဗန် (သမာသ်အတွက်)၊ ပုဒ်နှင့် ပစ္စည်းတို့၏ အချင်းချင်း

http://www.dhammadownload.com



စပ်ခြင်းသမ္ဗန်(တဒ္ဓိတ်အတွက်)သည် ဗျုပ္ပတ္တိနိမိတ် မည်၏။
ဥပမာ - ပုရိသော၌ပုရဓာတ် + ဣသပစ္စည်း၊ ဗုဒ္ဓေါ၌ဗုဓဓာတ် + တပစ္စည်းသည် ဗျုပ္ပတ္တိနိမိတ် မည်၏။ (ကိတ်အတွက်)

ဝါသိဋ္ဌော၌ ဝသိဋ္ဌပုဒ် + ဏပစ္စည်းသည်လည်းကောင်း၊ အဖ ဝသိဋ္ဌနှင့် သားဝါသိဋ္ဌတို့၏ ဇနက + ဇညအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ် မည်၏။ (တဒ္ဓိတ်အတွက်)

ရာဇပုတ္တော - ၌ အဖဖြစ်သောမင်း၏သားနှင့်ဇနက + ဇည အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်လည်းကောင်း၊ရာဇသဒ္ဒါပုတ္တသဒ္ဒါတို့သည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ် မည်၏။ (သမာသ်အတွက်)

၃။ အက္ခရာ အပေါင်းဟူသော ပညတ္တိသဒ္ဒါသည် ပဝတ္တိမည်၏။ (ဥပမာ - ပုရိသော ဟူသော အပေါင်းပညတ္တိ သဒ္ဒါသည် လည်းကောင်း၊ ဗုဒ္ဓေါဟူသော အပေါင်းပညတ္တိ သဒ္ဒါသည် လည်းကောင်း ပဝတ္တိမည်၏။)

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သောဇာတ်. ဂုဏ်. ကြိယာ. နာမ်. ဒြပ်ဟူသော အနက်များသည် (ဝါ) ထိုငါးမျိုးအနက် တစ်မျိုး မျိုးသည် ပဝတ္တိမည်၏။

**ဥပမာ** - ပုရိသော၌ ယောကျ်ားဇာတ်၊ ဗုဒ္ဓေါ၌ သိခြင်းကြိယာသည် ပဝတ္တိနိမိတ် မည်၏။

* သဒ္ဒါပရမတ်၊ ခေါ်ဗျုပ္ပတ်၊ ပညတ် ပဝတ္တိ။

* ပကတိ + ပစ္စယတ်၊ သမ္ဗန်မှတ်၊ ဗျုပ္ပတ်နိမိတ်သိ။

* ဇာတိအစ၊ ပဉ္စက၊ ပဝတ္တနိမိတ္တိ။

* အဘိဓာန်ဋီကာ၊ ကျမ်းအလာ၊ မှတ်ပါများ ကာဝိ။

**၈ ာဒစိန္တာဒီပနီကျမ်း**

၁။ ဝိဂြိုဟ် ဝါကျသည် ဗျုပ္ပတ္တိ။ (ဥပမာ - ဗုဇ္ဈတီတိ ဗုဒ္ဓေါ၌

http://www.dhammadownload.com



ဗုဒ္ဓါတိဟူသော ဝိဂ္ဂြိဟ်ဝါကျသည် ဇျုပ္ပတ္တိမည်၏။)

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ကြိယာ, ဓာတ် + ပစ္စည်းနှင့်သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (ဥပမာ - ဗုဒ္ဓေါ၌ သိခြင်းကြိယာသာမည သည် လည်းကောင်း။ ဗုဓဓာတ်, တပစ္စည်းသည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ် မည်၏။)

၃။ နိပ္ဖန္နပုဒ်သည် ပဝတ္တိ။ (ဥပမာ - ဗုဒ္ဓေါဟူသော နိပ္ဖန္နပုဒ်သည် ပဝတ္တိမည်၏။

၄။ ပဝတ္တိ၏ အကြောင်းဖြစ်သော ဇာတ်, ဂုဏ်, ကြိယာ, နာမ်, ဒြပ် (တစ်ပါးပါးသည်) ပဝတ္တနိမိတ်မည်၏။ (အဘိဓာန်ဋီကာနှင့်တူ၏)

* ဝိဂ္ဂြိဟ်ဝါကျ၊ ဗျုပ္ပတ်ရ၊ ပဝတ္တပုဒ်နိပ္ဖန်။

* ကြိယာဓာတ်၊ သမ္ဗန်မှတ်၊ ဗျုပ္ပတ်နိမိတ်မှန်။

* ဇာတိအစ၊ ပဉ္စက၊ ပဝတ္တနိမိတ္တံ။

* ဘေဒစိန္တာ၊ ဋီကာလာ၊ မှတ်ပါ ဤလေးတန်။

## ဗျုပ္ပတ္တိနိမိတ်နှင့် စပ်၍မှတ်ဖွယ်

ဆိုခဲ့ပြီး အဘိဓာန်ဋီကာနှင့် ဒီပနီ (ဋီကာသစ်)တို့၏ အဆိုအမိန့်ကို ပေါင်း၍ ဗျုပ္ပတ္တိနိမိတ်ကို ဖော်ပြပါအတိုင်း မှတ်သားရမည်။

၁။ ကိတ်ပုဒ်ဖြစ်လျှင် - ဓာတ်, ပစ္စည်း နှင့် ကြိယာ

၂။ တဒ္ဓိတ်ပုဒ်ဖြစ်လျှင် - ပုဒ်, ပစ္စည်းနှင့် သမ္ဗန်

၃။ သမာသ်ပုဒ်ဖြစ်လျှင် - သမ္ဗန်တို့ကို ဗျုပ္ပတ္တိနိမိတ် အဖြစ် ထုတ်ရမည်။

ဥပမာ - ဗုဒ္ဓေါ (ကိတ်ပုဒ်) ၌

ဗုဓ - ဓာတ်, တ - ပစ္စည်းနှင့် သိခြင်းကြိယာ သာမညသည် ဗျုပ္ပတ္တိနိမိတ် မည်၏။

http://www.dhammadownload.com



* ဝါသိဋ္ဌော (တဒ္ဓိတ်ပုဒ်)၌ ဝသိဋ္ဌပုဒ်+ဏပစ္စည်းနှင့် အဖဖြစ်သော ဝသိဋ္ဌ၏ သားဖြစ်သူ ဝါသိဋ္ဌနှင့် ဇနက+ဇညအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ် မည်၏။

* **ရာဇပုတ္တော (သမာသ်ပုဒ်) ၌**

ရာဇအရ အဖဖြစ်သော မင်း၏ ပုတ္တော အရ သားဖြစ်သော မင်းနှင့် ဇနက + ဇည အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်မည်၏။

* ပဒ+ပစ္စယ၊ သမ္ဗန္ဓ၊ ထုတ်ရ တဒ္ဓိတ်မှာ။

* ကြိယာတစ်သီး၊ ပစ္စည်းနှင့်ခွာတ်၊ ကိတ်ဝယ်မှတ်၊ သမာသ် သမ္ဗန်သာ။

* နိမိတ်ဗျုပ္ပတ်၊ ထုတ်နည်းမှတ်၊ ရအပ် အရာရာ။

## သမ္ဗန်ကိုထုတ်ရာ၌

တဒ္ဓိတ်ပုဒ်၌ ပုဒ်အရ ပစ္စည်းအရတို့ကို ကောက်ပြီး ယင်းတို့သည် မည်သို့ မည်ပုံ ဆက်စပ်နေသည်ကို ဆင်ခြင်၍ ဇနက+ဇည၊ သာမီ+သံ၊ ဟေတု+ဖလ၊ ဌာန+ဌာနီ သမ္ဗန် စသည်ဖြင့် သမ္ဗန်အမည်တပ်၍ ထုတ်ရ သည်။

တဒ္ဓိတ်အရာ၌ သမ္ဗန်ထုတ်ရာတွင် အခက်အခဲ မရှိသော်လည်း သမာသ်၌မူ တစ်ခါတစ်ရံ အခက်ခဲရှိတတ်ပေသည်။ ထို့ကြောင့် သမာသ်ပုဒ် အရာဝယ် သမ္ဗန်ထုတ်ရာ၌ အောက်ပါ ယေဘုယျစည်းမျဉ်းတို့ကို မှတ်သား သင့်ပေသည်။

## သမာသ်(၆)ပါးတို့တွင်

(က) ဒွန်သမာသ်၌ ရှေ့ပုဒ် နောက်ပုဒ်တို့၏ အချင်းချင်း ငဲ့ခြင်း ဟူသော အညမညာပေက္ခသမ္ဗန်ကို ဗျုပ္ပတ္တိနိမိတ် အမြဲ ထုတ်ရမည်။

(ခ) ဗဟုဗ္ဗီဟိသမာသ်၌ သမာသ်ပုဒ်အရနှင့် အညပုဒ်အရတို့

http://www.dhammadownload.com



အချင်းချင်း စပ်ခြင်းသမ္ဗန်ကို ဇျူပ္ပတ္တိနိမိတ် ထုတ်ရသည်။

ဥပမာ - ဒိန္နော သုင်္ကော ယဿဣ ဒိန္နသုက်ာသည် သမာသ်ပုဒ်၊ ယဿ သည် အညပုဒ်၊ (ဒိန္နော သုင်္ကော ယဿာတိ ဒိန္နသုင်္ကော) ဒိန္နသုင်္ကော အရ ပေးအပ်သော အခွန်ဘဏ္ဍာဖြပ်ရ၏။ ယဿ အရ ဘုရင်မင်းမြတ်ရ၏။ ထို့ကြောင့် အခွန်ဘဏ္ဍာ၏ ဘုရင်မင်းမြတ်နှင့် သံ+သာမီ (အခွန်ဘဏ္ဍာက ပစ္စည်းဖြစ်၍ သံ+ဘုရင်မင်းမြတ်က ပိုင်ရှင်ဖြစ်၍ သာမီ)အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဇျူပ္ပတ္တိ နိမိတ်မည်၏။

(ဂ) ကမ္မဓာရည်းသမာသ်၌ မဟာပုရိသော, နီလုပ္ပလံ စသော ဂုဏ်နှင့်ဒြပ် တွဲစပ်သည့် သမာသ်ပုဒ်များ၌ ဂုဏ + ဂုဏီ (ဂုဏ်+ဂုဏေး) သမ္ဗန်ကို ဇျူပ္ပတ္တိနိမိတ်ထုတ်။

[ မဟာ+ပုရိသ = အမြတ်ဂုဏ်နှင့် ယောကျ်ားဒြပ် ]

[ နီလ +ဥပ္ပလ = အညိုဂုဏ်နှင့် ကြာဒြပ် ]

သဒ္ဓိန္ဒြိယံ စသော ဒြပ်ဟောပုဒ် အချင်းချင်းတွဲစပ်သော ကမ္မဓာရည်း သမာသ်ပုဒ်များ၌ ရှေ့ပုဒ်ကိုဖြစ်စေ နောက်ပုဒ်ကိုဖြစ်စေ ဂုဏ်ဟော ကြံယူရမည်။

ဥပမာ - သဒ္ဓိန္ဒြိယံ = သဒ္ဓါ + ဣန္ဒြိယံ - ၌ သဒ္ဓါအရ သဒ္ဓါစေတသိက် ဒြပ်ကောက်၍ ဣန္ဒြိယံအရ အစိုးရခြင်းဂုဏ်ကို ကောက်ကာ သဒ္ဓါစေတသိက် ၏အစိုးရခြင်းဂုဏ်နှင့် ဂုဏေး+ဂုဏ်အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဇျူပ္ပတ္တိ နိမိတ် မည်၏ ဟု ထုတ်ရသည်။

တစ်ခါတစ်ရံ ဝိသေသန + ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် လည်း ထုတ်ရသည်။ ဥပမာ - သဒ္ဓိန္ဒြိယံ = သဒ္ဓါဟူသော + ဣန္ဒြေ - ၌ သဒ္ဓါနှင့် ဣန္ဒြိယံတို့၏ ဝိသေသန + ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဇျူပ္ပတ္တိ နိမိတ်မည်၏ ဟု ထုတ်ရသည်။

(ဃ) ကြွင်းသမာသ်သုံးပါး၌ ရှေ့ပုဒ် + နောက်ပုဒ်များအရ သိသာ ထင်ရှားစွာကွဲပြားသောကြောင့် သမ္ဗန်ကို ရှာရလွယ်ကူပေ သည်။

http://www.dhammadownload.com



## ပဝတ္တိနိမိတ်ထုတ်ရာ၌ သတိပြုဖွယ်

ပဝတ္တိနိမိတ်ဟူသည် (သဒ္ဒါနှင့် အသိဉာဏ်ဖြစ်ခြင်း၏ အကြောင်း ဖြစ်သော) ဇာတ်. ဂုဏ်. ကြိယာ. နာမ်. ဒြပ် ဟု ငါးမျိုးရှိသည်။

ပုရိသော၌ ယောကျ်ားဇာတ်၊ သုက္ကော၌ အဖြူဂုဏ်၊ ပါစကော (ဟောတိ)၌ ချက်ခြင်းကြိယာ၊ စိတ္တော(ဂစ္ဆတိ)၌ စိတ္တအမည်၊ ဝိသာဏီ (ဂစ္ဆတိ) ၌ ဦးချိုဒြပ်သည် ပဝတ္တနိမိတ် မည်၏။

## ရှင်းလင်းချက်

ပုရိသော (ဂစ္ဆတိ)၌ယောကျ်ားဇာတ်ရှိသောကြောင့်သာ ယောကျ်ား (ပုရိသ)ဟု ခေါ်သည်။ ယောကျ်ားဇာတ်မရှိလျှင် ယောကျ်ားဟု မခေါ်နိုင်။ ထို့ကြောင့် ပုရိသသဒ္ဒါ၏ အကြောင်းသည် (ပုရိသဟု ခေါ် နိုင်ခြင်း အကြောင်း သည်) ယောကျ်ားဇာတ် ဖြစ်၏။ (ပဝတ္တိ - သဒ္ဒါဖြစ်ခြင်း၏။ နိမိတ္တ - အကြောင်း)

သုက္ကော (ဂစ္ဆတိ)၌ဖြူသောကြောင့်ထိုပုဂ္ဂိုလ်ကို သုက္ကဟု ခေါ်သည်။ မည်းနက်နေလျှင် သုက္ကဟု မခေါ်နိုင်။ ထို့ကြောင့် သုက္ကသဒ္ဒါဖြစ်ခြင်း၏ အကြောင်း သည် အဖြူဂုဏ်ဖြစ်၏။ ယင်းသည် ပဝတ္တိနိမိတ်။

ပါစကော (ဟောတိ)၌လည်း ချက်ခြင်းကြိယာရှိသောကြောင့် ပါစက ဟု ခေါ်ရသည်။ ချက်ခြင်းကြိယာ မရှိလျှင် (မချက်တတ်လျှင်) ပါစကဟု မဆိုနိုင်။ ထို့ကြောင့် ချက်ခြင်းကြိယာသည် ပဝတ္တိနိမိတ် ဖြစ်၏။

စိတ္တော (ဂစ္ဆတိ)၌လည်း ထိုသူသည် စိတ္တအမည်ရှိ၍သာ စိတ္တဟု ခေါ်ရသည်။ စိတ္တအမည်မရှိလျှင် စိတ္တဟု မခေါ်နိုင်။ ထို့ကြောင့် စိတ္တဟူသော အမည်သည် စိတ္တသဒ္ဒါဖြစ်ခြင်း၏အကြောင်း ဖြစ်၏။

ဝိသာဏီ(ဂစ္ဆတိ)၌လည်း ထိုသတ္တဝါသည် ဦးချိုရှိသောကြောင့် ဝိသာဏီ(ဝိသာဏ + ဤ)ဟု ခေါ်ရသည်။ ဦးချိုမရှိလျှင် ဝိသာဏီ ဟု မဆိုနိုင်။ ထို့ကြောင့် ဦးချိုဒြပ်သည် ဝိသာဏီသဒ္ဒါ ဖြစ်ခြင်း၏အကြောင်း (ပဝတ္တနိမိတ်) ဖြစ်သည်။

http://www.dhammadownload.com



ဤပဝတ္တိနိမိတ်ကို ထုတ်ရာ၌

(က) ကိတ်ပုဒ်ဖြစ်လျှင် ကြိယာဝိသေသကို ထုတ်ရသည်။

(ခ) ဗဟုဗ္ဗီဟိသမာသ်၊ အဿတ္ထိတဒ္ဓိတ်တို့ ဖြစ်လျှင် သမာသ်ပုဒ်အရ, တဒ္ဓိတ်ပုဒ်အရတို့ကို ထုတ်ရသည်။

* ဗဟုဗ္ဗီဟိ၊ အဿတ္ထိ၊ ထုဝ်ဘိ ပုဒ်ရသာ။

* ကြိယာဝိသေသ၊ ကိတ်ဝယ်ပြ၊ ပဝတ္တနိမိတ်မှာ။

## ရှင်းလင်းချက်

ကိတ်ပုဒ်၌ ကြိယာသာမညကို ဗျုပ္ပတ္တိနိမိတ်ထုတ်၍ ကြိယာဝိသေသကို ပဝတ္တိနိမိတ် အမြဲထုတ်ရသည်။

ဤတွင် ကြိယာသာမညဟူသည် ကတ္တုသတ္တိ, ကမ္မသတ္တိ စသော တစ်စုံတစ်ခုသော သတ္တိတို့ဖြင့် အထူးမပြုအပ်သော ကြိယာတည်း။ ကြိယာဝိသေသဟူသည်မှာ ကတ္တုသတ္တိ, ကမ္မသတ္တိစသော တစ်စုံတစ်ခုသော သတ္တိဖြင့် **အထူးပြုအပ်သော ကြိယာတည်း။**

ဥပမာ - "ချက်"ဟူသော ကြိယာ၌ တစ်စုံတစ်ခုသော သတ္တိဖြင့် အထူးမပြုအပ်သော (ဝါ) ပစ္စည်းအနက် ဝိဘတ်အနက်တို့ဖြင့် အထူးမသတ်မှတ်ရသေးသော ကြိယာသည် သာမညကြိယာဖြစ်၏။ ဤ "ချက်" ဟူသော ကြိယာ၌ ကတ္တုသတ္တိဖြင့်လည်း အထူးပြုနိုင်၏။ ကမ္မသတ္တိဖြင့်လည်း အထူးပြုနိုင်၏။ (စသည်)

"ချက်တတ်၏" ဟူသော ကြိယာ၌ ချက် - ကြိယာကို "တတ်" ဟူသော ကတ္တုသတ္တိဖြင့် အထူးပြုထား၏။ ထို့ကြောင့် ကမ္မသတ္တိစသော အခြားသတ္တိတို့ မဝင်နိုင်။ ထို့ကြောင့် ထို "ချက်တတ်၏" ဟူသော ကြိယာသည် ကြိယာဝိသေသဖြစ်သည်။

http://www.dhammadownload.com



ထို့ကြောင့် ကိတ်ပုဒ်များကို ဗျုပ္ပတ္တိနိမိတ် ခွဲရာ၌ ဗုဒ္ဓေါ - (တစ်စုံတစ်ခု သော ကတ္တုသတ္တိစသည်ဖြင့် အထူးမပြုအပ်သော ) သိခြင်းကြိယာသာမည သည် ဗျုပ္ပတ္တိနိမိတ်။ ကြိယာနိပ္ဖာဒက တည်းဟူသော ကတ္တုသတ္တိဖြင့် အထူးပြုအပ်သော သိခြင်းကြိယာဝိသေသသည် ပဝတ္တိနိမိတ်ဟု ခွဲရ သည်။

မှတ်ချက်။ ။ကြိယာဝိသေသ၏အဓိပ္ပါယ်ကို တစ်စုံတစ်ခုသော ပုဂ္ဂိုလ်, ဓမ္မတို့ဖြင့် အထူးပြုခြင်းဟုလည်း အချို့ကျမ်း (ဘေဒစိန္တာ ဂဏ္ဌိ)၌ ဆို၏။ ဤ၌ကား မဏိသာရမဥ္ဇူ၏ အဆိုကို ပို၍ နှစ်သက်၍ ကတ္တုသတ္တိစသည်ဖြင့် အထူးပြုအပ်ခြင်းကိုသာ ကြိယာဝိသေသ ဟု ယူ၍ ဖော်ပြပါသည်။

ဘေဒစိန္တာဂဏ္ဌိ အလို ဗုဒ္ဓေါ - ၌ ဘုရား၏ သိခြင်းကြိယာဝိသေသ သည် ပဝတ္တိနိမိတ်မည်၏ဟု ထုတ်ရမည်။ (သာဝကတို့၏ သိခြင်းမဟုတ် ဟူလို)

## ဘာဝသာဓနကိတ်ပုဒ်

ဘာဝသာဓနကိတ်ပုဒ်၌ကား ကတ္တုသတ္တိ စသည်မရှိသောကြောင့် (ဝါ) ကြိယာသာမညချည်းဖြစ်သောကြောင့် အစိတ်အစိတ်သော အက္ခရာဟု ဆိုအပ်သည့် ပရမတ္ထသဒ္ဒါ၏ အကြောင်းဖြစ်သော ကြိယာသည် ဗျုပ္ပတ္တိ နိမိတ်။ အပေါင်း အက္ခရာဟု ဆိုအပ်သော ပညတ္တိသဒ္ဒါ၏ အကြောင်းဖြစ် သော ကြိယာသည် ပဝတ္တိနိမိတ်ဟု မှတ်ပါ။

ဥပမာ - ဂမန် ဂတော (ဂမန်ကား ဝိဂြိုဟ်ဝါကျ၊ ဂတောကား နိပ္ဖန္န) ဂ - ဟူသော၊ တော - ဟူသော အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါ၏ အကြောင်း ဖြစ်သော "သွားခြင်းကြိယာ" သည် ဗျုပ္ပတ္တိနိမိတ်မည်၏။ ဂတော - ဟူသော အပေါင်း ပညတ္တိသဒ္ဒါ၏ အကြောင်းဖြစ်သော "သွားခြင်း ကြိယာ" သည် ပဝတ္တိနိမိတ် မည်၏ဟု ခွဲရမည်။

http://www.dhammadownload.com



## နိပါတ်(၅)ဆိုင်ရာ စည်းမျဉ်းဖွင့်ဆိုချက်များ

ဤ နိပါတ်(၅)၌ လိုအပ်သော ပုဒ်တို့ကို ရည်ညွှန်း ထုတ်နုတ်၍ ထိုပုဒ်တို့ကို ပဒ, ကာရန်, လိင်, ဂိုဏ်း ညွှန်းဆိုနိုင်းပေမည်။

**ပဒဟူသည်**

ပဒ ညွှန်းရာ၌ ပဒ (ပုဒ်)သည် နာမ်ပုဒ်, အာချာတ်ပုဒ်, ဥပသာရပုဒ်, နိပါတ်ပုဒ်ဟု လေးမျိုးရှိသည်။ ထိုတွင် နာမ်ပုဒ်သည်လည်း သမာသ်နာမ်ပုဒ်, တဒ္ဓိတ် နာမ်ပုဒ်, ကိတ်နာမ်ပုဒ်, သဗ္ဗနာမ်ပုဒ်ဟု လေးမျိုးရှိ၏။

ထို့ကြောင့် နာမ်ပုဒ်ကို ညွှန်းရာ၌ သမာသ်နာမ်ပုဒ်၊ တဒ္ဓိတ်နာမ်ပုဒ် စသည်ဖြင့် ဖြစ်သင့်ရာကို ညွှန်းရမည်။

အာချာတ်ပုဒ်ကား တိစသော ဝိဘတ်များ သက်ထားသော ပုဒ်ဖြစ်၍ ထင်ရှားသည်။

ဥပသာရပုဒ်မှာလည်း ပ၊ ပရာ၊ နိ၊ နီစသည်ဖြင့် နှစ်ဆယ်ပုဒ်ရှိရာ ထိုနှစ်ဆယ်တွင် ပါဝင်သော ပုဒ်များကို ဥပသာရပုဒ်ဟု ညွှန်းရသည်။

နိပါတ်ပုဒ်မှာ စ၊ ဝါ၊ မာ၊ နော၊ န စသည်ဖြင့် များစွာရှိ၏။ ထို့ပြင် နာမ် ပဥ္စမပိုင်းလာ တော၊ တြ၊ ထ၊ မိစသော ပစ္စည်းဆုံးသောပုဒ်များ (ဥပမာ - ကုတော၊ ကုတြ၊ ကတ္ထ၊ ကုဒါနိစသည်) ကိတ်ကျမ်းလာ တုန၊ တွာန၊ တွာ၊ တုံ၊ တာယေ စသော ပုဒ်များ (ဥပမာ - ကာတုန၊ ကတွာန၊ ကတွာ၊ ဒေသေတုံ စသည်)၊တဒ္ဓိတ်ကျမ်းလာ ထာ၊ ထံဟူသော အဗျယပစ္စည်း ဆုံးသောပုဒ်များ (ဥပမာ - သဗ္ဗထာ၊ ကထံစသည်)ဟု အမျိုးမျိုးရှိသည်။

ထို့ကြောင့် ယခု ပြဆိုခဲ့ပြီးသော ပုဒ်များကို နိပါတ်ပုဒ်ဟု ညွှန်းဆိုရ သည်။

* ဥပသာ, နိပါတ်၊ သမာသ်အဗျယီဘာဝ၊ အဗျယတဒ္ဓိတ်၊ ကိတ် တွန္တာဒိ၊ ဝိဘတ္တိပစ္စယာ၊ ခြောက်ပါးဖြာ၊ မှတ်ပါ အဗျယ။

(သဒ္ဒသံခိပ်)

http://www.dhammadownload.com



**အဒ္ဓ (ကာရန်)**

ကာရန်ဟူသည် (၁) ပကတိကာရန် (၂) နိပ္ဖန္နကာရန် ဟု နှစ်မျိုးရှိ၏။

ထိုတွင် ရုပ်မပြီးမှီ (ရုပ်မတွက်မီ) ပထမဆုံး တည်ထားသော နာမ်ပုဒ်နှင့် ဓာတ်တို့၏ ကာရန်ကို ပကတိကာရန်ဟု ခေါ်သည်။ ဥပမာ - ပုရိသော - ၌ ပုရိသ၊ ပစတိ - ၌ ပစတို့၏ ကာရန်တည်း။)

ရုပ်ပြီးသွားသောအခါ တွေ့မြင် (တည်ရှိ)နေသော ကာရန်ကို နိပ္ဖန္နကာရန် ဟု ခေါ်သည်။ (ဥပမာ - ပုရိသော - ဩကာရန်၊ ပစတိ - ဣကာရန်စသည်။)

ထိုတွင်နာမ်ပုဒ်မှန်သမျှ၌ ပကတိကာရန်ကို အသုံးများ၍ အာချာတ်ပုဒ်၊ ဥပသာရပုဒ်၊ နိပါတ်ပုဒ်များ၌ နိပ္ဖန္နကာရန်ကိုအသုံးများသည်။ အာချာတ်ပုဒ်ကို တစ်ခါတစ်ရံ ပကတိကာရန်၊ နိပ္ဖန္နကာရန် နှစ်မျိုးလုံး သုံးကြသည်။

| | |
|---|---|
| ဂစ္ဆတိ ။ | ပကတိကာရန် ဥကာရန္တ။ (ဂမု) |
| | နိပ္ဖန္နကာရန် ဣကာရန္တ။ (ဂစ္ဆတိ) |

**လိင်္ဂ (လိင်)**

လိင်သည် ဣတ္ထိလိင်၊ ပုလ္လိင်၊ နပုလ္လိင်၊ ဒွိလိင်၊ တိလိင်၊ အလိင် ဟု ခြောက်မျိုးရှိသည်။ ထိုခြောက်ပါးတို့တွင် -

- နာမ်ပုဒ်များ၌ ထိုက်သည့်အားလျော်စွာ ဣတ္ထိလိင်၊ ပုလ္လိင်၊ နပုလ္လိင်၊ (ဒွိလိင်၊ တိလိင်) ဟု ညွှန်းရမည်။
- အာချာတ်ပုဒ်၊ ဥပသာရပုဒ်၊ နိပါတ်ပုဒ်များကို အလိင် ဟု ညွှန်းရသည်။

**ဂိုဏ်း**

ဂိုဏ်းသည် နာမ်ဂိုဏ်း၊ အာချာတ်ဂိုဏ်း ဟု နှစ်မျိုးရှိရာ သိ - အစရှိသော နာမ်ဝိဘတ် အဆုံးရှိသော ပုဒ်များကို နာမ်ဂိုဏ်း (၁၃)ဂိုဏ်းတွင် ဖြစ်သင့်ရာ ဂိုဏ်း ညွှန်းရသည်။

http://www.dhammadownload.com



တိ-အစရှိသော အာချာတ်ဝိဘတ် အဆုံးရှိသော ပုဒ်များကို အာချာတ်ဂိုဏ်း ရှစ်ဂိုဏ်းတွင် ဖြစ်သင့်ရာဂိုဏ်းကို ညွှန်းရသည်။ အာချာတ်ပုဒ်ကို ဂိုဏ်းရွေးရာတွင် ဂဏ်ကပစ္စည်းကို ကြည့်၍ ဂိုဏ်းရွေးရသည်။ ဘူဝါဒိ အ-ပစ္စည်းသက် ထားလျှင် ဘူဝါဒိဂိုဏ်း၊ ဒိဝါဒိ ယ-ပစ္စည်းသက်ထားလျှင် ဒိဝါဒိဂိုဏ်း၊ သွာဒိ ဏု, ဏာ, ဥဏာ ပစ္စည်းသက်ထားလျှင် သွာဒိဂိုဏ်း ဟု ညွှန်းရသည်။ (စသည်)

ဥပမာ- သလယန္တိ (သလ ဓာတ် + စုရာဒိ ဏယ ပစ္စည်း၊ အန္တိဝိဘတ်ဖြင့် ပြီးသောကြောင့်) စုရာဒိဂိုဏ်းဟု ညွှန်းရသည် ဟူလို။

ဥပသာရပုဒ်, နိပါတ်ပုဒ်များကို (မည်သည့် နာမ်ဂိုဏ်း အာချာတ်ဂိုဏ်း တို့၌မျှ မပါသောကြောင့် ဂဏဝိမုတ် ဟု ညွှန်းရသည်။

## နံပါတ်(၇) ဆိုင်ရာ စည်းမျဉ်းဖွင့်ဆိုချက်များ

ဤနံပါတ်(၇)၌ဟိ, စ, ပန စသော နိပါတ်ပုဒ်တို့၏အနက်များနှင့် ဝေသဒ္ဒါ၏ ဂဟေတဗ္ဗ စသော အနက်သုံးမျိုး၊ ယ-တ-တေ ဣမသဒ္ဒါတို့၏ ပဏ္ဏတ္တိ- ဝိသယ စသော စွဲရာ ဝိသယအမည်တို့ကို မေးခြင်းများ ပါဝင်သည်။

## နိပါတ်ပုဒ်တို့၏ အနက်များ

**ဟိသဒ္ဒါ၏အနက်**

၁။ ဝါကျာရမ္ဘ ၂။ ဝိတ္ထာရ ၃။ ဖလ ၄။ ဟေတု ၅။ ဒဠှီကရဏ ၆။ တပ္ပါကဋီကရဏ ၇။ ဝိသေသ ၈။ အန္ဝယ ၉။ ဗျတိဒရက ဟု အနက်ကိုးမျိုးရှိသည်။ ထိုအနက်ကိုးမျိုးအနက် အရာဌာနအားလျော်စွာ သင့်ရာ အနက်ကိုညွှန်းရမည်။

**စသဒ္ဒါ၏အနက်**

ထို ဟိသဒ္ဒါ၏ အနက်ကိုးမျိုးတို့တွင် ဝိတ္ထာရကိုနုတ်၍ ပဒပူရဏကို ထည့်ကာ ကိုးနက်ဟု မှတ်ရမည်။

http://www.dhammadownload.com



## ပနသဒ္ဒါ၏အနက်

စ–သဒ္ဒါ၏အနက်ကိုးပါးတို့တွင် သမ္ဘာဝနာနှင့် ဂရဟာအနက်တို့ကို ထည့်၍ ၁၁–နက်ဟု မှတ်ရမည်။

* ဝါကျာရမ္ဘ၊ ဝိတ္ထာရနှင့်၊ ဗလ–ပဟေတု၊ မှတ်၍ဒင္ဂြီ၊ ပါကဋီ–ဝိသေ၊ န္တယေ–ဗျာတိ၊ နဝ–ဟိ၊ မှတ်သိအနက်ရ။
* ထိုကိုးဖြာတွင်၊ ဝိတ္ထာပယ်ဖျက်၊ ပက္ခန်စွက်၊ စ – နက်ကိုးပါးပြ။
* စ – ၏ အနက်၊ ထိုကိုးချက်တွင်၊ ထည့်စွက် သမ္ဘာ၊ ဂရဟာ၊ ဆယ့်တစ်ဖြာနက် ပန။

## န(အ) နိပါတ်ပုဒ်

၁။ ပဋိသေဓအနက် ၂။ ဝုဒ္ဓိ ၃။ တဗ္ဘာဝ ၄။ အညဉ ၅။ သဒိသ ၆။ ဝိရုဒ္ဓ ၇။ ဂရဟာ ၈။ သုည ၉။ ဝိရဟ ၁၀။ အပ္ပက။

* ပဋိသေဓေ ဝုဒ္ဓိ တဗ္ဘာဝေ၊ အညတ္ထ သဒိသေသု စ။
* ဝိရုဒ္ဓေ ဂရဟေ သုညေ၊ အ–ကာရော ဝိရဟာပ္ပကေ။

## ဝါနိပါတ်ပုဒ်

၁။ သမုစ္စယ ၂။ ဥပမာ ၃။ သံသယ ၄။ ပဒပူရဏ ၅။ ဝဝတ္ထိတဝိဘာသာ ၆။ အဝဿဂ္ဂ ၇။ ဝိကပ္ပန။

* သမုစ္စယေ စောပမာယံ၊ သံယယေ ပဒပူရဏေ။
ဝဝတ္ထိတဝိဘာသာယံ၊ ဝါ ဝဿဂ္ဂေ ဝိကပ္ပနေ။ (ဓာန်–၁၁၈၉)

## အပိနိပါတ်ပုဒ်

၁။ သမ္ဘာဝနာ ၂။ ဂရဟာ ၃။ အပေက္ခာ ၄။ သမုစ္စယ ၅။ ပဉှာ ၆။ သံဝရဏ ၇။ အာသီသ။

http://www.dhammadownload.com



* သမ္ဘာဝနေ စ ဂရဟာ၊ ပေက္ခာသု စ သမုစ္စယေ။
ပဥှေ သံဝရဏေ စေဝ၊ အာသီသတ္ထေ အပီရိတံ။(တန်-၁၁၈၃)

## ဧဝံနိပါတ်

၁။ နိဒဿန ၂။ အာကာရ ၃။ ဥပမာ ၄။ သမ္ပဟံသန ၅။ ဥပဒေသ ၆။ ဝစနပဋိဂ္ဂါဟ ၇။ အဝဓာရဏ ၈။ ဂရဟာ ၉။ ပုဒမတ္တ ၁၀။ ပရိမာဏ ၁၁။ ပုစ္ဆာ။

* ဧဝံ နိဒဿနာကာရော၊ ပမာသု သမ္ပဟံသနေ။
ဥပဒေသေ စ ဝစန-ပဋိဂ္ဂါဟေ ဝဓာရဏေ ။
ဂရဟာယေ' ဒမတ္ထေ စ၊ ပရိမာဏေ စ ပုစ္ဆနေ။ (တန်-၁၁၈၆)

## ကွာတိနိပါတ်

၁။ ဟေတု ၂။ ပကာရ ၃။ အာဒိ ၄။ အဝဓာရဏ ၅။ နိဒဿန ၆။ ပဒတ္ထဝိပလ္လာသ ၇။ သမာပန။

* ကွာတိ ဟေတု ပကာရေသု၊ အာဒိမှိ စာဝဓာရဏေ။
နိဒဿနေ ပဒတ္ထဿ၊ ဝိပလ္လာသေ သမာပနေ။ (တန်-၁၁၈၈)

## ဓေဝ-သဒ္ဒါ၏ အနက်သုံးပါး

၁။ ဂဟေတဗ္ဗတ္ထ-ဓေ ဖြင့် ယူအပ်သော အနက်။
၂။ နိဝတ္တေတဗ္ဗတ္ထ-ဓေ ဖြင့် ပယ်အပ်သော အနက်။
၃။ အနညာတတ္ထ- ခွင့်ပြုအပ်သော အနက်။

ဤသုံးမျိုးရှိရာ အချို့နေရာ၌ သုံးမျိုးလုံးရနိုင်ပြီး အချို့နေရာ၌ အနညာတတ္ထ မထုတ်ရဘဲ ရှေ့နှစ်မျိုးသာ ထုတ်ရသည်။

## ဓေဝ-သဒ္ဒါတွေ့တိုင်း မထုတ်ရ

ဓေဝ-သဒ္ဒါသည်-

http://www.dhammadownload.com



၁။ နိယမတ္တ ဓဝ - သတ်မှတ်ရုံမျှ သတ်မှတ်ပြသော ဓဝ၊ (ဆတ္တိံသေဝ ဝိပါကာနိ - ဓဝ သဒ္ဒါမျိုးတည်း။)

၂။ နိဝတ္တာပနာ ဝဓာရဏတ္တ ဓဝ - တစ်စုံတစ်ခုသော အနက်ကို တားမြစ်နစ်စေသော ဓဝသဒ္ဒါ။

၃။ သန္နိဋ္ဌာနာ ဝဓာရဏတ္တ ဓဝ - မိမိအနက်ကို ခိုင်မြဲစေရုံမျှ ခိုင်မြဲစေသော ဓဝသဒ္ဒါ၊ (မဂ္ဂမေဝ - ၌ ဓဝ သဒ္ဒါမျိုးတည်း။)

၄။ ပဒပူရဏ ဓဝ - တစ်စုံတစ်ရာ အနက်ထူးမရှိဘဲ ပုဒ်ပြည့်ရုံ ထည့်ဆိုသော ဓဝသဒ္ဒါ။ (ဟောတိယထေဝ - ၌ ဓဝ သဒ္ဒါမျိုးတည်း။)

ဤသို့အနက်လေးမျိုးရှိသည့်အနက် နိဝတ္တာပနာဝဓာရဏအနက်ရှိသော ဓဝ(မြန်မာအနက်ပေးရာတွင် "သာလျှင်" ဟု ပေးရသော ဓဝ) သဒ္ဒါရှိရာ၌ သာ ဂဟေတဗ္ဗတ္ထ စသော အနက်သုံးမျိုးကို ထုတ်ရသည်။

## ဂဟေတဗ္ဗတ္ထစသည် ထုတ်နည်း

ဓဝသဒ္ဒါသည် ဂုဏ်ဟောသဒ္ဒါ, ဒြပ်ဟောသဒ္ဒါ, ကြိယာဟောသဒ္ဒါ တို့နောင် ထိုင်လေ့ရှိရာ ဓဝသဒ္ဒါက ဒြပ်ဟောပုဒ်နောင် ထိုင်နေလျှင် ထိုဒြပ်သည် ဂဟေတဗ္ဗတ္ထ။ ထို၏ဆန့်ကျင်ဘက်ဒြပ်သည် နိဝတ္တေတဗ္ဗတ္ထ ထုတ်ရသည်။(ဂဟေတဗ္ဗတ္ထအရ ဒြပ်ကိုကောက်ထားလျှင် ဂုဏ်, ကြိယာတို့ကို နိဝတ္တေတဗ္ဗ မထုတ်ရ။) ဂဟေတဗ္ဗတ္ထဖြစ်သော ဒြပ်၌တည်သော ဂုဏ်သတ္တိကို အနုညာတတ္ထ ထုတ်ရမည်။

ထို့အတူ ဓဝသဒ္ဒါသည် ဂုဏ်ဟောပုဒ်နောင် ထိုင်နေလျှင် ဂုဏ်ကို ဂဟေ - တဗ္ဗတ္ထ၊ ထိုဂုဏ်၏ ဆန့်ကျင်ဘက်ဖြစ်သော ဂုဏ်တစ်ပါးကို နိဝတ္တေတဗ္ဗတ္ထ၊ ထိုဂဟေတဗ္ဗတ္ထဖြစ်သော ဂုဏ်၏ တည်ရာဒြပ်ကို အနုညာတတ္ထ ထုတ်ရမည်။

ဓဝ သဒ္ဒါသည် ကြိယာပုဒ်နောင် ထိုင်နေလျှင် ထိုကြိယာကို ဂဟေ - တဗ္ဗတ္ထ၊ ထို၏ ဆန့်ကျင်ဘက်ကြိယာသည် နိဝတ္တေတဗ္ဗတ္ထ၊ ထိုကြိယာ၏

http://www.dhammadownload.com



တည်ရာဒြပ်နှင့် ထိုဒြပ်၏ဂုဏ်သတ္တိနှစ်ပါးကို အနုညာတတ္တ ထုတ်ရသည်။

## လိုရင်းချုပ်လျှင်

ဂဟေတဗ္ဗတ္တ - ဒြပ်ဖြစ်လျှင် ဆန့်ကျင်ဘက်ဒြပ်သည် နိဝတ္တေတဗ္ဗတ္တ။ ဂုဏ်သည် အနုညာတတ္တ။

ဂဟေတဗ္ဗတ္တ = ဂုဏ်ဖြစ်လျှင် - ဆန့်ကျင်ဘက်ဂုဏ်သည် နိဝတ္တေတဗ္ဗတ္တ။ ဒြပ်သည် အနုညာတတ္တ။ (ဒြပ်နှင့် ဂုဏ်အချင်းချင်း အနုညာတ ဖြစ်သည်ကို သတိပြုပါ။) ဂဟေတဗ္ဗတ္တ = ကြိယာဖြစ်လျှင် - ဆန့်ကျင်ဘက် ကြိယာသည် နိဝတ္တေတဗ္ဗတ္တ။ ဂုဏ်နှင့်ဒြပ်သည် အနုညာတတ္တ။

## ဆောင်ပုဒ်များ

* ဝေထိုင်ရာ၊ ပုဒ်ရမှာ၊ မှတ်ပါ ဂဟေတဗ္ဗ။
* ဒြပ်ဒြပ်ချင်း၊ ဂုဏ်ဂုဏ်ချင်းနှင့် ချင်းချင်းကြိယာ၊ ထုတ်အပ်စွာ၊ မှတ်ပါ နိဝတ္တ။
* ဂုဏ်နှင့် ဒြပ်၊ ချင်းချင်းမှတ်၊ ထုတ်အပ် အနုညာတ။
* ဂဟေတဗ္ဗ၊ ကြိယာပြမှု၊ ဒဗ္ဗနှင့်ဂုဏ်၊ နှစ်ပါးစုံ၊ ထုတ်ကုန် အနုညာတ၊

## ထုတ်ပုံနမူနာ

* သဒ္ဒတ္တ ဇာလိနီအမှတ် (၁၈) ဂါထာ၌ လာသောပုံစံများ
* တိသော နေရော ဇဝ ဟောတိ။ (ဂုဏ်နှောင်ဇဝထိုင်)

(တိသသည် လေးအတတ်ကိုသာ တတ်သည်)

လေးအတတ်ဂုဏ်သည် ဂဟေတဗ္ဗ။

ဆင်အတတ်.မြင်းအတတ်ဂုဏ်သည် နိဝတ္တေတဗ္ဗ။

တိဿဒြပ်သည် အနုညာတ။

http://www.dhammadownload.com



*** ကာလော စ ခေမရော ဟောတိ။ (ဒြုပ်နှောင် ဝေထိုင်)**

(ကာလသည်သာ လေးအတတ်ကိုသာ တတ်သည်)

ကာလဒြုပ်သည် ဂဟေတဗ္ဗ။

တိဿဒြုပ်သည် နိဝတ္တေဗ္ဗ။

လေးအတတ်ဂုဏ်သည် အနညာတ။

*** အတ္တေဝ ကာကော သေတောပိ။ (ကြိယာပုဒ်နှောင် ဝေထိုင်)**

(ဖြူသော ကျီးသည်လည်း ရှိသည်သာ)

ကျီးဖြူရှိခြင်း ကြိယာသည် ဂဟေတဗ္ဗ။

ကျီးဖြူမရှိခြင်း ကြိယာသည် နိဝတ္တေတဗ္ဗ။

ကျီးဒြပ်နှင့် ဖြူခြင်းဂုဏ်သည် အနညာတ။

ဂုဏဒဗ္ဗ ကြိယာနံဝါ၊ ဗျဝစ္ဆေဒ ဝသာ တိဓာ။

တိဿော ခေမရော စေ၊ ကာလော စ ခေမရော။

အတ္တေဝ ကာကော သေတောပိ၊ ဣဒံ တေသံ နိဒဿနံ ။

(ဇာလိနီ = ၁၈ အမှတ် ဂါထာ။)

ဤဂါထာ၏ အဆိုအမိန့်သည် ယေဘုယျဖြစ်၍ အချို့နေရာတို့တွင် အခြားသောနည်းဖြင့် ဖြစ်သင့်သလို ထုတ်ကြရသည်လည်း ရှိ၏။

ဥပမာ။ သဒ္ဓါဝ ဣန္ဒြိယံ သဒ္ဒိန္ဒြိယံ

သဒ္ဓါသည် ဂဟေတဗ္ဗ။

သတ္တ ဇီဝသည် နိဝတ္တေတဗ္ဗ။

(သို့မဟုတ် ဣန္ဒြေမထိုက်သော ဖဿစသော တရားတို့သည် နိဝတ္တေတဗ္ဗ။)

ဣန္ဒြေထိုက်သည့် ဝီရိယစသော အခြားတရားတို့သည် အနညာတ။

**ရှင်းလင်းချက် –**

သဒ္ဓါသည်သာ ဣန္ဒြေမည်၏ဟု ဆိုသဖြင့် တိတ္ထိတို့ ကြံဆအပ်သော

http://www.dhammadownload.com



သတ္တ. ဇီဝဒြပ်သည် ကျန္တြေမမည်ဟု ပြရာရောက်၏။ သဒ္ဒါသည်သာ ကျန္တြေမည်၏ ဟူသော စကားသည် ဝီရိယစသော ကျန္တြေထိုက်သည့် အခြားတရားများသည် ကျန္တြေမမည်ဟု မကန့်ကွက်နိုင်။ ထိုဝီရိယစသည်တို့သည်လည်း ကျန္တြေမည်ပါသေးသည်ဟု ခွင့်ပြုရာပင် ရောက်သေး၏။

## သမ္ဘန္ဓာ ဝတ္တနည်းဖြင့် ထုတ်နည်း

စပ်သင့် စပ်ထိုက်သော ပုဒ်အနက်များနှင့် ဆက်စပ်၍ အနက်အဓိပ္ပာယ် ထုတ်ယူခြင်းကို သမ္ဘန္ဓာဝတ္တနည်းဖြင့် ခေါ်၏။ ဆိုခဲ့ပြီးသော ထုတ်နည်းသည် ဖဝ ထိုင်ရာ သဒ္ဒါပုဒ်ကိုသာ ပဓာနပြု၍ ထုတ်သောကြောင့် (စပ်သင့်စပ်ရာ အခြားအနက်များ မပါဝင်သဖြင့်) အသမ္ဘန္ဓာဝတ္တနည်းဖြင့် ထုတ်ခြင်းဖြစ်၏။

ထို့ကြောင့် ယင်း သဒ္ဒါဝ ကျန္တြိယံ သဒ္ဒိန္ဒြိယံ ကို သမ္ဘန္ဓာဝတ္တနည်းဖြင့် ထုတ်လျှင် သဒ္ဒါသည် ကျန္တြေမည်၏ ဟူသောအနက်သည် ဂဟောတဗ္ဗ။

သတ္တဇီဝတို့သည် ကျန္တြေမည်၏ဟူသော အနက်သည် နိဝတ္တေတဗ္ဗ။ (သတ္တဇီဝတို့သည် ကျန္တြေမမည်)

ဝီရိယစသော ကျန္တြေထိုက်သည့် အခြားတရားများသည်လည်း ကျန္တြေ မည်သေး၏ ဟူသော အနက်သည် အနညာတ။

ဤသို့ သမ္ဘန္ဓာဝတ္တနည်းဖြင့် ထုတ်ခြင်းက ပိုမိုရှင်းလင်းပြီး သဘောပေါက်လွယ်သည်။

## ဇာလိနီအတိုင်း ထုတ်လျှင်

သဒ္ဒါဒြပ်သည် ဂဟောတဗ္ဗ။

သတ္တဇီဝဒြပ်နှင့် ကျန္တြေမထိုက်သော အခြားတရားဒြပ်တို့သည် နိဝတ္တေတဗ္ဗ။

ထိုသဒ္ဒါ၏ သဒ္ဒဟာန (ယုံကြည်ခြင်း)လက္ခဏာ၊ ပသာဒ (ကြည်လင်ခြင်း) လက္ခဏာ(ဂုဏ်)တို့သည် အနညာတဟု ထုတ်နိုင်သည်။

http://www.dhammadownload.com



## န (အ) နိပါတ်ပုဒ်များ ပါသော ဝါကျများ

န (အ) နိပါတ်ပုဒ်နှင့် ယှဉ်သော ဝါကျများ၌ အသမ္ဗန္ဓာဝတ္ထနည်းကို အသုံးမပြုထိုက်။ သမ္ဗန္ဓာဝတ္ထနည်းကိုသာ အသုံးပြုထိုက်သည်။

### အောက်ပါပုံစံကို ရှုစားပါ။

န ပန စိတ္တံ ကေကမေဝ ဥပ္ပဇ္ဇတိ၊ တသ္မာ (ပ) ပရောပဏ္ဏာသ ကုသလ ဓမ္မေဟိ သဒ္ဓိံယေဝ ဥပ္ပန္နတ္တံ ဝေဒိတဗ္ဗံ။ (ဋ္ဌ၊ ၁၀၉/၁၁၀)

ဤ၌ ကေကမေဝဝယ် ဧဝ၏ အနက်ကို

- စိတ်သည် တစ်ပါးတည်း မဖြစ်ဟူသော အနက်သည် ဂဟေတဗ္ဗတ္ထ။
- စိတ်သည် တစ်ပါးတည်းသာ ဖြစ်၏ဟူသော အနက်သည် နိဝတ္တေတဗ္ဗတ္ထ။
- စိတ်သည် ဖဿစသော ငါးဆယ်ကျော်သော ကုသိုလ်တရားတို့နှင့်အတူဖြစ်၏ ဟူသောအနက်သည် အနညာတ ဟု ထုတ်မှသာ အဓိပ္ပာယ်လေးနက်၍ ပြည့်စုံသည်။ စိတ် တစ်ပါးတည်းသည် ဂဟေတဗ္ဗ။
- ငါးဆယ်ကျော်သော ကုသိုလ်တရားတို့သည် နိဝတ္တေတဗ္ဗ။

စိတ်၏ ဝိဇာနနလက္ခဏာ(အာရုံကို သိခြင်းဂုဏ်)သည် အနညာတ ဟု ထုတ်လျှင် အဋ္ဌကထာ၏ အဆိုနှင့် ဖောက်ထိုးမိုးမျှော် ဆန့်ကျင်ဘက် ဖြစ်သွားသည်ကို သတိပြုပါ။

ထိုဝါကျ၌

န ပန (ပ) ဥပ္ပဇ္ဇတိသည် ဂဟေတဗ္ဗတ္ထ။

စိတ္တံ ကေကမေဝ ဥပ္ပဇ္ဇတိသည် (န ဖြုတ်၍ သိအပ်သော အနက်သည်) နိဝတ္တေတဗ္ဗတ္ထ။

တသ္မာ (ပ) ဝေဒိတဗ္ဗံသည် အနညာတတ္ထတို့ကို ပြသည် ဟု မှတ်လေ။

http://www.dhammadownload.com



## တစသည်၏ ဝိသယ

ယ. တ. ဧတ. ဣမ သဒ္ဒါတို့၏ စွဲနက်ကို အကြောင်းပြု၍ ဝိသယ သုံးမျိုးကို ခွဲလေ့ရှိသည်။ ယင်း ဝိသယမှာ (၁) ပက္ကန္တ ဝိသယ။ (၂) ပသိဒ္ဓ ဝိသယ။ (၃) အနဘူတ ဝိသယ တို့ဖြစ်သည်။

ထိုတွင် -

၁။ လွန်ပြီးဝါကျရှိ ဒြပ်ကိုစွဲလျှင် (ဒြပ်,ဂုဏ်အမည်တို့ကိုစွဲလျှင်) ပက္ကန္တဝိသယ။

၂။ အစွဲပုဒ် တိုက်ရိုက်ရှိလျှင် ပသိဒ္ဓ ဝိသယ။

၃။ လွန်ပြီးဝါကျရှိ ကြိယာ (ထိုကြိယာနှင့် တကွသော ပုဒ်)ကို စွဲရလျှင် အနဘူတ ဝိသယဟု မှတ်ရမည်။

* လွန်ပြီးဒြပ်၊ စွဲတုံလတ်၊ သိမှတ်ပက္ကန္တ။
* အစွဲတင်းလင်း၊ ရှိတုံလျှင်း၊ မှတ်ချင်း ပသိဒ္ဓ။
* လွန်ပြီးဝါကျ၊ တည်ထကြိယာ၊ စွဲတုံပါ၊ မှန်စွာ နဘူတ။

## ပုံစံ

ဒသာနေနာတိ သောတာပတ္တိမဂ္ဂေန။ သော ဟိ ပဌမံ နိဗ္ဗာနံ ဒဿန တော ဒဿနန္တိ ဝုတ္တော။ (ဠ-၈၅)

ဤဝါကျရှိ သော-အရ ရှေ့ဝါကျ၌ ဆိုခဲ့ပြီးသော သောတာပတ္တိမဂ် ဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ ဖြစ်သည်။

ဓမ္မသဒ္ဒေါ ပနာယံ ပရိယတ္တိဟေတု ဂုဏနိဿတ္တ နိဇ္ဇီဝတာဒီသု ဒိဿတိ။ (ဠ-၈၁)

ဤ၌ အယံ (ဣမ) သဒ္ဒါသည် ဓမ္မသဒ္ဒေါဟူသော အစွဲပုဒ် တိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ ဖြစ်သည်။

* နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဤ၌ တဿသည် ဘဂဝတောဟူသော အစွဲပုဒ် တိုက်ရိုက်ရှိသော ကြောင့် ပသိဒ္ဓဝိသယ ဖြစ်သည်။

http://www.dhammadownload.com



* အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။

ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ။

ဤ၌ ဧတံသည် အသေဝနာ စ ဗာလာနံ စသော ပုဒ်အားလုံးကို စွဲသောကြောင့် အနေ့ဘူတဝိသယ ဖြစ်သည်။

## ဝိဂ္ဂဟဝါကျများ

တေန. တဿ. တသ္မိံ စသည်ဖြင့် ဝိဂ္ဂဟဝါကျတွင်းရှိ သဗ္ဗနာမ်ပုဒ် (ယ.တ. ဧတ. ဣမ သဒ္ဒါ) တို့သည် ဆိုဆဲ နိပ္ဖန္နပုဒ်အရကို စွဲသောကြောင့် (ဝါကျတွင်း၌ပင် အစွဲပုဒ်ရှိသောကြောင့်) ပသိဒ္ဓဝိသယဟုချည်း မှတ်ရမည်။

* ဒဿနေန ပဟာတဗ္ဗော ဟေတု ဧတေသန္တိ ဒဿနေန ပဟာတဗ္ဗ ဟေတုကာ။ (သမာသ် - ၈၆)

ဤ၌ ဧတေသံ-အရ ဒဿနေန ပဟာတဗ္ဗ ဟေတုကာဟူသော နိပ္ဖန္နပုဒ်၏အရဖြစ်သော တရားတို့ကို စွဲရသည်။

* သတ္တာနံ့ သောကာနံ ဧတေတိပိ သောက္ခာ။ (တဒ္ဓိတ် - ၈၆)

ဤ၌ ဧတေ-အရ သောက္ခာဟူသော နိပ္ဖန္နပုဒ်အရဖြစ်သော သောက္ခဓမ္မ တို့ကို စွဲရသောကြောင့် ပသိဒ္ဓဝိသယ ဖြစ်သည်။

* သဒ္ဒဟန္တိ ဧတာယ သယံ ဝါ သဒ္ဒဟတိ သဒ္ဒဟနမတ္တမေဝ ဝါ သောတိ သဒ္ဓါ။ (ကိတ် - ၁၆၂)

ဤ၌ ဧတာယ (ဧသာ)အရ သဒ္ဓါဟူသော နိပ္ဖန္နပုဒ်၏အရဖြစ်သော (ဆိုဆဲဖြစ်သော) သဒ္ဓါတရားကို စွဲရသောကြောင့် ပသိဒ္ဓဝိသယ။

## နံပါတ် (၈) ဆိုင်ရာ စည်းမျဉ်းဖွင့်ဆိုချက်များ

ဤအမှတ် (၈)၌ ကြိယာငါးတန်နှင့် သိဒ္ဓိတို့ကို မေးလေ့ရှိသည်။ ထိုတွင် ကြိယာငါးတန်ကို အမေးများသည်။

ကြိယာငါးတန်ကို ထုတ်ရာ၌- မုချ (ပင်မ) တရားကို မှုတည်၍

http://www.dhammadownload.com



အကြောင်း ၂-ချက်၊ အကျိုး ၂-ချက် ထုတ်သည့်နည်းနှင့် အကြောင်း ၁-ချက်၊ အကျိုး ၃-ချက် ထုတ်သည့်နည်းဟု ၂-နည်းရှိသည်။

ကြိုယာငါးတန်ထုတ်ရာတွင် ပုံသေနည်းများရှိရာ ထိုပုံသေနည်းများကို ပိုင်နိုင်အောင်လုပ်ထားလျှင် ပုံသေနည်းမဟုတ်သော ဝါကျများ၌ ထိုပုံသေနည်းကို နည်းမှီ၍ အနီးစပ်ဆုံးသော အဖြေများကို ထုတ်ယူနိုင်ပေသည်။

ဤကြိုယာငါးတန် နည်းသည် သီလက္ခန် ဘာဝါလင်္ကာရ ထုတ်နည်း၊ ပါရာဇိကကဏ် ပဒတ္ထာနုဒဟာရ နေတ္တိထုတ်နည်း လက္ခဏာဟာရနေတ္တိ ထုတ်နည်းတို့နှင့်လည်း ဆက်သွယ်လျက်ရှိရာ ပုံသေနည်းများကို မရမနေ ကြိုးစားမှတ်သားခြင်းဖြင့် ထိုအခက်အခဲများကို ကျော်လွှားနိုင်မည် ဖြစ်ပေသည်။

## ကြိုယာငါးတန်ထုတ်နည်း

**ကြိုယာငါးတန်ဟူသည်**

၁။ ပါဠိနှင့် တိုက်ရိုက်ပြသောအနက် ဟူသော ဒဿနတ္ထ။

၂။ ထို ဒဿနတ္ထတရား၏ အနီးကပ်ဖြစ်သော အကြောင်း ဟူသော ဒီပကတ္ထ။

၃။ ထို ဒဿနတ္ထတရား၏ အနီးကပ်ဖြစ်သော အကျိုးတရား ဟူသော ပကာသနတ္ထ။

၄။ ဒဿနတ္ထတရား၏ဝေးသောအကြောင်းဟူသော ဝိဘာဝတ္ထ။

၅။ ဒဿနတ္ထတရား၏ ဝေးသောအကျိုး (အကျိုးအဆက်ဆက်) ဟူသော အနုဘာဝတ္ထတို့ပေတည်း။

* ဆတ်ဆတ်မှုချ၊ တိုက်ရိုက်ပြက၊ ဒဿနဆို၊ အကြောင်းကိုပြ၊ ဒီပကမျိုး၊ ကျိုးပကာသန၊ မူလကြောင်းမှာ၊ ဝိဘာဝမှန်၊ ကျိုးပရမ္ပရာ၊ နုဘာဝါ၊ ကြိုယာငါးတန် ထုတ်နည်းတည်း။။

(မဟာဝိသုဒ္ဓါရုံဆရာတော်)

http://www.dhammadownload.com



ပုံစံ

* သာကုဏ်ကော ဝနေ သကုဏာသဒ္ဒံ သုဏာတိ။
(ငှက်မုဆိုးသည် တောဝ၌ ငှက်သံကို ကြားရ၏။)

၁။ ငှက်သံကိုကြားခြင်းသည် (ဤဝါကျဖြင့် တိုက်ရိုက်ပြအပ်သော အနက်ဖြစ်သောကြောင့်) ဒဿနတ္ထ။

၂။ ငှက် အသံပြုခြင်းသည် (ကြားခြင်း၏ အနီးကပ်ဆုံးသော အကြောင်းဖြစ်သောကြောင့် ) ဒီပကတ္ထ။

၃။ တောထဲ၌ (သို့မဟုတ်) ဤသစ်ပင်/ ဤချုံထဲ၌ ငှက်ရှိ၏ ဟုသိခြင်းသည်(ငှက်ကမြည်သောကြောင့်သာ ငှက်ရှိသည် ဟု သိရသည်။) ပကာသနတ္ထ။

၄။ ငှက်ကိုပစ်လိုခြင်း၊ လေးမြှားတို့ကို စီစဉ်ခြင်း၊ တောသို့သွားခြင်း၊ တောသို့ရောက်ခြင်း စသောအကြောင်းများသည် ဝိဘာဝတ္ထ။

၅။ ငှက်ကိုရှာခြင်း၊ အစာချခြင်း၊ ညွတ်ကွင်းထောင်ခြင်း၊ ပစ်ခတ်ခြင်း၊ မှန်သည့်အခါ ဝမ်းသာခြင်း၊ ငှက်ကိုရောင်းသဖြင့် ပိုက်ဆံရခြင်း စသော အကျိုးများသည် အနုဘာဝတ္ထ။

(ဤကား အကြောင်းနှစ်ချက်၊ အကျိုးနှစ်ချက် ထုတ်ခြင်းတည်း။)

## အကြောင်း ၁ - ချက်၊ အကျိုး ၃ - ချက် ထုတ်နည်း

အကြောင်းတစ်ချက် + အကျိုးသုံးချက်ယူ၍ ထုတ်လိုလျှင် ဝိဘာဝတ္ထကို အကျိုးဘက်သို့ ထည့်၍ယူရသည်။ ထိုဝိဘာဝတ္ထကို ပထမအကျိုးဖြစ်သော ပကာသနတ္ထမှ ဆက်၍ရအပ်သော ဒုတိယအကျိုးအဖြစ် ထုတ်ရမည်။

ဖော်ပြပြီးပုံစံတွင် - -

၁။ ငှက်သံကြားခြင်းသည် ဒဿနတ္ထ။

၂။ တောသို့ရောက်ခြင်း၊ ငှက်ကအသံပြုခြင်းသည်

http://www.dhammadownload.com



ဒီပကတ္တ။

၃။ တောထဲ (သစ်ပင်ပေါ်/ ချုံထဲ)၌ ငှက်ရှိသည်ဟု သိရခြင်းသည် ပကာသနတ္တ။

၄။ ငှက်ကို ရှာဖွေခြင်း၊ ပစ်ခတ်ရန် ပြင်ဆင်ခြင်းသည် ဝိဘာဝတ္တ။ (အကျိုး)

၅။ ပစ်ခတ်ခြင်း၊ ငှက်ကိုမှန်သဖြင့် ဝမ်းသာခြင်း စသည် အနုဘာဝတ္တ။

## လက္ခဏာဒိစတုက္ကနည်းဖြင့် ထုတ်ပုံ

ပရမတ္ထတရားတို့၌ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ဟူ၍ လေးမျိုး ရှိသည်။ ယင်းလေးမျိုးကို လက္ခဏာဒိစတုက္ကဟု ခေါ်သည်။

ထိုတွင် ရသကို ကိစ္စရသ. သမ္ပတ္တိရသဟု နှစ်မျိုး၊ ပစ္စုပဋ္ဌာန်ကိုလည်း အာကာရပစ္စုပဋ္ဌာန် ဖလပစ္စုပဋ္ဌာန်ဟု နှစ်မျိုးခွဲကာ ထိုလက္ခဏာဒိစတုက္ကကို ဖော်ပြလတ္တံ့ပါအတိုင်း ကြိယာငါးတန် ခွဲဝေထုတ်ရမည်။

လက္ခဏာကို ဒဿနတ္တ။
ပဒဋ္ဌာန်ကို ဒီပကတ္တ။
ကိစ္စရသကို ပကာသနတ္တ။
သမ္ပတ္တိရသနှင့် အာကာရပစ္စုပဋ္ဌာန်ကို ဝိဘာဝတ္တ။
ဖလပစ္စုပဋ္ဌာန်ကို အနုဘာဝတ္တဟု ထုတ်ရမည်။

* ဒဿ-လက်. ဒီ-ဋ္ဌာန်၊ ပကာသံ၊ ကိစ္စံရသမှတ်။
သမ္ပတ်. အာကာ၊ ဝိဘာဝါ၊ ဖလာအနုမှတ်။ (မျက်ရှ)

**ထုတ်ပုံ**

ကုသလာ ဓမ္မာ (ကုသိုလ်၏ လက္ခဏာဒိစတုက္ကကို သတိပြုပါ)

၁။ ကုသိုလ်၏ အနဝဇ္ဇသုခဝိပါက လက္ခဏာသည် ဒဿနတ္တ။ (ဒဿ-လက်)

http://www.dhammadownload.com



၂။ ယောနိသောမနသိကာရ ပဒဋ္ဌာန်သည် ဒီပကတ္တ။ (ဒီ-ဋ္ဌာန်)

၃။ အကုသလဝိဒ္ဒံသနကိစ္စ ရသသည် ပကာသနတ္တ။
(ပကာသံ - ကိစ္စ ရသမှတ်)

၄။ အကုသလဝိဒ္ဒံသနသမ္ပတ္တိရသ (သို့မဟုတ်) ဝေါဒါနအာကာရ ပစ္စုပဋ္ဌာန်သည် ဝိဘာဝတ္တ။ (သမ္ပတ်, အာကာ၊ ဝိဘာဝါ)

၅။ ဝေါဒါနဖလပစ္စုပဋ္ဌာန်သည် အနဘာဝတ္တ။ (ဖလာ အနုမှတ်)

ဤကား အကြောင်းနှစ်ချက်၊ အကျိုး နှစ်ချက်ယူ၍ ထုတ်ခြင်းတည်း။ အကြောင်းတစ်ချက်၊ အကျိုးသုံးချက်ယူ၍ ထုတ်လိုလျှင် သမ္ပတ္တိရသကို ပကာသနတ္တ၊ ကိစ္စရသကို ဝိဘာဝတ္တ (အကျိုး)၊ ပစ္စုပဋ္ဌာန်ကို အနဘာဝတ္တ ဟု ထုတ်ရသည်။

* လက္ခဏံ ဒဿန၊ ဒီပက ပဒဋ္ဌာန်၊ ရသံ သမ္ပတ္တိ၊ ထုတ်ဘိပကာသံ၊
ကိစ္စံရသ၊ ဝိဘာဝတည်း၊ အနဘာဝ ပစ္စုပဋ္ဌာန်၊ ထုတ်နည်းမှန်သည်၊
ငါးတန်ကြိယာ ထုတ်နည်းတည်း။

## ထုတ်ပုံ

ကုသလာ ဓမ္မာ (ကုသိုလ်၏ လက္ခဏာဒိစတုက္က ဒုတိယနည်းကို သတိပြုပါ)

၁။ အနဝဇ္ဇသုခဝိပါက လက္ခဏာသည် ဒဿနတ္တ။ (လက္ခဏံ - ဒဿန)

၂။ ယောနိသောမနသိကာရပဒဋ္ဌာန်သည် ဒီပကတ္တ။ (ဒီပက ပဒဋ္ဌာန်)

၃။ ဝေါဒါန ဘာဝသမ္ပတ္တိရသသည် ပကာသနတ္တ။
(ရသံသမ္ပတ္တိ၊ ထုတ်ဘိပကာသံ)

၄။ အကုသလဝိဒ္ဒံသန ကိစ္စရသသည် ဝိဘာဝတ္တ။
(ကိစ္စံ ရသ၊ ဝိဘာဝတည်း)

၅။ ဣဋ္ဌဝိပါက ပစ္စုပဋ္ဌာန်သည် အနဘာဝတ္တ။ (အနဘာဝ၊ ပစ္စုပဋ္ဌာန်)

http://www.dhammadownload.com



## ရှင်းလင်းချက်

ကာသိုလ်၏ လက္ခဏာဒိစတုက္ကကို-ပထမနည်း-တဒေတံ လက္ခဏာဒိ ဝသေန အနဝဇ္ဇသုခဝိပါကလက္ခဏံ၊ အကုသလဝိဒ္ဓံသနရသံ၊ ဝေါဒါန ပစ္စုပဋ္ဌာနံ ယောနိသောမနသိကာရပဒဋ္ဌာနံ ဟုလည်းကောင်း၊ ဒုတိယနည်း-အဝဇ္ဇပဋိပက္ခတ္တာ ဝါ အနဝဇ္ဇလက္ခဏမေဝ ကုသလံ၊ ဝေါဒါနဘာဝရသံ၊ ဣဋ္ဌဝိပါကပစ္စုပဋ္ဌာနံ၊ ယထာဝုတ္တပဒဋ္ဌာနံ ဟုလည်းကောင်း (အဋ္ဌကထာ-၁ဝ၅)နှစ်နည်း ဆိုသည်။

ပထမနည်း၌ ကုသိုလ်သည် အကုသလဝိဒ္ဓံသနရသ (အကုသိုလ်ကို ဖျက်ဆီးခြင်းကိစ္စရသ) ရှိသည်ဟု ဖွင့်၍ ဒုတိယနည်း၌ ကုသိုလ်သည် ဝေါဒါနဘာဝရသ (ဖြူစင်ခြင်းဂုဏ် = သမ္ပတ္တိရသ) ရှိသည်ဟု ဖွင့်သည်။

ထိုကြောင့် ကုသိုလ်သည် အကုသလဝိဒ္ဓံသနကိစ္စရသ, ဝေါဒါန ဘာဝသမ္ပတ္တိရသ ရှိသည်ဟုလည်းကောင်း၊ ဝေါဒါနအာကာရ ပစ္စုပဋ္ဌာန် (ကုသိုလ်သည် ယောဂီတို့၏ ဉာဏ်တွင် ဖြူစင်သော တရားသဘော အဖြစ်ဖြင့် ထင်ရှားသည်။)နှင့် ဣဋ္ဌဝိပါကဖလ ပစ္စုပဋ္ဌာန် (ကောင်းကျိုးပေး သော တရားအဖြစ်ဖြင့် ဉာဏ်၌ ထင်ရှားသည်။) ဟု နှစ်မျိုးရှိသည်ဟု လည်းကောင်း သိနိုင်သည်။

ဤသို့ရသနှင့် ပစ္စုပဋ္ဌာန်ကို နှစ်မျိုးပြထားရာ၌ အကြောင်း+အကျိုး ခွဲခြားရန် လွယ်ကူသော်လည်း ရသ, ပစ္စုပဋ္ဌာန် တစ်မျိုးတည်းပြထားသော ပရမတ္ထတရားတို့၌ ထိုပြထားသော ရသကိုပင် ကိစ္စရသ, သမ္ပတ္တိရသဟု နှစ်မျိုးခွဲ၍ လည်းကောင်း၊ ပစ္စုပဋ္ဌာန်ကိုလည်း အာကာရပစ္စုပဋ္ဌာန်, ဖလ-ပစ္စုပဋ္ဌာန်ဟု နှစ်မျိုးခွဲ၍ လည်းကောင်း ယူနိုင်သည်။

ထို့ကြောင့် ဖဿ၏ ရသကို သင်္ဃဋ္ဋနရသဟု တစ်မျိုးတည်း ပြပြီး နောက် ကိစ္စရသ, သမ္ပတ္တိရသ နှစ်မျိုးခွဲယူနိုင်ပုံကို အဋ္ဌသာလိနီ အဋ္ဌကထာ ၁၅၁၊ ၁၅၂-တို့၌ အဋ္ဌကထာဆရာကိုယ်တိုင် ပြထားပေသည်။

http://www.dhammadownload.com



## အခြားနည်းများ

ကြိယာငါးတန်ထုတ်နည်းများတွင် ဝီထိစဉ်အရ ထုတ်နည်း၊ ပဋိစ္စ-သမုပ္ပါဒ်နည်းဖြင့် ထုတ်နည်းများလည်း ရှိသေးသည်။

ဝီထိနည်း၌ ရှေ့+နောက် စိတ်အစဉ်တို့ကိုသိလျှင် ကြိယာငါးတန် ထုတ်ရာ၌ အခက်မရှိနိုင်။ ဥပမာ- စက္ခုနာ ရူပံ ပဿတိ (မျက်စိဖြင့် ရူပါရုံကို မြင်၏) ဟူသော ပါဠိ၌ ပဿတိ-အရ စက္ခုဝိညာဉ် စိတ်ကိုရ၏။

စက္ခုဒွါရဝီထိ၌ အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်ပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော (၇) ကြိမ်၊ တဒါရုံ (၂) ကြိမ် ထိုနောင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်၏ဟု ဝီထိစဉ်ရှိ၏။

ထို့ကြောင့် ပဿတိ-အရ စက္ခုဝိညာဉ်စိတ်သည် ဒဿနတ္ထ။ (ထိုစိတ်၏ ရှေ့ကဖြစ်သော) ပဉ္စဒွါရာဝဇ္ဇန်း စိတ်သည် ဒီပကတ္ထ။ (ထိုစိတ်၏ နောက်က ဖြစ်သော) သမ္ပဋိစ္ဆိုင်းစိတ်သည် ပကာသနတ္ထ။ အတီတဘဝင် စသော ရှေးရှေးစိတ်များသည် ဝိဘာဝတ္ထ။ သန္တီရဏ စသော နောက်နောက် စိတ်များသည် အန ဘာဝတ္ထဟု ထုတ်ရသည်။

**ပဋိစ္စသမုပ္ပါဒ်နည်း၌လည်း** အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊ ဇရာ၊ မရဏဟူသော အင်္ဂါ ၁၂-ပါးကို ကြည့်ရှု၍ ရှေးရှေးအင်္ဂါများကို အကြောင်းဘက်၊ နောက်နောက် အင်္ဂါများကို အကျိုးဘက်က ထုတ်ရမည်။

ဥပမာ- စက္ခုနာ ရူပံ ပဿတိ-၌ ပဿတိ အရ စက္ခုဝိညာဉ်စိတ် ရ၏။ ယင်းသည် ဒဿနတ္ထ။ သင်္ခါရသည် ဒီပကတ္ထ။ နာမ်ရုပ်သည် ပကာသနတ္ထ။ အဝိဇ္ဇာသည် ဝိဘာဝတ္ထ။ သဠာယတန စသည်သည် အနဘာဝတ္ထဟု ထုတ်ရမည်။

## အရေးအကြီးဆုံး

ကြိယာငါးတန် ထုတ်ရာ၌ ပင်မတရားဖြစ်သော ဒဿနတ္ထကို မှန်ကန်အောင် ကောက်နိုင်မှ ကြွင်းလေးမျိုး မှန်နိုင်မည် ဖြစ်သောကြောင့်

http://www.dhammadownload.com



ပင်မ ဒဿနတ္ထတရားကို မှန်ကန်အောင် ကောက်နိုင်ရေးအတွက် လေ့လာမှု, မှတ်သားမှုများ များစွာလိုအပ်ပါသည်။

ထို့ပြင် – ပံ့သေထုတ်၍ ရနိုင်သောတရားများ၏ ကြိယာငါးတန် ထုတ်နည်းများကိုလည်း ပိုင်ပိုင်နိုင်နိုင် လေ့လာထားသင့်ပေသည်။ ဤ၌ ပံ့သေနည်းအချို့ပေးထားပါသည်။ သဘောကျအောင် လေ့လာပါ။

## ကုသလာ ဓမ္မာ၌ ကြိယာငါးတန်ထုတ်ပုံ။

၁။ ကုသိုလ်တရားသည် ဒဿနတ္ထ။

၂။ ယောနိသောမနသိကာရ(အတ္တသမ္မာပဏိဓိ)သည် ဒီပကတ္ထ။

၃။ စိတ်နှလုံးဖြူစင်ခြင်း, ဝမ်းမြောက်ခြင်းသည် ပကာသနတ္ထ။

၄။ ကလျာဏမိတ္တ, သဒ္ဓမ္မသဝန စသော ရှေးရှေးအကြောင်းများသည် ဝိဘာဝတ္ထ။

၅။ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ စသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

## အကုသလာ ဓမ္မာ

၁။ အကုသိုလ်သည် ဒဿနတ္ထ။

၂။ အယောနိသောမနသိကာရသည် ဒီပကတ္ထ။

၃။ စိတ်ညစ်ညူးခြင်းသည် ပကာသနတ္ထ။

၄။ အသပ္ပုရိသူပနိဿယ, အသဒ္ဓမ္မဿဝန စသော အကြောင်းများသည် ဝိဘာဝတ္ထ။

၅။ အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေး, ဒဏ္ဍဘေး, ဒုဂ္ဂတိဘေး တို့သည် အနုဘာဝတ္ထ။

## ဈာန်တရား (မဟဂ္ဂုတ်တရားများ)

၁။ ဈာန် (အပ္ပနာ) တရားသည် ဒဿနတ္ထ။

၂။ ဥပစာရသမာဓိ (ကာမာဝစရဇော) များသည် ဒီပကတ္ထ။

http://www.dhammadownload.com



၃။ နီဝရဏကင်းခြင်းသည် ပကာသနတ္တ။
၄။ တိပဟိတ်ပဋိသန္ဓေ နေခဲ့ခြင်း၊ ကလျာဏမိတ္တ အမှီရခြင်း စသော အကြောင်းများသည် ဝိဘာဝတ္တ။
၅။ ပြပွဲ့ပြည်သို့လား ရောက်ရခြင်း စသော အကျိုးများသည် အနဘာဝတ္တ။ (အထက်အထက်ဈာန်များဖြစ်လျှင် အောက်အောက်ဈာန်များကို ဝိဘာဝတ္တ၌ ထည့်ပါ။)

## လောကုတ္တရာတရားများ

**မဂ်အတွက် -**

၁။ မဂ်သည် ဒဿနတ္တ။
၂။ ဂေါတြဘူ (ဥပစာရ သမာဓိဇောများ) သည် ဒီပကတ္တ။
၃။ ဆိုင်ရာ မဂ္ဂါနန္တရဖိုလ်သည် ပကာသနတ္တ။
၄။ တိပဟိတ်ပဋိသန္ဓေနေခဲ့ခြင်း စသော အကြောင်းများသည် ဝိဘာဝတ္တ။
၅။ ပစ္စဝေက္ခဏာဉာဏ်, ဖလသမာပတ္တိသုခ စသည်သည် အနဘာဝတ္တ။

**ဖိုလ်အတွက်**

၁။ ဖိုလ်သည် ဒဿနတ္တ။
၂။ ဆိုင်ရာမဂ်သည် ဒီပကတ္တ။
၃။ ပစ္စဝေက္ခဏာဉာဏ်သည် ပကာသနတ္တ။
၄။ တိပဟိတ်ပဋိသန္ဓေ နေခဲ့သည်မှ စ၍ ဂေါတြဘူ. (ဝေါဒါန်) တိုင်အောင်သော ရှေးရှေးအကြောင်းများသည် ဝိဘာဝတ္တ။
၅။ ဖလသမာပတ္တိသုခ စသည်သည် အနဘာဝတ္တ။

**ဝုတ္တံ့.ဒေသိတံ စသည်**

ဝုတ္တံ. ဒေသိတံ စသည့် ကံဒဟာကြိယာပုဒ်တို့၌ ထိုကြိယာ၏

http://www.dhammadownload.com



ကဏ္ဍားမှာ ဘုရား/ ရဟန္တာနှင့် အခြားပုဂ္ဂိုလ် (သာဝက)များဟု နှစ်မျိုးရှိနိုင်သည်။

ထိုတွင် ကဏ္ဍား-အရ ဘုရားဖြစ်ခဲ့လျှင် ဝစဓာတ်-အရ/ဒိသိဓာတ်အရ ဟောကြားသော အခြင်းအရာအားဖြင့် ဖြစ်သော ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ကို ကောက်ရမည်။

ထို့ကြောင့် -

၁။ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဒေသနတ္ထ။

၂။ ကုန္ဒြိယပရောပရိယတ္တိဉာဏ်, အာသယာနုသယဉာဏ်တို့သည် (တရားမဟောမီ အမြဲတမ်း ဆင်ခြင်သော ဉာဏ်များဖြစ်သောကြောင့်) ဒီပကတ္ထ။

၃။ ဒေသနာတော်ဟူသော ဝစီဘေဒစိတ္တဇသဒ္ဒသည် ပကာသ-နတ္ထ။

၄။ ပါရမီဉာဏ်,မဟာကရုဏာဉာဏ်စသော ရှေးရှေးအကြောင်းများသည် ဝိဘာဝတ္ထ။

၅။ သာဝကဓမ္မပဋိဂ္ဂါဟက ပုဂ္ဂိုလ်တို့၏ သန္တာန်၌ သုတမယဉာဏ်ဖြစ်ခြင်းမှစ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အထောင်မကသော အကျိုးတို့သည် အနုဘာဝတ္ထဟု အမြဲထုတ်ရမည်။

ဝုတ္တံ့ဒေသိတံ၌ (တ) ပစ္စည်းအရ ထုတ်လိုလျှင်

၁။ ဟောကြားအပ်သော ဝစီဘေဒစိတ္တဇသဒ္ဒသည် ဒေသနတ္ထ။

၂။ ဒေသနာဉာဏ် စိတ္တုပ္ပါဒ်သည် (သဒ္ဒေါ စိတ္တောတုဇောနှင့် အညီအသံသဒ္ဒရုပ်သည် ဒေသနာဉာဏ် စိတ္တုပ္ပါဒ်ကြောင့် ဖြစ်ရကား) ဒီပကတ္ထ။

၃။ ဝေနေယျ ဓမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ်တို့ သန္တာန်၌ သုတမယဉာဏ်

http://www.dhammadownload.com



ဖြစ်ရခြင်းသည် ပကာသနတ္ထ။ (ရွတ်ဆိုဟောကြားသော အသံတော်ကို ကြားရ၍ သုတမယဉာဏ်ဖြစ်ရသည် ဟူလို)

၄။ ပါရမီဉာဏ်. ဝိပဿနာဉာဏ်. ဣန္ဒြိယပရောပရိယတ္တိဉာဏ်. အာသယာနုသယဉာဏ်တော် စသော ရှေးရှေးသော ဉာဏ်တော် (အကြောင်း အဆက်ဆက်)သည် ဝိဘာဝတ္ထ။

၅။ ဝေနေယျ မွေပဋိဂ္ဂါဟကပုဂ္ဂိုလ်တို့ သန္တာန်၌ သုတမယ ဉာဏ်မှဆက်၍ စိန္တာမယဉာဏ် ဖြစ်ခြင်းအစ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးသည် အနုဘာဝတ္ထ။

## အောက်ပါဆောင်ပုဒ်ကို ကျက်ထားပါ

* ဓာတ်နက်အရ၊ ဒေသန၊ ထုတ်ကြ ဒဿနာ။
အာ-ဣ-ဒီပက၊ စိတ္တဇ၊ သဒ္ဒ ပကာသာ။
ပါရမီဉာဏ်၊ ဝိဘာဝံ၊ နိဗ္ဗာန် နုဘာဝါ။

* ပစ္စည်းအရ၊ စိတ္တဇ၊ သဒ္ဒ ဒဿနာ။
ဒေသနာဉာဏ်၊ ဒီပကံ၊ သုတံ ပကာသာ။
အာ-ဣ-ပါရမီ၊ ဝိဘာဝီ၊ စိန္တိ နုဘာဝါ။
ကတ္တား ဗုဒ္ဓ၊ ဖြစ်တုံက၊ ထုတ်ရ ဤနည်းသာ။

## ကတ္တားသာဝက ဖြစ်ခဲ့လျှင် ထုတ်ပုံ

ဝုတ္တံ. ဒေသိတံ (စသည်) တို့၏ ကတ္တားသည် ဘုရားမဟုတ်ဘဲ သာဝကများ ဖြစ်ခဲ့လျှင် ဓာတ်အရ+ပစ္စည်းအရ (အန္တတ္ထ + ဗာဟျတ္ထ) တို့ကို အောက်ပါအတိုင်း ခွဲခြားကောက်ရမည်။

## ဓာတ်အရ

ဝစဓာတ်. ဒိသီဓာတ်အရ ပြောဆို (ဟောကြား)သော အခြင်းအရာ အားဖြင့်ဖြစ်သော မဟာကုသိုလ် (ပုထုဇဉ်နှင့် သေက္ခသာဝကတို့အတွက်)၊ မဟာကြိယာ (ရဟန္တာ သာဝကတို့အတွက်) စိတ္တုပ္ပါဒ်ကို ကောက်ရမည်။

http://www.dhammadownload.com



၁။ ဒုင်းသည် မုရျဖြစ်သော ဒဿနတ္ထ။
၂။ ယောနိသော မနသိကာရသည် ဒီပကတ္ထ။
၃။ ဝစီဘေဒစိတ္တဇသဒ္ဒသည် ပကာသနတ္ထ။
၄။ ပတိရူပဒေသာဝါသ စသော ရှေးရှေး အကြောင်းများသည် ဝိဘာဝတ္ထ။
၅။ သုတမယဉာဏ်မှစ၍ နိဗ္ဗာန်တိုင်အောင်သော အကျိုး အဆက်ဆက်သည် အနဘာဝတ္ထ။

* ကုသိုလ်, ကြိယာ၊ ဒဿနာ၊ ဒီမှာ ယောနိသော။
စိတ္တဇသဒ္ဒ၊ ပကာသံ၊ ပုဗ္ဗ ဝိဘာဝေါ။
သုတမယာ၊ နဘာဝ၊ ရရာဤသဘော။
ကတ္တား သာဝက၊ ဖြစ်တုံက၊ ထုတ်ရ ဓာတ်သဘော။

**ပစ္စည်းအရ**

တ-ပစ္စည်းအရ ပြောဆိုအပ်သော စကားသံ ဝစီဘေဒစိတ္တဇသဒ္ဒ ရသည်။

၁။ ထိုဝစီဘေဒစိတ္တဇသဒ္ဒသည် ဒဿနတ္ထ။
၂။ မဟာကုသိုလ်, မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် သည် ဒီပကတ္ထ။
၃။ သောတုဇနတို့၏ အသိဉာဏ်သည် ပကာသနတ္ထ။
၄။ ယောနိသောမနသိကာရ စသော ရှေးရှေး အကြောင်းများ သည် ဝိဘာဝတ္ထ။
၅။ သောတုဇနတို့၏ စိန္တာမယဉာဏ် စသော အကျိုးအဆက် ဆက်သည် အနဘာဝတ္ထ။

* ဝစီဘေဒ၊ ဒဿန၊ ဒီပကု-ကြိယာ။
သောတုဇန်၊ အသိဉာဏ်၊ မှတ်ရန် ပကာသာ။
ဝိဘာ ယောနိ၊ စိန္တာသိ၊ မှတ်ဘိ နဘာဝ။
ပစ္စည်းအရ၊ ထုတ်လိုက၊ မှတ်ကြ ဤနည်းသာ။

http://www.dhammadownload.com



## အရကောက်ရာ၌သတိပြုဖွယ်

* ဒသေတံ့ အာဟ၊ နှစ်ပါးပြုမူ၊ ဆန္ဒရှေးရှု ဉာဏ်ကိုယူ။

* ဒသေန္တ ဒီပေန္တ ပကာသေန္တ၊ ကျမ်း၌ပြုမူ၊ ကရုဏာရှေးရှု ဉာဏ်ကိုယူ။

* ဒသေတံ့ အာရဒ္ဓ၊ တစ်ဖန်ပြုမူ၊ ဝီရိယရှေးရှု ဉာဏ်ကိုယူ။

(တွင်းကြီးနိယံ)

## အဓိပ္ပာယ်

ဒသေတံ့ အာဟ-ဟု ကျမ်း၌တွေ့လျှင် (အာဟအရ)

(က) ဆန္ဒပြဋ္ဌာန်းသော ဒေသနာဉာဏ် စိတ္တုပ္ပါဒ်(ဘုရားအတွက်)။

(ခ) ဆန္ဒပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် (သေက္ခနှင့် ပုထုဇဉ်တို့အတွက်)

(ဂ) ဆန္ဒပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် (ရဟန္တာ သာဝကအတွက်)ကို ကောက်ရမည်။

## ဒသေန္တော ဒီပေန္တော ပကာသေန္တော အာဟ တွေ့လျှင်--

(က) ဘုရားကတ္တားဖြစ်က ကရုဏာရှေးရှိသော ဒေသနာဉာဏ် (မဟာကြိယာ ဉာဏသမ္ပယုတ်) စိတ္တုပ္ပါဒ်။

(ခ) သာဝကကတ္တားဖြစ်က ပုထုဇဉ်နှင့် သေက္ခအတွက် ကရုဏာပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်။

(ဂ) ရဟန္တာဖြစ်က မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ကို ကောက်ရမည်။

## ဒသေတံ့အာရဒ္ဓ (ဒေသိတံ,ဝုတ္တံ) တွေ့လျှင်-

ဓာတ်အရ ဝီရိယရှေးရှိသော ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ကို ကောက်ရမည်။ ယခင်နည်းတူ ပုဂ္ဂိုလ်အလိုက် သုံးမျိုးခွဲ၍ ဖြစ်သင့်ရာကို အတိအကျ ကောက်ပါ။

http://www.dhammadownload.com



## သိဒ္ဓိ

ကျမ်းဂန်တို့၌ တိုက်ရိုက်ပြအပ်သော အနက်ကိုအကြောင်းပြု၍ အခြားဖြစ်သင့်သော (တိုက်ရိုက်မပြအပ်သော) အနက်တို့ ပြီးစီးခြင်းကို သိဒ္ဓိဟုခေါ်သည်။

ထိုသိဒ္ဓိသည် အနုမာနသိဒ္ဓိ၊ ပစ္စက္ခသိဒ္ဓိ၊ ပရိကပ္ပသိဒ္ဓိ၊ သိဒ္ဓေယျ (သဒ္ဒေ ယျ) သိဒ္ဓိ၊ သဒ္ဒသိဒ္ဓိ၊ အတ္ထသိဒ္ဓိ၊ သဒ္ဒတ္ထသိဒ္ဓိ၊ အာကပ္ပသိဒ္ဓိ၊ အတ္ထာပန္နသိဒ္ဓိ ဟု ကိုးမျိုးပြားသည်။

ထိုကိုးမျိုးတွင် ဤ၌ အသုံးများသော သိဒ္ဓိတို့ကိုသာ အနည်းငယ် ဖွင့်ဆိုမည် ဖြစ်ပေသည်။

### အသုံးများသည့် သိဒ္ဓိများ

၁။ အနုမာနသိဒ္ဓိ = အကျိုးအာရမ္မဏိကကို ဆိုသဖြင့် အကြောင်း အာရုံကို သိရသောအရာမျိုး၌ ရထိုက်သော သိဒ္ဓိ။ (ဝါ) အကြောင်းကိုမှန်းဆ၍ သိရသောအရာ၌ ရထိုက်သော သိဒ္ဓိ။

၂။ ပရိကပ္ပသိဒ္ဓိ = အကြောင်းကိုမြင်သဖြင့် အကျိုးကိုကြံဆ၍ သိရသော အရာ၌ ရထိုက်သောသိဒ္ဓိ။

၃။ ပစ္စက္ခသိဒ္ဓိ = ပရမတ္ထတရားတို့၏ လက္ခဏ, ရသ, ပစ္စု-ပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို တိုက်ရိုက်ပြဆိုရာ၌ ရထိုက်သော သိဒ္ဓိ။

၄။ သိဒ္ဓေယျ (သဒ္ဒေယျ) သိဒ္ဓိ = အာဂမဒဋ္ဌိဝါကျ, ကာရဏဝါကျ တို့၌ ရထိုက်သောသိဒ္ဓိ။

၅။ အတ္ထာပန္နသိဒ္ဓိ = အန္ဝယကို တိုက်ရိုက်ဆိုသဖြင့် ဗျတိရေက ကို သိရသော အရာ၊ ဗျတိရေကကို တိုက်ရိုက်ဆိုသဖြင့် အန္ဝယကို သိရသော အရာတို့၌ ရထိုက်သော သိဒ္ဓိ။

http://www.dhammadownload.com



## အကျိုးကြောင့်အကြောင်းကိုမှန်းဆသိရပုံ (အနုမာနသိဒ္ဓိ)

### မဟဂ္ဂတာရမ္မဏာ ဓမ္မာ

ဤပါဠိဖြင့် မဟဂ္ဂုတ်ကို အာရုံပြုကြသည့် အာရမ္မဏိက (အကျိုး) တရားတို့ကို တိုက်ရိုက်ပြသည်။ မဟဂ္ဂုတ်အာရုံပြုသည့် တရားများကို ဆိုသဖြင့် အာရုံဖြစ်သော မဟဂ္ဂုတ်ကို (အာကာသာနဉ္စာယတနစိတ်, အာကိဉ္စညာယတနစိတ်) တရားတို့ကိုလည်း မှန်းဆသိရသောကြောင့် အနုမာနသိဒ္ဓိရသည်။

ပညတ္တာရမ္မဏာ ဓမ္မာ၊ အပ္ပမာဏာရမ္မဏာ ဓမ္မာ၊ ဝိပါကာ ဓမ္မာတို့၌ နည်းမှီ၍ သိပါ။

## အကြောင်းကြောင့် အကျိုးကိုသိရပုံ (ပရိကပ္ပသိဒ္ဓိ)

### အဘိဝါဒိယ ဘာသိဿံ၊ အဘိဓမ္မတ္ထသင်္ဂဟံ။

ဤ၌ အဘိဓမ္မတ္ထ သင်္ဂဟကျမ်းကို ဆိုအံ့-ဟူသော အကြောင်းကို တိုက်ရိုက်ပြသဖြင့် ဤကျမ်းကို သင်ယူကြသော ပုဂ္ဂိုလ်တို့သည် အဘိဓမ္မာကျမ်း၌လာရှိသော အနက်အဓိပ္ပာယ်တို့ကို သိကြရလိမ့်မည်ဟူသော အကျိုးကို ကြံဆ၍ သိအပ်သောကြောင့် ပရိကပ္ပသိဒ္ဓိရသည်။

**တစ်နည်း -**

ရတနာသုံးပါးကို ရှိခိုး၍ အဘိဓမ္မတ္ထ သင်္ဂဟကျမ်းကို ဆိုပေအံ့-ဟူသော အကြောင်းကို တိုက်ရိုက်တွေ့မြင်သဖြင့် ရတနာသုံးပါးကို ရှိခိုးခြင်းကြောင့် ရထိုက်သော အန္တရာယ် ပျောက်ခြင်း, ကျမ်းပြီးခြင်း အကျိုးများကို ကြံဆ၍ သိအပ်သောကြောင့် ပရိကပ္ပသိဒ္ဓိရသည်။

## ရုပ်နာမ် ပရမတ်တို့၏ သဘောကို သိရပုံ (ပစ္စက္ခသိဒ္ဓိ)

နိဗ္ဗာန် ပန လောကုတ္တရသင်္ခါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ။

လောကုတ္တရာဟု ဆိုအပ်သော နိဗ္ဗာန်ကို မဂ်ဉာဏ်လေးပါးဖြင့် မျက်မှောက်ပြုအပ်ဟုဆိုသဖြင့် နိဗ္ဗာန်ကို မဂ်ဉာဏ်ရသော ပုဂ္ဂိုလ်တို့သာ သိထိုက်

http://www.dhammadownload.com



သည်ဟူသော အနက်ကို ဉာဏ်၌ ထင်ထင်သိမြင်ရသောကြောင့် ပစ္စက္ခသိဒ္ဓိ ရသည်။

လက္ခဏာဒိစတုက္ကကို ပြရာ၌လည်း ပစ္စက္ခသိဒ္ဓိပင် ရသည်။

## သိဒ္ဓေယျ(သဒ္ဓေယျ)သိဒ္ဓိ

ဓမ္မောတိ ဟေတု၊ ဝုတ္တာဧဝတံ " ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ" တိ။

ဓမ္မပဋိသမ္ဘိဒါ၌ ဓမ္မသဒ္ဒါသည် ဟေတု(အကြောင်း) အနက်ကို ဟော ကြောင်း " ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ" ဟူသော အာဂုံပါဠိဖြင့် ပြီးစေအပ် ယုံကြည်စေအပ်သောကြောင့် သိဒ္ဓေယျသိဒ္ဓိ သဒ္ဓေယျသိဒ္ဓိ ရသည်။

အာဂမဒဋ္ဌိဝါကျ, ကာရကာဝါကျတိုင်း၌ ဤသိဒ္ဓိရသည်။

## အတ္ထာပန္နသိဒ္ဓိ

အလျော်အနက်(အန္ဝယတ္ထ)ကို တိုက်ရိုက်ဆိုသဖြင့် ဆန့်ကျင်ဘက် (ဗျတိရေက)အနက်ကိုလည်းကောင်း၊ ဗျတိရေကတ္ထကို တိုက်ရိုက်ဆိုသဖြင့် အန္ဝယတ္ထကို လည်းကောင်း သိရလျှင် အတ္ထာပန္နသိဒ္ဓိ ရသည်။

သွာယမိဓာပိ နိဿတ္တနိဇ္ဇီဝတာယမေဝ ဝတ္တတိ။ (ဋ္ဌ-၈၁)

ထိုဓမ္မသဒ္ဒါသည် ဤကုသလာဓမ္မာ၌ နိဿတ္တနိဇ္ဇီဝတာအနက်ကို သာဟော၏ဟု အန္ဝယတ္ထကို တိုက်ရိုက်ဆိုသဖြင့် ပရိယတ္တိ ဟေတု စသော အနက်တို့ကို မဟောဟူသော ဗျတိရေကတ္ထကို အနက်ရောက်သော အားဖြင့် သိစေအပ်သောကြောင့် အတ္ထာပန္နသိဒ္ဓိ မည်၏။

ဂေါတြဘု ပန (ပ) န ဒဿနန္တိ ဝုစ္စတိ။ (ဋ္ဌ-၈၆)

ဂေါတြဘုကို ဒဿနဟု မဆိုအပ်ဟု ဗျတိရေကတ္ထကို ဆိုသဖြင့် သောတာ ပတ္တိမဂ္ဂကိုသာ ဒဿနဟု ဆိုထိုက်သည်ဟူသော အန္ဝယတ္ထကို အနက်ရောက်သောအားဖြင့် ပြီးစေအပ်သောကြောင့် အတ္ထာပန္နသိဒ္ဓိမည်၏။

ဤအတ္ထာပန္နသိဒ္ဓိကား အလွန်အရာကျယ်သည်။ အရကောက် အဘိ ဓေယျတ္ထတို့ကို ပြသည့် အရာမှန်သမျှနှင့် ပုဒ်တို့၏ ဝစနတ္ထတို့ကို ဖွင့်ရာတို့၌ ဤသိဒ္ဓိ ရကောင်းသည်သာ။

http://www.dhammadownload.com



* တိုက်ရိုက်မုချ၊ ဆိုမပြလည်း၊ ယူရမှန်စွာ၊ ဖြစ်သင့်ရာ၊ ခေါ်ပါ သိဒ္ဓိတည်း။
* အနုမာန၊ ပစ္စက္ခနှင့်၊ တစ်ဝပရိကပ်၊ သိဒ္ဓေယျတ်၊ လေးရပ်သိဒ္ဓိပြ။
* သဒ္ဒအတ္ထ၊ သဒ္ဒတ္ထနှင့် အာကပ္ပတစ်ဖြာ၊ အာပန္နာ၊ ထည့်ကာ ကိုးမျိုးရ။
* အာရမ္ဘကိက၊ ကျိုးဖလကို၊ ပြဆိုသဖြင့်၊ ကြောင်းသိခွင့်၊ မှတ်လင့် နုမာန။
* အကြောင်းကိုပြ၊ ကျိုးသိရ၊ မှတ်ကြပရိကပ်။
* ဝုတ္တံ ဒေသိတံ၊ အာရဒ္ဓံ အာဟ၊ ထိုဌာန၊ မှတ်ကြပရိကပ်။
* သဒ္ဒန္တရိက်၊ မြဲကြိတ်အာဂုံ၊ တွေ့ကြုံ ဉာပက၊ သိဒ္ဓေယျ။
* နွယဆိုက ဗျတိသိ၊ ဗျတိဆိုက နွယသိ၊ မှတ်ဘိ အတ္ထာပန္နတည်း။
* ဝေဖြင့်ပြ၊ ထိုဌာန၊ မှတ်ကြ အတ္ထာပန်။
* ကာရကာ ဒဋ္ဌိ၊ ဝါကျဆီ၊ ရပြီ သိဒ္ဓေယျ။

## ဒဠှဖွံ့ ဝေဒိတဗ္ဗံ သိဒ္ဓံထားရခြင်းအကြောင်း

ဒဠှဖွံ့ကား သန္နိဋ္ဌာန်၊ ဝေဒိတဗ္ဗံကား သံသယ၊ သိဒ္ဓံ ဟူက စကားကျ -ဟူသော နိယံနှင့်အညီ အတိအကျ မုချဖြစ်သော အနက် နီတတ္ထ၊ သန္နိဋ္ဌာနတ္ထကိုပြလိုရာ၌ ဒဠှဖွံ့ကို ထားလေ့ရှိသည်။ အတိအကျမဟုတ်သော သွယ်ဝိုက်သောအနက် မသေချာသောအနက်တို့ကို ပြလိုရာ၌ ဝေဒိတဗ္ဗံကို ထား၍ စကားကျအဓိပ္ပာယ်ကို ပြလိုရာ၌ သိဒ္ဓံကို ထားလေ့ရှိသည်။

ဤခွဲထားမှာ ယေဘုယျခွဲထားဖြစ်သည်။ ဝေဒိတဗ္ဗံထားတိုင်း သံသယတ္ထ (ဉပစာရတ္ထ.နေယျတ္ထ)တို့ကိုပြလိုသည်မဟုတ်။ မုချတ္ထ.နီတတ္ထ တို့ကို ပြလိုရာ၌လည်း ထားကြသည်သာ။

* ဣဓ ပနာယံ ဒုက္ခဝေဒနာယမေဝ ဒဠှဗ္ဗော။ (ဝေဒနာတိက် အဖွင့်-၈၄)

http://www.dhammadownload.com



ဤဒုက္ခာယဝေဒနာယ သမ္ပယုတ္တာ မှော-၌ ဒုက္ခသဒ္ဒါသည် ဒုက္ခဝေဒနာအနက်၌သာ မှတ်အပ်၏ဟု မုချကေန် မှတ်သားထိုက်သော သန္နိဋ္ဌာန်ကျ အနက်ကို ပြလိုသောကြောင့် ဒုဋ္ဌဗ္ဗသဒ္ဒါထားသည်။

* သေသပဒဒွယမ္ပိ ပုရိမတ္တိကေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။ (သံကိလိဋ္ဌတိက်အဖွင့် -၈၅)

ဤ၌ အသံကိလိဋ္ဌ သံကိလေသိကာမှော စသော ဒုတိယပုဒ် တတိယပုဒ်တို့ကို ပဌမပုဒ်၌ ထုတ်ဆိုခဲ့သော နည်းအတိုင်း သိထိုက်သည်ဟု မုချတိုက်ရိုက် မဟုတ်သော (ဆောင်၍ သိအပ်သော)နေယျတ္ထကို ပြလိုသောကြောင့် (ဝါ) သံသယတ္ထကို ပြလိုသောကြောင့် ဝေဒိတဗ္ဗသဒ္ဒါ ထားသည်။

(အညွှန်းစကားသည် တိုက်ရိုက် ပြောပြသည့် စကားလောက် မတိကျ (သန္နိဋ္ဌာန်မဖြစ်)၊ ဆောင်၍ သိအပ်သော စကားဖြစ်၍ (ပဌမပုဒ်နှင့်အလုံးစုံတူသည် မဟုတ်၊ ယူသင့်သည်ကိုယူ၊ ပယ်သင့်သည်ကိုပယ်၍ နည်းမှီယူရသောကြောင့် သံသယသဘော သက်ရောက်သည်။)

## သံသယတ္ထမဟုတ်သောဝေဒိတဗ္ဗ

ဝုတ္တာဝသေသာ တိကဒုကာ သဗ္ဗေပိ နိပ္ပဒေသာတိ ဝေဒိတဗ္ဗာ။ (ဋ္ဌ-၈၀)

သပ္ပဒေသတိက်.ဒုတ်မှတစ်ပါးကျန်သောတိက်.ဒုတ်အားလုံးတို့ကို နိပ္ပဒေသတိက်ဒုတ်ဟူ၍ မှတ်ရမည်ဟူသောဤစကားသည် မုချဆက်ဆက် အတိအကျ မှတ်ရမည့် အနက်ဖြစ်၍ သံသယတ္ထ သဘောမရှိ၊ သန္နိဋ္ဌာန်ကျ မှတ်ရသော သန္နိဋ္ဌာနတ္ထသဘောသာ ရှိသည်။ ထို့ကြောင့် ဝေဒိတဗ္ဗ တွေ့တိုင်း သံသယတ္ထကို ပြလိုသောကြောင့်ဟု မဆိုနိုင်ပေ။

သို့သော် စာမေးပွဲ ဖြေဆိုရာ၌ကား ဆိုခဲ့ပြီးသော "ဝေဒိတဗ္ဗံကား သံသယ" ဟူသော ယောဇနာယျနိယံနှင့်အညီ ဖြေဆိုမှ အမှတ်ရနိုင်ဖွယ်

http://www.dhammadownload.com


ရှိပေသည်။

## သိဒ္ဓေါသဒ္ဒါ ထားရခြင်းအကြောင်း

* ကာယကမ္မံ ပန ကာယဒွါရမှိယေဝ ဗဟုလံ ပဝတ္တတိ၊ အပ္ပံ ဝစီဒွါရေ၊ တသ္မာ ကာယဒွါရေ ဗဟုလံ ပဝတ္တိတော တေသာ ကာယကမ္မဘာဝေါ သိဒ္ဓေါ။ (၄-၁၈၂)

ကာယကံသည် ကာယဒွါရ၌သာ များစွာဖြစ်၏။ ဝစီဒွါရ၌ အနည်းငယ်သာ ဖြစ်၏။ ထိုသို့ ကာယဒွါရ၌ များစွာဖြစ်သောကြောင့် ထိုကာယကံ၏ ကာယကံအဖြစ် (ကာယကံအမည်)သည် ပြီးစီး၏ဟု စကားကျ အဓိပ္ပာယ်ကို ပြလိုသောကြောင့် (ဝါ) ဗဟုလံ ပဝတ္တိတောဟူသော အကြောင်းပြ စကားရပ်၏ စကားကျ အဓိပ္ပာယ်ကို ပြလိုသောကြောင့် သိဒ္ဓေါထားသည်။

## ဖြေနည်း မစက်ခဲ

ဤဝေဒိတဗ္ဗ,ဒဋ္ဌဗ္ဗ,သိဒ္ဓ ထားရခြင်းအကြောင်းတို့ကို ဖြေဆိုရာ၌ ပါဠိရှိသည့်အတိုင်း စကားပြေရေးပြီး အဆုံးတွင် "ဤသို့ မုချတ္ထ, နီတတ္ထ, သန္နိဋ္ဌာနတ္ထတို့ကို ပြလိုသောကြောင့် ဒဋ္ဌဗ္ဗသဒ္ဒါထားသည်။ ဤသို့ အတိအကျ မဟုတ်သော ဥပစာရတ္ထ၊ နေယျတ္ထ၊ သံသယတ္ထတို့ကို ပြလိုသောကြောင့် ဝေဒိတဗ္ဗသဒ္ဒါထားသည်။ ဤသို့သော စကားကျ အနက်အဓိပ္ပာယ်ကို ပြလိုသောကြောင့် သိဒ္ဓထားသည်"ဟု ရေးလိုက်လျှင် လိုအပ်သောအဖြေ ပြည့်စုံနိုင်သည်။

## နံပါတ် (၉) အတွက် လက္ခဏာဒိစတုက္ကများ

**စိတ္တံ ။** ။ဝိဇာနနလက္ခဏံ၊ ပုဗ္ဗင်္ဂမရသံ၊ သန္ဓဟနပစ္စုပဋ္ဌာနံ၊ နာမရူပပဒဋ္ဌာနံ။

**စေတသိကံ။** ။စိတ္တနိဿိတလက္ခဏံ၊ စိတ္တေန အဝိယောဂုပ္ပါဒရသံ၊ (သကလသံယဋ္ဌာ နဘာဝနာဒိရသံ ဝါ) စိတ္တေကာရမ္မဏ

http://www.dhammadownload.com


ပစ္စုပဋ္ဌာန်၊ စိတ္တုပ္ပါဒ ပဒဋ္ဌာန်။ (ဝိညာဏ ပဒဋ္ဌာန်) (အာပါထဂတ ဝိသယ ပဒဋ္ဌာန် ဝါ)

**ရုပ်** ။ ။ရုပ္ပနလက္ခဏ်၊ ဝိကိရဏရသ်၊ အဗျာကတ ပစ္စုပဋ္ဌာန်၊ (သန္တာန ပစ္စုပဋ္ဌာန် ဝါ) ဝိညာဏ ပဒဋ္ဌာန်။

**နိဗ္ဗာန်** ။ ။သန္တိလက္ခဏ်၊ အစ္စုတိရသ်၊ အနိမိတ္တ ပစ္စုပဋ္ဌာန်။ (နလဗ္ဘတိ ပဒဋ္ဌာန်)

**ကုသလ်**။ ။အနဝဇ္ဇသုခဝိပါကလက္ခဏ်၊ အကုသလဝိဒ္ဓံသန ရသ်၊ ဝေါဒါန ပစ္စုပဋ္ဌာန်။ ယောနိသော မနသိကာရပဒဋ္ဌာန်။

**ကုသလ်**။ ။အနဝဇ္ဇလက္ခဏ်၊ ဝေါဒါနဘာဝရသ်၊ ဣဋ္ဌဝိပါက ပစ္စုပဋ္ဌာန်၊ ယောနိသော မနသိကာရ ပဒဋ္ဌာန်။

**အကုသလ်**။ ။သာဝဇ္ဇဒုက္ခဝိပါက လက္ခဏ်၊ ကုသလ ပဋိပက္ခရသ်၊ (အနတ္ထဇနနရသ် ဝါ) ကာလုသိယ ပစ္စုပဋ္ဌာန်၊ (သံကိလေသ ပစ္စုပဋ္ဌာန် ဝါ) အယောနိသော မနသိကာရ ပဒဋ္ဌာန်။

**ဝိပါက်** ။ ။အဝိပါကလက္ခဏ်၊ (ဝိပါကလက္ခဏ်ဝါ၊ ဝိဇာနန လက္ခဏ် ဝါ) ဝိပစ္စနရသ်၊ သန္တာန ပစ္စုပဋ္ဌာန်၊ အာပါထဂတ ဝိသယ ပဒဋ္ဌာန်။

**ကြိယာ** ။ ။ကရဏမတ္တ လက္ခဏာ၊ ဝိဇာနနရသာ၊ (ဇဝနရသာ ဝါ)၊ သန္တာန ပစ္စုပဋ္ဌာနာ၊ အာပါထဂတဝိသယ ပဒဋ္ဌာနာ၊ (အရဟတ္တဖလပဒဋ္ဌာနာ ဝါ) (ဟဒယဝတ္ထု ပဒဋ္ဌာနာ ဝါ၊ နိရာနုသယသန္တာန ပဒဋ္ဌာနာ ဝါ)

**စက္ခုဝိညာဏ်** ။ ။စက္ခုသန္နိဿိတ၊ ရူပဝိဇာနနလက္ခဏ်၊ ရူပမတ္တာရမ္မဏ ရသ်၊ ရူပါဘိမုခဘာဝ ပစ္စုပဋ္ဌာန်၊ ရူပါရမ္မဏာယ ကိရိယမနောဓာတုယာ အပဂမ ပဒဋ္ဌာန်။

**သောတဝိညာဏ်**။ ။သောတသန္နိဿိတ သဒ္ဒဝိဇာနန လက္ခဏ်၊ သဒ္ဒမတ္တာရမ္မဏရသ်၊ သဒ္ဒါဘိမုခဘာဝပစ္စုပဋ္ဌာန်၊ သဒ္ဒါရမ္မဏာယ

http://www.dhammadownload.com



ကိရိယမနောဓာတုယာ အပဂမ ပဒဋ္ဌာနံ။

**ဃာနဝိညာဏံ** ။ ။ဃာနသန္နိဿိတ ဂန္ဓဝိဇာနန လက္ခဏံ၊ ဂန္ဓမတ္တာရမ္မဏ ရသံ၊ ဂန္ဓာဘိမုခဘာဝ ပစ္စုပဋ္ဌာနံ၊ ဂန္ဓာရမ္မဏ ကိရိယ မနောဓာတုယာ အပဂမ ပဒဋ္ဌာနံ။

**ဇိဝှာဝိညာဏံ** ။ ။ဇိဝှာသန္နိဿိတ ရသဝိဇာနန လက္ခဏံ၊ ရသမတ္တာရမ္မဏရသံ၊ ရသာဘိမုခဘာဝ ပစ္စုပဋ္ဌာနံ၊ ရသာရမ္မဏ ကိရိယ မနောဓာတုယာ အပဂမပဒဋ္ဌာနံ။

**ကာယဝိညာဏံ**။ ။ကာယသန္နိဿိတ ဖောဋ္ဌဗ္ဗဝိဇာနန လက္ခဏံ၊ ဖောဋ္ဌဗ္ဗ မတ္တာရမ္မဏရသံ၊ ဖောဋ္ဌဗ္ဗာဘိမုခဘာဝ ပစ္စုပဋ္ဌာနံ၊ ဖောဋ္ဌဗ္ဗာရမ္မဏ ကိရိယ မနောဓာတုယာ အပဂမပဒဋ္ဌာနံ။

**သမ္ပဋိစ္ဆန်** ။ ။စက္ခုဝိညာဏာဒီနံ အနန္တရံ ရူပါဒိဝိဇာနန လက္ခဏံ၊ ရူပါဒီနံ သမ္ပဋိစ္ဆန ရသံ၊ တထာဘာဝ ပစ္စုပဋ္ဌာနံ၊ စက္ခုဝိညာဏာဒိ အပဂမပဒဋ္ဌာနံ။

**သန္တီရဏ်** ။ ။ဆဠာရမ္မဏ ဝိဇာနန လက္ခဏံ၊ သန္တီရဏာဒိရသံ၊ တထာဘာဝ ပစ္စုပဋ္ဌာနံ၊ ဟဒယ ဝတ္ထုပဒဋ္ဌာနံ။

**မနောဓာတု** ။ ။စက္ခုဝိညာဏာဒီနံ အနန္တရံ ရူပါဒိဝိဇာနနလက္ခဏာ၊ ရူပါဒီနံ သမ္ပဋိစ္ဆနရသာ၊ တထာဘာဝပစ္စုပဋ္ဌာနာ၊ စက္ခုဝိညာဏာဒိ အပဂမပဒဋ္ဌာနာ။

**အဟေတုကဝိပါကာ မနောဝိညာဏဓာတု**။ ။ ဆဠာရမ္မဏ ဝိဇာနန လက္ခဏာ၊ သန္တီရဏာဒိရသာ၊ တထာဘာဝ ပစ္စုပဋ္ဌာနာ၊ ဟဒယဝတ္ထုပဒဋ္ဌာနာ။

**မနောဝိညာဏဓာတု**။ ။ (အာရမ္မဏ) ဝိဇာနန လက္ခဏာ၊ ပုဗ္ဗင်္ဂမ ရသာ၊ သန္ဓဟာန ပစ္စုပဋ္ဌာနာ၊ နာမရူပ ပဒဋ္ဌာနာ၊ (ဟဒယ ဝတ္ထုပဒဋ္ဌာနာ ဝါ)။

**အဟေတုက ဝိပါကစိတ္တံ**။ ။အဝိပါက လက္ခဏံ၊ (ဝိဇာနန လက္ခဏံ ဝါ) ဝိပစ္စနာဒိရသံ၊ သန္တာနာဒိ ပစ္စုပဋ္ဌာနံ၊ အာပါထဂတ

http://www.dhammadownload.com



ဝိသယ ပဒဋ္ဌာန်။

**မဟာဝိပါကစိတ္တံ။** ။ဆဠာရမ္မဏ ဝိဇာနန လက္ခဏံ၊ တဒါရမ္မဏာဒိ ရသံ၊ တထာဘာဝ ပစ္စုပဋ္ဌာန်၊ ဟဒယဝတ္ထု ပဒဋ္ဌာန်။

**ရူပါဝစရ ဝိပါကစိတ္တံ။** ။ပထဝီကသိဏာဒိပညတ္တာရမ္မဏဝိဇာနန လက္ခဏံ၊ ပဋိသန္ဓိအာဒိ ရသံ၊ တထာဘာဝ ပစ္စုပဋ္ဌာန်၊ ဟဒယဝတ္ထု ပဒဋ္ဌာန်။

**အာကာသာနဉ္စာယတန ဝိပါကစိတ္တံ။** ။အာကာသဝဇ္ဇိတ ကသိဏေသု ယံကိဉ္စိ ကသိဏံ ဥဂ္ဃါဋေတွာလဒ္ဓမာကာသ ပညတ္တာရမ္မဏ ဝိဇာနန လက္ခဏံ၊ ပဋိသန္ဓိအာဒိရသံ၊ တထာဘာဝ ပစ္စု-ပဋ္ဌာန်၊ အာရမ္မဏ ပဒဋ္ဌာန်။

**ဝိညာဏဉ္စာယတန ဝိပါကစိတ္တံ။** ။အာကာသာနဉ္စာယတန ကုသလ စိတ္တာရမ္မဏ ဝိဇာနန လက္ခဏံ၊ ပဋိသန္ဓိအာဒိရသံ၊ တထာ ဘာဝ ပစ္စုပဋ္ဌာန်၊ အာရမ္မဏ ပဒဋ္ဌာန်။

**အာကိဉ္စညာယတနဝိပါကစိတ္တံ။** ။နတ္ထိဘာဝပညတ္တာရမ္မဏဝိဇာနနလက္ခဏံ၊ ပဋိသန္ဓိအာဒိ ရသံ၊ တထာဘာဝ ပစ္စုပဋ္ဌာန်၊ အာရမ္မဏ ပဒဋ္ဌာန်။

**နေဝသညာ နာသညာယတန ဝိပါကစိတ္တံ။** ။ အာကိဉ္စညာ ယတန ကုသလ စိတ္တာရမ္မဏ ဝိဇာနန လက္ခဏံ၊ ပဋိသန္ဓိအာဒိ ရသံ၊ တထာဘာဝ ပစ္စုပဋ္ဌာန်၊ အာရမ္မဏ ပဒဋ္ဌာန်။

**အရူပါဝစရ ဝိပါကစိတ္တံ။** ။ (ယထာရဟံ) သကသက အာရမ္မဏ ဝိဇာနန လက္ခဏံ၊ ပဋိသန္ဓိအာဒိရသံ၊ တထာဘာဝ ပစ္စုပဋ္ဌာန်၊ အာရမ္မဏ ပဒဋ္ဌာန်။

**မဟဂ္ဂတဝိပါကံ။** ။ (ယထာရဟံ) သကသကအာရမ္မဏ ဝိဇာနန လက္ခဏံ၊ ပဋိသန္ဓိအာဒိ ရသံ၊ တထာဘာဝ ပစ္စုပဋ္ဌာန်၊ အာရမ္မဏ ပဒဋ္ဌာန်။

**လောကိယဝိပါကံ။** ။အဝိပါက လက္ခဏံ၊ (ဝိဇာနန လက္ခဏံ ဝါ)

http://www.dhammadownload.com



ဝိပစ္စနာဒိရသံ၊ သန္တာန ပစ္စုပဋ္ဌာနံ၊ (တထာဘာဝ ပစ္စုပဋ္ဌာနံ ဝါ) အာပါထဂတဝိသယ ပဒဋ္ဌာနံ ဝါ။

**လောကုတ္တရ ဝိပါကစိတ္တံ။** ။နိဗ္ဗာနာရမ္မဏ ဝိဇာနန လက္ခဏံ၊ ဇဝနရသံ၊ တထာဘာဝ ပစ္စုပဋ္ဌာနံ၊ အာရမ္မဏ ပဒဋ္ဌာနံ။

**ပဉ္စဒွါရာဝဇ္ဇနစိတ္တံ။** ။စက္ခုဝိညာဏာဒိ ပုရေစရရူပါဒိ (ပဉ္စာရမ္မဏ) ဝိဇာနန လက္ခဏံ၊ အာဝဇ္ဇနရသံ၊ ရူပါဒိအာဘိမုခဘာဝ ပစ္စုပဋ္ဌာနံ၊ ဘဝင်္ဂဝိစ္ဆေဒ ပဒဋ္ဌာနံ၊ (ဟဒယဝတ္ထုပဒဋ္ဌာနံ ဝါ)

**မနောဒွါရာဝဇ္ဇနစိတ္တံ။** ။ ဆဠာရမ္မဏ (သဗ္ဗာရမ္မဏ) ဝိဇာနန လက္ခဏံ၊ အာဝဇ္ဇနာဒိ ရသံ၊ တထာဘာဝ ပစ္စုပဋ္ဌာနံ၊ အာရမ္မဏ ပဒဋ္ဌာနံ။

**ဟသိတုပ္ပါဒစိတ္တံ။** ။(ကာမာဝစရ) ဆဠာရမ္မဏ ဝိဇာနန လက္ခဏံ၊ ဇဝနရသံ၊ တထာဘာဝ ပစ္စုပဋ္ဌာနံ၊ အာရမ္မဏ ပဒဋ္ဌာနံ၊ (ဟဒယဝတ္ထုပဒဋ္ဌာနံ ဝါ)

**အဟေတုကကြိယာစိတ္တံ။** ။ကရဏမတ္တလက္ခဏံ၊ (အာရမ္မဏ ဝိဇာနန လက္ခဏံ ဝါ) အာဝဇ္ဇနာဒိရသံ၊ သန္တာန ပစ္စုပဋ္ဌာနံ၊ (တထာဘာဝ ပစ္စုပဋ္ဌာနံ ဝါ) အာပါထဂတ ဝိသယ ပဒဋ္ဌာနံ ဝါ)

**မဟာကြိယာစိတ္တံ။** ။ ဆဠာရမ္မဏ ဝိဇာနန လက္ခဏံ၊ ဇဝန ရသံ၊ တထာဘာဝ ပစ္စုပဋ္ဌာနံ၊ ဟဒယဝတ္ထုပဒဋ္ဌာနံ။

**ရူပါဝစရကြိယာစိတ္တံ။** ။ပထဝီကသိဏာဒိ ပညတ္တာရမ္မဏဝိဇာနန လက္ခဏံ၊ ဇဝနရသံ၊ တထာဘာဝ ပစ္စုပဋ္ဌာနံ၊ ဟဒယဝတ္ထုပဒဋ္ဌာနံ။

**အရူပါဝစရကြိယာစိတ္တံ။** ။ကသိဏုဂ္ဃာဋိမာကာသာဒိပညတ္တာရမ္မဏံ၊ ဝိဇာနန လက္ခဏံ ဝါ၊ ဇဝနရသံ၊ တထာဘာဝပစ္စုပဋ္ဌာနံ၊ ဟဒယဝတ္ထု ပဒဋ္ဌာနံ၊ (အာရမ္မဏပဒဋ္ဌာနံ ဝါ)

**မဟဂ္ဂတကြိယာစိတ္တံ။** ။(ယထာရဟံ) သကသက အာရမ္မဏ ဝိဇာနန လက္ခဏံ၊ ဇဝနရသံ၊ တထာဘာဝ ပစ္စုပဋ္ဌာနံ၊ အာရမ္မဏ ပဒဋ္ဌာနံ၊ (ဟဒယဝတ္ထု ပဒဋ္ဌာနံ ဝါ)

http://www.dhammadownload.com



**လောကီယကြိယာစိတ္တံ** ။ ။(ယထာရဟံ) ဆဋ္ဌာရမ္မဏ ဝိဇာနန လက္ခဏံ၊(ယထာရဟံ) အာဝဇ္ဇနဇဝနာဒိရသံ၊ တထာဘာဝ ပစ္စုပဋ္ဌာနံ၊ အာရမ္မဏပဒဋ္ဌာနံ (ဟဒယဝတ္ထုပဒဋ္ဌာနံ ဝါ)

**အဗျာကတာ** ။ ။အဝိပါက လက္ခဏာ၊ (ယထာရဟံ) ဝိပစ္စနဇဝနာဒိ ရသာ၊ သန္တာန ပစ္စုပဋ္ဌာနာ၊ (တထာဘာဝ ပစ္စုပဋ္ဌာနာ ဝါ) အာရမ္မဏာဒိ ပဒဋ္ဌာနာ (နာမရူပ ပဒဋ္ဌာနာ ဝါ)

## အညသမာန်း စေတသိက်များ

**ဖဿော** ။ ။ဖုသန လက္ခဏော၊ သံဃဋ္ဋနရသော၊ သန္နိပါတ ပစ္စုပဋ္ဌာနော၊ အာပါထဂတဝိသယ ပဒဋ္ဌာနော။

**ဝေဒနာ** ။ ။ဝေဒယိတ လက္ခဏာ၊ အနုဘဝန ရသာ၊(ဣဋ္ဌာ ကာရ သမ္ဘောဂရသာ ဝါ) စေတသိက အဿာဒ ပစ္စုပဋ္ဌာနာ၊ ပဿဒ္ဓိပဒဋ္ဌာနာ၊

**သုခဝေဒနာ** ။ ။ဝေဒယိတလက္ခဏာ၊ အနုဘဝနရသာ၊ စေတသိက အဿာဒ ပစ္စုပဋ္ဌာနာ ပဿဒ္ဓိပဒဋ္ဌာနာ။

**သုခံ** ။ ။ဝေဒယိတလက္ခဏံ၊ အနုဘဝနရသံ၊ စေတသိက အဿာဒပစ္စုပဋ္ဌာနံ၊ ပဿဒ္ဓိပဒဋ္ဌာနံ။

**(တစ်နည်း)သုခံ**။ ။သာတလက္ခဏံ၊ သမ္ပယုတ္တာနံ ဥပဗြူဟန ရသံ၊ အနုဂ္ဂဟ ပစ္စုပဋ္ဌာနံ၊ ပဿဒ္ဓိပဒဋ္ဌာနံ။

**ကာယိကသုခဝေဒနာ**။ ။ဣဋ္ဌဖောဋ္ဌဗ္ဗာရမ္မဏာနုဘဝန လက္ခဏာ၊ သမ္ပ-ယုတ္တာနံ ဥပဗြူဟန ရသာ၊ ကာယိက အဿာဒ ပစ္စုပဋ္ဌာနာ၊ ကာယိန္ဒြိယပဒဋ္ဌာနာ၊

**ဒုက္ခဝေဒနာ** ။ ။အနိဋ္ဌာနုဘဝနလက္ခဏာ၊(အနိဋ္ဌဖောဋ္ဌဗ္ဗာရမ္မဏာ နုဘဝနလက္ခဏာ)။ သမ္ပယုတ္တာနံ မိလာပနရသာ။ ကာယိကာဗာဓပစ္စုပဋ္ဌာနာ။ ကာယိန္ဒြိယ ပဒဋ္ဌာနာ။

**သောမနဿဝေဒနာ**။ ။ဣဋ္ဌာရမ္မဏာနုဘဝန လက္ခဏာ၊ (သာတလက္ခဏာ ဝါ) ဣဋ္ဌာကာရသမ္ဘောဂရသာ၊(သမ္ပယုတ္တာနံ

http://www.dhammadownload.com



ဥပဗြူဟနရသာ ဝါ)။ စေတသိက အဿာဒ ပစ္စု-ပဋ္ဌာနာ (အနုဂ္ဂဟ ပစ္စုပဋ္ဌာနာဝါ) ပဿဒ္ဓိပဒဋ္ဌာနာ။

**သောမနဿံ** ။ ။ဣဋ္ဌာရမ္မဏာနုဘဝနလက္ခဏံ (စသည်လိင်ပြင်၍ ထုတ်)

**ဒေါမနဿ ဝေဒနာ။** ။အနိဋ္ဌာရမ္မဏာနုဘဝန လက္ခဏာ၊ ယထာဝါ တထာဝါအနိဋ္ဌာကာရ သမ္ဘောဂရသာ၊ စေတသိကာဗာဓ ပစ္စုပဋ္ဌာနာ၊ ဟဒယဝတ္ထုပဒဋ္ဌာနာ။

**ဥပေက္ခာဝေဒနာ။** ။ဣဋ္ဌာနိဋ္ဌဝိပရီတာနုဘဝနလက္ခဏာ၊ မဇ္ဈတ္တရသာ၊ အဝိဘူတ ပစ္စုပဋ္ဌာနာ၊ သုခနိရောဓပဒဋ္ဌာနာ။

**ဈာနုပေက္ခာ** ။ ။မဇ္ဈတ္တလက္ခဏာ၊ အနာဘောဂရသာ၊ အဗျာပါဒ ပစ္စုပဋ္ဌာနာ၊ ပီတိ ဝိရာဂပဒဋ္ဌာနာ။

**ဗြဟ္မဝိဟာရုပေက္ခာ** ။ ။သတ္တေသုမဇ္ဈတ္တာကာရပဝတ္တိလက္ခဏာ၊ သတ္တေသု သမဘာဝ ဒဿနရသာ၊ ပဋိဃာနုနယ ဝူပသမ ပစ္စုပဋ္ဌာနာ၊ ပဝတ္တကမ္မဿကတာဒဿန ပဒဋ္ဌာနာ။

**သညာ** ။ ။သဉ္ဇာနန လက္ခဏာ၊ ပစ္စာဘိညာဏရသာ၊ (ပုန သဉ္ဇာနန ပစ္စယနိမိတ္တကရဏ ရသာ ဝါ)၊ ယထာ ဂဟိတ နိမိတ္တဝသေန အဘိနိဝေသကရဏ ပစ္စုပဋ္ဌာနာ၊ (အစိရဋ္ဌာန ပစ္စုပဋ္ဌာနာ ဝါ)၊ ယထာ ဥပဋ္ဌိတဝိသယ ပဒဋ္ဌာနာ။

**စေတနာ** ။ ။စေတယိတ လက္ခဏာ၊ အာယူဟန ရသာ၊ သံ-ဝိဒဟန ပစ္စုပဋ္ဌာနာ၊ယထာဥပဋ္ဌိတဝိသယ ပဒဋ္ဌာနာ (ဝိညာဏ ပဒဋ္ဌာနာ ဝါ)

**ဧကဂ္ဂတာ** ။ ။ အဝိသာရလက္ခဏာ၊ အဝိက္ခေပ လက္ခဏာ ဝါ၊ ပါမောက္ခလက္ခဏာ ဝါ၊ သဟဇာတာနံ သမ္ပိဏ္ဍန ရသာ၊ ဥပသမ ပစ္စုပဋ္ဌာနာ၊ (ဉာဏပစ္စုပဋ္ဌာနာ ဝါ)၊ သုခပဒဋ္ဌာနာ။

http://www.dhammadownload.com



**ဇီဝိတိန္ဒြိယံ** ။ ။အတ္တနာ အဝိနိဗ္ဘုတ္တာနံ ဓမ္မာနံ အနုပါလန လက္ခဏံ၊ တေသံ ပဝတ္တန ရသံ၊ တေသံ ဌပန ပစ္စုပဋ္ဌာနံ၊ ယာပယိတဗ္ဗဓမ္မပဒဋ္ဌာနံ။

**မနသိကာရော** ။ ။သာရဏလက္ခဏော၊ သမ္ပယုတ္တာနံ အာရမ္မဏေ သမ္ပယောဇနရသော၊ အာရမ္မဏာဘိမုခဘာဝ ပစ္စုပဋ္ဌာနော၊ အာရမ္မဏပဒဋ္ဌာနော။

**ဝိတက္ကော** ။ ။အာရမ္မဏေ စိတ္တဿ အဘိနိရောပန လက္ခဏော၊ (အာကောဋ္ဋနလက္ခဏော ဝါ)၊ အာဟနန ပရိယာဟနန ရသော၊ အာရမ္မဏေ စိတ္တဿ အာနယန ပစ္စုပဋ္ဌာနော၊ ဝိညာဏပဒဋ္ဌာနော၊ (အာပါထ ဂတ ဝိသယ ပဒဋ္ဌာနော ဝါ)

**ဝိစာရော** ။ ။အာရမ္မဏာနုမဇ္ဇနလက္ခဏော၊ တတ္ထသဟဇာတာ နုယောဇနရသော၊ စိတ္တဿအနုပ္ပဗန္ဓပစ္စုပဋ္ဌာနော၊ ဝိညာဏပဒဋ္ဌာနော။

**အဓိမောက္ခော** ။ ။သန္နိဋ္ဌာန လက္ခဏော၊ အသံသပ္ပန ရသော၊ နိစ္ဆယ ပစ္စုပဋ္ဌာနော၊ သန္နိဋ္ဌာတဗ္ဗဓမ္မ ပဒဋ္ဌာနော။

**ဝီရိယံ** ။ ။ဥပတ္ထမ္ဘနလက္ခဏံ၊ (ပဂ္ဂဟလက္ခဏံ၊ ဥဿာဟ လက္ခဏံ ဝါ)၊ သဟဇာတာနံ ဥပတ္ထမ္ဘန ရသံ၊ အသံသီဒနဘာဝ ပစ္စုပဋ္ဌာနံ၊ သံဝေဂ ပဒဋ္ဌာနံ၊ (ဝီရိယာရမ္ဘဝတ္ထုပဒဋ္ဌာနံ ဝါ)

**ပီတိ** ။ ။သမ္ပိယာယနလက္ခဏာ၊ ကာယစိတ္တပီဏနရသာ၊ (ဖရဏရသာ ဝါ)၊ ဩဒဂျ ပစ္စုပဋ္ဌာနာ၊ ဝိညာဏ ပဒဋ္ဌာနာ။

**ဆန္ဒော** ။ ။ကတ္တုကမျတာ လက္ခဏော၊ အာရမ္မဏပရိယေသန ရသော၊ အာရမ္မဏေနအတ္ထိကတာ ပစ္စုပဋ္ဌာနော၊ တဒေဝဿပဋ္ဌာနော၊ (အာရမ္မဏ ပဒဋ္ဌာနော ဝါ)။

http://www.dhammadownload.com



## အကုသိုလ်စေတသိက်များ

**မောဟော** ။ ။ စိတ္တဿ အန္ဓဘာဝ လက္ခဏော၊ (အညာဏ လက္ခဏော ဝါ)၊ အသမ္ပဋိဝေဓရသော၊ (အာရမ္မဏ သဘာဝစ္ဆာဒန ရသော ဝါ)၊ အသမ္မာပဋိပတ္တိ ပစ္စုပဋ္ဌာနော၊ (အန္ဓကာရ ပစ္စုပဋ္ဌာနော ဝါ)၊ အယောနိသောမနသိကာရပဒဋ္ဌာနော။

**အဟိရိကံ** ။ ။ ကာယဒုစ္စရိတာဒီဟိအဇိဂုစ္ဆနလက္ခဏံ၊ (အလဇ္ဇာ လက္ခဏံ ဝါ)၊ အဇိဂုစ္ဆနာကာရေန ပါပါနံ ကရဏ ရသံ၊ ပါပတော အသင်္ကောစန ပစ္စုပဋ္ဌာနံ၊ အတ္တ အဂါရဝ ပဒဋ္ဌာနံ။

**အနောတ္တပ္ပံ** ။ ။ ကာယဒုစ္စရိတာဒီဟိ အသာရဇ္ဇန လက္ခဏံ၊ (အနုတ္တာသနလက္ခဏံဝါ)၊ အနုတ္တာသနာကာရေန ပါပါနံကရဏ ရသံ၊ ပါပတော အသင်္ကောစန ပစ္စုပဋ္ဌာနံ၊ ပရေသု အဂါရဝ ပဒဋ္ဌာနံ။

**ဥဒ္ဓစ္စံ** ။ ။ စေတသော အဝူပသမ လက္ခဏံ၊ အနဝဋ္ဌာန ရသံ၊ ဘန္တတ္တပစ္စုပဋ္ဌာနံ၊ စေတသော အဝူပသမေ အယောနိသောမနသိကာရ ပဒဋ္ဌာနံ။

**လောဘော** ။ ။ အာရမ္မဏဂ္ဂဟနလက္ခဏော၊ အဘိသင်္ဂရသော၊ အပရိစ္စာဂ ပစ္စုပဋ္ဌာနော၊ သံယောဇနိယဓမ္မေသု အဿာဒ ဒဿန ပဒဋ္ဌာနော။

**အဘိဇ္ဈာ** ။ ။ ပရသမ္ပတ္တီနံ သကကရဏ ဣစ္ဆာလက္ခဏာ၊ တေနာကာရေန သေနာဘာဝရသာ၊ ပရသမ္ပတ္တီနံ အဘိမုခဘာဝပစ္စုပဋ္ဌာနာ၊ ပရသမ္ပတ္တီသု အဘိရတိ ပဒဋ္ဌာနာ။

**ဒိဋ္ဌိ** ။ ။ အယောနိသော အဘိနိဝေသ လက္ခဏာ၊ ပရာမာသ ရသာ၊ မိစ္ဆာဘိနိဝေသ ပစ္စုပဋ္ဌာနာ၊ အရိယာနံ

http://www.dhammadownload.com



အဒဿန ကာမတာဒိ ပဒဋ္ဌာနာ။

**မာနော** ။ ။ဥန္နတိလက္ခဏော၊ သမ္ပဂ္ဂဟရသော၊ ကေတုကမျတာ ပစ္စုပဋ္ဌာနော၊ ဒိဋ္ဌိဝိပ္ပယုတ္တ ပဒဋ္ဌာနော။

**ဒေါသော** ။ ။စဏ္ဍိက္ကလက္ခဏော၊ ဝိသပ္ပနရသော၊ (အတ္တနော နိဿယဒဟန ရသော ဝါ) ဒုဿန ပစ္စုပဋ္ဌာနော၊ အာဃာတဝတ္ထု ပဒဋ္ဌာနော။

**ဗျာပါဒေါ** ။ ။ပရဝိနာသာယမနောပဒေါသလက္ခဏော၊ ဝိသပ္ပန ရသော၊ ဒုဿန ပစ္စုပဋ္ဌာနော၊ အာဃာတဝတ္ထု ပဒဋ္ဌာနော။

**ဣဿာ** ။ ။ပရသမ္ပတ္တီနံ ဥသူယန လက္ခဏာ၊ တတ္ထေဝ အနဘိရတိ ရသာ၊ တတော ဝိမုခဘာဝပစ္စုပဋ္ဌာနာ၊ ပရသမ္ပတ္တိ ပဒဋ္ဌာနာ။

**မစ္ဆရိယံ** ။ ။အတ္တနော သမ္ပတ္တီနံ နိဂူဟနလက္ခဏံ၊ တာသံယေဝ ပရေဟိ သာဓာရဏဘာဝ အက္ခမနရသံ၊ သင်္ကောစန ပစ္စုပဋ္ဌာနံ၊ (ကဋုကဉ္စုကတာ ပစ္စုပဋ္ဌာနံ ဝါ)၊ အတ္တသမ္ပတ္တိ ပဒဋ္ဌာနံ။

**ကုက္ကုစ္စံ** ။ ။ပစ္ဆာနုတာပ လက္ခဏံ။ ကတာကတာနုသောစန ရသံ၊ ဝိပ္ပဋိသာရ ပစ္စုပဋ္ဌာနံ၊ ကတာကတပဒဋ္ဌာနံ။

**ထိနံ** ။ ။အနုဿာဟ လက္ခဏံ၊ ဝီရိယဝိနောဒန ရသံ၊ သံသီဒန ပစ္စုပဋ္ဌာနံ၊ အရတိတန္ဒီ ဝိဇမ္ဘိတာဒီသု အယောနိသောမနသိကာရ ပဒဋ္ဌာနံ။

**မိဒ္ဓံ** ။ ။အကမ္မညတာ လက္ခဏံ၊ ဩနဟန ရသံ၊ လီနဘာဝပစ္စုပဋ္ဌာနံ (ပစလာယိကာနိဒ္ဒါ ပစ္စုပဋ္ဌာနံ ဝါ)၊ အရတိ တန္ဒီ ဝိဇမ္ဘိတာဒီသု အယောနိသောမနသိကာရ ပဒဋ္ဌာနံ။

**ဝိစိကိစ္ဆာ** ။ ။သံသယလက္ခဏာ၊ ကမ္ပနရသာ၊ အနိစ္ဆယ ပစ္စု-

http://www.dhammadownload.com



ပဋ္ဌာနာ (အနေကံသင်္ဂဟပစ္စုပဋ္ဌာနာ ဝါ) အယောနိသောမနသိကာရ ပဒဋ္ဌာနာ။

## သောဘနစေတသိက်များ

သဒ္ဓါ ။ ။ သမ္ပသာဒနလက္ခဏာ (သမ္ပက္ခန္ဒနလက္ခဏာ ဝါ၊ သဒ္ဒဟနလက္ခဏာ ဝါ၊ ဩကပ္ပနလက္ခဏာ ဝါ)၊ ပသာဒနရသာ၊ (ပက္ခန္ဒနရသာ ဝါ)၊ အကာလုသိယ ပစ္စုပဋ္ဌာနာ၊ (အဓိမုတ္တိ ပစ္စုပဋ္ဌာနာဝါ)၊ သဒ္ဓေယျ ဝတ္ထုပဒဋ္ဌာနာ (သောတာပတ္တိယင်္ဂပဒဋ္ဌာနာ ဝါ)။

သတိ ။ ။ အပိလာပနလက္ခဏာ၊ (ဥပဂ္ဂဏှနလက္ခဏာ ဝါ)၊ အသမ္မောသန ရသာ၊ အာရက္ခ ပစ္စုပဋ္ဌာနာ၊ (ဝိသယာဘိမုခီဘာဝ ပစ္စုပဋ္ဌာနာ ဝါ)၊ ထိရသညာ ပဒဋ္ဌာနာ (ကာယာဒိ သတိပဋ္ဌာန ပဒဋ္ဌာနာ ဝါ)။

ဟိရီ ။ ။ ပါပတောဇိဂုစ္ဆနလက္ခဏာ၊ လဇ္ဇနာကာရေန ပါပါနံ အကရဏရသာ၊ ပါပတောသင်္ကောစန ပစ္စုပဋ္ဌာနာ၊ အတ္တဂါရဝပဒဋ္ဌာနာ။

ဩတ္တပ္ပံ ။ ။ ဥတ္တာသန လက္ခဏံ၊ (ဝဇ္ဇဘီရုက ဘယသာဝိ လက္ခဏံဝါ)၊ ဥတ္တာသနာကာရေန ပါပါနံ အကရဏ ရသံ၊ ပါပတော သင်္ကောစန ပစ္စုပဋ္ဌာနံ၊ ပရဂါရဝ ပဒဋ္ဌာနံ။

အလောဘော ။ ။ အာရမ္မဏေ စိတ္တဿ အဂေဓ လက္ခဏော၊ (အလဂ္ဂဘာဝလက္ခဏော ဝါ) အပရိဂ္ဂဟနရသော အနလ္လီနဘာဝပစ္စုပဋ္ဌာနော၊ ဝိညာဏပဒဋ္ဌာနော။

အဒေါသော ။ ။ အစဏ္ဍိက္က လက္ခဏော၊ (အဝိရောဓလက္ခဏော ဝါ) အာဃာတ ဝိနယ ရသော၊ (ပရိဠာဟ ဝိနယ ရသော ဝါ) သောမ္မဘာဝ ပစ္စုပဋ္ဌာနော၊ ဝိညာဏ

http://www.dhammadownload.com



ပဒဋ္ဌာနော။

**တတြမဇ္ဈတ္တတာ။** ။ စိတ္တစေတသိကာနံ သမဝါဟိတ လက္ခဏာ၊ ဦနာဓိကနိဝါရဏ ရသာ၊ (ပက္ခပါတု ပစ္ဆေဒန ရသာ ဝါ) မဇ္ဈတ္တဘာဝပစ္စုပဋ္ဌာနာ၊ ပီတိဝိယောဂပဒဋ္ဌာနာ။ (ဝိညာဏပဒဋ္ဌာနာ ဝါ)။

**ကာယပဿဒ္ဓိ ။** ။ ကာယဒရထ ဝူပသမ လက္ခဏာ၊ ကာယဒရထ နိမ္မဒ္ဒနရသာ၊ ကာယဿ အပရိပ္ဖန္ဒသီတိဘာဝ ပစ္စုပဋ္ဌာနာ၊ ကာယပဒဋ္ဌာနာ။

**စိတ္တပဿဒ္ဓိ ။** ။ စိတ္တဒရထ ဝူပသမ လက္ခဏာ၊ စိတ္တဒရထ နိမ္မဒ္ဒန ရသာ၊ စိတ္တဿ အပရိပ္ဖန္ဒသီတိဘာဝ ပစ္စုပဋ္ဌာနာ၊ စိတ္တ ပဒဋ္ဌာနာ။

**ကာယလဟုတာ။** ။ ကာယဂရုဘာဝဝူပသမလက္ခဏာ၊ ကာယဂရုဘာဝ နိမ္မဒ္ဒနရသာ၊ ကာယဿ အဒန္ဓတာ ပစ္စုပဋ္ဌာနာ ကာယ ပဒဋ္ဌာနာ။

**စိတ္တလဟုတာ ။** ။ (ကာယနေရာ၌ စိတ္တ ပြောင်းထည့်ပါ။)

**ကာယမုဒုတာ ။** ။ ကာယထဒ္ဓဘာဝ ဝူပသမလက္ခဏာ၊ ကာယထဒ္ဓ ဘာဝ နိမ္မဒ္ဒနရသာ၊ အပ္ပဋိဃာတ ပစ္စုပဋ္ဌာနာ၊ ကာယ ပဒဋ္ဌာနာ။

**စိတ္တမုဒုတာ ။** ။ နည်းမှီသိပါ။

**ကာယကမ္မညတာ။** ။ ကာယဿ ကမ္မညဘာဝ ဝူပသမ လက္ခဏာ၊ ကာယဿ ကမ္မညဘာဝ နိမ္မဒ္ဒနရသာ၊ ကာယဿ အာရမ္မဏ ကရဏသမ္ပတ္တိ ပစ္စုပဋ္ဌာနာ၊ ကာယ ပဒဋ္ဌာနာ။

**စိတ္တကမ္မညတာ။** ။ နည်းမှီသိပါ။

**ကာယပါဂုညတာ။** ။ ကာယဿ အဂေလညဘာဝလက္ခဏာ၊ ကာယ ဂေလည နိမ္မဒ္ဒနရသာ၊ နိရာဒီနဝပစ္စုပဋ္ဌာနာ၊ ကာယ

http://www.dhammadownload.com



ပဒဋ္ဌာနာ။

**စိတ္တပါဂုညတာ ။** ။နည်းမှီသိပါ။

**ကာယုဇုကတာ ။** ။ကာယဿ အဇ္ဇဝလက္ခဏာ ကာယကုဋိလ နိမ္မဒ္ဒန ရသာ၊ အဇိမှတာ ပစ္စုပဋ္ဌာနာ၊ ကာယ ပဒဋ္ဌာနာ။

**စိတ္တုဇုကတာ ။** ။နည်းမှီသိပါ။

**ကာယဒုစ္စရိတ ဝိရတိ။** ။ကာယဒုစ္စရိတဝတ္ထူသု အဝီတိက္ကမ လက္ခဏာ၊ ကာယ ဒုစ္စရိတဝတ္ထုတော သင်္ကောစန ရသာ၊ အကိရိယ ပစ္စုပဋ္ဌာနာ၊ သဒ္ဓါဒိ,ဟိရောတ္တပ္ပ အပ္ပိစ္ဆတာဒိဂုဏ ပဒဋ္ဌာနာ။

**ဝစီဒုစ္စရိတ ဝိရတိ။** ။ဝစီဒုစ္စရိတဝတ္ထူသု အဝီတိက္ကမ လက္ခဏာ၊ ဝစီ ဒုစ္စရိတဝတ္ထုတော သင်္ကောစနရသာ၊ အကိရိယ ပစ္စုပဋ္ဌာနာ၊ သဒ္ဓါဒိ, ဟိရောတ္တပ္ပ အပ္ပိစ္ဆတာဒိဂုဏ ပဒဋ္ဌာနာ။

**မနောဒုစ္စရိတ ဝိရတိ။** ။မနောဒုစ္စရိတဝတ္ထူသု အဝီတိက္ကမ လက္ခဏာ စသည်။

**ဝိရတိယော ။** ။ကာယဒုစ္စရိတာဒိဝတ္ထူနံ အဝီတိက္ကမ လက္ခဏာ၊ ကာယဒုစ္စရိတာဒိ ဝတ္ထုတော သင်္ကောစန ရသာ၊ အကိရိယ ပစ္စုပဋ္ဌာနာ၊ သဒ္ဓါဒိ,ဟိရောတ္တပ္ပ အပ္ပိစ္ဆတာဒိဂုဏပဒဋ္ဌာနာ။

**သမ္မာဝါစာ ။** ။ပရိဂ္ဂဟလက္ခဏာ၊ ဝိရမဏရသာ၊ မိစ္ဆာဝါစပ္ပဟာန ပစ္စုပဋ္ဌာနာ၊ သဒ္ဓါဒိ ။ပ။ ဂုဏပဒဋ္ဌာနာ။

**သမ္မာကမ္မန္တော ။** ။သမုဋ္ဌာန လက္ခဏော၊ ဝိရမဏရသော၊ မိစ္ဆာ ကမ္မန္တပ္ပဟာန ပစ္စုပဋ္ဌာနော၊ သဒ္ဓါဒိ ။ပ။ ဂုဏ ပဒ- ဋ္ဌာနော။

**သမ္မာအာဇီဝေါ ။** ။ဝေါဒါန လက္ခဏော၊ ဝိရမဏ ရသော၊ မိစ္ဆာ

http://www.dhammadownload.com



ဇီဝပွဟာန ပစ္စုပဋ္ဌာနော၊ သဒ္ဓါဒိ၊ပ၊ ဂုဏပဒဋ္ဌာနော။

မေတ္တာ ။ ။ ဟိတာကာရ ပဝတ္တိလက္ခဏာ၊ ဟိတူပသံဟာရ ရသာ အာဃာတဝိနယ ပစ္စုပဋ္ဌာနာ၊ သတ္တာနံ မနာပ ဒဿနဘာဝပဒဋ္ဌာနာ။

ကရုဏာ ။ ။ ဒုက္ခာပနယနာကာရ ပဝတ္တိလက္ခဏာ၊ ပရဒုက္ခာ သဟန ရသာ၊ အဝိဟိံသာ ပစ္စုပဋ္ဌာနာ၊ ဒုက္ခာဘိ ဘူတာနံ အနာထဘာဝ ဒဿန ပဒဋ္ဌာနာ။

မုဒိတာ ။ ။ သတ္တေသု ပမောဒနလက္ခဏာ၊ အနိဿာယန ရသာ၊ အရတိ ဝိဃာတ ပစ္စုပဋ္ဌာနာ၊ သတ္တာနံ သမ္ပတ္တိဒဿန ပဒဋ္ဌာနာ။

ဥပေက္ခာ ။ ။ သတ္တေသု မဇ္ဈတ္တာကာရ ပဝတ္တိ လက္ခဏာ၊ သတ္တေသု သမဘာဝ ဒဿနရသာ၊ ပဋိဃာနုနယ ဝူပသမ ပစ္စုပဋ္ဌာနာ၊ ပဝတ္တကမ္မဿ ကတာဒဿန ပဒဋ္ဌာနာ။

ပညာ ။ ။ ဩဘာသန လက္ခဏာ၊ (ပဇာနနလက္ခဏာ ဝါ၊ ယထာသဘာဝ ပဋိဝေဓလက္ခဏာ ဝါ၊ အက္ခလိတ ပဋိဝေဓလက္ခဏာ ဝါ)၊ ဝိသယောဘာသ ရသာ၊ အသမ္မောဟ ပစ္စုပဋ္ဌာနာ၊ ဝိညာဏ ပဒဋ္ဌာနာ။ (ယောနိသောမနသိကာရပဒဋ္ဌာနာ၊ ယထာဥပဋ္ဌိတ ဝိသယ ပဒဋ္ဌာနာ ဝါ၊ သမာဓိပဒဋ္ဌာနာ ဝါ)။

## ရုပ်တရားတို့၏ လက္ခဏာဒိစတုက္က

ပထဝီဓာတု ။ ။ ကက္ခဠတ္တလက္ခဏာ၊ ပတိဋ္ဌာနရသာ သမ္ပဋိစ္ဆန ပစ္စုပဋ္ဌာနာ၊ သေသဘူတတ္တယ ပဒဋ္ဌာနာ ။

အာပေါဓာတု ။ ။ ပဂ္ဃရဏလက္ခဏာ၊ ဗြူဟနရသာ၊ သင်္ဂဟ ပစ္စုပဋ္ဌာနာ၊ သေသဘူတတ္တယ ပဒဋ္ဌာနာ။

http://www.dhammadownload.com



**တေဇောဓာတု** ။ ။ဥဏှတ္တလက္ခဏာ၊ ပရိပါစနရသာ၊ မဒ္ဒဝါနုပ္ပါဒန ပစ္စုပဋ္ဌာနာ၊ သေသဘူတတ္တယပဒဋ္ဌာနာ။

**ဝါယောဓာတု** ။ ။ဝိတ္ထမ္ဘန လက္ခဏာ၊ သမုဒီရဏ ရသာ၊ အဘိနီဟာရ ပစ္စုပဋ္ဌာနာ၊ သေသဘူတတ္တယပဒဋ္ဌာနာ။

**စက္ခု** ။ ။ရူပါဘိဃာတာရဟ ဘူတပ္ပသာဒ လက္ခဏံ။ (ဒဋ္ဌုကာမတာ နိဒါန ကမ္မသမုဋ္ဌာန ဘူတပ္ပသာဒ လက္ခဏံ ဝါ)၊ ရူပေသု အာဝိဉ္ဆနရသံ စက္ခုဝိညာဏဿ အာဓာရဘာဝပစ္စုပဋ္ဌာနံ၊ ဒဋ္ဌုကာမတာ နိဒါန ကမ္မဇ ဘူတပဒဋ္ဌာနံ။

**သောတံ** ။ ။သဒ္ဒါဘိဃာတာရဟ ဘူတပ္ပသာဒ လက္ခဏံ၊ (သောတုကာမတာ နိဒါန ကမ္မသမုဋ္ဌာန ဘူတပ္ပသာဒလက္ခဏံ ဝါ)၊ သဒ္ဒေသု အာဝိဉ္ဆနရသံ သောတဝိညာဏဿ အာဓာရဘာဝ ပစ္စုပဋ္ဌာနံ၊ သောတုကာမတာ နိဒါန ကမ္မဇဘူတ ပဒဋ္ဌာနံ။

**ဃာနံ** ။ ။ဂန္ဓာဘိဃာတာရဟ ဘူတပ္ပသာဒလက္ခဏံ၊ (ဃာယိတုကာမတာ နိဒါနကမ္မသမုဋ္ဌာန ဘူတပ္ပသာဒ လက္ခဏံ ဝါ)၊ ဂန္ဓေသု အာဝိဉ္ဆနရသံ၊ ဃာနဝိညာဏဿ အာဓာရဘာဝပစ္စုပဋ္ဌာနံ၊ ဃာယိတုကာမာတာ နိဒါန ကမ္မဇဘူတပဒဋ္ဌာနံ။

**ဇိဝှာ** ။ ။ရသာဘိဃာတာရဟ ဘူတပ္ပသာဒ လက္ခဏာ၊ (သာယိတုကာမတာ နိဒါန ကမ္မသမုဋ္ဌာန ဘူတပ္ပသာဒ လက္ခဏာဝါ)၊ ရသေသု အာဝိဉ္ဆနရသာ၊ ဇိဝှာဝိညာဏဿ အာဓာရဘာဝပစ္စုပဋ္ဌာနာ၊ သာယိတုကာမတာ နိဒါနကမ္မဇဘူတပဒဋ္ဌာနာ။

**ကာယော** ။ ။ဖောဋ္ဌဗ္ဗာဘိဃာတာရဟဘူတပ္ပသာဒလက္ခဏော၊ (ဖုသိတုကာမတာ နိဒါန ကမ္မသမုဋ္ဌာနဘူတပ္ပသာဒ

http://www.dhammadownload.com



လက္ခဏော ဝါ)၊ ဖောဋ္ဌဗ္ဗသု အာဝိဉ္ဆနရသော ကာယ ဝိညာဏဿ အာဓာရဘာဝ ပစ္စုပဋ္ဌာနော၊ ဖုသိတုကာမတာ နိဒါနကမ္မဇ ဘူတပဒဋ္ဌာနော။

ရုပ် ။ ။စက္ခုပဋိဟနနလက္ခဏံ၊ စက္ခုဝိညာဏဿ ဝိသယ ဘာဝရသံ၊ တဿေဝ ဂေါစရပစ္စုပဋ္ဌာနံ၊ စတုမဟာ ဘူတပဒဋ္ဌာနံ။

သဒ္ဒါ ။ ။သောတပဋိဟနန လက္ခဏော၊ သောတဝိညာ ဏဿ ဝိသယဘာဝရသော၊ တဿေဝ ဂေါစရ ပစ္စုပဋ္ဌာနော၊ စတုမဟာဘူတ ပဒဋ္ဌာနော။

ဂန္ဓာ ။ ။ဃာနပဋိဟနနလက္ခဏော၊ ဃာနဝိညာဏဿ ဝိသယဘာဝရသော၊ တဿေဝ ဂေါစရ ပစ္စုပဋ္ဌာ နော၊ စတုမဟာဘူတပဒဋ္ဌာနော။

ရသော ။ ။ဇိဝှာပဋိဟနန လက္ခဏော၊ ဇိဝှာဝိညာဏဿ ဝိသယဘာဝရသော၊ တဿေဝ ဂေါစရ ပစ္စုပဋ္ဌာ နော၊ စတုမဟာဘူတ ပဒဋ္ဌာနော။

ဖောဋ္ဌဗ္ဗံ ။ ။ကာယပဋိဟနနလက္ခဏံ၊ ကာယဝိညာဏဿ ဝိသယဘာဝရသံ၊ တဿေဝ ဂေါစရ ပစ္စုပဋ္ဌာနံ၊ စတုမဟာဘူတ ပဒဋ္ဌာနံ။

ဣတ္ထိန္ဒြိယံ ။ ။ဣတ္ထိဘာဝလက္ခဏံ၊ ဣတ္ထီတိ ပကာသနရသံ၊ ဣတ္ထိလိင်္ဂ နိမိတ္တ ကုတ္တာကပ္ပါနံ ကာရဏဘာဝ ပစ္စုပဋ္ဌာနံ၊ စတုမဟာဘူတ ပဒဋ္ဌာနံ။

ပုရိသိန္ဒြိယံ ။ ။ပုရိသဘာဝ လက္ခဏံ၊ ပုရိသောတိ ပကာသန ရသံ၊ ပုရိသလိင်္ဂနိမိတ္တ ကုတ္တာကပ္ပါနံ ကာရဏ ဘာဝ ပစ္စုပဋ္ဌာနံ၊ စတုမဟာဘူတ ပဒဋ္ဌာနံ။

ဟဒယဝတ္ထု ။ ။ဒွိန္နံ ဓာတူနံ နိဿယလက္ခဏံ၊ တာသံ အာဓာရ ရသံ၊ တာသံ ဥဗ္ဗာဟန ပစ္စုပဋ္ဌာနံ၊ စတုမဟာဘူတ

http://www.dhammadownload.com



ပဒဋ္ဌာနံ။

**အာဟာရော** ။ ။ဩဇာလက္ခဏော၊ ရူပါဟရနရသော၊ ဥပတ္ထမ္ဘန ပစ္စုပဋ္ဌာနော၊ ကဗဠီ ကတွာ အာဟာရိတဗ္ဗဝတ္ထု ပဒဋ္ဌာနော။

**အာကာသဓာတု**။ ။ရူပပရိစ္ဆေဒလက္ခဏာ၊ ရူပပရိယန္တ ပကာသန ရသာ၊ ရူပမရိယာဒ ပစ္စုပဋ္ဌာနာ၊ (အသမ္ဖုဋ္ဌဘာဝ ဆိဒ္ဒဝိဝရဘာဝပစ္စုပဋ္ဌာနာ ဝါ) ပရိစ္ဆိန္နရူပ ပဒဋ္ဌာနာ။

**ဝိညတ္တိ** ။ ။ဝိညတ္တိလက္ခဏာ၊ အဓိပ္ပာယ ပကာသနရသာ၊ စလယောသဟေတုဘာဝ ပစ္စုပဋ္ဌာနာ၊ စိတ္တဇဘူတ ပဒဋ္ဌာနာ။

**ကာယဝိညတ္တိ** ။ ။အဘိက္ကမာဒိပဝတ္တက စိတ္တသမုဋ္ဌာန လက္ခဏာ၊ အဓိပ္ပာယပကာသနရသာ၊ ကာယဝိပ္ဖန္ဒန ဟေတု ဘာဝ ပစ္စုပဋ္ဌာနာ၊ စိတ္တသမုဋ္ဌာန ဝါယောဓာတု ပဒဋ္ဌာနာ။

**ဝစီဝိညတ္တိ** ။ ။ဝစီဘေဒ ပဝတ္တက စိတ္တသမုဋ္ဌာန လက္ခဏာ၊ အဓိပ္ပာယပကာသနရသာ၊ ဝစီယောသ ဟေတု ဘာဝ ပစ္စုပဋ္ဌာနာ၊ စိတ္တသမုဋ္ဌာန ပထဝီဓာတု ပဒဋ္ဌာနာ။

**ရူပဿလဟုတာ**။ ။အဒန္ဓတာ လက္ခဏာ၊ ရူပါနံဂရုဘာဝ ဝိနောဒန ရသာ၊ လဟုပရိဝတ္တိတာ ပစ္စုပဋ္ဌာနာ၊ လဟုရူပ ပဒဋ္ဌာနာ။

**ရူပဿမုဒုတာ**။ ။အထဒ္ဓတာလက္ခဏာ၊ ရူပါနံထဒ္ဓဘာဝဝိနောဒန ရသာ၊ သဗ္ဗကြိယာသု အဝိရောဓိတာ ပစ္စုပဋ္ဌာနာ၊ မုဒုရူပ ပဒဋ္ဌာနာ။

**ရူပဿကမ္မညတာ**။ ။သရီရကိရိယာ နုကူလကမ္မညဘာဝ လက္ခဏာ၊ အကမ္မညတာ ဝိနောဒနရသာ၊ ဒုဗ္ဗလဘာဝ ပစ္စု -

http://www.dhammadownload.com



ပဋ္ဌာနာ၊ ကမ္မဇရူပ ပဒဋ္ဌာနာ။

ဥပစယော ။ ။ အာစယ လက္ခဏော၊ ပုဗ္ဗန္တတော ရူပါနံ ဥမ္မုဇ္ဇာပန ရသော၊ နိယျာတန ပစ္စုပဋ္ဌာနော၊ (ပရိပုဏ္ဏဘာဝ ပစ္စုပဋ္ဌာနော ဝါ)၊ ဥပစိတရူပ ပဒဋ္ဌာနော။

သန္တတိ ။ ။ ပဝတ္တိလက္ခဏာ၊ အနုပ္ပဗန္ဓရသာ၊ အနုပစ္ဆေဒ ပစ္စုပဋ္ဌာနာ၊ အနုပ္ပဗန္ဓရူပ ပဒဋ္ဌာနာ။

ဇရတာ ။ ။ ရူပပရိပါကလက္ခဏာ၊ ဥပနယနရသာ၊ သဘာဝါန ပဂမေပိ နဝဘာဝါ ပဂမပစ္စုပဋ္ဌာနာ၊ ပရိပစ္စမာန ရူပ ပဒဋ္ဌာနာ။

အနိစ္စတာ ။ ။ ပရိဘေဒလက္ခဏာ၊ သံသီဒနရသာ၊ ခယဝယ ပစ္စုပဋ္ဌာနာ၊ ပရိဘိဇ္ဇမာနရူပ ပဒဋ္ဌာနာ။

## သစ္စာလေးပါး၏ လက္ခဏာဒိစတုက္က

သစ္စံ ။ ။ အဝိသံဝါဒနလက္ခဏံ၊ ယာထာဝဝိဘာဝနရသံ၊ သာဓုတာ ပစ္စုပဋ္ဌာနံ၊ သောရစ္စပဒဋ္ဌာနံ။

ဒုက္ခသစ္စံ ။ ။ ဗာဓနလက္ခဏံ၊ (ပဝတ္တိလက္ခဏံ ဝါ၊ သင်္ခတ လက္ခဏံ ဝါ) သန္တာပရသံ၊ ပဝတ္တိပစ္စုပဋ္ဌာနံ၊ သမုဒယပဒဋ္ဌာနံ၊ (ဝိသုံနတ္ထိပဒဋ္ဌာနံ ဝါ)။

သမုဒယသစ္စံ ။ ။ ပဘဝလက္ခဏံ၊ (ပဝတ္တကလက္ခဏံ ဝါ၊ တဏှာ လက္ခဏံ ဝါ၊) အနုပစ္ဆေဒကရဏရသံ၊ ပလိဗောဓ ပစ္စုပဋ္ဌာနံ၊ အဝိဇ္ဇာပဒဋ္ဌာနံ။

နိရောဓသစ္စံ ။ ။ သန္တိလက္ခဏံ၊ (နိဝတ္တိလက္ခဏံ ဝါ၊ အသင်္ခတ လက္ခဏံ ဝါ၊) အစ္စုတိရသံ၊ အနိမိတ္တပစ္စုပဋ္ဌာနံ၊ (နလဗ္ဘတိ ပဒဋ္ဌာနံ)

မဂ္ဂသစ္စံ ။ ။ နိယျာနလက္ခဏံ၊ (နိဝတ္တကလက္ခဏံ ဝါ၊ ဒဿန လက္ခဏံ ဝါ၊) ကိလေသပ္ပဟာန ကရဏရသံ၊

http://www.dhammadownload.com



ဝုဋ္ဌာန ပစ္စုပဋ္ဌာနံ၊ ဝိပဿနာဂေါတြဘုပဒဋ္ဌာနံ။

## ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါး၏ လက္ခဏာဒိ စတုက္က

ပဋိစ္စသမုပ္ပါဒေါ ။ ။ ဇရာမရဏာဒီနံ ဓမ္မာနံ ပစ္စယလက္ခဏော၊ ဒုက္ခာနုဗန္ဓနရသော၊ ကုမ္မဂ္ဂပစ္စုပဋ္ဌာနော၊ ပုရိမပုရိမဓမ္မပဒဋ္ဌာနော။

အဝိဇ္ဇာ ။ ။ အညာဏလက္ခဏာ၊ သမ္မောဟနရသာ၊ ဆာဒနပစ္စုပဋ္ဌာနာ၊ အာသဝပဒဋ္ဌာနာ။

သင်္ခါရာ ။ ။ အဘိသင်္ခရဏ လက္ခဏာ၊ အာယူဟနရသာ၊ စေတနာပစ္စုပဋ္ဌာနာ၊ အဝိဇ္ဇာပဒဋ္ဌာနာ။

ဝိညာဏံ ။ ။ ဝိဇာနနလက္ခဏံ၊ ပုဗ္ဗင်္ဂမရသံ၊ ပဋိသန္ဓိ ပစ္စုပဋ္ဌာနံ၊ သင်္ခါရပဒဋ္ဌာနံ၊

နာမံ ။ ။ နမနလက္ခဏံ၊ သမ္ပယောဂရသံ၊ အဝိနိဗ္ဘောဂ ပစ္စုပဋ္ဌာနံ၊ ဝိညာဏပဒဋ္ဌာနံ။

ရူပံ ။ ။ ရုပ္ပနလက္ခဏံ၊ ဝိကိရဏရသံ၊ အဗျာကတ ပစ္စု-ပဋ္ဌာနံ၊ ဝိညာဏပဒဋ္ဌာနံ။

သဠာယတနံ ။ ။ အာယတန လက္ခဏံ၊ ဒဿနာဒိရသံ၊ ဝတ္ထုဒွါရဘာဝပစ္စုပဋ္ဌာနံ၊ နာမရူပပဒဋ္ဌာနံ။

ဖဿော ။ ။ ရှေ့၌ပါပြီ။ သဠာယတနပဒဋ္ဌာနော - သာထူး၏။

ဝေဒနာ ။ ။ အနုဘဝန လက္ခဏာ၊ ဝိသယရသသမ္ဘောဂ ရသာ၊ သုခဒုက္ခပစ္စုပဋ္ဌာနာ၊ ဖဿပဒဋ္ဌာနာ။

တဏှာ ။ ။ ဟေတုလက္ခဏာ၊ အဘိနန္ဒနရသာ၊ အတိတ္တိဘာဝ ပစ္စုပဋ္ဌာနာ၊ ဝေဒနာပဒဋ္ဌာနာ။

ဥပါဒါနံ ။ ။ ဂဟဏလက္ခဏံ၊ အမုဉ္စနရသံ၊ တဏှာဒဠှတ္တဒိဋ္ဌိ ပစ္စုပဋ္ဌာနံ၊ တဏှာပဒဋ္ဌာနံ။

ဘဝေါ ။ ။ ကမ္မကမ္မဖလလက္ခဏော၊ ဘာဝနဘာဝနရသော၊

ကုသလာကုသလာဗျာကတပစ္စုပ္ပန္နာနော၊ ဥပါဒိန ပဒဋ္ဌာနော။

ဇာတိ ။ ။ တတ္ထတတ္ထဘဝေ ပဌမာဘိနိဗ္ဗတ္တိ လက္ခဏာ၊ နိယျာတနရသာ၊ အတီတဘဝတော ဣဓုမ္မုဇ္ဇန ပစ္စုပဋ္ဌာနာ၊ ဘာဝပဒဋ္ဌာနာ။

ဇရာ ။ ။ ခန္ဓပရိပါက လက္ခဏာ၊ မရဏူပနယန ရသာ၊ ယောဗ္ဗန ဝိနာသ ပစ္စုပဋ္ဌာနာ၊ ဇာတိပဒဋ္ဌာနာ။

မရဏံ ။ ။ စုတိလက္ခဏံ၊ ဝိယောဂရသံ၊ ဝိပ္ပဝါသ ပစ္စုပဋ္ဌာနံ၊ ဇာတိပဒဋ္ဌာနံ။

သောကော ။ ။ အန္တောနိဇ္ဈာနလက္ခဏော၊ စေတသော ပရိနိဇ္ဈာယန ရသော၊ အနုသောစနပစ္စုပဋ္ဌာနော၊ ဇာတိပဒဋ္ဌာနော။ (ကတာကတပဒဋ္ဌာနော ဝါ။)

ပရိဒေဝေါ ။ ။ လာလပ္ပန လက္ခဏော၊ ဂုဏဒေါသ ပရိကိတ္တန ရသော၊ သမ္ဘမ ပစ္စုပဋ္ဌာနော၊ ဇာတိပဒဋ္ဌာနော။ (ပေမဓာတုပဒဋ္ဌာနော ဝါ)

ဒုက္ခံ ။ ။ ကာယပီဠနလက္ခဏံ၊ ဒုပ္ပညာနံ ဒေါမနဿကရဏ ရသံ၊ ကာယိကာဗာဓပစ္စုပဋ္ဌာနံ၊ ဇာတိပဒဋ္ဌာနံ။

ဒေါမနဿံ ။ ။ စိတ္တပီဠနလက္ခဏံ၊ မနောဝိဃာတရသံ၊ မာနသ ဗျာဓိ ပစ္စုပဋ္ဌာနံ၊ ဇာတိပဒဋ္ဌာနံ။

ဥပါယာသော ။ ။ ဗျာသတ္တိလက္ခဏော၊ (စိတ္တပရိဒဟနလက္ခဏော ဝါ) နိတ္ထုနနရသော၊ ဝိသာဒပစ္စုပဋ္ဌာနော၊ ဇာတိ ပဋ္ဌာနော။

## ဒါန-သီလ-ဈာန်တို့၏ လက္ခဏာဒိစတုက္က

ဒါနံ ။ ။ ပရိစ္စာဂလက္ခဏံ၊ လောဘဝိဒ္ဓံသနရသံ၊ အနာသတ္တိ ပစ္စုပဋ္ဌာနံ၊ ဒေယျဝတ္ထုပဒဋ္ဌာနံ။

http://www.dhammadownload.com



သီလံ ။ ။ သီလနလက္ခဏံ၊ ဒုဿီလျဝိဒ္ဓံသနရသံ၊ (အနဝဇ္ဇ ရသံ ဝါ) သောစေယျပစ္စုပဋ္ဌာနံ၊ ဟိရောတ္တပ္ပ ပဒဋ္ဌာနံ။

ဈာနံ ။ ။ ဥပနိဇ္ဈာနလက္ခဏံ၊ နီဝရဏဝိဒ္ဓံသနရသံ၊ (ဈာန သမာပတ္တိ ပရိဂ္ဂဟိတရသံ ဝါ)၊ ဝိပဿနာဝမုန ပစ္စုပဋ္ဌာနံ၊ (ဖြဟ္မလောကာသမ္ပတ္တိ ပစ္စုပဋ္ဌာနံ ဝါ)၊ ဥပစာရသမာဓိပဒဋ္ဌာနံ။

## နံပါတ် (၁၀) ဆိုင်ရာ ပဋ္ဌာန်းပစ္စည်းပြိုင်နည်းများ

နံပါတ် (၁၀) ၌ပဋ္ဌာန်းပစ္စည်းပြိုင် မေးမည်ဖြစ်ရာ စာဖြေမည့် အရှင်တို့ သည် အောက်ပါ အချက်တို့ကို လေ့လာထားဖို့ လိုအပ်ပေသည်။

၁။ တရားကိုယ်အရကောက်ကို မှန်ကန်စွာ ကောက်နိုင်ခြင်း။

၂။ ထိုတရားကိုယ်တရားတို့၏ အချင်းချင်း ဆက်သွယ်ရာ၌ မည်သို့မည်ပုံ ဆက်သွယ်နေသည်ကို ဆင်ခြင်စဉ်းစားခြင်း။

၃။ ထိုဆက်သွယ်ပုံကို သိရလျှင် ပဋ္ဌာန်းပစ္စည်း အမျိုး (၈)မျိုးတွင် မည်သည့် အမျိုးဟု ခွဲခြားခြင်း။

၄။ ဆိုင်ရာဆိုင်ရာ ပစ္စည်းများကို အမျိုးလိုက်ခွဲခြား၍ ဆိုင်ရာပစ္စည်း ပစ္စယုပ္ပန်တို့ကို ကျေပွန်စွာလေ့လာထားခြင်း။

ပဋ္ဌာန်းပစ္စည်းပြိုင်ရာဝယ် - အခြေခံ အရေးကြီးဆုံးမှာ မေးမြန်းထား သည့်ပုဒ် (သို့မဟုတ် - ဓာတ် + ပစ္စည်း)တို့၏ အရကောက် မှန်ကန်စွာ ကောက်တတ်ရေးဖြစ်သည်။ ဉာဏ်ကောက်နည်း စာစပ်နည်းတို့၌ အားနည်း ခဲ့လျှင် ဤပရမတ္ထတရားကို ကောက်ရာ၌ အလွဲအချော်များစွာ ဖြစ်နိုင် သောကြောင့် ဉာဏ်ကောက်နည်းကို သဘောကျအောင် လေ့လာရပေမည်။

http://www.dhammadownload.com



အရကောက်များကို ကောက်ပြီးသောအခါ ထိုတရားတို့ အချင်းချင်း မည်သို့ဆက်သွယ်နေသည်ကို စဉ်းစားရပေမည်။

ထိုတရားတို့သည် အချင်းချင်း တပြိုင်နက်သောခဏ၌ အတူဖြစ်နေလျှင် သဟဇာတမျိုး၊ အာရုံ+အာရမ္မဏိကအဖြစ် ဆက်သွယ်နေလျှင် အာရုံမျိုး၊ တစ်ဝီထိအတွင်း၌ မခြားဘဲ ရှေ့+နောက် ဆက်ဖြစ်နေလျှင် အနန္တရမျိုး၊ ဘဝအားဖြင့်ဖြစ်စေ၊ ကာလအားဖြင့်ဖြစ်စေ ပုဂ္ဂိုလ်အားဖြင့်ဖြစ်စေ ကွဲပြား ခြားနားနေလျှင် (ယေဘုယျအားဖြင့်) ပကတူပမျိုး၊ မိရာ+ မိတတ်သဘောဖြစ်နေလျှင် ဝတ္ထုမျိုး၊ အကြောင်းကံနှင့် အကျိုးဝိပါက်အဖြစ်ဖြင့် ဆက်စပ်နေလျှင် ပကတူပမျိုးနှင့် ကမ္မမျိုး စသည်ဖြင့် ဝေဖန်တတ်ရမည်။

ဖြစ်သင့်ရာအမျိုးကို ရွေးချယ်ပြီးပါက ပစ္စည်း+ပစ္စယုပ္ပန် ဖြစ်ထိုက်သော တရားတို့ကို ကြည့်၍ ပြိုင်ပစ္စည်းကို ရွေးချယ်ထုတ်ရမည်။

ထိုသို့ ပြိုင်ပစ္စည်းကို ရွေးချယ်ထုတ်တတ်ရန် ပစ္စည်း+ပစ္စယုပ္ပန် (နှစ်ချက်စု)တို့ကို အလွတ်ရနေအောင် ကျက်ထားရမည်။

ဤ၌ ပစ္စည်း+ပစ္စယုပ္ပန်ကို အလွယ်တကူ မှတ်သားနိုင်ရန် ဇယားဖြင့် အကျဉ်းပြထားပါသည်။

## အမျိုးအားဖြင့် ခွဲပုံ

### ၁။ သဟဇာတမျိုး ၁၅-ပစ္စည်း

| ပစ္စည်းအမည် | ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|---|
| အကြီး ၄-ပစ္စည်း | | |
| ၁။ သဟဇာတ | (က) အချင်းချင်းနာမက္ခန္ဓာ ၄-ပါး | (က)နာမက္ခန္ဓာ ၄-ပါး |
| ၂။ နိဿယ | (ခ)မဟာဘုတ် ၄-ပါး | (ခ) ဥပါဒါရုပ်နှင့်တကွ မဟာဘုတ် ၄-ပါး |
| ၃။ အတ္ထိ | (ဂ)ပဋိသန္ဓေဝါကာရပဋိသန္ဓေ နာမက္ခန္ဓာ | (ဂ) ဟဒယဝတ္ထု |

http://www.dhammadownload.com



| | | |
|---|---|---|
| ၄။ အဝိဂတ | (ဃ)ဟဒယဝတ္ထု | (ဃ)ပဉ္စဝေါကာရ<br>ပဋိသန္ဓေနာမက္ခန္ဓာ |
| အလတ် ၄-ပစ္စည်း | | |
| ၁။ အညမည | (က)နာမက္ခန္ဓာ ၄-ပါး<br>(ခ)မဟာဘုတ် ၄-ပါး<br>(ဂ)ပဉ္စဝေါကာရပဋိသန္ဓေ<br>(ဃ)ဟဒယဝတ္ထု | (က)နာမက္ခန္ဓာ ၄-ပါး<br>(ခ)မဟာဘုတ် ၄-ပါး<br>(ဂ)ဟဒယဝတ္ထု<br>(ဃ)ပဉ္စဝေါကာရ<br>ပဋိသန္ဓေ |
| ၂။ သမ္ပယုတ္တ | နာမက္ခန္ဓာ ၄-ပါး | နာမက္ခန္ဓာ ၄-ပါး |
| ၃။ ဝိပ္ပယုတ္တ | (က)ပဉ္စဝေါကာရဘုံ၌<br>ဖြစ်ခိုက် အရူပဝိပါက်၊<br>ဒွေပဉ္စကြဉ် ပဝတ္တိပဋိသန္ဓေ<br>နာမက္ခန္ဓာ ၄-ပါး<br>(ခ)ပဉ္စဝေါကာရပဋိသန္ဓေ<br>(ဂ)ဟဒယဝတ္ထု | (က)စိတ္တဇရုပ်<br>ပဋိသန္ဓေ ကမ္မဇရုပ်။<br><br><br>(ခ)ဟဒယဝတ္ထု<br>(ဂ) ပဉ္စဝေါကာရ<br>ပဋိသန္ဓေ |
| ၄။ ဝိပါက | ဝိပါက်နာမက္ခန္ဓာ ၄-ပါး | ဝိပါက်နာမက္ခန္ဓာ ၄-ပါး<br>စိတ္တဇရုပ်,<br>ပဋိသန္ဓေကမ္မဇရုပ်။ |
| အငယ် ၇-ပစ္စည်း | | |
| ၁။ ဟေတု | ဟိတ် ၆-ပါး | သဟိတ်စိတ်,စေတသိက်၊<br>သဟိတ် စိတ္တဇရုပ်,<br>သဟိတ် ပဋိသန္ဓေ<br>ကမ္မဇရုပ် |
| ၂။ အဓိပတိ | အဓိပတိတရားကိုယ် ၃-ပါး<br>၄-ပါးတို့တွင် တစ်ပါးပါး | တရားကိုယ်ကြဉ်သော<br>သာဓိပတိနာမက္ခန္ဓာ၊ |

http://www.dhammadownload.com



| | | |
|---|---|---|
| ၃။ အာဟာရ | ဖဿ, စေတနာ, ဝိညာဉ် | သာဓိပတိ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် စိတ် ၈၉၊ စေ ၅၂၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်။ |
| ၄။ ကမ္မ | စေတနာ | စိတ် ၈၉၊ စေတနာကြဉ် စေ၅၁၊ စိတ္တဇ၊ကမ္မဇရုပ် |
| ၅။ မဂ္ဂ | သဟိတ်မဂ္ဂင်တရားကိုယ် ၉-ပါး | သဟိတ်နာမက္ခန္ဓာ၊ စိတ္တဇ ပဋိသန္ဓေကမ္မဇရုပ် |
| ၆။ ဣန္ဒြိယ | နာမ်ဣန္ဒြေတရားကိုယ် ၈-ပါး | နာမက္ခန္ဓာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ |
| ၇။ ဈာန | ဈာနင်တရားကိုယ် ၅-ပါး | ဒွေပဉ္စကြဉ် နာမက္ခန္ဓာ၊ စိတ္တဇ ပဋိသန္ဓေကမ္မဇရုပ်။ |

*** ဟေ, ဓိ, အာ, ကမ်၊ မင်, ဣန်, ဈာန်၊ မှတ်ရန် ငယ်သတ္တ။**

*** နာမ်ချင်းခြောက်ပါး၊ နာမ်ရုပ်ငါး၊ နာမ်ကား နာမ်ရုပ်လေး။**

(နာမ်အချင်းချင်းဖြစ်လျှင် အကြီး ၄ +အညမည၊ သမ္ပယုတ္တ ပေါင်း ၆-ပစ္စည်း၊ နာမ်ပစ္စည်း ရုပ်ပစ္စယုပ္ပန်ဖြစ်လျှင် အကြီး ၄+ဝိပ္ပယုတ္တ ပေါင်း ၅-ပစ္စည်း၊ နာမ်ပစ္စည်းနာမ်ရုပ်ပစ္စယုပ္ပန်ဖြစ်လျှင် အကြီး ၄-ပစ္စည်း အနည်းဆုံး ရနိုင်သည်ဟု ဆိုလိုသည်။ အခြားရသင့်ရာများ ဖြည့်စွက်ရန်ဖြစ်သည်။)

http://www.dhammadownload.com



## ၂။ အာရမ္မဏမျိုး (၈) ပစ္စည်း

| ပစ္စည်းအမည် | ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|---|
| ၁။ အာရမ္မဏ | ကာလသုံးပါး၌ ဖြစ်သော<br>စိတ်.စေ.ရုပ်၊ ကာလဝိမုတ်<br>ဖြစ်သော နိဗ္ဗာန်.ပညတ်<br>အာရုံ ၆-ပါး | စိတ် ၈၉၊စေ ၅၂၊ |
| ၂။ အဓိပတိ<br><br>၃။ ဥပနိဿယ | ဒေါသမူ မောဟမူကြဉ် စိတ်<br>၈၄၊စေ ၄၇၊ကာလသုံးပါး၌<br>ဖြစ်သောဣဋ္ဌ နိပ္ဖန္နရုပ်<br>နိဗ္ဗာန်<br>**တစ်နည်း** | လောဘမူ၈၊မဟာကု၈၊<br>မဟာကြိယာ ဉာဏသမ္ပ<br>ယုတ်၄၊ လောကုတ္တရာ<br>စိတ် ၈၊စေ ၄၅။ |
| အဓိပတိ<br>ဥပနိဿယ | (က) ဒေါသမူ မောဟမူကြဉ်<br>စိတ်၈၄၊စေ ၄၇၊<br>ဣဋ္ဌနိပ္ဖန္နရုပ်။<br>(ခ) လောကီကုသိုလ်<br>၁၇၊ စေတသိက် ၃၈၊<br>(ဂ) လောကုတ္တရာစိတ် ၈၊<br>စေ ၃၆၊ နိဗ္ဗာန်။<br>(ဃ) နိဗ္ဗာန်။ | (က) လောဘမူစိတ်၈၊<br>စေတသိက် ၂၂။<br>(ခ) မဟာကုသိုလ်- ၈၊<br>စေတသိက် ၃၈။<br>(ဂ) မဟာကုဉာဏ်သမ်၄၊<br>မဟာကြိဉာဏ်သမ်-၄၊<br>စေတသိက် ၃၆။<br>(ဃ) လောကုတ္တရာ<br>စိတ်-၈၊ စေ- ၃၆။ |
| ၄။ ပုရေဇာတ<br>၅။ အတ္ထိ<br>၆။ အဝိဂတ | ပစ္စုပ္ပန်ဖြစ်သောနိပ္ဖန္နရုပ်<br>အဋ္ဌာရသ | ကာမစိတ်၅၄၊အဘိညာဉ်<br>ဒွေ၊ စေ ၅၂။ |
| <br>၇။ နိဿယ<br>၈။ ဝိပ္ပယုတ္တ | မရဏာသန္နအခါ စုတိ-<br>စိတ္တုပ္ပါဒပရိသတ္တရသမစိတ်နှင့်<br>အတူဥပါဒ်သော ဟဒယဝတ္ထု | မနောဒွါရာဝဇ္ဇန်း၊ ကာမ<br>ဇော ၂၉၊ တဒါရုံ ၁၁၊<br>စေတသိက် ၄၄။ |

http://www.dhammadownload.com



*** အာ, ဓိ, ဥပ၊ နိဿယ, ပုရေ၊ ဝိပ္ပေ, အတ္ထိ၊ အဝိဂတ၊ ဤရှစ်ဝ၊ မှတ်ကြ အာရုံမျိုး။**

## ၃။ အနန္တရမျိုး ၇-ပစ္စည်း

| ပစ္စည်းအမည် | ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|---|
| ၁။ အနန္တရ<br>၂။ သမနန္တရ<br>၃။ ဥပနိဿယ<br>၄။ နတ္ထိ<br>၅။ ဝိဂတ | ရဟန္တာတို့၏စုတိကြဉ်သော ရှေးရှေးသောစိတ် ၈၉၊ စေ ၅၂။ | ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သောစိတ် ၈၉၊ စေ ၅၂။ |
| ၆။ ကမ္မ | မဂ်စေတနာ | ဖိုလ်စိတ္တုပ္ပါဒ် |
| ၇။ အာသေဝန | ဇာတ်တူအဆုံးဇောကြဉ် ရှေးရှေးသောလောကီဇော ၄၇၊ စေတသိက် ၅၂။ | ပထမဇော, ဖိုလ်ဇောကြဉ် နောက်နောက်သော ဇော ၅၁၊ စေ ၅၂။ |

*** အနန်နှစ်ဝ၊ ဥပ, အာသေ၊ ကမ္မေ, ဝိဂတ၊ နတ္ထိပြ၊ သတ္တ အာနန်မျိုး။**

*** ရှေ့နောက်နှစ်တန်၊ စိတ်သာမန်၊ မှတ်ရန် ငါးပစ္စယ။**

*** မဂ်က ဖိုလ်အား၊ ကမ္မထား၊ ဇောကား အာသေဝန။**

(ရှေ့နောက် စိတ်သာမန်ဖြစ်လျှင် ၁-မှ ၅-အထိ ပစ္စည်းများ သေချာပေါက်ရသည်။ မဂ်ပစ္စည်း ဖိုလ်ပစ္စယုပ္ပန်ဖြစ်လျှင် ကမ္မထည့်၍ ၆-ပစ္စည်း၊ ပစ္စည်း + ပစ္စယုပ္ပန် ဇောချည်းဖြစ်လျှင် အာသေဝန ထည့်ပါဟု ဆိုလိုသည်။ အနန္တရမျိုးဖြစ်လျှင် အနည်းဆုံး ငါးပစ္စည်း ရနိုင်သည်ဟု မှတ်ပါ။)

http://www.dhammadownload.com



## ၄။ ဝတ္ထုပုရေဇာတမျိုး (၆) ပစ္စည်း

| ပစ္စည်းအမည် | ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|---|
| ၁။ ပုရေဇာတ<br>၂။ နိဿယ<br>၃။ ဝိပ္ပယုတ္တ | ပဝတ္တိအခါ ဝတ္ထုရုပ် | ပဝတ္တိအခါ သတ္တ-ဝိညာဏ |
| ၄။ အတ္ထိ | ၆-ပါး၊ (ဆဝတ္ထု) | ဓာတ် (စိတ် ၈၉ -ပါး) |
| ၅။ အဝိဂတ | | စေတသိက် ၅၂-ပါး။ |
| ၆။ ဣန္ဒြိယ | (မရှိမာယုကဖြစ်၍ အတီတဘဝင်တစ်ချက်လွန်နှင့် ဥပ္ပါဒ်ပြိုင်၍ဖြစ်သော) ပဋ္ဌဝတ္ထု။ | ဒွေပဉ္စဝိညာဉ် ၁ဝ၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါး။ |

ပု, ဣန်, အတ်, နိသ်၊ အဝိ, ဝိဝ်၊ ခြောက်စိတ် ဝတ္ထုမျိုး။

## ၅။ ပစ္ဆာဇာတမျိုး (၄) ပစ္စည်း

| ပစ္စည်းအမည် | ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|---|
| ၁။ ပစ္ဆာဇာတ<br>၂။ ဝိပ္ပယုတ္တ<br>၃။ အတ္ထိ<br>၄။ အဝိဂတ | ပဋ္ဌဝေါကာရဘုံ၌ဖြစ်ခိုက် အရူပဝိပါက်ကြဉ် ပဌမဘဝင်အစရှိသော နောက်နောက်စိတ် ၈၅၊ စေတသိက် ၅၂။ | ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပ္ပါဒ်၍ ရုပ်ဌီသို့ ရောက်သောကေဇ,ဒွိဇ တိဇ, စတုဇကာယ။ |

ပစ္ဆာ, ဝိပ္ပ၊ အတ်နှင့်အ၊ လေးဝ ပစ္ဆာမျိုး။

http://www.dhammadownload.com



## ၆။ အာဟာရမျိုး ၃-ပစ္စည်း

| ပစ္စည်းအမည် | ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|---|
| ၁။ ရူပါဟာရ<br>၂။ အတ္ထိ<br><br>၃။ အဝိဂတ | (က) ဗဟိဒ္ဓသြဇာ<br>(ခ) အဇ္ဈတ္တစတုသမုဋ္ဌာနိက<br><br>သြဇာနှင့် ဗဟိဒ္ဓဥတုဇ<br>သြဇာ | (က) အာဟာရဇရုပ်<br>(ခ) ကလာပ်တူ<br>သြဇာကြဉ်<br>ကလာပ်တူ ကလာပ်<br>ပြားဖြစ်သော စတု-<br>သမုဋ္ဌာနိကရုပ် |

## ၇။ ရူပဇီဝိတိန္ဒြိယမျိုး ၃-ပစ္စည်း

| ပစ္စည်းအမည် | ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|---|
| ၁။ ရူပဇီဝိတိန္ဒြိယ<br>၂။ အတ္ထိ<br>၃။ အဝိဂတ | ပဝတ္တိ ပဋိသန္ဓေဖြစ်သော<br>ရုပ်ဇီဝိတိန္ဒြေ(ဇီဝိတရုပ်) | ဇီဝိတကြဉ်ကလာပ်တူ<br>ကမ္မဇရုပ် ၉-ခု |

## ၈။ ပကတူပနိဿယမျိုး ၂-ပစ္စည်း

| ပစ္စည်းအမည် | ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|---|
| ၁။ သုဒ္ဓပကတူပ<br>နိဿယ<br>၂။ မိဿက ပကတူပ<br>နိဿယ<br>နာနက္ခဏိကကမ္မ | ရှေးရှေးသောစိတ်.စေ.<br>ရုပ်.ပညတ်။<br>ဖလဝဖြစ်သောကံ<br>(စေတနာ) | နောက်နောက်သောစိတ်.<br>စေတသိက်။<br>ဝိပါက်နာမက္ခန္ဓာ။ |

http://www.dhammadownload.com



## ၉။ နာနက္ခတ်ကိုကကမ္မမျိုး ၁-ပစ္စည်း

| ပစ္စည်းအမည် | ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|---|
| ၁။ ကမ္မ | (က)အတိက်ဖြစ်သောဒုဗ္ဗလကံ။<br>(ခ)ဗလဝ,ဒုဗ္ဗလကံ (စေတနာ) | ကာမဝိပါက် နာမက္ခန္ဓာ<br>ကဋတ္တာရုပ် |

ပဋ္ဌာန်းပစ္စည်းပြိုင်ရာ၌ (ပဋ္ဌာန်း စာစပ်ရာတွင်လည်း ကျေးဇူးများသော) အောက်ပါ ဆောင်ပုဒ်လင်္ကာများကို နှုတ်ရကျက်၍ အဓိပ္ပါယ် ရှင်းလင်းချက်များကို သဘောပေါက်အောင် လေ့လာပြီး ပြိုင်ပုံပြိုင်နည်းများကို စိတ်ဝင်တစား မှတ်သားပါလျှင် ပဋ္ဌာန်းဉာဏ်များ တိုးတက်လာပါမည်။

မလျှော့သောဖွဲ့ဖြင့် ကြိုးစားလေ့ကျင့်ကြပါကုန်။

**ဆောင်ပုဒ်များ**

* ကတ္တာ+ကရဏ၊ စပ်-ပြိုင်ကြ၊ သဟ, နန်, ပုရေ။

* သမ္မဒါန်, ကံ၊ စပ်-ပြိုင်ပြန်၊ အာရမ် အမျိုးပေ။

* ကြွင်း ကာရက၊ စပ်-ပြိုင်ကြ၊ ပကတူပနေ။

* ကတ္တားနှင့် ကြိယာ၊ စပ်ပါကြ၊ သ, နန်, ပု။
ကြိယာကံ၊ စပ်ဟန်ရှိ၊ မျိုးအာရုံယူ။
အဇ္ဈတ်, ဗဟိဒ္ဓ၊ နစ်ရပ်တွဲ ကရိုဏ်းမူ၊ ကတ္တားတူသုံးမျိုး၊
အာရုံမျိုး ရံခါပ၊ အကြွင်းမှာတိဒေသ၊ ဥပ-တွဲဖျိုး။

**အဓိပ္ပါယ်။ ။**

ကတ္တားနှင့် ကြိယာ၊ ကရိုဏ်းနှင့် ကြိယာပဋ္ဌာန်းပြိုင်လျှင် သဟဇာတ, အနန္တရ, ပုရေဇာတ မျိုးတို့တွင် ဖြစ်သင့်ရာပစ္စည်းမျိုးဖြင့် ပြိုင်ရမည်။

သမ္မဒါန်နှင့် ကြိယာ၊ ကံပုဒ်နှင့် ကြိယာ စပ်ပြိုင်လျှင် အာရမ္မဏမျိုး ပြိုင်ရမည်။

http://www.dhammadownload.com



ကြွင်းကာရကများနှင့် ကြိယာတို့ စပ်ပြိုင်လျှင် ပကတူပမျိုး ပြိုင်ရမည်။

## ပဋ္ဌာန်းပစ္စည်းပြိုင်ပုံ

### ကတ္တားနှင့်ကြိယာ

အဟံ ဗုဒ္ဓံ ဝန္ဒာမိ။ (အဟံနှင့် ဝန္ဒာမိ)

အဟံ အရ- ငါရ၏။ (ရှိခိုးသော ငါ၏ ခန္ဓာငါးပါးရ၏။)

ဝန္ဒာမိ-အရလည်း ရှိခိုးသော ငါ၏ ခန္ဓာငါးပါးပင် ရ၏။

(ကတ္တားနှင့် ကြိယာသည် အမြဲတမ်း အရတူသည်။)

ထို့ကြောင့် အဟံ+ဝန္ဒာမိ နှစ်ပုဒ်လုံးအရ ရှိခိုးဆဲ အခိုက်အတန့်၌ ဖြစ်သော ပဌမစေတနာ ပြဋ္ဌာန်းသည့် မဟာကုသိုလ် (မဟာကြိယာ) ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်နှင့် ဝိညတ်နှင့်တကွ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် များရသည်။

ထိုတွင် အဟံ အရ-ပဌမစေတနာဟူသော သခ်ါရက္ခန္ဓာကို ပစ္စည်းယူလျှင် ဝန္ဒာမိအရ ပဌမစေတနာမှတစ်ပါးသော နာမက္ခန္ဓာနှင့် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့ကို ပစ္စယုပ္ပန်အရ ယူအပ်၏။

ထို့ကြောင့် သခ်ါရက္ခန္ဓာပစ္စည်း (အဟံအရ)တရားက ကြွင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်(ဝန္ဒာမိအရ) တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

သဟဇာတကြီး ၄-ပါး၊ အညမည၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အာဟာရ၊ ကမ္မ ပေါင်း ၉-ပစ္စယပြိုင်။

### အစိတ် အစိတ်ပြိုင်

(က) ပဌမစေတနာပစ္စည်း = ကြွင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်။
ကြီး ၄၊ အညမည၊ သမ္ပယုတ္တ၊ အာဟာရ၊ ကမ္မ ပေါင်း ၈-ပစ္စည်း။ ဝိပ္ပယုတ္တ မရ။

http://www.dhammadownload.com



(ခ) ပဏာမစေတနာပစ္စည်း = စိတ္တဇရုပ် ပစ္စယုပ္ပန်။
ကြီး ၄-ပါး၊ ဝိပ္ပယုတ္တ၊ အာဟာရ၊ ကမ္မ ပေါင်း ၇-ပစ္စည်းပြိုင်။

(ဂ) ပဏာမစေတနာ ပစ္စည်း = ကြွင်း နာမက္ခန္ဓာနှင့် စိတ္တဇရုပ် ပစ္စယုပ္ပန်။
ကြီး ၄-ပါး၊ အညမည၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အာဟာရ၊ ကမ္မ ပေါင်း ၉-ပစ္စည်း ပြိုင်။

ဤနည်းကိုမှီး၍ ဝေဒနာကို ပစ္စည်း သညာကိုပစ္စည်း စသည်ဖြင့် ယူ၍လည်း ပြိုင်လေ။

**သဟဇာတမျိုးပြိုင်ရာ၌ ပစ္စည်းဘက်ကို ဦးစားပေးကြည့်ပြီး ပြိုင်ပစ္စည်းထုတ်ရသည်။**

## အနန္တရမျိုး

အဟံ+ဝန္ဒာမိ အရ အနန္တရမျိုးလည်း ပြိုင်နိုင်သည်။ ထိုနှစ်ပုဒ်လုံး အရ မဟာကုသိုလ်+မဟာကြိယာ စိတ္တုပ္ပါဒ်ကို ကောက်ထားသောကြောင့် ထိုမဟာကုသိုလ်+မဟာကြိယာတို့သည် ဇောထိုက်ရကား အဟံအရ မဟာကုသိုလ်ကြိယာပထမဇောသည် ပစ္စည်း၊ ဝန္ဒာမိအရ ဒုတိယဇောသည် ပစ္စယုပ္ပန်ဟု ယူနိုင်သည်။

ယင်းသို့ယူလျှင် အနန္တရမျိုး ပြိုင်နိုင်သည်။ အနန္တရ. သမနန္တရ. ဥပနိဿယ. အာသေဝန. အတ္ထိ. အဝိဂတ ပေါင်း ၆-ပစ္စည်းပြိုင်။

## ကံနှင့်ကြိယာ

ဗုဒ္ဓံ ဝန္ဒာမိ။

ဗုဒ္ဓံအရ- ဘုရားရှင်၏ ရုပ်ပါရုံရ၏။ ဝန္ဒာမိ အရ-ရှိခိုးခြင်း ပဏာမ စေတနာ ပြဋ္ဌာန်းသော မဟာကုသိုလ် (ကြိယာ) ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် ကာယဝိညတ် ရ၏။

ထို့ကြောင့် ရုပ်ပါရုံ ပစ္စည်းတရားက မဟာကုသိုလ် (ကြိယာ) ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် (ပစ္စယုပ္ပန်)တရားအား အာရမ္မဏာသတ္တိဖြင့်

http://www.dhammadownload.com



ကျေးဇူးပြုပါသည်။

အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ပေါင်း ၇ - ပစ္စည်းပြိုင်။

(ဗုဒ္ဓ အရ ဘုရား၏ ဂုဏ်တော်ကိုးပါး ဟူသော မှော်ရုံကိုလည်း ကောက်နိုင်သည်။)

အဘိဝါဒိယဘာသိဿံ၊ အဘိမေမ္ပတ္တသင်္ဂဟံ။

(ဘာသိဿံ အဘိဓမ္မတ္ထသင်္ဂဟံ)

အဘိဓမ္မတ္ထသင်္ဂဟံအရ- အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းဟူသော နာမပညတ်ရ၏။ ဘာသိဿံအရ-(ဘာသိဿံ၌ စတ်အရ) ပြောဆို (ရေးသား) သော အခြင်းအရာအားဖြင့် ဖြစ်သော ဝီရိယပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် ရ၏။

ထို့ကြောင့် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းဟူသော နာမပညတ် ပစ္စည်းတရားက (အရှင်အနုရုဒ္ဓါ၏ သန္တာန်၌တည်သော) မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။

အာရမ္မဏ တစ်ပစ္စည်းသာ။

* န ဟိ ဓမ္မော အဓမ္မော စ၊ ဥဘော သမဝိပါကိနော။
အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေတိ သုဂ္ဂတိံ။

## အဓမ္မော နိရယံ နေတိ

(အဓမ္မော+နေတိ = ကတ္တားနှင့် ကြိယာ)

အဓမ္မောအရ လောဘ ဒေါသ မောဟ ပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ် ရ၏။ နေတိအရလည်း ၎င်းကိုပင်ရ၏။ (ဝုတ္တကတ္တားနှင့် ဝုတ္တကြိယာပုဒ်တို့အရ တူသည်ကိုလည်း အမြဲတမ်း မှတ်သားပါ။)

ထို့ကြောင့် အဓမ္မောအရ လောဘ ဒေါသ မောဟ ဟူသော ဟိတ်သုံးပါး ပစ္စည်းတရား ယူ၍၊ နေတိအရ ကြွင်းအကုသိုလ်စိတ္တုပ္ပါဒ်ကို ပစ္စယုပ္ပန်

http://www.dhammadownload.com



ယှုသော် သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

သဟဇာတ. နိဿယ. အတ္ထိ. အဝိဂတ. (ကြီး ၄-ပါး) အညမည. သမ္ပယုတ္တ. (လတ် ၂-ပစ္စည်း) ဟေတု (ငယ်-၁) ပေါင်း ၇-ပစ္စည်းပြိုင်။

## ဓမ္မော+ပါပေတိ

နှစ်ပုဒ်လုံးအရ အလောဘ အဒေါသ အမောဟပြဋ္ဌာန်းသော ကုသိုလ် စိတ္တုပ္ပါဒ်ရ၏။ ထို့ကြောင့် ဓမ္မောအရအလောဘ အဒေါသ အမောဟ ပစ္စည်းတရားက ပါပေတိအရ ကြွင်းစိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

ကြီး ၄-၊ အညာ့.သမ္ပ (လတ် -၂) ဟေတု.အဓိပတိ. ဣန္ဒြိယ. မဂ္ဂ. (ငယ်၄-ပစ္စည်း) ပေါင်း ၁၀-ပစ္စည်း ပြိုင်။

ထိုတွင် အလောဘ အဒေါသပစ္စည်းဖြစ်က အဓိပတိ . ဣန္ဒြိယ. မဂ္ဂ တို့ မရနိုင်၊ အမောဟပါမှသာ ယင်းအငယ် ၄-ပစ္စည်းကို ရနိုင်သည်။

## အဓမ္မော+နိရယံ နေတိ။

### နိရယံ+နေတိ (ကံနှင့် ကြိယာ)

နိရယံအရ ငရဲဘုံဟုဆိုသော်လည်း ထိုငရဲဘုံ၏ ပဋိသန္ဓေဖြစ်သော အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ္တုပ္ပါဒ်နှင့် ပဋိသန္ဓေ ကမ္မဇရုပ် ရ၏။ တရားအား နာနက္ခဏိက ကမ္မ (ပကတူပနိဿယကမ္မ) သတ္တိဖြင့် ကျေးဇူးပြုသည်။

နေတိအရ ငရဲသို့ပို့ဆောင်တတ်သော အကုသိုလ် စေတနာ (ကံ) ရ၏။ ထို့ကြောင့် အကုသိုလ်ကံ ( စေတနာ ) ပစ္စည်းတရားက အဟိတ် အကုသလဝိပါက်ဥပေက္ခာသဟဂုတ် သန္တီရဏစိတ္တုပ္ပါဒ် ပဋိသန္ဓေ ကမ္မဇရုပ် ပစ္စယုပ္ပန်၊ ပကတူပနိဿယနှင့် ကမ္မ နှစ်မျိုးပြိုင်။

**အမှာ။** ။ကုသိုလ်ကြောင့် ကောင်းရာဘုံ အကုသိုလ်ကြောင့် မကောင်းရာဘုံသို့ ရောက်ရာ၌ ကုသိုလ် + အကုသိုလ်

http://www.dhammadownload.com



(အကြောင်း)အရ စေတနာ(ကံ)အထိ ရအောင်ကောက်၍ ဘုံအရ ထိုထို ဘုံဖြစ်သင့်ရာပဋိသန္ဓေ စိတ္တုပ္ပါဒ်ကိုရအောင် ကောက်ရသည်။

ကံပုဒ်နှင့် ကြိယာ အာရမ္မဏမျိုးဟုဆိုသော်လည်း ဤကဲ့သို့သော နေရာမျိုးတွင် – ပကတူပ နာနက္ခဏိက ကမ္မနှစ်မျိုးသာ ဖြစ်သင့်သည်။

အဘယ်ကြောင့်ဟူမူ နေတိနှင့် နိရယံတို့သည် အချင်းချင်း အာရုံ + အာရမ္မဏိက အဖြစ်ဖြင့် အဆက်စပ်သောကြောင့်ပေတည်း။ (ကုသေ လုနန္တိလည်း နည်းတူ။

ထို့ကြောင့် ကံပုဒ်နှင့် ကြိယာပုဒ် ပဌာန်းပြိုင်လျှင် အာရမ္မဏမျိုးသာ ပြိုင်ရမည်ဟူသော စကားသည် ယေဘုယျ စကားသာဖြစ်သည်ဟု မှတ်ပါ။

## ဓမ္မော ပါပေတိ သုဂ္ဂတိံ ။

သုဂ္ဂတိံ + ပါပေတိ ( ကံနှင့် ကြိယာ )

သုဂ္ဂတိံအရ သုဂတိဘုံတို့၏ ပဋိသန္ဓေဖြစ်သော သုဂတိပဋိသန္ဓေ ၁၈ – ခု စိတ္တုပ္ပါဒ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်ရ၏။ ပါပေတိ (ရောက်စေ၏ ဟူသည် ကုသိုလ်တရားပင်ဖြစ်သောကြောင့်) လောကီကုသိုလ် သတ္တရသ နှင့်ယှဉ်သော စေတနာ ( ကံ ) ပင်ရ၏။

ထို့ကြောင့် လောကီကုသိုလ် သတ္တရသ စေတနာဟူသော ပစ္စည်း တရားက သုဂတိပဋိသန္ဓေစိတ္တုပ္ပါဒ် ပဋိသန္ဓေကမ္မဇရုပ် ဟူသော ပစ္စယုပ္ပန် တရားအား နာနက္ခဏိက ကမ္မသတ္တိဖြင့် ကျေးဇူးပြုသည်။

ပကတူပနိဿယ၊ နာနက္ခဏိက ကမ္မ(၂–ပစ္စည်း)။

## ကရိုဏ်းနှင့် ကြိယာ

ကုသေန (ဉာဏေန) လာတဗ္ဗာတိ ကုသလာ။

ကုသေန + လာတဗ္ဗာ ( ကရိုဏ်းနှင့် ကြိယာ ) (သဟဇာတ, အနန္တရ, ပကတူပ)

ကုသေနအရ ဉာဏ်ရ၏။ လာတဗ္ဗာအရ = ဉာဏသမ္ပယုတ် ကုသိုလ်

http://www.dhammadownload.com



စိတ္တုပ္ပါဒ် ရ၏။ ထိုဉာဏ်နှင့် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်တို့သည် အတူတကွ ဖြစ်သောကြောင့် ဉာဏ်ပစ္စည်းတရားက ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန် တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

ကြီး ၄၊ အညမည. သမ္ပယုတ္တ (လတ် -၂) ဟေတု. အဓိပတိ. မဂ္ဂ. ဣန္ဒြိယ (ငယ် -၄)ပေါင်း ၁၀ ပစ္စယသတ္တိ ပြိုင်။

**တစ်နည်း ....**

ကုသေနအရ ရှေးရှေး၌ဖြစ်သောဉာဏ်ကိုယူ၍ လာတဗ္ဗာအရ နောက်နောက်သော ကုသိုလ်စိတ္တုပ္ပါဒ်ကိုယူလျှင် ပကတူပ ပစ္စယသတ္တိ လည်း ပြိုင်နိုင်သည်။

ထိုပြင် ကုသေနအရ ဉာဏ်၊ လာတဗ္ဗာအရ ဉာဏဝိပ္ပယုတ် ကုသိုလ် စိတ္တုပ္ပါဒ်ကိုယူလျှင် ပကတူပပစ္စယသတ္တိ ပြိုင်ပါ။

ကုသေနအရ ကုသိုလ်ပဌမဇောစသော ရှေးရှေးသော ဇောနှင့်ယှဉ် သော ဉာဏ်ကိုယူ၍ လာတဗ္ဗာအရ ကုသိုလ်ဒုတိယဇောစသော နောက် နောက်သော ဇောစိတ္တုပ္ပါဒ်ကို ယူလျှင် အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။

အနန္တရ. သမနန္တရ. ဥပနိဿယ. အာသေဝန. နတ္ထိ. ဝိဂတ ၆-ပစ္စည်း ပြိုင်။

## ဒဗ္ဗေန ဝိပဏီ လုနာတိ။

(ဒဗ္ဗေန+လုနာတိ) (ပကတူပ)

ဒဗ္ဗေနအရ တံစဉ်ဒြပ်ရ၏။ လုနာတိအရ - ရိတ်သော အခြင်းအရာ အားဖြင့် ဖြစ်သော ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ရ၏။ ထို့ကြောင့် တံစဉ်ဒြပ် ဟူသော ပစ္စည်းတရားက ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား ပကတူပသတ္တိဖြင့် ကျေးဇူးပြုသည်။

## သဟ ဝိတက္ကေန သဝိတက္ကာ။ (သဟဇာတ)

ဝိတက္ကေနအရ-ဝိတက်၊ ပါဌသေသဖြစ်သော ဝတ္တန္တိကြိယာအရ- ဝိတက်နှင့်ယှဉ်သော သဝိတက္ကစိတ္တုပ္ပါဒ်ကိုယူ၍ သဟဇာတမျိုး ပြိုင်ပါ။

http://www.dhammadownload.com



## သမ္ပဒါန်နှင့် ကြိယာ

သမဏဿ စီဝရံ ဒေတိ။

(သမဏဿ+ ဒေတိ) (အာရမ္မဏ)

သမဏဿအရ- ရဟန်းဖြစ်ဟူသော ရူပါရုံရ၏။ ဒေတိအရ- သဒ္ဓါစေတနာပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်ရ၏။ ထို့ကြောင့် -ရူပါရုံပစ္စည်းတရားက သဒ္ဓါ စေတနာပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။

အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ- ၇-ပစ္စည်းပြိုင်။

## အပါဒါန်နှင့် ကြိယာ

ဂါမာ အပေန္တိ မုနယော။

ဂါမာ+အပေန္တိ (အာရမ္မဏ)

ဂါမာအရ ရွာဟူသော အာရုံပစ္စည်းရ၏။ အပေန္တိအရ-ဖဲသွားသော အချင်းအရာအားဖြင့်ဖြစ်သော ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်ရ၏။ အာရမ္မဏ တစ်ပစ္စည်းသာ။

တစ်နည်း- -ပကတူပသာ။

## ဥပါဒါနာနံ ဟိတာ ဥပါဒါနိယာ။

ဥပါဒါနာနံ + ဟိတာ။ (အာရမ္မဏ)

ဥပါဒါနာနံအရ- ဥပါဒါန်တရားကိုယ် သုံးပါးရ၏။ ဟိတာအရ- လောကီ စိတ်စေတသိက် ရုပ်ရ၏။ ထို့ကြောင့် လောကီစိတ်. စေတသိက်. ရုပ်ပစ္စည်းတရားကဥပါဒါန်တရားကိုယ်သုံးပါး ပစ္စယုပ္ပန်တရာအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ အာရမ္မဏ- ၈ ပစ္စည်းလုံးပြိုင်။

## သမ္ဗန်နှင့် သမ္ဗန္ဓီ

* အညမညဝိသိဋ္ဌာနံ ကုသလာကုသလာနံ ပါကာတိ ဝိပါကာ။

http://www.dhammadownload.com



ကုသလာကုသလာနံ+ပါကာ ( နာနက္ခဏိကကမ္မ )

ကုသလာကုသလာနံ အရ - ဗလဝဒုဗ္ဗလ ဖြစ်သော ကုသိုလ် အကုသိုလ်ကံ စေတနာ ပစ္စည်းတရားရ၏။ ပါကာအရ- ဝိပါက်စိတ်ဆတ္တိသ နာမက္ခန္ဓာ ပစ္စယုပ္ပန် တရားရ၏။

နာနက္ခဏိကကမ္မသတ္တိဖြင့် ကျေးဇူးပြုသည်။

နာနက္ခဏိကကမ္မ၊ ပကတူပ ၂-ပစ္စည်း။

**ဩကာသ နှင့် ကြိယာ**

ဘူမိသု မနသော စရန္တိ။

ဘူမိသု စရန္တိ (ပကတူပ+အာရမ္မဏ)

ဘူမိသုအရ မြေရ၏။ စရန္တိအရ ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ရ၏။ အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်၊ အာရမ္မဏ ၁-ပစ္စည်းသာ။

**တစ်နည်း .....** ပကတူပ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

ပကတူပ ၁-ပစ္စည်းသာ။

* သံကိလေသေ နိယုတ္တာ သံကိလေသိကာ။ (အာရမ္မဏ)

သံကိလေသေ အရ ကိလေသာ ၁၀-ပါးရ၏။ နိယုတ္တာအရ လောကီ စိတ် စေတသိက် ရုပ်ရ၏။ ထို့ကြောင့် လောကီစိတ် စေတသိက် ရုပ်ပစ္စည်း တရားက ကိလေသာ ၁၀-ပါး ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။

အာရမ္မဏ ၈-ပစ္စည်းလုံး။

* တီသု သိက္ခာသု ဇာတာတိ သေက္ခာ။ (သဟဇာတ)

သိက္ခာသု ဇာတာ။

သိက္ခာသု အရ-သိက္ခာသုံးပါး (ဟူသော မဂ္ဂင်ရှစ်ပါး) ရသည်၊ ဇာတာ အရ မဂ်စိတ် ၄-ခု၊ အောက်ဖိုလ် ၃-ခု၊ မဂ္ဂင်ရှစ်ပါးကြဉ် စေတသိက် ၂၈-ခု ရ၏။

http://www.dhammadownload.com



ထို့ကြောင့် သိက္ခာသုံးပါး (မဂ္ဂင်ရှစ်ပါး) ပစ္စည်းတရားက မင်္ဂစိတ် ၄-ခု၊ အောက် ဖိုလ် ၃-ခု၊ စေတသိက် ၂၈-ပါး ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

ကြီး ၄၊ အညသမ္မ ဝိပါက ဟေတု အဓိပတိ မဂ္ဂ ဣန္ဒြိယ ဈာန ပေါင်း ၁၂-ပစ္စည်းပြီး၏။

## အဌသာလိနီ စည်းမျဉ်း ဖွင့်ဆိုချက်များ ပြီးပါပြီ။

http://www.dhammadownload.com

# ဒုတိယပိုင်း

## အဋ္ဌသာလိနီ အဋ္ဌကထာလေ့လာချက်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ဝါကျအမှတ် (၁) ကေနဋ္ဌေန အဘိဓမ္မော အဖွင့်

(က) တတ္ထ ကေနဋ္ဌေန အဘိဓမ္မော?

(ခ) ဓမ္မာတိရေက ဓမ္မဝိသေသဋ္ဌေန။

(ဂ) အတိရေက ဝိသေသတ္ထဒီပကော ဟေတ္ထ အဘိသဒ္ဒေါ "ဗာဠှာ မေ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ၊ နော ပဋိက္ကမန္တိ အဘိက္ကန္တဝဏ္ဏာ"တိအာဒီသု ဝိယ။

(ဃ) တသ္မာ ယထာ သမုဿိတေသု ဗဟူသု ဆတ္တေသုစေဝ ဓဇေသု စ ယံ အတိရေကပ္ပမာဏံ,ဝိသေသဝဏ္ဏသဏ္ဌာနဉ္စ ဆတ္တံ၊ တံ အတိဆတ္တန္တိ ဝုစ္စတိ။

(င) ယော အတိရေကပ္ပမာဏော, နာနာဝိရာဂဝဏ္ဏဝိသေသ-သမ္ပန္နော စ ဓဇော၊ သော အတိဓဇောတိ ဝုစ္စတိ။

(စ) ဧဝမေဝ အယမ္ပိ ဓမ္မော ဓမ္မာတိရေကဓမ္မဝိသေသဋ္ဌေန အဘိဓမ္မောတိ ဝုစ္စတိ။

(ဋ္ဌ၊ ၃)

http://www.dhammadownload.com



## ပါဠိဝိဝဏ္ဏာန်

(က) ဝါကျဖြင့် အဘိဓမ္မာပါဠိတော်လာ ကုသလာ ဓမ္မာစသည်ကို မဖွင့်ဆိုမီ အဘိဓမ္မာ၏ ဝစနတ္ထ (ဝိဂြိုဟ်နှင့်အနက်)ကို သိသင့်သော ကြောင့် "အဘယ့်ကြောင့် အဘိဓမ္မာမည်သနည်း"ဟူသော ကထေတု ကမျတာပုစ္ဆာကို ပြသည်။

(ခ) ဝါကျဖြင့် အတိရေကဓမ္မ (လွန်သောတရား), ဝိသေသဓမ္မ (ထူးသောတရား)ဖြစ်သောကြောင့် အဘိဓမ္မမည်သည်ဟုလည်းကောင်း၊ အဘိသဒ္ဒါသည် အတိရေကအနက်. ဝိသေသအနက်တို့ကို ဟောသည်ဟု လည်းကောင်းပြသည်။

(ဂ) ဝါကျဖြင့် အဘိသဒ္ဒါ အတိရေကအနက်. ဝိသေသအနက်ကို ဟောနိုင်ကြောင်း ယုတ္တိနှင့်တကွ ပြဆိုသည်။

(ဃ) ဝါကျဖြင့် ဥပသာရပုဒ်တို့သည် ကြိယာနှင့် ယှဉ်မြဲဖြစ်၍ အဘိက္ကမန္တိ, အဘိက္ကန္တဝဏ္ဏာတို့၌ သင့်လျော်သော်လည်း အဘိဓမ္မော-၌ ဓမ္မောကား ကြိယာမဟုတ်၍ (ဝါ) ဒြဗ်ဟောပုဒ်ဖြစ်၍ မသင့်သည် မဟုတ် လောဟု စောဒနာဖွယ်ရှိရကား-အတိစ္ဆတ္တ၌ ဒြဗ်ဟောပုဒ်နှင့်ယှဉ်သော အတိသဒ္ဒါသည် အတိရေကအနက်. ဝိသေသအနက်ကို ဟောနိုင်သကဲ့သို့ ဤ၌ အဘိသဒ္ဒါသည်လည်း ဓမ္မဟူသော ဒြဗ်ဟောပုဒ်နှင့် ယှဉ်သော်လည်း အတိရေကအနက်. ဝိသေသအနက်တို့ကို ဟောနိုင်သည်ဟု ဥပမာနှင့် တကွ ရှင်းပြသည်။

(င) ဝါကျဖြင့် အတိဓဇဟူသော ဥပမာတစ်မျိုးကို ထပ်ပြသည်။

(စ) ဝါကျဖြင့် ဆိုခဲ့ပြီးသော ဥပမာတို့ကို ထောက်ဆ၍ ဓမ္မ (အဘိဓမ္မာတရား)သည်လည်း လွန်သောတရား, ထူးသောတရား ဖြစ် သဖြင့် အဘိဓမ္မဟု ဆိုထိုက်သည်ဟု ပြသည်။

(က) ဝါကျ၌ ကေနဋ္ဌေန အဘိဓမ္မောတိ-ဟု မရှိသင့်ကြောင်း ဂဏ္ဌိ၌

http://www.dhammadownload.com



ဆိုသည်။ ယောဇနာ၌ ဣတိသဒ္ဒါ နာမဝါစကကြံပြီး ဖွင့်သည်။ ဣတိသဒ္ဒါ ပါလျှင် ဋီကာနှင့်မညီကြောင်း၊ အဘိဓမ္မောတိ-ဟူသောပါဌ်သည် ပမာဒလေခသာဖြစ်ကြောင်း ဂဏ္ဌိဆရာတော် ဆုံးဖြတ်သောကြောင့် အဘိဓမ္မော-ဟူ၍သာရှိရမည်။ အဘိဓမ္မောတိ ဟု မရှိစေရ။

(ဃ) ဝါကျရှိ တသ္မာကို (စ) ဝါကျရှိ ဝုစ္စတိ-၌ စပ်ပါ။

## ၁။ (က) ဝါကျကို အနိယမဝါကျထည့်၍ အနက်ပေးပုံ

အဘိဓမ္မသဒ္ဒ အတ္ထံ ပကာသယိဿာမိတိ၊ အဘိဓမ္မသဒ္ဒ အတ္ထံ ပကာသယိဿာမိဟူ၍။ ယံ ဝစနံ၊ အကြင်စကားကို။ မယာ၊ ငါသည်။ ဟေဋ္ဌာ၊ အောက်၌။ ဝုတ္တံ၊ ဆိုအပ်ပြီ။ ဝါ၊ ပဋိညာတံ၊ ဝန်ခံအပ်ပြီ။

**(တတ္ထ၏ အနိယမဝါကျ)**

တတ္ထ၊ ထိုစကား၌။ ဝါ၊ ထိုဝန်ခံအပ်သော စကား၌။ ယော-အဘိဓမ္မော၊ အကြင်အဘိဓမ္မာကို။ ဝုတ္တော၊ ဆိုအပ်ပြီ။ သော အဘိဓမ္မော၊ ထိုအဘိဓမ္မာသည်။ ကေနဋ္ဌေန၊ အဘယ်သို့သော အနက်သဘောကြောင့်။ အဘိဓမ္မော၊ အဘိဓမ္မာမည်သနည်း။

တတ္ထအရ- ဣမံ အဘိဓမ္မကထံ နိသာမေထ-ဟူသော ဥဿျောဇဉ် စကားကိုလည်း စွဲသောကြောင့် ထိုနှင့်လျော်ညီစွာလည်း အနိယမဝါကျကို ထည့်နိုင်သည်။ (ဣမံ အဘိဓမ္မကထံ နိသာမေထာတိ ယံ ဝစနံ မယာ ဟေဋ္ဌာ ဝုတ္တံ။ အနိယမဝါကျ) တတ္ထ (ယော အဘိဓမ္မော ဝုတ္တော၊ သောအဘိဓမ္မော) ကေနဋ္ဌေန အဘိဓမ္မော-ဟု ယောဇနာပါ။

**(ခ) ဝါကျကို နိယမ+အနိယမဝါကျ၊ ဟေတု+ဖလဝါကျအဖြစ် ထင်ရှားအောင် အနက်ယောဇနာပုံ-**

ယသ္မာ၊ အကြင့်ကြောင့်။ ဧတ္ထ၊ ဤအဘိဓမ္မာဟူသောပါဌ်၌။ (အဘိနိဝိဋ္ဌော၊ သက်ဝင်သော။) အဘိသဒ္ဒေါ၊ အဘိသဒ္ဒါသည်။ အတိ-ရေကဝိသေသတ္ထဒီပကော၊ လွန်သောအနက်. ထူးသောအနက်ကို

http://www.dhammadownload.com



ထွန်းပြတတ်၏။ (အနိယမဝါကျ+ ဟေတုဝါကျ)။

တသ္မာ၊ ထို့ကြောင့်။ အယမ္ပိဓမ္မော၊ ဤတရားသည်လည်း။ ဓမ္မာ တိ- ရေဓမ္မဝိသေသဒွေန၊ လွန်သောတရား, ထူးသောတရားဟူသော အနက်ကြောင့်။ အဘိဓမ္မော၊ အဘိဓမ္မမည်၏။ (နိယမဝါကျ+ဖလဝါကျ)

၂။ (က) ဝါကျသို့ ပါပနာပဉ္စကတတ်

ဆရာ ဆရာသည် အဘိဓမ္မသာ အတ္ထံ ပကာသယိဿာမိဟူ၍ ဂန္ထာရမ္ဘဂါထာ၌ ပဋိညာဉ်ကို ပြတော်မူခဲ့၏။ (ဌပနာ) ယင်းသို့ဆိုလျှင် ယခုအခါ အဘိဓမ္မာ ပါဠိတော်ဖြစ်သော ကုသလာဓမ္မာ စသည်ကို ဖွင့်ဆို တော့မည် ဟူသောအနက် သည်ရောက်၏။ (အနုလောမပါပနာ) စင်စစ် ထိုအနက်သည် မရောက်သင့်။ (ပဋိလောမပါပနာ) ထို့ကြောင့် ပဋိညာဉ် ဝန်ခံပြုပြီးသည် အားလျော်စွာ ယခုအခါ ကုသလာဓမ္မာစသည်ကို ဖွင့်မည် မဖွင့်မည်ကို ဆရာ ဆိုသင့်သေး၏။ (အနုလောမရောပနာ) မပြဆိုဘဲ မနေသင့်။ (ပဋိလောမရောပနာ) နေချေသော် ဆရာ၌ ပဋိညာတ+ ပဋိညာတဗ္ဗ ဆန့်ကျင်သော ဝိရောဓိဒေါသ ရောက်ရာ၏။ ဤသို့ စောဒနာ ဖွယ်ရှိသောကြောင့် ကုသလာဓမ္မာစသော အဘိဓမ္မာပါဠိတော်ကို မဖွင့်ဆိုမီ ရှေးဦးစွာ အဘိဓမ္မ၏ ဝစနတ္ထ (ဝိဂြိုဟ်နှင့်အနက်)ကို သိမှသာ အဘိဓမ္မာ စကားသည် တင့်တယ်ရာသောကြောင့် "အဘာယ်အနက်ကြောင့် အဘိဓမ္မာ မည်သနည်း" ဟူသော ကထေတုကမျတာပုစ္ဆာကို ပြလိုသော ဆရာသည် ကေနဋ္ဌေန အဘိဓမ္မော-ဟူသော ပုစ္ဆာဝါကျကိုမိန့်။

အဓိပ္ပါယ်ကား - အဘိဓမ္မသာ အတ္ထံ ကထယိဿာမိ= အဘိဓမ္မာ ပါဠိတော်၏ အနက်ကို ဖွင့်ပြအံ့- ဟု ဝန်ခံခဲ့သော်လည်း ပါဠိတော်ကို မဖွင့်ဆိုမီ အဘိဓမ္မ၏ ဝစနတ္ထကို သိသင့်ရကား ရှေးဦးစွာ အဘိဓမ္မ၏ ဝစနတ္ထနှင့် ဆိုင်ရာစသည်ကို ငါပြဆိုမည် ဖြစ်သောကြောင့် သင်တင်သော ဒေါသ ငါ၌ မရောက်ပါဟူလို။

http://www.dhammadownload.com



## (ဂ) ဝါကျသို့ ဋ္ဌပနာပဉ္စက

ဆရာ ဆရာသည် လွန်သောတရား, ထူးသောတရား ဖြစ်သောကြောင့် အဘိဓမ္မမည်သည်ဟု ဆိုတော်မူ၏။ (ဌပနာ) အဘိဓမ္မာပိဋကတ်၌ အဘိဓမ္မသာရှိ၍ အတိရေကဓမ္မ.ဝိသေသဓမ္မဟူသောပါဠိ မရှိသည် မဟုတ်ပါလော။ (အာဘော်) (တစ်နည်း) ဓမ္မာတိရေက ဓမ္မဝိသေသ ဟူသောစကားသည် ဆရာ၏ အဋ္ဌကနောမတိမျှသာဖြစ်၍ မယုံကြည်နိုင်ရာသည် မဟုတ်ပါလော။ (အာဘော်) ထို့ကြောင့်(ဟိတ်) အတိရေကဓမ္မ. ဝိသေသဓမ္မ (ဝါ) ဓမ္မာတိရေက ဓမ္မဝိသေသဋ္ဌေနဟု ဆရာမဆိုသင့်။ (ဌပနာပဋိကွေပ) အဘာယ်ကြောင့် ယင်းသို့ ဆိုရပါသနည်း။(ပုစ္ဆာ) ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား-** အဘိဓမ္မာ၌ အဘိသဒ္ဒါသည် အတိရေကအနက်. ဝိသေသအနက်တို့ကို ထွန်းပြသောကြောင့် ဓမ္မာတိရေကဓမ္မဝိသေသဋ္ဌေန ဟု ဆိုရပါသည် ဟူလို။

## (ဂ) ဝါကျ ဗာဠှာ မေ ဒုက္ခာ ဝေဒနာ စသည်သို့ ဋ္ဌပနာပဉ္စက

ဆရာ ဆရာသည် အဘိဓမ္မာ၌ အဘိသဒ္ဒါသည် အတိရေကအနက်. ဝိသေသအနက်တို့ကို ထွန်းပြတတ်သည်ဟု ဆိုတော်မူ၏။(ဌပနာ) အဘိသဒ္ဒါ အတိရေကအနက်. ဝိသေသအနက်တို့ကိုဟောသည့် အာဂုံပါဠိ မရှိက ဆရာ့စကား မယုံကြည်နိုင်ရာသည် မဟုတ်ပါလော။(အာဘော်) ထို့ကြောင့် (ဟိတ်) အဘိသဒ္ဒါသည် အတိရေကအနက်. ဝိသေသအနက်တို့ကို ထွန်းပြသည်ဟု ဆရာ့စကား သကဝစနမျှကိုသာ ဆရာမဆိုသင့်။ (ဌပနာပဋိကွေပ) ယုံကြည် လက်ခံနိုင်ကြောင်း အာဂုံပါဠိ (အာဂမယုတ္တိ) ကား အဘာယ်ပါနည်း။ (ပုစ္ဆာ) ဤသို့ မေးဖွယ်ရှိသောကြောင့် **"ဗာဠှာ မေ ဒုက္ခာ ဝေဒနာ"** စသည်မိန့်။

**အဓိပ္ပါယ်ကား-** "ဗာဠှာ မေ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ၊ အဘိက္ကန္တဝဏ္ဏာ" စသော အာဂမယုတ္တိပါဠိ သာကေတို့ကို ထောက်ဆ၍ ဌါ၊စကား

http://www.dhammadownload.com



ယုတ္တိရှိပါ၏ဟူလို။

## (ဂ) ဝါကျသို့ သဒ္ဒပသင်္ဂ ဥပနာပဉ္စက စောဒနာတက်

ဆရာ ဆရာသည် (ခ)ဝါကျဖြင့် လွန်သောတရားဟူသောအနက်, ထူးသောတရားဟူသောအနက်ကြောင့် အဘိဓမ္မမည်၏ဟု ဆိုတော်မူ၏။ (ဥပနာ) လွန်သောအနက် ထူးသောအနက်တို့၌ ဓမ္မသဒ္ဒါ မဖြစ်က မဖြစ်သင့်ရာသည် မဟုတ်ပါလော။(အာဘော်) ထို့ကြောင့် (ဟိတ်) လွန်သောတရားဟူသောအနက်, ထူးသောတရားဟူသော အနက်ကြောင့် အဘိဓမ္မမည်၏ဟုသာ ဆရာမဆိုသင့်။ (ဥ-ပဋိ) လွန်သောအနက် ထူးသောအနက်တို့ကို အဘာယ်သဒ္ဒါက ဟောပါသနည်း။(ပုစ္ဆာ) လွန်သောအနက်, ထူးသောအနက်တို့ကို အဘာယ်သဒ္ဒါက ဟောသည်ဟု မဆိုချေသော် ဆရာ၌ ဝိရောဓိဒေါသ ရောက်ရာ၏ - စုဒ်ကြောင့် (ဂ) ဝါကျမိန့်။

အဓိပ္ပါယ်ကား - လွန်သောအနက် ထူးသောအနက်တို့ကို ဓမ္မသဒ္ဒါက ဟောသည်မဟုတ်၊ အဘိသဒ္ဒါက ဟောသည်ဟု ငါပြဆိုသောကြောင့် ဒေါသ မရောက်ပါဟူလို။

(ဤအတက်ကား သဒ္ဒါ(ဝါစက)ကို လျှဉ်းပါး၍တက်သော သဒ္ဒပသင်္ဂ(ဝါစကပသင်္ဂ) စောဒနာတက် ဖြစ်သည်။)

## အတ္ထ (ဝါစ္စ) ပသင်္ဂ စောဒနာတက်

ဆရာ ဆရာသည် (ခ) ဝါကျဖြင့် လွန်သောတရား, ထူးသောတရား ဖြစ်သောကြောင့် အဘိဓမ္မမည်၏ဟု ဆိုတော်မူ၏။ (ဥ) "အတိရေကအနက်, ဝိသေသအနက်သည် အဘိသဒ္ဒါ၏ အနက်မဟုတ်လေက မသင့်ရာသည် မဟုတ်ပါလော"။(အာ) ထို့ကြောင့် (ဟိတ်) (ခ) ဝါကျကိုသာ ဆရာ မဆိုသင့်။ (ပဋိက္ခေပ) ထိုသို့ ဆိုနိုင်ခြင်း၏ အကြောင်းယုတ္တိကား အဘာယ်ပါနည်း။(ပုစ္ဆာ) အကြောင်းယုတ္တိကို မဆိုချေက ဝိရောဓိဒေါသ ရောက်ရာ၏။ (စော) စုဒ်-ကြောင့်(ဂ) ဝါကျမိန့်။

http://www.dhammadownload.com



**အဓိပ္ပါယ်ကား** - "ဟဋ္ဌာ မေ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ" စသော ပါဠိတော်တို့၌ကဲ့သို့ အဘိသဒ္ဒါသည် အတိရေကအနက်, ဝိသေသအနက်တို့ကို ဟောနိုင်သောကြောင့် ယင်းသို့ ဖွင့်ဆိုရပါသည်။ ထို့ကြောင့် ဒေါသမသင့်ပါဟူလို။

(ဤအတက်ကား အနက်ကို လျှဉ်းပါး၍ တက်သော အတ္ထုပသာဂ်, ဝါစ္စပသာဂ် စောဒနာတက်ဖြစ်သည်။)

## (ဃ) ဝါကျသို့ ဋ္ဌပနာပဉ္စက

ဆရာ ဆရာသည် (ခ) (ဂ) ဝါကျတို့ဖြင့် အဘိသဒ္ဒါက အတိရေကအနက်, ဝိသေသအနက်တို့ကို ထွန်းပြကြောင်း ယုတ္တိနှင့် ဆိုတော်မူခဲ့၏။ (ဌ) ယင်းသို့ပင် ဆိုပါသော်လည်း အဘိက္ကမန္တိ, အဘိက္ကန္တဝဏ္ဏာတို့၌ အဘိသဒ္ဒါသည် ကြိယာနှင့် ယှဉ်သဖြင့် သင့်တန်သော်လည်း အဘိဓမ္မ-၌ အဘိ-ကား ဓမ္မဟူသော ဒြပ်ဟောပုဒ်နှင့် ယှဉ်သောကြောင့် အတိရေကအနက်, ဝိသေသအနက်တို့ကို ထွန်းပြ၏ဟူသော စကားသည် မသင့်သည်သာ မဟုတ်ပါလော။ (ဝါ) အဘိဓမ္မ၌ အဘိသဒ္ဒါသည် ဓမ္မဟူသော ဒြပ်အနက်ကိုသာဟော၍ ကြိယာအနက်ကို မဟောသည် မဟုတ်ပါလော။ (အာ) ထို့ကြောင့် (ဟိတ်) (ခ)(ဂ) ဝါကျတို့ကိုသာ ဆရာမဆိုသင့်။ (ပဋိက္ခေပ) အဘယ်သို့သော ဥပမာတို့ကို ထောက်ဆ၍ အဘိသဒ္ဒါ အတိရေကအနက်, ဝိသေသအနက်တို့ကို ထွန်းပြသည်ဟု ဆိုရပါသနည်း။ (ပုစ္ဆာ) ဤသို့ မေးဖွယ်ရှိသောကြောင့် တသ္မာ ယထာ သမုဿိတေသု-စသော (ဃ) ဝါကျကို မိန့်။

**အဓိပ္ပါယ်ကား** - အတိစ္ဆတ္တာ, အတိဓဇ- ပုံစံတို့၌ ဒြပ်ဟောဆတ္တာ, ဓဇ-ပုဒ်တို့နှင့် ယှဉ်သော်လည်း အတိသဒ္ဒါသည် အတိရေကအနက်,ဝိသေသအနက်တို့ကို ဟောနိုင်သကဲ့သို့ ဤအဘိဓမ္မ၌လည်း အဘိသဒ္ဒါသည် အတိရေကအနက်, ဝိသေသအနက်တို့ကို ဟောနိုင်(ထွန်းပြနိုင်)ပါ၏ ဟူလို။

http://www.dhammadownload.com



စောဒနာတက် တက်လိုက ဝိရောဓိဒေါသ. ဩစိတျဟီနဒေါသတင်ပါ။

## (စ) ဝါကျသို့ ပါပနာပဋ္ဌက စောဒနာတက်

ဆရာ ဆရာသည် (ဂ-ဃ-င) ဝါကျတို့ဖြင့် အဘိသဒ္ဒါ၏ အတိရေကအနက်. ဝိသေသအနက်တို့ကို ဟောကြောင်း ဉာပကဟိတ် စကားနှင့်တကွ ပြဆိုတော်မူ၏။ (၄) ယင်းသို့သာဆိုချေသော် ဤသို့ ဆိုသဖြင့် တစ်စုံတစ်ရာ အကျိုးမရှိဟူသော အနက်သည် ရောက်၏။ (အနုလောမပါပနာ) စင်စစ် ထိုအနက်သည် မရောက်သင့်။ (ပဋိလောမ ပါပနာ) ထို့ကြောင့် ထိုသို့ဆိုသဖြင့် ရနိုင်သော အကျိုးကိုလည်း ဆိုသင့် သေး၏။ (အနုလောမရောပနာ) မဆိုဘဲ မနေသင့်။ (ပဋိလောမရောပနာ) နေချေသော် ဆရာ၌ အကျိုးမရှိသော နိရတ္ထကဒေါသ၊ စကားမပြည့်စုံသော အဗျာပိတဒေါသတို့သို့ ရောက်ရာ၏။ (ဒေါသာရောပနာ) ဤသို့ စောဒနာ ဖွယ်ရှိသောကြောင့် ယင်းစောဒနာကို သောနောလိုသော ဆရာသည် (စ) ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား**-(ဂ-ဃ-င)ဝါကျတို့ဖြင့် အဘိသဒ္ဒါ၏ အတိရေက အနက်.ဝိသေသအနက်တို့ကို ဟောနိုင်ကြောင်း ဥပမာ (ဉာပက ဟိတ်) စကားရပ်တို့ဖြင့် ပြဆိုသဖြင့် "လွန်သောတရား. ထူးသော တရား ဖြစ်သောကြောင့် အဘိဓမ္မဟု ဆိုအပ်၏" ဟူသော အနက် ကို သိမှတ်ရခြင်း အကျိုးရှိသည်ဟု ငါပြဆိုသောကြောင့် ဒေါသ မရောက် ပျောက်ပါ၏ဟူလို။

(ဤအတက်များမှာ ဋီကာ. ဂဏ္ဌိတို့နှင့် အညီတက်သော အဓိပ္ပါယ် တက်များ ဖြစ်သည်။ သဘောပေါက်အောင် သေချာစွာလေ့လာပါ။)

## ဝါကျတက် တက်လိုသော်

(က) ဝါကျသို့-

ဆရာ ဆရာသည် အဘိဓမ္မသာ အတ္ထံ ပကာသယိဿာမိ-ဟု

http://www.dhammadownload.com



ပဋိညာဉ်ကို ဆိုတော်မူ၏။ (ဌ) အဘိဓမ္မနှင့်စပ်၍ ပုစ္ဆာကိုလည်း ဆိုသင့်သည် မဟုတ် ပါလော။ (အာ) သိသင့်သိထိုက်သော ပုစ္ဆာကား အဘယ်ပါနည်း။ (ပုစ္ဆာ)

## (ခ) ဝါကျသို့-

ဆရာ ဆရာသည် အဘိဓမ္မနှင့်စပ်၍ ပုစ္ဆာကို ဆို၏။ (ဌ) ပုစ္ဆာဟူသည် ဝိသဇ္ဇနာနှင့် မကင်းကောင်းသည် မဟုတ်ပါလော။ (အာ) (ဝါ) ပုစ္ဆာအားလျော်စွာ ဝိသဇ္ဇနာကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော။ (အာ) ဝိသဇ္ဇနာကား အဘယ်ပါနည်း။ (ပုစ္ဆာ)

## (ဂ) ဝါကျသို့-

ဆရာ ဆရာသည် အတိရေကဓမ္မ, ဝိသေသဓမ္မ ဖြစ်သောကြောင့် အဘိဓမ္မမည်၏ဟု ဆို၏။ (ဌ) အဘိသဒ္ဒါသည် အတိရေကအနက်,ဝိသေသအနက်တို့ကို မဟောနိုင်က ဆရာ့စကား မဆိုနိုင်ရာသည် မဟုတ်ပါလော။ (အာ) အဘယ်သို့သော ယုတ္တိကြောင့် အဘိသဒ္ဒါ အတိရေကအနက်, ဝိသေသအနက်တို့ကို ဟောသည်ဟု သိနိုင်ပါသနည်း။ (ပုစ္ဆာ)

## (ဃ) ဝါကျသို့-

ဆရာ ဆရာသည် "ဗာဠှာ မေ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ၊ အဘိက္ကန္တဝဏ္ဏာ" စသော ပါဠိရပ်တို့ကို ထောက်ဆ၍ အဘိသဒ္ဒါ အတိရေကအနက်, ဝိသေသအနက်တို့ကို ဟောနိုင်ကြောင်း ဆိုတော်မူ၏။ (ဌပနာ) (အဘိသဒ္ဒါသည် ကြိယာနှင့်ယှဉ်မှသာ ဥပသာရအမည် ရသောကြောင့်) ဤသို့ ကြိယာနှင့်မယှဉ်ဘဲ ဓမ္မဒြပ်နှင့်ယှဉ်သော အဘိသဒ္ဒါ၏ အတိရေကအနက်, ဝိသေသ အနက်တို့ကို ဟောနိုင်ပုံကို ဥပမာနှင့်တကွ ပြဆိုသင့်သည် မဟုတ်ပါလော။ (အာ) အဘယ်သို့သော သာဓကေ ဥပမာကြောင့် ယင်းသို့ ဆိုရပါသနည်း။ (ပုစ္ဆာ)

http://www.dhammadownload.com



(င) ဝါကျသို့ -

ဆရာ အတိစ္စတ္တ - ၌ အတိ - သည် ဆတ္တ - ဟူသော ဒြပ်ပောပုဒ်နှင့် ယှဉ်သော်လည်း အတိရေကအနက်, ဝိသေသအနက်တို့ကို ဟောနိုင်ကြောင်း ဖွင့်ဆို၏။ (ဌ) အတိဇေ - ၌ အတိသဒ္ဒါ၏ အတ္တိရေက, ဝိသေသအနက်ဟောပုံကို ပြဆိုသင့်သေးသည် မဟုတ်ပါလော။ (အာ) အတိဇေ - ၏ အကျယ်ဝိတ္ထာရကား အဘယ်ပါနည်း။ (ပုစ္ဆာ)

(စ) ဝါကျသို့ -

ဆရာ အဘိဓမ္မ - ၌ အဘိသဒ္ဒါ၏ အတိရေကအနက်, ဝိသေသအနက်တို့ကို ဟောကြောင်း အာဂမယုတ္တိ - သဘာဝယုတ္တိတို့ဖြင့် ဆိုတော်မူ၏။ (ဌ) ယင်းသို့ဆိုသဖြင့် တစ်စုံတစ်ရာ အကျိုးရှိပါသလော။ (ဝါ) တစ်စုံတစ်ရာ အကျိုးမရှိသည် မဟုတ်ပါသလော။ (အာဘော်) အဘယ်အကျိုးရှိပါသနည်း (ပုစ္ဆာ)။

(ဌပနာတိကတက်, တက်တတ်လျှင် ဌပနာပဥ္စက, ပါပနာပဥ္စကတို့ကိုလည်း ရနိုင်သောကြောင့် ဌပနာတိကပုစ္ဆာတက်လောက်သာ ပြလိုက်ပါသည်။)

၃။ ဒေါသပယ်

(က) ဝါကျဖြင့် ကုသလာ ဓမ္မာ - ဟူသော အဘိဓမ္မာပါဠိတော်ကို မဖွင့်ဆိုမီ အဘိဓမ္မပုဒ်၏ ဝစနတ္ထစသည် သိဖွယ်ရာတို့ကို ပြလိုရကား ရှေးဦးစွာ အခြေပါဒပြုသောအားဖြင့် သိထိုက်သော ပုစ္ဆာတို့ကို ပြဆိုသောကြောင့် အဗျာပိတဒေါသကို ပယ်သည်။

ရှင်းလင်းချက်။ ။ အကယ်၍ ကေနဒ္ဓေန အဘိဓမ္မော စသော စကားကို မဆို ခဲ့ပါလျှင် မူလပဓာနဖြစ်သော အဘိဓမ္မ၏ ဝစနတ္ထစသည်ကို မသိနိုင်လျှင် သိသင့်သိထိုက်သော အနက်အဓိပ္ပါယ်များ မပြည့်စုံသောကြောင့် အဗျာပိတဒေါသ သင့်ဖွယ်ရှိသည်။

http://www.dhammadownload.com



ကေနဌေန အာဘိဓမ္မာ- စသည်ကို ဆိုလိုက်သဖြင့် သိသင့် သိထိုက်သော ဝစနတ္ထစသည်ကို ပြည့်စုံစွာ သိရသောကြောင့် ထိုဒေါသ မရောက်နိုင်တော့ပေ။ ထို့ကြောင့် (က) ဝါကျဖြင့် အဗျာပိတဒ္ဒေါသကို ပယ်သည်ဟု ဆိုသည်။

(ခ) ဝါကျဖြင့် ပုစ္ဆာအားလျော်သော အဖြေကို ပြဆိုသော ကြောင့် အဗျာပိတဒေါသကို ပယ်သည်။

(ခ) ဝါကျကို မဆိုခဲ့လျှင် အဖြေကို မသိနိုင်။ အမေးသာရှိ၍ အဖြေမရှိလျှင် စကားပြည့်စုံသည်ဟု မဆိုနိုင်၊ ထို့ကြောင့် အဗျာပိတဒေါသ သင့်ဖွယ် ရှိသည်။

(ခ) ဝါကျကို ဆိုလိုက်သဖြင့် လိုအပ်နေသော အဖြေကို သိခွင့် ရ၏။ ထို့ကြောင့် အဗျာပိတဒေါသကို ပယ်သည်ဟု ဆိုရသည်။

**တစ်နည်း**- (ခ) ဝါကျဖြင့် အဘိဓမ္မ၌ အဘိသဒ္ဒါ၏ အနက်ကို အတိ အကျ သတ်မှတ်ပြသောကြောင့် (မလို အပ်သောအနက်တို့ ပါဝင်မလာသဖြင့်) အတိ ဗျာပိတဒေါသကို ပယ်ပါသည်။

-အကယ်၍ (ခ) ဝါကျကိုသာ မဆိုပါက အဘိဓမ္မ-၌ အဘိသဒ္ဒါ သည် ဥဒ္ဒကမ္မ. သာရပ္ပစသော အနက်တို့ကို ဟောသည်။ အဘိ ဓမ္မဟူသည် အထက်သို့ တက်သောတရား၊ သင့်လျော်သော တရားတည်းဟု မလိုအပ်သော အနက်များပါ ငြိကပ်ပါဝင်လာနိုင် သဖြင့် အတိဗျာပိတဒေါသ သင့်ဖွယ်ရှိ၏။

(ခ) ဝါကျကို ဆိုသဖြင့် လိုအပ်သောအနက်ကို အတိအကျ ပြနိုင်ရကား မလိုအပ်သော အနက်တို့ ငြိကပ်ပါဝင်လာ ဖွယ်မရှိတော့ပေ။ ထို့ကြောင့် အတိဗျာပိတဒေါသကို ပယ်သည်ဟု ဆိုရသည်။

http://www.dhammadownload.com



(ဂ) ဝါကျဖြင့် (ခ) ဝါကျ၌ မိမိဖွင့်ဆိုခဲ့သော အတိရေကမွေ့, ဝိသေသမွေ့ဟူသော စကားသည် "တဏှာ မေ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ" စသော အာဂုမ်ပါဠိကြောင့် ယုတ္တိရှိသည်ဟု ပြဆိုသောကြောင့် ဩဒိတျဟီနဒေါသ, ဝိရောဓိဒေါသတို့ကို ပယ်ပါသည်။

(ဂ) ဝါကျကို မဆိုပါက အတိရေကမွေ့, ဝိသေသမွေ့ဟု မိမိဆိုခဲ့သော စကားကို (အထောက်သာဓက မရှိ၍) စောဒကတို့ လှုပ်ခြောက်ခြားနိုင်သည်။ ယုတ္တိမရှိရာ ရောက်နိုင်သည်။ ထို့ကြောင့် ဩဒိတျဟီနဒေါသ, ဝိရောဓိဒေါသတို့ သင့်ရောက်နိုင်သည်။

(ဂ) ဝါကျကို ဆိုလိုက်သဖြင့် အတိရေကမွေ့, ဝိသေသမွေ့ဟူသော မိမိစကားသည် ယုတ္တိရှိပြီး ခိုင်မာအားကောင်းလာသောကြောင့် ထိုဩဒိတျဟီနဒေါသ, ဝိရောဓိဒေါသတို့ကို ပယ်သည်။

(ဃ) ဝါကျဖြင့် မွေ့ဟူသော ဒြပ်ဟောပုဒ်နှင့် ယှဉ်သော်လည်း အဘိဥပသာရပုဒ်သည် အတိရေကအနက်, ဝိသေသအနက်တို့ကို ဟောနိုင်ကြောင်း အတိစ္စတ္တ, အတိဓေ ဥပမာတို့ဖြင့် ခိုင်မာအောင် ပြဆိုသောကြောင့် ဝိရောဓိဒေါသကို ပယ်သည်။

-အကယ်၍ (ဃ)ဝါကျကို မဆိုပါလျှင် အဘိဥပသာရပုဒ်၏ အတိရေကအနက်, ဝိသေသအနက်တို့ကို ဟော၏ဟူသော စကားသည် (အဘိက္ကမန္တိ, အဘိက္ကန္တဝဏ္ဏာဟူသော အထောက် ဥပမာတို့၌ အဘိဥပသာရပုဒ်သည် ဓာတ်နှင့်ယှဉ်သောကြောင့် ယုတ္တိရှိသော်လည်း ဤအဘိမွေ့-၌ အဘိကား မွေ့ဟူသော ဒြပ်ဟောပုဒ်နှင့် ယှဉ်သောကြောင့် ယုတ္တိမတန်ရာကား) ယုံကြည်လက်ခံနိုင် ဖွယ်ရာမရှိ၊ ထို့ကြောင့် ယုတ္တိကင်းသော ဝိရောဓိဒေါသ, ဩဒိတျဟီနဒေါသတို့ မသင့်ရောက်နိုင်တော့ပေ။

http://www.dhammadownload.com



(စ) ဝါကျဖြင့် ထိုသို့ အဘိသဒ္ဒါက အတိရေကအနက်. ဝိသေသအနက်တို့ကို ဟောနိုင်သောကြောင့် အဘိဓမ္မ-ဟူသည် လွန်သောတရား၊ ထူးသောတရားဟု ဆိုနိုင်ခြင်း အကျိုးရှိသည်ဟု ပြဆိုသောကြောင့် နိရတ္ထကဒေါသကို ပယ်သည်။

(စ) ဝါကျကို မဆိုခဲ့ပါက (ဂ) စသောဝါကျတို့ကို ဆိုသဖြင့် မည်သို့ အကျိုးရှိသည်ကို မသိနိုင်။ တစ်စုံတစ်ရာ အကျိုးမရှိသောကြောင့် နိရတ္ထကဒေါသ သင့်ဖွယ်ရှိ၏။

(စ) ဝါကျကို ဆိုလိုက်သဖြင့် ရရှိသောအကျိုးကို သိရသောကြောင့် (ဝါ) (ဂ) စသော ဝါကျဆိုရကျိုးကို သိရသောကြောင့် နိရတ္ထကဒေါသကို ပယ်သည်။

**မှာထားချက်။ ။**

* လာမည့်ဝါကျတို့၌ အတိုအကျဉ်းသာ ရေးသားသွားပါမည်။ အကျယ် စဉ်းစားနည်းကို ယခုဆိုခဲ့သည့် ရှင်းလင်းချက်များကို သဘောပေါက်အောင် လေ့လာမှတ်သား၍ စဉ်းစားကြပါလေ။

## တသ္မာ ထားရခြင်းအကြောင်း

ထိုသို့ အဘိသဒ္ဒါက အတိရေကအနက်. ဝိသေသအနက်တို့ကို ဟော နိုင်သောကြောင့် လွန်သောတရား. ထူးသောတရားသည် အဘိဓမ္မ မည်၏ဟု ဆိုထိုက်သည်ဟူသော အကျိုးကို ပြလိုသောကြောင့် တသ္မာ ထားပါသည်။

## ၄။ ဝစနတ္ထ + ဗျုပ္ပတ္တိစတုက္က

* အတိရေကော ဓမ္မော ဓမ္မာတိရေကော။
* ဝိသေသော ဓမ္မော ဓမ္မဝိသေသော။

http://www.dhammadownload.com



* ဓမ္မာတိရေကော စ သော ဓမ္မဝိသေသောစာတိ ဓမ္မာတိရေက ဓမ္မဝိသေသော။
  - အတိရေကဓမ္မ ဝိသေသဓမ္မတို့၏ ဘေဒ + အဘေဒ၊ ဝိသေသန + ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။
  - အဘိဓမ္မ၏ အတိရေကဂုဏ်, ဝိသေသဂုဏ်တို့သည် ပဝတ္တိနိမိတ်။

* အတိရေကောဝိသေသော ဝါ, ဓမ္မော အဘိဓမ္မော။
  - အ - ဘိ - ဓမ် - မော ဟူသော အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။
  - အတိရေကဂုဏ်, ဝိသေသဂုဏ်၏ အဘိဓမ္မာနှင့် ဂုဏ် + ဂုဏေး သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။
  - အဘိဓမ္မော ဟူသော အပေါင်းပညတ္တိ သဒ္ဒါသည် ပဝတ္တိ။
  - ထို၏ အကြောင်းဖြစ်သော လွန်ကဲခြင်းဂုဏ်, ထူးသောဂုဏ်သည် ပဝတ္တိနိမိတ်။

* အဘိက္ကန္တော ဝဏ္ဏော ဧတိဿာတိ အဘိက္ကန္တဝဏ္ဏာ။ (ဒေဝတာ)
  - အ - ဘိ - ကန် - တ - ဝဏ် - ဏာ ဟူသော အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။
  - အလွန်နှစ်လိုဖွယ်သော အဆင်း၏ နတ်သားနှင့် ဌာနီ + ဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။
  - အဘိက္ကန္တဝဏ္ဏာဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။
  - ထိုပဝတ္တိ၏ အကြောင်းဖြစ်သော နှစ်လိုဖွယ်သော အဆင်း(ဝါ) နှစ်လိုဖွယ်သော အဆင်းရှိခြင်းဂုဏ်သည် ပဝတ္တိနိမိတ်။

* ဗဟုတ္တံ ဝုဒ္ဓိံ ဂစ္ဆန္တီတိ ဗာဠှာ။ (ဗဟု+ တ)
  - ဗာ - ဠှာ ဟူသော အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။
  - ဗဟုဓာတ် + တပစ္စည်းသည်လည်းကောင်း၊ တိုးပွားခြင်းကြိယာ သာမညသည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။

http://www.dhammadownload.com



-ဟဋ္ဌာဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။
-ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ကတ္တုသတ္တိဖြင့် အထူးပြုအပ်သော တိုးပွားခြင်းကြိယာဝိသေသသည် ပဝတ္တိနိမိတ်။

* ဗဟုံ လာတီတိ ဟဋ္ဌာ။ (ကိတန္တသမာသ်၊ ဗဟု+ လာ+ အ)
-များစွာယူခြင်း ကြိယာသာမညသည်လည်းကောင်း၊ ဗဟုရှေးရှိသော လာဓာတ် အပစ္စည်းသည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။
-ကတ္တုသတ္တိဖြင့် အထူးပြုအပ်သော များစွာယူခြင်း ကြိယာဝိသေသသည် ပဝတ္တိနိမိတ်။

* သမ္မာ ဥဿာဝီယတေတိ သမုဿိတံ။ (သံ+ဥ+သိ+တ)
-ကောင်းစွာစိုက်ထောင်ခြင်း ကြိယာသာမညသည်လည်းကောင်း၊ သံရှေး, ဥရှေးရှိသော သိဓာတ် တပစ္စည်းသည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။
-ကမ္မသတ္တိဖြင့် အထူးပြုအပ်သော ကောင်းစွာစိုက်ထောင်ခြင်း ကြိယာဝိသေသသည် ပဝတ္တိနိမိတ်။

* အတိရေကံ ပမာဏံ ယဿာတိ အတိရေကပ္ပမာဏံ။ (ဗဟုဗ္ဗီဟိသမာသ်)
-ပိုလွန်သော ပမာဏ၏ ထီးနှင့် ပမာဏ+ပမာဏဝန္တသမ္ဗန်သည်ဗျု နိ။
-ပိုလွန်သော ပမာဏသည်ပ-နိ။

* ဝဏ္ဏော စ သဏ္ဌာနံ စ ဝဏ္ဏသဏ္ဌာနံ။ (ဒွန်သမာသ်)
-အဆင်း၏ သဏ္ဌာန်နှင့် အချင်းချင်း ငဲ့ခြင်းဟု ဆိုအပ်သော အညမညာပေက္ခသမ္ဗန်သည် ဗျု-နိ။
-အဆင်းနှင့် သဏ္ဌာန်တို့၏ သာမညဇာတ်သည် ပ-နိ။

* ဝိသေသံ ဝဏ္ဏသဏ္ဌာနံ အဿာတိ ဝိသေသဝဏ္ဏသဏ္ဌာနံ။ (ဗဟုဗ္ဗီဟိသမာသ်)
ထူးသောအဆင်းသဏ္ဌာန်၏ ထီးနှင့် ဌာနီ+ဌာန သမ္ဗန်သည် ဗျု-နိ။

http://www.dhammadownload.com



-ထူးသော အဆင်းသဏ္ဌာန်သည် ပ-နိ။

* အာတပံ ဆာဒေတိ အပဝါရေတီတိ ဆတ္တံ။ (ဆဒ+ တ)

-နေပူကို ဖယ်ရှားခြင်း ကြိယာသာမညသည် ဗျု-နိ။

-ကတ္တုသတ္တိဖြင့် အထူးပြုအပ်သော ပယ်ရှားခြင်း ကြိယာဝိသေသသည် ပ-နိ။

* အတိရေကံ ဆတ္တံ အတိစ္ဆတ္တံ။ (ကမ္မဓာရဲသမာသ်)

-ပိုလွန်သောဂုဏ်၏ ထီးနှင့် ဂုဏ်+ ဂုဏော သမ္ဗန် ဗျု-နိ။

-ပိုလွန်သောဂုဏ်သည် ပ-နိ။

* ဓဇတိ ဘဝတီတိ ဓဇော။ ( ဓဇ+ အ)

-ဖြစ်ခြင်း ကြိယာသာမညသည်လည်းကောင်း၊ ဓဇဓာတ် အပစ္စည်းသည်လည်းကောင်း ဗျု-နိ။

-ကတ္တုသတ္တိဖြင့် အထူးပြုအပ်သော ဖြစ်ဖြင်းကြိယာဝိသေသသည် ပ-နိ။

## ၅။ ပဒ + အန္တစသည်

| | |
|---|---|
| တတ္တ | = နိပါတ်ပုဒ်၊ အလိင်၊ ဂဏဝိမုတ်၊ အကာရန္တ။ |
| တဋ္ဋာ | = ကိတ်ပုဒ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာကာရန္တ။ (ဝေဒနာကိုင့်) |
| အဘိက္ကမန္တိ | = အာချာတ်ပုဒ်၊ အလိင်၊ ဘူဝါဒိ၊ ဥကာရန္တ။ (ပကတိကာရန်) ဣ ကာရန္တ။ (နိပ္ဖန္နကာရန်) |
| သမုဿိတေသု | = ကိတ်ပုဒ်၊ နပုံလိင်၊ စိတ္တာဒိ၊ အကာရန္တ။ (ဆတ္တကိုင့်) |
| ဗဟူသု | = ကိတ်ပုဒ်၊ နပုံလိင်၊ ရတ္တာဒိ၊ ဥကာရန္တ။ (ဆတ္တကိုင့်) |
| ဆတ္တေသု | = ကိတ်ပုဒ်၊ နပုံလိင်၊ စိတ္တာဒိ၊ အကာရန္တ။ |
| ဝုစ္စတိ | = အာချာတ်ပုဒ်၊ အလိင်၊ ဘူဝါဒိ၊ အကာရန္တ။ |

http://www.dhammadownload.com



(ပကတိကာရန်) ဣကာရန္တ။ (နိပ္ဖန္နကာရန်)

အာဒိ = ကိတ်ပုဒ်၊ ပုံလိင်, နပုံလိင်၊ ရတ္တာဒိ၊ ဣကာရန္တ။

အဘိက္ကန္တ = သမာသ်ပုဒ် (ဝဏ္ဏကိုငဲ့၍) နပုံလိင်၊ ပုရိသာဒိ၊ အကာရန္တ။

အဘိက္ကန္တဝဏ္ဏာ = သမာသ်ပုဒ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာကာရန္တ။

## ၆။ အာဘော် + သံဝဏ္ဏနာ

(က) **တတ္ထ** - ဖြင့် အဘိဓမ္မသြ အတ္ထဲ ပကာသယိဿာမိ ဟူသော ပဋိညာဉ်အားလျော်စွာ အဘိဓမ္မ၏အနက်ကို အကျယ်ရှဲ့ပြသည်၏ အဖြစ်ကို သိစေသည်။

**ကေနဋ္ဌေန အဘိဓမ္မော** - ဖြင့် အဘယ်သို့သော အနက်ကြောင့် အဘိဓမ္မမည်သနည်းဟူသော အမေးကို သိစေသည်။ (ဘာဝတ္ထ၊ သဒ္ဒတ္ထ)

(ခ) **ဓမ္မာတိရေက ဓမ္မဝိသေသဋ္ဌေန** - ဖြင့် လွန်သောတရား ထူးသောတရား ဖြစ်သောကြောင့် အဘိဓမ္မမည်သည်၏ အဖြစ်၊ (ဘာဝတ္ထ)။ အဘိဓမ္မော - ကို အတိရေကော ဓမ္မော အဘိဓမ္မော - ဟု ကမ္မဓာရဲသမာသ် ဝစနတ္ထပြုရမည်၏အဖြစ်၊(အဘိဓာနတ္ထ၊သမာသလိင်္ဂပဒတ္ထ) ။ အဘိသဒ္ဒါ၏ အတိရေကအနက်ကို ဟောသည်၏ အဖြစ်၊ (ဥပသဂ္ဂလိင်္ဂတ္ထ)။ အဘိဓမ္မောကို ဝိသေသော ဓမ္မော အဘိဓမ္မော - ဟု ဝစနတ္ထပြုရမည်၏ အဖြစ်။ (အဘိဓာနတ္ထ၊သမာသလိင်္ဂပဒတ္ထ) အဘိဥပသာရပုဒ်၏ ဝိသေသအနက်ကို ဟောသည်၏ အဖြစ်၊(ဥပသဂ္ဂလိင်္ဂတ္ထ) ကို သိစေပါသည်။

(ဂ) **အတိရေကဝိသေသတ္ထ ဒီပကော ဟေတ္ထ အဘိသဒ္ဒေါ**-ဖြင့် အဘိဓမ္မ-၌ အဘိဥပသာရပုဒ်သည် အတိရေကအနက်, ဝိသေသအနက် ကိုပြတတ်သည်၏ အဖြစ်ကို သိစေပါသည်။ (ဥပသဂ္ဂလိင်္ဂတ္ထ)

**ဗာဠှာ မေ ဒုက္ခာ ဝေဒနာ -စသည်ဖြင့်** ဗာဠှာ မေ ဒုက္ခာ ဝေဒနာ

http://www.dhammadownload.com



အဘိက္ကမန္တိ-စသော ပါဠိရပ်တို့၌ အဘိသဒ္ဒါသည် အတိရေကအနက်ကို ဟောသည်၏အဖြစ်၊ ထို၌ အဘိသဒ္ဒါ အတိရေကအနက်ကို ဟောသကဲ့သို့ ဤအဘိမှေ၌ အဘိသဒ္ဒါသည်လည်း အတိရေကအနက်ကို ဟောသည်၏ အဖြစ်ကို သိစေပါသည်။ (ဥပသဂ္ဂလိင်္ဂတ္ထ)

**(ဃ) ယထာ သမုဿိတေသု (ပ) အတိစ္ဆတ္တန္တိ ဝုစ္စတိ -ဖြင့်** အတိစ္ဆတ္တံ ကို အတိရေကံ ဆတ္တံ အတိစ္ဆတ္တံ-ဟု ကမ္မဓာရဲသမာသ် ဝစနတ္ထပြုရမည့်အဖြစ်၊ အတိသဒ္ဒါ၏ အတိရေကအနက်, ဝိသေသအနက် တို့ကို ဟောနိုင်သည်၏အဖြစ်၊ (ဥပသဂ္ဂလိင်္ဂတ္ထ)။ ထီးအများတို့တွင် ပမာဏအားဖြင့်လည်းကြီး, အဆင်းသဏ္ဌာန်အားဖြင့်လည်း ထူးခြားသော ထီးကို အတိစ္ဆတ္တ (သာလွန်ထူးခြားသောထီး)ဟု ဆိုရသကဲ့သို့ ဟူသော ဥပမာကို သိစေသည်။ (ဘာဝတ္ထ)

တစ်နည်း- အတိစ္ဆတ္တ-၌ အတိဥပသာရပုဒ်သည် ဆတ္တဟူသော ဒြပ်ဟောပုဒ်ကို အထူးပြုသော်လည်း (ဝါ) ကြိယာနှင့် မယှဉ်သော်လည်း အတိရေကအနက်, ဝိသေသအနက်ကို ဟောနိုင်သကဲ့သို့ဟူသော ဥပမာနကို သိစေသည်။

**(င) ယော အတိရေကပ္ပမာဏော (ပ) ဝုစ္စတိဖြင့်** အတိဓဇောကို အတိရေကော ဓဇော အတိဓဇော၊ ဝိသေသော ဓဇော အတိဓဇောဟု ကမ္မဓာရဲ သမာသ်ဝစနတ္ထ ပြုရမည်အဖြစ်၊ (သမာသလိင်္ဂပဒတ္ထ၊ အဘိဓာနတ္ထ)။ အတိသဒ္ဒါ၏ အတိရေကအနက်, ဝိသေသအနက်တို့ကို ဟောသည် အဖြစ်၊ (ဥပသဂ္ဂလိင်္ဂတ္ထ)။ ပမာဏအားဖြင့် ကြီးမား၍ အထူးထူးသော အဆင်းတို့ဖြင့် ဆန်းကြယ်သော တံခွန်ကို အတိဓဇ- ဟု ခေါ်အပ်သည် အဖြစ်၊ (ဘာဝတ္ထ)။ အတိသဒ္ဒါသည် ဓဇဟူသော နာမ်ပုဒ်ကို အထူးပြု သော်လည်း အတိရေကအနက်, ဝိသေသအနက်တို့ကို ဟောနိုင်သည် အဖြစ်ကို သိစေသည်၊ (ဘာဝတ္ထ၊ ဥပသဂ္ဂလိင်္ဂတ္ထ)။

http://www.dhammadownload.com



**(စ) ဝေဓမ၀ (ပ) ဝုစ္စတိ-ဖြင့်** ဤဆိုအပ်ခဲ့ပြီးသော အတိစ္စတ္တ. အတိဓေ-ပုံစံတို့၌ အတိသဒ္ဒါသည် ဆတ္တ၊ ဓေ ဟူသော နာမ်ပုဒ်တို့ကို အထူးပြု၍ အတိရေကအနက်. ဝိသေသအနက်တို့ကို ဟောနိုင်သကဲ့သို့ အဘိဓမ္မ၌ အဘိသဒ္ဒါသည်လည်း ဓမ္မဟူသော နာမ်ပုဒ်ကို အထူးပြု လျက် အတိရေကအနက်. ဝိသေသအနက်တို့ကို ဟောနိုင်သောကြောင့် လွန်သောတရား. ထူးသောတရားကို အဘိဓမ္မဟု ဆိုအပ်သည် အဖြစ်ကို သိစေသည်။ (ဘာဝတ္ထ)။

## ၇။ ဝိသယများ

(က) တတ္ထ-၌ တ-ကား ဂန္ထာရမ္ဘ ပဏာမဂါထာရှိ အဘိဓမ္မသ အတ္တံ ပကာသယိဿာမိ၌ အဘိဓမ္မ-ကို စွဲသောကြောင့် ပတ္တန္တဝိသယ။ (အဘိဓမ္မကထ နိဿာမေထကိုလည်း စွဲနိုင်သည်။)

(ခ) ဧတ္ထ-ကား (က) ဝါကျရှိ အဘိဓမ္မောကို စွဲသောကြောင့် ပတ္တန္တဝိသယ။

(ဂ) တသ္မာ-ကား အဘိသဒ္ဒေါ အတိရေက ဝိသေသတ္ထ ဒီပကော- ဟူသော ပုဒ်တို့ကို (ကြိယာနှင့်တကွ) စွဲယူသောကြောင့် အနဘူတဝိသယ။

(ဃ) တံ-ကား ဆိုဆဲဖြစ်သည့် ကြီးမားဆန်းကြယ်သော ထီးဒြပ် ကို စွဲသောကြောင့် ပသိဒ္ဓဝိသယ။ (ပတ္တန္တဝိသယ-ဟု မယူရ သတိပြုပါ)

(င) ယော-သော တို့လည်း ဆိုဆဲဖြစ်သော ကြီးမား၍ ဆန်း ကြယ်သော တံခွန်ဒြပ်စွဲသောကြောင့် ပသိဒ္ဓဝိသယပင်။

(စ) အယမ္ပိဓမ္မော-၌ အယံ-လည်း အစွဲပုဒ် တိုက်ရိုက်ရှိသော ကြောင့် ပသိဒ္ဓဝိသယပင်။

http://www.dhammadownload.com



## ၈။ ကြိယာငါးတန်

* **ဒုက္ခာဝေဒနာအဘိက္ကမန္တိ-**
အဘိက္ကမန္တိအရ ဒုက္ခဝေဒနာရ၏။

၁။ ယင်းသည် ဒဿနတ္ထ ။
၂။ မသင့်လျော်အောင် ပြုခြင်း, သင့်လျော်သည့်၌ အတိုင်းအရှည် မသိခြင်း, မိမိစန္ဒာကို ကောင်းစွာ မဆောင်ခြင်းတို့သည် ဒီပကတ္ထ။
၃။ ကာယိကဒုက္ခ, စေတသိကဒုက္ခ တိုးပွားခြင်းသည် ပကာ-သနတ္ထ။
၄။ မသင့်သော ဥတု, အာဟာရစသည်နှင့် ရှေးအတိတ်ကံစသော အကြောင်းများသည် ဝိဘာဝတ္ထ။
၅။ ဒုက္ခဝေဒနာ ပြင်းထန်သဖြင့် အော်ဟစ် ညည်းညူခြင်း၊ ပတ်ဝန်းကျင် ပုဂ္ဂိုလ်တို့ စိတ်မသက်မသာ ဖြစ်ခြင်းစသော အကျိုးများသည် အနုဘာဝတ္ထ။

* **အဘိက္ကန္တဝဏ္ဏာ**

၁။ အဆင်းလှခြင်းသည် ဒဿနတ္ထ။
၂။ နတ်ဘဝကိုရခြင်း, နတ်၌ဖြစ်သော အဆင်းကို ရခြင်းသည် ဒီပကတ္ထ။
၃။ မြင်ရသူတို့ ချစ်ခင်နှစ်သက်ခြင်းသည် ပကာသနတ္ထ။
၄။ ရှေးက ဆည်းပူးအပ်ခဲ့သော ကုသိုလ်ကံများသည် ဝိဘာဝတ္ထ။
၅။ လူချစ် လူခင် ပေါခြင်း၊ အမည်သတင်း ကျော်စောခြင်းစသော အကျိုးများသည် အနုဘာဝတ္ထ။

http://www.dhammadownload.com



### * အဘိဓမ္မာတိ ဝုစ္စတိ။

ဝုစ္စတိ၌- ဝစဓာတ်အရ-

၁။ အဋ္ဌကထာဆရာ၏ သဏ္ဍာန်၌တည်သော ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။

၂။ ယောနိသောမနသိကာရနှင့် အဘိသဒ္ဒါ၏ အတိရေကအနက်. ဝိသေသအနက်တို့ကို ဟောနိုင်ခြင်းသည် ဒီပကတ္ထ။

၃။ သောတုဇနတို့၌ အသိဉာဏ်တိုးပွားခြင်းသည် ပကာသနတ္ထ။

၄။ အဘိဓမ္မာဒေသနာတော်ကို ကြည်ညိုခြင်း၊ ဆရာကောင်းများထံ နည်းခံသင်ကြား မှတ်သားခြင်းစသော အကြောင်းများသည် ဝိဘာဝတ္ထ။

၅။ သောတုဇနတို့၏ စိန္တာမယဉာဏ်မှစ၍ အဆက်ဆက်သော အကျိုးတရားတို့သည် အနုဘာဝတ္ထ။

### ၉။ လက္ခဏာဒိစတုက္က

ဒုက္ခာ ဝေဒနာ-

အနိဋ္ဌဖောဋ္ဌဗ္ဗာနုဘဝနလက္ခဏာ။

သမ္ပယုတ္တာနံ မိလာပနရသာ။

ကာယိကာဗာဓ ပစ္စုပဋ္ဌာနာ။

ကာယိန္ဒြိယ ပဒဋ္ဌာနာ။

### ၁၀။ ပဋ္ဌာန်း

ဒုက္ခာဝေဒနာအဘိဓမ္မဏ္ဍိ။

ဒုက္ခာ ဝေဒနာအရ- ဒုက္ခဝေဒနာ ရ၏။ အဘိဓမ္မဏ္ဍိအရ- ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ်နှင့် ဝေဒနာကြည့်၍ ပကိဏ်းစေတသိက် ၆-ပါး ရ၏။

http://www.dhammadownload.com



ထို့ကြောင့် ဒုက္ခဝေဒနာ ပစ္စည်းတရားက ဒုက္ခသဟဂုတ် ကာယဝိညာဉ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

ကြီး-၄၊ အညသမ္မ၊ ဣန္ဒြိယ၊ ပေါင်း၇-ပစ္စည်းပြိုင်။

**အတိစ္စတ္တနိ ဝုစ္စတိ။**

ဝုစ္စတိ၌ ဝစ- ဓာတ်အရ (အန္တတ္တအရ) ညက်, ဝိရိယပြဌာန်းသော မဟာကုသိုလ်, မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ရ၏။

တေ-ဝိဘတ်အရ (ဗာဟျတ္တအရ) ထီးကို ရ၏။

ထို့ကြောင့် တေ-ဝိဘတ်အရ ပညတ်ပစ္စည်းတရားက ဝစ-ဓာတ်အရ မဟာကုသိုလ်, ကြိယာစိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။

အာရမ္မဏ ၁-ပစ္စည်းသာ။ (ပြိုင်မရှိ)

< >

## ဝါကျ ( ၂ ) ဝိနယ အဖွင့်

(က) တတ္ထ-
ဝိဝိဓဝိသေသနယတ္တာ၊ ဝိနယနတော စေဝ ကာယဝါစာနံ။
ဝိနယတ္ထဝိဒူဟိ အယံ၊ ဝိနယော "ဝိနယော" တိ အက္ခာတော။

(ခ) ဝိဝိဓာ ဟိ ဧတ္ထ ပဉ္စဝိဓပါတိမောက္ခုဒ္ဒေသပါရာဇိကာဒိသတ္တ အာပတ္တိက္ခန္ဓမာတိကာဝိဘင်္ဂါဒိပ္ပဘေဒါ နယာ၊

(ဂ) ဝိသေသဘူတာ စ ဒဠှီကမ္မသိထိလကရဏပ္ပယောဇနာ အနုပညတ္တိနယာ၊

http://www.dhammadownload.com



(ဃ) ကာယိကဝါစသိကအဇ္ဈာစာရနိသေဓနတော စေသ ကာယံ, ဝါစဉ္စ ဝိနေတိ။

(င) တသ္မာ ဝိဝိဓနယတ္တာ, ဝိသေသနယတ္တာ, ကာယဝါစာနဉ္စ ဝိနယနတော အယံ ဝိနယော "ဝိနယော"တိ အက္ခာတော။

(၄-၁၉)

## ၁။ (ခ) ဝါကျကို ဟေတု-ဖလ ပေါ်လွင်အောင် အနက်ပေးပုံ

ဟိ ယသ္မာ၊ အကြင်ကြောင့်။ ဧတ္ထ၊ ဤဝိနည်း၌။ ပဥ္စဝိဓပါတိ-မောက္ခုဒ္ဒေသ ပါရာဇိကာဒိသတ္တအာပတ္တိက္ခန္ဓမာတိကာ ဝိဘင်္ဂါဒိပ္ပဘေဒါ၊ ကုန်သော။ ဝိဝိဓာ၊ ကုန်သော။ နယာ၊ တို့သည်။ သန္တိ၊ ရှိကုန်၏။ တသ္မာ ဝိဝိဓနယတ္တာ၊ ထိုသို့ အထူးထူးသောနည်း ရှိကုန်သည်၏ အဖြစ်ကြောင့်။ အယံ ဝိနယော၊ ဤဝိနည်းကို။ ဝိနယောတိ၊ ဝိနယဟူ၍။ ဝိနယတ္တဝိဒူဟိ၊ တို့သည်။ အက္ခာတော၊ ဆိုအပ်၏။

(ဂ) ဝါကျ စသည်လည်း နည်းတူ။

(ဃ) ဝါကျ ဟိ-ကား တပ္ပါကဋီကရဏ၊ ဝိတ္ထာရ၊ ယောဇနာအလို ဒဋ္ဌီ။

## ၂။ (က) ဝါကျသို့ ပါပနာပဥ္စက

ဆရာ ဆရာသည် သဗ္ဗမ္ပိဟေတံ-စသည်ဖြင့် ဝိနယပိဋကစသည် တို့၏ သရုပ်ကို ဆိုတော်မူခဲ့၏။(ဥပနာ) ယင်းသို့သာ ဆိုချေသော် ဝိနယ သဒ္ဒါစသည်တို့၏ ဝစနတ္ထကို မသိသင့်ဟူသော အနက်သည်ရောက်၏။ (အနပါ) စင်စစ် မရောက်သင့်။(ပဋိပါ) ထို့ကြောင့် ဝိနယသဒ္ဒါ စသည်တို့၏ ဝစနတ္ထကိုလည်း ဆိုသင့်သေး၏။(အနရော) မဆိုဘဲ မနေသင့်။ (ပဋိရော) နေချေသော် အဗျာပိတဒေါသ သင့်ရာ၏။ စုဒ်ကြောင့် (က) စသည်မိန့်။

## (ခ) ဝါကျသို့ ပါပနာပဥ္စက ပုစ္ဆာတက်

ဆရာ ဆရာသည် (က)ဝါကျဖြင့် အထူးထူးသော နည်းရှိသော ကြောင့် ဝိနယမည်၏-စသည်ဖြင့် အကျဉ်းကို ဆိုတော်မူ၏၊ (ဥပနာ)။

http://www.dhammadownload.com



ယင်းသို့သော ဆိုရျေသော် အထူးထူးသော နည်းတို့ကို မသိနိုင်ရာသေးသည် မဟုတ်ပါလော။(အာဘော်)။ ထို့ကြောင့် (ဟိတ်)။ အထူးထူးသော နည်းရှိသောကြောင့် ဝိနယမည်၏ဟူ၍ အကျဉ်းကိုသာ ဆရာမဆိုသင့် (ဌပနာပဋိက္ခေပ)။ ထို အထူးထူးသော နည်းတို့ကား အဘယ်ပါနည်း(ပုစ္ဆာ)။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ)ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား**-အထူးထူးသော နည်းတို့ဟူသည် နိဒါနဒွေသစသော ငါးပါးသော ပါတိမောက္ခုဒ္ဒေသ၊ ပါရာဇိကစသော အာပတ်အစု ၇-ပါး၊ မာတိကာ.ဝိဘင်းစသော နည်းများဖြစ်သည်ဟူလို။

## ဝါကျတက် တက်လိုသော်

ဆရာဝိဝိနေယစသော သုံးပါးသော အကြောင်းကြောင့် ဝိနယမည်၏ဟု ဆိုတော်မူ၏၊ (ဌပနာ)။ ထိုဝိဝိနေယစသော အကြောင်းသုံးပါး (ဟိတ်သုံးပါး)ကို အကျယ်မသိရသေးသည် မဟုတ်ပါလော၊ (အာဘော်)။ ထို့ကြောင့် ဝိဝိဓဝိသေသနယတ္တာစသော အကျဉ်းသခေ်ပကိုသာ ဆရာမဆိုသင့်၊ (ဌပနာပဋိက္ခေပ)။ ယင်းတို့၏ အကျယ်ဝိတ္ထာရကား အဘယ်ပါနည်း။ (ပုစ္ဆာ)။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ)စသော ဝါကျကိုမိန့်။

**အဓိပ္ပါယ်(အကျဉ်းပြန်)**-

ဝိဝိဓာ ဟိ ဇတ္တွစသည်ဖြင့် ဝိဝိဓနေယတ္တာ-စသော အကျဉ်းသခေ်ပတို့၏ အကျယ်ဝိတ္ထာရကို ငါပြဆိုသည် ဟူလို။

**မှတ်ချက်။** ။(ခ) (ဂ) (ဃ) ဝါကျတို့သည် (က) ဝါကျကို ထောက်က ဝိတ္ထာရ။ (င) ဝါကျကို ထောက်လျှင် ကာရဏ(ဟေတု) ဝါကျဖြစ်သည်။

## (ဂ)ဝါကျသို့ ပါပနာပဠက ပုစ္ဆာတက်

ဆရာ ဆရာသည် (ခ)ဝါကျဖြင့် ဝိဝိဓဝိသေသနယတ္တာ၌ ဝိဝိဓနယတ္တာ ဟူသော အကြောင်းပြစကား၏ အကျယ်ကို ပြဆိုတော်မူ၏။

http://www.dhammadownload.com



(ဌပနာ) ယင်းသို့သာဆိုရှေးသော် ဝိဝိဓနယတ္တာ၏ အကျယ်ကိုသာ သိသင့်၍ ဝိသေသနယတ္တာဟူသော ဒုတိယဟိတ်၏ အကျယ်ကို မသိသင့် ဟူသော အနက်သည် ရောက်၏။(အန-ပါ) စင်စစ် ထိုအနက်သည် မရောက်သင့်။(ပဋိ-ပါ) ထို့ကြောင့် ဝိသေသနယတ္တာဟူသော ဒုတိယ ဟိတ်၏ အကျယ်ကိုလည်း ဆိုသင့်သေး၏။ (အန-ရော) မဆိုဘဲ မနေသင့်။ (ပထမဟိတ်၏ အကျယ်ကိုသာ မဆိုသင့်) (ပဋိ-ရော) ဝိသေသ နယတ္တာဟူသော ဒုတိယဟိတ်၏ အကျယ်ကား အဘယ်ပါနည်း။ (ပုစ္ဆာ) ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ)ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား** - မူလပညတ်ကို ခိုင်မြဲအောင်ပြုခြင်း၊ (ဒဠီကမ္မ) မူလပညတ်ကို လျော့အောင် (သက်သာခွင့်ရအောင်)ပြုခြင်း (သိထိလကမ္မ) ဟူသော ထူးခြားသော အနုပညတ်နည်းများ ရှိသောကြောင့် ဝိသေသနယ မည်၏ -ဟု ဝိသေသနယတ္တာ၏ အကျယ်ဝိတ္ထာရကို ငါဆိုသည်ဟူလို၊။

(စောဒနာတက်လိုက-အဗျာပိတ, အပရိပုဏ္ဏဒေါသတင်ပါ)

## ၃။ ဒေါသပယ်

(က)ဝါကျဖြင့်ဝိနယပိဋကသရုပ်မှတဆ်ပါး (ဝါ) ပိဋကသုံးပုံ၏ သရုပ် အရကောက်မှတစ်ပါး ဝိနယ၏ ဝစနတ္ထ, အဓိပ္ပါယတ္ထကို ပြဆိုသောကြောင့် အဗျာပိတ, အပရိပုဏ္ဏဒေါသကို ပယ်သည်။

(က-ဝါကျကို မဆိုက ဝိနယပိဋက၏ သရုပ်အရကောက်ကိုသာ သိရသည်။ ဝစနတ္ထ, အဓိပ္ပါယတ္ထတို့ကို မသိနိုင်၊ ထိုကြောင့် မဆိုခဲ့လျှင် အပရိပုဏ္ဏ, အဗျာပိတဒေါသ သင့်ရောက်နိုင်သည်။ ဆိုလိုက်သဖြင့် ဝစနတ္ထ, အဓိပ္ပါယတ္ထတို့ကို ပြည်စုံစွာ သိရသော ကြောင့် ထိုဒေါသတို့ကို ပယ်သည်။)

(ခ)ဝါကျဖြင့် ဝိဝိဓနယတ္တာစသော အကျဉ်းစကားရပ် ၃-ခု၏ အကျယ်အဓိပ္ပါယ်ကို ပြဆိုသောကြောင့် အဗျာပိတ, အပရိပုဏ္ဏဒေါသ

http://www.dhammadownload.com



တို့ကိုပယ်သည်။

(ဂ)ဝါကျဖြင့် ဝိဝိဓနယ၏ အကျယ်မှတစ်ပါး ဝိသေသနယ၏ အကျယ်ကို ပြဆိုသောကြောင့် အဗျာ.အပရိဒေါသပယ်။

(ဃ)ဖြင့် ဝိသေသနယ၏ အကျယ်မှတစ်ပါး ဝိနယနတော ကာယ ဝါစာနံ၏ အကျယ်ကို ပြဆိုသောကြောင့် အဗျာ.အပရိဒေါသတို့ကိုပယ်။

(င)ဖြင့် ထိုဝိဝိဓနယစသော အကြောင်းသုံးချက်ကြောင့် ဝိနယခေါ်ရသည်ဟု အကျိုးကို ပြဆိုသောကြောင့် နိရုတ္တကဒေါသကို ပယ်သည်။

## (ဂ)ဝါကျ၌ စသဒ္ဒါ ထားရခြင်း အကြောင်း

ထိုစကား ဝိဝိဓနယတ္ထာ၏ အကျယ်မှတစ်ပါး ဝိသေသနယတ္ထာ၏ အကျယ်ကို ပြလိုသောကြောင့် (ဝါ) အနက်တစ်ပါးကို ပြလိုသောကြောင့် စ-သဒ္ဒါထားသည်။

## ၄။ ဝိနယ၏ ဝစနတ္ထများ

(က) ဝိဝိဓာ နယာ ဧတ္ထာတိ ဝိနယော။ (သမာသ်)

၁။ ဝိ + န + ယော ဟူသော ပရမတ္ထသဒ္ဒါသည်လည်းကောင်း၊ ဝိဝိဓာနယာ ဧတ္ထ-ဟူသော ဝိဂြိုဟ်ဝါကျသည်လည်းကောင်း ဗျုပ္ပတ္တိ။

၂။ အထူးထူးသော နည်းတို့၏ + ဝိနယပိဋကနှင့် ဌာနီ + ဌာန (အစိတ် + အပေါင်း) အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

၃။ ဝိနယောဟူသော ပညတ္တိသဒ္ဒါ + နိပ္ဖန္နပုဒ်သည် ပဝတ္တိ။

၄။ အထူးထူးသော နည်းတို့သည် ပဝတ္တိနိမိတ်။

(ခ) ဝိသေသာ နယာ ဧတ္ထာတိ ဝိနယော။ (သမာသ်)

၂။ ထူးခြားသော နည်းတို့၏ + ဝိနည်း ပိဋကနှင့် ဌာနီ + ဌာန

http://www.dhammadownload.com



အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျု-နိ။
၄။ ထူးခြားသော နည်းတို့သည် ပ-နိ။

(ဂ) ဝိနေတီတိ ဝိနယော။ (ကိတ်) (ဝိ+နီ+အ)
၂။ ဝိရှေးရှိသော နီဓာတ် + အ- ပစ္စည်းသည် လည်းကောင်း၊ ဆုံးမခြင်း ကြိယာသာမညသည်လည်းကောင်း ဗျု-နိ။
၄။ ကတ္တုသတ္တိဖြင့် အထူးပြုအပ်သော ဆုံးမခြင်း ကြိယာ ဝိသေသသည် ပ-နိ။

## ကာယိက ဝါစသိက အဌ္ဌာစာရော

* ကာယေ ပဝတ္တော ကာယိကော။ (တဒ္ဓိတ်)
၂။ ကာယပုဒ် + ဏိက ပစ္စည်းသည်လည်းကောင်း၊ ကာယဒွါရ၏ လွန်ကျူးမှု အဌ္ဌာစာရနှင့် ဌာန + ဌာနီအဖြစ် စပ်ခြင်း သမ္ဗန်သည်လည်းကောင်း ဗျု-နိ။
၄။ ကာယဒွါရ ဒြပ်သည်လည်းကောင်း, ကာယဒွါရ၌ ဖြစ်ခြင်း ကြိယာသည်လည်းကောင်း ပ-နိ။

* ဝစသိ ပဝတ္တော ဝါစသိကော။ (တဒ္ဓိတ်) (ဝစ+ဏိက+သ-လာ)
၂။ ဝစပုဒ် + ဏိက ပစ္စည်းသည်လည်းကောင်း၊ ဝစီဒွါရ၏ လွန်ကျူးမှု အဌ္ဌာစာရနှင့် ဌာန + ဌာနီ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည်လည်းကောင်း ဗျု-နိ။
၄။ ဝစီဒွါရဒြပ်နှင့် ဝစီဒွါရ၌ ဖြစ်ခြင်းကြိယာသည် ပ-နိ။

* အဓိကော (သညမဝေလံ အဘိဘဝိတွာ ပဝတ္တော) အာစာရော အဌ္ဌာစာရော။(ကမ္မဓာရဲသမာသ်)
၂။ စည်းကမ်းကို ကျော်လွန်ခြင်း၏ + အကျင့်နှင့် ဝိသေသန + ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။
၄။ လွန်ကျူး၍ ကျင့်ခြင်း ကြိယာသည် ပ-နိ။

http://www.dhammadownload.com



* ကာယိကောစ ဝါစသိကောစ ကာယိက ဝါစသိကော။(ဒွန်သမာသ်)
   ၂။ ကိုယ်၌ဖြစ်သော လွန်ကျူးမှု၏+နှုတ်၌ဖြစ်သော လွန်ကျူးမှု နှင့် တစ်ပါးသည် တစ်ပါးအား (အချင်းချင်း ငြဲခြင်းဟု ဆိုအပ် သော)အညမညာပေက္ခာ သမ္ဗန်သည် ဗျု-နိ။
   ၄။ ကာယိက ဝါစာသိက အဗျာစာရဟူသော လွန်ကျူးမှုတို့၏ အချင်းချင်း တူမျှသော အခြင်းအရာဟု ဆိုအပ်သော သာမညဇာတ်သည် ပ-နိ။

* ဝိဝိဓနယာနံ ဘာဝေါ ဝိဝိဓနေယတ္တံ။ (တဒ္ဓာ ဝိဝိဓနေယတ္တာ) (ဘာဝတဒ္ဓိတ်)
   ၂။ အထူးထူးသော နည်းရှိသော ဝိနယ ပိဋကတ၏+ အထူးထူး သော နည်းရှိခြင်း ဂုဏ်နှင့် ဂုဏေး + ဂုဏ် အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည်လည်းကောင်း၊ ဝိဝိဓနယပုဒ် + တ္တပစ္စည်းသည် လည်းကောင်း ဗျု-နိ။
   ၄။ အထူးထူးသော နည်းရှိခြင်း ဂုဏ်သည် ပ-နိ။

## ဝိသေသနယတ္တာ

* ဝိသေသနယာနံ ဘာဝေါ ဝိသေသနယတ္တံ။
   ၂။ ထူးသောနည်းရှိသော ဝိနည်းပိဋကတ၏ ထူးသောနည်းရှိခြင်း ဂုဏ်နှင့် ဂုဏေး+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။
   ၄။ ထူးသော နည်းရှိခြင်း ဂုဏ်သည် ပ-နိ။

## အက္ခာတော

* အက္ခာယတေတိ အက္ခာတော။ (ကမ္မသာဓ်) (အာ+ခါ+တ)
   ၂။ ပြောဆိုခြင်း ကြိယာသာမညသည် လည်းကောင်း၊ အာရှေး ရှိသော ခါ-ဓာတ်, တ-ပစ္စည်းသည်လည်းကောင်း ဗျု-နိ။
   ၄။ ကမ္မသတ္တိဖြင့် အထူးပြုအပ်သော ပြောဆိုခြင်း ကြိယာ- ဝိသေသသည် ပ-နိ။

http://www.dhammadownload.com



## ၅။ ပဒ+အန္တ စသည်

ဝိဝိဓ = ဗဟုဗ္ဗီဟိသမာသ်ပုဒ်၊ သာမညအားဖြင့် လိင်သုံးပါး၊ ဤနေရာ၌ ပုံလိင်၊ ပုရိသာဒိ၊ အ–ကာရန္တ။

ဝိဝိဓဝိသေသနယတ္တာ = ဘာဝတဒ္ဓိတ်ပုဒ်၊ နပုံလိင်၊ စိတ္တာဒိ၊ အကာရန္တ။

ဝိနယနတော = နိပါတ်ပုဒ်၊ အလိင်၊ ဂဏဝိမုတ်၊ ဩကာရန္တ။

ဝိဒူ = ကိတ်ပုဒ်၊ ပုံလိင်၊ ရတ္တာဒိ၊ ဦကာရန္တ။

အာပတ္တိ = ကိတ်ပုဒ်၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ ဣကာရန္တ။

ကာယိက/ဝါစာသိက = တဒ္ဓိတ်ပုဒ်၊ ပုံလိင်၊ ပုရိသာဒိ၊ အ–ကာရန္တ။

## ၆။ အာဘော် + သံဝဏ္ဏနာ

(က) **ဝိဝိဓနယတ္တာ**–ဖြင့် ဝိနယကို ဝိဝိဓာ နယာ ဧတ္ထာတိ ဝိနယော–ဟုဗဟုဗ္ဗီသမာသ် ဝစနတ္ထပြုရမည်၏အဖြစ်၊ ဝိ–၏ ဝိဝိဓအနက်ကို ဟောသည်၏အဖြစ်၊ အထူးထူးသော နည်းရှိသောကြောင့် ဝိနယမည်သည်၏ အဖြစ်ကို သိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ၊ ဝဥပသဂ္ဂလိင်္ဂတ္ထ၊ ဘာဝတ္ထ။)

**ဝိသေသနယတ္တာ**–ဖြင့် ဝိနယကို ဝိသေသာ နယာ ဧတ္ထာတိ ဝိနယော– ဟု ဝစနတ္ထ ပြုရမည်၏အဖြစ်၊ ဝိ–၏ ဝိသေသအနက်ကို ဟောသည်၏အဖြစ်၊ ထူးသောနည်းရှိသောကြောင့် ဝိနယမည်သည်၏ အဖြစ်ကို သိစေသည်။ (နည်းတူ)

**ဝိနယနတော ကာယဝါစာနံ**–ဖြင့် ဝိနယော–ကို ဝိနေတီတိ ဝိနယော–ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်၏အဖြစ်၊ ဝိရှေးရှိသော နီဓာတ်+ အပစ္စည်း၊ ယင်းအပစ္စည်း၏ ကတ္တားအနက်ကို ဟောသည်၏ အဖြစ်၊ ကိုယ်နှုတ်တို့ကို ဆုံးမတတ်သောကြောင့် ဝိနယမည်သည်၏အဖြစ်ကို သိစေသည်။ (အဘိဓာနတ္ထ၊ ဒု.ဓာတုပဒ၊ ဒု.ပစ္စယတ္ထ၊ ဘာဝတ္ထ။)

**ဝိနယတ္ထာဝိဒူဟိ (ပ)အက္ခာတော**–ဖြင့် ဆိုခဲ့ပြီးသော အကြောင်း

http://www.dhammadownload.com



သုံးပါးကြောင့် ဝိနယပိဋကကို ဝိနယ-ဟု ဆိုအပ်သည်၏ အဖြစ်ကို ပညာရှိတို့ ဆိုအပ်ကြောင်း သိစေသည်။ (ဘာဝတ္ထ)

**(ခ) ဝိဝိဓာ ဟိ ဧတ္ထ - စသည်ဖြင့်** ဝိနယော-ကို ဝိဝိဓာ နယာ ဧတ္ထာတိ ဝိနယော-ဟု ဗဟုဗ္ဗီသမာသ်ဝစနတ္ထ ပြုရမည်၏အဖြစ်၊ ဝိ-၏ ဝိဝိဓအနက်ကို ဟောသည်၏အဖြစ်၊ အထူးထူးသော နည်းတို့ဟူသည် ငါးပါးသော ပါတိမောက္ခုဒ္ဒေသ, ၇-ပါးသော အာပတ်အစု, မာတိကာ ဝိဘင်းစသော နည်းများဖြစ်သည်၏ အဖြစ်ကို သိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ၊ ဥပသဂ္ဂလိင်္ဂတ္ထ၊ သရုပ်ကြားအဘိဓေယျတ္ထ။)

**(ဂ) ဝိသေသဘူတာ စ-စသည်ဖြင့်** ဝိနယောကို ဝိသေသာ နယာ ဧတ္ထာတိ ဝိနယော-ဟု ဗဟုဗ္ဗီသမာသ် ဝစနတ္ထပြုရမည်၏အဖြစ်၊ ဝိ-၏ ဝိသေသအနက်ကို ဟောသည်၏အဖြစ်၊ ဝိသေသနယ- ထူးသောနည်း ဟူသည် မူလပညတ်ကို ခိုင်မြဲအောင်ပြုခြင်း,လျော့အောင် ပြုခြင်းဟူသော နည်းများဖြစ်သည်ဟူသော သရုပ်ကိုလည်းကောင်း သိစေသည်။ (နည်းတူ)

**(ဃ) ကာယိက ဝါစသိက အဇ္ဈာစာရ နိသေဓနတော-ဖြင့်** ဝိနယော- ကို ဝိနေတီတိ ဝိနယော-ဟု ကတ္တုသာဓန ဝစနတ္ထ ပြုရမည်၏ အဖြစ်၊ ဝိ-ရှေးရှိသော နီ-ဓာတ် အ-ပစ္စည်း၏အဖြစ်၊ ဝိရှေးရှိသော နီဓာတ်၏ ဆုံးမတားမြစ်ခြင်း အနက်ကို ဟောသည်၏အဖြစ်၊ ယင်း အ-ပစ္စည်း ကတ္တားအနက်ကို ဟောသည်၏အဖြစ်၊ ကာယဝါစာနံ့ဟု ဆိုသော်လည်း ကိုယ်နှုတ် (ကာယဒွါရ+ ဝစီဒွါရ)တို့ကို မယူရ၊ ထိုဒွါရဖြစ်သော လွန်ကျူးမှုကို ယူရမည်၏အဖြစ်၊ ထိုကာယဝါစာနံ၏ ဌာနူပစာသဒ္ဒါအဖြစ်ကို သိစေသည်။ (အဘိဓာနတ္ထ၊ ဒု-ဓာတုပဒ၊ ဒု-ဓာတွတ္ထ၊ ဒု-ပစ္စယတ္ထ၊ သရုပ်ကြား အဘိဓေယျတ္ထ။)

**(င) တသ္မာ ဝိဝိဓနယတ္တာ-စသည်ဖြင့်** ထိုသို့ အထူးထူးသော နည်းရှိသည်၏ အဖြစ်ကြောင့်၊ ထူးသောနည်းရှိသည်၏အဖြစ်, ကိုယ်နှုတ်

http://www.dhammadownload.com



တို့ကို ဆုံးမသည့်၏အဖြစ်ဟူသော အကြောင်းတို့ကြောင့် ဝိနယပိဋကကို "ဝိနယ"ဟု ဆိုအပ်ကြောင်း သိစေသည်။ (ဘာဝတ္ထ)

## ၇။ ဝိသယများ

(က) တတ္ထ-ကား ပိဋကတ် သုံးပုံဟူသော လွန်ပြီးဖြပ်ကို စွဲသောကြောင့် ပဏ္ဍတ္တဝိသယ။
အယံ(ဝိနယော)-ကား ဝိနယောဟူသော အစွဲ တိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

(ခ) (ဝိဝိဓာဟိ) ဧတ္ထ-ကား ဆိုဆဲ ဝိနယပိဋကကို စွဲသောကြောင့် ပသိဒ္ဓဝိသယ။

(ဂ) တသ္မာ-ကား ဆိုခဲ့ပြီး ဝါကျများရှိ ကြိယာနှင့် တကွသော အနက် အားလုံးကို စွဲသောကြောင့် အနုဘူတဝိသယ။

## ၈။ ကြိယာ ငါးတန်

### ဝိနယနတော ဓေဝ ကာယဝါစာနံ

၁။ ကိုယ်နှုတ်တို့ကို ဆုံးမတတ်သော ဝိနည်းပိဋကသည် ဒဿနတ္ထ။
၂။ ဘုရားရှင်၏ ဒေသနာဉာဏ် စိတ္တျပွါဒ်သည် ဒီပကတ္ထ။
၃။ ကိုယ်နှုတ် ယဉ်ကျေးခြင်းသည် ပကာသနတ္ထ။
၄။ ရဟန်းတော်တို့၏ အနနုလောမ သမဏ အသာရုပ္ပ မဖြစ်သော အမှုတို့ကို ပြုလုပ်မိခြင်းစသော အကြောင်းများသည် ဝိဘာဝတ္ထ။
၅။ သီလသံဝရမှစ၍ ပီတိ,ပါမောဇ္ဇ,သုခစသော (နိဗ္ဗာန်တိုင်အောင်သော) အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

### ဝိနယောတိ အက္ခာတော

အက္ခာတော-၌ ခါ-ဓာတ်အရ ပညာရှိတို့၏ သန္တာန်၌ဖြစ်သော ဉာဏ် ပြဌာန်းသော မဟာကုသိုလ် + မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တျပွါဒ်ရ၏။

http://www.dhammadownload.com



၁။ ယင်းသည် ဒေသနတ္တ။
၂။ ထိုပညာရှိတို့၏ ဝိနယ သဒ္ဒါ၏ အနက်ကိုသိသော ဉာဏ်သည် ဒီပကတ္တ။
၃။ သောတုဇနတို့ ဝိနယ၏ သဘောအဓိပ္ပါယ်ကို သိရခြင်းသည် ပကာသနတ္တ။
၄။ ပညာရှိတို့၏ သပ္ပုရိသူပနိဿယ, သဒ္ဓမ္မဿဝနစသော အကြောင်းများသည် ဝိဘာဝတ္တ။
၅။ သောတုဇနတို့အား အဆင့်ဆင့် ပို့ချခြင်း.အဆင့်ဆင့် ပို့ချသဖြင့် တပည့်စဉ်ဆက် အနက်အဓိပ္ပါယ်တို့ကို ဆောင်ရွက် မှတ်သားနိုင်ခြင်း၊ သာသနာတော်ကို ကြာရှည်လေးမြင့် တည်စေနိုင်ခြင်းစသော အကျိုးများသည် အနုဘာဝတ္တ။

## ၉။ ကာယဝါစာနံ၏ လက္ခဏာဒိစတုက္က

**ကာယ - အရ**

မုချတ္တအားဖြင့် - ကာယဝိညတ်ရ၏။
ဥပစာရတ္တအားဖြင့် - ကာယဒွါရ၌ဖြစ်သော သိက္ခာပုဒ် လွန်ကျူးကြောင်းဖြစ်သော အကုသိုလ် စေတနာရ၏။

**ဝါစာ - အရ**

မုချတ္တအားဖြင့် - ဝစီဝိညတ်ရ၏။
ဥပစာရတ္တအားဖြင့် - ဝစီဒွါရ၌ဖြစ်သော သိက္ခာပုဒ် လွန်ကျူးကြောင်းဖြစ်သော အကုသိုလ်စေတနာရ၏။

**ကာယဝိညတ်, ဝစီဝိညတ်, စေတနာတို့၏ လက္ခဏာဒိစတုက္ကကို ထုတ်ပါ။**

http://www.dhammadownload.com



## ၁၀။ ပဌာန်း

### ဝိနယ– (ဗဟုဗ္ဗီဟိသမာသ်ဖြစ်၍)

အန္တတ္ထအရ – အထူးထူးသောနည်း, ထူးသောနည်းများ ရှိ၏။
ဗာဟျတ္ထအရ – ဝိနယပိဋက ရှိ၏။

အန္တတ္ထအရ ပစ္စည်းတရားက ဗာဟျတ္ထအရ ပစ္စယုပ္ပန်တရားအား ပကတူပသတ္တိဖြင့် ကျေးဇူးပြုသည်။ ပြိုင်မရှိ ။

### ဝိနယနတော ကာယဝါစာနံ

ဝိနယနတော အရ – ဝိနည်းပိဋက ရှိ၏။
ကာယဝါစာနံ အရ – ကိုယ်နှုတ်၌ဖြစ်သော လွန်ကျူးမှုရှိ၏။

ဝိနယနတောအရ ပစ္စည်းတရားက, ကာယဝါစာနံအရ ပစ္စယုပ္ပန် တရားအား ပကတူပပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ပြိုင်ပစ္စည်း မရှိ။

### အက္ခာတော

ခါ – ဓာတ်အရ – ပညာရှိတို့၏ သန္တာန်၌ဖြစ်သော ပညာ ပြဌာန်းသော မဟာကုသိုလ်, မဟာကြိယာဉာဏ သမ္ပယုတ် စိတ္တုပ္ပါဒ် ရှိ၏။
တ – ပစ္စည်းအရ – ဝိနယပိဋက ပညတ်ရှိ၏။

တ – ပစ္စည်းအရ ဝိနယပိဋက ဟူသော အာရုံပစ္စည်းတရားက ခါ – ဓာတ်အရ မဟာကုသိုလ် + မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။ ပြိုင်ပစ္စည်းမရှိ။

< >

http://www.dhammadownload.com



## ဝါကျ (၃) သုတ္တအဖွင့်

(က) ဋီကာတရံ ပန -
အတ္ထာနံ သူစနတော၊ သုဝုတ္တတော သဝနတောထ သူဒနတော။
သုတ္တာဏာ သုတ္တသဘာ-ဂတော စ "သုတ္တ"န္တိ အက္ခာတံ။
(ခ) တဉှိ အတ္တတ္ထပရတ္ထာဒိဘေဒေ အတ္ထေ သူစေတိ၊ သုဝုတ္တာ စေတ္ထ အတ္ထာ ဝေနေယျဇ္ဈာသယာနုလောမေန ဝုတ္တတ္တာ။
(ဂ) သဝတိ စေတံ အတ္ထေ သဿမိဝ ဖလံ၊ ပသဝတီတိ ဝုတ္တံ ဟောတိ။
(ဃ) သူဒတိ စေတံ ဓေနု ဝိယ ခီရံ၊ ပဂ္ဃရတီတိ ဝုတ္တံ ဟောတိ။
(င) သုဋ္ဌု စ နေ တာယတိ၊ ရက္ခတီတိ ဝုတ္တံ ဟောတိ။
(စ) သုတ္တသဘာဂဉ္စေတံ၊ ယထာ ဟိ တစ္ဆကာနံ သုတ္တံ ပမာဏံ ဟောတိ၊ ဧဝမေတမ္ပိ ဝိညူနံ။
(ဆ) ယထာ စ သုတ္တေန သင်္ဂဟိတာနိ ပုပ္ဖါနိ န ဝိကိရိယန္တိ န ဝိဒ္ဓံသီယန္တိ၊ ဧဝမေတေန သင်္ဂဟိတာ အတ္ထာ။

(ဋ္ဌ၊ ၂၀)

ဋီကာတရံ ကို သုတ္တန္တိ အက္ခာတံ ၌ စပ်ပါ။

၁။ **သဝနတောထ သူဒနတော+သဝနတော စ သူဒနတော ။**

ပြည်နိဿယ၌ "သဝနတောထ သဝနတော စ- သီးတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း" ဟု ပေးသည်။

ယင်းအလို အထသဒ္ဒါ စ-အနက်ဟောဟု ဆို၏။

ဝိနယသဒ္ဒါ, အဘိဓမ္မသဒ္ဒါတို့၏ သင်္ဂဟဂါထာတို့၌ စ- သဒ္ဒါ တစ်လုံးတည်းသာ ရှိသကဲ့သို့၊ ဤဂါထာ၌လည်း သုတ္တသဘာဂဉ္စေတံ-၌ စ-သဒ္ဒါရှိပြီး ဖြစ်သောကြောင့်လည်းကောင်း၊ ယင်းစ-သဒ္ဒါသည် ဌာနာဌာန ပယုဂ် ဖြစ်သောကြောင့်လည်းကောင်း အထကို စ-အနက်ဟော ကြံစရာ မလို။

http://www.dhammadownload.com



သဝနတော စ၊ သီးတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ အထ၊ ထိုမှတစ်ပါး။ သူဒနတော စ၊ ကောင်းစွာ ယိုတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်းဟု အထ-ကို ဝါ-အနက်ကြံခြင်းကသာ သင့်မြတ်သောကြောင့်လည်းကောင်း။ အထ သဒ္ဒေါ ဝိကပ္ပနတ္ထော ။ အပရော နယောတိ အဓိပ္ပါယော၊ (သူစိ-၅၇၇) ဟု ဆိုသောကြောင့်လည်းကောင်း သဝနတောထ-သာ ရှိသင့်သည်။

## သူစေတိ + သုစေတိ။

သူစေတိ-ကို သူစေတိ ဒီပေတိ-ဟု သာရတ္ထဋီကာ ဖွင့်၏။ သုစ-ဓာတ်သည် ပြခြင်းအနက်ကို မဟော ။ စိုးရိမ်ခြင်းစသော အနက်ကိုသာ ဟော၏။ သူစ-ဓာတ်ကား ပြခြင်းအနက်ကို ဟောနိုင်၏။ ထို့ကြောင့် ဉဒီဃဖြင့် သူစေတိ ရှိသင့်။

အတ္တာနံ၊ မိမိအကျိုး + သူတစ်ပါးအကျိုး၊ မျက်မှောက်အကျိုး+ တမလွန်အကျိုး၊ လောကီအကျိုး + လောကုတ္တရာအကျိုးစသော အကျိုးတို့ကို။ ဝါ၊ အနက်တို့ကို။ သူစနတော၊ ထင်ရှားပြတတ်သောကြောင့် လည်းကောင်း။

သုဝုတ္တတော- ကောင်းစွာဟောအပ်ရာ၏ အဖြစ်ကြောင့် (ကမ္မဓာရဲ သမာသ်)။ ဝါ၊ ကောင်းစွာဟောကြားအပ်သော အနက်ရှိသည်၏ အဖြစ်ကြောင့် (ဗဟုဗ္ဗီဟိသမာသ်)

## ၂။ (က) ဝါကျသို့ ဥပနာပဋ္ဌက

ဆရာ ဆရာသည် ဝိဝိဓ ဝိသေသ နယတ္တာ-စသောဝါကျတို့ဖြင့် ဝိနယသဒ္ဒါ၏ ဝစနတ္ထတို့ကို ပြဆိုတော်မူ၏။ သုတ္တသဒ္ဒါ၏ ဝစနတ္ထတို့ကို လည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော(အာဘော်)။ ထို့ကြောင့် (ဟိတ်)။ ဝိနယသဒ္ဒါ၏ ဝစနတ္ထကိုသာ ဆရာမဆိုသင့် (ဥပနာပဋ္ဌကွေပ)။ သုတ္တသဒ္ဒါ၏ ဝစနတ္ထကား အဘယ်ပါနည်း။ စုဒ်ကြောင့် (က)မိန့်။

http://www.dhammadownload.com



ကား-ဣတရ ပနစသည်ဖြင့် သုတ္တသဒ္ဒါ၏ ဝစနတ္ထကိုလည်း ငါပြဆို ပါ၏ဟူလို။

## (ခ) ဝါကျသို့ ဥပနာပဋ္ဌက

ဆရာ ဆရာသည် (က )ဝါကျဖြင့် သုတ္တသဒ္ဒါ၏ ဝစနတ္ထတို့ကို အကျဉ်းပြဆိုတော်မူ၏(ဥပနာ)။ ထိုစကားသည် ဂုဋ္ဌပဋိစ္ဆန္နသခေ်ပဖြစ်၍ ထင်ရှားစွာ မသိရသေးသည် မဟုတ်ပါလော(အာဘော်)။ ထို့ကြောင့် (ဟိတ်)။ ထိုအကျဉ်းသခေ်ပ စကား၏ အကျယ်ဝိတ္ထာရကို အဘယ်သို့ မှတ်ရပါမည်နည်း။ (ပုစ္ဆာ) စုဒ်ကြောင့် (ခ)မိန့်။

ကား- ထို (က)ဝါကျလာ အကျဉ်းသခေ်ပ စကားရပ်တို့၏ အကျယ်ဝိတ္ထာရကို ငါပြဆိုမည် ဟူလို။

## (ခ) ဝါကျ ဝေနေယျဇ္ဈာသယာနုလောမေန ဝုတ္တတ္တာ-သို့

ဆရာ ဆရာသည် (က) ဝါကျ သုဝုတ္တတော-ဖြင့် ကောင်းစွာဟော အပ်သော အနက်တို့ရှိသောကြောင့် သုတ္တမည်၏ဟု ဆိုတော်မူ၏။ ဝိနယပိဋက, အဘိဓမ္မာပိဋကတို့၌လည်း ကောင်းစွာဟောကြားအပ်သော အနက်တို့ရှိကြသည်သာ မဟုတ်ပါလော(အာဘော်)။ ထို့ကြောင့် (ဟိတ်)။ သုတ္တန်ပိဋကကိုသာ သုဝုတ္တ-ကောင်းစွာဟောကြားအပ်သော အနက် ရှိသည်ဟု မဆိုသင့်။ (ဥပနာပဋိက္ခေပ)။ အဘယ့်ကြောင့် သုတ္တန်ပိဋကကို သာ သုဝုတ္တဟု ဆိုရပါသနည်း။ စုဒ်ကြောင့် ဝေနေယျဇ္ဈာသယာနုလောမေန ဝုတ္တတ္တာပါဌ်ကိုမိန့်။

ကား- ဝိနည်းပိဋက, အဘိဓမ္မာပိဋကတို့၌ ကောင်းစွာ ဟောအပ် သောအနက်တို့ ရှိသော်လည်း ထိုဝိနည်းပိဋက, အဘိဓမ္မာပိဋကတို့၌ အာဏာ, သဘာဝတို့သည် ပဓာနဖြစ်၍ ဝေနေယျဇ္ဈာသယသည် ပဓာန မဟုတ်။ ဤသုတ္တန်ပိဋက၌ကား ဝေနေယျဇ္ဈာသယသည် ပဓာနဖြစ်၍ (အာဏာ, သဘာဝဓမ္မတို့သည် အပဓာနဖြစ်သည်) ထိုဝေနေယျဇ္ဈာသယ

http://www.dhammadownload.com



အားလျော်စွာပေါကြားအပ်သောကြောင့် သုတ္တန်ပိဋကကိုသာ သုဝုတ္တဟု ဆိုရသည် ဟူလို။

## (တစ်နည်း ) သဒ္ဒါတက်။ သုဝုတ္တာ စေတ္တ စသည်သို့-

ဆရာ ဆရာသည် အတ္ထေ သူစေတိ-ဖြင့် သုတ္တံကို သူစေတီတိ သုတ္တံ ဟု ကတ္တုသာဓ် ဝစနတ္ထ ပြုရမည်ဟု ဆိုတော်မူ၏။ ယင်းသို့ဆိုလျှင် သုတ္တံကို သူစေတီတိ သုတ္တံဟုသာ ဝစနတ္ထ ပြုကောင်း၍ အခြားနည်းဖြင့် ဝစနတ္ထ မပြု ကောင်းဟူသော အနက်သည် ရောက်၏ (ပါပနာ)။ စင်စစ်မသင့်။ ထို့ကြောင့် အခြားဖြစ်သင့်သော ဝစနတ္ထကိုလည်း ဆိုသင့်သေး၏။ မဆိုဘဲ မနေသင့်။ နေရှေသော် ဆရာ၌ အဗျာပိတဒေါသ ရောက်ရာ၏။ စုဒ်ကြောင့် သုဝုတ္တာ စေတ္တ စသည်မိန့်။

ကား- သုဋ္ဌု ဥတ္တာ ဝတ္တာတိ သုတ္တံ-ဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထ လည်းပြုကောင်းပါ၏ ဟူလို။

## (ဆ) ဝါကျသို့-

ဆရာ ဆရာသည် (စ)ဝါကျဖြင့် တစည်းသမား (သစ်ရွေသမား) တို့၏ မျဉ်းကြိုးနှင့် တူသောကြောင့် သုတ္တမည်ပုံကို ထင်ရှားအောင် ဖွင့်ဆိုတော်မူခဲ့၏။ သုတ္တသဒ္ဒါသည် ထိုတစည်းသမားတို့၏ မျဉ်းကြိုးကိုသာ ဟောပါသလော။(ဝါ) တစည်းသမားတို့၏ မျဉ်းကြိုးနှင့်သာတူ၍ အခြားကြိုး နှင့်မတူဟု မှတ်ရမည်လော။ အဘယ်သို့ သိမှတ်ရပါမည်နည်း။ စုဒ်ကြောင့် ယထာ စ -စသော (ဆ) ဝါကျကိုမိန့်။

ကား-တစည်းသမားတို့၏ မျဉ်းကြိုးနှင့်သာ တူသည်မဟုတ်။ ပန်းသီတံ ချည်ကြိုးနှင့်လည်း တူသည်ဟု မှတ်ရမည်ဟူလို။

## ၃။ စသဒ္ဒါ ထားရခြင်းအကြောင်း

(ခ) အစ (ဆ) အဆုံးရှိသော ဝါကျတို့၌ ပါဝင်သည့် စသဒ္ဒါကို

http://www.dhammadownload.com



သမုစ္စယတ္ထကို ပြလိုသောကြောင့် ထားသည်။
(က)စသော ဝါကျအားလုံးဖြင့် အဇ္ဈာပိတဒေါသကို ပယ်သည်။
(လွယ်ပြီ)။

## ဝုတ္တံ ဟောတိ

(ဂ)ဝါကျ၌ သု-ဓာတ်သည် မွေးဖွားခြင်း, ဖြစ်ခြင်း အနက်တို့ကို ဟောသည်။ (ဃ)ဝါကျ၌ သူဒ-ဓာတ်သည် ယိုချုခြင်းအနက်ကို ဟောသည်။ (င)ဝါကျ၌ တာဓာတ်သည် ရက္ခဏတ္ထကို ဟောသည်ဟု ဝိဂ္ဂဟတ္ထ (ဓာတွတ္ထ)ကို ပြလိုသောကြောင့် ဝုတ္တံ ဟောတိ ထားသည်။

## ၄။ သုတ္တ၏ ဝစနတ္ထများ

* အတ္ထေ သူစေတီတိ သုတ္တံ။ (သူစ+တ) ပြခြင်းကြိယာ။
  (အတ္ထာနံ သူစနတော အလို)
* ဝုစ္စန္တေ ကထီယန္တေတိ ဥတ္တာ။ (ဝစ+တ) အစိတ်ဝိဂ္ဂဟ။
* သုဋ္ဌု ဥတ္တာ တွေ့ာတိ သုတ္တံ။ (သု+ဥတ္တ) ဗဟုဗ္ဗီဟိသမာသ်။
  (သုဝုတ္တတော အလို)
  -ကောင်းစွာဟောကြားအပ်သော အနက်တို့၏ + သုတ္တန်ပိဋက နှင့် ဌာနီ +ဌာနအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျ-နိ။
  -ကောင်းစွာဟောကြားအပ်သော အနက်သည် ပ-နိ။
* သဝတီတိ သုတ္တံ။ (သု+တ)သီးခြင်းကြိယာ။ (သဝနတော-အလို)
* သူဒတီတိသုတ္တံ။(သူဒ+တ)။ယိုချုခြင်းကြိယာ။(သူဒနတော-အလို)
* သုဋ္ဌု တာယတိ ရက္ခတီတိ သုတ္တံ။ (သု+တာ+တ)။
  ကောင်းစွာ စောင့်ရှောက်ခြင်းကြိယာ။ (သုတ္တာဏာ အလို)
* ကဋ္ဌ တစ္ဆန နိမိတ္တံ သူစေတီတိ သုတ္တံ။ (သူစ+တ) အစိတ်ဝိဂ္ဂဟ။
  ချည်-ရစ၏။
* သုတ္တံဝိယာတိ သုတ္တံ။(သုတ္တ+ဏ)။ ဥပမာတဒ္ဓိတ်။ အပေါင်းဝိဂ္ဂဟ။

http://www.dhammadownload.com



သုတ္တန် ပိဋကရဲ့။ (သုတ္တသဘာဂတ္တ -အလို)

## သူစနတော စသည်

* သူစေတီတိ သူစနံ။ (သူစ+ယု)။ ပြခြင်းကြိယာ။
* သုဋ္ဌု ဝုတ္တာ တွောတိ သုဝုတ္တံ။ (ဗဟုဗ္ဗီဟိသမာသ်)
* သဝတီတိ သဝနံ။ (သု+ယု)။ သီးခြင်းကြိယာ။
* သူဒေတီတိ သူဒနံ။ (သူဒ+ယု)။ ယိုချခြင်းကြိယာ။
* သုဋ္ဌု တာယတိ ရက္ခတီတိ သုတ္တာဏံ။ (သု+တာ+ယု) (သူစိ၌ သုတ္တာဏောဟု ပုလ္လိင်ချသည်။)
* သုတ္တေန သဘာဂေါ သမာနော သုတ္တသဘာဂေါ။
* ဝိနေတဗ္ဗာတိ ဝေနေယျာ။ (ဝိ+နီ+ဏျ။ ဏျ-ဤကို ပြေ။ ယ-လာ) ဆုံးမခြင်းကြိယာ။
* ဝေနေယျာနံ အဇ္ဈာသယော ဝေနေယျဇ္ဈာသယော။
  -ဝေနေယျပုဂ္ဂိုလ်တို့ အဇ္ဈာသယနှင့် ဌာန + ဌာနီ စပ်ခြင်းသမ္ဗန် သည် ဗျ-နိ။
  -ဝေနေယျ အဇ္ဈာသယတို့၏ အချင်းချင်း တူမျှခြင်း သာမညဇာတ် သည် ပ-နိ။
* ဝေနေယျဇ္ဈာသယဿအနုလောမောဝေနေယျဇ္ဈာသယာနုလောမော။
  -ဝေနေယျဇ္ဈာသယ၏ လျော်ပတ်ခြင်းဂုဏ်နှင့် ဂုဏော + ဂုဏ် စပ်ခြင်း သမ္ဗန်သည် ဗျ-နိ။
  -ဝေနေယျဇ္ဈာသယအား လျော်ပတ်ခြင်းဂုဏ်သည် ပ-နိ။
* သသန္တိ ဇိဝန္တိ သတ္တာ ဧတေနာတိ သသ္သံ။ (သသ+သ) အသက်ရှင်ခြင်း ကြိယာ။ (ကိတ်ပုဒ်)

**တစ်နည်း-** သေ ခေတ္တေ သေတိ ရုဟတီတိ သဿံ။ ကိတန္တ သမာသ်။ (သေ-လယ်၌+သ-ပေါက်ရောက်သည်)
-လယ်တော၏ ပေါက်ရောက်သော ကောက်ပင်

http://www.dhammadownload.com



နှင့် ဌာန + ဌာနီ သမ္ဗန်သည့် ဖျ-နိ။
-လယ်တော၌ ပေါက်ခြင်းကြိယာသည့် ပ-နိ။

* ဖလတိ နိပ္ဖတ္တတီတိ ဖလံ။ (ဖလ+အ) ဖြစ်ခြင်းကြိယာ။
* ဓယတိ ပိဝတိ ဣတော ခီရံ ပေါတကောတိ ဓေနု။ (ဓေ+နု) (အပါဒါနသာဓန)။ သောက်ခြင်းကြိယာ။
* ခီယတိ ဒုဟာဏေနာတိ ခီရံ။ (ခီ+ဤရ)။ ကုန်ခြင်းကြိယာ။
* တစ္ဆတိ ဆိန္ဒတီတိ တစ္ဆကော။ (တစ္ဆ+ဏွု)။ ရွေခြင်း.ဖြတ်ခြင်းကြိယာ။
* ပုပ္ဖတိ ဝိကာသတီတိ ပုပ္ဖံ။ (ပုပ္ဖ+အ)။ ပွင့်ခြင်းကြိယာ။

၆။ (က) ဣတရံ ပန - စသည်ဖြင့် သုတ္တန်ပိဋကၡ ဝစနတ္ထနှင့် အဓိပ္ပါယတ္ထတို့ကို သိစေသည်။

ထိုတွင် အတ္ထာနံ သူစနတော-စသည်ဖြင့် အနက်တို့ကို ပြတတ်သောကြောင့်လည်းကောင်း၊ ကောင်းစွာဟောအပ်သော တရားတို့ ရှိသောကြောင့်လည်းကောင်း၊ အကျိုးတို့ကို သီးတတ်. ဖြစ်စေတတ်သောကြောင့်လည်းကောင်း၊ ယိုချတတ်သောကြောင့် လည်းကောင်း၊ ကောင်းစွာ စောင့်တတ်သောကြောင့် လည်းကောင်း၊ တမျဉ်းကြိုး ပန်းသီချည်ကြိုးတို့နှင့် တူသောကြောင့် လည်းကောင်း သုတ္တန်ဟူ၍ ဆိုအပ်သည်၏ အဖြစ်ကို သိစေသည်။

(ဤ(က)ဝါကျ၌ သုတ္တ၏ ဝိဂ္ဂဟတို့ကို ဖော်လိုကလည်း ဖော်နိုင်သည်။ ခ -စသော ဝါကျတို့တွင် ထိုဝိဂ္ဂဟစသည်တို့ကို ဖော်ပြမည် ဖြစ်၍ ဤ (က)ဝါကျ၌ ထိုဝိဂ္ဂဟ စသည်တို့ကို အနုစိတ် မဖော်သေး။)

(ခ) တဒ္ဓိ အတ္တတ္တပရတ္ထာဒိဘေဒေ အတ္ထေ သူစေတိ-ဖြင့် သုတ္တံကို အတ္ထေ သူစေတီတိ သုတ္တံဟု ဝစနတ္ထ ပြုရမည်၏အဖြစ်၊ သူစတော်၊ တ-ပစ္စည်း၊ ယင်းတ-ပစ္စည်း၏ ကတ္တားအနက်ကို ဟောသည်၏အဖြစ်၊

http://www.dhammadownload.com



မိမိအကျိုး, သူတစ်ပါးအကျိုး စသည်တို့ကို (ဝါ) မိမိအနက် သူတစ်ပါးအနက် စသည်တို့ကို ပြတတ်သောကြောင့် သုတ္တ-မည်သည်၏အဖြစ်၊ အတ္ထာနံ သူစနတော-၌ အတ္ထအရ ယင်းအတ္တတ္ထ , ပရတ္ထ စသည်တို့ကို ယူရမည်၏ အဖြစ်၊ သူစနတော-၌ သူစနကို သူစဓာတ်+ယုပစ္စည်း၊ ယင်း ယုပစ္စည်း၏ ကတ္တားအနက်ကို ဟောသည်၏အဖြစ်၊ အတ္ထာနံ-၌ နံ ဝိဘတ်သည် ကမ္မတ္ထ-၌ သက်သည်၏အဖြစ်ကို သိစေသည်။

**သုဝုတ္တာ စေတ္ထ အတ္ထာ ဝေနေယျဇ္ဈာသယာနုလောမေန ဝုတ္တတ္တာ-** ၌ **သုဝုတ္တာ အတ္ထာ-** ဖြင့် သုတ္တ-၌ ဉတ္တကို ဝစီယန္တေ ကထီယန္တေတိ ဉတ္တာဟု ကမ္မသာဓ ဝစနတ္ထပြုရမည်၏အဖြစ်၊ ဝစဓာတ်+တပစ္စည်း၊ ယင်း တ-ပစ္စည်း၏ ကမ္မတ္ထ၌ သက်သည်၏အဖြစ်၊ ထို ဉတ္တ-အရ အနက်တို့ကို ယူရမည်၏အဖြစ်။ (အဘိဓာနတ္ထ၊ ဒု-ဓာတုပဒ၊ ဒု-ပစ္စယပဒ၊ ဒု-ပစ္စယတ္ထ၊ အဘိဓေယျတ္ထ။)

**သုဝုတ္တာ စေတ္ထ အတ္ထာ** -ဖြင့် သုတ္တံ-ကို သုဋ္ဌု ဉတ္တာ အတ္ထာ ဧတ္ထာတိ သုတ္တံဟု သတ္တမီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်၏အဖြစ်၊ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ) သုတ္တ-ကို သု+ဉတ္တဟု ပဒဝိဘာဂ ပြုရမည်၏အဖြစ်၊ သု-သဒ္ဒါ၏ သုဋ္ဌုအနက်ကို ဟောသည်၏အဖြစ်။ (သန္ဓိလိင်္ဂပဒ၊ ဥပသဂ္ဂလိင်္ဂတ္ထ)ကို သိစေသည်။

**ဝေနေယျဇ္ဈာသယာနုလောမေန ဝုတ္တတ္တာ**-ဖြင့် သုတ္တန်ပိဋကတ်သည် အာဏာ, သဘာဝဓမ္မတို့ကို ပဓာနမပြုဘဲ ဝေနေယျဇ္ဈာသယကို ပဓာနပြု၍ ဟောအပ်သောကြောင့် သုဉတ္တ-ကောင်းစွာဟောအပ်သော တရားရှိသည်ဟု ဆိုရသည်၏ အဖြစ်ကို သိစေသည်။( ဘာဝတ္ထ)

**သုဝုတ္တာ စေတ္ထ အတ္ထာ**-ဖြင့် (က)ဝါကျဂါထာပါ သုဝုတ္တတော-၌ သုဝုတ္တ-ကို သုဋ္ဌု ဝုတ္တာ အတ္ထာ ဧတ္ထာတိ သုဝုတ္တံ-ဟု သတ္တမီဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကို သိစေသည်။(အဘိဓာနတ္ထ၊ သမာသ လိင်္ဂပဒတ္ထ)။

http://www.dhammadownload.com



**မှတ်ချက်။** ။တဋ္ဌ အတ္တတ္တပရတ္ထာဒိဘေဒေ - စသော (ဆ) ဝါကျ တိုင်အောင်သော စကားရပ်တို့သည် မူရင်းဖြစ်သော သုတ္တသဒ္ဒါ၏ အဖွင့်ဖြစ်သကဲ့သို့ (က)ဝါကျလာ သူစန-တော, သုဝုတ္တတောစသော ဟိတ်ပုဒ်တို့၏ အဖွင့်လည်း ဖြစ်သောကြောင့် ဤသို့ နှစ်မျိုး နှစ်မျိုးစီ ဖော်ရမည်။

(ဂ) **သဝတိ စေတံ အတ္ထေ-ဖြင့်** သုတ္တံကို သဝတီတိ သုတ္တံ ဟု ကတ္တုသာဓ် ဝစနတ္ထ ပြုရမည်၏အဖြစ်၊ သုဓာတ်+တပစ္စည်း၊ ယင်း တ-ပစ္စည်း၏ ကတ္တားအနက်ကို ဟောသည်၏အဖြစ်၊ အကျိုးစီးပွားကို ဖြစ်စေတတ်(သီးတတ်)သောကြောင့် သုတ္တမည်သည်၏ အဖြစ်ကို သိစေသည်။ (အဘိဓာနတ္ထ၊ ဒု-ဓာတုပဒ၊ ဒု-ပစ္စယပဒ၊ ဒု-ပစ္စယတ္ထ၊ ဘာဝတ္ထ)။

**သဿမိဝ ဖလံ-ဖြင့်** ကောက်ပင်သည် အသီးကို သီးသကဲ့သို့ (ဝါ) ဖြစ်စေသကဲ့သို့ဟူသော ဥပမာကို သိစေသည်။

**ပသဝတီတိ ဝုတ္တံ ဟောတိ-ဖြင့်** သု -ဓာတ်သည် ကြားခြင်းစသော အနက်ကို မဟော၊ သီးခြင်း, မွေးဖွားခြင်း, ဖြစ်စေခြင်း အနက်ကို ဟောသည်၏ အဖြစ်ကို သိစေသည်။ (ဒု-ဓာတွတ္ထ)။

**တစ်နည်း-သဝတိ စေတံ-စသည်ဖြင့်** (က) ဝါကျ ဂါထာပါ သဝနတော ကို သဝတီတိ သဝနံ-ဟု ကတ္တုသာဓ် ဝစနတ္ထ ပြုသည်၏ အဖြစ်၊ သုဓာတ် + ယုပစ္စည်း၊ သုဓာတ်၏ ပသဝနတ္ထကို ဟောသည်၏အဖြစ်၊ ယုပစ္စည်း၏ ကတ္တားအနက်ကို ဟောသည်၏ အဖြစ်ကို သိစေသည်။

**ဓာတွတ္ထသင်္ဂဟ**

သု ဘူ သန္ဓာနိသာရေ၊ ဝိ ဝိ ရော တေ သွ သန္ဓာနေ။
မထဋ္ဌာန သုတေ ဘူ သွာ၊ ဂတေ ဘူ သွာတိ ဝိဋ္ဌနေ။
ဤအနက်များတွင် ဖနနတ္ထဟုမှတ်။

http://www.dhammadownload.com



**(ဃ) သူဒတိ စေတံ ဓနေဝိယ စီရံ-ဖြင့်** သုတ္တံကို သူဒတိ ပဂ္ဃရတီတိ သုတ္တံဟု ဝစနတ္ထ ပြုရမည်အဖြစ်၊ သူဒဓာတ်+တပစ္စည်း၊ ယင်း တပစ္စည်း၏ ကတ္တားအနက်ကို ဟောသည်အဖြစ်၊ နွားမသည် နို့ရည်ကို သွန်ချသကဲ့သို့ သုတ္တန်ပိဋကသည်လည်း အတ္တတ္ထ, ပရတ္ထစသော အကျိုးတို့ကို သွန်ချပေးတတ်သည်၏ အဖြစ်ကို သိစေသည်။ (အဘိ ဓာနတ္ထ၊ ဒု-ဓာတုပဒ၊ ဒု-ပစ္စယတ္ထ၊ ဘာဝတ္ထ)။

**ပဂ္ဃရတီတိဝုတ္တံ ဟောတိ-ဖြင့်** သုဓာတ်သည် ယိုချခြင်း (စီးခြင်း= သန္ဒနတ္ထ)အနက်ကို ဟောသည်အဖြစ်ကို သိစေသည်။

**တစ်နည်း-သူဒတိစေတံ-စသည်ဖြင့်**(က)ဝါကျပါဂါထာ သူဒနတော ကို သူဒေတီတိ သူဒနံဟု ကတ္တုသာဓ်ဝစနတ္ထ ပြုရမည်အဖြစ်၊ သူဒဓာတ်+ ယု ပစ္စည်း၊ ယင်းယုပစ္စည်း၏ ကတ္တားအနက်ကို ဟောသည်အဖြစ်၊ သူဒ ဓာတ်သည် ညှဉ်းဆဲခြင်း၊ တားမြစ်ခြင်းအနက်တို့ကို မဟော၊ ယိုစေခြင်း အနက်ကို ဟောသည်၏အဖြစ်ကို သိစေသည်။ (အဘိဓာနတ္ထ၊ ဒု-ဓာတု ပဒ၊ ဒု-ဓာတွတ္ထ၊ ဒု-ပစ္စယပဒ၊ ဒု-ပစ္စယတ္ထ)။

**(င) သုဋ္ဌု စ နေ တာယတိ-ဖြင့်** သုတ္တံ-ကို သုဋ္ဌု တာယတိ ရက္ခတီတိ သုတ္တံဟု ဝစနတ္ထပြုရမည်အဖြစ်၊ သုရှေးရှိသော တာဓာတ်, တ- ပစ္စည်း၊ သုဥပသာရပုဒ်၏ သုဋ္ဌုအနက်ကို ဟောသည်အဖြစ်၊ တ-ပစ္စည်း၏ ကတ္တားအနက်ကို ဟောသည်အဖြစ်၊ အတ္တတ္ထ, ပရတ္ထစသော အကျိုးတို့ကို ကောင်းစွာ စောင့်ရှောက်တတ်သောကြောင့် သုတ္တမည်သည်၏အဖြစ်ကို သိစေသည်။

**ရက္ခတီတိ ဝုတ္တံ ဟောတိ-ဖြင့်** သုတ္တတ္ထ-၌ တာ-ဓာတ်သည် စောင့်ရှောက်ခြင်း ရက္ခဏတ္ထကို ဟောသည်၏အဖြစ်ကို သိစေသည်။ (ဒု- ဓာတွတ္ထ)

**တစ်နည်း-သုဋ္ဌု စ နေ-စသည်ဖြင့်** (က)ဝါကျပါဂါထာ သုတ္တာ ဏာ-ကို သုဋ္ဌု တာယတိ ရက္ခတီတိ သုတ္တာဏာဟု ဝစနတ္ထပြုရမည်အဖြစ်၊

http://www.dhammadownload.com



သုရေးရှိသော တာ-ဓာတ်,ယုပစ္စည်း၊ သုဥပသာရပုဒ်၏ သုဋ္ဌုအနက်ကို ဟောသည်အဖြစ်၊ တာ-ဓာတ်၏ ရက္ခဏတ္ထကို ဟောသည်အဖြစ်၊ ယုပစ္စည်း၏ ကတ္တုတ္ထဝါစက အဖြစ်ကို သိစေသည်။

(စ) သုတ္တသဘာဂဓွေတ်ဖြင့် - သုတ္တံ-ကို သုတ္တံဝိယာတိ သုတ္တံ-ဟု ဥပမာတဒ္ဓိတ် ဝစနတ္ထပြုရမည်အဖြစ်၊ သုတ္တပုဒ်+ဏပစ္စည်း၊ ယင်းဏ-ပစ္စည်း၏ ဥပမာအနက်၌ သက်သည်အဖြစ်ကို သိစေသည်။ (အဘိဓာနတ္ထ၊ ဒု-လိင်ပဒ၊ ပစ္စယပဒ၊ ပစ္စယတ္ထ။)

**ယထာ ဟိ စသည်ဖြင့်** သစ်ရွေသမား, တစည်းသမားတို့၏ တမျဉ်းကြိုးသည် ဤနေရာသည် ပယ်စရာတည်း၊ ဤနေရာကား ယူစရာတည်းဟု ပယ်ခြင်း+ယူခြင်း၏ အမှတ်အသား ဖြစ်သကဲ့သို့ ထို့အတူ သုတ္တန်ပိဋကတ် (သုတ္တန်တရား)သည်လည်း ဤတရားသည် ပယ်အပ်သော စွန့်အပ်သော တရားတည်း။ ဤတရားကား ယူအပ် ကြဉ်အပ်သော တရားတည်းဟု ပညာရှိတို့အတွက် တိုင်းတာကြောင်း အမှတ်အသားဖြစ်၍ တမျဉ်းကြိုးနှင့် တူသောကြောင့် သုတ္တဟု ဆိုရသည်အဖြစ်ကို သိစေသည်။(ဘာဝတ္ထ)

(ဆ) စ-ဖြင့် နည်းတစ်ပါးကို သိစေသည်။

**ယထာ သုတ္တေန သင်္ဂဟိတာနိ-စသည်ဖြင့်** သုတ္တန်ပိဋကသည် တစည်းသမား သစ်ရွေသမားတို့၏ တမျဉ်းကြိုးနှင့်သာ တူသည်မဟုတ်၊ ပန်းသီချည်ကြိုးနှင့်လည်း တူသည်အဖြစ်၊ ပန်းသီတံချည်ကြိုးသည် ပန်းတို့ကို လေမလွင့်အောင် စွမ်းဆောင်နိုင်သကဲ့သို့ သုတ္တန်ပိဋကသည်လည်း အတ္တတ္ထ, ပရတ္ထစသော အကျိုးတို့ကို မပျက်စီးအောင် ထိန်းထားနိုင်သောကြောင့် ပန်းသီတံနှင့် တူသည်အဖြစ်ကို သိစေသည်။ (ဘာဝတ္ထ)

၇။ (ခ) တဒ္ဓိ-၌ တ။ (ဂ) သဝတိ စေတံ။ (ဃ) သူဒတိ စေတံ ။
(စ) သုတ္တသဘာဂဓွေတံ။ ဓဝမေတံ။
(င) ဓဝမေတေန-၌ ဓတ်/တေတို့ကား(က)ဝါကျ၌ ပြအပ်ပြီး

http://www.dhammadownload.com



သော သုတ္တန်ပိဋကတ်ကို စွဲဆိုသောကြောင့် ပဋ္ဌာန္တဝိသယ။

(င) ဝါကျ နေ-ကား (ခ) ဝါကျရှိ အတ္တတ္ထ.ပရတ္ထတို့ကို စွဲသော ကြောင့် ပဋ္ဌာန္တဝိသယ။

## ၈။ အတ္ထေ သူစေတိ

၁။ အတ္တတ္ထ.ပရတ္ထစသည်တို့ကို ပြတတ်သော သုတ္တန်ပိဋကတ် သည် ဒသနတ္ထ။

၂။ ထိုသုတ္တန်ပိဋကတ်ကို ဟောကြားတော်မူသော မြတ်ဗုဒ္ဓ၏ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်သည် ဒီပကတ္ထ။

၃။ ထိုသုတ္တန်ပိဋကတ်ကို သိရသဖြင့် ဝေနေယျတို့၏ ဆောင်သင့် သည်ကို ဆောင်၍ ရှောင်သင့်သည်ကို ရှောင်ခြင်းတို့သည် ပကာသနတ္ထ။

၄။ မြတ်ဗုဒ္ဓ၏ မဟာကရုဏာဉာဏ်တော်မှစ၍ အာသယာနုသယ ဉာဏ်.ဣန္ဒြိယပရောပရိယတ္တိဉာဏ်တိုင်အောင်သော အဆက် ဆက်သော ဉာဏ်တော်တို့သည် ဝိဘာဝတ္ထ။

၅။ သီလစသော အကျိုး, ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ စသော အကျိုးမှစ၍ နိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက် သည် အနုဘာဝတ္ထ။

## ဝေနေယျဖွာသယာနုလောမေန ဝုတ္တတ္တာ-၌ ဝစ-ဓာတ်အရ-

၁။ ဒေသနာဉာဏ် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဒသနတ္ထ။

၂။ အာသယာနုသယဉာဏ်, ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော် တို့သည် ဒီပကတ္ထ။

၃။ သုတ္တန်ပိဋကတ်တော်သည် ပကာသနတ္ထ။

၄။ ပါရမီဉာဏ်စသော ရှေးရှေးဉာဏ်တော်တို့သည် ဝိဘာဝတ္ထ။

http://www.dhammadownload.com



၅။ ဓဝနေယျမွေပဋိဂ္ဂါဟက ပုဂ္ဂိုလ်တို့၏ သုတမယဉာဏ်မှစ၍ နိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္တ။

## သုတ္တန္တိ အက္ခာတံ-

အက္ခာတံ-၌ ဓာတ်အရ သုတ္တသဒ္ဒါ၏ ဝစနတ္ထကို သိမြင်ကြသော ပညာရှိတို့၏ ဉာဏ်, ဝီရိယပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ရ၏။

၁။ ယင်းသည် ဒဿနတ္ထ။

၂။ ထို၏ အကြောင်းဖြစ်သော ယောနိသောမနသိကာရ, ဗဟုဿုတ စသည်တို့သည် ဒီပကတ္ထ။

၃။ အတ္ထာန် သူစနတော - စသည်ဖြင့် ပြဆိုအပ်သော ဝစီဘေဒ စိတ္တဇသဒ္ဒသည် ပကာသနတ္ထ။

၄။ ဆရာကောင်းတို့ထံ နည်းခံသင်ကြားခဲ့ရခြင်း, ဆောင်ရွက်မှတ်သား ကြိုးစားအားထုတ်ခြင်းစသော အကြောင်းများနှင့် ဗုဒ္ဓဒေသနာတော်တို့၏ မွန်မြတ်သောဂုဏ်ကို သိမြင်ခြင်းစသော အကြောင်းများသည် ဝိဘာဝတ္တ။

၅။ သင်ကြား မှတ်သားရသော သောတုဇနတို့၏ သန္တာန်၌ အသိဉာဏ် တိုးပွားခြင်းမှစ၍ များစွာသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္တ။

## ၁၀။ အတ္ထာနံ သူစနတော

အတ္ထာန်အရ သီလ,သမာဓိ, ပညာ, ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ စသော အကျိုးတရားတို့ကို ရ၏။

သူစနတော (ဓာတ်)အရ- သုတ္တန်ပိဋကတ် ရ၏။

ထို့ကြောင့် အတ္ထာန်အရ ပစ္စည်းတရားက သူစနတောအရ ပစ္စယုပ္ပန်

http://www.dhammadownload.com



တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။
(ပြိုင်မရှိ)။ (အဋ္ဌ သုစေတိလည်း နည်းတူ)

သုဝုတ္ထာ -

ဝစဓာတ်အရ ဗုဒ္ဓ၏ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏ သမ္ပယုတ် စိတ္တုပ္ပါဒ် ရ၏။

တ - ပစ္စည်းအရ အတ္တတ္ထ, ပရတ္ထစသော အကျိုးစီးပွားတို့ကို ရ၏။

ထို့ကြောင့် အတ္တတ္ထ, ပရတ္ထစသော အကျိုးစီးပွား အာရုံပစ္စည်း တရားက ဝစဓာတ်အရ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏ သမ္ပယုတ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူး ပြုသည်။( ပြိုင်မရှိ)

ဝုတ္တတ္ထာ -

ဝစ - ဓာတ်အရ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏ သမ္ပယုတ် စိတ္တုပ္ပါဒ် ရ၏။

တ - ပစ္စည်းအရ သုတ္တန်ဒေသနာဟူသော ဝစီဘေဒစိတ္တဇသဒ္ဒ ရ၏။

ထို့ကြောင့် ဒေသနာဉာဏ် စိတ္တုပ္ပါဒ် ပစ္စည်းတရားက ဝစီဘေဒစိတ္တဇ သဒ္ဒရုပ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

အကြီး - ၄။ အငယ် - ၇။ ဝိပ္ပယုတ္တ ။ ပေါင်း ၁၂ - ပစ္စည်းပြိုင်။

သုဋ္ဌု စ နေ တာယတိ။

နေ - အရ အတ္တတ္ထ, ပရတ္ထစသော အကျိုးတရားများရ၏။

တာယတိ - အရ သုတ္တန်ပိဋကတ်ရ၏။

အတ္တာနံ သုစနတောနှင့် နည်းတူ။ ပကတူပ။

http://www.dhammadownload.com



## ဝါကျ (၄) အဘိဓမ္မအဖွင့်

(က) အဘိဓမ္မသ ဝစနတ္တော ဝုတ္တောယေဝ။

(ခ) အပရော နယော-
ယံ ဧတ္ထ ဝုမိမန္တော၊ သလက္ခဏာ ပူဇိတာ ပရိစ္ဆိန္နာ။
ဝုတ္တာဓိကာ စ ဓမ္မာ၊ အဘိဓမ္မော တေန အက္ခာတော။

(ဂ) အယံ ဟိ အဘိသဒ္ဒေါ ဝုမိလက္ခဏပူဇိတပရိစ္ဆိန္နာဓိကေသု ဒိဿတိ။

(ဃ) တထာ ဟေသ "ဗာဠှာ မေ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ၊ နော ပဋိက္ကမန္တိ" တိ အာဒီသု ဝုမိယံ အာဂတော။

(င) "ယာ တာ ရတ္တိယော အဘိညာတာ အဘိလက္ခိတာ" တိ အာဒီသု လက္ခဏေ (ပ) အဓိကေ။

(စ) ဧတ္ထ စ "ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟရတိ" တိ အာဒိနာ နယေန ဝုမိမန္တောပိ ဓမ္မာ ဝုတ္တာ။ (ပ) အဓိကာပိ ဓမ္မာ ဝုတ္တာ။
(ဠ၊ ၂၀)

### ၁။ (ခ) ဝါကျကို ဟေတု+ဖလ အသီးသီးပြု၍ အနက်ပေးပုံ

ယံ ယေန၊ အကြင်ကြောင့်။ ဧတ္ထ၊ ဤအဘိဓမ္မာ၌။ ဝုမိမန္တော၊ ကြီးပွားခြင်းရှိကုန်သော။ ဓမ္မာ၊ တရားတို့ကို။ (ဘဂဝတာ-သည်)။ ဝုတ္တာ၊ ဟောအပ်ကုန်၏။ တေန၊ ထို့ကြောင့်။ (အဘိဓမ္မော၊ အဘိဓမ္မာပိဋကကို) အဘိဓမ္မော၊ အဘိဓမ္မာဟူ၍။ (ဝိညူဟိ၊ ပညာရှိတို့သည်) အက္ခာတော၊ ဆိုအပ်၏။

ယံ ယေန၊ ကြောင့်။ ဧတ္ထ၊ ၌။ သလက္ခဏာ၊ မှတ်ကြောင်းနှင့်တကွ ဖြစ်ကုန်သော။ ဓမ္မာ၊ တို့ကို။ (ဘဂဝတာ၊ သည်။) ဝုတ္တာ၊ ကုန်၏။ တေန၊ ကြောင့်။(အဘိဓမ္မော၊ ကို။) အဘိဓမ္မော၊ ဟူ၍။ (ဝိညူဟိ၊ တို့သည်။) အက္ခာတော၊ ဆိုအပ်၏။

ဤသို့ စသည်ဖြင့် တစ်ဝါကျစီ ခွဲပေးပါ။

http://www.dhammadownload.com



**နိဿယသဒ္ဒကား -**

ဓေတ္တ၊ ဌြ။ ဝုမိမဌေ္ဌာ၊ ကုန်သော။ ဓမ္မာ စ၊ တို့ကိုလည်းကောင်း။ (ပ) အဓိကာ၊ ကုန်သော။ ဓမ္မာ စ၊ တို့ကိုလည်းကောင်း။ ယံ ယေန၊ ကြောင့်။ ဝုတ္တာ၊ ကုန်၏။ တေန၊ ကြောင့်။ အဘိဓမ္မော၊ မည်၏ဟူ၍။ အက္ခာတော၊ ၏-ဟု အနက်ပေးသည်။

(င) အဘိညာတာ- လ.ထက်ဝက်စသော အမှတ်ဖြင့် သိအပ်ကုန်၏။ (သဒ္ဒတ္ထ) ဝါ-ထင်ရှားကုန်၏။ (အဓိပ္ပါယတ္ထ။)

## ၂။ (ခ) ဝါကျသို့ ပါပနာ။

ဆရာ ဆရာသည် (က)ဖြင့် အဘိဓမ္မ၏ ဝစနတ္ထကို ဆိုအပ်ပြီဟု ဆိုတော်မူ၏။ ယင်းသို့ဆိုလျှင် အဘိဓမ္မောကို အတိရေကော ဝိသေသော ဝါ ဓမ္မော အဘိဓမ္မော-ဟူ၍သာ ဝစနတ္ထပြုကောင်းသည်ဟူသော အနက်သည် ရောက်၏။ (အန-ပါ)။ စင်စစ်မသင့်။ ထို့ကြောင့် အခြားဖြစ်သင့်သော ဝစနတ္ထကိုလည်း ဆိုသင့်သေး၏။ မဆိုဘဲ မနေသင့်-စုဒ်ကြောင့် (ခ)မိန့်။

## (ဂ) ဝါကျသို့ ဌပနာပဌက စောဒနာ

ဆရာ ဆရာသည် (ခ)ဝါကျဖြင့် ကြီးပွားခြင်းရှိသော အနက်တို့ကို ဟောရာဖြစ်သောကြောင့် အဘိဓမ္မဟု ဆိုအပ်ကြောင်းစသည် ဖွင့်ဆိုတော်မူ၏။ အဘိ-သဒ္ဒါသည် ကြီးပွားခြင်းစသော အနက်ကို မဟောလေက ထိုသို့ မဖွင့်သင့်သည် မဟုတ်ပါလော။ ထို့ကြောင့် ကြီးပွားခြင်းရှိသော အနက်တို့ကို ဟောရာဖြစ်သောကြောင့် အဘိဓမ္မမည်၏ စသည်ဖြင့် (က)ဝါကျကိုသာ မဆိုသင့်။ အဘိသဒ္ဒါသည် ကြီးပွားခြင်းစသော အနက်ကို ဟောနိုင် မဟောနိုင် အဘယ်သို့ သိမှတ်ရမည်နည်း။ ယင်းအနက်တို့ကို မဟောနိုင်က ဆရာ၌ ဝိရောဓိဒေါသ သင့်ရောက်ရာ၏- စုဒ်ကြောင့် (ဂ)မိန့်။

**အဓိပ္ပါယ်ကား**-အဘိသဒ္ဒါသည် ဝုမိ. လက္ခဏ. ပူဇိတ. ပရိစ္ဆိန္န.

http://www.dhammadownload.com



အဓိကအနက်တို့၌ ထင်သောကြောင့် ယင်းသို့ ဖွင့်ဆိုရကား ဝိရောဓိဒေါသ မရောက် ပျောက်ပါ၏ဟူလို။

**မှတ်ချက်။** ။ (ဂ) ဝါကျသို့ သဒ္ဒပသင်္ဂ တက်လိုက ဝုမိစသော အနက်၌ အဘိသဒ္ဒါ မဖြစ်လေက မသင့်ရာသည် မဟုတ်လောဟု အာဘော်ထား။ အတ္တပသင်္ဂစောဒနာ တက်လိုက ဝုမိစသော အနက်သည် အဘိသဒ္ဒါ၏အနက် မဖြစ်လေက မသင့်ရာသည် မဟုတ်ပါလော ဟု အာဘော်ထားပါ။ သဒ္ဒပသင်္ဂနည်းသည် ဤ(ဂ)ဝါကျနှင့် တိုက်ရိုက် သက်ဆိုင်သည်။

## (ဃ) ဝါကျသို့ ပါပနာပဋ္ဌက စောဒနာတက်

ဆရာ ဆရာသည် (ဂ)ဝါကျဖြင့် အဘိသဒ္ဒါသည် ဝုမိ. လက္ခဏ စသောအနက်တို့၌ ထင်၏-ဟု ဆရာ၏စကား သကာဝစန (အတ္တနောမတိ) ကို ဆိုတော်မူ၏ (ဌပနာ)။ ယင်းသို့ဆိုချေသော် ဆရာ့စကားသည် ယုံကြည် ဖွယ် အခြားအထောက်အထား ပရဝစန အာဂမယုတ္တိ မရှိဟူသော အနက် သည် ရောက်၏ (အနုပါ)။ စင်စစ် ထိုအနက်သည် မရောက်သင့် (ပဋိပါ)။ ထို့ကြောင့် ဆရာ့စကား (သကာဝစန-အတ္တနောမတိ)ကို ယုံကြည် လက်ခံ နိုင်ကြောင်း ပရဝစန-အာဂမယုတ္တိကိုလည်း ဆိုသင့်သေး၏ (အနုရော)။ မဆိုဘဲ မနေသင့်၊ (ဝါ) သကာဝစနမျှကိုသာ မဆိုသင့်(ပဋိရော)။ ဆိုသင့် သည်ကို မဆိုချေသော် ဆရာ၌ ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ ဤသို့ စောဒနာဖွယ်ရှိသောကြောင့် (ဃ)ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား-** ဟဋ္ဌာ မေ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ- စသော အာဂမယုတ္တိ ပရဝစနတို့ကို ထောက်၍ ငါ့စကားသည် ယုံကြည်ထိုက်သောကြောင့် ဝိရောဓိဒေါသ ငါ၌မရောက်ပါဟူလို။

## (စ) ဝါကျသို့ ပါပနာပဋ္ဌက စောဒနာတက်။

ဆရာ ဆရာသည် (ခ)စသော ဝါကျဖြင့် ကြီးပွားခြင်းရှိသော

http://www.dhammadownload.com



အနက်တို့ကို ဟောရာဖြစ်သောကြောင့် အဘိဓမ္မမည်၏ဟုလည်းကောင်း၊ အဘိသဒ္ဒါ၏ ဝုမိစသော အနက်တို့ကို ဟောနိုင်ပုံကိုလည်းကောင်း ယုတ္တိနှင့်တကွ ပြဆိုတော်မူခဲ့၏။ (ဥပနာ) ယင်းသို့ဆိုချေသော် ဤအဘိဓမ္မပိဋကတ်၌ ဟောကြားအပ်သော ကြီးပွားခြင်းရှိသော အနက်ရှိသော တရားတို့ကိုမူ မသိအပ်ဟူသော အနက်သည်ရောက်၏။ (အန-ပါ) စင်စစ် ထိုအနက်သည် မရောက်သင့်။ (ပဋိ-ပါ) ထို့ကြောင့် ဤအဘိဓမ္မာပိဋကတ်၌ ဟောကြားအပ်သော ကြီးပွားခြင်းရှိသော အနက်ရှိသော တရားတို့ကိုလည်း ထင်ရှားအောင် ပြဆိုသင့်သေး၏။(အနရော) မဆိုဘဲ မနေသင့်။ (ပဋိရော) ဆိုသင့်သည်ကို မဆိုချေသော် အသင့်ယုတ္တိမှုကင်းသော ဩစိတျဟီနဒေါသ ရောက်ရာ၏။ ဤသို့ စောဒနာဖွယ် ရှိသောကြောင့် (စ) ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား**- ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ-စသည်ဖြင့် ကာမာဝစရ တရားထက် ကြီးပွားခြင်းရှိသော မဟဂ္ဂုတ်တရားတို့ကိုလည်း ဤအဘိဓမ္မာ ပိဋကတ်၌ ဟောကြားထားသည်ဟု ငါပြဆိုသောကြောင့် ဩစိတျဟီနဒေါသ ငါ၌မရောက် ပျောက်ပါ၏ဟူလို။

**တစ်နည်း**။ ။ဆရာ ဆရာသည် (ယ)စသော ဝါကျဖြင့် အခြားသော ပါဠိတို့၌ အဘိသဒ္ဒါ၏ ဝုမိစသောအနက်ကို ဟောကြောင်း ပြဆိုတော်မူ၏(ဥပနာ)။ ယင်းသို့ဆိုလျှင် ဤအဘိဓမ္မာပါဠိတော်၌ ကြီးပွားခြင်းအနက်ရှိသော တရားတို့ကို ဟောကြောင်း ပါဠိအာဂုံမရှိဟူသော အနက်သည် ရောက်၏(အန-ပါ)။ စင်စစ် မသင့် (ပဋိ-ပါ)။ ထို့ကြောင့် ဤအဘိဓမ္မာ ပါဠိတော်၌ ကြီးပွားခြင်းရှိသော အနက်တို့ကို ဟောထားကြောင်း ယုံကြည်လက်ခံနိုင်သည့် အာဂမယုတ္တိ ပါဠိဝစနတို့ကိုလည်း ပြဆိုသင့်သေး၏ (အနရော)။ မဆိုဘဲ မနေသင့် (ပဋိရော)။ နေချေသော် ဆရာ၌ ဩစိတျဟီနဒေါသ, ဝိရောဓိဒေါသ သင့်ရောက်ရာ၏-စုဒ်ကြောင့် (စ)မိန့်။

**အဓိပ္ပါယ်ကား**-ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ-စသော

http://www.dhammadownload.com



အဘိဓမ္မပါဠိတော်လာ ပါဠိဝစနအာဂမယုတ္တိကို ထောက်ဆ၍ ဤ အဘိဓမ္မာ၌ ကြီးပွားခြင်းရှိသော အနက်တို့ကို ဟောကြောင်း ယုံကြည်လက်ခံနိုင်ပါ၏ ဟူလို။

## ၃။ အပရော နယော -ထားရခြင်းအကြောင်း

၁။ အတိရေကော ဝိသေသော ဝါ ဓမ္မော အဘိဓမ္မော- ဟူသော ဝစနတ္ထမှတစ်ပါး ဝုမိမန္တော ဓမ္မော ဓမ္မာတိ အဘိဓမ္မောဟူသော ဝစနတ္ထ တစ်ပါးကိုလည်းကောင်း။ (ဝစနတ္ထ အကြောင်းလဲ)

၂။ အဘိသဒ္ဒါ၏ အတိရေကအနက်, ဝိသေသအနက်မှ တစ်ပါး ဝုမိ, ပူဇိတစသော အနက်တို့ကိုလည်းကောင်း။ (အနက်လဲ, အကြောင်းလဲ)

၃။ လွန်သောတရား, ထူးသောတရား ဖြစ်သောကြောင့် အဘိဓမ္မ မည်၏ဟူသော သကတ်အနက်မှတစ်ပါး ကြီးပွားခြင်းရှိသော တရားတို့ကို ဟောရာဖြစ်သောကြောင့် အဘိဓမ္မာမည်၏ စသော သကတ်အနက်ကိုလည်းကောင်း လဲလိုသောကြောင့် အပရော နယော ထားသည်။

### ဒေါသပယ်

(က) ဝါကျဖြင့် အဘိဓမ္မသဒ္ဒါ၏ ဝစနတ္ထကို ပြဆိုအပ်ခဲ့ပြီးပြီဟု ဆိုခဲ့ပြီးကို ပြန်ညွှန်းသောကြောင့် ဂန္တဂရု ပုနရုတ္တိဒေါသကို ပယ်ပါသည်။

(ခ) ဝါကျဖြင့် အတိရေကော ဝိသေသော ဝါ ဓမ္မော အဘိဓမ္မော- ဟူသော ဝစနတ္ထနှစ်မျိုးမှတစ်ပါး ဝုမိမန္တော ဓမ္မာ ဓမ္မာတိ အဘိဓမ္မော- စသော ဝစနတ္ထကို ပြဆိုသောကြောင့် (အဘိဓမ္မ၏ ဝစနတ္ထကို ပြည့်စုံစွာ သိရကား) အဗျာပိတ, အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။

(ဂ) ဝါကျဖြင့် အဘိသဒ္ဒါ ဝုမိစသော အနက်တို့ကို ဟောနိုင်ကြောင်း သဒ္ဒါဝယုတ္တိဖြင့် ပြသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။

http://www.dhammadownload.com



(အဘိသဒ္ဒါသည် ဝုမိစသော အနက်ကို ပြသောကြောင့် ယင်းသို့ ဖွင့်ဆိုသည်ဟု ဆိုလိုသည်။)

(ဃ) ဝါကျဖြင့် အဘိသဒ္ဒါ ဝုမိ အနက်ကိုဟောကြောင်း အာဂမ ယုတ္တိ ပါဠိသာဓကတို့ဖြင့် နိုင်မာအောင် ပြသောကြောင့် ဝိရောဓိဒေါသကို ပယ်သည်။

(င) ဝါကျဖြင့် အဘိသဒ္ဒါ ဝုမိအနက်ကို ဟောနိုင်ပုံပြ ယုတ္တိ သာဓကမှတစ်ပါး လက္ခဏာစသော အနက်တို့ကို ဟောနိုင်ပုံပြ ယုတ္တိသာဓကတို့ကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်သည်။

(စ) ဝါကျဖြင့် အဘိဓမ္မာပိဋက-၌ ကြီးပွားခြင်းရှိသောတရား စသည်တို့ကို ဟောထားကြောင်း ဤအဘိဓမ္မာပိဋကတ်တော်လာ ပါဠိတော် စကားရပ်တို့ဖြင့် ကိုးကားပြဆိုသောကြောင့် ဝိရောဓိဒေါသကို ပယ်သည်။

အခြား ပိဋကတ်လာ ပါဠိအထောက်အထားကိုသာမက ဤအဘိ ဓမ္မာပိဋကတ်လာ ပါဠိအထောက်အထားကိုပါ ပြဆိုသောကြောင့် အဗျာပိတ ဒေါသကိုလည်း ပယ်သည်။

၄။ ဝုမိ ဓေတသံ အတ္တီတိ ဝုမိမန္တော။ (အသတ္တိတဒ္ဓိတ်)
- ကြီးပွားခြင်းနှင့် တရားတို့၏ ဂုဏ်+ဂုဏေး သမ္ဗန် ဗျ-နိ။
- ကြီးပွားခြင်းဂုဏ်သည် ပ-နိ။

* သဟ လက္ခဏေဟိ ယေ ဝတ္တန္တီတိ သလက္ခဏာ။ (ဗဟုဗ္ဗီဟိသမာသ်)
- လက္ခဏာတို့နှင့် တကွဖြစ်ခြင်း သဟာဘောဂုဏ်၏ + တရားတို့ နှင့် ဂုဏ်+ဂုဏေး သမ္ဗန် ဗျ+နိ။
- လက္ခဏာတို့နှင့် တကွဖြစ်ခြင်း သဟာဘောဂုဏ်သည် ပ-နိ။

**အဘိဓမ္မာ -**

(ပ) ဝုမိမန္တော ဓမ္မာ ဧတ္ထာတိ အဘိဓမ္မော။

http://www.dhammadownload.com



(ဒု) လက္ခဏာ ဓမ္မာ ဓမ္မာတိ အဘိဓမ္မော။
(တ) ပူဇိတာ ဓမ္မာ ဓမ္မာတိ အဘိဓမ္မော။
(စ) ပရိစ္ဆိန္နာ ဓမ္မာ ဓမ္မာတိ အဘိဓမ္မော။
(မ) အဓိကာ ဓမ္မာ ဓမ္မာတိ အဘိဓမ္မော။
-ကြီးပွားခြင်းရှိသော (မှတ်သားအပ်. ပူဇော်အပ်. ပိုင်းခြားအပ်. ပိုလွန်သော) တရားတို့၏ + အဘိဓမ္မာပိဋကနှင့် ဌာနီ + ဌာန သမ္မန်သည် ဗျ+နိ။
-ကြီးပွားခြင်းရှိသော (မှတ်သားအပ် ။ပ။ ပိုလွန်သော) တရားတို့ သည် ပ-နိ။

* ရူပဿ ဘဝေါ ရူပံ။
(ရူပဘဝဟု ဆိုလိုလျက် ဘဝ-ဟူသော နောက်ပုဒ် ကျေသော ဥတ္တရပဒလောပသမာသ်တည်း။) (ရူပဘုံရ၏)
-ရုပ်၏+ဖြစ်ရာဘုံနှင့် ဌာနီ+ဌာနသမ္မန်သည် ဗျ-နိ။
-ရုပ်တရားသည် ပ+နိ။ (ရုပ်၏ဖြစ်ရာဖြစ်၍ ရူပဟုခေါ်သည်)

* ဥပပဇ္ဇနံ ဥပပတ္တိ။ (ဘာဝသာဓနကိတ်ပုဒ်)
-ဥ-ပ-ပတ်-တိဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါ၏ အကြောင်း ဖြစ်သော ဖြစ်ခြင်းကြိယာသည် ဗျ-နိ။
-ဥပပတ္တိ - ဟူသော အပေါင်း ပညတ္တိသဒ္ဒါ၏ အကြောင်းဖြစ် သော ဖြစ်ခြင်းကြိယာသည် ပ-နိ။

* ရူပေ ဥပပတ္တိ ရူပူပပတ္တိ။ (သတ္တမီတပ္ပုရိသ်)။
-ရူပဘုံ၏+ဖြစ်ခြင်းကြိယာနှင့် ဌာန+ဌာနီ သမ္မန်သည် ဗျ-နိ။
-ရူပဘုံ၌ ဖြစ်ခြင်းကြိယာသည် ပ-နိ။

* ရဇ္ဇန္တိ သတ္တာ ဓမ္မာတိ ရတ္တိ။ (ရန္စ+တိ)။
မွေ့လျော်ခြင်း. တပ်မက်ခြင်း ကြိယာ။

http://www.dhammadownload.com



## ၅။ ပဒ+အတ္ထ စသည် -

ဝတ္ထု - အဗျယ (နိပါတ်)၊ အလိင်၊ ဂဏာဝိမုတ်၊ အကာရန္တ။
ဝုမိ - ကိတ်ပုဒ်၊ ထီ၊ ရတ္တာဒိ၊ ဣကာရန္တ။
ဝုမိမန္တော - တဒ္ဓိတ်၊ ပုံ၊ ဂုဏ္ဏန္တာဒိ၊ ဥကာရန္တ။
စေတသာ - ကိတ်၊ ပုံ၊ မနော၊ အကာရန္တ။
ဇကံ - သဗ္ဗာသဗ္ဗနာမ်၊ ထီ၊ သဗ္ဗနာမ်၊ အာကာရန္တ။

## ၆။ အာဘော် + သံဝဏ္ဏနာ

(က) ဖြင့် အဘိဓမ္မော၏ ဝစနတ္ထကို ဆိုခဲ့ပြီးပြီဟု သိစေသည်။ (ဘာဝတ္ထ)

(ခ) အနုမဓူရော နယော-ဖြင့် အဘိဓမ္မော၏ အခြားသော ဝစနတ္ထတို့ကို ပြဆိုမည်အဖြစ်ကို သိစေသည်။

ယံ ဇတ္ထ ဝုမိမန္တော-စသည်ဖြင့် ကြီးပွားခြင်းရှိသောတရားတို့ကို ဟောရာ ဖြစ်သောကြောင့်လည်းကောင်း၊ မှတ်သားခြင်းရှိသော တရားတို့ကို ဟောရာဖြစ်သောကြောင့်လည်းကောင်း၊ ပူဇော်အပ်. ပိုင်းခြားအပ်သော တရား. ပိုလွန်သော တရားတို့ကို ဟောအပ်ရာဖြစ်သောကြောင့် လည်းကောင်း အဘိဓမ္မမည်သည်၏ အဖြစ်ကိုလည်းကောင်း။ (ဘာဝတ္ထ)

အဘိဓမ္မော-ကို (အဘိ) ဝုမိမန္တော ဓမ္မာ ဇတ္ထာတိ အဘိဓမ္မော။ (အဘိ) လက္ခဏာ ဓမ္မာ ဇတ္ထာတိ အဘိဓမ္မော၊ (အဘိ) ပူဇိတာ ဓမ္မာ ဇတ္ထာတိ အဘိဓမ္မော၊ (အဘိ) ပရိစ္ဆိန္နာ ဓမ္မာ ဇတ္ထာတိ အဘိဓမ္မော၊ (အဘိ) အဓိကာ ဓမ္မာ ဇတ္ထာတိ အဘိဓမ္မော-ဟု ဝစနတ္ထ ၅-မျိုး ပြုရမည်အဖြစ်ကို လည်းကောင်း။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)။

အဘိသဒ္ဒါ၏ ဝုမိအနက်. လက္ခဏာအနက်. ပူဇိတအနက်. ပရိစ္ဆိန္န အနက်. အဓိကအနက်တို့ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း။ (ဥပသဂ္ဂလိင်္ဂတ္ထ) သိစေသည်။

http://www.dhammadownload.com



(ဂ) အယံ ဟိ - စသည်ဖြင့် အဘိသဒ္ဒါ၏ ဝုဓိစသော အနက် ငါးပါးကို ဟောသည်ဟု သိစေသည်။ (ဥပသဂ္ဂလိင်္ဂတ္ထ)။

(ဃ) တထာဟောသ - စသည်ဖြင့် အဘိသဒ္ဒါ၏ ဝုဓိစသော အနက်ငါးမျိုးကိုဟောနိုင်ကြောင်း သာကေပါဠိ ယုတ္တိအာဂုံဖြင့် သိစေသည်။

ထိုတွင် ဗာဠှာ မေ ဒုက္ခာ ဝေဒနာ-စသော ပါဠိတော်၌ အဘိသဒ္ဒါ ဝုဓိအနက်ကို ဟောကြောင်းကိုလည်းကောင်း၊ ထိုပါဠိကိုထောက်၍ အဘိသဒ္ဒါ ဝုဓိအနက်ကို ဟောသည်ဟု ဆိုခဲ့ရသည်ကိုလည်းကောင်း သိစေသည်။ (ဘာဝတ္ထ)

(င) ယာ တာ ရတ္တိယော-စသည်ဖြင့် "ယာ တာ ရတ္တိယော အဘိညာတာ အဘိလက္ခိတာ" စသော ပါဠိရပ်တို့၌ အဘိသဒ္ဒါ လက္ခဏ အနက် (ပ)အဓိကအနက်တို့ကို ဟောသည်ကိုလည်းကောင်း၊ ထိုအာဂုံ ပါဠိကို ထောက်၍ အဘိသဒ္ဒါ လက္ခဏစသော အနက်တို့ကို ဟောသည်ဟု ဆိုခဲ့ရသည်ကိုလည်းကောင်း သိစေသည်။ (ဘာဝတ္ထ)။

(စ) ဗွေ့ စ ရုပ္ပပတ္တိယာ-စသည်ဖြင့် ဤအဘိဓမ္မာပိဋကတ်၌ ကြီးပွားခြင်းရှိသော တရားတို့ကို ဟောထားကြောင်း "ရုပ္ပပတ္တိယာ မဂ္ဂံ ဘာဝေတိ" စသော ပါဠိတော်ကို ထောက်ဆ၍ သိရသည်အဖြစ်ကို လည်းကောင်း၊ ထိုသို့ ကြီးပွားခြင်းရှိသော တရားတို့ကို ဟောထားသောကြောင့် ယံ ဗွေ့ ဝုမိမန္တော-ဟု မိမိ ဆိုခဲ့သောစကား ယုတ္တိရှိ နိုင်မာပုံကို လည်းကောင်း သိစေသည်။ (ဘာဝတ္ထ)

၇။ ဓဝ-၏ ဂဟေတဗ္ဗတ္ထ စသည်-

ဝစနတော ဝုတ္တောယေဝ။

၁။ အဘိဓမ္မ၏ ဝစနတ္ထကို ဆိုအပ်ခဲ့ပြီးပြီဟူသော အနက်သည် (ဝါ) ဆိုအပ်ခဲ့ပြီးသော ဝစနတ္ထသည် ဂဟေတဗ္ဗ။

http://www.dhammadownload.com



၂။ အဘိဓမ္မ၏ ဝစနတ္ထကို မဆိုခဲ့ရသေးဟူသော အနက်သည် နိဝတ္တတ္တပါ။

၃။ ဆိုအပ်လတ္တံ့သော (အဘိ)ဝုစ်မန္တော မွောဝတ္တောတိ အဘိဓမ္မော စသော ဝစနတ္ထသည် အနည်္သာတ။

## ဝိဘာယ

ယံ ဓတ္တ – ၌ ဓတ္တကား ဆိုဆဲ အဘိဓမ္မ (ပိဋက)ကို စွဲသောကြောင့် ပသိဒ္ဓဝိဘာယ။

တေန အက္ခာတော – ၌ တေန – ကား ဆိုခဲ့ပြီးသော ဝုစ်မန္တော မွော ဓတ္တ – စသော အနက်တို့ကို စွဲသောကြောင့် အနဘူတဝိဘာယ။

အယံ ဟိ အဘိဓမ္မော – ၌ အယံ – ကား အဘိဓမ္မောဟူသော အစွဲပုဒ် တိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိဘာယ။

တထာဟောသ – ၌ သေ – ကား လွန်ပြီးသော အဘိသဒ္ဒါကို စွဲသော ကြောင့် ပတ္တက္ခဝိဘာယ။

ယာ တာ ရတ္တိယော – ပသိဒ္ဓ။

ဓတ္တ စ – ၌ ဓတ္တ – လွန်ပြီး အဘိဓမ္မ(ပိဋက)ကို စွဲသောကြောင့် ပတ္တက္ခ။ (ဝါ) ဆိုဆဲ အဘိဓမ္မ(ပိဋက)ကို စွဲသောကြောင့် ပသိဒ္ဓ။

## ၈။ ကြိယာငါးတန်

ဝုတ္တောယေဝ –

## ဝစတတ်အရ ကြိယာငါးတန်

၁။ အရှင်မဟာဗုဒ္ဓဃောသ၏ သန္တာန်၌တည်သော ပညာ, ဝီရိယ ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။

၂။ ယောနိသောမနသိကာရ, မေတ္တာ, ကရုဏာတို့သည် ဒီပကတ္တ။

၃။ ကေနဋ္ဌေန အဘိဓမ္မော၊ မွောတိရေက မွေပိသေသဋ္ဌေန စသော

http://www.dhammadownload.com



ဝစနတ္ထ စကားရပ်သည် ပကာသနတ္ထ။

၄။ သပ္ပုရိသူပနိဿယစသော အဇ္ဈတ္တိကအကြောင်း၊ သောတုဇန ဟူသော ဗာဟိရအကြောင်းများသည် ဝိဘာဝတ္ထ။

၅။ သောတုဇနတို့သန္တာန်၌ အဘိဓမ္မာ၏ ဝစနတ္ထကို သိရခြင်းမှစ၍ အဆက်ဆက်သော အကျိုးသည် အနုဘာဝတ္ထ။

## တ-ပစ္စည်းအရ ကြိယာဝါးတန်

တ-ပစ္စည်းအရ ဆိုအပ်ခဲ့ပြီးသော အဘိဓမ္မာ၏ ဝစနတ္ထတို့ကို ရသည်။

၁။ ၎င်းသည် ဒဿနတ္ထ။

၂။ ကျမ်းဆရာ၏ သန္တာန်၌တည်သော ဉာဏ်,ဝီရိယ ပြဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဒီပကတ္ထ။

၃။ သောတုဇနတို့၏ အဘိဓမ္မာ ဝစနတ္ထကို သိရခြင်း သုတမယ ဉာဏ်သည် ပကာသနတ္ထ။

၄။ ကျမ်းဆရာ၏ မေတ္တာ, ကရုဏာမှစ၍ အဆက်ဆက်သော အကြောင်းများသည် ဝိဘာဝတ္ထ။

၅။ သောတုဇနတို့၏ စိန္တာမယဉာဏ်မှစ၍ အဆက်ဆက်သော အကျိုးများသည် အနုဘာဝတ္ထ။

## ဝုတ္တာဓိကာ-၌ ဝုတ္တာ

ဓာတ်အရ - ဘုရားရှင်၏ သန္တာန်၌တည်သော ဒေသနာဉာဏ် ပြဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ရ၏။

၁။ ယင်းသည် ဒဿနတ္ထ။

၂။ အာသယာနုသယဉာဏ်, ဣန္ဒြိယပရောပရိယတ္တိဉာဏ်သည် ဒီပကတ္ထ။

၃။ အဘိဓမ္မာပါဠိတော် ဒေသနာ (ဝါ) ကု - သ - လာ - ဓမ် - မာ စသော ဝစီဘေဒစိတ္တဇသဒ္ဒသည် ပကာသနတ္ထ။

http://www.dhammadownload.com



၄။ ပါရမီဉာဏ်, ဝိပဿနာဉာဏ်, မဟာကရုဏာ သမာပတ္တိဉာဏ် တော်စသော ရှေးရှေးဉာဏ်တော်များသည် ဝိဘာဝတ္တ။

၅။ ဝေနေယျ ဓမ္မပဋိဂ္ဂါဟက သတ္တဝါတို့၏ သန္တာန်၌ အဘိဓမ္မာ ဒေသနာတော်ကို ကြားနာရသော ဓမ္မဿဝန ကုသိုလ်ဖြစ်ခြင်း၊ အဘိဓမ္မာ တရားသဘောကို နားလည်ခြင်းမှစ၍ အနုပါဒိ သေသ နိဗ္ဗာန်တိုင်အောင်သော အကျိုး အဆက်ဆက်သည် အနုဘာဝတ္တ။

## တ - ပစ္စည်းအရ

ဘုရားရှင် ဟောကြားအပ်သည့် အဘိဓမ္မာ ဒေသနာတော်ဟူသော ဝစီဘေဒစိတ္တဇသဒ္ဒရုပ်၏။

၁။ ယင်းသည် ဒဿနတ္တ။

၂။ ဒေသနာဉာဏ် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဒီပကတ္တ။

၃။ ဝေနေယျ ဓမ္မပဋိဂ္ဂါဟက ပုဂ္ဂိုလ်တို့၏ သန္တာန်၌ အဘိဓမ္မာ တရားတော်ကို နာကြားရသဖြင့် ရရှိအပ်သော ဓမ္မဿဝန ကုသိုလ်ဖြစ်ခြင်း၊ တရားတော်၏ အနက် အဓိပ္ပါယ်တို့ကို သိမြင်ရခြင်း (သုတမယဉာဏ်)တို့သည် ပကာသနတ္တ။

၄။ ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်တော်မှစ၍ ပါရမီဉာဏ် တိုင် အောင်သော အကြောင်းများသည် ဝိဘာဝတ္တ။

၅။ တရားတော်၏ အဓိပ္ပါယ်ကို ဆင်ခြင် စဉ်းစားခြင်း စိန္တာမယ ဉာဏ်မှစ၍ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုး အဆက်ဆက်သည် အနုဘာဝတ္တ။

## ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ-၌ မဂ္ဂံအရ- ရူပါဝစရ ကုသိုလ်ရ၏။

၁။ ယင်းသည် ဒဿနတ္တ။

၂။ ပရိကမ်, ဥပစာ, အနုလုံ, ဂေါတြဘူဟူသော ဥပစာရကာမာဝစရ

http://www.dhammadownload.com



သမာဓိဇောတို့သည် ဒီပကတ္တ။

၃။ နီဝရဏကင်းခြင်း, ဈာနသမာပတ္တိသုခ ခံစားရခြင်းဟူသော အကျိုးများသည် ပကာသနတ္တ။

၄။ တိဟိတ်ပဋိသန္ဓေ နေရခြင်းမှစ၍ သပ္ပုရိသူပနိဿယ, သဒ္ဓမ္မ-ဿဝန, ယောနိသောမနသိကာရဟူသော ရှေးရှေး အကြောင်းများသည် ဝိဘာဝတ္တ။

၅။ သေသည့်အခါ ဗြဟ္မာ့ဘုံ၌ ဖြစ်ရခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္တ။

## မေတ္တာသဟဂတေန စေတသာ

၁။ မေတ္တာနှင့်ယှဉ်သော ကုသိုလ်စိတ်သည် ဒဿနတ္တ။

၂။ သတ္တဝါတို့၏ နှစ်သက်ဖွယ် အခြင်းအရာကို ရှုမြင်ခြင်း (မနာပဘာဝဒဿန)သည် ဒီပကတ္တ။

၃။ ဒေါသ, ပဋိဃ၏ ငြိမ်းပျောက်ခြင်းသည် ပကာသနတ္တ။

၄။ သပ္ပုရိသူပနိဿယ, သဒ္ဓမ္မဿဝန, ယောနိသောမနသိကာရ စသော အကြောင်းများသည် ဝိဘာဝတ္တ။

၅။ သုခံ သုပတိ, သုခံ ပဋိဗုဇ္ဈတိ စသော မေတ္တာအကျိုး (၁၁) မျိုးသည်လည်းကောင်း၊ မိမိနှင့်စပ်၍ အခြားသတ္တဝါတို့၌ တစ်စုံတစ်ရာ ဘေးအန္တရာယ် မရှိခြင်းသည်လည်းကောင်း အနုဘာဝတ္တ။

(ဖေကံ ဒီသံ ဖရိတွာ ဝိဟရတိ-အရလည်း နည်းတူထုတ်)

## ၉။ လက္ခဏာဒိ စတုက္က

ဒုက္ခာပဋိပဒါအရ- အဘိက္ကမန္တိ, နော ပဋိက္ကမန္တိတို့ အရ- ဒုက္ခဝေဒနာကို ကောက်၍ထုတ်။

မဂ္ဂံ ဘာဝေတိ-၌ မဂ္ဂအရ- ရူပါဝစရကုသိုလ်ကို ကောက်၍ထုတ်။

http://www.dhammadownload.com



မေတ္တာအရ-မေတ္တာ ကောက်၍ထုတ်။ (အဒေါသမဟုတ်)

၁၀။ ပဋ္ဌာန်း

ဝစနတ္ထော ဝုတ္တောယေဝ။

ဝစ-ဓာတ်အရ အရှင်မဟာဗုဒ္ဓဃောသ၏ သန္တာန်၌တည်သော ဉာဏ်, ဝီရိယပြဌာန်းသော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ရ၏။

တ-ပစ္စည်းအရ မေ့ာတိရေက မေ့ဝိသေသသဒ္ဒနေစသော အဘိဓမ္မာ၏ ဝစနတ္ထ (ဝစီဘေဒသဒ္ဒ)တို့ကို ရ၏။

ထို့ကြောင့် ဝစဓာတ်အရ (နာမက္ခန္ဓာ) ပစ္စည်းတရားက တ-ပစ္စည်း အရ (စိတ္တဇရုပ်) ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

အကြီး ၄၊ ဝိပ္ပယုတ္တ၊ အငယ် ၇-ပေါင်း (၁၂)ပစ္စည်းပြိုင်။

တစ်နည်း- တ-ပစ္စည်းအရ မေ့ာတိရေက မေ့ဝိသေသစသော အက္ခရာဝလိ နာမပညတ္တိသဒ္ဒါရ၏။ (ပညတ်)

ထို့ကြောင့် တ-ပစ္စည်းအရ ပညတ်ပစ္စည်းတရားက ဝစ-ဓာတ်အရ နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။ ပြိုင်မရှိ။

(ဝုတ္တာဓိကာ / တေန အက္ခာတောတို့၌ ဝုတ္တာ, အက္ခာတောတို့ကို လည်း နည်းတူကြံ။)

ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ။

မဂ္ဂ-အရ ရူပါဝစရကုသိုလ်ကံ (စေတနာ)ရသည်။ ရူပူပပတ္တိ-အရ ရူပါဝစရပဋိသန္ဓေစိတ် (ဝိပါက်) စေတသိက် ပဋိတိသာ၊ ကမ္မဇရုပ်ရ၏။

ထို့ကြောင့် စေတနာပစ္စည်းတရားက ပဋိသန္ဓေ ဝိပါက်စိတ်, စေတသိက် နာမက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုသည်။

http://www.dhammadownload.com



ပကာတူပ. နာနာက္ခဏိက ကမ္မပြိုင်။

**ဇော် ဒိသံ ဇရိတွာ ဝိဟာရတိ။**

ဇော်ဒိသံ - အရ တစ်ခုသော အရပ်မျက်နှာ၌ရှိသော သတ္တဝါပညတ်ရဏ။

ဇရိတွာ ဝိဟာရတိ - အရ မေတ္တာ (ဝါ) မေတ္တာနှင့် ယှဉ်သော စိတ်+စေတသိက်ရဏ။ (ပစ္စယုပ္ပန်)
အာရမ္မဏာသတ္တိဖြင့် ကျေးဇူးပြုသည်။ (ပြိုင်ပစ္စည်းမရှိ)

< >

## ဝါကျ (၅) ဂန္ထိရလေးပါး အဖွင့်

(က) ကောမေကာသွိင်္ခေတ္တ စတုပ္ပိဓောပိ မေ့တ္တဒေသနာပဋိဝေခ-ဂန္ထိရာဘာဝေါ ဝေဒိတဗ္ဗော။

(ခ) တတ္ထ ဓမ္မောတိ တန္တိ။

(ဂ) အတ္ထောတိ တဿာယေဝတ္ထော။

(ဃ) ဒေသနာတိ တဿာ မနသာ ဝဝတ္ထာပိတာယ တန္တိယာ ဒေသနာ။

(င) ပဋိဝေဓောတိ တန္တိယာ,တန္တိ အတ္ထဿ စ ယထာဘူတာဝ-ဗောဓော။

(စ) တီသုပိ စေတေသု ဧတေ မေ့တ္တဒေသနာပဋိဝေဓာ ယသ္မာ သသာဒီဟိ ဝိယ မဟာသမုဒ္ဒေါ မန္ဒဗုဒ္ဓီဟိ ဒုက္ခောဂါဟာ, အလဗ္ဘနေယျပတိဋ္ဌာ စ၊ တသ္မာ ဂန္ထိရာ။

(၄-၂၇)

http://www.dhammadownload.com



## ပါဠိဝဝတ္ထုာန်

(က) ဝါကျဖြင့် ပိဋကသုံးပုံတို့တွင် တစ်ပုံတစ်ပုံသော ပိဋကဌ်လည်း ဓမ္မဂန္ထိရ, အတ္ထဂန္ထိရ, ဒေသနာဂန္ထိရ, ပဋိဝေဓဂန္ထိရဟူသော ဂန္ထိရ လေးပါးဖြင့် နက်နဲမှုရှိကြောင်း ပြသည်။

(ခ) ဝါကျဖြင့် ဓမ္မဂန္ထိရ၌ ဓမ္မဟူသည် စိတ်တော်ဖြင့် ပိုင်းခြား သတ်မှတ်အပ်သော (နှုတ်တော်မှ ဖော်ထုတ်၍ မဟောအပ်သေးသော) သဒ္ဒါအစဉ်ဟူသော ပညတ္တိသဒ္ဒါတည်းဟု သိစေသည်။

(ဂ) ဝါကျဖြင့် အတ္ထဂန္ထိရ၌ အတ္ထဟူသည် ထိုပညတ္တိသဒ္ဒါ(ဓမ္မ)၏ အနက်တည်းဟု ပြသည်။

(ဃ) ဝါကျဖြင့် ဒေသနာဂန္ထိရ၌ ဒေသနာဟူသည် စိတ်တော်ဖြင့် ပိုင်းခြားသတ်မှတ်အပ်ပြီးအတိုင်း နှုတ်တော်မှ ထုတ်၍ ဟောဆိုအပ်သော ပရမတ္ထသဒ္ဒါတည်းဟု ပြသည်။

(င) ဝါကျဖြင့် ပဋိဝေဓဂန္ထိရ၌ ပဋိဝေဓဟူသည် ထိုပါဠိ(ပညတ္တိသဒ္ဒါ)ထိုပါဠိ၏ အနက်, နှုတ်တော်ထွက်၍ ဟောအပ်သော ပရမတ္ထသဒ္ဒါ တို့ကို အမှန်အတိုင်းသိခြင်း (ဝါ) သိတတ်သောဉာဏ်တည်းဟု ပြသည်။

(စ) ဝါကျဖြင့် ပိဋကတ်သုံးပုံ၌ လာရှိသော ထိုဓမ္မစသော လေးပါး တို့၏ ခက်ခဲနက်နဲပုံ (ဂန္ထိရဘာဝ)ကို ဥပမာဖြင့် ထင်ရှားသိစေသည်။

တီသု စေတေသုဟူသော အာဓာရနှင့် ဓမ္မတ္ထဒေသနာ ပဋိဝေဓာ–ဝယ် ဓမ္မဟူသော အာဓာယ်တို့သည် အတူတူဖြစ်သည်။ ရုက္ခေသာခါ ကဲ့သို့ အပေါင်း+အစိတ်သာ ကွဲသည်။ အဘေဒူပစာဟု မှတ်ပါ။

ပညတ္တိဝါဒီ ပရမတ္ထဝါဒီတို့၏ အမျိုးမျိုးယူဆပုံကို သာရတ္ထဋီကာနှင့် သီလက္ခန်ဋီကာသစ်၊ ပါရာဇိကဏ် ဂဏ္ဌိသစ်၊ အဋ္ဌသာလိနီ ဂဏ္ဌိတို့၌ ရှုပါ။

http://www.dhammadownload.com



## ၁။ (ခ) + (ဃ) ဝါကျတို့ကို သရုပ်ပေါ်အောင် အနက်ပေးလိုလျှင် -

(ခ) တတ္ထ၊ ထိုလေးပါးသော ဂန္ထိရတို့တွင်။ ဓမ္မောတိ၊ ဓမ္မဟူသည်။ တန္တိ၊ မဟောကြားမီ စိတ်တော်၌ ကြိုတင်ပိုင်းခြား မှတ်သားအပ်သော မနသာဝဝတ္ထပိတသဒ္ဒပဗန္ဓဟူသော ပညတ္တိသဒ္ဒါတည်း။

(ဃ) ဒေသနာတိ၊ ဒေသနာဟူသည်။ မနသာ၊ ဖြင့်။ ဝဝတ္ထပိ-တာယ၊ သော။ တန္တိယာ၊ မဟောကြားမီ စိတ်တော်၌ ကြိုတင်ပိုင်းခြား မှတ်သားအပ်သော မနသာဝဝတ္ထပိတသဒ္ဒပဗန္ဓဟူသော ပညတ္တိသဒ္ဒါကို။ ဒေသနာ၊ နှုတ်တော်တွတ်တွတ် ရွတ်ဆို၍ ဟောကြားအပ်သော ဝစီဘေဒစိတ္တဇသဒ္ဒဟူသော ပရမတ္ထသဒ္ဒါတည်း (ဝါ) ဟောကြားကြောင်းဖြစ်သော ဒေသနာဉာဏ် စိတ္တုပ္ပါဒ်တည်း။

## (စ) ဝါကျကို ဥပမာန+ဥပမေယျ ပေါ်လွင်အောင် အနက်ပေးပုံ

စ၊ ဆက်။ တီသုပိ၊ ကုန်သော။ ဧတေသု၊ ဤပိဋကတို့၌။ ဧတေ ဓမ္မတ္ထဒေသနာပဋိဝေဓာ၊ တို့သည်။ ယသ္မာ၊ ကြောင့်။

သသာဒီဟိ၊ ယုန်သူငယ် အစရှိသည်တို့သည်။ မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသို့။ ဒုက္ခောဂါဟောဝိယ၊ ခဲယဉ်းသဖြင့် သက်ဝင်အပ်သကဲ့သို့ (ဝါ)မသက်ဝင်နိုင်သကဲ့သို့လည်းကောင်း။ မဟာသမုဒ္ဒေါ၊ သည်။ (သသာ-ဒီဟိ၊တို့သည်) အလဗ္ဘနေယျပတိဋ္ဌောဝိယ စ၊ မရအပ်သော ထောက်တည်ရာရှိသကဲ့သို့။ (ဝါ) ထောက်တည်ရာကို မရအပ်သကဲ့သို့လည်းကောင်း။ (ဥပမာန)

ဧတေ ဓမ္မတ္ထဒေသနာပဋိဝေဓာ၊ တို့ကို။ မန္ဒဗုဒ္ဓီဟိ၊ နည်းသော ပညာရှိသောသူတို့သည်။ ဒုက္ခောဂါဟာ၊ ခဲယဉ်းသဖြင့် သက်ဝင်အပ်ကုန်၏။ ဧတေ ဓမ္မတ္ထဒေသနာပဋိဝေဓာ၊ တို့သည်။ မန္ဒဗုဒ္ဓီဟိ၊ တို့သည်။ အလဗ္ဘ-နေယျပတိဋ္ဌာ၊ မရအပ်သော ထောက်တည်ရာ ရှိကုန်၏။ (ဥပမေယျ)

တေန၊ ကြောင့်။ ဂမ္ဘီရာ၊ နက်နဲကုန်၏။

http://www.dhammadownload.com



## ၂။ (က) ဝါကျသို့ ဌပနာပဉ္စက စောဒနာတက်

ဆရာ ဆရာသည် ဒေသနာ, သာသနကထာစသော မာတိကာ အစဉ် အားလျော်စွာ ဒေသနာ, သာသန, ကထာ, သိက္ခာ, ပဟာနတို့ကို ပြဆိုတော်မူခဲ့၏(ဌ)။ ဂမ္ဘီရဘာဝကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော(အာ)။ ထို့ကြောင့် ဒေသနာ (ပ)ပဟာနတို့ကိုသာ မဆိုသင့်(ဌ-ပဋ္ဌ)။ ဂမ္ဘီရဘာဝကို မဆိုချေသော် ဆရာ့၌ အတိဗျာပိတဒေါသ ရောက်ရာ၏(စောဒနာ)။ ဂမ္ဘီရဘာဝကား အဘယ်ပါနည်း (ပုစ္ဆာ)ဟု စောဒနာဖွယ်ရှိသောကြောင့် ဧကေမေကသ္မိ စေတ္ထစသော (က) ဝါကျကိုမိန့်။

ကား- ဂမ္ဘီရဘာဝကိုလည်း ငါပြဆိုသည် ဖြစ်သောကြောင့် သင်တင်သောဒေါသ ငါ၌မရောက်ဟူလို။

## (ခ) ဝါကျသို့ ဌပနာပဉ္စက စောဒနာတက်

ဆရာ (က)ဝါကျဖြင့် ဂမ္ဘီရသည် ဓမ္မစသောအားဖြင့် လေးပါးရှိ၏ဟု ဆို၏။ ဓမ္မသဒ္ဒါသည် (ဓမ္မော သဘာဝေ ပရိယတ္တိပညာ-စသော ဂါထာနှင့် အညီ) ဤ၌ သဘာဝအနက်ကို ဟောလေသလော။(အာဘော်)။ အဘယ် အနက်ကို ဟောလေသနည်း။ (ပုစ္ဆာ) ဓမ္မ၏ အနက်ကို မဆိုချေသော် အတိဗျာပိတ, ဝိရောဓိဒေါသရောက်ရာ၏။ (စော) စုဒ်-ကြောင့် (ခ)မိန့်။

ကား- ဓမ္မသဒ္ဒါသည် ပါဠိဟူသော အနက်ကို ဟောသည်ဟု ငါပြဆိုသောကြောင့် ဟူလို။

(ဂ) ဝါကျကို - အတ္ထသဒ္ဒါသည် အကျိုး (ပယောဇန)ဟူသော အနက်ကို ဟောလေသလောဟု အာဘော်သွင်း။

(ဃ) ဝါကျကို ဒေသနာအရ ဘုရားရှင် ဟောကြားအပ်သော ပါဠိတော် ပိဋကသုံးပုံဟူသော ဒေသနာအစဉ်ကို ယူရမည်လောဟု အာဘော်သွင်း၍ တက်ပါ။

ပက္ခန္တရဝါကျယူ၍လည်း တက်နိုင်သည်။

http://www.dhammadownload.com



## (စ) ဝါကျသို့

ဆရာဆရာသည် (က)စသောဝါကျတို့ဖြင့် ဂမ္ဘီရလေးပါးကို သရုပ် အဘိဓေယျတွနှင့်တကွ ပြဆိုတော်မူ၏။ ထိုလေးပါးတို့၏ ဂမ္ဘီရဖြစ်ပုံကို ထင်ရှားစွာ မသိရသေးသည် မဟုတ်ပါလော။ (အာဘော်) ထို့ကြောင့် (ဟိတ်) ဂမ္ဘီရလေးပါး၏ သရုပ်ကိုသာ ဆရာမဆိုသင့်။ (ဌ-ပဋ္ဌိ) ။ ယင်းလေးပါးတို့၏ ခက်ခဲနက်နဲပုံကို အဘယ်သို့ သိသင့်ပါသနည်း။ (ပုစ္ဆာ)။ ဤသို့ မေးဖွယ်ရှိသောကြောင့် (စ) ဝါကျကိုမိန့်။

ကား-သမုဒ္ဒရာသည် ယုန်သူငယ်တို့ မကူးနိုင်,ထောက်တည်ရာကို မရနိုင်သကဲ့သို့ အသိဉာဏ်နုံ့သော ပုဂ္ဂိုလ်တို့အဖို့ ဤပိဋကသုံးပါးတို့ သည်လည်း ဉာဏ်သက်ဝင်ခြင်းငှါ ခဲယဉ်းသည်။ ထောက်တည်ရာကို မရနိုင်ဟု သမုဒ္ဒရာနှင့် ယုန်သူငယ် ဥပမာဖြင့် ဂမ္ဘီရလေးပါးတို့၏ နက်နဲပုံကို ငါပြဆိုသည်ဟူလို။

## ၃။ ဒေါသပယ်

(က) ဝါကျဖြင့် ပဟာနကထာကို ပြပြီးနောက် (မာတိကာထားခဲ့ သည့်တိုင်း) ဂမ္ဘီရဘာဝကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်သည်။

(ခ) ဝါကျဖြင့် မွေအရ သဘာဝ-စသည်ကို မကောက်ရ။ ပါဠိတော်ဟူသော ပရိယတ္တိအနက်ကို ယူရမည်ဟု ပြဆိုသောကြောင့် အတိဗျာပိတ, ဝိရောဓိဒေါသတို့ကို ပယ်သည်။

(ဂ) ဝါကျဖြင့် မွေ၏ အရမှတစ်ပါး အတ္ထ၏ အရကို ပြသော ကြောင့် အဗျာပိတဒေါသကို ပယ်သည်။

တစ်နည်း-အတ္ထသဒ္ဒါသည် (ပယောဇန) အကျိုးအနက်ကို မဟော၊ သဒ္ဒါဘိဓေယျ (သဒ္ဒါသည် ဟောအပ်သော အနက်)ကို ဟောသည်ဟု ပြသောကြောင့် အတိဗျာပိတ, ဝိရောဓိဒေါသတို့ကို ပယ်သည်။

http://www.dhammadownload.com



(ဃ) (င)တို့ကို နည်းတူမှတ်။

(စ) ဝါကျဖြင့် ထိုဓမ္မ အတ္ထစသော လေးပါးတို့၏ ဂမ္ဘီရဘာဝ ဖြစ်ပုံကို မဟာသမုဒ္ဒရာနှင့် ယှန်သူငယ် ဥပမာတို့ဖြင့် ပြဆိုသောကြောင့် ဩစိတျဟီနဒေါသ၊ ဝိရောဓိဒေါသတို့ကို ပယ်သည်။

## ၄။ ဝစနတ္ထနှင့် ဗျုပ္ပတ္တိစတုက္က

* ဂံ (ပထဝိ)ဘိန္ဒိတွာ ဂစ္ဆတိ ပဝတ္တတီတိ ဂမ္ဘီရော။(ဂေါ+ဘိဒိ+ဤရ။ ဂံ-၌ အံဝိဘတ်မကျေ။ အလုတ္တကိတန္တ သမာသ်)
* တနီယတေ ဝိတ္ထာရီယတေတိ တန္တိ။ (တန+တိ) ချဲ့ခြင်းကြိယာ ။
* အတ္ထနော အတ္တံ ဓာရေတီတိ ဓမ္မော။ (ဓရ+ရမ္မ)
* ဒေသီယတိ ကထီယတီတိ ဒေသနာ။ ဟောကြားအပ်သော ဒေသနာ = ဝစီဘေဒ သဒ္ဒရုပ်ရ၏။
* တစ်နည်း-ဒေသီယတိ သမုဋ္ဌာပီယတိ သဒ္ဒေါ ဧတေနာတိဒေသနာ။ ကရဏသာဓ်ဟောကြောင်းဖြစ်သော စိတ္တုပ္ပါဒ်ရ၏။
* ဝိဓိန္နိတွာ အဝဗုဇ္ဈိယတေတိ ဝဝတ္ထာပိတာ။ (ဝိ+အဝ+ဌာ+ဏာပေ+ တ။) (ဝိ+အဝ+ထပ+တ)
* ပဋိဝိဇ္ဈန် ပဋိဝေဓော။ (ဘာဝသာဓ်) (ပဋိ+ဝိဓ+အ) ထိုးထွင်း၍ သိခြင်းကြိယာ။
* သသတိ ပ္လုတံ ဂစ္ဆတီတိ သသော။ (သသ+အ) ခုန်ဆွခုန်ဆွ သွားခြင်းကြိယာ။
* ဒုက္ခေန ဩဂယှန္တီတိ ဒုက္ခောဂါဟာ။ (ဒုက္ခ+အဝ+ဂဟ+ဏ) (ကမ္မသာဓနေ ကိတန္တတပ္ပုရိသ်သမာသ်)
  -ဆင်းရဲခြင်းဂုဏ်၏ သက်ဝင်အပ်သော ဓမ္မ+အတ္ထ စသည်တို့နှင့် ဂုဏ်+ ဂုဏီ သမ္ဗန်သည်လည်းကောင်း (သမာသ်အတွက်)။

http://www.dhammadownload.com



ဒုက္ခရှေး.အဝ - ရှေး ရှိသော၊ ဂဟ - ဓာတ်. ဏ - ပစ္စည်းသည် လည်းကောင်း၊ ခဲယဉ်းသဖြင့် သက်ဝင်ခြင်း ကြိယာသာမညသည်လည်းကောင်း ဗျု-နီ။ (ကိတ်အတွက်)

-ခဲယဉ်းသဖြင့် သက်ဝင်အပ်သည် အဖြစ်ဟူသော ဂုဏ်သည် ပ-နီ။

* **တစ်နည်း** - ဒုက္ခေန ဩဂါဟော အန္တောပဝိသနံ ဧတေသူတိ ဒုက္ခောဂါဟော။ (ဗဟုဗ္ဗီဟိ သမာသ်)

* မန္ဒာ ဗုဒ္ဓိ ဧတေသန္တိ မန္ဒဗုဒ္ဓိ။ (ပုဂ္ဂလာ)

-နုံသော အသိဉာဏ်၏ ပုဂ္ဂိုလ်တို့နှင့် ဌာနီ-ဌာန သမ္မာန်သည်ဗျု-နီ။

-နုံသော အသိဉာဏ်သည် ပ-နီ။

**အလဗ္ဘနေယျပတိဋ္ဌာ။**

* လဘိတဗ္ဗောတိ လဗ္ဘနေယျော။ (လဘ+အနီယ)။ (ရခြင်းကြိယာ)။

ဘာသာဋီကာအလို - လဘဓာတ် ဒိဝါဒိဂိုဏ်းမရှိ၍ လဘနေယျောသာ ရှိသင့်သည်ဟု ဆို၏။ ဂန္ထိသစ်၌ - ကား လဗိဓာတ်၊ အဝသံသနတ္ထ။ တတိယအက္ခရာ ဗ-နှင့် သင့်၏။ အနီယ ပစ္စည်း၊ ဒန္တဇ န-ကို မုဒ္ဓဇ ဏ-ပြုဟုဆိုသည်။

(မန္ဒဗုဒ္ဓီဟိ ပတိဋ္ဌာ လဒ္ဓုံ နသက္ကာ-ဟူသော သာရတ္ထဋီကာနှင့် မညီသောကြောင့် ဂန္ထိသစ် အဆိုမသင့်။)

* န လဗ္ဘနေယျော အလဗ္ဘနေယျော။

* ပတိဋ္ဌဟန္တိ ဧတ္ထ ဩကာသေတိ ပတိဋ္ဌော (ပတိဋ္ဌာ)။ (ပတိ+ဌာ+အ)။ (တည်ခြင်းကြိယာ)

* အလဗ္ဘနေယျော ပတိဋ္ဌော ဧတေသူတိ အလဗ္ဘနေယျပတိဋ္ဌာ။

-မရအပ်သော ထောက်တည်ရာနှင့် (ဝါ) ထောက်တည်ရာကို မရခြင်းဂုဏ်နှင့် မွေ့အတ္ထ စသည်တို့၏ ဂုဏ်+ဂုဏော စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

http://www.dhammadownload.com



-ဆောက်တည်ရာ မရနိုင်ခြင်း (ခက်ခဲနက်နဲခြင်း) ဂုဏ်သည် ပဝတ္တိနိမိတ်။

(ဂဏ္ဌိသစ်-၌ အလဗ္ဘနေယျပတိဋ္ဌာကို ကမ္မဓာရဲသမာသ်ပြုသည်။ ဧကေဒေသေန ဩဂါဟန္တေဟိပိ မန္ဒဗုဒ္ဓီဟိ ပတိဋ္ဌာ လဒ္ဓုံ နသက္ကာ-ဟူသော သာရတ္ထဋီကာနှင့် မညီ၍ မသင့်။ ယုတ္တိလည်းမရ။)

၅။ တန္တိ = နာမ်ပုဒ်၊ ထီ၊ ရတ္တာဒိ၊ ဣကာရန္တ။
မန္ဒဗုဒ္ဓီဟိ = သမာသ်ပုဒ်၊ ပုံလိင်၊ ရတ္တာဒိ၊ ဣကာရန္တ။
မန္ဒ = ကိတ်ပုဒ်၊ ဗုဒ္ဓိကိုငဲ့၍ ထီ၊ ကညာဒိ၊ အာကာရန္တ။
ဗုဒ္ဓိ = ကိတ်ပုဒ်၊ ထီ၊ ရတ္တာဒိ၊ ဣကာရန္တ။
သသာဒီဟိ = သမာသ်ပုဒ်၊ ပုံလိင်၊ ရတ္တာဒိ၊ ဣကာရန္တ။
အလဗ္ဘနေယျ = သမာသ်ပုဒ်၊ ပတိဋ္ဌောကို ငဲ့လျှင် ပုလ္လိင်၊ ပုရိသာဒိ၊ အကာရန္တ။ ပတိဋ္ဌာကို ငဲ့လျှင် ထီ၊ ကညာဒိ၊ အာကာရန္တ။
ပတိဋ္ဌ = ကိတ်ပုဒ်၊ ပုံလိင်၊ ပုရိသာဒိ၊ အာကာရန္တ။ တစ်နည်း-ထီလိင်၊ ကညာဒိ၊ အာကာရန္တ။

၆။ (က) **ဧကမေကာသ္မိံ္ဓေတ္ထ-စသည်ဖြင့်** ပိဋကတ်သုံးပုံတို့တွင် တစ်ပုံတစ်ပုံ၌လည်း ဓမ္မ. အတ္ထ. ဒေသနာ. ပဋိဝေဓဟူသော နက်နဲခြင်း (ဂမ္ဘီရ)လေးပါးစီရှိကြောင်း သိစေသည်။

**(ခ) တန္တိ-ဖြင့်** ဓမ္မသဒ္ဒါသည် သဘာဝစသော အနက်ကို မဟော၊ သင်ယူအပ်သော ပါဠိတော်ဓမ္မဟူသော ပရိယတ္တိအနက်ကို ဟောသည် အဖြစ်၊ ဓမ္မောကို ဓရိတဗ္ဗော ပရိယာပုဏိတဗ္ဗောတိ ဓမ္မော-ဟု ကမ္မသာဓ ဝစနတ္ထပြုရမည် အဖြစ်။ ဓရ-ဓာတ်၊ ရမ္မ-ပစ္စည်း။ ယင်းရမ္မပစ္စည်း၏ ကမ္မတ္ထကို ဟောသည်အဖြစ်ကို သိစေသည်။ (သဒ္ဒတ္ထ၊ အဘိဓေယျတ္ထ၊ နာမလိင်္ဂတ္ထ။ အဘိဓာနတ္ထ။ ဒု-ဓာတုပဒ၊ ဒု-ပစ္စယပဒ၊ ဒု-ပစ္စယတ္ထ။)

http://www.dhammadownload.com



(ဂ) တဿာယေဝတ္ထော-ဖြင့် အတ္ထ-သဒ္ဒါသည် ပယောဇန (အကျိုး)ဟူသော အနက်ကို မဟော။ သဒ္ဒါဘိဓေယျ(သဒ္ဒါဟောအနက်) ဟူသော အနက်ကို ဟောသည်အဖြစ်၊ (သဒ္ဒတ္ထ၊ အဘိဓေယျတ္ထ၊ နာမ လိင်္ဂတ္ထ)။ အတ္ထောကို အရီယတေ ဉာယတေတိ အတ္ထော-ဟု ကမ္မသာဓ် ဝစနတ္ထပြုရမည်အဖြစ် (အဘိဓာနတ္ထ)။ အရ-ဓာတ်၊ ထ-ပစ္စည်း (ဒု-ဓာတုပဒ၊ ဒု-ပစ္စယပဒ)။ ယင်း ထ-ပစ္စည်း၏ ကမ္မတ္ထ၌ သက်သည်အဖြစ် (ဒု-ပစ္စယတ္ထ)ကို သိစေသည်။

(ဃ) တဿာ မနသာ ဝဝတ္ထာပိတာယ တန္တိယာ ဒေသနာ-ဖြင့် စိတ်တော်ဖြင့် ပိုင်းခြားမှတ်သားအပ်သော ထိုပါဠိတော်ကို (သူတစ်ပါးတို့ သိစေရန်) နှုတ်တော်တွတ်တွတ် ထုတ်လွှတ်၍ ရွတ်ဆိုဟောကြားအပ် သော ဝစီဘေဒစိတ္တဇသဒ္ဒ (ဒေသနာတော်အသံ)သည် ဒေသနာမည်၏ အဖြစ်၊ (ဘာဝတ္ထ၊ သရုပ်ကြား အဘိဓေယျတ္ထ)။ ဒေသနာ-ကို ဒေသီယတိ ကထီယတီတိ ဒေသနာ-ဟု ကမ္မသာဓ်ဝစနတ္ထ ပြုရမည်အဖြစ် (အဘိ ဓာနတ္ထ)။ ဒိသီ-ဓာတ်+ယု-ပစ္စည်း (ဒု-ဓာတုပဒ၊ ဒု-ပစ္စယပဒ)။ ယု-ပစ္စည်း၏ ကံအနက်၌ သက်သည်အဖြစ် (ဒု-ပစ္စယတ္ထ)ကို သိစေသည်။

တစ်နည်း-တဿာ(ပ)ဒေသနာ-ဖြင့် ဒေသနာ-အရ နှုတ်တော် တွတ်တွတ် ထုတ်လွှတ်ရွတ်ဆို ဟောကြားအပ်သော ဝစီဘေဒစိတ္တဇသဒ္ဒ (တရားသံ)ကို ဖြစ်စေတတ်သော ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ကို ယူရမည် အဖြစ်(ဘာဝတ္ထ၊ သရုပ်ကြား အဘိဓေယျတ္ထ)။ ဒေသနာ-ကို ဒေသီယတိ သမုဋ္ဌာပီယတိ သဒ္ဒေါ ဧတေနာတိ ဒေသနာ-ဟု ကရဏသာဓနဝစနတ္ထ ပြုရမည်အဖြစ် (အဘိဓာနတ္ထ)။ ဒိသီဓာတ်+ယု-ပစ္စည်း(ဒု-ဓာတုပဒ၊ဒု-ပစ္စယပဒ)။ ယု-ပစ္စည်း၏ ကရိုဏ်းအနက်၌ သက်သည်အဖြစ်(ဒု-ပစ္စယတ္ထ)ကို သိစေ သည်။

(င) တန္တိယာ တန္တိအတ္ထဿ စ ယထာဘူတာဝဗောဓော-ဖြင့် ပဋိဝေဓဟူသည် ပါဠိတော်နှင့် ထိုပါဠိတော်၏ အနက်ကို အမှန်အတိုင်း

http://www.dhammadownload.com



ထိုးထွင်း၍ သိတတ်, သိကြောင်း သိခြင်းဖြစ်သော ဉာဏ်တည်းဟု လည်း ကောင်း၊ (ဘာဝတ္ထ၊ သရုပ်ကြား အဘိဓေယျတ္ထ)။ ပဋိဝေဓော-ကို ပဋိဝိဇ္ဈတီတိ ပဋိဝေဓော၊ ပဋိဝိဇ္ဈတိ ဧတေနာတိ ပဋိဝေဓော၊ ပဋိဝိဇ္ဈနံ ပဋိဝေဓောဟု ကတ္တု, ကရဏ, ဘာဝသာဓန ဝစနတ္ထပြုရမည်အဖြစ် (အဘိဓာနတ္ထ)။ ပဋိရှေးရှိသော ဝိဓောတ် + ဏပစ္စည်းအဖြစ် (ဒု-ဓာတုပဒ၊ ဒု-ပစ္စယပဒ)။ ယင်းဏ-ပစ္စည်း၏ ကတ္တုတ္ထ, ကရဏတ္ထ, ဘာဝတ္ထကို ဟောသည်၏ အဖြစ် (ဒု-ပစ္စယတ္ထ) ကို သိစေသည်။

(စ) တီသုပိ စေတေသု (ပ) တသ္မာ ဂမ္ဘီရာ-ဖြင့် ပိဋကသုံးပုံတို့၌ လာရှိသော ဓမ္မ,အတ္ထ,ဒေသနာ,ပဋိဝေဓဟူသော ၄-ပါးတို့သည် မဟာ သမုဒ္ဒရာ၌ ယုန်သူငယ်စသည်တို့ မသက်ဝင်နိုင်, ထောက်တည်ရာကို မရနိုင်သကဲ့သို့ မန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့ မသက်ဝင်နိုင်, ထောက်တည်ရာကို မရနိုင်သောကြောင့် နက်နဲသည် အဖြစ်ကို ဥပမာဖြင့် ထင်ရှားသိစေသည်။ (ဘာဝတ္ထ)

၇။ (က) ဧတ္ထ -လွန်ပြီး ပိဋကသုံးပုံကို စွဲသောကြောင့် ပဋ္ဌာန္တဝိသယ။

(ခ) တတ္ထ-(က) ဝါကျ၌ ဆိုခဲ့ပြီးသော ဂမ္ဘီရ ၄-ပါးကို စွဲသော ကြောင့် ပဋ္ဌာန္တဝိသယ။

(ဂ) တဿာ - တန္တိယာ ဟု အစွဲပုဒ် တိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

(တစ်နည်း) (ခ) ဝါကျ၌ ဆိုခဲ့ပြီးသော မနသာဝဝတ္ထာပိတ ပါဠိတော် ဓမ္မ-ဟူသော ပညတ္တိဓမ္မကို စွဲသောကြောင့် ပဋ္ဌာန္တဝိသယ။

(ဃ) ဧတေဓမ္မတ္ထဒေသနာ ပဋိဝေဓာ- ဧတေ- ကား ဓမ္မတ္ထ ဒေသနာ ပဋိဝေဓာဟူသော အစွဲပုဒ် တိုက်ရိုက်ရှိသော ကြောင့် ပသိဒ္ဓဝိသယ။

http://www.dhammadownload.com



(င) တသ္မာ ဂန္ထိရာ။ တ-ကား ဆိုခဲ့ပြီး တီသုပိ စေ တသေသု - စသော ဝါကျရှေ့ပိုင်း တစ်ခုလုံးကို ကြိယာနှင့်တကွ စွဲယူ သောကြောင့် အနုသာတဝိသယ။

## စေအနက်

### တသာာယေဝေတ္ထော၊

၁။ ထိုစိတ်တော်ဖြင့် ပိုင်းခြားသတ်မှတ်အပ်သောမနသာဝဝတ္ထုပိတ နာမပညတ်ဖြစ်သော ပါဠိတော်မှုသည် ဂဟောတဗ္ဗ။

၂။ နှုတ်တော်တွတ်တွတ် ထုတ်လွှတ်ရွတ်ဆိုအပ်သော ဝစီဘေဒ စိတ္တဇသဒ္ဒ (တရားသံ) ဟူသော ပါဠိတော်မှုသည် နိဝတ္တေတဗ္ဗ။

၃။ ထိုမနသာဝဝတ္ထုပိတ နာမပညတ် ဖြစ်သော ပါဠိတော်မှု၏ ဂန္ထိရဘာဝဂုဏ်သည် အနုညာတ။

## ၈။ တသ္မာ ဂမ္ဘီရာ၌ ကြိယာငါးတန်။

၁။ ဓမ္မ, အတ္ထ, ဒေသနာ, ပဋိဝေဓတို့၏ နက်နဲ ခက်ခဲခြင်းသည် ဒဿနတ္ထ။

၂။ ထို ဓမ္မ, အတ္ထ, ဒေသနာ, ပဋိဝေဓတို့၏ ဆန်းကြယ်ခြင်းသည် ဒီပကတ္ထ။

၃။ ထို ဓမ္မ စသည်တို့၌ မန္ဒပုဒ္ဓိတို့ ဉာဏ်မသက်ဝင်နိုင်ခြင်းသည် ပကာသနတ္ထ။

၄။ ပဋိဝေဓဉာဏ် ရဖို့ခက်ခဲခြင်း၊ ဒေသနာဉာဏ် ဖြစ်ဖို့ ခက်ခဲခြင်း တို့သည် အကြောင်း ဝိဘာဝတ္ထ။

၅။ မန္ဒပုဒ္ဓိတို့ ပိဋကတ်၌ မသက်ဝင်နိုင်သဖြင့် အတ္ထဝေဓ, ဓမ္မဝေဓတို့ ကို မရခြင်းမှစ၍ မဂ်, ဖိုလ်, နိဗ္ဗာန် မရနိုင်ခြင်း စသော အကျိုး များသည် အနဘာဝတ္ထ။

http://www.dhammadownload.com



## ဒေသနာ – ၏ ကြိယာငါးတန်

၁။ စိတ်တော်ဖြင့် ပိုင်းခြားမှတ်သားအပ်ပြီးသည့်အတိုင်း ဓမ္မ,အတ္ထကို နှုတ်တော်တွတ်တွတ် ထုတ်လွှတ်ရွတ်ဆို ဟောကြားခြင်း (ဒေသနာသံ ဟူသော ဝစီဘေဒ သဒ္ဒ)သည် ဒဿနတ္ထ။

၂။ ဒေသနာဉာဏ် စိတ္တုပ္ပါဒ်သည် ဒီပကတ္ထ။

၃။ ဝေနေယျ, ဓမ္မပဋိဂ္ဂါဟက ပုဂ္ဂိုလ်တို့၏ အသိဉာဏ် ဖြစ်ခြင်းသည် ပကာသနတ္ထ။

၄။ ကာန္တိယပရောပရိယတ္တိဉာဏ်, အာသယာနုသယဉာဏ်မှစ၍ (ပဋိလောမ အားဖြင့်ဖြစ်သော) ပါရမီဉာဏ် တိုင်အောင်သော အကြောင်းများသည် ဝိဘာဝတ္ထ။

၅။ ဝေနေယျ, ဓမ္မပဋိဂ္ဂါဟက ပုဂ္ဂိုလ်တို့၏ စိန္တာမယဉာဏ်မှစ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနဘာဝတ္ထ။

## တစ်နည်း –

၁။ ဒေသနာအရ ဒေသနာဉာဏ် စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။

၂။ ကာန္တိယပရောပရိယတ္တိဉာဏ်, အာသယာနုသယဉာဏ်, မဟာကရုဏာသမာပတ်တို့သည် ဒီပကတ္ထ။

၃။ နှုတ်တော်တွတ်တွတ် ရွတ်ဆိုဟောကြားအပ်သော ဝစီဘေဒ စိတ္တဇသဒ္ဒ (တရားသံ)သည် ပကာသနတ္ထ။

၄။ ပါရမီဉာဏ်မှစ၍သဗ္ဗညုတဉာဏ်တိုင်အောင် ရှေးရှေးအကြောင်းများသည် ဝိဘာဝတ္ထ။

၅။ ဝေနေယျ ဓမ္မပဋိဂ္ဂါဟက ပုဂ္ဂိုလ်တို့၏ သုတမယဉာဏ်မှစ၍ နိဗ္ဗာန်တိုင်အောင်သော အကျိုး အဆက်ဆက်သည် အနဘာဝတ္ထ။

http://www.dhammadownload.com



**ပဋိဝေဓော အရ ကြိယာငါးတန်**

၁။ ဓမ္မ. အတ္ထတို့ကို အမှန်အတိုင်း ထိုးထွင်းသိမြင်သော ပဋိဝေဓ ဉာဏ်သည် ဒဿနတ္ထ။

၂။ သဗ္ဗညုတဉာဏ်သည် ဒီပကတ္ထ။

၃။ ဓမ္မ. အတ္ထတို့ကို ထုတ်ဖော်ဟောကြားခြင်း (ဒေသနာ) သည် ပကာသနတ္ထ။

၄။ ပါရမီဉာဏ်စသော ရှေးရှေးအကြောင်းများသည် ဝိဘာဝတ္ထ။

၅။ ဝေနေယျတို့၏ သုတမယဉာဏ်မှစ၍ နိဗ္ဗာန်တိုင်အောင်သော အကျိုး အဆက်ဆက်သည် အနုဘာဝတ္ထ။

**၉။ ဒေသနာ-အရ သဒ္ဒရုပ်ကို ကောက်၍ထုတ်။**
**ပဋိဝေဓ-အရ ပညာကို ကောက်၍ထုတ်။**

**၁၀။ ပဌာန်း**

**တန္တိယာ တန္တိအတ္ထဿ ယထာဘူတာဝဗောဓော။**

တန္တိယာအရ မနသာဝဝတ္ထပိတ အကၡရပ္ပဗန္ဓဖြစ်သော ပညတ္တိသဒ္ဒါ ရ၏။ အဝဗောဓော-အရ ဘုရားရှင်၏ ဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ရ၏။

ထို့ကြောင့် ပညတ္တိသဒ္ဒါ ပစ္စည်းတရားက မဟာကြိယာဉာဏ သမ္ပယုတ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူး ပြုသည်။ (ပြိုင်မရှိ)

တန္တိအတ္ထဿ အရလည်း ပါဠိတော်၏ အနက်ဒြပ်ဟူသော အတ္ထ ပညတ် ရ၏။

အဝဗောဓော အရ ယခင်နည်းတူ ရ၏။

အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။ (ပြိုင်မရှိ)

http://www.dhammadownload.com



**ဓမ္မာ -၌ အန္တတ္တ + ဗာဟျတ္တ**

ဓရေ - စာတ်အရ (အန္တတ္တ) ဆောင်ရှက်မှတ်သားသော အခြင်းအရာအားဖြင့်ဖြစ်သော ဉာဏ်, ဝီရိယ ပြဋ္ဌာန်းသော မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ရ၏။

ရမ္မ - ပစ္စည်းအရ (ဗာဟျတ္တ) ဆောင်ရှက် မှတ်သားအပ်သော မနသာဝဝတ္တပိတ အကွရာဝလိ ပါဠိတော်မြွေ၏ အနက်ခြပ် (အတ္တပညတ်) ရ၏။

ထို့ကြောင့် ပစ္စည်းအရ ပညတ်တရားက ဓာတ်အရ မဟာကု+ မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။ (ပညတ္တိဝါဒီတို့အလို)

**ဂမ္ဘီရဘာဝေါ ဝေဒိတဗ္ဗော**

ဝေဒိတဗ္ဗော-၌ ဝိဒ ဓာတ်အရ ဉာဏ်ပြဋ္ဌာန်းသော မဟာကု+ မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ရ၏။

တဗ္ဗ-ပစ္စည်းအရ ဂမ္ဘီရဘာဝ ဟူသော နက်နဲခြင်း ဂုဏ်ကို ရ၏။

ထို့ကြောင့် နက်နဲခြင်း ဂမ္ဘီရဘာဝဟူသော ပစ္စည်းတရားက ဉာဏ်ပြဋ္ဌာန်းသော မဟာကု+မဟာကြိ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန် တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။ (ပြိုင်မရှိ)

< >

http://www.dhammadownload.com



## ဝါကျ (၆) ဂန္ထိရလေးပါး အဖွင့် (၂)

(က) အပရော နယော၊ ဓမ္မောတိ ဟေတု၊
ဝုတ္တဥ္စေတံ "ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ" တိ။

(ခ) အတ္ထောတိ ဟေတုဖလံ၊
ဝုတ္တဥ္စေတံ "ဟေတုဖလေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ" တိ။

(ဂ) ဒေသနာတိ ပညတ္တိ၊ ယထာဓမ္မံ ဓမ္မာဘိလာပေါတိ အဓိပ္ပါယော။

(ဃ) အနုလောမပဋိလောမသင်္ခေပဝိတ္ထာရာဒိဝသေန ဝါ ကထနံ။

(င) ပဋိဝေဓောတိ အဘိသမယော။

(စ) သော စ လောကိယ လောကုတ္တရော ဝိသယတော,အသမ္မော
ဟတော စ အတ္ထာနုရူပံ ဓမ္မေသု,ဓမ္မာနုရူပံ အတ္ထေသု,ပညတ္တိ
ပထာနုရူပံ ပညတ္တီသု အဝဗောဓော။

(ဆ) တေသံ တေသံ ဝါ တတ္ထ တတ္ထ ဝုတ္တဓမ္မာနံ ပဋိဝိဇ္ဈိတဗ္ဗော
သလက္ခဏသင်္ခါတော အဝိပရီတသဘာဝေါ။

(၄-၂၃)

### ပါဠိ ဝဝတ္ထာန်

(က)ဝါကျဖြင့် ဓမ္မသဒ္ဒါ ပါဠိအနက်ဟောသည်မှတစ်ပါး အကြောင်း (ဟေတု) အနက်ကိုဟောကြောင်း ယုတ္တိသာဓကနှင့်တကွ ပြသည်။ (ပက္ခန္တရဝါကျ)

(ခ) ဖြင့် အတ္ထသဒ္ဒါ အကျိုး(ဖလ)အနက်ကို ဟောကြောင်း ယုတ္တိ သာဓကနှင့်တကွ ပြသည်။

(ဂ) ဖြင့် ဒေသနာအရ အနက်အဓိပ္ပါယ်ကို အပြားအားဖြင့် သိစေ တတ်သော သဒ္ဒပညတ္တိက ဝစီဘေဒသဒ္ဒါကို ယူရမည်ဟု ပြသည်။

(ဃ)ဖြင့် ဒေသနာအရ ထိုသို့ နှုတ်တော်တွတ်တွတ် ရွတ်ဆိုအပ် သော ဝစီဘေဒသဒ္ဒ(အသံ)ကို ဖြစ်စေတတ်သော စိတ္တုပ္ပါဒ်(ဒေသနာဉာဏ်

http://www.dhammadownload.com



စိတ္တုပ္ပါဒ်သည်)ကို ကောက်ယူရမည်ဟု နောက်တစ်နည်းကို ပြသည်။

(င)ဖြင့် ထိုဓမ္မ. အတ္ထစသည်ကို ထိုးထွင်း၍ သိတတ်သောဉာဏ်သည် ပဋိသမ္ဘိဒါမည်၏ဟု ပြသည်။

(စ)ဖြင့် ထိုပဋိသမ္ဘိဒါဉာဏ်၏ ပဘေဒ, အာကာရ, အာရမ္မဏနှင့် သဘာဝတို့ကို သိပုံအခြင်းအရာနှင့်တကွ ထင်ရှားအောင်ပြသည်။ (တပ္ပါကဋီကရဏဝါကျ)

(ဆ)ဖြင့် ပဋိသမ္ဘိဒါကို ကမ္မသာဓ်ပြု၍ ပဋိသမ္ဘိဒါအရ ထိုးထွင်း၍ သိအပ်သော ထိုထို ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့၏ ရုပ္ပနာ လက္ခဏာစသော လက္ခဏာတို့ကို ယူရမည်ဟု ပြသည်။

## ၁။ အနက်ပေး အထူးများ

### (က) အပရော နယော၏ အပါဒါန်

ဓမ္မောတိ တန္တိတိ အာဒိကော၊ ဓမ္မောတိ တန္တိ ဤသို့ အစရှိသော။ ယော ပုဗ္ဗနယော၊ အကြင်ရှေးနည်းကို။ မယာ၊ ငါသည်။ ဝုတ္တော၊ ဆိုအပ်ခဲ့ပြီ။ တတော ပုဗ္ဗနယတော၊ ထိုရှေးနည်းမှ။

ဝုတ္တပ္ပဘေဒံ-၌ ဝုတ္တံ၏ ကတ္တားကား-ဓမ္မသေနာပတိနာ။ ဝုတ္တံ-၏ အာဓာရကား- ပဋိသမ္ဘိဒါမဂ္ဂေ။ (ပဋိသမ္ဘိဒါဝိဘင်္ဂေ)

### (ဂ)ဝါကျ၌ ဗျတိရေကဝါကျထည့်ပုံ

ဒေသနာတိ -ဟူသည်ကား။ ပညတ္တိ-တည်း။ ဣတိ အတ္ထော-ကို။ ဝေဒိတဗ္ဗော-၏။

ယထာဓမ္မံ၊ အကြင်အကြင် အဝိဇ္ဇာအစရှိသောအကြောင်း, သင်္ခါရစသော အကျိုးသည်၊ အတ္ထိ၊ ရှိ၏။ (တသ္မိံ တသ္မိံ-ထိုထို အဝိဇ္ဇာအစရှိသော အကြောင်း, သင်္ခါရစသော အကျိုးတရား၌။ ပဝတ္တော၊ ဖြစ်သော) ဓမ္မာဘိလာပေါ၊ မဖောက်မပြန် နှုတ်တော်တွတ်တွတ် ရွတ်အပ်သော

http://www.dhammadownload.com



သဝိညတ္တိဝိကာရ ဝစီဘေဒသဒ္ဒါသည်၊ ပညတ္တိ၊ ပညတ်မည်၏။ ဣတိ၊ ဤအနက်ကို။ အဓိပ္ပါယော အဓိပ္ပေတော၊ အလိုရှိအပ်၏။ (အနွယ)

တဗ္ဗိနိမုတ္တော၊ ထိုသဘာဝ နိရုတ္တိမှ လွတ်သော။ ပညတ္တိ၊ အက္ခရာ ဝလိဟူသော နာမပညတ်သည်။ ပညတ္တိ၊ ပညတ်မည်၏။ ဣတိ အတ္တော၊ ဤအနက်ကို။ န အဓိပ္ပါယော၊ န အဓိပ္ပေတော၊ အလိုမရှိအပ်။ (ဗျတိရေက) (အဋ္ဌသာလိနီအဋ္ဌကထာ နိဿယ)

(တစ်နည်း) ဣတိ အယံ၊ ကား။ အဓိပ္ပါယော၊ အဓိပ္ပါယ်သာတည်း။ နော အတ္တော၊ အတ္တစစ်မဟုတ်။ (ပါ၊ဂံ၊သစ်)။

## ဝါကျအပြန်အလှန် ယောဇနာနည်း

(က) ဓမ္မောတိ ဟောတု။

(ခ) ဝုတ္တခွေတံ "ဟောတုမိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ" တိ။

(က) ဝါကျသည် ဒဋ္ဌီဝါကျ။ (မိမိ၏ အဆိုဝါကျ)

(ခ) ဝါကျသည် ဒဋ္ဌီကရဏဝါကျ။ ( မိမိအဆို ခိုင်မြဲအောင် ထောက်ပံ့သော ဝါကျ)

## ဤဝါကျတို့ကို အနက်ပေးလိုသော်

၁။ ဒဋ္ဌီယ (အဆို)ဝါကျကို ပထမ အနက်ပေး။

၂။ ထို့နောင် အမေးဝါကျထည့်၍ အနက်ပေး။

၃။ ပြီးလျှင် ဒဋ္ဌီကရဏ (အထောက်ပြ) ဝါကျကို တတိယ အနက်ပေး။

၄။ ထို့နောင် အဖြေဝါကျကို အနက်ပေးပါ။

**ဆောင် * ဒဋ္ဌီယကို၊ ရှေးဦးဆို၊ မေးကို ဒုတိယ။**
**တတိယမှာ၊ ဒဋ္ဌီသာ၊ စ-မှာ အဖြေပြ။**

http://www.dhammadownload.com



## အနက်ပေးပုံ

၁။ ဓမ္မောတိ၊ ဟူသည်။ ဟေတု၊ တည်း။ (ဒုဋ္ဌီယဝါကျ)

၂။ ဓမ္မောတိ ဟေတူတိ၊ ဓမ္မောတိ ဟေတုဟူသော။ ယံဝစနံ၊ ကို။ မယာ၊ ငါသည်။ ဝုတ္တံ၊ ဆိုအပ်ပြီ။ တံ ဝစနံ၊ သည်။ ကေန-သာဓကေန၊ အဘယ်သို့သော သာဓကဖြင့်။ ဟိသစ္စံ၊ မှန်သနည်း။ (အမေးဝါကျ)

၃။ ပဋိသမ္ဘိဒါမဂ္ဂေ၊ ၌။ ဓမ္မသေနာပတိနာ၊ သည်။ "ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါတိ" တိ၊ ဟူသော။ ဓော၊ ဤစကားကို။ ဝုတ္တံ၊ ပြီ။ (ဒုဋ္ဌီဝါကျ)

၄။ ဣမိနာ သာဓကေန၊ ဤသို့သော သာဓကကြောင့်။ ဓမ္မောတိ ဟေတူတိ၊ ဟူ၍။ မယာ၊ ငါသည်။ ဝုတ္တံ၊ သော။ တံ ဝစနံ၊ သည်။ ဟိ သစ္စံ၊ မှန်ပါ၏။ (အဖြေဝါကျ)

ဤသို့ ၄-မျိုးကို အစဉ်ကျအောင် အနက်ယောဇနာပါ။

## ၂။ (က)ဝါကျ အပရော နယောသို့ ပါပနာပဋ္ဌက

ဆရာ ဆရာသည် ဓမ္မောတိ တန္တိ-စသည်ဖြင့် ဓမ္မသဒ္ဒါသည် ပါဠိတော် ဟူသော ပရိယတ္တိအနက်ကိုဟော၏ စသည်ဖြင့် ဆိုတော်မူခဲ့၏။ (ဌပနာ) ယင်းသို့ဆိုလျှင် ဓမ္မသဒ္ဒါသည် ပရိယတ္တိအနက်, အတ္ထသဒ္ဒါသည် သဒ္ဒါဘိဓေယျအနက်တို့ကိုသာ ဟောသည်။ အခြားသော အနက်တို့ကို မဟောဟူသော အနက်သည် ရောက်၏။ (အနု+ပါ) စင်စစ် ထိုအနက်သည် မရောက်သင့်။ (ပဋိ+ပါ) ထို့ကြောင့် ဓမ္မ, အတ္ထ စသည်တို့၏ အခြားဖြစ်သင့်သော အနက်တစ်မျိုးကိုလည်း ဆိုသင့်သေး၏။(အနု+ရော) မဆိုဘဲ မနေသင့်။ (ပဋိ+ရော) နေချေသော် စကားမပြည့်စုံသော အဗျာပိတဒေါသ ရောက်ရာ၏။ ဤသို့ စုဒ်ကြောင့် အပရော နယော စသော (က)ဝါကျကိုမိန့်။

ကား-ဓမ္မ, အတ္ထစသော သဒ္ဒါတို့၏ အခြားဖြစ်သင့်သော အနက် တစ်မျိုးကို ငါပြဆိုပါဦးမည်ဟူလို။

http://www.dhammadownload.com



## ဓမ္မောတိ ဟေတု - သို့ ဥပနာပဋ္ဌက

ဆရာ ဆရာသည် အပရော နယော - ဖြင့် ဓမ္မစသော သဒ္ဒါတို့၏ အခြား ဖြစ်သင့်သော အနက်တစ်မျိုးကို ငါပြဆိုဦးမည်ဟု ဆိုတော်မူ၏။(ဥ) ယင်းသို့ဆိုလျှင် ဓမ္မသဒ္ဒါသည် သဘာဝအနက်ကို ဟောသည်ဟု ဆရာ ဖွင့်ဆိုမည်လော။(အာ) အဘယ်သို့ ဖွင့်ဆိုမည်နည်း။ (ပုစ္ဆာ) ဤသို့ မေးဖွယ်ရှိသောကြောင့် ဓမ္မောတိ ဟေတုပါဌ်ကို မိန့်။

ကား - ဓမ္မသဒ္ဒါသည် ဟေတုအနက်ကို ဟော၏ဟု ငါဖွင့်ဆိုမည် ဟူလို။

## ဝုတ္တဉှေတံ - သို့ ဥပနာပဋ္ဌက

ဆရာ ဆရာသည် ဓမ္မသဒ္ဒါသည် ဟေတုအနက်ကို ဟောကြောင်း ဆိုတော်မူ၏။ (ဥပနာ) ထိုသို့ ဆိုသော်လည်း ဆရာ့စကားသည် ထောက် ထားဖွယ် ယုတ္တိသာဓက မရှိက မယုံကြည်နိုင်ရာသည် မဟုတ်ပါလော။ (အာသော်) ထို့ကြောင့် (ဟိတ်) ဓမ္မောတိ ဟေတု - ဟု ဒဠှီယစကားကိုသာ ဆရာမဆိုသင့်။ (ဥပနာပဋိက္ခေပ) ယုံကြည်ဖွယ် အထောက်သာဓကကား အဘယ်ပါနည်း။ (ပုစ္ဆာ) ဤသို့ မေးဖွယ်ရှိသောကြောင့် ဝုတ္တဉှေတံ - စသော ဝါကျကိုမိန့်။

ကား - ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ - ဟူသော ပဋိသမ္ဘိဒါမဂ္ဂ ပါဠိ တော်လာ အရှင်သာရိပုတ္တရာ၏ စကားတော်ကို ထောက်၍ ယုံကြည်လက်ခံထိုက်ပါ၏ ဟူလို။

## (ခ) ဝါကျသို့ ဥပနာပဋ္ဌက

ဆရာ ဆရာသည် ဓမ္မောတိ ဟေတု - စသည်ဖြင့် ဓမ္မသဒ္ဒါ၏ အကြောင်းဟူသော ဟေတုအနက်ကိုဟောကြောင်း သာဓကနှင့်တကွ ပြဆိုတော်မူခဲ့၏။ (ဥပနာ) အတ္ထသဒ္ဒါ၏ အခြားသော အနက်တစ်ပါးကို မဆိုတော့ပြီလော။(အာသော်) ထို့ကြောင့်(ဟိတ်) (က)ဝါကျကိုသာ

http://www.dhammadownload.com



မဆိုသင့်။ (ဌ+ပဋိ) အတ္ထသဒ္ဒါ အဘာယ်အနက်ကိုလည်း ဟောပါသနည်း။ (ပုစ္ဆာ) စုဒ်ကြောင့် (ခ)ဝါကျမိန့်။

ကား- အတ္ထသဒ္ဒါ အကျိုး (ဖလ)ဟူသော အနက်ကို ဟောပါ၏ ဟူလို။

## (ဃ) ဝါကျသို့ ပါပနာပဋ္ဌက

ဆရာ ဆရာသည် (ဂ)ဝါကျဖြင့် ဒေသနာအရ ဝစီဘေဒစိတ္တဇ သဒ္ဒကို ယူရမည်ဟုဆို၏။ (ဌ) ယင်းသို့ဆိုလျှင် ဒေသနာအရ ဝစီဘေဒ စိတ္တဇသဒ္ဒကိုသာ ကောက်သင့်၍ ထိုဝစီဘေဒစိတ္တဇသဒ္ဒကို ဖြစ်စေတတ် သော ဒေသနာဉာဏ် စိတ္တုပ္ပါဒ်ကိုမူ မကောက်သင့်ဟူသော အနက်သည် ရောက်၏။(အန-ပါ) စင်စစ် ထိုအနက်သည် မရောက်သင့်။ (ပဋိ+ပါ) ထို့ကြောင့် ဒေသနာဉာဏ် စိတ္တုပ္ပါဒ်သည်လည်း ဒေသနာမည်၏ဟု ဆိုသင့်၏။ (အန+ရော) ဝစီဘေဒစိတ္တဇသဒ္ဒသည်သာ ဒေသနာမည်၏ဟု မဆိုသင့်။(ပဋိ+ရော) ဆိုသင့်သည်ကို မဆိုချေသော် အဗျာပိတဒေါသ ရောက်ရာ၏။ စုဒ်ကြောင့် (ဃ)မိန့်။

ကား- (ဃ)ဖြင့် ဒေသနာဉာဏ် စိတ္တုပ္ပါဒ်သည်လည်း ဒေသနာ မည်၏ဟု ငါပြဆိုသောကြောင့် သင်တင်သောဒေါသ မရောက် ဟူလို။

## (စ) ဝါကျသို့ ပါပနာပဋ္ဌက

ဆရာဆရာသည် (ငါ)ဝါကျဖြင့် ထိုးထွင်း၍ သိခြင်းသည် ပဋိဝေဓ မည်၏ဟု ဆို၏။ (ဌ) ထိုသို့သာ ဆိုချေသော် ပဋိဝေဓသည် မည်မျှ အပြားရှိသည် မည်သို့သော အခြင်းအရာအားဖြင့် မည်သို့သောတရား (အာရုံ) တို့ကို သိတတ်သော သဘောရှိသည်တို့ကို မသိအပ်ဟူသော အနက်သည်ရောက်၏။ (န+ပါ) စင်စစ် မသင့်။ (ပ+ပါ) ထို့ကြောင့် ထိုပဋိဝေဓ၏ ဘေဒ၊ အာကာရ၊ အာရမ္မဏ၊ သဘာဝတို့ကိုလည်း ပြဆိုသင့်

http://www.dhammadownload.com



သေး၏။ (န+ရော) (င)ဝါကျကိုသာ မဆိုသင့်။ (ပ+ရော) မဆိုရချေသော် အဗျာပိတ။ စုဒ်ကြောင့် (စ)ဝါကျကိုမိန့်။

**ကား-** ပဋိဝေဓသည် (က) လောကီ, လောကုတ္တရာအားဖြင့် ၂-ပါးရှိသည်။ (ခ) အာကာရအားဖြင့် အာရုံပြုသောအားဖြင့် သိခြင်း,မတွေ့ဝေသောအားဖြင့် သိခြင်းဟု နှစ်မျိုးရှိသည်။ (ဂ)အကြောင်းတရား, အကျိုးတရားနှင့် ပညတ်ဟူ၍ အာရုံအားဖြင့် ၃-မျိုးရှိသည်။ (ဃ) အကြောင်းကို အကျိုးအားလျော်စွာ၊ အကျိုးကို အကြောင်းအားလျော်စွာ၊ ပညတ်ကို ပညတ်၏ အကြောင်းအားလျော်စွာ သိခြင်းဟူသော သဘာဝရှိသည်ဟု ပြည့်စုံစွာ ငါပြဆိုသောကြောင့် ဒေါသမရောက်ဟူလို။

## (ဆ) ဝါကျသို့ ဌပနာပဋ္ဌက

ဆရာ ဆရာသည် (င)ဝါကျဖြင့် ထိုးထွင်း၍ သိတတ်သောဉာဏ်သည် ပဋိဝေဓမည်၏ဟု ဆို၏။(ဌ) ထိုးထွင်း၍ သိအပ်သော ကက္ခဠ, ဖုသနစသော လက္ခဏာတို့သည်လည်း ပဋိဝေဓမည်ကောင်းသည် မဟုတ်ပါလော။(အာ) ထိုကြောင့် (င)ဝါကျကိုသာ မဆိုသင့်။(ဌ+ပဋိ) အဘာယ်သို့မှတ်ရမည်နည်း။(ပုစ္ဆာ) စုဒ်ကြောင့် (ဆ)ဝါကျကိုမိန့်။

**ကား-** ထိုထို ပိဋကသုံးပုံတို့၌ ဟောအပ်သော ပရမတ္ထမ္မတို့၏ ကက္ခဠ, ဖုသနစသော လက္ခဏာတို့သည်လည်း ပဋိဝေဓမည်၏ဟူလို။

**မှတ်ချက်။** ။ သဒ္ဒါရေးအားဖြင့်လည်း တက်နိုင်သည်။ (င)ဝါကျက ပဋိဝေဓ၏ ကတ္တု, ကရဏသာဓ်ကိုပြ၍၊ ဤ (ဆ)ဝါကျက ပဋိဝေဓ၏ ကမ္မသာဓ်ကို ပြသည်။

http://www.dhammadownload.com



## ၃။ အပရော နယော ထားရခြင်းအကြောင်း

၁။ မေ့သဒ္ဒါ၏ ပါဠိအနက်မှတစ်ပါး ပေတာအနက်ကိုလည်းကောင်း။ (အကြောင်း+အနက်လဲ)

၂။ ဓရီယတီတိ မွောဟူသော ကမ္မသာဓ် ဝစနတ္ထမှ တစ်ပါး အတ္တနော ဖလံ ဒဟာတိ ဝိဒဟာတီတိ မွောဟူသောကတ္တုသာဓ် ဝစနတ္ထကိုလည်းကောင်း။ (အကြောင်း+အနက်လဲ)

၃။ ဓောတ်+ရမ္မပစ္စည်းဖြင့် ပြီးသည်မှတစ်ပါး ဓာဓာတ် + ရမ္မပစ္စည်း ဖြင့် ပြီးသည်ကိုလည်းကောင်း။ (သဒ္ဒါလဲ+အကျိုးလဲ)

၄။ ရမ္မပစ္စည်း၏ ကမ္မတ္ထမှတစ်ပါး ကတ္တတ္ထကို လည်းကောင်း။ (အနက်လဲ+အကြောင်းလဲ)

၅။ မေ့-အရ ကုသလာ မွောစသော ပါဠိတော်အစဉ် (ပိဋကသုံးပုံ) ဟူသော အဘိဓေယျမှတစ်ပါး အဝိဇ္ဇာစသော အကြောင်းတရား များဟူသော အဘိဓေယျကို လည်းကောင်း။ (အနက်လဲ+ အကြောင်းလဲ)

(မေ့အတွက် ငါးချက်)

၆။ အတ္ထသဒ္ဒါ၏ ပါဠိတော်အနက်ဟူသော အနက်မှတစ်ပါး အကျိုး (ဖလ)ဟူသော အနက်ကိုလည်းကောင်း။ (အကြောင်းလဲ + အနက်လဲ)

၇။ အရီယတိ ဉာယတီတိ အတ္ထော-ဟူသော ဝစနတ္ထမှတစ်ပါး ပေတာ အနသာရေန အရီယတိ အဓိဂမီယတီတိ အတ္ထော- ဟူသော ဝစနတ္ထကိုလည်းကောင်း။ (အကြောင်းလဲ+အနက်လဲ)

၈။ အတ္ထအရ ပါဠိတော် အနက်ဟူသော အဘိဓေယျတ္ထမှတစ်ပါး သင်္ခါရစသော အကျိုးတရား ဟူသော အဘိဓေယျတ္ထကို လည်းကောင်း (အနက်လဲ+အကြောင်းလဲ)လဲလိုသောကြောင့် အပရော နယော ထားပါသည်။

(အတ္ထအတွက် သုံးချက်)

http://www.dhammadownload.com



မှတ်ချက်။ ။အပရော နယော-တက်လာသော ဤဝါကျ၌ ဓမ္မသဒ္ဒါ. အတ္ထသဒ္ဒါတို့၏ အနက်ထူးကို ပြလိုရင်းဖြစ်သည်။ ဒေသနာနှင့် ပဋိဝေဓမှာ ပထမနည်းနှင့် အများအားဖြင့် တူညီသည်။

**ဒေါသပယ်**

(က) အပရော နယော-ဖြင့် အဗျာပိတဒေါသကို ပယ်သည်။
(ခ) (ဂ) (ဃ) (င) (စ)တို့ဖြင့် အဗျာပိတဒေါသကို ပယ်သည်။

## အဓိပ္ပါယော ထားရခြင်းအကြောင်း

ဒေသနာအရ သဝိညတ္တိဝိကာရ ဝစီဘေဒ စိတ္တဇသဒ္ဒ (ပရမတ္ထ သဒ္ဒ)ကို ယူရမည်။ ပရမတ္ထမှ အလွတ်ဖြစ်သော အက္ခရာဝလိ သဒ္ဒပ္ပဗန္ဓ ဟူသော နာမပညတ် (ပညတ္တိသဒ္ဒါ)ကို မယူရဟု မိမိလိုအပ်သော အနက်ကို ပြလိုသောကြောင့် အဓိပ္ပါယော ထားပါသည်။

* **အဓိပ္ပေတ်၊ နည်းတူကြဲ၊ လုရန်သူ့စကား။**
* **သာမညမှ၊ အတ္ထဝိသေ၊ ပြလိုပေ၊ အဓိပ္ပေတ်ထား။**
* **သာမညမှ၊ အတ္ထဝိသေ၊ တထွေစကားလှ၊ ပြလိုမှု၊ ထားမှု ကထိတ်၊ မိပ္ပေတ်။**

## ၄။ ဝစနတ္ထ စသည်

* အတ္တနော ဖလံ ဒဟာတိ ဝိဒဟာတီတိ ဓမ္မော။ (ဓာ+ရမ္မ)
* ဟိနောတိ ပဝတ္တတိ ဖလံ ဖတေနာတိ ဟေတု။ (ဟိ+တု)
* ဓမ္မေ ပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါ။ (သမာသ်)
  -အကြောင်းတရား၏ ဉာဏ်နှင့် အာရုံ+အာရမ္မဏိက သမ္ဗန်သည် ဗျု-နိ။
  -အကြောင်းကို သိခြင်းသည် ပ-နိ။

http://www.dhammadownload.com



* ပေါတု အနုသာရေန အရီယတိ အဓိဂမီယတီတိ အတ္ထော။
(အရ+တ) သိခြင်းကြိယာ ။

* ပကာရေန ဉာပီယတိ အတ္ထော ဧတာယာတိ ပညတ္တိ။
ပကာရတော ဉာပေတီတိ ဝါ ပညတ္တိ။
(ပ+ဉာ+တိ) (အပြားအားဖြင့် သိခြင်းကြိယာ)

* အနုရူပေါ မေဓော ယထာမေဓံ။ (အဗျယီဘာဝသမာသ်)
-အနုရူပ ဘောဂုဏ်၏+ မေဓပုဒ်နှင့် ဂုဏ်+ ဂုဏေး သမ္ဗန် ဗျ-နိ။
-အနုရူပ ဘောဂုဏ်သည် ပ-နိ။

* အဘိလပ္ပတိ ဥစ္စာရီယတီတိ အဘိလာပေါ။ (အဘိ+လပ+ဏ)
(ရွတ်ဆိုခြင်းကြိယာ)

* မေဓော အဝိပရီတော အဘိလာပေါ မေဓာဘိလာပေါ။
-အဝိပရီတ ဘောဂုဏ်၏ + မေဓပုဒ်နှင့် ဂုဏ်+ဂုဏေး သမ္ဗန် ဗျ-နိ။
-အဝိပရီတဘောဂုဏ်သည် ပ-နိ။

* အဓိပ္ပီယတေ ဣစ္ဆိယတေတိ အဓိပ္ပါယော။ (အဓိ+ပ+ဣ+အ)
* ဒေသီယတိ အတ္ထော ဧတာယာတိ ဒေသနာ။ {(ဂ)ဝါကျအလို။ }
* ဒေသီယတိ သမုဋ္ဌာပီယတိ သဒ္ဒေါ ဧတာယာတိ ဒေသနာ။
{(ယ)ဝါကျအလို။ } (ဒိသ+ယု)
* ကထီယတိ အတ္ထော ဧတေနာတိ ကထနံ။
(စိတ္တုပ္ပါဒ် ရ၏။) (ကထ+ယု)
* အဘိသမေတိ အဘိသမေန္တိ ဧတေနာတိ အဘိသမယော။
(အဘိ+သံ +ဣ+အ။) (ဉာဏ်ရ၏)

* ပဋိဝိဇ္ဈတိ.ပဋိဝိဇ္ဈန္တိ ဧတေနာတိ ပဋိဝေဓော။ (ဉာဏ်ရ၏)
{ပဋိ+ဝိဓ+အ။} (င) ဝါကျအလို။
* ပဋိဝိဇ္ဈိယတိ (ပဋိဝိဇ္ဈိတဗ္ဗော)တိ ပဋိဝေဓော။

http://www.dhammadownload.com



(ထိုးထွင်း၍ သိအပ်သော ရုပ်နာမ်.ကဏ္ဍ၌စသော လက္ခဏာရေး၏။)
(ဆ)ဝါကျအလို။

* အဝိပရီတော သဘာဝေါ အဝိပရီတသဘာဝေါ။ (ကမ္မဓာရဲ)
-မဖောက်ပြန်ခြင်း ဂုဏ်၏ + ကဏ္ဍ၌. ဝေဒယိတစသော လက္ခဏာ
နှင့် ဂုဏ်+ဂုဏေး သမ္မန် ဗျ-နိ။
-မဖောက်ပြန်ခြင်း ဂုဏ်သည် ပ-နိ။

## ၅။ ပဒ, အန္တ စသည်

| | |
|---|---|
| ဟေတု | = ကိတ်၊ ပုံ၊ ရတ္တာဒိ၊ ဥကာရန္တ။ |
| ပဋိသမ္ဘိဒါ | = ကိတ်၊ ထီ၊ ကညာဒိ၊ အာ။ |
| ယထာဓမ္မံ | = သမာသ်၊ နပုံ၊ စိတ္တာဒိ၊ အ။ |
| ပညတ္တိ | = ကိတ်၊ ထီ၊ ရတ္တာဒိ၊ ဣ။ |
| တတ္ထ | = နိပါတ်၊ အလိင်၊ ဂဏာဝိမုတ်၊ အ။ |
| အဝိပရီတ | = သမာသ်၊ ပုံ၊ ပုရိသာဒိ၊ အ။ |

## ၆။ အာဘော် + သံဝဏ္ဏနာ

**(က)အပရော နယော-ဖြင့် ဓမ္မ+အတ္ထတို့၏ ဟေတု+ဖလ အနက်တို့ကို ဟောနိုင်ပုံ နည်းတစ်ပါးကို (ဝါ) ဓမ္မပဋိသမ္ဘိဒါ, အတ္ထပဋိသမ္ဘိဒါတို့၏ ဟေတု+ ဖလစသည်တို့၏ အစွမ်းဖြင့် နက်နဲပုံ နည်းတစ်မျိုးကို သိစေသည်။**

(က) ဟေတု-ဖြင့် ဓမ္မဂမ္ဘီရ၌ ဓမ္မသဒ္ဒါသည် အဝိဇ္ဇာစသော အကြောင်းအနက်ကို ဟောသည်အဖြစ်။ (သဒ္ဒတ္ထ၊ အဘိဓေယျတ္ထ၊ နာမလိင်္ဂတ္ထ)။ ဓမ္မောကို အတ္ထနော ဖလံ ဒဟတိ ဝိဒဟတီတိ ဓမ္မော-ဟု ကတ္တုသာဓ်ဝစနတ္ထပြုရမည်အဖြစ် (အဘိဓေယျတ္ထ)။ ဓာတ် + ရမ္မပစ္စည်း၏အဖြစ် (ဒ-ဓာတုပဒ၊ ဒ-ပစ္စယတ္ထ)ကို သိစေသည်။

ဝုတ္တဥ္စေတံ (ပ) ဓမ္မပဋိသမ္ဘိဒါတိ-ဖြင့် ဓမ္မသဒ္ဒါ ဟေတုအနက်

http://www.dhammadownload.com



ဟောနိုင်ပုံကို အာဂုံပါဠိဖြင့် ပြီးစေသည်၏အဖြစ်(ဘာဝတ္ထ)။ ဓမ္မပဋိသမ္ဘိဒါ၌ ဓမ္မသဒ္ဒါသည် အကြောင်း(ဟေတု)အနက်ကို ဟောသည်အဖြစ်(သဒ္ဒတ္ထ)။ ဓမ္မပဋိသမ္ဘိဒါကို ဓမ္မေ ပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါ-ဟု သတ္တမီတပ္ပုရိသ် သမာသ်ဝစနတ္ထ ပြုရမည်အဖြစ် (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)။ ပဋိသမ္ဘိဒါ- အရ ဉာဏ်ကို ကောက်ယူရမည်အဖြစ် (အဘိဓေယျတ္ထ) အဝိဇ္ဇာစသော အကြောင်းကို သိသောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါ မည်သည်၏အဖြစ်(ဘာဝတ္ထ)ကို သိစေသည်။

(ခ)ဟေတုဖလံ-ဖြင့် အတ္ထဂမ္ဘိရ၌ အတ္ထသဒ္ဒါသည် သင်္ခါရစသော အကျိုး အနက်ကို ဟောသည်အဖြစ်(သဒ္ဒတ္ထ)။ အတ္တောကို အရီယတိ အဓိဂမီယတီတိ အတ္ထော-ဟု ဝစနတ္ထပြုရမည်အဖြစ် (အဘိဓာနတ္ထ)။ အရဓာတ် + ထပစ္စည်း၏ အဖြစ်(ဒု-ဓာတုပဒ+ဒု-ပစ္စယပဒ)။ ထပစ္စည်း၏ ကံအနက်ကို ဟောသည်အဖြစ်(ဒု-ပစ္စယတ္ထ)ကို သိစေသည်။

ဝုတ္တဌေတံ(ပ) အတ္ထပဋိသမ္ဘိဒါတိ-ဖြင့် အတ္ထသဒ္ဒါ ဖလအနက် ဟောနိုင်ပုံကို အာဂုံပါဠိဖြင့် ပြီးစေသည်အဖြစ်(ဘာဝတ္ထ)။ အတ္ထပဋိသမ္ဘိဒါ-၌ အတ္ထထသဒ္ဒါ ဟေတုဖလ(အကြောင်း၏အကျိုး) အနက်ကို ဟောသည် အဖြစ်။ အတ္ထ ပဋိသမ္ဘိဒါကို အတ္ထေ ပဋိသမ္ဘိဒါ အတ္ထပဋိသမ္ဘိဒါ-ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်အဖြစ်။ (အဘိဓာနတ္ထ၊ သမာသ လိင်္ဂပဒတ္ထ)။ ပဋိသမ္ဘိဒါ- အရ ဉာဏ်ကို ကောက်ယူရမည့်အဖြစ် (အဘိ ဓေယျတ္ထ)။ သင်္ခါရစသော အကျိုးတို့ကို သိသောဉာဏ်သည် အတ္ထ ပဋိသမ္ဘိဒါ မည်သည်အဖြစ် (ဘာဝတ္ထ)ကို သိစေသည်။

(ဂ) ပညတ္တိ-ဖြင့် ဒေသနာအရ သူတစ်ပါးတို့သိအောင် နှုတ်ဝယ် တွတ်တွတ် ရွတ်ဆိုသော သဝိညတ္တိဝိကာရ ဝစီဘေဒသဒ္ဒကို ကောက်ယူ ရမည်အဖြစ် (အဘိဓေယျတ္ထ)။ ဒေသီယတိ အတ္တော ဧတာ- ယာတိ ဒေသနာ-ဟု ကရဏသာဓ်ဝစနတ္ထ ပြုရမည်အဖြစ် (အဘိဓာနတ္ထ)။ ဒိသီဓာတ်+ယုပစ္စည်း။ ယင်းဒိသီဓာတ်၏ ဉစ္စာရဏတ္ထဝါစကအဖြစ်၊

http://www.dhammadownload.com



ယုပစ္စည်း၏ ကရဏတ္ထဝါစက အဖြစ်ကို (ဒု-ဓာတုပဒ၊ ဒု-ပစ္စယပဒ၊ ဒု-ဓာတွတ္ထ၊ ဒု-ပစ္စယတ္ထ) သိစေသည်။

**ယထာဓမ္မံ ဓမ္မာဘိလာပေါတိ အဓိပ္ပါယော**-ဖြင့် ပညတ္တိဝါဒီတို့ ယူဆသော အက္ခရာဝလိ နာမပညတ်ကို ဒေသနာအရ မယူရ၊ နှုတ်ဝယ် တွတ်တွတ် ရွတ်ဆိုပြောကြားအပ်သော ဝစီဘေဒသဒ္ဒ (ပရမတ္ထသဒ္ဒ) ကိုသာ ယူရမည်အဖြစ်ကို သိစေသည်။ (အဘိဓေယျတ္ထ)

ဤကား ပရမတ္ထ သဒ္ဒဝါဒီတို့ အလိုတည်း။

**တစ်နည်း-**

(ဂ) **ပညတ္တိ**-ဖြင့် ဒေသနာအရ အနက်ကိုသိစေနိုင်သော အက္ခရာဝလိနာမပညတ် (ပညတ္တိသဒ္ဒါ)ကို ကောက်ယူရမည် အဖြစ်ကို သိစေသည်။ (ဘာဝတ္ထ)

**ယထာဓမ္မံ ဓမ္မာဘိလာပေါတိ အဓိပ္ပါယော**-ဖြင့် ဓမ္မာဘိလာပအရ မုချအားဖြင့် ပရမတ္ထသဒ္ဒါကိုရသော်လည်း အကြောင်းဖြစ်သော ပရမတ္ထ သဒ္ဒါ၏ အမည်ကို အကျိုးဖြစ်သော အက္ခရာဝလိပညတ်၌ တင်စား၍ ကာရဏူပစာအားဖြင့် နာမပညတ်ကို ဓမ္မာဘိလာပ-ဟု ဆိုသည်အဖြစ်၊ အဓိပ္ပါယ်အားဖြင့် ပရမတ္ထသဒ္ဒသည် ဒေသနာမည်၏။ စင်စစ် (အတ္ထ) အားဖြင့်မူ ပညတ်သည်သာ ဒေသနာမည်သည်ဟု သိစေသည်။ (ဘာဝတ္ထ)

ဤကား ပညတ္တိဝါဒီတို့ အလိုတည်း။

(ဃ) **အနုလောမ (ပ) ကထနံ**-ဖြင့် ဒေသနာအရ ပရမတ္ထသဒ္ဒါ သာမက အနုလောမ, ပဋိလောမ, သခေ်ပ, ဝိတ္ထာရတို့၏ အစွမ်းဖြင့် ပြော ကြောင်းဖြစ်သော ဒေသနာဉာဏ် စိတ္တုပ္ပါဒ်လည်း ဒေသနာမည်သည်၏ အဖြစ် (ဘာဝတ္ထ)။ ဒေသနာကို ဒေသီယတိ သမုဋ္ဌာပီယတိ သဒ္ဒေါ ဧတာယာတိ ဒေသနာ-ဟု ကရဏသာဓ် ဝစနတ္ထ ပြုရမည်အဖြစ်။ (အဘိဓာနတ္ထ)။ ဒိသီ ဓာတ် ယုပစ္စည်း၊ ယင်းယုပစ္စည်း၏ ကရဏတ္ထ၌

http://www.dhammadownload.com



သက်သည်အဖြစ်၊ (ဒု-ဓာတုပဒ၊ ဒု-ပစ္စယပဒ၊ ဒု-ပစ္စယတ္ထ)ဒိသီဓာတ်၏ ကထနတ္ထ(ဉစ္စာရဏတ္ထ)ကို ဟောသည်အဖြစ် (ဒုဓာတွတ္ထ)ကို သိစေသည်။

(င) **အဘိသမယော**-ဖြင့် ပဋိဝေဓဟူသည် ထိုးထွင်း၍ သိခြင်း၊ ဝါ-ထိုးထွင်း၍ သိတတ်သော (ဝါ) ထိုးထွင်း၍ သိကြောင်းဖြစ်သော ဉာဏ်တည်းဟု ပဋိဝေဓအရကိုလည်းကောင်း၊ (အဘိဓေယျတ္ထ)။ ပဋိဝေဓော-ကို ပဋိဝိဇ္ဈတီတိ ပဋိဝေဓော၊ ပဋိဝိဇ္ဈန္တိ ဧတေနာတိ ပဋိဝေဓော-ဟု ကတ္တုသာဓ်, ကရဏသာဓ် ဝစနတ္ထ ပြုရမည်အဖြစ်၊ (အဘိဓာနတ္ထ) ပဋိရှေး ရှိသော ဝိဓဓာတ်+ဏပစ္စည်း၊ (ဒု-ဓာတုပဒ၊ ဒု-ပစ္စယပဒ)။ ဝိဓဓာတ်၏ သိခြင်းအနက်၊ ဏပစ္စည်း၏ ကတ္တားအနက်, ကရိုဏ်းအနက်တို့ကို ဟောသည်အဖြစ်၊ (ဒု-ဓာတွတ္ထ၊ ဒု-ပစ္စယတ္ထ)ကို သိစေသည်။

(စ) **သော စ လောကိယ လောကုတ္တရော** -ဖြင့် ထို ပဋိဝေဓ ဉာဏ်သည် လောကီ, လောကုတ္တရာအားဖြင့် နှစ်ပါးရှိသည် အဖြစ်၊ (သရူပတ္ထ၊ အဘိဓေယျတ္ထ)

**ဝိသယတော, အသမ္မောဟတော**-ဖြင့် ထိုပဋိဝေဓဉာဏ်သည် ဓမ္မ, အတ္ထ, ဒေသနာ (ပညတ္တိ)တို့ကို အာရုံပြုသောအားဖြင့်လည်းကောင်း၊ မတွေဝေသောအားဖြင့်လည်းကောင်း သိတတ်သည်ဟု သိပုံအခြင်းအရာကိုလည်းကောင်း၊ (ဘာဝတ္ထ)

**ဓမ္မေသု, အတ္ထေသု, ပညတ္တီသု**- ဖြင့် ထိုပဋိဝေဓဉာဏ်သည် ဓမ္မ, အတ္ထ,ပညတ္တိ(ဒေသနာ)တို့ကို သိသည်ဟု ထိုပဋိဝေဓဉာဏ်၏ အာရုံကိုလည်းကောင်း(ဘာဝတ္ထ)။

**အတ္ထာနုရူပံ, ဓမ္မာနုရူပံ, ပညတ္တိပထာနုရူပံ**-ဖြင့် အကျိုးအား လျော်စွာ အကြောင်းကိုသိသည်၊ အကြောင်းအားလျော်စွာ အကျိုးတို့ကို သိသည်၊ ပညတ်ခြင်း၏ အကြောင်းအားလျော်စွာ ပညတ် (ဒေသနာ)တို့ကို သိသည်ဟု ပဋိဝေဓဉာဏ်၏ သဘာဝကိုလည်းကောင်း (ဘာဝတ္ထ)ကို

http://www.dhammadownload.com



သိစေပါသည်။

(ဆ) တေသံ တေသံ ဝါ (ပ) အဝိပရီတသဘာဝေါ- ဖြင့် ပဋိဝေဓ ဟူသည် ထိုထိုပိဋကတ်တို့၌ ဟောကြားအပ်ကုန်သော ပထဝီ, ဖဿစသော ပရမတ္ထဓမ္မတို့၏ ကက္ခဠ, ဖုသနစသော လက္ခဏာတို့ပင် တည်းဟု ပဋိဝေဓ၏ အရတစ်မျိုးကိုလည်းကောင်း၊ (အဘိဓေယျတ္ထ)။ ပဋိဝိဇ္ဈိတဗ္ဗောတိ ပဋိဝေဓော-ဟု ကမ္မသာဓ် ဝစနတ္ထပြုရမည်အဖြစ်၊ ပဋိ+ဝိဓ+ဏ၏ အဖြစ်၊ ဏပစ္စည်း၏ ကံအနက်ကို ဟောသည်အဖြစ် (အဘိဓာနတ္ထ) စသည်ကို သိစေသည်။

## ၇။ ဝိသယ

ဝုတ္တဥ္စေတံ-၌ ဇတံ-ကား ဆိုဆဲ ဟောတုမိ ဉဏံ ဓမ္မပဋိသမ္ဘိဒါ စသော ပါဠိတော် ဓမ္မအစွဲ တိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

(စ) သော စ-၌ သော-ကား လွန်ပြီးဝါကျရှိ ပဋိဝေဓကို စွဲသောကြောင့် ပက္ကန္တဝိသယ။

(ဆ) တေသံ တေသံ - ကား ဝုတ္တဓမ္မာနံဟု အစွဲပုဒ်တိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

တတ္ထ တတ္ထ ကား ဆိုခဲ့ပြီး ပိဋကတ်သုံးပုံကို (ဝါ) ပါဠိပဒေသကို စွဲသောကြောင့် ပက္ကန္တဝိသယ။

## ၈။ ဓမ္မောအရ ကြိယာငါးတန်

ဓမ္မောအရ အဝိဇ္ဇာစသော အကြောင်းတရားရ၏။

၁။ ယင်းသည် ဒဿနတ္ထ။

၂။ အာသဝစသည်သည် ဒီပကတ္ထ။

၃။ သင်္ခါရစသော အကျိုးများသည် ပကာသနတ္ထ။

၄။ အတိတ်ဘဝ၌ ဖြစ်ခဲ့သော အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ

http://www.dhammadownload.com



ဇသာ, ဝတ္ထု, အာရုံဟူသော အကြောင်းများသည် ဝိဘာဝတ္ထု။

၅။ ဝိညာဉ်စသော နောက်နောက် အကျိုးများသည် အနဘာဝတ္ထု။
(ပဋိစ္စသမုပ္ပါဒ်နည်းအတိုင်း ထုတ်ပါ)

အတ္ထောအရ- သင်္ခါရစသော အကျိုးများကို ကောက်၍ထုတ်။

ဒေသနာအရ- ယခင်အမှတ် (၅) ဝါကျအတိုင်း ထုတ်။

## ပဋိဝေဓအရ- လောကီဉာဏ်ယူရိုက်

၁။ လောကီပဋိဝေဓဉာဏ်သည် ဒဿနတ္ထု။

၂။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည် ဒီပကတ္ထု။

၃။ မိမိသိသည့်အတိုင်း ပြောကြားခြင်းသည် ပကာသနတ္ထု။

၄။ ပါရမီဉာဏ်, ဝိပဿနာဉာဏ် စသည်သည် ဝိဘာဝတ္ထု။

၅။ သာဝက ဝေနေယျတို့၏ သုတမယဉာဏ်မှစ၍ နိဗ္ဗာန်တိုင် အောင်သော အကျိုးအဆက်ဆက်သည် အနဘာဝတ္ထု။

## ပဋိဝေဓအရ - လောကုတ္တရာဉာဏ်ကို ယူရိုက်

၁။ မဂ်ဉာဏ်သည် ဒဿနတ္ထု။

၂။ ဥပစာရ သမာဓိဇောတို့သည် ဒီပကတ္ထု။

၃။ မဂ္ဂါနန္တရဖိုလ်သည် ပကာသနတ္ထု။

၄။ ပါရမီဉာဏ်, ဝိပဿနာဉာဏ်စသော ရှေးရှေး ဉာဏ်တို့သည် ဝိဘာဝတ္ထု။

၅။ ဖလသမာပတ္တိသုခမှစ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် သော အကျိုးအဆက်ဆက်သည် အနဘာဝတ္ထု။

## ဝုတ္တဒွေတ်

### ဝုတ္တံ -၌ ဝစဓာတ်အရ ကြိယာငါးတန်

၁။ အရှင်သာရိပုတ္တရာ၏ သန္တာန်၌တည်သော ဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဒဿနတ္ထု။

http://www.dhammadownload.com



၂။ ယောနိသောမနသိကာရသည် ဒီပကတ္တ။

၃။ ဟောတုမို ဉာဏ် မွေပဋိသန္ဓိဒါစသော ပရမတ္တဝစီဘေဒ သဒ္ဒ သည် ပကာသနတ္တ။

၄။ သပ္ပုရိသူပနိဿယ, သဒ္ဓမ္မဿဝနစသော အကြောင်းများ သည် ဝိဘာဝတ္တ။

၅။ သောတုဇနတို့၏ သုတမယဉာဏ်မှစ၍ နိဗ္ဗာန်တိုင်အောင် သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္တ။

## ဝုတ္တ-၌ ပစ္စည်းအရ

၁။ ဟောတုမို ဉာဏ်မွေပဋိသန္ဓိဒါစသောဝစီဘေဒ စိတ္တဇသဒ္ဒသည် ဒဿနတ္တ။

၂။ ဟောသော အခြင်းအရာအားဖြင့် ဖြစ်သောဉာဏ်, ဝီရိယ ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဒီပကတ္တ။

၃။ သာဝက သောတုဇနတို့၏ သုတမယဉာဏ် တိုးပွားခြင်းသည် ပကာသနတ္တ။

၄။ သပ္ပုရိသူပနိဿယမှစ၍ သာဝကတို့အပေါ်၌ အကျိုးလိုလား သော မေတ္တာ,ကရုဏာစသောအကြောင်းများသည် ဝိဘာဝတ္တ။

၅။ သာဝက သောတုဇနတို့၏ စိန္တာမယဉာဏ်မှစ၍ နိဗ္ဗာန် တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္တ။

(ဟောတုမို ဉာဏ် မွေပဋိသန္ဓိဒါ-၏ ကြိယာငါးတန်ကို အမှတ်(၁၀) ဝါကျ၌ ရှုပါ)

## ၉။ ပဋိဝေဓဉာဏ် (၂)မျိုး

၁။ လောကီပဋိဝေဓဉာဏ် = မဟာကုသိုလ် + မဟာကြိယာ ဉာဏသမ္ပယုတ်နှင့်ယှဉ်သောဉာဏ်။

http://www.dhammadownload.com



၂။ လောကုတ္တရာပဋိဝေဓဉာဏ် = မဂ်စိတ်နှင့်ယှဉ်သောဉာဏ်။

## ၁၀။ ပဋ္ဌာန်း

### ဟေတုမှိ ဉာဏံ

ဟေတုမှိ - အရ အဝိဇ္ဇာစသော အကြောင်းတရားများရှေ၏။

ဉာဏံ - အရ ထို အဝိဇ္ဇာစသော အကြောင်းကိုသိသော မဟာကုသိုလ်. မဟာကြိယာ ဉာဏသမ္ပယုတ်နှင့်ယှဉ်သော ပညာစေတသိက်ရ၏။

ဟေတုမှိ - အရ ပစ္စည်း၊ ဉာဏံ - အရ ပစ္စယုပ္ပန်။ အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ယထာရဟ (၈)ပစ္စည်း။

ဟေတုမှိ - အရ အဝိဇ္ဇာစသော အကြောင်းတရား၊ ဉာဏံ - အရ မဂ်ဉာဏ်ကိုယူလျှင် ပကတူပ၊ (ပြိုင်မရှိ)

### ဟေတုဖလေ ဉာဏံ

ဟေတုဖလေ - အရ သင်္ခါရစသောအကျိုး၊ ဉာဏံ - အရ ထိုသင်္ခါရစသော အကျိုးတို့ကိုသိသော မဟာကုသိုလ်+ကြိ ဉာဏသမ္ပယုတ်နှင့် ယှဉ်သော ပညာစေတသိက်ရ၏။ ရှေးနည်းအတူ ၂-မျိုးပြိုင်။

### ဝုတ္တခွေတံ-၌ ဝုတ္တံ

ဝစ - ဓာတ်အရ အရှင်သာရိပုတ္တရာ၏ သန္တာန်၌တည်သော ဉာဏ်. ဝီရိယပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ရ၏။ တ - ပစ္စည်းအရ "ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ"စသော ဝစီဘေဒ စိတ္တဇသဒ္ဒရုပ်ရ၏။

ထို့ကြောင့် ဓာတ်အရ ပစ္စည်းတရား၊ တ - ပစ္စည်းအရ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

ကြီး ၄၊ ဝိပ္ပယုတ္တ၊ အငယ် ၇-ပေါင်း ၁၂-ပစ္စည်းပြိုင်။

http://www.dhammadownload.com



## ဒေသနာတိ ပဉ္စတ္တိ

**ပဌမနည်း။** ။ဒေသနာ-၌ ဒိသီဓာတ်အရ ဗုဒ္ဓသန္တာန်၌ တည်သော ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ရ၏။ ယုပစ္စည်းအရ ပိဋကသုံးပုံဟူသော ဝစီဘေဒစိတ္တဇသဒ္ဒရုပ် ရ၏။ ထို့ကြောင့် ဓာတ်အရ ပစ္စည်းတရားက ပစ္စည်းအရ ပစ္စယုပ္ပန်တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။
ကြီး ၄၊ ဝိပ္ပယုတ္တ၊ ငယ် ၇- ပေါင်း၁၂-ပစ္စည်းပြိုင်။

**ဒုတိယနည်း။** ။ဒေသနာ-၌ ဒိသီဓာတ်အရ နှုတ်တော်မှ ဖြစ်ပေါ်လာသော စိတ္တဇသဒ္ဒ (ပိဋကသုံးပုံ) ရ၏။ ယု-ပစ္စည်းအရ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ရ၏။ ထို့ကြောင့် ပစ္စည်းအရ ပစ္စည်းတရားက ဓာတ်အရ ပစ္စယုပ္ပန်တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ယခင် ၁၂-ပစ္စည်းပြိုင်။

## ပဋိဝေဓောတိ သမယော

ကံပုဒ်အရ ဓမ္မ, အတ္ထ , ပဉ္စတ္တိ ဟူသော အာရုံ ၆-ပါး ပစ္စည်းတရားရ၏။

ပဋိဝေဓော, အဘိသမယော-တို့၌ ဓာတ်အရ လောကီ,လောကုတ္တရာ ဖြစ်သော ပဋိဝေဓဉာဏ်ရ၏။ ထိုတွင် ပဋိဝေဓော, အဘိသမယောတို့အရ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်နှင့်ယှဉ်သောပညာ (လောကီပဋိဝေဓဉာဏ်)ကို ယူလျှင် ဓမ္မ, အတ္ထ, ပဉ္စတ္တိ-ဟူသော အာရုံ (၆)ပါး ပစ္စည်းတရားက ပဋိဝေဓော,အဘိသမယောအရ လောကီပဋိဝေဓဉာဏ် ပစ္စယုပ္ပန်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

အာရမ္မဏမျိုး (၈)ပစ္စည်း ယထာရဟ ရသည်။

ပဋိဝေဓောအရ မဂ်ဉာဏ်ဟူသော လောကုတ္တရာ ပဋိဝေဓတရားကို ယူခဲ့သော် ပကတူပပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ (ပြိုင်မရှိ)

http://www.dhammadownload.com



(စ)ဝါကျလာ မေ့သု.အတ္တေသု.ပညတ္တိသု အရနှင့် အဝဖောဓော အရလည်း ဤနည်းအတူ ၂- မျိုးခွဲ၍ ပြိုင်ပါ။

## (ဆ) ဝါကျလာ ပဋိပိစ္ဆိတဗ္ဗော

ဝိဓ-ဓာတ်အရ မေ့. အတ္တ. ပညတ္တိ ဟူသော အဝိဇ္ဇာစသော တရားတို့ကို သိမြင်သည့် ပဋိဝေဓဉာဏ် (လောကီ လောကုတ္တရာ) ရ၏။

တပ္ပပစ္စည်းအရ ထိုအဝိဇ္ဇာစသော တရား (ဝါ) ရုပ်နာမ်တရားတို့၏ ရုပ္ပန. နမန. ကက္ခဠ. ဖုသန စသော လက္ခဏာများရ၏။ (လက္ခဏာဟု ဆိုသော်လည်း လက္ချဖြစ်သော ရုပ်နာမ်. ပထဝီ. ဖဿ-စသော ပရမတ္ထ တရားများပင်ဖြစ်သည်။)

ထို့ကြောင့် တပ္ပ-ပစ္စည်းအရ အဝိဇ္ဇာစသော ပစ္စည်းတရားက ဝိဓ-ဓာတ်အရ ပဋိဝေဓဉာဏ်(လောကီဉာဏ်) ပစ္စယုပ္ပန်တရားအား အာရမ္မဏ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

အာရမ္မဏ (၈)ပစ္စည်း ယထာရဟ။

ဝိဓ-ဓာတ်အရ လောကုတ္တရာဉာဏ်ကို ယူခဲ့လျှင်= ပစ္စည်းအရ နိဗ္ဗာန် ပစ္စည်းယူက အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။

အာရမ္မဏ. အဓိပတိ. ဥပနိဿယ ၃-ပစ္စည်းပြိုင်။

ပစ္စည်းအရ နိဗ္ဗာန်မှတစ်ပါး အခြားတရားတို့ကို ယူခဲ့လျှင် ပကတူပ သတ္တိဖြင့် ကျေးဇူးပြုသည်။

≺ ≻

http://www.dhammadownload.com



## ဝါကျ (၇) ဂမ္ဘီရလေးပါး အဖွင့် (၃)

(က) ဣဒါနိ ယသ္မာ စေတော ပိဋကေသု ယံ ယံ ဓမ္မဇာတံ ဝါ အတ္ထဇာတံ ဝါ။

(ခ) ယာ စာယံ ယထာ ယထာ ဉာပေတဗ္ဗော အတ္ထော သောတူနံ ဉာဏဿ အဘိမုခေါ ဟောတိ၊ တထာ တထာ တဒတ္ထ-ဇောတိကာ ဒေသနာ။

(ဂ) ယော စေတ္ထ အဝိပရီတာဝဗောဓသင်္ခါတော ပဋိဝေဓော။

(ဃ) တေသံ တေသံ ဝါ ဓမ္မာနံ ပဋိဝိဇ္ဈိတဗ္ဗော သလက္ခဏ-သင်္ခါတော အဝိပရီတသဘာဝေါ။

(င) သဗ္ဗမ္ပေတံ အနုပစိတကုသလသမ္ဘာရေဟိ ဒုပ္ပညေဟိ သသာဒီဟိ ဝိယ မဟာသမုဒ္ဒေါ ဒုက္ခောဂါဟံ, အလဗ္ဘနေယျ ပတိဋ္ဌဉ္စ၊ တသ္မာ ဂမ္ဘီရံ။

(စ) ဧဝမ္ပိ ဧကမေကသ္မိံ ဧတ္ထ စတုဗ္ဗိဓောပိ ဂမ္ဘီရဘာဝေါ ဝေဒိတဗ္ဗော။

(ဋ၊ ၂၃)

ဣဒါနိ-ကို (စ)ဝါကျရှိ ဝေဒိတဗ္ဗော-၌ စပ်၊ ယသ္မာ-ကို (င)ဝါကျရှိ ဒုက္ခောဂါဟံ, အလဗ္ဘနေယျပတိဋ္ဌံ-တို့၌ စပ်။

၁။ ဣဒါနိ - ၏ စပ်ပုဒ်ကို ဧကမေကသ္မိံ စတုဗ္ဗိဓောပိ ဂမ္ဘီရဘာဝေါ ဝေဒိတဗ္ဗော-ဟု ထည့်ပါ။

### (င)ဝါကျ၌ ဥပမာနကို အတွင်းသွင်း၍ ယောဇနာပုံ

သသာဒီဟိ- ယုန်စသော သတ္တဝါတို့သည်။ မဟာသမုဒ္ဒေါ-မဟာသမုဒ္ဒရာသို့ (ဝါ) သည်၊ ဒုက္ခောဂါဟောဝိယစ - ခဲယဉ်းသဖြင့် သက်ဝင် အပ်သကဲ့သို့လည်းကောင်း။ အလဗ္ဘနေယျပတိဋ္ဌောဝိယစ- မရအပ်သော ထောက်တည်ရာ ရှိသကဲ့သို့လည်းကောင်း။ (ဥပမာန) ဧဝံ - သဗ္ဗမ္ပိ- သော။

http://www.dhammadownload.com



တော်-ဤမွေ့. အတ္ထ. ဒေသနာ. ပဋိဝေဓကို။ (ဒုက္ခောဂါဟံ-ဦစပ်) ဝါ- ဤမွေ့. အတ္ထ. ဒေသနာ. ပဋိဝေဓသည်။ (အလဒ္ဓနေယျပတိဋ္ဌံ-ဦစပ်) အနုပစိတကုသလသမ္ဘာရေဟိ- မဆည်းပူးအပ်သော ကုသိုလ်သမ္ဘာရ ရှိကုန်သော။ (ယုတ္တတ္ထသမာသ်ကြံ) ဝါ- ဆည်းပူးအပ်သော ကုသိုလ်သမ္ဘာရ မရှိကုန်သော။ (အယုတ္တတ္ထသမာသ်ကြံ) ဝါ-ကုသိုလ်သမ္ဘာရကို မဆည်းပူးကုန်သော (အစိပ္ပါယတ္ထ) ဒုပ္ပညေဟိ- ပညာမရှိကုန်သော ပုဂ္ဂိုလ်တို့သည်။ ဒုက္ခောဂါဟံ- ခဲယဉ်းသဖြင့် သက်ဝင်အပ်၏။ အလဒ္ဓနေယျပတိဋ္ဌ- မရအပ်သော ထောက်တည်ရာလည်း ရှိ၏။ (ဥပမေယျ)

## ၂။ (က) ဝါကျသို့

ဆရာ ဆရာသည် အပရော နယောစသည်ဖြင့် - ဓမ္မဟူသည် အဝိဇ္ဇာစသော အကြောင်းတည်း၊ အတ္ထဟူသည် သင်္ခါရစသော အကျိုးတည်း စသည်ဖြင့် ဓမ္မ. အတ္ထစသည်တို့၏ အနက်ကို တစ်နည်း တစ်ဖုံ ဖွင့်ပြတော်မူခဲ့၏။ ထိုအဝိဇ္ဇာစသောအကြောင်း. သင်္ခါရစသော အကျိုးစသည်တို့၏ ဂမ္ဘီရဖြစ်ပုံကို မသိရသေးသည် မဟုတ်ပါလော။ (ဝါ) ဓမ္မ. အတ္ထ စသည်တို့၏ ဂမ္ဘီရဖြစ်ပုံကိုသာ သိရသေး၍ ဝိနယစသည့် ပိဋကတို့၏ ဂမ္ဘီရဖြစ်ပုံကို မသိရသေးသည် မဟုတ်ပါလော။ ထို့ကြောင့် ဓမ္မ. အတ္ထ စသည်တို့၏ အရကောက်မျှကိုသာ ဆရာမဆိုသင့်။ ထို ဓမ္မစသည်တို့၏ ဂမ္ဘီရဖြစ်ပုံကိုကား အဘယ်ပါနည်း- စုဒ်ကြောင့် ဣဒါနိ- စသည်မိန့်။

ကား-ထိုအဝိဇ္ဇာစသော အကြောင်း(ဓမ္မ)၊ သင်္ခါရစသော အကျိုး (အတ္ထ) စသည်တို့သည် ဉာဏ်ပညာနည်းသော ပုဂ္ဂိုလ်တို့ သက်ဝင်ခြင်းငှါ ခဲယဉ်းသောကြောင့် ထိုဓမ္မ. အတ္ထစသည်တို့၏ တည်ရာဖြစ်သော ပိဋက သည်လည်း ဂမ္ဘီရဖြစ်၏ဟု ငါပြဆိုသည်ဟူလို။

## (ခ) ဝါကျသို့

ဆရာ ဆရာသည် (ဂ)ဝါကျဖြင့် ထိုဓမ္မ. အတ္ထ. ဒေသနာတို့ကို

http://www.dhammadownload.com



မဖေါက်မပြန် မှန်ကန်စွာ သိတတ်သော ဉာဏ်သည် ဒေသနာမည်၏ဟု ဆိုတော်မူ၏။ ပဋိဝေဓအရ ဉာဏ်ကိုသာ ကောက်ယူရပါမည်လော။ အဘယ်သည်လည်း ပဋိဝေဓမည်ပါသေးသနည်း။ စုဒ်ကြောင့် တေသံ တေသံ ဝါ စသည်မိန့်။

ကား- ထိုထို ရုပ်, ဝေဒနာ, သညာ စသည်တို့၏ ရုပ္ပနလက္ခဏာ, ဝေဒယိတလက္ခဏာ, သဉ္ဇာနနလက္ခဏာ စသည်တို့သည်လည်း (ဝါ) ရုပ်, ဝေဒနာ စသည်တို့သည်လည်း ပဋိဝေဓမည်ပါ၏ ဟူလို။

## (င) ဝါကျသို့

ဆရာ ဆရာသည် (က)စသော ဝါကျတို့ဖြင့် ဓမ္မ, အတ္ထစသည်တို့၏ အရကောက်ကို ပြဆိုတော်မူ၏။ ထိုဓမ္မ, အတ္ထ စသည် (ဝါ) အကြောင်းတရား, အကျိုးတရားစသည်တို့၏ နက်နဲပုံ ဂမ္ဘီရဘာဝဖြစ်ပုံကို မသိရသေးသည် မဟုတ်ပါလော။ ယင်းတို့၏ နက်နဲပုံကို ဘယ်သို့ သိမှတ်ရပါမည်နည်း-စုဒ်ကြောင့် သဗ္ဗမ္ပေတံ စသည်မိန့်။

(က) ဝါကျ အထက်၌ကဲ့သို့ အဓိပ္ပါယ်ပြန်။

## (စ) ဝါကျသို့

ဆရာ ဆရာသည် (က)စသော ဝါကျတို့ဖြင့် ဓမ္မ, အတ္ထ စသည်တို့၏ အရကောက်နှင့်တကွ ဂမ္ဘီရဖြစ်ပုံကို ပြဆိုတော်မူခဲ့၏။ ယင်းသို့ဆိုလျှင် အဝိဇ္ဇာစသော အကြောင်း (ဓမ္မ)၊ သင်္ခါရစသော အကျိုး (အတ္ထ) စသည်တို့သည်သာ ဂမ္ဘီရဖြစ်၍ ပိဋကသုံးပုံသည်ကား ဂမ္ဘီရမဖြစ်ဟူသော အနက်သည် ရောက်၏။ (အန-ပါ) စင်စစ်တမူကား ပိဋကသုံးပုံသည်လည်း ဂမ္ဘီရဖြစ်၍ ထိုအနက်သည် မရောက်သင့်။ (ပဋိ-ပါ) ထို့ကြောင့် ပိဋကသုံးပုံ၏ ဂမ္ဘီရဖြစ်ပုံကိုလည်း ဆရာ ပြဆိုသင့်သေး၏။ (အန-ရော) မဆိုဘဲ မနေသင့်။ (ပဋိ-ရော) နေရျေသော် အဗျာပိတဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (စ)ဝါကျကိုမိန့်။

http://www.dhammadownload.com



ကား - ပိဋကသုံးပုံသည်လည်း ထိုမေ့္ဂ, အတ္ထတို့၏ တည်ရာ, ဒေသနာပဋိဝေဓတို့၏ အာရုံပြုရာ ဖြစ်သောကြောင့် ဌာနျူပစာ, ကာရဏူ-ပစာအားဖြင့် ဂမ္ဘီရဖြစ်သည်။ ထို့ကြောင့် အပြစ်မရောက်ဟူလို။

၃။ (က) ဝါကျသည် ဓမ္မ, အတ္ထ စသည်တို့၏ အရကောက်မှတစ်ပါး ထိုဓမ္မ,အတ္ထစသည်တို့၏ ဂမ္ဘီရဖြစ်ပုံကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်သည်။

(ခ) (ဂ) (ဃ)ဝါကျတို့သည်လည်း အဗျာပိတဒေါသကို ပယ်၏။

(င) ဝါကျသည် ထိုဓမ္မ, အတ္ထ စသည်တို့၏ ဂမ္ဘီရဖြစ်ပုံကို ဥပမာဖြင့် ပြသောကြောင့် ဝိရောဓိဒေါသ, အဗျာပိတဒေါသတို့ကို ပယ်သည်။

(စ) ဝါကျသည် ဓမ္မ, အတ္ထ စသည်တို့သည်သာ ဂမ္ဘီရဖြစ်သည် မဟုတ်သေး၊ ပိဋကသုံးပုံသည်လည်း ဂမ္ဘီရဖြစ်သည်ဟု ပြသောကြောင့် အဗျာပိတဒေါသကို ပယ်သည်။

## ဝါသဒ္ဒါ၊ အပိသဒ္ဒါထားရခြင်း အကြောင်း

(ဃ) ဝါကျ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်းကို ဆိုခဲ့ပြီး အမှတ် (၆)ဝါကျ အပရော နယော ဓမ္မောတိ ဟေတု ဝါကျလာ (ဆ)ဝါကျ၌ ဝါ-သဒ္ဒါ ထားရခြင်း အကြောင်းအတိုင်း မှတ်ပါ။

ဓဝမ္မိ-၌ ပိ-ကား ပါဠိ ပါဠိတော်အနက် စသည်တို့သည် ဂမ္ဘီရဖြစ် သကဲ့သို့ ဤအဝိဇ္ဇာစသော အကြောင်း, သင်္ခါရစသော အကျိုးစသည် တို့သည်လည်း ဂမ္ဘီရဖြစ်သည်ဟု ရှေးနည်းကို ပေါင်းသော သမ္ပိဏ္ဍနတ္ထ-ကို ပြလိုသောကြောင့် ထားသည်။

စတုဗ္ဗိဓောပိ-၌ ပိကား ဓမ္မ, အတ္ထ, ဒေသနာ, ပဋိဝေဓဟူသော လေးပါးပေါင်းမှသာ ဂမ္ဘီရဖြစ်သည်မဟုတ်၊ တစ်ပါး, တစ်ပါးသည်လည်း

http://www.dhammadownload.com



ဂမ္ဘီရဖြစ်သည်ဟု အစိတ်ကိုဆည်းသည့် အဝယဝသမုစ္စယတ္ထကို ပြလိုသောကြောင့် ထားသည်။

၄။ ဓမ္မောယေဝ ဇာတံ ကာရဏံ ဓမ္မဇာတံ။ (ဇာတသဒ္ဒါ အကြောင်းဟော)

* တစ်နည်း-ဓမ္မောယေဝ ဓမ္မဇာတံ။ (ဇာတသဒ္ဒါ တဗ္ဘော)

* သုဏာတီတိ သောတာ။(သု+တု) သောယေဝ အဗ္ဘော တဒဗ္ဘော။ ထိုထိုအနက် ရ၏။

* တဒတ္ထသာ ဇောတိကာ တဒတ္ထဇောတိကာ။

* ဝိပရိယာယတီတိ ဝိပရိတော။ (ဝိ+ပရိ+ဣ+တ) ဖောက်ပြန်စွာ ဖြစ်ခြင်း ကြိယာ။

* န ဝိပရီတော အဝိပရီတော။

* သသ အတ္တနော လက္ခဏံ သလက္ခဏံ။

* သလက္ခဏန္တိ သင်္ခါတော သလက္ခဏသင်္ခါတော။

* ဉပစိယတေတိ ဉပစိတော။ (ဉပ+စိ+တ)

* န ဉပစိတော အနုပစိတော။

* အနုပစိတော ကုသလသမ္ဘာရော ယေဟီတိ အနုပစိတကုသလသမ္ဘာရော။ (ယုတ္တတ္ထသမာသ်)
-မဆည်းပူးအပ်သော ကုသိုလ် အဆောက်အဦ၏ ဒုပ္ပညပုဂ္ဂိုလ်တို့နှင့် အကြောင်း+အကျိုးစပ်ခြင်း သမ္ဗန်သည် ဗျု+နိ။
-မဆည်းပူးအပ်သော ကုသိုလ်အဆောက်အဦသည် ပ+နိ။

* (တစ်နည်း) နတ္ထိ ဉပစိတော ပုညသမ္ဘာရော ယေဟီတိ အနုပစိတပုညသမ္ဘာရော။ (အယုတ္တတ္ထသမာသ်)
-ဆည်းပူးအပ်သော ကုသိုလ်အဆောက်အဦ မရှိခြင်း ဂုဏ်၏ + ဒုပ္ပညပုဂ္ဂိုလ်တို့နှင့် ဂုဏ်+ဂုဏီ သမ္ဗန်သည် ဗျု+နိ။

http://www.dhammadownload.com



-ဆည်းပူးအပ်သော ကုသိုလ်အဆောက်အဦ မရှိခြင်းဂုဏ်သည် ပ+နီ။

* နတ္ထိ ပညာ ယဿာတိ ဒုပ္ပညော။

-ပညာမရှိခြင်း၏ ဒုပ္ပညပုဂ္ဂိုလ်နှင့် ဂုဏ်+ဂုဏေး စပ်ခြင်းသမ္ဗန်သည် ဗျု+နီ။

-ပညာ မရှိခြင်းဂုဏ်သည် ပ+နီ။

* သမ္မာ ဥန္နတ္တိ ကလီဒတ္တိ စန္ဒောဒယေ အာပါနီ အသ္မာတိ သမုဒ္ဒေါ။

(စန္ဒောဒယေ၊ လတက်လာသည်ရှိသော်။ အသ္မာ၊ ဤသမုဒ္ဒရာမှ။ အာပါနီ၊ ရေတို့သည်။ သမ္မာ၊ ကောင်းစွာ။ ဥန္နတ္တိ ကလီဒတ္တိ၊ ကြွတက် ယိုစီးကုန်၏။ ဣတိ၊ ကြောင့်။ သမုဒ္ဒေါ၊ မည်၏။)(ကိတ်ဝိဂ္ဂဟ၊ အပါဒါနသာဓန၊) ယိုစီးခြင်း ကြိယာ။

* သမံ ဥဒကေန လောဏံ တွေ့ာတိ သမုဒ္ဒေါ။

(တွေ့၊ ဤသမုဒ္ဒရာ၌။ ဥဒကေန၊ နှင့်။ သမံ၊ အညီအမျှ။ လောဏံ၊ ဆားသည်။ အတ္ထိ၊ ရှိ၏။ ဣတိ။ သမုဒ္ဒေါ။) (ဗဟုဗ္ဗီသမာသဝိဂ္ဂဟ)

-ရေနှင့် အညီအမျှဖြစ်သော ဆား၏ သမုဒ္ဒရာနှင့် ဌာနီ+ဌာနစပ်ခြင်း သမ္ဗန်သည် ဗျု-နီ။

-ရေနှင့် အညီအညွတ်ဖြစ်သော ဆား(ရှိခြင်း)သည် ပ-နီ။

* မဟန္တော သမုဒ္ဒေါ မဟာသမုဒ္ဒေါ။

* စတ္တာရော ဝိဓာ ယဿာတိ စတုဗ္ဗိဓော။

* ဂန္ဓီရာနံ ဘာဝေါ ဂန္ဓီရဘာဝေါ။

-ဂမ္ဘီရဖြစ်သော မွေ့. အတ္ထ. ဒေသနာ. ပဋိဝေဓတို့၏ နက်နဲခြင်းဂုဏ်နှင့် ဂုဏေး+ဂုဏ် သမ္ဗန်သည် ဗျု-နီ။

-နက်နဲခြင်း ဂုဏ်သည် ပ-နီ။

၅။ ဏ္ဍဒါနီ = နိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ ဏ္ဍကာရန္တ။

http://www.dhammadownload.com



| | |
|---|---|
| ဓေတသု | = သဗ္ဗနာမ်ပုဒ်၊ ဝိဋ္ဌေကေသုကို ငဲ့၍ နပုလ္လိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ အကာရန္တ။ |
| သောတုနံ | = ကိတ်ပုဒ်၊ ပုလ္လိင်၊ သတ္တာဒိဂိုဏ်း၊ ဥကာရန္တ။ |
| ဓောတိကာ | = ကိတ်ပုဒ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာကာရန္တ။ |

၆။ (က)ဣဒါနိ-စသည်ဖြင့် ဓမ္မ-အရ အဝိဇ္ဇာ-စသော အကြောင်းတရား၊ အတ္ထအရ သင်္ခါရ-စသော အကျိုးတရား စသည်တို့ကို ပြပြီးဖြစ်၍ ထိုဓမ္မ, အတ္ထ စသည်တို့၏ ဂမ္ဘီရဖြစ်ပုံကို ဆက်လက်ပြဆိုမည့် အဖြစ်ကို သိစေသည်။

ထိုတွင် ဓေတသု ဝိဋ္ဌေကေသု -စသည်ဖြင့် ဤဝိဋ္ဌကတ်သုံးပုံတို့၌ အဝိဇ္ဇာစသော အကြောင်းတရားသည်ဓမ္မ၊ သင်္ခါရစသော အကျိုးတရားတို့သည် အတ္ထမည်သည်၏အဖြစ်ကို သိစေသည်။(ဘာဝတ္ထ၊အာဘိ ဓေယျတ္ထ)

(ခ) ယာစာယံ ဒေသနာ -စသည်ဖြင့် အကြင်အကြင်သို့သော အခြင်းအရာအားဖြင့် သိအပ်သော သောတုဇနတို့၏ ဉာဏ်၌ ထင်လာသော အနက်သည် ရှိ၏။ ထိုအနက်ကို ထွန်းပြတတ်သော သဝိညတ္တိဝိကာရ ဝစီဘေဒ စိတ္တဇသဒ္ဒသည် (တစ်နည်း) ထိုဝစီဘေဒစိတ္တဇသဒ္ဒကို ဖြစ်စေတတ်သော စိတ္တုပ္ပါဒ်သည် ဒေသနာမည်သည်၏ အဖြစ်ကို သိစေသည်။

(ကြွင်းသော အာဘော်များကို လွန် ခဲ့ပြီး အမှတ် ၆ ။ (ဂ)(ဃ)ဝါကျ တို့အတိုင်း ဖော်ပါ။ ဤဝါကျ၌ သိသာရုံမျှသာ ဖော်ပြပါမည်။)

(ဂ) ယော စေတ္ထ - စသည်ဖြင့် ဓမ္မ, အတ္ထ, ဒေသနာတို့ကို ဟုတ်တိုင်းမှန်စွာ သိတတ်သောဉာဏ်ကို ပဋိဝေဓအရ ကောက်ယူရမည်၏ အဖြစ်ကို သိစေသည်။

(ကြွင်း အမှတ်(၆) ဝါကျလာ (င)ဝါကျအတိုင်း အပြည့်အစုံ ဖော်ပါ)

(ဃ) တေသံ တေသံဝါ -စသည်ဖြင့် ပဋိဝေဓ-အရ ထိုးထွင်း၍

http://www.dhammadownload.com



သိအပ်သော ရုပ္ပန.နမန.ဖုသနစသော လက္ခဏာတို့ကို ယူရမည် အဖြစ်ကို သိစေသည်။

(ကြွင်းအမှတ်(၆) ဝါကျလာ (ဆ) ဝါကျအတိုင်း အပြည့်အစုံဖော်ပါ)

**(င) သဗ္ဗမွေတ်** - စသည်ဖြင့် ထိုဓမ္မ. အတ္ထ. ဒေသနာ ပဋိဝေဓ တို့သည် မဟာသမုဒ္ဒရာသည် ယုန်သူငယ်တို့အတွက် သက်ဝင်ကူးခတ်ရန် ခဲယဉ်း၍ ထောက်တည်ရာကို မရနိုင်သကဲ့သို့ ကုသိုလ်ကောင်းမှုကို မဆည်းပူးခဲ့သော မန္ဒပုဒ္ဓိပုဂ္ဂိုလ်တို့သည် သက်ဝင်ခြင်းငှာ ခဲယဉ်းသည် အဖြစ်၊ ထောက်တည်ရာကို မရနိုင်သည့်အဖြစ်၊ ထိုသို့ ထောက်တည်ရာ မရနိုင်သောကြောင့် ဂမ္ဘီရ ဖြစ်ရသည်၏ အဖြစ်ကို သိစေသည်။ (ဘာဝတ္ထ)

**(စ) ဝေတ္ထိ - ကေမကေသို - စသည်ဖြင့်** ဓမ္မ. အတ္ထ. ဒေသနာ. ပဋိဝေဓတို့သည် ဂမ္ဘီရ ဖြစ်သကဲ့သို့ ထိုသို့တည်ရာ ဖော်ပြရာဖြစ်သော ပိဋကသုံးပုံတို့သည်လည်း ကာရဏူပစာ. ဌာနျူပစာအားဖြင့် ခက်ခဲနက်နဲ သည်၏ အဖြစ်ကို သိစေသည်။ (ဘာဝတ္ထ)

၇။ (က) ဝေတသု = ပသိဒ္ဓဝိသယ။
ယံယံ = ပသိဒ္ဓဝိသယ။
(ခ) ယာ အယံ = ပသိဒ္ဓဝိသယ။
(ဂ) ယော = ပသိဒ္ဓဝိသယ။
ဧတ္ထ = ပစ္စက္ခဝိသယ။
(ဃ) တေသံ တေသံ = ပသိဒ္ဓဝိသယ။
(င) ဧတံ = ပစ္စက္ခဝိသယ။
တသ္မာ = အနုဘူတဝိသယ။
(စ) ဧတ္ထ = ပစ္စက္ခဝိသယ။

၈။ ဓမ္မဇာတ် - အရ အဝိဇ္ဇာ စသော အကြောင်း။ အတ္ထဇာတ် - အရ

http://www.dhammadownload.com



သခ်ိရစသော အကျိုးတို့ကို ကောက်၍ လွှန်ခဲ့ပြီး အမှတ်(၆)ဝါကျလာ နံပါတ်(၈)တွင် ဖော်ပြထားသည့်အတိုင်း ကြိယာငါးတန်ထုတ်။

ဒေသနာအရ - ဝစီဘေဒစိတ္တဇသဒ္ဒရုပ်၊ တစ်နည်း - ဒေသနာဉာဏ် စိတ္တုပ္ပါဒ်ကို ကောက်၍ ဝါကျအမှတ် (၅)လာ နံပါတ်(၈)အတိုင်းထုတ်။

ပဋိဝေဓအရ - ဉာဏ်ကိုကောက်၍ ဝါကျအမှတ်(၅)လာ နံပါတ်(၈) အတိုင်း ထုတ်။

၉။ ဒေသနာ-အရ ဝစီဘေဒစိတ္တဇသဒ္ဒရုပ်၊ တစ်နည်း - ဒေသနာဉာဏ် (ပညိန္ဒြေ)ကောက်၍ လက္ခဏာဒိစတုက္က ထုတ်ပါ။

## ၁၀။ သောတူနံ ဉာဏဿ အဘိမုခေါ် ဟောတိ။

ဉာဏဿ - အရ သောတုဇနတို့၏ သန္တာန်၌ဖြစ်သော ဉာဏ်ရ၏။

အဘိမုခေါ (ဟောတိ) အရ- ထိုသို့ အဝိဇ္ဇာ စသောအကြောင်း, သခ်ိရစသော အကျိုးတို့ကို ရ၏။

အဘိမုခေါ-အရ ပစ္စည်းတရားက ဉာဏဿ-အရ ပစ္စယုပ္ပန် တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။

အာရမ္မဏ, အဓိပတိ, ဥပနိဿယ, ပုရေဇာတ, အတ္ထိ, အဝိဂတ ပြိုင်။

ပဋိဝိဇ္ဈိတဗ္ဗော = အမှတ်( ၆ )ဝါကျ၌ရှု။
ဝေဒိတဗ္ဗော = အမှတ်(၅)ဝါကျ၌ရှု။

< >

http://www.dhammadownload.com

# တိကမာတိကာ အဖွင့်

## ဝါကျ (၈) ကုသလတိက် အဖွင့်

(က) ဣဒါနိ "ကုသလာ ဓမ္မာ"တိ အာဒီနံ မာတိကာပဒါနံ အယ-မနုပုဗ္ဗပဒဝဏ္ဏနာ။

(ခ) ကုသလသဒ္ဒေါ တာဝ အာရောဂျအနဝဇ္ဇဆေက သုခဝိပါ-ကေသု ဒိဿတိ။

(ဂ) အယဉှိ "ကစ္စိ နု ဘောတော ကုသလံ၊ ကစ္စိ ဘောတော အနာမယ" န္တိ အာဒီသု အာရောဂျေ ဒိဿတိ။

(ဃ) "ကတမော ပန ဘန္တေ ကာယသမာစာရော ကုသလော၊ ယော ခေါ မဟာရာဇ ကာယသမာစာရော အနဝဇ္ဇော"တိစ "အပရံ ပန ဘန္တေ ဧတဒါနုတ္တရိယံ၊ ယထာ ဘဂဝါ ဓမ္မံ ဒေသေတိ ကုသလေသု ဓမ္မေသု" တိ စ ဧဝမာဒီသု အနဝဇ္ဇေ။ (ပ)

(င) သွာယမိဓ အာရောဂျေပိ အနဝဇ္ဇေပိ သုခဝိပါကေပိ ဝတ္တတိ။

(ဠ-၈ဝ၊၈၁)

### အဍရံ ပန ဘန္တေ / ပုန စ ပရံ ပန ဘန္တေ။

ဤပါဠိတော်သည် သုတ်ပါထေယျ သမ္ပသာဒနီယသုတ်၌ လာသည်။ ထိုမူရင်းဖြစ်သော ပါဠိတော်၌ အပရံ ပန ဘန္တေ သာရှိသောကြောင့် အပရံ ပန ဘန္တေ သာသင့်။

http://www.dhammadownload.com



**တေဒါနုတ္တရိယံ / ကေဒါနုတ္တရိယံ။**

ဂန္ထိပေဟာင်း, ဂန္ထိသစ် နှစ်စောင်လုံး၌ ကေဒါနုတ္တရိယံ-ဟုရှိ၏။ ကေ-သဒ္ဒါကို အာသဟာယအနက်ယူ၍ ပေးကြ၏။ သို့သော်မူရင်းဖြစ်သော သမ္ဗာဒနီယသုတ်၌ တေဒါနုတ္တရိယံ-ဟု ရှိသောကြောင့်လည်းကောင်း၊ ယင်းသုတ်အဋ္ဌကထာ၌လည်း "သာ တုမှာကံ ဒေသနာ အနုတ္တရာတိ ဝဒတိ" ဟု တေသဒ္ဒါနှင့် သမ္ဗန္ဓာမ်ချင်းတူသော တ(တာ) သဒ္ဒါဖြင့် ဖွင့်ဆိုထားသောကြောင့်လည်းကောင်း "တေဒါနုတ္တရိယံ" ဟုရှိသည်။

**တေဒနုတ္တရိယံ / တေဒါနုတ္တရိယံ။**

အနုတ္တရိယံ (အနုတ္တရ+ဏ္ဏယ) ဟုယူလျှင် တေဒနုတ္တရိယံ၊ အာနုတ္တရိယံ၊ (အနုတ္တရ+ဏျ)ဟုယူလျှင် တေဒါနုတ္တရိယံဟု နှစ်မျိုးလုံး ရှိနိုင်သည်။

**၁။ အပရံ ပန ဘန္တေ တေဒါနုတ္တရိယံ၊ ယထာ ဘဂဝါ ဓမ္မံ ဒေသေတိ ကုသလေသု ဓမ္မေသု။ ကို အနက်၂-နည်းပေးပုံ။**

ဘန္တေ-ဘုရား။ အပရံ ပန -တစ်ပါးတုံသော်ကား။ ဘဂဝါ-သည်၊ ယထာ-အကြင်ဒေသနာတော် အခြင်းအရာအားဖြင့်၊ ဓမ္မံ-ကို၊ ဒေသေတိ-မူ၏၊ ဝေါ -ဤဒေသနာတော်သည်၊ (တုမှာကံ-တို့၏)၊ အနုတ္တရိယံ-မြတ်သော ပုဂ္ဂိုလ်၏ဖြစ်ကြောင်း ကောင်းလှပါပေ၏။ (တစ်ဝါကျ) (ဒေသိတေသု-ဟောကြားအပ်ကုန်သော။) ကုသလေသု- အပြစ်မရှိကြကုန်သော၊ ဓမ္မေသု-တရားတို့ကြောင့်လည်း၊ (တုမှာကံ-တို့၏) အနုတ္တရိယံ-မွန်မြတ်ခြင်း၏အကြောင်း အကောင်းဂုဏ်သည်၊ ဟောတိ- ဖြစ်ရပါ၏။

(တစ်ဝါကျ) ဤသို့၂-ဝါကျခွဲ၍ သမ္ဗန်။

**တစ်နည်း**

ယထာ-ဖြင့်၊ ဘဂဝါ-သည်၊ ကုသလေသု-ကုန်သော၊ ဓမ္မေသု-တို့၌၊ ဓမ္မံ-ကို၊ ဒေသေတိ-၏၊ ဝေါ-ဤဒေသနာတော်သည်၊ အနုတ္တ

http://www.dhammadownload.com



ရှိယံ-မြတ်သော ပုဂ္ဂိုလ်ဖြစ်ကြောင်း ဖြစ်ပါပေ၏။ ဤသို့ တစ်ဝါကျတည်း လည်းပေးနိုင်။

၂။ (က) ဝါကျသို့ ဋ္ဌပနာပဥ္စက

ဆရာ ဆရာသည် တတ္ထ ကေနဋ္ဌေန အဘိဓမ္မာ-စသည်ဖြင့် အဘိဓမ္မာ အဋ္ဌကထာ၏ အခြေပါဒစကားရပ်ကို ပြဆိုတော်မူခဲ့၏။ အဘိဓမ္မာ အဋ္ဌကထာ၏ အဖွင့်သံဝဏ္ဏနာတို့ကို မပြတော့ပြီလော။ အဘိဓမ္မာ အဋ္ဌကထာ၏ အဖွင့်သံဝဏ္ဏနာကို မည်သို့မှတ်ရမည်နည်း။ စုဒ်ကြောင့် ဣဒါနိ-စသည် မိန့်။

ကား- အဘိဓမ္မာအဋ္ဌကထာကို အနုပုဗ္ဗပဒသံဝဏ္ဏနာနည်းဖြင့် ဖွင့်ဆိုပါမည်ဟူလို။

(ခ) ဝါကျသို့ ဋ္ဌပနာပဥ္စက

ဆရာ ဆရာသည် ဤဆိုလတ့်သည်ကား ကုသလာဓမ္မာ အစရှိသော မာတိကာပုဒ်တို့၏ အနုပုဗ္ဗပဒဝဏ္ဏနာတည်းဟု ဆိုတော်မူခဲ့၏။ ယင်းသို့ဆိုလျှင် ရှေးဦးစွာ ကုသလသဒ္ဒါ၏ ဝစနတ္ထကို ပြဆိုမည်ဟု မှတ်ရမည်လော။ အဘယ်သို့ မှတ်ရမည်နည်း။ စုဒ်ကြောင့် (ခ) ဝါကျမိန့်။

ကား- ကုသလသဒ္ဒါ၏ ဝစနတ္ထကို မပြဆိုသေး။ ရှေးဦးစွာ ကုသလသဒ္ဒါ၏ အတ္ထုဒ္ဓါရကို ပြဆိုမည်ဟူလို။

(ဂ) ဝါကျသို့ ဋ္ဌပနာပဥ္စက

ဆရာ ဆရာသည် ကုသလသဒ္ဒါသည် အာရောဂျအနက်. အနဝဇ္ဇအနက် စသည်တို့၌ ထင်၏ဟု ဆိုတော်မူ၏။ အာရောဂျအနက်. အနဝဇ္ဇအနက် စသည်သည် ကုသလသဒ္ဒါ၏ အနက်မဖြစ်လေက ဆရာ့စကား မသင့်ရာသည် မဟုတ်ပါလော။ (အတ္ထာပသင်္ဂစောဒနာ) တစ်နည်း-အာရောဂျအနက်. အနဝဇ္ဇအနက်တို့၌ ကုသလသဒ္ဒါမဖြစ်လေက ဆရာ့စကား မသင့်

http://www.dhammadownload.com



နိုင်ရာသည် မဟုတ်ပါလော။ (သဒ္ဒပသင်္ဂစောဒနာ)။ ထို့ကြောင့် (ခ) ဝါကျကိုသာ မဆိုသင့်။ ကုသလသဒ္ဒါက အာရောဂျစသော အနက်တို့ကို ဟောသည်ဟုသိနိုင်ကြောင်း အထောက်သာဓက အာဂမယုတ္တိကား အဘယ်ပါနည်း။ စုဒ်-ကြောင့် (ဂ) ဝါကျမိန့်။

ကား - ကစ္စိ နု ဘောတော ကုသလံ-စသော အာဂမယုတ္တိတို့ကို ထောက်ဆ၍ ကုသလသဒ္ဒါ အာရောဂျ-စသော အနက်တို့ကို ဟောကြောင်း သိနိုင်ပါ၏ ဟူလို။

## (င) ဝါကျသို့ ဥာပနာပဋ္ဌက

ဆရာ ဆရာသည် (ခ) စသော ဝါကျတို့ဖြင့် ကုသလသဒ္ဒါသည် အာရောဂျ- စသောအနက်တို့ကို ဟောသည်ဟု ယုတ္တိသာဓကနှင့်တကွ ပြဆိုတော်မူ၏။ ဤ ကုသလာဓမ္မာ ဟူသော မာတိကာပါဠိတော်၌ ထိုအနက်အားလုံးကိုပင်ဟောသည်ဟု မှတ်ရမည်လော။ အဘယ်သို့ မှတ်ရမည်နည်း စုဒ်ကြောင့် (င) ဝါကျမိန့်။

ကား - အနက်အားလုံးကို မဟော၊ အာရောဂျအနက်, အနဝဇ္ဇအနက်, သုခဝိပါကအနက်တို့ကိုသာ ဟောပါ၏ဟူလို။

၃။ (က) ဝါကျသည် အဘိဓမ္မာအဋ္ဌကထာ၏ အခြေပါဒ စကားရပ်တို့ကိုပြဆိုပြီးနောက် အစဉ်ရောက်လာသည်အားလျော်စွာ အဘိဓမ္မာအဋ္ဌကထာ၏အဖွင့်ကို ပြဆိုသောကြောင့် အဗျာပိတဒေါသကို ပယ်သည်။

(ခ) ဝါကျသည် ကုသလသဒ္ဒါသည် အနက်မရှိသောသဒ္ဒါမဟုတ်၊ အာရောဂျ စသောအနက်တို့ကို ဟောသောသဒ္ဒါဟု ပြဆိုသောကြောင့် နိရတ္ထကဒေါသကို ပယ်သည်။

(ဂ) ဝါကျသည် ကုသလသဒ္ဒါက အာရောဂျစသောအနက်တို့ကို ဟောကြောင်း အာဂမယုတ္တိဖြင့် ပြဆိုသောကြောင့် ဝိရောဓိဒေါသ, ဩစိတျ

http://www.dhammadownload.com



ဟီနဒေါသတို့ကို ပယ်ပါသည်။

(ဃ) ဝါကျသည် ကုသလသဒ္ဒါ၏ အာရောဂျအနက်ကို ဟောသည့် အာဂမယုတ္တိမှတစ်ပါး အနဝဇ္ဇအနက်ဟောသည့် အာဂမယုတ္တိတို့ကို ပြဆိုသောကြောင့် အဗျာပိတဒေါသ, ဝိရောဓိဒေါသ, ဩစိတျဟီနဒေါသတို့ကို ပယ်သည်။

ပကၠန္တရ ဝါကျဖြစ်၍ အဗျာပိတဒေါသ, (ခ)ဝါကျ၏ အာဂမယုတ္တိ ဝါကျဖြစ်၍ ဝိရောဓိ, ဩစိတျဟီနဒေါသတို့ကို ပယ်သည်ဟုဆိုသည်။

(င) ဝါကျသည် ကုသလာဓမ္မာ-၌ ကုသလသဒ္ဒါ၏ အနက်တို့ကို အတိအကျပြဆိုသောကြောင့် အတိဗျာပိတဒေါသ, ဝိရောဓိဒေါသတို့ကို ပယ်သည်။

၄။ မာတာ ဝိယ မာတိကာ။ (ဥပမာတဒ္ဓိတ်၊ မာတု+ဏ္ဏက)

-အမိ၏မာတိကာနှင့် ဥပမာန+ဥပမေယျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဇျ-နိ။

-အမိနှင့် တူမျှခြင်းဂုဏ် (ဥပမာ) သည် ပ-နိ။

* ပုဗ္ဗံ အနုဂတာနိ အနုပုဗ္ဗံ။ (အဗျယီဘော)

-ရှေ့နှင့်အစဉ်လိုက်သော ပုဒ်တို့၏ ဝိသယ+ဝိသယီ စပ်ခြင်းသမ္ဗန်သည် ဇျ-နိ။ -ရှေ့သို့ အစဉ်လိုက်ခြင်းသည် ပ-နိ။

* အနုပုဗ္ဗံ စ တာနိ ပဒါနိ စာတိ အနုပုဗ္ဗပဒါနိ။

* အနုပုဗ္ဗပဒါနံ ဝဏ္ဏနာ အနုပုဗ္ဗပဒဝဏ္ဏနာ။

-အစဉ်ဖြစ်သော ပုဒ်တို့၏ဖွင့်ဆိုကြောင်း သံဝဏ္ဏနာနှင့် သံဝဏ္ဏေတဗ္ဗ+ သံဝဏ္ဏနာ စပ်ခြင်းသမ္ဗန်သည် ဇျ-နိ။

-အစဉ်ဖြစ်သောပုဒ်တို့ကို ဖွင့်ဆိုခြင်းသည်လည်းကောင်း၊ ထိုအနုပုဗ္ဗပဒဝဏ္ဏနာ၏ သာမညဇာတ်သည် လည်းကောင်း ပ-နိ။

* ရုဇ္ဇတီတိ ရောဂေါ။ (ရုဇ+ဏ) နာကျင်ခြင်းကြိယာ။

http://www.dhammadownload.com



* နတ္ထိ ရောဂေါ ဧတသ္မာတိ အရောဂေါ။

ကိလေသာ အနာရောဂါ မရှိခြင်း၏ ကုသိုလ်နှင့် ဂုဏ်+ဂုဏေး သမ္ဗန်သည် ဗျ-နိ။ ကိလေသာ အနာရောဂါ ကင်းခြင်းဂုဏ်သည် ပ-နိ။

* အာရောဂသ္သ ဘာဝေါ အာရောဂျံ။ (အရောဂ+ဏျ)

ကိလေသာ အနာရောဂါကင်းသော ကုသိုလ်၏ အနာရောဂါ ကင်းခြင်းဂုဏ်နှင့် ဂုဏေး+ဂုဏ် စပ်ခြင်း သမ္ဗန်သည် ဗျ-နိ။

အနာရောဂါ ကင်းခြင်းဂုဏ်သည် ပ-နိ။

အနဝဇ္ဇ. သုခဝိပါကတို့၏ ဝိဂ္ဂဟကို အမှတ် (၁၁) ဝါကျ၌ ရှုပါ။

* နတ္ထိ အာမယော ဧတသ္မာတိ အနာမယော။

ရောဂါကင်းခြင်းဂုဏ်၏ ရောဂါကင်းသူနှင့် ဂုဏ်+ဂုဏေး စပ်ခြင်း သမ္ဗန်သည် ဗျ-နိ။

ရောဂါကင်းခြင်းဂုဏ်သည် ပ-နိ။

* ကာယေ ပဝတ္တော သမာစာရော ကာယသမာစာရော။

ကာယဒွါရ၏ အကျင့်နှင့် ဌာန+ဌာနီ စပ်ခြင်းသမ္ဗန်သည် ဗျ-နိ။

ကာယဒွါရ (ဝါ) ကာယဒွါရ၌ ဖြစ်ခြင်းသည် ပ-နိ။

* နတ္ထိ ဥတ္တရော ယသ္မာတိ အနုတ္တရော။

သာလွန်သူမရှိခြင်းဂုဏ်၏ မြတ်စွာဘုရားနှင့် ဂုဏ်+ဂုဏေး စပ်ခြင်း သမ္ဗန်သည် ဗျ-နိ။

သာလွန်သူ မရှိခြင်းဂုဏ်သည် ပ-နိ။

* အနုတ္တရသ္သ (ဗုဒ္ဓသ္သ) ဘာဝေါ အနုတ္တရိယံ။ (အနုတ္တရ+ဏ္ဏယ)

သာလွန်သူမရှိသောဘုရား၏ သာလွန်သူမရှိခြင်းဂုဏ် (အနုတ္တရ ဂုဏ်) နှင့် ဂုဏေး+ဂုဏ် စပ်ခြင်းသမ္ဗန်သည် ဗျ-နိ။

သာလွန်သူမရှိခြင်း (အမြတ်ဆုံးဖြစ်ခြင်း) ဂုဏ်သည် ပ-နိ။

၅။ ကစ္စ = နိပါတ်ပုဒ်၊ အလိုင်၊ ဂဏဝိမုတ်၊ ဏ္ဏကာရန္တ။

http://www.dhammadownload.com



သောတော = ကိတ်ပုဒ်၊ ပုလ္လိင်၊ ဂစ္ဆန္တာဒိ၊ အကာရန္တ။
အရောဂျ = တဒ္ဓိတ်ပုဒ်၊ နပုလ္လိင်၊ စိတ္တာဒိ၊ အကာရန္တ။

၆။ (က) ဣဒါနိ-စသည်ဖြင့် ယခုအခါ ကုသလာ ဓမ္မာ-အစရှိ ကုန်သော မာတိကာပုဒ်တို့၏ အစဉ်အတိုင်းဖွင့်ဆိုမည့် အဖွင့်သံဝဏ္ဏနာ သည် ဖြစ်လတ္တံ့ဟု သိစေသည်။ (ဘာဝတ္ထ)

(ခ) ကုသလသဒ္ဒေါ တာဝ-စသည်ဖြင့် ကုသလသဒ္ဒါသည် အာရောဂျအနက်. အနဝဇ္ဇအနက်. ဆေကအနက်. သုခဝိပါကအနက်တို့ကို ဟောကြောင်း သိစေသည်။ (အဘိဓေယျတ္ထ၊ နာမလိင်္ဂတ္ထ။)

(ဂ) အယဉ္ဟိ-စသည်ဖြင့် " ကစ္စိ နု ဘောတော ကုသလံ၊ ကစ္စိ ဘောတော အနာမယံ" စသော ပါဠိရပ်တို့၌ ကုသလသဒ္ဒါသည် အာရောဂျ အနက်ကိုဟောသည်ဟု အာဂမယုတ္တိကို သိစေသည်။ (ဘာဝတ္ထ)

(ဃ) ကတမော ပန ဘန္တေ - စသည်ဖြင့် ကတမော ပန ဘန္တေ ကာယသမာစာရော ကုသလော -စသော ပါဠိတော်တို့၌ ကုသလသဒ္ဒါ သည် အနဝဇ္ဇအနက်ကို ဟောသည်၏အဖြစ်ကို သိစေသည်။ (ဘာဝတ္ထ)

(င) သွာယမိဓ - စသည်ဖြင့် ဤ ကုသလာ ဓမ္မာ-ဟူသော ပါဠိတော်လာ ကုသလ-သဒ္ဒါသည် အရောဂျအနက် . အနဝဇ္ဇအနက်. သုခဝိပါကအနက်တို့ကို ဟောကြောင်းသိစေသည်။ (သဒ္ဒတ္ထ၊ အဘိဓေယျတ္ထ၊ နာမလိင်္ဂတ္ထ)

၇။ (က) အယံကား အနုပုဗ္ဗပဒဝဏ္ဏနာ ဟူသော အစွဲပုဒ်တိုက်ရိုက် ရှိသောကြောင့် ပသိဒ္ဓဝိသယ။

(ဂ) အယံကား (ခ)ဝါကျရှိ ကုသလသဒ္ဒေါကို စွဲသောကြောင့် ပတ္တန္တဝိသယ။

http://www.dhammadownload.com



(င) သွာယ်+သောအယ်-တို့ကား ကုသလသဒ္ဒါကို စွဲသော ကြောင့် ပဏ္ဏတ္တိဝိသယ။

## ၈။ အယမနုပုဗ္ဗပဒဝဏ္ဏနာ-၌ ကြိယာငါးတန်။

အဘိဓမ္မာ အဋ္ဌကထာ၏ အနုပုဗ္ဗပဒဝဏ္ဏနာသည် ဒဿနတ္ထ။ အဘိဓမ္မာ အဋ္ဌကထာ၏ အခြေပါဒစကားရပ်ကို ပြဆိုပြီးခြင်းသည် ဒီပကတ္ထ။ ကုသလ သဒ္ဒါ တာဝ-စသည်ဖြင့် ဤအဘိဓမ္မာ အဋ္ဌကထာကို ဖွင့်ဆိုအား ထုတ်ခြင်းသည် ပကာသနတ္ထ။ ဗုဒ္ဓဃောသရဟန်း၏ တောင်းပန်ခြင်းနှင့် အရှင်မဟာဗုဒ္ဓဃောသ၏ သာသနာတော်အကျိုး, သောတုဇနတို့၏အကျိုး ကို လိုလားခြင်း, သနားခြင်းစသော အကြောင်းများသည် ဝိဘာဝတ္ထ။ အဋ္ဌသာလိနီအဋ္ဌကထာကို လေ့လာရသဖြင့် သောတုဇနတို့၏ အဘိဓမ္မာ၌ လိမ္မာကျွမ်းကျင်ခြင်း, သာသနာတော်ကို အရှည်တည်တံ့စေခြင်း စသော အကျိုးများသည် အနုဘာဝတ္ထ။

## ကုသလေသု ဓမ္မေသု အရ ကြိယာငါးတန်

ဗောဓိပက္ခိယတရား ၃၇-ပါးသည် ဒဿနတ္ထ။ ယောနိသော မနသိ ကာရသည် ဒီပကတ္ထ။ ဗောဓိဉာဏ်ကို ရခြင်းသည် ပကာသနတ္ထ။ သပ္ပုရိသူပ နိဿယ စသော အကြောင်းများသည် ဝိဘာဝတ္ထ။ မြတ်ဗုဒ္ဓ၏ အလွန်မြင့် မြတ်သူ ဖြစ်ရခြင်းမှစ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုး အဆက်ဆက်သည် အနုဘာဝတ္ထ။

## ၁၀။ အာရောဂျ (ပ) သုခဝိပါကေသု ဒီဿတိ။

အာရောဂျ (ပ) သုခဝိပါကေသု -အရ အာရောဂျအနက်, အနဝဇ္ဇ အနက်, ဆေကအနက်, သုခဝိပါကအနက်တို့ကို ရ၏။ ယင်းသည် ပစ္စည်း။ ဒိဿတိအရ ကုသလသဒ္ဒါ ရ၏။ ယင်းသည် ပစ္စယုပ္ပန်။

ထို့ကြောင့် အတ္ထပညတ်ပစ္စည်းတရားက သဒ္ဒပညတ်ပစ္စယုပ္ပန် တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

http://www.dhammadownload.com



**ကာယသမာစာရော -**

ကာယ - အရ ကာယဝိညတ်ဟူသော ကာယဒွါရ ရ၏။ သမာစာရော အရ ထိုကာယဝိညတ်၌ဖြစ်သော ကောင်းသော အပြစ်ကင်းသော မဟာကြိယာစိတ္တုပ္ပါဒ်ဟူသော အမှုရ၏။ ထို့ကြောင့် ကာယဝိညတ်ပစ္စည်းတရားက မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ပကတူပသတ္တိဖြင့် ကျေးဇူးပြုသည်။

**သုခဝိပါကေ - (သုခေါ ဝိပါကော ယဿာတိ သုခဝိပါကော)။**

သုခေါ ဝိပါကော (သုခဝိပါက)ဟူသော အန္တတ္ထ သမာသ်ပုဒ်အရ ဝိပါတ်စိတ် ဆတ္တိံသ, စေတသိက် အဋ္ဌတ္တိံသ, ပဋိသန္ဓေကမ္မဇရုပ် ရ၏။ ယဿ ဟူသော အညပုဒ် ဗဟုဗ္ဗဲ့အရ ကုသိုလ်ကံစေတနာ ရ၏။

ထို့ကြောင့် ကုသိုလ်ကံစေတနာပစ္စည်းတရားက ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားအား ပကတူပသတ္တိဖြင့် ကျေးဇူးပြုသည်။

ပကတူပနိဿယ နှင့် နာနက္ခဏိက ကမ္မ ၂-ပစ္စည်းပြိုင်။

< >

http://www.dhammadownload.com



## ဝါကျ ( ၉ ) ကုသလအဖွင့်

(က) ဝစနတ္ထော ပနေတ္ထ ကုစ္ဆိတေ ပါပကေ ဓမ္မေ သလယန္တိ စလယန္တိ ကမ္ပေန္တိ ဝိဒ္ဓံသေန္တီတိ ကုသလာ။

(ခ) ကုစ္ဆိတေန ဝါ အာကာရေန သယန္တီတိ ကုသာ၊ တေ အကု သလသင်္ခါတေ ကုသေ လုနန္တိ ဆိန္ဒန္တီတိ ကုသလာ။

(ဂ) ကုစ္ဆိတာနံ ဝါ သာနတော တနုကရဏတော ဩသာန ကရဏတော ဉာဏံ ကုသံ နာမ၊ တေန ကုသေန လာတဗ္ဗာတိ ကုသလာ။ ဂဟေတဗ္ဗာ ပဝတ္တေတဗ္ဗာတိ အတ္ထော။

(ဃ) ယထာ ဝါ ကုသာ ဥဘယဘာဂဂတံ ဟတ္ထပ္ပဒေသံ လုနန္တိ၊ ဧဝမိမေပိ ဥပ္ပန္နာနုပ္ပန္နာဘာဝေန ဥဘယဘာဂဂတံ ကိလေသပက္ခံ လုနန္တိ၊ တသ္မာ ကုသာ ဝိယ လုနန္တီတိပိ ကုသလာ။

(၅-၈၁)

၁။ (က) ဝါကျရှိ ကြိယာပုဒ်တို့ကို အနက်တူ + အနက်ပြား ကြံ၍ အနက်ပေးလိုသော်-

သလယန္တိ စလယန္တိ- တဒင်္ဂပဟာန် (ကာမာဝစရကုသိုလ်)၏ အစွမ်းဖြင့် တုန်လှုပ်စေကုန်၏။

သလယန္တိ ကမ္ပေန္တိ-ဝိက္ခမ္ဘနပဟာန် (မဟဂ္ဂုတ်ကုသိုလ်)၏ အစွမ်း ဖြင့် အပြင်းအထန် တုန်လှုပ်စေကုန်၏။

သလယန္တိ ဝိဒ္ဓံသေန္တိ-သမုစ္ဆေဒပဟာန်(မဂ်ကုသိုလ်)ဖြင့် အကြွင်းမဲ့ ဖျက်ဆီးတတ်ကုန်၏။ (ဤကား အနက်ပြား)

သလယန္တိ (ပ) ဝိဒ္ဓံသေန္တိ - ဖျက်ဆီးတတ်ကုန်၏။

(ဤကား အနက်တူ)

http://www.dhammadownload.com



## (ခ) ဝါကျ၌ နိယမ+ အနိယမ ထည့်စွက်၍ အနက်ပေးပုံ

ယေ ဓမ္မာ၊ အကြင်အကုသိုလ်တို့သည်။ (အနိယမ)။ ရာဂါဒိအသုစိသမ္ပယောဂတော၊ ရာဂစသော မစင်ကြေယ်သော တရားတို့နှင့် ယှဉ်သောကြောင့်လည်းကောင်း။ နာနာဝိဓဒုက္ခပဟေတုတော စ၊ အမျိုးမျိုးသော အပြားရှိသော ဆင်းရဲဒုက္ခ၏ အကြောင်းဖြစ်သောကြောင့်လည်းကောင်း။ ကုစ္ဆိတေန၊ သော။ အာကာရေန၊ ဖြင့်။ (သန္တာနေ၊ သတ္တဝါတို့၏ သန္တာန်၌။) သယန္တိ၊ ကိန်းတတ်ကုန်၏။ ဣတိ၊ ကြောင့်။ တေ ဓမ္မာ၊ ထို အကုသိုလ်တို့သည်။ (နိယမ)။ ကုသာ၊ ကုသမည်ကုန်၏။

ယေ ဓမ္မာ၊ အကြင်ကုသိုလ်တရားတို့သည်။ (အနိယမ)။ အကုသလသင်္ခါတေ၊ ကုန်သော။ တေ ကုသေ၊ ထိုအကုသိုလ်တို့ကို။ လုနန္တိ ဆိန္ဒန္တိ၊ ဖြတ်တတ်ကုန်၏။ ဣတိ၊ ကြောင့်။ တေ ဓမ္မာ၊ ထို ကုသိုလ်တရားတို့သည်။ (နိယမ)။ ကုသလာ၊ ကုန်၏။

## ၂။ (က) ဝါကျသို့ ဥပနာပဋ္ဌက

ဆရာ ဆရာသည် ကုသလသဒ္ဒေါ တာဝ -စသည်ဖြင့် ကုသလသဒ္ဒါ၏ အတ္ထုဒ္ဓါရနှင့် အတ္ထုဒ္ဒေသတို့ကို ဆိုတော်မူခဲ့၏။ (ဥပနာ)။ ကုသလသဒ္ဒါ၏ ဝစနတ္ထတို့ကို မသိရသေးသည် မဟုတ်လော။ (အာဘော်)။ ထို့ကြောင့် (ဟိတ်)။ ကုသလသဒ္ဒါ၏ အတ္ထုဒ္ဓါရ+အတ္ထုဒ္ဒေသတို့ကိုသာ မဆိုသင့်။ (ဥပနာပဋိက္ခေပ) ကုသလသဒ္ဒါ၏ ဝစနတ္ထတို့ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ဝစနတ္ထော ပနေတ္ထ -စသည်မိန့်။

ကား - ဝစနတ္ထော ပနေတ္ထ -စသည်ဖြင့် ကုသလသဒ္ဒါ၏ ဝစနတ္ထတို့ကို ငါပြဆိုပါ၏ ဟူလို။

## (ခ) ဝါကျသို့ ပါပနာပဋ္ဌက

ဆရာ ဆရာသည် (က)ဖြင့် ကုသလသဒ္ဒါကို ကုစ္ဆိတေ သလယန္တီတိ ကုသလာ (တစ်နည်း) သလယန္တီတိ သလာ၊ ကုစ္ဆိတေ သလာ ကုသ

http://www.dhammadownload.com



လာ-ဟု ဝစနတ္ထုပြုရမည်အဖြစ်ကို ဆိုတော်မူ၏။ (၄) ယင်းသို့ဆိုလျှင် ကုသလာ-ကို ယင်းသို့သာ ဝစနတ္ထုပြုကောင်း၍ အခြားနည်းအားဖြင့် ဝစနတ္ထုမပြုကောင်းဟူသော အနက်သည်ရောက်၏။ (အနုပါ)။ စင်စစ်တမူကား-ကုသေ လုနန္တီတိ ကုသလာ- စသည်ဖြင့်လည်း ဝစနတ္ထုပြုကောင်းသေးသောကြောင့် ယင်း အနက်သည် မရောက်သင့်။ (ပဋိပါ)။ ထိုကြောင့် အခြားဝစနတ္ထုတစ်မျိုးကိုလည်း ဆရာဆိုသင့်သေး၏။ (အနုရော)။ ပြခဲ့ပြီး ဝစနတ္ထုကိုသာ ဆရာမဆိုသင့်။ (ဝါ) မဆိုဘဲမနေသင့်။ (ပဋိရော) အခြားဝစနတ္ထုကား အဘယ်ပါနည်း-ဟု မေးဖွယ်ရှိသောကြောင့် (၁) မိန့်။

ကား- ကုသေ လုနန္တီတိ ကုသလာ၊ (တစ်နည်း) လုနန္တီတိ လာ၊ ကုသေ လာ ကုသလာ-ဟု ဝစနတ္ထုပြုကောင်းပါသေး၏ ဟူလို။

## (ဂ) ဝါကျသို့ ပါပနာပဋ္ဌက

ဆရာ ဆရာသည် (၁) ဝါကျဖြင့် ကုသအရ အကုသိုလ်ကိုကောက်၍ ကုသေ လုနန္တိ ဆိန္ဒန္တီတိ ကုသလာ-ဟု ဝစနတ္ထုပြုရမည် အဖြစ်ကို ဆိုတော်မူ၏။ ယင်းသို့ဆိုလျှင် ကုသအရ အကုသိုလ်ကိုသာကောက်၍ ကုသလာကိုလည်း ဆိုခဲ့ပြီးအတိုင်းသာ ဝစနတ္ထုပြုရမည် ဟူသောအနက်သည်ရောက်၏။ (အနုပါ) စင်စစ်တမူကား ကုသအရ ဉာဏ်ကိုကောက်၍ ကုသေန လာတဗ္ဗာ ကုသလာ-ဟုလည်း ဝစနတ္ထုပြုကောင်းသေးသောကြောင့် ထိုအနက်သည် မရောက်သင့်။ (ပဋိပါ) ထို့ကြောင့် ကုသအရ ဉာဏ်ကိုကောက်၍ ယင်းနှင့်သင့်လျော်သော အခြားဝစနတ္ထုတစ်မျိုးကိုလည်း ဆရာဆိုသင့်သေး၏။ (အနုရော) မဆိုဘဲ မနေသင့်။ (ဝါ) ကုသအရ အကုသိုလ်ကိုကောက်၍ ကုသေ လုနန္တိ ဆိန္ဒန္တီတိ ကုသလာ-ဟုသာ ဆရာမဆိုသင့်ပါ။ (ပဋိရော)။ ဆိုသင့်သည်ကို မဆိုရှေးသော် ဆရာ၌ အဗျာပိတဒေါသ သင့်ရောက်ရာ၏-ဟု စောဒနာဖွယ်ရှိသောကြောင့် ကုစ္ဆိတာနံ ဝါ သာနတော- စသော (ဂ) ဝါကျမိန့်။

http://www.dhammadownload.com



ကားး- ကုစ္ဆိတေ သာတိ တန်ကရောတိ ဩသာန် ကရောတီတိ ကုသံ- ဟု ဝစနတ္ထပြု၍ ကုသအရ ဉာဏ်ကိုကောက်ပြီး ကုသေန လာတဗ္ဗာ ကုသလာ ဟုလည်း ဝစနတ္ထပြု ကောင်းပါသေးသည် ဟူလို။

## (ဃ) ဝါကျသို့ ဥပနာပဋ္ဌက

ဆရာ ဆရာသည် (ခ) (ဂ) ဝါကျတို့ဖြင့် ကုသ- သဒ္ဒါသည် အကုသိုလ်နှင့် ဉာဏ်အနက်ကို ဟောသည်ဟုဆိုတော်မူ၏။ (ဥပနာ) ကုသ- သဒ္ဒါသည် သမန်းမြက်အနက်ကိုလည်း ဟောသင့်သည်မဟုတ်ပါလော။ (ဝါ) ကုသသဒ္ဒါသည် ကုသိုလ်အနက်ကိုလည်း ဟောသင့်သည် မဟုတ်ပါလော။ (အာခေါ်) ထို့ကြောင့် (ဟိတ်) ကုသသဒ္ဒါ၏ အနက်ကို အကုသိုလ်နှင့် ဉာဏ်ဟူ၍သာ မဆိုသင့်။ (ဥပနာပဋ္ဌိက္ခေပ) အဘာယ်သို့လည်း မှတ်သင့်ပါသေးသနည်း။ (ပုစ္ဆာ) ဤသို့မေးဖွယ်ရှိသောကြောင့် ယထာ ဝါ ကုသာ စသော (ဃ) ဝါကျကိုမိန့်။

ကားး- ကုသသဒ္ဒါသည် ကုသိုလ်အနက်ကိုဟော၍ ကုသာ ဝိယ လုနန္တီတိ ကုသလာ- ဟုလည်း ဝစနတ္ထပြုနိုင်သေးသည် ဟူလို။

## ၃။ ဝါ -သဒ္ဒါ ထားရခြင်းအကြောင်း

### (ခ) ကုစ္ဆိတေန ဝါ အာကာရေန-၌ ဝါ-သဒ္ဒါ။

ကုစ္ဆိတေ သလယန္တီတိ ကုသလာ- ဟူသော ဝစနတ္ထအကြောင်းမှ တစ်ပါး ကုသေ လုနန္တီတိ ကုသလာ-ဟူသော ဝစနတ္ထအကြောင်းကို လည်းကောင်း၊ ကု-ရှေးရှိသော သလဓာတ်+အပစ္စည်းဖြင့်ပြီးသော ပုဒ်အဖြစ်မှတစ်ပါး ကုသ-ရှေးရှိသော လူ-ဓာတ်+အပစ္စည်းဖြင့်ပြီးသော ပုဒ်အဖြစ်ကို လည်းကောင်း၊ စက်ဆုပ်ဖွယ် အကုသိုလ်တို့ကို တုန်လှုပ်စေတတ် ဖျက်ဆီးစေတတ်သောကြောင့် ကုသလ မည်၏ဟူသော သကတ္ထမှတစ်ပါး အကု

http://www.dhammadownload.com



သိုလ်တို့ကို ဖြတ်တောက်တတ်သောကြောင့် ကုသလမည်၏ဟူသော သကတ္ထကို လည်းကောင်း လဲလိုသောကြောင့် ဝါ-ထားသည်။

## (ဂ) ကုစ္ဆိတာနံ ဝါ သာနတော- ၌ ဝါ- သဒ္ဒါ။

၁။ ကုသလာ-၌ ကုသ-ကို ကုစ္ဆိတေန အာကာရေန သယန္တီတိ ကုသာ-ဟူသော ကိတန္တတတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထ အကြောင်းမှတစ်ပါး ကုစ္ဆိတေ သာတိ တန့်ကရောတိ ဩသာနံ ကရောတီတိ ကုသံ-ဟူသော ဒုတိယာကိတန္တတပ္ပုရိသ်သမာသ် ဝစနတ္ထအကြောင်းကို လည်းကောင်း။

၂။ ကုရှေးရှိသော သိ-ဓာတ်+အပစ္စည်းဖြင့်ပြီးသော ပုဒ်အဖြစ်မှတစ်ပါး ကုရှေးရှိသော သာဓာတ် (သောဓာတ်)+အပစ္စည်းဖြင့်ပြီးသော ပုဒ်အဖြစ်ကို လည်းကောင်း။

၃။ ကုသအရ အကုသိုလ်ဟူသော အဘိဓေယျတ္ထမှတစ်ပါး ဉာဏ်ဟူသော အဘိဓေယျတ္ထကို လည်းကောင်း။

၄။ စက်ဆုပ်ဖွယ် အခြင်းအရာအားဖြင့် ကိန်းတတ်(ဖြစ်တတ်) သောကြောင့် ကုသမည်၏ဟူသော သကတ္ထမှတစ်ပါး စက်ဆုပ်ဖွယ်ဟူသော အကုသိုလ်တို့ကို နည်းပါးအောင် ပြုတတ်သောကြောင့် ကုသမည်၏ဟူသော သကတ္ထကိုလည်းကောင်း။

၅။ ကုသေ လုနန္တီတိ ကုသလာ-ဟူသော ဒုတိယာ ကိတန္တသမာသ် ဝစနတ္ထ အကြောင်းမှတစ်ပါး ကုသေန လာတဗ္ဗာတိ ကုသလာ ဟူသော တတိယာကိတန္တတပ္ပုရိသ်သမာသ် ဝစနတ္ထအကြောင်းကိုလည်းကောင်း။

၆။ ကုသ သဒ္ဒူပပဒ လူဓာတ် + အပစ္စည်းဖြင့် ပြီးသည်မှတစ်ပါး ကုသသဒ္ဒူပပဒ လာဓာတ်+အပစ္စည်းဖြင့် ပြီးသည်အဖြစ်ကို လည်းကောင်း။

၇။ အကုသိုလ်တို့ကို ဖြတ်တတ်သောကြောင့် ကုသလမည်၏ ဟူသော သကတ္ထမှတစ်ပါး၊ ဉာဏ်ဖြင့်(ဝါ-သဒ္ဒါဒိပဋ္ဌကဖြင့်) ယူအပ်သော

http://www.dhammadownload.com



ကြောင့် ကုသလမည်၏ဟူသော သကတ္ထကိုလည်းကောင်း လဲလိုသောကြောင့် ဝါ-ထားသည်။

## (ဃ) ယထာ ဝါ ကုသာ -၌ ဝါ- သဒ္ဒါ

၁။ ကုသေန လာတဗ္ဗာတိ ကုသလာ-ဟူသော တတိယာကိတန္တ တပ္ပုရိသ်သမာသ် ဝစနတ္ထအကြောင်းမှတစ်ပါး ကုသလာ ဝိယ လုနန္တီတိ ကုသလာ-ဟူသော အဝဓာရဏကိတန္တကမ္မဓာရဲသမာသ် ဝစနတ္ထအကြောင်းကို လည်းကောင်း။

၂။ ကုသ သဒ္ဒူပပဒ လာ-ဓာတ်+အပစ္စည်းဖြင့် ပြီးသည်မှတစ်ပါး ကုသ သဒ္ဒူပပဒ လူဓာတ်+အပစ္စည်းဖြင့် ပြီးသည်အဖြစ်ကို လည်းကောင်း။

၃။ ကုစ္ဆိတေ သာတိ တနံ ကရောတီတိ ကုသံ-ဟူသော ဝစနတ္ထအကြောင်းမှတစ်ပါး ကဝန္တိ နဒန္တီတိ ကုသာ(ဓာန်ငို) ကုယံ ပထဝိယံ သယန္တိ ဇာယန္တီတိ ကုသာ (စံထားဂဏ္ဍိ)-ဟူသော ဝစနတ္ထအကြောင်းတစ်ပါးကို လည်းကောင်း။

၄။ ကုသ၏ ကုသဒ္ဒူပပဒ သာ(သော)ဓာတ်+အပစ္စည်း၏ အဖြစ်မှတစ်ပါး ကုသ သဒ္ဒူပပဒ သီဓာတ်+အပစ္စည်း၏ အဖြစ်ကိုလည်းကောင်း။

၅။ ကုသဒ္ဒါ၏ ကုစ္ဆိတတ္ထမှတစ်ပါး ပထဝီအနက်, အော်မြည်ခြင်းအနက်ကို ဟောသည်အဖြစ်ကို လည်းကောင်း။

၆။ ဉာဏ်ဖြင့် (သဒ္ဒါဒိပဋ္ဌကဖြင့်) ယူအပ်သောကြောင့် ကုသလမည်၏ဟူသော သကတ္ထမှတစ်ပါး သမန်းမြက်ကဲ့သို့ အကုသိုလ်ကို ဖြတ်တတ်သောကြောင့် ကုသလမည်၏ဟူသော သကတ္ထကိုလည်းကောင်း လဲလိုသောကြောင့် ဝါ-ထားပါသည်။

**(ကုသ+လာ+အ၊ ကုသ+လူ+အ၊ ဓာတ်မတူ အရမတူ၍ အပစ္စည်း၏ ကမ္မတ္ထမှတစ်ပါး ကတ္တတ္ထကို လဲလိုသောကြောင့် ဆိုဖွယ်မလို၊)**

http://www.dhammadownload.com



## ၃။ ဒေါသပယ်

(က) ဝါကျဖြင့် (အဘိဓေယျတ္ထ+အဘိဓာနတ္ထတို့သာမက) ကုသလ သဒ္ဒါ၏ ဝစနတ္ထတို့ကို ပြည့်စုံစွာ ပြဆိုသောကြောင့် အဗျာပိတ,အပရိပုဏ္ဏ ဒေါသတို့ကို ပယ်သည်။

(ခ) ဝါကျဖြင့် ကုစ္ဆိတေ သလယန္တီတိ ကုသလာ-ဟူသော ဝစနတ္ထ အပြင် အခြားရထိုက်သော ဝစနတ္ထနှင့်တကွ အဘိဓေယျတ္ထတို့ကိုလည်း ပြည့်စုံအောင် ပြဆိုသောကြောင့် အဗျာပိတ,အပရိပုဏ္ဏဒေါသတို့ကို ပယ်သည်။

(ကြွင်းဝါကျများ နည်းမှီလေ။)

## ၄။ ဝစနတ္ထနှင့် ဗျုပ္ပတ္တိစတုက္က ထုတ်ခြင်း။

* ကုစ္ဆာ (အဝက္ခေပေါ်) သဥ္စာတာ ဧတေသံ အတ္ထီတိ ကုစ္ဆိတာ။ (သဥ္စာတ အဿတ္ထိတဒ္ဓိတ်)။

- ကုစ်-ဆိ-တာ ဟူသော အစိတ်စိတ် ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။
- ကုစ္ဆာပုဒ်+က္တပစ္စည်းသည်လည်းကောင်း၊ ရှုတ်ချကဲ့ရဲ့ခြင်း၏ အကုသိုလ်နှင့် အကျိုး+အကြောင်း သမ္ဗန်သည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။
- ကုစ္ဆိတာဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။
- ယင်း၏ အကြောင်းဖြစ်သော ကဲ့ရဲ့ရှုတ်ချခြင်းသည်လည်းကောင်း၊ ကုစ္ဆိတဘောဂုဏ်(ကဲ့ရဲ့ရှုတ်ချထိုက်ခြင်းဂုဏ်) သည်လည်းကောင်း ပဝတ္တိနိမိတ်။

* ကုစ္ဆိတေ သလယန္တီတိ ကုသလာ။ (ကိတန္တသမာသ်)

- ကုရှေ့ရှိသော သလဓာတ်+အပစ္စည်း သည်လည်းကောင်း၊ စက်ဆုပ် အပ်သော အကုသိုလ်နှင့် ကုသိုလ်တို့၏ ပဟာတဗ္ဗ+ပဟာယက သမ္ဗန်သည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။
- အကုသိုလ်တို့ကို တုန်လှုပ်စေခြင်း, ဖျက်ဆီးခြင်း ကြိယာသည်လည်း

http://www.dhammadownload.com



ကောင်း၊ အကုသိုလ်တို့၏ သာမညဇာတ်သည် လည်းကောင်း ပဝတ္တိနိမိတ်။

* ကုစ္ဆိတေ သာတိ တန့်ကရောတီတိ ကုသံ။ (ကု+သာ (သော)+ အ။) ခေါင်းပါးအောင်ပြုခြင်း။

* ကုသေန လာတဗ္ဗာ ကုသလာ။ (ကုသ+လာ+အ)
  - ဉာဏ်၏ (ဝါ) သဒ္ဒါဒိပဥ္စကၡ၏ ကုသိုလ်နှင့် အကြောင်း + အကျိုး သမွန်သည် လည်းကောင်း။ ကုသ သဒ္ဒူပပဒ လာ ဓာတ် + အပစ္စည်း သည် လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။
  - ဉာဏ်ဖြင့် ယူထိုက်ခြင်း ဂုဏ်သည်လည်းကောင်း၊ ကုသိုလ်တို့၏ သာမညဇာတ်သည်လည်းကောင်း ပဝတ္တနိမိတ်။

* သာတိ တန့်ကရောတိ ဩသာန့် ကရောတီတိ သာန့်။ သာ (သော) +ယု။ ခေါင်းပါးအောင်ပြုခြင်း, ဆုံးအောင်ပြုခြင်း။

* ကဝတ္တိ နဒတ္တီတိ ကုသာ။(ကု+သ။ကု သဒ္ဒေ။)တစ်နည်း-ကုယံ ပထ ဝိယံ သယန္တိ ဇာယန္တီတိ ကုသာ။ (ကု+သိ+အ။ သိ သယနေ)။

---

**မင်းခင်း ဂဏ္ဌိအလို -**

(က) ဝါကျအလို- သလယန္တီတိ သလာ၊ ကုစ္ဆိတေ သလာ ကုသလာ။
(ခ) ဝါကျအလို- လုနန္တိ ဆိန္ဒန္တီတိ လာ၊ ကုသေ လာ ကုသလာ။
(ဂ) ဝါကျအလို- လာတဗ္ဗာတိ လာ၊ ကုသေန လာ ကုသလာ။
(ဃ) ဝါကျအလို- လုနန္တီတိ လာ၊ ကုသာဝိယ လာ ကုသလာ-ဟုပြု။

ထိုသို့ပြုခြင်းကို ဇာယတီတိ ဇံ။ ကမ္မေန ဇံ ကမ္မဇံ-ဟု ဝစနတ္ထပြု ရိုးမရှိ။ ကမ္မေန ဇာတံ ကမ္မဇံ-ဟုသာ ဝစနတ္ထ ပြုရိုးရှိသောကြောင့် ဆရာမြတ်တို့ ရှိုးမွမ်းတော်မမူကြကုန်၊ ကွစိ ဝုတ္တိ ယေဝ၊ ကမ္မတော ဇာတံ ကမ္မဇံ။ (ရူ-၁၉၆။) ကွစိ နိစ္စသမာသော ယောတိ၊ မာတိတော ဇာတော မာတုဇော။ပ။ ဥတုဇံ ဣစ္စာဒိ။ (နိရုတ္တိဒီပနီ-၂၂၈) တို့ကို ထောက်လေ။

http://www.dhammadownload.com



* ဥဘယဟာဂေသု ဂတော ဥဘယာဘာဂဂတော။
(ဟတ္ထပ္ပဒေသော။)

\- နှစ်ခုသောအဖို့တို့၏ လက်နှင့် ဌာန+ဌာနီအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျူပ္ပတ္တိနိမိတ်။ နှစ်ခုသော အဖို့၌ဖြစ်ခြင်း ကြိယာသည် ပ-နိ။

* ဟာရတီတိ ဟတ္ထော။(ဟရ+ထ)။

* ဟတ္ထာနံ ပဒေသော ဟတ္ထပ္ပဒေသော။
လက်တို့၏ တည်ရာအရပ်နှင့် ဌာနီ+ဌာန သမ္ဗန်သည် ဗျု-နိ။
လက်သည် ပဝတ္တိနိမိတ်။ (လက်၏တည်ရာဖြစ်၍ ဟတ္ထပ္ပဒေသဆိုသည်။ခြေထောက်၏ တည်ရာဖြစ်လျှင် ပါဒပ္ပဒေသ ဆိုမည်။ ထို့ကြောင့် ဟတ္ထ သည် ဟတ္ထပဒေသ သဒ္ဒါ၏ ပဝတ္တိနိမိတ်ဖြစ်သည်။)

* ကုသာ ဝိယ လုနန္တီတိ ကုသလာ။ (ကုသ+လူ+အ)

\- သမန်းမြက်၏ ကုသိုလ်နှင့် ဥပမာန+ဥပမေယျ သမ္ဗန်သည်လည်းကောင်း၊ ကုသ သဒ္ဒူပပဒ လူဓာတ်+အပစ္စည်းသည်လည်းကောင်း၊ ဗျု-နိ။ (လုနန္တိ ဖြတ်တတ်၏ ဟူသည် ကုသိုလ်တည်း)။

\- ကုသိုလ်၏ အကုသိုလ်ကိုဖြတ်ခြင်းဂုဏ်သည် (ဝါ)သာဒိသျှောဂုဏ်သည် ပ-နိ။

## ၅။ ပဒ+အန္တ စသည် ဝေဖန်ခြင်း။

| | | |
|---|---|---|
| ကုစ္ဆိတေ | = | တဒ္ဓိတ်ပုဒ်၊ ပုလ္လိင်၊ ပုရိသာဒိ၊ အကာရန္တ။ |
| သလယန္တိ | = | အာချာတ်ပုဒ်၊ အလိင်၊ ဘူဝါဒိ၊ အကာရန္တ။<br>(စလယန္တိ, ကမ္ပေန္တိတို့လည်း နည်းတူ။) |
| လုနန္တိ | = | အာချာတ်ပုဒ်၊ အလိင်၊ ကိယာဒိ၊ ဥကာရန္တ။ |
| ဆိန္ဒန္တိ | = | အာချာတ်ပုဒ်၊ အလိင်၊ ရုဓာဒိ၊ ဣကာရန္တ။ |
| တန | = | ကိတ်ပုဒ်၊ ဤနေရာ၌ပုလ္လိင်၊ ရတ္တာဒိ၊ ဥကာရန္တ။ |
| ကုသ | = | ကိတ်ပုဒ်၊(က)ဝါကျအလိုနပုလ္လိင်၊စိတ္တာဒိ၊အကာရန္တ၊<br>(ခ)ဝါအလို ပုလ္လိင်၊ ပုရိသာဒိ၊ အကာရန္တ။ |

http://www.dhammadownload.com



ဥဘယ = သရျာသဗ္ဗနာမ်ပုဒ်, တိလိင် (ဤနေရာ၌ ပုလ္လိင်) သဗ္ဗနာမ်ဂိုဏ်း၊ အကာရန္တ။
( စံထားကျမ်း (၂၁)၌ ဥဘပုဒ်နောင် အံသတ္တ၌ ယပစ္စည်းဟုဆို၏။ ယင်းအလို တဒ္ဓိတ် )

၆။ အာဘော်နှင့် သံဝဏ္ဏနာများ

(က) ဝစနတ္တော ပနေတ္ထ-ဖြင့် ကုသလသဒ္ဒါ၏ ဝစနတ္ထတို့ကို ပြဆိုမည်ဖြစ်ကြောင်း သိစေသည်။ (အဘိဓာနတ္ထ)။

ကုစ္ဆိတေ ပါပကေ ဓမ္မေ သလယန္တိ-ဖြင့် ကုသလာကို ကုစ္ဆိတေ သလယန္တိတိ ကုသလာ-ဟု ကိတန္တ ဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည် အဖြစ်။ (အဘိဓာနတ္ထ. သမာသလိင်္ဂပဒတ္ထ)။

ကုရှေ့ရှိသော သလဓာတ်, အပစ္စည်း၏ အဖြစ် (ဒုဓာတုပဒ+ဒုပစ္စယပဒ)၊ အပစ္စည်း၏ ကတ္တုတ္တဝါစကအဖြစ် (ဒုပစ္စယတ္ထ) ကုနိပါတ်ပုဒ်တို့၏ ကုစ္ဆိတတ္ထ ဝါစက အဖြစ် (နိပါတလိင်္ဂတ္ထ)၊ ယင်း ကုအရ ကုစ္ဆိတဘောဂုဏ်ကို အကြောင်း ပဝတ္တနိမိတ်ပြု၍ အကုသိုလ်တရားတို့ကို ကောက်ယူရမည်အဖြစ် (သရုပ်ကြား အဘိဓေယျတ္ထ)ကို သိစေသည်။ *

---

* မင်းခင်း ဂဏ္ဌိ အလို -
သလယန္တိဖြင့် ကုသလာ၌ သလကို သလယန္တိတိ သလာ-ဟု ဝစနတ္ထ ပြုရမည်အဖြစ်၊ ကုစ္ဆိတေ သလာ ကုသလာ-ဟု ဝစနတ္ထ ပြုရမည်အဖြစ် (စသည်)ဖြင့် ဖော်လေ။
(ခ)(ဂ) ဝါကျတို့၌လည်း ၄-နံပါတ်အောက်ခြေမှတ်ချက်အတိုင်း ဝိဂ္ဂဟပြု၍ ပြည့်စုံအောင်ဖော်ပါ။

http://www.dhammadownload.com



**စလယန္တိ** -ဖြင့် ကုသလ၌သလ-ဓာတ်သည် (ဝါ) သလယန္တိ၌ သလ ဓာတ်သည် ဂတိအနက်. ပဝတ္တန အနက်တို့ကို မဟော၊ စလနတ္ထကို ဟောသည် အဖြစ်၊ (ဒုဓာတွတ္ထ၊ ဝါ-ဓာတွတ္ထ)။ ကုစ္ဆိတေ သလယန္တိ စလ ယန္တိတိ ကုသလာ ဟု ဝစနတ္ထပြုကာ ကုသလ အရ ကာမာဝစရ ကုသိုလ် (တဒင်္ဂပဟာန်)ကို ယူရမည်အဖြစ် (သရုပ်ကြား အဘိဓေယျတ္ထ)ကို သိစေပါ သည်။

**ကမ္ပေန္တိ** - ဖြင့် စလယန္တိ၌ စလ-ဓာတ်သည် ပစလာယန၌ကဲ့သို့ ငိုက်မျဉ်းခြင်း အနက်ကို မဟော၊ ဂတျတ္ထကိုလည်းမဟော၊ တုန်လှုပ်ခြင်း အနက်ကို ဟောသည်အဖြစ်ကို သိစေသည်။ (ဓာတွတ္ထ)

**ဝိဒ္ဓံသေန္တိ** - ဖြင့် ကမ္ပေန္တိ ၌ (ကပိဓာတ်)သည် စွမ်းနိုင်ခြင်းအနက်. တုန်လှုပ်ခြင်းအနက်တို့ကို မဟော၊ ဖျက်ဆီးခြင်းအနက်ကို ဟောသည်၏ အဖြစ်ကို သိစေသည်။ (ဓာတွတ္ထ)

( ခ ) ဝါကျဖြင့် နယတ္ထရကို သိစေသည်။

**ကုစ္ဆိတေန အာကာရေန သယန္တီတိ**-ဖြင့် ကုသလာ-၌ ကုသ ကို ကုစ္ဆိတေန သယန္တိတိ ကုသာ -ဟု ကိတန္တတတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်အဖြစ် (အဘိဓာနတ္ထ၊သမာလိင်္ဂတ္ထ) ကု ရှေးရှိသော သိဓာတ်- အပစ္စည်း အဖြစ် (ဒုဓာတုပဒ.ဒုပစ္စယပဒ) အပစ္စည်း၏ ကတ္တုတ္ထဝါစက အဖြစ်၊ ကု-နိပါတ် ပုဒ်၏ ကုစ္ဆိတအနက်ကို ဟောသည်အဖြစ်။ (နိပါတ လိင်္ဂတ္ထ) ကို သိစေသည်။

**တေ အကုသလသင်္ခါတေ ကုသေ လုနန္တိ**-ဖြင့် ကုသလာကို ကုသေ လုနန္တိတိ ကုသလာ-ဟု ကိတန္တဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်အဖြစ် (အဘိဓာနတ္ထ၊သမာလိင်္ဂပဒတ္ထ)။ ကုသရှေးရှိသော လူဓာတ် +အပစ္စည်းအဖြစ်။ (ဒုဓာတုပဒ၊ဒုပစ္စယပဒ)။ ယင်း အပစ္စည်း၏ ကတ္တုတ္ထ ဝါစကအဖြစ် (ဒုပစ္စယတ္ထ) ကုသ အရ အကုသိုလ်တို့ကို ယူရမည်အဖြစ် (အဘိဓေယျတ္ထ)ကို သိစေပါသည်။

http://www.dhammadownload.com



**ဆိန္တိ-ဖြင့် လုနန္တိ-၌ လူ(လူ*)ဓာတ်သည် ဖြတ်တောက်ခြင်း** ဆေဒနအနက်ကို ဟောကြောင်း သိစေသည်။ (ဒု ဓာတွတ္ထ၊ဓာတွတ္ထ)

(ဂ) ဝါကျဖြင့် နယန္တရကို သိစေသည်။

**ကုစ္ဆိတာနံ သာနတော တနကရဏတော ဩသာနကရဏ** **တော ဉာဏံ ကုသံ နာမ*-ဖြင့်** ကုသလာ၌ ကုသ-ကို ကုစ္ဆိတေ သာတိ (တနံ ကရောတိ ဩသာနံ ကရောတိ) တိ ကုသံ-ဟု ကိတန္တ ဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည် အဖြစ်၊ ကု-ရှေးရှိသော သာ (သော) ဓာတ် + အပစ္စည်းအဖြစ်၊ အပစ္စည်း၏ ကတ္တုတ္ထ ဝါစကအဖြစ်၊ သာ(သော)ဓာတ်တို့၏ တနကရဏတ္ထ ဩသာနကရဏတ္ထကို ဟောသည် အဖြစ် (ဒုဓာတွတ္ထ)၊ ကုသ အရ ဒေါသ, လောဘ စသည် မကောက်ရ။ ဉာဏ်ကို ကောက်ယူရမည် အဖြစ် (သရုပ်ကြား အဘိဓေယျတ္ထ)ကို သိစေသည်။

**တေန ကုသေန လာတဗ္ဗာ-ဖြင့် ကုသလာ-ကို ကုသေန**

---

* လောကီကျမ်းတို့၌ လူ -ဟု ဥဒ္ဒီဃနှင့်လာသည်။ မာဂဓ ကျမ်းတို့၌ကား "လု -ဆေဒနေ" ဟု ဥရဿနှင့် ပါဌ်ပျက်များ၏။ (ဓာတွတ္ထသင်္ဂဟနိဿယ ၃၄၂-ဂါထာ)။

* ကုစ္ဆိတာနံ ဝါ ပါဏာတိပါတာဒီနံ ပါပဓမ္မာနံ သာနတော နိသာနတော တေဇနတော ကုသာ၊ဒေါသလောဘာဒယော။...တေ ကုသေ လုနာတိ ဆိန္ဒတီတိ ကုသလံ။ (မ၊ဋီ၊၁။၂၉၈။ ဝိသုဒ္ဓိ၊ ဋီ၊၂။ ၁၁၃-၄။)

ကုစ္ဆိတာနံ ဝါ သာနတော အန္တကရဏတော ဝိနာသတော ကုသာနိ၊ ပညာကြိယာဝသေန ပဝတ္တာနိ သဒ္ဓါဒီနိ ဣန္ဒြိယာနိ၊ တေဟိ လာတဗ္ဗံ ပဝတ္တေတဗ္ဗန္တိ ကုသလံ။ (မ၊ဋီ၊၁။၂၉၈။ ဝိသုဒ္ဓိ၊ဋီ၊၁။၁၁၄။) တို့နှင့် နှိုင်းယှဉ်ကြည့်ပါ။

http://www.dhammadownload.com



လာတဗ္ဗာတိ ကုသလာ-ဟု တတိယာကိတန္တ တပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်အဖြစ်၊ ကုသ-ရှေးရှိသော လာဓာတ်+အပစ္စည်း၏အဖြစ်၊ ယင်း အပစ္စည်း၏ ကမ္မတ္ထဝါစကအဖြစ်ကို သိစေသည်။

**ဂဟေတဗ္ဗာ**-ဖြင့် လာတဗ္ဗာ(ကုသလာ)၌ လာဓာတ်သည် ယူခြင်းအနက်ကို ဟောသည်အဖြစ်ကို သိစေ၏။

**ပဝတ္တေတဗ္ဗာ**-ဖြင့် ဉာဏ်ဖြင့် ယူအပ်၏ဟူသည် ဉာဏ်ဖြင့် ဖြစ်စေအပ်သည်တည်းဟု အဓိပ္ပါယ်ကို သိစေသည်။ (ဘာဝတ္ထ)

**(ဃ) ဝါ-ဖြင့် နယန္တရ သိစေသည်။**

**ယထာ-စသည်**ဖြင့် သမန်းမြက်တို့သည် နှစ်ခုသောအဖို့၌ တည်သောလက်ကို ဖြတ်တတ်၊ ရှတတ်ကုန်သကဲ့သို့-ဟူသော ဥပမာနကို သိစေသည်။ (ဘာဝတ္ထ)

**ဧဝမိမေပိ-စသည်**ဖြင့် ထို့အတူ ဤကုသိုလ်တို့သည်လည်း ဥပ္ပန္န. အနုပ္ပန္နအဖြစ်ဖြင့် နှစ်ခုသောအဖို့၌တည်သော ကိလေသာအဖို့ကို ဖြတ်တတ်၏ဟူသော သာဒိသျ(ဥပမာ)နှင့် တကွသော ဥပမေယျကို သိစေသည်။ (ဘာဝတ္ထ)

**တသ္မာ ကုသာ ဝိယ လုနန္တီတိ**-ဖြင့် ထိုသို့ သမန်းမြက်နှင့် တူစွာ ကိလေသာတို့ကို ဖြတ်တတ်သောကြောင့် ကုသလာကို ကုသာ ဝိယ လုနန္တီတိ ကုသလာ-ဟု အဝဓာရဏ ကိတန္တကမ္မဓာရဲသမာသ် ဝစနတ္ထပြုရမည်အဖြစ်၊ ကုသ သဒ္ဒူပပဒ လူဓာတ်+အပစ္စည်း၏အဖြစ်၊ ယင်း အပစ္စည်း၏ ကတ္တုတ္ထဝါစကအဖြစ်ကို သိစေသည်။

## ၇။ တ-သဒ္ဒါ၏ ဝိသယ။

(က) ဝစနတ္ထော ပနေတ္ထ-၌ တ္ထေကား ဆိုနေဆဲ ကုသလာမှာ ဝါကျကိုစွဲသောကြောင့် ပသိဒ္ဓဝိသယ။

( ခ ) ဝါကျ တေ-ကား အကုသလသဓိတေ ကုသေ-ဟု အစွဲပုဒ်

http://www.dhammadownload.com



တိုက်ရိုက်ရှိသောကြောင့် (အစွဲပုဒ် ထင်ရှားရှိသောကြောင့်) ပသိဒ္ဓဝိသယ ဖြစ်သည်။

(ဂ) ဝါကျရှိ တေန ကုသေန-၌ တေနလည်း ကုသေနဟူသော အစွဲပုဒ် ထင်ရှားတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓ။

(ဃ) တသ္မာကား လွန်ပြီးဝါကျရှိ ပဓာနကြိယာ လုနန္တိနှင့်တကွ တစ်ဝါကျလုံးကို စွဲသောကြောင့် အနုဘူတ။

## ဝေတ္တ ဖလ

ဉာဏံ ကုသံ နာမ-၌ ဉာဏ်နှောင် သဗ္ဗပဒံ သာဝဓာရဏ်နှင့်အညီ ဉာဏံဝေ-ဟု ဝေထိုင်လျှင်-

ဉာဏ်သည် ဂဟေတဗ္ဗ။ အကုသိုလ်တို့သည် နိဝတ္တေတဗ္ဗ။ သဒ္ဒါ စသော ငါးပါးသည် အနုညာတ။

### တစ်နည်း

ဉာဏ်သည် ဂဟေတဗ္ဗ။ ဒေါသ, လောဘ စသည် နိဝတ္တေတဗ္ဗ။ သဒ္ဒါစသော ဗိုလ်ငါးပါးသည် အနုညာတ။

## ၈။ ကြိယာငါးတန်

ကုသလာ-

## (က) ဝါကျ စလယန္တိ ကြိယာကိုင်ဒိုက်

ကာမာဝစရကုသိုလ်သည် ဒဿနတ္ထ။ ယောနိသောမနသိကာရသည် ဒီပကတ္ထ။ စိတ်အစဉ်ဖြူစဉ်သန့်ရှင်းခြင်း, ပီတိ, သောမနဿဖြစ်ခြင်းသည် ပကာသနတ္ထ။ သပ္ပုရိသူပနိဿယ စသည်သည် ဝိဘာဝတ္ထ။ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ စသည့် အကျိုးများသည် အနဘာဝတ္ထ။

## ကမ္မေန္တိ ကြိယာကိုင်ဒိုက်

မဟဂ္ဂုတ်ကုသိုလ်သည် ဒဿနတ္ထ။ ပရိကံ, ဉပစာ, အနုလုံ, ဂေါတြ

http://www.dhammadownload.com



ဘူဟူသော ဥပစာရ ကာမာဝစရဇောများသည် ဒီပကတ္ထ။ ဈာနသမာပတ္တိ သုခကို ရရှိခြင်းသည် ပကာသနတ္ထ။ တိဟိတ်ပဋိသန္ဓေနေခဲ့ခြင်း, ပဋ္ဌာနန္တရီ ယက်ကင်းခြင်း, နိယတမိစ္ဆာဒိဋ္ဌိ မရှိခြင်း, သပ္ပုရိသူပနိဿယစသော အကြောင်းများသည် ဝိဘာဝတ္ထ။ ဖြဟ္မာ့ဘုံသို့ လားရောက်ရခြင်း, ဗြဟ္မာ စည်းစိမ် ခံစားရခြင်းစသော အကျိုးများသည် အနုဘာဝတ္ထ။

## ဝိဒ္ဓံသေန္တိ ကြိယာကိုငဲ့ရိုက်

မဂ်စိတ်(လောကုတ္တရာကုသိုလ်)သည် ဒဿနတ္ထ။ ဝေါဒါနဉာဏ်သည် ဒီပကတ္ထ။ မဂ္ဂါနန္တရဖိုလ်သည် ပကာသနတ္ထ။ တိဟိတ်ပဋိသန္ဓေနေခဲ့ခြင်းအစ အနုလုံတိုင်အောင်သော အကြောင်းများသည် ဝိဘာဝတ္ထ။ ပစ္စဝေက္ခဏာ ဉာဏ်, ဖလသမာပတ်မှစ၍ အနုပါဒိသေသ တိုင်အောင်သော အကျိုးများ သည် အနုဘာဝတ္ထ။

## ကုသေန လာတဗ္ဗာတိ ကုသလာ။

ကုသိုလ်သည် ဒဿနတ္ထ။ ဉာဏ်သည် ဒီပကတ္ထ။ ကုသိုလ်တရား တိုးပွားခြင်း, ပီတိသောမနဿဖြစ်ခြင်းစသည် ပကာသနတ္ထ။ ယောနိသော မနသိကာရ စသော အကြောင်းများနှင့် သဒ္ဓါစသော ဗိုလ် ၅-ပါးသည် ဝိဘာဝတ္ထ။ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ, ဈာနသမ္ပတ္တိ, နိဗ္ဗာနသမ္ပတ္တိတို့ သည် အနုဘာဝတ္ထ။

## ၉။ ကုသ အရ

(ခ) ဝါကျအလို အကုသိုလ်ကောက်၍ ထုတ်။

(ဂ) ဝါကျအလို ပညာကို ကောက်၍ ထုတ်။

## ၁၀။ ပဌာန်း

ကုသလာ

(က) ဝါကျအလို ကုအရ အကုသိုလ်စိတ္တုပ္ပါဒ် (ပစ္စည်း)။

http://www.dhammadownload.com



သလာ-အရ ကုသိုလ်စိတ္တုပ္ပါဒ် (ပစ္စယုပ္ပန်) -ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု။ (ပြိုင်ပစ္စည်း မရှိ)

**တစ်နည်း။**

ကု-အရ အကုသိုလ်စိတ္တုပ္ပါဒ် ပစ္စည်းတရားက သလာအရ မဟာကုသိုလ်စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။ (ပြိုင်မရှိ)

(ခ)ဝါကျအလို ကုသ -အရ + လာအရလည်း နည်းတူ။

**ကုသေ လုန္တိ-**

ကုသေ-အရ အကုသိုလ်စိတ္တုပ္ပါဒ် ပစ္စည်း။ လုန္တိအရ ကုသိုလ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ယခင်နည်းတူ ၂-နည်း ပြိုင်။

**ကုသေန လာတဗ္ဗာ။**

ကုသေန အရ ဉာဏ်ပစ္စည်းတရားက လာတဗ္ဗာအရ ဉာဏသမ္ပယုတ် ကုသိုလ်ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

ကြီး ၄၊ အညာ၊ သံ၊ ဟေတု၊ မိ၊ မဂ်၊ ဣန် = ၁၀ ပစ္စည်း။

**တစ်နည်း**-ကုသေန အရ ဉာဏ် ပစ္စည်းတရားက လာတဗ္ဗာအရ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ္တုပ္ပါဒ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ (ပြိုင်မရှိ)

**ကုစ္ဆိတာနံ သာနတော-**

ကုစ္ဆိတာနံ အရ အကုသိုလ်ရ၏။ သာနတော အရ ဉာဏ်ရ၏။ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

**ကုစ္ဆိတေန အာကာရေန သယန္တီတိ ကုသာ။**

ကုစ္ဆိတေန အာကာရေန အရ စက်ဆုပ်ဖွယ် အခြင်းအရာ ရ၏။

http://www.dhammadownload.com



သယန္တိ အရ အကုသိုလ်စိတ္တုပ္ပါဒ် ရ၏။ ပကတူပသတ္တိဖြင့် ကျေးဇူးပြု၏။

**တစ်နည်း**-ကုဏ္ဍိတေန အာကာရေန အရ စက်ဆုပ်ဖွယ် အခြင်း အရာကို ရသော်လည်း ဒွာနျူပစာ. ဝဏ္ဏူပစာ နာနန္တရိက နည်းအားဖြင့် အာကာရဝန္တဖြစ်သော အကုသိုလ်ကိုပင်ရ၏။ သဟဇာတသတ္တိဖြင့် ကျေးဇူး ပြုသည်။ (ကောခန္ဓော တိဏ္ဍန္တိ ခန္ဓာနံ စသောနည်းဖြင့် ပြိုင်ပါ။)

< >

## ဝါကျ (၁၀) ဓမ္မ အဖွင့် (အတ္တုဒ္ဓါရ စသည်)

(က) ဓမ္မသဒ္ဒေါ ပနာယံ ပရိယတ္တိဟေတုဂုဏနိဿတ္တနိဇ္ဇီဝတာ ဒီသု ဒိဿတိ။

(ခ) အယဉှိ "ဓမ္မံ ပရိယာပုဏာတိ သုတ္တံ ဂေယျ" န္တိ အာဒီသု ပရိယတ္တိယံ ဒိဿတိ။

(ဂ) "ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ"တိ အာဒီသု ဟေတုမှိ။

(ဃ) "န ဟိ ဓမ္မော အဓမ္မော စ၊ ဥဘော သမဝိပါကိနော၊ အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေတိ သုဂ္ဂတိ"န္တိ အာဒီသု ဂုဏေ။

(င) "တသ္မိံ ခေါ ပန သမယေ ဓမ္မာ ဟောန္တိ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတီ"တိ အာဒီသု နိဿတ္တနိဇ္ဇီဝတာယံ။

(စ) သွာယမိဓာပိ နိဿတ္တနိဇ္ဇီဝတာယမေဝ ဝတ္တတိ။

(ဌ-၈၁)

http://www.dhammadownload.com



## ၁။ (ခ) ဝါကျကို ဝါကျအပြန်အလှန် ယောဇနာနည်း

(ပ) အယံ ဓမ္မသင်္ဂြော ပရိယတ္တိပဗောဓကာနိသဿက္ကန္ဒိနိဋ္ဌိဝတာဒီသု ဒိဿတိ။ (ဒု) ဓမ္မသင်္ဂြော ပနာယံ ပရိယတ္တိပဗောဓကာနိသဿက္ကန္ဒိနိဋ္ဌိဝတာ ဒီသု ဒိဿတီတိ - ဟူသော။ ယံ သကာဝစနံ၊ အကြြင်မိမိစကားကို။ မယာ၊ ငါသည်။ ဝုတ္တံ၊ ဆိုအပ်ခဲ့ပြီ။ တံ သကာဝစနံ၊ ထိုမိမိစကားသည်။ ဣာမိနာ၊ ဤဆိုလတ္တံ့သော ပရဝစနဘုရား စကားတော်ဖြင့်။ ဟိ သစ္စံ၊ မှန်၏။ ကေန ပရဝစနေန၊ အဘယ်သို့သော ပရဝစနစကားတော်ဖြင့်။ ဟိ သစ္စံ၊ မှန်သနည်း။

(တ) ဟိ၊မှန်၏။ အယံ၊ ဤဓမ္မသင်္ဂြသည်။ ဓမ္မံပရိယာပုဏာတိ သုတ္တံ ဂေယျန္တိအာဒီသု - အစရှိသော ပါဠိရပ်တို့၌။ ပရိယတ္တိယံ၊ သင်ယူအပ်သော ပါဠိဟူသော အနက်၌။ ဒိဿတိ၊ ထင်၏။

(စ) ဣာမိနာပရဝစနေန၊ ဤသို့သော ပရဝစနဘုရားစကားတော်ဖြင့်။ အယံဓမ္မသင်္ဂြော ပရိယတ္တိပဗောဓကာနိသဿက္ကန္ဒိနိဋ္ဌိဝတာဒီသု ဒိဿတီတိ - ဟူသော။ တံသကာဝစနံ၊ ထိုငါ၏ စကားသည်။ ဟိသစ္စံ၊မှန်၏။

## ၂။ (စ) ဝါကျသို့ ဥပနာပဋ္ဌကတက်

ဆရာ ဆရာသည် (က) ဝါကျဖြင့် ဓမ္မသဒ္ဒါသည် ပရိယတ္တိစသော အနက်တို့ကို ဟော၏ဟု ဆိုတော်မူ၏။ ယင်းသို့ဆိုလျှင် ဤ ကာတမေ ဓမ္မာ ကုသလာဟူသောပါဠိရပ်၌ ဓမ္မသဒ္ဒါသည်လည်း ဆိုခဲ့ပြီးသော အနက်အားလုံး တို့ကိုပင် ဟောသည်ဟု မှတ်ရမည်လော၊ ထို့ကြောင့် က - ဝါကျကိုသာ ဆရာ မဆိုသင့်။ ဤနေရာ၌ အဘယ်အနက်ကို ဟောပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (စ) ဝါကျကိုမိန့်။

### အဓိပ္ပါယ်ကား

ဤနေရာ၌ ဓမ္မသဒ္ဒါသည် အနက်လေးမျိုးလုံးကိုမဟော၊ နိဿတ္တ နိဋ္ဌိဝတာအနက်ကိုသာ ဟောပါ၏ဟူလို။

http://www.dhammadownload.com



## ( ခ ) ဝါကျသို့ ဌပနာ ပဥ္စကတတ်

ဆရာ ဆရာသည် (က)ဝါကျဖြင့် ဓမ္မသဒ္ဒါသည် ပရိယတ္တိ စသော အနက်တို့ကို ဟော၏ဟု ဆိုတော်မူ၏။ ယင်းသို့ ပင်ဆိုသော်လည်း ဆရာ့ စကားသည် ထောက်ထားဖွယ် ယုတ္တိသာဓက တစ်စုံတစ်ရာ မရှိသည် မဟုတ်ပါလော။ ထို့ကြောင့် (က) ဝါကျကိုသာ ဆရာမဆိုသင့်။ ထောက်ထား ဖွယ် ယုံကြည်ဖွယ် ယုတ္တိသာဓကကား အဘယ်နည်း။ ဤသို့ မေးဖွယ် ရှိသောကြောင့် (ခ) ဝါကျ ကိုမိန့်။

**အဓိပ္ပါယ်ကား**

ဓမ္မံ ပရိယာပုဏာတိ သုတ္တံ ဂေယျံ- စသော ဘုရားဟောဖော် ပါဠိတော်ကို ထောက်ဆ၍ ဓမ္မသဒ္ဒါသည် ပရိယတ္တိစသော အနက်ကို ဟောသည်ဟု ငါဆိုရပါ၏ဟူလို။

## ၃။ ဒေါသပယ်

(က) ဝါကျဖြင့် ဓမ္မသဒ္ဒါ၏ အနက်သရုပ်ကို ထုတ်ပြသောကြောင့် နိရုတ္တကဒေါသကို ပယ်သည်။

( ခ ) ဝါကျဖြင့် ဓမ္မသဒ္ဒါသည် ပရိယတ္တိစသော အနက်တို့ကို ဟောကြောင်း ခိုင်မာသော ဗုဒ္ဓဝစနအာဂမယုတ္တိ ပါဠိတော် များဖြင့်ပြဆိုသောကြောင့် ဝိရောဓိဒေါသကို ပယ်သည်။

( ဂ ) ဝါကျဖြင့် ဓမ္မသဒ္ဒါသည် ပရိယတ္တိအနက်ကို ဟောနိုင်ကြောင်း အာဂမယုတ္တိ ပါဠိတော်မှတစ်ပါး ဟေတုအနက်ကို ဟော နိုင်ကြောင်း အာဂမယုတ္တိပါဠိတော်ကို ပြဆိုသောကြောင့် အဗျာပိတဒေါသနှင့် ဝိရောဓိဒေါသတို့ကို ပယ်ပါသည်။ (ခ-ဝါကျကို ထောက်၍ အဗျာပိတဒေါသ၊ က-ဝါကျကို ထောက်၍ ဝိရောဓိဒေါသ)

http://www.dhammadownload.com



(ဃ) ဝါကျဖြင့် ဓမ္မသဒ္ဒါသည် ပရိယတ္တိအနက်, ဟေတုအနက် တို့ကိုဟောကြောင်း အာဂမယုတ္တိ ပါဠိတော်မှတစ်ပါး ဂုဏ အနက်ကို ဟောနိုင်ကြောင်း အာဂမယုတ္တိ ပါဠိတော်ကို ပြဆိုသောကြောင့် အဇ္ဈာပိတဒေါသနှင့် ဝိရောဓိဒေါသတို့ကို ပယ်သည်။ (နည်းတူ)

( င ) ဝါကျဖြင့် ဓမ္မသဒ္ဒါ ပရိယတ္တိ, ဟေတု, ဂုဏ အနက်တို့ကို ဟောကြောင်း သာဓကမှတစ်ပါး နိဿတ္တနိဇ္ဇီဝတာ အနက် ကိုဟောကြောင်း သာဓကကို ပြဆိုသောကြောင့် အဇ္ဈာပိ တဒေါသ, ဝိရောဓိဒေါသတို့ကို ပယ်ပါသည်။ (နည်းတူ)

( စ ) ဝါကျဖြင့် ထိုသို့ ဓမ္မသဒ္ဒါအနက်များစွာကို ဟောသော် လည်း ထိုအနက် အားလုံးကိုမဟော။ ဤ၌ နိဿတ္တနိဇ္ဇီဝ တာအနက်ကိုသာ ဟောသည်ဟု လိုအပ်သောအနက်ကို ထုတ်ပြသောကြောင့် အတိဗျာပိတဒေါသ, ဝိရောဓိဒေါသ တို့ကို ပယ်ပါသည်။

၄။ * ဓာရေတီတိ ဓမ္မော (ဓရ+ရမ္မ)။ ဆောင်ခြင်းကြိယာ။

* ပရိယာပုဏိတဗ္ဗာတိ ပရိယတ္တိ (ပရိပုဗ္ဗ+အပ+တိပစ္စည်း) သင်ယူခြင်းကြိယာ။

* ဂုဏေတိ ပကာသေတီတိ ဂုဏော။ (ဂုဏ+အ)

* န သတ္တော နိဿတ္တော။ (သတ္တတော ဝိရဟိတော နိဿတ္တော။ ယောဇနာ)

ပဋိသေဓေဘောဂုဏ်, သုညဘောဂုဏ်၏ သတ္တဝါနှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည် ဗျူပ္ပတ္တိနိမိတ်။

ကုသလဓမ္မ၏ သတ္တမှ ဆိတ်ခြင်းဂုဏ်သည် လည်းကောင်း၊ ကုသလဓမ္မတို့၏ တစ်ပါးသည်တစ်ပါးနှင့် တူသောအခြင်းအရာဟု ဆိုအပ် သော သာမညဇာတ်သည် လည်းကောင်း ပဝတ္တိနိမိတ်။

http://www.dhammadownload.com



* နတ္ထိ အယော ဧတသ္မိံတိ နိရယော။ (ဗဟုဗ္ဗီသမာသ်)

ချမ်းသာကင်းခြင်း ဂုဏ်၏ ငရဲဘုံနှင့် ဂုဏ်+ဂုဏော အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျပ္ပတ္တိနိမိတ်။

ချမ်းသာကင်းခြင်းဂုဏ်သည် ပဝတ္တိနိမိတ်။

* အနုပဿတိ သီလေနာတိ အနုပဿီ။ (ကိတ်ပုဒ်)

* ဓမ္မေ အနုပဿီ ဓမ္မာနုပဿီ။ (သမာသ်)

သညာသင်္ခါရတရားတို့၏ ရှုလေ့ရှိသော ယောဂီပုဂ္ဂိုလ်နှင့် ဌာနီ+ဌာန စပ်ခြင်း သမ္ဗန်သည် ဗျပ္ပတ္တိနိမိတ်။

ဓမ္မတို့ကို ရှုခြင်းကြိယာသည် ပဝတ္တိနိမိတ်။

* န ဇီဝေါ နိဇ္ဇီဝေါ။ (သမာသ်) (ဇီဝတော ဝိရဟိတော နိဇ္ဇီဝေါ။ ယောဇနာ)

* နိဿတ္တော စ သော နိဇ္ဇီဝေါ စာတိ နိဿတ္တနိဇ္ဇီဝေါ။

ရှေ့ပုဒ် နောက်ပုဒ်အရ တရားတို့၏ ဝိသေသန+ဝိသေသျ ဘေဒ +အဘေဒ အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဗျပ္ပတ္တိနိမိတ်။

နိဿတ္တ နိဇ္ဇီဝ ဖြစ်သော ကုသိုလ်တရားတို့၏ အချင်းချင်းတူမျှသော သာမညာကာရဇာတ်သည် (ဝါ) သတ္တ ဇီဝမှ ဆိတ်ခြင်းဂုဏ်သည် ပဝတ္တိ နိမိတ်။

* နိဿတ္တနိဇ္ဇီဝါနံ ဘာဝေါ နိဿတ္တနိဇ္ဇီဝတာ။ (ဘာဝတဒ္ဓိတ်)

နိဿတ္တ နိဇ္ဇီဝ ဖြစ်သော ကုသလဓမ္မတို့၏ သတ္တမှဆိတ်ခြင်း ဂုဏ်၊ ဇီဝမှဆိတ်ခြင်း ဂုဏ်တို့နှင့် ဂုဏော+ဂုဏ်အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျပ္ပတ္တိနိမိတ်။

သတ္တမှ ဆိတ်ခြင်း ဂုဏ်၊ ဇီဝမှ ဆိတ်ခြင်း ဂုဏ်သည် ပဝတ္တိနိမိတ်။

* သမယော ဝိပါကော သမဝိပါကော။

* သမဝိပါကော ဧတေသံ အတ္ထီတိ သမဝိပါကိနော။ (တဒ္ဓိတ်)

(၂) တူသောအကျိုးတရားတို့၏ ကုသိုလ်အကုသိုလ်တို့နှင့် အကျိုး

http://www.dhammadownload.com



+အကြောင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဖျူပ္ပတ္တိနိမိတ်။

(၄) တူသော အကျိုးတရားတို့သည် ပဝတ္တိနိမိတ်။

* နတ္ထိ အယော တေသံ တိ နိရယော။ (ဗဟုဗ္ဗီဟိ သမာသ်)

(၂) ချမ်းသာကင်းခြင်း ဝုဏ်၏ ဧရဲဘုံနှင့် ဝုဏ်+ဝုဏေး အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဖျူပ္ပတ္တိနိမိတ်။

(၄) ချမ်းသာကင်းခြင်းဝုဏ်သည် ပဝတ္တိနိမိတ်။

* အနုပဿတိ သီလေနာတိ အနုပဿီ။ (ကိတ်ပုဒ်)
(အနု+ ဒိသ+ ဏီ)

* ဓမ္မေ အနုပဿီ ဓမ္မာနုပဿီ။ (သမာသ်)

(၂) သညာ, သင်္ခါရတရားတို့၏ ရှုလေ့ရှိသော ယောဂီပုဂ္ဂိုလ်၏ ဌာနီ+ ဌာန စပ်ခြင်းသမ္ဗန်သည် ဖျူပ္ပတ္တိနိမိတ်။

(၄) ဓမ္မတို့ကို ရှုခြင်းကြိယာသည် ပဝတ္တိနိမိတ်။

၅။ ပရိယတ္တိ = ကိတ်ပုဒ်၊ ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ။
ဒိဿတိ = အာချာတ်ပုဒ်၊ အလိင်၊ ဂဏဝိမုတ်။
(တစ်နည်း) ဒိဝါဒိဂိုဏ်း၊ ပကတိကာရန် အကာရန္တ၊ နိပ္ဖန္န ဣ။
အယံ = သဗ္ဗနာမ်ပုဒ်၊ ပုလ္လိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ အကာရန္တ၊
ဥဘော = သင်္ချာသဗ္ဗနာမ်ပုဒ်၊ ပုလ္လိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ အကာရန္တ။
သမဝိပါကိနော = တဒ္ဓိတ်ပုဒ်၊ ပုလ္လိင်၊ ရတ္တာဒိ၊ ဤကာရန္တ။
နေတိ = အာချာတ်ပုဒ်၊ အလိင်၊ ဂဏဝိမုတ်။
(တစ်နည်း) ဘူဝါဒိဂိုဏ်း။ ပကတိကာရန် ဤကာရန္တ၊ နိပ္ဖန္နကာရန် ဣကာရန္တ။
သုဂတိံ = သမာသ်ပုဒ်၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ ဣကာရန္တ။
ဓမ္မာနုပဿီ = သမာသ်၊ ပုလ္လိင်၊ ရတ္တာဒိ၊ ဤကာရန္တ။

http://www.dhammadownload.com



## ၆။ အာဘော် + သံဝဏ္ဏနာ

**(က) မေ့သဒ္ဒေါ ပနာယံ - စသည်ဖြင့်** မေ့သဒ္ဒါသည် ပရိယတ္တိအနက်၊ ဟေတုအနက်၊ ဂုဏအနက်၊ နိဿတ္တနိဇ္ဇီဝတာအနက်စသည်တို့ကို ဟောသည်အဖြစ်ကို သိစေသည်။ (သဒ္ဒတ္ထ၊ အဘိဓေယျတ္ထ၊ နာမလိင်္ဂတ္ထ)။

**(ခ) အယဉ္ဟိ စသည်ဖြင့်** ဓမ္မံ ပရိယာပုဏာတိ စသော ပါဠိရပ်၌ ဓမ္မသဒ္ဒါသည် ပရိယတ္တိအနက်ကို ဟောသည်အဖြစ်ကို သိစေသည်။ (ဘာဝတ္ထ)

**(ဂ) ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါတိ အာဒီသု ဟေတုမှိ-ဖြင့်** ဓမ္မပဋိသမ္ဘိဒါ၌ ဓမ္မသဒ္ဒါသည် အကြောင်းအနက်ကို ဟောသည်အဖြစ် (ဘာဝတ္ထ)။ ဓမ္မပဋိသမ္ဘိဒါကို ဓမ္မေ ပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါ-ဟု သတ္တမီတပ္ပုရိသ် သမာသ်ဝစနတ္ထ ပြုရမည်အဖြစ် (အဘိဓာနတ္ထ၊ သမာလိင်္ဂပဒတ္ထ)။ ပဋိသမ္ဘိဒါ အရ - ဉာဏ်ကို ကောက်ယူရမည်အဖြစ် (အဘိဓေယျတ္ထ) သိစေသည်။

**(ဃ) န ဟိ ဓမ္မော အဓမ္မော စ -ဖြင့်** န ဟိ ဓမ္မော အဓမ္မော စ-၌ ဓမ္မသဒ္ဒါသည် ဂုဏ်အနက် (ဂုဏ်ကျေးဇူးအနက်) ကိုဟောသည်အဖြစ် (ဘာဝတ္ထ)။ ဂုဏ်ကျေးဇူးရှိသောတရား၊ ဂုဏ်ကျေးဇူးမရှိသောတရား၊ ဤနှစ်ပါးတို့သည် အကျိုးတရားပေးရာ၌ တူသောသဘောမရှိ၊ ဂုဏ်ကျေးဇူးမရှိသော (အကုသိုလ်) တရားသည် ငရဲဘုံသို့ရောက်စေပြီး ဂုဏ်ကျေးဇူးရှိသော (ကုသိုလ်) တရားသည် သုဂတိဘဝသို့ ရောက်စေသည်၏ အဖြစ်ကို သိစေသည်။ (ဘာဝတ္ထ)

**(င) တသ္မိံ ခေါ ပန သမယေ ဓမ္မာ ဟောန္တိ -စသည်ဖြင့်** ဓမ္မေ ဓမ္မာ နုပဿတီ-၌ ဓမ္မသဒ္ဒါသည် နိဿတ္တနိဇ္ဇီဝတာအနက်ကို ဟောသည်အဖြစ်ကို သိစေသည်။

**(စ) ဖြင့် ဤ ကုသလာ ဓမ္မာ-၌** ဓမ္မသဒ္ဒါသည် ဆိုခဲ့ပြီးသော အနက်တို့တွင် နိဿတ္တနိဇ္ဇီဝတာအနက်ကို ဟောသည်အဖြစ်ကို သိစေသည်။ (အဘိဓေယျတ္ထ)

http://www.dhammadownload.com



## ၇။ ဓဝတ္တ ဖလ

ဓ-ဝါကျ နိဿတ္တနိဇ္ဇီဝတာယ မေဝ-၌ ဓဝတ္တဖလ ထုတ်ပုံ-

(၁) နိဿတ္တနိဇ္ဇီဝတာအနက်ဖြပ်သည် ဂဟေတဗ္ဗ။

(၂) ပရိယတ္တိ ဟောတု ဂုဏ အနက်ဖြပ်တို့သည် နိဝတ္တေတဗ္ဗ။

(၃) သတ္တ ဇီဝမှ ဆိတ်ခြင်းဂုဏ်သည် အနညာတ။

ဤကား အတ္တုဒ္ဒေသဝါကျကို ငဲ့၍ထုတ်သော နည်းတည်း။

**အတ္တုဒ္ဒေသဝါကျအဖြစ်ကို မငဲ့မူ၍ ထုတ်လျှင်-**

(၁) သတ္တ ဇီဝမှ ဆိတ်ခြင်းဂုဏ်သည် ဂဟေတဗ္ဗ။

(၂) သတ္တ ဇီဝ ဖြစ်ခြင်းဂုဏ်သည် နိဝတ္တေတဗ္ဗတ္တ။

(၃) သတ္တ ဇီဝမှ ဆိတ်ခြင်းဂုဏ်၏ တည်ရာဖြစ်သော ဖဿာဒိ ဓမ္မဖြပ်တို့သည် အနညာတ။

**ဝိသယ**

သွာယံဓာပိ-၌ တ-သဒ္ဒါ, က္ခမ-သဒ္ဒါတို့သည် လွန်ပြီးဝါကျရှိ ဓမ္မသဒ္ဒါကို စွဲသောကြောင့် ပက္ကန္တဝိသယ။

က္ခဓ-ကား ဆိုဆဲ ကုသလာ ဓမ္မာ၌ ဓမ္မကို စွဲသောကြောင့် ပသိဒ္ဓ ဝိသယ။

င-ဝါကျရှိ တသ္မိံကား သမယေသု အစွဲပုဒ် တိုက်ရိုက်ပါသော ကြောင့် ပသိဒ္ဓဝိသယ။

## ၈။ အဓမ္မော နိရယံ နေတိ-၌ ကြိယာငါးတန်

(၁) ငရဲဘုံ၌ ဖြစ်ရခြင်းသည် ဒဿနတ္တ။

(၂) အကုသိုလ်ကံ စေတနာသည် ဒီပကတ္တ။

(၃) ငရဲဒုက္ခကို ခံစားရခြင်းသည် ပကာသနတ္တ။

(၄) အသပ္ပုရိသူပနိဿယ၊ အသဒ္ဓမ္မသဝန၊ အယောနိသော မနသိကာရစသော အကြောင်းများသည် ဝိဘာဝတ္တ။

http://www.dhammadownload.com



(၅) ငရဲဆင်းရဲကို ကာလများစွာ ခံစားရခြင်း, ငရဲမှ လွတ်သည့် အခါ ပြိတ္တာဘုံ၌ ဖြစ်ရခြင်းစသော အကျိုးများသည် အန ဘာဝတ္ထု။

## မေ့ာ ပါပေတိ သုဂ္ဂတိ

၁။ မေ့ာ အရ ကုသိုလ်တရားသည် ဒဿနတ္ထု။

၂။ ယောနိသော မနသိကာရသည် ဒီပကတ္ထု။

၃။ ကိလေသာ ကင်းဝေး၍ ဖြူစင်ခြင်း၊ ဝမ်းသာပီတိ ဖြစ်ခြင်းသည် ပကာသနတ္ထု။

၄။ သပ္ပုရိသူပနိဿယ၊ သဒ္ဓမ္မဿဝန စသည်တို့သည် ဝိဘာဝတ္ထု။

၅။ သုဂတိဘဝသို့ ရောက်ရခြင်း၊ ကောင်းသောသတင်းကျော် စောခြင်း၊ လူအပေါင်းတို့၏ ချစ်ခင်နှစ်သက်ခြင်း၊ စည်းစိမ် ဥစ္စာနှင့်ပြည့်စုံခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထု။

## ဟေတုမှိ ဉာဏံ ပဋိသမ္ဘိဒါ-၌ ကြိယာဝါးတန်

၁။ အကြောင်းတရား၌ သိစွမ်းနိုင်သော ပဋိသမ္ဘိဒါဉာဏ်သည် ဒဿနတ္ထု။

၂။ မဂ်ဖိုလ်ကို ရခြင်းသည် နီးသောအကြောင်း ဒီပကတ္ထု။

၃။ အကြောင်းတရားတို့၌ တွေဝေမှုမရှိဘဲ ရှင်းလင်းတိကျစွာ သိရခြင်းသည် ပကာသနတ္ထု။

၄။ ပရိယတ္တိသဝန ပရိပုစ္ဆာ ပုဗ္ဗယောဂ စသော အကြောင်း များသည် ဝေးသောအကြောင်း ဝိဘာဝတ္ထု။

၅။ သတ္တဝါတို့အား တစ်ဆင့်ဟောပြောပြသသဖြင့် သတ္တဝါ တို့၏ သန္တာန်၌ အကြောင်းတရားတွင် မတွေဝေသော အသိ ဉာဏ်ကို ရခြင်းစသော အကျိုးအဆက်ဆက်သည် အန ဘာဝတ္ထု။

http://www.dhammadownload.com



## ၁၀။ ဓမ္မံ ပရိယာ ပုဏာတိ

ဓမ္မံအရ ပရိယတ္တိဓမ္မကွန္တာ ဟူသော အကွရာဝလိ နာမပညတ်ရ၏။

ပရိယာပုဏာတိအရ သင်ယူသော အခြင်းအရာအားဖြင့် ဖြစ်သော ဉာဏ်, ဝီရိယပြဋ္ဌာန်းသော မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ရ၏။

ထို့ကြောင့် ဓမ္မံအရ ပစ္စည်းတရားက ပရိယာပုဏာတိအရ ပစ္စယုပ္ပန် တရားအား အာရမ္မဏာသတ္တိဖြင့် ကျေးဇူးပြုသည်။

အာရမ္မဏာတစ်မျိုးသာ ပြိုင်မရှိ။

## ဓမ္မပဋိသမ္ဘိဒါ

ဓမ္မအရ အကြောင်းဖြစ်သော စိတ် စေတသိက် ရုပ် နိဗ္ဗာန် ပညတ် ရ၏။

ပဋိသမ္ဘိဒါအရ မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်နှင့် ယှဉ်သောဉာဏ် ရ၏။

ဓမ္မအရ ပစ္စည်းတရားက ပဋိသမ္ဘိဒါအရ ပစ္စယုပ္ပန်တရားအား အာရမ္မဏာသတ္တိဖြင့် ကျေးဇူးပြုပါသည်။

အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ ၆- ပစ္စည်းပြိုင်။

## အဓမ္မော နိရယံ နေတိ

အဓမ္မော အရ အကုသိုလ်ကံ စေတနာပစ္စည်းတရား ရ၏။

နေတိအရ ထိုစေတနာနှင့်တကွသော အကုသိုလ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန် တရား ရ၏။ ထို့ကြောင့် အဓမ္မောအရ ပစ္စည်းတရားက နေတိအရ ပစ္စယုပ္ပန် တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

အကြီး ၄၊ အညမည၊ သမ္ပယုတ္တ၊ အာဟာရ၊ ကမ္မ ၈-ပစ္စည်းပြိုင်။

http://www.dhammadownload.com



## တစ်နည်း

အခမ္မောအရ ပဌမဇော စသော ရှေးရှေးသော အကုသိုလ်ကံ စေတနာ ပစ္စည်းတရားက နေတိအရ ဒုတိယဇောစသော နောက်နောက်သော အကုသိုလ်ဇော စေတနာ ပစ္စယုပ္ပန်တရားအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ ၆-ပစ္စည်းပြိုင်။

## နိရယံ နေတိ

နေတိအရ ဗလဝဖြစ်သော အကုသိုလ်ကံ စေတနာပစ္စည်းရ၏။

နိရယံအရ အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်စေတသိက်၊ ကဋတ္တာရုပ် ပစ္စယုပ္ပန်ရ၏။ ပကတူပပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပကတူပ၊ နာနက္ခဏိက ၂-ပစ္စည်းပြိုင်။

## ဓမ္မော ပါပေတိ သုဂ္ဂတိ

ပါပေတိအရ ဗလဝဖြစ်သော လောကီကုသိုလ် သတ္တရသ စေတနာရ၏။ သုဂ္ဂတိအရ မဟာဝိပါတ်စိတ် ၈-ခု၊ မဟဂ္ဂုတ်ဝိပါတ်စိတ် ၉-ခု၊ နာမက္ခန္ဓာ ကဋတ္တာရုပ်၊ ဇီဝိတနဝကကလာပ်ရုပ် ရ၏။ ပကတူပပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပကတူပ၊ နာနက္ခဏိက ၂-ပစ္စည်းပြိုင်။

http://www.dhammadownload.com



## ဝါကျ (၁၁) မေးအဖွင့် (ဝစနတ္ထစသည်)

(က) အတ္ထနော ပန သဘာဝံ ဓာရေန္တီတိ မေးဘ။

(ခ) ဓာရီယန္တိ ဝါ ပစ္စယေဟိ, ဓာရီယန္တိ ဝါ ယထာသဘာဝတော တိ မေးဘ။

(ဂ) န ကုသလာ အကုသလာ။

(ဃ) မိတ္တပဋိပက္ခာ အမိတ္တာ ဝိယ လောဘာဒိပဋိပက္ခာ အလောဘာဒယော ဝိယ စ ကုသလပဋိပက္ခာတိ အတ္ထော။

(င) န ဗျာကတာတိ အဗျာကတာ။

(စ) ကုသလာကုသလဘာဝေန အကထိတာတိ အတ္ထော။

(ဆ) တေသု ပန အနဝဇ္ဇသုခဝိပါကလက္ခဏာ ကုသလာ၊ သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ အကုသလာ၊ အဝိပါကလက္ခဏာ အဗျာကတာ။

(ဋ္ဌ-၈၁-၈၂)

## ၁။ က-ခ ဝါကျတို့လာ မေးဘကို ကေဝလဒဗ္ဗာပေက္ခနည်း၊ သဂုဏဒဗ္ဗာပေက္ခနည်း အနက်ပေးပုံ

(က) မေးဘ၊ သစ်တာ အသစ်တာမေးတို့သည် (ကေဝလဒဗ္ဗာပေက္ခ) မေးဘ၊ မိမိ မိမိတို့၏ သဘောကို ဆောင်တတ်ကုန်သော (ဂုဏ) သစ်တာ အသစ်တာ တရားတို့သည်(ဒဗ္ဗ) (သဂုဏဒဗ္ဗာပေက္ခ)

(ခ) မေးဘ၊ သစ်တာ မေးတို့သည် (ကေဝလဒဗ္ဗာပေက္ခ) မေးဘ၊ မိမိ မိမိတို့၏ အကြောင်းတို့သည် ဆောင်အပ်ကုန်သော (ဂုဏ) သစ်တာမေးတို့သည်။ (ဒဗ္ဗ)(သဂုဏဒဗ္ဗာပေက္ခ)

## ခ-ဝါကျ ဒုတိယဝိကပ်

မေးဘ၊ သစ်တာ, အသစ်တာ, ပညတ္တိမေးတို့သည်။ (ကေဝလဒဗ္ဗာပေက္ခ) မေးဘ၊ မိမိ မိမိတို့၏ သဘောအားလျော်စွာ မှတ်သားအပ်ကုန်သော

http://www.dhammadownload.com



(၇၈) သစ်တ, အသစ်တ, ပညတ္တိမွေ့တို့သည် (ဒ၅) သံဝိဇ္ဇန္တိ၊ (သဂ္ဂဂါဒဗ္ဗာပေက္ခ)

(ဗျာကတာ၏ ကတ္တားကို ဘဂဝတာ-ဟုထည့်)

## ၂။ (က)ဝါကျသို့ ဌာပနာပဒ္ဓက

ဆရာ ဆရာသည် ဝစနတ္တောပနေတ္တ စသည်ဖြင့် ကုသလသဒ္ဒါ၏ ဝစနတ္ထတို့ကို ဆိုတော်မူခဲ့၏။ မွေ့သဒ္ဒါ၏ ဝစနတ္ထတို့ကို မဆိုတော့ပြီဟု မှတ်ရမည်လော။ ထို့ကြောင့် ကုသလသဒ္ဒါ၏ ဝစနတ္ထတို့ကိုသာ မဆိုသင့်။ မွေ့သဒ္ဒါ၏ဝစနတ္ထတို့ကား အဘာယ်ပါနည်း။ မွေ့သဒ္ဒါ၏ ဝစနတ္ထတို့ကို မဆိုချေသော် ဆရာ့၌ အဗျာပိတ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ ဤသို့ စောဒနာဖွယ် ရှိသောကြောင့် အတ္တနော ပန သဘာဝံ စသော (က)ဝါကျကို မိန့်။

### အဓိပ္ပါယ်ကား

အတ္တနော ပန သဘာဝံ ဓာရေန္တီတိ မွော စသည်ဖြင့် မွေ့သဒ္ဒါ၏ဝစနတ္ထကို ငါပြဆိုသောကြောင့် သင်တင်သောဒေါသ ငါ၌မရောက် ပျောက်ပါ၏ ဟူလို။

## (ခ) ဝါကျ ဓာရီယန္တိ ဝါ ယထာသဘာဝတော သို့ ပါပနာပဒ္ဓက

ဆရာ ဆရာသည် အတ္တနော ပန သဘာဝံ စသော နစ်ဝိကပ်ဖြင့် မွေ့၏ ဝစနတ္ထတို့ကို ပြဆိုတော်မူခဲ့၏။ (၄) ။ ယင်းသို့သာ ဆိုချေသော် သစ်တာသစ်တ ( ဝါ ) သစ်တဟူသော ပရမတ္ထမွေ့တို့သည်သာ မွေ့မည်၍ ပညတ္တိမွေ့ကား မွေ့ မမည်ဟူသော အနက်သည်ရောက်၏ (အနုပါ)။ စင်စစ် တမူကား ပညတ္တိမွေ့တို့သည်လည်း မိမိ မိမိတို့၏ သဘောအားလျော်စွာ မှတ်သားအပ်သောကြောင့် ထိုအနက်သည် မရောက်သင့်။ (ပဋိပါ)။ ထို့ကြောင့် ပညတ္တိမွေ့ကို ရနိုင်သော ဝစနတ္ထအစ်မျိုးကိုလည်း ဆိုသင့်သေး ၏။ (အနုပါ) မဆိုဘဲ မနေသင့် (ပဋိပါ)။ နေချေသော် ဆရာ့၌ အဗျာပိတ

http://www.dhammadownload.com



အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ ဤသို့ စောဒနာဖွယ် ရှိသောကြောင့် ဓာရိယန္တိ ဝါ ယထာသဘာဝတော ဟူသော ပါဌ်ကိုမိန့်။

## (ယ)ဝါကျ ဌာပနာပဉ္စက

ဆရာ ဆရာသည် န ကုသလာ အကုသလာဖြင့် အကုသလာ၏ ဝစနတ္ထကို ဆိုတော်မူခဲ့၏။ ယင်းသို့ပင် ဆိုသော်လည်း အကုသလာ၌ အ-သဒ္ဒါ၏ အနက်ကို ထင်ရှားစွာ မသိရသေးသည်မဟုတ်ပါလော။ ထို့ကြောင့် ဝစနတ္ထမျှကိုသာ မဆိုသင့်။ အ-သဒ္ဒါ၏အနက်ကား အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် ယ-ဝါကျမိန့်။

**အဓိပ္ပါယ်ကား**

အ - သည် ဝိရုဒ္ဓအနက်ကို ဟောပါ၏ဟူလို။

## (စ)ဝါကျ အဗျာကတ ဌာပနာပဉ္စက စောဒနာတက်

ဆရာ ဆရာသည် (င) ဝါကျဖြင့် န ဗျာကတာ အဗျာကတာ (မြတ်စွာဘုရားသည် မဟောကြားအပ်သောကြောင့် အဗျာကတမည်၏) ဟု ဆိုတော်မူ၏။(ဌ)။ ဝိပါက်ကြိယာစိတ္တုပ္ပါဒ် ရုပ် နိဗ္ဗာန်တရားတို့ကို သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ စသည်ဖြင့် ဘုရားရှင်ကိုယ်တော်တိုင် ဟောခဲ့သည်မဟုတ်ပါလော။ (အာဘော်)။ ထို့ကြောင့် န ဗျာကတာ အဗျာကတာဟူ၍ မဆိုသင့်။ အဘယ်သို့သော အခြင်းအရာအားဖြင့် မဟောကြားအပ်သည်ကို အဗျာကတာဟု ဆိုပါသနည်း (ပုစ္ဆာ)။ ယင်းအချက်ကို မပြဆိုချေသော် ဆရာ၌ ဝိရောဓိဒေါသ ဩစိတျဟီနဒေါသ သင့်ရောက်ရာ၏။ ဤသို့ စောဒနာဖွယ် ရှိသောကြောင့် ကုသလာကုသလဘာဝေန အကထိတာတိအတ္ထော ဟူသော (စ) ဝါကျမိန့်။

**အဓိပ္ပါယ်ကား**

သုခါယ ဝေဒနာယ သမ္ပယုတ္တာဓမ္မာ အစရှိသည်ဖြင့် မဟောကြား အပ်သည်ကို အဗျာကတဆိုသည်မဟုတ်၊ ကုသိုလ် အကုသိုလ် အဖြစ်ဖြင့်

http://www.dhammadownload.com



မဟောကြားအပ်သည်ကိုသာ အဗျာကတ ဆိုရပါ၏ဟု ငါပြဆိုသောကြောင့် သင်တင်သောဒေါသ ငါ၌မရောက် ပျောက်ပါ၏ဟူလို။

## ၃။ ဓာရိယန္တိတိ ဝါ ပစ္စယေဟိ၌ ဝါ သဒ္ဒါ

(၁) အတ္တနော သဘာဝံ ဓာရေန္တီတိ ဓမ္မာ ဟူသော ကတ္တုသာဓ် အကြောင်း ဝစနတ္ထမှတစ်ပါး ဓာရိယန္တိ ပစ္စယေဟီတိ ဓမ္မာ ဟူသော ကမ္မသာဓ် အကြောင်းဝစနတ္ထကိုလည်းကောင်း၊ (၂) ရမ္မပစ္စည်း၏ ကတ္တုတ္ထမှ တစ်ပါး ကမ္မတ္ထကိုလည်းကောင်း၊ (၃)ဓမ္မအရ သင်္ခတအသင်္ခတဟူသော အဘိ ဓေယျတ္ထမှတစ်ပါး သင်္ခတဟူသော အဘိဓေယျတ္ထကိုလည်းကောင်း၊ (၄) မိမိ မိမိတို့၏သဘောကို ဆောင်တတ်သောကြောင့် ဓမ္မမည်၏ ဟူသော သကတ် မှတစ်ပါး အကြောင်းတရားတို့သည် ဆောင်အပ်သောကြောင့် ဓမ္မမည်၏ ဟူသော သကတ်အနက်ကို လဲလိုသောကြောင့် ဝါသဒ္ဒါ ထားပါသည်။

## ဓာရိယန္တိ ဝါ ယထာသဘာဝတော၌ ဝါသဒ္ဒါ

(၁) ဓမ္မာ၌ ရဓာတ်၏ ဆောင်ခြင်း အနက်မှတစ်ပါးမှတ်ခြင်း အနက် ကိုလည်းကောင်း (အနက်လဲ၊အကြောင်းလဲ)။ (၂) ဓမ္မအရ သင်္ခတ ဓမ္မ သင်္ခတာသင်္ခတဓမ္မဟူသော အဘိဓေယျတ္ထမှတစ်ပါး သင်္ခတ အသင်္ခတ ပညတ္တိဓမ္မဟူသော အဘိဓေယျတ္ထကိုလည်းကောင်း၊ (၃) အကြောင်းတရား တို့သည် ဆောင်အပ်သောကြောင့် ဓမ္မမည်၏ဟူသော သကတ်အနက်မှ တစ်ပါး မိမိတို့၏ သဘောအားလျော်စွာ မှတ်သားအပ်သောကြောင့် ဓမ္မ မည်၏ဟူသော သကတ်ကိုလည်းကောင်း လဲလိုသောကြောင့် ဝါ-သဒ္ဒါ ထားပါသည်။

၄။ * ဓာရေန္တီတိ ဓမ္မာ (ဓရ+ရမ္မ)ဆောင်ခြင်းကိရိယာ။

* န ကုသလာ အကုသလာ။

ပဋိပက္ခဝိရုဒ္ဓသောဂုဏ်၏ အကုသိုလ်နှင့် ဂုဏ် + ဂုဏေးအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန္ဓသည် ဗျပ္ပတ္တိနိမိတ်။

http://www.dhammadownload.com



**မှတ်ချက်။** ။န ကုသလာ ဝိဂြိုလ်ဝါကျအရိုက်၌ ကုသလသဒ္ဒါသည် ကုသိုလ်အနက်ကို မဟော။ န-၏ အရှိန်ဟပ်၍ အကုသိုလ်ကို ဟောရသည်။ န-နိပါတ်ပုဒ် ရှေးရှိသော သမာသ်ပုဒ်တိုင်း ဤနည်းကိုမှီး၍ သိပါ။

အကုသိုလ်တရားတို့၏ ပဋိပက္ခဝိရုဒ္ဓသောဂုဏ်နှင့် အကုသိုလ်စိတ်တို့၏ တစ်ပါးသည် တစ်ပါးနှင့်တူသော ဇာတ်သည် ပဝတ္တိနိမိတ်။

* မိဒ္ဓတိ သိနေဟတီတိ မိတ္တော၊ (မိဒ+တ) ချစ်မြတ်နိုးခြင်း။

* မိနောတိ အန္တော ပက္ခိပတီတိ မိတ္တော၊ (မိ+(ပက္ခေပ)+တ) အတွင်းသို့သွင်းခြင်း။

* ပဋိဝိရုဒ္ဓေါ ပက္ခော ပဋိပက္ခော။

ဆန့်ကျင်ဘက်သောဂုဏ်၏ ရန်သူနှင့် ဂုဏ်+ဂုဏေးအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

ဆန့်ကျင်ဘက် ဖြစ်ခြင်းဂုဏ်သည် ပဝတ္တိနိမိတ်။

* လောဘော အာဒိ ယေသန္တိ လောဘာဒယော။

* လောဘာဒီနံ ပဋိပက္ခာ လောဘာဒိပဋိပက္ခာ။

* န ဗျာကတာ အဗျာကတာ။

အညသောဂုဏ်၏ အဗျာကတဓမ္မတို့နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

အညသောဂုဏ်သည် ပဝတ္တိနိမိတ်။

* ဝေဒိတဗ္ဗန္တိ ဝဇ္ဇံ။ (ဝဒ+ဏျ) အပြစ်ရှ၏။

* ဝဇ္ဇိတဗ္ဗံ ဂရဟိတဗ္ဗန္တိ ဝဇ္ဇံ။ (ဝဇ္ဇိ+အ)

* ဝဇ္ဇမေဝ အဝဇ္ဇံ။ (အပြစ်ရှ၏)

တဗ္ဘာဝသောဂုဏ်၏ အပြစ်နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသည် သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

အပြစ်သည် ပဝတ္တိနိမိတ်။

http://www.dhammadownload.com



* နတ္ထိ အဝဇ္ဇံ ဧတေသန္တိ အနဝဇ္ဇာ။

အပြစ်မရှိခြင်းဂုဏ်၏ ကုသိုလ်နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန္ဓသည် ဖျူပ္ပတ္တိနိမိတ်။

အပြစ်မရှိခြင်းဂုဏ်သည် ပဝတ္တိနိမိတ်။

* သုခေါ ဝိပါကော ဧတေသန္တိ သုခဝိပါကာ။

ချမ်းသာသောအကျိုး၏ ကုသိုလ်နှင့် အကျိုး+အကြောင်း အဖြစ် ဖြင့်စပ်ခြင်း သမ္ဗန္ဓသည် ဗျူပ္ပတ္တိနိမိတ်။

ချမ်းသာသောအကျိုးသည် ပဝတ္တိနိမိတ်။

* အနဝဇ္ဇာ စ တေ သုခဝိပါကာ စာတိ အနဝဇ္ဇသုခဝိပါကာ။(ကမ္မဓာရဲ)

* လက္ခီယန္တိ ဧတေနာတိ လက္ခဏံ။ (လက္ခ+ယု) မှတ်သားခြင်း။

* အနဝဇ္ဇသုခဝိပါကာ လက္ခဏံ ဧတေသန္တိ အနဝဇ္ဇသုခဝိပါကလက္ခဏာ။

အနဝဇ္ဇသုခဝိပါကလက္ခဏာ၏ ကုသိုလ်တို့နှင့် လက္ခဏ+လက္ချ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည် ဗျူပ္ပတ္တိနိမိတ်။

အနဝဇ္ဇသုခဝိပါကလက္ခဏာသည် ပဝတ္တိနိမိတ်။

| | | | |
|---|---|---|---|
| ၅။ | အတ္တနော | = | ကိတ်ပုဒ်၊ ပုလ္လိင်၊ ရာဇာဒိ၊အကာရန္တ။ |
| | ဓာရေန္တိ | = | အာချာတ်ပုဒ်၊ အလိင်၊စုရာဒိ၊အကာရန္တ။ |
| | လောဘာဒိ | = | သမာသ်ပုဒ်၊ ပုလ္လိင်၊ ရတ္တာဒိ၊ဣကာရန္တ။ |

၆။ (က) ပန-ဖြင့် ကုသလသဒ္ဒါ၏ ဝစနတ္ထမှတစ်ပါး ဓမ္မသဒ္ဒါ၏ ဝစနတ္ထကို သိစေသည်။ (အဘိဓာနတ္ထ)

အတ္တနော သဘာဝံ ဓာရေန္တိ-ဖြင့် ဓမ္မာကို ဓာရေန္တီတိ ဓမ္မာ-ဟု ကတ္တုသာဓ် ဝစနတ္ထပြုရမည်အဖြစ်၊ (အဘိဓာနတ္ထ) ရေ-ဓာတ်၊ ရမ္မ-ပစ္စည်း (ဒုဓာတုပဒ၊ ဒုပစ္စယပဒ) ယင်း ရမ္မပစ္စည်း၏ ကတ္တားအနက်ကို ဟောသည် အဖြစ် (ဒုပစ္စယတ္ထ) ဆောင်၏ဟူသည် မိမိ မိမိတို့၏ သဘောလက္ခဏာကို ဆောင်သည်၏အဖြစ် (ဘာဝတ္ထ)ထိုသို့ မိမိတို့၏ သဘောလက္ခဏာကို

http://www.dhammadownload.com



ဆောင်တတ်သောကြောင့် သစ်တာသစ်တမှုတို့သည် ဖမ္မည်သည်၏ အဖြစ်ကို သိစေပါသည်။(အဘိဓေယျတ္ထ/ဘာဝတ္ထ)

( ခ ) ဝါကျ-ဖြင့် နယန္တရကို သိစေပါသည်။ ဓာရိယန္တိ ပစ္စယေဟိ ဖြင့် ဖမ္မာကို ပစ္စယေဟိ ဓာရီယန္တိတိ ဓမ္မာ-ဟု ကမ္မသာဓ် ဝစနတ္ထပြုရမည် အဖြစ် (အဘိဓာနတ္ထ) ရစေတတ်၊ ရမှုပစ္စည်း (ဒုဓာတုပဒ၊ ဒုပစ္စယပဒ) ယင်းရမှု ပစ္စည်း၏ ကံအနက်ကို ပေါသည်၏အဖြစ် (ဒုပစ္စယတ္ထ) အကြောင်းတရားတို့သည် ဆောင်အပ်သောကြောင့် သစ်တတရားတို့သည် ဖမ္မည်သည်၏ အဖြစ် (ဘာဝတ္ထ၊ အဘိဓေယျတ္ထ) သိစေပါသည်။

ဝါ-ဖြင့် နယန္တရကို သိစေပါသည်။ ဓာရီယန္တိ ယထာသဘာဝတော ဖြင့် (ယခင်နည်းတူ သုံးချက်ဖော်) ရစေတတ်၏ လက္ခဏတ္ထကို ပေါသည်၏ အဖြစ် (ဒုဓာတွတ္ထ) ဓာရီယန္တိ ယထာသဘာဝတော ဓမ္မာ-ဟု ဝစနတ္ထပြုနိုက် ဖမ္မအရ ပရမတ္ထဓမ္မ၊ ပညတ္တိဓမ္မအားလုံးကို ယူရမည်၏အဖြစ်ကို (အဘိဓေယျတ္ထ) သိစေပါသည်။

( ဂ ) န ကုသလာ-ဖြင့် အကုသလာကို နကုသလာ အကုသလာ-ဟုကမ္မဓာရည်းသမာသ် ဝစနတ္ထပြု၊ အ ၏ နကာရိယအဖြစ် (သန္ဓိလိင်ပဒ၊ နိပါဒလိင်ပဒ) တစ်နည်း- အကုသလာ၌ အသည် န-သဒ္ဒါ၏အနက်ကို ပေါသည်၏အဖြစ်ကို (နိပါတလိင်တ္ထ) သိစေပါသည်။

(ဃ) ကုသလပဋိပက္ခာတိ အတ္ထော-ဖြင့် အကုသလ၌ အ-သဒ္ဒါသည် ပဋိသောဓေ ဝုဒ္ဓိ တဗ္ဗာဝေ၊ အညတ္တေသဒိသေပိစ၊ ဝိရုဒ္ဓေ ဂရဟော. သုညေ၊ အကာရော ဝိရုဟာပွကေ-ဟူသော အနက်ဆယ်ပါးတို့တွင် ဝိရုဒ္ဓ အနက်ကို ပေါသည်၏ အဖြစ်ကို လည်းကောင်း(နိပါတလိင်တ္ထ)။

မိတ္တပဋိပက္ခာ အမိတ္တာဝိယ-ဖြင့် မိတ်ဆွေ၏ ဆန့်ကျင်ဘက် တို့သည် ရန်သူမည်ကုန်သကဲ့သို့-ဟူသော လောကူပမာကိုလည်းကောင်း (ဘာဝတ္ထ) လောဘာဒိပဋိပက္ခာ အလောဘာဒယောဝိယစဖြင့် လောဘ

http://www.dhammadownload.com



စသည်တို့၏ ဆန့်ကျင်ဘက်တို့သည် အလောဘ စသည်တို့မည်သကဲ့သို့ ဟူသော သာသန္တုပမာကို လည်းကောင်း (ဘာဝတ္ထ) သိစေပါသည်။

**ကုသလပဋိပက္ခာတိ အတ္ထော-ဖြင့်** ထိုနည်းအတူ ကုသိုလ်၏ ဆန့်ကျင်ဘက်သည် အကုသိုလ်မည်၏-ဟူသော ဥပမေယျတ္ထကို သိစေသည်။

**(စ) ကုသလာကုသလဘာဝေန အကထိတာတိ အတ္ထော-** ဖြင့် အဗျာကတ မဟောအပ်ကုန်ဟူသည် ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သည်အဖြစ် (ဘာဝတ္ထ) အဗျာကတဝယ် ဗျာကတာ၌ ဝိရှေး အာရှေးရှိသော ကရဓာတ်သည် ပြောဆိုခြင်း ကထနအနက်ကို ဟောသည် အဖြစ်၊ တပစ္စည်း၏ ကမ္မတ္ထဝါစကအဖြစ်၊ ဝိ + အာ ဥပသာရပုဒ်တို့၏ ဓာတွတ္ထဝိသေသကအဖြစ်ကို (ဒုဓာတွတ္ထ၊ ဒုပစ္စယတ္ထ) သိစေပါသည်။

၇။ (စ) ဝါကျ ကုသလာကုသလဘာဝေနနောင် သဗ္ဗပဒံ သာဝဓာရဏံ နှင့်အညီ ဝေထိုင်ခဲ့လျှင်...

၁။ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောခြင်းသည် ဂဟေတဗ္ဗ။
၂။ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် ဟောခြင်းသည် နိဝတ္တေတဗ္ဗ။
၃။ သုခါယ ဝေဒနာယသမ္ပယုတ္တာ မှာစသည်ဖြင့် ဟောခြင်း သည်လည်းကောင်း၊ အဗျာကတအဖြစ်ဖြင့် ဟောခြင်းသည် လည်းကောင်း အနုညာတ။ (သမ္ဘဝတ္တနည်း)

(အကုသလာ-၌ အ-သဒ္ဒါ ဝိရုဒ္ဓအနက်ဟော။ အဗျာကတ၌ အသဒ္ဒါ အညအနက်ဟော။)

၈။ **အဗျာကတအရ--**

၁။ အဗျာကတမွေတို့သည် ဒဿနတ္ထ။
၂။ အဝိပါကမွေတာ. နိရာနသယသင်္ခါန ပဋိဗဒ္ဓတို့သည်ဒီပကတ္ထ။
၃။ အဗျာကတမွေ စိတ္တဇရုပ် ဝိပါကိကဋတ္တာရုပ်တို့သည်ပကာသ

http://www.dhammadownload.com



နတ္ထ။

၄။ ဝတ္ထုအာရုံစသော အကြောင်းများနှင့် ကုသိုလ်ကံ အကုသိုလ်ကံ စသောအကြောင်းများသည် ဝိဘာဝတ္ထ။

၅။ ရုပ်နာမ်ခန္ဓာအစဉ် မပြတ်မစဲဖြစ်ရခြင်းစသော အကျိုးများသည် အနုဘာဝတ္ထ။

**အဗျာကတအရ နိဗ္ဗာန်ကိုယူခဲ့လျှင် - - -**

၁။ နိဗ္ဗာန်သည် ဒဿနတ္ထ။

၂။ ဒီပကတ္ထမရှိ (ပဒဋ္ဌာန်မရှိ) (ဂေါတြဘုဉာဏ်ကို ဒီပကတ္ထ ထုတ်သည်လည်းရှိ၏)

၃။ ကိလေသာ ငြိမ်းအေးခြင်းသည် ပကာသနတ္ထ။

၄။ သီလသမာဓိ ဝိပဿနာဉာဏ်စသော အကြောင်းများသည် ဝိဘာဝတ္ထ။

၅။ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးများသည် အနုဘာဝတ္ထ။

**အဗျာကတဝယ် ဗျာကတ၌ ဓာတ်အရ ကြိယာငါးတန် - - -**

၁။ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ကို ကောက်၍ ထုံးစံအတိုင်း ထုတ်ပါ။

## (ဆ) ဝါကျ၌ ရထိုက်သော သိဒ္ဓိ

ယင်း (ဆ)ဝါကျဖြင့် ကုသိုလ်သည် အနဝဇ္ဇ သုခဝိပါကလက္ခဏာ ရှိသည်။ အကုသိုလ်သည် သာဝဇ္ဇ ဒုက္ခဝိပါကလက္ခဏာရှိသည်။ အဗျာကတတရားတို့သည် အဝိပါကလက္ခဏာရှိသည် - ဟု ကုသိုလ်စသော ပရမတ္ထဓမ္မတို့၏ သဘောသဘာဝ လက္ခဏာတို့ကို မျက်မှောက်ထင်ထင် သိမြင်ရသောကြောင့် ပစ္စက္ခသိဒ္ဓိရပါသည်။

http://www.dhammadownload.com



၉။ (က) ဝါကျ အတ္တနော သဘာဝံ ဓာရေန္တိ-၌ အတ္တနော သဘာဝံ အရနှင့် ဓာရေန္တိအရတို့သည် တူပါလျက် ကံပုဒ် ကြိယာပုဒ်အဖြစ်ဖြင့် ခွဲထား ရပုံ.....

အတ္တနော သဘာဝံဖြင့် မိမိ၏ သဘောလက္ခဏာဖြစ်သော အနဝဇ္ဇ သုခဝိပါကလက္ခဏာရ၏။ ယင်းသည် ထင်ရှားသောကြောင့် ဝိညာတမည်၏။ ဓာရေန္တိအရ ကုသိုလ်စသောတရားတို့ကား ကုသိုလ်ဟူသည် ဤသို့တည်းဟု လွယ်ကူစွာမသိအပ်နိုင်သောကြောင့် အဝိညာတဖြစ်၏။ ဤသို့ ဝိညာတ+ အဝိညာတအဖြစ် ကွဲပြားထူးခြားလေ့သောကြောင့် အရတူသော်လည်း ကံပုဒ် ကြိယာပုဒ် အဖြစ်ဖြင့် ခွဲရပါသည်။

ထိုနည်းတူစွာ ကုသိုလ်တို့သည် အနဝဇ္ဇသုခဝိပါက လက္ခဏာရှိ သည်ဟူသော စကား၌ အနဝဇ္ဇသုခဝိပါကလက္ခဏာနှင့် ကုသိုလ်တို့ကား အတူတူပင်ဖြစ်၏ ယင်းသို့တူပါလျက် ဝိညာတ+ အဝိညာတအဖြစ်ဖြင့် ကွဲပြားနေသောကြောင့် လက္ခဏ +လက္ခဏာဝန္တ အဖြစ်ဖြင့် ခွဲခြား၍ ဆိုပါ သည်။

## ၁၀။ အတ္တနော သဘာဝံ ဓာရေန္တိ

သဘာဝံနှင့် ဓာရေန္တိအရ ပရမတ္ထ လေးပါးလုံးကိုပင် ရသောကြောင့် (က) သဘာဝံအရ ဝေဒနာပစ္စည်း၊ ဓာရေန္တိအရ ကြွင်းနာမက္ခန္ဓာနှင့် စိတ္တဇရုပ် ပစ္စယုပ္ပန်ယူခဲ့လျှင် သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ အကြီး- ၄၊ အလတ်-၄၊ ဣန္ဒြိယ၊ ဈာန၊ ယထာရဟ ၁၀-ပြိုင်။

**မှတ်ချက်။** ။ ဝေဒနာ ပစ္စည်း၊ သမ္ပယုတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်ယူခဲ့လျှင် ဝိပ္ပယုတ္တချန် ကျန် ၉-ပစ္စည်း။

ဝေဒနာပစ္စည်း၊ စိတ္တဇရုပ် ပစ္စယုပ္ပန်ယူခဲ့လျှင် အညမည. သမ္ပယုတ္တ ချန် ကျန် ၈-ပစ္စည်း ပြိုင်နိုင်သည်။

ဝေဒနာပစ္စည်း၊ နိဗ္ဗာန် ပစ္စယုပ္ပန်ယူခဲ့လျှင် ပကာတူပ

http://www.dhammadownload.com



ပစ္စယသတ္တိဖြင့် ကျေးဇူးပြု။
(အတ္တနောနှင့် သဘာဝလည်း အရတူသည်။ စဉ်းစားပါ။)

## ဓာရိယန္တိ ဝါ ပစ္စယေဟိ

ပစ္စယေဟိအရ ဟိတ် ၆-ပါး ပစ္စည်း၊ ဓာရိယန္တိအရ သဟိတ်စိတ် ကေသတ္တတိ မောဟမူဒွေး၌ မောဟကြဉ် စေတသိက် ဧကပညာသ သဟိတ်စိတ္တဇရုပ် ပစ္စယုပ္ပန်ရ၏။ သဟဇာတသတ္တိဖြင့် ကျေးဇူးပြု အာဟာရ၊ ကမ္မ၊ ဈာန-ကြဉ် ၁၂-ပြိုင်။

ပစ္စယေဟိအရ ကံကို ပစ္စည်းယူ၍ ဓာရိယန္တိအရ ပဋိသန္ဓေ ကမ္မဇရုပ်ကို ပစ္စယုပ္ပန်ယူခဲ့လျှင် ပကတူပပစ္စယသတ္တိဖြင့် ကျေးဇူးပြု၊ ပကတူပ၊ နာနက္ခဏိက ၂-ပြိုင်။

ပစ္စယေဟိအရ စိတ်ကို ပစ္စည်းယူ၍ ဓာရိယန္တိအရ စိတ္တဇရုပ်ကို ပစ္စယုပ္ပန်ယူခဲ့လျှင် သဟဇာတသတ္တိဖြင့် ကျေးဇူးပြု၊ ကြီး ၄၊ ဝိပါက၊ ဝိပ္ပယုတ္တ၊ အငယ် ၇၊ပစ္စည်း ပေါင်း ၁၃-ပစ္စည်းပြိုင်။

ပစ္စယေဟိအရ အာဟာရကို ပစ္စည်းယူ၍ ဓာရိယန္တိအရ အာဟာရဇရုပ် ပစ္စယုပ္ပန်ယူလျှင် သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု။ ပြိုင်မရှိ။

ပစ္စယေဟိအရ ကံကိုပစ္စည်းယူ၍ ဓာရိယန္တိအရ ပဝတ္တိကမ္မဇရုပ် ပစ္စယုပ္ပန်ယူလျှင် သဟဇာတသတ္တိဖြင့် ကျေးဇူးပြု၊ အကြီး ၄၊ ဝိပါက၊ ဝိပ္ပယုတ္တ၊ အာဟာရ၊ ကမ္မ၊ ၈ ပစ္စည်းပြိုင်။

ပစ္စယေဟိအရ ရူပါရုံပစ္စည်း၊ ဓာရိယန္တိအရ စက္ခုဝိညာဉ် ပစ္စယုပ္ပန်ယူလျှင် အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု၊ အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ-ပြိုင်။

ပစ္စယေဟိအရ - အကုသိုလ်စိတ်, စေတသိက်ပစ္စည်း၊ ဓာရိယန္တိ

http://www.dhammadownload.com



အရ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာဉာဏသမ္ပယုတ် စိတ် ၄-ခု၊ အဘိညာဉ်ဒွေး၊ ဝုဋ္ဌော၊ ပစ္စယုပ္ပန်ယူလျှင် အာရမ္မဏပစ္စယ သတ္တိဖြင့် ကျေးဇူးပြု ပြိုင်မရှိ။

ပစ္စယေဟိအရ - မဟာကုသိုလ်ပစ္စည်းယူ၍ ဓာရိယန္တိအရ မဟာ ကုသိုလ်ပစ္စယုပ္ပန်ယူလျှင် အာရမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြု။ အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ-ပြိုင်၊ (သဟဇာတမျိုးလည်း ပြိုင်နိုင်သည်)

ပစ္စယေဟိအရ - စက္ခုဝိညာဉ်ကို ပစ္စည်းယူ၍ ဓာရိယန္တိအရ သမ္ပ ဋိစ္ဆိုင်း စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်ယူခဲ့လျှင် အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်၊ အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတ၊ ၅ ပစ္စည်းပြိုင်။

ပစ္စယေဟိအရ - ပဝတ္တိအခါ စက္ခုဝတ္ထုပစ္စည်း ဓာရိယန္တိအရ ပဝတ္တိ အခါ စက္ခုဝိညာဉ်စိတ် ပစ္စယုပ္ပန်။ ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြု။ ပုရေဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတ၊ ၆ - ပစ္စည်းပြိုင်။

ဓာရိယန္တိအရ - ကုသိုလ်စိတ် ကောဝီသကိုယူခဲ့လျှင် ပစ္စယေဟိအရ ဟဒယဝတ္ထုကို ယူရမည်။ ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသည်၊ ဣန္ဒြိယချန် ကျန် ၅-ပစ္စည်းပြိုင်။

＜ ＞

http://www.dhammadownload.com



# ဝါကျ (၁၂) ကုသလာ ဓမ္မာ စသည်တို့၏ ကေဝလ + နာနဝလ အဖွင့် (၁)

(က) ကိံ ပနေတာနိ "ကုသလာတိ ဝါ ဓမ္မာတိ ဝါ" တိ အာဒီနိ ကေဝလာနိ ဥဒါဟု နာနဝလာနိတိ။

(ခ) ကိဥ္စေတ္ထ ယဒိ တာဝ ကေဝလာနိ၊ ကုသလာ ဓမ္မာတိ ဣဒံ ကုသလာကုသလာတိ ဝုတ္တသဒိသံ ဟောတိ။

(ဂ) အထ နာနဝလာနိ၊ တိကဒုကာနံ ဆဋ္ဌစတုက္ကဘာဝေါ အာပဇ္ဇတိ၊

(ဃ) ပဒါနဥ္စ အသမ္ဗန္ဓော၊

(င) ယထာ ဟိ "ကုသလာ ရူပံ စက္ခုမာ" တိ ဝုတ္တေ အတ္ထဝသေန အညမညံ အနောလောကေန္တာနံ ပဒါနံ န ကောစိ သမ္ဗန္ဓော ဝေမိတာပိ ပဒါနံ အသမ္ဗန္ဓော အာပဇ္ဇတိ။

(စ) ပုဗ္ဗာပရသမ္ဗန္ဓရဟိတာနိ စ ပဒါနိ နိပ္ပယောဇနာနိ နာမ ဟောန္တိ။

(၄၃ - ၈၂)

## ပါဠိဝဝတ္ထာန်

(က) ကိံ ပနေတာနိ-စသည်ဖြင့် ကုသလာ ဓမ္မာ-စသည်၌ ကုသလနှင့် ဓမ္မတို့အရ တူသလော- ထူးသလောဟူသော အမေးကိုပြသည်။

(ခ) ကိံ ဥစ္စေတ္ထ-ဖြင့် စောဒနာကြွင်း ရှိနေသေး၍ အပြည့်အစုံ စောဒနာပါဟု စောဒကကို ပရိဟာရ (သကဝါဒီ) ပုဂ္ဂိုလ်က ဆွပေးသည်။

ယဒိ တာဝ- စသည်ဖြင့် ထိုကျန်နေသေးသော စောဒနာကို ဆက်ပြသည်။ တူသည်ဟုယူက ပုနရုတ္တိဒေါသသင့်သည်ဟု အပြစ်ကောက်ပြသည်။

http://www.dhammadownload.com



(ဂ) ဝါကျဖြင့် ထူးသည် (မတူ) ဟုဆိုက တိက်တို့သည် ဆတ္တ (ကုသလ အရ တစ်မျိုး၊ ဓမ္မအရ တစ်မျိုးဖြစ်၍ ကုသလာ ဓမ္မာ၌ နှစ်မျိုးရ သကဲ့သို့ အကုသလာ ဓမ္မာ, အဗျာကတာ ဓမ္မာတို့၌လည်း ၂-မျိုးရသော ကြောင့် ၆-မျိုးဖြစ်သည်။) ဖြစ်ခြင်းဟူသော အပြစ်ရောက်နိုင်သည်။

(ဃ) ဝါကျဖြင့် မတူဟုယူက ကုသလနှင့် ဓမ္မအချင်းချင်း ဆက်စပ်မှု မရှိဟူသော အသမ္ဗန္ဓ ဒေါသလည်း ရောက်သေးသည်ဟု ပြသည်။

(င) ဝါကျဖြင့် အသမ္ဗန္ဓဒေါသ သင့်ပုံကို အချင်းချင်း ငဲ့စပ်မှုမရှိ သော ကုသလာ ရူပံ, စက္ခုမာ ဟူသော ဥပမာဖြင့် ရှင်းလင်းပြသည်။

(စ) ဝါကျဖြင့် ထိုသို့အသမ္ဗန္ဓဖြစ်ကကုသလာ ဓမ္မာ-ဟူသောပုဒ်တို့ တစ်စုံတစ်ရာ အကျိုးမရှိနိုင်ပုံကို ပြဆိုသည်။

## ၁။ ကိစ္စေဝတ္တဝါကျနိယံနှင့် အညီအနက်ပေးပုံ

ကိစ္စေဝတ္တပုဒ်၊ ထုတ်၍ရှိမူ၊ ကိစ္စနောက်မှ၊ အဝသိဋ္ဌ၊ ယံအတ္ထိနှင့်၊ တံဗြူဟိကို၊ ဆိုလှည့်မမှား၊ ရှေ့ဖျားကမှ၊ တဝစောဒနာ၊ အသမတ္တာကို၊ ဆောင် ကာစွက်၍ အနက်သမ္ဗန်မြဲ။ (ဘုရားကြီးနိယံ)

ဝေ့ထ-ဤ ကေဝတ္ထ နာနတ္ထအဖြစ်၌၊ (တဝ-သင်၏။ စောဒနာ-ကိုပနေ တာနိ-စသော စောဒနာသည်။ အသမတ္တာ-မပြီးဆုံးသေး) (ကိစ္စရှေ့ကထည့် ပုဒ်များ) ကိစ္စ-စိုးစဉ်းသော (အဝသိဋ္ဌ-ကြွင်းကျန်၍ နေသေးသော။ ယံဝစနံ- အကြောင်းစကားသည်။ အတ္ထိ-ရှိ၏။ တံဝစနံ-ထိုစကားကို။ ဗြူဟိ-ဆိုပါဦး လော့။ (ကိစ္စ-နောက်မှ ထည့်ပုဒ်များ) (ဘုရားကြီးနိယံအတိုင်း)

ကိစ္စေဝတ္တပုဒ်၊ ထုတ်၍ရှိက၊ ကိစ္စစပ်ရန်၊ ဝတ္တဖွံ့ကို၊ ကောန်မုချ၊ ထည့်ပြီး မှလျှင်၊ တဝစောဒနာ၊ အသမတ္တာနှင့်၊ ဆက်ကာအဝ၊ သိဋ္ဌပြ၍၊ တာဝဗြူဟိ၊ မိပ္ပါယ်ဖြည့်သည်၊ ကျမ်းရှိမူလ ဋီကာတည်း။ (ဘာသာဋီကာ)

http://www.dhammadownload.com



ဗ္ဗော – ဥ္၊ တယာ – သည်၊ ကိဋ္ဌိ – စိုးစဉ်းသော၊ ဝစနံ – စကားကို၊ ဝတ္တဗ္ဗံ – ဆိုသင့်သေး၏၊ (တစ်နည်း) ကိဋ္ဌိ – စိုးစဉ်းသော၊ ဝတ္တဗ္ဗံ – ဆိုသင့်သော၊ ဝစနံ – စကားသည်၊ အတ္ထိ – ရှိရာသေး၏၊ တေ – သင်၏၊ စောဒနာ – စောဒနာသည်၊ အသမတ္တာ – မပြည့်စုံသေး၊ တသ္မာ – ထို့ကြောင့်၊ အဝသိဋ္ဌံ – ကြွင်းသော စောဒနာကို၊ တွံ – သင်သည်၊ တာဝဗြူဟိ – ဆိုဘိလတ်သေး၊ (ပြည်နီသာယ)

## ၂။ က – ဝါကျ

ဆရာ ဆရာသည် ကုသလသဒ္ဓေါတာဝ – စသည်ဖြင့် ကုသလာ ဓမ္မာဥ္ ကုသလသဒ္ဒါ ဓမ္မသဒ္ဒါတို့၏ အတ္ထုဒ္ဓါရ, အတ္ထုဒ္ဒေသ, ဝစနတ္ထနှင့်တကွ လက္ခဏာတို့ကို ပြဆိုတော်မူခဲ့၏၊ ယင်းသို့သာ ဆိုချေသော် ကုသလဓမ္မ တို့၏ အတ္ထုဒ္ဓါရ ဝစနတ္ထလက္ခဏာတို့ကိုသာ သိရ၍ ယင်းကုသလနှင့် ဓမ္မတို့၏တူသည်အဖြစ် မတူသည် အဖြစ်တို့ကို မသိရသေးသည် မဟုတ်ပါ လော၊ ထို့ကြောင့် ကုသလဓမ္မတို့၏ အတ္ထုဒ္ဓါရ စသည်ကိုသာ မဆိုသင့်၊ ထို ကုသလဓမ္မတို့၏ တူသည်အဖြစ် မတူသည်အဖြစ်ကို အဘယ်သို့ သိမှတ်ရ ပါအံ့နည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ယင်းအမေးကို ကိုယ်တိုင်ပြ၍ ဖြေတော်မူလိုသော အဋ္ဌကထာဆရာသည် ရှေးဦးစွာ ပုစ္ဆာဝါကျကို ပြလိုရ ကား ကိံပနေတာနိ စသော က – ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား** – ကုသလနှင့် ဓမ္မတို့၏ အရတူ, မတူနှင့် စပ်လျဉ်း၍ ငါပြဆိုလိုသောကြောင့် ရှေးဦးစွာ ကိံပနေ တာနိ – စသော ကထေတုကမျတာ ပုစ္ဆာကို ငါပြဆိုပါ၏ ဟူလို။

## ခ – ဝါကျ ကိဥ္စေတ္ထသို့ ဌာပနာပဥ္စက

အသင် စောဒကဆရာ, ဆရာသည် ကိံပနေတာနိ စသည်ဖြင့် ကုသလာ ဓမ္မာဥ္ ကုသလနှင့် ဓမ္မတို့ တူကြသလော (သို့မဟုတ်) ထူးကြကုန်

http://www.dhammadownload.com



သလောဟူသော ပုစ္ဆာကို ဆိုတော်မူ၏။ ယင်းသို့ပင် ဆိုသော်လည်း အသင် စောဒကဆရာ၏ စကားသည် မပြည့်မစုံ ကျန်ရှိနေသေးသည် မဟုတ်ပါ လော။ ထို့ကြောင့် ကုသလနှင့်မွေတို့ တူကြသလော သို့မဟုတ် ထူးကြသ လောဟူသော ပုစ္ဆာမျှကိုသာ မဆိုသင့်။ ကြွင်းကျန်သေးသော စောဒနာ စကားရပ်ကိုလည်း ဆိုသင့်သေး၏။ ယင်းကား အဘယ်ပါနည်း။ ဤသို့ သကာဝါဒီပရိဟာရ ပုဂ္ဂိုလ်၏ တိုက်တွန်းစကားကို ပြလိုရကား ကိဉ္စေတ္တ ဟူသော ပါဠ်ကိုမိန့်။

## ၁-ဝါကျ ယဒိဘာဝသို့ ဌာပနာပဋ္ဌက

အသင် စောဒကဆရာ ဆရာသည် ကိပနေတာနိစသည်ဖြင့် ကုသလာမွေ့နှင့် စပ်လျဉ်း၍ ပုစ္ဆာကိုပြခဲ့သောကြောင့် သကာဝါဒီပရိဟာရ ပုဂ္ဂိုလ်က စောဒနာကြွင်းကို ပြဆိုပါဦးဟု တိုက်တွန်းခဲ့၏။

(တစ်နည်း) - သကာဝါဒီပရိဟာရပုဂ္ဂိုလ်၏ တိုက်တွန်းစကားကို ဆိုတော်မူခဲ့၏။ ယင်းသို့ တိုက်တွန်းသည့် အားလျော်စွာ ကြွင်းကျန်နေသေး သောစောဒနာကို ဆိုသင့်သေးသည် မဟုတ်ပါလော။ ထို့ကြောင့် သကာဝါဒီ ပုဂ္ဂိုလ်၏ တိုက်တွန်းစကားမျှကိုသာ မဆိုသင့်။ အသင်စောဒက၏ စောဒနာ ကြွင်းကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ယင်းအမေးကို ဖြေလိုသော စောဒကဆရာသည် ယဒိတာဝ - စသော ပါဠ်ကိုမိန့်။

## (၁) ဝါကျ ခြုံ၍တက်လိုသော် (ပါပနာ)

အသင်စောဒက ဆရာ ဆရာသည် ကုသလာမွေ၌ ကုသလနှင့် မွေတို့ တူကြသလော ထူးကြသလောဟူသော ပုစ္ဆာကို ပြဆိုတော်မူခဲ့၏။ ယင်းသို့သာ ဆိုချေသော် အသင်စောဒကဆရာ၏ ပုစ္ဆာကိုသာ သိသင့်၍ စောဒနာကိုကား မသိသင့်ဟူသော အနက်သည်ရောက်၏။ စင်စစ် ထိုအနက် သည် မရောက်သင့်။ ထို့ကြောင့် အသင်စောဒက၏ စောဒနာကြွင်းကိုလည်း ဆိုသင့်သေး၏။ မဆိုဘဲမနေသင့်။ နေချေသော် အဗျာပိတဒေါသ သင့်ရောက်

http://www.dhammadownload.com



ရာ၏။ ဤသို့ စုဒ်ကြောင့် ယင်းစောဒနာကို သကဝါဒီပရိဟာရပုဂ္ဂိုလ်၏ အနုညာနှင့်တကွ ပြတော်မူလိုသော စောဒကဆရာသည် ကိစ္စေတ္ထ - စသော ခ - ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား** ။

ကုသလာနှင့် ဓမ္မာ အရတူသည်ဟုယူလျှင် ကုသလာကုသလာဟု ဆိုရာရောက်သဖြင့် (အနက်တူ စကားနှစ်ရပ်ကို ထပ်၍ဆိုသော) ပုနရုတ္တိဒေါသရောက်ပါ၏ ဟူလို။

## (ဂ) ဝါကျသို့ ဥာပနာပဋ္ဌက

အသင်စောဒကဆရာ ဆရာသည် ကုသလနှင့်ဓမ္မတို့ တူသည်ဟုဆိုလျှင် ပုနရုတ္တိဒေါသ သင့်ရောက်၏ဟု ဆိုတော်မူ၏။ မတူဟုယူခဲ့လျှင် ရောက်ထိုက်သော အပြစ်ကို မသိရသေးသည် မဟုတ်ပါလော။ ထို့ကြောင့် (ခ) ဝါကျကိုသာ မဆိုသင့်။ ထူးသည်ဟု ယူရာ၌ အဘယ်အပြစ်သင့်ရောက်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် အထ နာနတ္တာနိ - စသော (ဂ) ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား**

မတူဟုယူခဲ့လျှင် တိက်တို့၏ ဆက္ကအဖြစ် ဒုတ်တို့၏ စတုက္ကအဖြစ်သို့ ရောက်ခြင်း ဆက္ကစတုက္ကဘာဝါပတ္တိဒေါသ သင့်ရောက်နိုင်ပါ၏ ဟူလို။

(စောဒနာတက်လိုက ဝိရောဓိဒေါသတင်ပါ။)

## (ဃ) ဝါကျသို့ ဥာပနာပဋ္ဌက

အသင်စောဒကဆရာ ဆရာသည် (ဂ)ဝါကျဖြင့် ကုသလနှင့်ဓမ္မတို့ နာနတ္တ (မတူ)ဟု ယူခဲ့လျှင် ဆက္ကစတုက္ကဘာဝါပတ္တိဒေါသ ရောက်၏ဟု ဆိုတော်မူ၏။ ယင်းသို့ဆိုလျှင် ဤမှတစ်ပါး အခြားသော အပြစ်ဒေါသ မရောက်ဟူ၍ မှတ်ရမည်လော။ ထို့ကြောင့် ဆက္ကစတုက္ကဘာဝါပတ္တိ ဒေါသကိုသာ မဆိုသင့်။ အခြား အဘယ်သို့သော အပြစ်ဒေါသ ရောက်နိုင်ပါသေးသနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် ပဒါနဋ္ဌအသမ္ဗန္ဓော ပါဌ်ကိုမိန့်။

http://www.dhammadownload.com



**အဓိပ္ပါယ်ကား**

ပုဒ်အချင်းချင်း မဆက်စပ်သော အသမ္ဗန္ဓဒေါသလည်း ရောက်နိုင်ပါသေး၏ ဟူလို။

## ( င ) ဝါကျ

အသင်စောဒကဆရာ ဆရာသည် နာနတ္တဟု ယူခဲ့လျှင် အသမ္ဗန္ဓဒေါသလည်း သင့်သေးကြောင်း ဆိုတော်မူ၏။ ဆရာ့စကားသည် ဝုဋ္ဌပဋိစ္စန္ဓဖြစ်၍ အသမ္ဗန္ဓဖြစ်ပုံသည် မထင်ရှား မသိသာသည် မဟုတ်ပါလော။ ထို့ကြောင့် အသမ္ဗန္ဓဒေါသသင့်၏ဟူ၍သာ မဆိုသင့်။ အသမ္ဗန္ဓဒေါသသင့်ကြောင်း အဘယ်သို့ ထင်ရှားစွာ ပြဆိုပါမည်နည်း။ အကယ်၍ မပြဆိုပါက အသင်စောဒကဆရာ၌ အပါကဋသသံသယဒေါသ သင့်ရောက်ရာ၏။ ဤသို့ စုဒ်ကြောင့် င-ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား**

ကုသလာ ရှုပံ စက္ခုမာ-ဟူသော ပုဒ်တို့သည် အချင်းချင်း မစပ်သဖြင့် တစ်စုံတစ်ရာ ထူးခြားသောအနက်ကို မပြနိုင်သကဲ့သို့ ဤ၌လည်း ထိုကဲ့သို့ အပြစ်ရောက်နိုင်သည် ဟူလို။

## ( စ ) ဝါကျသို့ ဥပနာပဋ္ဌက

ဆရာ ဆရာသည် (င)ဝါကျဖြင့် ကုသလနှင့်ဓမ္မတို့ အရမတူကြလျှင် အသမ္ဗန္ဓဒေါသ သင့်နိုင်ကြောင်း ဥပမာနှင့်တကွ ထင်ရှားစွာ ပြဆိုတော်မူ၏။ ထိုသို့ အသမ္ဗန္ဓဒေါသ သင့်ရောက်က အဘယ်သို့သော အပြစ်သို့လည်း ရောက်နိုင်သေးကြောင်း ပြဆိုသင့်သည် မဟုတ်ပါလော။ ထို့ကြောင့် အသမ္ဗန္ဓဒေါသသင့်သည်ဟုသာ ဆရာမဆိုသင့်။ ထိုအသမ္ဗန္ဓဒေါသမှ ဆက်နွယ်၍ ရောက်နိုင်သော အပြစ်ကား အဘယ်ပါနည်း။ ဤသို့ စုဒ်ကြောင့် (စ) ဝါကျကိုမိန့်။

http://www.dhammadownload.com



**အဓိပ္ပါယ်ကား**

ထိုသို့ အချင်းချင်း ဆက်စပ်ခြင်း မရှိသော ပုဒ်တို့ကို ဆိုခြင်းဖြင့် တစ်စုံတစ်ရာ အကျိုးမရှိဟူသော အနတ္ထကဒေါသအပြစ်လည်း ရောက်နိုင်ပါသေး၏ ဟူလို။

## ၃။ ကိဋ္ဌေတ္ထ ထားရခြင်းအကြောင်း

ကုသလာ ဓမ္မာဝယ် ကေတ္ထ နာနတ္ထ ဖြစ်သလောဟူသော စောဒက၏ စကားရပ်၌ ကြွင်းကျန်နေသေးသော စောဒနာကို စောဒကဆရာ ထုတ်ဆိုစေလိုသောကြောင့် (ပရိဟာရပုဂ္ဂိုလ်က) ကိဋ္ဌေတ္ထကို ဆိုပါသည်။

ယဒိကား ကေတ္ထနာနတ္ထအဖြစ်၌ ရထိုက်သော အပြစ်တို့ကို ကောက်ပြလိုသောကြောင့် ထားပါသည်။

**ဒေါသပယ်**

(က) ဝါကျဖြင့် ကုသလာ+ဓမ္မာစသော ပုဒ်တို့၏ ကေတ္ထနာနတ္ထ အဖြစ်၌ စောဒက၏ စောဒနာကို ပြဆိုသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။

(ခ) ဖြင့် စောဒက၏ စောဒနာကြွင်းနှင့် စောဒနာကို ပြဆိုသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။

(ဂ) ဖြင့် ကုသလ+ဓမ္မ(စသည်)တို့ကို နာနတ္ထဟု ယူခဲ့သော် ရောက်နိုင်သောအပြစ်ကို ဆက်လက်ပြဆိုသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။

(ဃ) ဖြင့် နာနတ္ထဟုယူက နောက်ထပ်ရထိုက်သော အပြစ်ကိုပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။

(င) ဖြင့် အသမ္ဗန္ဓဒေါသရောက်ပုံကို ဥပမာနှင့်တကွ ရှင်းလင်းပြဆိုသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။

http://www.dhammadownload.com



(စ) ဖြင့် ထိုအသမ္ဗန္ဓဖြစ်က ပုဒ်တို့ကို ဆိုရကျိုးမရှိတော့ဟု အပြစ်ကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။

၄။ * ဧကော အတ္ထော ဧတေသန္တိ ဧကတ္ထာနိ။

- တူသောအနက်၏ ကုသလာ ဓမ္မာ စသော ပုဒ်တို့နှင့် အနက်+သဒ္ဒါ၊ ဝါစ္စ+ဝါစက၊ အကြောင်း+အကျိုး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဇျုပ္ပတ္တိနိမိတ်။

- အနက်တူခြင်းဂုဏ်သည် ပဝတ္တိနိမိတ်။

* နာနာ အတ္ထာ ယေသန္တိ နာနတ္ထာနိ။(နည်းမှီထုတ်)

* တိဏ္ဏံ သမူဟော တိကော။

- သုံးခုတို့၏ အပေါင်းနှင့် အစိတ်+အပေါင်းအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဇျုပ္ပတ္တိနိမိတ်။

- သုံးခုသည် ပဝတ္တိနိမိတ်။

* ဒွိန္နံ သမူဟော ဒုကော-လည်း နည်းမှီထုတ်။

* ဆက္ကစတုက္ကာနံ ဘာဝေါ ဆက္ကစတုက္ကဘာဝေါ။

- ခြောက်ခုပေါင်း,လေးခုပေါင်းတို့၏ အစိတ်အစိတ်ဖြစ်သော ခြောက်ခု, လေးခုနှင့်အပေါင်း+အစိတ်အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဇျုပ္ပတ္တိနိမိတ်။

- အစိတ်အစိတ်ဖြစ်သော ခြောက်ခု လေးခုသည် ပဝတ္တိနိမိတ်။

* နတ္ထိ ပယောဇနံ ဧတေသန္တိ နိပ္ပယောဇနာနိ။

- အကျိုးမရှိခြင်းဂုဏ်၏ ရှေ့နောက် ဆက်စပ်မှုမရှိသော ပုဒ်တို့နှင့် ဂုဏ်+ဂုဏောအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဇျုပ္ပတ္တိနိမိတ်။

- အကျိုးမရှိခြင်း ဂုဏ်သည် ပဝတ္တိနိမိတ်။

* စက္ခု အဿ အသ္ဘိ ဝါ အတ္ထီတိ စက္ခုမာ။

- မျက်စိ၏ ပုဂ္ဂိုလ်နှင့် ဌာနီ+ဌာနအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဇျုပ္ပတ္တိနိမိတ်။

http://www.dhammadownload.com



- မျက်စိသည် ပဝတ္တိနိမိတ်။

၅။ ကံ = ပုဗ္ဗာဝါစကနိပါတ်၊ အလိင်၊ ဂဏာဝိမုတ်၊ နိဂ္ဂဟိတန္တ။
ဥဒါဟု = နိပါတ်၊ အလိင်၊ ဂဏာဝိမုတ်၊ ဥကာရန္တ။
တိက = တဒ္ဓိတ်၊ ပုလ္လိင်၊ ပုရိသာဒိ၊ အကာရန္တ။
စက္ခုမာ = တဒ္ဓိတ်၊ ပုလ္လိင်၊ ဂုဏဝါဒီ၊ ဥကာရန္တ။

၆။ **ဝစနတ္ထော ပနေတ္ထ သုခယတီတိ သုခံ ဒုက္ခယတီတိ ဒုက္ခံ။ န ဒုက္ခံ န သုခံတိ အဒုက္ခမသုခံ။ (အဋ္ဌကထာ-၈၄)**

**ဂစနတ္ထော ပနေတ္ထ**-ဖြင့် သုခံ. ဒုက္ခံ. အဒုက္ခမသုခံတို့ ဝစနတ္ထ အဖြစ်ကို သိစေပါသည်။ (အဘိဓာနတ္ထ)

**သုခယတိ**-ဖြင့် သုခံကို သုခယတီတိ သုခံ-ဟု ဟေတုကတ္တု သာဓ်ဝစနတ္ထ ပြုရမည်အဖြစ်၊ သုခဓာတ်. ကာရိတ်ဏေပစ္စည်း. အပစ္စည်း. ဣတ္ထိလိင် အာပစ္စည်း၏အဖြစ်၊ ကာရိတ်ကျေနေသည်အဖြစ်၊ အပစ္စည်း၏ ကတ္တားအနက်ကို ဟောသည်အဖြစ်ကို သိစေပါသည်။ (အဘိဓာနတ္ထ၊ ဒုဓာတု၊ ဒုပစ္စယ၊ ဒုပစ္စယတ္ထ)

ဒုက္ခံကို ဒုက္ခယတီတိ ဒုက္ခံဟု ဟေတုကတ္တုသာဓ် ဝစနတ္ထပြုရမည် အဖြစ်၊ ဒုက္ခဓာတ်၊ ကာရိတ်ဏေပစ္စည်း။ အပစ္စည်း။ (ဣတ္ထိလိင် အာပစ္စည်း) ၏ အဖြစ်၊ အ-ပစ္စည်း၏ ဟေတုကတ္တတ္ထကို ဟောသည်အဖြစ်ကို သိစေပါသည်။(အဘိဓာနတ္ထ၊ ဒုဓာတု၊ ဒုပစ္စယ၊ ဒုပစ္စယတ္ထ)

**န ဒုက္ခံ၊ န သုခံ**-ဖြင့် အဒုက္ခမသုခံ၌ အဒုက္ခံကို န ဒုက္ခံ အဒုက္ခံဟု ကမ္မဓာရည်း သမာသ် ဝစနတ္ထပြုရမည်အဖြစ်၊ အ-၏ နကာရိယ အဖြစ်၊ (ဝါ) အသဒ္ဒါသည် န နိပါတ်ပုဒ် အနက်ကို ဟောသည်၏အဖြစ်ကို သိစေပါသည်။ (အဘိဓာနတ္ထ၊ သန္ဓိလိင်္ဂပဒ၊ နိပါတလိင်္ဂပဒတ္ထ)

အသုခံကိုလည်း န သုခံ အသုခံ ဟု ဝစနတ္ထပြုရမည်အဖြစ်၊ အ-

http://www.dhammadownload.com



၏ နကာရိယအဖြစ်ကို (ဝါ) အ-သည် နနိပါတ်ပုဒ်အနက် ဟောသည်အဖြစ်ကို သိစေပါသည်။

အဒုက္ခမသုခါကို အဒုက္ခာ စ သာ အသုခါစာတိ အဒုက္ခမသုခါ ဟု ကမ္မဓာရည်းသမာသ် ဝစနတ္ထပြုရမည်အဖြစ် မ-၏ အာဂုံအဖြစ်ကို သိစေပါသည်။

၇။ ကိံ ပနေတာနိ-၌ တောနိကား ကုသလာတိ ဝါ မွောတိဝါတိ အာဒီနိ ဟူသော စွဲရာဝိသယ ထင်ရှားရှိသောကြောင့် ပသိဒ္ဓဝိသယ။

ကုသလာ မွောတိ ဣဒံ-၌ ဣဒံလည်း ကုသလာ မွော-ဟူသော စွဲရာ ဝိသယထင်ရှားရှိသောကြောင့် ပသိဒ္ဓဝိသယ။

## ၈။ ကိံ ပနေတာနိ စသော (က)ဝါကျကို -ဒဿနတ္ထပြု၍ ဖြစ်သင့်သော ကြိယာငါးတန်

၁။ ကုသလနှင့် မွေတို့သည် တူကြသလား, ထူးကြသလား ဟူသော အမေးပုစ္ဆာသည် ဒဿနတ္ထ။

၂။ ထို ကုသလမွေ စသည်တို့၏ တူသည်အဖြစ်, ထူးသည်အဖြစ်ကို သိလိုသော စောဒကာ၏ဆန္ဒသည် ဒီပကတ္ထ။

၃။ စောဒနာကြွင်းရှိသေး၍ သကဝါဒီ ပရိဟာရပုဂ္ဂိုလ်က ကိံ့ဗေတ္ထ ဟု ဆွပေး တို့ပေးခြင်းသည် ပကာသနတ္ထ။

၄။ ကုသလာ မွော အကုသလာမွော စသည်ဖြင့် ဗုဒ္ဓဟော ကြားခြင်းသည်လည်းကောင်း၊ ထိုပုဒ်တို့၏ အတ္ထုဒ္ဒါရ ဝစနတ္ထတို့ကို ဖွင့်ဆိုပြီးခြင်းသည် လည်းကောင်း၊ သောတုဇန မွေပဋိဂ္ဂါဟကပုဂ္ဂိုလ်တို့ စောဒနာ သံဝဏ္ဏနာ ပရိဟာရ သံဝဏ္ဏနာအရာ၌ လိမ္မာကျွမ်းကျင်စေလိုသော မေတ္တာ စေတနာသည် လည်းကောင်း ဝိဘာဝတ္ထ။

၅။ ယဒိတာဝ ဧကတ္တာနိ စသော စောဒကာ၏ စောဒနာကြွင်း

http://www.dhammadownload.com



ကို ဆိုခြင်းမှအစ သဗ္ဗမေတံ အကာရဏံ စသည်ဖြင့် ယင်း ပုစ္ဆာ စောဒနာတို့ကို ပယ်ခြင်း ကုသလာ ဓမ္မာစသည်တို့နှင့် စပ်လျဉ်း၍ အနက်အဓိပ္ပါယ်မှန်ကို ပြဆိုသဖြင့် သိရခြင်းစ သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

## "ကုသလာ ရူပံ စက္ခုမာ"တိ ဝုတ္တေ-၌ ဝစဓာတ်အရ ကြိယာငါးတန်

၁။ ကုသလာ ရူပံ စက္ခုမာ-ဟု ပြောဆိုသော အခြင်းအရာ အားဖြင့်ဖြစ်သော ဝီရိယပြဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ် သည် ဒဿနတ္ထ။

၂။ ယောနိသော မနသိကာရ-စသော အကြောင်းသည် ဒီပ ကတ္ထ။

၃။ ကုသလာ ရူပံ စက္ခုမာ-ဟူသော အသံ(သဒ္ဒရုပ်) ဖြစ်လာ ခြင်းသည် ပကာသနတ္ထ။

၄။ ပုဒ်တို့၏ အဆက်အစပ်ကို မသိခြင်း, ထုံထိုင်းခြင်းစသော အကြောင်းများသည် ဝိဘာဝတ္ထ။

၅။ သောတုဇနတို့၏ သန္တာန်၌ အဆက်အစပ်မရှိသော ပုဒ်တို့ ၏ အနက်ကို သိရခြင်းမှစ၍ အဆက်ဆက် ရအပ်သော အကျိုးသည် အနုဘာဝတ္ထ။

၉။ ကုသလာ ဓမ္မာ-၌ ရှေ့ပုဒ် နောက်ပုဒ် တူသည်ယူခဲ့လျှင် (၁) ပုနရုတ္တိဒေါသနှင့် (၂) အဘာဝိပတ္တိဒေါသတို့ ရောက်နိုင်သည်။

**မတူဟု ယူလျှင်**

(၁) ဆက္ကစတုက္ကဘာဝိပတ္တိဒေါသ (၂) အသမ္ဗန္ဓဒေါသ (၃) ဝိရောဓိဒေါသတို့ ရောက်နိုင်သည်။

http://www.dhammadownload.com



ဝေါဟာရတို့၏ အနက်အဓိပ္ပါယ်ကို ဆုံးဖြတ်ရာ၌ သဒ္ဒါပေါသည့် အတိုင်း မဆုံးဖြတ်ရ။ ပညာရှိတို့ လက်ခံထားသော လောက၌ ထင်ရှားသော အနက်ဖြင့်သာ ဆုံးဖြတ်ရသည်။

ထို့ကြောင့် - - -

ကုသလာ မွှောကို ကုသလာ ကုသလာဟူသော သဘောဖြင့် ပညာရှိတို့ လက်ခံကြသည်မဟုတ်။ ကုသလသဒ္ဒါသည် ဓမ္မနှင့် မတွဲရခင် အနဝဇ္ဇသုခဝိပါကဟူသော မိမိအနက်ကိုသာ ဟော၏။ ဓမ္မသဒ္ဒါနှင့် တွဲသောအခါ မိမိ၏ အနက်ကိုလည်းကောင်း၊ ဓမ္မသဒ္ဒါ၏ သဘာဝဓာရဏ ဟူသော အနက်ကိုလည်းကောင်း တွဲဖက်၍ ဟော၏။ ဓမ္မသဒ္ဒါသည်လည်း မိမိ၏ သဘာဝဓာရဏ အနက်ကိုသာမက ကုသလသဒ္ဒါ၏ အနဝဇ္ဇသုခဝိပါက အနက်လည်း ဟော၏။ ဤသို့ တစ်ပုဒ်နှင့်တစ်ပုဒ် ငဲ့ကွက်ဆက်စပ်နေသော ကြောင့် သမ္ဗန္ဓဒေါသလည်းမသင့်။ ဤသို့ အချင်းချင်း ငဲ့စပ်နေသောပုဒ် အဖြစ်ဖြင့်သာ ပညာရှိတို့ လက်ခံထားသောကြောင့် ကုသိုလ်တရားဟူသော လောကပသိဒ္ဓအနက်သာ လက်ခံမှတ်သားထိုက် သည်ဟု မှတ်ရမည်။

## ၁၀။ ပဌာန်း

**ကေတ္ထာနိ** -

အန္တတ္ထ (ကေ+အတ္ထ)အရ တူသောအနက်ဒြပ် အတ္ထပညတ်ရ၏။ ဗာဟျတ္ထ (အည)ပုဒ်အရ ကုသလာ မွှောစသော သဒ္ဒါ သဒ္ဒပညတ်ရသည်။

ပကတူပပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

## ကုသလာ ရူပံ စက္ခုမာတိ ဝုတ္တေ

ကုသလာ-အရ ကုသိုလ်ရ၏။ ရူပံ-အရ ရုပ်တရားရ၏။ ပကတူပ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ (အချင်းချင်း မငဲ့စပ်ကြသော ပုဒ်များဖြစ်၍ သဟဇာတပစ္စည်း မပြိုင်ရ။)

http://www.dhammadownload.com



ဝုတ္တေ -၌

ဝစတော်အရ ဝီရိယပြဋ္ဌာန်းသော မဟာကု+ကြိ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ရ၏။ (ပစ္စည်း) တ-ပစ္စည်းအရ ကုသလာ ရုပ် စက္ခုမှာ-ဟူသော အသံသဒ္ဒရုပ်ရ၏။ (ပစ္စယုပ္ပန်)

သဟာဇာတပစ္စယသတ္တိ-ပြသည်။

ကြီး-၄၊ ဝိပ္ပယုတ္တ၊ ငယ်-၇=ပေါင်း၁၂-ပစ္စယသတ္တိပြိုင်။

< >

## ဝါကျ (၁၃)ကေတ္တ+နာနတ္တ အဖွင့် (၂)

(က) အပရော နယော၊ ယဒိ တောနိ ကေတ္တာနိ. တိက္ကံ မွောန် ကေတ္တာ ကုသလာဒီနမ္ပိ ကေတ္တံ အာပဇ္ဇတိ။

(ခ) ကုသလာဒိပရာနဥ္စ တိက္ကမ္ပိ မွောန် မွေဘာဝေန ကေတ္တံ။ တသ္မာ မွေတ္တယေန သဗ္ဗိ အတ္တတော နိန္နာနတ္တာနံ ကုသလာဒီနမ္ပိ ကေတ္တံ အာပဇ္ဇတိ "ယဒေဝ ကုသလံ ၊တံ အကုသလံ၊ တံ အဗျာကတ"န္တိ။

(ဂ) အထာပိ တိက္ကံ မွောနံ ကေတ္တံ န သမ္ပဋိစ္ဆထ၊ "အညော ကုသလပရော မွော၊ အညော အကုသလပရော မွော၊ အညော အဗျာကတပရော မွော"တိ ဝဒထ။

(ဃ) ဧဝံ သန္တေ မွော နာမ ဘာဝေါ၊ ဘာဝတော စ အညော အဘာဝေါတိ ကုသလပရာ ဘာဝသင်္ခါတာ မွော အညော အကုသလပရော မွော၊ အဘာဝေါတိ သိယာ (ပ) ကုသလ ပရောပိ။

(င) ဧဝံ အဘာဝတ္တံ အာပန္နေဟိ မွေဟိ အနညော ကုသလာဒ ယောပိ အဘာဝါယေဝ သိယုန္တိ။ (ဋ္ဌ-၈၂)

http://www.dhammadownload.com



## ဝိဏ္ဏာတ္ထ

ကုသလာဓမ္မာစသည်တို့ ကုသလနှင့်ဓမ္မ အနက်တူသည်ဟု ယူလျှင် ပုနရုတ္တိဒေါသသင့်ရောက်ပုံ အခြင်းအရာတစ်မျိုးနှင့် ထိုပုနရုတ္တိဒေါသသာမက အဘာဝိပတ္တိဒေါသပါ သင့်ရောက်နိုင်သေးသည်ဟု ပြလိုသောကြောင့် အပရောနယော စသည်ဖြင့် နည်းတစ်မျိုးကို ပြသည်။

ရှေးဆိုခဲ့ပြီးနည်း၌ ကုသလနှင့်ဓမ္မ အနက်တူသည်ဟု ယူလျှင် ကုသလာကုသလာဟု ဆိုသည်နှင့်တူသည်။ အကုသလာဓမ္မာလည်း အကုသလာ အကုသလာဟုလည်းကောင်း၊ အဗျာကတာဓမ္မာလည်း အဗျာကတာ အဗျာကတာဟုလည်းကောင်း ဆိုရာရောက်၍ အနက်တူသဒ္ဒါနှစ်ခုကို ထပ်ဆိုသည့် ပုနရုတ္တိဒေါသရောက်သည်ဟု ဆိုခဲ့သည်။

ဤနည်း၌ကား - ဓမ္မသဒ္ဒါကို အခြေခံပြု၍ ပုနရုတ္တိဒေါသ သင့်ရောက်ပုံကို ပြသည်။

ရှေ့ပုဒ် နောက်ပုဒ် အရတူသည်ဟု ဆိုလျှင် ဓမ္မသဒ္ဒါသုံးခုလုံး အရတူ သည်ဟု ဆိုရာရောက်သည်။ ထိုသို့ ဖြစ်လျှင် ကုသိုလ်မည်သော တရားသည် အကုသိုလ်လည်းမည်, အဗျာကတလည်းမည်၏။ အကုသိုလ်သည်လည်း ကုသိုလ်, အဗျာကတမည်၏။ အဗျာကတသည်လည်း ကုသိုလ်, အကုသိုလ်မည်၏ဟု ဆိုရာရောက်သည်။ ဤသို့ဖြစ်လျှင် ကုသလာ ဓမ္မာ, အကုသလာ ဓမ္မာ, အဗျာကတာ ဓမ္မာဟူသော သုံးပုဒ်လုံးသည် အနက်တူ သဒ္ဒါတို့ကို ထပ်ကာထပ်ကာ ဆိုရာရောက်သောကြောင့် ပုနရုတ္တိဒေါသ သင့်ရောက်သည်ဟု ပြသည်။ (က) (ခ)ဝါကျတို့ဖြင့် ယင်းအဓိပ္ပာယ်ကို ပြသည်။

အကယ်၍ (ကုသလနှင့်ဓမ္မသည် တူသော်လည်း) ဓမ္မသဒ္ဒါသုံးခုကမူ မတူပါဟုဆိုပါက ကုသလာ ဓမ္မာ၌ ဓမ္မက ပရမတ္ထတရားဟောလျှင် အကုသလာ ဓမ္မာ, အဗျာကတာ ဓမ္မာတို့၌ ဓမ္မသဒ္ဒါတို့က ပညတ်ကို ဟောရာရောက်၏။ ထို့အတူ အကုသလာ ဓမ္မာ၌ ဓမ္မက ပရမတ္ထတရားကို

http://www.dhammadownload.com



ဟောလျှင် ကုသလာဓမ္မာ၌ ဓမ္မကား ပညတ်ကို ဟောရာရောက်၏။ (စင်စစ် အားဖြင့် ထိုဓမ္မသဒ္ဒါ သုံးခုတို့သည် ပရမတ္ထတရားတို့ကိုသာ ဟော၏) ထို့ကြောင့် အဘာဝါပတ္တိဒေါသ (ပညတ် အဖြစ်သို့ ရောက်ခြင်းအပြစ်) ရောက်သည်ဟု ပြသည်။ (ဂ) (ဃ) (င) ဝါကျတို့ဖြင့် ယင်းအဓိပ္ပာယ်ကို ပြသည်။

ဆိုလိုယင်း ပိဏ္ဍတ္ထကို နှလုံးသွင်း၍ အတက်စသည် မှန်ကန်အောင် တက်ရမည်။

## (က) ဝါကျ အပရော နယောသို့ ပါပနာ

ဆရာ ဆရာသည် ကိစ္စတ္ထ ယဒိတာဝ စသည်ဖြင့် ကုသလာ ဓမ္မာ စသည်တို့ ရှေ့ပုဒ် နောက်ပုဒ် အရတူပါက ပုနရုတ္တိဒေါသ သင့်ရောက်ကြောင်း ပြဆိုတော်မူ၏။ ယင်းသို့သာ ဆိုချေသော် ပုနရုတ္တိဒေါသ သင့်ရောက်ပုံ အခြင်းအရာကို ဤနည်းဖြင့်သာ သိအပ်၏။ အခြားနည်းဖြင့် မသိအပ်။ ထို့ပြင် ထိုသို့ တူသည်ဟုယူပါက ဆိုခဲ့ပြီး ပုနရုတ္တိဒေါသသာ သင့်သည်။ အခြား ဒေါသမသင့်ဟူသော အနက်သည်ရောက်၏။ (အနပါ)။ စင်စစ်မရောက် သင့်။ ထို့ကြောင့် ပုနရုတ္တိဒေါသသင့်ပုံ အခြင်းအရာတစ်ပါးနှင့် အခြားသော အပြစ်ဒေါသတို့ကိုလည်း ဆိုသင့်သေး၏။ (အနရော)။ မဆိုဘဲ မနေသင့်။ နေချေသော် အဗျာပိတဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (က) ဝါကျမိန့်။

**ကား**- တူသည်ဟုယူပါက ပုနရုတ္တိဒေါသ သင့်ရောက်ပုံ အခြင်း အရာတစ်ပါးနှင့် အခြားသင့်ရောက်နိုင်သော အပြစ်တစ်ပါး ကိုလည်း ငါပြဆိုမည်။ ထို့ကြောင့် ဒေါသမရောက်ပါ ဟူလို။

## ( ခ ) သို့ ဌာပနာပဉ္စက

ဆရာ ဓမ္မသဒ္ဒါသုံးခုတူပါက ယင်းတို့နှင့်တွဲနေသော ကုသလ, အကုသလ, အဗျာကတ သဒ္ဒါတို့သည်လည်း တူသည်၏ အဖြစ်သို့ရောက် ၏ဟု ဆိုတော်မူ၏။ ထိုစကားကို ရှင်းလင်းပီပြင်စွာ သိနိုင်ရန် အကျယ်တဝင့်

http://www.dhammadownload.com



ချဲ့ပြသင့်သည်မဟုတ်ပါလော။ (အာဘော်)။ ထို့ကြောင့် (က) ဝါကျကိုသာ ဆရာမဆိုသင့်။ ဓမ္မသဒ္ဒါသုံးခုတူပါက ကုသလ စသော သဒ္ဒါသုံးခုတို့ တူပုံ အခြင်းအရာကား အဘယ်ပါနည်း စုဒ်ကြောင့် (ခ)မိန့်။

ဓမ္မသဒ္ဒါသုံးခုတူသည်ဟု ယူပါလျှင် ကုသလ စသော သဒ္ဒါသုံးခု လည်း တူသောကြောင့် ကုသိုလ်မည်သော တရားတို့သည် အကုသိုလ် လည်းမည်, အဗျာကတလည်းမည်၏။ ထို့အတူ အကုသိုလ်မည်သော တရား တို့သည် ကုသိုလ်လည်းမည်, အဗျာကတလည်းမည်၏။ အဗျာကတမည် သော တရားသည်လည်း ကုသိုလ်လည်းမည်, အကုသိုလ်လည်း မည်၏။ ဤသို့ အနက်အရတူ ကုသလာ ဓမ္မာ စသော သုံးပုဒ်တို့ကို ဆိုထားသော ကြောင့် ဤနည်းဖြင့်လည်း ပုနရုတ္တိဒေါသ သင့်ပါသေး၏ ဟူလို။

## (ဂ) သို့ ပါပနာ

ဆရာ ဆရာသည် (က) (ခ) ဝါကျတို့ဖြင့် ကုသလာ ဓမ္မာစသည်တို့ ရှေ့ပုဒ်+နောက်ပုဒ် အရတူသည်ဟု ဆိုပါက ပုနရုတ္တိဒေါသ သင့်ရောက်ပုံ အခြင်းအရာတစ်မျိုးကို ပြဆိုတော်မူခဲ့၏။ ယင်းသို့သာဆိုလျှင် ကုသလာ ဓမ္မာ စသည်တို့တူသည်ဟု ယူဆရာ၌ ပုနရုတ္တိဒေါသသာ သင့်ရောက်သည်။ အခြားဒေါသ မသင့်ရောက်ဟူသော အနက်သည် ရောက်ရာ၏။ (အနုပါ) စင်စစ်ထိုအနက်သည် မရောက်သင့်။ ထို့ကြောင့် အခြားသင့်ရောက်နိုင်သော အပြစ်ကိုလည်း ဆရာပြဆိုသင့်သေး၏။ မဆိုဘဲမနေသင့်။ နေချေသော် ဆရာ့၌ အဗျာပိတဒေါသ ရောက်ရာ၏။ စုဒ်ကြောင့် ယင်းစောဒနာကို ပြလိုသော ဆရာသည် (ဂ) မိန့်။

(အဓိပ္ပာယ် ပြန်စရာမလို)

## (ဃ) သို့ ဥာပနာပဋ္ဌက

ဆရာ ဆရာသည် ဓမ္မသဒ္ဒါသုံးခုသည် မတူဟု အကယ်၍ လက်ခံ အံ့ဟု ပရိကပ္ပစောဒနာစကားရပ်ကို ဆိုတော်မူ၏။ ထို ပရိကပ္ပစောဒနာ

http://www.dhammadownload.com



စကားရပ်အရ သင့်ရောက်နိုင်သော အပြစ်တစ်မျိုးကို မသိရသေးသည် မဟုတ်ပါလော။ (အာဘော်) ထို့ကြောင့် (ဂ) ဝါကျ ပရိကပ္ပဓောဒနာစကားရပ်ကိုသာ ဆရာမဆိုသင့်။ မွေသဒ္ဒါသုံးခု မတူဟုယူပါက ရောက်နိုင်သောအပြစ်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် ဓဝံ သန္တေ စသော (ဃ) ဝါကျမိန့်။

**ကား-** မွေသဒ္ဒါသုံးခုမတူဟု ယူခဲ့ပါက ကုသလာ မွှော်၌ မွေသဒ္ဒါသည် ကုသိုလ်ပရမတ္ထကို ဟောခဲ့လျှင် အကုသလာ မွှော. အဗျာကတာ မွှောတို့၌ မွေသဒ္ဒါသည် ပညတ်တရားကို ဟောရမည်။ ထို့အတူ အကုသလာ မွှော၌ မွေသဒ္ဒါက အကုသိုလ်ပရမတ္ထကို ဟောခဲ့လျှင် ကုသလာမွှော. အဗျာကတာ မွှောတို့၌ မွေသဒ္ဒါသည် ပညတ်ကို ဟောရမည်။ ဤသို့ အဓိပ္ပာယ်သက်ရောက်သောကြောင့် ကုသိုလ်စသော ပရမတ္ထတရားတို့ ပညတ်အဖြစ်သို့ ရောက်ရခြင်းဟူသော အဘာဝါပတ္တိဒေါသလည်း ရောက်နိုင်၏ ဟူလို။

## (င) သို့ ဌပနာပဋ္ဌက

ဆရာ ကုသလာမွှော၌ မွေသဒ္ဒါက ပရမတ္ထတရားကို ဟောခဲ့လျှင် အကုသလာ မွှော. အဗျာကတာ မွှောတို့၌ မွေ သဒ္ဒါသည် ပညတ်ကိုဟောရာရောက်၏ စသည်ဖြင့် ဆိုတော်မူ၏။ ယင်းသို့ဆိုလျှင် ကုသလာ. အကုသလာ. အဗျာကတာ သဒ္ဒါတို့ကမူ ထုံးစံအတိုင်း ကုသိုလ်စသော ပရမတ္ထတရားတို့ကို ဟောသည်ဟု မှတ်ရမည်လော။ (အာဘော်)။ ထို့ကြောင့် မွေ သဒ္ဒါတို့၏ အနက်သည် ပညတ်အဖြစ်သို့ ရောက်၏ဟုသာ ဆရာမဆိုသင့်။ ကုသလာစသော သဒ္ဒါသုံးခုတို့၏ အနက်ရောက်ပုံကို အဘယ်သို့ သိရပါမည်နည်း။ စုဒ်ကြောင့် (င) မိန့်။

**ကား-** ကုသလာ စသော သဒ္ဒါ သုံးခုတို့သည် မိမိတို့နောက်ရှိ မွှောနှင့်အရတူ ဖြစ်သောကြောင့် ထို ကုသလ. အကုသလ. အဗျာကတသဒ္ဒါတို့၏ အနက်သည်လည်း (မွေသဒ္ဒါ၏

http://www.dhammadownload.com



အနက်နှင့်နည်းတူ) ပညတ်အဖြစ်သို့ ရောက်ပါ၏ဟူလို။

၃။ အပရော နယော-

ကုသလနှင့် ဓမ္မ စသည်တို့၏ တူသည်အဖြစ်၌ ပုနရုတ္တိဒေါသ သင့်ပုံ အခြင်းအရာတစ်မျိုးနှင့် အဘာဝါပတ္တိဒေါသ-ဟူသော နောက်ထပ် သင့်ရောက်နိုင်သည့် အပြစ်တစ်မျိုးကို ပြလိုသောကြောင့် အပရောနယော-ကို ထားပါသည်။

အထာပိ

ကုသလနှင့် ဓမ္မ. အကုသလနှင့် ဓမ္မ. အဗျာကတနှင့် ဓမ္မ တို့ကား တူ၏။ ဓမ္မသဒ္ဒါ သုံးခု၏ အနက်တို့ကား မတူဟုယူခဲ့လျှင် အဘာဝါပတ္တိ ဒေါသ ရောက်နိုင်သည်ဟူသော နောက်ထပ်အပြစ်တစ်ပါးကို ပြလိုသော ကြောင့် အပိ-ထားပါသည်။

တစ်နည်း- ဓမ္မသဒ္ဒါ သုံးခုတို့၏ အနက်တို့သည် တူ၏ဟု အကယ်၍ လက်မခံကုန်အံ့-ဟူသော ပရိကပ္ပစကားကို ပြလိုသောကြောင့် အထာပိ သဒ္ဒါထားပါသည်။

(က) စသော ဝါကျအားလုံးဖြင့် အဗျာပိတဒေါသကိုပယ်သည်။
(ဆိုလိုယင်း ပိဏ္ဍတ္ထကို နလုံးသွင်း၍ အကျယ်ကိုသိပါ။)

၄။ * ကောနံ (သဒိသာနံ) ဘာဝေါ ကေတ္တံ။

တူကုန်သော ဓမ္မသဒ္ဒါ (အနက်)တို့၏ တူခြင်း သာဒိသျဘောဂုဏ် နှင့် ဂုဏေား+ ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျ-နိ။

တူခြင်းဂုဏ် (သာဒိသျဘောဂုဏ်) သည် ပ-နိ။

* ကုသလာဒီဟိ (ကုသလာဒီနံ ဝါ) ပရာ ကုသလာဒိပရာ။
* ကုသလ စသော သဒ္ဒါတို့၏ ဓမ္မသဒ္ဒါတို့နှင့် ပုဗ္ဗ+ပရ အဖြစ်ဖြင့်

http://www.dhammadownload.com



စပ်ခြင်း သမ္ဗန်သည် ဖျ-နိ။ ကုသလသဒ္ဒါ စသည်တို့မှ နောက်ဖြစ်ခြင်း ကြိယာသည် ပ-နိ။

* တိက္ကံ သမူဟော တယံ။

* ဓမ္မာနံ (ဓမ္မသဒ္ဒါနံ) တယံ ဓမ္မတ္တယံ။

ဓမ္မသဒ္ဒါတို့၏ သုံးခုအပေါင်းနှင့် အစိတ်+အပေါင်း အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဖျ-နိ။ သုံးခုပေါင်း အရေအတွက် သချာ (ဂုဏ်) သည် ပ-နိ။

* နာနာ အတ္ထာ ယေသန္တိ နာနတ္ထာ။

* န နာနတ္ထာ နိန္နာနတ္ထာ။

(ကစ်နည်း) နတ္ထိ နာနာ အတ္ထာ ယေသန္တိ နိန္နာနတ္ထာ။

အနက်ကွဲပြားမှု မရှိခြင်း အဘာဝဘောဂုဏ်၏ ကုသလ စသော သဒ္ဒါတို့နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဖျ-နိ။

အနက်ကွဲပြားမှု မရှိခြင်းဂုဏ်သည် ပ-နိ။

* န အညော အနညော (တေ အနညေ)

ပဋိသေဓဘောဂုဏ်၏ အညပကာရနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဖျ-နိ။ ပဋိသေဓဘောဂုဏ် (ဝါ) အခြားမဟုတ်ခြင်း ဂုဏ်သည် ပ-နိ။

၅။ တိက္ကံ = သချာသဗ္ဗနာမ်ပုဒ်၊ ပုလ္လိင်၊ (ဓမ္မာနံထောက်) သဗ္ဗနာမ် ဂိုဏ်း။

တေတ္တာ = တဒ္ဓိတ်ပုဒ်၊ နပုလ္လိင်၊ စိတ္တာဒိ၊ အကာရန္တ။

ဓမ္မတ္တယ = သမာသ်ပုဒ်၊ နပုလ္လိင်၊ စိတ္တာဒိ၊ အကာရန္တ။

သဒ္ဒေ = ကိတ်ပုဒ်၊ ပုလ္လိင်၊ ဂစ္ဆန္တာဒိ၊ အကာရန္တ။

အနညေ = သမာသ်ပုဒ်၊ ပုလ္လိင်၊ ပုရိသာဒိ၊ အကာရန္တ။

သိယုံ = အာချာတ်ပုဒ်၊ အလိင်၊ ဂဏဝိမုတ်၊ အကာရန္တ။ (အသ+ဧယျုံ)

http://www.dhammadownload.com



၆။ (က) **အပရော နယော-** ဖြင့် ကုသလာ ဓမ္မာ စသည်တို့ တူသည်ဟုယူပါက ပုနရုတ္တိဒေါသ သင့်ရောက်ပုံ အခြင်းအရာ တစ်မျိုးနှင့် အဘာဝါပတ္တိဒေါသ သင့်ရောက်ပုံ နည်းတစ်ပါးကို သိစေသည်။

**ယဒိ တောနိ ကေတ္ထာနိ (ပ) ကေတ္ထံ အာပဇ္ဇတိ-** ဖြင့် အကယ်၍ ကုသလနှင့် ဓမ္မတို့ အရတူသည်ဟုဆိုလျှင် ဓမ္မသဒ္ဒါသုံးခုတို့ တူသောကြောင့် ကုသလ, အကုသလ, အဗျာကတတို့သည်လည်း တူသည်၏အဖြစ်သို့ ရောက်သည်ဟု သိစေသည်။

(ခ) **ကုသလာဒိပရာနဉ္စ (ပ) တံ အဗျာကတန္တိ -** ဖြင့် ဓမ္မသဒ္ဒါ သုံးခုတို့ တူသောကြောင့် ထိုဓမ္မသဒ္ဒါတို့နှင့် မကွဲပြားသော ကုသလ, အကုသလ, အဗျာကတတို့သည်လည်း တူရာရောက်၏။ ယင်းသို့တူလျှင် ကုသိုလ်မည်သော တရားသည် အကုသိုလ်လည်းမည်, အဗျာကတလည်း မည်သည်ဟူသောအနက်သည် ရောက်သည်။ ထို့ကြောင့် ကုသလာ ဓမ္မာနှင့် အကုသလာ ဓမ္မာ,အဗျာကတာ ဓမ္မာတို့သည် တစ်စုံတစ်ရာ ထူးခြားမှု မရှိဘဲ ထပ်၍ဟောထားသောကြောင့် ပုနရုတ္တိဒေါသ ရောက်သည်၏အဖြစ်ကို သိစေသည်။ (ဘာဝတ္ထ, အဘိဓေယျတ္ထ)

(ဂ) **အထာပိ တိဏ္ဏံ ဓမ္မာနံ ကေတ္ထံ နသမ္ပဋိစ္ဆထ-** ဖြင့် ဓမ္မသဒ္ဒါ သုံးခုတို့၏ အနက်သည် တူသည်ဟု လက်မခံခဲ့လျှင် ဟူသော ပရိကပ္ပစောဒနာ စကားကို သိစေပါသည်။

**အညော၀ ကုသလာပရော ဓမ္မော (ပ) ဝဒထ-** ဖြင့် ကုသလာ ဓမ္မာ၌ ဓမ္မသည် တခြား၊ အဗျာကတာ ဓမ္မာ၌ ဓမ္မသည် တခြားဟု ဆိုခဲ့ကြအံ့ ဟူသော ပရိကပ္ပစောဒနာကြွင်း (ဝါ) အထာပိ (ပ) နသမ္ပဋိစ္ဆထ ဟူသော ပရိကပ္ပ စောဒနာကြွင်း၏ အတ္ထာပန္နအနက်အဓိပ္ပါယ် သက်ရောက်ပုံကို သိစေသည်။ (ဘာဝတ္ထ)

**ဝိသေသန္တေ-စသော စကားရပ်-** ဖြင့် ထိုသို့ ဓမ္မသဒ္ဒါသုံးခုတို့၏

http://www.dhammadownload.com



အနက်သည် အချင်းချင်းမတူဘဲ တစ်ပါးတခြားစီသာ ဖြစ်သည်ဟုယူခဲ့လျှင် ကုသလာ ဓမ္မာ-၌ ဓမ္မသဒ္ဒါ၏အနက်သည် ပရမတ္ထဓမ္မဟု ယူပါက အကုသလာဓမ္မာ အဗျာကတာဓမ္မာ-တို့၌ ဓမ္မသဒ္ဒါ၏အနက်တို့သည် ပညတ်တရားသာ ဖြစ်သည်ဟူသော - အပြစ်ရောက်သည် အဖြစ်ကို သိစေသည်။

**(ဃ) ဇဝံ အဘာဝတ္တံ အာပန္နေဟိ** - စသည်ဖြင့် ထိုသို့ ဓမ္မသဒ္ဒါ၏ အနက်တို့က ပညတ်ဖြစ်ခဲ့လျှင် ထိုဓမ္မတို့နှင့် မကွဲပြားသော ကုသလစသော သဒ္ဒါတို့၏ အနက်တို့သည်လည်း ပညတ်အဖြစ်သို့ပင် ရောက်ရာ၏-ဟူသော နောက်ဆက်တွဲ အပြစ်ကို သိစေသည်။

၇။ (က) တောနိ-ကား ကိ ပနေတာနိ စသော ဝါကျတို့ဖြင့်ပြဆိုအပ်ပြီးသော ကုသလာဓမ္မာ-စသော ပုဒ်တို့ကို စွဲယူသောကြောင့် ပက္ကန္တဝိသယ။

( ခ ) တဿာ-ကား ကုသလာဒိပရာနဋ္ဌ -စသော လွန်ပြီးဝါကျ တစ်ခုလုံးကို စွဲသောကြောင့် အနဘူတဝိသယ။

တံ အကုသလံ, တံ အဗျာကတံ တို့၌ တံ-ကား လွန်ခဲ့ပြီး ယဒေဝ ကုသလံဖြင့် ပြအပ်သည့်ကုသိုလ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

( ဂ ) တေဟိစ အညော-၌ တေဟိ-ကား ရှေ့ဝါကျဖြင့်ပြအပ်သော အကုသလာဓမ္မာ, အဗျာကတာဓမ္မာတို့၌ ဓမ္မသဒ္ဒါတို့ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

**ယဒေဝ ကုသလံ**

ကုသိုလ်သည် ဂဟေတဗ္ဗ။ အကုသိုလ် အဗျာကတသည် နိဝတ္တေတဗ္ဗ။ ထို ကုသိုလ်၏ အနဝဇ္ဇသုခဝိပါကဂုဏ်သည် အနညာတ။

**အညောဝ ကုသလပဒေ ဓမ္မော**

ကုသလာ ဓမ္မာ၌ ဓမ္မသဒ္ဒါ၏ အနက်သည် ဂဟေတဗ္ဗ။ အကုသလာ

http://www.dhammadownload.com



ဓမ္မာ စသည်၌ ဓမ္မသဒ္ဒါ၏ အနက်တို့သည် နိဝစ္စတ္တတဗ္ဗ။ ကုသလာဓမ္မာ၌ ကုသလသဒ္ဒါ၏ အနက်သည် အနညာတ။ (ကုသလာ ဓမ္မာ-၌ ဓမ္မသဒ္ဒါ၏ အနက်သည် တစ်ပါးတခြားဟုဆိုလျှင် ယင်းနှင့်အရတူသော ကုသလသဒ္ဒါ၏ အနက်သည်လည်း အကုသလ, အဗျာကတတို့မှ တစ်ပါးတခြားသာဟု ဆိုရာရောက်သည်။ အတ္တာပန္နတ္တသည် အနညာတတ္တ ပင်ဖြစ်သည်။)

**အဘာဝါဝယေ၀ သိယုံ**

၁။ ပညတ်တရားတို့သည် ဂဟေတဗ္ဗ။

၂။ ပရမတ်တရားတို့သည် နိဝစ္စတ္တတဗ္ဗ။

**၈။ (က) ဝါကျ ကုသလာဒီနမ္ပိ ကေတ္တံ အာပဇ္ဇတိ။**

၁။ ကုသလစသော သဒ္ဒါသုံးခုတို့၏ အနက်သည် တူ၏ဟူသော အနက်သည် ဒသာနတ္တ။

၂။ ဓမ္မသဒ္ဒါသုံးခုတို့၏ အနက်တူခြင်းသည် ဒီပကတ္တ။

၃။ ကုသိုလ်မည်သောတရားသည် အကုသိုလ်လည်းမည်၊ အဗျာကတလည်းမည်၏ စသည်ဖြင့် မလိုအပ်သောအနက်များ ရောက်ခြင်းသည် ပကာသနတ္တ။

၄။ စောဒကပုဂ္ဂိုလ်၏ မိစ္ဆာဉာဏ်သည် ဝိဘာဝတ္တ။

၅။ ထိုစောဒက၏ ကြံဆစောဒနာချက် အားလုံးကို "သဗ္ဗမေတံ အကာရဏံ" စသည်ဖြင့်ပယ်ရှားခံရခြင်းသည် အနဘာဝတ္တ။

(သေချာမှတ်သားပါလေ)

**(ဂ) ဝါကျ အထာပိ န သမ္ပဋိစ္ဆထ**

၁။ ဓမ္မသဒ္ဒါသုံးခုတို့၏ အနက်သည် မတူဟု လက်ခံခြင်းသည် (တူသည်ဟု လက်မခံခြင်းသည်) ဒသာနတ္တ။

၂။ တူသည်ဟု ယူခြင်း၌ ပုနရုတ္တိဒေါသရောက်ခြင်းသည် ဒီပ

http://www.dhammadownload.com



ကတ္တ။

၃။ မွေသဒ္ဒါသုံးခုတို့၏ အနက်အရ ပညတ္တိမွေ (အဘာဝ)ကို ကောက်ယူရမည်ဟူသော အပြစ်ရောက်ခြင်းသည် ပကာ သနတ္တ။

၄။ စောဒကပုဂ္ဂိုလ်၏ မိစ္ဆာဉာဏ်သည် ဝိဘာဝတ္တ။

၅။ ကုသလ, အကုသလ, အဗျာကတ သဒ္ဒါသုံးခုတို့၏ အနက် အရကောက်သည်လည်း ပညတ်အဖြစ်သို့ ရောက်ခြင်း ဟူသော အဘာဝါပတ္တိဒေါသသင့်ခြင်း ယင်းအယူအဆ တို့ကို သဗ္ဗမေတံ အကာရဏံ စသည်ဖြင့် ပယ်ရှားခံရခြင်း စသည်တို့သည် အနုဘာဝတ္တ။

(ပုနပ္ပုန် စိန္တိတဖွဲ့)

## ၁၀။ ကေတ္တံ န သမ္ပဋိစ္ဆထ

ကေတ္တံအရ မွေသဒ္ဒါသုံးခုတို့၏ တူသည်အဖြစ်ဟု ဆိုအပ်သော တူခြင်းရ၏။ (ပစ္စည်း) န သမ္ပဋိစ္ဆထအရ လက်မခံသော အခြင်းအရာအား ဖြင့်ဖြစ်သော ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ရ၏။ (ပစ္စယုပ္ပန်) အာရမ္မဏာသတ္တိ။ (ပြိုင်မရှိ)

< >

http://www.dhammadownload.com



## ဝါကျ (၁၄) ကေတ္တ+နာနတ္တ အဖွင့် (၃)

(က) သဗ္ဗမေတံ အကာရဏံ။

( ခ ) ကသ္မာ? ယထာနုမတိ ဝေါဟာရသိဒ္ဓိတော။

( ဂ ) ဝေါဟာရော ဟိ ယထာ ယထာအတ္တေသု အနုမတော သမ္ပဋိစ္ဆိတော၊ တထာ တထေဝ သိဒ္ဓေါ။

(ဃ) န စာယံ "ကုသလာ ဓမ္မာ"တိ အာဒီသု ကုသလပုဗ္ဗော ဓမ္မာဘိလာပေါ ဓမ္မပရော စ ကုသလာဘိလာပေါ ယထာ ကုသလာကုသလာ"တိ. ဇဝံ အတ္ထနော အတ္ထဝိသေသာ ဘာဝေန ပဏ္ဍိတေဟိ သမ္ပဋိစ္ဆိတော။

( င ) န စ ကုသလာ- ရုပ် - စက္ခုမာ သဒ္ဒါဝိယ အညမည် အနော လောကိတတ္တဘာဝေန။

( စ ) ကုသလသဒ္ဒေါ ပနေတ္ထ အနဝဇ္ဇသုခဝိပါက သင်္ခါတဿ အတ္ထဿ ဇောတကဘာဝေန သမ္ပဋိစ္ဆိတော၊ အကုသလ သဒ္ဒေါ သာဝဇ္ဇဒုက္ခဝိပါကတ္ထ ဇောတကတ္တေန, အဗျာကတ သဒ္ဒေါ အဝိပါကတ္ထ ဇောတကတ္တေန, ဓမ္မသဒ္ဒေါ သဘာဝ ဓာရဏာဒိ အတ္ထဇောတကတ္တေန။

(ဌ-၈၂၊၈၃)

### ၁။ (က) ဝါကျ အနက်သမ္ဗန် (အကျဉ်း) နိယမာနိယမနည်း။

တ္တေ - ဤကုသလာ ဓမ္မာအစရှိသော ဝါကျတို့၌။ ကေတ္တနာနတ္တကံ- ကေတ္တအဖြစ် နာနတ္တအဖြစ်ကို။ ဝိကပ္ပေတွာ၊ ကြံဆ၍။ ယဒေတံ ဒေါသာရောပနကာရဏံ- အကြင်ပုနရုတ္တိစသော ဒေါသသို့ တင်ခြင်း၏ အကြောင်းယုတ္တိကို။ စောဒကေန- စောဒကဆရာသည်။ ဝုတ္တံ၊ ဆိုအပ်ခဲ့ပြီ။ (အနိယမ ဝါကျ)

သဗ္ဗံ-သော။ ဇတံ-ထိုပုနရုတ္တိဒေါသသို့ တင်ခြင်း၏ အကြောင်း

http://www.dhammadownload.com



ယုတ္တိသည်။ အကာရဏံ-သင့်သော အကြောင်းယုတ္တိမဟုတ်။ (နိယမ ဝါကျ).

အကာရဏံ-၏ အကြောင်းဟိတ်ကို ဋီကာ၌ "တထာ ဧကတ္တ နာနတ္တတာ ဘာဝတော-ဧကတ္တ နာနတ္တအဖြစ် (ဧကတ္တ နာနတ္တ သဘော) ၏ မရှိခြင်းကြောင့်ဟု ပြ၏။

ဤအဋ္ဌကထာ (ခ) ဝါကျ၌ ယထာနုမတိ ဝေါဟာရသိဒ္ဓိတော-ဟု ပြသည်။ ဋီကာဟိတ်သည် နီးသောအကြောင်း, အကြောင်းဖျား၊ အဋ္ဌကထာ ဟိတ်သည် ဝေးသောအကြောင်း, အကြောင်းရင်းဟု မှတ်ပါ။

ဝေါဟာရတို့ဟူသည် ပညာရှိတို့ လက်ခံအသိအမှတ်ပြုသော အားဖြင့်သာ ထင်ရှားမြဲဖြစ်သောကြောင့် (အဋ္ဌကထာဟိတ်) ကုသလာဓမ္မာ စသည်ကို ဧကတ္တ နာနတ္တကြံဖွယ်မလို။ (ဋီကာဟိတ်) ထို့ကြောင့် စောဒက ဆရာ ကြံဆသော ဧကတ္တ နာနတ္တအဖြစ်သည် သင့်လျော်သော အကြောင်း ယုတ္တိ မဟုတ်ပါဟု ဆိုလိုသည်။

## ယထာနုမတိ ဝေါဟာရသိဒ္ဓိတော (သမာသ်+ဝါကျ နှစ်မျိုးယူ)

ယထာနုမတိ- အကြင်အကြင်သို့သော သဂေ်္ကတအားလျော်စွာ။ ဝေါဟာရသိဒ္ဓိတော-ခေါ်ဝေါ်ကြောင်း အမည်သညာပညတ်၏ ပြီးခြင်း ကြောင့်။ (အကာရဏံ) (ဤကားဝါကျ) **(ယထာနုမတိ+ဝေါဟာသိဒ္ဓိတော ဟု နှစ်ပုဒ်ခွဲ )။**

**(တစ်နည်း)** ယထာ- အကြင်အခြင်းအရာအားဖြင့်။ အနုမတိ- ပညာရှိတို့၏ လက်ခံအပ်ခြင်းသည်။ ဟောတိ- ဖြစ်၏။ တထာ- ထိုပညာ ရှိတို့ လက်ခံအပ်သော အခြင်းအရာအားဖြင့်။ ဝေါဟာရသိဒ္ဓိတော- ခေါ်ဝေါ် ကြောင်း အမည်သညာ ပညတ်၏ ပြီးခြင်းကြောင့်။ (အကာရဏံ) **(ယထာ+ အနုမတိ+ ဝေါဟာရသိဒ္ဓိတောဟု သုံးပုဒ်ခွဲ)**

ယထာနုမတိ ဝေါဟာရသိဒ္ဓိတော- အကြင်အကြင်သို့သော

http://www.dhammadownload.com



သင်္ကေတ အားလျော်စွာ ဝေါဟာရပညတ်၏ ပြီးစီးခြင်းကြောင့်။ (အကာရဏံ) (သမာသ်)

## ၂။ (က) သို့ ပါပနာ

ဆရာ ဆရာသည် ကိဋ္ဌေတ္တ အစရှိသော ဝါကျတို့ဖြင့် စောဒက ပုဂ္ဂိုလ်၏ ကုသလာဓမ္မာ စသည်တို့၌ ဧကတ္တ. နာနတ္တအဖြစ်ကို ကြံဆ၍ သင့်ရောက်နိုင်သော ပုနရုတ္တိဒေါသ စသောအပြစ်တို့ကို ပြဆိုတော်မူခဲ့၏။ ယင်းသို့ ဆိုရျသော်စောဒကပုဂ္ဂိုလ် ကြံဆသည့်အတိုင်း ဧကတ္တ. နာနတ္တ အဖြစ်၌ ပုနရုတ္တိဒေါသစသော ဒေါသတို့သင့်ရောက်သည်မှာ အကြောင်း ယုတ္တိ ခိုင်မာသော စကားဖြစ်၍ ထိုအချက်ကို လက်ခံရမည်ဟူသော အနက် သည် ရောက်၏။ (အနုပါ) စင်စစ်မသင့်။ ထို့ကြောင့် ထိုယုတ္တိတို့ သင့်လျော် သော ယုတ္တိဖြစ်+မဖြစ်ကို ဆရာဆိုသင့်သေး၏။ မဆိုဘဲ မနေသင့်။ နေရျ သော် ဝိရောဓိဒေါသရောက်ရာ၏။ စုဒ်ကြောင့် (က) မိန့်။

ကား- စောဒကဆရာ ပြဆိုသော ယုတ္တိတို့သည် သင့်လျော်သော ယုတ္တိ မဟုတ်ပါ ဟူလို။

## (ခ) သို့ ဌပနာ

ဆရာ ဆရာသည် စောဒကဆရာ ပြအပ်သော ယုတ္တိသည် သင့်လျော် သော ယုတ္တိမဟုတ်ဟု ဆိုတော်မူ၏။ သင့်လျော်သော ယုတ္တိမဟုတ်ပုံကို အကျယ်ပြဆိုသင့်သည် မဟုတ်ပါလော။ အဘယ်သို့သော အကြောင်း ကြောင့် သင့်လျော်သော ယုတ္တိမဟုတ်ဟု ဆိုရပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

ကား-ပညာရှိတို့ အသိအမှတ်ပြု လက်ခံအပ်သည့်အတိုင်းသော ဝေါဟာရတို့ဖြစ်က ပြီးကြသောကြောင့် ဟူလို။

## (ဂ) သို့ ဌပနာ

ဆရာ ဆရာသည် စောဒကဆရာ၏ ယုတ္တိသည် သင့်လျော်သော

http://www.dhammadownload.com



ယုတ္တိ မဟုတ်ပုံကို ယထာနုမတိ ဝေါဟာရသိဒ္ဓိတောဟု အကြောင်းပြဆို တော်မူ၏။ ထိုစကားသည် ဂုဋ္ဌပရိစ္ဆန္နသခေ်ပဖြစ်၍ မထင်ရှားသေးသည် မဟုတ်ပါလော။ ထိုစကားထင်ရှားစွာသိကြောင်းဖြစ်သော အကျယ်ဝိတ္ထာရ ကား အဘယ်ပါနည်း- စုဒ်ကြောင့် (ဂ) မိန့်။

**ကား-** အကျဉ်းမျှသာမက အကျယ်လည်း ချဲ့ပြပါမည် ဟူလို။

## (ဃ) သို့ ဥပနာ

ဆရာ ဆရာသည် (ဂ) ဝါကျဖြင့် ဝေါဟာရတို့သည် ပညာရှိတို့ လက်ခံအပ်သော အနက်တို့၌သာ ထင်ရှား၏။ (ပညာရှိတို့ လက်မခံအပ် သော အနက်တို့၌ မထင်ရှား၊ ဝါ-ဖြစ်ရိုးမရှိ)ဟု ဆိုတော်မူ၏။ ယင်းသို့ဆို လျှင် ကုသလာ ဓမ္မာ စသော ဝေါဟာရတို့၌ ပညာရှိတို့ လက်ခံအပ်သော အနက် လက်မခံအပ်သော အနက်တို့ကို ထင်ရှားစွာပြသင့်သည် မဟုတ်ပါ လော။ ထိုကြောင့် (ဂ) ဝါကျကိုသာ ဆရာမဆိုသင့်။ ကုသလာ ဓမ္မာ စသော ဝေါဟာရတို့၌ ပညာရှိတို့သည် အဘယ်သို့သော အနက်ကို လက်မခံအပ်ပါ သနည်း- စုဒ်ကြောင့် (ဃ) မိန့်။

**ကား-** ကုသလာ ဓမ္မာဝယ် ကုသလသဒ္ဒါ ဓမ္မသဒ္ဒါတို့သည် အနက်တူ ဧကတ္ထဖြစ်သောကြောင့် "ကုသိုလ် ကုသိုလ်" ဟူသော အနက်ကို ဟောသည်ဟု ပညာရှိတို့ လက်သင့်မခံပါ။ (ထို့ကြောင့် ပုနရုတ္တိဒေါသ ရောက်သည်ဟူသော အပြစ်တင်ချက်သည် ယုတ္တိမရှိပါ) ဟူလို။

## (င) သို့ ဥပနာ

ဆရာ ဆရာသည် ကုသလာ ဓမ္မာတို့ကို ဧကတ္ထ (အနက်တူ) ဟု ယူက ပုနရုတ္တိဒေါသရောက်သည်ဟူသော စောဒကဆရာ၏စကားသည် ယုတ္တိမရှိကြောင်း ပြဆိုတော်မူ၏။ ကုသလာနှင့် ဓမ္မာတို့အချင်းချင်း အနက် မတူ (နာနတ္ထ) ဟုယူက အသမ္ဗန္ဓဒေါသရောက်သည်ဟူသော စောဒက ဆရာ၏စကား ယုတ္တိမရှိပုံကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော။

http://www.dhammadownload.com



အဘယ်သို့ ယုတ္တိမရှိပါသနည်း။ စုဒ်ကြောင့် (င) မိန့်။

**ကား** – ကုသလာနှင့်မှော်ကို အချင်းချင်း လုံးဝမငဲ့စပ်သော ပုဒ်အဖြစ်ဖြင့်လည်း ပညာရှိတို့ လက်မခံ။ (အချင်းချင်း ငဲ့ခြင်းရှိသော ပုဒ်အဖြစ်ဖြင့်သာလက်ခံသည်) ထို့ကြောင့် အသမ္ဗန္ဓဒေါသသင့်သည်ဟူသော စကားသည်လည်း ယုတ္တိမရှိပါဟူလို။

## (စ) သို့ ဥပနာ

ဆရာ ဆရာသည် ကုသလာ မှော်စသည်တို့၏ အနက်ကို စောဒကဆရာကြံသည့်အတိုင်း ပညာရှိတို့ လက်မခံအပ်ဟု ဆိုတော်မူ၏။ ယင်းသို့ဆိုလျှင် ကုသလာ မှော်စသော သဒ္ဒါတို့၏ ပညာရှိတို့ လက်ခံအပ်သော အနက်ကို သိသင့်သေးသည်မဟုတ်ပါလော။ ထို့ကြောင့် (ဃ) (င) ဝါကျတို့ကိုသာ မဆိုသင့်။ ကုသလ, အကုသလ, အဗျာကတ, မှော်သဒ္ဒါတို့၏ အနက်မှန်ကို အဘယ်သို့ သိမှတ်ရပါမည်နည်း။ စုဒ်ကြောင့် (စ) ဝါကျမိန့်။

**ကား** – ကုသလာသဒ္ဒါ၏ အနက်ကို အနဝဇ္ဇသုခဝိပါကအနက်၊ အကုသလသဒ္ဒါ၏ အနက်ကို သာဝဇ္ဇဒုက္ခဝိပါကအနက်၊ အဗျာကတသဒ္ဒါ၏ အနက်ကို အဝိပါကအနက်၊ မှော်သဒ္ဒါ၏ အနက်ကို သဘာဝဓာရဏအနက်တို့ကို ထွန်းပြတတ်သည်၏အဖြစ်ဖြင့် ပညာရှိတို့ လက်ခံအပ်ပါ၏ ဟူလို။

၃။ (က) သဗ္ဗမေတံ အကာရဏံဖြင့် စောဒကဆရာ ပြဆိုအပ်သော ယုတ္တိအားလုံးကို လက်မခံအပ်ဟု ပြသောကြောင့် ဝိရောဓိဒေါသကို ပယ်သည်။ (အဗျာပိတကိုလည်း ပယ်နိုင်သည်။)

(ခ) ဖြင့် စောဒကဆရာ ပြဆိုအပ်သည့် ယုတ္တိအားလုံး လက်မခံထိုက်ခြင်း၏ အကြောင်းကို ပြသောကြောင့် သြစိတျဟီနဒေါသကို ပယ်ပါသည်။

http://www.dhammadownload.com



တစ်နည်း–လက်မခံထိုက်ခြင်းအကြောင်းကို ပြည့်စုံစွာ ပြသောကြောင့် အဗျာပိတဒေါသကို ပယ်သည်။

(ဂ) ဖြင့် ယထာနုမတိ ဝေါဟာရသိဒ္ဓိတောကို အကျယ်ချဲ့ပြသောကြောင့် သသံသယဒေါသနှင့် အဗျာပိတဒေါသတို့ကို ပယ်သည်။

(ဃ) ဖြင့် ကုသလာ ဓမ္မာ စသော သဒ္ဒါတို့၏အနက်ကို စောဒကဆရာကြံဆသည့်အတိုင်း ကုသိုလ် ကုသိုလ်စသော အနက်အားဖြင့် ပညာရှိတို့ လက်သင့်မခံအပ်ဟု ပြသောကြောင့်–ဝိရောဓိဒေါသ၊ အဗျာပိတဒေါသတို့ကို ပယ်သည်။

(င) ဖြင့် ကုသလ ဓမ္မာ စသောပုဒ်တို့သည် ကုသလာ, ရူပံ, စက္ခုမာစသော သဒ္ဒါတို့ကဲ့သို့ အချင်းချင်း မငြိသည်၏ အဖြစ်ဖြင့် ပညာရှိတို့ လက်သင့်မခံအပ်ဟု ပြသောကြောင့် ဝိရောဓိဒေါသ, အဗျာပိတဒေါသတို့ကို ပယ်သည်။

(စ) ဖြင့် ကုသလ စသည်တို့၏ အနက်မှန်ကို ဆက်ပြသောကြောင့် ဝိရောဓိဒေါသ၊ အဗျာပိတဒေါသတို့ကိုပယ်သည်။

၄။ * ယာ ယာ အနုမတိ ယထာနုမတိ။

ဝိစ္ဆတ္ထဘောဂုဏ်၏ သင်္ကေတနှင့် ဂုဏ်+ဂုဏေး သမ္ဗန်သည် ဗျု–နီ။ သင်္ကေတပညတ်၏ သာမညဇာတ်သည် (ဝါ) ဝိစ္ဆတ္ထဘောဂုဏ်သည် ပ–နီ။

တစ်နည်း– အနုမတိယာ အနုရူပံ ယထာနုမတိ။

သင်္ကေတပညတ်၏ အနုရူပဘောဂုဏ်နှင့် ဂုဏေး+ဂုဏ် သမ္ဗန်သည် ဗျု–နီ။ အနုရူပဘောဂုဏ်သည် (ဝါ) သင်္ကေတပညတ်၏ သာမညဇာတ်သည် ပ–နီ။

* ဝေါဟာရီယတေ ကထီယတေ ဧတေနာတိ ဝေါဟာရော။

http://www.dhammadownload.com



(ဝိ+အဝ+ဟရ+ဏ) ပြောဆိုခြင်းကြိယာကို ခွဲထုတ်။

* သိဖျွန် သမတ္တန် သိဒ္ဓိ (သိဓ+တိ) ပြီးစီးခြင်းကြိယာ။

* မညန် ဇာနန် မတိ။ (မန+တိ) သိခြင်းကြိယာ။

* အနရူပံ (စွာ) မတိ အနုမတိ။ (ဘာသာဋီကာ)

အနုရူပသောဂုဏ်၏ သိခြင်းကြိယာနှင့် ဂုဏ်+ဂုဏီး သမွန်သည် ဗျု-နိ။ အနုရူပသောဂုဏ်သည် ပ-နိ။

* အနုမညတ္တိ အနုသဥ္ဇာနန္တိ တောယာတိ အနုမတိ။ (ဂဏ္ဍိသစ်) (အနု+မန+တိ) လျော်စွာသိခြင်းကြိယာ။

* ယထာနုမတိ ဝေါဟာရသိဒ္ဓိ ယထာနုမတိဝေါဟာရသိဒ္ဓိ။

သင်္ကေတပညတ်အားလျော်ခြင်းဂုဏ်၏+ဝေါဟာရသိဒ္ဓိနှင့် ဝိသေသန+ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။ သင်္ကေတအားလျော်စွာ ပြီးစီးခြင်းဂုဏ်သည် ပ-နိ။

**(ဂဏ္ဍိဟောင်းကား ယထာနုမတိ ဝေါဟာရသိဒ္ဓိတောသည် သမာသ် မဟုတ်၊ ဝါကျသာဟု ဆို၏။)**

* အနုမညတေ သမ္ပဋိစ္ဆီယတေတိ အနုမတော။ (အနု+မန+တ)

လျော်စွာသိခြင်း ခွင့်ပြုခြင်းကြိယာ (အနုရှေးရှိသော မနဓာတ်, တ-ပစ္စည်းဖြင့်ပြီးသော ပုဒ်ဖြစ်သောကြောင့် အနုမတော သမ္ပဋိစ္ဆိတောဟု ရှိစေ။ အနုမတိတောဟု မရှိစေရ။)

* သမ္ပဋိစ္ဆီယတေ ဣစ္ဆီယတေတိ သမ္ပဋိစ္ဆိတော။ (သံ+ပဋိ ရှေးရှိသော ဣသုဓာတ်+တပစ္စည်း)

* ကုသလော (ကုသလသဒ္ဒေါ) ပဝတ္တော တေသာတိ ကုသလပဝတ္တော။

ကုသလသဒ္ဒါ ရှေးရှိခြင်းဂုဏ်၏ ဓမ္မသဒ္ဒါနှင့် ဂုဏ်+ဂုဏီးသမ္ဗန်သည် ဗျု-နိ။ ကုသလသဒ္ဒါရှေးရှိခြင်း ဂုဏ်သည် ပ-နိ။

* အဘိလပ္ပတေ ဥစ္စာရီယတေတိ အဘိလာပေါ။ (အဘိ+လပ+ဏ) ရွတ်ဆိုခြင်းကြိယာ။

http://www.dhammadownload.com



* ဓမ္မော (ဓမ္မသဒ္ဒေါ) စ သော အဘိလာပေါ စာတိ ဓမ္မာဘိလာပေါ။

ဓမ္မသဒ္ဒါ၏ ရွတ်ဆိုခြင်းဂုဏ်နှင့် ဂုဏော+ဂုဏ် သမ္မန်သည် ဗျု-နိ။ ရွတ်ဆိုအပ်ခြင်းဂုဏ်သည် ပ-နိ။

* ဓမ္မော (ဓမ္မသဒ္ဒေါ) ပရော ယဿာတိ ဓမ္မပရော။

ဓမ္မသဒ္ဒါ နောက်ရှိခြင်းဂုဏ်၏ ကုသလသဒ္ဒါနှင့် ဂုဏော+ဂုဏ် သမ္မန်သည် ဗျု-နိ။ ဓမ္မသဒ္ဒါနောက်ရှိ (ဝါ) ဓမ္မသဒ္ဒါနောက်နေခြင်းဂုဏ်သည် ပ-နိ။

* ပဏ္ဏတိ ဇာနာတီတိ ပဏ္ဏိတော။ (ပဋိ+တ။ နိဂ္ဂဟိတ်လာ) သိခြင်းကြိယာ ။ (ကိတ်ဝိဂြိုဟ်)

* ပဏ္ဍာ ဗုဒ္ဓိ သဉ္ဇာတာ အဿာတိ ပဏ္ဍိတော။

(ပဏ္ဍာပုဒ်+က္ကတပစ္စည်း) (တဒ္ဓိတ်ဝိဂြိုဟ်)

အသိဉာဏ်ပညာ၏ ပညာရှိပုဂ္ဂိုလ်နှင့် ဌာနီ+ဌာန သမ္မန်သည် ဗျု-နိ။ အသိဉာဏ် ပညာသည် ပ-နိ။

| | | | |
|---|---|---|---|
| ၅။ | ကာသွာ | = | သဗ္ဗနာမ်ပုဒ်၊ ပုံး-နပုံး၊ သဗ္ဗနာမ်ဂိုဏ်း၊ နိဂ္ဂဟိတန္တ။ |
| | အနမတိ | = | သမာသ်ပုဒ်(ကိတ်ပုဒ်)၊ က္ကတ္တိလိင်၊ ရတ္တာဒိ၊ က္ကကာရန္တ။ |
| | ယထာနမတိ | = | သမာသ်ပုဒ်၊ က္ကတ္တိလိင်၊ (အဗျယီဘောသမာသ် ဖြစ်သော်လည်း က္ကတ္တိလိင်သာ။) ရတ္တာဒိ၊ က္ကကာရန္တ။ |
| | သိဒ္ဓိ | = | ကိတ်ပုဒ်၊ က္ကတ္တိလိင်၊ ရတ္တာဒိ၊ က္ကကာရန္တ။ |

၆။ (က) သဗ္ဗမေတံ အကာရက -ဖြင့် စောဒကဆရာ ကြံဆ၍ တင်အပ်သော ပုနရုတ္တိဒေါသစသည် တင်ခြင်း၏ အကြောင်းယုတ္တိသည် သင့်လျော်သော အကြောင်းယုတ္တိ မဟုတ်သည်၏အဖြစ်ကို သိစေသည်။

( ခ ) ကာသွာ-ဖြင့် ပုစ္ဆာကို သိစေသည်။

http://www.dhammadownload.com



**ယထာနုမတိ ဝေါဟာရသိဒ္ဓိတော-ဖြင့်** သင်္ကေတပညတ်အား လျော်စွာဝေါဟာရတို့၏ ပြီးစီးခြင်းကို လည်းကောင်း၊ ထိုသို့ သင်္ကေတ ပညတ်အားလျော်စွာ ဝေါဟာရတို့၏ ပြီးစီးခြင်းကြောင့် ဆိုအပ်ခဲ့ပြီးသော စောဒက၏ အကြောင်းယုတ္တိ မှန်သမျှသည် မသင့်လျော်သည်၏ အဖြစ်ကို လည်းကောင်း သိစေသည်။

( ဂ ) **ဝေါဟာရောဟိ - စသည်ဖြင့်** ဝေါဟာရဟူသည် ထိုထို အနက် တို့၌ ပညာရှိတို့ ခွင့်ပြုအပ် အသိအမှတ် ပြုအပ်သည့်အတိုင်းသာ ပြီးစီးသည်၏အဖြစ်ကိုလည်းကောင်း၊ ယထာနုမတိဝေါဟာရ သိဒ္ဓိတော-၌ ဝေါဟာရ သိဒ္ဓိကို ဝေါဟာရဿ သိဒ္ဓိ ဝေါဟာရသိဒ္ဓိဟု ဆဋ္ဌီတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်အဖြစ်၊ ယထာနုမတိ ဝေါဟာရသိဒ္ဓိ ယထာနုမတိ ဝေါဟာရသိဒ္ဓိဟု ဝစနတ္ထပြုရမည်အဖြစ်၊ ယထာနုမတိ- သည် သိဒ္ဓိပုဒ်၌ စပ်ရမည်အဖြစ်ကို သိစေသည်။

(ဃ) **န စာယံ-စသည်ဖြင့်** ကုသလာ ဓမ္မာ စသောပုဒ်တို့၌ ကုသလ နှင့် ဓမ္မသဒ္ဒါတို့သည် အနက်ထူး တစ်စုံတစ်ရာမရှိဘဲ စောဒက ပုဂ္ဂိုလ် ကြံဆသည့်အတိုင်း "ကုသိုလ် ကုသိုလ်" ဟူသော အနက်ကို ပညာ ရှိတို့ လက်မခံသည်၏ အဖြစ်ကို သိစေသည်။

( င ) **န စ ကုသလာ+ရူပံ+စက္ခုမာ သဒ္ဒါဝိယ-စသည်ဖြင့်** ကုသလာ ဓမ္မာ စသည်တို့၌ ကုသလသဒ္ဒါ ဓမ္မသဒ္ဒါစသည်တို့သည် ကုသလာ-ရူပံ- စက္ခုမာသဒ္ဒါတို့ကဲ့သို့ အချင်းချင်း လုံးဝငဲ့ခြင်းမရှိသည် အဖြစ်ဖြင့် ပညာရှိတို့လက်မခံအပ်သည်အဖြစ်၊ အချင်းချင်း ငဲ့ခြင်းရှိနေသည် ၏အဖြစ်ကို သိစေသည်။

( စ ) **ကုသလသဒ္ဒေါ ပနေတ္ထ (ပ) ဓောတကဘာဝေန သမ္ဗ ပဋိစ္ဆိတော - ဖြင့်** ကုသလာ ဓမ္မာ-၌ ကုသလသဒ္ဒါသည် အနဝဇ္ဇသုခ ဝိပါက အနက်ကို ထွန်းပြတတ်သည်၏ အဖြစ်ဖြင့် ပညာရှိတို့ လက်ခံအပ် သည် အဖြစ်။

http://www.dhammadownload.com



**အကုသလသဒ္ဒေါ သာဝဇ္ဇဒုက္ခဝိပါကတ္ထ ဇောတကတ္တေန**-ဖြင့် အကုသလသဒ္ဒါသည် သာဝဇ္ဇဒုက္ခဝိပါကအနက်ကို ထွန်းပြတတ်သည်အဖြစ်။

**အဗျာကတသဒ္ဒေါ အဝိပါကတ္ထဇောတကတ္တေန**-ဖြင့် အဗျာကတ သဒ္ဒါသည် အဝိပါကအနက်ကို ထွန်းပြတတ်သည်အဖြစ်။ ဓမ္မသဒ္ဒေါ သဘာဝဓာရဏာဒိ အတ္ထ ဇောတကတ္တေန-ဖြင့် ဓမ္မသဒ္ဒါ၏ မိမိ မိမိတို့၏ သဘော ကိုဆောင်ခြင်း အစရှိသော အနက်တို့ကို ထွန်းပြတတ်သည်၏ အဖြစ်ကို သိစေပါသည်။

## ၇။ တထာ တထေဝ သမ္ဘဋ္ဌိတော

သဗ္ဗမေတံ အကာရဏံ-၌ ဧတံ-ကား ဆိုအပ်ခဲ့ပြီးသော ဒေါသတင်ခြင်း၏ အကြောင်းယုတ္တိ (ဓေတ္တ,နာနတ္တအဖြစ်)ကို စွဲသောကြောင့် ပဏ္ဏတ္တိဝိသယ။

ပညာရှိတို့ လက်ခံအပ်သော ဝေါဟာရတို့၏ အနက်သည် ဂဟေတဗ္ဗ။ ပညာရှိတို့ လက်မခံအပ်သော ဝေါဟာရတို့၏ အနက်သည် နိဝတ္တေတဗ္ဗ။

န စာယံ-၌ အယံ-ကား မ္မောဘိလာပေါ, ကုသလာဘိလာပေါ ဟူသော အစွဲ တိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

## ၈။ သဗ္ဗမေတံ အကာရဏံ-၌ ကြိယာငါးတန်

ပြဆိုအပ်ခဲ့ပြီးသော အကြောင်းယုတ္တိ၏ မသင့်တော်ခြင်းသည် ဒဿနတ္ထ။ ကုသလာ ဓမ္မာစသောသဒ္ဒါတို့၏ ဓေတ္တ, နာနတ္တအဖြစ် မရှိခြင်းသည် (ဋီကာအလို) ဒီပကတ္ထ။ စောဒကဆရာ ကြံဆပြဆိုအပ်ခဲ့သည့် ဓေတ္တ, နာနတ္တအဖြစ်ကို သာရအားဖြင့် မမှတ်သားထိုက်ခြင်းသည် ပကာသနတ္ထ။ ပညာရှိတို့ လက်ခံထားအပ်သော သင်္ကေတပညတ်အားလျော်စွာ

http://www.dhammadownload.com



ဝေါဟာရတို့၏ ထင်ရှားခြင်းသည် ဝိဘာဝတ္ထ။ စောဒကဆရာဆိုခဲ့သည့် ပုနရုတ္တိ ဒေါသစသော အပြစ်ငါးပါးသို့ မရောက်ခြင်းသည် အနဘာဝတ္ထ။

## ယထာနုမတိ ဝေါဟာရသိဒ္ဓိတော

ပညာရှိတို့ လက်ခံထားအပ်သော သင်္ကေတပညတ်အား လျော်စွာ ဝေါဟာရတို့၏ ပြီးခြင်း (ထင်ရှားခြင်း)သည် ဒဿနတ္ထ။ ပညာရှိတို့၏ ဝေါဟာရ သင့်+မသင့်၊ မှန်+မမှန်ကို ရွေးချယ်နိုင်သော ဉာဏ်စွမ်းသတ္တိသည် ဒီပကတ္ထ။ စောဒကဆရာ ပြဆိုအပ်ပြီးသော ယုတ္တိ၏ သင့်လျော်သော ယုတ္တိမဖြစ်ခြင်း သည် ပကာသနတ္ထ။ ကုသလာ ဓမ္မာစသော သဒ္ဒါတို့၏ ကေတ္ထ, နာနတ္ထအဖြစ် မရှိခြင်းသည် ဝိဘာဝတ္ထ။ စောဒကဆရာ ကြံဆပြဆိုအပ်သည့် ကေတ္ထ, နာနတ္ထအဖြစ်နှင့် ပုနရုတ္တိ စသော ဒေါသတို့ကို မမှတ်ထိုက်ခြင်းသည် အနဘာဝတ္ထ။

## အနုမတော သမ္မုဋ္ဌိတော-၌ ဓာတ်အရ

လက်ခံသိမှတ်အပ်သော အခြင်းအရာအားဖြင့် ဖြစ်သော ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာစိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။ လက်ခံအပ် အသိအမှတ်ပြုအပ်သော ဝေါဟာရ၏ တစ်စုံတစ်ခုသော အကြောင်းသည် (ဝါ) လက်ခံအပ် အသိအမှတ်ပြုအပ်သော ဝေါဟာရသည် ဒီပကတ္ထ။ ထိုဝေါဟာရ၏ မိမိသက်ဆိုင်ရာ အနက်အဓိပ္ပာယ်၌ ထင်ရှားအသုံးများခြင်းသည် ပကာသနတ္ထ။ ယောနိသောမနသိကာရ စသော အကြောင်းများသည် ဝိဘာဝတ္ထ။ စောဒက ဆရာကြံဆချက်အတိုင်း မှားယွင်းသော အနက်တို့ကို မမှတ်သားအပ်ဘဲ အဋ္ဌကထာဆရာ ပြအပ်သော မှန်ကန်သည့် အနက်တို့ကိုသာ မှတ်သားထိုက်ခြင်းသည် အနဘာဝတ္ထ။

## ၁၀။ ဝေါဟာရော ယထာ ယထာ အတ္ထေသု အနုမတော သမ္မုဋ္ဌိတော

ဝေါဟာရော-အရ ထိုထိုအနက်တို့၌ ထင်ရှားသော ဝေါဟာရ

http://www.dhammadownload.com



သင်္ကေတပညတ်ရ၏။ (ပစ္စည်း) အနုမတော သမ္ပဋိစ္ဆိတော-၌ ခတ်အရ လက်ခံ အသိအမှတ်ပြုအပ်သော အခြင်းအရာအားဖြင့်ဖြစ်သော ဉာဏ် ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် ရ၏။ (ပစ္စယုပ္ပန်) အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။ (ပြိုင်ပစ္စည်းမရှိ)

< >

## ဝါကျ (၁၅) ဝေဒနာတိက် အဖွင့်

(က) သုခါယ ဝေဒနာယာတိ အာဒီသု သုခသဒ္ဒေါ တာဝ သုခ ဝေဒနာ. သုခမူလ သုခါရမ္မဏ သုခဟေတု သုခပစ္စယဋ္ဌာန အဗျာပဇ္ဈ နိဗ္ဗာနာဒီသု ဒိဿတိ။

(ခ) အယဉှိ "သုခဿ စ ပဟာနာ" တိ အာဒီသု သုခဝေဒနာယံ ဒိဿတိ။

(ဂ) "သုခေါ ဗုဒ္ဓါနံ ဥပ္ပါဒေါ၊ သုခေါ ဝိရာဂတာ လောကေ"တိ အာဒီသု သုခမူလေ။

(ဃ) "ယသ္မာ စ ခေါ မဟာလိ ရူပံ သုခံ သုခါနုပတိတံ သုခါ ဝက္ကန္တံ" န္တိ အာဒီသု သုခါရမ္မဏေ။ပ။

(င) ဣဓ ပနာယံ သုခဝေဒနာယမေဝ ဒဋ္ဌဗ္ဗော။

(စ) ဝေဒနာသဒ္ဒေါ "ဝိဒိတာ ဝေဒနာ ဥပ္ပဇ္ဇန္တိ"တိ အာဒီသု ဝေဒယိ တသ္မိံယေဝ ဝတ္တတိ။

(၄-၈၃)

http://www.dhammadownload.com



**အဗျာဝဋ္ဌ + အဗျာပဋ္ဌ + အဗျာဝဋ္ဋ + အဗျာပဋ္ဋ**

နီဝရဏာဒိဗျာပါဒရဟိတတ္တာ "အဗျာပဇ္ဈာ"တိ ဝုတ္တာ-ဟု မူလဋီကာ ဆိုသောကြောင့်လည်းကောင်း၊ စိတ္တံ ဗျာဘာဝေတီတိ ဗျာဘာဓော၊ နီဝရဏာဒိ ဓမ္မော။ ဗျာဘာဓေဓဝ ဗျာပဇ္ဈံ၊ နတ္ထိ ဗျာပဇ္ဈံ ဓတေသု ပဋ္ဌမဇ္ဈာနာဒိ ဝိဟာရေသုဘာတိ အဗျာပဇ္ဈောဟု အဋ္ဌသာလိနီယောဇနာ ဖွင့်ဆိုသောကြောင့် လည်းကောင်း၊ မဓုဋီကာ၌ ဗျာဘာဓေန္တိ ဝိဟေဌန္တီတိ ဗျာဘာဓာ၊ နီဝရဏာဒယော၊ ဗျာဘာဓာဝ ဗျာပါဒါ နိရုတ္တိနယေနဟု ဆိုသောကြောင့်လည်းကောင်း၊ နိဒ္ဒေကွ အနက်ဟောအဗျာပဇ္ဇသဒ္ဒါကို အဗျာပဇ္ဇ, အဗျာပဇ္ဈ-ဟု အဋ္ဌကထာ, ဋီကာတို့၌ နှစ်မျိုးဖွင့်ဆို သောကြောင့်လည်းကောင်း၊ နိဗ္ဗာန်အနက်ဟော အဗျာပဇ္ဈကို အဗျာဝဇ္ဈ+ အဗျာပဇ္ဈ-ဟု အဘိဓာန်ဋီကာ၌ နှစ်မျိုးဖွင့်ဆိုသော ကြောင့် လည်းကောင်း၊ အဗျာဝဇ္ဈ, အဗျာပဇ္ဈ, အဗျာဝဇ္ဇ, အဗျာပဇ္ဇ-ဟု လေးမျိုးလုံး ရှိနိုင်သည်။

ထိုတွင် အဗျာပဇ္ဈသည်သာ သဒ္ဒယုတ္တိ, အတ္ထယုတ္တိ နှစ်မျိုးလုံးရှိ သည့်အပြင် ရုပ်ပြီးသန့်ရှင်းသောကြောင့် ပိုကောင်းသည်။

**သုခေါ ဗုဒ္ဓါနံ ဥပ္ပါဒေါ + သုခေါဗုဒ္ဓါနမုပ္ပါဒေါ။**

ဓမ္မပဒပါဠိတော်၌ သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ ဟု ရှိသောကြောင့်လည်း ကောင်း။ ထိုဂါထာသည် ပထျာဝတ္တဂါထာဖြစ်သောကြောင့်လည်းကောင်း သုခေါ ဗုဒ္ဓါန မုပ္ပါဒေါ သာ ပိုကောင်းသည်။

၁။ ဗုဒ္ဓါနံ-ဘုရားရှင်တို့၏။ ဥပ္ပါဒေါ-ဖြစ်ခြင်းသည်။ ဝါ-ဖြစ်ရာဖြစ်သော နဝမခေတ်သည်။ သုခေါ-ချမ်းသာ၏။ ဝါ-သုခ၏ဝေးသော အကြောင်းဖြစ် ၏။ လောကေ-လောက၌။ ဝိရာဂတာ-ကာမရာဂကင်းကြောင်းဖြစ်သော အနာဂါမိမဂ်သည်။ ဝါ-ကင်းသော ကာမရာဂရှိသော အနာဂါမ်၏ အဖြစ် တည်းဟူသော အနာဂါမိမဂ်သည်။ သုခါ-ချမ်းသာ၏။ ဝါ-သုခ၏ဝေးသော အကြောင်းဖြစ်၏။ (ပြည်နိဿယ)

http://www.dhammadownload.com



ဗုဒ္ဓုပ္ပါဒနဝမခေတ်သည် ကုသိုလ်ကောင်းမှု (ပုည)နှင့် ကိုယ်စိတ်ငြိမ်းအေးမှု (ပဿဒ္ဓိ) ရခြင်း၏ အကြောင်းဖြစ်သည်။ ဘုရားပွင့်မှ ပုည, ပဿဒ္ဓိဖြစ်ခွင့်ရသည်။ ထိုပုည, ပဿဒ္ဓိဖြစ်မှ ချမ်းသာသုခဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓုပ္ပါဒသည် သုခ၏ ဝေးသောအကြောင်း၊ ပုည, ပဿဒ္ဓိသည် သုခ၏ နီးသောအကြောင်းဟု ဆိုလိုသည်။

## ၂။ (က) ဝါကျသို့

ဆရာ ဆရာသည် ကုသလသဒ္ဒေါ တာဝ စသည်ဖြင့် ကုသလသဒ္ဒါ၏ အတ္ထုဒ္ဓါရ အတ္ထုဒ္ဒေသနှင့် ဝစနတ္ထတို့ကို ပြဆိုတော်မူ၏။ သုခါယ ဝေဒနာယ စသည်၌ သုခသဒ္ဒါ၏ အတ္ထုဒ္ဓါရ စသည်ကို မသိရသေးသည် မဟုတ်ပါလော။ ယင်း၏ အတ္ထုဒ္ဓါရ စသည်ကို မည်သို့မှတ်ရမည်နည်း။ စုဒ်ကြောင့် သုခသဒ္ဒေါ တာဝ စသည်မိန့်။

## တစ်နည်း -

ဆရာ ဆရာသည် ဣဒါနိ ကုသလာဓမ္မာတိ အာဒိနံ စသည်ဖြင့် ကုသလတိက်ကို ဖွင့်ဆိုတော်မူခဲ့၏။ ဝေဒနာတိက်ကို မဖွင့်ဆိုတော့ပြီလော။ ဝေဒနာတိက် အဖွင့်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် သုခါယ ဝေဒနာယာတိ အာဒီသု စသည်မိန့်။

## ( ခ ) သို့

ဆရာ သုခသဒ္ဒါသည် သုခဝေဒနာစသော အနက်တို့ကို ဟော၏ဟု ဆိုတော်မူ၏။ သုခသဒ္ဒါ၏ သုခဝေဒနာ စသောအနက်တို့ကို ဟော၏ ဟူသော ဆရာ့စကားသည် မယုံကြည်နိုင်ရာသည် မဟုတ်ပါလော။ အဘယ်သို့သော ယုတ္တိသာဓကတို့ကို ထောက်ဆ၍ ယင်းသို့ ဆိုရပါသနည်း။ စုဒ်ကြောင့် ( ခ ) ဝါကျမိန့်။

**သဒ္ဒပသာဂ်စောဒနာ, အတ္ထပသာဂ်စောဒနာအနက်များ တက်ကြည့်ပါလေ။**

http://www.dhammadownload.com



## (ဂ) သို့ ပါပနာပဥ္စက

ဆရာ ဆရာသည် (ခ) ဝါကျဖြင့် သုခသဒ္ဒါ သုခဝေဒနာအနက် ဟောနိုင်ပုံကို အာဂမယုတ္တိဖြင့် ပြဆိုတော်မူ၏။ ယင်းသို့သာ ဆိုချေသော် သုခသဒ္ဒါ၏ သုခမူလအနက်ကို ဟောနိုင်ကြောင်း ယုတ္တိသာကေကား မရှိ ဟူသောအနက်သည် ရောက်၏။ စင်စစ်မသင့်။ ထို့ကြောင့် သုခသဒ္ဒါ၏ သုခမူလအနက်ကို ဟောနိုင်ကြောင်း အာဂမယုတ္တိကိုလည်း ဆိုသင့်သေး ၏။ မဆိုဘဲမနေသင့်။ နေချေသော် အဗျာပိတဒေါသသင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဂ) မိန့်။

**ကား-** သုခေါ ဗုဒ္ဓါနံ ဥပ္ပါဒေါ၊ သုခါ ဝိရာဂတာ လောကေ စသော အာဂမယုတ္တိတို့ကို ထောက်ဆ၍ သုခသဒ္ဒါ သုခမူလ အနက်ကို ဟောနိုင်ပါ၏ ဟူလို။

## ( င) သို့ ပါပနာပဥ္စက

ဆရာ ဆရာသည် (က)စသော ဝါကျတို့ဖြင့် သုခဝေဒနာ၏ အတ္ထုဒ္ဓါရအနက်သရုပ်ကို အာဂုမ်ပါဠိနှင့်တကွ ပြဆိုတော်မူခဲ့၏။ ယင်းသို့ ဆိုလျှင် ဤသုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ ဟူသော ပါဠိ၌ သုခသဒ္ဒါ သည် ဆိုခဲ့ပြီးသော အနက်အားလုံးကိုဟော၏ ဟူသောအနက်သည် ရောက်၏။ စင်စစ်မသင့်။ ထို့ကြောင့် ဤ၌လိုအပ်သောအနက် အတ္ထုဒ္ဓေသ ကိုလည်း ပြဆိုသင့်သေး၏။ မဆိုဘဲမနေသင့်။ နေချေသော် ဆရာ့၌ အတိ ဗျာပိတ ဝိရောဓိဒေါသ ရောက်ရာ၏။ စုဒ်ကြောင့် (င) မိန့်။

**ကား-** အနက်အားလုံးကို မဟော။ သုခဝေဒနာ ဟူသောအနက် တစ်နက်ကိုသာ ဟော၏ဟူလို။

၃။ (က) ဝါကျသည် ကုသလတိက်၏ အဖွင့်မှတစ်ပါး ဝေဒနာတိက် ၏အဖွင့်ကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်သည်။

http://www.dhammadownload.com



(ခ) ဝါကျသည် သုခသဒ္ဒါ၏ သုခဝေဒနာစသော အနက်တို့ကို ဟောနိုင်ကြောင်း ယုတ္တိသာဓကဖြင့် ပြဆိုသောကြောင့် ဝိရောဓိဒေါသကို ပယ်သည်။

(ဂ) ဝါကျသည် (က)ဝါကျကို ထောက်က ဝိရောဓိဒေါသ၊ (ခ) ဝါကျကို ထောက်က အဗျာပိတဒေါသကို ပယ်သည်။

(ဃ) နည်းတူ။

(င) ဝါကျသည် ဤဌ္ဌလိုအပ်သော သုခသဒ္ဒါ၏ အနက်ကို ပြသောကြောင့် အတိဗျာပိတ. ဝိရောဓိဒေါသတို့ကို ပယ်သည်။

(စ) ဝါကျသည် သုခသဒ္ဒါ၏ အတ္ထုဒ္ဓေသမှ တစ်ပါး ဝေဒနာသဒ္ဒါ၏ အတ္ထုဒ္ဓေသကို ပြဆိုသောကြောင့် အဗျာပိတဒေါသကို ပယ်သည်။

၄။ * ဗျာဟာဓေန္တိ ဝိဟေဌေန္တီတိ ဗျာဟာဓာ။ (ဝိ+အာ+ဗာဓ+အ) ညှဉ်းဆဲခြင်းကြိယာ။

* ဗျာဟာဓာယေဝ ဗျာပဇ္ဈံ။ (သွတ္ထအနက် ဏျ ပစ္စည်း) (ဓာတုစ်ဖြင့်လည်း ဆိုနိုင်သည်)

* နတ္ထိ ဗျာပဇ္ဈံ ဧတဿာတိ အဗျာပဇ္ဈော
နီဝရဏမရှိခြင်း ဂုဏ်၏ ပဌမဈာန်စသော တရားတို့နှင့် ဂုဏ်+ ဂုဏေးစပ်ခြင်း သမ္ဗန်သည် ဗျ-နီ။ နီဝရဏမရှိခြင်းဂုဏ်သည် ပ-နီ။

* ဥပ္ပဇ္ဇန္တိ ဥပ္ပါဒေါ။ (ဥ+ပဒ+ဏ) ဘာဝသာဓ်။

* ဥပ္ပဇ္ဇတိ ဧတ္ထာတိ ဥပ္ပါဒေါ။ (အဓိကရဏသာဓ်)

* ဝိရဇ္ဇတိ ဧတ္ထ ဧတေနာတိ ဝါ ဝိရာဂေါ။ (ဝိ+ရဉ္ဇ+ဏ) တပ်မက်မှုကင်းခြင်း ကြိယာကို ခွဲကောက်။ အနာဂါမိမဂ်ရှေ၏။

* ဝိရာဂေါယေဝ ဝိရာဂတာ။ (တာ ပစ္စည်း သွတ္ထ)
**တစ်နည်း** - ဝိဂတော ရာဂေါ ယဿ. ယဿာတိ ဝါ ဝိရာဂေါ။ (အနာဂါမ် ပုဂ္ဂိုလ်ရှေ၏)

http://www.dhammadownload.com



* ဝိရာဂသာ ဘာဝေါ ဝိရာဂတာ။ (တပ်မက်မှုကင်းခြင်း၏ အကြောင်း ဖြစ်သော အနာဂါမိမဂ်ရှ၏)

တပ်မက်မှုကင်းသော အနာဂါမ်ပုဂ္ဂိုလ်၏ အနာဂါမိမဂ်နှင့် ဌာန+ဌာနီ သာမီ+သံအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျ-နိ။ အနာဂါမိမဂ်သည် လည်း ကောင်း၊ ထိုအနာဂါမိမဂ်၏ တပ်မက်မှုကင်းခြင်း ဂုဏ်သည်လည်း ကောင်း ပ-နိ။

* သုခတိ ဝောယာတိ သုခါ။ (သုခ+အ+အာ) ချမ်းသာခြင်း၏ အကြောင်း ဗုဒ္ဓုပ္ပါဒ , ဝိရာဂတာ စသည်ရှ၏။

* သုခေန အနုပတိတံ သုခါနုပတိတံ။ (သုခေန၊ သုခသည်။ အနုပတိတံ အစဉ်လိုက်အပ်၏။)

သုခဝေဒနာ၏ ရူပါရုံ နှင့် အာရမ္မဏိက+အာရုံ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျ-နိ။ သုခ၏ သက်ရောက်ခြင်းကြိယာသည် ပ-နိ။

မှတ်ချက်။ ။ ဤကား ဘာသာဋီကာအလို ဖြစ်သည်။
ပြည်နိဿယအလိုပြုလျှင်- သုခေ (သုခသာ အာရမ္မဏေ) အနုပတိတံ သုခါအနုပတိတံ ဟု ပြုရမည်။ ထိုသို့ပြုလျှင် သုခေအရ သုခ၏အာရုံဖြစ်သော ရူပါရုံ ရ၍ အနုပတိတံအရလည်း ထိုရူပါရုံကိုပင် ရသော ကြောင့် အာဓာရနှင့် အာဓေယ် ထပ်နေ၍ မကောင်းပါ။ သုခါဝက္ကန္တံလည်း နည်းတူ။

၆။ (က) သုခ သဒ္ဒေါတာဝ-စသည်ဖြင့် သုခသဒ္ဒါသည် သုခဝေဒ နာအနက်၊ သုခမူလအနက် စသောအနက်တို့ ဟောသည်၏ အဖြစ်ကို သိစေသည်။ (သဒ္ဒတ္ထ၊ အဘိဓေယျတ္ထ၊ နာမလိင်္ဂတ္ထ)

(ခ) အယဥ္စ- စသည်ဖြင့် သုခသာ စ ပဟာနာ- ၌ သုခသဒ္ဒါ သည် သုခဝေဒနာကိုဟောသည်အဖြစ်၊ ထို သုခသာ စ ပဟာနာ- ဟူသော

http://www.dhammadownload.com



အာဂုံပါဋ္ဌိကို ထောက်ဆ၍ သုခသဒ္ဒါ၏ သုခဝေဒနာအနက်ကို ဟောကြောင်း ယုံကြည် လက်ခံထိုက်သည့်၏ အဖြစ်ကို သိစေသည်။

**(ဂ) သုခေါ ဗုဒ္ဓါနံ ဥပ္ပါဒေါ- စသည်ဖြင့်** သုခေါ ဗုဒ္ဓါနံ ဥပ္ပါဒေါ -၌ သုခသဒ္ဒါ၊ သုခါ ဝိရာဂတာ လောကေ-၌ သုခသဒ္ဒါတို့သည် သုခမူလ (သုခ၏ ဝေးသောအကြောင်း) အနက်ကို ဟောသည့်၏အဖြစ်၊ ထို သုခေါ ဗုဒ္ဓါနံ ဥပ္ပါဒေါ စသော အာဂမယုတ္တိကို ထောက်ဆ၍ သုခသဒ္ဒါ၏ သုခမူလအနက်ကို ဟောကြောင်း ယုံကြည်လက်ခံထိုက်သည်အဖြစ်၊ သုခေါ-ကို သုခတိ ဧတေနာတိ သုခေါ ဟု ကရဏသာဓ် ဝစနတ္ထပြုရမည် အဖြစ်၊ သုခဓာတ်၊ အပစ္စည်း၊ယင်း အပစ္စည်း၏ ကရဏတ္ထဝါစက အဖြစ်ကို သိစေသည်၊

ဘုရားရှင်တို့၏ ပွင့်ပေါ်ခြင်းသည် သုခ၏ အကြောင်းဖြစ်သော ပုည,ပဿဒ္ဓိ ဖြစ်ခြင်း၏ အကြောင်းဖြစ်၏။ ဤသို့ ဘုရားပွင့်ခြင်းသည် ပုည,ပဿဒ္ဓိ စသည်တို့၏ အကြောင်း၊ ထိုပုည,ပဿဒ္ဓိ စသည်တို့သည် သုခ၏ အကြောင်းဖြစ်၍ ဘုရားပွင့်ခြင်းကို သုခ၏ ဝေးသောအကြောင်းဟု ဆိုရသည် အဖြစ်ကို သိစေသည်။

ထို့အတူ သုခါ ဝိရာဂတာ လောကေ-၌ အနာဂါမိမဂ်သည် ကိုယ်စိတ် ငြိမ်းအေးခြင်း ပဿဒ္ဓိ၏ အကြောင်းဖြစ်၏။ ထိုကိုယ်စိတ်ငြိမ်း အေးခြင်းသည် ချမ်းသာသုခ၏ အကြောင်းဖြစ်၏။ ဤသို့ အနာဂါမိမဂ်သည် သုခ၏ ဝေးသောအကြောင်းဖြစ်သည့်၏ အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

**(ဃ) ယသ္မာ စ ခေါ- စသည်ဖြင့်** ယသ္မာ စ ခေါ မဟာလိ ရူပံ သုခံ သုခါနုပတိတံ သုခါဝက္ကန္တံ- စသည်တို့၌ သုခသဒ္ဒါသည် သုခ၏ အာရုံဟူသော အနက်ကို ဟောသည့်အဖြစ်၊ ထိုအာဂုံပါဋ္ဌိကို ထောက်ဆ၍ သုခသဒ္ဒါ၏ သုခါရမ္မဏ ဟူသော အနက်ကို ဟောကြောင်း ယုံကြည်ထိုက် သည့်၏ အဖြစ်၊ အကြင်ရူပါရုံကို မြင်ရခြင်းကြောင့် စိတ်ချမ်းသာ၏။ (သုခ ဖြစ်၏)။ ထို ရူပါရုံကိုဖလူပစာအားဖြင့် သုခ ဟုဆိုရသည်အဖြစ်ကို သိစေ

http://www.dhammadownload.com



သည်။ (ဘာဝတ္ထ)

**(င) ဣမစ ပနာယံ- စသည်ဖြင့်** ဤ သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ-၌ သုခသဒ္ဒါသည် သုခဝေဒနာအနက်ကိုသာ ဟောသည် အဖြစ်ကို သိစေသည်။ (အဘိဓေယျတ္ထ)

**(စ) ဝေဒနာ သဒ္ဒေါ စသည်ဖြင့်** ဝိဒိတာ ဝေဒနာ ဥပ္ပဇ္ဇန္တိ- ၌ ဝေဒနာသဒ္ဒါသည် ခံစားတတ်သော ဝေဒနာ ဟူသော အနက်ကို ဟောသည် အဖြစ်၊ ထိုအာဂုံပါဠိကို ထောက်၍ ဝေဒနာသဒ္ဒါ ဝေဒယိတအနက်ကို ဟောကြောင်း လက်ခံယုံကြည် ထိုက်သည် အဖြစ်ကို သိစေသည်။ (သဒ္ဒတ္ထ၊ အဘိဓေယျတ္ထ၊ နာမလိင်္ဂတ္ထ)။

## ၇။ သုခဝေဒနာယမေဝ ဒဋ္ဌဗ္ဗော။

သုခဝေဒနာ ဟူသော အနက်သည် ဂဟေတဗ္ဗ။ သုခဟေတု, သုခါရမ္မဏ စသော အနက်တို့သည် နိဝတ္တေတဗ္ဗ။

**တစ်နည်း -**

ဤ သုခါယ ဝေဒနာယ -၌ သုခသဒ္ဒါ၏ သုခဝေဒနာ ဟူသော အနက်သည် ဂဟေတဗ္ဗ။ သုခမူလ, သုခါရမ္မဏ စသော အနက်တို့သည် နိဝတ္တေတဗ္ဗ။ သုခဿ စ ပဟာနာ -၌ သုခသဒ္ဒါ၏ သုခဝေဒနာ ဟူသော အနက်သည် အနုညာတ။

## ဝေဒယိတသ္မိံယေဝ ဝတ္တတိ။

အာရုံ၏ အရသာကို ခံစားတတ်သော ဝေဒနာ ဟူသော အနက်သည် ဂဟေတဗ္ဗ။ ခံစားတတ်သော ပုဂ္ဂိုလ်ဟူသော အနက်သည် နိဝတ္တေတဗ္ဗ။

**တစ်နည်း -** ဤ သုခါယ ဝေဒနာယ -၌ ဝေဒနာဟူသော အနက်

http://www.dhammadownload.com



သည် ဂဟေတဗ္ဗ။ ခံစားတတ်သော ပုဂ္ဂိုလ် သတ္တ+ဇီဝ တို့သည် နိဝတ္တေတဗ္ဗ။ ဝိဒိတာဝေဒနာ ဉပ္ပဇ္ဇန္တိ- ပါဌ်၌ ဝေဒနာသဒ္ဒါ၏ ခံစားတတ်သော ဝေဒနာ ဟူသော အနက်သည် အနညာတ။

## ဝိသယ

(ခ) အယဥ္စ- အယံသည် (က) ဝါကျရှိ သုခ သဒ္ဒါကို စွဲသော ကြောင့် ပက္ကန္တဝိသယ။

(င) ဣဓ ပနာယံ -၌ ဣဓ- ကား ဆိုခဲ့ပြီး သုခါယ ဝေဒနာယ ပါဌ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

## ခ။ သုခဝေဒနာ၏ ကြိယာဂါးတန်။

သုခဝေဒနာသည် ဒဿနတ္ထ။ ကိုယ်စိတ်ငြိမ်းအေးခြင်း (ပဿဒ္ဓိ) သည် ဒီပကတ္ထ။ သမာဓိသည် ပကာသနတ္ထ။ ဣဋ္ဌာရုံကို ရခြင်းသည် ဝိဘာဝတ္ထ။ ယထာဘူတဉာဏ်စသည်သည် အနုဘာဝတ္ထ။

## လက္ခဏာဒိစတုက္ကနည်းဖြင့် ထုတ်လျှင် -

ဝေဒယိတ လက္ခဏာသည် ဒဿနတ္ထ။ ပဿဒ္ဓိပဒဋ္ဌာန်သည် ဒီပကတ္ထ။ အနုဘဝနကိစ္စရသသည် ပကာသနတ္ထ။ ဣဋ္ဌာကာရ သမ္ဘောဂ သမ္ပတ္တိရသသည် ဝိဘာဝတ္ထ။ စေတသိကအဿာဒ ပစ္စုပဋ္ဌာန်သည် အနုဘာဝတ္ထ။

## သုခေါ ဗုဒ္ဓါနံ ဉပ္ပါဒေါ။

ဘုရားရှင်တို့၏ ပွင့်ခြင်းသည် (ဝါ) ပွင့်ရာ ဗုဒ္ဓုပ္ပါဒ နဝမခဏသည် ဒဿနတ္ထ။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီတော်တို့ကို ဖြည့်ကျင့်ခြင်းသည် ဒီပကတ္ထ။ ကုသိုလ်တရား တိုးပွားခြင်း. ဘုရားရှင်၏ တရားကို နာကြားရ၍ ကိုယ်စိတ်ငြိမ်းအေးခြင်းတို့သည် ပကာသနတ္ထ။ သတ္တဝါတို့အား

http://www.dhammadownload.com



သနားငဲ့ညှာသော မဟာကရုဏာတော်သည် ဝိဘာဝတ္ထု။ ပုညပသဝနိဒ္ဓိမှ ဆက်၍ရအပ်သော သုခအမျိုးမျိုးသည် အနုဘာဝတ္ထု။

## သုခါ ဝိရာဂတာ လောကေ။

### ဝိရာဂတာ -အရ....

အနာဂါမိမဂ်သည် ဒဿနတ္ထု။ ထိုမဂ်၏ ရှေ့အဖို့၌ဖြစ်သော ဥပစာရ သမာဓိဈာနတို့သည် ဒီပကတ္ထု။ မဂ္ဂါနန္တရဖြစ်သော အနာဂါမိဖိုလ်သည် လည်းကောင်း၊ ကာမရာဂ၏ ကင်းငြိမ်းခြင်းသည်လည်းကောင်း ပကာသနတ္ထု။ အောက်မဂ် အောက်ဖိုလ်ဉာဏ်များနှင့် ယောနိသောမနသိကာရ တိုင်အောင်သော အကြောင်း အဆက်ဆက်သည် ဝိဘာဝတ္ထု။ ကာမရာဂ ငြိမ်းသဖြင့် ကိုယ်စိတ်အေးချမ်းခြင်း သုခဝေဒနာကို ခံစားရခြင်း, အရဟတ္တမဂ် အရဟတ္တဖိုလ်တို့ကို ရရှိခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထု။ (ဤနေရာနှင့် ဆီလျော်အောင် ထုတ်ခြင်းတည်း။)

### တစ်နည်း

အနာဂါမိမဂ်သည် ဒဿနတ္ထု။ ဥပစာရသမာဓိဈာနတို့သည် ဒီပကတ္ထု။ မဂ္ဂါနန္တရဖိုလ်သည် ပကာသနတ္ထု။ အောက်မဂ်, အောက်ဖိုလ်ဉာဏ်တို့သည် ဝိဘာဝတ္ထု။ ဖလသမာပတ္တိသုခမှ စ၍ အနုပါဒိသေသတိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထု။ (ရိုးရာအတိုင်း ထုတ်နိုင်သည်။)

## ဒုဋ္ဌဗ္ဗော-၌ ဒိသာစာတ် အရ ကြိယာ ငါးတန်။

ဒိသာစာတ်အရ မှတ်သော အခြင်းအရာအားဖြင့် ဖြစ်သော ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ စိတ္တုပ္ပါဒ်သည် ဒဿနတ္ထု။ ယောနိ သောမနသိကာရ, ဗာဟုသစ္စသည် ဒီပကတ္ထု။ သောတုဇနတို့၏ သုတမယ ဉာဏ် တိုးပွားရခြင်းသည် ပကာသနတ္ထု။ ဆရာသမားတို့အထံ

http://www.dhammadownload.com



နည်းခံမှတ်သား သင်ကြားခြင်း စသည်သည် ဝိဘာဝတ္ထု။ သောတုဇနတို့၏ စိတ္တာမယဉာဏ်မှစ၍ အဆက်ဆက်သော အကျိုးတို့သည် အနုဘာဝတ္ထု။

**ဒဌဗ္ဗော ထားရခြင်း အကြောင်း**

သုခသဒ္ဒါ၏ အနက်များစွာတို့တွင် ဤ သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ၌ သုခ-အရ သုခဝေဒနာကိုသာ မှတ်အပ်၏ဟု မုချဖြစ်သော သန္နိဋ္ဌာနတ္ထကို ပြလိုသောကြောင့် ဒဋ္ဌဗ္ဗော ဟု ထားပါသည်။

**ဒဋ္ဌဗ္ဗံ ကား သန္နိဋ္ဌာန်၊ ဝေဒိတဗ္ဗံ ကား သံသယ၊ သိဒ္ဓံ ဟူက စကားကျ။**

## ( ခ ) ဝါကျစသည်၌ သိဒ္ဓိ။

သုခသဒ္ဒါ သုခဝေဒနာ အနက်ဟောကြောင်းကို " သုခဿ စ ပဟာနာ" စသော အာဂမယုတ္တိ ပါဠိသာကေဖြင့် ယုံကြည်စေအပ် ပြီးစေအပ်သောကြောင့် သဒ္ဓေယျသိဒ္ဓိ သိဒ္ဓေယျသိဒ္ဓိရသည်။

## ( င ) ဝါကျ၌ သိဒ္ဓိ။

ဤနေရာ၌ သုခသဒ္ဒါ၏ သုခဝေဒနာ အနက်တစ်ပါးတည်းကိုသာ မှတ်အပ်၏ဟု အန္ဝယအနက်ကို ပြသဖြင့် အခြားသောအနက်တို့ကို မလိုအပ်ဟု ဗျတိရေကအနက်ကို အနက်ရောက်သောအားဖြင့် ပြီးစေသောကြောင့် အတ္ထာပန္နသိဒ္ဓိရသည်။

( စ ) ဝါကျ၌လည်း ထိုနည်းအတူ အတ္ထာပန္န သိဒ္ဓိ ရသည်။

## ၁၀။ သုခဿ စ ပဟာနာ။

သုခဿ အရ သုခိန္ဒြေ (သုခဝေဒနာ) ကိုရသည်။ ပဟာနာ အရ စတုတ္ထဈာန်၏ ဥပစာရဈာန် ရ၏။ ပကတူပသတ္တိဖြင့် ကျေးဇူးပြုသည်။ ပြိုင်မရှိ။

http://www.dhammadownload.com



**သုခေါ ဗုဒ္ဓါနံ ဥပ္ပါဒေါ။**

ဗုဒ္ဓါနံ ဥပ္ပါဒေါ အရ ဘုရားရှင်တို့၏ ပွင့်ပေါ် ခြင်း(ဝါ)ပွင့်ပေါ်ရာ နဝမက္ခဏ ရ၏။ သုခေါ- အရ ကာယိကသုခ, စေတသိကသုခ ရ၏။

**တစ်နည်း** - ချမ်းသာခြင်း၏ ဝေးသော အကြောင်းဖြစ်သော ထို ဗုဒ္ဓုပ္ပါဒ နဝမက္ခဏ ကိုပင်ရ၏။

ပကတူပသတ္တိဖြင့် ကျေးဇူးပြုသည်။

**သုခါနုပတိတံ -**

သုခ - ဟူသော ရှေ့ပုဒ်အရ သုခဝေဒနာရ၏။ အနုပတိတံ ဟူသော နောက်ပုဒ်အရ ရူပါရုံရ၏။ ထို့ကြောင့် ရူပါရုံပစ္စည်းတရားက သုခဝေဒနာ ပစ္စယုပ္ပန်တရားအား ပကတူပပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

**တစ်နည်း** - အနုပတိတံ ဟူသော နောက်ပုဒ်အရ သောမနဿ သဟဂုတ်စိတ်နှင့် ယှဉ်သော သောမနဿ (သုခ)ဝေဒနာ ရ၏။ ထို့ကြောင့် ရူပါရုံပစ္စည်းတရားက သောမနဿဝေဒနာ ပစ္စယုပ္ပန်တရားအား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုသည်။

အာရမ္မဏ, ပုရေဇာတ ,အတ္ထိ, အဝိဂတ ၄ - ပစ္စည်းပြိုင်။

**ဒဠှဗေ္ဗာ**

ဒိဿ - ဓာတ်အရ ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ရ၏။ တဗ္ဗ ပစ္စည်းအရ -သုခသဒ္ဒါ (နာမပညတ္တိ သဒ္ဒါ) ရ၏။ ထို့ကြောင့် သုခသဒ္ဒါပစ္စည်းတရားက မဟာကုသိုလ်, မဟာ ကြိယာဉာဏ သမ္ပယုတ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။ ပြိုင်မရှိ။

**ဝေဒယိတသ္မိံ ယေဝ ဝတ္တတိ။**

ဝေဒယိတသ္မိံအရ ဝေဒနာ ဟူသော အနက် (အတ္ထပညတ်)ရ၏။

http://www.dhammadownload.com



ဝတ္တတိ အရ ဝေဒနာသင်္ခါ (သဒ္ဒပညတ်) ရ၏။ ပကတူပသဂ္ဂပ်ီဖြင့် ကျေးဇူးပြု သည်။ ပြိုင်-မရှိ။

< >

## ၁၆။ ဝိပါကတိက် အဖွင့်

(က) ဝိပါကတ္တိကေ အညမညဝိသိဋ္ဌာနံ ကုသလာကုသလာနံ ပါကာတိ ဝိပါကာ။

(ခ) ဝိပက္ကဘာဝမာပန္နာနံ အရူပဓမ္မာနမေတံ အဓိဝစနံ။

(ဂ) ဝိပါကဓမ္မ ဓမ္မာတိ ဝိပါက သဘာဝဓမ္မာ။

(ဃ) ယထာ ဇာတိဇရာသဘာဝါ ဇာတိဇရာပကတိကာ သတ္တာ ဇာတိ ဓမ္မာဇရာဓမ္မာတိ ဝုစ္စန္တိ။ ဧဝံ ဝိပါက ဇနကဋ္ဌေန ဝိပါက သဘာဝါ ဝိပါကပကတိကာ ဓမ္မာတိ အတ္ထော။

(င) တတိယပဒံ ဥဘယ သဘာဝ ပဋိက္ခေပဝသေန ဝုတ္တံ။

(၄ -၈၄)

### ၂။ (ခ) ဝါကျ လီနတ္ထရ စောဒနာတက်

ဆရာ- ဆရာသည် (က) ဝါကျဖြင့် ကုသိုလ် အကုသိုလ်တို့၏ အကျိုးသည် ဝိပါကမည်၏ဟု ဆိုတော်မူ၏။ ယင်းသို့ဆိုလျှင် ကုသိုလ် အကုသိုလ် စိတ်စေတသိက်တို့ကြောင့် ဖြစ်သော စိတ္တဇရုပ်များနှင့် ကုသိုလ် ကံ အကုသိုလ်ကံတို့ ကြောင့်ဖြစ်သော ကမ္မဇရုပ်တို့သည်လည်း ဝိပါကမည် ၏ဟူသော အနက်သည်ရောက်၏။ စင်စစ်တမူကား ဤဝိပါကဟူသော အမည်သည် သာရမ္မဏချင်းတူသော နာမ်တရားတို့၏သာ အမည်ဖြစ်သော

http://www.dhammadownload.com



ကြောင့် ထိုအနက်သည် မရောက်သင့်။ ထို့ကြောင့် ဝိပါကအရကိုလည်း ဆိုသင့်သေး၏။ ကုသိုလ် အကုသိုလ်တို့၏ အကျိုးသည် ဝိပါကမည်၏ ဟူ၍သာ မဆိုသင့်။ ဆိုသင့်သည်ကို မဆိုချေသော် ဆရာ၌ အတိဗျာပိတ၊ ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ ဤသို့ စောဒနာဖွယ်ရှိသောကြောင့် ဝိပက္ကဘာဝမာပန္နာနံ စသော (ခ) ဝါကျကို မိန့်။

**အဓိပ္ပါယ်ကား -**

ဝိပါကဟူသော အမည်သည် ရင့်ကျက်ခြင်း သဘောရှိသော နာမ်တရားတို့၏သာ အမည်ဖြစ်သောကြောင့် အသင်စောဒကဆိုတိုင်း စိတ္တဇကမ္မဇရုပ်တို့ကို မယူရပါ။ ရင့်ကျက်ခြင်းသို့ ရောက်သော နာမ်တရားတို့ကိုသာ ယူရမည်ဟု ငါပြဆိုသောကြောင့် သင်တင်သောဒေါသ ငါ၌မကိန်း ငြိမ်းပါ၏ ဟူလို။

## (ဃ) ဝါကျသို့ လီနတ္ထရ ပါပနာပဋ္ဌကတက်

ဆရာ ဆရာသည် (ဂ) ဝါကျဖြင့် အကျိုးပေးတတ်သော ကုသိုလ် အကုသိုလ်တို့သည် ဝိပါကမွေမွေမည်၏ဟု ဆိုတော်မူ၏။ ယင်းသို့ဆိုလျှင် အကျိုးပေးခြင်းသဘောမရှိသော အဘိညာဉ် ကုသိုလ်နှင့် ဘာဝနာယပဟာ တဗ္ဗ အကုသိုလ်တို့သည် ကုသိုလ် အကုသိုလ် (ဝိပါကမွေမွေ)မမည် ဟူသော အနက်သည်ရောက်ရာ၏။ စင်စစ်မသင့်။ ထို့ကြောင့် ထိုအဘိညာဉ် ကုသိုလ်နှင့် ဘာဝနာယပဟာတဗ္ဗ အကုသိုလ်တို့ ဝိပါကမွေမွေဟု ဆိုနိုင် ခြင်း၏အကြောင်းယုတ္တိကိုလည်း ဆရာ ပြဆိုသင့်သေး၏။ မဆိုဘဲမနေသင့်။ နေချေသော် ဝိရောဓိဒေါသရောက်ရာ၏။ ဤသို့ စုဒ်ကြောင့် (ဃ)မိန့်။

**အဓိပ္ပါယ်ကား -**

မအိုသေးသော အသက်အရွယ် နနယ်ပျိုရွယ်သော သူငယ်ကို အိုတတ်သော သဘောရှိသောကြောင့် ဇရာဓမ္မ ဇရာပကတိကဟု ဆိုသကဲ့သို့ အဘိညာဉ်ကုသိုလ်နှင့် ဘာဝနာယပဟာတဗ္ဗ အကုသိုလ်တို့သည် အကျိုးမပေးတော့သော်လည်း အကျိုးပေးတတ်သော သဘောရှိသော

http://www.dhammadownload.com



ကြောင့် ဝိပါကဓမ္မဓမ္မ(ကုသိုလ်.အကုသိုလ်)ဆိုနိုင်သည်ဟု ဥပမာနှင့်တကွ ငါပြဆိုသောကြောင့် သင်တင်သောဒေါသ ငါ၌မကိန်း ငြိမ်းပါ၏ ဟူလို။

## ( င ) ဝါကျသို့ ပါပနာပဋ္ဌက

ဆရာ ဆရာသည် (က)စသော ဝါကျတို့ဖြင့် ဝိပါကာ. ဝိပါကဓမ္မဓမ္မာ တို့ကို အဘိဓာနတ္ထ သံဝဏ္ဏနာ.အဘိဓေယျတ္ထ သံဝဏ္ဏနာ နည်းတို့ဖြင့် ဖွင့်ဆို တော်မူခဲ့၏။ ယင်းသို့ဆိုလျှင် နေဝဝိပါက နဝိပါကဓမ္မဓမ္မာ ဟူသော တတိယ ပုဒ်ကိုလည်း အဘိဓာနတ္ထသံဝဏ္ဏနာ. အဘိဓေယျတ္ထ သံဝဏ္ဏနာနည်းတို့ဖြင့် အကျယ်တဝင့် ဖွင့်ပြဦးမည်ဟူသောအနက်သည်ရောက်၏။ စင်စစ်တမူကား ဝိပါကာ. ဝိပါကဓမ္မဓမ္မာတို့၏ အဖွင့်သံဝဏ္ဏနာကို ပြဆိုလိုက်လျှင်ပင် ထို တတိယပုဒ်၏ အနက်အဓိပ္ပါယ်ကို သိနိုင်သောကြောင့် ထိုအနက်သည် မရောက်သင့်။ ထို့ကြောင့် ထိုတတိယပုဒ်၏ သံဝဏ္ဏနာနည်းကိုလည်း ဆရာ ဆိုသင့်သေး၏။ မဆိုဘဲ မနေသင့်။ နေချေသော် ဆရာ၌ အဗျာပိတဒေါသ သင့်ရောက်ရာ၏။ ဤသို့ စုဒ်ကြောင့် (င) ဝါကျမိန့်။

**အဓိပ္ပါယ်ကား -**

နေဝ ဝိပါက န ဝိပါကဓမ္မဓမ္မာ ဟူသော တတိယပုဒ်ကို အကျယ် တဝင့် မဖွင့်ဆိုတော့ပါ။ ဆိုခဲ့ပြီးသော ပုဒ်တို့၏ သဘာဝကို ပယ်သည်၏ အစွမ်းဖြင့်သာ သိထိုက်ပါ၏ ဟူလို။

## ၃။ ဒေါသပယ်

(ခ) ဝါကျဖြင့် အဗျာပိတ. ဝိရောဓိဒေါသတို့ကို ပယ်ပါသည်။

**ရှင်းလင်းချက်။** ။ အကယ်၍ ခ-ဝါကျကို မဆိုခဲ့လျှင် ကုသလာ ကုသလာနံပါကာစကားအရ ကုသိုလ်အကု သိုလ်တို့၏ အကျိုးဖြစ်သော စိတ္တဇရုပ် ကမ္မဇရုပ်တို့ကိုလည်း ဝိပါကအရ ကောက်နိုင်၏ ထိုသို့ ကောက်လျှင် မလိုအပ်သောတရားတို့ကိုပါ ငြိကပ်ပါ ဝင်လာသဖြင့် အလွန်ပျံ့သော အတိဗျာပိတဒေါသနှင့် ဘုရားအလိုနှင့်

http://www.dhammadownload.com



ဆန့်ကျင်သော ဝိရောဓိဒေါသတို့ သင့်ရောက်နိုင်၏။ (ခ)ဝါကျကို ဆိုလိုက်သဖြင့် ထိုမလိုအပ်သော အနက်တို့ကို ပယ်ရှားပြီး လိုအပ်သော ဘုရားအာဘော်ကျ တရားတို့ကိုသာ ယူရသောကြောင့် အတိဗျာပိတဒေါသ ဝိရောဓိဒေါသတို့ကို ပယ်နိုင်ပါသည်။

(ဃ)ဝါကျဖြင့် အဗျာပိတ.အပရိပုဏ္ဏဒေါသနှင့် ဝိရောဓိဒေါသတို့ကို ပယ်ပါသည်။

ရှင်းလင်းချက်။ ။ (ဃ)ဝါကျကိုသာ မဆိုခဲ့လျှင် ဝိပါကဓမ္မဓမ္မအရ အကျိုးပေးတတ်သော သဘောမရှိတော့သည့် အဘိညာဉ်ကုသိုလ်နှင့် ဘာဝနာယပဟာတဗ္ဗ အကုသိုလ်တို့ကောက်နိုင်ခွင့် မရှိတော့သဖြင့် စကားမပြည့်စုံသော အဗျာပိတ.အပရိပုဏ္ဏဒေါသ ရောက်နိုင်၏။ ဆိုခဲ့ပြီးသော တရားနှစ်ပါးကို ချန်ထားလျှင် ဘုရားအလိုတော်နှင့် ဆန့်ကျင်သော ဝိရောဓိဒေါသလည်း ရောက်နိုင်၏။

(ဃ) ဝါကျကို ဆိုလိုက်သဖြင့် ဝိပါကဓမ္မ ဓမ္မအရ ဆိုခဲ့ပြီးသော အဘိညာဉ်ကုသိုလ်၊ ဘာဝနာယပဟာတဗ္ဗအရအကုသိုလ် တို့ကိုလည်းကောက်နိုင်ခွင့်ရှိသွားသောကြောင့် စကားပြည့်စုံသွားရကား အဗျာပိတ.အပရိပုဏ္ဏ. ဝိရောဓိဒေါသတို့ကို ပယ်ပါသည်။

(င) ဝါကျဖြင့် နေဝဝိပါက န ဝိပါကဓမ္မ ဓမ္မာ-ဟူသော တတိယပုဒ်၏ အရကို အကျဉ်းသခေ်ပနည်းဖြင့် ညွှန်းသောကြောင့် ဂန္ထဂရု. ပုနရုတ္တိဒေါသတို့ကို ပယ်ပါသည်။

၄။ ဝိသေသီယတေတိ ဝိသိဋ္ဌော။(ဝိ+သိသ+တ)

ဝိရှေးရှိသော သိသ-ဓာတ်၊ တ-ပစ္စည်းသည်လည်းကောင်း၊ တစ်စုံတစ်ခုသော သတ္တဝါမွေပုဂ္ဂလတို့ဖြင့် အထူးမပြုအပ်သော အထူးပြုခြင်း ကြိယာ

http://www.dhammadownload.com



သာမညသည်လည်းကောင်း ဖျူပဋ္ဌာနိမိတ်။ ပဝတ္တိ၏ အကြောင်းဖြစ်သော ကမ္မသတ္တိဖြင့်လည်းကောင်း၊ ကုသိုလ်. အကုသိုလ်တို့ဖြင့် လည်းကောင်း အထူးပြုအပ်သော အထူးပြုခြင်း ကြိယာဝိသေသသည် ပဝတ္တိနိမိတ်။

* ဝိသိဋ္ဌာနံ ပါကာ ဝိပါကာ၊

ကုသိုလ်. အကုသိုလ်တို့၏ ဝိပါက်နှင့် အကြောင်း+အကျိုး အဖြစ်ဖြင့် စပ်ခြင်း သမ္မန်သည် ဖျူပဋ္ဌာနိမိတ်။ ဝိပါက်တရားတို့၏ ရင့်ကျက်ခြင်း ဂုဏ်သတ္တိ တစ်ပါးသည်တစ်ပါးနှင့်တူသော အခြင်းအရာဟု ဆိုသော ဇာတ်သည် ပဝတ္တိနိမိတ်။

**မှတ်ချက်။ ။ မူလဋီကာ၌ ဝိသိဋ္ဌော ပါကော ဝိပါကော ဟု ကမ္မဓာရဲ သမာသ်လည်း ပြုသေးသည်။**

* ဝိပစ္စန္တီတိ ဝိပါကာ။ (ဝိပါက်စိတ်ရ၏) (ဝိ+ပစ+ဏ)

* ဝိပါကာနံ ဘာဝေါ ဝိပက္ကံ၊ (ရင့်ကျက်ခြင်း သဘောရ၏) (ဝိပါက+ဏျ)

* ဘာဝိယန္တိ ပကာသိယန္တိ ဧတေနာတိ ဘာဝေါ။ (သဘောရ၏)

* ဝိပက္ကံ စ တံ ဘာဝေါ စာတိ ဝိပက္ကဘာဝေါ။

ရင့်ကျက်ခြင်း၏ သဘောနှင့် ဝိသေသန+ဝိသေသျအဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည် ဖျူပဋ္ဌာနိမိတ်။ ရင့်ကျက်ခြင်းဂုဏ်သည် ပဝတ္တိနိမိတ်။

**တစ်နည်း-**

* ဝိပစ္စနံ ဝိပက္ကံ၊ (ရင့်ကျက်ခြင်းရ၏) (ဝိ+ပစ+တ။ သုသာပ စ-သုတ်ဖြင့် ဓာတွန် စ-နှင့်တကွ တ-ပစ္စည်းကို က္က ပြု)

* ဝိပက္ကံ စ တံ ဘာဝေါ စာတိ ဝိပက္ကဘာဝေါ။

(ရှေးနည်းအတူထုတ်ပါ။)

## ( ဂ ) ဝါကျရှိ ဝိပါကဓမ္မ ဓမ္မာ

* ဝိပစ္စာပနံ ဝိပါကော။ (ရင့်ကျက်စေခြင်းသဘော)

http://www.dhammadownload.com



(ဝိ+ပစ+ဏေ+ဏ) ကာရိတ်ကျေ။

* ဝိပါကော ဓမ္မော ယေသန္တိ ဝိပါကဓမ္မာ။ (ကုသိုလ်+အကုသိုလ်ရှ၏) အကျိုးပေးခြင်း (ရင့်ကျက်စေခြင်း)သဘော၏+ကုသိုလ် အကုသိုလ်တို့နှင့် သဘာဝ+သဘာဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျ-နီ။ အကျိုးပေးခြင်း (ရင့်ကျက်စေခြင်း) သဘောသည် ပ-နီ။

* ဝိပါကဓမ္မာ စ တေ ဓမ္မာ စာတိ ဝိပါကဓမ္မဓမ္မာ။ (ကမ္မဓာရဲသမာသ် ထုံးစံအတိုင်းထုတ်ပါ)
ဝိပါက သဘာဝဓမ္မာ-လည်း ဤနည်းအတိုင်း ဝစနတ္ထပြု၍ ထုတ်ပါ။

* ဝိပါကော ပကတိ ဧတေသန္တိ ဝိပါကပကတိကာ။

၅။ ဝိပက္ကံ = တဒ္ဓိတ်၊ တစ်နည်း-ကိတ်၊ နပုလ္လိင်၊ စိတ္တာဒိ၊ အကာရန္တ။
ဝိသိဋ္ဌ = ကိတ်၊ ပုလ္လိင်၊ ပုရိသာဒိ၊ အကာရန္တ။
အညမည = ဝိစ္ဆာပုဒ်၊ ဤဋ္ဌပုလ္လိင်၊ ပုရိသာဒိ၊ အကာရန္တ။

၆။ (က) အညမညဝိသိဋ္ဌာနံ ကုသလာကုသလာနံ ပါကာ-ဖြင့် ဝိပါကာကို ဝိသဋ္ဌာနံ ပါကာ ဝိပါကာ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြု လည်းကောင်း။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ) ဝိ-ဥပသာရပုဒ်သည် ဝိဝိဓစေသောအနက်ကို မဟော၊ ဝိသိဋ္ဌအနက်ကို ဟောသည်အဖြစ်ကို လည်းကောင်း (ဥပသဂ္ဂလိင်္ဂတ္ထ) ယင်း ဝိဥပသာရပုဒ်အရ ဝိသိဋ္ဌဘောဂုဏ်ကို အကြောင်း ပဝတ္တိနိမိတ်ပြု၍ အချင်းချင်း ပဟာယက ပဟာတဗ္ဗအဖြစ်ဖြင့် ထူးခြားကြသော ကုသိုလ် အကုသိုလ်တို့ကို ဂုဏ္ဍပစာအားဖြင့် ယူရမည်၏ အဖြစ်ကိုလည်းကောင်း (အဘိဓေယျတ္ထ) သိစေပါသည်။

(ခ) ဝိပက္ကဘာဝမာပန္နာနံ အရူပဓမ္မာနမေဝတံ အဓိဝစနံဖြင့် ဝိပါကအရ ကုသိုလ် အကုသိုလ်တို့ကြောင့်ဖြစ်သော စိတ္တဇရုပ်, ကမ္မဇရုပ် တို့ကို မယူရ။ ကုသိုလ်အကုသိုလ်နှင့် သာရမ္မဏ ဓမ္မအဖြစ်ဖြင့် တူသော ဝိပါက်နာမက္ခန္ဓာတို့၌သာ ဖြစ်ရှားသော ဧကဒေသျူပစာ ရုဋ္ဌီသဒ္ဒါဖြစ်သော

http://www.dhammadownload.com



ကြောင့် ဝိပါက်နာမက္ခန္ဓာတို့ကိုသာ ကောက်ယူရမည်အဖြစ်ကို သိစေသည်။ (အဘိဓေယျတ္ထ)

(ဂ) **ဝိပါက သဘာဝဓမ္မာ-ဖြင့်** ဝိပါကဓမ္မ ဓမ္မာ၌ ပဌမဓမ္မ သဒ္ဒါသည် သဘာဝအနက်ကို ဟောသည်၏အဖြစ်ကို လည်းကောင်း (သဒ္ဒတ္ထ၊ အဘိဓေယျတ္ထ၊ နာမလိင်္ဂတ္ထ သံဝဏ္ဏနာ)၊ ဝိပါကဓမ္မကို ဝိပါကော ဓမ္မော ယေသန္တိ ဝိပါကဓမ္မာဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်အဖြစ်ကို လည်းကောင်း (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ)၊ ဝိပါကဓမ္မ ဓမ္မာကို ဝိပါကဓမ္မာ စ တေ ဓမ္မာ စာတိ ဝိပါကဓမ္မဓမ္မာဟု ကမ္မဓာရဲသမာသ် ဝစနတ္ထပြုရမည် အဖြစ်ကိုလည်းကောင်း (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ) သိစေပါသည်။

(ဃ) **ယထာ ဇာတိဇရာသဘာဝါ ဇာတိဇရာပကတိကာ သတ္တာ ဇာတိဓမ္မာ ဇရာဓမ္မာတိ ဝုစ္စန္တိ-ဖြင့်** ဖြစ်ခြင်း, ရင့်ခြင်း ပြကတေ့ သဘောရှိကုန်သော သတ္တဝါတို့ကို မဖြစ်သေး, မရင့်သေးသော်လည်း (ဝါ) မဖြစ်တော့ မရင့်တော့သော်လည်း ဇာတိဓမ္မ ဇရာဓမ္မ-ဟုဆိုအပ်ကုန် သကဲ့သို့ဟူသော ဥပမာနကို သိစေပါသည်။ (ဘာဝတ္ထ)

**ဧဝံ ဝိပါကဇနကဋ္ဌေန စသည်ဖြင့်** ဤအတူ အကျိုးကို ဖြစ်စေ တတ်သောသဘောရှိသောကြောင့် (အကျိုးမပေးတော့သော အဘိညာဉ် ကုသိုလ်နှင့် ဘာဝနာယပဟာတဗ္ဗ အကုသိုလ်တို့ကို) ဝိပါကဓမ္မ ဓမ္မဟု ဆိုနိုင်ပါသည်ဟူသော ဥပမေယျကို သိစေပါသည်။ (ဘာဝတ္ထ)

၇။ **ခ-ဝါကျ အရပမ္ဘာန်နှောင် စဝထိုင်ခဲ့လျှင်-**

၁။ ဝိပါက်နာမက္ခန္ဓာသည် ဂဟေတဗ္ဗ။

၂။ စိတ္တဇရုပ် ကမ္မဇရုပ်တို့သည် နိဝတ္တေတဗ္ဗ။

၃။ ထိုဝိပါက်နာမက္ခန္ဓာတို့၏ ဖြစ်ခြင်း,ရင့်ခြင်း,ကျက်ခြင်းသဘော ဂုဏ်သည် အနညာတ။

http://www.dhammadownload.com



ခ-ဝါကျ ဇတ် -ကား က-ဝါကျရှိ ဝိပါကသဒ္ဒါဖြင့် ညွှန်းအပ်သော အနက်ကိုစွဲသောကြောင့် ပက္ကန္တဝိသယ။ (တေန္တိဝိပါကာတိဝစနံ။ယောဇနာ)

## ၈။ ဝိပါကအရ ကြိယာဝါးတန်

၁။ ဝိပါက်စိတ် စေတသိက်သည် ဒဿနတ္ထ။

၂။ ကုသိုလ် အကုသိုလ်တို့သည် ဒီပကတ္ထ။

၃။ ဝိပါက် စိတ် စေတသိက်ကြောင့် ဖြစ်သော စိတ္တဇရုပ်,ကမ္မဇ ရုပ်တို့သည် ပကာသနတ္ထ။

၄။ ယောနိသော မနသိကာရ, အယောနိသော မနသိကာရ စသော ရှေးရှေးသော အကြောင်းများနှင့် အာရုံဝတ္ထုစသော အကြောင်းများသည် ဝိဘာဝတ္ထ။

၅။ ရုပ်နာမ် အစဉ်မပြတ်စဲဘဲ ဆက်လက်ဖြစ်ပေါ်ရခြင်း စသည် သည် အနုဘာဝတ္ထ။

## ဇာတိမွှာ ဇရာမွှာ ဝုစ္စန္တိ -ဝယ် ဝုစ္စန္တိဣ ဝစဓာတ်အရ (အန္တတ္ထ) အရ ကြိယာဝါးတန်

၁။ ပြောဆိုသော အခြင်းအရာအားဖြင့် ဖြစ်သော သတိ, ဝီရိယ, ညာဏ်ပြဌာန်းသော မဟာကုသိုလ် မဟာကြိယာညာဏသမ္ပ ယုတ် စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။

၂။ ယောနိသောမနသိကာရသည် ဒီပကတ္ထ။

၃။ သောတုဇနတို့၏ အသိညာဏ် (သုတမယညာဏ်)သည် ပကာသနတ္ထ။

၄။ ဗဟုဿုတစသော ရှေးရှေးသော အကြောင်းများသည် ဝိဘာဝတ္ထ။

၅။ သောတုဇနတို့၏ စိန္တာမယညာဏ်မှစ၍ အဆက်ဆက် အကျိုးသည် အနုဘာဝတ္ထ။

http://www.dhammadownload.com



**မှတ်ချက်။** ။ပကာသနကိုထုတ်ရာ၌ အဇ္ဈတ္တိကဖလ, ဗာဟိရဖလနှစ်မျိုးတို့တွင် ဗာဟိရဖလကိုရည်ရွယ်၍ သုတမယဉာဏ်ကို ထုတ်သည်။ အဇ္ဈတ္တိကဖလကို ထုတ်လိုလျှင် ထိုမဟာကုသိုလ်ကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ကြောင့်ဖြစ်သော ဇာတိဓမ္မာ ဇရာဓမ္မာဟူသော ဝစီဘေဒသဒ္ဒရုပ်ကို ထုတ်ရမည်။

## တတိယပဒ် ဥဘယသဘာဝပဋိဂ္ဂဝေသန ဝုတ္တံ၌ ဝစဓာတ်အရ ကြိယာငါးတန် -

၁။ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။

၂။ အာသယနုသယဉာဏ်, ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော်တို့သည် ဒီပကတ္ထ။

၃။ နေဝဝိပါကနဝိပါကဓမ္မ ဓမ္မာဟူသော ဝစီဘေဒစိတ္တဇသဒ္ဒသည် ပကာသနတ္ထ။

၄။ ပါရမီဉာဏ် ဝိပဿနာဉာဏ်စသော ရှေးရှေးသော ဉာဏ်တော်တို့သည် ဝိဘာဝတ္ထ။

၅။ သောတုဇနတို့၏ သုတမယဉာဏ်မှစ၍ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

## တ-ပစ္စည်းအရ ကြိယာငါးတန်

၁။ တ - ပစ္စည်းအရ နေဝဝိပါက နဝိပါကဓမ္မဓမ္မာ ဟူသော ဝစီဘေဒစိတ္တဇသဒ္ဒ၊ ဝါ-ဒေသနာပဗန္ဓသည် ဒဿနတ္ထ။

၂။ ဒေသနာဉာဏ် စိတ္တုပ္ပါဒ်သည် ဒီပကတ္ထ။

၃။ သောတုဇန ဝေနေယျတို့၏ သုတမယဉာဏ်ဖြစ်ခြင်းသည် ပကာသနတ္ထ။

၄။ အာသယာနုသယဉာဏ် ဣန္ဒြိယပရောပရိယတ္တိဉာဏ်မှ

http://www.dhammadownload.com



စ၍ အဆက်ဆက်သော အကြောင်းများသည် ဝိဘာဝတ္ထု။

၅။ စိန္တာမယဉာဏ်မှစ၍ နိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထု။

၁၀။ ဝိပါကာ-၌ ဝိ-အရ ကုသိုလ် အကုသိုလ် ရ၏။ ပါက-အရ ဝိပါက် စိတ်,စေတသိက်ရ၏။ ထိုတွင် ဝိ-အရ လောကီကုသိုလ်ကံနှင့် အကုသိုလ် ကံပစ္စည်းယူခဲ့လျှင် ပါက-အရ လောကီဝိပါက်ဇာတ္တိသ စေတသိက်ပဋ္ဌတ္တိသ ပစ္စယုပ္ပန်ရ၏။ ပကတူပသတ္တိဖြင့် ကျေးဇူးပြု၏။

ပကတူပ+နာနက္ခဏိက ၂-ပစ္စည်းပြိုင်။

ဝိ-အရ မဂ်လေးပါး စိတ္တုပ္ပါဒ်ပစ္စည်း ယူခဲ့လျှင် ပါက-အရ ဖိုလ်လေးပါး စိတ္တုပ္ပါဒ်ယူအပ်၏။ အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။

အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ အာသေဝန၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ- ၇-ပစ္စည်းပြိုင်။

တတိယပဒံ ဝုတ္တံ-၌ ဝစဓာတ်အရ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ရ၏။ (ပစ္စည်း) တ-ပစ္စည်းအရ နေဝ ဝိပါကန ဝိပါကဓမ္မ ဓမ္မာဟူသော ဝစီဘေဒစိတ္တဇသဒ္ဒရ၏။ (ပစ္စယုပ္ပန်) သဟ ဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ကြီး ၄၊ ဝိပ္ပယုတ္တ အငယ် ၇၊ ပေါင်း ၁၂-ပြိုင်။

(တစ်နည်း) တ-ပစ္စည်းအရ နေဝဝိပါကနဝိပါကဓမ္မ ဓမ္မာဟူသော အက္ခရာ ဝလိဒေသနာပဏ္ဏ ရ၏။ (ပစ္စည်း)။ ဝစဓာတ်အရ ဒေသနာဉာဏ် စိတ္တုပ္ပါဒ် ရ၏။ (ပစ္စယုပ္ပန်) အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ပြိုင်မရှိ။

http://www.dhammadownload.com



## ၁၇။ ဉပါဒိန္နတိက်

(က) အာရမ္မဏကရဏဝသေန တဏှာဒိဋ္ဌီဟိ ဉပေတေနကမ္မုနာ အာဒိန္နာ ဖလဘာဝေန ဂဟိတာတိ ဉပါဒိန္နာ။

(ခ) အာရမ္မဏဘာဝံ ဉပဂန္တွာ ဉပါဒါနသမ္ဗန္ဓေန ဉပါဒါနာနံ ဟိတာတိ ဉပဒါနိယာ။

(ဂ) ဉပါဒါနသ္သ အာရမ္မဏပစ္စယဘူတာနမေတံ အဓိဝစနံ။

(ဃ) ဉပါဒိန္နာ စ တေ ဉပါဒါနိယာစာတိ ဉပါဒိန္နုပါဒါနိယာ။

(င) သာသဝကမ္မနိဗ္ဗတ္တာနံ ရူပါရူပဓမ္မာနမေတံ အဓိဝစနံ။

(စ) ဣတိ ဣမိနာ နယေန သေသပဒဒွယေပိ ပဋိသေဓဝသေဟိ တော အတ္ထော ဝေဒိတဗ္ဗော။ (ဋ္ဌ-၈၄/၅)

## ၁။ က-ဝါကျ ကတ္တားပုဒ် ကံပုဒ်တို့၏အရ ထင်ရှားစေလျက် အနက်ပေးပုံ

(က) အာရမ္မဏကရဏဝသေန တဏှာဒိဋ္ဌီဟိ ဉပေတေန ကမ္မုနာ- လောကီကုသိုလ် အကုသိုလ်ကံသည်။ (ကတ္တား) ယေဓမ္မာ- အကြင် လောကီဝိပါက်စိတ် ဇာတ္တိသ၊ စေတသိက် ပဉ္စတ္တိံသ၊ ကမ္မဇရုပ် ဝီသတို့ကို။ (ကံ) အာဒိန္နာ ဖလဘာဝေန ဂဟိတာ၊ ဣတိ. တေဓမ္မာ- ထိုလောကီဝိပါက် စိတ် ဇာတ္တိံသ၊ စေတသိက် ပဉ္စတ္တိံသ၊ ကမ္မဇရုပ်ဝီသတို့သည်။ ဉပါဒိန္နာ။

(ခ) ယေဓမ္မာ-အကြင်လောကီစိတ် ကောသီတိ၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသတို့သည်။ အာရမ္မဏဘာဝံ၊ ဉပဂန္တွာ၊ ဉပါဒါနသမ္ဗန္ဓေ န၊ ဉပါဒါနံ ဟိတာ၊ ဣတိ တေဓမ္မာ-ထိုလောကီစိတ် ကောသီတိ၊ စေတသိ က်ဒွေပညာသ၊ ရုပ်အဋ္ဌဝီသတို့သည်။ ဉပါဒါနိယာ-ဉပါဒါနိယမည်ကုန်၏။

## ၂။ (ဂ) ဝါကျ လီနတ္ထရစောဒနာ ဠပနာပဉ္စကတက်

ဆရာ ဆရာသည် (ခ) ဝါကျဖြင့် ဉပါဒါနိယ၏ ဝစနတ္ထကို ပြဆိုတော်

http://www.dhammadownload.com



မူခဲ့၏။ ယင်းသို့ဆိုလျှင် (ဥပါဒါနိယသည် ဥပါဒိန္နုပါဒါနိယာမှော်၌ ဥပါဒိန္န နှင့် တွဲယှဉ်လတ္တံ့ဖြစ်သောကြောင့်) ဥပါဒါနိယအရ လောကီဝိပါက်စိတ် ဟတ္ထ်သ၊ စေတသိက် ပဥ္စတ္တိ်သ၊ ကမ္မဇရုပ် ဝီသကိုသာ ကောက်ရမည်ဟု မှတ်ရမည်လော။ ထို့ကြောင့် ဥပါဒါနိယ၏ ဝစနတ္ထမျှကိုသာ ဆရာမဆိုသင့်။ ယင်း၏ အဘိဓေယျတ္ထကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသော ကြောင့် (ဂ) ဝါကျမိန့်။

**အဓိပ္ပါယ်ကား -**

လောကီဝိပါက် စိတ် စေတသိက် ကမ္မဇရုပ်ကိုသာ မကောက်ရ၊ ဥပါဒါန်တို့၏ အာရမ္မဏပစ္စည်း ဖြစ်၍ဖြစ်သော ဥပ္ပန္နလောကီစိတ် စေတသိက် ရုပ်တရားအားလုံးကို ကောက်ယူရမည်ဟူလို။

## ( င) ဝါကျ လီနတ္ထရုပါပနာ

ဆရာ ဆရာသည် ယ-ဝါကျဖြင့် ဥပါဒိန္နုပါဒါနိယာ၏ အပေါင်း ဝစနတ္ထကို ဆိုတော်မူ၏။ ယင်းသို့ဆိုလျှင် ဥပါဒိန္နုပါဒါနိယာအရ (ဂ) ဝါကျ၌ ညွှန်းဆိုအပ်သော လောကီစိတ် စေတသိက် ရုပ်တရားအားလုံးကို ကောက် ယူရမည်ဟူသော အနက်သည် ရောက်၏။ စင်စစ်မသင့်။ ထို့ကြောင့် ဥပါ ဒိန္နုပါဒါနိယာအရ မည်သည့်တရားတို့ကို ကောက်ယူရမည်ဟု တိကျစွာ ပြဆိုသင့်သေး၏။ မဆိုဘဲမနေသင့်။ နေချေသော် ဆရာ့၌ အတိဗျာပိတ ဒေါသ, ဝိရောဓိဒေါသရောက်ရာ၏။ ဤသို့ စုဒ်ကြောင့် (င) ဝါကျမိန့်။

**အဓိပ္ပါယ်ကား -**

လောကီဝိပါက် စိတ် စေတသိက် ကမ္မဇရုပ် တရားတို့ကိုသာကောက် ရမည်ဟု ငါပြဆိုသောကြောင့် သင်တင်သောဒေါသ ငါ၌မရောက်၊ ပျောက် ပါ၏ ဟူလို။

## (စ) ဝါကျသို့ ပါပနာပဥ္စကစောဒနာ

ဆရာ ဆရာသည် (က) စသော ဝါကျတို့ဖြင့် ဥပါဒိန္နုပါဒါနိယာမှော်

http://www.dhammadownload.com



ဟူသော ပဌမပုဒ်ကို ဝစနတ္ထ အဘိဓေယျတ္ထတို့နှင့်တကွ ကျယ်ဝန်း ပြည့်စုံစွာ ဖွင့်ပြတော်မူခဲ့၏။ ယင်းသို့ဆိုချေသော် မဖွင့်ဆိုရသေးသော ပုဒ်တို့၏ အစဉ်အားဖြင့် ငါဖွင့်ဆိုအံ့ဟု ပဋိညာဉ်ပြုခဲ့သည့် အားလျော်စွာ အသစ်ဖြစ်သော ဒုတိယပုဒ်, တတိယပုဒ်တို့ကိုလည်း ပဌမပုဒ်နည်းတူ အကျယ်တဝင့် ဖွင့်ပြဦးမည်ဟူသော အနက်သည်ရောက်၏။ စင်စစ် ထိုအနက်သည် မရောက်သင့်။ ထို့ကြောင့် ထိုဒုတိယပုဒ်, တတိယပုဒ်တို့ကို ပဌမပုဒ်နည်းတူ အကျယ်တဝင့် ဖွင့်ပြဦးမည် သို့မဟုတ် မဖွင့်ပြတော့ဟု ပြဆိုသင့်သေး၏။ မဆိုဘဲ မနေသင့် နေချေသော် ဆရာ၌ အဗျာပိတဒေါသ ရောက်ရာ၏။ ဤသို့ စုဒ်ကြောင့် စ-ဝါကျမိန့်။

**အဓိပ္ပါယ်ဟာ း-**

အကျယ်တဝင့် မဖွင့်ပြတော့။ ပဌမပုဒ်ကို နည်းမှီ၍ ကျန်နှစ်ပုဒ်တို့၌ ပဋိသေဓနင့်တကွဖြစ်သော အနက်ကို တွဲဖက်၍ သိမှတ်ရုံမျှသာ ရှိတော့ သည်ဟု ငါဖွင့်ဆိုသောကြောင့် သင်တင်သောဒေါသ ငါ၌မရောက် ပျောက် ပါ၏ ဟူလို။

၃။ (ဂ) ဝါကျကိုမဆိုပါက ဥပါဒါနိယအရ ဥပါဒိန္နကိုငဲ့၍ လောကီ ဝိပါက်စိတ် စေတသိက် ကမ္မဇရုပ်ကိုသာ ကောက်ဖွယ်ရှိ၏။ ယင်းသို့ဆိုလျှင် ဥပါဒါနိယအရ မပြည့်စုံသောကြောင့် အဗျာပိတ, အပရိပုဏ္ဏဒေါသ သင့် ရောက်နိုင်၏။

(ဂ) ဝါကျကို ဆိုလိုက်သဖြင့် ဥပါဒါနိယအရ လောကီစိတ် စေတ သိက်ရုပ် အားလုံးကို အကုန်ကောက်ရမည်ဟု ပြည့်စုံစွာ ပြဆိုနိုင်သော ကြောင့် ယင်းအဗျာပိတ, အပရိပုဏ္ဏဒေါသတို့ကို ပယ်သည်။

**တစ်နည်း-** (ဂ) ဝါကျကို ဆိုလိုက်သဖြင့် ဥပါဒါနိယ၏ ဝစနတ္ထကိုသာမက အရကောက် အဘိဓေယျတ္ထကိုပါ ပြည့်စုံစွာ သိရသောကြောင့် အဗျာပိတ, အပရိပုဏ္ဏဒေါသ ပယ်ပါသည်။ ၊၀၀၆

http://www.dhammadownload.com



(င) ဝါကျကိုသာ မဆိုပါက ဥပါဒိန္နုပါဒါနိယာ အရ (ဂ) ဝါကျ အဆို အားလျော်စွာ လောကီစိတ် စေတသိက် ရုပ်တရားအားလုံးကို ကောက်ဖွယ် ရှိ၏။ ယင်းသို့ ကောက်ခဲ့လျှင် မလိုအပ်သော အနက်များပါ ပါဝင်ငြိကပ် နေသော အတိဗျာပိတဒေါသ ဝိရောဓိဒေါသ သင့်ရောက်လာဖွယ်ရှိ၏။

(င) ဝါကျကို ဆိုလိုက်သဖြင့် လောကီဝိပါက်စိတ် စေတသိက် ကမ္မဇရုပ်တရားတို့ကို ကောက်ယူရမည်ဟု အတိအကျသိရသောကြောင့် ထိုအတိဗျာပိတဒေါသ, ဝိရောဓိဒေါသတို့ကို ပယ်သည်။

(စ) ဝါကျဖြင့် ဒုတိယပုဒ်, တတိယပုဒ်တို့ကို အကျယ်တဝင့် မဖွင့် ပြတော့ဘဲ ပထမပုဒ်ကို နည်းမှီ၍ သိပါလေဟု အကျဉ်းအားဖြင့် ညွှန်ကြား သောကြောင့် ဂန္ထဂရု, ပုနရုတ္တိဒေါသကို ပယ်သည်။

## အဓိဝစန်သဒ္ဒါ ထားရခြင်းအကြောင်း

(ဂ) ဝါကျ၌ အဓိဝစန်ကား ဥပါဒါနိယ၏ သကတ်မည်ထိုက်သော တရားတို့ကို ပြလိုသောကြောင့် လည်းကောင်း၊ ဥပါဒါနိယသည် လောကီ စိတ် စေတသိက် ရုပ်တရားအားလုံး၌ ထင်သော ရုဠှီသဒ္ဒါဖြစ်ကြောင်းကို လည်းကောင်း ပြလိုသောကြောင့် အဓိဝစန်သဒ္ဒါ ထားပါသည်။

(င) ဝါကျ အဓိဝစန်ကား ဥပါဒိန္နုပါဒါနိယ သဒ္ဒါ၏ ကေဒသျူပစာ ရုဠှီသဒ္ဒါအဖြစ်ကို ပြလိုသောကြောင့် ထားပါသည်။

၄။ အာဒိယန္တေတိ အာဒိန္နာ။ (အာ+ဒါ+တ)

ယူခြင်းကြိယာသာမညသည် ဗျုပ္ပတ္တိနိမိတ်။

ကမ္မသတ္တိဖြင့် အထူးပြုအပ်သော ယူခြင်းကြိယာဝိသေသသည် လည်းကောင်း၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံ၏ ယူခြင်းကြိယာ ဝိသေသသည်လည်းကောင်း ပဝတ္တိနိမိတ်။

* ဥပယီယတေတိ ဥပေတံ။ (ဥပ+ဣ+တ)

http://www.dhammadownload.com



* ဥပေတေန ကမ္မုနာ အာဒိန္နာတိ ဥပါဒိန္နာ။

တဏှာဒိဋ္ဌိ ကပ်အပ်သော ကံ၏ အကျိုးတရားနှင့် အကြောင်း + အကျိုး စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။ ဥပါဒိန္န မမွေတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သောဇာတ်သည် ပ-နိ။

* ဖလဿ ဘာဝေါ ဖလဘာဝေါ။

လောကီဝိပါက်စိတ်စေတသိက် ဝိပါက်ကဋတ္တာရုပ်တို့၏ ဖြစ်ခြင်း သဘောနှင့် သဘာဝဝန္တ+သဘာဝ, လက္ခ+လက္ခဏ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျု-နိ။ ဖြစ်ခြင်းသဘောသတ္တိသည် ပ-နိ။

* အာရမ္မဏဿ ဘာဝေါ အာရမ္မဏဘာဝေါ။

အာရုံ ၆-ပါး၏ အာရမ္မဏပစ္စယသတ္တိနှင့် သတ္တိမန္တ+ သတ္တိအဖြစ် ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။ အာရမ္မဏပစ္စယသတ္တိသည် ပဝတ္တိနိမိတ်။

* ဥပါဒါနာနံ ဟိတာ ဥပါဒါနိယာ။

ဥပါဒါန်တို့၏ ဥပါဒါနိယဖြစ်သော လောကီစိတ် စေတသိက် ရုပ်တရား တို့နှင့် အာရမ္မဏပစ္စယုပ္ပန်+ပစ္စည်း၊ ဖလ+ဟေတု အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် သည် ဗျု-နိ။

ဥပါဒါန်တရားတို့၏ အစီးအပွားဖြစ်ခြင်း ဂုဏ်သည်လည်းကောင်း၊ ဥပါဒါနိယမမွေတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာ ဇာတ်သည် လည်းကောင်း ပဝတ္တိနိမိတ်။

* အဓိနံ ဝစနံ အဓိဝစနံ။

* သဟ အာသဝေဟိ ယံ ဝတ္တတီတိ သာသဝံ။ (ကမ္မံ)

အာသဝေါတရားတို့နှင့် တကွဖြစ်ခြင်းဂုဏ်၏ ကံနှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။ အာသဝေါတရားနှင့် တကွဖြစ်ခြင်း ဂုဏ်သည် ပ-နိ။

* သာသဝကမ္မတော နိဗ္ဗတ္တာ သာသဝကမ္မနိဗ္ဗတ္တာ။

အာသဝေါတရားတို့နှင့် တကွဖြစ်သော ကံ၏ လောကီတရားတို့နှင့်

http://www.dhammadownload.com



အကြောင်း+အကျိုးအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။
လောကီတရားတို့၏ အချင်းချင်း တူမျှခြင်းဇာတ်သည် ပဝတ္တိနိမိတ်။

၅။ တဏှာ = ကိတ်ပုဒ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာကာရန္တ။
ဒိဋ္ဌိ = ကိတ်ပုဒ်၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ ဣကာရန္တ။
ဥပေတေန = ကိတ်ပုဒ်၊ နပုလ္လိင်၊ စိတ္တာဒိ၊ အကာရန္တ။
ကမ္ဗုနာ = ကိတ်ပုဒ်၊ နပုလ္လိင်၊ စိတ္တာဒိ၊ အကာရန္တ။
ဥပဂန္တွာ = အဗျယပုဒ် (နိပါတ်) အလိင်၊ ဂဏာဝိမုတ်၊
အကာရန္တ။

၆။ (က) **ဥပတေန ကမ္ဗုနာ အာဒိန္နာ-ဖြင့်** ဥပါဒိန္နာ၌ အာဒိန္နာကို အာဒိယန္တေတိ အာဒိန္နာဟု ကမ္မသာဓ် ဝစနတ္ထပြုရမည်အဖြစ်၊ အာရေး ရှိသော ဒါ-ဓာတ်၊ တ-ပစ္စည်း၊ တ-ပစ္စည်း၏ ကံအနက်ကို ဟောသည်၏ အဖြစ်၊ ဥပါဒိန္နာကို ဥပတေန ကမ္ဗုနာ အာဒိန္နာတိ ဥပါဒိန္နာဟု တတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်အဖြစ်၊ ဥပါဒိန္န၌ ဥပသဒ္ဒါသည် ချဉ်းကပ် ခြင်း ဥပဂမနအနက်ကို ဟောသည်၏အဖြစ်၊ ယင်းဥပဂမနသည်လည်း ဥပဂမနကြိယာမျှကိုသာ ဟောသည်မဟုတ်၊ ဥပေတဗ္ဗ (ကံ) ဟူသော ကမ္မသာဓနနှင့် တကွသော ဥပဂမနကြိယာကို ဟောသည်၏ အဖြစ်၊ ယင်း ဥပအရ ကံကို ယူရမည်အဖြစ်ကို သိစေပါသည်။

**အာရမ္မဏကရဏဝသေန တဏှာဒိဋ္ဌီဟိ-ဖြင့်** ဥပေတ-၌ ဥပ အရ ကပ်ရောက်အပ်သော ကံဟူသည် တဏှာတို့က အာရုံပြုသည်၏ အစွမ်းအားဖြင့် ကပ်ရောက်အပ်သော ကံအဖြစ်ကို သိစေပါသည်။

**ဖလဘာဝေန ဂဟိတာ-ဖြင့်** ဥပါဒိန္နာ၌ အာဒိန္နာဝယ် အာရေး ရှိသော ဒါ-ဓာတ်သည် ယူခြင်း ဂဟဏတ္ထကို ဟောသည်၏အဖြစ်၊ ယူအပ်၏ ဟူသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သည်ကို သိစေပါသည်။

(ခ) **ဥပါဒိနာနံ ဟိတာ-ဖြင့်** ဥပါဒိနိယာကို ဥပါဒိနာနံ ဟိတာ

http://www.dhammadownload.com



ဥပါဒါနိယာဟု ဟိတတဒ္ဓိတ် ဝစနတ္တပြုရမည်အဖြစ်၊ ဥပါဒါနပုဒ်+ဏ္ဍယ ပစ္စည်း၊ ယင်း ဏ္ဍယ-ပစ္စည်း၏ ဟိတအနက်ကို ဟောသည်၏ အဖြစ်ကို သိစေပါသည်။

**အာရမ္မဏဘာဝံ ဥပဂန္တွာ ဥပါဒါနသမ္ဗန္ဓေန**-ဖြင့် ဥပါဒါန်တို့၏ အစီးအပွားဟူသည် ဥပါဒါန်တို့နှင့်စပ်သဖြင့် ဥပါဒါန်တို့၏ အာရုံအဖြစ်သို့ ရောက်ရခြင်း (ဝါ) အာရုံပြုခံရခြင်းကိုပင် ဆိုလိုသည်အဖြစ်ကို သိစေပါ သည်။

**(ဂ) ဥပါဒါနသာ အာရမ္မဏပစ္စယဘူတာနမေတံ အဓိဝစနံ** - ဖြင့် ဥပါဒါနိယအရ ဥပါဒါန်၏ အာရမ္မဏပစ္စည်း ဖြစ်၍ဖြစ်သော လောကီစိတ် စေတသိက် ရုပ်တရားအားလုံးကို ယူရမည်အဖြစ်၊ ယင်းဥပါဒါနိယသဒ္ဒါသည် ထိုလောကီစိတ် စေတသိက် ရုပ်တရားတို့၌ထင်သော ရုဋ္ဌီသဒ္ဒါ၏အဖြစ်ကို သိစေပါသည်။

**(င) သာသဝကမ္မနိဗ္ဗတ္တာနံ စသည်**-ဖြင့် ဥပါဒိန္နုပါဒါနိယာ အရ အာသဝေါတရားတို့၏ အာရုံဖြစ်သော ကုသိုလ် အကုသိုလ်ကံကြောင့် ဖြစ်သော လောကီဝိပါက်စိတ် စေတသိက် ကမ္မဇရုပ်တရားတို့ကို ကောက်ယူရ မည်အဖြစ်၊ ဤဥပါဒိန္နုပါဒါနိယသဒ္ဒါ၏ ထိုလောကီဝိပါက်စိတ် စေတသိက် ကမ္မဇရုပ်တို့၌ထင်သော ကေဒေသျူပစာ ရုဋ္ဌီသဒ္ဒါ၏အဖြစ်ကို သိစေပါ သည်။

၇။ (ဂ) ဝါကျ ဝေါ် ကား ခ-ဝါကျ၌ ပြအပ်ပြီးသော ဥပါဒါနိယကို စွဲသောကြောင့် ပဋ္ဋက္ကဝိသယ။

(ဃ) ဥပါဒိန္နာ စ တေ-၌ တေ-ကား ဝါကျတွင်းရှိ ဥပါဒိန္နအရကို ပင်စွဲသောကြောင့် ပသိဒ္ဓဝိသယ။

(စ) ဝါကျ ဏ္ဍတိ ဏ္ဍမိနာ နယေန-၌ ဏ္ဍမိနာကား နယေနဟု

http://www.dhammadownload.com



အစွဲတိုက်ရိုက်ပါသောကြောင့် ပသိဒ္ဓဝိသယ။

**တစ်နည်း** (က) စသော ဝါကျတို့ဖြင့် ဆိုအပ်ခဲ့ပြီးသော ဝစနတ္ထ အဘိဓေယျတ္ထနည်းတို့ကို ရည်ညွှန်းစွဲဆိုသောကြောင့် ပဋ္ဌန္တဝိသယ။

**မှတ်ချက်။** ။ ဆိုခဲ့ပြီးသော ဝါကျတွင်းရှိ ပုဒ်အစိတ်အဝက်၊ နည်းတစ်စိတ်တဒေသကိုသာ ရည်ညွှန်းသည် မဟုတ်။ တစ်ဝါကျလုံးဖြင့် ဆိုအပ်သော နည်းအားလုံးကို ရည်ညွှန်းသောကြောင့် အနဘူတဝိသယဟုလည်း ယူနိုင်သည်။

## ၈။ ဥပါဒိန္နအရ ကြိယာငါးတန်

၁။ ဥပါဒိန္နအရ လောကီဝိပါက် ဇာတ္တ္တိသ စေတသိက် ပဋ္ဌတ္တ္တိသ ကမ္မဇရုပ် ဝိသရ၏။ ယင်းသည် ဒဿနတ္ထ။

၂။ ထို၏အကြောင်းဖြစ်သော လောကီကုသိုလ် အကုသိုလ်ကံသည် ဒီပကတ္ထ။

၃။ ခန္ဓာတို့၏ ဖြစ်ပေါ်လာခြင်းဟူသော ဇာတိသည် ပကာသနတ္ထ။

၄။ ယောနိသော မနသိကာရ အယောနိသော မနသိကာရနှင့် တဏှ တဏှာ ဒိဋ္ဌိစသော အကြောင်းများသည် ဝိဘာဝတ္ထ။

၅။ ဇရာမရဏစသော အကျိုးအဆက်ဆက်သည် အနဘာဝတ္ထ။

## ဥပါဒါနခန် – အရ

၁။ ဥပါဒါန်သည် ဒဿနတ္ထ။

၂။ တဏှာသည် ဒီပကတ္ထ။

၃။ ဘဝသည် ပကာသနတ္ထ။

၄။ ဝေဒနာစသည်သည် ဝိဘာဝတ္ထ။

၅။ ဇာတိ စသည်သည် အနဘာဝတ္ထ။

http://www.dhammadownload.com



## ဥပါဒိန်ယ-အရ

၁။ လောကီစိတ် စေတသိက် ရုပ်တရားတို့သည် ဒဿနတ္ထ။

၂။ ကံ ကိလေသာ စသော အကြောင်းတို့သည် ဒီပကတ္ထ။

၃။ ရုပ်နာမ်ခန္ဓာအစဉ်၏ ဆက်လက်တည်တံ့ခြင်းသည် ပကာသနတ္ထ။

၄။ အဝိဇ္ဇာ တဏှာသည် ဝိဘာဝတ္ထ။

၅။ ဇရာ မရဏ သောက ပရိဒေဝ စသည်သည် အနဘာဝတ္ထ။

## ဝေဒိတဗ္ဗသဒ္ဒါ ထားရခြင်းအကြောင်း

ကြွင်းသော ဒုတိယပုဒ်, တတိယပုဒ်တို့၌ ပဋိသေဓနှင့် တကွဖြစ်သော အနက်ကို ဤပထမပုဒ်၌ ပြအပ်ခဲ့သော သံဝဏ္ဏနာနည်းကို အစဉ်လျှောက်၍ သိပါလေဟု တိုက်ရိုက်မဟုတ်သော နေယျတ္ထ, ဥပစာရတ္ထ, သံသယတ္ထကို ပြလိုသောကြောင့် ဝေဒိတဗ္ဗသဒ္ဒါ ထားပါသည်။

**၁၀။** ဥပါဒိန္န-၌ (အန္တတ္ထ) ဓာတ်အရ-လောကီကုသိုလ် အကုသိုလ်ကံစေတနာ ပစ္စည်းရ၏။ တ-ပစ္စည်း (ဗာဟျတ္ထ)အရ- လောကီဝိပါက် ဗာတ္တံသစေတသိက် ပဋ္ဌတ္တံသ ကမ္မဇရုပ်ဝီသ ပစ္စယုပ္ပန်ရ၏။ ပကတူပပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ပကတူပ, နာနက္ခဏိက ပြိုင်။

## တဏှာ ဒိဋ္ဌိဟိ ဥပေတေန ကမ္မုနာ

တဏှာဒိဋ္ဌိဟိအရ- တဏှာဒိဋ္ဌိပစ္စည်းတရားက ဥပေတေနအရ-အကုသိုလ်ကံ ပစ္စယုပ္ပန်တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ကြီး-၄၊ အညမည၊ သမ္ပယုတ္တ၊ ဟေတု၊ မဂ္ဂ၊ ၈-ပြိုင်။

**တစ်နည်း-** ဥပေတေနအရ အကုသိုလ်ကံပစ္စည်း၊ တဏှာဒိဋ္ဌိအရ တဏှာ ဒိဋ္ဌိပစ္စယုပ္ပန်ယူခဲ့လျှင် အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု။ အာရမ္မဏ, အဓိပတိ, ဥပနိဿယ ၃-ပြိုင်။

http://www.dhammadownload.com



**တစ်နည်း**- တဏှာဒိဋ္ဌိဟိအရ- တဏှာဒိဋ္ဌိပစ္စယုပ္ပန်၊ ဥပေတေန အရလောကီကုသိုလ်ကံ ပစ္စည်းယူခဲ့လျှင် အာရမ္မဏပစ္စယသတ္တိ။ အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယပြိုင်။ (တစ်နည်း) ပကတူပ၊ ပြိုင်မရှိ။

## ဥပါဒါနာနံ ဟိတာ ဥပါဒါနိယာ။

ဥပါဒါနအရ- ဥပါဒါန်တရားကိုယ် (တဏှာဒိဋ္ဌိ) ၂-ပါး (ပစ္စယုပ္ပန်)။ ဟိတာအရ (ဣယပစ္စည်းအရ) လောကီစိတ် ကောသိတိ၊ စေတသိက် ဒွေပညာသ ရုပ်အဋ္ဌဝီသ ပစ္စည်းရ၏။ အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု။ ၈- ပစ္စည်း ယထာရဟပြိုင်။

ဥပါဒိန္နုပါဒါနိယာ -၌ ဥပါဒိန္နအရ ဥပါဒါနိယ အရ နှစ်ပုဒ်လုံး လောကီဝိပါက် ဟတ္တိံသ စေတသိက် ပဋ္ဌတ္တိံသ ကမ္မဇရုပ် ဝီသ ရ၏။ သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။ ၁၅-ပစ္စည်းလုံးပြိုင်။

< >

## ၁၈။ သံကိလိဋ္ဌတိက် အဖွင့်

(က) သံကိလေသေတီတိ သံကိလေသော၊ ဝိဗာဓေတိ ဥပတာပေတိ စာတိ အတ္ထော။

(ခ) သံကိလေသေန သမန္နာဂတာတိ သံကိလိဋ္ဌာ။

(ဂ) အတ္တာနံ အာရမ္မဏံ ကတွာ ပဝတ္တနေန သံကိလေသံ အရဟန္တိ။

(ဃ) သံကိလေသေ ဝါ နိယုတ္တာ တဿ အာရမ္မဏဘာဝါန-

http://www.dhammadownload.com



တိက္ကမနတောတိ သံကိလေသိကာ။

(င) သံကိလေသဿ အာရမ္မဏပစ္စယဘူတာနမေတံ အဓိဝစနံ။

(စ) သံကိလိဋ္ဌာ စ တေ သံကိလေသိကာ စာတိ သံကိလိဋ္ဌသံ-
ကိလေသိကာ။

(ဆ) သေသပဒဒွယမ္ပိ ပုရိမတ္တိကေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။
(ဋ-၈၅)

## ၂။ (က) ဝိဗာဓတိ စသည်သို့

ဆရာ ဆရာသည် သံကိလေသေတီတိ သံကိလေသောဖြင့် သံကိလေသော၏ ဝစနတ္ထကို ဆိုတော်မူ၏။ ယင်းသို့ ဆိုလျှင် သံကိလေသော၌ ကိလိသဓာတ်သည် ညစ်နွမ်းခြင်း မလိနအနက်ကို ဟောသည်ဟု မှတ်ရမည်လော။ ထို့ကြောင့် သံကိလေသေတီတိ သံကိလေသောဟု ဝစနတ္ထကိုသာ ဆရာ မဆိုသင့်။ ကိလိသဓာတ်၏ အနက်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ဝိဗာဓတိ ဥပတာပေတိ စာတိ အဋ္ဌကထာပါဌ်ကိုမိန့်။

**အဓိပ္ပါယ်ကား -**

ညှင်းဆဲခြင်း ဝိဗာဓန၊ ပူလောင်စေခြင်း ဥပတာပန အနက်ကို ကိလိသ ဓာတ်က ဟောပါ၏ ဟူလို။

## (င) ဝါကျသို့ လိနတ္ထရ

ဆရာ ဆရာသည် (ဂ)(ဃ) ဝါကျတို့ဖြင့် သံကိလေသကို ရထိုက်သော (ဝါ) သံကိလေသတရား၌ ယှဉ်သောတရားသည် သံကိလေသိက မည်၏ဟု ဆိုတော်မူ၏။ ပါဠိတော်၌ သံကိလိဋ္ဌ သံကိလေသိကဟူ၍ သံကိလိဋ္ဌနှင့်တွဲဖက် ဟောထားသောကြောင့် သံကိလေသိကအရ အကုသိုလ်စိတ် စေတသိက်ကိုသာ ကောက်ယူရမည်ဟု မှတ်ရမည်လော။ ထို့ကြောင့် သံကိလေသိက၏ ဝစနတ္ထ အဓိပ္ပါယတ္ထတို့ကိုသာ ဆရာမှ မဆိုသင့်။ သံကိလေသိက အရ မည်သည့် တရားတို့ကို ကောက်ယူရပါမည်နည်း။ ဤသို့ မေးဖွယ်

http://www.dhammadownload.com



ရှိသောကြောင့် (င) ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား -**

အကုသိုလ်စိတ် စေတသိက်တို့ကိုသာ မကောက်ရ။ သံကိလေသ တရား၏ အာရမ္မဏပစ္စည်းဖြစ်ထိုက်သော လောကီစိတ်, စေတသိက်, ရုပ်တရား အားလုံးကို ယူရမည်ဟူလို။

## ၃။ သံကိလေသေဝါ ၌ ဝါ-သဒ္ဒါ

(၁) သံကိလေသံ အရဟန္တီတိ သံကိလေသိကာ ဟူသော ဝစနတ္ထမှတစ်ပါး သံကိလေသေ နိယုတ္တာ သံကိလေသိကာဟူသော ဝစနတ္ထ ကိုလည်းကောင်း။

(၂) ဏိကပစ္စည်း၏ အရဟာတိအနက်မှတစ်ပါး နိယုတ္တအနက် ကိုလည်းကောင်း လဲလိုသောကြောင့် ဝါ-သဒ္ဒါထားပါသည်။

က-ဝါကျမှ စ-အထိ အဗျာပိတ, အပရိပုဏ္ဏဒေါသပယ်သည်။

ဆ-ဝါကျ ဂန္ထဂရု, ပုနရုတ္တိဒေါသ ပယ်သည်။

၄။ သံကိလေသီယန္တေ ဝိဗာဓိယန္တေတိ သံကိလိဋ္ဌာ။ (သံ၊ ကိလိသ၊တ)

ပူပန်စေခြင်း, နှိပ်စက်ခြင်း ကြိယာသာမညသည် ဗျုပ္ပတ္တိနိမိတ်။

အကုသိုလ်စိတ် စေတသိက်တို့၏ ပူပန်စေခြင်း နှိပ်စက်ခြင်း ကြိယာ ဝိသေသသည်လည်းကောင်း၊ ကမ္မသတ္တိဖြင့် အထူးပြုအပ်သော ပူပန်စေခြင်း နှိပ်စက်ခြင်း ကြိယာဝိသေသသည်လည်းကောင်း ပဝတ္တိနိမိတ်။

**တစ်နည်း** - သံကိလေသာပီယန္တေ ဥပတာပီယန္တေတိ သံကိလိဋ္ဌာ။ (အထက်ကို နည်းမှီ၍ထုတ်)

* သံကိလေသံ အရဟန္တီတိ သံကိလေသိကာ။
(သံကိလေသ + ဏိက)

http://www.dhammadownload.com



သံကိလေသပုဒ်+ဏှကပစ္စည်းသည်လည်းကောင်း၊ ကိလေသာ တရားတို့၏ လောကီစိတ် စေတသိက် ရုပ်တရားတို့နှင့် အာရမ္မဏပစ္စည်း ပစ္စယုပ္ပန်အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။

ကိလေသာ ဆယ်ပါးသည် ပဝတ္တိနိမိတ်။

* ပဒါန် ဒွယံ ပဒဒွယံ။
* သေသံ ပဒဒွယံ သေသပဒဒွယံ။
* ပုရေ ဇာတော ပုရိမော။
* ပုရိမော တိကော ပုရိမတ္တိကော။

၅။ သံကိလေသေတိ = အာချာတ်ပုဒ်၊ အလိင်၊ ဘူဝါဒိ၊ အကာရန္တ။
သံကိလိဋ္ဌာ = ကိတ်ပုဒ်၊ ပုလ္လိင်၊ ပုရိသာဒိ၊ အကာရန္တ။
အဝတ္တာနံ = ကိတ်ပုဒ်၊ ပုလ္လိင်၊ ရာဇာဒိ၊ အကာရန္တ။

၆။ (က) သံကိလေသေတိ-ဖြင့် သံကိလေသောကို သံကိလေသေ တီတိ သံကိလေသောဟု ကတ္တုသာဓ် ဝစနတ္ထပြုရမည်အဖြစ်ကို လည်း ကောင်း။ သံရှေးရှိသော ကိလိသဓာတ်. ဏပစ္စည်းအဖြစ်ကိုလည်းကောင်း။ ယင်း ဏပစ္စည်း၏ ကတ္တားအနက်ကို ဟောသည်အဖြစ်ကိုလည်းကောင်း။ သံဥပသာရပုဒ်၏ ဓာတွတ္ထာနုဝတ္တက အဖြစ်ကိုလည်းကောင်း သိစေသည်။

ဝိဗာဓေတိ ဥပတာပေတိ စာတိ အတ္ထော-ဖြင့် သံကိလေသော-၌ ကိလိသဓာတ်သည် ညစ်ညူးခြင်း မလိနအနက်ကို မဟော၊ နှိပ်စက်ခြင်း ဗာဓနတ္ထ. ပူလောင်ခြင်း ဥပတာပနတ္ထကို ဟောသည်အဖြစ်ကို သိစေသည်။ (ဒုတိယဓာတွတ္ထ)

(ခ) သံကိလေသေန သမန္နာဂတာ-ဖြင့် သံကိလေသတရားနှင့် သဟဇာတမျှသာဖြစ်၍ သမ္ပယုတ္တမဖြစ်သော ရုပ်တရားတို့သည် သံကိလိဋ္ဌ မမည်။ သံကိလေသတရားနှင့် ပြည့်စုံသော (ဝါ) သံကိလေသတရားနှင့်

http://www.dhammadownload.com



သဟဇာတ သမ္ပယုတ္တဖြစ်သော အကုသိုလ်စိတ် စေတသိက်တို့သည်သာ သံကိလိဋ္ဌ မည်သည်၏အဖြစ်ကို သိစေသည်။ (ဘာဝတ္ထ)

(ဂ) **သံကိလေသံ အရဟန္တိ** - ဖြင့် သံကိလေသိကာကို သံကိလေသံ အရဟန္တီတိ သံကိလေသိကာဟု အရဟာတိတဒ္ဓိတ် ဝစနတ္ထပြု ရမည် အဖြစ်ကိုလည်းကောင်း၊ သံကိလေသပုဒ်+ဏ္ဍကပစ္စည်း၊ ယင်းဏ္ဍက ပစ္စည်း၏ အရဟာတိအနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း သိစေ သည်။

အတ္တာနံ အာရမ္မဏံ ကတွာ ပဝတ္တနေနဖြင့် မိမိဟုဆိုအပ်သော သံကိလေသိကတရားကို (သံကိလေသတရားတို့က) အာရုံပြု၍ ဖြစ်သော ကြောင့် ထိုသံကိလေသိကတရားတို့သည် သံကိလေသတရားကို ရထိုက် သည်၏အဖြစ်ကို သိစေသည်။ (ဘာဝတ္ထ)

(ဃ) ဝါ-ဖြင့် နယန္တရကို သိစေပါသည်။

**သံကိလေသေနိယုတ္တာ**-ဖြင့် သံကိလေသိကာကို သံကိလေသေ နိယုတ္တာ သံကိလေသိကာ-ဟု နိယုတ္တတဒ္ဓိတ် ဝစနတ္ထပြုရမည်အဖြစ်ကို လည်းကောင်း၊ သံကိလေသပုဒ်+ ဏ္ဍကပစ္စည်း၊ ယင်း ဏ္ဍကပစ္စည်း၏ နိယုတ္တအနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း သိစေသည်။

**တဿ အာရမ္မဏဘာဝါနတိတ္တမနတော**-ဖြင့် သံကိလေသိက တရားတို့သည် ထိုသံကိလေသတရား၏ အာရုံအဖြစ်ကို မလွတ်မြောက်နိုင် သေးသောကြောင့် ထိုသံကိလေသ၌ မှီနေရ ယှဉ်နေရသည်၏အဖြစ်ကို သိစေသည်။

(င)**သံကိလေသဿ**-စသည်ဖြင့် သံကိလေသိကအရ သံကိလိဋ္ဌ သံကိလေသိကာ ဓမ္မာ ဟူသော ပါဠိတော်၌ သံကိလိဋ္ဌကိုငဲ့၍ အကုသိုလ် စိတ် စေတသိက်ကိုသာ မကောက်ရ။ သံကိလေသ၏ အာရမ္မဏပစ္စည်း ဖြစ်ထိုက်သမျှသော လောကီစိတ် စေတသိက် ရုပ်အားလုံးကို ကောက်ယူ ရမည်အဖြစ်ကို သိစေပါသည်။

http://www.dhammadownload.com



## ၇။ ပုရိမတ္ထိကော ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ ပ၊ ၆၀၃

၁။ ရှေးတိုက်၌ ဆိုအပ်ပြီးသော ဝုတ္တနယသည် ဂဟေတဗ္ဗ။

၂။ ယင်း၏ ဆန့်ကျင်ဘက်ဖြစ်သော ပဋိပက္ခနယသည် နိဝတ္တေတဗ္ဗ။

၃။ ဤတိုက်၌ ဖွင့်ဆိုအပ်ပြီးသော သံကိလေသောတိ သံကိလေသော စသော ဝုစ္စမာန ဆိုအပ်ဆဲနယသည် အနုညာတ။

## သံကိလေသေ ဝါ နိယုတ္တာ တသ္သ အာရမ္မဏဘာဝါနတိက္ကမန တော-၌ တသ္သ ကား

ဤဝါကျအတွင်းရှိဆိုဆဲ သံကိလေသမှုကို စွဲယူသောကြောင့် ပသိဒ္ဓဝိသယ။

## ၈။ သံကိလေသောအရ ကြိယာငါးတန်

သံကိလေသောအရ - ကိလေသာ ဆယ်ပါးရ၏။

၁။ ယင်းသည် ဒဿနတ္ထ။

၂။ အယောနိသော မနသိကာရသည် ဒီပကတ္ထ။

၃။ စိတ်ညစ်ညူးခြင်း, ပူပန်ခြင်းသည် ပကာသနတ္ထ။

၄။ ဝတ္ထုအာရုံ စသောအကြောင်းများသည် ဝိဘာဝတ္ထ။

၅။ ကာယိကဒုက္ခ စေတသိကဒုက္ခမှစ၍ အဆက်ဆက်သော အကျိုး တရားများသည် အနုဘာဝတ္ထ။

ပုရိမတ္ထိကော ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ၌ ဝိဒဓာတ်အရ သောတုဇန တို့၏ သန္တာန်၌တည်သော ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ရ၏။

၁။ ယင်းသည် ဒဿနတ္ထ။

၂။ သောတုဇနတို့၏ ယောနိသော မနသိကာရသည် ဒီပကတ္ထ။

http://www.dhammadownload.com



၃။ ဒုတိယပုဒ်, တတိယပုဒ်တို့နှင့်စပ်၍ သိသင့်သိထိုက်သော အနက် အဓိပ္ပါယ်တို့ကို စိန္တာမယဉာဏ်ဖြင့် စဉ်းစားသိမြင်ခြင်းသည် ပကာသနတ္ထ။

၄။ အဋ္ဌကထာဆရာ၏ ရှေးဥပါဒ်နှတိက်၌ ဖွင့်ဆိုအပ်ပြီးသော အနက်အဓိပ္ပာယ်တို့သည် ဝိဘာဝတ္ထ။

၅။ အတ္ထဝေဒ ဓမ္မဝေဒမှစ၍ နိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

## ၁၀။ သံကိလိဋ္ဌာ

သံ+ကိလိသ-ဓာတ်အရ ကိလေသာဆယ်ပါးရ၏။ (ပစ္စည်း)

တ-ပစ္စည်းအရ အကုသိုလ်စိတ်ဒွါဒသ၊ စေတသိက်သတ္တဝီသရ၏။ (ပစ္စယပွန်) သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ကြိး ၄-အညမည၊ သမ္ပယုတ္တ၊ ဟေတု၊ မဂ္ဂ၊ ပေါင်း-၈-ပြိုင်။

(သံကိလေသေန သမန္နာဂတာ အရ ပြိုင်လျှင်လည်း နည်းတူ။)

## သံကိလေသံ အရဟန္တီတိ သံကိလေသိကာ

သံကိလေသံ-အရ ကိလေသာဆယ်ပါးရ၏။-(ပစ္စယပွန်)

အရဟန္တိ အရ - (ဏ္ဍကပစ္စည်းအရ) လောကီစိတ် ကောသီတိ၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသရ၏။ (ပစ္စည်း)

အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု။ ၈-ပစ္စည်းလုံးပြိုင်။

(သံကိလေသေ ဝါ နိယုတ္တာ-၌ လည်း နည်းတူ အာရမ္မဏပြိုင်)

ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ-၌ ဝိဒဓာတ်အရ ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် ရ၏။ (ပစ္စယပွန်)

တဗ္ဗ-ပစ္စည်းအရ အသံကိလိဋ္ဌ သံကိလေသိကပဒ၊ အသံကိလိဋ္ဌ အသံကိလေသိကပဒနှင့် ထိုနှင့် စပ်ဆိုင်ရာ ပဒတ္ထ. ဝစနတ္ထ. အဘိဓေယျတ္ထ

http://www.dhammadownload.com



ရ၏။ (ပစ္စည်း)

အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ (ပြိုင်မရှိ)

< >

## ၁၉။ ဝိတက္ကတိက် အဖွင့်

(က) သမ္ပယောဂဝသေန ပဝတ္တမာနေန သဟ ဝိတက္ကေန သဝိတက္ကာ၊ သဟ ဝိစာရေန သဝိစာရာ။

(ခ) သဝိတက္ကာ စ တေ သဝိစာရာ စာတိ သဝိတက္ကသဝိစာရာ။

(ဂ) ဥဘယရဟိတာ အဝိတက္ကအဝိစာရာ။

(ဃ) ဝိတက္ကဝိစာရေသု ဝိစာရောဝ မတ္တာ ပမာဏံ ဧတေသန္တိ ဝိစာရမတ္တာ။

(င) ဝိစာရတော ဥတ္တရိ ဝိတက္ကေန သဒ္ဓိံ သမ္ပယောဂံ န ဂစ္ဆန္တီတိ အတ္ထော။

(စ) အဝိတက္ကာ စ တေ ဝိစာရမတ္တာ စာတိ အဝိတက္ကဝိစာရမတ္တာ။

(၄၅-၈၅)

၁။ (က) သဟ ဝိစာရေန သဝိစာရာ- ဝါကျကို ယေဝမွာ သမ္ပယောဂဝသေန ပဝတ္တမာနေန ဝိစာရေန သဟ ဝတ္တန္တိ။ ဣတိ တေ ဓမ္မာ သဝိစာရာ- ဟု အပြည့်အစုံထည့်၍ သမ္ဗန်ပါ။

(ဃ) ဝါကျ၌ (ဧတေသံ- တို့အား၊ အညတ္ထ- တစ်ပါးသော စိတ်၌။ အဝိပ္ပယောဂေသု- မကွေမကွာ ယှဉ်လေ့ရှိကုန်သော။) အဝိတက္က

http://www.dhammadownload.com



အဝိစာရေသု - တို့တွင်။ ဝိစာရောဝ - ဝိစာရသည်သာလျှင်။ မတ္တာပမာဏံ - အတိုင်းအရှည်သည်။ ဟောတိ - ။ ဣတိ တေဓမ္မာ ဝိစာရမတ္တာ ဟု ပါဌ်သေသထည့်၍ သမ္ဗန်။

## ၂။ (ခ) ဝါကျသို့ ဥပနာပဋ္ဌက

ဆရာ ဆရာသည် သဝိတက္က သဝိစာရာ - ၌ သဝိတက္က သဝိစာရပုဒ်တို့၏ ဝစနတ္ထတို့ကို အသီးသီး ပြဆိုတော်မူခဲ့၏။ သဝိတက္က သဝိစာရာ ဟူသောအပေါင်းပုဒ်ကို သဝိတက္ကာ စ သဝိစာရာ စ သဝိတက္ကသဝိစာရာဟု ဒွန်သမာသ်ဝစနတ္ထပြုရမည်ဟု မှတ်ရမည်လော။ (အာဘော်) ထို့ကြောင့် အစိတ်ဝစနတ္ထကိုသာ ဆရာမဆိုသင့်။ (ဥပနာပဋ္ဌိက္ခေပ) အပေါင်းဝစနတ္ထကို မည်သို့ပြုရမည်နည်း။ (ပုစ္ဆာ) စုဒ်ကြောင့် (ခ) ဝါကျမိန့်။

**အဓိပ္ပါယ်ကား -**

သဝိတက္ကသဝိစာရာကို ဒွန်သမာသ်ဝစနတ္ထမပြုရ။ (ဗဟုဗ္ဗိဟိသမာသ်လည်း မပြုရ။) ကမ္မဓာရဲသမာသ် ဝစနတ္ထသာ ပြုရမည် ဟူလို။

## (ဂ) ဝါကျသို့ ပါပနာပဋ္ဌက

ဆရာ ဆရာသည် (က)(ခ) ဝါကျတို့ဖြင့် သဝိတက္က သဝိစာရာ ဟူသော မာတိကာပါဠိတော်၏ အစိတ်ဝိဂြိုဟ်. အပေါင်းဝိဂြိုဟ်တို့ကို ပြဆိုတော်မူခဲ့၏။ ယင်းသို့သာ ဆိုချေသော် အဝိတက္က အဝိစာရာ၏ ဝစနတ္ထကို မသိသင့် ဟူသောအနက်သည် ရောက်၏။ စင်စစ်မသင့်။ ထို့ကြောင့် အဝိတက္က အဝိစာရာဟူသော တတိယပုဒ်၏ ဝစနတ္ထကို မည်သို့ပြုရမည်ဖြစ်ကြောင်း ပြဆိုသင့်သေး၏။ မဆိုဘဲမနေသင့်။ နေချေသော် ဆရာ့၌ အဗျာပိတဒေါသ ရောက်ရာ၏။ စုဒ်ကြောင့် (ဂ) မိန့်။

**အဓိပ္ပါယ်ကား -**

နတ္ထိ ဝိတက္ကော ဧတေသန္တိ အဝိတက္ကာ၊ နတ္ထိ ဝိစာရော ဧတေသန္တိ အဝိစာရာ။ အဝိတက္ကာ စ တေ အဝိစာရာ စာတိ အဝိတက္ကအဝိစာရာ ဟု

http://www.dhammadownload.com



ဝစနတ္ထပြုရမည် ဟူလို။

(အဝိတက္က အဝိစာရာသည် တတိယပုဒ်ဖြစ်သော်လည်း သဝိတက္က သဝိစာရာဟူသော ပထမပုဒ်နှင့် ဝစနတ္ထအသွားချင်းတူ၍ ဤနေရာ၌ ပြသည်။)

## (င) ဝါကျသို့ ဥပနာပဥ္စက

ဆရာ ဆရာသည် ဝိစာရမတ္တာကို ဝိစာရောဝ မတ္တာ ပမာဏံ ဧတေသန္တိ ဝိစာရမတ္တာဟု ဝစနတ္ထပြုရမည်အဖြစ်ကို ပြဆိုတော်မူ၏။ ဝိစာရသည်သာလျှင် အတိုင်းအရှည်ရှိ၏ ဟူသောစကားသည် ဝက်ဝုစ်ဖြစ်၍ အဓိပ္ပာယ်ကို ပေါ်လွင်ထင်ရှားစွာ မသိရသေးသည်မဟုတ်ပါလော။ ထို့ကြောင့် ဝိစာရမတ္တာ၏ ဝစနတ္ထမျှကိုသာ ဆရာမဆိုသင့်။ ယင်း၏ အဖြောင့်အဓိပ္ပါယ် (ဥဇုဝုစ်)ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (င) ဝါကျမိန့်။

**အဓိပ္ပါယ်ကား-**

ဝိစာရသည်သာ အတိုင်းအရှည် ရှိ၏ဟူသည် ဝိစာရထက် အပိုဖြစ်သော ဝိတက်နှင့်မယှဉ်ဘဲ ဝိစာရနှင့်သာ ယှဉ်သည်ဟု ဆိုလိုပါ၏ ဟူလို။

၃။ (က) ဝါကျဖြင့် သံကိလိဋ္ဌတိက်၏ အဖွင့်မှတစ်ပါး အစဉ်ရောက်လာသည့် အားလျော်စွာ ဝိတက္ကတိက်၏အဖွင့်ကို ပြဆိုသောကြောင့် အဗျာပိတာဒေါသကို ပယ်သည်။

(ခ) ဝါကျဖြင့် သဝိတက္ကသဝိစာရာ၏ အစိတ်ဝိဂြိုဟ်မှတစ်ပါး အပေါင်းဝိဂြိုဟ်ကို ဖွင့်ပြသောကြောင့် အဗျာပိတာဒေါသကို ပယ်သည်။

(ဂ) ဝါကျဖြင့် အဝိတက္ကအဝိစာရာ၏ ဝိဂြိုဟ်ကို ပြသောကြောင့် အဗျာပိတာဒေါသကို ပယ်သည်။

(ဃ) ဝါကျဖြင့် အဝိတက္ကဝိစာရမတ္တာ-၌ ဝိစာရမတ္တာ၏ ဝစနတ္ထ

http://www.dhammadownload.com



ကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်သည်။

(င) ဝါကျဖြင့် ဝိစာရမတ္တာ၏ အစိပ္ပါယ်ကို ပြဆိုသောကြောင့် အဗျာပိတဒေါသကို ပယ်သည်။

(စ) ဝါကျဖြင့် အဝိတက္ကဝိစာရမတ္တာ၏ အပေါင်းဝိဂြိုဟ်ကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။

၄။ ＊ ဝိတက္ကနံ ဝိတက္ကော။ (ဘာဝသာဓန) (ဝိ+တက္က+အ)

အစိတ်အစိတ်ပရမတ္ထသဒ္ဒါ၏ အကြောင်းဖြစ်သော ကြံစည်ခြင်း ကြံယာသည် ဗျ-နိ။ အပေါင်းပညတ္တိသဒ္ဒါ၏ အကြောင်းဖြစ်သော ကြံစည် ခြင်း ကြံယာသည် ပ-နိ။

＊ ဝိတက္ကေတီတိ ဝိတက္ကော။ (ကတ္တုသာဓန)

ကြံစည်ခြင်း ကြံယာသာမညသည်လည်းကောင်း၊ ဝိရှေးရှိသော တက္ကဓာတ် အ-ပစ္စည်းသည် လည်းကောင်း ဗျ-နိ။ ကတ္တုသတ္တိဖြင့် အထူး ပြုအပ်သော (ဝါ) ဝိတက်ဖြင့် အထူးပြုအပ်သော ဝိတက်၏ ကြံစည်ခြင်း ကြံယာဝိသေသသည် ပ-နိ။

＊ သဟ ဝိတက္ကေန ယေ ဝတ္တန္တီတိ သဝိတက္ကာ။ (ဗဟုဗ္ဗီဟိ)

ဝိတက်နှင့်တကွဖြစ်ခြင်း သဟဘောဂုဏ်၏ သဝိတက္ကမွေတို့နှင့် ဂုဏ်+ဂုဏေးအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျ-နိ။ ဝိတက်နှင့်တကွဖြစ်ခြင်း သဟဘောဂုဏ်သည် ပ-နိ။ (သဝိစာရ နည်းတူဆိုရှုထုတ်)

＊ သဝိတက္ကာ စ တေ သဝိစာရာစာတိ သဝိတက္ကသဝိစာရာ။ (ကမ္မဓာရဲ)

သဝိတက္ကတရားတို့၏ သဝိစာရတရားတို့နှင့် ဝိသေသန+ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျ-နိ။ သဝိတက္ကမွေ့ သဝိစာရမွေတို့၏ တစ်ပါးသည်တစ်ပါးနှင့်တူသော အခြင်းအရာဟူသော သာမညဇာတ်သည်ပ-နိ။

http://www.dhammadownload.com



* ဥဘာယေဟိ ရဟိတာ ဥဘယရဟိတာ။ (တပ္ပုရိသ်)

ဝိတက် ဝိစာရ တရားနှစ်ပါးတို့၏ ကင်းခြင်း (ဝိရဟာဘော) ဂုဏ်နှင့် ဂုဏေး+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။

ဝိတက်ဝိစာရကင်းခြင်းဂုဏ်သည် ပ-နိ။

* နတ္ထိ ဝိတက္ကော ဧတေသန္တိ အဝိတက္ကာ။ (ဗဟုဗ္ဗီဟိ)

ဝိတက်မရှိခြင်း အဘာဝဘောဂုဏ်၏ ဝိတက္ကမဲ့တို့နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။ ဝိတက်မရှိခြင်း ဂုဏ်သည် ပ-နိ။

(အဝိစာရ နည်းမှီ၍ဆို)

* အဝိတက္ကာ စ တေ အဝိစာရာ စာတိ အဝိတက္ကအဝိစာရာ။

အဝိတက္ကတရားတို့၏ အဝိစာရတရားတို့နှင့် ဝိသေသန+ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။ အဝိတက္ကအဝိစာရမဲ့တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော သာမညဇာတ်သည် ပ-နိ။

(အဝိတက္ကဝိစာရမဏ္ဍာကို နည်းမ၍ဆို)

| | | | |
|---|---|---|---|
| ၅။ | သဟ | = | နိပါတ်၊ အလိင်၊ ဂဏာဝိမုတ်၊ အကာရန္တ။ |
| | မဏ္ဍာ | = | ကိတ်ပုဒ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာကာရန္တ |
| | ဥတ္တရိ | = | နိပါတ်၊ အလိင်၊ ဂဏာဝိမုတ်၊ ဣကာရန္တ။ |
| | သဒ္ဒိ | = | နိပါတ်၊ အလိင်၊ ဂဏာဝိမုတ်၊ နိဂ္ဂဟီတန္တ။ |
| | ဝိစာရမဏ္ဍာ | = | ဗဟုဗ္ဗီသမာသ်ပုဒ်၊ ပုလ္လိင်၊ ပုရိသာဒိ၊ အကာရန္တ။ |

၆။ (က) သမ္ပယောဂဝသေန ပဝတ္တမာနေန သဟ ဝိတက္ကေန သဝိတက္ကာ -ဖြင့် သဝိတက္ကာကို သဟ ဝိတက္ကေန ယေ ဝတ္တန္တီတိ သဝိတက္ကာ-ဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည် အဖြစ်ကိုလည်းကောင်း၊ သ-၏ သဟ ကာရိယအဖြစ်ကို လည်းကောင်း၊ ဝိတက္ကအရ သမ္ပယုတ် ဖြစ်သော ဝိတက်ကို ယူရမည်အဖြစ်ကိုလည်းကောင်း သိစေပါသည်။

http://www.dhammadownload.com



**သဟ ဝိစာရေန သဝိစာရာ-ဖြင့်** သဝိစာရာကို သဟဝိစာရေန ယေ ဝတ္တန္တိတိ သဝိစာရာ-ဟု ဗဟုဗ္ဗီသမာသ် ဝစနတ္ထပြုရမည်အဖြစ်၊ သ-၏ သဟကာရိယ အဖြစ်၊ ဝိစာရအရ သမ္ပယုတ်ဖြစ်သော ဝိစာရကိုယူရမည် အဖြစ်ကို သိစေပါသည်။

**( ခ ) သဝိတက္ကာ စ တေ-စသည်ဖြင့်** သဝိတက္က သဝိစာရာကို သဝိတက္ကာ စ တေ သဝိစာရာ စာတိ သဝိတက္ကသဝိစာရာဟု ကမ္မဓာရဲ သမာသ်ဝစနတ္ထပြုရမည် အဖြစ်၊ ဝိတက်နှင့်လည်းယှဉ် ဝိစာရနှင့်လည်းယှဉ်သည့် တရားတို့သည်သာ သဝိတက္က သဝိစာရမည်သည်အဖြစ်ကို သိစေသည်။

**( ဂ ) ဉဘယရဟိတာ အဝိတက္ကအဝိစာရာ-ဖြင့်** အဝိတက္က အဝိစာရာ၌ အဝိတက္ကာကို နတ္ထိ ဝိတက္ကော ဧတေသန္တိ အဝိတက္ကာ၊ နတ္ထိ ဝိစာရော ဧတေသန္တိ အဝိစာရာ။ အဝိတက္ကာ စ တေ အဝိစာရာ စာတိ အဝိတက္ကအဝိစာရာ-ဟု ဗဟုဗ္ဗီဟိဂဗ္ဘ ကမ္မဓာရဲသမာသ် ဝစနတ္ထပြုရမည် အဖြစ်၊ အဝိတက္ကအဝိစာရတို့၌ အသဒ္ဒါသည် ဝိရဟအနက်ကို ဟောသည် အဖြစ်၊ ဝိတက် ဝိစာရနှစ်ပါးစုံ မယှဉ်သော တရားတို့သည်သာ အဝိတက္က အဝိစာရ မည်သည်အဖြစ်ကို သိစေသည်။

**(ဃ) ဝိတက္က ဝိစာရေသု ဝိစာရောဝ မတ္တာ ပမာဏံ-စသည်ဖြင့်** အဝိတက္ကဝိစာရမတ္တာ-၌ ဝိစာရမတ္တာကို ဝိစာရောဝ မတ္တာ ဧတေသန္တိ ဝိစာရမတ္တာ-ဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်အဖြစ်။ သဗ္ဗပဒံ သာဝဓာရဏံ ဟူသည်နှင့်အညီ ဝိစာရနောင် ဧဝသဒ္ဒါထိုင်ရမည်အဖြစ်။ မတ္တာ-သဒ္ဒါသည် ဣသရိယစသော အနက်ကို မဟော။ နှိုင်းယှဉ်ခြင်း ပမာဏအနက်ကို ဟောသည်၏အဖြစ်။ ဝိတက် ဝိစာရတို့တွင် ဝိစာရသာ ယှဉ်၍ ဝိတက် မယှဉ်သော တရားသည် အဝိတက္ကဝိစာရမတ္တ မည်သည် အဖြစ်ကို သိစေသည်။

http://www.dhammadownload.com



(င) ဝိစာရတော ဥတ္တရိ-စသည်ဖြင့် ဝိစာရသာ အတိုင်းအရှည် ရှိ၏ဟူသည် ဝိစာရနှင့်သာယှဉ်၍ ဝိတက်နှင့်မယှဉ်သည်ကို ဆိုလိုသည် ဟူသော အဓိပ္ပာယ်ကို သိစေသည်။

(စ) အဝိတက္ကာ စ တေ-စသည်ဖြင့် အဝိတက္က ဝိစာရမတ္တာကို အဝိတက္ကာ စ ဝိစာရမတ္တာ စ အဝိတက္ကဝိစာရမတ္တာဟု ဒွန်သမာသ် ဝစနတ္ထ မပြုရ။ အဝိတက္ကာ စ တေ ဝိစာရမတ္တာစာတိ အဝိတက္ကဝိစာရမတ္တာဟု ကမ္မဓာရဲသမာသ် ဝစနတ္ထပြုရမည်အဖြစ်ကို သိစေသည်။

## ၇။ ဝိစာရောဝ မတ္တာ-၌ ဧဝ-သဒ္ဒါ

ဝိစာရသည် ဂဟေတဗ္ဗ။ ဝိတက်သည် နိဝတ္တေတဗ္ဗ။ ဝိစာရ၏ သမ္ပယုတ္တဓမ္မတို့သည် အနုညာတ။

(ခ) သဝိတက္ကာ စ တေ-၌ တ-ကား သဝိတက္ကဓမ္မတည်းဟူသော အစွဲပုဒ် တိုက်ရိုက်ထင်ရှားသောကြောင့် ပသိဒ္ဓဝိသယ။

(ဃ) တေသံလည်း ဆိုဆဲနီးပွန်ပုဒ်အရ ဖြစ်သော အဝိတက္က ဝိစာရမတ္တဓမ္မတို့ကို စွဲသောကြောင့် ပသိဒ္ဓဝိသယ။

(စ) အဝိတက္ကာ စ တေ-၌ တ-ကား ဆိုဆဲ အဝိတက္ကဓမ္မတို့ကို စွဲသောကြောင့် ပသိဒ္ဓဝိသယ။

## ၈။ ဝိတက်၏ ကြိယာငါးတန်

အာရမ္မဏေ စိတ္တဿ အဘိနိရောပန လက္ခဏာသည် ဒဿနတ္ထ။ ဝိညာဏပဒဋ္ဌာန် (ဝါ) အာပါထဂတဝိသယပဒဋ္ဌာန်သည် ဒီပကတ္ထ။ အာဟနန ပရိယာဟနန ကိစ္စရသသည် ပကာသနတ္ထ။ အာဟနန ပရိယာဟနန သမ္ပတ္တိ ရသသည် ဝိဘာဝတ္ထ။ အာရမ္မဏေ စိတ္တဿ အာနယနဖလ ပစ္စုပဋ္ဌာန်သည် အနဘာဝတ္ထ။ (လက္ခဏာဒိ စတုက္ကနည်းဖြင့်ထုတ်သည်။)

http://www.dhammadownload.com



ဝိတက်သည် ဒဿနတ္တ။ အာရုံသည် ဒီပကတ္တ။ အာရုံပေါ်သို့ စိတ်၏ တက်ရောက်ခြင်းသည် ပကာသနတ္တ။ ယောနိသော မနသိကာရ, အာဝဇ္ဇန်း သည် ဝိဘာဝတ္တ။ အာရုံကို ရအောင်ယူနိုင်ခြင်း, အာရုံ၏ အရသာကို ခံစားခြင်း စသည်သည် အနုဘာဝတ္တ။ (ဤနည်းကား သဘာဝနည်း။)

(ဝိစာရကိုနည်းမှီ၍ထုတ်ပါ။)

၁၀။ သဝိတက္ကာဒ္ဒ အန္တတ္တ(သမာသ်ပုဒ်)အရ ဝိတက်ရ၏။ (ပစ္စည်း)၊ ဗဟုဗ္ဗီ (အညပုဒ်)အရ သဝိတက္ကစိတ် ၅၅-ခု၊ ဝိတက်ကြဉ် စေတသိက် ၅၁-ပါးရ၏။ (ပစ္စယုပ္ပန်) သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။ အကြီး ၄၊ အညာ, သမ္ပ, ဝိပါက, ဈာန, မဂ္ဂ = ပေါင်း ၉-ပစ္စည်းပြိုင်။

သဝိစာရာ-ဒ္ဒ အန္တတ္တ(သမာသ်ပုဒ်)အရ ဝိစာရ ရ၏။ (ပစ္စည်း)၊ ဗဟုဗ္ဗီ (အညပုဒ်) အရ သဝိစာရစိတ် ၆၆-ခု၊ ဝိစာရကြဉ် စေတသိက် ၅၁-ပါး ရ၏။ (ပစ္စယုပ္ပန်) သဟဇာတသတ္တိဖြင့် ကျေးဇူးပြု။

သဝိတက္ကသဝိစာရာ-ဒ္ဒ ရှေ့ပုဒ်+နောက်ပုဒ်အရ သဝိတက္က သဝိ စာရ စိတ် ၅၅-ခု၊ ဝိတက်ဝိစာရကြဉ် စေတသိက် ၅၀-ပါးရ၏။ ထို့ကြောင့် ရှေ့ပုဒ်အရ ဝေဒနာယူခဲ့လျှင် နောက်ပုဒ်အရ ကြွင်းသမ္ပယုတ်တရားတို့ကို ယူ၍ သဟဇာတ ပြိုင်ပါ။

တစ်ပါး ခန္ဓာပစ္စည်း+၃-ပါး ခန္ဓာပစ္စယုပ္ပန်။ သုံးပါးခန္ဓာပစ္စည်း+ တစ်ပါးခန္ဓာပစ္စယုပ္ပန်နည်းဖြင့် ပြိုင်ပါလေ။

< >

http://www.dhammadownload.com



## ဝါကျ (၂၀) ပီတိတိက် အဖွင့်

(က) ပီတိယာ သဟ ဧကုပ္ပါဒါဒိဘာဝံ ဂတာတိ ပီတိသဟဂတာ၊ ပီတိသမ္ပယုတ္တာတိ အတ္ထော။

(ခ) သေသပဒဒွယေပိ ဧသေဝ နယော။

(ဂ) ဥပေက္ခာတိ စေတ္ထ အဒုက္ခမသုခါ ဝေဒနာ ဝုတ္တာ။

(ဃ) သာ ဟိ သုခဒုက္ခာကာရပဝတ္တိံ ဥပေက္ခတိ မဇ္ဈတ္တာကာရ-သဏ္ဌိတတ္တာ တေနာကာရေန ပဝတ္တတီတိ ဥပေက္ခာ။

(င) ဣတိ ဝေဒနာတ္တိကတော ပဒဒွယမေဝ ဂဟေတွာ နိပ္ပီတိ-ကဿ သုခဿ သပ္ပီတိကသုခတော ဝိသေသဒဿန-ဝသေန အယံ တိကော ဝုတ္တော။

(ဠ-၈၅)

၂။ (ဂ) ဝါကျသို့ ပါပနာ

ဆရာ မြတ်စွာဘုရားသည် ပါဠိတော်၌ ဥပေက္ခာသဟဂတာမေ့ွာဟု ဟောတော်မူ၏။ ယင်းသို့ဆိုလျှင် ဥပေက္ခာအရ တတြမဇ္ဈတ္တတာ စေတသိက်ဟူသော ဖြဟ္မဝိဟာရုပေက္ခာကို ယူရမည်ဟူသော အနက်သည် ရောက်၏။ စင်စစ်တမူကား ဒုတိယပဒဝယ် သုခသဟဂတာမေ့ွာဟု ဟောသောကြောင့် ဝေဒနာကိုသာ လိုအပ်ရကား ထိုအနက်သည် မရောက်သင့်။ ထို့ကြောင့် ဥပေက္ခာအရ မည်သည့် တရားကို ကောက်ယူရမည်ကို ပြဆိုသင့်သေး၏။ မဆိုဘဲမနေသင့်။ နေချေသော် ဆရာ၌ သံကိလ္လာဒေါသ ဝိရောဓိဒေါသ ရောက်ရာ၏။ ဤသို့ စောဒနာဖွယ် ရှိသောကြောင့် (ဂ) မိန့်။

**အဓိပ္ပါယ်ကား -**

ဒုတိယပဒ၌ သုခသဟဂတာမေ့ွာ ဟူ၍ ဟောတော်မူသည်နှင့် လျော်ညီစွာ တတိယပဒ ဥပေက္ခာအရလည်း ဥပေက္ခာဝေဒနာကိုသာ

http://www.dhammadownload.com



ယူရမည်ဟု ငါပြဆိုသောကြောင့် သင်တင်သောဒေါသ ငါ၌မရောက် ပျောက်ပါ၏ ဟူလို။

## (ဃ) ဝါကျသို့

ဆရာ ဆရာသည် (ဂ) ဝါကျဖြင့် ဥပေက္ခာ၏ အရကောက် အဘိ ဓေယျတ္တကို ဆိုတော်မူ၏။ ယင်းသို့ဆိုလျှင် ဥပေက္ခာ၏ အဘိဓေယျတ္တ ကိုသာ သိသင့်၍ ဝေဒနတ္တနှင့် အဓိပ္ပာယတ္တကိုကား မသိသင့်ဟူသော အနက် သည် ရောက်၏။ စင်စစ်မသင့်။ ထို့ကြောင့် ဥပေက္ခာ၏ ဝေဒနတ္တကိုလည်း ပြဆိုသင့်သေး၏။ မဆိုဘဲမနေသင့်။ နေချေသော် ဆရာ၌ အဗျာပိတ ဒေါသသင့်ရောက်ရာ၏။ ဤသို့ စုဒ်ကြောင့် (ဃ) မိန့်။

## တစ်နည်း (ဃ)ဝါကျ

ဆရာ ဆရာသည် ( ဂ ) ဝါကျဖြင့် ဥပေက္ခာအရ အဒုက္ခမသုခ ဝေဒနာကို ယူရမည်ဟု ဆိုတော်မူ၏။ ဆရာ့စကားသည် သကဝစနမျှသာ ဖြစ်၍ ပရဝစန သဘာဝယုတ္တိမရှိက မယုံကြည်နိုင်ရာသည် မဟုတ်ပါလော။ ထို့ကြောင့် (ဂ) ကိုသာမဆိုသင့်။ ဆရာ့စကား ယုံကြည်လက်ခံကြောင်း ဖြစ်သော သဘာဝယုတ္တိကား အဘယ်ပါနည်း။ (ဝိရောဓိဒေါသတင်) ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) ဝါကျမိန့်။

**အဓိပ္ပါယ်ကား -**

အဒုက္ခမသုခါ (ဥပေက္ခာ) ဝေဒနာသည် သုခအဖို့ ဒုက္ခအဖို့အားဖြင့် ဖြစ်ခြင်းကို လျစ်လျူရှုတတ်သောကြောင့် အဒုက္ခမသုခဝေဒနာကို ယူရပါ၏ ဟူလို။

## ( င ) ဝါကျသို့

ဆရာ မြတ်စွာဘုရားသည် ပီတိတိက်ကို ဟောတော်မူ၏။ ဤပီတိ တိက်လာ ဒုတိယပုဒ် တတိယပုဒ်တို့နှင့် အလားတူစွာ ဝေဒနာတိက်၌ သုခါယဝေဒနာယ သမ္ပယုတ္တာမွော စသည်ဖြင့် ဟောခဲ့ပြီးသည် မဟုတ်

http://www.dhammadownload.com



ပါလော။ ထို့ကြောင့် ဤတိက်ကို ထပ်မံ၍ မဟောသင့်။ အဘယ်ကို ပြလို သည်၏ အစွမ်းအားဖြင့် ဤတိက်ကို ထပ်မံ၍ ဟောရပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

**အဓိပ္ပါယ်ကား -**

ဝေဒနာတိက်၌ ဟောပြီးဖြစ်သော်လည်း သပ္ပီတိကသုခမှ နိပ္ပီတိက သုခအထူးကို ပြလိုသောကြောင့် ထပ်မံ၍ ဟောရပါ၏ ဟူလို။

**တစ်နည်း -**

ဆရာမြတ်စွာဘုရားသည် ပီတိတိက်ကို ဟောရာ၌ ပီတိသဟဂတာ စသည်ဖြင့် ဟောတော်မူ၏။ ပီတိသဟဂတာဟု ဟောခဲ့လျှင် ဒုတိယပုဒ်၌ သုခသဟဂတာဟု မဟောသင့်။ (ထိုနည်းတူစွာ သုခသဟဂတာဟု ဟော လျှင်လည်း ပီတိသဟဂတာဟု မဟောသင့်)သည် မဟုတ်ပါလော။ အဘယ် ကြောင့် သုခသဟဂတာ စသည်ကို ဟောရပါသနည်း။ ဤသို့ မေးဖွယ်ရှိ သောကြောင့် (င) ဝါကျမိန့်။

**အဓိပ္ပါယ်ကား -**

သပ္ပီတိကသုခမှ နိပ္ပီတိက သုခအထူးကို ပြလိုသောကြောင့် လည်း ကောင်း၊ သုခသည် သပ္ပီတိကသုခ, နိပ္ပီတိကသုခဟု နှစ်မျိုးနှစ်စားရှိကြောင်း ပြလိုသောကြောင့် လည်းကောင်း သုခသဟဂတာ စသည်ကို ထပ်မံ၍ ဟောရပါ၏ ဟူလို။

၃။ (က) ဖြင့် ပီတိတိက်ဆိုင်ရာ သဒ္ဒအတ္ထပိန္ဍိတ္ထယတို့ကို ပြည့်စုံစွာ သိရသောကြောင့် အဗျာပိတ, အပရိပုဏ္ဏာဒေါသကို ပယ်သည်။

(ခ) ဖြင့် သုခသဟဂတာ ဥပေက္ခာသဟဂ္ဂတာပုဒ်တို့၏ ဝစနတ္ထ ကို (က) ဝါကျကိုမှီ၍ သိပါလေဟု အကျဉ်းချုံးပြသောကြောင့် ဂန္ထဂရု ဒေါသကို ပယ်ပါသည်။

http://www.dhammadownload.com



(ဂ) ဝါကျဖြင့် ဥပေက္ခာအရ တတြမဇ္ဈတ္တုပေက္ခာ စသည်ကို မယူရ။ ထိုတတြမဇ္ဈတ္တုပေက္ခာ စသည်နှင့် မရောမယှက် သက်သက်သာ ဖြစ်သော အဒုက္ခမသုခဝေဒနပေက္ခာကို ယူရမည်ဟု ပြဆိုသောကြောင့် သံကိဏ္ဏဒေါသ. အတိဗျာပိတဒေါသ. ဝိရောဓိဒေါသတို့ကို ပယ်ပါသည်။

(ဃ) ဖြင့် ဥပေက္ခာအရ ဝေဒနပေက္ခာကို ယူရခြင်း၌ သင့်လျော်သော သဘာဝယုတ္တိကို ပြဆိုသောကြောင့် ဝိရောဓိဒေါသ. ဩဇိတျဟီန ဒေါသတို့ကို ပယ်ပါသည်။

(င) ဝါကျဖြင့် ဝေဒနာတိက်ကို ဟောပြီးဖြစ်သော်လည်း သပ္ပီတိက သုခမှ နိပ္ပီတိကသုခအထူးကို ပြလိုခြင်းဟူသော အကျိုးထူးရှိသောကြောင့် ပီတိတိက်ကို ထပ်မံ၍ဟောရသည်ဟု ပြဆိုသောကြောင့် ပုနရုတ္တိဒေါသကို ပယ်ပါသည်။

၄။ ＊ ပီဏယတီတိ ပီတိ။ (ပီ+တိ)

＊ သုခေါ် အာကာရော သုခါကာရော။

＊ ဒုက္ခော အာကာရော ဒုက္ခာကာရော။

＊ သုခါကာရော စ ဒုက္ခာကာရော စ သုခဒုက္ခာကာရော။ (သုခါကာရ ဒုက္ခာကာရော- ဟုဆိုလိုလျက် ရှေ့ပုဒ်၌ အာကာရကျေသည်။)

ဣဋ္ဌအဖို့ အနိဋ္ဌအဖို့ တို့၏ တစ်စုံတစ်ခုသောကြိယာသို့ စပ်သော အားဖြင့် အချင်းချင်းငဲ့ခြင်းဟု ဆိုအပ်သော အညမညာပေက္ခသမ္ဗန်သည် ဇျူပ္ပတ္တိနိမိတ်။ ဣဋ္ဌအဖို့ အနိဋ္ဌအဖို့တို့၏ သာမညဇာတ်သည် ပဝတ္တိနိမိတ်။

＊ သုခဒုက္ခာကာရ ဝသေန ပဝတ္တိ သုခဒုက္ခာကာရပဝတ္တိ။

＊ မဇ္ဈေ ဋ္ဌိတော အတ္တာ သဘာဝေါတိ မဇ္ဈတ္တော။ (ပြည်နိဿယ)

အလယ်အလတ်၏ တည်သောသဘောနှင့် ဌာန+ဌာနီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဇျူ-နိ။ အလယ်အလတ်၌ တည်ခြင်းဂုဏ်သည် ပ-နိ။

＊ မဇ္ဈေ ဋ္ဌိတာ အတ္တာ သဘာဝေါ ယဿာတိ မဇ္ဈတ္တော။(ဘာသာဋီကာ)

http://www.dhammadownload.com



ဘာသာဋီကာ အလို-မဏ္ဍတ္တသည် ဘာဝပစ္စာန, ဘာဝလောပဟု မှတ်ရမည်။

* မဏ္ဍတ္တာကာရေ သဏ္ဌိတာ မဏ္ဍတ္တာကာရသဏ္ဌိတာ။

မဏ္ဍတ္တာကာရ၏ ဥပေက္ခာဝေဒနာနှင့် ဌာန+ဌာနီ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ အလယ်၌တည်ခြင်းဂုဏ်သည် ပဝတ္တနိမိတ်။

* မဏ္ဍတ္တာကာရသဏ္ဌိတာယ ဘာဝေါ မဏ္ဍတ္တာကာရသဏ္ဌိတတ္တံ။

အလယ်အလတ်၌တည်သော ဥပေက္ခာဝေဒနာ၏ အလယ်အလတ် ၌တည်ခြင်း ဂုဏ်နှင့် ဂုဏော+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိ နိမိတ်။ အလယ်အလတ် သဘော၌ တည်ခြင်းဂုဏ်သည် ပဝတ္တနိမိတ်။

* နတ္ထိ ပီတိ ဧတဿာတိ နိပ္ပီတိကံ။

ပီတိမရှိခြင်း နိပ္ပီတိကသောဂုဏ်၏ နိပ္ပီတိကသုခနှင့် ဂုဏ်+ဂုဏော အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

ပီတိမရှိခြင်း နိပ္ပီတိကသောဂုဏ်သည် ပဝတ္တိနိမိတ်။

* သဟပီတိယာ ယံ ဝတ္တတီတိ သပ္ပီတိကံ။

ပီတိရှိခြင်း သပ္ပီတိကသောဂုဏ်၏ သပ္ပီတိကသုခနှင့် ဂုဏ်+ ဂုဏော အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

သပ္ပီတိကသောဂုဏ်သည် ပဝတ္တိနိမိတ်။

* သပ္ပီတိကံ သုခံ သပ္ပီတိကသုခံ။

သပ္ပီတိကသောဂုဏ်၏ သုခနှင့် ဂုဏ်+ဂုဏော အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ သပ္ပီတိကသောဂုဏ်သည် ပဝတ္တိနိမိတ်။

* ကော ဥပ္ပါဒေါ ဧတဿာတိ ကေပ္ပါဒေါ။

* ကေပ္ပါဒေါ အာဒိ ယေသန္တိ ကေပ္ပါဒါဒယော။

၅။ ပီတိ = ကိတ်ပုဒ်၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ ဣကာရန္တ။

http://www.dhammadownload.com



| | | |
|---|---|---|
| ဥပေက္ခာ | = | ကိတ်ပုဒ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာကာရန္တ။ |
| သုခဒုက္ခာကာရပဝတ္တိ | = | သမာသ်ပုဒ်၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ ဣကာရန္တ။ |
| မဇ္ဈတ္တာကာရသဏ္ဌိတတ္တံ | = | တဒ္ဓိတ်ပုဒ်၊ နပုလ္လိင်၊ စိတ္တာဒိ၊ အကာရန္တ။ |
| အယံ | = | သဗ္ဗနာမ်ပုဒ်၊ ဤဒွိ ပုလ္လိင်၊ သဗ္ဗနာမ် ဂိုဏ်း၊ အကာရန္တ။ |
| နိပ္ပီတိကသုခ | = | သမာသ်ပုဒ်၊ ဤဒွိ နပုလ္လိင်၊ စိတ္တာဒိ၊ အကာရန္တ။ |

၆။ (က) **ပီတိယာ သဟ ဇကုပ္ပါဒိဒီဘာဝံ ဂတာ**-ဖြင့် ပီတိသဟဂတာကို ပီတိယာ သဟဂတာ ပီတိသဟဂတာဟု တတိယာတပ္ပုရိသ် သမာသ်ဝစနတ္ထပြုရမည်အဖြစ်ကိုလည်းကောင်း၊ အတူတကွ ဖြစ်၏ဟူသည် ဧကုပ္ပါဒစသည်တို့၏ အဖြစ်သို့ ရောက်ခြင်းပင်တည်းဟူသော အဓိပ္ပါယ် ကိုလည်းကောင်း သိစေပါသည်။

**ပီတိသမ္ပယုတ္တာတိ အတ္ထော**-ဖြင့် ပီတိနှင့်တကွ ဧကုပ္ပါဒစသည် အဖြစ်သို့ ရောက်၏ဟူသည် ပီတိနှင့်ယှဉ်ခြင်းပင်တည်းဟူသော ဥဇုကတ္ထ ဝေါဟာရတ္ထကို သိစေပါသည်။

(ခ) **သေသပဒဒွယေပိ ဧသေဝနယော**-ဖြင့် သုခသဟဂတာ ဥပေက္ခာသဟဂတာ ဟူသော နှစ်ပုဒ်တို့ကို ပီတိသဟဂတာနှင့်အတူတူ ဝစနတ္ထ, ဥဇုကတ္ထ, ဝေါဟာရတ္ထတို့ကို မှတ်အပ်၏ဟု သိစေသည်။

**တစ်နည်း-သေသပဒဒွယေပိ ဧသေဝနယော**-ဖြင့် သုခသဟဂတာကို သုခါယ သဟဂတာ သုခသဟဂတာဟု ဝစနတ္ထပြုရမည်အဖြစ်၊ သုခနှင့်တကွဖြစ်၏ဟူသည် သုခဝေဒနာနှင့် ဧကုပ္ပါဒအစရှိသည်၏ အဖြစ်

http://www.dhammadownload.com



သို့ ရောက်ခြင်းပင်တည်းဟူသော အဓိပ္ပါယ်နှင့် သုခဝေဒနာနှင့် ကေပ္ပါဒ အစရှိသည်အဖြစ်သို့ ရောက်ခြင်းဟူသည် သုခဝေဒနာနှင့် ယှဉ်ခြင်းပင် တည်းဟူသော ဥဇုကတ္ထတို့ကို သိစေပါသည်။

(ဥပေက္ခာသဟဂတာကိုလည်း နည်းတူဖော်ပါ။)

(ဂ) ဥပေက္ခာတိ စေတ္တ-စသည်ဖြင့် ဥပေက္ခာအရ တတြ မဇ္ဈတ္တုပေက္ခာ စသည်ကို မယူရ၊ အဒုက္ခမသုခဝေဒနာ ဟုဆိုအပ်သော ဥပေက္ခာဝေဒနာကို ယူရမည်အဖြစ်ကို သိစေပါသည်။

(ဃ) သာ ဟိ သုခဒုက္ခာကာရပဝတ္တိ ဥပေက္ခတိ-ဖြင့် ဥပေက္ခာကို ဥပေက္ခတီတိ ဥပေက္ခာဟု ကတ္တုသာဓ ဝစနတ္ထပြုရမည်အဖြစ်၊ ဥပရှေး ရှိသော ဣက္ခဓာတ်၊ အပစ္စည်း၊ ယင်းအပစ္စည်း၏ ကတ္တုတ္ထကို ဟောသည် အဖြစ်၊ ယင်းဥပေက္ခာသည် သုခ, ဒုက္ခဘက်တို့သို့ မကျရောက်ဘဲ ထို သုခ, ဒုက္ခ အခြင်းအရာအားဖြင့် ဖြစ်ခြင်းကို လျစ်လျူရှုတတ်သော သဘောရှိ သည်၏ အဖြစ်ကိုလည်းကောင်း၊ မဇ္ဈတ္တာကာရသဏ္ဌိတတ္တာ- စသည်ဖြင့် ယင်း ဥပေက္ခာသည် သုခဘက်, ဒုက္ခဘက်တို့သို့ မကျရောက်ဘဲ အလယ် အလတ်၌တည်သော အခြင်းအရာအားဖြင့် ဖြစ်တတ်သည်၏ အဖြစ်ကို လည်းကောင်း သိစေသည်။

(င) ဣတိ ဝေဒနာတ္တိကတော- စသည်ဖြင့် ဝေဒနာတိက်မှ ပထမပုဒ်, တတိယပုဒ်တို့ကိုသာယူ၍ သပ္ပီတိကသုခထက် နိပ္ပီတိကသုခက မွန်မြတ်သည်ကို ပြလိုသောကြောင့် ဤပီတိတိက်ကို ဟောရသည် အဖြစ် ကို သိစေသည်။

## ၇။ ဝေဒနာတ္တိကတော ပဒဒွယမေဝ ဂဟေတွာ

ဝေဒနာတိက်လာ သုခါယ ဝေဒနာယ သမ္ပယုတ္တာဓမ္မာ၊ အဒုက္ခမ သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ ဟူသော နှစ်ပုဒ်သည် ဂဟေတဗ္ဗ။

http://www.dhammadownload.com



ဝေဒနာတိက်လာ ဒုက္ခာယဝေဒနာယ သမ္ပယုတ္တာ ဓမ္မာသည် နိဝတ္တေတဗ္ဗ။ ဤပီတိတိက်လာ ပီတိသဟဂတာ ဓမ္မာစသည်သည် အနညာတ။

**သောသပဒဒွယေပိ ဧသောဝနယော**

၁။ ပီတိယာ သဟ ဧကုပ္ပါဒါဒိဘာဝံ ဂတာတိ ပီတိသဟဂတာ စသောနည်းသည် ဂဟေတဗ္ဗ။

၂။ ယင်း၏ ဆန့်ကျင်ဘက်ဖြစ်သောနည်းသည် နိဝတ္တေတဗ္ဗ။

၃။ သုခါယ သဟ ဧကုပ္ပါဒါဒိဘာဝံ ဂတာတိ သုခသဟဂတာ သုခသမ္ပယုတ္တာတိ အတ္ထော။ ဥပေက္ခာယသဟ ဧကုပ္ပါဒါဒိဘာဝံ ဂတာတိ ဥပေက္ခာ သဟဂတာ၊ ဥပေက္ခာ သမ္ပယုတ္တာတိ အတ္ထော ဟူသောနည်းသည် အနညာတ။

## ၈။ ပီတိ ကြိယာငါးတန်

၁။ ပီတိသည် ဒဿနတ္ထ။

၂။ ဣဋ္ဌာရုံသည် ဒီပကတ္ထ။

၃။ ရုပ်နာမ်တို့၏ တိုးပွားခြင်းသည် ပကာသနတ္ထ။

၄။ ဣဋ္ဌာရုံတို့၏ သာယာဖွယ်အခြင်းအရာ ဣဋ္ဌာကာရ စသည်သည် ဝိဘာဝတ္ထ။

၅။ ကိုယ်စိတ် ရွှင်လန်း တက်ကြွခြင်း စသော အကျိုးတရားများသည် အနဘာဝတ္ထ။

**တစ်နည်း။**

၁။ ပီတိသည် ဒဿနတ္ထ။

၂။ ပါမောဇ္ဇ (နသော ပီတိသည်) ဒီပကတ္ထ။

၃။ ပဿဒ္ဓိသည် ပကာသနတ္ထ။

၄။ သီလ အဝိပ္ပဋိသာရစသော အကြောင်းများသည် ဝိဘာဝတ္ထ။

၅။ သုခ သမာဓိ ယထာဘူတစသော အကျိုးများသည် အနဘာဝတ္ထ။

http://www.dhammadownload.com



**တစ်နည်း**

၁။ သမ္ပိယာယန လက္ခဏာသည် ဒဿနတ္ထ။
၂။ ဝိညာဏပဒဋ္ဌာန်သည် ဒီပကတ္ထ။
၃။ ကာယစိတ္တ ပီနကကိစ္စရသသည် ပကာသနတ္ထ။
၄။ ဖရဏသမ္ပတ္တိ ရသသည် ဝိဘာဝတ္ထ။
၅။ ဩဒဂျဖလပစ္စုပဋ္ဌာန်သည် အနဘာဝတ္ထ။

## (ဂ) ဝါကျ သိဒ္ဓိ

ဥပေက္ခာအရ အဒုက္ခမသုခဝေဒနာကို ယူရမည်ဟု အနွယကို ဆိုသဖြင့် တတြမဇ္ဈတ္တုပေက္ခာ. ဝီရိယုပေက္ခာ. ဈာနုပေက္ခာတို့ကို မယူရဟူသော ဗျတိရေကတ္ထကို အနက်ရောက်သောအားဖြင့် သိအပ်သောကြောင့် အတ္ထာပန္နသိဒ္ဓိ ရပါသည်။

## (င) အယံ တိကော ဝုတ္တော

သပ္ပီတိကသုခမှ နိပ္ပီတိကသုခ အထူးကိုပြလို၍ ဤပီတိတိက်ကို ဟောရပါသည် ဟူသော အကြောင်းကိုဆိုသဖြင့် မေ့ပဋိဂ္ဂါဟက ဝေနေယျပုဂ္ဂိုလ်တို့ ထိုအထူးကို သိမြင်ရသည်ဟူသော အကျိုးကို ကြံဆသောအားဖြင့် သိအပ်သောကြောင့် ပရိကပ္ပသိဒ္ဓိ ရပါသည်။

## ၁၀။ ပီတိသဟဂတာ

ပီတိအရ ပီတိ(ပစ္စည်း)၊ သဟဂတာအရ ပီတိသဟဂုတ်စိတ် ၅၁-ခု၊ စေတသိက် ဆစတ္တာလီသ ရ၏။ (ပစ္စယုပ္ပန်)

သဟဇာတသတ္တိဖြင့် ကျေးဇူးပြု။

ကြီး၄၊ အညမည၊ သမ္ပယုတ္တ၊ ဝိပါက၊ ဈာန၊ ၈-ပြိုင်။

## အဒုက္ခမသုခါ ဝေဒနာ ဝုတ္တာ

ဝုတ္တာ-၌ ဝစ ဓာတ်အရ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ

http://www.dhammadownload.com



ဉာဏာသမ္ပယုတ်စိတ္တုပ္ပါဒ် ရ၏။ (ပစ္စယုပ္ပန်)

တ - ပစ္စည်းအရ အဒုက္ခမသုခ ဝေဒနာ ရ၏။ (ပစ္စည်း)

ပစ္စည်းအရ ပစ္စည်းတရားက ဓာတ်အရ ပစ္စယုပ္ပန် တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (အာရမ္မဏသာ)

< >

## ၂၁။ ဒသနတိက်အဖွင့်

(က) ဒဿနေနာတိ သောတာပတ္တိ မဂ္ဂေန။

(ခ) သော ဟိ ပဌမံ နိဗ္ဗာနံ ဒဿနတော "ဒဿန" န္တိ ဝုတ္တော။

(ဂ) ဂေါ်တြဘူ ပန ကိဉ္စာပိ ပဌမတရံ ပဿတိ၊ ယထာ ပန ရညော သန္တိကံ ကေနစိဒေဝ ကရဏီယေန အာဂတော ပုရိသော ဒူရတောဝ ရထိကာယ စရန္တံ ဟတ္ထိက္ခန္ဓဂတံ ရာဇာနံ ဒိသွာပိ "ဒိဋ္ဌော တေ ရာဇာ"တိ ပုဋ္ဌော ဒိသွာပိ ကတ္တဗ္ဗကိစ္စဿ အကတတ္တာ "န ပဿာမီ" တိ အာဟ။

(ဃ) ဧဝမေဝ နိဗ္ဗာနံ ဒိသွာပိ ကတ္တဗ္ဗဿ ကိလေသပ္ပဟာနဿာ ဘာဝါ န "ဒဿန"န္တိ ဝုစ္စတိ။

(င) တဉ္ဟိ ဉာဏံ မဂ္ဂဿ အာဝဇ္ဇနဋ္ဌာနေ တိဋ္ဌတိ။

(စ) ဘာဝနာယာတိ သေသမဂ္ဂတ္တယေန။

(ဆ) သေသမဂ္ဂတ္တယဥှိ ပဌမမဂ္ဂေန ဒိဋ္ဌသ္မိံယေဝ ဓမ္မေ ဘာဝနာ ဝသေန ဥပ္ပဇ္ဇတိ၊ အဒိဋ္ဌပုဗ္ဗံ ကိဉ္စိ န ပဿတိ၊ တသ္မာ "ဘာဝနာ"တိ ဝုစ္စတိ။

(ဋ္ဌ-၈၅)

http://www.dhammadownload.com



## ၁။ (က) (ခ) တို့၌ ဝါကျအပြန်အလှန် အနက်ယောဇနာပုံ။

(က) ဒဿနေနာတိ၊ ဟူသည်ကား ။ သောတာပတ္တိမဂ္ဂေန၊ သောတာပတ္တိမဂ်သည်။ (ဣတိ၊ ဤသို့။ အာစရိယေန၊ အဋ္ဌကထာဆရာသည်။ သံဝဏ္ဏိတော၊ ဖွင့်ဆိုအပ်၏။) (ကသ္မာ၊ ကြောင့်။ ဒဿနေနာတိပဒဿ၊ ဒဿနေန ဟူသော ပုဒ်၏။ သောတာပတ္တိမဂ္ဂေနာတိ အတ္ထော၊ သောတာပတ္တိမဂ်သည်ဟူသော အနက်ကို။ အာစရိယေန၊ သည်။ သံဝဏ္ဏိတော၊ ဖွင့်ဆိုအပ်သနည်း။) (ပုစ္ဆာဝါကျထည့်ပါ)

(ခ) ဟိယသ္မာ၊ ကြောင့်။ သော၊ ထိုသောတာပတ္တိမဂ်ကို။ ပဌမံ၊ စွာ။ နိဗ္ဗာနံ၊ ကို။ ဒဿနတော၊ မြင်တတ်သောကြောင့်။ ဒဿနန္တိ၊ ဒဿန ဟူ၍။ ဝုတ္တော၊ ဆိုအပ်၏။

(တသ္မာ၊ ကြောင့်။ ဒဿနေနာတိပဒဿ၊ ၏။ သောတာပတ္တိမဂ္ဂေနာတိအတ္ထော၊ ကို။ အာစရိယေန၊ သည်။ သံဝဏ္ဏိတော၊ ဖွင့်ဆိုအပ်၏။ (အဖြေဝါကျ)

(စ) (ဆ) ဝါကျတို့၌လည်း ထိုကိုနည်းမှီ၍ ဝါကျအပြန်အလှန် ယောဇနာပုံကို သိပါ။ သိသာရုံမျှ ပါဠိဘာသာဖြင့် ပြလိုက်ပါသည်။

(စ) ဘာဝနာယာတိပဒဿ သေသမဂ္ဂတ္တယေနာတိ အတ္ထောတိ အာစရိယေန သံဝဏ္ဏိတော။ ကသ္မာ ဘာဝနာယာတိပဒဿ သေသမဂ္ဂတ္တယေနာတိ အတ္ထော အာစရိယေန သံဝဏ္ဏိတော။ (ကသ္မာ ဇဝံ အာစရိယေန သံဝဏ္ဏိတောဟုလည်း အကျဉ်းထားနိုင်သည်) ဟိ ယသ္မာ သေသမဂ္ဂတ္တယံ ပဌမမဂ္ဂေန ဒိဋ္ဌသ္မိံယေဝ ဓမ္မေ ဘာဝနာဝသေန ဥပ္ပဇ္ဇတိ၊ အဒိဋ္ဌပုဗ္ဗံ ကိဉ္စိ န ပဿတိ။

တသ္မာ ဘာဝနာယာတိပဒဿ သေသမဂ္ဂတ္တယေနာတိ အတ္ထောတိ အာစရိယေန သံဝဏ္ဏိတော။

http://www.dhammadownload.com



## ၂။ (က) ဝါကျသို့ ဌပနာပဋ္ဌက

ဆရာ မြတ်စွာဘုရားသည် မာတိကာပါဠိတော်၌ ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ ဟု ဟောတော်မူ၏။ ယင်း၌ ဒဿနေန-အရ စက္ခုဝိညာဉ် စိတ်ကို ယူရမည်လော။ အဘယ်သည် ဒဿနေန မည်ပါသနည်း- စုဒ်ကြောင့် (က) မိန့်။

**အဓိပ္ပါယ်ကား -**

စက္ခုဝိညာဉ်ကို မယူရ။ သောတာပတ္တိမဂ်ကို ယူရမည်ဟူလို။

## ( ခ ) ဝါကျသို့ ဌပနာပဋ္ဌက

ဆရာ ဆရာသည် (က) ဝါကျဖြင့် သောတာပတ္တိမဂ်သည် ဒဿန မည်၏ဟု ဆိုတော်မူ၏။ သောတာပတ္တိမဂ်ကို ဒဿနဟူ၍ မဆိုသင့်သည် မဟုတ်ပါလော။ အဘယ်ကြောင့် သောတာပတ္တိမဂ်ကို ဒဿနဟု ဆိုရပါ သနည်း။ စုဒ်ကြောင့် (ခ) မိန့်။

**အဓိပ္ပါယ်ကား**

နိဗ္ဗာန်ကို ရှေးဦးစွာ မြင်တတ်သောကြောင့် သောတာပတ္တိမဂ်ကို ဒဿနဟု ဆိုရသည်ဟူလို။

## ( ဂ ) ဝါကျသို့ ဌပနာပဋ္ဌက

ဆရာ ဆရာသည် (ခ) ဝါကျဖြင့် နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သောကြောင့် သောတာပတ္တိမဂ်သည် ဒဿနမည်၏ဟု ဆိုတော်မူ၏။ ယင်းသို့ဆိုလျှင် မဂ်၏ ရှေးအဖို့၌ဖြစ်သော ဂေါတြဘူသည် နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သည်မဟုတ် ပါလော။ (ကိဉ္စာပိ ထိုင်ရာစကားရပ်သည် စောဒကာ၏ အာဘော်ဖြစ်သည်ဟူ သည်နှင့်အညီတည်း။ **"ကိဉ္စာပိဒံ၊ ပါဠိထိုင်ရဲ့ကား၊ တင်တဲ့စောဒက၊ ပြသည့် အာဘော်တည်း။"**) (အာဘော်) ထို့ကြောင့် သောတာပတ္တိမဂ်ကို ဒဿနမည်၏ဟု မဆိုသင့်။ နိဗ္ဗာန်ကို ရှေးဦးစွာမြင်သည့် ဂေါတြဘူကိုသာ ဒဿနဟု ဆိုသင့်၏။ ဂေါတြဘူကို ဒဿနဟု မဆိုရခြင်းအကြောင်းကို

http://www.dhammadownload.com



ဥပမာဖြင့် ပြဆိုသင့်သေး၏။ အဘယ်ကြောင့် ဂေါတြဘူကို ဒဿနဟု မဆိုရပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

**အဓိပ္ပါယ်ကား -**

မင်းနှင့်တွေ့လို၍ သွားသော ယောကျာ်းသည် မင်းကို ဆင်ပေါ်၌ အဝေးက လှမ်းမြင်ခဲ့ရသော်လည်း မိမိလာရခြင်း၏ အကြောင်းကိစ္စကို မင်းအား ပြောခွင့်မရသောကြောင့် "မင်းနှင့် မတွေ့ခဲ့ရ" ဟု လောက၌ ပြောဆိုသကဲ့သို့ (ဂေါတြဘူ သည်လည်း နိဗ္ဗာန်ကို မြင်ရသော်လည်း ကိလေသာကို ပယ်ခြင်းကိစ္စ မရှိသောကြောင့် ဒဿနဟု မဆိုရပါဟူလို)

## ( စ ) ဝါကျသို့ ဠပနာပဋ္ဌက

ဆရာ ဆရာသည် (က) စသော ဝါကျတို့ဖြင့် ဒဿနအရ သောတာပတ္တိမဂ်ကိုသာ ယူရကြောင်း ယုတ္တိဥပမာဖြင့် ပြဆိုတော်မူ၏။ ဘာဝနာယ ပဟာတဗ္ဗာ-၌ ဘာဝနာအရကို မသိရသေးသည် မဟုတ်ပါလော။ ဘာဝနာအရ အဘယ်ကို ယူရပါမည်နည်း။ စုဒ်ကြောင့် (စ)ဝါကျ မိန့်။

## တစ်နည်း

ဆရာ ဘုရားသည် ဘာဝနာယ ပဟာတဗ္ဗာဓမ္မာဟု ဟောတော်မူ၏။ ယင်း၌ ဘာဝနာအရ သမထဘာဝနာ. ဝိပဿနာဘာဝနာတို့ကို ကောက်ယူရမည်လော။ အဘယ်ကို ကောက်ယူရပါမည်နည်း။ စုဒ်ကြောင့် (စ) မိန့်။

**အဓိပ္ပါယ်ကား -**

အထက်မဂ်သုံးပါးကိုသာ ကောက်ယူရမည်ဟူလို။

ဒုတိယနည်း (ယ) ဝါကျအလို ရှေ့ပုဒ်+နောက်ပုဒ်အရ နှစ်ပုဒ်လုံး အရ မဂ်လေးပါး စိတ္တုပ္ပါဒ်ကိုပင် ရသောကြောင့် သဟဇာတပြိုင်။

## တဒေဝ ပဝတ္တံ အာစိနန္တာ ဂစ္ဆန္တိ

ပဝတ္တံအရ ပဋိသန္ဓိ စုတိ ဂတိ ဟုဆိုအပ်သော ဝဋ်တရား ရ၏။ (ပစ္စယုပ္ပန်)။ အာစိနန္တာ အရ လောကီကုသိုလ် အကုသိုလ်ကံ (စေတနာ) ရ၏။ (ပစ္စည်း)။ ယခင်နည်းတူ ပကတူပ။ ၂-ပစ္စည်းပြိုင်။

http://www.dhammadownload.com



## အာစိနန္တာ ဝဍ္ဎန္တိ

နှစ်ပုဒ်လုံးအရ လောကီကုသိုလ် အကုသိုလ် စိတ္တုပ္ပါဒ်ကို ကောက်၍ သဟဇာတပြိုင်ပါ။

## ဣဋ္ဌကံ ဝိဒ္ဓံသယမာနော

ဣဋ္ဌကံ အရ အုတ်ဟု ဆိုအပ်သော ဥတုဇအဋ္ဌကလာပ်နိပ္ဖန္နရုပ်ရ၏။ ဝိဒ္ဓံသယမာနောအရ- ဖျက်ဆီးသော အခြင်းအရာအားဖြင့် ဖြစ်သော ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ရ၏။ အာရမ္မဏာသတ္တိ။
အာ. မိ. ဥ. ပုရေဇာတ. အတ္ထိ. အဝိဂတ၊ ၆-ပစ္စည်းပြိုင်။

## ပဝတ္တံ အပစိနန္တာ ဝဍ္ဎန္တိ၊

ပဝတ္တံအရ ပဋိသန္ဓိ. စုတိ. ဂတိ. ဝဋ္ဋတရားရ၏။ (ပစ္စည်း) အပစိနန္တာ အရ မဂ်လေးပါး စိတ္တုပ္ပါဒ်ရ၏။ (ပစ္စယုပ္ပန်)။ ပကတူပစ္စည်း။ ပြိုင်မရှိ။

အပစိနန္တာအရ -ဝဍ္ဎန္တိ အရ-မဂ်လေးပါး စိတ္တုပ္ပါဒ်ကိုချည်း ရသောကြောင့် သဟဇာတပြိုင်။

## တေန စိတံ စိတံ

တေန အရ- ပန်းရံသမား၏ ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် ရ၏။ (ပစ္စယုပ္ပန်)။ စိတံ စိတံ အရ -အုတ်ရ၏။ (ပစ္စည်း)။ အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု။ အာ. မိ. ဥပ. ပုရေဇာတ. အတ္ထိ. အဝိဂတ ၆-ပစ္စည်းပြိုင်။

< >

http://www.dhammadownload.com



## ၂၅။ သေက္ခတိက် အဖွင့်

(က) တီသု သိက္ခာသု ဇာတာတိပိ သေက္ခာ။
(ခ) သတ္တန္နံ သေက္ခာနံ ဧတေတိပိ သေက္ခာ။
(ဂ) အပရိယောသိတသိက္ခတ္တာ သယမေဝ သိက္ခန္တီတိပိ သေက္ခာ။
(ဃ) ဥပရိသိက္ခိတဗ္ဗာဘာဝတော န သေက္ခာတိ အသေက္ခာ။
(င) ဝုဍ္ဍိပ္ပတ္တာ ဝါ သေက္ခာတိပိ အသေက္ခာ။
(စ) အရဟတ္တဖလဓမ္မာနံ ဧတံ အဓိဝစနံ။

(အဋ္ဌကထာ ၈၆/၇)

၁။ **အပရိယောသိတသိက္ခတ္တာ၏ သမ္ဗန်-ကို သိက္ခာ. သိက္ခာသမ္ဗယုတ္တာနံ ဓမ္မာနံ ဟု ထည့်။**

## ၂။ (ခ) ဝါကျသို့

ဆရာ ဆရာသည် က-ဝါကျဖြင့် သေက္ခာကို သိက္ခာသု ဇာတာ သေက္ခာဟု ဇာတတဒ္ဓိတ် ဝစနတ္ထ ပြုရမည်ဟု ဆိုတော်မူ၏။ သေက္ခာကို ဇာတ တဒ္ဓိတ်သာလျှင် **(ဝေအာဘော်ဆင်)** ဝစနတ္ထပြုရမည်လော။ **(ဗျတိရေက အာဘော်)** သေက္ခာကို ဣဒံတဒ္ဓိတ်လည်း ပြုကောင်းသေးသည် မဟုတ်ပါလော။ **(အန္ဝယ အာဘော်)** ထို့ကြောင့် ဇာတတဒ္ဓိတ် ဝစနတ္ထကို သာလျှင် မဆိုသင့်။ အခြားအဘာယ်သို့လည်း ဝစနတ္ထ ပြုကောင်းပါသေးသနည်း။ ဤသို့ မေးဖွယ်ရှိ သောကြောင့် ခ- ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား-**

သေက္ခာနံ ဧတေ သေက္ခာဟု ဣဒံတဒ္ဓိတ် ဝစနတ္ထလည်း ပြုကောင်းပါသေး၏ ဟူလို။

**တစ်နည်း-**

ဆရာ ဆရာသည် (က) ဝါကျဖြင့် အန္တတ္ထဖြစ်သော သေက္ခ-၏

http://www.dhammadownload.com



ဝစနတ္ထကို ပြတော်မူ၏။ ဗဟိဒ္ဓသောကဒ္ဓ၏ ဝစနတ္ထကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ)မိန့်။
(အဓိပ္ပါယ်ပြန်တူ၏။)

(သောကဒ္ဓမဖွကား အန္တတ္ထသောကဒ္ဓ၊ သောကဒ္ဓပုဂ္ဂိုလ်အရ ယောက်ျား ဗဟိဒ္ဓသောကဒ္ဓဟု ဆိုလို၏)။

## (ဃ) ဗျာတိရေက စောဒနာ

ဆရာ ဆရာသည် က-စသော ဝါကျတို့ဖြင့် သောကဒ္ဓာ၏ ဝစနတ္ထသုံးမျိုးကို ဆိုတော်မူ၏။ အသောကဒ္ဓာ၏ ဝစနတ္ထကို မသိရသေးသည် မဟုတ်ပါလော။

## တစ်နည်း -

အသောကဒ္ဓာကို နတ္ထိ သောကဒ္ဓာ တေသန္တိ အသောကဒ္ဓာဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထ ပြုရမည်လော။ ထို့ကြောင့် သောကဒ္ဓ၏ ဝစနတ္ထကိုသာ မဆိုသင့်။ အသောကဒ္ဓာကို အဘယ်သို့ ဝစနတ္ထ ပြုရမည်နည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ဃ-မိန့်။

## အဓိပ္ပါယ်ကား

ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထမပြုရ။ န သောကဒ္ဓာ အသောကဒ္ဓာဟု ကမ္မဓာရည်းသမာသ် ဝစနတ္ထ ပြုရမည် ဟူလို။

## (ဃ) ဝါကျသို့ -

ဆရာ ဆရာသည်။ သင်ဆဲ ကျင့်ဆဲ ဖြစ်သောကြောင့် လည်းကောင်း၊ သိက္ခာသုံးပါးတို့၌ ဖြစ်သောကြောင့် လည်းကောင်း သောကဒ္ဓမည်၏ဟု ဆိုတော်မူ၏။ ယင်းသို့ဆိုလျှင် အရဟတ္တဖိုလ်စိတ်သည်လည်း သင်ဆဲကျင့်ဆဲ ဖြစ်သောကြောင့်လည်းကောင်း၊ သိက္ခာသုံးပါးတို့၌ ဖြစ်သောကြောင့် လည်းကောင်း၊ သောကဒ္ဓမည်၏ ဟူသောအနက်သည် ရောက်၏။ စင်စစ်မသင့်။

http://www.dhammadownload.com



ထို့ကြောင့် ထိုအရဟတ္တဖိုလ်စိတ်ကို သေက္ခမဟုတ် အသေက္ခသာ ဆိုရခြင်း အကြောင်းကိုလည်း ပြဆို သင့်သေး၏။ မဆိုဘဲ မနေသင့်။ နေချေသော် သသံသယဒေါသ အတိဗျာပိတ ဒေါသ ဝိရောဓိဒေါသတို့ ရောက်ရာ၏။ စုဒ်ကြောင့် (ဃ) ဝါကျမိန့်။

**အဓိပ္ပါယ်ကား -**

အရဟတ္တဖိုလ်စိတ်သည် သိက္ခာသုံးပါး၌ဖြစ်၍ သင်ဆဲ ကျင့်ဆဲ ဖြစ်သော်လည်း အထက်အထက်၌ ဖြစ်မည့် သိက္ခာမွေတို့အား ပကာတူပသတ္တိဖြင့် ကျေးဇူးပြုစရာ ကိစ္စမရှိတော့၍ ပြီးပြီးသော သိက္ခာရှိသောကြောင့် သေက္ခဓမ္မဟု မဆိုရ။ အသေက္ခဓမ္မဟုသာ ဆိုရသည်။ ထို့ကြောင့် ဒေါသ မသင့်ပါ ဟူလို။

**(ဥပရိသိက္ခိတဗ္ဗာဘာဝတောကို ပဓာနမျှော်၍ တက်သော ပါပနာပဋ္ဌက အတက်တည်း။)**

## ( င ) ဝါကျသို့ -

ဆရာ ဆရာသည် (ဃ) ဝါကျဖြင့် အသေက္ခာကို န သေက္ခာ အသေက္ခာဟု ဝစနတ္ထပြု၍ န-သဒ္ဒါ အ-သဒ္ဒါ ပဋိသေဓအနက်ကို ဟော ကြောင်း ဆိုတော်မူ၏။ အသေက္ခာ၌ အ-သဒ္ဒါ (န-သဒ္ဒါ)သည် ပဋိသေဓ အနက်တစ်မျိုးကိုသာလျှင် ဟောပါသလော။ (ဝါ) အ-သဒ္ဒါသည် အခြား အနက်ကိုလည်း ဟောသင့်သည် မဟုတ်ပါလော။ ထို့ကြောင့် ဃ-ဝါကျကို သာ မဆိုသင့်။ အ-သဒ္ဒါသည် အခြားမည်သည့် အနက်ကို ဟောပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

**အဓိပ္ပါယ်ကား -**

အသဒ္ဒါ. နသဒ္ဒါ ဝုဒ္ဓိအနက်ကိုလည်း ဟောပါ၏ဟူလို။

## ( စ ) ဝါကျ လီနတ္ထရ စောဒနာ

ဆရာ ဆရာသည် ဃ-ဝါကျတို့ဖြင့် အသေက္ခာ၏ ဝစနတ္ထတို့နှင့်

http://www.dhammadownload.com



တကွ အ-၏ ပဋ္ဌိသေဝတ္တေ ဝုမုတ္တတို့ကို ဟောကြောင်း ဖွင့်ဆိုတော်မူ၏။ သေက္ခဓမ္မ မဟုတ်သောတရားသည် အသေက္ခမည်၏ဟု ဆိုခဲ့လျှင် အသေက္ခာ အရ လောကီကုသိုလ်စိတ်နှင့် ဝိပါက်စိတ်များ အရဟတ္တဖိုလ် နိဗ္ဗာန်တို့ကို ကောက်ယူရမည်ဟူသော အနက်သည်ရောက်၏။ (ဤကား ပဋ္ဌိသေဓ အနက်ဟော ပထမဝိကပ်နှင့် စပ်၍ရသော ပါဌ်) အထွဋ်အထိပ်ရောက် သော သေက္ခဓမ္မ သည် အသေက္ခမည်သည်ဟု ဆိုခဲ့လျှင် အသေက္ခအရ အရဟတ္တမဂ်စိတ်ကို ကောက်ယူရမည်ဟူသော အနက်ရောက်၏။ (ဤကား န-သဒ္ဒါ ဝုမိ အနက် ဟောသော ဒုတိယဝိကပ်နှင့် စပ်၍ရသော ပါဌ်) စင်စစ်မသင့်။ ထို့ကြောင့် အသေက္ခ၏ အရလည်း ပြဆိုသင့်သေး၏။ ဝစနတ္တမျှကိုသာ မဆိုသင့်။ ဆိုသင့်သည်ကို မဆိုချေသော် ဆရာ၌ အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။ ဤသို့ စုဒ်ကြောင့် ( စ ) မိန့်။

**အဓိပ္ပါယ်ကား-**

ဤ အသေက္ခဟူသော သဒ္ဒါသည် အသင်စောဒက ဆိုအပ်ပြီးသော တရားအားလုံး၌ နှံ့သည့် သကလဗျာပီ စကားမဟုတ်။ အရဟတ္တဖိုလ် စိတ္တုပ္ပါဒ်၌သာထင်၍ ထိုအရဟတ္တဖိုလ် စိတ္တုပ္ပါဒ်၌ထင်သော ရုဠ္ဌီသဒ္ဒါ သဒိ သူပစာသဒ္ဒါ ဖြစ်သောကြောင့် အရဟတ္တဖိုလ် စိတ္တုပ္ပါဒ်ကိုသာယူရမည်ဟု ငါပြဆိုသောကြောင့် သင်တင်သောဒေါသ ငါ၌မရောက် ပျောက်ပါ၏ ဟူလို။

## ၃။ ( ခ ) ဝါကျ၌ (ဝါသဒ္ဒါ၏ အနက်ရှိသော) အပိသဒ္ဒါ

၁။ သိက္ခာသု ဇာတာ သေက္ခာဟူသော ဇာတတဒ္ဓိတ် ဝစနတ္ထမှ တစ်ပါး သိက္ခာနံ့ ဧတေ သေက္ခာဟူသော ဣဒံတဒ္ဓိတ် ဝစနတ္တကို လည်းကောင်း။

၂။ သိက္ခာပုဒ် ဏ-ပစ္စည်းနှင့် ပြီးသည်မှတစ်ပါး သေက္ခာပုဒ် ဏ-ပစ္စည်းဖြင့် ပြီးသည်ကိုလည်းကောင်း။

၃။ အန္တတ္တအရ သိက္ခာ သုံးပါးဟူသော အဘိဓေယျတ္တမှတစ်ပါး သေက္ခပုဂ္ဂိုလ်ဟူသော အဘိဓေယျတ္တကိုလည်းကောင်း၊

http://www.dhammadownload.com



လဲလိုသောကြောင့် အပိသဒ္ဒါထားပါသည်။

## ( ဂ )ဝါကျ ( ဝါ သဒ္ဒါ၏ အနက်ရှိသော ) အပိ-သဒ္ဒါ

၁။ သေက္ခာနံ ဓေတေ သိက္ခာပဒူသော ဣဒံတဒ္ဓိတ် ဝစနတ္ထမှ တစ်ပါး၊ သိက္ခာနံ သီလံ ယဿာတိ သေက္ခာဟူသော တဿီလကိတ် ဝစနတ္ထ (တဿီလတဒ္ဓိတ် ဝစနတ္ထ) ကို လည်းကောင်း။

၂။ သေက္ခပုဒ်၏ တဒ္ဓိတ်ပုဒ်အဖြစ်မှတစ်ပါး ကိတ်ပုဒ်အဖြစ်ကို လဲလိုသောကြောင့် အပိသဒ္ဒါထားပါသည်။

## ( င ) ဝုမိပ္ပတ္တော ဝါ-၌ ဝါသဒ္ဒါ

အသေက္ခာ-၌ အ(န)၏ ပဋိသေဓတ္ထမှတစ်ပါး ဝုမတ္ထကို လဲလိုသော ကြောင့် ဝါသဒ္ဒါထားပါသည်။

**ဒေါသပယ်**

(က) (ခ) (ဂ) (ဃ) (င) ဝါကျတို့ဖြင့် အဗျာပိတဒေါသကို ပယ်သည်။

(စ) ဝါကျဖြင့် အသေက္ခအရ လောကီတရားများနှင့် နိဗ္ဗာန်တို့ကို မယူရ။ အရဟတ္တဖိုလ်စိတ်ကိုသာ ယူရမည်ဟု အတိအကျ သက်မှက်ပြ သောကြောင့် အတိဗျာပိတ ဝိရောဓိဒေါသတို့ကို ပယ်ပါသည်။

၄။ * သိက္ခိတဗ္ဗာတိ သိက္ခာယော။ (အစိတ်)

* သိက္ခာသု ဇာတာ သေက္ခာ။ (အပေါင်း)

သိက္ခာသုံးပါးတို့၏ သေက္ခမြေတို့နှင့် သဟဇာတပစ္စည်း+ပစ္စယုပ္ပန် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်လည်းကောင်း၊ သိက္ခာသုံးပါးတို့၏ သေက္ခမြေ တို့နှင့် အစိတ်+အပေါင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။ သိက္ခာသုံးပါးသည်လည်းကောင်း၊ သိက္ခာသုံးပါး၌ဖြစ်ခြင်း

http://www.dhammadownload.com



ကြိယာသည်လည်းကောင်း ပဝတ္တိနိမိတ်။

* သိက္ခာနံ သိက္ခာ။ (အစိတ်)
* သိက္ခာ ဧတေသံ အတ္ထီတိ သေက္ခာ။ (ခ-ဝါကျသေက္ခာနံ) (အစိတ်)
* သေက္ခာနံ ဧတေ သေက္ခာ။ (သေက္ခ+ဏ) (အပေါင်း)

သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့၏ သေက္ခဓမ္မတို့နှင့် ဌာန+ဌာနီ၊ သာမိ+သံ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဇျုပ္ပတ္တိနိမိတ်။ သေက္ခပုဂ္ဂိုလ် ၇-ယောက်သည် ပဝတ္တိနိမိတ်။

* အပရိယောသိတာ သိက္ခာယော ဧတေသန္တိ အပရိယောသိတ သိက္ခာ။

မပြီးမဆုံးသေးသဖြင့် သင်ဆဲ ကျင့်ဆဲ ဖြည့်ဆဲဖြစ်သော သိက္ခာသုံးပါး၏ သေက္ခဓမ္မတရားတို့နှင့် သဟဇာတပစ္စည်း+ ပစ္စယုပ္ပန် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဇျုပ္ပတ္တိနိမိတ်၊

မပြီးဆုံးသေးသော သိက္ခာသုံးပါးအပေါင်းသည် ပဝတ္တိနိမိတ်။

* အပရိယောသိတသိက္ခာနံ ဘာဝေါ အပရိယောသိတသိက္ခတ္တံ။

(၂) မပြီးဆုံသေးသော သင်ခြင်း ကျင့်ခြင်းရှိသော သေက္ခ ဓမ္မတို့၏ သင်၍ ကျင့်၍ မပြီးဆုံးသေးခြင်း ဂုဏ်နှင့် ဂုဏီ+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဇျုပ္ပတ္တိနိမိတ်။

(၄) သင်၍ ကျင့်၍ မပြီးဆုံးသေးခြင်းဂုဏ်သည် ပဝတ္တိနိမိတ်။

* န သေက္ခာ အသေက္ခာ။

ပဋိသေဓဘောဂုဏ်၏ (ဝါ) ဝုမိဘောဂုဏ်၏ အသေက္ခ ဓမ္မတို့နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဇျုပ္ပတ္တိနိမိတ်။ ပဋိသေဓဘော ဂုဏ် (ဝါ) ဝုမိဘောဂုဏ်သည် ပဝတ္တနိမိတ်။

* အရဟန္တဿ ဘာဝေါ အရဟတ္တံ။

(၂) ရဟန္တာပုဂ္ဂိုလ်၏ အရဟတ္တဖိုလ်နှင့် ဌာန+ဌာနီ၊ သာမိ+သံအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဇျုပ္ပတ္တိနိမိတ်။

http://www.dhammadownload.com



(၄) အရဟတ္တဖိုလ်စိတ်ဟုဆိုအပ်သော မွေ့ဖြစ်သည် ပဝတ္တိနိမိတ်။
* အရဟတ္တံ စ တံ ဖလံ စာတိ အရဟတ္တဖလံ။

၅။ သိက္ခာသု = ကိတ်ပုဒ်၊ ထီလိင်၊ ကညာဒိ၊ အာကာရန္တ။
သေက္ခာ = တဒ္ဓိတ်ပုဒ်၊ ပုလ္လိင်၊ ပုရိသာဒိ၊ အကာရန္တ။
အပရိယောသိတ = သမာသ်ပုဒ်၊ ထီလိင်၊ ကညာဒိ၊ အာကာရန္တ။
အပရိယောသိတသိက္ခ = သမာသ်ပုဒ်၊ ပုလ္လိင်၊ ပုရိသာဒိ၊ အကာရန္တ။
အပရိယောသိတသိက္ခတ္တာ = တဒ္ဓိတ်ပုဒ်၊ နပုလ္လိင်၊ စိတ္တာဒိ၊ အကာရန္တ။

၆။ (က) တီသု သိက္ခာသု ဇာတာ-ဖြင့် သိက္ခာသုကို သိက္ခိ တဗ္ဗာတိ သိက္ခာဟု ကမ္မသာဓ ဝစနတ္ထပြုရမည်အဖြစ်၊ သိက္ခဓာတ် အပစ္စည်း၊ ယင်း အပစ္စည်း၏ ကမ္မတ္ထဝါစကအဖြစ် သိက္ခာအရ သိက္ခာသုံးပါးကို ယူရ မည်အဖြစ် သေက္ခာကို သိက္ခာသု ဇာတာ သေက္ခာဟု ဇာတတဒ္ဓိတ် ဝစနတ္ထ ပြု လည်းကောင်း၊ သေက္ခပုဒ် ဏပစ္စည်း၊ ယင်း ဏ၏ ဇာတအနက်ဟော လည်းကောင်း၊ သိက္ခာဟူသော အန္တပုဒ်အရ သင်ခြင်း၊ ကျင့်ခြင်း၊ ဖြည့်ခြင်း ကို မယူရ၊ သင်အပ် ကျင့်အပ် ဖြည့်အပ်သော အဓိသီလ သိက္ခာသုံးပါးကို ယူရမည်အဖြစ်ကို လည်းကောင်း သိစေပါသည်။

(ခ) သတ္တန္နံ သေက္ခာနံ ဓေတေတိပိ-ဖြင့် အန္တဖြစ်သော သေက္ခာကို သိက္ခနံ သိက္ခာ၊ သိက္ခာ ဓေတေသံ အတ္ထီတိ သေက္ခာဟု ဝစနတ္ထ ပြုရမည်အဖြစ်၊ သိက္ခာပုဒ်+ ဏပစ္စည်း၊ ထိုဏပစ္စည်း၏ အဿတ္ထိ အနက်၌ သက်သည်အဖြစ်၊ သေက္ခ အရ သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့ကို ကောက် ယူရမည်အဖြစ်ကို လည်းကောင်း၊ သေက္ခာကို သေက္ခာနံ ဓေတေ သေက္ခာ ဟု ဍ္ကာဒ်တဒ္ဓိတ် ဝစနတ္ထပြုလည်းကောင်း၊ သေက္ခပုဒ် ဏပစ္စည်း၊ ယင်း ဏ ပစ္စည်း၏ ဍ္ကာဒ်အနက်ဟောလည်းကောင်း သိစေပါသည်။

http://www.dhammadownload.com



**( ဂ ) အပရိယောသိတသိက္ခတ္တာ သယမေဝ သိက္ခန္တီ**-ဖြင့် သိက္ခာကို သိက္ခိတုံ (သိက္ခန်) သီလံ ယေသန္တိ သေက္ခာဟု တဒ္ဓိတ ကိတ် ဝစနတ္ထပြုလည်းကောင်း၊ သိက္ခဓာတ်+ဏပစ္စည်း၊ ယင်း ဏပစ္စည်း၏ တဒ္ဓိတအနက်၌သက် လည်းကောင်း၊ သေက္ခ မဇ္ဈ ၇-ပါးတို့သည် မိမိတို့ ကိုယ်တိုင်ပင် သင်ခြင်း, ကျင့်ခြင်း, ဖြည့်ကျင့်ခြင်း အလေ့ရှိကြသည် အဖြစ် လည်းကောင်း၊ အထက်မဂ်, ဖိုလ်တို့ကို ပကာတူပ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု သောအားဖြင့် မပြီးဆုံးသေးသော သင်ခြင်း, ကျင့်ခြင်း, ဖြည့်ခြင်း ရှိသော ကြောင့် ထို တရား ၇-ပါးကို သေက္ခဟု ဆိုရသည် လည်းကောင်း သိစေပါ သည်။

**(ဃ) န သေက္ခာ**-ဖြင့် အသေက္ခာကို န သေက္ခာ အသေက္ခာ ဟု ကမ္မဓာရည်းသမာသ် ဝစနတ္ထပြုလည်းကောင်း၊ အ-၏ နကာရိယအဖြစ် လည်းကောင်း၊ (ဝါ) အသဒ္ဒါသည် နသဒ္ဒါ၏ ပဋိသေဓအနက်ဟော လည်း ကောင်း သိစေပါသည်။

**ဥပရိသိက္ခိတဗ္ဗာဘာဝတော**-ဖြင့် အရဟတ္တဖိုလ်စိတ်သည် (သိက္ခာ ၃-ပါးတို့၌ ဖြစ်ခြင်း၊ ကျင့်လေ့ရှိသော ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်ခြင်း သဘော ရှိသော်လည်း) အထက်၌ ကျင့်စရာတရား သိက္ခာသုံးပါးတို့ကို ပကာတူပပစ္စယ သတ္တိဖြင့် ကျေးဇူးပြုစရာ မရှိတော့သောကြောင့် သေက္ခဟု မဆိုရ အသေက္ခ ဟုသာ ဆိုအပ်သည်အဖြစ်ကို သိစေပါသည်။

**( င ) ဝါ**-ဖြင့် နယန္တရကို သိစေပါသည်။

**ဝုဍ္ဎိပတ္တာ သေက္ခာ**-ဖြင့် အသေက္ခာကို န သေက္ခာ အသေက္ခာ ဟု ဝစနတ္ထပြုလည်းကောင်း၊ အ- န၏ကာရိယအဖြစ်ကိုလည်းကောင်း၊ အ-သည် န -၏ ဝုဍ္ဎိအနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

**(စ) အရဟတ္တ ဖလဓမ္မာနံ ဧတံ အဓိဝစနံ**ဖြင့် အသေက္ခ

http://www.dhammadownload.com



အရ လောကီကုသိုလ် အဗျာကတ မွေနှင့် နိဗ္ဗာန်တို့ကိုလည်းကောင်း၊ (ယ-ပထမပိဋကပ် အလို)

သေက္ခ မွေ တို့တွင် အကြီးမြတ်ဆုံးသော အရဟတ္တမဂ်ကိုလည်းကောင်း၊ (င-ဝါကျအလို) မကောက်ရ။ ရုဋ္ဌိသဒ္ဒါ သဒ္ဒိသူပစာသဒ္ဒါဖြစ်သော ကြောင့် အရဟတ္တဖိုလ်စိတ်ကိုသာ ကောက်ယူရမည်အဖြစ်ကို လည်းကောင်း သိစေပါသည်။

**၇။ (ဂ) သယမေဝ သိက္ခန္တိ ဌ် ဓဝ-**

(၁) သေက္ခဓမ္မ ၇-ပါးသည် ဂဟောတဗ္ဗ။

(၂) သေက္ခပုဂ္ဂိုလ် ၇-ယောက်သည် နိဝတ္တောတဗ္ဗ။

(၃) ထိုသေက္ခ မွေ ၇- ပါးတို့၏ ကျင့်လေ့ရှိခြင်း ဂုဏ်သည် အနညာတ။

**၈။ သေက္ခအရ မဂ် ၄-ပါး အောက်ဖိုလ် ၃-ပါးရ၏။**

(၁) ထိုတွင် မဂ် ၄-ပါးသည် ဒဿနတ္ထ။

(၂) ဝေါဟြဘူ ဝေါဒါန်တို့သည် ဒီပကတ္ထ။

(၃) မဂ္ဂါနန္တရဖိုလ်သည် ပကာသနတ္ထ။

(၄) ပရိကမ္မဘာဝနာ ဥပစာရဘာဝနာမှစ၍ ပဋိလောမအားဖြင့် ရထိုက်သော ပါရမီပုညသမ္ဘာရ တိုင်အောင်သော အကြောင်းသည် ဝိဘာဝတ္ထ။

(၅) ပစ္စဝေက္ခဏာဉာဏ်မှစ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

**အောက်ဖိုလ် သုံးခုကိုကောက်လျှင်-**

(၁) ယင်းသည် ဒဿနတ္ထ။

(၂) အသီးသီး ဆိုင်ရာမဂ်တို့သည် ဒီပကတ္ထ။

http://www.dhammadownload.com



(၃) ပစ္စဝေက္ခဏာဉာဏ်သည် ပကာသနတ္ထ။
(၄) ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာမှစ၍ ရှေးရှေးသောအကြောင်းများသည် ဝိဘာဝတ္ထ။
(၅) ဖလသမာပတ္တိသုခမှစ၍ အဆက်ဆက်သော အကျိုးတို့သည် အနုဘာဝတ္ထ။

(အရဟတ္တအရ အရဟတ္တဖိုလ်စိတ်ကိုကောက်၍ နည်းမှီထုတ်ပါ။)

သိဒ္ဓိ -

(ယ) ဝါကျ၌ ဥပရိသိက္ခိတဗ္ဗဘာဝတောဖြင့် အရဟတ္တဖိုလ်တရားတို့သည် အထက်၌ ပကတူပပစ္စယသတ္တိဖြင့် ကျေးဇူးပြုစရာကိစ္စ မရှိတော့သောကြောင့် အသေက္ခမည်၏ဟု ယုတ္တိဖြင့် ယုံကြည်စေအပ်ရကားသဒ္ဒေယျသိဒ္ဓိ, သိဒ္ဓေယျသိဒ္ဓိ ရပါသည်။

(စ) ဝါကျ၌ အသေက္ခအရ (သေက္ခ မှ မဟုတ်သောတရားတို့သည် အသေက္ခဟု ဆိုအပ်သော်လည်း) အရဟတ္တဖိုလ်စိတ်ကို ယူရမည်ဟုအနွယကိုဆိုသဖြင့် အခြားတရားတို့ကို မယူရဟူသော ဗျတိရေကတ္ထကို အနက်ရောက်သောအားဖြင့် ပြီးစေအပ်သောကြောင့် အတ္ထာပန္နသိဒ္ဓိ ရပါသည်။

၉။ သိက္ခာသုအရ အဓိသီလသိက္ခာ, အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာ ရ၏။

ထိုတွင် -

သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ၃-ပါးသည် သီလသိက္ခာ။ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ၃-ပါးသည် သမာဓိ (အဓိစိတ္တ) သိက္ခာ။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ ၂-ပါးသည် ပညာသိက္ခာ မည်၏။

## ၁၀။ သိက္ခာသု ဓာတာ သေက္ခာ

သိက္ခာသု အရ သမ္မာဒိဋ္ဌိ (ပ) သမ္မာသမာဓိ ဟူသော မဂ္ဂင်ရှစ်ပါး၊

http://www.dhammadownload.com



သိက္ခာသုံးပါး၊ ပစ္စည်းတရားရှ၏။ ဇာတာအရ မဂ်လေးပါး, အောက်ဖိုလ် သုံးပါး, မဂ္ဂင်ရှစ်ပါးကြည်သော စေတသိက် (၂၈) ပါးရှ၏။ (ပစ္စယုပ္ပန်)

သဟဇာတသတ္တိ။ အကြီး ၄၊ အညမညာ သမ္ပယုတ္တ၊ ဝိပါက၊ ဟေတု၊ အဓိပတိ၊ မဂ္ဂ၊ ဣန္ဒြိယ၊ ဈာန = ပေါင်း ၁၂-ပစ္စည်းပြိုင်။

## တစ်နည်း- - အစိတ်အစိတ်ပြိုင်လျှင်

သိက္ခာသုအရ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဟု ဆိုအပ် သော အဓိသီလသိက္ခာ ရှ၏။ (ပစ္စည်း) ဇာတာအရ မဂ်စိတ်လေးပါး အောက် ဖိုလ်သုံးပါး ဝိရတီသုံးပါးကြည် စေတသိက် ၃၃-ပါး ရှ၏။ (ပစ္စယုပ္ပန်)

သဟဇာတသတ္တိ။ ကြီး ၄၊ အညာ၊ သမ္ပ၊ ဝိပါက၊ မဂ္ဂ ပေါင်း ၈- ပစ္စည်းပြိုင်။

သိက္ခာသုအရ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဟူသော အဓိစိတ္တသိက္ခာရှ၏။ (ပစ္စည်း) ဇာတာအရ မဂ်စိတ် ၄-ပါး၊ အောက်ဖိုလ် ၃-ပါး ကြွင်းစေတသိက် ၃၃-ပါး ရှ၏။ (ပစ္စယုပ္ပန်)

သဟဇာတသတ္တိ။ ကြီး ၄၊ အညာ၊ သမ္ပ၊ ဝိပါက၊ အဓိ၊ မဂ္ဂ၊ ဣန္ဒြိ၊ ဈာန် = ပေါင်း၁၁-ပစ္စည်းပြိုင်။

သိက္ခာသုအရ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ ဟုဆိုအပ်သော အဓိပညာ သိက္ခာ ရှ၏။ (ပစ္စည်း) ဇာတာအရ မဂ်စိတ် ၄-ပါး၊ အောက်ဖိုလ် ၃-ပါး ကြွင်းစေတသိက် ၃၄-ပါး ရှ၏။ (ပစ္စယုပ္ပန်)

သဟဇာတသတ္တိ။ ကြီး ၄၊ အညာ၊ သမ္ပ၊ ဝိပါက၊ ဟေတု၊ အဓိ၊ မဂ္ဂ၊ ဣန္ဒြိ၊ ဈာန ပေါင်း ၁၂-ပစ္စည်းပြိုင်။

## သေက္ခာနံ စတေ သေက္ခာ

သေက္ခာနံအရ သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့၏ သန္တာန်၌ဖြစ်သော မဂ်စိတ် ၄-ပါး၊ အောက်ဖိုလ် ၃-ပါး၊ စေတသိက် ၃၆-ပါး ရုပ် အဋ္ဌဝီသ ဟူ သော ခန္ဓာပဥ္စက ရှ၏။ (ပစ္စယုပ္ပန်)

http://www.dhammadownload.com



ဓေတာအရ မဂ်စိတ် ၄-ပါး၊ အောက်ဖိုလ် ၃-ပါးရ၏။ (ပစ္စည်း) (သိက္ခာ၊ သိက္ခာသမ္ပယုတ္တ အားလုံးလည်း ကောက်နိုင်၏)။

ထို့ကြောင့် ဓေတာအရ ပစ္စည်းတရားက သေက္ခာနံ အရ ပစ္စယုပ္ပန် တရားတို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။ ကြီး ၄၊ လတ် ၄၊ အဓိပတိ၊ အာဟာရ၊ ဣန္ဒြိယ ၁၁-ပစ္စည်းပြိုင်။

## တစ်နည်း--

သေက္ခာနံ အရ သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့၏ သန္တာန်၌တည်သော ဟဒယဝတ္ထု ပစ္စည်းတရားရ၏။ ဓေတ အရ မဂ်စိတ် ၄-ပါး၊ အောက်ဖိုလ် ၃-ပါး ပစ္စယုပ္ပန်တရားရ၏။ ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။ ပုရေ ဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ပေါင်း ၅-ပစ္စည်းပြိုင်။

## အသေက္ခာ

အ (န) ဟူသော ရှေ့ပုဒ်အရ ပဋိသေဓဘောဂုဏ် (တစ်နည်း) ဝုမိ ဘောဂုဏ် ရ၏။ သေက္ခာဟူသော နောက်ပုဒ်အရ အရဟတ္တဖိုလ်စိတ် ရ၏။ ပကတူပသတ္တိ။

(အသေက္ခာ၌ သေက္ခဟူသော နောက်ပုဒ်သည် န (အ) ဟူသော နိပါတ်ပုဒ်၏ အစွမ်းကြောင့် သေက္ခ မွေ ဟူသော မဂ်စိတ် ၄-ပါး၊ အောက် ဖိုလ် ၃-ပါးကို မဟောတော့ဘဲ အရဟတ္တဖိုလ်စိတ်ဟူသော အသေက္ခ မွေကိုသာ ဟောတော့သည်)။

< >

http://www.dhammadownload.com



## ၂၆။ ပရိတ္တတိတ် အဖွင့်

(က) သမန္တတော ခဏ္ဍိတတ္တာ အပ္ပမတ္တကံ ပရိတ္တန္တိ ဝုစ္စတိ "ပရိတ္တံ ဂေါမယပိဏ္ဍ"န္တိ အာဒီသုဝိယ။

(ခ) ဣမေပိ အပ္ပါနုဘာဝတာယ ပရိတ္တာ ဝိယာတိ ပရိတ္တာ။

(ဂ) ကာမာဝစရ ဓမ္မာနမေတံ အဓိဝစနံ။

(ဃ) ကိလေသဝိက္ခမ္ဘနသမတ္ထတာယ, ဝိပုလဖလတာယ, ဒီဃသန္တာနတာယ စ မဟန္တဘာဝံ ဂတာ၊ မဟန္တေဟိ ဝါ ဥဠာရစ္ဆန္ဒ ဝီရိယစိတ္တပညေဟိ ဂတာ ပဋိပန္နာတိပိ မဟဂ္ဂတာ။

(င) ပမာဏကရာ ဓမ္မာ ရာဂါဒယော ပမာဏံ နာမ။

(စ) အာရမ္မဏတော ဝါ သမ္ပယောဂတော ဝါ နတ္ထိ ဧတေသံ ပမာဏံ ပမာဏဿ စ ပဋိပက္ခာတိ အပ္ပမာဏာ။

(အဋ္ဌကထာ-၈၇)

၁။ ဝုစ္စတိ၏ ကတ္တား ဇနေန (ယောဇနာ)

ခဏ္ဍိတတ္တာ၏ သမ္ဗန်ကား-အပ္ပမတ္တကဿ။

ကိလေသဝိက္ခမ္ဘန သမတ္ထတာယ၊ ဝိပုလ ဖလတာယ တို့၏ သမ္ဗန်ကား မဟဂ္ဂတကုသလာနံ တည်း။

ဒီဃသန္တာနတာယ၏ သမ္ဗန်ကား မဟဂ္ဂတ ဓမ္မာနံ (ကု+ဝိ+ကြိ အားလုံး။)

## ၂။ (ခ) ဝါကျ ပါပနာ

ဆရာ ဆရာသည် (က) ဖြင့် ပရိတ္တကို ပရိသမန္တတော ခဏ္ဍိယတေ အဝခဏ္ဍိယတေတိ ပရိတ္တံဟု ဝစနတ္ထ ပြုရမည် အဖြစ်ကို ဆို၏။ ယင်းသို့သာ ဆိုချေသော် ပရိတ္တတိက်လာ ပရိတ္တာ ဓမ္မာ၌ ပရိတ္တကို ပရိသမန္တတော ဒီယန္တေ အဝခဏ္ဍိယန္တေတိ ပရိတ္တာဟု ဝစနတ္ထပြုရမည်-ဟူသော အနက်သည် ရောက်၏။ စင်စစ်မူကား ပရိတ္တ မွေသည် သေးငယ်သော အရာဝတ္ထု

http://www.dhammadownload.com



မဟုတ်သောကြောင့် ထိုအနက်သည် မရောက်သင့်။ ထို့ကြောင့် ပရိတ္တ တိက်လာ ပရိတ္တ၏ ဝစနတ္ထကိုလည်း ဆိုသင့်သေး၏။ မဆိုဘဲ မနေသင့်။ ပရိတ္တာ၏ ဝစနတ္ထကား အဘယ်ပါနည်း။ ဤသို့ (ခ) မိန့်။

**အဓိပ္ပာယ်ကား**

ပရိတ္တာ ဝိယာတိ ပရိတ္တဟု ဥပမာတဒ္ဓိတ် ဝစနတ္ထသာ ပြကောင်းပါ၏ ဟူလို။

## ( ဂ ) ဝါကျ

ဆရာ ဆရာသည် နည်းသော အာနုဘော်ရှိသောကြောင့် ပရိတ္တ မည်၏ဟု ဆို၏။ ယင်းသို့ဆိုလျှင် မဟဂ္ဂုတ်တရားတို့သည်လည်း လော ကုတ္တရာတရားကို ထောက်လျှင် လောကုတ္တရာတရားအောက် နည်းသော အာနုဘော်ရှိသောကြောင့် ပရိတ္တမည်၏ဟူသော အနက်သည် ရောက်၏။ စင်စစ်မသင့်။ ထို့ကြောင့် ပရိတ္တ၏ အရကောက်ကိုလည်း ဆိုသင့်သေး၏။ မဆိုဘဲ မနေသင့်။ ယင်း၏ အဘိဓေယျတ္ထကား အဘယ်ပါနည်း။ ဤသို့ (ဂ) မိန့်

**အဓိပ္ပာယ်ကား**

ပရိတ္တသဒ္ဒါသည် ကာမာဝစရ တရားတို့၌ ထင်သော ရုဠှီသဒ္ဒါဖြစ် သောကြောင့် ကာမာဝစရတရားကိုသာ ယူရပါ၏ဟူလို။

## (ဃ) ကိလေသဝိက္ခမ္ဘန သမတ္ထတာယသို့ ဌပနာပဋ္ဌက ပုစ္ဆာထွက်။

ဆရာ ဆရာသည် မဟန္တဘာဝံ ဂတာပါဌ်-ဖြင့် မြတ်သည်၏ အဖြစ်သို့ ရောက်သောကြောင့် မဟဂ္ဂတမည်၏ဟု ဆိုတော်မူ၏။ သီလ, သမာဓိ,ပညာတို့ကြောင့် မြတ်သည်၏အဖြစ်သို့ ရောက်သည်ဟု မှတ်ရမည် လော။ ထို့ကြောင့် မဟန္တဘာဝံဂတာဟူ၍သာ ဆရာ မဆိုသင့်။ အဘယ် ကြောင့် မြတ်သည်၏အဖြစ်သို့ ရောက်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသော ကြောင့် ကိလေသဝိက္ခမ္ဘန သမတ္ထတာယ ပါဌ်ကိုမိန့်။

http://www.dhammadownload.com



တား - ကိလေသာတို့ကို ချွါခြင်းငှါ စွမ်းနိုင်သောကြောင့် မြတ်သည်၏ အဖြစ်သို့ရောက်၏ ဟူလို။

၃။ မဟာန္တေဟိ ဝါ ဥ ဝါသဒ္ဒါ

(၁) မဟန္တို ဂတာ မဟာဂ္ဂတာဟူသော ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထမှတစ်ပါး မဟာန္တေဟိ ဂတာ မဟာဂ္ဂတာဟူသော တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထကိုလည်းကောင်း။

(၂) မဟန္တသဒ္ဒါ၏ ဂုဏဝါစကသဒ္ဒါအဖြစ်မှတစ်ပါး ဒဗ္ဗဝါစကသဒ္ဒါအဖြစ်ကိုလည်းကောင်း။

(၃) မဟန္တအရ အမြတ်ဂုဏ်ဟူသော အဘိဓေယျတ္ထမှတစ်ပါး ထက်မြက်သော ဆန္ဒ ဝီရိယ စိတ္တ ပညာရှိကြသည့် ဈာနလာဘီ ပုဂ္ဂိုလ်ဟူသော အဘိဓေယျတ္ထကိုလည်းကောင်း။

(၄) မဟာဂ္ဂတဥ ဂတသဒ္ဒါ၏ ဂစ္ဆန္တီတိ ဂတာဟူသော ကတ္တုသာဓ် ဝစနတ္ထမှတစ်ပါး ဂစ္ဆီယန္တေတိ ဂတာဟူသော ကမ္မသာဓ် ဝစနတ္ထကိုလည်းကောင်း။

(၅) တပစ္စည်း၏ ကတ္တွတ္ထမှတစ်ပါး ကမ္မတ္ထကိုလည်းကောင်း။

(၆) ဂမုဓာတ်၏ ပါပုဏနတ္ထမှတစ်ပါး ကျင့်ခြင်းစရဏတ္ထကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း လဲလိုသောကြောင့် ဝါသဒ္ဒါထားပါသည်။

ပမာဏာဿစ ပဋိပက္ခာဥ စသဒ္ဒါ -

(၁) နတ္ထိ ပမာဏံ ဧတေသန္တိ အပ္ပမာဏာ ဟူသော ဗဟုဗ္ဗိဟိဝစနတ္ထမှတစ်ပါး န ပမာဏာ အပ္ပမာဏာ ဟူသော ကမ္မဓာရည်းသမာသ် ဝစနတ္ထကိုလည်းကောင်း။

(၂) န ၏ ဝိရဟတ္ထမှတစ်ပါး ပဋိပက္ခတ္ထကိုလည်းကောင်း လဲလိုသော

http://www.dhammadownload.com



ကြောင့် စသဒ္ဒါထားပါသည်။

၄။ * ခက္ခိယတေ (အဝဆိစ္ဆိယတေတိ) အဝဆိန္ဒိယတေတိ ခဏ္ဍိတံ။ (ခဏ္ဍ+တ)

* အပ္ပမတ္တာ ယဿာတိ အပ္ပမတ္တကံ။

သေးငယ်သော ပမာဏ၏ သေးငယ်သော အရာဝတ္ထုနှင့် ပမာဏ+ပမာဏဝန္တ အဖြစ်ဖြင့်စပ် ဗျူ-နိ။ သေးငယ်သောပမာဏသည် ပဝတ္တိနိမိတ်။

* ပရိသမန္တတော ဒီယတေ အဝခဏ္ဍိယတေတိ ပရိတ္တံ။

ထက်ဝန်းကျင်ဟူသော သမန္တဘောဂုဏ်၏ ပိုင်းဖြတ်အပ်သော အရာဝတ္ထုနှင့် ဂုဏ်+ဂုဏေးစပ် ဗျူ-နိ။ ထက်ဝန်းကျင်မှ ပိုင်းဖြတ်ခြင်း ကြိယာသည်လည်းကောင်း၊ သေးငယ်ခြင်းဂုဏ်သည်လည်းကောင်း ပဝတ္တိနိမိတ်။

* ဂေါဟိ နိဗ္ဗတ္တော ဂေါမယော။

နွားတို့၏+နွားချေးတို့နှင့် ဌာန+ဌာနီစပ် ဗျူ-နိ။ နွားသည် ပဝတ္တိနိမိတ်။

* ဂေါမယော ပိဏ္ဍော ဂေါမယပိဏ္ဍော။

* ပရိတ္တာ ဝိယာတိ ပရိတ္တာ။

သေးငယ်သော အရာဝတ္ထုတို့၏ ကာမာဝစရတရားတို့နှင့် ဥပမာန+ဥပမေယျစပ် ဗျူ-နိ။ ဥပမာန ဥပမေယျတို့၏ တူမျှခြင်း သာဒိသျဘောဂုဏ်သည် ပဝတ္တိနိမိတ်။

* အနု အနု တံ သမင်္ဂီနော ဘာဝေတိ ဝဍ္ဎေတီတိ အနုဘာဝေါ။

* အနုဘာဝေါ ယေဝ အာနုဘာဝေါ။

* အပ္ပေါ အာနုဘာဝေါ ဧတေသန္တိ အပ္ပါနုဘာဝါ။

နည်းသော အစွမ်းသတ္တိ အာနုဘော်၏ ကာမတရားတို့နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ် ဗျူ-နိ။

နည်းသော အာနုဘော်သည် ပဝတ္တိနိမိတ်။

http://www.dhammadownload.com



* အပ္ပါနုဘာဝါနံ ဘာဝေါ အပ္ပါနုဘာဝတာ။

နည်းသော အာနုဘော်ရှိသော ကာမတရားတို့၏ အစွမ်းသတ္တိ အာနုဘော်နည်းခြင်းနှင့် ဂုဏ်+ဂုဏေးစပ် ဗျု-နိ။

အစွမ်းသတ္တိ အာနုဘော်နည်းခြင်းဂုဏ်သည် ပဝတ္တိနိမိတ်။

* ဝိက္ခမ္ဘီယတေ ဝိက္ခမ္ဘနံ။

* ကိလေသာနံ ဝိက္ခမ္ဘနံ ကိလေသဝိက္ခမ္ဘနံ။

* ကိလေသဝိက္ခမ္ဘနေ သမတ္ထာ ကိလေသဝိက္ခမ္ဘနသမတ္ထာ။

(မဟဂ္ဂုတ် ကုသိုလ်ရဲ့။)

ကိလေသာကို ပယ်ခွါခြင်းကိစ္စ သတ္တိ၏ မဟဂ္ဂုတ်ကုသိုလ်တို့နှင့် ကိစ္စ+ကိစ္စဝန္တ၊ သတ္တိ+သတ္တိမန္တစပ် ဗျု-နိ။

ကိလေသာကို ပယ်ခွါခြင်း သတ္တိသည် ပဝတ္တိနိမိတ်။

* ကိလေသဝိက္ခမ္ဘန သမတ္ထာနံ ဘာဝေါ ကိလေသဝိက္ခမ္ဘနသမတ္ထတာ။

မဟဂ္ဂုတ်ကုသိုလ်တို့၏ ဝိက္ခမ္ဘနပဟာနသတ္တိနှင့် သတ္တိမန္တ+ သတ္တိ အဖြစ်ဖြင့် စပ်ခြင်းသမွန်သည် ဗျု-နိ။

ဝိက္ခမ္ဘနပဟာနသတ္တိသည် ပဝတ္တိနိမိတ်။

* ဝိပုလံ ဖလံ ဧတေသန္တိ ဝိပုလဖလာ။ (မဟဂ္ဂုတ်ကုသိုလ်)

* ဝိပုလဖလာနံ ဘာဝေါ ဝိပုလဖလတာ။

မဟဂ္ဂုတ်ကုသိုလ်တို့၏ ကြီးကျယ်ဖွံ့ဖြိုး များမြတ်သော အကျိုးရှိခြင်း ဂုဏ်နှင့် ဂုဏ်+ ဂုဏေးအဖြစ်ဖြင့် စပ်ခြင်းသမွန်သည် ဗျု-နိ။

ကြီးကျယ်ဖွံ့ဖြိုးများမြတ်သော အကျိုးရှိခြင်းဂုဏ်သည် ပဝတ္တိနိမိတ်။

(ဋီကာ၌- ဝိပုလံ ဖလံ ဝိပုလဖလံ ဟု ဝစနတ္ထပြုနိုင်ကြောင်း ယင်းသို့ပြုက မဟဂ္ဂုတ်ဝိပါက်ကိုရကြောင်း တစ်နည်းပြသေးသည်။)

* ဒီဃော သန္တာနော ဧတေသန္တိ ဒီဃသန္တာနာ။ (မဟဂ္ဂုတ်စိတ်အားလုံး)

* ဒီဃသန္တာနာနံ ဘာဝေါ ဒီဃသန္တာနတာ။

http://www.dhammadownload.com



*   မဟန္တံ ဂတာ မဟဂ္ဂတာ။ (ပဌမနည်း)

မြတ်ခြင်းဂုဏ်၏ မဟဂ္ဂုတ်တရားတို့နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျု-နိ။

မြတ်သောဂုဏ်သည် ပဝတ္တိနိမိတ်။

*   မဟန္တေဟိ ဂတာ မဟဂ္ဂတာ။ (ဒုတိယနည်း)

မြတ်သော ဈာနလာဘီပုဂ္ဂိုလ်တို့၏ မဟဂ္ဂုတ်တရားတို့နှင့် နိဿယ +နိဿိတ၊ ဌာန+ဌာနီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။

မဟဂ္ဂုတ် တရားတို့၏ တစ်ပါးသည်တစ်ပါးနှင့် တူသောအခြင်း အရာဟု ဆိုအပ်သော သာမညဇာတ်သည် ပဝတ္တိနိမိတ်။

*   ဥဠုန် ဥဂ္ဂမန် ဝိပုလဂမန် ဥဠာရံ။ (ဥဠ+ အာရ)

*   ဆန္ဒော စ ဝီရိယံ စ စိတ္တံ စ ပညာ စ ဆန္ဒဝီရိယစိတ္တပညာ။

*   ဥဠာရာ ဆန္ဒဝီရိယစိတ္တပညာ ယေသန္တိ ဥဠာရဆန္ဒဝီရိယစိတ္တပညာ။ (တေဟိ)

ပြန့်ပြောသော ဆန္ဒဝီရိယစိတ္တပညာတို့၏ ဈာနလာဘီပုဂ္ဂိုလ်တို့နှင့် ဌာနီ+ဌာန၊ သံ+သာမီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။

ပြန့်ပြောသော ဆန္ဒဝီရိယစိတ္တပညာတို့သည် ပဝတ္တိနိမိတ်။

**(ဂဏ္ဌိသစ်- ၌ ဥဠာရစ္ဆန္ဒဝီရိယစိတ္တပညေဟိ -မွန်မြတ်သော ဆန္ဒ ဝီရိယ စိတ် ပညာတို့ဖြင့်။ ဂတာပဋိပန္နာ- ကျင့်အပ်ကုန်သည် တည်း- ဟုပေးသည် မကောင်းပါ။)**

*   ပမိဏန္တီတိ ပမာဏာ။ (ရာဂစသည်ရ၏)

*   နတ္ထိ ပမာဏံ ဧတေသန္တိ အပ္ပမာဏာ။

တိုင်းတာစရာမရှိခြင်း အဘာဝဖြစ်သောဂုဏ်၏ လောကုတ္တရာတရား တို့နှင့်ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။

တိုင်းတာစရာ မရှိခြင်း အဘာဝဖြစ်သောဂုဏ်သည် ပဝတ္တိနိမိတ်။

http://www.dhammadownload.com



**တစ်နည်း-** န ပမာဏာ အပ္ပမာဏာ။

၆။ **(က) သမန္တတော ဧကွေီတတ္တာ-ဖြင့်** ပရိတ္တံကို ပရိသမန္တတော ဒီယတေ အဝခဏ္ဍီယတေတိ ပရိတ္တံဟု ကိတန္တပဥ္စမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြု-လည်းကောင်း၊ ပရိ ရှေးရှိသော ဒါဓာတ် တ-ပစ္စည်း၊ ပရိဥပ သာရပုဒ်၏ သမန္တအနက်ကို ဟောသည်၏အဖြစ်၊ ဒါဓာတ်၏ ပိုင်းဖြတ်ခြင်း အနက်ကို ဟောသည်၏အဖြစ်၊ တပစ္စည်း၏ ကံအနက်ကို ဟောသည်၏ အဖြစ်ကို သိစေပါသည်။ **(ဘာသာဋီကာ၌ ပရိ+ အာ+ဒါဓာတ်ဟု ဆိုသည်၊ အာ-ရှေ့ရှိဖွယ်မလို။)**

**အပ္ပမတ္တံ ပရိတ္တန္တိ ဝုစ္စတိဖြင့်** ယင်းသို့ ဝစနတ္ထပြုသော်လည်း ပရိတ္တ-အရ ကာမာဝစရတရားတို့ကို မကောက်ရသေး၊ ယင်းပရိတ္တသဒ္ဒါ၏ ကေဒေသျူပစာ ရုဠ္ဌီသဒ္ဒါဖြစ်သောကြောင့် ပရိတ္တအရ အနည်းငယ်သော အရာဝတ္ထုကိုသာ ယူရမည်အဖြစ်ကို သိစေပါသည်။

**ပရိတ္တံ ဂေါမယပိဏ္ဍန္တိ အာဒီသုဝိယ-ဖြင့်** ပရိတ္တံ ဂေါမယပိဏ္ဍံ စသောပါဠိရပ်တို့၌ သေးငယ်သော နွားချေးခဲကို ပရိတ္တဟု ဆိုအပ်သကဲ့သို့ ဟူသော ဥပမာနကို သိစေပါသည်။

**(ခ) ဣမေပိ အပ္ပါနုဘာဝတာယ ပရိတ္တာဝိယ-ဖြင့်** ပရိတ္တာ ဝမွှာ-၌ ပရိတ္တကို ပရိတ္တာ ဝိယာတိ ပရိတ္တာ-ဟု ဥပမာတဒ္ဓိတ်ဝစနတ္ထ ပြုလည်းကောင်း၊ ပရိတ္တပုဒ်+ ဏပစ္စည်း၊ ယင်း ဏပစ္စည်း၏ ဥပမာနအနက်၌ သက်-လည်းကောင်း၊ ဤ ကာမာဝစရ တရားတို့သည်လည်း နည်းသော အာနုဘော် ရှိသည်၏အဖြစ်ကြောင့် (နည်းသော အရာဝတ္ထုနှင့်တူရကား) ပရိတ္တဟု ဆိုရသည် အဖြစ်ကိုလည်းကောင်း သိစေပါသည်။

**(ဂ) ကာမာဝစရ ဓမ္မာနမေတံ အဓိဝစနံ-ဖြင့်** ပရိတ္တအရ လောကုတ္တရာတရားကိုကောက် နည်းသောအာနုဘော်ရှိသော မဟဂ္ဂုတ် တရားတို့ကို မကောက်ရ။ ပရိတ္တသဒ္ဒါသည် ကာမာဝစရတရားတို့၌သာ

http://www.dhammadownload.com



ထင်သော ကေဒေသျှပစာ ရှင့်သဒ္ဒါဖြစ်သောကြောင့် ကာမာဝစရတရား တို့ကိုသာ ကောက်ယူရမည်အဖြစ်ကို သိစေပါသည်။

(ဃ) **မဟန္တဘာဝံ ဂတာ**-ဖြင့် မဟဂ္ဂတာကို မဟန္တံ ဂတာ မဟဂ္ဂတာဟု ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြု-လည်းကောင်း၊ မဟ (မဟာ) ၏ မဟန္တ သဒ္ဒါကာရိယအဖြစ်ကိုလည်းကောင်း၊ ၎င်း မဟန္တ (မဟာ) အရ မြတ်ခြင်းဂုဏ်ကို ကောက်ယူရမည်အဖြစ်ကို လည်းကောင်း၊ ယင်း မဟန္တသဒ္ဒါ၏ ဘာဝပ္ပဓာန+ဘာဝလောပပုဒ် အဖြစ်ကိုလည်းကောင်း၊ မဟဂ္ဂ တာ-၌ ဂတာကို ဂစ္ဆန္တီတိ ဂတာဟု ကတ္တုသာဓ်ဝစနတ္ထပြု လည်းကောင်း၊ ဂမု-ဓာတ် တ-ပစ္စည်း၊ ယင်း တပစ္စည်း၏ ကတ္တားအနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

**ကိလေသဝိက္ခမ္ဘနသမတ္ထတာယ** စသော ဟိတ်သုံးပါးပါဌ်တို့ဖြင့် ကိလေသာကို ခွါထွက်ခြင်း၌ စွမ်းနိုင်သောကြောင့်လည်းကောင်း၊ များမြတ် သော အကျိုးရှိသောကြောင့်လည်းကောင်း၊ ရှည်သောသန္တာန် ရှိသော ကြောင့်လည်းကောင်း၊ ဤမဟဂ္ဂုတ်တရားတို့သည် မြတ်သည်၏အဖြစ်သို့ ရောက်ရသည်၏အဖြစ်ကို သိစေပါသည်။

ဝါ-ဖြင့် နယန္တရကို သိစေပါသည်။

**မဟန္တေဟိ ဥဠာရစ္ဆန္ဒဝီရိယ စိတ္တပညေဟိဂတာပဋိပန္နာ**-ဖြင့် မဟဂ္ဂတာကို မဟန္တေဟိ ဂတာ မဟဂ္ဂတာ-ဟု အဝုတ္တကတ္တု တတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြု-လည်းကောင်း၊ မဟ (မဟာ) သဒ္ဒါ၏ မဟန္တ ကာရိယအဖြစ်ကိုလည်းကောင်း၊ ယင်းမဟန္တအရ မြတ်သော ဆန္ဒ ဝီရိယ ပညာရှိကြသည့် ဈာနလာဘီပုဂ္ဂိုလ်တို့ကို ယူရမည်အဖြစ်ကိုလည်းကောင်း၊ ထိုမဟန္တသဒ္ဒါ၏ ဒဗ္ဗဝါစကသဒ္ဒါ အဖြစ်ကိုလည်းကောင်း၊ မဟဂ္ဂတာ ၌ ဂတာကို ဂစ္ဆီယန္တေ ပဋိပဇ္ဇီယန္တေတိ ဂတာဟု ကမ္မသာဓ် ဝစနတ္ထပြု- လည်း ကောင်း၊ ဂမုဓာတ် တ-ပစ္စည်း၊ ယင်းတပစ္စည်း တ-၏ ကံအနက်ကိုဟော လည်းကောင်း၊ ဂမုဓာတ်၏ စရဏအဖြစ်ကိုလည်းကောင်း၊ မြတ်သော ဈာန

http://www.dhammadownload.com



လာဘီ ပုဂ္ဂိုလ်တို့သည် ရအပ်ရောက်အပ်သောကြောင့် မဟဂ္ဂတာမည်သည် အဖြစ်ကိုလည်းကောင်း သိစေပါသည်။

**(င) ပမာဏကရာ ဓမ္မာ ရာဂါဒယော ပမာဏံနာမ** -ဖြင့် အပ္ပမာဏာ၌ ပမာဏကို ပမိဏာတီတိ ပမာဏံဟု ကတ္တုသာဓ်-လည်းကောင်း၊ ပ-ရှေ့ရှိသော မာဓာတ် ယုပစ္စည်း၊ ယင်း ယု၏ ကတ္တားအနက်ကို ဟော-လည်းကောင်း၊ ထိုပမာဏအရ နှိုင်းယှဉ်ခြင်းကို ပြုတတ်သည့် ရာဂ စသော ကိလေသာတို့ကို ယူရမည်အဖြစ်ကိုလည်းကောင်း သိစေပါသည်။

**(စ) အာရမ္မဏတော ဝါ သမ္ပယောဂတော ဝါ နတ္ထိ ဧတေသံ ပမာဏံ**-ဖြင့် အပ္ပမာဏကို နတ္ထိ ပမာဏံ ဧတေသန္တိ အပ္ပမာဏာဟု ဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြု-လည်းကောင်း၊ အ-၏ န ကာရိယအဖြစ်ကို လည်းကောင်း၊ အ-သည် န-၏ ဝိရဟတ္ထကို ဟောသည်၏ အဖြစ်ကို လည်းကောင်း၊ ရာဂစသော တရားတို့သည် လောကုတ္တရာတရားတို့အား အာရမ္မဏသတ္တိဖြင့်သော်လည်းကောင်း၊ သမ္ပယောဂသဟဇာတသတ္တိဖြင့် သော်လည်းကောင်း၊ နှိုင်းယှဉ်ခြင်း (ကျေးဇူးပြုခြင်း) ကို မပြုတတ်သော ကြောင့် လောကုတ္တရာတရားတို့သည် အပ္ပမာဏမည်သည်၏ အဖြစ်ကို လည်းကောင်း သိစေပါသည်။

**ပမာဏာသာ စ ပဋိပက္ခာ**-ဖြင့် အပ္ပမာဏာကို န ပမာဏာ အပ္ပမာဏာ ဟု ကမ္မဓာရည်းသမာသ် ဝစနတ္ထပြုလည်းကောင်း၊ အ-၏ န-ကာရိယအဖြစ်၊ ထို အ-၏ ပဋိပက္ခ ဝိရုဒ္ဓအနက်ကို ဟောသည်၏ အဖြစ်ကို လည်းကောင်း၊ လောကုတ္တရာတရားတို့သည် ထိုရာဂစသော တရားတို့၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် အပ္ပမာဏမည်သည်၏ အဖြစ်ကို လည်း ကောင်း သိစေပါသည်။

၇။ (ခ) ဤမေဝိကား ဆိုဆဲဖြစ်သော ပဓာန သံဝဏ္ဏေတဗ္ဗ ပရိတ္တပုဒ်၏ အရဖြစ်သော ကာမာဝစရ တရားတို့ကို စွဲသောကြောင့် ပသိဒ္ဓဝိသယ။

http://www.dhammadownload.com



သဗ္ဗပဒံ သာဝဓာရဏံနှင့်အညီ (၈) ဝါကျ၌ ကာမာဝစရ မွှာန် နေခင် စေထိုင်လျှင် -

၁။ ကာမာဝစရမွေသည် ဂဟေတဗ္ဗ။
၂။ အခြားတရားတို့သည် နိဝတ္တေတဗ္ဗ။
၃။ ကာမတရားတို့၏ ပရိတ္တဘောဂုဏ်သည် (အပ္ပါနဘာဝဂုဏ်) သည် အနညာတ။

၈။ ကိလေသဝိက္ခမ္ဘနသမတ္ထတာယ ဝိပုလဖလတာယတို့ကို ထောက်၍ မဟဂ္ဂတအရ မဟဂ္ဂုတ်ကုသိုလ်ကို ကောက်ခဲ့လျှင် -

၁။ ယင်းသည် ဒဿနတ္ထ။
၂။ ကာမာဝစရ ဥပစာရ သမာဓိဇောသည် ဒီပကတ္ထ။
၃။ နီဝရဏ ကင်းကွာခြင်း ပရိသုဒ္ဓ ပရိယောဒါတ ဖြစ်ခြင်း တို့သည် ပကာသနတ္ထ။
၄။ တိဟေတုက ပဋိသန္ဓိကတာ စသော သမ္ပတ္တိအကြောင်း များနှင့်ပြည့်စုံခြင်း၊ သပ္ပုရိသူပနိဿယ စသော ဝိပ္ပတ္တိတို့မှ ကင်းခြင်းစသော အကြောင်းသည် ဝိဘာဝတ္ထ။
၅။ ဖြဟ္မာ့ပြည်၌ဖြစ်ရခြင်း စသော အကျိုးသည် အနုဘာဝတ္ထ။

အပ္ပမာဏအရ - လောကုတ္တရာတရား ကိုးပါးရ၏။ ထိုတွင် မဂ်စိတ်, ဖိုလ်စိတ်ကို ကောက်ခိုက် သောကွတိက်၌ကဲ့သို့ထုတ်။ နိဗ္ဗာန်ကို ကောက် ခိုက် အပစယဂါမိတိက် အပစယကဲ့သို့ထုတ်။

## ၁၀။ အပ္ပမတ္တက် ပရိတ္တဋ္ဌိ ဝုစ္စတိ။

ဝုစ္စတိ-၌ ဝစဓာတ်အရ ဉာဏ်ဝီရိယပြဋ္ဌာန်းသော (ပြောဆိုသော အခြင်းအရာ အားဖြင့်ဖြစ်သော) မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပ ယုတ် စိတ္တုပ္ပါဒ် ရ၏။ (ပစ္စယုပ္ပန်)

http://www.dhammadownload.com



တေ-ဝိဘတ်အရ အနည်းငယ်သောဝတ္ထု ရ၏။ (ပစ္စည်း) အာရမ္မဏာသတ္တိဖြင့် ကျေးဇူးပြုသည်။

**မဟဂ္ဂတာ--**

ပထမနည်း- ရှေ့ပုဒ်အရ မြတ်ခြင်းဂုဏ်ရ၏။ (ပစ္စည်း) နောက်ပုဒ်အရ မဟဂ္ဂုတ်စိတ် စေတသိက် ရ၏။ (ပစ္စယုပ္ပန်) သာမန်အားဖြင့် ပကတူပ-ပြိုင်မရှိ။

**ဝိသေသအားဖြင့်--**

ရှေ့ပုဒ်အရ မြတ်သောဂုဏ်ကို မုချရသော်လည်း ဂုဏ်ဟူသည် ဂုဏေးနှင့် မကင်းကောင်းရကား ဂုဏူပစာ အဝိနာဘာဝနည်းဖြင့် ဂုဏေး ဖြစ်သော မဟဂ္ဂုတ်စိတ် စေတသိက်တို့ကိုပင် ယူအပ်၏။

ယင်းသို့ယူလျှင် ရှေ့ပုဒ် နောက်ပုဒ် အရတူသောကြောင့် ဇဟော ခန္ဓော တိဋ္ဌနဲ့ ခန္ဓာနံ စသောနည်းဖြင့် သဟဇာတပြိုင်ရမည်။

**မဟဂ္ဂတ- (ဒုတိယနည်း)**

ရှေ့ပုဒ်အရ ဈာနလာဘီပုဂ္ဂိုလ်တို့၏ ခန္ဓာပဉ္စကရ၏။ နောက်ပုဒ်အရ မဟဂ္ဂုတ်စိတ်, စေတသိက် ရ၏။ သဟဇာတသတ္တိ။

**(တစ်နည်း)** ရှေ့ပုဒ်အရ ဈာနလာဘီပုဂ္ဂိုလ်တို့၏ သန္တာန်၌ တည်သော ဟဒယဝတ္ထုကို ပစ္စည်းယူခဲ့လျှင် ဝတ္ထုပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

ပုရေဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ပေါင်း ၅-ပစ္စည်းပြိုင်။

**ဝိပုလဖလတာယ**

ဝိပုလဖလတာယ-၌ ဝိပုလဖလဝယ် အန္တတ္ထသမာသ်ပုဒ်အရ-မဟဂ္ဂုတ်ဝိပါက်စိတ္တုပ္ပါဒ် ကဋတ္တာရုပ်ရ၏။ (ပစ္စယုပ္ပန်) ဗဟုတ္တ (အညပုဒ်)

http://www.dhammadownload.com



အရ မဟာဂ္ဂတ်ကုသိုလ်စေတနာရ၏။ (ပစ္စည်း) ပကတူပသတ္တိဖြင့် ကျေးဇူးပြုသည်။

ပကတူပ - နာနက္ခဏိကပြိုင်။

< >

## ၂၇။ မိစ္ဆတ္တတိက် အဖွင့်

(က) မိစ္ဆတ္တတိကေ "ဟိတသုခါဝဟာ မေ ဘဝိဿန္တိ" တိ ဧဝံ အာသီသိတာပိ တထာ အဘာဝတော " အသုဘာဒီသု ယေဝ သုဘာ"န္တိ အာဒိ ဝိပရီတပ္ပဝတ္တိတောစ မိစ္ဆာသဘာဝါတိ မိစ္ဆတ္တာ။

(ခ) ဝိပါကဒါနေ သတိ ခန္ဓဘေဒါနန္တရမေဝ ဝိပါကဒါနတော နိယတာ။

(ဂ) မိစ္ဆတ္တာ စ တေ နိယတာ စာတိ မိစ္ဆတ္တနိယတာ။

(ဃ) ဝုတ္တဝိပရီတေန အတ္ထေန သမ္မာ သဘာဝါတိ သမ္မတ္တာ။

(င) သမ္မတ္တာ စ တေ နိယတာ စ အနန္တရမေဝ ဖလဒါနေနာတိ သမ္မတ္တနိယတာ။

(စ) ဉဘယထာပိ န နိယတာတိ အနိယတာ။

(ဋ္ဌ - ၈၇)

### ၁။ အာသီသိတာပိ ၏ ကတ္တားကို အာနန္တရိယ နိယတ မိစ္ဆာဒိဋ္ဌိကေဟိ (သို့မဟုတ်) ပုဂ္ဂလေဟိ ထည့် ။

ဝိပါကဒါနတော၊ အကျိုးပေးခြင်းအားဖြင့်။ နိယတာ၊ မြဲကုန်၏။ (ပြည်နိဿယ, ယောဇနာတို့အလို)

http://www.dhammadownload.com



ဝိပါကဒါနတော၊ အကျိုးကို ပေးတတ်သောကြောင့်။
**(ဘာသာဋီကာအလို)**

(က) ဝါကျလာ တထာ အဘာဝတော ဝိပရီတပဝတ္တိတော စ ဟူ၍ မိစ္ဆတ္တ၏ ဟိတ်နှစ်ပါးရှိသကဲ့သို့ ဝိပါကဒါနတောသည် နိယတ-၏ ဟိတ်ဖြစ်သင့်သောကြောင့် ဘာသာဋီကာအဆို ပိုကောင်းသည်။ ဂဏ္ဌိသစ်၌လည်း ဟိတ်အနက်ပင်ပေးသည်။ မိစ္ဆတ္တတရားတို့သည် အကျိုးပေးရလျှင် စုတိ၏ အခြားမဲ့၌ အကျိုးပေးသောကြောင့် အကျိုးပေးမြဲသည်ဟု ဆိုလိုသည်။

(က) ဝါကျ၌ ယေမွော၊ အကြင်အာနန္တရိယကံ နိယတမိစ္ဆာဒိဋ္ဌိဟု ဆိုအပ်သောတရားတို့သည် -ဟု ကတ္တားကို သရုပ်ပေါ်အောင်ပေးပါ။

## ၂။ (က) ဝါကျသို့ လီနတ္ထရစောဒနာ

ဆရာ မြတ်စွာဘုရားသည် မိစ္ဆတ္တနိယတာဟု ဟောတော်မူခဲ့၏။ မိစ္ဆတ္တကို မိစ္ဆာ + ဘာဝေါ မိစ္ဆတ္တံဟု ဘာဝတဒ္ဓိတ် ဝစနတ္ထပြုရမည်လော။ အဘယ်သို့ ဝစနတ္ထပြုရမည်နည်း။ စုဒ်ကြောင့် (က) ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား-**

မိစ္ဆာ အတ္တာ သဘာဝေါ ယေသန္တိ မိစ္ဆတ္တာဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်ဟူလို။

**တစ်နည်း-**

ဆရာ မြတ်စွာဘုရားသည် မိစ္ဆတ္တနိယတာဟု ဟောတော်မူ၏။ မိစ္ဆာသဒ္ဒါသည် ကာမေသုမိစ္ဆာစာရ၌ကဲ့သို့ လာမကအနက်ကို ဟောလေသလော၊ သို့မဟုတ်-ဒိဋ္ဌိစသည်၌ကဲ့သို့ မှားယွင်းခြင်း (ဝိပရီတ) အနက်ကို ဟောလေသလော။ အဘယ်အနက်ကို ဟောပါသနည်း။ စုဒ်ကြောင့် (က) မိန့်။

**အဓိပ္ပါယ်ကား-**

မှားယွင်းခြင်း ဝိပရီတအနက်ကို ဟောပါ၏ ဟူလို။

http://www.dhammadownload.com



**တစ်နည်း -**

ဆရာ များသောသဘောရှိသော တရားတို့သည် မိစ္ဆတ္တမည်၏ဟု ဆိုတော်မူ၏။ ထိုမိစ္ဆတ္တ မွေတို့၏ များယွင်းပုံကို ထင်ရှားစွာ မသိရသေးသည် မဟုတ်ပါလော။

**တစ်နည်း -**

ထို ပုဂ္ဂိုလ်တို့သည် ငါ၏စီးပွားချမ်းသာကို ဆောင်ကြလိမ့်မည်ဟု တောင့်တကြသည် မဟုတ်ပါလော။ **(အာသီသိတာပိ ဟူသော လက္ခဏ ရှစ်ပုဒ်ကို အာဘော်လုပ်ပါ)** အဘယ်သို့သော အကြောင်းတို့ကြောင့် များ ယွင်းသောသဘောရှိကြပါသနည်း။ စုဒ်ကြောင့် (က) မိန့်။ **(ဟိတ်နှစ်ချက်ကို မျှော်၍ တက်ပါ)**

**အဓိပ္ပါယ်ကား -**

ငါ၏စီးပွားချမ်းသာ ဖြစ်ကြလိမ့်မည်ဟု တောင့်တကြသော်လည်း တောင့်တတိုင်း မဖြစ်သောကြောင့်လည်းကောင်း၊ အသုဘစသည်တို့၌ပင် သုဘစသည်ဟု ဖောက်ပြန်စွာ မှတ်ထင်သောကြောင့်လည်းကောင်း များသော သဘောရှိကြပါ၏ ဟူလို။

## (ခ) ဝါကျသို့

ဆရာ ဆရာသည် (က)ဖြင့် မိစ္ဆတ္တနိယတာ-၌ မိစ္ဆတ္တဖြစ်ပုံကို အကြောင်း + ဟိတ်များဖြင့် ပေါ်လွင်ထင်ရှားစွာ ဖွင့်ဆိုတော်မူခဲ့၏။ ထို မိစ္ဆတ္တမွေတို့၏ နိယတ (မြဲပုံ) ကို မသိရသေးသည် မဟုတ်ပါလော။ ထို မိစ္ဆတ္တမွေတို့၏ မြဲပုံနှင့် မြဲခြင်းအကြောင်းကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ) မိန့်။

**အဓိပ္ပာယ်ကား -**

အကျိုးပေးရလျှင် စုတိ၏အခြားမဲ့၌ အကျိုးပေးသောကြောင့် မြဲပါ၏ ဟူလို။

http://www.dhammadownload.com



**တစ်နည်း-**

ဆရာ မိစ္ဆတ္တမေ့တို့သည် မြဲကုန်၏ဟု မိစ္ဆတ္တနိယတာ မေ့ာဟူသော မာတိကာပါဠိတော်ဖြင့် ပြဆိုတော်မူ၏။ မြဲ၏ဟူသည် အကျိုးပေးရာကာလ၏ မြဲခြင်း (ဖလ-ကာလနိယမ) ကို ဆိုလိုပါသလော။ သို့မဟုတ်- အကျိုးပေး မြဲခြင်း (ဖလဒါန နိယမ) ကို ဆိုလိုပါသလော။ အဘယ်၏အစွမ်းဖြင့် မြဲပါသနည်း။ စုဒ်ကြောင့် (ခ)မိန့်။

**(ဋီကာကား -အကျိုးပေးရာကာလ မြဲခြင်း ဖလကာလနိယမကို မလို။ အကျိုးပေးခြင်း မြဲခြင်း(ဖလဒါနနိယမ)ကိုသာလိုသည်။)**

## (ခ) ဝါကျ ဝိပါကဒါနေ သတိ -သို့

ဆရာ အာနန္တရိယကံ၊ နိယတမိစ္ဆာဒိဋ္ဌိတို့သည် အကျိုးပေး မြဲကုန်၏ (မိစ္ဆတ္တနိယတ မည်ကုန်၏) ဟုဆို၏။ အနန္တရိယကံ များစွာကို ပြုမိသောသူအား ဗလဝကံ အကျိုးပေးခဲ့သော် ဒုဗ္ဗလကံသည် အကျိုးမပေးသောကြောင့် အကျိုးပေးမြဲသည် (နိယတ) ဟု မဆိုသင့်သည် မဟုတ်ပါလော။ အဘယ်သို့မှတ်ရမည်နည်း။ စုဒ်ကြောင့် ဝိပါကဒါနေ သတိ-ပါဌ်ကိုမိန့်။

**အဓိပ္ပာယ်ကား-**

ဗလဝကံပင်ဖြစ်စေ၊ ဒုဗ္ဗလကံပင်ဖြစ်စေ အကျိုးပေးလျှင် စုတိ၏ အခြားမဲ့၌ အကျိုးပေးမြဲသောကြောင့် (ထိုဒုဗ္ဗလကံကိုလည်း) နိယတ-ဟု ဆိုသင့်ပါ၏ ဟူလို။

## (ဂ) ဝါကျသို့-

ဆရာ (က) (ခ)တို့ဖြင့် မိစ္ဆတ္တနိယတာ- ၌ မိစ္ဆတ္တပုဒ်. နိယတပုဒ်တို့၏ အဓိပ္ပာယတ္ထ. ဝစနတ္ထတို့ကို အသီးသီး ပြဆိုခဲ့၏။ မိစ္ဆတ္တနိယတာဟူသော အပေါင်းပုဒ်၏ အပေါင်းဝစနတ္ထကို မသိရသေးသည် မဟုတ်ပါလော။ (ဝါ) မိစ္ဆတ္တနိယတာကို ဒွန်သမာသ် ဝစနတ္ထပြုရမည်လော။ အဘယ်သို့ ဝစနတ္ထပြုရမည်နည်း။ စုဒ်ကြောင့် (ဂ)မိန့်။

http://www.dhammadownload.com



**အဓိပ္ပာယ်ကား-**

ကမ္မာရည်းသမာသ် ဝစနတ္ထပြုရမည်ဟူလို၊

(ဃ) ဝါကျသည် သမ္ဗတ္တနိယတာ-၌ သမ္ဗတ္တကို မိစ္ဆတ္တနည်းတူ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်ဟု ပြ၏။

(င) ဝါကျသည် သမ္ဗတ္တနိယတာ အပေါင်းပုဒ်၏ ဝစနတ္ထကို ပြသည်။

(စ) ဝါကျကား အနိယတာ၏ ဝစနတ္ထကို ပြသည်။

ယင်းတို့ကို နှလုံးသွင်း၍ ပက္ခ+ပက္ခန္တရ ဝါကျတက် တက်ပါ။

၃။ (က) ဝါကျဖြင့် မိစ္ဆတ္တနိယတာ-၌ မိစ္ဆာသဒ္ဒါသည် ဝိပရီတအနက်ကို ဟောသည်ဟု ပြဆိုသောကြောင့် အတိဗျာပိတဒေါသကို ပယ်သည်။

**(တစ်နည်း)**- အာနန္တရိယကံ၊ နိယတမိစ္ဆာဒိဋ္ဌိတရားတို့၏ မှားယွင်းဖောက်ပြန်ပုံကို အကြောင်းယုတ္တိများဖြင့် ပြဆိုသောကြောင့် ဝိရောဓိဒေါသ၊ ဩစိတျဟီနဒေါသတို့ကို ပယ်ပါသည်။

(ဂ) ဝါကျဖြင့် မိစ္ဆတ္တနိယတာဟူသော အပေါင်းပုဒ်၏ ဝစနတ္ထကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။

**တစ်နည်း-** မိစ္ဆတ္တနိယတာကို ဒွန်သမာသ် စသည်မပြုရ၊ ကမ္မာရည်းသမာသ် ဝစနတ္ထပြုရမည်ဟု ပြဆိုသောကြောင့် အတိဗျာပိတဒေါသ၊ ဝိရောဓိဒေါသတို့ကို ပယ်ပါသည်။

(ဃ) (င) (စ) တို့လည်း နည်းတူ၊

၄။ * ဟိတ သုခါနိ အာဝဟာ ဟိတသုခါဝဟာ၊

ဟိတသုခတို့၏ မိစ္ဆတ္တမှုတို့နှင့် အကျိုး+အကြောင်း အဖြစ်ဖြင့်

http://www.dhammadownload.com



စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။ (အာနန္တရိယကံ၊ မိစ္ဆာဒိဋ္ဌိရှိသူတို့၏ မှတ်ထင်ချက်အတိုင်း ထုတ်ခြင်းဖြစ်သည်။ အမှန်မှာ - အနန္တရိယကံ၊ မိစ္ဆာဒိဋ္ဌိတို့သည် ဟိတသုခကို မဆောင်နိုင်)

ဟိတသုခကို ဆောင်ခြင်းဂုဏ်သည် ပဝတ္တိနိမိတ်။

* အာသီယန္တေတိ အာသီသိတာ။ (အာ + သီသ + တ) တောင့်တခြင်းကြိယာကို ခွဲ၍ထုတ်။
* မိစ္ဆာ ဝိပရီတာ အတ္ထာ သဘာဝါ ယေသန္တိ မိစ္ဆတ္တာ။

မှားယွင်းဖောက်ပြန်သော သဘော၏ မိစ္ဆတ္တမေ္မ (အာနန္တရိယကံ၊ နိယတမိစ္ဆာဒိဋ္ဌိ) တို့နှင့် သဘာဝ+သဘာဝဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ မှားယွင်းဖောက်ပြန်သော သဘောသည် ပဝတ္တိနိမိတ်။

* မိစ္ဆာ ဝိပရီတာ သဘာဝါ ယေသန္တိ မိစ္ဆာသဘာဝါ။( နည်းတူထုတ်)
* ဝိပါကဿ ဒါနံ ဝိပါကဒါနံ။
* ခန္ဓဘေဒဿ အနန္တရံ ခန္ဓဘေဒါနန္တရံ။

ခန္ဓဘေဒဟူသော စုတိ၏ ပဋိသန္ဓေနှင့် အနန္တရပစ္စည်း+ပစ္စယုပ္ပန် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။

ခန္ဓာပျက်စီးခြင်း ကြိယာသည် ပဝတ္တိနိမိတ်။

* နိယမန္တီတိ နိယတာ။ (နိ+ ယမု+ တ) (မြဲခြင်း)
* မိစ္ဆတ္တာ စ တေ နိယတာ စာတိ မိစ္ဆတ္တနိယတာ။

မှားယွင်းဖောက်ပြန်ခြင်း ဂုဏ်၏ မိစ္ဆတ္တမေ္မတို့နှင့် ဂုဏ်+ ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။

မိစ္ဆတ္တနိယတမေ္မတို့၏ သာမညဇာတ်သည် ပ-နိ။

* သမ္မာ အဝိပရီတာ အတ္ထာ သဘာဝါ ယေသန္တိ သမ္မတ္တာ။

မဖောက်မပြန် မှန်ကန်ခြင်းဂုဏ်၏ သမ္မတ္တနိယတ (မဂ်) တရားတို့နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။

http://www.dhammadownload.com



မဖောက်မပြန် မှန်ကန်ခြင်းဂုဏ်သည် ပဝတ္တိနိမိတ်။

* သမ္မာ အဝိပရီတာ သဘာဝါ ယေသန္တိ သမ္မာသဘာဝါ။ (နည်းတူ)

* န နိယတာ အနိယတာ။

ပဋိပက္ခဘောဂုဏ်၏ အနိယတမွေတို့နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်း သမ္မန်သည် ဗျု-နိ။ ပဋိပက္ခဘောဂုဏ်သည် ပ-နိ။

* အတ္ထိ ဘဝတီတိ သန္တော။ (တသ္မိံ သတိ) (အသ+အ+အန္တ)

၅။ မိစ္ဆာ = နိပါတ်ပုဒ်၊ အလိင်၊ ဂဏဝိမုတ်၊ အာကာရန္တ။
မိစ္ဆတ္တာ = သမာသ်ပုဒ်၊ ပုံလိင်၊ ပုရိသာဒိ၊ အကာရန္တ။
သတိ = ကိတ်ပုဒ်၊ နပုလ္လိင်၊ (ဝိပါကဒါနေနှင့်လိင်တူစေ) ဂစ္ဆန္တာဒိ၊ အာကာရန္တ။

၆။ (က) **မိစ္ဆာသဘာဝါ**-ဖြင့် မိစ္ဆတ္တာကို မိစ္ဆာ အတ္တာ သဘာဝါ ယေသန္တိ မိစ္ဆတ္တာ-ဟု ဗဟုဗ္ဗီသမာသ် ဝစနတ္ထပြု။ အတ္တာသဒ္ဒါသည် ကာယ, စိတ္တအနက်တို့ကို မဟော၊ သဘာဝအနက်ကို ဟောသည်၏ အဖြစ်ကို သိစေပါသည်။

**ဟိတသုခါဝဟာ မေ ဘဝိဿန္တိ (ပ) အဘာဝတော**-ဖြင့် အာနန္တရိယကံ၊ နိယတမိစ္ဆာဒိဋ္ဌိ အယူတို့သည် ငါ့အတွက် စီးပွားချမ်းသာ ဖြစ်ကြလိမ့်မည်ဟု ထိုအမှုပြုသူ ထိုအယူရှိသူတို့က မှတ်ထင် တောင့်တကြသည်အဖြစ်၊ ထိုသို့ တောင့်တသော်လည်း တောင့်တတိုင်း မဖြစ်သည် အဖြစ်၊ ထိုသို့ တောင့်တတိုင်းမဖြစ်သောကြောင့် မှားယွင်းသော သဘောရှိသည် အဖြစ်ကိုလည်းကောင်း၊ (ဘာဝတ္ထ) အသုဘာဒီသုယေဝ သုဘန္တိအာဒိ ဝိပရီတပ္ပဝတ္တိတော စသည်ဖြင့်- မိစ္ဆတ္တနိယတမွေ အယူရှိသူတို့သည် ထိုသို့ ဆိုခဲ့ပြီးအတိုင်း မှတ်ထင်တောင့်တကြရုံမျှမက အသုဘစသည်တို့၌ သုဘစသည်တို့၏ အစွမ်းဖြင့် ဖောက်ပြန်စွာ ရှုတတ်ကြသည် အဖြစ်၊ ထိုသို့

http://www.dhammadownload.com



မှတ်ထင်မှု၏ မှားယွင်းဖောက်ပြန်မှုကြောင့် မိစ္ဆတ္တဖြမည်ရသည် အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(ခ) ဝိပါကဒါနေ သတိ- စသည်ဖြင့် ထိုမိစ္ဆတ္တဖြတို့သည် အကျိုးပေးလျှင် ခန္ဓာပျက်သည်၏ အခြားမဲ့ဖြစ်သော ဒုတိယဘဝပဋိသန္ဓေ ခဏာ၌ပင် အကျိုးပေးတတ်သည် အဖြစ်၊ ထိုသို့ ဒုတိယဘဝမျိုး၌ အကျိုးပေး ခြင်း မြဲသောကြောင့် နိယတမည်၏ အဖြစ်၊ နိယတာကို နိယမန္တိတိ နိယတာ ဟု ကတ္တုသာဓ်ဝစနတ္ထပြုရမည် အဖြစ်၊ နိရေးရှိသော ယမုဓာတ်. တပစ္စည်း၊ ယင်းတပစ္စည်း၏ ကတ္တားအနက်ကို ဟောသည်၏အဖြစ်ကို သိစေပါသည်။

(ဂ) မိစ္ဆတ္တာ စ တေ-စသည်ဖြင့် မိစ္ဆတ္တနိယတာကို မိစ္ဆတ္တာ စ တေ နိယတာ စာတိ မိစ္ဆတ္တနိယတာဟု ကမ္မဓာရဲ သမာသ်ဝစနတ္ထ ပြုရမည်အဖြစ်ကို သိစေသည်။

(ဃ) ဝုတ္တဝိပရီတေန အတ္ထေန သမ္မာ သဘာဝါ - ဖြင့် သမ္မတ္တာကို သမ္မာအဝိပရီတာ အတ္တာ သဘာဝါ ယေသန္တိ သမ္မတ္တာဟု ဗဟုဗ္ဗီသမာသ် ဝစနတ္ထပြုရမည်အဖြစ်၊ သမ္မာသဒ္ဒါ၏ အဝိပရီတ မဖောက် မပြန် မှန်ကန်ခြင်း အနက်ကိုဟောသည်အဖြစ်၊ အတ္တသဒ္ဒါ၏ သဘာဝ အနက်ကို ဟောသည်၏အဖြစ်၊ သမ္မတ္တနိယတ တရားရှိသူတို့သည် "ဤ သမ္မတ္တနိယတတရားတို့သည် ငါ့အတွက် စီးပွားချမ်းသာကို ဆောင်ကြ လိမ့်မည်" ဟု တောင့်တသည့်အတိုင်း စီးပွားချမ်းသာကို ဆောင်တတ်သည် အဖြစ်၊ အသုဘစသည်ကို သုဘစသည်ဖြင့် မရှုဘဲ အသုဘ စသည်တို့၏ အစွမ်းဖြင့် မှန်ကန်စွာ ရှုတတ်သည်အဖြစ်၊ ထိုသို့ မှန်ကန်သောသဘော ရှိသောကြောင့် သမ္မတ္တမည်သည်၏ အဖြစ်ကို သိစေပါသည်။

(င) သမ္မတ္တာ စ တေ -စသည်ဖြင့် သမ္မတ္တနိယတာကို သမ္မတ္တာ စ တေ နိယတာ စာတိ သမ္မတ္တနိယတာဟု ဗဟုဗ္ဗီသမာသ် ဝစနတ္ထ ပြုရမည်အဖြစ်၊ ထို သမ္မတ္တတရား (မဂ်လေးပါး) တို့သည် စုတိ၏ အခြားမဲ့၌

http://www.dhammadownload.com



အကျိုးပေးသည် မဟုတ်ဘဲ မိမိ(မဂ်)၏ အခြားမဲ့၌ပင် အကျိုးပေးတတ်သည်အဖြစ်၊ ထိုသို့ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲသောကြောင့် နိယတမည်သည်၏ အဖြစ်ကို သိစေပါသည်။

**(စ) ဥဘယထာပိ န နိယတာ**-ဖြင့် အနိယတာကို န နိယတာ အနိယ တာဟု ကမ္မဓာရဲသမာသ် ပြုရမည်အဖြစ်၊ အ-၏ န-ကာရိယ အဖြစ်၊ ထို အ(န)၏ ပဋိပက္ခအနက်ဟောသည် အဖြစ်၊ ထိုအနိယတဓမ္မတို့ သည် စုတိ၏ အခြားမဲ့၊ မိမိ၏ အခြားမဲ့ နှစ်မျိုးလုံး၌ပင် အကျိုးပေး မမြဲ သည်အဖြစ်၊ ထိုသို့ အကျိုးပေးမမြဲသောကြောင့် အနိယတမည်သည်၏ အဖြစ်ကို သိစေပါသည်။

**ပဒဝိနိစ္ဆယ။** ။ အနန္တရမေဝ ဖလဒါနေန / ဖလဒါနနိယမေန-ဟု ပါဌ်နှစ်ထွေရှိရာ ( ခ ) ဝါကျ၌ ဝိပါကဒါနတော ဟု ဆိုသောကြောင့်လည်း ကောင်း၊ ဖလဒါနေန၏ စပ်ပုဒ်ကား နိယတာဖြစ်၍ နိယမဟု မလိုအပ် သောကြောင့်လည်းကောင်း ဖလဒါနေန သာသင့်။

၇။ **( ခ ) ခန္ဓဘေဒါနန္တရမေဝ - ၌**

၁။ စုတိ၏ အခြားမဲ့ဖြစ်သော ဒုတိယဘဝသည် ဂဟေတဗ္ဗ။
၂။ တတိယဘဝ စသည်သည် နိဝတ္တေတဗ္ဗ။
၃။ အကျိုးပေး မြဲခြင်းဂုဏ်သည် အနုညာတ။

**(ဃ) အနန္တရမေဝ -၌**

၁။ မဂ်၏ အခြားမဲ့ဖြစ်သော ကာလသည် ဂဟေတဗ္ဗ။
၂။ သောတာပတ္တိမဂ်အတွက် သကဒါဂါမိဖိုလ်ဖြစ်ရာကာလ စသော မဂ်နှင့် မလျော်သော ဖိုလ်စိတ်ဖြစ်ရာ ကာလသည် နိဝတ္တေတဗ္ဗ။ (ဒုတိယဘဝ၊ တတိယဘဝ စသည်လည်း နိဝတ္တေတဗ္ဗ)
၃။ ထိုမဂ်စိတ်တို့၏ အခြားမဲ့၌ အကျိုးပေးခြင်း မြဲသောဂုဏ်သည် အနုညာတ။

http://www.dhammadownload.com



၈။ မိစ္ဆတ္တနိယတာအရ -

အာနန္တရိယကံ ငါးပါးကို ကောက်လျှင် -

၁။ ယင်းသည် ဒဿနတ္တ၊

၂။ ဒေါသနှင့် အယောနိသောမနသိကာရသည် ဒီပကတ္တ။

၃။ မာတုယာတကကံ အထမြောက်ခြင်း၊ လူရှင် အပေါင်း၏ ကွဲရဲ့ ရွတ်ချ ခံရခြင်းစသည်သည် ပကာသနတ္တ။

၄။ အသပ္ပုရိသူပနိဿယ၊ အသဒ္ဓမ္မသဝန စသည်သည် ဝိဘာဝတ္တ။

၅။ သေသည့်အခါ ငရဲ၌ ကျရခြင်းစသည်သည် အနုဘာဝတ္တ။

နိယတမိစ္ဆာဒိဋ္ဌိကို ကောက်လျှင် -

၁။ ယင်းသည် ဒဿနတ္တ။

၂။ မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်နှင့် ပေါင်းခြင်း ထိုမိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်ထံမှ မိစ္ဆာတရားကို ကြားရခြင်း စသည် ဒီပကတ္တ။

၃။ ကုသိုလ်ကောင်းမှုကို မပြုခြင်း အကုသိုလ်ပြုရမည်ကို မကြောက်ခြင်းစသည် ပကာသနတ္တ။

၄။ ရှေးရှေးဘဝတို့၌ မိစ္ဆာဒိဋ္ဌိအယူရှိခဲ့ဖူးခြင်း စသော အကြောင်းများသည် ဝိဘာဝတ္တ။

၅။ သေသည့်အခါ ငရဲကျခြင်း စသည်တို့သည် အနုဘာဝတ္တ။

သမ္မတ္တနိယတာ - အရ မဂ်လေးပါးကိုကောက်လျှင် - အပစယာဂါမိနော (အာစယဂါမိတိတ်အတိုင်း ထုတ်ပါ)

အာသီသိတာဝိ - ၌ ခတ်အရ -

ဟိတသုခကို တောင့်တသော အခြင်းအရာအားဖြင့် ဖြစ်သော တဏှာ ဆန္ဒပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ရ၏။

၁။ ယင်းသည် ဒဿနတ္တ။

၂။ ထို စိတ္တုပ္ပါဒ်၏ ရှေးအဖို့၌ဖြစ်သော ဟိတသုခတို့၏ သာယာ

http://www.dhammadownload.com



ဖွယ် အဿာဒနှင့် ယင်းကို လိုလားတောင်းတသော ပုရိမ တဏှာ ဆန္ဒ အယောနိသောမနသိကာရတို့သည် ဒီပကတ္ထ။

၃။ မာတုယာတက စသော ကံကြီးငါးပါး ထိုကံကြီးငါးပါးကို လွန်ကျူးခြင်း၊ နိယတမိစ္ဆာဒိဋ္ဌိသို့ ခိုင်မြဲစွာ သက်ဝင်ခြင်းတို့သည် ပကာသနတ္ထ။

၄။ အသပ္ပုရိသူပနိဿယ စသော ရှေးရှေးသော အကြောင်းများသည် ဝိဘာဝတ္ထ။

၅။ အာနန္တရိယကံကို ကျူးလွန်ခြင်း၊ စိတ်နလုံး ပူပန်ဆင်းရဲခြင်း၊ သေသည့်အခါ ငရဲကျရခြင်း စသည်တို့သည် အနုဘာဝတ္ထ။

**၉။ အဋ္ဌကထာဆရာက** - အာနန္တရိယကံ နိယတမိစ္ဆာဒိဋ္ဌိတို့သည် စုတိ၏ အခြားမဲ့၌ အကျိုးပေးမြဲသောကြောင့် (ဝါ) ဖလကာလနိယတ- အကျိုးပေးရာကာလ မြဲသောကြောင့် နိယတ-ဟု ဆိုသည်။

**မူလဋီကာဆရာကား** - စုတိ၏အခြားမဲ့၌ အချို့သော ဥပပဇ္ဇဝေဒနီယကံများ အကျိုးပေးတတ်သောကြောင့် အာနန္တရိယကံ, နိယတမိစ္ဆာဒိဋ္ဌိ မဟုတ်သောအခြား ဥပပဇ္ဇဝေဒနီယကံတို့ကိုလည်း နိယတဟု ခေါ်နိုင်ဖွယ်ရှိသောကြောင့် အကျိုးပေးမြဲခြင်း- ဖလဒါနနိယမ၏ အစွမ်းဖြင့်သာ နိယတအဖြစ်ကို သတ်မှတ်သည်။

## ၁၀။ ဟိတသုခါဝဟာ-

ဟိတသုခအေရ- ဟိတသုခဟု ဆိုအပ်သော ပဝတ္တိဝိပါက် နာမက္ခန္ဓာရ၏။ (ပစ္စယုပ္ပန်) အာဝဟာ- အရ အာနန္တရိယကံ၏, နိယတမိစ္ဆာဒိဋ္ဌိ စိတ္တုပ္ပါဒ်ရ၏။ (ပစ္စည်း) ပကတူပသတ္တိ။ ပြိုင်မရှိ။

**အာသီသိတာဝိ** -

ဓာတ်အရ - ဟိတသုခကို လိုလားတောင့်တသော အစွမ်းဖြင့်ဖြစ်

http://www.dhammadownload.com



သော တဏှာဆန္ဒပြဌာန်းသော လောဘမူစိတ္တုပ္ပါဒ် ရ၏။ (ပစ္စယုပ္ပန်) တ-ပစ္စည်းအရ ဟိတသုခတို့ကို ရ၏။ (ပစ္စည်း) အာရမ္မဏသတ္တိ။ အာ. ဓိ. ဥပ. ပုရေဇာတ. အတ္ထိ. အဝိဂတ = ၆ ပစ္စည်းပြိုင် ။

## ခန္ဓဘေဒါနန္တရမေဝ ဝိပါကဒါနတော-

ခန္ဓဘေဒါနန္တရ အရ- စုတိ၏ အခြားမဲ့ဖြစ်သော ပဋိသန္ဓေကာလ ရ၏။ ကာလကို ဆိုသဖြင့် ကာလဝန္တဖြစ်သော ဒုဂ္ဂတိအဟိတ်ပဋိသန္ဓေဟု ဆိုအပ်သော အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်၊ ဆန္ဒ. ပီတိ. ဝီရိယ ကြဉ်သော အညသမာန်းစေတသိက် ၁၀-ပါး၊ ကမ္မဇရုပ်တို့ကို ယူအပ်၏။ (ယင်းသည် ပစ္စယုပ္ပန်) ဝိပါကဒါနတော အရ အကျိုးပေးတတ်သော ပဉ္စာနန္တရိယ အကုသိုလ်စေတနာနှင့် နိယတမိစ္ဆာဒိဋ္ဌိစေတနာ (ကံ) ရ၏။ (ပစ္စည်း) ပကတူပသတ္တိ။ ပကတူပ. နာနက္ခဏိကကမ္မပြိုင်။

## (င) ဝါကျ အနန္တရမေဝ ဖလဒါနေန-

အနန္တအရ- မဂ်၏ အခြားမဲ့ကာလ ရ၏။ ထိုတွင် ကာလကိုဆိုသဖြင့် ကာလဝန္တဖြစ်သော ဖိုလ်စိတ္တုပ္ပါဒ်ကို ယူအပ်၏။ ဖလဒါနအရ အကျိုးပေးတတ်သော မဂ်စိတ်လေးပါးစိတ္တုပ္ပါဒ်ရ၏။ မဂ်ပစ္စည်း ဖိုလ်ပစ္စယုပ္ပန်။ အနန္တရသတ္တိ။ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ = ၇ ပစ္စည်းပြိုင်။(မဂ်+ဖိုလ် အသီးသီးပြိုင်ပါ။)

◁ ▷

http://www.dhammadownload.com



## ၂၈။ မဂ္ဂါရမ္မဏတိတ်အဖွင့်

(က) မဂ္ဂါရမ္မဏတ္တိကေ နိဗ္ဗာနံ မဂ္ဂတိ ဂဝေသတိ. ကိလေသေ ဝါ မာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ။

(ခ) မဂ္ဂေါ အာရမ္မဏံ ဧတေသန္တိ မဂ္ဂါရမ္မဏာ။

(ဂ) အဋ္ဌင်္ဂိကောပိ မဂ္ဂေါ ပစ္စယဋ္ဌေန ဧတေသံ ဟေတူတိ မဂ္ဂဟေတုကာ။

(ဃ) မဂ္ဂသမ္ပယုတ္တာ ဝါ ဟေတူ မဂ္ဂေ ဝါ ဟေတူတိ မဂ္ဂဟေတူ၊ တေ ဧတေသံ ဟေတူတိပိ မဂ္ဂဟေတုကာ။

(င) သမ္မာဒိဋ္ဌိ သယံ မဂ္ဂေါ စေဝ ဟေတု စ၊ ဣတိ မဂ္ဂေါ ဟေတု ဧတေသန္တိပိ မဂ္ဂဟေတုကာ။

(စ) အဘိဘဝိတွာ ပဝတ္တနဋ္ဌေန မဂ္ဂေါ အဓိပတိ ဧတေသန္တိ မဂ္ဂါဓိပတိနော။

(ဋ္ဌ - ၈၇/၈)

### ၁။ မဂ္ဂဟေတုကာ

ပထမနည်း- အဋ္ဌင်္ဂိက အရိယာမဂ် ဟု ဆိုအပ်သော မဂ္ဂပစ္စည်းရှိကုန်သော။ မွော၊ မဂ်စိတ်လေးခု မဂ္ဂင်တရားကိုယ် ၈-ပါးကြဉ်သော စေတသိက် အဋ္ဌဝီသတို့သည်။ **(၈ ဝါကျအလို)**

### မဂ္ဂဟေတုကာ

ဒုတိယနည်း- မဂ်နှင့် ယှဉ်သော (အလောဘ. အဒေါသဟိတ်. မဂ်၌ တည်သော) အမောဟဟိတ် ရှိကုန်သော။ မွော၊ မဂ်စိတ်လေးခု၊ စေတသိက် ဆတ္တိံသတို့သည်။ **(ဃ- ဝါကျအလို)**

(နိက္ခေပကဏ္ဍပါဠိ၌ မည်သည့်တရားကို ကြဉ်ပါဟု မဆိုသောကြောင့်လည်းကောင်း၊ အလောဘ. အဒေါသ. အမောဟ ဟိတ်သုံးပါးတို့သည် အချင်းချင်း ယှဉ်ဖော်ယှဉ်ဘက်ဖြစ်သောကြောင့် လည်းကောင်း၊

http://www.dhammadownload.com



မဂ္ဂဟေတုကအရ ထိုဟိတ်သုံးပါးကို မကြည့်ရ။) မဂ်လည်းမည် ဟိတ်လည်း မည်သော သမ္မာဒိဋ္ဌိမဂ္ဂင်ဟုဆိုအပ်သော ဟိတ်ရှိကုန်သော။ ဓမ္မာ၊ မဂ်စိတ် လေးခု၊ သမ္မာဒိဋ္ဌိကြဉ် စေတသိက်ပဋ္ဌတ်သတို့သည်။

## မဂ္ဂါဓိပတိနော

မဂ်ဟုဆိုအပ်သော အာရမ္မဏာဓိပတိရှိကုန်သော။ ဓမ္မာ၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု၊ ဝိရတီ အပ္ပမညာကြဉ် စေတသိက် တေတ္တိသတို့သည်။ (အာရမ္မဏာဓိပတိအတွက်)

## မဂ္ဂါဓိပတိနော

မဂ်ဟုဆိုအပ်သော သဟဇာတဓိပတိပစ္စည်း ရှိကုန်သော။ ဓမ္မာ၊ မဂ်စိတ် ၄-ခု၊ ဝီရိယတပ်ခိုက် ဝီရိယကြဉ်, ဝီမံသတပ်ခိုက် ဝီမံသကြဉ်သော စေတသိက်ပဋ္ဌတ်သတို့သည်။ (သဟဇာတာဓိပတိအတွက်)

(ဤကား အဋ္ဌကထာဖွင့်ပြသည့် ၂-နည်းတည်း)

## မူလဋီကာ၌ကား-

မဂ္ဂါဓိပတိနောကို ကမ္မဓာရည်း သမာသ်ကြံ၍လည်း ဖွင့်သေးသည်။ ယင်းအလို-

မဂ္ဂါဓိပတိနော၊ မဂ်ဟူသော သဟဇာတာဓိပတိပစ္စည်း ဖြစ်ကုန်သော။ ဓမ္မာ၊ ဝီရိယ, ဝီမံသတို့သည်။

## ၂။ (ဃ) ဝါကျ ဥပနာပဋ္ဌက-

ဆရာ ဆရာသည် (၇) ဝါကျဖြင့် မဂ္ဂဟေတုကာကို မဂ္ဂေါ ဟေတု ဧတေသန္တိ မဂ္ဂဟေတုကာဟု အဏ္ဏောဂဗ္ဘမဟုတ်သော သုဒ္ဓသမာသ် ဝစနတ္ထ ပြုရမည်အဖြစ်ကို ဆိုတော်မူ၏။ ယင်းမဂ္ဂဟေတုကာကို သမာသဂဗ္ဘ

http://www.dhammadownload.com



တဒ္ဓိတဂတ္တသမာသ်ဝစနတ္တလည်း ပြုကောင်းသေးသည် မဟုတ်ပါလော။ ထို့ကြောင့် (ဂ) ဝါကျကိုသာမဆိုသင့်။ အဘယ်သို့ အန္တောဂတ္တသမာသ ဝစနတ္တလည်း ပြုကောင်းပါသေးသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား-**

သုဒ္ဓသမာသ်သာ မပြုရ၊ မဂ္ဂေန သမ္ပယုတ္တာ ဟေတူ မဂ္ဂဟေတူ၊ မဂ္ဂေ ဘဝါ ဟေတူ မဂ္ဂဟေတူ၊ မဂ္ဂဟေတူ စ မဂ္ဂဟေတူ စ မဂ္ဂဟေတူ စ မဂ္ဂဟေတု-ဟု သမာသဂတ္တ တဒ္ဓိတဂတ္တ ပြု၍ မဂ္ဂဟေတုကာကို မဂ္ဂဟေတူ ဟေတူ ဧတေသန္တိ မဂ္ဂဟေတုကာ ဟုလည်း ဝစနတ္တ ပြုကောင်းပါသေး၏ ဟူလို။ **(ဤကား သဒ္ဒါရေးကို ပဓာနပြု၍ တက်ခြင်းတည်း။)**

**တစ်နည်း-**

ဆရာ ဆရာသည် (ဂ) ဝါကျဖြင့် မဂ္ဂဟေတု အရ မဂ္ဂင် ၈-ပါးကို ကောက်၍ မဂ္ဂဟေတုကာအရ မဂ်စိတ်လေးခု၊ မဂ္ဂင်တရားကိုယ် ရှစ်ပါးကြည် သော စေတသိက်အဋ္ဌဝီသကို ကောက်ယူရမည်ဟု နေယျတ္ထနည်းဖြင့် ဖွင့်ဆိုတော်မူခဲ့၏။ မဂ္ဂဟေတုအရ အလောဘ အဒေါသ အမောဟတို့ကို ကောက်၍ မဂ္ဂဟေတုကာ အရ မဂ်စိတ်လေးခု၊ စေတသိက်ဆတ္တိံသတို့ကို လည်း ကောက်သင့်သေးသည် မဟုတ်ပါလော။ ထို့ကြောင့် (ဂ) ဝါကျကို သာ မဆိုသင့်။ မဂ္ဂဟေတုအရ အလောဘ အဒေါသ အမောဟ၊ မဂ္ဂဟေတု ကာအရ မဂ်စိတ်လေးခု စေတသိက်ဆတ္တိံသတို့ကို ကောက်နိုင်သော နည်းကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ)မိန့်။

**အဓိပ္ပါယ်ကား-**

သမာသဂတ္တ တဒ္ဓိတဂတ္တ ဗဟုဗ္ဗီဟိ သမာသ်ဝစနတ္တ ပြုခဲ့လျှင် ထိုတရားတို့ကို ကောက်နိုင်ပါ၏ဟူလို။ **(ဤကား အရကောက်ကို ပဓာန ပြု၍ တက်ခြင်းတည်း)**

http://www.dhammadownload.com



## တစ်နည်း (ဃ) ဝါကျ ပါပနာ

ဆရာ ဆရာသည် (ဂ) ဝါကျဖြင့် မဂ္ဂဟေတုကာ၏ ဝစနတ္ထတို့ကို ဖွင့်ဆိုတော်မူခဲ့၏။ ယင်းသို့ဆိုချေသော် မဂ္ဂင်ရှစ်ပါးသည် မဂ္ဂဟေတုက မမည်ဟူသော အနက်သည် ရောက်၏။ စင်စစ်တမူကား မဂ္ဂင်ရှစ်ပါးသည် မဂ္ဂဟေတုကမည်၏ဟု နိက္ခေပကဏ္ဍပါဠိတော်၌ ဟောထားသောကြောင့် ထိုအနက်သည် မရောက်သင့်။ ထို့ကြောင့် မဂ္ဂင်ရှစ်ပါးသည်လည်း မဂ္ဂဟေတုက မည်ကြောင်း ဆိုသင့်သေး၏။ မဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့၌ အဗျာပိတ အပရိပုဏ္ဏဒေါသ ဝိရောဓိဒေါသ ရောက်ရာ၏။ ဤသို့ စောဒနာဖွယ်ရှိသောကြောင့် (ဃ) မိန့်။

### အဓိပ္ပါယ်ကား-

သမာသဂဗ္ဘ တဒ္ဓိတဂဗ္ဘ ဗဟုဗ္ဗိသမာသ် ဝစနတ္ထပြုခဲ့လျှင် မဂ္ဂင်ရှစ်ပါးသည်လည်း မဂ္ဂဟေတုက မည်၏။ ဤသို့သော နည်းကိုလည်း ငါပြဆိုသောကြောင့် သင်တင်သောဒေါသ ငါ၌မရောက် ပျောက်ပါ၏ ဟူလို။

## ၃။ ကိလေသေ ဝါ မာရေန္တော၌ ဝါ-သဒ္ဒါ

၁။ မဂ္ဂတိ ဂဝေသတီတိ မဂ္ဂေါ ဟူသော ကတ္တုသာဓ် ဝစနတ္ထမှ တစ်ပါး မာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ ဟူသော ကိတန္တသမာသ် ဝစနတ္ထကို လည်းကောင်း၊

၂။ မဂ္ဂ၏ မဂ္ဂဓာတ် အပစ္စည်းဖြင့် ပြီးသော ကိတ်ပုဒ်၏ အဖြစ်မှ တစ်ပါး မာရေန္တသဒ္ဒူပပဒ ဂမုဓာတ် ကွိပစ္စည်းဖြင့် ပြီးသော ကိတန္တကမ္မဓာရည်း သမာသ်ပုဒ် အဖြစ်ကိုလည်းကောင်း၊

၃။ နိဗ္ဗာန်ကိုရှာမှီးတတ်သောကြောင့် မဂ္ဂမည်၏ဟူသော အကြောင်း သကာတ်မှတစ်ပါး ကိလေသာတို့ကို ဖျက်ဆီးလျက် နိဗ္ဗာန်သို့ သွားတတ်သောကြောင့် မဂ္ဂမည်၏ ဟူသော အကြောင်း သကာတ်ကို လည်းကောင်း လဲလိုသောကြောင့် ဝါသဒ္ဒါ ထားပါသည်။

http://www.dhammadownload.com



## (ဃ) မဂ္ဂသမ္ပယုတ္တာ ဝါ ဟေတုဒ္ဒ ဝါ-သဒ္ဒါ

၁။ မဂ္ဂေါ ဟေတူ စေတေသန္တိ မဂ္ဂဟေတုကာဟူသော ဗဟုဗ္ဗီဟိ သမာသ် ဝစနတ္ထမှတစ်ပါး (မဂ္ဂေန သမ္ပယုတ္တာ ဟေတူ မဂ္ဂဟေတူ၊ မဂ္ဂေ ဘဝါ ဟေတူ မဂ္ဂဟေတူ၊ မဂ္ဂဟေတူ စ မဂ္ဂဟေတူ စ မဂ္ဂဟေတူ ဟူသော သမာသ်တဒ္ဓိတ် ဝစနတ္ထများအတွင်း ၎င်တော) မဂ္ဂဟေတူ ဟေတူ စေတေသန္တိ မဂ္ဂဟေတုကာဟူသော သမာသဂဗ္ဘ တဒ္ဓိတဂဗ္ဘ ဗဟုဗ္ဗီဟိ သမာသ် ဝစနတ္ထတစ်မျိုးကိုလည်းကောင်း။

၂။ မဂ္ဂဟေတုကဓိ တစ်စုံတစ်ရာပုဒ် မကျေသော ဗဟုဗ္ဗီဟိ သမာသ်ပုဒ် အဖြစ်မှတစ်ပါး ဟေတုဟူသော ပုဒ်တစ်ပုဒ်ကျေသည့် ဥတ္တရ ပဒလောပ ဗဟုဗ္ဗီဟိသမာသ်ပုဒ် အဖြစ်ကိုလည်းကောင်း။

၃။ မဂ္ဂဟေတု အရ မဂ္ဂင်ရှစ်ပါးဟူသော အဘိဓေယျတ္ထမှတစ်ပါး အလောဘ အဒေါသ အမောဟ ဟူသော အဘိဓေယျတ္ထကိုလည်းကောင်း။

၄။ မဂ္ဂဟေတုကာ အရ- မဂ်စိတ်လေးခု၊ မဂ္ဂင်ရှစ်ပါးကြဉ်သော စေတသိက် အဋ္ဌဝီသဟူသော အဘိဓေယျတ္ထမှတစ်ပါး မဂ်စိတ်လေးခု၊ စေတသိက် ဆတ္တိံသဟူသော အဘိဓေယျတ္ထကိုလည်းကောင်း။

၅။ ဟေတုသဒ္ဒါ၏ ပစ္စယအနက်မှတစ်ပါး ဟေတုဟူသော အနက်ကိုလည်းကောင်း လဲလိုသောကြောင့် ဝါသဒ္ဒါ ထားပါသည်။

## မဂ္ဂေ ဝါ ဟေတူတိ-၌ ဝါ-သဒ္ဒါ

၁။ မဂ္ဂဟေတုကာဝယ် မဂ္ဂဟေတုဟူသော အတွင်းပုဒ်၏ မဂ္ဂေန သမ္ပယုတ္တာ ဟေတု မဂ္ဂဟေတုဟူသော တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထမှ တစ်ပါး မဂ္ဂေ ဘဝါ ဟေတု မဂ္ဂဟေတုဟူသော သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထကိုလည်းကောင်း။

၂။ မဂ္ဂဟေတူ အရ အလောဘ, အဒေါသ ဟူသော အဘိ ဓေယျတ္ထမှတစ်ပါး အမောဟဟူသော အဘိဓေယျတ္ထကိုလည်းကောင်း

http://www.dhammadownload.com



လဲလိုသောကြောင့် ဝါ-သဒ္ဒါထားပါသည်။

**မှတ်ချက်** ။ ။တေ ဓေတသံ ဟေတူတိပိ မဂ္ဂဟေတုကာဒ္ဒ ဝါ-အနက်ရှိသော အပိသဒ္ဒါထားရခြင်း အကြောင်းကို မဂ္ဂသမ္ပယုတ္တာ ဝါ ဟေတူ-၌ ဝါသဒ္ဒါထားရခြင်း အကြောင်း နည်းတူမှတ်ပါ။

**တစ်နည်း**- (ဂ) ဝါကျကို ပေါင်းဆည်းသော သမုစ္စယသမ္ပိဏ္ဍန အနက်ကို ပြလိုသောကြောင့် အပိ- ထားသည်။

**( င )မဂ္ဂေါ ဟေတု စေတသန္တိပိ- ၌ ဝါ အနက်ရှိသော အပိသဒ္ဒါ ထားရခြင်းအကြောင်း-**

၁။ မဂ္ဂဟေတု ဟေတု ဓေတသန္တိ မဂ္ဂဟေတုကာဟူသော ဝစနတ္ထ မှတစ်ပါး မဂ္ဂေါ ဟေတု ဓေတသန္တိ မဂ္ဂဟေတုကာဟူသော ဝစနတ္ထကို လည်းကောင်း။

၂။ မဂ္ဂအရ အရိယအဋ္ဌင်္ဂိကမဂ်ဟူသော အဘိဓေယျတ္ထမှတစ်ပါး သမ္မာဒိဋ္ဌိမဂ္ဂင်ဟူသော အဘိဓေယျတ္ထကိုလည်းကောင်း။

၃။ ဟေတုအရ အလောဘ, အဒေါသ, အမောဟဟူသော အဘိ ဓေယျတ္ထမှတစ်ပါး သမ္မာဒိဋ္ဌိဟူသော အဘိဓေယျတ္ထကိုလည်းကောင်း။

၄။ မဂ္ဂဟေတုအရ အလောဘ, အဒေါသ, အမောဟဟူသော အဘိဓေယျတ္ထမှတစ်ပါး သမ္မာဒိဋ္ဌိမဂ္ဂင် ဟူသော အဘိဓေယျတ္ထကို လည်းကောင်း။

၅။ မဂ္ဂဟေတုကာအရ မဂ်စိတ်လေးပါး အလောဘ, အဒေါသ, အမော ဟကြည် စေတသိက် တေတ္တိံသဟူသော အဘိဓေယျတ္ထမှတစ်ပါး မဂ်စိတ်လေးခု၊ အမောဟကြဉ်သော စေတသိက် ပဉ္စတ္တိံသ ဟူသော အဘိ ဓေယျတ္ထကို လည်းကောင်း လဲလိုသောကြောင့် အပိသဒ္ဒါ ထားပါသည်။

http://www.dhammadownload.com



၄။ * အဋ္ဌ အင်္ဂါနိ အဋ္ဌင်္ဂါနိ။

* အဋ္ဌအင်္ဂါနိ ဧတဿ အတ္ထီတိ အဋ္ဌင်္ဂိကော။ (မဂ္ဂေါ)

သမ္မာဒိဋ္ဌိစသော ရှစ်ပါးသော အင်္ဂါတို့၏ အဋ္ဌင်္ဂိကအရိယာ မဂ်နှင့် အစိတ်+အပေါင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျ-နိ။

ရှစ်ပါးသောအင်္ဂါသည် ပဝတ္တိနိမိတ်။

* ပဋိစ္စ ဧတီတိ ပစ္စယော။

* မဂ္ဂေါ ဟေတု ဧတေသန္တိ မဂ္ဂဟေတုကာ။

## မဂ္ဂဟေတုကာ

### ပဌမနည်း

* မဂ္ဂေါ ဟေတု ဧတေသန္တိ မဂ္ဂဟေတုကာ။

အဋ္ဌင်္ဂိကမဂ်၏ မဂ်စိတ်လေးခု၊ စေတသိက်အဋ္ဌဝီသတို့နှင့် မဂ္ဂပစ္စည်း ပစ္စယုပ္ပန် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျ-နိ။

အဋ္ဌင်္ဂိကမဂ်သည် ပ-နိ။

### ဒုတိယနည်း

* မဂ္ဂေန သမ္ပယုတ္တာ ဟေတု မဂ္ဂဟေတု။ (အစိတ်)
* မဂ္ဂေ ဘဝါ ဟေတု မဂ္ဂဟေတု။ (ပြည်နီသဿယ) (အစိတ်)
* မဂ္ဂေ ပဝတ္တော ဟေတု မဂ္ဂဟေတု။ (ဘာသာဋီကာ) (အစိတ်)
* မဂ္ဂဟေတု စ မဂ္ဂဟေတု စ (မဂ္ဂဟေတု စ) မဂ္ဂဟေတု။ (အစိတ်)
* မဂ္ဂဟေတု ဟေတူ ဧတေသန္တိ မဂ္ဂဟေတုကာ။ (အပေါင်း)

ဧတေသံ၊ တို့အား။ မဂ္ဂဟေတု၊ မဂ်နှင့်ယှဉ်သောဟိတ်, မဂ်၌ တည်သောဟိတ်ဟူကုန်သော။ ဟေတူ၊ ဟိတ်တို့သည်။ သန္တိ, ဣတိ မဂ္ဂဟေတုကာ။ (မဂ္ဂ ဟေတု ဟေတုကာဟု ဆိုလိုလျက် ဟေတုတစ်ပုဒ်ကျေသည်။)

အလောဘ, အဒေါသ, အမောဟ ဟိတ်သုံးပါးတို့၏ ကြွင်း-

http://www.dhammadownload.com



သမ္ပယုတ်တရားတို့နှင့် မဂ္ဂပစ္စည်း+ပစ္စယုပ္ပန် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။

အလောဘ, အဒေါသ, အမောဟ ဟိတ်သုံးပါးသည် ပ-နိ။

**တတိယနည်း-**

- * မဂ္ဂေါ ဟေတု ဧတဿာတိ မဂ္ဂဟေတုကာ။
- * မဂ္ဂေါ အဓိပတိ ဧတေသန္တိ မဂ္ဂါဓိပတိနော။ (အစိတ်) (ဗဟုဗ္ဗီဟိသမာသ်)
- * မဂ္ဂေါ အဓိပတိ မဂ္ဂါဓိပတိ။ (အစိတ်) (ကမ္မဓာရည်း)
- * မဂ္ဂါဓိပတိနော စ မဂ္ဂါဓိပတိ စ မဂ္ဂါဓိပတိနော။ (ကေသိသ် တဒ္ဓိတ်) (အပေါင်း)

* မဂ္ဂေါ ဟေတု ဧတဿာတိ မဂ္ဂဟေတုကာ။

သမ္မာဒိဋ္ဌိမဂ္ဂင် (အမောဟဟိတ်) နှင့် ကြွင်း သမ္ပယုတ်တရားတို့၏ အကြောင်း+ အကျိုး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

သမ္မာဒိဋ္ဌိမဂ္ဂင်သည် ပဝတ္တိနိမိတ်။

၅။ မာရေန္တော = ကိတ်ပုဒ်၊ ပုံလိင်၊ ဂစ္ဆန္တာဒိ၊ အကာရန္တ။
အဓိပတိ = သမာသ်ပုဒ်၊ ပုံလိင်၊ ရတ္တာဒိ၊ ဣကာရန္တ။
သမ္မာဒိဋ္ဌိ = သမာသ်ပုဒ်၊ ထီလိင်၊ ရတ္တာဒိ၊ ဣကာရန္တ။
သယံ = နိပါတ်ပုဒ်၊ အလိင်၊ ဂဏဝိမုတ်၊ နိဂ္ဂဟိတန္တ။
အဘိဘဝိတွာ = နိပါတ်ပုဒ်၊ အလိင်၊ ဂဏဝိမုတ်၊ အကာရန္တ။

၆။ (က) ဝါကျ နိဗ္ဗာန် မဂ္ဂတိ ဂဝေသတိ-ဖြင့် မဂ္ဂါရမ္မဏာ၌ မဂ္ဂကို နိဗ္ဗာနံ မဂ္ဂတိ ဂဝေသတီတိ မဂ္ဂေါဟု ကတ္တုသာဓ ဝစနတ္ထပြု-လည်းကောင်း။ မဂ္ဂဓာတ် အပစ္စည်း၊ ယင်းမဂ္ဂဓာတ်၏ ရှာမှီးခြင်း အနက်ဖဟာသည် လည်းကောင်း။ အပစ္စည်း၏ ကတ္တားဟော-လည်းကောင်း။ နိဗ္ဗာန်ကို

http://www.dhammadownload.com



ရှာမှီးတတ်သောကြောင့် မဂ္ဂမည်သည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

ဝါ-ဖြင့် နယန္တရကို သိစေပါသည်။

**ကိလေသေ မာရေန္တော ဂစ္ဆတိ-ဖြင့်** မဂ္ဂေါကို ကိလေသေ မာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ-ဟု မစ္ဆယုဂဠ ကတ္တုသာဓ် ဝစနတ္ထပြု-လည်းကောင်း။ မာရေန္တသဒ္ဒါပုဗ္ဗပဒ ဂမုဓာတ် ကွိပစ္စည်း ယင်း ကွိ ပစ္စည်း၏ ကတ္တားအနက်ကို ဟောသည်လည်းကောင်း။ မာရေန္တဂဟု ဆိုလိုလျက် နိရုတ္တိနည်းဖြင့် မဂ္ဂပြီးသည်၏ အဖြစ်လည်းကောင်း။

**တစ်နည်း-** မဂ္ဂေါကို ကိလေသေ မာရေတီတိ မော၊ နိဗ္ဗာနံ ဂစ္ဆတီတိ ဂေါ၊ မော စ သော ဂေါ စာတိ မဂ္ဂေါဟု ကမ္မဓာရည်းသမာသ် ဝစနတ္ထပြု-လည်းကောင်း။ မဂ္ဂဝယ် ရှေ့ပုဒ်၌ မရဓာတ် ကွိပစ္စည်း။ ယင်း ကွိပစ္စည်းသည် ကတ္တားအနက်ဟော လည်းကောင်း၊ (နည်းစစ်အလို) ကိလေသာကိုသတ်လျက် နိဗ္ဗာန်သို့ သွားတတ်သောကြောင့် မဂ္ဂမည်သည် အဖြစ်ကိုလည်းကောင်း သိစေပါသည်။

**(ဂ) အဋ္ဌင်္ဂိကောပိ မဂ္ဂေါ ပစ္စယဋ္ဌေန ဓေတေသံ ဟေတု-**ဖြင့် မဂ္ဂဟေတုကာ ကို မဂ္ဂေါ ဟေတု ဓေတေသန္တိ မဂ္ဂဟေတုကာ-ဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထ-လည်းကောင်း။ မဂ္ဂအရ မိစ္ဆာမဂ်, ဇဂ်မဂ်, သကဋမဂ်စသည်ကို မကောက်ရ၊ အဋ္ဌင်္ဂိကမဂ်ကိုသာ ကောက်ယူရမည်၏အဖြစ်ကိုလည်းကောင်း။ မဂ္ဂင်ရှစ်ပါးတို့သည် စုပေါင်းနေမှ မဂ္ဂမည်သည်မဟုတ်၊ တစ်ပါးတစ်ပါးစီသော မဂ္ဂင်တို့သည်လည်း မဂ္ဂမည်သည်၏ အဖြစ်ကိုလည်းကောင်း။ ဟေတုသဒ္ဒါသည် ဟိတ်ဟုဆိုအပ်သော ဟေတုဟေတု အနက်ကို မဟော၊ မဂ္ဂပစ္စည်းဟူသော ပစ္စယဟေတုကိုသာ ဟောသည်၏ အဖြစ်ကိုလည်းကောင်း။ က-၏ သမာသန္တ က-၏အဖြစ်ကိုလည်းကောင်း။ မဂ္ဂဟေတုကာအရ မဂ်စိတ် ၄-ပါး၊ မဂ္ဂင် ရှစ်ပါးကြဉ် စေတသိက် ၂၈-ပါးကို ယူရမည်၏ အဖြစ်ကိုလည်းကောင်း (နေယျတ္ထ

http://www.dhammadownload.com



သံဝဏ္ဏနာ) သိစေပါသည်။

**(ဃ) မဂ္ဂသမ္ပယုတ္တာ ဟေတူ-ဖြင့်** မဂ္ဂဟေတုကာ ၌ အစိတ်ပုဒ်ဖြစ်သော မဂ္ဂဟေတုကို မဂ္ဂေန သမ္ပယုတ္တာ ဟေတူ မဂ္ဂဟေတူ-ဟု တတိယာတပ္ပုရိသ်ဝစနတ္ထပြု-လည်းကောင်း၊ ယင်းမဂ္ဂဟေတုအရ မဂ်နှင့် ယှဉ်သော အလောဘဟိတ်. အဒေါသဟိတ်တို့ကို ကောက်ယူရမည် အဖြစ်ကိုလည်းကောင်း သိစေပါသည်။

**ဝါ-ဖြင့်** နယန္တရကို သိစေပါသည်။ မဂ္ဂေ ဟေတူဖြင့် မဂ္ဂဟေတူ (မဂ္ဂဟေတု) ဟူသော အစိတ်ပုဒ်ကို မဂ္ဂေ ဘဝါ ဟေတု မဂ္ဂဟေတု (မဂ္ဂေ ပဝတ္တော ဟေတု မဂ္ဂဟေတု) ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုလည်းကောင်း၊ ယင်းမဂ္ဂဟေတူ (မဂ္ဂဟေတု) အရ မဂ်၌တည်သော အမောဟဟိတ်ကို ယူရမည်အဖြစ်ကိုလည်းကောင်း၊ ယင်းနစ်ဝိကပ်လုံးဖြင့် မဂ္ဂဟေတုကာ၌ မဂ္ဂဟေတုကို မဂ္ဂဟေတု စ မဂ္ဂဟေတု စ (မဂ္ဂဟေတု စ) မဂ္ဂဟေတူဟုဧကသေသ်တဒ္ဓိတ် ဝစနတ္ထပြု လည်းကောင်း၊ ယင်းမဂ္ဂဟေတု အရ- အလောဘ အဒေါသ အမောဟဟိတ်တို့ကို ကောက်ယူရမည် အဖြစ်ကိုလည်းကောင်း သိစေပါသည်။

**တေ တေသံ ဟေတူတိပိ-ဖြင့်** မဂ္ဂဟေတုကို မဂ္ဂဟေတူ ဟေတူ တေသန္တိ မဂ္ဂဟေတုကာ-ဟု ဗဟုဗ္ဗီသမာသ် ဝစနတ္ထပြုလည်းကောင်း၊ မဂ္ဂဟေတုဟေတုကာဟု ဆိုလိုလျက် ဟေတုတစ်ပုဒ် ကျေနေသည်၏ အဖြစ်ကိုလည်းကောင်း၊ က-၏သမာသန္တ က-၏ အဖြစ်ကိုလည်းကောင်း၊ ဤနည်းအလို မဂ္ဂဟေတုကာအရ မဂ်စိတ်လေးပါး၊ စေတသိက် ၃၆-ပါးကို ယူရမည်အဖြစ်ကိုလည်းကောင်း (နေယျတ္ထ သံဝဏ္ဏနာ) သိစေပါသည်။

**( င ) သမ္မာဒိဋ္ဌိ သယံ မဂ္ဂေါ စေဝ ဟေတု စ-ဖြင့်** မဂ္ဂဟေတုကာ၌ မဂ္ဂအရ ယခင်နည်းအတိုင်း မဂ္ဂင် ၈-ပါးကို မယူရ၊ သမ္မာဒိဋ္ဌိမဂ္ဂင်ကိုသာယူရမည်အဖြစ်ကိုလည်းကောင်း၊ ဟေတုအရကိုလည်း

http://www.dhammadownload.com



အလောဘ အဒေါသ အမောဟ သုံးမျိုးလုံးကို မယူရ၊ သမ္မာဒိဋ္ဌိဟု ဆိုအပ်သော အမောဟကိုသာ ယူရမည်အဖြစ်ကိုလည်းကောင်း သိစေပါသည်။

**ဣတိ မဂ္ဂေါ ဟောတု စေတေသန္တိပိ**-ဖြင့် မဂ္ဂဟေတုကာကို မဂ္ဂေါ ဟောတု စေတေသန္တိ မဂ္ဂဟေတုကာ-ဟု ဗဟုဗ္ဗီသမာသ် ဝစနတ္ထပြုလည်းကောင်း၊ မဂ္ဂဟေတုအရ သမ္မာဒိဋ္ဌိကိုပင် ကောက်ယူရမည် အဖြစ်ကိုလည်းကောင်း၊ က-၏ သမာသန္တက၏ အဖြစ်ကိုလည်းကောင်း၊ ဤနည်းအလို မဂ္ဂဟေတုကာ-အရ မဂ်စိတ်လေးပါး၊ သမ္မာဒိဋ္ဌိကြဉ် စေတသိက် ၃၅-ပါးကို ယူရမည် အဖြစ်ကိုလည်းကောင်း သိစေပါသည်။

**(စ) အဘိဘဝိတွာ ပဝတ္တနဋ္ဌေန**-ဖြင့် မဂ္ဂါဓိပတိ-၌ အဓိပတိ သဒ္ဒါသည် လွှမ်းမိုး၍ဖြစ်ခြင်း (လွှမ်းမိုးခြင်း) အနက်ကို ဟောသည်၏ အဖြစ်ကို သိစေပါသည်။

**မဂ္ဂေါ အဓိပတိ စေတသံ**-ဖြင့် မဂ္ဂါဓိပတိနောကို မဂ္ဂေါ အဓိပတိ စေတေသန္တိ မဂ္ဂါဓိပတိနောဟု ဗဟုဗ္ဗီသမာသ် ဝစနတ္ထပြုရမည် အဖြစ်ကို သိစေပါသည်။

၇။ စေတသံများက ပသိဒ္ဓဝိသယများသာ။

အဋ္ဌဂိကောပိ-၌ အပိကား အဝယဝ သမုစ္စည်း။

ဝါ-တို့ကား အတ္ထန္တရ ဝိကပ္ပနတ္ထ။

(ဃ) ဝါကျ ဣတိပိ-၌ အပိကား (င) ဝါကျလာ အနက်တို့ကို ဆည်းသော သမုစ္စယတ္ထ (ဝါ) သမ္ပိဏ္ဍနတ္ထ။

(င) ဝါကျလာ အပိလည်း နည်းတူ။

## ၈။ မဂ္ဂအရ ကြိယာငါးတန်

မဂ္ဂအရ မဂ္ဂင်ရှစ်ပါးရ၏။

http://www.dhammadownload.com



၁။ ယင်းသည် ဒဿနတ္ထ။
၂။ ဉပစာရသမာဓိဈာနတို့သည် ဒီပကတ္ထ။
၃။ ဖိုလ်သည် ပကာသနတ္ထ။
၄။ တိဟိတ်ပဋိသန္ဓေ နေခြင်းမှစ၍ ပါရမီပုညသမ္ဘာရမှ စသော အကြောင်းများသည် ဝိဘာဝတ္ထ။
၅။ ပစ္စဝေက္ခဏာဉာဏ် ဖလသမာပတ္တိသုခမှ စ၍ များစွာသော အကျိုးများသည် အနုဘာဝတ္ထ။

## ၁၀။ နိဗ္ဗာနံ မဂ္ဂတိ ဂဝေသတိ

နိဗ္ဗာနံ အရ နိဗ္ဗာန်ရဏ်။ (ပစ္စည်း) မဂ္ဂတိ ဂဝေသတိ အရ အင္ဂါကမင် ရဏ်။ (ပစ္စယုပ္ပန်) အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု။ အာ. မိ. ဉပပြိုင်။

## မဂ္ဂေါ ဒုတိယနည်း

မ-အရ အင္ဂါကမင် ရဏ်။ ဂ-အရလည်း အင္ဂါကမင်ကိုပင် ရဏ်။

ထို့ကြောင့် သမ္မာဒိဋ္ဌိကို ပစ္စည်းယူခဲ့လျှင် ကြွင်း ၇-ပါးပစ္စယုပ္ပန် စသည်ဖြင့် သဟဇာတပြိုင်ပါ။

မဂ္ဂါရမ္မဏာ-၌ မဂ္ဂ အာရမ္မဏ ဟူသော သမာသ်ပုဒ် အန္တတ္ထအရ - အင္ဂါကမင် ရဏ်။ (ပစ္စည်း) အညပုဒ်အရဟူသော ဗာဟျတ္ထအရ မနောဒွါရ ဝဇ္ဇန်း၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဉ်ဒွေး၊ စေတသိက် အဋ္ဌတ္တိံသ ရဏ်။ (ပစ္စယုပ္ပန်) အာရမ္မဏသတ္တိ။ အာ. မိ. ဉပပြိုင်။

## မှတ်ချက် -

မနောဒွါရာဝဇ္ဇန်းနှင့် အဘိညာဉ်ဒွေးတို့ကို ပစ္စယုပ္ပန်ယူခဲ့လျှင် ၃-ပါးလုံးမရ အာရမ္မဏသာ။

http://www.dhammadownload.com



**မဂ္ဂဟေတုကာ**

**ပဌမနည်း (ဂ) ဝါကျအလို -**

မဂ္ဂဟေတု ဟူသော သမာသ်ပုဒ်အရ - မဂ္ဂင်ရှစ်ပါးရ၏။ (ပစ္စည်း) မဂ္ဂဟေတုကာဟူသော ပုဒ်လုံးအရ တဟျတ္တအရ မဂ်စိတ်လေးခု၊ မဂ္ဂင်ရှစ်ပါး ကြဉ် စေတသိက် အဋ္ဌဝီသရ၏။ (ပစ္စယုပ္ပန်) သဟဇာတသတ္တိ။ ကြီး ၄၊ အညျ၊ သမ္ပ၊ ဟေ၊ မိ၊ ဣံ၊ ဈာ၊ မဂ္ဂ ၁၁-ပြိုင်။

**ဒုတိယနည်း (ဃ) ဝါကျအလို -**

မဂ္ဂဟေတု အရ အလောဘ အဒေါသ အမောဟ ရ၏။ (ပစ္စည်း) မဂ္ဂဟေတုကာ အရ မဂ်စိတ်လေးခု၊ စေတသိက် ဆတ္တိံသ ရ၏။ (ပစ္စယုပ္ပန်) သဟဇာတသတ္တိ။

ထိုတွင် အလောဘ အဒေါသ ပစ္စည်းယူခဲ့လျှင် ကြီး ၄၊ အညျ သမ္ပ၊ ၆-ပစ္စည်း။ အမောဟ ပစ္စည်းယူခဲ့လျှင် ကြီး ၄၊ အညျ၊ သမ္ပ၊ ဟေ၊ မိ၊ မဂ္ဂ၊ ဣန္ဒြိယ ၁၀-ပစ္စည်း။

**တတိယနည်း (င) ဝါကျအလို -**

မဂ္ဂဟေတုအရ - အမောဟပစ္စည်း မဂ္ဂဟေတုကာအရ မဂ်စိတ် လေးခု၊ အမောဟကြဉ် စေတသိက် ပဉ္စတ္တိံသ ရ၏။ (ပစ္စယုပ္ပန်) သဟဇာတ သတ္တိဖြင့် ကျေးဇူးပြု၊ ကြီး ၄၊ အညျ၊ သမ္ပ၊ ဟေတု၊ အဓိပတိ၊ ဣန္ဒြိယ၊ မဂ္ဂ ပေါင်း ၁၀-ပစ္စည်းပြိုင်။

**မဂ္ဂါဓိပတိနော**

မဂ္ဂေါ အဓိပတိ ဟူသော သမာသ်ပုဒ်အရ- အဓိပတိထိုက်သော ဝီရိယနှင့် ဝီမံသရ၏။ တေသံ ဟူသော အညပုဒ်အရ (တဟျတ္တ) အရ မဂ်စိတ်လေးခု၊ အဓိပတိ တရားကိုယ်ကြဉ် စေတသိက် ပဉ္စတ္တိံသရ၏။ ထိုတွင် ဝီရိယကို ပစ္စည်းယူခိုက် မဂ်စိတ်လေးခုနှင့် ဝီရိယကြဉ် စေတသိက်

http://www.dhammadownload.com



ပဋ္ဌတ္တိသ၊ ပစ္စယုပ္ပန် သဟဇာတသတ္တိ။ ကြိး ၄၊ အညာ၊ သမ္မ၊ ဓိ၊ မဂ္ဂ၊ ဣန္ဒြိယ ၉-ပစ္စည်းပြိုင်။

**တစ်နည်း-** အန္တတ္တ အရ ဝိမံသကို ပစ္စည်းယူခဲ့လျှင် တဟျုတ္တအရ မဂ်စိတ်လေးခု၊ ဝိမံသကြဉ် စေတသိက် ပဋ္ဌတ္တိသ သဟဇာတသတ္တိ။

အထက်ပါ ၉-ပစ္စည်းတွင် ဟေတုထည့်၍ ၁၀-ပစ္စည်းပြိုင်။ ဤကား သဟဇာတာဓိပတိ ပစ္စည်းယူနိုက် ပြိုင်ခြင်းတည်း။

## အာရမ္မဏာဓိပတိပစ္စည်းယူနိုက်

အန္တတ္တအရ- မဂ်လေးပါး စိတ္တုပ္ပါဒ် ရအ်။ **(ပစ္စည်း)** တဟျုတ္တအရ - မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ် စိတ်လေးခု၊ စေတသိက် အဋ္ဌတိံသ (ပစ္စယုပ္ပန်) အာရမ္မဏာသတ္တိ။ အာ၊ ဓိ၊ ဥပ ပြိုင်။

## တစ်နည်း -

မဂ္ဂါဓိပတိနောကို ကမ္မဓာရည်းသမာသ်ကြံခဲ့လျှင် ရှေ့ပုဒ် နောက်ပုဒ် အရ- ဝီရိယနှင့် ဝိမံသရအ်။ ထို့ကြောင့် တစ်ပါးပစ္စည်းဖြစ်နိုက် ကျန်တစ်ပါး ပစ္စယုပ္ပန်ယူ၍ သဟဇာတမျိုးပင် ပြိုင်။

< >

http://www.dhammadownload.com


## ၂၉။ ဥပ္ပန္နတိက်အဖွင့်

(က) ဥပ္ပန္နတ္တိကေ ဥပ္ပါဒတော ပဋ္ဌာယ ယာဝဘင်္ဂါ ဥဒ္ဓံ ပန္နာဂတာ ပဝတ္တာတိ ဥပ္ပန္နာ။

(ခ) န ဥပ္ပန္နာတိ အနုပ္ပန္နာ။

(ဂ) ပရိနိဋ္ဌိတကာရဏေကဒေသတ္တာ အဝဿံ ဥပ္ပဇ္ဇိဿန္တီတိ ဥပ္ပါဒိနော။

(ဃ) (အတီတတ္တိကေ) အတ္တနော သဘာဝံ. ဥပ္ပါဒါဒိက္ခဏံ ဝါ ပတွာ အတိက္ကန္တာတိ အတီတာ။

(င) တဒုဘယမ္ပိ န အာဂတာတိ အနာဂတာ။
တံ တံ ကာရဏံ ပဋိစ္စ ဥပ္ပန္နာတိ ပစ္စုပ္ပန္နာ။

(ဋ္ဌ- ၈၈)

### ၁။ ဥပ္ပါဒတော, ဘင်္ဂါတို့ကို ကံအနက်ကြံသော်-

ဥပ္ပါဒတော၊ ဥပါဒ်ကို။ ပဋ္ဌာယ၊ အစအပိုင်းအခြားပြု၍။ ဘင်္ဂါ၊ ဘင်ကို။ ယာဝ၊ အဆုံးအပိုင်းခြားပြု၍။

### အပါဒါန် အနက်ကြံသော်-

ဥပ္ပါဒတော၊ ဥပါဒ်မှ။ ပဋ္ဌာယ၊ စ၍။ ယာဝဘင်္ဂါ၊ ဘင်တိုင်အောင်-ဟု ပေးပါ။

ဥဒ္ဓံကား အပါဒါန်ကိုငဲ့သောကြောင့် အပါဒါန်ထည့်လိုလျှင် အနန္တရ နိရုဒ္ဓါနံ ပုရိမဓမ္မာနံ ဘင်္ဂက္ခဏတော ဟု ထည့်ပါ။ (အနန္တရနိရုဒ္ဓါနံ၊ အခြားမဲ့ ဖြစ်၍ချုပ်ကုန်ပြီးသော။ ပုရိမဓမ္မာနံ၊ ရှေးရှေးတရားတို့၏။ ဘင်္ဂက္ခဏတော၊ ဘင်ခဏမှ) ပြည့်နိုင်သယ-၌ ဘင်္ဂတော၊ အခြားမဲ့ပြု၍ ချုပ်လေပြီးသော တရားတို့၏ ဘင်မှ-ဟု တိုတိုခံသည်။ အတူတူပင်။

ဥဒ္ဓံ- အထက်၌ (သဒ္ဒတ္ထ) အထက်ဖြစ်သော ခဏသုံးပါး၌ (အဘိဓေယျတ္ထ)။

http://www.dhammadownload.com


## ၂။ (က) ဝါကျသို့

ဆရာ ပါဠိတော်၌ ဥပွန္နတိက်ဝယ် ဥပ္ပန္နာ ဓမ္မာ-ဟု ဟောတော်မူ၏။ ဥပ္ပန္နာ-၌ ဥ-သည် ဥဒ္ဓံကမ္မ အနက်ကို ဟောပါသလော။ အဘယ်အနက်ကို ဟောပါသနည်း။ စဒ်ကြောင့် (က) ဝါကျမိန့်။

**အဓိပ္ပါယ်ကား -**

ဥ-သဒ္ဒါသည် ဥဒ္ဓံကမ္မအနက်ကို မဟော၊ ဥပရိအနက်ကို ဟော၏ ဟူလို။

**တစ်နည်း -**

ဆရာ ဥပ္ပန္နာ ဓမ္မာ-ဟု ဟောတော်မူ၏။ ဥပ္ပန္နာကို ဥပ္ပဇ္ဇန္တီတိ ဥပ္ပန္နာ-ဟု ကတ္တုသာဓနေကိတ် ဝစနတ္ထပြုရမည်လော။ အဘယ်သို့ ဝစနတ္ထပြုကောင်းပါသနည်း။ စဒ်ကြောင့် (က) ဝါကျမိန့်။

**အဓိပ္ပါယ်ကား -**

ဥဒ္ဓံ ပန္နာ ဥပ္ပန္နာ ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟူလို။

## ( ခ ) ဝါကျသို့

ဆရာ အနုပ္ပန္နာဟု ဟော၏။ နတ္ထိ ဥပ္ပန္နာ ဧတေသန္တိ အနုပ္ပန္နာဟု ဗဟုဗ္ဗီသမာသ် ဝစနတ္ထ ပြုရမည်လော။ အဘယ်သို့ ဝစနတ္ထပြုကောင်းပါသနည်း။ စဒ်ကြောင့် ( ခ ) မိန့်။

**အဓိပ္ပါယ်ကား -**

န ဥပ္ပန္နာ အနုပ္ပန္နာ ဟု ကမ္မဓာရဲသမာသ် ဝစနတ္ထပြုရမည် ဟူလို။

## ( ဂ ) ဝါကျသို့

ဆရာ ဥပ္ပါဒိနောဟု ဟော၏။ ဥပ္ပဇ္ဇနံ ဥပ္ပါဒေါ၊ ဥပ္ပာဒေါ ဧတေသံ အတ္ထီတိ ဥပ္ပါဒိနော ဟု ဝစနတ္ထပြုရမည်လော။ အဘယ်သို့ ဝစနတ္ထပြုရမည်နည်း။ စဒ်ကြောင့် ( ဂ ) ဝါကျမိန့်။

http://www.dhammadownload.com



**အဓိပ္ပါယ်ကား-**

ဥပ္ပဇ္ဇိသ္ဆန္တီတိ ဥပ္ပါဒိနောဟု ဝစနတ္ထပြုရမည် ဟူလို။

## ၃။ ဥပ္ပါဒါဒိကွက် ဝါ-၌ ဝါ- ကား

မိမိ၏ အနိစ္စ စသောသဘော၊ ကက္ခဠ. ဖုသန. စသောသဘော ဟူသော အတိက္ကမိတဗ္ဗ၌ ဥပါဒ်စသော ခဏသုံးပါးဟူသော အတိက္ကမိတဗ္ဗ ကိုဖြည့်စွက် ပြလိုသောကြောင့် (ဝါ) ဥပ္ပါဒါဒိက္ခဏ ဟူသော အနက်ကြွင်းကို ပြလိုသောကြောင့် ဝါ-သဒ္ဒါ ထားသည်။ **(ဂဏ္ဍိ၌ စ. ကာရဏ္ဍဟူ၏။)**

(က) စသော ဝါကျတို့ဖြင့် အဗျာပိတဒေါသကို ပယ်သည်။

၄။ * ဥဒ္ဓံ ပန္နာ ဂတာ ပဝတ္တာ ဥပ္ပန္နာ။ (က-ဝါကျ)

အထက်ဟူသော ခဏတ္တယ၏ ဥပ္ပန္နဓမ္မတို့နှင့် ကာလ+ကာလဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျ-နိ။ ခဏတ္တယ၌ ဖြစ်ခြင်းကြိယာသည် ပ-နိ။

* ပဇ္ဇန္တီ ဂစ္ဆန္တီ ပဝတ္တန္တီတိ ပန္နာ။ (ပဒ+တ)
* န ဥပ္ပန္နာ ၌ ဥပ္ပန္နာ။ (ခ- ဝါကျ)
* ဥပ္ပဇ္ဇန္တီတိ ဥပ္ပန္နာ။ ( ပစ္စုပ္ပန္နဓမ္မ ရ၏ ) (အစိတ်)
* ဥပ္ပဇ္ဇိသူတိ ဥပ္ပန္နာ။ (အတီတဓမ္မ ရ၏) (အစိတ်)
* ဥပ္ပန္နာ စ ဥပ္ပန္နာ စ ဥပ္ပန္နာ ။ (ဓမ္မ+ အတီတဓမ္မ နှစ်ပါးလုံးရ၏)
* န ဥပ္ပန္နာ အနုပ္ပန္နာ။

ပဋိသေဓဘောဂုဏ်၏ အနာဂတဓမ္မတို့နှင့် ဂုဏ်+ ဂုဏေး အစပ် သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ ပဋိသေဓဘောဂုဏ်သည် ပဝတ္တိနိမိတ်။

(ဥပ္ပန္န ဟူသော နောက်ပုဒ်အရ န-ကိုမငဲ့လျှင် ပစ္စုပ္ပန္နဓမ္မနှင့် အတီတဓမ္မတို့ကို ရ၏။ န-ကိုငဲ့လျှင် ယင်းနှစ်ပါးမှ အလွတ်ဖြစ်သော အနာဂတ ဓမ္မကို ရသည်။)

http://www.dhammadownload.com



* ဥပ္ပဇ္ဇိဿန္တိတိ ဥပ္ပါဒိနော။ (ဥပ ပဒ-ဏီ) (အဝဿကာဓ မိဏောသု ဏီစ သုတ်ဖြင့် ဏီပစ္စည်းသက်)

**တစ်နည်း**- ဥပ္ပဇ္ဇိဿန္တိ သီလေနာတိ ဥပ္ပါဒိနော။ (တဿီလာဒိသု ဏီတွာဝီစသုတ်ဖြင့် ဏီပစ္စည်းသက်)

* ကာရဏာဿ ဧကဒေသော ကာရဏေကဒေသော။

* ပရိနိဋ္ဌိတော ကာရဏေကဒေသော ဧတေသန္တိ ပရိနိဋ္ဌိတကာရဏေကဒေသော။

* ပရိနိဋ္ဌိတ ကာရဏေကဒေသာနံ ဘာဝေါ ပရိနိဋ္ဌိတကာရဏေကဒေသတ္တံ။

* အယိသု ဂမိံသူတိ ဣတာ။ (ဣ+ တ)

* ဣတာ ဟုတွာ အတိက္ကန္တာ အတီတာ။

ဖြစ်ခြင်းကြိယာ၏ လွန်သွားသောတရားတို့နှင့် ဌာနီ + ဌာန စပ်ခြင်းသမ္ဗန္ဓသည် ဗျ-နိ။ လွန်သွားခြင်းကြိယာသည် ပ-နိ။

* အာဂစ္ဆိံသု ပဝတ္တိံသူတိ အာဂတာ။ (အတိတ်တရားစု) (အစိတ်)

* အာဂစ္ဆန္တိ ပဝတ္တန္တီတိ အာဂတာ။ (ပစ္စုပ္ပန်တရားစု) (အစိတ်)

* န အာဂတာ အနာဂတာ။ (အပေါင်း)

ပဋိသေဓဓဘောဂုဏ်၏ အနာဂတဓမ္မတို့နှင့် ဂုဏ်+ ဂုဏော စပ်ခြင်းသမ္ဗန္ဓသည် ဗျုပ္ပတ္တိနိမိတ်။ ပဋိသေဓဘောဂုဏ်သည် လည်းကောင်း၊ အနာဂတဓမ္မတို့၏ သာမညဇာတ်သည် လည်းကောင်း ပဝတ္တိနိမိတ်။

* (တံ တံ ကာရဏံ) ပဋိစ္စ ဥပ္ပန္နာ ပစ္စုပ္ပန္နာ။

စွဲမှီ၍ ဖြစ်ခြင်းကြိယာနှင့် ပစ္စုပ္ပန္နဓမ္မတို့၏ ဌာနီ+ ဌာန အစပ်သမ္ဗန္ဓသည်ဗျ-နိ။ ပစ္စုပ္ပန္နဓမ္မတို့၏ သာမညဇာတ်သည်လည်းကောင်း၊ အကြောင်းကို စွဲမှီ၍ ဖြစ်ဆဲဖြစ်ခြင်း ကြိယာသည်လည်းကောင်း ပ-နိ။

၅။ ဥဒ္ဒံ = နိပါတ်ပုဒ်၊ အလိင်၊ ဂဏဝိမုတ်၊ နိဂ္ဂဟီတန္တ။

http://www.dhammadownload.com



အဝသံ = နိပါတ်ပုဒ်၊ အလိင်၊ ဂဏာဝိမုတ်၊ နိဂ္ဂဟီတန္တ။
အတ္တနော = ကိတ်ပုဒ်၊ ပုလ္လိင်၊ ရာဇာဒိ၊ အကာရန္တ။
ပဋိစ္စ = နိပါတ်ပုဒ်၊ အလိင်၊ ဂဏာဝိမုတ်၊ အကာရန္တ။

၆။ (က) ဥဒ္ဓံ ပန္နာ -ဖြင့် ဥပ္ပန္နာ ကို ဥဒ္ဓံ ပန္နာ ဥပ္ပန္နာဟု ဒုတိယာ (သတ္တမီ) တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်အဖြစ်၊ ဥ-ဥပသာရပုဒ်သည် ဥဒ္ဓံကမှ စသော အနက်ကိုမဟော၊ ဥပရိအနက်ကို ဟောသည်အဖြစ်ကို သိစေသည်။

**ပန္နာဂတာ**-ဖြင့် ပန္နာကို ပဇ္ဇန္တိ ဂစ္ဆန္တီတိ ပန္နာဟု ကတ္တုသာဓ်ဝစနတ္ထ ပြုရမည်အဖြစ်၊ ပဒဓာတ်+တပစ္စည်း၊ ထိုပဒဓာတ်၏ ဂတျတ္ထကို ဟောသည် အဖြစ်၊ ယင်းသို့ ပဒဓာတ်ကို ဂတျတ္ထယူခိုက် ဥဒ္ဓံ ပန္နာ ဂတာ ဥပ္ပန္နာ-ဟု ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်အဖြစ်ကို သိစေသည်။

**ပဝတ္တာ**-ဖြင့် ဥပ္ပန္နာ-၌ ပန္နာ-ဝယ် ပဒဓာတ်သည် ပဝတ္တနတ္ထကို ဟောသည်အဖြစ်၊ ယင်းသို့ ပဝတ္တနတ္ထကို ဟောလျှင် ဥပ္ပန္နာကို ဥဒ္ဓံ ပန္နာ ပဝတ္တာတိ ဥပ္ပန္နာ ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည် အဖြစ်ကို သိစေသည်။

(**ပဝတ္တာ**-ဖြင့် အထက်သို့ ရောက်သည်ဟူသည် အထက်၌ ဖြစ်ခြင်းပင်တည်းဟု အဓိပ္ပါယ်ကို သိစေသည်ဟုလည်း ဖော်ကြသည်။ ယေ ဂတျတ္ထာ၊ တေ ဗုဒ္ဓျတ္ထာ၊ ပဝတ္တိ ပါပုဏတ္ထကာ-နှင့်အညီ ပဝတ္တနကို ပြလို ရင်းဖြစ်၍ ဓာတွတ္ထပြဟု ယူခြင်း ပိုကောင်းသည်။)

ဥပ္ပါဒတော ပဋ္ဌာယ ယာဝ ဘင်္ဂါ-ပါဌ်ဖြင့် အထက် (ဥဒ္ဓံ) ဟူ သည် ဥပါဒ်မှစ၍ ဘင်တိုင်အောင် (ဝါ) ဥပါဒ်. ဌီ. ဘင်ဟူသော ခဏတ္တယကို ယူရမည် အဖြစ်ကို သိစေသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(ခ) န ဥပ္ပန္နာ -ဖြင့် အနုပ္ပန္နာဝယ် ဥပ္ပန္နာကို ဥပ္ပဇ္ဇန္တီတိ ဥပ္ပန္နာ။ (**ပစ္စုပ္ပန္နဓမ္မ**)။ ဥပ္ပဇ္ဇိသူတိ ဥပ္ပန္နာ။ (**အတီတဓမ္မ**)။ ဥပ္ပန္နာ စ ဥပ္ပန္နာ စ ဥပ္ပန္နာ

http://www.dhammadownload.com



ဟု ကိတဂ္ဂဗ္ဗတကသေသတဒ္ဓိတ် ဝစနတ္ထ ပြုရမည်အဖြစ်၊ (နေယျတ္ထ သံဝဏ္ဏနာ)။ န ဥပ္ပန္နာ အနုပ္ပန္နာဟု ကမ္မဓာရဲသမာသ် ဝစနတ္ထပြုရမည် အဖြစ်၊ အန-၏ န-ကာရိယအဖြစ်၊ ထို န(အန) ၏ ပဋိသေဓဝါစကအဖြစ်၊ ပစ္စုပ္ပန်, အတိတ် မဟုတ်သော အနာဂါတ်တရားတို့သည် အနုပ္ပန္နမည်သည်၏ အဖြစ်ကို သိစေသည်။

**( ဂ ) ပရိနိဋ္ဌိတကာရဏောကဒေသတ္တာ အဝဿံ ဂမိဿန္တီတိ-ဖြင့်** ဥပ္ပါဒိနောကို ဥပ္ပန္ဒနံ ဥပ္ပါဒေါ၊ ဥပ္ပါဒေါ ဧတေသံ အတ္ထီတိ ဥပ္ပါဒိနောဟု အဿတ္ထိတဒ္ဓိတ် ဝစနတ္ထမပြုရ၊ ဥပ္ပဇ္ဇိဿန္တီတိ ဥပ္ပါဒိနောဟု ကတ္တုသာဓ်ဝစနတ္ထပြုရမည်အဖြစ်၊ ဥ-ရှေးရှိသော ပဒဓာတ်၊ ဏီပစ္စည်း၊ ယင်း ဏီပစ္စည်း၏ မချွတ်မယွင်းဟူသောအနက်၌ ကတ္တားအနက် သက်သည် အဖြစ်၊ ကံ+အကျိုး နှစ်မျိုးတို့တွင် ကံဖြစ်သောကြောင့် ထိုကံသည် ပြီးပြီး သောအကြောင်း တစ်စိတ်ဖြစ်သည်အဖြစ်၊ ထိုသို့ အကြောင်းကံ တစ်စိတ် ဖြစ်သည်အဖြစ်၊ ထိုသို့ အကြောင်းကံ တစ်စိတ်ဖြစ်ပြီး ဖြစ်သောကြောင့် နောင်အနာဂါတ်ဝယ် မုချဖြစ်လတ္တံ့သည်၏ အဖြစ်ကို သိစေသည်။

**(ဃ) ပတ္တာ အတိက္ကန္တာ -ဖြင့်** အတီတာကို အတိ +ဣတာဟု ပဒစ္ဆေဒပဒဝိဘာဂပြု၍ ဣတာကို အယိံသု ဂမိံသူတိ ဣတာဟု ကတ္တုသာဓ် ဝစနတ္ထပြုရမည်အဖြစ်၊ ဣဓာတ်+ တပစ္စည်း၊ ယင်း ဣဓာတ်၏ ပါပုဏနတ္ထကို ဟောသည် အဖြစ်၊ တ-ပစ္စည်း၏ အတိတ်ကာလ၌ သက်သည် အဖြစ်၊ အတီတာကို ဣတာ ဟုတ္တာ အတိက္ကန္တာ အတီတာ ဟု ကမ္မဓာရဲ သမာသ် ဝစနတ္ထပြုရမည်အဖြစ်၊ အတိဥပသာရပုဒ်၏ အတိက္ကန္တအနက်ကို ဟောသည်အဖြစ်ကို သိစေသည်။

**အတ္ထနော သဘာဝံ ပတ္တာ အတိက္ကန္တာ-ဖြင့်** အတီတဓမ္မတို့သည် မိမိ,မိမိတို့၏ အနိစ္စတာ စသော သဘော, ကဝ္ဂဥ, ဖုသနစသော သဘောတို့သို့ ရောက်ပြီးနောက် လွန်သွားကြသည်အဖြစ်ကို သိစေသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



ဥပ္ပါဒါဒိကွဏ် ဝါ-ဖြင့် အတီတဓမ္မတို့သည် အနိစ္စတာ စသော သဘော, ကက္ခဋ္ဋ, ဖုသနစသော သဘောတို့ကိုသာ လွန်သည်မဟုတ်၊ ဥပါဒ် စသော ခဏသုံးပါးတို့ကိုလည်း လွန်၍ဖြစ်တတ်သည်အဖြစ်ကို သိစေသည်။ (ဘာဝတ္ထ)

( င ) တဒုဘယမ္ပိ န အာဂတာ -ဖြင့် အနာဂတာဝယ် အာဂတာကို အာဂစ္ဆိသု ပဝတ္တိံသူတိ အာဂတာ။ အာဂစ္ဆန္တိ ပဝတ္တန္တီတိ အာဂတာ၊ အာဂတာ စ အာဂတာ စ အာဂတာဟု ကိတာဂတ္ထကေသိသ် တဒ္ဓိတ်ဝစနတ္တပြုရမည်အဖြစ်၊ န အာဂတာ အနာဂတာဟု ကမ္မဓာရဲသမာသ် ဝစနတ္တပြုရမည်အဖြစ်၊ အန -၏ န -ကာရိယအဖြစ်၊ ထိုအနာဂတဓမ္မ တို့သည် မိမိမိမိတို့၏ ကက္ခဋ္ဋ, ဖုသနစသော သဘော, ဥပါဒ်စသော ခဏ နှစ်ပါးစုံသို့ ရောက်ဆဲရောက်ပြီးမဟုတ်သောကြောင့် အနာဂတဓမ္မမည် သည်၏အဖြစ်ကို သိစေသည်။

တံ တံ ကာရဏံ ပဋိစ္စ ဥပ္ပန္နာ-ဖြင့် ပစ္စုပ္ပန္နာကို ပဋိစ္စ ဥပ္ပန္နာ ပစ္စုပ္ပန္နာဟု ဝစနတ္တပြုရမည်အဖြစ်၊ ပဋိဥပသာရပုဒ်၏ ပဋိစ္စအနက်ကို ဟော သည်အဖြစ်၊ ဥပ္ပန္နာ ကို ဥပ္ပဇ္ဇန္တီတိ ဥပ္ပန္နာဟု ပစ္စုပ္ပန္နကာလိက ကတ္တုသာဓန ဝစနတ္တပြုရမည်အဖြစ်၊ ဥ- ရှေးရှိသော ပဒဓာတ်, တပစ္စည်း၊ ယင်းတပစ္စည်း ၏ ပစ္စုပ္ပန်ကာလနှင့် ကတ္တားအနက်တို့ကို ဟောသည်အဖြစ်၊ ထိုထို အကြောင်းတရားတို့ကိုစွဲ၍ ဖြစ်ဆဲဖြစ်သော တရားတို့သည် ပစ္စုပ္ပန္နမည် သည် အဖြစ်ကို သိစေသည်။

၇။ တဒုဘယံ-၌ တ-ကား အတ္တနော သဘာဝ, ဥပ္ပါဒါဒိက္ခဏ နှစ်ပါးကို စွဲသောကြောင့် ပဋ္ဌန္တဝိသယ။ (ဥဘယ-ဟု အစွဲတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ ဟုလည်း ယူကြသည်။)

တံ တံ ကာရဏံကား ကာရဏ ဟူသော အစွဲပုဒ် တိုက်ရိုက်ရှိသော ကြောင့် ပသိဒ္ဓဝိသယ။

http://www.dhammadownload.com



## ၁၀။ ဥပ္ပါဒါဒိက္ခဏံ ဝါ ပတ္တာ အတိက္ကန္တာ

ဥပ္ပါဒါဒိက္ခဏံ အရ- ဥပါဒ်. ဌီ. ဘင် ဟူသော ခဏသုံးပါးရစ်၏။ ပတ္တာ-၌ ဓာတ်အရ ပစ္စုပ္ပန်ဖြစ်သော စိတ်. စေတသိက်. ရုပ်တရားများ ရစ်၏။

ဥပါဒ်. ဌီ. ဘင် ဟူသော ကာလကိုယူလျှင် ပကတူပ။ ဥပါဒ်. ဌီ. ဘင်ဟူသည် ထိုပစ္စယုပ္ပန်တရားတို့၏ ဖြစ်ခြင်း, တည်ခြင်း, ပျက်ခြင်းပင် ဖြစ်သောကြောင့် ပစ္စုပ္ပန်တရားတို့နှင့် အရမကွဲပေ။ ထို့ကြောင့် တစ်ပါးခန္ဓာ ပစ္စည်း သုံးပါးခန္ဓာ ပစ္စယုပ္ပန် စသောနည်းဖြင့် သဟဇာတပြိုင်နိုင်သည်။ ပြိုင်ပါ။

### ပတ္တာ + အတိက္ကန္တာ

ပတ္တာ အရ- အတိက္ကန္တာ အရ နှစ်ပုဒ်လုံး အတိတ်ဖြစ်သော စိတ် ၈၉၊ စေ-၅၂၊ ရုပ် -၂၈ ပါးပင် ရသောကြောင့် သဟဇာတမျိုး ပြိုင်ပါလေ။

### ဥပ္ပါဒါဒိက္ခဏံ +ပတ္တာ

ဥပ္ပါဒါဒိက္ခဏံ အရ- ပစ္စုပ္ပန် (ဖြစ်ဆဲ) တရားတို့၏ ဥပါဒ်. ဌီ. ဘင် ရစ်၏။ ပတ္တာ (ပစ္စည်း) အရ အတိတ်ဖြစ်သော စိတ်၊ စေ၊ ရုပ်တရားများ ရစ်၏။ ပကတူပ၊ ပြိုင်မရှိ။

### တံ တံ ကာရဏံ ပဋိစ္စ ဥပ္ပန္နာ

တံ တံ ကာရဏံ အရ- အာရုံ ၆-ပါး ပစ္စည်းတရား ရစ်၏။ (ပစ္စည်း) ပဋိစ္စ ဥပ္ပန္နာအရ- ပစ္စုပ္ပန်ဖြစ်သော စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈ -ပါးရစ်၏။ (ပစ္စယုပ္ပန်) အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု။ ၈-ပစ္စည်း။ ယထာရဟပြိုင်။

### တစ်နည်း

တံ တံ ကာရဏံ အရ- စက္ခုဝတ္ထုစသော ဝတ္ထုရုပ် ၆-ပါးရစ်၏။ ပဋိစ္စ ဥပ္ပန္နာ အရ - ပစ္စုပ္ပန်တရားများ ရစ်၏။ ဝတ္ထုပုရေဇာတသတ္တိဖြင့် ကျေးဇူးပြု

http://www.dhammadownload.com



သည်။ နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ - ၆ ပစ္စည်း ယထာရဟပြိုင်။

## တစ်နည်း

တံ တံ ကာရဏံ အရ- ဟိတ် ၆ -ပါး ပစ္စည်း။ ပဋိစ္စ ဥပ္ပန္နာအရ- ပစ္စယုပ္ပန်တရား အားလုံးရ၏။ သဟဇာတပြိုင်။ ကြီး ၄၊ လတ် ၄၊ ဟေတု၊ အဓိပတိ၊ မဂ္ဂ၊ ဣန္ဒြိယ ပေါင်း ၁၂-ပစ္စည်းပြိုင်။

ဤသို့ စသည်ဖြင့် ပဋ္ဌာန်း ၂၄-ပစ္စည်းလုံး ပြိုင်နိုင်သည်။

< >

## ၃၀။ အဇ္ဈတ္တတိက် အဖွင့်

(က) "ဇဝံ ပဝတ္တမာနာ မယံ အတ္တာတိ ဂဟဏံ ဂမိဿာမာ" တိ ဧဝံ ကာမိနာ ဝိယ အဓိပ္ပာယေန အတ္တာနံ အဓိကာရံ ကတွာ ပဝတ္တာတိ အဇ္ဈတ္တာ။

(ခ) အဇ္ဈတ္တသဒ္ဒေါ ပနာယံ ဂေါစရဇ္ဈတ္တေ နိယကဇ္ဈတ္တေ အဇ္ဈ- တ္တဇ္ဈတ္တေ ဝိသယဇ္ဈတ္တေတိ စတူသု အတ္ထေသု ဒိဿတိ။

(ဂ) "တေနာနန္ဒ ဘိက္ခုနာ တသ္မိံယေဝ ပုရိမသ္မိံ သမာဓိနိမိတ္တေ အဇ္ဈတ္တမေဝ စိတ္တံ သဏ္ဌပေတဗ္ဗံ အဇ္ဈတ္တရတော သမာ- ဟိတော" တိအာဒီသု ဟိ အယံ ဂေါစရဇ္ဈတ္တေ ဒိဿတိ။

(ဃ) ဣဓ ပန နိယကဇ္ဈတ္တေ အဓိပ္ပေတော။

(င) တသ္မာ အတ္တနော သန္တာနေ ပဝတ္တာ ပါဋိပုဂ္ဂလိကာ ဓမ္မာ အဇ္ဈတ္တာတိ ဝေဒိတဗ္ဗာ။

(စ) တတော ဗာဟိရဘူတာ ပန ဣန္ဒြိယဗဒ္ဓါ ဝါ အနိန္ဒြိယဗဒ္ဓါ ဝါ ဗဟိဒ္ဓါနာမ။

(ဠ-၈၈)

http://www.dhammadownload.com



## ၂။ ( ခ ) ဝါကျသို့

ဆရာ ဆရာသည် က-ဝါကျဖြင့် အဗျတ္တ၏ ဝစနတ္ထတို့ကို ဆိုတော်မူ၏။ အဗျတ္တ-၏ အတ္ထုဒ္ဒါရ -အနက်သရုပ်ကို မသိရသေးသည် မဟုတ်ပါလော။ ထို့ကြောင့် ဝစနတ္ထမျှကိုသာ မဆိုသင့်။ ယင်း၏ အတ္ထုဒ္ဒါရကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ခ- ဝါကျကိုမိန့်။

## ( ဂ ) ဝါကျသို့

ဆရာ ဆရာသည် ခ-ဝါကျဖြင့် အဗျတ္တသဒ္ဒါသည် ဂေါစရဗျတ္တ စသော အနက်လေးပါးတို့၌ ဖြစ်၏ဟု ဆိုတော်မူ၏။ ဆရာ့စကားသည် သကဝစနမျှသာဖြစ်၍ ပရဝစနအာဂမယုတ္တိမရှိက မယုံကြည်နိုင်ရာသည် မဟုတ်ပါလော။ ထို့ကြောင့် သကဝစနမျှကိုသာ မဆိုသင့်။ ပရဝစနအာဂမယုတ္တိကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ဂ- ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား**

တေနာနန္ဒ ဘိက္ခုနာ စသော ဗုဒ္ဓဝစန အာဂမယုတ္တိတို့ကို ထောက်၍ အဗျတ္တသဒ္ဒါသည် ဂေါစရဗျတ္တ စသော အနက်လေးပါးတို့၌ ဖြစ်ပါ၏ ဟူလို။

## (ဃ) ဝါကျသို့

ဆရာ ဆရာသည် ( ခ ) ( ဂ ) ဝါကျတို့ဖြင့် အဗျတ္တသဒ္ဒါ၏ ဂေါစရဗျတ္တ စသော အနက်လေးပါးတို့၌ဖြစ်ပုံကို ယုတ္တိနှင့်တကွ ပြဆိုတော်မူ၏။ ဤ အဗျတ္တတိက်လာ အဗျတ္တာမွှော အရ ထိုအဗျတ္တလေးမျိုးကိုပင် ယူရမည်လော။ **(အဓိက စောဒနာ)** သို့မဟုတ် ဂေါစရဗျတ္တ အဗျတ္တဗျတ္တတို့ကိုပင် ယူရမည်လော။ **(အညစောဒနာ)** ထို့ကြောင့် ( ခ ) ( ဂ ) ဝါကျတို့ကိုသာ မဆိုသင့်။ ဤနေရာ၌ အဘယ်အနက်တို့ကို ယူရမည်နည်း။ ဤသို့ စောဒနာဖွယ်ရှိသောကြောင့် ဃ-မိန့်။

**အဓိပ္ပါယ်ကား**

နိယကဗျတ္တကို ယူရမည် ဟူလို။

http://www.dhammadownload.com



## ( င ) ဝါကျသို့

ဆရာ ဆရာသည် (ဃ) ဝါကျဖြင့် အဇ္ဈတ္တအရ နိယကဇ္ဈတ္တကို ယူရမည်ဟု ဆိုတော်မူ၏။ နိယကဇ္ဈတ္တကို ယူသဖြင့် တစ်စုံတစ်ရာ အကျိုး မရှိနိုင်သည် မဟုတ်ပါလော။ ထို့ကြောင့် (ဃ) ဝါကျကိုသာ မဆိုသင့်။ နိယကဇ္ဈတ္တကို ယူသဖြင့် ရနိုင်သော အကျိုးကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် တသွာ-စသည်မိန့်။

**အဓိပ္ပါယ်ကား**

အဇ္ဈတ္တအရ နိယကဇ္ဈတ္တကို ယူလိုက်သဖြင့် မိမိသန္တာန်၌ ဖြစ်သော အသီးသီးသောတရားတို့ကို အဇ္ဈတ္တဟု သိမှတ်ရခြင်း အကျိုးရှိပါ၏ ဟူလို။

## ၃။ (ဃ) ဝါကျ အဓိပ္ပေတသဒ္ဒါ ထားရခြင်းအကြောင်း

၁။ ဂေါစရဇ္ဈတ္တစသော အဇ္ဈတ္တလေးမျိုးနှင့် ဆက်ဆံသည့် သာမညအဖြစ်မှတစ်ပါး နိယကဇ္ဈတ္တဟူသော အတ္တဝိသေသကို ပြလို သောကြောင့်လည်းကောင်း။

၂။ စောဒကနှင့် သူနိုင်ငါနိုင် အပြိုင်ငြင်းရာ၌ မိမိအလိုရှိအပ်သော အနက်ကို အပိုင်အနိုင်ကိုင်၍ လုယက်ထားလိုသောကြောင့် လည်းကောင်း အဓိပ္ပေတသဒ္ဒါ ထားပါသည်။

### ( င ) ဝါကျ တသွာထားရခြင်းအကြောင်း

အဇ္ဈတ္တမှော အရ- နိယကဇ္ဈတ္တကို ယူလိုက်သဖြင့် မိမိသန္တာန်၌ ဖြစ်ဖြစ်သမျှသော အသီးအခြားဖြစ်သော တရားမှန်သမျှ အဇ္ဈတ္တဟု သိမှတ် နိုင်ခြင်း အကျိုး(လဒ္ဓဂုဏ်)ကို ပြလိုသောကြောင့် တသွာထားပါသည်။

* **သာမညမှ၊ အတ္တဝိသေ၊ တစ်ထွေစကားလှ၊ ပြလိုမှု၊ ထားမှု ကထိတာ၊ ဓိပ္ပေတာ။**
* **လဒ္ဓဂုဏ၊ ကျိုးဖလနှင့်၊ နိဂမတစ်ဖြာ၊ ပြလိုရာ၊ တသွာ တေနထား။**

http://www.dhammadownload.com



၄။ * အတ္တာနံ အဓိကာရံ ကတ္ဝာ ပဝတ္တာ အဇ္ဈတ္တာ။

အတ္တ၏ အဇ္ဈတ္တမေ့တို့နှင့် အာရုံ+အာရမ္မဏိကအဖြစ်ဖြင့် စပ်သမ္ဗန်ဗျု-နိ။ အဇ္ဈတ္တမေ့တို့၏ အချင်းချင်း တူမျှခြင်း သာမညဇာတ်သည် ပ-နိ။

* စရန္တိ ဧတေသူတိ စရာ။
* ဂုန္နံ ဣန္ဒြိယာနံ စရာ ဂေါစရာ။ (အာရုံ ၆-ပါး)
* ဂုန္နံ ဂေါဏာနံ စရာ ဂေါစရာ။ (နွားစားကျက်ရာ၏)
* ဂေါစရာ ဝိယာတိ ဂေါစရာ။ (အာရုံ)

ဣန္ဒြေတို့၏ အာရုံတို့နှင့် နိဿိတ+နိဿယ၊ ဌာနီ+ဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။ အာရုံတို့၏ အချင်းချင်းတူမျှခြင်း သာမညဇာတ်သည် ပဝတ္တိနိမိတ်။

* ဂေါစရာ စ တေ အဇ္ဈတ္တာ စာတိ ဂေါစရဇ္ဈတ္တာ။
* သက သန္တတိံ နိဿာယ ဇာတိ နိဇံ။ ( နိ+ ဇန+ ကွိ)
* နိဇံယေဝ နိယကံ။ (စိတ်. စေတသိက်. ရုပ် အားလုံးရ၏)
* နိယကံ စ တံ အဇ္ဈတ္တံ စာတိ နိယကဇ္ဈတ္တံ။
* ဝိသေသေန စိတ္တသန္တာနံ သိနောတိ ဗန္ဓတီတိ ဝိသယော။ (ဝိ+သိ+ဏ)
* ဝိသယော စ သော အဇ္ဈတ္တံ စာတိ ဝိသယဇ္ဈတ္တံ။
* သမာဓိသ္သ နိမိတ္တံ သမာဓိနိမိတ္တံ။

သမာဓိ၏ ကသိုဏ်းစသော အာရုံတို့နှင့် အာရမ္မဏိက+ အာရုံ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။

သမာဓိ၏ အာရုံဖြစ်ခြင်း ကြိယာသည် ပဝတ္တိနိမိတ်။

* ပုရေ ဇာတံ ပုရိမံ။
* အဇ္ဈတ္တံ အဇ္ဈတ္တသ္မိံ ရတော အဇ္ဈတ္တရတော။

နိဗ္ဗာန် (ဝါ) ကမ္မဋ္ဌာန်းအာရုံ၏ မွေ့လျော်သော စိတ္တုပ္ပါဒ်နှင့် အာရုံ + အာရမ္မဏိက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။ နိဗ္ဗာန် (ဝါ) ကမ္မဋ္ဌာန်း

http://www.dhammadownload.com



အာရုံ၏ မွေ့လျော်ခြင်းကြီးယာသည် ပဝတ္တိနိမိတ်။

* သမာဒဟာတီတိ သမာဟိတော။ (သံ+ အာ+ ဓာ+ တ)
* အဓိပ္ပိယတေ ဣစ္ဆိယတေတိ အဓိပ္ပေတော။
(အဓိ+ပ+ ဣဓာတ်+တ)
(အဓိ+ အပိ+ဣဓာတ်+တပစ္စည်းဟု ခွဲလေ့ရှိ၏။ ပ-၌ ဒွေးဘော် ရောက်သည်ကို ထောက်၍ ပ-ဥပသာရဖြစ်သင့်သည်။ အပိ မဖြစ်သင့်)

* ပစ္စေကော ပုဂ္ဂလော ပဋိပုဂ္ဂလော။
* ပဋိပုဂ္ဂလေ ပဝတ္တော ပါဋိပုဂ္ဂလိကော။
အသီးသီးသော ပုဂ္ဂိုလ်၏ ဖြစ်သောအဇ္ဈတ္တဓမ္မတို့နှင့် ဌာနီ+ ဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။
အသီးသီးသောပုဂ္ဂိုလ်၌ ဖြစ်ခြင်းသည် ပ-နိ။

* ဗဟိ ဇာတာ ဗာဟိရာ။
အပသန္တာန်၏ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်တရားတို့နှင့် ဌာနီ+ဌာန စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။ အပသန္တာန်၌ ဖြစ်ခြင်းကြီးယာသည် ပ-နိ။

* ဣန္ဒြိယေဟိ ဗဒ္ဓါ ဣန္ဒြိယဗဒ္ဓါ။
* အနိန္ဒြိယေဟိ ဗဒ္ဓါ အနိန္ဒြိယဗဒ္ဓါ။

၅။ မယံ = သဗ္ဗနာမ်ပုဒ်၊ အလိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ အကာရန္တ။
အတ္တာ = ကိတ်ပုဒ်၊ ပုလ္လိင်၊ ရာဇာဒိ၊ အကာရန္တ။

အဇ္ဈတ္တမေဝ စိတ္တံ -၌ အဇ္ဈတ္တံ-ကား သို့ ဝိဘတ် ၊ အံဝိဘတ်။
အဇ္ဈတ္တံ ဝါ ဓမ္မေသု -၌ အဇ္ဈတ္တံ-ကား သတ္တမီ သု ဝိဘတ်။

၆။ (က) အတ္တာနံ အဓိကာရ ပဝတ္တာ-ဖြင့် အဇ္ဈတ္တာကို အတ္တာနံ အဓိကာရ ကတွာ ပဝတ္တာ အဇ္ဈတ္တာ ဟု အဖျယ်သောသမာသ် ဝဓနတ္ထပြု လည်းကောင်း၊ အဇ္ဈ၏ အဓိကာရိယအဖြစ်ကိုလည်းကောင်း ထိုအဓိသဒ္ဒါ၏

http://www.dhammadownload.com



အဓိကာရအနက် ပဝတ္တအနက်တို့ကို ဟောသည်အဖြစ်ကိုလည်းကောင်း သိစေပါသည်။

**ဇဝံ ပဝတ္တမာနာ မယံ အတ္တာတိ ဂဟဏံ ဂမိဿာမာတိ ဣမိနာ ဝိယ အဓိပ္ပာယေန**-ဖြင့် တစ်ခုသောသန္တာန်၌ စက္ခုစသည် ဖုသန စသည်အဖြစ်ဖြင့် ဖြစ်ရလျှင် ငါတို့သည် အတ္တဟု စွဲလမ်းခြင်းကို ခံကြရမည် ဟူသောအလိုဖြင့် ခန္ဓာကိုယ်ကို စွဲမှီ၍ ဖြစ်ကြသည်ဟူသောအနက်ကို သိစေသည်။

(ကြွင်း အာဘော်များလွယ်ပြီ)

**ဒဠှဗ္ဘာဝေန သဏ္ဌိတေန သဟ နိဒဿနေနာတိ သနိ ဒဿနာ။**

(သနိဒဿနတိက် ၈၉)

သဟ နိဒဿနေနဖြင့် သနိဒဿနာကို သဟ နိဒဿနေန ယေ ဝတ္တန္တီတိ သနိဒဿနာ ဟု ဗဟုဗ္ဗီသမာသ် ဝစနတ္ထပြုလည်းကောင်း၊ သ-၏ သဟကာရိယ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

**ဒဠှဗ္ဘာဝသဏ္ဌိတေန**-ဖြင့် သနိဒဿနာ၌ နိဒဿနာကို နိဒဿိ တဗ္ဗန္တိ နိဒဿနံ-ဟု ကမ္မသာဓ်ဝစနတ္ထပြုလည်းကောင်း၊ နိ-ရှေးရှိသော ဒိသဓာတ်၊ ယုပစ္စည်း၊ ယင်း ယုပစ္စည်း၏ ကံအနက်၌ သက်သည် အဖြစ်ကို လည်းကောင်း၊ နိဒဿန-အရ မြင်အပ်သော ရူပါရုံကိုမယူရ မြင်အပ်သည်၏ အဖြစ်ဟု ဆိုအပ်သော အာရမ္မဏသတ္တိကို ယူရမည်အဖြစ်ကိုလည်းကောင်း၊ ထိုနိဒဿနပုဒ်၏ ဘာဝပ္ပဓာန ဘာဝလောပ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

**ပဋိဟနနဘာဝသဏ္ဌိတေန သဟ ပဋိဃေနာတိ သပ္ပဋိဃာ၊**

သဟ ပဋိဃေန-ဖြင့် သပ္ပဋိဃာကို သဟပဋိဃေန ယေ ဝတ္တန္တီတိ

http://www.dhammadownload.com



သပ္ပဋိယာဟု ဗဟုဗ္ဗီသမာသ် ဝစနတ္ထပြုလည်းကောင်း၊ သ - ၏ သဟကာရိယ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

**ပဋိဟနနဘာဝသင်္ခါတေန - ဖြင့်** သပ္ပဋိယာ - ၌ ပဋိယကို ပဋိဟနတီတိ ပဋိယော၊ **တစ်နည်း** - ပဋိဟညတေတိ ပဋိယော - ဟု ကတ္တုသာဓ်. ကမ္မသာဓ် ဝစနတ္ထပြုလည်းကောင်း၊ ပဋိရှေးရှိသော ဟနဓာတ် ရပစ္စည်း၊ ယင်း ရ ပစ္စည်း၏ ကတ္တုတ္ထ ကမ္မတ္ထ၌သက်လည်းကောင်း၊ ဃ - ၏ ဟနကာရိယအဖြစ်ကိုလည်းကောင်း၊ ပဋိဃအရ ဩဠာရိကရုပ်ကိုမယူရ၊ ထိပါးတတ်သည်အဖြစ်ဟုဆိုအပ်သော ထိပါးခြင်းကြိယာကို ယူရမည်အဖြစ်ကိုလည်းကောင်း၊ ယင်း ပဋိဃ၏ ဘာဝပ္ပဓာန ဘာဝလောပအဖြစ်ကို လည်းကောင်း သိစေပါသည်။

## ၇။ ဣာမိနာ ဝိယ အဓိပ္ပါယေန၌ ဣာမိနာကား

အဓိပ္ပါယေန ဟူသော တိုက်ရိုက်ဝိသယရှိသည့်အပြင် ဖဝံ ပဝတ္တမာနာ စသည်ဖြင့် ဆိုဆဲဖြစ်သော အဓိပ္ပါယကို စွဲယူသောကြောင့် ပသိဒ္ဓဝိသယ ဖြစ်ပါသည်။

### အဇ္ဈတ္တမေဝ စိတ္တံ သဏ္ဌပေတဗ္ဗံ

၁။ ကသိုဏ်းစသော အဇ္ဈတ္တအာရုံသည် ဂဟေတဗ္ဗ။

၂။ ဗဟိဒ္ဓအာရုံသည် နိဝတ္တေတဗ္ဗ။

### တသ္မိံယေဝ ပုရိမသ္မိံ သမာဓိနိမိတ္တေ

၁။ ပထမဈာန်စသော သမာဓိ၏ အာရုံများသည် ဂဟေတဗ္ဗ။

၂။ သမာဓိ၏ အာရုံအဖြစ်သို့ မရောက်သော အာရုံသည် နိဝတ္တေတဗ္ဗ။

http://www.dhammadownload.com



## ၈။ အဖျွတ္တအရ အဖျွတ္တိကာယတန ၆-ပါး ရ၏။

၁။ ယင်းသည် ဒဿနတ္တ။
၂။ နာမ်ရုပ်သည် ဒီပကတ္တ။
၃။ ဖဿသည် ပကာသနတ္တ။
၄။ ဝိညာဉ်သည် ဝိဘာဝတ္တ။
၅။ ဝေဒနာစသည်သည် အနုဘာဝတ္တ။

## ဝိသယဖျွတ္တအရ- ဖလသမာပတ် ရ၏။

၁။ ယင်းသည် ဒဿနတ္တ။
၂။ ဒိဋ္ဌ ဓမ္မသုခဝိဟာရကို ခံစားလိုခြင်းသည် ဒီပကတ္တ။
၃။ ထိုဒိဋ္ဌ ဓမ္မသုခဝိဟာရကို ရရှိခြင်းသည် ပကာသနတ္တ။
၄။ သခ်ၤတနိမိတ်တို့ကို နလုံးမသွင်းလိုခြင်း စသော အကြောင်းများသည် ဝိဘာဝတ္တ။ (အာဒိကမ္မိက မင်္ဂဖိုလ်တို့လည်းယူနိုင်)
၅။ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးသည် အနုဘာဝတ္တ။

## ဣစ ပန နိယကဇ္ဈတ္တေ အဓိပ္ပေတော-၌ ကြိယာ၀ါးတန်

၁။ ဤနေရာ၌ နိယကဇ္ဈတ္တကို ယူရခြင်းသည် ဒဿနတ္တ။
၂။ ဤနေရာ၌ နိယကဇ္ဈတ္တသာ ဖြစ်သင့်ခြင်းသည် ဒီပကတ္တ။
၃။ မိမိသန္တာန်၌ ဖြစ်ဖြစ်သမျှသော စိတ်, စေတသိက်, ရုပ်တရားမှန်သမျှကို အဇ္ဈတ္တဟု သိမှတ်ရခြင်းသည် ပကာသနတ္တ။
၄။ အဇ္ဈတ္တဇ္ဈတ္တ စသည် မဖြစ်သင့်ခြင်းသည် ဝိဘာဝတ္တ။
၅။ အဇ္ဈတ္တ၏ သဘောအရကောက်ကို နောက်သား အဆက်ဆက်သိမှတ်ရခြင်းသည် အနုဘာဝတ္တ။

## ဣစ ပန နိယကဇ္ဈတ္တေ အဓိပ္ပေတော၌ သိဒ္ဓိ

ဤ၌ နိယကဇ္ဈတ္တကိုသာ ယူရမည်ဟု အနွယကိုဆိုသဖြင့်

http://www.dhammadownload.com



ဂေါစရရူပ္စသော ကြွင်း ၃-ပါးကိုမယူအပ်ဟု ဗျတိရေကတ္တကို အနက်ရောက်သောအားဖြင့် သိအပ်သောကြောင့် အတ္တာပန္နသိဒ္ဓိ ရပါသည်။

## တေနာနန္တ ဘိက္ခုနာ စသောဝါကျ၌ သိဒ္ဓိ

အရူပ္စသဒ္ဒါ၏ ဂေါစရရူပ္စသော အနက်၌ ဖြစ်နိုင်ပုံကို အာဂမယုတ္တိ ပါဠိတော်များဖြင့် ပြီးစေအပ် ယုံကြည်စေအပ်သောကြောင့် သိဒ္ဓေယျသိဒ္ဓိ, သဒ္ဓေယျသိဒ္ဓိ ရပါသည်။

## ၁၀။ အရူပ္စမေဝ စိတ္တံ သဏ္ဍပေတဗ္ဗံ

အရူပ္စအရ ကသိုဏ်းစသော အာရုံ ရ၏။ (ပစ္စည်း) သဏ္ဍပေတဗ္ဗံ အရ (စိတ္တံအရ) ပထမဈာန်စသော စိတ်ရ၏။ (ပစ္စယုပ္ပန်)အာရမ္မဏသတ္တိ။ ပြိုင်မရှိ။

## အရူပ္စရတော

အရူပ္စ-အရ နိဗ္ဗာန်ရ၏။ (ပစ္စည်း) ရတော အရ-မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ခု မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု၊ လောကုတ္တရာ စိတ္တုပ္ပါဒ်ရ၏။ အာရမ္မဏသတ္တိ။ အာ၊ မိ၊ ဥပ ပြိုင်။

**မှတ်ချက်။** ။ အရူပ္စအရနိဗ္ဗာန်ကို ယူခြင်းသည် မုချတ္တ မဟုတ်။ အကြောင်း မဂ် ဖိုလ်တို့၏အမည်ကို အကျိုးနိဗ္ဗာန်၌တင်စား၍ဆိုသော ကာရဏူပစာအားဖြင့်သာ ဆိုသည်။

## တစ်နည်း

အရူပ္စအရ ကသိုဏ်းစသော ကမ္မဌာန်းအာရုံ ရ၏။ (ပစ္စည်း) ရတောအရ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု မဟာကြိယာဉာဏသမ္ပယုတ် စိတ် ၄-ခု စိတ္တုပ္ပါဒ်ရ၏။ (ပစ္စယုပ္ပန်) အာရမ္မဏသတ္တိ။

http://www.dhammadownload.com



**ပါဠိပုဂ္ဂလိကာ ဓမ္မာ အဇ္ဈတ္တာတိ ဝေဒိတဗ္ဗာ။**

ဝေဒိတဗ္ဗာ-၌ ဝိဒဓာတ်အရ ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ရ၏။ (ပစ္စယုပ္ပန်)

တဗ္ဗပစ္စည်းအရ - အဇ္ဈတ္တမည်သော စိတ်, စေတသိက်, ရုပ်တရားရ၏။ (ပစ္စည်း) အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ယထာရဟ ၈-ပစ္စည်းပြိုင်။

**တိုက်ပြီးဗျ၏။**

http://www.dhammadownload.com

# ဒုကမာတိကာ

## ၃၁။ ဟေတုဂေါစ္ဆက အဖွင့်

(က) ဒုကမာတိကာယံ ပန တိကေသု အနာဂတပဒဝဏ္ဏနံ ယေဝ ကရိဿာမ။

(ခ) ဟေတုဂေါစ္ဆကေ တာဝ ဟေတုဓမ္မာတိ မူလဋ္ဌေန ဟေတုသင်္ခါတာ ဓမ္မာ။

(ဂ) ဟေတူ ဓမ္မာတိပိ ပါဌော။

(ဃ) န ဟေတူတိ တေသံယေဝ ပဋိက္ခေပဝစနံ။

(င) သမ္ပယောဂတော ပဝတ္တေန သဟ ဟေတုနာတိ သဟေတုကာ။ တထေဝ ပဝတ္တော နတ္ထိ ဧတေသံ ဟေတူတိ အဟေတုကာ။ ဧကုပ္ပါဒါဒိတာယ ဟေတုနာ သမ္ပယုတ္တာတိ ဟေတုသမ္ပယုတ္တာ၊ ဟေတုနာ ဝိပ္ပယုတ္တာတိ ဟေတုဝိပ္ပယုတ္တာ။

(စ) ဣမေသံ ဒွိန္နမ္ပိ ဒုကာနံ ကိဉ္စာပိ အတ္ထတော နာနတ္တံ နတ္ထိ။

(ဆ) ဒေသနာဝိလာသေန ပန တထာ ဗုဇ္ဈန္တာနံ ပုဂ္ဂလာနံ အဇ္ဈာသယဝသေန ဝုတ္တာ။

(အဋ္ဌကထာ-၈၉)

http://www.dhammadownload.com



**ဟေတုမွှာ + ဟေတုမွှာ**

ဟေတူမွှာတိပိ ပါဌော-ဟု ဆိုသောကြောင့် ၂-ပါဌ်လုံးသင့်။ ထိုတွင် အာသဝါ မွှာ, သပ္ပစ္စယာ မွှာ စသည်ဖြင့် နောက်နောက်ဒုက်တို့၌ ဝါကျအဖြစ်ဖြင့် ဟောထားသောကြောင့် ဟေတူမွှာ သာ ယုတ္တတရ။

တာဝ၏ စပ်ပုဒ်ကို နိဿယဟောင်း၌ အဝ္ဘော ဓဝ ဓေဒိတဗ္ဗော ဟုထည့်၏။ ဓေဒိတဗ္ဗော၌ ပဓာန စပ်၏။ ဘာသာဋီကာ၌ ဝုတ္တော-ဟု ထည့်၍စပ်၏။

## ၂။ (က) ဝါကျသို့ အနုသန္ဓေ

ဤသို့ ဣဒါနိ ဣတိမေ ဘာသမာနဿ စသော စကားရပ်တို့ဖြင့် တိကမာတိကာ ပါဠိတော်၏ အဖွင့်သံဝဏ္ဏနာကို ပြဆိုတော်မူပြီး၍ ယခုအခါ၌ ဒုကမာတိကာပါဠိတော်၏ အဖွင့်ကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည် ရှေးဦးစွာ အမှာစကားကို ပြလိုသောကြောင့် ဒုကမာတိကာယံ ပန စသော ဝါကျကိုမိန့်။

## (က)- ဝါကျသို့ ဥပနာပဋ္ဌက

ဆရာ ဆရာသည် ဣဒါနိ ဣတိမေ ဘာသမာနဿ စသော စကားရပ်တို့ဖြင့် တိကမာတိကာပါဠိတော်၏ အဖွင့်သံဝဏ္ဏနာကို ပြဆိုတော်မူခဲ့၏။ ယခုအခါ၌ ဒုကမာတိကာပါဠိတော်ကို ဖွင့်ဆိုရန် အစဉ်ရောက်လာပြီးဖြစ်ရာ ထိုဖွင့်ဆိုလတ္တံ့သော ဒုကမာတိကာ အဖွင့်သံဝဏ္ဏနာသည် ပုဒ်တိုင်း ပုဒ်တိုင်းကို ဖွင့်ဆိုမည့် အနုပုဗ္ဗပဒဝဏ္ဏနာပင် ဖြစ်လေသလော။ အဘယ်သို့သော အဖွင့်သံဝဏ္ဏနာမျိုး ဖြစ်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ဒုကမာတိကာယံ ပန စသော ပါဌ်ကိုမိန့်။

**အဓိပ္ပါယ်ကား**

တိကမာတိကာ အဖွင့်သံဝဏ္ဏနာ၌ မလာသေးသော ပုဒ်တို့၏ အဖွင့်သံဝဏ္ဏနာကိုသာ ပြဆိုမည့် အပုဗ္ဗပဒဝဏ္ဏနာ ဖြစ်၏ဟူလို။

http://www.dhammadownload.com



## (ခ) ဝါကျသို့ ဌပနာပဋ္ဌတ

ဆရာ ဆရာသည် (က) ဝါကျဖြင့် ဒုကမာတိကာ၌ တိက်တို့တွင် မလာသောပုဒ်တို့၏ အဖွင့်ကိုသာပြအံ့ဟု ပဋိညာဉ်အမှာစကားရပ်ကို ဆိုတော်မူခဲ့၏။ ဟေတုဂေါစ္ဆကလာ အသစ်ဖြစ်သော ဟေတူ ဓမ္မာ ဟူသော ပုဒ်၌ ဟေတုသဒ္ဒါသည် မဂ္ဂဟေတုကာ၌ ဟေတုသဒ္ဒါကဲ့သို့ ပစ္စယအနက်ကို ဟောပါသလော။ ဟေတူမ္မောကိုလည်း ဟေတူနံ ဓမ္မာ ဟေတုဓမ္မာ။ ဟေတူ ဓမ္မာ ယေသန္တိ ဟေတုဓမ္မာ ဟု တပ္ပုရိသ်သမာသ်၊ ဗဟုဗ္ဗီသမာသ် ဝစနတ္ထ ပြုရမည်လော။ ထို့ကြောင့် ပဋိညာဉ်စကားရပ်ကိုသာ မဆိုသင့်။ ဟေတုသဒ္ဒါ အဘာယ်အနက်ကိုဟော၍ ဟေတုဓမ္မာကို အဘာယ်သို့ ဝစနတ္ထပြုရမည်နည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) ဝါကျမိန့်။

### အဓိပ္ပါယ်ကား

ဟေတုသဒ္ဒါ မူလအနက်ကိုဟော၍ ဟေတုဓမ္မာ ကို ဟေတူ ဓမ္မာ ဟေတုဓမ္မာ ဟု ကမ္မဓာရည်းသမာသ် ဝစနတ္ထပြုရမည် ဟူလို။

## (ဂ) ဝါကျသို့ ပါပနာပဋ္ဌက

ဆရာ ဆရာသည် (ခ)ဝါကျဖြင့် ဟေတုဓမ္မာကို ဟေတူ ဓမ္မာ (ဟေတု သင်္ခါတာ ဓမ္မာ) ဟေတုဓမ္မာ ဟု ကမ္မဓာရည်းသမာသ် ဝစနတ္ထပြုရမည် အဖြစ်ကို ဆိုတော်မူ၏။ ယင်းသို့ဆိုလျှင် ဟေတုဓမ္မာသည် သမာသ်သာရှိ၍ ဝါကျမရှိဟူသောအနက်သည် ရောက်၏။ စင်စစ် ထိုအနက်သည် မရောက်သင့်။ ထို့ကြောင့် ဝါကျအဖြစ်ဖြင့် ရှိသေးသည်ကိုလည်း ဆိုသင့်သေး၏။ မဆိုဘဲ မနေသင့်။ နေရျေသော် ဆရာ၌ အဗျာပိတာဒေါသ သင့်ရောက်ရာ၏။ ဤသို့ စုဒ်ကြောင့် (ဂ) မိန့်။

## (ဃ) ဝါကျသို့ ပါပနာပဋ္ဌက

ဆရာ ဒုကမာတိကာ ဟေတုဂေါစ္ဆက၌ သဟေတုဒုက်၊ ဟေတုသမ္ပယုတ္တဒုက်တို့ကို ဘုရားရှင် ဟောတော်မူခဲ့၏။ ယင်းဒုက် နှစ်ဒုက်တို့သည်

http://www.dhammadownload.com



အနက် အဓိပ္ပါယ်အားဖြင့် တူကြသည်သာလျှင် မဟုတ်ပါလော။ ထို့ကြောင့် သဟေတုဒုက်ကိုဟောက ဟေတုသမ္ပယုတ္တဒုက်ကို မဟောသင့်။ ဟေတုသမ္ပယုတ္တဒုက်ကိုဟောက သဟေတုကဒုက်ကို မဟောသင့်။ အဘယ့်ကြောင့် ဝါ – အဘယ်၏အစွမ်းအားဖြင့် ယင်းနှစ်ဒုက်ကို ဟောထားခဲ့ရပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ယင်းအမေးကို စောဒကာဘောဂနှင့် တကွ ပြလိုသော အဋ္ဌကထာဆရာသည် စ – ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား**

ဒေသနာဝိလာသ၏ အစွမ်းအားဖြင့်လည်းကောင်း၊ ပုဂ္ဂလဇ္ဈာသယ၏ အစွမ်းအားဖြင့်လည်းကောင်း ဒုက်နှစ်ဒုတ်လုံး ဟောပါ၏ဟူလို။

## ၃။ ဟေတူမွှောတိပိ ၌ အပိကား

ဟေတုဓမ္မာ ဟူသော သမာသ်ပုဒ်အဖြစ်မှတစ်ပါး ဟေတူ ဓမ္မာ ဟူသော ဝါကျအဖြစ်ကို (ဝါ)သဒ္ဒါလဲလိုသောကြောင့် အပိသဒ္ဒါထားပါသည်။

## တထာ ဗုဇ္ဈန္တာနံ ဝါ ပုဂ္ဂလာနံ ၌ ဝါသဒ္ဒါကား

ဒေသနာဝိလာသဟူသော အကြောင်းမှတစ်ပါး ပုဂ္ဂလဇ္ဈာသယဟူသော အကြောင်းတစ်ပါးကို လဲလိုသောကြောင့် ဝါသဒ္ဒါထားပါသည်။

## ကိဉ္စာပိ ထားရခြင်း အကြောင်း

ပါဠိတော်ဟုဆိုအပ်သော သဒ္ဒါကို မနှစ်သက်သောကြောင့် ကိဉ္စာပိ ထားပါသည်။

၄။ * န အာဂတာနိ အနာဂတာနိ။
အနာဂတာနိ ပဒါနိ အနာဂတပဒါနိ။
ဝဏ္ဏီယတိ သံဝဏ္ဏီယတိ့ တောယာတိ ဝဏ္ဏနာ။

http://www.dhammadownload.com



* အနာဂတပဒါနံ ဝဏ္ဏနာ အနာဂတပဒဝဏ္ဏနာ။

-မလာသေးသော ပေတုဓမ္မာ စသောပုဒ်တို့၏ မူလဋ္ဌေန ပေတု သခိါတာ စသော သံဝဏ္ဏနာနှင့် သံဝဏ္ဏေတဗ္ဗ (ဥဒ္ဒေသ) သံဝဏ္ဏနာ (နိဒ္ဒေသ) အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။

-သံဝဏ္ဏနာဝါကျတို့၏ သာမညဇာတ်သည် ပဝတ္တိနိမိတ်။

* ဟိနောတိ ပဝတ္တတိ ဖလံ ဧတေနာတိ ပေတု။

သဟ ပေတုနာ ယေ ဝတ္တန္တီတိ သပေတုကာ။

-ဟိတ်နှင့်တကွဖြစ်ခြင်း သဟဘောဂုဏ်၏ သပေတုကဓမ္မတို့နှင့် ဂုဏ်+ဂုဏောအဖြစ်ဖြင့် စပ်ခြင်းသည် ဗျု-နိ။

-ဟိတ်နှင့်တကွဖြစ်ခြင်း သဟဘောဂုဏ်သည် ပဝတ္တိနိမိတ်။

* နာနာ ဘာဝေါ နာနတ္တံ။

-ထူးကုန်သော သပေတုကဒုက် ပေတုသမ္ပယုတ္တဒုက်တို့၏ ထူးခြင်းဂုဏ်နှင့် ဂုဏေး+ဂုဏ်အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။

-ထူးခြင်းဂုဏ်သည် ပဝတ္တိနိမိတ်။

* ဝိလာသေတီတိ ဝိလာသော။ (သဗ္ဗညုတဉာဏ်)

(ပေတုကတ္တုသာဓ်)

* ဒေသနာနံ ဝိလာသော ဒေသနာဝိလာသော။

-ဒေသနာတော်၏ သဗ္ဗညုတဉာဏ်တော်နှင့် အာရုံ+အာရမ္မဏိက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။

-သဗ္ဗညုတဉာဏ်တော်ဒြပ်သည် ပဝတ္တိနိမိတ်။

* ဝိလာသေတိ ဧတေနာတိ ဝိလာသော။(ကရဏသာဓ်)

* ဒေသနာယ ဝိလာသော ဒေသနာဝိလာသော။

* ဗုဇ္ဈန္တီတိ ဗုဇ္ဈန္တာ။ (ဗုဓ + ယ + အန္တ)

* စိတ္တာ မဓိဂန္ဒာ သယတိ ပဝတ္တတီတိ အဇ္ဈာသယော။

(အဓိ+အာ+သိ+ဏ)

http://www.dhammadownload.com



* အဗျာသယသော ဝသော အဗျာသယဝသော။

၅။ အနာဂတ = သမာသ်ပုဒ်၊ ဤနေရာ၌ နပုလ္လိင်၊ စိတ္တာဒိ၊ အကာရန္တ။
ဝဏ္ဏနံ = ကိတ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာကာရန္တ။
ကရိဿာမ = အာချာတ်၊ အလိင်၊ တနာဒိ၊ အကာရန္တ။
ဟေတု = ကိတ်၊ ပုလ္လိင်၊ ရတ္တာဒိ၊ ဥကာရန္တ။
နာနတ္တံ = တဒ္ဓိတ်၊ နပုလ္လိင်၊ စိတ္တာဒိ၊ အကာရန္တ။
ဗုဇ္ဈနာနံ = ကိတ်၊ ပုလ္လိင်၊ ဂစ္ဆန္တာဒိ၊ အကာရန္တ။

၆။ (ခ) မူလဋ္ဌေန ဟေတုသင်္ခါတာ မွော-ဖြင့် ဟေတုမွောကို ဟေတူ မွော ဟေတုမွောဟု ကမ္မဓာရည်းသမာသ် ဝစနတ္ထပြု၊ ဟေတုသဒ္ဒါသည် မဂ္ဂဟေတုကာ၌ ဟေတုကဲ့သို့ ပစ္စယအနက်ကိုမဟော မူလအနက်ကိုသာ ဟောသည့်၏အဖြစ်၊ လောဘစသောဟိတ်တို့သည် ပကတိသစ်မြစ်ရေသောက်မြစ်တို့သည် အပင်ကိုကောင်းစွာ ခိုင်မာစေနိုင်သကဲ့သို့ သမ္ပယုတ်တရားတို့ကို ကောင်းစွာတည်တံ့စေတတ်သည်၏ အဖြစ်ကို သိစေပါသည်။

(ဂ) ဟေတူမွောတိ ပါဌော-ဖြင့် ဟေတုမွောဟု သမာသ်ရှိသကဲ့သို့ ဟေတူ မွော ဟု ဝါကျလည်း ရှိကောင်းသည့်၏အဖြစ်ကို သိစေပါသည်။ (ပဒသံဝဏ္ဏနာ)

(ဃ) တေသံယေဝ ပဋိက္ခေပဝစနံ-ဖြင့် န ဟေတုမွော ၌ န သဒ္ဒါသည် ပဋိသေဓ (ပဋိက္ခေပ)အနက်ကို ဟောသည့်၏အဖြစ်၊ ဟိတ်အမည်ရသော တရားတို့မှ တစ်ပါးသောတရား (ဝါ) ဟိတ်မဟုတ်သော တရားတို့သည် န ဟေတုမွေ မည်သည်ကို သိစေသည်။ (နိပါတ လိင်္ဂတ္ထ၊ ဘာဝတ္ထ)

http://www.dhammadownload.com



**(င) သမ္ပယောဂတော ပဝတ္တေန သဟ ဟေတုနာ**-ဖြင့် သဟေတုကာကို သဟ ဟေတုနာ ယေ ဝတ္တန္တီတိ သဟေတုကာ ဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြု၊ သသဒ္ဒါသည် သဟသဒ္ဒါ၏ ကာရိယအဖြစ်၊ က-၏ သမာသန္တ က ၏အဖြစ်၊ ဟိတ်တရားနှင့် သဟိတ်တရားတို့ အတူတကွ ဖြစ်ကြ၏ဟူသည် အာရုံ+အာရမ္မဏိကအဖြစ်ဖြင့် ဖြစ်ကြသည် မဟုတ်၊ သမ္ပယုတ္တ သဟဇာတပစ္စည်း ပစ္စယုပ္ပန်အဖြစ်ဖြင့် ဖြစ်ကြသည်၏ အဖြစ်ကို သိစေပါသည်၊

**တထေဝ ပဝတ္တော နတ္ထိ ဧတေသံ ဟေတု**-ဖြင့် အဟေတုကာကို နတ္ထိ ဟေတု ဧတေသန္တိ အဟေတုကာ ဟု ဗဟုဗ္ဗီသမာသ် ဝစနတ္ထပြု၊ အ-၏ ဝိရဟ သုညအနက်ကို ဟောသည်၏အဖြစ်၊ အ-၏ န ကာရိယ အဖြစ်၊ က-၏ သမာသန္တ က အဖြစ်၊ ယှဉ်ဖော်ယှဉ်ဖက် ဟိတ်မရှိသော ကြောင့် အဟေတုက အမည်ရသည်၏အဖြစ်ကို သိစေပါသည်။

**ဧကုပ္ပါဒါဒိတာယ ဟေတုနာ သမ္ပယုတ္တာ**-ဖြင့် ဟေတုသမ္ပယုတ္တာကို ဟေတုနာ သမ္ပယုတ္တာ ဟေတုသမ္ပယုတ္တာ ဟု တတိယာတပ္ပုရိသ် သမာသ် ဝစနတ္ထပြု၊ ဟိတ်နှင့်ယှဉ်၏ဟူသည် ထိုဟိတ်နှင့် အဖြစ်တူ, အချုပ်တူ, အာရုံတူ, မှီရာတူခြင်းကို ဆိုလိုသည်၏အဖြစ်ကို သိစေပါသည်။

**ဟေတုနာ ဝိပ္ပယုတ္တာ ဟေတုဝိပ္ပယုတ္တာ**-ဖြင့် ဟေတုဝိပ္ပယုတ္တာ ကို ဟေတုနာ ဝိပ္ပယုတ္တာ ဟေတုဝိပ္ပယုတ္တာဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုသိစေပါသည်။

**(စ) ဣမေသံ ဒွိန္နမ္ပိ ဒုကာနံ**-စသည်ဖြင့် သဟေတုကဒုက်, ဟေတုသမ္ပယုတ္တဒုက် နှစ်ဒုက်တို့သည် အနက် (သရုပ်တရားကိုယ်) အားဖြင့် ထူးခြားမှုမရှိ (ဝါ) အကယ်၍ကား ထူးခြားမှုမရှိဟူသော စောဒက ဆရာ၏ အာဘောဂကို သိစေပါသည်။ (ဘာဝတ္ထ)

**(ဆ) ဒေသနာဝိလာသေန ပန**-စသည်ဖြင့် ထိုသို့ သရုပ်

http://www.dhammadownload.com



အရကောက် အနက်အားဖြင့် ထူးခြားမှု မရှိသော်လည်း ဒေသနာဝိလာသ၏ အစွမ်း, ပုဂ္ဂလဇ္ဈာသယ၏အစွမ်းဖြင့် နှစ်မျိုးနှစ်စား ဟောထားရသည် ဟူသော ပရိဟာရဘောဂ, ပရိဟာရတို့ကို သိစေပါသည်။ (ဘာဝတ္ထ)

## ၇။ အနာဂတ ပဒဝဏ္ဏနံယော

အနာဂတ ပဒဝဏ္ဏနာသည် ဂဟေတဗ္ဗ။ အာဂတပဒဝဏ္ဏနာ, **တစ်နည်း** - အနုပုဗ္ဗပဒဝဏ္ဏနာသည် နိဝတ္တေတဗ္ဗ။ အပုဗ္ဗပဒဝဏ္ဏနာ, အနုတ္တာနပဒ ဝဏ္ဏနာတို့သည် အနုညာတ။

### တေသံယော ပဋိကွေပဝစနံ

ဟောတုမွော၌ ပြခဲ့သော ဟိတ်ခြောက်ပါးသည် ဂဟေတဗ္ဗ။
ကြွင်း တရားတို့သည် နိဝတ္တေတဗ္ဗ။

## ၈။ အနာဂတပဒဝဏ္ဏနံယော ကရိယာမ-၌ ကြိယာငါးတန်

ကရိယာမ-အရ အရှင်မဟာဗုဒ္ဓဃောသ၏ သန္တာန်၌တည်သော ဉာဏ်, ဝီရိယပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်ရ၏။ ယင်းသည် ဒသနတ္ထ။ တိကမာတိကာကို ဖွင့်ဆိုပြီးခြင်းသည် ဒီပကတ္ထ။ အနာဂတပဒ ဝဏ္ဏနာကို ကြည့်ရှုနာကြားရသဖြင့် သောတုဇနတို့၏ အသိဉာဏ်တိုးပွား ခြင်းသည် ပကာသနတ္ထ။ အရှင်မဟာဗုဒ္ဓဃောသ၏ ဗာဟုသစ္စဂုဏ်နှင့် သောတုဇနတို့၏ အကျိုးကို လိုလားသော မေတ္တာ, သနားကြင်နာသော ကရုဏာ, စူဠဗုဒ္ဓဃောသ၏ တောင်းပန်ခြင်းစသော အကြောင်းတို့သည် ဝိဘာဝတ္ထ။ သောတုဇနတို့၏ အဘိဓမ္မာ၌ လိမ္မာကျွမ်းကျင်ခြင်း၊ သာသနာ တော်ကို ထွန်းလင်းတင့်တယ်စေခြင်းစသော အကျိုးတို့သည် အနုဘာ ဝတ္ထ။

### ဒေသနာ ဝိလာသေန

ဒေသနာဝိလာသေန အရ- သဗ္ဗညုတဉာဏ်တော် ရ၏။

http://www.dhammadownload.com



ယင်းသည် ဒဿနတ္ထ။ မဟာဝဇီရဉာဏ်, အရဟတ္တမဂ်ဉာဏ်တို့သည် ဒီပကတ္ထ။ သကလဗုဒ္ဓဉာဏ်တော်ကို ရခြင်း, တစ်လောကလုံးဝယ် အမြတ်ဆုံး ဖြစ်ရခြင်းသည် ပကာသနတ္ထ။ ပါရမီဉာဏ်, ဝိပဿနာဉာဏ်, အောက်မဂ် အောက်ဖိုလ်ဉာဏ်တို့သည် ဝိဘာဝတ္ထ။ ဝေနေယျတို့ အကျိုးများစေရန်အတွက် သဟေတုကဒုက်, ဟေတုသမ္ပယုတ္တဒုက် နှစ်ဒုက်လုံးကို ဟောတော်မူခြင်း၊ ဝေနေယျတို့အဖို့ သဟေတုကဓမ္မ, ဟေတုသမ္ပယုတ္တဓမ္မတို့ကို သိရခြင်းစသော အကျိုးများသည် အနုဘာဝတ္ထ။

ဋီကာ - ၌ ဒေသနာဝိလာသအရ ဒေသနာဉာဏ်ဟုလည်း ဖွင့်သည်။ ဒေသနာဉာဏ်ဟူသည် ဟောဆဲအခိုက်အတန့်၌ မိမိဟောအပ်သော တရားကိုသိသည့် သဗ္ဗညုတဉာဏ်တော်ပင်တည်း။

## ဝုတ္တာ -

ဝုတ္တာ - ၌ ဝစဓာတ်အရ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ရ၏။ ယင်းသည် ဒဿနတ္ထ၊ ပုဂ္ဂလဇ္ဈာသယသို့ လိုက်ခြင်းသည် ဒီပကတ္ထ၊ သဟေတုဒုက်၊ ဟေတုသမ္ပယုတ္တဒုက်တို့ကို ဝေနေယျတို့သိရခြင်းသည် ပကာသနတ္ထ၊ ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော်တို့သည် ဝိဘာဝတ္ထ၊ ဝေနေယျတို့၏ စိန္တာမယဉာဏ်မှစ၍ မရေမတွက်နိုင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

## ၁၀။ အနာဂတ ပဒဝဏ္ဏနံယေဝ ကရိဿာမ

အနာဂတပဒဝဏ္ဏနံ - အရ မဖွင့်ဆိုမီ စိတ်ဖြင့် ပိုင်းခြားမှတ်သားအပ်သည့် မဖွင့်ဆိုရသေးသော ပုဒ်တို့၏ အနက်ဒြပ် အတ္ထပညတ်ရ၏။ (ပစ္စည်း)

ကရိဿာမ - အရ အဋ္ဌကထာဆရာ၏ သန္တာန်၌တည်သော ဉာဏ်, ဝီရိယပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် ရ၏။ (ပစ္စယုပ္ပန်)

http://www.dhammadownload.com



အာရမ္မဏာသတ္တိဖြင့် ကျေးဇူးပြုသည်။ ပြိုင်မရှိ။

## ဟေတု (ဟေတူ) မေ္ဘာ

ဟေတု- ရှေ့ပုဒ်အရ ဟိတ် ၆-ပါး ရ၏။ မေ္ဘာဟူသော နောက်ပုဒ် အရလည်း ဟိတ် ၆-ပါးကိုပင်ရ၏။ ထို့ကြောင့် ဟေတုအရ လောဘဟိတ် ပစ္စည်းယှဉ်လျှင် မေ္ဘအရ မောဟဟိတ် ပစ္စယုပ္ပန်တရားအား သဟဇာတ သတ္တိဖြင့် ကျေးဇူးပြုသည်။

ကြီး ၄၊ အညာ၊ သမ္ပ၊ ဟေတု၊ ပေါင်း ၇-ပစ္စည်း ပြိုင်။

ဟေတု အရ လောဘဟိတ် ပစ္စည်းတရားက မေ္ဘအရ ဒေါသဟိတ် အလောဘ, အဒေါသ, အမောဟဟိတ် ပစ္စယုပ္ပန်တရားအား ပကတူပ သတ္တိဖြင့် ကျေးဇူးပြုသည်။

ဟေတုအရ ဒေါသဟိတ် ပစ္စည်း၊ မေ္ဘ အရ မောဟဟိတ် ပစ္စယုပ္ပန်၊ သဟဇာတသတ္တိဖြင့် ကျေးဇူးပြု၊ ယခင် ၇-ပစ္စည်း။

ဒေါသဟိတ်ပစ္စည်း၊ လောဘ, အလောဘ, အဒေါသ, အမောဟ ဟိတ် ပစ္စယုပ္ပန် ပကတူပ။

ဟေတုအရ အလောဘပစ္စည်း၊ မေ္ဘအရ အဒေါသ, အမောဟ ပစ္စယုပ္ပန် သဟဇာတပြိုင်၊ ယခင် ၇-ပစ္စည်း။

အဒေါသပစ္စည်း၊ အလောဘ, အမောဟ, ပစ္စယုပ္ပန်ယှဉ်လျှင်လည်း နည်းတူ။

အမောဟ ပစ္စည်း၊ အလောဘ, အဒေါသပစ္စယုပ္ပန် -ကြီး-၄၊ အညာ၊ သမ္ပ၊ ဟေတု၊ အဓိပတိ၊ မဂ္ဂ၊ ဣန္ဒြိယ = ပေါင်း (၁၀) ပစ္စည်း။

အလောဘ, အဒေါသ, အမောဟပစ္စည်း၊ လောဘ, ဒေါသ, မောဟ ပစ္စယုပ္ပန်ယှဉ်လျှင်-ပကတူပ၊ ပြိုင်မရှိ။

## တစ်နည်း-

ဟေတု (ဟေတူ) အရ ဟိတ်၆-ပါးပစ္စည်း၊ မေ္ဘာအရ-အဝိနာဘာဝ

http://www.dhammadownload.com



နည်းအားဖြင့် သဟိတ်စိတ်, စေတသိက်တို့ကို ပစ္စယုပ္ပန်ယူလျှင် - သဟဇာတ သတ္တိဖြင့် ကျေးဇူးပြု။

ကြီး - ၄၊ လတ် - ၃၊ ဟေ. ဓိ. မဂ္ဂ. ဣန္ဒြိယ ပေါင်း = ၁၁ ပစ္စည်းပြိုင်။

## သဟေတုကာ ဓမ္မာ

သဟေတုကာ - ၌ သဟေတုဟူသော အန္တတ္ထပုဒ်အရ ဟိတ် ၆ - ပါး၊ ယေသံဟူသော ဗာဟျတ္ထအရ သဟိတ်စိတ်စေတသိက်တိ. မောဟမူဒွေး ၌ မောဟကြဉ်သော စေတသိက်ဒွေပညာသရ၏။ သဟဇာတပြိုင်။

ယခင် ၁၁ - ပစ္စည်း။

## ဟေတုသမ္ပယုတ္တာ

ဟေတုအရ ဟိတ် ၆ - ပါး၊ သမ္ပယုတ္တာအရ သဟိတ်စိတ်, စေတသိက်ရ၏။(အကျယ်ကို သဟေတုက၌ကြည့်) သဟဇာတပြု။

၁၁ - ပစ္စည်းပြိုင်။

## ဟေတုဝိပ္ပယုတ္တာ

ဟေတု အရ ဟိတ် ၆ - ပါး၊ ဝိပ္ပယုတ္တာအရ အဟိတ်စိတ် အဋ္ဌာရသ၊ ဆန္ဒကြဉ် အညသမာန်းစေတသိက် ဒွါဒသ၊ မောဟမူဒွေး၌ မောဟ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ရ၏။ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၊ ပြိုင်မရှိ။

## တစ်နည်း

ဟေတု အရ လောဘမူစိတ် ၈ - ပါးနှင့်ယှဉ်သော လောဘဟိတ် ရ၏။ ဝိပ္ပယုတ္တာအရ အဟိတ်စိတ် စေတသိက် စိတ္တဇရုပ်(အကျယ်ကို အထက်၌ ကြည့်ပါ) ရ၏။

ထို့ကြောင့် ဒွိပဉ္စသဟဂုတ်ကာယဝိညာဉ်စိတ်ကြဉ်သော အဟိတ် စိတ်၊ စေတသိက် အဟိတ်စိတ္တဇရုပ် ပစ္စည်းတရားက လောဘဟိတ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။

http://www.dhammadownload.com



အာ. ဓိ. ဥပ ၃-ပစ္စည်းပြိုင်။

(လောဘမူသည်၊ ဒေါသမူ မောဟ၊ ဒုက္ခကြဉ်ဖယ်စသော လက်ဘက်ကို နှလုံးသွင်းပါ။)

(ဤသို့စသည်ဖြင့် ဉာဏ်ရှိသလို ပြိုင်နိုင်သည်။)

**အဗျာသယဝသေန ဝုတ္တာ**

ဝုတ္တာ-ဝယ် ဝစဓာတ်အရ ဘုရားရှင်၏ ဒေသနာဉာဏ်စိတ္တုပ္ပါဒ် ရ၏။

တ-ပစ္စည်းအရ သဟေတုကာ မှော. ဟေတုသမ္ပယုတ္တာ မှော စသော ဝစီဘေဒစိတ္တဇသဒ္ဒရုပ် ရ၏။

ထို့ကြောင့် ဒေသနာဉာဏ်စိတ္တုပ္ပါဒ် ပစ္စည်းတရားက သဒ္ဒရုပ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

ကြီး၄။ ဝိပ္ပယုတ္တ။ ငယ် ၇-ပစ္စည်း ပေါင်း ၁၂-ပစ္စည်းပြိုင်။

အဗျာသယဝသေန-အရ သတ္တဝါတို့၏ အဗျာသယ အလိုဆန္ဒ ရ၏။(ပစ္စည်း)

ဝုတ္တာ-၌ ဓာတ်အရ ဒေသနာဉာဏ် စိတ္တုပ္ပါဒ်ရ၏။ (ပစ္စယုပ္ပန်) အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု၊

အာ. ဓိ. ဥပ ၃-ပစ္စည်းပြိုင်။

တ-ပစ္စည်းအရ ဝစီဘေဒ စိတ္တဇသဒ္ဒရုပ်အား ပကတူပသတ္တိဖြင့် ကျေးဇူးပြုသည်။ (ပြိုင်)

< >

http://www.dhammadownload.com



## ၃၂။ ဟေတုဂေါစ္ဆက အဖွင့်

(က) တတ္ထ ယဒေတံ " န ဟေတူ ခေါ ပန ဓမ္မာ သဟေတုကာပိ အဟေတုကာပိ " တိ သိဒ္ဓေ " န ဟေတူ ခေါ ပန ဓမ္မာ" တိ အတိ ရိတ္တံ "ခေါ ပနာ "တိ ပဒံ ဝုတ္တံ၊ တဿ ဝသေန အယံ အတိရေကတ္ထော သင်္ဂဟိတောတိ ဝေဒိတဗ္ဗော။

(ခ) ကထံ န ကေဝလံ နဟေတုဓမ္မာဝ, အထခေါ အညေပိ။ သဟေတုကာ အဟေတုကာ ဣစ္စေဝ အထခေါ အညထာပီတိ။

(ဂ) ဣဒံ ဝုတ္တံ ဟောတိ - "ယထေဝ ဟိ န ဟေတူဓမ္မာ သဟေတုကာပိ အဟေတုကာပိ။ ဧဝံ ဟေတူ ဓမ္မာ သဟေတုကာပိ အဟေတုကာပိ။

(ဃ) ယထာ စ န ဟေတူ ဓမ္မာ သဟေတုကာပိ အဟေတုကာပိ၊ ဧဝံ န ဟေတူ ဓမ္မာ ဟေတုသမ္ပယုတ္တာပိ ဟေတုဝိပ္ပယုတ္တာပီ" တိ။

(ဋ္ဌ-၈၉-၉၀။)

**ဆိုလိုရင်း**

န ဟေတူ ခေါ ပန ဓမ္မာ-၌ "ခေါ ပန " ဟူသော သဒ္ဒါပိုကို ဟောထားသောကြောင့် -

၁။ န ဟေတူ ခေါ ပန ဓမ္မာ သဟေတုကာပိ၊ န ဟေတု ခေါ ပန ဓမ္မာ အဟေတုကာပိ - ဟူသော ဒုက်ဖြစ်သကဲ့သို့ ဟေတူ ဓမ္မာ သဟေတုကာပိ၊ ဟေတူ ဓမ္မာ အဟေတုကာပိ-ဟူသော ဒုက်လည်း ဖြစ်နိုင်သည်။

၂။ န ဟေတူ ဓမ္မာ သဟေတုကာပိ၊ န ဟေတူ ဓမ္မာ အဟေတုကာပိဟူသော ဒုက်ဖြစ်သကဲ့သို့ န ဟေတူ ဓမ္မာ ဟေတုသမ္ပယုတ္တာပိ၊ န ဟေတူ ဓမ္မာ ဟေတုဝိပ္ပယုတ္တာပိ-ဟူသော ဒုက်လည်းဖြစ်

http://www.dhammadownload.com



သင့်သည်ဟု ဆိုလိုသည်။

## ခ-ဝါကျ၏ ဆိုလိုရင်း

န ဟေတု ဓမ္မ-ဟိတ်မမည်သော တရားတို့သည်သာ သဟေတုက အဟေတုကမည်သည် မဟုတ် ဟိတ်မည်သော တရားတို့သည်လည်း သဟေတုက. အဟေတုကမည်သေးသည်။

န ဟေတု ဓမ္မ-ဟိတ်မမည်သော တရားတို့သည် သဟေတုက အဟေတုက အပြားအားဖြင့်သာ ဖြစ်သည်မဟုတ်၊ ဟေတုသမ္ပယုတ္တ. ဟေတုဝိပ္ပယုတ္တ-ဟူသော အပြားအားဖြင့်လည်း ဖြစ်သေးသည်။

(အညေပိ-ဖြင့် န ဟေတူ ခေါ် ပန ဓမ္မာ သဟေတုကာပိ-၌ န ဟေတု ဟူသောပုဒ်၏ ဆန့်ကျင်ဘက် ဟေတုဓမ္မတို့ကို အညထာပိဖြင့် သဟေတုကာပိ. အဟေတုကာပိ-ဟူသော ပုဒ်တို့နှင့် အလားတူသော ဟေတုသမ္ပယုတ္တာပိ ဟေတုဝိပ္ပယုတ္တာပိ-တို့ကို ရည်ညွှန်းသည်။)

## ပါဠိဝိနိစ္ဆယ

ခ-ဝါကျ၌-

၁။ ကထံ? န ကေဝလံ န ဟေတု ဓမ္မာဝ. အထခေါ် အညေပိ သဟေတုကာ အဟေတုကာ ဣစ္စေဝ. အထခေါ် အညထာ ပီတိ-ဟု လည်းကောင်း။

၂။ ကထံ? န ကေဝလံ န ဟေတုဓမ္မာ သဟေတုကာ အဟေတုကာ ဣစ္စေဝ. အထခေါ် အညေပိ အညထာပီတိ-ဟု လည်းကောင်း နှစ်မျိုးရှိသည်။

ထိုတွင် အမှတ်(၁) ဝါကျသည်သာ ဆိုလတ္တံ့သော(ဂ)ဝါကျ (ဃ) ဝါကျတို့နှင့် လိုက်လျောညီထွေ ရှိသောကြောင့်လည်းကောင်း။ ပြည်နိဿယ ၌ "ဋီကာပါဌ်ကိုမြင်၍ ရှေ့ အထခေါ် အညေပိကို ကွင်း၍ နောက်၌

http://www.dhammadownload.com



အထခေါ် အညေပိ အညထာပိသာ ရှိသင့်သည့်" ဟု ဆုံးဖြတ်ထားသော ကြောင့်လည်းကောင်း အမှတ် (၁) ဝါကျ (အဋ္ဌကထာစာအုပ်၌ ရှိသည့် အတိုင်းသာ) သင့်သည်။ (ဘာသာဋီကာ၌ ပါဠိအနေအထား တစ်မျိုး ဖြစ်နေသည်။)

**ယဒေတံ + ယမေတံ**

နပုံသကေ ယတေတေဟိ ဒေါ် သရေ ပါယေန – နပုလ္လိင်၌ သရ နောင်းလျှင် ယ, တ, ဧတ သဒ္ဒါနောင် နောင်းသော နိဂ္ဂဟိတ်ကို များသော အားဖြင့် ဒ–ပြုရမည်ဟု သဒ္ဒနီတိဆိုသောကြောင့် ယဒေတံ ယုတ္တတရ။ (ဤ၌ "ဒေါ် ပနာ" တိ ပဒံ–ဟူသော နပုလ္လိင်အရာဖြစ်သည်။) ယမေတ္တ ရှိလျှင်လည်း ယုတ္တ။

**၁။ အနက်ပေး**

(ခ) ကထံ, ကေဝလံ၊ ဟေတုမွဖက် သက်သက်။ န ဟေတုမ္မော၀၊ န ဟေတုမ္မော (ဟိတ်မမည်သောတရား)တို့သည်သာ။ (သဟေတုက အဟေတုက ဘေဒေန၊ သဟေတုက အဟေတုက အပြားအားဖြင့်) န သမ္ဘဝန္တိ၊ ဖြစ်သင့်သည် မဟုတ်ကုန်သေး။ အထခေါ်၊ စင်စစ်သော်ကား။ န ဟေတု မွေဟိ၊ န ဟေတုမွေတို့မှ၊ (အညာ၏ အပါဒါန်) အညေပိ၊ အခြားလည်းဖြစ်သော ဟေတုမွေတို့သည်လည်း။ (သဟေတုက အဟေ တုကဘေဒေန – ဖြင့်) သမ္ဘဝန္တိ၊ ဖြစ်သင့်ကုန်သေး၏။

ကေဝလံ၊ သဟေတုက (အဟေတုကမဖက်) သက်သက်၊ န ဟေတုမ္မော၊ န ဟေတုမွေတို့သည်။ သဟေတုကာ အဟေတုကာ ဣစ္စေ၀၊ သဟေတုက အဟေတုက အပြားအားဖြင့်သာလျှင်။ န သမ္ဘဝန္တိ၊ ဖြစ်ကုန် သည် မဟုတ်သေး။ အထခေါ်၊ စင်စစ်သော်ကား။ (သဟေတုက အဟေ တုက ဘေဒေဟိ၊ သဟေတုက အဟေတုကအပြားတို့မှ။) (အညထာပိ၏ အပါဒါန်) အညထာပိ၊ တစ်ပါးသော ဟေတုသမ္ပယုတ္တ, ဟေတုဝိပ္ပယုတ္တ

http://www.dhammadownload.com



အပြားအားဖြင့် လည်း။ သမ္ဗဝန္တိ၊ ဖြစ်သင့်ကုန်သေး၏။ (ဤကား ပြည်နိဿယ အလိုတည်း)

## ဘာသာဋီကာ အဆို

ဘာသာဋီကာ-၌ အညေပိ-၏ အပါဒါန်ကို တတော ပရံ ပဋ္ဌမဒုကံ ဒုတိယ တတိယေဟိ သဒ္ဓိံ ယောဇေတွာ စသော (ဋ္ဌ-၈၉-လာ) ဝါကျတို့ဖြင့် ဆိုအပ်ပြီးသော သမ္ဗဝဒုက် ၂-ဒုက်ကိုခံ၍၊ အညထာပိ၏ အပါဒါန်ကို ထိုသမ္ဗဝ ဒုက် ၂-ဒုက် ယှဉ်ပုံကို ခံပါဟုဆိုသည်။

ထို့ကြောင့် အညေပိ၏ အပါဒါန်ကို "ဟေတုအဟေတုကဒုက. ဟေတု ဟေတုဝိပ္ပယုတ္တဒုကေဟိ- ဟေတုအဟေတုကဒုက်. ဟေတု ဟေတုဝိပ္ပယုတ္တ ဒုက်တို့မှ" ဟု အပါဒါန်ခံပါ။

အညထာပိ အပါဒါန်ကိုလည်း "ဟေတုအဟေတုက အခြင်းအရာ၊ ဟေတုဟေတုဝိပ္ပယုတ္တ အခြင်းအရာမှ" ဟု ခံပါ။

ဤအဆိုနှစ်ရပ်တွင် ဘာသာဋီကာအဆိုသည်သာ ကျမ်းရိုးစာသွားလည်းကျ. အဋ္ဌကထာဆရာ၏ အာဘော်နှင့်လည်း ညီညွတ်၍ ကောင်းသည်။

## ၂။ (က) ဝါကျသို့ ဒွပနာပဋ္ဌက

ဆရာ မြတ်စွာဘုရားသည် ဟေတုဂေါစ္ဆကကို ဟောရာ၌ န ဟေတူ ခေါ ပန ဓမ္မာ သဟေတုကာပိ အဟေတုကာပိ-ဟူ၍ ဆဋ္ဌဒုက်ကို ဟောတော်မူ၏။ န ဟေတု ဓမ္မာ သဟေတုကာပိ အဟေတုကာပိ-ဟု (ခေါ ပန) သဒ္ဒါမပါဘဲဟောက ပြီးကောင်းသည် မဟုတ်ပါလော။ အဘယ့်ကြောင့် ယင်း(ခေါ ပန) သဒ္ဒါကို ဟောရပါသနည်း စုဒ်ကြောင့် (က) ဝါကျကို မိန့်။

**အဓိပ္ပါယ်ကား-**

ခေါ ပန သဒ္ဒါမပါဘဲဟောလျှင် ပြီးကောင်းသော်လည်း ထို ခေါ ပန

http://www.dhammadownload.com



သဒ္ဒါပိုဖြင့် ဆိုလတ္တံ့သော အနက်ပိုများကို သိမ်းယူလိုသောကြောင့် ဟောရပါ၏ ဟူလို။

## (ခ) ဝါကျသို့

ဆရာ ဆရာသည် ခေါ် ပန သဒ္ဒါပိုဖြင့် အနက်ပိုကို သိမ်းယူအပ်၏ ဟုဆိုတော်မူ၏။ ထိုအနက်ပိုယူပုံကို မသိရသေးသည် မဟုတ်ပါလော။ (ဝါ) အခြားသော ဖြစ်သင့်သော သမ္ဘဝဒုက်တို့၏ ဖြစ်ပုံကို မသိရသေးသည် မဟုတ်ပါလော။ အဘယ်သို့ သမ္ဘဝဒုက်များ ဖြစ်သင့်ပါသနည်း - စုဒ်ကြောင့် ယင်းစောဒနာကို ကိုယ်တိုင်ပြ၍ ဖြေလိုသော ဆရာသည် (ခ)ဝါကျကို မိန့်။

## (ဂ)ဝါကျသို့

ဆရာ အခြားဒုက်တို့လည်း အခြားသော အခြင်းအရာအားဖြင့် ဖြစ်ထိုက်သည်ဟု ဆို၏။ ထိုစကားသည် ဂုဋ္ဌ. ပဋိစ္ဆန္န. သခေ်ပဖြစ်၍ ထင်ရှားစွာ မသိရသေးသည် မဟုတ်ပါလော။ အဘယ်သို့ အခြားဒုက်တို့ ဖြစ်သင့်ပါသေးသနည်း-စုဒ်ကြောင့် (ဂ)ဝါကျ မိန့်။

## အဓိပ္ပါယ်ကား

န ဟေတု သဟေတုက ဒုက်ရှိသကဲ့သို့, ဟေတူ ဓမ္မာ သဟေတုကာပိ အဟေတုကာပိ-ဟူသော ဟေတု သဟေတုကာ ဟေတုကဒုက်လည်း ရကောင်းပါသည်ဟူလို။ (ဤကား အကျဉ်းပြန်ခြင်း တည်း။ အကျယ်ကို ပါဠ်ရှော့ာက်ကြည့်၍ ပြန်ပါ။)

## (ဃ) ဝါကျသို့

ဆရာ ဆရာသည် ( ခေါ် ပန သဒ္ဒါ၏ အစွမ်းကြောင့် န ဟေတု သဟေတုကဒုက် ရကောင်းသကဲ့သို့ ဟေတုဓမ္မာ သဟေတုကာပိ အဟေတုကာပိ ဟူသော (ဟေတု သဟေတုကာဟေတုက) ဒုက်လည်း ရနိုင်ကြောင်း ဆိုတော်မူ၏။ ထို ဟေတု သဟေတုကာ ဟေတုကဒုက်သာ

http://www.dhammadownload.com



ရကောင်းပါသလော။ အဘယ်သို့သောဒုက်လည်း ရနိုင်ပါသေးသနည်း - စုဒ်ကြောင့် ယထာ စ - စသော (ဃ) ဝါကျကို မိန့်။

**အဓိပ္ပါယ်ကား**

န ဟေတုမ္ဟာ သဟေတုကာပိ၊ အဟေတုကာပိ ဟူ၍ န ဟေတု သဟေတုကဒုက်ကို ရထိုက်သကဲ့သို့ န ဟေတုမ္ဟာ ဟေတုသမ္ပယုတ္တာပိ၊ ဟေတုဝိပ္ပယုတ္တာပိ ဟူသော န ဟေတု ဟေတုသမ္ပယုတ္တ ဟေတုဝိပ္ပယုတ္တ ဒုက်ကိုလည်း ရထိုက်ပါသေး၏ ဟူလို။

၃။ (က) ဝါကျဖြင့် န ဟေတု ခေါ် ပန မ္ဟာ-၌ ခေါ် ပန သဒ္ဒါပိုဖြင့် ရထိုက်သော အနက်တို့ကို (အကျိုးတို့ကို) ပြသောကြောင့် နိရုတ္တကဒေါသ ကို ပယ်ပါသည်။

(ခ) ဝါကျဖြင့် ထို ခေါ် ပန သဒ္ဒါ၏ အတိရေကတ္ထ ဖြစ်ပုံကို ပြသော ကြောင့် ဝိရောဓိဒေါသ, ဩစိတျဟီနဒေါသတို့ကို ပယ်ပါသည်။

(ဂ) ဝါကျဖြင့် (ခ) ဝါကျဖြင့် ပြအပ်သော ဂုတ်လျှိုးကွယ်ဝှက်သော အနက်ကို ပေါ်လွင်အောင် ပြဆိုသောကြောင့် အပါကဋဒေါသ, သသံသယ ဒေါသတို့ကို ပယ်ပါသည်။

(ဃ) ဝါကျဖြင့် ရထိုက်သော သမ္ဗန္ဓဒုက်ကို ဆက်၍ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။

၄။ * အတိရိစ္စတီတိ အတိရိတ္တံ။ (အတိ+ရိစ+တ) ဆိတ်သုဉ်းခြင်း ပိုလွန်ခြင်းကြိယာ။

* အတိရေစတီ (အတိရိစ္စတီ)တိ အတိရေကော။ (အတိ + ရိစ + ဏ္ဍ) အတိသဒ္ဒါ ပဋိသော၏။ ဆိတ်သုဉ်းခြင်း, မကျန်ခြင်း၏ ဆန့်ကျင် ဘက် ရှိခြင်း, ပိုလွန်ခြင်း အနက်ဟောသည်။

http://www.dhammadownload.com



* အတိရေကော အတ္ထော အတိရေကတ္ထော။

* ပဋ္ဌတော ဉာယတေ အတ္ထော ဓောနာတိ ပဒံ။ (ပဒ + အ) သိခြင်းကြိယာ။

၆။ (က) တတြ ယဒေတံ - စသည်ဖြင့် န ဟေတု ခေါ် ပန မွှော- စသည်ဖြင့် န ဟေတု ခေါ် ပန မွှော-၌ န ဟေတု မွှော ဟု ဟောက ပြီးကောင်းပါလျက် ခေါ် ပန-သဒ္ဒါကို ဟောထားသဖြင့် ပိုသည်အဖြစ်၊ ယင်း သဒ္ဒါပိုကြောင့် အနက်ပိုကို ရထိုက်သည် အဖြစ်ကို သိစေသည်။ (သဒ္ဒတ္ထ၊ နိပါတလိင်္ဂတ္ထ) (ဘာဝတ္ထဟုလည်း ယူနိုင်သည်။)

(ခ) တထံ-ဖြင့် ကထေတုကမျတာ ပုစ္ဆာကို သိစေသည်။ န ကေဝလံ န ဟေတု မွှာဝ အထခေါ် အညေပိ-ဖြင့် န ဟေတုမွှေ တို့သည်သာ သဟေတုက အဟေတုကမည်သည်မဟုတ်၊ အခြားသော ပါတ်တရား (ဟေတုမွှေ)တို့သည်လည်း သဟေတုက အဟေတုက မည်သေးသည်ဟူသော အနက်ကို သိစေသည်။

သဟေတုကာ အဟေတုကာ ဣစ္စေဝ. အထခေါ် အညထာပိ- ဖြင့် န ဟေတု မွှေတို့သည် သဟေတုက အဟေတုကသာ ဖြစ်ကြသည် မဟုတ်သေး၊ ဟေတုသမ္ပယုတ္တ. ဟေတုဝိပ္ပယုတ္တ-ဟူသော တစ်ပါးသော အခြင်းအရာအားဖြင့်လည်း ဖြစ်ကြသေးသည်ဟူသော အနက်ကို သိစေ သည်။ (ဘာဝတ္ထ)

(ဂ) ဣဒံ ဝုတ္တံ ဟောတိ-စသည်ဖြင့် (ခ) ဝါကျဖြင့် ပြအပ်သော လျှို့ဝှက် အသိခက်သော စကား၏ အကျယ် ရှင်းလင်းချက်ကို သိစေသည်။

ထိုတွင် ယထေဝဟိ-စသည်ဖြင့် န ဟေတု ခေါ် ပန မွှော သဟေတု ကာပိ အဟေတုကာပိ ဟူသော န ဟေတု သဟေတုဒုက် ဖြစ်သကဲ့သို့ "ဟေတူ မွှော သဟေတုကာပိ အဟေတုကာပိ" ဟူသော သမ္ဗဝဒုက်လည်း

http://www.dhammadownload.com



ဖြစ်နိုင်သည်ဟု သိစေပါသည်။

**(ဃ) ယထာ စ -စသည်ဖြင့်** "န ဟေတူ ခေါ ပန ဓမ္မာ သဟေတုကာပိ၊ အဟေတုကာပိ" ဟူသော န ဟေတု သဟေတုကဒုက် ဖြစ်သကဲ့သို့ "န ဟေတူ ဓမ္မာ ဟေတုသမ္ပယုတ္တာပိ၊ ဟေတုဝိပ္ပယုတ္တာပိ" ဟူသော သမ္ပယုတ္တဒုက်လည်း ဖြစ်သင့်သည်ဟု သိစေသည်။

## ၇။ န ဧကဝလီ န ဟေတုဓမ္မာဝ

ဟိတ်မမည်သောတရား (နဟေတုဓမ္မ) တို့သည် ဂဟေတဗ္ဗ။ အထ ခေါ အညေပိ ဟူသော ဝါကျကို မငဲ့မူ၍ သိထိုက်သော ဟေတုဓမ္မတို့သည် နိဝတ္တေတဗ္ဗ။ **တစ်နည်း**-ဟေတုသမ္ပယုတ္တဓမ္မတို့သည် နိဝတ္တေတဗ္ဗ။ ဟေတုဓမ္မတို့သည် အနုညာတ။

**မှတ်ချက်။** ။ န ဟေတုဓမ္မ-၏ ဆန့်ကျင်ဘက် နိဝတ္တေတဗ္ဗ သည် သာမန်ကြည့်လျှင် ဟေတုဓမ္မဖြစ်သည်၊ သို့သော် န ဧကဝလီ အစရှိသော ဝါကျ၌ ထိုသို့ မထုတ်ရ၊ ဟေတုဓမ္မသည် ဤ၌ အထ ခေါ အညေပိ ဝါကျဖြင့် ခွင့်ပြုထားသော အနုညာတသာ ဖြစ်ကောင်းသည်။

## သမ္ဗန္ဓာဝတ္ထုနည်းဖြင့် ထုတ်လျှင်

န ဟေတုဓမ္မတို့သည်သာ သဟေတုက အဟေတုက မည်သည် မဟုတ်ဟူသော အနက်သည် ဂဟေတဗ္ဗ။ န ဟေတုဓမ္မတို့သည် သဟေ တုက အဟေတုကသာ မည်သည်ဟူသော အနက်သည် နိဝတ္တေတဗ္ဗ။ ဟေတူဓမ္မတို့သည်လည်း သဟေတုက အဟေတုက မည်သည်ဟူသော အနက်သည် အနုညာတ။

**ရှင်းလင်းချက်** ။ ။ ဤဝါကျ၌ န ဟေတုဓမ္မတို့သည်သာ သဟေတုက အဟေတုကမည်သည်မဟုတ်ဟု ဆိုသဖြင့် ဟေတုဓမ္မတို့သည်လည်း သဟေတုက အဟေတုက နှစ်မျိုးရှိသည်ဟု ခွင့်ပြုရာရောက်သည်။ ယင်း

http://www.dhammadownload.com



အနညာတ ကို အထ ခေါ် အညေပိ-ဖြင့် ပြသည်။ ထို့ကြောင့် န ဟေတုမွေတို့သည် သဟေတုက အဟေတုကသာမည်သည်ဟူသော အနက်သည် နိဝတ္တေတဗ္ဗ ဖြစ်သင့်သည်။

န ပဋိသေဓဖြင့်ပြသော ဝါကျတို့၌ ဤသဘောချည်းသာ ဖြစ်သည်။ သဘောကျအောင် စဉ်းစားပါ။

## သဟေတုကာ အဟေတုကာ ဣစ္စေဝ

(န ဟေတုမွေတို့၏) သဟေတုက . အဟေတုက နှစ်မျိုးအား ဖြင့်ဖြစ်၏ဟူသော အနက်သည် ဂဟေတဗ္ဗ။

န ဟေတုမွေတို့သည် သဟေတုက အဟေတုက နှစ်မျိုးအားဖြင့် မဖြစ်ဟူသော အနက်သည် နိဝတ္တေတဗ္ဗ။

ထို န ဟေတုမွေတို့သည် ဟေတုသမ္ပယုတ္တ, ဟေတုဝိပ္ပယုတ္တ အပြားအားဖြင့်လည်း ဖြစ်သေးသည်ဟူသော အနက်သည် အနညာတ။

## ဝိသယ -

(က) တတြ-ကား ဖွင့်ပြနေဆဲဖြစ်သော ဟေတုဂေါစ္ဆက ပါဠိတော် ကို စွဲသောကြောင့် ပသိဒ္ဓဝိသယ။

ယဒေတံ-ကား "ခေါ် ပနာ တိ " ပဒံ ဟူသော အစွဲပုဒ်တိုက်ရိုက် ရှိသောကြောင့် ပသိဒ္ဓဝိသယပင်။

တဿ ဝသေန ၌ တဿ ကား ပဏ္ဏတ္တ။ အယံ အတိရေကတ္ထော ပသိဒ္ဓ။

(ဂ) ဣဒံ ဝုတ္တံ ဟောတိ-လည်း ပသိဒ္ဓ။

## ၈။ ခေါ်ပနာတိ ပဒံ ဝုတ္တံ ၌ ကြိယာဝင်းတန်

န ဟေတု ခေါ် ပန မွော-၌ ခေါ် ပန သဒ္ဒါကို ဟောတော်မူခြင်းသည် ဒဿနတ္ထ။ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်သည် ဒီပကတ္ထ။ (သမ္ဘဝဒုက်များ

http://www.dhammadownload.com



ဟူသော) အနက်ပိုကို ရခြင်းသည် ပကာသနတ္ထ။ သဗ္ဗညုတဉာဏ်တော် မြတ်၏ ကြီးကျယ် မြင့်မြတ်ခြင်း. ဟောအပ်သော ဒေသေတဗ္ဗဓမ္မ၏ နာနာ နယဝိစိတြ ဖြစ်ခြင်းစသော အကြောင်းများသည် ဝိဘာဝတ္ထ။ ထိုသမ္ဗဝဒုက် များကို ဝေနေယျတို့ သိရခြင်းမှစ၍ များစွာသော အကျိုးတို့သည် အန ဘာဝတ္ထ။

(ဝုတ္တံ-၌ ဓာတ်အရ, ပစ္စည်းအရတို့ကို ထုံးစံအတိုင်းထုတ်)

## ဝေဒိတဗ္ဗော -

အနက်ပိုကို သိရခြင်းသည် ဒဿနတ္ထ၊ ခေါ ပန ဟူသော သဒ္ဒါပိုသည် ဒီပကတ္ထ။ သမ္ဗဝဒုက်များကို သိရခြင်းတို့သည် ပကာသနတ္ထ၊ ဘုရားရှင်၏ သဗ္ဗညုတဉာဏ် ဒေသနာဉာဏ်တို့သည် ဝိဘာဝတ္ထ၊ အတ္ထ ဝေဒ, ဓမ္မဝေဒမှစ၍ အကျိုးအဆက်ဆက်သည် အနဘာဝတ္ထ။ (ဓာတ်အရ တည်း)

ပစ္စည်းအရ - အနက်ပိုသည် ဒဿနတ္ထ၊ ခေါ ပန သဒ္ဒါပိုသည် ဒီပကတ္ထ စသည်ဖြင့် နည်းမှီ၍ထုတ်ပါ။

## ဝေဒိတဗ္ဗောသဒ္ဒါ ထားရခြင်းအကြောင်း

ဟေတုမွော သဟေတုကာပိ၊ အဟေတုကာပိ - စသော သမ္ဗဝဒုက် တို့ကို မြတ်ဗုဒ္ဓက တိုက်ရိုက်ဟောကြားအပ်သည်မဟုတ်။ ခေါ ပန ဟူသော သဒ္ဒါပိုကို အစွဲပြု၍ ဆောင်၍ သိအပ်သောကြောင့် ယင်းနေယျတ္ထကို ပြလို ရကား ဝေဒိတဗ္ဗောသဒ္ဒါ ထားသည်။

## ဣဒံ ဝုတ္တံ ဟောတိ ထားရခြင်းအကြောင်း

(၁) ဝါကျဖြင့် ပြအပ်သော အညေပိ, အညထာပိ ဟူသော စကား တို့သည် အနက်အဓိပ္ပာယ် သရုပ် တိမ်မြုပ် ကွယ်ဝှက်နေသောကြောင့် ထို ကွယ်ဝှက်နေသော နေယျတ္ထ, ဂူဋ္ဌတ္ထ အနက်အဓိပ္ပာယ်ကို ရှင်းလင်းထုတ် ပြလိုသောကြောင့် ဣဒံ ဝုတ္တံ ဟောတိ ထားပါသည်။

http://www.dhammadownload.com



* ဣဒံ ဝုတ္တံ၊ ဟောတိစံက၊ နေယျသိုလှ၊ ဝက်ထွက်ကြောင့်၊ ထိုက်စွာဖြောင့်ပြ၊ စကားကျ မှတ်ကြကျမ်းဂန်မှာ။

## ၁၀။ ပဋ္ဌာန်း

**န ဟေတုဓမ္မာ သဟေတုကာပိ -**

နဟေတုဓမ္မာအရ သဟိတ်စိတ်-၇၁၊ ဟိတ် ၆-ပါးကြဉ်သော စေတသိက် ၄၆-ပါးရ၏။ သဟေတုကာအရ ၄င်းတရားတို့ကိုပင် ရ၏။

ထို့ကြောင့် တစ်ပါးခန္ဓာပစ္စည်း, သုံးပါးခန္ဓာ ပစ္စယုပ္ပန်နည်းဖြင့် သဟဇာတပြိုင်ပါ။

**န ဟေတုဓမ္မာ အဟေတုကာပိ**

န ဟေတုဓမ္မာ အရ-အဟိတ်စိတ်-၁၈၊ ဆန္ဒကြဉ် အညသမာန်း စေတသိက်-၁၂၊ ရုပ်-၂၈၊ နိဗ္ဗာန်ရ၏။ (အဟေတုကာပိ ကိုထောက်၍ ဟိတ် ၆-ပါးမှတစ်ပါး ကျန် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်အားလုံးကို မကောက်ရ။)

အဟေတုကာပိအရလည်း ယင်းတရားတို့ကို ရ၏။ သဟဇာတပြိုင်။

န ဟေတုဓမ္မာ ဟေတုသမ္ပယုတ္တာပိ-ကို န ဟေတုဓမ္မာ သဟေတုကာပိ နှင့် နည်းတူကောက်။

န ဟေတုဓမ္မာ ဟေတုဝိပ္ပယုတ္တာပိ-ကို န ဟေတုဓမ္မာ အဟေတုကာပိနှင့် နည်းတူကောက်။

ဝုတ္တံ, ဝေဒိတဗ္ဗံ ထုံးစံအတိုင်းပြိုင်။

< >

http://www.dhammadownload.com



## ၃၃။ စူဠနိဒ္ဒေသ အဖွင့်

(က) စူဠနိဒ္ဒေသေ အတ္တနော နိပ္ဖာဒကေန သဟ ပစ္စယေနာ-တိ သပ္ပစ္စယာ။

(ခ) နတ္ထိ ဧတေသံ ဥပ္ပါဒေ ဝါ ဌိတိယံ ဝါ ပစ္စယောတိ အပ္ပစ္စယော။

(ဂ) ပစ္စယေဟိ သမာဂန္တွာ ကတာတိ သင်္ခတာ။ န သင်္ခတာ အသင်္ခတာ။

(ဃ) အဝိနိဗ္ဘောဂဝသေန ရူပံ ဧတေသံ အတ္ထီတိ ရူပိနော။ တထာဝိဓံ နတ္ထိ ဧတေသံ ရူပန္တိ အရူပိနော။

(င) ရုပ္ပနလက္ခဏံ ဝါ ရူပံ၊ တံ ဧတေသံ အတ္ထီတိ ရူပိနော၊ န ရူပိနော အရူပိနော။

(စ) လောကိယာ ဓမ္မာတိ လောကော ဝုစ္စတိ လုဇ္ဇနပလုဇ္ဇနဋ္ဌေန ဝဋ္ဋံ၊ တသ္မိံ ပရိယာပန္နဘာဝေန လောကေ နိယုတ္တာတိ လောကိယာ။

(၄ - ၉၀)

**တစ်စိတ်သတိပြု -**

(ခ) ဝါကျ ဧတေသံကို ပြည်နီဿယ ၌ တို့အားဟု သမ္ပဒါန် အနက်ပေးသည်။ သမ္ဗန် အနက်ပေးလျှင် နိဗ္ဗာန် (အပ္ပစ္စယဓမ္မ) ၌ ဥပါဒ်. ဌီ ရှိ၏-ဟူသော အနက်သည် ရောက်သောကြောင့် သမ္ဗန်အနက် မပေးရ။ သမ္ပဒါန်အနက်ပေး၍ နတ္ထိ ၌ စပ်ရမည် ဟုဆို၏။

**ဘာသာဋီကာ၌ကား** - တို့၏ဟု သမ္ဗန်အနက်ပေး၍ ပစ္စယော-၌ စပ်ရမည်ဟု ဆို၏။

နိဗ္ဗာန်၌ ဥပါဒ်. ဌီ မရှိသောကြောင့် နိဗ္ဗာန်၌ ဥပါဒ်ရှိသည်. ဌီရှိသည် ဟုယုံမှားဖွယ်မလို၊ ထို့ကြောင့် ဘာသာဋီကာအတိုင်း သမ္ဗန်အနက်ပေး၍ ပစ္စယော ၌ စပ်ခြင်းသည်သာ သဒ္ဒယုတ္တိ. အတ္ထယုတ္တိ နှစ်မျိုးလုံးရှိ၍ ကောင်းသည်။

http://www.dhammadownload.com



**စံထားဂဏ္ဍိ -၌** ဓေတသံ ကို ဥပ္ပါဒေ ဝါ ဋ္ဌိတိယံ ဝါ -၌ သမ္ဗန် မစပ်ရ။ သမ္ဗန်အနက်ပေး၍ နတ္ထိ၌ စပ်ရမည်ဟု ဆိုခြင်းသည်လည်း မသင့်။ ပစ္စယော၌သာ စပ်သင့်သည်။ ( သမ္ဗန္ဓါနိအနက်ပေး၍-ဟု ရှိရမည်ကို စာအုပ်၌ သမ္ဗန်အနက်ပေး၍ဟု ဖြစ်နေဟန်တူသည်။)

## ၁။ အနက်ပေး

(က) ယေ ဓမ္မာ၊ တို့သည်၊ အတ္တနော၊ မိမိဟူသော ပစ္စယုပ္ပန် (အကျိုး) တရားကို။ နိပ္ဖာဒကေန၊ ပြီးစေတတ်သော။ ပစ္စယေန၊ ပစ္စယုပ္ပန် တရားနှင့်တူသော ကာလရှိသော ဟေတု, သဟဇာတ စသောအကြောင်း၊ ပစ္စယုပ္ပန်တရားနှင့် မတူသော ကာလရှိသော အနန္တရ, သမနန္တရ, အစရှိ သော အကြောင်း၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ပညတ်ဟု ဆိုအပ်သော အာရမ္မဏ, အဓိပတိ, အစရှိသော အကြောင်းတရားနှင့်၊ သဟ၊ ဝတ္တန္တိ၊ ဣတိတသ္မာ၊ တေ ဓမ္မာ၊ သပ္ပစ္စယာ။

(ဃ) ရူပံ၊ ရူပါယတနသည်။ ဝါ- ပထဝီစသော အစိတ်အစိတ် သော ရုပ်သည်။

(င) ဓေတသံ၊ ထိုရုပ်တရားတို့အား။ တံ၊ ထိုဖောက်ပြန်ခြင်း(ရုပ္ပန) လက္ခဏာသည်။ အတ္ထိ၊ ဣတိ၊ ရူပိနော။

## ၂။ (ခ) ဝါကျ သို့-

ဆရာ ဆရာသည် (က) ဝါကျဖြင့် သပ္ပစ္စယာ၏ ဝစနတ္ထကို ဆိုတော် မူ၏။ အပ္ပစ္စယာ-ကို န ပစ္စယာ အပ္ပစ္စယာ-ဟု ဝစနတ္ထပြုရမည်လော။ အဘယ်သို့ ဝစနတ္ထပြုရမည်နည်း။ စုဒ်ကြောင့် (ခ) မိန့်။
(သဒ္ဒါနည်းကို မျှော်၍တက်သည်။)

**အဓိပ္ပါယ်ကား -**

န ပစ္စယာ အပ္ပစ္စယာ ဟု ဝစနတ္ထမပြုရ၊ နတ္ထိ ပစ္စယော ဓေတသန္တိ

http://www.dhammadownload.com



အပ္ပစ္စယာ ဟု ဝစနတ္ထပြုရမည်ဟူလို။

**တစ်နည်း -**

ဆရာ မြတ်စွာဘုရားသည် အပ္ပစ္စယာဟု ဟောတော်မူ၏။ အပ္ပစ္စယ ဗမ္ဘ အမည်ရသော နိဗ္ဗာန်၌ ဥပါဒ်အခိုက်အတန့်ဝယ် ကျေးဇူးပြုတတ်သော ဇနကပစ္စည်း မရှိသောကြောင့် အပ္ပစ္စယဟု ဆိုရပါသလော။ အဘယ် သို့သောအကြောင်း (ပစ္စည်း) မရှိသောကြောင့် အပ္ပစ္စယဟု ဆိုရပါသနည်း။ စုဒ်ကြောင့် (ခ)မိန့်။ (ဥပ္ပါဒေ ဝါ ဌိတိယံ ဝါ- ကို မျှော်၍တက်သည်။)

**အဓိပ္ပါယ်ကား**

ဇနကအကြောင်း, ဥပတ္ထမ္ဘကအကြောင်းဟူသော အကြောင်းနှစ်ပါးလုံး မရှိသောကြောင့် အပ္ပစ္စယအမည်ရသည်ဟူလို။

## (ဂ) ဝါကျသို့ ပါပနာပဋ္ဌက

ဆရာ ဆရာသည် (ဃ)ဝါကျဖြင့် ရူပိနော၏ ဝစနတ္ထကို ဆိုတော်မူ၏။ ယင်းသို့ဆိုလျှင် ရူပါယတနနှင့် ပထဝီစသော အစိတ်အစိတ် သော ရုပ်တို့သည် ရူပီမမည်ဟူသော အနက်သည် ရောက်၏။ စင်စစ် တမူကား ထိုရူပါယတနနှင့် ပထဝီစသော အစိတ်အစိတ်သော ရုပ်တို့ သည်လည်း ရူပီ မည်ကောင်းသောကြောင့် ထိုအနက်သည် မရောက်သင့်။ ထို့ကြောင့် ရုပ်အားလုံးကို ရနိုင်သည့် ဝစနတ္ထကို ဆရာဆိုသင့်သေး၏။ မဆိုဘဲ မနေသင့်။ နေချေသော် အဗျာပိတဒေါသ, ဝိရောဓိဒေါသရောက် ရာ၏။ စုဒ်ကြောင့် (ဂ) ဝါကျမိန့်။

**အဓိပ္ပါယ်ကား -**

ရူပ-အရ ရုပ္ပနလက္ခဏာကို ယူ၍ ရူပံ ဧတေသံ အတ္ထီတိ ရူပိနော ဟု ဝစနတ္ထပြုလျှင် ရုပ်အားလုံးကို ရူပီအရ ကောက်နိုင်ပါသည်ဟု နည်း တစ်ပါးကို ပြဆိုသောကြောင့် ဒေါသမရောက် ပျောက်ပါ၏ဟူလို။

http://www.dhammadownload.com



## (စ) ဝါကျသို့ -

ဆရာ ပါဠိတော်၌ လောကိယာ ဓမ္မာ ဟု ဟောတော်မူ၏။ လောကိယာ ဝယ် လောကအရ လောကသုံးပါးလုံးကိုပင် ယူရမည်လော။ အဘယ်လောကကို ယူရမည်နည်း။ စုဒ်ကြောင့် (စ) ဝါကျမိန့်။ (အရကောက်ကို မျှော်၍တက်သည်)။

**အဓိပ္ပါယ်ကား**

လောကသုံးပါးလုံး မယူရ၊ လောကီစိတ်, စေတသိက်, ရုပ်တရား တည်းဟူသော သင်္ခါရလောကကိုသာ ယူရမည် ဟူလို။

(လောကိယာကို လောကေ ဇာတာ လောကိယာ၊ လောကေ ဓတောသံ အတ္ထီတိ လောကိယာဟု ဝစနတ္ထပြုရမည်လောဟု သဒ္ဒါရေးကို မျှော်၍လည်း တက်နိုင်သေးသည်။)

## ၃။ ရုပ္ပနလက္ခဏံ ဝါ - ၌ ဝါ သဒ္ဒါ

ရူပိနောဝယ် ရူပဟူသော အစိတ်ပုဒ်၏ ရုပ္ပတီတိ ရူပံ ဟူသော ကတ္တုသာဓ် ဝစနတ္ထမှတစ်ပါး ရုပ္ပတေ ရူပံ ဟူသော ဘာဝသာဓ် ဝစနတ္ထကိုလည်းကောင်း၊ ထို ရူပပုဒ်ဝယ် အ - ပစ္စည်း၏ ကတ္တုတ္ထမှတစ်ပါး ဘာဝတ္ထကိုလည်းကောင်း၊

ထို ရူပ အရ ၂၈ - ပါးမပြည့်သေးသော ရူပါယတနစသော အစိတ်အစိတ်သော ရုပ်ဟုဆိုအပ်သော အဘိဓေယျတ္ထမှတစ်ပါး ရုပ္ပနလက္ခဏာ ဟူသော အဘိဓေယျတ္ထကိုလည်းကောင်း၊

ရူပိနော ဟူသော အပေါင်းပုဒ်၏ ရုပ် ၂၈ - ပါးလုံး မရသောနည်းမှတစ်ပါး ရုပ် ၂၈ - ပါးလုံး ရသောနည်းကိုလည်းကောင်း ပြလိုသောကြောင့် (ဝါ) အတ္ထသေသ အနက်ကြွင်းကို ပြလိုသောကြောင့် ဝါ - သဒ္ဒါထားသည်။

http://www.dhammadownload.com



၄။ * နိပ္ပါဒေတီတိ နိပ္ဖါဒကော။ (နိ + ပဒ + ဏွု) ဖြစ်စေခြင်းကြိယာ။

* သဟ ပစ္စယေန ယေ ဝတ္တန္တီတိ သပ္ပစ္စယာ။

-အကြောင်းတရားနှင့် တကွဖြစ်ခြင်း သဟဘောဂုဏ်၏ သပ္ပစ္စယ မွေတို့နှင့် ဂုဏ် + ဂုဏေး သမ္ဗန် ဗျ-နိ။

-အကြောင်းတရားနှင့်တကွ ဖြစ်ခြင်း သဟဘောဂုဏ်သည် ပ-နိ။

**တစ်နည်း-**

-သမာနကာလ, အသမာနကာလ, ကာလဝိမုတ္တ အကြောင်း တရားတို့၏ သပ္ပစ္စယမွေတို့နှင့် အကြောင်း+အကျိုး စပ်ခြင်းသမ္ဗန်သည် ဗျ-နိ။

-တကွဖြစ်ခြင်း သဟဘောဂုဏ်သည်လည်းကောင်း၊ သမာန ကာလ ပစ္စယစသော အကြောင်းတို့သည်လည်းကောင်း ပ-နိ။

* နတ္ထိ ပစ္စယော ဧတေသန္တိ အပ္ပစ္စယာ။ (နည်းမှီထုတ်)
* သမာဂန္တွာ ကရီယန္တေတိ သင်္ခတာ။ (သံ+ကရ+တ)
* ဝိနိဘုဇ္ဇတေတိ ဝိနိဗ္ဘောဂေါ။ (ဝိ+နိ+ဘုဇ+ဏ) ခွဲခြားခြင်းကြိယာ။
* န ဝိနိဗ္ဘောဂေါ အဝိနိဗ္ဘောဂေါ။
* ရုပ္ပတီတိ ရူပံ။ (ရုပ+အ) ကတ္တုသာဓန (ယ-ဝါကျအလို)
* ရူပံ ဧတေသံ အတ္ထီတိ ရူပိနော။ (ရူပ+ဤ)

-ရူပါယတန (ဝါ) အစိတ်အစိတ်ဖြစ်သော ရုပ်တရားတို့၏ အပေါင်း ဖြစ်သော ရုပ်နှင့် အစိတ်+အပေါင်းအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျ-နိ။

-ရူပါယတန (ဝါ) အစိတ်အစိတ်ရုပ်သည် ပ-နိ။

* ရုပ္ပတေ (ဖောက်ပြန်ခြင်း) ရူပံ။ (ရုပ + အ) ဘာဝသာဓန။
  (င) ဝါကျအလို။

-ရူ-ဟူသော ပံ-ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါ၏ အကြောင်း ဖြစ်သော ဖောက်ပြန်ခြင်းကြိယာသည် ဗျ-နိ။

http://www.dhammadownload.com



-ရုပ်-ဟူသော အပေါင်းပညတ္တိ သဒ္ဒါ၏ အကြောင်းဖြစ်သော ဖောက်ပြန်ခြင်းကြိယာသည် ပ-နိ။

* ရုပ္ ဧတေသံ အတ္ထီတိ ရူပိနော။ (ဧတေသံ-ထိုရုပ်တို့အား။ ရုပ်-ဖောက်ပြန်ခြင်း ရုပ္ပနလက္ခဏာသည်။ အတ္ထိ။) နည်းမှီထုတ်ပါ။

* နတ္ထိ ရုပ္ ဧတေသန္တိ အရူပိနော။ (တဒ္ဓိတန္တသမာသ်)

-ရူပါယတန စသော ရုပ်(ဝါ) ရုပ္ပနလက္ခဏာမရှိခြင်း အဘာဝ ဘောဂုဏ်၏ နာမ်တရားတို့နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဖျ-နိ။

-ရူပါယတနစသော အစိတ်အစိတ်ရုပ်(ဝါ) ရုပ္ပနလက္ခဏာမရှိခြင်း အဘာဝဘောဂုဏ်သည် ပ-နိ။

မှတ်ချက် ။ ။ ရုပ္ ဧတေသံ အတ္ထီတိ ရူပိနော။
န ရူပိနော အရူပိနော-ဟုလည်း သမာသ်သက်သက် ပြုနိုင်သည်။

* ရုပ္ပတေ (ဖောက်ပြန်ခြင်း) ရုပ္ပနံ။ (ရုပ+ယု) (ဘာဝသာဓ်)

* ရုပ္ပနံ စ တံ လက္ခဏံစာတိ ရုပ္ပနလက္ခဏံ။

* လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော။ (လုဇ+ဏ) ပျက်စီးခြင်းကြိယာ။

* လောကေ နိယုတ္တာ လောကိယာ။ (လောက+ဏ္ဏယ)

-သင်္ခါရလောကဟူသော ဝဋ္ဋတရား၏ လောကိယဓမ္မတို့နှင့် အပေါင်း+အစိတ်အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဖျ-နိ။

-သင်္ခါရလောက(ဝါ) ထိုသင်္ခါရလောက၌ အကျုံးဝင်ခြင်း ကြိယာသည် ပ-နိ။

* ဝတ္တတိ ဧတ္ထ ကမ္မံ တဗ္ဗိပါကောစာတိ ဝဋ္ဋံ။ (ဝတ္တ+ဝတု+တ) ဖြစ်ခြင်းကြိယာ။

http://www.dhammadownload.com



* လုဇ္ဇတီတိ လုဇ္ဇနံ။ ပလုဇ္ဇတီတိ ပလုဇ္ဇနံ။ (လုဇ+ယု) ပျက်ခြင်းကြိယာ။
* ပရိယာပဇ္ဇတီတိ ပရိယာပန္နော။ (ပရိ + အာ + ပဒ + တ) ဖြစ်ခြင်း, အကျုံးဝင်ခြင်းကြိယာ။

| | | |
|---|---|---|
| ၅။ အတ္တနော | = | ကိတ်ပုဒ်၊ ပုလ္လိင်၊ ရာဇာဒိ၊ အကာရန္တ။ |
| သမာဂန္တွာ | = | ကိတ်ပုဒ်၊ (နိပါတ်ပုဒ်) အလိင်၊ ဂဏာဝိမုတ်၊ အာကာရန္တ။ |
| နိပ္ပါဒကေန | = | ကိတ်ပုဒ်၊ ပုလ္လိင်၊ ပုရိသာဒိ၊ အကာရန္တ။ |
| နတ္ထိ | = | နိပါတ်ပုဒ်၊ အလိင်၊ ဂဏာဝိမုတ်၊ ဣကာရန္တ။ |
| ဋ္ဌိတိယံ | = | ကိတ်ပုဒ်၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ ဣကာရန္တ။ |
| အတ္ထိ | = | နိပါတ်ပုဒ်၊ အလိင်၊ ဂဏာဝိမုတ်၊ ဣကာရန္တ။ |
| **တစ်နည်း** | = | အာချာတ်ပုဒ်၊ အလိင်၊ ဘုဝါဒိ၊ အကာရန္တ။ (အသ ဓာတ်+တိ) |
| ရူပိနော | = | တဒ္ဓိတ်ပုဒ်၊ ပုလ္လိင်၊ ရတ္တာဒိ၊ ဤကာရန္တ။ |
| အရူပိနော | = | တဒ္ဓိတန္တသမာသ်ပုဒ်၊ တစ်နည်း - သမာသ်ပုဒ်၊ ပုလ္လိင်၊ ရတ္တာဒိ၊ ဤကာရန္တ။ |

၆။ (က) အတ္တနော နိပ္ဖာဒကေန သဟ ပစ္စယေန-ဖြင့် သပ္ပစ္စယာကို သဟပစ္စယေန ယေ ဝတ္တန္တီတိ သပ္ပစ္စယာ ဟု ဗဟုဗ္ဗီသမာသ် ဝစနတ္ထပြု။ သပ္ပစ္စယာ-၌ သ-သည် သလောမကော, သပက္ခကော စသည်၌ကဲ့သို့ ဝိဇ္ဇမာန အနက်ကိုမဟော၊ သဟအနက်ကို ဟောသည်၏အဖြစ်၊ ထိုသ-၏ သဟကာရိယအဖြစ်၊ ပစ္စယအရ မိမိကိုယ်ကို ပြီးစေတတ်သော သမာန ကာလ, အသမာနကာလ, ကာလဝိမုတ္တအကြောင်းတို့ကို ယူရမည်အဖြစ်ကို သိစေ ပါသည်။

(ခ) နတ္ထိ ဓေတေသံ ဥပ္ပါဒေဝါ ဋ္ဌိတိယံ ဝါ ပစ္စယော-ဖြင့် အပ္ပစ္စယကို နတ္ထိ ပစ္စယော ဓေတေသန္တိ အပ္ပစ္စယာဟု ဗဟုဗ္ဗီသမာသ်

http://www.dhammadownload.com



ဝစနတ္တပြု၊ အ-၏ အဘာဝအနက်ကို ဟောသည်၏အဖြစ်၊ ယင်း အ-၏ နကာရိယအဖြစ်၊ အပ္ပစ္စယဟူသော နိဗ္ဗာန်၌ ဥပါဒ်ခဏဝယ် ကျေးဇူးပြု တတ်သော ဇနက ပစ္စယသတ္တိ ဌီခဏဝယ် ကျေးဇူးပြုတတ်သော ဥပထမ္ဘက ပစ္စယသတ္တိ မရှိသည်၏ အဖြစ်ကို သိစေပါသည်။

(ဂ) **ပစ္စယေဟိ သမာဂန္တွာ ကတာ-ဖြင့် သင်္ခတာကို** သမာဂန္တွာ ကရီယန္တေတိ သင်္ခတာ ဟု ကမ္မသာဓ် ဝစနတ္တပြုရမည်အဖြစ်၊ သံ-ရှေးရှိသော ကရဓာတ် တ-ပစ္စည်း၊ ယင်း တ-ပစ္စည်း၏ ကံအနက်ကို ဟောသည်၏အဖြစ်၊ သံဥပသာရပုဒ်၏ သမာဂမနအနက်ကို ဟောသည်၏ အဖြစ်၊ သင်္ခတာ၌ ခ-သည် ကရဓာတ်၏ ကာရိယအဖြစ်၊ အကြောင်းတရား တို့သည် လာရောက်ပေါင်းဆုံ၍ ပြုပြင်စီရင်အပ်သောကြောင့် သင်္ခတ မည်သည်၏အဖြစ်ကို သိစေပါသည်။

(ဃ) **အဝိနိဗ္ဘောဂဝသေန ရူပံ ဧတေသံ အတ္ထိ-ဖြင့် ရူပိနော** ကို ရူပံ ဧတေသံ အတ္ထီတိ ရူပိနော ဟု အဿတ္ထိတဒ္ဓိတ် ဝစနတ္တပြု၊ ရူပပုဒ် ဤပစ္စည်း၊ ယင်း ဤပစ္စည်း၏ အဿတ္ထိအနက်ကို ဟောသည်အဖြစ်၊ ရူပအရ ရူပါရုံ. **တစ်နည်း-** အစိတ်စိတ်သောရုပ်ကို ယူရမည်အဖြစ်၊ ထိုအန္တဖြစ်သော ရူပကိုရုပ္ပတီတိ ရူပံ ဟု ကတ္တုသာဓ် ဝစနတ္တပြုရမည်အဖြစ်၊ ရူပဓာတ်. အပစ္စည်း၊ ယင်း အပစ္စည်း၏ ကတ္တားအနက်ကို ဟောသည် အဖြစ်ကို သိစေပါသည်။

**တထာဝိဓံ နတ္ထိ ဧတေသံ ရူပံ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့်** အရူပိနော၌ ရူပိနောကို ရူပံ ဧတေသံ အတ္ထီတိ ရူပိနော ဟု အဿတ္ထိ တဒ္ဓိတ်ဝစနတ္တပြု၊ ရူပပုဒ်. ဤပစ္စည်း၊ ယင်း ဤပစ္စည်း၏ အဿတ္ထိအနက် ၌သက်၊ န ရူပိနော အရူပိနော ဟု ကမ္မဓာရည်းသမာသ် ဝစနတ္တပြုရမည် အဖြစ်၊ အ-၏ န ကာရိယအဖြစ်၊ ယင်း န (အ)သဒ္ဒါသည် ပဋိသေဓ အနက်ကို ဟောသည်၏အဖြစ်ကို သိစေသည်။

http://www.dhammadownload.com



**တစ်နည်း -**

**တထာဝိစံ နတ္ထိ - စသည်ဖြင့်** အရူပိနော ကို နတ္ထိ ရူပံ ဧတေသံ အတ္ထီတိ အရူပိနော ဟု တဒ္ဓိတန္တသမာသ် ဝါကျပြုရမည်အဖြစ်၊ န ပုဒ်+ ရူပပုဒ်+ ဣပစ္စည်း၊ ယင်းဣပစ္စည်း၏ အသတ္တိအနက်၌ သက်သည် အဖြစ်၊ အ-၏ အဘာဝအနက်ကို ဟောသည်အဖြစ်၊ ယင်း အ-၏ နကာရိယအဖြစ်ကို သိစေသည်။

**(စ) လောကော ဝုစ္စတိ လုဇ္ဇနပလုဇ္ဇနဋ္ဌေန ဝဋ္ဋံ-ဖြင့်** လောကိယာ၌လောကကို လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော ဟု ကတ္တုသာဓ် ဝါကျပြု၊ လုဇဓာတ်+ဏပစ္စည်း၊ ယင်း ဏ-၏ ကတ္တားအနက်ကိုဟော၊ လုဇ ဓာတ်၏ပျက်ခြင်းအနက်ကို ဟောသည်၏အဖြစ်၊ ထိုလောကအရ - သံသရာဝဋ်ဟုဆိုအပ်သော သင်္ခါရလောကကို ယူရမည်အဖြစ်၊ ထိုလောက သဒ္ဒါသည် သတ္တ. သင်္ခါရ. ဩကာသလောကသုံးပါးကို ဟောနိုင်ခွင့်ရှိသော် လည်း ဤ၌ သင်္ခါရလောကကိုသာ ဟောသော ကေဒေသျူပစာ သဒ္ဒါ၏ အဖြစ်ကိုလည်းကောင်း သိစေသည်။

**တသ္မိံယေဝ ပရိယာပန္နာ ဘာဝေန-စသည်ဖြင့်** လောကိယာကို လောကေ နိယုတ္တာ လောကိယာ-ဟု နိယုတ္တတဒ္ဓိတ် ဝါကျပြုရမည် အဖြစ်၊ လောကပုဒ်+ဣယပစ္စည်း၊ ယင်း ဣယပစ္စည်း၏ နိယုတ္တအနက်၌ သက်သည်၏အဖြစ်၊ ထိုလောကိယဓမ္မတို့သည် စိတ်(အားလုံး) စေတသိက်. ရုပ်ဟူသော သင်္ခါရလောက၌ အကျုံးဝင်သည်၏ အဖြစ်ကြောင့် လောကိယ မည်သည်၏အဖြစ်ကို သိစေပါသည်။

**လောကုတ္တရာ အဖွင့် စသည် -**

**တတော ဥတ္တိဏ္ဏာ- ဖြင့်** ဥတ္တရာကို ဥတ္တိဏ္ဏာတိ ဥတ္တရာ-ဟု ကတ္တုသာဓ် ဝါကျပြု၊ ဥ-ရှေ့ရှိသော တရဓာတ်+တပစ္စည်း၊ ယင်း တ ပစ္စည်း၏ ကတ္တားအနက်ကိုဟော၊ လွန်မြောက်၏ဟူသည် ထိုသင်္ခါရ

http://www.dhammadownload.com



လောကမှ လွန်မြောက်သည်၏အဖြစ်ကို သိစေပါသည်။

**လောကေ အပရိယာပန္နဘာဝေန လောကတော ဥတ္တရာ-ဖြင့်** လောကုတ္တရာကို လောကတော ဥတ္တရာ လောကုတ္တရာ-ဟု ပဉ္စမီတပ္ပုရိသ် သမာသ်ဝစနတ္ထပြုလည်းကောင်း၊ သင်္ခါရလောက၌ အကျုံးမဝင်သော ကြောင့် ထိုလောကမှ လွတ်မြောက်သည်ဟု ဆိုရသည်၏အဖြစ်ကို လည်းကောင်း သိစေပါသည်။

**စက္ခုဝိညာဏာဒီသု ကေနစိ ဧတေန စက္ခုဝိညာဏေန ဝါ သောတဝိညာဏေန ဝါ ဝိဇာနိတဗ္ဗာ-ဖြင့်** ကေနစိ ဝိညေယျာ-၌ ဝိညေယျာကို ဝိဇာနိတဗ္ဗာတိ ဝိညေယျာ ဟု ကမ္မသာဓ်ဝစနတ္ထပြု-လည်းကောင်း၊ ဝိရှေးရှိသော ဉာဓာတ်+ဏျောယျပစ္စည်း၊ ယင်း ဏျောယျ ပစ္စည်း၏ ကမ္မတ္ထ၌ သက်၊ ကေနစိအရ စက္ခုဝိညာဉ် အစရှိသည်တို့တွင် တစ်ပါးတစ်ပါးသော ဝိညာဉ်ကို ယူရမည်အဖြစ်ကို သိစေပါသည်။

၇။ တသ္မိံယေဝ ပရိယာပန္နဘာဝေန

သင်္ခါရလောကဟူသော ဝဋ်တရားတို့သည် ဂဟေတဗ္ဗ၊
သတ္တလောက. ဩကာသလောကတို့သည် နိဝတ္တေတဗ္ဗ။

ဝိသယ -

တံ ဧတေသံ အတ္ထိ-ဖြင့် တံ-ကား ဆိုခဲ့ပြီး ရုပ္ပနလက္ခဏာကို စွဲသောကြောင့် ပစ္စက္ခဝိသယ၊ ဧတေသံ-ကား ဆိုဆဲ (ရူပိနောအရ ဖြစ် သော)တရားတို့ကို စွဲသောကြောင့် ပသိဒ္ဓဝိသယ။

(ဗဟုဗ္ဗီသမာသ် ဝစနတ္ထအတွင်းရှိ သဗ္ဗနာမ်ပုဒ်တို့သည် ဆိုဆဲ နိပ္ဖန္နပုဒ်၏ အရကို စွဲသောကြောင့် ပသိဒ္ဓဝိသယဟုချည်းသာ မှတ်ပါ။)

၈။ အပ္ပစ္စယ အသင်္ခတအရ နိဗ္ဗာန်ရ၏။

http://www.dhammadownload.com



၁။ ယင်းသည် ဒဿနတ္ထ။
၂။ မင်ဥာဏ်, ဖိုလ်ဉာဏ်သည် ဒီပကတ္ထ။
၃။ အငြိမ်းဓာတ် သန္တိသုခကို ရရှိခြင်းသည် ပကာသနတ္ထ။
၄။ လောကီကုသိုလ်စသော အကြောင်းများသည် ဝိဘာဝတ္ထ။
၅။ အနုပါဒိသေသနိဗ္ဗာန်သည် အနုဘာဝတ္ထ။

**ရူပိနော အရ - ရုပ်အဋ္ဌဝီသ ရဏ်။**

၁။ ယင်းသည် ဒဿနတ္ထ။
၂။ ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းလေးပါးသည် ဒီပကတ္ထ။
၃။ ကာယိကဒုက္ခ, စေတသိကဒုက္ခကို ခံစားရခြင်းသည် ပကာသနတ္ထ။
၄။ အဝိဇ္ဇာ, တဏှာ, ကံ, ကိလေသာ စသော အကြောင်းများသည် ဝိဘာဝတ္ထ။
၅။ အို, နာ, သေစသော ဆင်းရဲခြင်းအမျိုးမျိုးသည် အနုဘာဝတ္ထ။

**၁၀။** သပ္ပစ္စယဉ္စ ပစ္စယအရ သမာနကာလကို ငဲ့ရိုက် ဟိတ် ၆-ပါးရဏ်။ (ပစ္စည်း) သပ္ပစ္စယအရ-ဟိတ် ၆-ပါးကြဉ်သော သဟိတ်စိတ်, စေတသိက်, ရုပ်တရားများရဏ်။ (ပစ္စယုပ္ပန်) သဟဇာတသတ္တိပြရဏ်။
ကြီး-၄၊ အညှ, သမ္ပ, ဝိပ္ပ, ဝိပါက, ဟေတု, ဓိ, ဣန်, မဂ် = ၁၂ - ပြိုင်။

အပ္ပစ္စယာ-ဉ္စ ပစ္စယအရ -ဟိတ် ၆-ပါးစသော ပစ္စည်းတရားက အ-အရ အဘာဝပညတ် ပစ္စယုပ္ပန်တရားအား ပကတူပပြရဏ်။ ပြိုင်မရှိ။

သင်္ခတာ-ဉ္စ ဓာတ်အရ (အန္တတ္ထ) ဟိတ် ၆-ပါးစသော အကြောင်းတရားများရဏ်။

တ-ပစ္စည်းအရ စိတ်-၈၉၊ စေတသိက် - ၅၂၊ ရုပ်အဋ္ဌဝီသ ရဏ်။

http://www.dhammadownload.com



ထိုတွင် ...

သမာနကာလကို ငဲ့ခိုက် ဟိတ် ၆-ပါး ပစ္စည်း၊ သဟိတ်စိတ်, စေတသိက်, စိတ္တဇရုပ် ပစ္စယုပ္ပန်ယှဉ် သဟဇာတမျိုးပြိုင်ပါ။

အသမာနကာလကို ငဲ့ခိုက် စကျွဝိညာဉ် (သန်တဉ္ဇ ဓာတ်အရ) ပစ္စည်းတရားက (သန်တဉ္ဇ တပစ္စည်းအရ) သမ္ပဋိစ္ဆိုင်း ပစ္စယုပ္ပန်တရားအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတပြိုင်။ (ဤသို့စသည် ဖြင့်ပြိုင်)

## ကာလဝိမုတ္တ ပစ္စည်းကို ငဲ့လျှင်

သပ္ပစ္စယဉ္ဇ ပစ္စယအရ (သန်တဉ္ဇ ဓာတ်အရ) နိဗ္ဗာန် ပစ္စည်းယူခဲ့လျှင် -

သပ္ပစ္စယအရ (သန်တဉ္ဇ တပစ္စည်းအရ) မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်, လောကုတ္တရာစိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု။ အာ, ဓိ, ဥပ ပြိုင်။

## ရှုပိနော -

ရူပပုဒ် (အန္တတ္တ) အရ - ရူပါရုံရဓ်။ (ပစ္စည်း)
ဤပစ္စည်း (တာဟျတ္တ) အရ ကြွင်းသော ရုပ် ၂၇ - ပါးရဓ်။ (ပစ္စယုပ္ပန်)
သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

< >

http://www.dhammadownload.com



## ၃၄။ အာသဝဂေါစ္ဆက အဖွင့်

(က) အာသဝဂေါစ္ဆကေ အာသဝန္တီတိ အာသဝါ။

(ခ) စက္ခုတောပိ (ပ) မနတောပိ သန္ဒန္တိ၊ ပဝတ္တန္တီတိ ဝုတ္တံ ဟောတိ။

(ဂ) ဓမ္မတော ယာဝ ဂေါတြဘုံ, ဩကာသတော ယာဝ ဘဝဂ္ဂံ ဘဝန္တီတိ ဝါ အာသဝါ။

(ဃ) ဧတေ ဓမ္မေ ဧတဉ္စ ဩကာသံ အန္တောကရိတွာ ပဝတ္တန္တီတိ အတ္ထော။

(င) အန္တောကရဏတ္ထော ဟိ အယံ အာ-ကာရော။

(စ) စိရပါရိဝါသိယဋ္ဌေန မဒိရာဒယော အာသဝါ၊ အာသဝါဝိယာ-တိပိ အာသဝါ။

(၄ - ၉၀)

### ၁။ (ဂ) ဂေါတြဘုံကို မုချတ္ထ + ဥပစာရတ္ထ အနက်ပေးပုံ

ယာဝ ဂေါတြဘုံ = ဂေါတြဘူ့ဝေါဒါန်ပရိကမ်တိုင်အောင် (မုချတ္ထ)။
ယာဝ ဂေါတြဘုံ = ဂေါတြဘူတိုင်အောင်။ (ဥပစာရတ္ထ)။
(ဋီကာ , ဂဏ္ဌိ)

### (ဃ) (င) ဝါကျ အပြန်အလှန် အနက်ပေးပုံ

ဧတေ ဓမ္မေ ဧတဉ္စ ဩကာသံ အန္တောကရိတွာ ပဝတ္တန္တီတိ အတ္ထော။ (ဒဋ္ဌယ) ကသ္မာ-ကြောင့်၊ အန္တောကရိတွာ ပဝတ္တန္တီတိ အတ္ထော-အန္တောကရိတွာ ပဝတ္တန္တိ ဟူသော အနက်ကို၊ ဝိညာယတိ - သိအပ်သနည်း။ **(အမေးဝါကျထည့်)**။ ဟိ သစ္စံ၊ အယံ အာကာရော-ဤ အာ-အက္ခရာသည်။ အန္တောကရဏတ္ထော၊ အတွင်းပြုခြင်း အနက်ရှိ၏။ **(ဒဋ္ဌီကရဏဝါကျ)**၊ တသ္မာ၊ အန္တောကရိတွာ ပဝတ္တန္တီတိ အတ္ထော၊ ဝိညာယတိ။ **(အဖြေဝါကျ)**

http://www.dhammadownload.com



* ဒဋ္ဌီယကို၊ ရှေးဦးဆို၊ မေးကို ဒုတိယ။
တတိယမှာ၊ ဒဋ္ဌီသာ၊ စ မှာ အဖြေပြု။

## ၂။ (ခ) ဝါကျသို့ ဌပနာ

ဆရာ ဆရာသည် အာသဝါကို အာသဝဋ္ဌိတိ အာသဝါဟု ဝစနတ္ထ ပြုရမည်အဖြစ်ကို ဆိုတော်မူ၏။ သု-ဓာတ်သည် ကြားနာခြင်းအနက်ကို ဟောပါသလော။ အဘယ်အနက်ကို ဟောပါသနည်း စုဒ်ကြောင့် (ခ)ဝါကျ ကိုမိန့်။

**အဓိပ္ပါယ်ကား -**

ယိုစီးခြင်း (ဖြစ်ခြင်း) အနက်ကို ဟောပါ၏ ဟူလို။

## (ဂ) ဝါကျသို့ ပါပနာ

ဆရာ ဆရာသည် (က) (ခ) ဝါကျတို့ဖြင့် အာသဝါ၌ (အာ)ဥပသာရ ပုဒ်သည် အနက်ထူးမရှိ ဓာတွတ္ထာနုဝတ္တက ဟု ဖွင့်ဆိုတော်မူ၏။ ယင်းသို့ ဆိုလျှင် အာသည် လုံးဝ အနက်မရှိ၊ နိရတ္ထကသာ ဖြစ်၏ဟူသော အနက် သည် ရောက်၏။ စင်စစ် ထိုအနက်သည် မရောက်သင့်။ ထို့ကြောင့် (အာ)၏ အနက်ရှိသော နည်းတစ်ပါးကိုလည်း ပြဆိုသင့်သေး၏။ မဆိုဘဲ မနေသင့်။ နေချေသော် အဗျာပိတဒေါသ သင့်ရောက်ရာ၏။ ဤသို့ စုဒ်ကြောင့် (ဂ)ဝါကျမိန့်။

**အဓိပ္ပါယ်ကား -**

အာသဝါ၌ (အာ)သည် အဘိဝိဓိအနက်ကို ဟောသောကြောင့် ဓာတွတ္ထဝိသေသကဖြစ်ပါ၏ဟု ငါပြဆိုသောကြောင့် သင်တင်သောဒေါသ ငါ၌မရောက် ပျောက်ပါ၏ဟူလို။

## (ဃ) ဝါကျသို့ -

ဆရာ ဆရာသည် အာသဝါ-၌ အာ-သဒ္ဒါသည် အဘိဝိဓိအနက်

http://www.dhammadownload.com



ကို ဟောၛဲ့ဟု ဆိုတော်မူ၏။ ယင်းသို့ဆိုလျှင် "အာပဇ္ဇတာ ခေတ္တံ တိဋ္ဌတိ" ၌ကဲ့သို့ ဝေါဟာရဘူနှင့် ဘဝင်တို့ကို အပပြုပြီး စီးသွားပါသလော။ ထို့ကြောင့် (ဂ)ဝါကျကိုသာ မဆိုသင့်။ အာသဝါ၌ အာ-၏ အဘိဝိဓိဖြစ်ပုံကား အဘာယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ)မိန့်။

**အဓိပ္ပါယ်ကား -**

အာပဇ္ဇတာ ခေတ္တံ ကဲ့သို့ မဟုတ်၊ အာ ဗြဟ္မာလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိကဲ့သို့ အဘိဝိဓိအနက်ကို ဟောပါ၏ဟူလို။

## (စ) ဝါကျသို့ -

ဆရာ ဆရာသည် (က)စသော ဝါကျတို့ဖြင့် အာသဝအရ မုချ အားဖြင့် လောဘ ဒိဋ္ဌိ မောဟတို့ကို ကောက်ရသောနည်းကို ပြဆိုတော်မူ ခဲ့၏။ လောဘ ဒိဋ္ဌိ မောဟတို့ကို ဥပစာနည်းအားဖြင့်လည်း အာသဝ ဟု ဆိုနိုင်သည် မဟုတ်ပါလော။ ထို့ကြောင့် မုချတ္တနည်းကိုသာ မဆိုသင့်။ ဥပစာနည်းကား အဘာယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် စိရပါရိ ဝါသိယဋ္ဌေန စသော (စ)ဝါကျကိုမိန့်။

## တစ်နည်း -

ဆရာ ဆရာသည် (က)စသော ဝါကျတို့ဖြင့် အာသဝအရ လောဘ ဒိဋ္ဌိ မောဟတို့ကို မုချအားဖြင့် ယူရမည်ဟု ဆိုတော်မူ၏။ အာသဝအရ စိမ်ရေအရက်တို့ကိုလည်း မုချအားဖြင့် ကောက်ယူသင့်သေးသည် မဟုတ် ပါလော။ ထို့ကြောင့် (က)စသော ဝါကျတို့ကိုသာ မဆိုသင့်။ စိမ်ရေ အရက် တို့ကို မုချတိုက်ရိုက်ကောက်၍ လောဘ ဒိဋ္ဌိ မောဟကို ဥပစာအားဖြင့် ကောက်ရသည့် နည်းကိုလည်း ဆိုသင့်သေး၏။ ယင်းကား အဘာယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (စ) ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား -**

ကြာမြင့်စွာ ထုံအပ်သောကြောင့် စိမ်ရေ အရက်တို့သည် မုချ

http://www.dhammadownload.com



အားဖြင့် အာသဝမည်၏။ လောဘ ဒိဋ္ဌိ မောဟတို့ကား ထိုနှင့်အလားတူသောကြောင့် သဒိသူပစာနည်းအားဖြင့် အာသဝမည်ပါ၏ ဟူလို။

(ဥပမာတဒ္ဓိတ် ကြံလိုက ကြံနိုင်သည်)

## ၃။ (ဂ) ယာဝ ဘဝဂ္ဂါ သဝန္တီတိ ဝါ အာသဝါ ၌ ဝါသဒ္ဒါ

၁။ အာသဝါ၌ အာ-ဥပသာရပုဒ်၏ အနက်မရှိ နိရတ္ထက အဖြစ်မှ တစ်ပါး အနက်ရှိသည်၏ အဖြစ်ကိုလည်းကောင်း (အနက်လဲ)၊

၂။ အာဥပသာရပုဒ်၏ ဓာတွတ္ထာနုဝတ္တက အဖြစ်မှတစ်ပါး ဓာတွတ္ထဝိသေသက အဖြစ်ကိုလည်းကောင်း၊ (သဒ္ဒါလဲ)

၃။ စက္ခုဒွါရစသည်မှ ယိုစီးတတ်သောကြောင့် အာသဝမည်၏ ဟူသော အကြောင်းသကတ်မှတစ်ပါး မွေ့အားဖြင့် ဂေါတြဘူတိုင်အောင်, ဘုံအားဖြင့် ဘဝဂ်တိုင်အောင် ယိုစီးတတ်သောကြောင့် အာသဝမည်၏ ဟူသော သကတ်ကိုလည်းကောင်း လဲလိုသောကြောင့် ဝါ-သဒ္ဒါထားသည်၊

## အာသဝါဝိယာတိပိ အာသဝါ ၌ ဝါ သဒ္ဒါ အနက်ရှိသော အပိ သဒ္ဒါ ထားရခြင်း အကြောင်း -

၁။ လောဘ ဒိဋ္ဌိ မောဟတို့၏ မုချအားဖြင့် အာသဝမည်သည်မှ တစ်ပါး ဥပစာနည်းတို့ဖြင့် အာသဝမည်သည်၏ အဖြစ်ကို လဲလိုသောကြောင့် အပိ သဒ္ဒါထားပါသည်။

### တစ်နည်း -

အာသဝန္တီတိ အာသဝါ၊ ယာဝ သဝန္တီတိ အာသဝါ ဟူသော အကြောင်း ဝစနတ္ထမှတစ်ပါး အာသဝါ ဝိယာတိ အာသဝါ ဟူသော အကြောင်းဝစနတ် ဗျုပ္ပတ်ကိုလည်းကောင်း၊ မွေ့အားဖြင့် ဂေါတြဘူတိုင် အောင်, ဘုံအားဖြင့် ဘဝဂ်တိုင်အောင် ယိုစီးတတ်သောကြောင့် အာသဝ

http://www.dhammadownload.com



မည်၏ဟူသော သကတ်မှတစ်ပါး စိမ်ရည်နှင့်တူသောကြောင့် အာသဝ မည်၏ဟူသော သကတ်ကိုလည်းကောင်း လဲလိုသောကြောင့် အပိသဒ္ဒါ ထားပါသည်။

၄။ * စက္ခတိ အဿာဒေတီတိ စက္ခု။ (စက္ခ + ဥ)

* ဂေါတ္တံ (ပုထုဇ္ဇနဂေါတ္တံ) အဘိဘဝတီတိ ဂေါတြဘု။
(ဂေါတ္တရေး+ဘူ+ကွိ ပစ္စည်း)

* ဂေါတ္တံ (အရိယဂေါတ္တံ) ဘာဝေတီတိ ဂေါတြဘု။ (ဂေါတ္တ+ဘူ+ကွိ)
-ပုထုဇဉ်အနွယ် အရိယာအနွယ်တို့၏ ဂေါတြဘုစိတ်နှင့် ပကာတူပ ပစ္စည်း+ပစ္စယုပ္ပန်အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျူ+နိ။
-ပုထုဇဉ်အနွယ်ကို ဖြတ်နိုင်ခြင်း အရိယာအနွယ်ကို ပွားစေခြင်း ဂုဏ်သတ္တိသည် ပဝတ္တိနိမိတ်။

* ဂေါတြဘု စ ဝေါဒါနံ စ ပရိကမ္မံ စ ဂေါတြဘု။
(ကေသေသတဒ္ဓိတ်)

* အာသဝန္တီတိ အာသဝါ။ (အာ+သု+အ)

* အာ ဘဝဂ္ဂံ အာ ဂေါတြဘုံ သဝန္တီတိ ဝါ အာသဝါ။
(ယိုစီးခြင်း ဖြစ်ခြင်း ကြိယာ)

* ဘဝေသု အဂ္ဂေါ ဘဝဂ္ဂေါ။
-သုံးဆယ့်တစ်ဘုံ၏ ဘဝဂ်နှင့် အပေါင်း+အစိတ် အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျူ-နိ။
-ထိပ်ဆုံးဖြစ်ခြင်း အမြတ်ဆုံးဖြစ်ခြင်းဂုဏ်သည် ပ-နိမိတ်။

* အာ ဓဝ အာကာရော၊ (အာပုဒ် + ကာရပစ္စည်း)

* အန္တောကရဏံ အတ္ထော ဧတဿာတိ အန္တောကရဏတ္ထော။
-အတွင်းပြုခြင်း အနက်၏ အာသဒ္ဒါနှင့် ဝါစ္စ+ဝါစက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

http://www.dhammadownload.com



-အတွင်းပြုခြင်းအနက်သည် ပဝတ္တိနိမိတ်။

* ပရိဝသီယန္တေတိ ပရိဝါသိယာ။ (ပရိ+ဝသ+ဏျ) (ထုံခြင်းကြိယာ)

* ပရိဝါသိယာဧဝ ပါရိဝါသိယာ။

* စိရံ ပါရိဝါသိယာ စိရပါရိဝါသိယာ။

-ကြာမြင့်စွာသော ကာလ၏ ထုံအပ်သော စိမ်ရည်အရက်နှင့် ကာလ+ကာလဝန္တအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

-ကြာမြင့်စွာ ထုံခြင်းကြိယာသည် ပဝတ္တိနိမိတ်။

* မဇ္ဇန္တိ တေနာတိ မဒိရာ။ (မဒ+ဣရ) ယစ်မူးခြင်းကြိယာ။

* မဒိရာ အာဒိ ယေသန္တိ မဒိရာဒယော။

-မုဒရက်သီး အရက်၏ မူးယစ်သေစာ အားလုံးနှင့် အစိတ်+အပေါင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

-မုဒရက်သီးအရက်သည် ပဝတ္တိနိမိတ်။

* ဂုဠှတေ ပရိဝေဌီယတေတိ ဂေါဠကော။ (ဂုဠ+ဏွု+ဓ-ကို ဆပြု) ရစ်ပတ်ခြင်းကြိယာ။

**တစ်နည်း -**

* ဂေါပီယတေတိ ဂေါဠကော။ (ဂုပ+ဆ+သွတ္တ က)

စောင့်ရှောက်ခြင်းကြိယာ။ (ဂေါပီယတေတိ ဂုဠော။ ဂုဠော ယေဝ ဂေါဠကော ဟုလည်း ပြုနိုင်သည်။)

| | | |
|---|---|---|
| ၅။ | အာသဝန္တိ | = အာချာတ်ပုဒ်၊ အလိင်၊ ဘုဝါဒိ၊ ဥကာရန္တ။ |
| | စက္ခု | = ကိတ်ပုဒ်၊ နပုလ္လိင်၊ ရုဓာဒိ၊ ဥကာရန္တ။ |
| | မန | = ကိတ်ပုဒ်၊ ပုံ၊ နပုံ၊ မနောဂိုဏ်း၊ အကာရန္တ။ |
| | ဂေါတြဘုံ | = ကိတန္တသမာသ်၊ နပုလ္လိင်၊ ရုဓာဒိ၊ ဦကာရန္တ။ |
| | မဒိရ | = ကိတ်ပုဒ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာကာရန္တ။ |

http://www.dhammadownload.com



မဒိရာဒယော = သမာသ်ပုဒ်၊ ပုလ္လိင်၊ ရတ္တာဒိ၊ ဣကာရန္တ။
ဂေါ္ဇကာ = ကိတ်ပုဒ်၊ ပုလ္လိင်၊ ပုရိသာဒိ၊ အကာရန္တ။

၆။ (က) **အာသဝန္တိ** ဖြင့် အာသဝါကို အာသဝန္တိတိ အာသဝါ ဟု ကတ္တုသာဓ ဝစနတ္ထပြုရမည်အဖြစ်ကိုလည်းကောင်း၊ အာ - ရှေးရှိသော သုဓာတ် အပစ္စည်း၊ အပစ္စည်း၏ ကတ္တားအနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

(ခ) **စက္ခုတောပိ (ပ) မနတောပိ သန္ဒန္တိ** - ဖြင့် အာသဝါ၌ သုဓာတ်သည် ဖနနတ္ထ ဣဿရတ္ထတို့ကို မဟော၊ ယိုစီးခြင်း သန္ဒနတ္ထကို ဟောသည်၏အဖြစ်ကိုလည်းကောင်း၊ ယိုစီး၏ဟူသည် စက္ခုဒွါရ, သောတ ဒွါရစသည်တို့မှ ယိုစီးသည်၏အဖြစ်ကိုလည်းကောင်း သိစေပါသည်။

**ပဝတ္တန္တီတိ ဝုတ္တံ ဟောတိ** - ဖြင့် ယိုစီး၏ဟူသည် ထိုအာသဝတို့ ဖြစ်ပေါ်လာခြင်းပင်တည်းဟု အဓိပ္ပါယ်ကို သိစေပါသည်။

(ဂ) ဝါ - ဖြင့် နယန္တရကို သိစေပါသည်။ **ဓမ္မတော ယာဝ ဂေါတြဘုံ** စသည်ဖြင့် အာသဝကို ယာဝ ဂေါတြဘုံ ယာဝ ဘဝဂ္ဂံ သဝန္တီတိ အာသဝါ ဟု ဝစနတ္ထပြုရမည်အဖြစ်ကိုလည်းကောင်း၊ အာ ဥပသာရပုဒ်၏ အဘိဝိဓိ အနက်ကို ဟောသည်အဖြစ်ကိုလည်းကောင်း၊ ယင်းအဘိဝိဓိ အနက်ရှိ သော အာ သဒ္ဒါဖြင့် အာသဝ တရားတို့သည် ဓမ္မအားဖြင့် ဂေါတြဘူတိုင် အောင်, ဘုံအားဖြင့် ဘဝဂ်တိုင်အောင် ယိုစီးသည်၏ အဖြစ်ကိုလည်းကောင်း၊ အာရှေးရှိသော + သုဓာတ် + အပစ္စည်း၊ ယင်း အပစ္စည်း၏ ကတ္တားအနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

(ဃ) **ဧတေ ဓမ္မေ ဧတဉ္စ ဩကာသံ အန္တောကရိတွာ ပဝတ္တန္တီတိ အတ္ထော** - ဖြင့် အာသဝါ၌ အဘိဝိဓိအနက်ရှိသော အာ-

http://www.dhammadownload.com



သည် အာပဗ္ဗတာခေတ္တံ တိဋ္ဌတိဋ္ဌ်ကဲ့သို့ ဂေါ်ဘြဲဘူနှင့် ဘဝင်တို့ကို အပပြု၍ ပျံ့နှံ့သော အဘိဝိဓိမဟုတ်၊ အာ ပြဟွာလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိဋ္ဌ်ကဲ့သို့ ဂေါ်ဘြဲဘူနှင့် ဘဝင်တို့ကို အတွင်းပြု၍ ပျံ့နှံ့သော အဘိဝိဓိဖြစ်သည်၏ အဖြစ်ကိုလည်းကောင်း၊ ဓမ္မအားဖြင့် ဂေါ်ဘြဲဘူတိုင်အောင်၊ ဘုံအားဖြင့် ဘဝင်တိုင်အောင် စီးသွား၏ဟူသည် ထို ဂေါ်ဘြဲဘူနှင့် ဘဝင်တို့ကို အတွင်းပြု၍ဖြစ်ခြင်း (အာရုံပြု၍ ဖြစ်ခြင်း) ပင်တည်းဟူသော အဓိပ္ပါယ်ကိုလည်းကောင်း သိစေပါသည်။

**(င) အန္တောကရဏတ္ထော ဟိ အယံ အာကာရော** -ဖြင့် အာသဝါဋ္ဌ် အာ-သဒ္ဒါသည် အန္တောကရဏအနက်ကို ဟောသည်၏ အဖြစ်၊ ထိုသို့ ဟောနိုင်သောကြောင့် အန္တောကရိတွာ ပဝတ္တန္တီဟု ဖွင့်ဆိုရခြင်း၏ ယုတ္တိကို သိစေပါသည်။

**(စ) စိရပါရိဝါသိယဋ္ဌေန မဒိရာဒယော အာသဝါ**-ဖြင့် အာသဝ သဒ္ဒါသည် မုဒရက်သီးရည်စသော သေရည်အရက်ကိုဟောသည့် အနိပ္ဖန္နပါဋိပဒိကပုဒ်အဖြစ်ကို သိစေပါသည်။

**အာသဝါဝိယာတိပိ**-ဖြင့် လောဘာ ဒိဋ္ဌိ မောဟတို့သည် ထိုစိမ်ရည် အရက်နှင့် တူသောကြောင့် သဒိသူပစာအားဖြင့် အာသဝဟု ဆိုရသည်၏ အဖြစ်ကို သိစေသည်။ **တစ်နည်း**-အာသဝါကို အာသဝါ ဝိယာတိ အာသဝါဟု ဥပမာတဒ္ဓိတ် ဝစနတ္ထပြုရမည် အဖြစ်ကိုလည်းကောင်း၊ အာသဝပုဒ် ဏပစ္စည်း၊ ယင်းဏပစ္စည်း၏ ဥပမာအနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ စိမ်ရည် အရက်နှင့်တူသောကြောင့် အာသဝမည်သည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

**၇။ ဓတေ ဓမ္မေ ဝေဒ္ဓ ဩကာသံ တိဋ္ဌ ဓတတို့ကား**

ဓမ္မ. ဩကာသ ဟူသော ဝိသယတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓ ဝိသယ။

http://www.dhammadownload.com



**တစ်နည်း--**

ဓာတော ဓမ္မေ ဓာတုံ ဩကာသံ ထိုဓမ္မ ထိုဩကာသတို့ဟူသည် အခြားသော ဓမ္မ ဩကာသတို့မဟုတ် (၈) ဝါကျ၌ ဆိုခဲ့သော ဂေါတြဘူ တိုင်အောင်သော ဓမ္မနှင့် ဘဝင်တိုင်အောင်သော ဩကာသတို့ကို ဆိုလို သည်ဟု လွန်ပြီးဝါကျ၌ ဓမ္မ ဩကာသတို့ကို စွဲသောကြောင့် ပဏ္ဏတ္တိသယ။

## ၈။ အာသဝ အရ - ကြိုယာငါးတန်

၁။ အာသဝေါတရားတို့သည် ဒဿနဋ္ဌ။
၂။ အယောနိသော မနသိကာရသည် ဒီပကဋ္ဌ။
၃။ အဝိဇ္ဇာသည် ပကာသနဋ္ဌ။
(အာသဝါနံ သမုပ္ပါဒါ၊ အဝိဇ္ဇာ စ ပဝတ္တတိ။)
၄။ ဝဋ္ဋ, အာရုံ, ကံ, ကိလေသာစသော အကြောင်းများသည် ဝိဘာဝဋ္ဌ။
၅။ သင်္ခါရ, ဝိညာဉ်စသော အကျိုးများသည် အနုဘာဝဋ္ဌ။

**ဂေါတြဘုံ -**

၁။ ဂေါတြဘူသည် ဒဿနဋ္ဌ။
၂။ အနုလုံသည် ဒီပကဋ္ဌ။
၃။ မဂ်နှင့်ရှာန်သည် ပကာသနဋ္ဌ။
၄။ ပရိကံ, ဥပစာ စသော ရှေးရှေးအကြောင်းများသည် ဝိဘာဝဋ္ဌ။
၅။ ဖိုလ်, ပစ္စဝေက္ခဏာဉာဏ်စသော အကျိုးတို့သည် အနုဘာဝဋ္ဌ။

## ၁၀။ အာသဝဋ္ဌိတိ အာသဝါ

ဓာတ်အရ ပစ္စည်းအရ နှစ်မျိုးလုံး အာသဝေါတရားသုံးပါး ရ၏။ ထိုကြောင့် ဓာတ်-အရ လောဘပစ္စည်းတရားက အ-ပစ္စည်းအရ - ဒိဋ္ဌိ မောဟပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

http://www.dhammadownload.com



ကြီး-၄၊ အညှ. သံ. ပောတ ပေါင်း ၇ -ပစ္စည်းပြိုင်။

## စက္ခုတော၀ိ မနတော၀ိ သန္တတိ

အပါဒါန် နှစ်ပုဒ်အရ - စက္ခုဒွါရ. မနောဒွါရ ရအပ်။ သန္တတိကြိယာပုဒ်အရ အာသဝေါတရားရအပ်။ စက္ခုဒွါရပစ္စည်းယူက ပကာတုပသတ္တိဖြင့် ကျေးဇူးပြု။ ပြိုင် မရှိ။ မနောဒွါရကို ပစ္စည်းယူက သဟဇာတပြိုင်။

## ယာဝ ဂေါတြဘုံ သဝန္တိ

ဂေါတြဘုံ အရ- ဂေါတြဘူကိစ္စတစ်သော မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် ရအပ်။(ပစ္စည်း)၊ သဝန္တိအရ- လောဘ. ဒိဋ္ဌိ. မောဟ (ပစ္စယုပ္ပန်) ရအပ်။ အာရမ္မဏသတ္တိ၊ အာ. ဓိ. ဥပ- ပြိုင်။

< >

## ၃၅။ အာသဝဂေါစ္ဆက အဖွင့်

(က) လောကသ္မိံ စိရပါရိဝါသိကာ မဒိရာဒယော အာသဝါတိ ဝုစ္စန္တိ။

(ခ) ယဒိ စ စိရပါရိဝါသိယဋ္ဌေန အာသဝါ။

(ဂ) ဧတေယေဝ ဘဝိတု မရဟန္တိ။

(ဃ) ဝုတ္တဥ္စေတံ " ပုရိမာ ဘိက္ခဝေ ကောဋိ န ပညာယတိ အဝိဇ္ဇာယ "ဣတော ပုဗ္ဗေ အဝိဇ္ဇာ နာဟောသိ " တိ" အာဒိ။

(င) အာယတံ ဝါ သံသာရဒုက္ခံ သဝန္တိ ပသဝန္တီတိပိ အာသဝါ၊ တတော အညေ နော အာသဝါနာမ။

http://www.dhammadownload.com



(စ) အတ္တာနံ အာရဗ္ဘဏံ ကတွာ ပဝတ္တေဟိ သဟ အာသဝေဟိ တိ သာသဝါ။ ဧဝံ ပဝတ္တမာနော နတ္ထိ ဧတေသံ အာသဝါတိ အနာသဝါ၊ သေသံ ဟေတုဂေါစ္ဆကေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။

(ဋ္ဌ- ၉၀/၁)

## ပါရိဝါသိက + ပါရိဝါသိယ

ပရိဝုဏ်ရှိသော ဝသဓာတ်+ဏျပစ္စည်း၊ ကာလာ၍ ပြီးသောကြောင့် ပါရိဝါသိယသင့်။ ယ-ကို က-ပြုလျှင် ပါရိဝါသိကလည်းသင့်။

## မဒိရာ + မုဒိရာ

မဒိရာ ဝါရုဏီ မဇ္ဇံ (အဘိဓာန်)၊ မဇ္ဇန္တိ တောယာတိ မဒိရာ၊ (အဘိဓာန်ဋီကာ) ယောဇနာဆိုသောကြောင့်လည်းကောင်း၊ မဒ ဥမ္မာဒေ က္ကရော၊ အာစ-ဟု အဘိဓာန်ဋီကာ ဆိုသောကြောင့်လည်းကောင်း မဒိရာသာသင့်။

## ၂။ (ခ) ဝါကျသို့ ဋ္ဌပနာပဋ္ဌက

ဆရာ ဆရာသည် (က) ဝါကျဖြင့် လောကဥ် ကြာမြင့်စွာ ထုံတတ်ကုန်သော မုဒရက်သီးရည် စသည်တို့ကို အာသဝဟူ၍ ဆိုအပ်ကုန်၏ဟု ဆိုတော်မူ၏။ ယင်းသို့ဆိုလျှင် အနမတဂ္ဂသံသရာမှစ၍ သတ္တဝါတို့၏ သန္တာန် ဝယ် ကိန်းနေ တည်နေသော လောဘ ဒိဋ္ဌိ မောဟတို့ကိုသာ အာသဝဟူ၍ ဆိုထိုက်သည် မဟုတ်ပါလော။ ထို့ကြောင့် မုဒရက်သီးရည် စသည်တို့ကို အာသဝဟူ၍ ဆိုထိုက်သည်ဟု မဆိုသင့်၊ အဘယ်သို့ သိမှတ်ရပါမည်နည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် ယင်းအမေးကို ကိုယ်တိုင်ပြလိုသော အဋ္ဌကထာဆရာသည် ယဒိ-စသော (ခ) ဝါကျကိုမိန့်။

http://www.dhammadownload.com



## (ဃ) ဝါကျသို့

ဆရာ ဆရာသည် ကြာမြင့်စွာ ထုံတတ်သောကြောင့် အာသဝဟု ဆိုထိုက်သည်ဟုဆိုလျှင် လောဘ ဒိဋ္ဌိ မောဟတို့ကို ဆိုသင့်သည်ဟု ဆရာဆို၏။ ထိုလောဘ ဒိဋ္ဌိ မောဟတို့၏ ကြာမြင့်စွာ ထုံတတ်သည်၏ အဖြစ်ကို အာဂုမ်ယုတ္တိဖြင့် ပြဆိုသင့်သည် မဟုတ်ပါလော။ ထိုကြောင့် လောဘ ဒိဋ္ဌိ မောဟတို့ကိုသာ အာသဝ ဆိုသင့်သည်ဟု ဒဋ္ဌီယမျှကိုသာ ဆရာမဆိုသင့်။ ယင်းသို့ဆိုနိုင်ကြောင်း ယုတ္တိသာဓကကား အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် ဝုတ္တာဌေတံ – စသော (ဃ) ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား –**

ပုရိမာ ဘိက္ခဝေ ကောဋိ န ပညာယတိ စသော အာဂမယုတ္တိကို ထောက်၍ ငါဆိုပါ၏ ဟူလို။

## (င) ဝါကျ ပါပနာပဋ္ဌက

ဆရာ ဆရာသည် အာသဝန္တီတိ အာသဝါ–စသည်ဖြင့် အာသဝ၏ ကိတဝစနတ္ထ (တဒ္ဓိတဝစနတ္ထ)တို့ကို ဆိုတော်မူ၏။ ယင်းသို့ဆိုလျှင် အာသဝါကို ကိတန္တသမာသ် ဝစနတ္ထမပြုကောင်းဟူသော အနက်သည် ရောက်၏။ စင်စစ် ထိုအနက်သည် မရောက်သင့်။ ထိုကြောင့် အခြားဖြစ်သင့်သော ဝစနတ္ထ တစ်မျိုးကိုလည်း ဆိုသင့်သေး၏။ မဆိုဘဲမနေသင့်။ နေချေသော် အဗျာပိတဒေါသ – ဤသို့ စုဒ်ကြောင့် (င) ဝါကျမိန့်။

## ၃။ အာယတံ ဝါ သံသာရဒုက္ခံ ဥ ဝါသဒ္ဒါ

၁။ အာသဝန္တီတိ အာသဝါ (အာသဝါဝိယာတိ အာသဝါ) ဟူသော ကိတဝစနတ္ထ (တဒ္ဓိတဝစနတ္ထ) မှတစ်ပါး အာယတံ သံသာရဒုက္ခံ သဝန္တိ ပသဝန္တီတိ အာသဝါ ဟူသော ကိတန္တသမာသ် ဝစနတ္ထကိုလည်းကောင်း။

၂။ အာရှေးရှိသော သဒ္ဒါတ် + အပစ္စည်းဖြင့် ပြီးသော ပုဒ်အဖြစ်မှ တစ်ပါး အာယတရှေးရှိသော သဒ္ဒါတ်+အပစ္စည်းဖြင့် ပြီးသော ပုဒ်အဖြစ်

http://www.dhammadownload.com



ကိုလည်းကောင်း။

၃။ သုစာတ်၏ သန္တနတ္တမှတစ်ပါး ဇနနတ္တကိုလည်းကောင်း လဲလို သောကြောင့် ဝါသဒ္ဒါထားပါသည်။

၄။ * ကုင္ဆိတဗ္ဗာ ဆိန္ဒိတဗ္ဗာတိ ကောဋ္ဌိ။ (ကုဋ္ဌ + ဏ္ဍ) ဖြတ်ခြင်းကြိယာ။
* ဝိန္ဒတီတိ ဝိဋ္ဌာ။ (ဝိဒ+ဏျု) ရခြင်းကြိယာ။
* န ဝိဋ္ဌာ အဝိဋ္ဌာ။ (အခြားဝိဂ္ဂဟများ ရှိသေးသည်)
* ပုနပ္ပုနံ သရတိ ပဝတ္တတီတိ သံသာရော။ (သံ + သရ + ဏ)
* သံသာရောယေဝ ဒုက္ခံ သံသရဒုက္ခံ။ (ကမ္မဓာရဲ)
* သံသာရေ ပဝတ္တံ ဒုက္ခံ သံသာရဒုက္ခံ။ (တပ္ပုရိသ်)
* သံသရဿ ဒုက္ခံ သံသာရဒုက္ခံ။ (တပ္ပုရိသ်)

-သံသရာနှင့် ဆင်းရဲတို့၏ ဝိသေသန+ဝိသေသျအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျူပ္ပတ္တိနိမိတ်။

-သံသရာဒုက္ခ၏ သာမညဇာတ်သည် ပဝတ္တိနိမိတ်။

* အာယတံ သံသာရဒုက္ခံ သဝတ္တိ ပသာဝတ္တီတိ အာသဝါ။

-ရှည်စွာသော သံသရာဆင်းရဲ၏ အာသဝေါတရားတို့နှင့် အကျိုး+ အကြောင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။

-အာသဝတို့၏ သာမညဇာတ်သည် ပဝတ္တိနိမိတ်။

* နတ္ထိ ဧတေသံ အာသဝါတိ အနာသဝါ။ (နည်းမှီထုတ်)
* ပုရေ ဇာတာ ပုရိမာ။ (ပုရ + ဣမ)

၅။ ဘဝိတုံ = ကိတ်ပုဒ်၊ တစ်နည်း-အဗျယပုဒ်၊ အလိင်၊ ဂဏဝိမုတ်၊ နိဂ္ဂဟီတန္တ။
ပုရိမာ = တဒ္ဓိတ်ပုဒ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာကာရန္တ။
ကောဋ္ဌိ = ကိတ်ပုဒ်၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ ဣကာရန္တ။
သဝတ္တိ = အာချာတ်ပုဒ်၊ အလိင်၊ ဘူဝါဒိဂိုဏ်း၊ ဥကာရန္တ။

http://www.dhammadownload.com



၆။ (က) **လောကသ္မိံ ဥဒ္ဓိ - စသည်ဖြင့်** လောက၌ ကြာမြင့်စွာ ထုံထား အပ်သော သေရည်အရက်စသည်ကို အာသဝ - ဟူ၍ ဆိုအပ်သည်၏ အဖြစ်၊ အာသဝသဒ္ဒါ၏ သေရည်အရက်ကိုဟောသော အနိပ္ဖန္နပါဋိပဒိက ပုဒ်အဖြစ်ကို သိစေသည်။

(ခ) **ယဒိ စ - စသည်ဖြင့်** အကယ်၍ ကြာမြင့်စွာ ထုံထားအပ်သော ကြောင့် အာသဝဟုဆိုလျှင် - ဟူသော ပရိကပ္ပစကားရပ်ကို သိစေသည်။

(ဂ) **တေ ဧဝ ဘဝိတုမရဟန္တိ-ဖြင့်** (ကြာမြင့်စွာ ထုံထားအပ် သောကြောင့် အာသဝဟု ဆိုတမ်းဆိုလျှင်) ဤလောဘ ဒိဋ္ဌိ မောဟတို့ကို သာ ဆိုထိုက်သည်ဟူသော သမ္ဘာဝနာစကားရပ်ကို သိစေသည်။

(ဃ) **ဝုတ္တဉ္ဟေတံ - စသည်ဖြင့်** ထိုလောဘ ဒိဋ္ဌိ မောဟတို့၏ အလွန် ကြာမြင့်စွာ ထုံအပ်သည်အဖြစ်ကို အာဂမယုတ္တိဖြင့် ခိုင်မာစေသည်၏ အဖြစ်၊ အဝိဇ္ဇာ၏ ရှေးအစွန်းကို မသိနိုင်လောက်အောင် ရှည်လျားလှသည် ၏ အဖြစ်ကို သိစေသည်။

(င) **ဝါ-အဝိ တို့ဖြင့်** နယန္တရကို သိစေပါသည်။

**အာယတံ သံသာရ ဒုက္ခံ သဝန္တိ ပသဝန္တိ-ဖြင့်** အာသဝါကို အာယတံ သံသာရဒုက္ခံ သဝန္တိ ပသဝန္တီတိ အာသဝါ - ဟု ကိတန္တဒုတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊ အာယတ - သဝ ဟု ဆိုလိုလျက် ယတကိုချေ၍ အာသဝဟု ဆိုသည်၏အဖြစ်ကိုလည်း ကောင်း၊ ယင်းအာယတပုဒ်အရ- သံသာရဒုက္ခကို ယူရမည် အဖြစ်ကို လည်းကောင်း၊ အာယတရှေးရှိသော သုဓာတ် အပစ္စည်း၊ သုဓာတ်၏ ဖနနတ္ထကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ ယင်းအပစ္စည်း၏ ကတ္တားအနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

**တတော အညေ နော အာသဝါ နာမ-ဖြင့်** နော အာသဝါကို နော အာသဝါ နောအာသဝါ-ဟု ကမ္မဓာရဲသမာသ် ဝစနတ္ထပြုရမည်အဖြစ်၊

http://www.dhammadownload.com



နော သဒ္ဒါသည် ပဋိက္ခေပအနက်ကို မဟော၊ အညု (ပဋိသေဓ) အနက်ကို ဟောသည်၏ အဖြစ်ကို သိစေပါသည်။

(စ) အတ္ထာနံ အာရမ္မဏံ ကတွာ-စသည်ဖြင့် သာသဝ ကို သဟ အာသဝေဟိ ယေ ဝတ္တန္တီတိ သာသဝါ ဟု ဗဟုဗ္ဗီသမာသ် ဝစနတ္ထပြု လည်းကောင်း၊ အာသဝအရ သဟဇာတသတ္တိ၏ အစွမ်းဖြင့်ဖြစ်သော အာသဝတို့ကို မယူရ၊ မိမိဟုဆိုအပ်သော သာသဝမွေတို့ကို မယူရ၊ မိမိဟု ဆိုအပ်သော အာသဝမွေတို့ကို အာရုံပြု၍ဖြစ်သည့် (ဝါ) အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည့် အာသဝတရားတို့ကို ယူရမည်အဖြစ်ကိုလည်းကောင်း၊ သာသဝ၌ သ-သည် သဟသဒ္ဒါ၏ ကာရိယ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

**ဇဝံ ပဝတ္တမာနာ-စသည်ဖြင့်** အနာသဝါကို နတ္ထိ အာသဝါ ဧတေသန္တိ အနာသဝါဟု ဗဟုဗ္ဗီသမာသ် ဝစနတ္ထပြုလည်းကောင်း၊ အန၏ နကာရိယ အဖြစ်ကိုလည်းကောင်း၊ယင်းန-၏ အဘာဝအနက်ကို ဟောသည်၏အဖြစ် ကိုလည်းကောင်း၊ ထိုအနာသဝမွေ လောကုတ္တရာတရားတို့၌ အာသဝေါ တရားတို့ အာရုံမပြုနိုင်သည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

## ၇။ ဧတေယေဝ ဘဝိတု မရဟန္တိ

လောဘ ဒိဋ္ဌိ မောဟတို့သည် ဂဟေတဗ္ဗ။
မုဒရက်သီးရည် စသည်တို့သည် နိဝတ္တေတဗ္ဗ။
လောဘ ဒိဋ္ဌိ မောဟတို့နှင့် အလားတူသော ကြွင်း ကိလေသာ တို့သည် အနညာတ။

## ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ

ဟေတုဂေါစ္ဆက၌ ဆိုအပ်ပြီးသောနည်းသည် ဂဟေတဗ္ဗ။
မဆိုရသေးသောနည်းသည် နိဝတ္တေတဗ္ဗ။

http://www.dhammadownload.com



## ၉။ ဝုတ္တဒွေတ်

ဝုတ္တံ-၌ ဝစကောတ်အရ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ရ၏။ (ထုတ်ပြပြီးပြီ)

## တ-ပစ္စည်းအရ-

၁။ ပုရိမာ ဘိက္ခဝေ ကောဋိ န ပညာယတိ စသော ဝစီဘေဒစိတ္တဇ သဒ္ဒသည် ဒေသနတ္တ။

၂။ ဒေသနာဉာဏ် စိတ္တုပ္ပါဒ်သည် ဒီပကတ္တ။

၃။ သုတမယဉာဏ်သည် ပကာသနတ္တ။

၄။ အာသယာနုသယဉာဏ် ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်မှစ၍ ပါရမီ ဉာဏ်တိုင်အောင်သော အကြောင်းအဆက်ဆက်သည် ဝိဘာဝတ္တ။

၅။ စိန္တာမယဉာဏ်မှစ၍ နိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက် သည် အနုဘာဝတ္တ။

## ၁၀။ သံသာရဒုက္ခံ သဝဋ္ဋံ ပဿဝဋ္ဋံ။

သံသာရဒုက္ခ-အရ ခန္ဓာ ၅-ပါးရ၏။ (ပစ္စယုပ္ပန်)

သဝဋ္ဋံ ပဿဝဋ္ဋံ-အရ လောဘ ဒိဋ္ဌိ မောဟဦးစီးသော ကုသိုလ်ကံ, အကုသိုလ်ကံရ၏။ (ပစ္စည်း) ပကတူပသတ္တိဖြင့် ကျေးဇူးပြု။

ပကတူပ - နာနက္ခဏိကပြိုင်။

## တစ်နည်း-

သဝဋ္ဋံ ပဿဝဋ္ဋံ - အရ လောဘ ဒိဋ္ဌိ မောဟရ၏။ (ပစ္စည်း)

သံသာရဒုက္ခံ-အရ ယင်းကြောင့်ဖြစ်သော အကုသိုလ်စိတ်, စေတသိက်, စိတ္တဇရုပ် ခန္ဓာ ၅-ပါး ရ၏။ (ပစ္စယုပ္ပန်)

သဟဇာတသတ္တိဖြင့် ကျေးဇူးပြု။ ကြီး ၄၊ အည- သမ္ပ- ဝိပ္ပ- ဟေ - မဂ္ဂ- ပေါင်း ၉ - ပြိုင်။ (အာရမ္မဏမျိုးလည်း ပြိုင်နိုင်။)

http://www.dhammadownload.com



**သာသဝါ၌ -**

အန္တတ္ထအရ လောဘ ဒိဋ္ဌိ မောဟရေ၏။ (ပစ္စယုပ္ပန်)
ဗာဟျတ္ထအရ လောဂကီစိတ် စေတသိက် ရုပ်ရေ၏။ (ပစ္စည်း)
အာရမ္မဏာသတ္တိဖြင့် ကျေးဇူးပြုသည်။ (ယထာရဟ ၈ - ပြိုင်)

**ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ**

ဝေဒိတဗ္ဗံ၌ ဝိဒ - အရ ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ရေ၏။ တဗ္ဗ - ပစ္စည်းအရ ကြွင်းသောပုဒ်တို့၏ အဆုံးအဖြတ်ဟုဆိုအပ်သော အတ္ထ - ပညတ်ရေ၏။

ထို့ကြောင့် ပစ္စည်းအရ ပစ္စည်းတရားက ဓာတ်အရ ပစ္စယုပ္ပန်တရားအား အာရမ္မဏာသတ္တိဖြင့် ကျေးဇူးပြုသည်။ ပြိုင် ပစ္စည်းမရှိ။

## ၃၆။ သံယောဇနေ ဂေါစ္ဆကအဖွင့် စသည်

**ယဿ သံဝိဇ္ဇန္တိ၊ တံ ပုဂ္ဂလံ ဝဋ္ဋသ္မိံ သံယောဇေန္တိ ဗန္ဓန္တီတိ သံယောဇနာ။**

**သံယောဇေန္တိ ဗန္ဓန္တိ**-ဖြင့် သံယောဇနာကို သံယောဇေန္တီတိ သံယောဇနာ ဟု ကတ္တုသာဓ် ဝစနတ္ထပြုရမည်အဖြစ်၊ သံရှေးရှိသော ယုဇဓာတ်. ယုပစ္စည်းအဖြစ်၊ ယုဇဓာတ်၏ ဗန္ဓနတ္ထဝါစကအဖြစ်၊ ယုပစ္စည်း၏ ကတ္တုတ္ထဝါစကအဖြစ်ကို သိစေသည်။

**ယဿ သံဝိဇ္ဇန္တိ (ပ) ဗန္ဓတိ**-ဖြင့် သံယောဇဉ် တရားတို့သည် မိမိကိန်းရာပုဂ္ဂိုလ် သတ္တဝါကို ဝဋ်ဆင်းရဲ၌ နှောင်ဖွဲ့ထားတတ်သည့် သဘောရှိသည် အဖြစ်ကိုသိစေသည်။

**အာရမ္မဏဘာဝံ ဥပဂန္တွာ သံယောဇနေသမ္ဗန္ဓနေန သံယော- ဇနာနံ ဟိတာတိ သံယောဇနိယာ။**

http://www.dhammadownload.com



**သံယောဇနာနံ ဟိတာ**-ဖြင့် သံယောဇနိယာကို သံယောဇနာနံ ဟိတာ သံယောဇနိယာ ဟု ဟိတတဒ္ဓိတ် ဝစနတ္ထပြုရမည်အဖြစ်၊ သံယောဇနပုဒ်+ ဣယပစ္စည်း၊ ယင်း ဣယပစ္စည်း၏ နိယုတ္တအနက်၌ သက်သည်၏ အဖြစ်ကို သိစေသည်။

**အာရမ္မဏဘာဝံ (ပ) ဟိတာ**-ဖြင့် သံယောဇဉ်တို့၏ အစီးအပွား ဖြစ်၏ဟူသည် သံယောဇဉ်တရားတို့၏ အာရုံအဖြစ်သို့ရောက်၍ သံယောဇဉ်နှင့် ဆက်စပ်ခြင်းပင်တည်းဟု အဓိပ္ပါယ်ကို သိစေသည်။

**ဋီကာ**-၌ သံယောဇေတဗ္ဗာတိ သံယောဇနိယာ။ (သံ+ယုဇ+အနီယ-ဤကို ဣရသပြု) သံယောဇနေ နိယုတ္တာ သံယောဇနိယာ (သံယောဇန + ဣယ) ဟုလည်း ဝစနတ္ထပြုသေးသည်။

**သံယောဇနဿ အာရမ္မဏပစ္စယဘူတာနံ ဇတော် အဓိဝစနံ**-ဖြင့် သံယောဇနိယ အရ သံယောဇဉ်တရားတို့၏ အာရမ္မဏပစ္စည်းဖြစ်၍ ဖြစ်သော လောကီစိတ် စေတသိက်၊ ဒွေပဉ္စာသ၊ ရုပ် အဋ္ဌဝီသ တို့ကို ယူရမည် အဖြစ်ကို သိစေသည်။

## ကြိယာငါးတန်

သံယောဇန-အရ သံယောဇဉ် ၁၀-ပါးတို့သည် ဒဿနတ္ထ။
အယောနိသောမနသိကာရသည် ဒီပကတ္ထ။
သံသရာဝဋ်မှ မထွက်မြောက်နိုင်ခြင်းသည် ပကာသနတ္ထ။
အနုသယတို့ကို အရဟတ္တမဂ်ဖြင့် မပယ်နိုင်သေးခြင်း စသော အကြောင်းများသည် ဝိဘာဝတ္ထ။
အို, နာ, သေ, ပူစသော ဆင်းရဲအမျိုးမျိုးသည် အနုဘာဝတ္ထ။

http://www.dhammadownload.com



ပဌာန်း

**တံ ပုဂ္ဂလံ ဝဋ္ဋသ္မိံ သံယောဇေန္တိ၊**

**တံ ပုဂ္ဂလံ**-အရ သံယောဇဉ်ကိန်းရာ ပုဂ္ဂိုလ်၏ ခန္ဓာငါးပါးရုပ်၏။ **သံယောဇေန္တိ** အရ သံယောဇဉ် ၁၀-ပါး ရုပ်၏။

ထိုတွင် **သံယောဇေန္တိ** အရ အကုသိုလ်ကံနှင့် တကွဖြစ်သော သံယောဇဉ် တရား ၁၀-ပါး ပစ္စည်းတရားက **တံ ပုဂ္ဂလံ** အရ ထိုပုဂ္ဂိုလ် ဟုဆိုအပ်သော ပဋိသန္ဓေ နာမက္ခန္ဓာ, ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ နာနက္ခဏိက ကမ္မ, ပကတူပ ၂-ပစ္စည်းပြိုင်။

**တစ်နည်း**- **သံယောဇေန္တိ**အရ သံယောဇဉ် ၁၀-ပါး ပစ္စည်းတရားက **တံ ပုဂ္ဂလံ**အရ ထိုပုဂ္ဂိုလ်၏ သန္တာန်၌တည်သော အကုသိုလ်စိတ်-၁၂၊ စေတသိက်-၁၇၊ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

ကြီး ၄၊ အညာ၊ သမ္ပ၊ ဟေတု၊ မဂ္ဂ ၈-ပစ္စည်းပြိုင်။

**တစ်နည်း**- **တံ ပုဂ္ဂလံ** အရ ထိုပုဂ္ဂိုလ်ဟုဆိုအပ်သော လောကီစိတ် -၈၁၊စေတသိက် -၅၂၊ ရုပ် ၂၈-ပါး ပစ္စည်းတရားက **သံယောဇေန္တိ** အရ သံယောဇဉ်တရား ၁၀-ပါး ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။
ယထာရဟ ၈-ပစ္စည်းပြိုင်။

**ဝဋ္ဋသ္မိံ သံယောဇေန္တိ**

**ဝဋ္ဋသ္မိံ** အရ သံသရာဝဋ်ဟုဆိုအပ်သော လောကီစိတ် စေတသိက် ရုပ်တရားရုပ်၏။ **သံယောဇေန္တိ** အရ သံယောဇဉ် ၁၀-ပါးရုပ်၏။
အထက်နည်းအတိုင်း အာရမ္မဏပြိုင်။

http://www.dhammadownload.com



**သံယောဇနာနံ ဟိတာ**

**သံယောဇနာနံ** အရ သံယောဇဉ် ၁၀-ပါးရဲ့။ (ပစ္စယုပ္ပန်) **ဟိတာ** အရ- လောကီစိတ်, စေ, ရုပ်တရားရဲ့ (ပစ္စည်း)။ အာရမ္မဏမျိုးပြိုင်။

## ဂန္ထ ဂေါစ္ဆက

**ယသ္မာ သံဝိဇ္ဈန္တိ၊ တံ စုတိပဋိသန္ဓိဝသေန ဝဋ္ဋသ္မိံ ဂန္ထေန္တိ ယဋေန္တီတိ ဂန္ထာ။**

**ဂန္ထေန္တိ ယဋေန္တိ** - ဖြင့် ဂန္ထာကို ဂန္ထေန္တီတိ ဂန္ထာ ဟု ကတ္တုသာဓ်ဝစနတ္ထ ပြုရမည်အဖြစ်၊ ဂန္ထဓာတ် အ-ပစ္စည်း၊ ဂန္ထဓာတ်၏ ဖွဲ့စပ်ခြင်း အနက်ကို ဟောသည်၏အဖြစ်၊ အပစ္စည်း၏ ကတ္တုတ္တဝါစကအဖြစ်ကို သိစေသည်။

**ယသ္မာ သံဝိဇ္ဈန္တိ (ပ) ယဋေန္တိ**-ဖြင့် ဂန္ထတရားတို့သည် မိမိကိန်းရာ သတ္တဝါကို သံသရာဝဋ်၌ စုတိနောင် ပဋိသန္ဓေကို ဖြစ်စေသောအားဖြင့် (ဝါ) ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးသောအားဖြင့် တစ်စပ်တည်း တစ်ပေါင်းတည်းဖြစ်အောင် ဆက်စပ်ပေးတတ် နှောင်ဖွဲ့ပေးတတ်သည်၏ အဖြစ်ကို သိစေသည်။

**အာရမ္မဏကရဏဝသေန ဂန္ထေဟိ ဂန္ထိတဗ္ဗာတိ ဂန္ထနိယာ၊**

**အာရမ္မဏကရဏဝသေန ဂန္ထေဟိ ဂန္ထိတဗ္ဗာ**-ဖြင့် ဂန္ထနိယာကို ဂန္ထိတဗ္ဗာတိ ဂန္ထနိယာ ဟု ကမ္မသာဓ်ဝစနတ္ထ ပြုရမည်အဖြစ်၊ ဂန္ထဓာတ် + အနီယပစ္စည်း၊ ယင်း အနီယပစ္စည်း၏ ကမ္မတ္တဝါစကအဖြစ်၊ ဂန္ထနိယဟူသည် ဂန္ထတရားတို့က ဂန္ထနိယတရားတို့ကို အာရုံပြုနေခြင်းကိုပင် ဆိုလိုသည် အဖြစ်ကို သိစေသည်။

**ဋီကာ-၌** ဂန္ထိယတေ ဂန္ထနံ။ (ဘာဝသာဓန၊ ဂန္ထ+ယု) ဂန္ထေန နိယုတ္တာ ဂန္ထနိယာ (နိယုတ္တတဒ္ဓိတ်။ ဂန္ထနပုဒ် + ဣယ ပစ္စည်း) ဟုလည်း ပြသေးသည်။

http://www.dhammadownload.com



**ပဋ္ဌာန်း**

**ဝဋ္ဋသ္မိံ ဂန္ထေန္တိ။**

**ဝဋ္ဋသ္မိံ** အရ နောက်ဘဝစန္တာ၏ အစစ္စာသော ပဋိသန္ဓေစိတ်ကိုရ၏။

**ဂန္ထေန္တိ** အရ - ဤဘဝ၌ဖြစ်သော ကံနှင့်တကွဖြစ်သော ဂန္ထတရားကိုယ် ၃-ပါးရ၏။

ထိုကြောင့် ဂန္ထတရားကိုယ် ၃-ပါး ပစ္စည်းတရားက ဘဝသစ် ပဋိသန္ဓေစိတ် ပစ္စယုပ္ပန်တရားအား ပကတူပသတ္တိဖြင့် ကျေးဇူးပြုသည်။ (ကံနှင့်ယှဉ်သော်လည်း ဂန္ထတရား ၃-ပါးက ပဓာနဖြစ်၍ နာနက္ခဏိကမှ မရ)

ယခင်နည်း ဝဋ္ဋသ္မိံ သံယောဇေန္တိ နှင့်ကဲ့သို့လည်း ပြိုင်လေ။

**စုတိပဋိသန္ဓိဝသေန ဂန္ထေန္တိ**

**စုတိပဋိသန္ဓိဝသေန** အရ စုတိ ပဋိသန္ဓေကို ရ၏။ **ဂန္ထေန္တိ** အရ ဂန္ထတရားကိုယ် ၃-ပါးရ၏။ ပကတူပပြိုင်။

## ဩဃဝေါဟာရ

**ယဿ သံဝိဇ္ဇန္တိ၊ တံ ဝဋ္ဋသ္မိံ ယေဝ ဩဟနန္တိ ဩသီဒါပေန္တီတိ ဩဃာ။**

**ဩဟနန္တိ ဩသီဒါပေန္တိ**-ဖြင့် ဩဃာကို ဩဟနန္တီတိ ဩဃာ ဟု ကတ္တုသာဓ် ဝစနတ္ထပြုရမည်အဖြစ်၊ အဝရှေးရှိသော ဟန-ဓာတ်. ရ-ပစ္စည်း၊ အဝ ဥပသာရပုဒ်၏ လွှမ်းမိုးနိပ်စက်ခြင်းအနက်ကို ဟောသည်၏အဖြစ်၊ ဟန-ဓာတ်၏ ဟိံသာအနက်ကို ဟောသည်၏အဖြစ်၊ (အောက်သို့ နစ်စေသည်ဟူသည် နစ်သက်ခြင်း. ညှဉ်းဆဲခြင်းပင်တည်း) ရ-ပစ္စည်း၏ ကတ္တုတ္တဝါစကအဖြစ်၊ ယ-၏ ဟနကာရိယအဖြစ်ကို သိစေသည်။

**ယဿ သံဝိဇ္ဇန္တိ၊** (ပ) **ဩသီဒါပေန္တိ**-ဖြင့် ဩဃတရားတို့သည်

http://www.dhammadownload.com



မိမိကိန်းရာ သတ္တဝါကို သံသရာဝဋ်၌ နစ်မြုပ်အောင် ညှဉ်းဆဲတတ်သည် ဟူသော အဓိပ္ပါယ် (သကတ်) ကို သိစေသည်။

**အာရမ္မဏံ ကတ္វာ အတိက္ကမနိယတော ဩဃေဟိ အတိက္ကမိ တဗ္ဗာတိ ဩဃနိယာ။**

ဩဃေဟိ အတိက္ကမိတဗ္ဗာ-ဖြင့် ဩဃနိယာကို ဩဃေဟိ အတိက္ကမိတဗ္ဗာ ဩဃနိယာဟု ဝစနတ္ထပြုရမည်အဖြစ်၊ ဩဃဟူသော နာမ်ပုဒ်နောင် (ဩဃအနက်နှင့်တကွအတိက္ကမိတဗ္ဗအနက်၌) အနီယ ပစ္စည်းသက်၍ ပြီးသည်အဖြစ်၊ ယင်း အနီယပစ္စည်းသည် ဩဃ၏အနက် နှင့်တကွ အတိက္ကမိတဗ္ဗအနက်ကို ဟောသည်အဖြစ်၊ ဩဃတရား တို့သည် အာရုံပြုသောအားဖြင့် ကျော်လွန်အပ်သောကြောင့် ဩဃနိယ မည်သည်အဖြစ်ကို သိစေသည်။

**ဩဃပုဒ်နောင် သက်သော အနီယပစ္စည်းဖြစ်၍ သုတ်ကြီးဖြင့် သက်ရမည်။**

**ဓာတ်နောင်မဟုတ်၍ ဘာဝကမ္မသု တဗ္ဗနီယာဖြင့် မသက်ရ။**

မင်းခင်းဂဏ္ဌိ၌ ဩဃေဟိ အဝဟနိတဗ္ဗာ အတိက္ကမိတဗ္ဗာတိ ဩဃ နိယာ- ဟုပြု၍ အဝရှေးရှိသော ဟနဓာတ်, အနီယပစ္စည်း ဟုဆို၏။

ယောဂနိယာ ကိုလည်း ယောဂေဟိ အတိက္ကမိတဗ္ဗာ ယောဂနိယာ (ယောဂပုဒ်+ အနီယပစ္စည်း) ဟုလည်းကောင်း၊ ယောဂေဟိ ယောဇေတဗ္ဗာ တိ ယောဂနီယာ (ယုဇ+အနီယ) ဟုလည်းကောင်း ပြည်နိဿယ၌ ပြု သည်။

## ပရာမာသဂေါစ္ဆက

**ပရာမာသဂေါစ္ဆကေ ဓမ္မာနံ ယထာဘူတံ အနိစ္စာဒိအာကာရံ အတိက္ကမိတွာ နိစ္စန္တိအာဒိဝသေန ပဝတ္တမာနာ ပရတော အာမသန္တီတိ ပရာမာသာ။**

http://www.dhammadownload.com



**ပရတော အာမသန္တိ**-ဖြင့် ပရာမာသာကို ပရတော (ဝိပရီတတော) အာမသန္တိတိ ပရာမာသာ ဟု ကိတန္တတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည် အဖြစ်၊ ပရ-သဒ္ဒါပုဗ္ဗပဒ အာရေးရှိသော မသဓာတ်. ဏပစ္စည်း၏အဖြစ်၊ ယင်း ဏပစ္စည်း၏ ကတ္တုတ္ထဝါစကအဖြစ်ကို သိစေသည်။

**မွှောန် ယထာဘူတံ (ပ) အာမသန္တိ**- ဖြင့် ပရသဒ္ဒါသည် ဖောက်ပြန် ခြင်း, မှားယွင်းခြင်း ဝိပရီတအနက်ကို ဟောသည်၏အဖြစ်၊ ပရမတ္ထသဘာဝ ဓမ္မတို့၏ ဟုတ်မှန်သော အနိစ္စစသောသဘောကို ကျော်လွန်၍ နိစ္စစသည် တို့၏ အစွမ်းဖြင့် ဖောက်ဖောက်ပြန်ပြန် မှားမှားယွင်းယွင်း သုံးသပ်တတ် သောကြောင့် ပရာမာသ အမည်ရသည်အဖြစ်ကို သိစေသည်။

**ပရာမာသေဟိ အာရမ္မဏကရဏဝသေန ပရာမဋ္ဌတ္တာ ပရာမဋ္ဌာ။**

**ပရာမာသေဟိ(ပ)ပရာမဋ္ဌတ္တာ**-ဖြင့် ပရာမဋ္ဌာကို ပရာမသီယန္တေတိ ပရာမဋ္ဌာဟု ကမ္မသာဓ်ဝစနတ္ထပြုရမည်အဖြစ်၊ ပရရှေး, အာရှေးရှိသော မသဓာတ်+တပစ္စည်း၊ ယင်းတပစ္စည်း ကမ္မတ္ထဝါစကအဖြစ်၊ ပရာမာသ တရားတို့သည် အာရုံပြုသည်၏ အစွမ်းအားဖြင့် မှားမှားယွင်းယွင်း သုံးသပ် အပ်သောကြောင့် ပရာမဋ္ဌ- မည်သည်အဖြစ်ကို သိစေသည်။

**ပဋ္ဌာန်း**

**ပရာမဋ္ဌာ-ဝယ်** မသဓာတ်-အရ ဒိဋ္ဌိစေတသိက်ရ၏။ **တပစ္စည်း** အရ လောကီစိတ် ၈၁၊ စေ ၅၂၊ ရုပ် ၂၈ -ရ၏။ ထိုကြောင့် လောကီစိတ်, စေ,ရုပ် ပစ္စည်းတရားက ဒိဋ္ဌိစေတသိက် ပစ္စယုပ္ပန်တရားအား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုသည်။ ၈-ပစ္စည်းလုံးပြိုင်။

**ပရာမာသေဟိ** -အရ ဒိဋ္ဌိ၊ **ပရာမဋ္ဌာ**-အရ လောကီစိတ်, စေတသိက်, ရုပ် ကောက်၍ နည်းတူပြိုင်ပါ။

http://www.dhammadownload.com



## ၃၇။ မဟာန္တရဒုက် အဖွင့်

(က) မဟန္တရဒုကေသု အာရမ္မဏံ အဂ္ဂဟေတွာ အပ္ပဝတ္တိတော သဟ အာရမ္မဏေနာတိ သာရမ္မဏာ။

(ခ) နတ္ထိ ဧတေသံ အာရမ္မဏန္တိ အနာရမ္မဏာ။

(ဂ) စိန္တနဋ္ဌေန စိတ္တာ၊ ဝိစိတ္တဋ္ဌေန ဝါ စိတ္တာ။

(ဃ) အဝိပ္ပယောဂဝသေန စေတသိ နိယုတ္တာတိ စေတသိကာ။

(င) နိရန္တရဘာဝူပဂမနတာယ ဥပ္ပါဒတော ယာဝ ဘင်္ဂါ စိတ္တေန သံသဋ္ဌာတိ စိတ္တသံသဋ္ဌာ။

(စ) ဧကတော ဝတ္တမာနာပိ နိရန္တရဘာဝံ အနုပဂမနတာယ စိတ္တေန ဝိသံသဋ္ဌာတိ စိတ္တဝိသံသဋ္ဌာ။

(၅-၉၂)

### ၂။ (ဂ) ဝါကျ ဝိစိတ္တဋ္ဌေန ဝါ စိတ္တာ -သို့

ဆရာ ဆရာသည် စိန္တနဋ္ဌေန စိတ္တာ-ဖြင့် စိတ္တာကို စိန္တေန္တီတိ စိတ္တာ ဟု ဝစနတ္ထပြု၍ စိန္တဓာတ် (စိတိဓာတ်)တပစ္စည်းဖြင့် ပြီးကြောင်း ပြဆို တော်မူ၏။ စိတ္တာဟူသောပုဒ်သည် စိတ္တဓာတ် + အပစ္စည်းဖြင့်လည်း ပြီးကောင်းသည်မဟုတ်ပါလော။ အဘယ်သို့သိမှတ်ရမည်နည်း။ စုဒ်ကြောင့် ဝိစိတ္တဋ္ဌေန ဝါ စိတ္တာ - မိန့်။

**အဓိပ္ပါယ်ကား -**

စိတ္တာကို စိတ္တေန္တိ ဝိစိတ္တံ ကရောန္တီတိ စိတ္တာဟု ဝစနတ္ထပြု၍ စိတ္တ ဓာတ်+ အပစ္စည်းဖြင့်လည်း ပြီးနိုင်ပါ၏ ဟူလို။

**ဘာသာဋီကာ-**၌ စိတ္တသဒ္ဒါ၏ ဝိစိတ္တအနက်ကိုဟောသော အနိပ္ဖန္နပါဋိ ပဒိကပုဒ်အဖြစ်ကို ပြလိုသောကြောင့် ဝိစိတ္တေဋ္ဌေန ဝါ စိတ္တာဟု မိန့်ကြောင်း ဆို၏။

ယင်းအလို ဆရာ စိတ္တသဒ္ဒါသည် နိပ္ဖန္နပါဋိပဒိကပုဒ်သာ ရှိကောင်း

http://www.dhammadownload.com



ပါသလော။ (အနိပ္ဖန္နပါဠိပဒိကပုဒ် မရှိတော့ပြီလော) ဟု အာဘော်သွင်းပါ။

## (င) ဝါကျ နိရုတ္တိရူပဘာဝပူဝပဂမနတာယ – သို့

ဆရာ ဥပါဒ်မှ ဘင်တိုင်အောင် စိတ်နှင့်ရောနှောသောကြောင့် စိတ္တသံသဋ္ဌ မည်၏ဟုဆို၏။ စိတ်နှင့်စေတသိက်တို့၏ ရောနှောပုံအခြင်းအရာကို မသိရသေးသည် မဟုတ်ပါလော။ အဘယ်သို့ ရောနှောသည်ကို သံသဋ္ဌ ဟု ဆိုရပါသနည်း။ စုဒ်ကြောင့် နိရုတ္တိရူပဘာဝပူဝပဂမနတာယ – မိန့်။

**အဓိပ္ပါယ်ကား –**

စိတ်နှင့် စေတသိက် ရောနှောရာ၌ (စတုမဓုရ၌ ဤကား ပျားရည်, ဤကားထောပတ်, ဤကား ဆီ ဟု ခွဲခြား၍ မရလောက်အောင် ရောနှောသကဲ့သို့) ဤကား စိတ်, ဤကား ဖဿ, ဤကား ဝေဒနာ – ဟု ခွဲခြား၍မရလောက်အောင် ရောနှောနေကြသည် ဟူလို။

## (စ) ဝါကျ နိရုတ္တိရူပဘာဝ အနုပဂမနတာယ – သို့

ဆရာ ရုပ်, နိဗ္ဗာန်တရားတို့သည် စိတ်နှင့်မယှဉ်သော စိတ္တဝိသံသဋ္ဌ တရားတို့ဟု ဆိုတော်မူ၏။ စိတ်ဖြစ်ဆဲခဏ၌ ရုပ်, နိဗ္ဗာန်တရားတို့သည်လည်း အတူတကွဖြစ်နေကြသည် မဟုတ်ပါလော။ အဘယ်ကြောင့် ရုပ်တရားတို့ကို စိတ္တဝိသံသဋ္ဌ–ဟု ဆိုရပါသနည်း။ စုဒ်ကြောင့် နိရုတ္တိရူပဘာဝ အနုပဂမနတာယ မိန့်။

**အဓိပ္ပါယ်ကား –**

စိတ်နှင့် ရုပ်သည် တစ်ပြိုင်နက်သောခဏ၌ အတူတကွဖြစ်နေကြပါသော်လည်း ဤကား စိတ်, ဤကား ရုပ် ဟု ခွဲခြား၍ မရလောက်အောင် ဖြစ်ကြသည်မဟုတ် (ဝါ) ခွဲခြား၍ရသောကြောင့် စိတ်နှင့်စေတသိက် ရောနှောပုံမျိုး မဟုတ်သဖြင့် ရုပ်တရားတို့ကို စိတ္တဝိသံသဋ္ဌ ဆိုရသည် ဟူလို။

http://www.dhammadownload.com



၃။ ဝါကျအားလုံးဖြင့် အဇ္ဈာပိတ, အပရိပုဏ္ဏတို့ကို ပယ်သည်။

**ထိုတွင်** (က) ဝါကျ အာရမ္မဏံ အဂ္ဂဟေတွာ အပ္ပဝတ္တိတော။ ( င)ဝါကျ နိရုဒ္ဓရာဘာဝူပဂမနတာယ (စ) ဝါကျ နိရုဒ္ဓရာဘာဝံ အနုပဂမနတာယ ဟူသော ဟိတ်ပါဌ်တို့ဖြင့် ဩဇိတျဟီနဒေါသ, ဝိရောဓိဒေါသတို့ကို ပယ်သည်။

## ဝိစိတ္တတ္ထေန ဝါ စိတ္တာ -၌ ဝါ- သဒ္ဒါ

စိန္တေန္တီတိ စိတ္တာဟူသော အကြောင်းဝစနတ္ထမှတစ်ပါး စိတ္တေန္တိ ဝိစိတ္တံ ကရောန္တီတိ စိတ္တာ ဟူသော အကြောင်းဝစနတ္ထကိုလည်းကောင်း(အကြောင်း လဲ) စိန္တဓာတ်(စိတိဓာတ်) တပစ္စည်းဖြင့် ပြီးသည်မှတစ်ပါး စိတ္တဓာတ် အ- ပစ္စည်းဖြင့် ပြီးသည်ကိုလည်းကောင်း (သဒ္ဒါလဲ) ကြံစည်တတ် သိတတ် သောကြောင့် စိတ်မည်၏ဟူသော အကြောင်းသကတ်မှတစ်ပါး ဆန်းကြယ် အောင် ပြုတတ်သောကြောင့် စိတ်မည်၏ဟူသော အကြောင်းသကတ်ကို လည်းကောင်း လဲလိုသောကြောင့် ဝါ - သဒ္ဒါထားသည်။

## တစ်နည်း -

စိတ္တသဒ္ဒါ၏ စိန္တဓာတ် တပစ္စည်းဖြင့်ပြီးသော နိပ္ဖန္နပါဋိပဒိကပုဒ်အဖြစ် မှတစ်ပါး ဝိစိတ္တတ္ထဝါစီ ရုဠှီအနိပ္ဖန္နပါဋိပဒိကပုဒ်အဖြစ်ကို လဲလိုသော ကြောင့် ဝါ- သဒ္ဒါထားသည်။ (ဘာသာဋီကာအလို)

၄။ * မဟန္တော စ သော အန္တရံ စာတိ မဟန္တရံ။

* မဟန္တရံ စ တံ ဒုကောစာတိ မဟန္တရဒုကော။

* အာဂန္တွာ ရမန္တိ ဧတ္ထာတိ အာရမ္မဏံ။ (အာ + ရမု + ယု) မွေ့လျော်ခြင်းကြိယာ။

* သဟ အာရမ္မဏေန ယေ ဝတ္တန္တီတိ သာရမ္မဏာ။

* နတ္ထိ အာရမ္မဏံ ယေသန္တိ အနာရမ္မဏာ။

http://www.dhammadownload.com



* စိန္တေန္တီတိ စိတ္တာ။ (စိန္တ / စိတိ+တ) သိခြင်းကြိယာ။

* စိတ္တေန္တိ ဝိစိတ္တံ ကရောန္တီတိ စိတ္တာ။ (စိတ္တ+အ) ဆန်းကြယ်အောင် ပြုခြင်းကြိယာ။

* နတ္ထိ အန္တရံ ဧတေသန္တိ နိရန္တရာ။ (ဧတေသံ၊ ထိုစေတသိက်တရားတို့အား (တို့၏)။ အန္တရံ၊ စိတ်နှင့်ခွဲခြားနိုင်သော အထူးသည်။ နတ္ထိ. က္ကတိ နိရန္တရာ။)

-အထူးမရှိခြင်း (ဝါ) အထူးကိုမသိနိုင်ခြင်းဂုဏ်၏ စေတသိက်တို့နှင့် ဂုဏ်+ ဂုဏေးစပ်ခြင်း သမ္ဗန်သည် ဗျ-နိ။

-အထူးကို မသိနိုင်ခြင်းဂုဏ်သည် ပ-နိ။

* **နိရန္တရာနံ ဘာဝေါ နိရန္တရဘာဝေါ။**

-မသိအပ်သော အထူးရှိသော စေတသိက်တရားတို့၏ + အထူးကို မသိနိုင်ခြင်း (ဝါ) အထူးကို မသိနိုင်လောက်အောင် ရောနှောခြင်းဂုဏ်နှင့် ဂုဏေး + ဂုဏ် စပ်ခြင်းသမ္ဗန်သည် ဗျ-နိ။

-အထူးကို မသိနိုင်လောက်အောင် ရောနှောခြင်းဂုဏ်သည် ပ-နိ။ (ရောနှောခြင်းကြိယာဟုလည်း ဆိုနိုင်သည်။)

* ဥပဂစ္ဆတီတိ ဥပဂမနံ။ (ဥပ+ဂမု+ယု) ကတ္တုသာဓန။ ကပ်ရောက်ခြင်းကြိယာ။

* နိရန္တရဘာဝသ္သ ဥပဂမနံ နိရန္တရဘာဝူပဂမနံ။

-အထူးကို မသိနိုင်လောက်အောင် ရောနှောခြင်းဂုဏ်၏ ကပ်ရောက်သော စေတသိက်တရားတို့နှင့် ဂုဏ်+ဂုဏေးစပ်ခြင်း သမ္ဗန်သည် ဗျ-နိ။

-အထူးကို မသိနိုင်လောက်အောင် ရောနှောခြင်းသို့ ရောက်သော စေတသိက် ဒြပ်သည်ပ- နိ။

* နိရန္တရဘာဝူပဂမနဿ ဘာဝေါ နိရန္တရဘာဝူပဂမနတာ။

-အထူးကို မသိနိုင်လောက်အောင် ရောနှောခြင်းသို့ ရောက်သော

http://www.dhammadownload.com



စေတသိက်တရားတို့၏ အထူးကို မသိနိုင်လောက်အောင် ရောနှောခြင်း ဂုဏ်နှင့် ဂုဏေး+ဂုဏ် စပ်ခြင်းသမ္ဗန်သည် ဗျ-နီ။
-ရောနှောခြင်းဂုဏ်သည် ပ-နီ။

* သံသဋ္ဌတ္တာတိ သံသဌ္ဌော။ (သံ+သဇ / သဇ္ဇ) + တ)
  ရောနှောခြင်းကြိယာ။
* န သံသဌ္ဌာ ဝိသံသဌ္ဌာ။

၅။ စေတသိ = ကိတ်ပုဒ်၊ ပုံ+နပုံ၊ မနောဂိုဏ်း၊ အကာရန္တ။
ဘဂ်ီ = ကိတ်ပုဒ်၊ ပုလ္လိင်၊ ပုရိသာဒိ၊ အကာရန္တ။
ကေတော = နိပါတ်ပုဒ်၊ အလိင်၊ ဂဏာဝိမုတ်၊ ဩကာရန္တ။

၆။ **(က) သဟ အာရမ္မဏေန**-ဖြင့် သာရမ္မဏာကို သဟ အာရမ္မဏေန ယေ ဝတ္တန္တီတိ သာရမ္မဏာ-ဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်အဖြစ်၊ သ-၏ သဟ ကာရိယအဖြစ်ကို သိစေသည်။

**အာရမ္မဏံ အဂ္ဂဟေတွာ အပ္ပဝတ္တိတော** - ဖြင့် ထိုစိတ်,စေတသိက် တရားတို့သည် အာရုံမယူဘဲ မဖြစ်သောကြောင့် (ဝါ) အာရုံနှင့်ကင်း၍ မဖြစ်သောကြောင့် သာရမ္မဏဟုဆိုရသည်အဖြစ်ကို သိစေသည်။ (ဘာဝတ္ထ)

**(ခ) ဝါကျ လွယ်ပြီ။**

**(ဂ) စိန္တနဋ္ဌေန**-ဖြင့် စိတ္တာကို စိန္တေန္တီတိ စိတ္တာ-ဟု ကတ္တုသာဓ် ဝစနတ္ထပြုရမည်အဖြစ်၊ စိန္တဓာတ် (ဝါ) စိတိဓာတ်+တပစ္စည်း၊ ယင်းတပစ္စည်း ၏ ကတ္တားအနက်ကို ဟောသည်၏အဖြစ်ကို သိစေသည်။

**ဝါ**-ဖြင့် နယန္တရကို သိစေသည်။
**ဝိစိတ္တဋ္ဌေန**-ဖြင့် စိတ္တာကို စိတ္တေန္တိ ဝိစိတ္တံ ကရောန္တီတိ စိတ္တာ-ဟု

http://www.dhammadownload.com



ကတ္တုသာဓ် ဝစနတ္ထပြုရမည်အဖြစ်၊ စိတ္တဓာတ် + အပစ္စည်း၊ ယင်းစိတ္တဓာတ်သည် ကြည့်ခြင်းအနက်ကို မဟော၊ ဆန်းကြယ်အောင် ပြုခြင်းအနက်ကို ဟောသည်အဖြစ်၊ အပစ္စည်း၏ ကတ္တုတ္ထဝါစကအဖြစ်ကို သိစေသည်။

(တစ်နည်း) ဝိစိတ္တဋ္ဌေန - ဖြင့် စိတ္တသဒ္ဒါသည် တစ်စုံတစ်ရာ ဝိဂြိုဟ်ဝစနတ်. ဓာတ်. ပစ္စည်းဖြင့်ပြီးသော နိပ္ဖန္နပါဋိပဒိကပုဒ် မဟုတ်. ဝိစိတ္တအနက်ကို ဟောသော အနိပ္ဖန္နပါဋိပဒိကပုဒ်အဖြစ်ကို သိစေသည်။

(ဃ) အဝိပ္ပယောဂဝသေန စေတသိ နိယုတ္တာ - ဖြင့် စေတသိကာကို စေတသိ နိယုတ္တာ စေတသိကာဟု နိယုတ္တတဒ္ဓိတ် ဝစနတ္ထပြုရမည်အဖြစ်၊ စေတပုဒ် + ဏိကပစ္စည်း၊ ယင်းဏိကပစ္စည်း၏ နိယုတ္တအနက်၌ သက်သည်အဖြစ်၊ သတ္တမီ အာဂုံအဖြစ်၊ စိတ်၌ယှဉ်၏ဟူသည် ထိုစိတ်နှင့် မည်သည့်အခါမှ ကင်း၍မဖြစ်၊ အမြဲတမ်း ယှဉ်တွဲဖြစ်နေခြင်းပင်တည်း ဟူသော အဓိပ္ပါယ်ကို သိစေသည်။

(င) စိတ္တေန သံသဋ္ဌာ - ဖြင့် စိတ္တသံသဋ္ဌာကို စိတ္တေန သံသဋ္ဌာ စိတ္တသံသဋ္ဌာ ဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည် အဖြစ်ကို သိစေသည်။

ဥပ္ပါဒတော ယာဝ ဘင်္ဂါ စိတ္တေန သံသဋ္ဌာ - ဖြင့် စိတ်နှင့်စေတသိက်တို့ ရောနှော၏ဟူသည် ဥပ္ပါဒ်. ဋ္ဌီ. ဘင် ခဏသုံးပါးလုံး၌ပင် ရောနှောသည်အဖြစ်ကို သိစေသည်။

နိရုန္တရဘာဝူပဂမနတာယ - ဖြင့် ထိုသို့ စိတ်နှင့် စေတသိက်တို့ ဥပါဒ်မှ ဘင် တိုင်အောင် ရောနှောရာဝယ် (စတုမဓု၌ ဤကား - ဆီ. ဤကား - ထောပတ်. ဤကား ပျားရည်ဟု ခွဲခြား၍မရလောက်အောင် ရောနှောသကဲ့သို့) ဤကား စိတ်. ဤကား ဖဿ. ဤကား ဝေဒနာဟု ခွဲခြား၍ မရလောက်အောင် ရောနှောသောကြောင့် ရောနှောသည် - သံသဋ္ဌဖြစ်သည်ဟု ဆိုရသည်အဖြစ်ကို သိစေသည်။

http://www.dhammadownload.com



(စ) စိတ္တေန ဝိသံသဋ္ဌာ-ဖြင့် ဖော်လေ။

**ကောကော ဝတ္တမာနာဝိ နိရုန္ဓရဘာဝံ အနုပဂမနတာယ**-ဖြင့် စိတ်နှင့်ရုပ်တရားတို့သည် တစ်ပြိုင်နက်သော ခဏ၌ ဖြစ်နေကြပါသော်လည်း ဤကားစိတ်, ဤကားရုပ်ဟု ခွဲခြား၍ မရလောက်အောင် ရောနှောနေသည် မဟုတ်၊ ထိုသို့ ခွဲခြားရန် လွယ်ကူသောကြောင့် ရောနှောသည်ဟု မဆိုရ။ ထိုကြောင့် စိတ္တဝိသံသဋ္ဌ ဟု ဆိုရသည်အဖြစ်၊ ဝိသံသဋ္ဌ-၌ ဝိဥပသာရပုဒ်၏ ပဋိသေဓအနက်ကို ဟောသည်အဖြစ် (**နိရုန္ဓရဘာဝံ အနုပဂမနတာယ**-၌ အနုပဂမနတာယဖြင့် ပြသည်။) ကို သိစေသည်။

## ၁၀။ ပဌာန်း

သာရမ္မဏာ-၌ အာရမ္မဏဟူသော အစိတ်ပုဒ်အရ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလဝိမုတ်ဖြစ်သော အာရုံ ၆-ပါး ပစ္စည်းတရားရ၏။ သာရမ္မဏာပုဒ်လုံးအရ စိတ် ၈၉၊ စေ-၅၂ ပစ္စယုပ္ပန်တရား ရ၏။

အာရမ္မဏ ၈-ပစ္စည်းပြိုင်။

## နတ္ထိ ဝေတသံ အာရမ္မဏံ

ဝေတသံ-အရ ရုပ်နှင့် နိဗ္ဗာန်ရ၏။ အာရမ္မဏံ-အရ အာရုံ ၆-ပါး ရ၏။ ပကာတူပပြိုင် မရှိ။

## စေတသိ နိယုတ္တာ စိတ္တေန သံသဋ္ဌာ

စေတသိ, စိတ္တေန တို့အရ စိတ် ၈၉-ပါး ရ၏။ နိယုတ္တာ, သံသဋ္ဌာ တို့အရ စေတသိက် ၅၂-ရ၏။ သဟာဇာတပြိုင်ပါ။

## စိတ္တေန ဝိသံသဋ္ဌာ

စိတ္တေန-အရ စိတ်၈၉-ပါး၊ ဝိသံသဋ္ဌာ-အရ ရုပ်နှင့် နိဗ္ဗာန်ရ၏။

ထိုတွင် --

http://www.dhammadownload.com



စိတ္တေန-အရ ဒွေပဉ္စဝိညာဉ် ၁၀၊ အရူပဝိပါက် ၄-ခုကြဉ်သော စိတ် ၇၅-ပါး ပစ္စည်းတရားက ဝိသံသဋ္ဌာ-အရ စိတ္တဇရုပ်သတ္တရသ ပစ္စယုပ္ပန် တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။ ကြီး ၄၊ ဝိပ္ပယုတ္တ၊ အဃော် ၇- ပေါင်း ၁၂-ပစ္စည်းပြိုင်။

စိတ္တေန-အရ စိတ် ၈၉-ပါး ပစ္စည်းတရားက ဝိသံသဋ္ဌာ-အရ ကမ္မဇရုပ်,ဥတုဇရုပ်, အာဟာရဇရုပ် ပစ္စယုပ္ပန်တရားအား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။ ပြိုင်မရှိ။

**(တစ်နည်း)** ဝိသံသဋ္ဌာ-အရ ရုပ် ၂၈-ပါး ပစ္စည်းတရားက စိတ္တေန အရ မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရား အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု။ အာ. ပု. အတ္ထိ. အဝိဂတ ၄-ပစ္စည်း ပြိုင်။

< >

## ၃၈။ ဝိဥ္ဒိုက် အဖွင့်(၁)

(က) ဝိဋ္ဌိဒုကေသု ကာမေ အဝစရန္တီတိ ကာမာဝစရာ။ ရူပေ အဝစရန္တီတိ ရူပါဝစရာ၊ အရူပေ အဝစရန္တီတိ အရူပါဝစရာ။

(ခ) အယမေတ္ထ သင်္ခေပေါ။

(ဂ) ဝိတ္ထာရော ပန ပရတော အာဝိ ဘဝိဿတိ။

(ဃ) တေဘူမကဝဋ္ဋေ ပရိယာပန္နာ အန္တောဂဓာတိ ပရိယာပန္နာ တသ္မိံ န ပရိယာပန္နာ အပရိယာပန္နာ။

(င) ဝဋ္ဋမူလံ ဆိန္ဒန္တာ နိဗ္ဗာနံ အာရမ္မဏံ ကတွာ ဝဋ္ဋတော နိယျန္တီတိ နိယျာနိကာ။

(၄-၉၂)

http://www.dhammadownload.com



၁။ (က) ကာမေ၊ ကာမ ၁၁-ဘုံ၌။ ပဝတ္တိဝသေန၊ ဖြစ်ခြင်း၏အစွမ်းဖြင့် (ကရိဂ်း)။ ယေ ဓမ္မာ၊ အကြင် ကာမစိတ် ၅၄၊ စေ-၅၂၊ ရုပ် ၂၈-ပါးတို့သည်။ အဝစရန္တိ၊ ဖြစ်တတ်ကုန်၏။ ရူပေ၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌။ ယေ ဓမ္မာ၊ အကြင်ရူပစိတ် ၁၅-ပါး၊ စေတသိက် ၃၅-ပါး တို့သည်။ အရူပေ၊ အရူပ ၄-ဘုံ၌၊ ယေ ဓမ္မာ၊ အကြင်အရူပစိတ် ၁၂-ပါး၊ စေတသိက် ၃၀-တို့သည်။

**ပရိယာပန္နာ အန္တောဂဓာ**

ပရိယာပန္နာ အန္တောဂဓာ- အကျုံးဝင်ကုန်၏။ (အတူကြံ)

ပရိယာပန္နာ- ပရိ စ္ဆိန္ဒိကတကျာဖြင့် ပိုင်းခြား၍ ယူအပ်ကုန်၏။ အန္တောဂဓာ၊ အတွင်းဝင်ကုန်၏။ (မတူကြံ)

## ၂။ (ခ) ဝါကျသို့

ဆရာ ဆရာသည် ကာမာဝစရာစသောပုဒ်တို့၏ ဝစနတ္ထတို့ကို ပြဆိုတော်မူခဲ့၏။ ဆရာပြဆိုခဲ့သော ကာမာဝစရာ စသောပုဒ်တို့၏အဖွင့်သည် ပြီးပြည့်စုံသောအဖွင့်ဟု မှတ်ရမည်လော။ အဘယ်သို့မှတ်ရမည်နည်း။ စုဒ်ကြောင့် အယမေတ္ထ သခေ်ပေါ-မိန့်။

**အဓိပ္ပာယ်ကား**

ပြီးပြည့်စုံသည်မဟုတ် အကျဉ်းမျှသာ ဟူလို။

## (ဂ) ဝါကျသို့

ဆရာ ဆရာသည် (ခ)ဝါကျဖြင့် ဤဆိုခဲ့ပြီးသည်ကား ကာမာဝစရာ စသောပုဒ်တို့၏ အကျဉ်းအနက်တည်းဟု ဆိုတော်မူ၏။ အလုံးစုံသော ဓမ္မသင်္ဂဏီ ပါဠိတော်၏ အနက်တို့ကို ပြည့်စုံစွာပြမည်ဟု ဆရာ ပဋိညာဉ်ပြုခဲ့သည် မဟုတ်ပါလော။ ထို့ကြောင့် အကျဉ်းကိုသာ ဆရာမဆိုသင့်။ အကျဉ်းကိုသာ ဆရာဆိုချေသော် ဆရာ၌ အဗ္ဗာပိတဒေါသ ရောက်ရာ၏။ အဘယ်သို့ မှတ်ရမည်နည်း။ စုဒ်ကြောင့် (ဂ) ဝါကျမိန့်။

http://www.dhammadownload.com



**အဓိပ္ပါယ်ကား -**

အကျယ်ကို ကာမာဝစရကုသလ ပဒဘာဇနီ၌ ဖွင့်ဆိုမည်ဖြစ်၍ အဗျာ ပိတဒေါသ မသင့်ပါ ဟူလို။

## (ဃ) ဝါကျ တေဘူမကာဝဇ္ဇေ - သို့

ဆရာ မြတ်စွာဘုရားသည် ပရိယာပန္နာဟု ဟောတော်မူ၏။ ယင်းသို့ဆို လျှင် လောကုတ္တရာတရားတို့သည်လည်း လောကုတ္တရမဂ်၌ အကျုံးဝင် သောကြောင့် ပရိယာပန္နမည်၏ ဟူသောအနက်သည် ရောက်၏။ စင်စင် မသင့်။ ထို့ကြောင့် အဘယ်၌ အကျုံးဝင်သည်ကို ပရိယာပန္နဟု ဆိုအပ် သည်ဟု ပြဆိုသင့်သေး၏။ မဆိုဘဲ မနေသင့်။ နေချေသော် ဝိရောဓိဒေါသ ရောက်ရာ၏။ စုဒ်ကြောင့် တေဘူမကာဝဇ္ဇေ - မိန့်။

**အဓိပ္ပါယ်ကား -**

တေဘူမကာဝဇ္ဇ၌ အကျုံးဝင်သည်ကို ပရိယာပန္နဟုဆိုလိုသည် ဟူလို။

၃။ (က) ဝါကျဖြင့် ကိလေသဂေါစ္ဆက၏ အဖွင့်မှတစ်ပါး ပိဋ္ဌိဒုက်၏ အဖွင့်ကို ပြသောကြောင့် အဗျာပိတပယ်။

(ခ) ဖြင့် အကျဉ်းမျှ ပြသောကြောင့် ဂန္ထဂရုဒေါသကို ပယ်သည်။

(ဂ) ဖြင့် အကျယ်ကို နောက်၌ပြမည်ဟု ညွှန်းဆိုသောကြောင့် ဂန္ထဂရု ဒေါသကို ပယ်သည်။

**တစ်နည်း -** အဗျာပိတဒေါသကို ပယ်သည်။ (ယောဇနာ)

(ဃ) ဖြင့် အဗျာပိတပယ်။

ထိုတွင် တေဘူမကာဝဇ္ဇေ-ဖြင့် အတိဗျာပိတဒေါသ, ဝိရောဓိဒေါသ တို့ကို ပယ်သည်။

၄။ * ကာမဿ အဝစရော ကာမော။ (ကာမာဝစရဟု ဆိုလိုလျက်

http://www.dhammadownload.com



အဝစရနောက်ပုဒ်ကျေ။) ကာမ ၁၁ – ဘုံရ၏။

* အဝစရန္တီတိ အဝစရာ။ (အဝ + စရ + အ)

* ကာမေ အဝစရာ ကာမာဝစရာ။

-ကာမဘုံ၏ ကာမစိတ်, စေ, ရုပ်တရားတို့နှင့် ဌာန+ဌာနီ စပ်ခြင်း သမ္ဗန်သည် ဗျု–နိ။

-ကာမဘုံသည် (ဝါ) ကာမဘုံ၌ ဖြစ်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

* ပိဋ္ဌိယတေ ဟိံသိယတေ ဧတ္ထာတိ ပိဋ္ဌိ။ ပိဋ္ဌ ဟိံသာယံ ဣ။ (ပိဋ္ဌ+ဣ)
  ဓာတုပစ္စယဒီပနီ၊ (သူစိဋ္ဌ် ပိဋ္ဌ သဒ္ဒသံယာတေသု၊ တိ။ ပိဋ္ဌိ ဟု ပိဋ္ဌဓာတ်+တိ ပစ္စည်းဖြင့် ဆိုသည်။)

* သံခိပီယတေ ဧကဒေသတော ကထီယတေတိ သခေ်ပေါ။
  (သံ+ခိပ+ဏ)။ ချုံးခြင်း ကြိယာ။
* ဝိတ္ထာရီယတေတိ ဝိတ္ထာရော။ (ဝိ+ထရ+ဏ) ချဲ့ခြင်း ကြိယာ။
  တိဿော ဘူမိယော တိဘူမံ။

* တိဘူမေ ဇာတံ တေဘူမကံ။ (တိဘူမ + ဏက)။
  -ဘုံသုံးပါးနှင့် ဝဋ်တရားတို့၏ ဌာန+ဌာနီ စပ်ခြင်း သမ္ဗန်သည် ဗျု – နိ။
  -ဘုံသုံးပါးသည်လည်းကောင်း, ဘုံသုံးပါး၌ ဖြစ်ခြင်းကြိယာသည်လည်း ကောင်း ပဝတ္တိနိမိတ်။

တစ်နည်း –

* တိဿော ဘူမိယော ဣမဿာတိ တိဘူမံ။
-ဆုတ်နစ်ခြင်း၏ အကြောင်းဖြစ်သော ထိန, မိဒ္ဓသည် ပ-နိ။

* န ပဋိဝါနိတာ အပ္ပဋိဝါနိတာ။ (ဝီရိယ)

* နတ္ထိ နိဝတ္တနံ ဧတဿာတိ အနိဝတ္တနော။ (ပုဂ္ဂလော)

* အနိဝတ္တနဿ ဘာဝေါ အနိဝတ္တနတာ။ (ဝီရိယ)

http://www.dhammadownload.com



* ဥဒြသဏ္ဍိယတော ဥဒြသဏ္ဍန်။ (အဝ+သဏ္ဍ+ယု)
* နတ္ထိ ဥဒြသဏ္ဍန် ယဿာတိ အနောသဏ္ဍနော။ (ပုဂ္ဂလော)
* အနောသဏ္ဍနဿ ဘာဝေါ အနောသဏ္ဍနတာ။ (ဝီရိယ)
* ဝိဒိီယတော ဉာယတော ဝိဇ္ဇာ၊ ဝိဒတိ ဇနာတီတိ ဝိဇ္ဇာ။
* ဝိမုစ္စတိ အဓိမုစ္စတိ အာရမ္မဏေတိ ဝိမုတ္တိ။
* ဝိမုစ္စတိ ကိလေသေဟီတိ ဝိမုတ္တိ။ (အာဘော်ခန်းဥ္စ)
* ခယံ ကရောတီတိ ခယော။

(ခယကရော-ဟု ဆိုလိုလျက် ကရပုဒ်ချေ)

* ခယေ ဉာဏံ ခယဉာဏံ။

-ကိလေသာကုန်ခြင်းကို ပြုတတ်သော အရဟတ္တမဂ်၏+ဉာဏ်နှင့် နိဿယ + နိဿိတ စပ်ခြင်း သမ္ဗန်သည် ဗျု-နိ။

-အရဟတ္တမဂ်ဉာဏ်၏ ကိလေသာကို ကုန်အောင်ပြုနိုင်ခြင်း ဂုဏ် သည် ပ-နိ။

၅။ သန္တုဋ္ဌိ = ကိတ်. သမာသ်၊ ထီလိင်၊ ရတ္တာဒိ၊ ဣကာရန္တ။
အသန္တုဋ္ဌိ = သမာသ်ပုဒ်၊ ပုံလိင်၊ ရတ္တာဒိ၊ ဣကာရန္တ။
အသန္တုဋ္ဌိတာ = တဒ္ဓိတ်ပုဒ်၊ ထီလိင်၊ ကညာဒိ၊ အာကာရန္တ။
ပဋိဝါနိ = တဒ္ဓိတ်၊ ပုံလိင်၊ ရတ္တာဒိ၊ ဤကာရန္တ။
အပ္ပဋိဝါနိတာ = တဒ္ဓိတ်၊ ထီလိင်၊ ကညာဒိ၊ အာကာရန္တ။

၆။ (က) ဇာတိအာဒီနိ (ပ) သံဝိဇ္ဇနံ-ဖြင့် သံဝေဂေါ-ကို သံဝိဇ္ဇနံ သံဝေဂေါဟု ဘာဝသာဓ် ဝစနတ္ထပြုရမည်အဖြစ်၊ သံ+ဝိဇီဓာတ်+ဏပစ္စည်း၊ ယင်း ဏပစ္စည်း၏ ဘာဝအနက်၌ သက်သည်အဖြစ်၊ ဘီလူး.သရဲစသည်ကို မြင်ရ၍ ကြောက်ရွံ့ထိတ်လန့်ခြင်းသည် သံဝေဂမည်သည်မဟုတ်၊ ဇာတိ အစရှိသည်တို့ကို စွဲ၍ဖြစ်သော သဟောတ္တပ္ပဉာဏ်သည် (ဝါ) ဩတ္တပ္ပသည် သံဝေဂမည်သည်၏ အဖြစ်ကိုသိစေသည်။

http://www.dhammadownload.com



(ခ) **ဇဝံ သံဝေဇနေကံ ဇာတိအာဒိကရဏံ**-ဖြင့် သံဝေဇနိယံကို သံဝေဇေတီတိ သံဝေဇနံ-ဟု ဟေတုကတ္တုသာဓ် ဝစနတ္ထပြုရမည်အဖြစ်၊ သံ+ဝိဇိ+ယု၊ ယင်း ယုပစ္စည်း၏ (ဟေတု) ကတ္တားအနက်၌ သက်သည်၏ အဖြစ်၊ သံဝေဇနံ ဧဝ သံဝေဇနိယံ-ဟု သွတ္ထတဒ္ဓိတ် ဝစနတ္ထပြုရမည်အဖြစ်၊ သံဝေဇနပုဒ်+ ဣယပစ္စည်း၊ ယင်းဣယပစ္စည်း၏ သွတ္ထအနက်၌ သက်သည်၏ အဖြစ်၊ သံဝေဇနိယဋ္ဌာနံကို သံဝေဇနိယံ ဌာနံ သံဝေဇနိယဋ္ဌာနံ-ဟု ကမ္မဓာရဲသမာသ် ဝစနတ္ထပြုရမည်အဖြစ်၊ ဌာန သဒ္ဒါသည် တည်ရာ အနက်ကို မဟော၊ အကြောင်းအနက်ကို ဟောသည်၏အဖြစ်၊ သံဝေဇနိယ အရ ဘီလူး. သရဲ. မြွေ. ကျားစသော ကြောက်မက်ဖွယ် သတ္တဝါတို့ကို မယူရ၊ ထိတ်လန့်ခြင်း သံဝေဂဉာဏ်ကို ဖြစ်စေတတ်သည့် ဇာတိစသော အကြောင်းတရားတို့ကိုသာ ယူရမည်အဖြစ်ကို သိစေသည်။

(ဂ) **ကုသလဓမ္မပူရဏေ**-ဖြင့် အသန္တုဋ္ဌိတာ ကုသလေသု ဓမ္မေသု-၌ ကုသလေသု ဓမ္မေသု-အရ ကုသိုလ်တရားတို့ကို မယူရ၊ ကုသိုလ်တရားတို့ကို ဖြည့်ကျင့်ခြင်း အားထုတ်ပြုလုပ်ခြင်းတိုင်အောင် ယူရမည် အဖြစ်ကို သိစေသည်။

**(တစ်နည်း)** ကုသိုလ်တရားတို့၌ မရောင့်ရဲဟူသည် ကုသိုလ်တရားတို့ကို ဖြည့်ကျင့်ခြင်း၌ မရောင့်ရဲခြင်းကို ဆိုလိုသည်ဟု သိစေသည်။

**အသန္တုဋ္ဌိဘာဝေါ**-ဖြင့် အသန္တုဋ္ဌိတာကို အသန္တုဋ္ဌိနော ဘာဝေါ အသန္တုဋ္ဌိတာ-ဟု ဘာဝတဒ္ဓိတ် ဝစနတ္ထပြုရမည်အဖြစ်၊ အသန္တုဋ္ဌိပုဒ်+ တာ ပစ္စည်း၊ ယင်းတာပစ္စည်း၏ ဘာဝတ္ထ၌ သက်သည်၏ အဖြစ်ကို သိစေသည်။

(ဃ) **အရဟတ္တံ အပတ္တာ ပဓာနသ္မိံ**-ဖြင့် ပဓာန-အရ ကုသိုလ် ကောင်းမှုတို့ကို အားထုတ်ခြင်း သာမန်မျှကိုသာ မယူရ၊ အရဟတ္တဖိုလ် မရောက်မချင်း မဆုတ်မနစ် ကြိုးစားအားထုတ်ခြင်းကို ယူရမည် အဖြစ်ကို သိစေသည်။

http://www.dhammadownload.com



**အနိဝတ္တနတာ အနောသက္ကနတာ-ဖြင့် အပ္ပဋိဝါနိတာ-၌ ပဋိဝါန** သဒ္ဒါသည် နောက်သို့ဆုတ်ခြင်း၊ ဆုတ်နစ်ခြင်း အနက်ကို ဟောသည် အဖြစ်၊ အပ္ပဋိဝါနိတာကို အပ္ပဋိဝါနိနော ဘာဝေါ အပ္ပဋိဝါနိတာ ဟု ဘာဝ တဒ္ဓိတ် ဝစနတ္ထပြုရမည်အဖြစ်၊ အပ္ပဋိဝါနိပုဒ်+တာပစ္စည်း၊ ယင်းတာပစ္စည်း၏ ဘာဝတ္ထ၌ သက်သည်၏ အဖြစ်ကို သိစေသည်။

**(င) ဝိဇာနနတော-ဖြင့်** ဝိဇ္ဇာကို ဝိဒတိ ဇာနာတီတိ ဝိဇ္ဇာဟု ကတ္တုသာဓ် ဝစနတ္ထပြုရမည်အဖြစ်၊ ဝိဒဓာတ်+ဏျ ပစ္စည်း၊ ယင်း ဏျ ပစ္စည်း၏ ကတ္တား အနက်၌ သက်ရမည်အဖြစ်ကို သိစေသည်။ (ဝိဇ္ဇာကို ဘာဝသာဓ်လည်း ပြုနိုင်သည်။)

**ဝိမုစ္စနတော-ဖြင့်** ဝိမုတ္တိကို ဝိမုစ္စတိ အဓိမုစ္စတိ အာရမ္မဏေတိ ဝိမုတ္တိ ဟု ဝစနတ္ထပြုရမည်အဖြစ်၊ ဝိရှေးရှိသော မုစဓာတ်+တိပစ္စည်း၊ မုစဓာတ်၏ သက်ဝင်ခြင်းအနက်ကို ဟောသည်အဖြစ်၊ တိပစ္စည်း၏ ကတ္တား အနက်ကို ဟောသည်အဖြစ်၊ (ဤသို့ပြုခိုက် အရဟတ္တဖိုလ်ကိုကောက်)

**(တစ်နည်း)** ဝိမုတ္တိကို ဝိမုစ္စတိ ကိလေသေဟိ သဓိရေဟီတိ ဝိမုတ္တိ-ဟု ဝစနတ္ထ ပြုရမည်အဖြစ်၊ ဝိရှေးရှိသော မုစဓာတ်+တိပစ္စည်း၊ မုစဓာတ်၏ လွတ်မြောက်ခြင်းအနက်ကို ဟောသည်အဖြစ်၊ တိပစ္စည်း၏ ကတ္တား အနက်ကို ဟောသည်အဖြစ်၊ (ဤသို့ပြုခိုက် နိဗ္ဗာန်ကိုကောက်)

ဝိမုတ္တိကို ဝိမုတ္တိ စ ဝိမုတ္တိ စ ဝိမုတ္တိဟု ဧကသေသ်ဝစနတ္ထ ပြုရမည် အဖြစ်ကို သိစေသည်။

**(စ) ကိလေသက္ခယကရေ အရိယမဂ္ဂေ ဉာဏံ-ဖြင့်** ခယေ ဉာဏံ၌ ခယကို ခယံ ကရောတီတိ ခယော-ဟု ဝစနတ္ထ ပြုရမည်အဖြစ်၊ ခယကရ ဟု ဆိုလိုလျက် ကရသဒ္ဒါကျေ၍ ခယ ဟု ဆိုရသည်အဖြစ်၊ ထိုခယအရ ကိလေသာ ကုန်ခြင်းကို ပြုတတ်သည့် အရိယာမဂ်ကို ယူရမည်အဖြစ်၊ ခယေ ဉာဏံကို ခယေ ဉာဏံ ခယေဉာဏံ ဟု အလုတ္တတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်အဖြစ်ကို သိစေသည်။

http://www.dhammadownload.com



ခယောကို ခီယတိ ဓတေနာတိ ခယောဟု ကရဏသာဓ်လည်း ပြုနိုင်သည်။ ထိုသို့ပြုက ကရ-ပုဒ် အကျေကြံစရာမလို။

## ၈။ သံဝေဂါအရ ကြံယာငါးတန်

သဟောတ္တပ္ပဉာဏ် (ဝါ) ဩတ္တပ္ပသည် ဒဿနတ္ထ။

ဇာတိ. ဇရာ. ဗျာဓိ. မရဏ စသော သံဝေဂဝတ္ထု (သံဝေဇနိယဌာန) တို့သည် ဒီပကတ္ထ။

ထိတ်လန့်ခြင်းကြောင့် ထိုဇာတိ. ဇရာ စသည်မှလွတ်အောင် တရားကို ကြိုးစားအားထုတ်ခြင်းသည် ပကာသနတ္ထ။

ခန္ဓာငါးပါးတို့၏ အနိစ္စ. ဒုက္ခ. အနတ္တသဘောတို့သည်လည်းကောင်း၊ သဒ္ဓမ္မသဝနစသော အကြောင်းများသည်လည်းကောင်း ဝိဘာဝတ္ထ။

ထိုသို့ ကြိုးစားအားထုတ်သဖြင့် မဂ်. ဖိုလ်တို့ကို ရခြင်းမှစ၍ အနုပါ-ဒိသေသနိဗ္ဗာန်တိုင်အောင် အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

## အသန္တုဋ္ဌိတာ ကုသလေသု ဓမ္မေသု

ကုသိုလ်တရားတို့ကို အားထုတ်ဖြည့်ကျင့်ခြင်း၌ မရောင့်ရဲခြင်းသည် ဒဿနတ္ထ။

ကုသိုလ်တရားတို့၏ အကျိုးအာနိသင်ကို သိမြင်ခြင်း. သဒ္ဓါ. ပညာ အားကြီးခြင်းတို့သည် ဒီပကတ္ထ။

ကုသိုလ်တရားတိုးပွားခြင်း. ပီတိ ပါမောဇ္ဇဖြစ်ရခြင်းသည် ပကာသနတ္ထ။

တိဟိတ်ပဋိသန္ဓေနေခြင်း. သဒ္ဓမ္မသဝန. သပ္ပုရိသူပနိဿယ. ဝတ္ထု-ဝိသဒတာ စသောအကြောင်းများသည် ဝိဘာဝတ္ထ။

မဂ်.ဖိုလ်.နိဗ္ဗာန်ချမ်းသာနှင့်တကွ ဘဝသမ္ပတ္တိ. ဘောဂသမ္ပတ္တိ စသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

http://www.dhammadownload.com



## အပ္ပဋိဝါနိတာ ပဓာနသွ်

၁။ ကမ္မဋ္ဌာန်းတရား၌ မဆုတ်မနစ် ကြိုးစားအားထုတ်ခြင်းသည် ဒသာနတ္ထ။

၂။ ခန္ဓာငါးပါး၏ အပြစ်ကိုမြင်ခြင်း အာဒီနဝဉာဏ်သည် ဒီပကတ္ထ။

၃။ မဂ်ဉာဏ်သည် ပကာသနတ္ထ။

၄။ သပ္ပုရိသသံသေဝ စသည်သည် ဝိဘာဝတ္ထ။

၅။ ဖလသမာပတ္တိ နိရောဓသမာပတ္တိသုခမှစ၍ များစွာသော အကျိုးတရားတို့သည် အနဘာဝတ္ထ။

## ဝိဇ္ဇာ - အရ

ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ်တို့ကို ကောက်၍ ထုတ်။

## ဝိမုတ္တိ - အရ

အရဟတ္တဖိုလ်နှင့် နိဗ္ဗာန်ကို ကောက်၍ထုတ်။

## ခယေ ဉာဏ် - အရ

အရဟတ္တမဂ်ဉာဏ်ကို ကောက်၍ထုတ်။

၉။ သံဝေဂ = ဩတ္တပ္ပနှင့် ပညာ။
အသန္တုဋ္ဌိတာ = ကုသိုလ်၊ (တစ်နည်း) ကုသိုလ်ဆန္ဒ။
အပ္ပဋိဝါနိတာ = ဝီရိယ။
ဝိဇ္ဇာ = ပညာ။
ဝိမုတ္တိ = အရဟတ္တဖိုလ်, နိဗ္ဗာန်။
ခယေ = အရဟတ္တမဂ်။
ဉာဏ် = ပညာကောက်၍ လက္ခဏာဒိစတုက္ကထုတ်။

http://www.dhammadownload.com



## ၁၀။ ဇာတိအာဒီနိ ပဋိစ္စ ဥပ္ပန္နာဘယသန္တိတံ သံဝိဇ္ဇနံ။

ဇာတိအာဒီနိ-အရ ဇာတိ. ဇရာ. စသော သံဝေဂဝတ္ထုရှစ်ပါးရ၏။ သံဝိဇ္ဇနံ -အရ ဩတ္တပ္ပနှင့် တကွသော ဉာဏ်. (ဝါ) ဩတ္တပ္ပရ၏။ (ရှေ့ပစ္စည်း+နောက်ပစ္စယုပ္ပန်) အရမှုကား အာ. ဓိ. ဥပ ၃-ပစ္စည်းပြိုင်။

## အသန္တုဋ္ဌိတာ ကုသလေသု ဓမ္မေသု

အသန္တုဋ္ဌိတာ-အရ ကုသုလ်စိတ် ၂၁၊ စေ ၃၈-ရ၏။
ကုသလေသု ဓမ္မေသု အရလည်း ၎င်းပင်။
သဟဇာတမျိုး. အာရမ္မဏမျိုး ပြိုင်နိုင်သည်။

ကုသလေသု ဓမ္မေသု-အရ ရှေးရှေးကုသိုလ်၊ အသန္တုဋ္ဌိတာ-အရ နောက်နောက်ကုသိုလ်ယူလျှင် အနန္တရမျိုး၊ ပကတူပမျိုးများ ပြိုင်နိုင်သည်။ ပြိုင်လေ၊ မခက်ပါ။

## အပ္ပဋိဝါနိတာ ပဓာနသ္မိံ

ပဓာနသ္မိံ-အရ ကုသုလ်စိတ် ၂၁၊ စေ ၃၈-ရ၏။
အပ္ပဋိဝါနိတာ-အရ သမ္မာဝါယာမ ရ၏။ သဟဇာတပြိုင်ပါ။

## ခယေ ဉာဏံ

ခယေ-အရ အရိယာမဂ်ရ၏။ (မဂ္ဂင်ရှစ်ပါးဟု ဆိုလိုသည်)

ဉာဏံ-အရ သမ္မာဒိဋ္ဌိရ၏။ သဟဇာပြိုင်ပါ။

**သုတ္တန္တိက ဒုကမာတိကာ ပြီး၏။**

http://www.dhammadownload.com



## ၄၅။ ကာမာဝစရကုသလ ပဒဘာဇနီ အဖွင့်

(က) ဣဒါနိ ယထာနိက္ခိတ္တာယ မာတိကာယ သင်္ဂဟိတေ ဓမ္မေ ပဘေဒတော ဒဿေတုံ " ကတမေ ဓမ္မာ ကုသလာ" တိ ဣဒံ ပဒဘာဇနီယံ အာရဒ္ဓံ။

(ခ) တတ္ထ ယဒေတံ "ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတီ"တိ ပဌမံ ကာမာဝစရကုသလံ ဒဿိတံ၊ တဿ တာဝ နိဒ္ဒေသေ ဓမ္မဝဝတ္ထာနဝါရော သင်္ဂဟဝါရော သုညတဝါရောတိ တယော မဟာဝါရာ ဟောန္တိ။

(ဂ) တေသု ဓမ္မဝဝတ္ထာနဝါရော ဥဒ္ဒေသနိဒ္ဒေသဝသေန ဒွိဓာ ဌိတော။

(ဃ) တေသု ဥဒ္ဒေသဝါရဿ ပုစ္ဆာသမယနိဒ္ဒေသော ဓမ္မုဒ္ဒေသော အပ္ပနာတိ စတ္တာရော ပရိစ္ဆေဒါ။

(ဋ္ဌ-၉၇)

၁။ (က) ကတမေ ဓမ္မာ ကုသလာတိ၊ ကတမေ ဓမ္မာ ကုသလာ ဟူသော။ (ဣတိ - သဒ္ဒါ ဥပလက္ခဏတ္ထ, နိဒဿနတ္ထ) (ဝါ) ကတမေ ဓမ္မာ ကုသလာ အစ ရှိသော။ ( ဣတိသဒ္ဒါ - အာဒျတ္ထ)

(ခ) တတ္ထ၊ ထိုပဒဘာဇနီ၌။ (ဂ) တေသု၊ ထိုသုံးပါးသော မဟာဝါရ တို့တွင် (ဃ) တေသု၊ ထိုဥဒ္ဒေသ, နိဒ္ဒေသတို့တွင်။ ဒဿေတုံ၊ ပြခြင်းငှာ။ (သဒ္ဒတ္ထ) သောတုဇနတို့၏ အသိဉာဏ်ကို ဖြစ်စေခြင်းငှာ။ (အဓိပ္ပာယတ္ထ)

(ဃ) တေသု, ဥဒ္ဒေသဝါရဿ၊ ၏။ ပုစ္ဆာ၊ ကတမေ ဓမ္မာ ကုသလာ ဟူသော ပုစ္ဆာလည်းကောင်း။ သမယ နိဒ္ဒေသော၊ ယသ္မိံ သမယေ ကာမာ ဝစရံ (ပ) တသ္မိံ သမယေ - ဖြင့် ပြအပ်သော သမယနိဒ္ဒေသ လည်းကောင်း။ ဓမ္မုဒ္ဒေသော၊ ဖဿော ဟောတိ (ပ) အဝိက္ခေပေါ ဟောတိ - ဖြင့် ပြအပ်သော

http://www.dhammadownload.com



ဓမ္မုဒ္ဒေသလည်းကောင်း။ အပ္ပနာ၊ ယေ ဝါ ပန တသ္မိံ သမယေ-ဖြင့် ပြအပ်သော အပ္ပနာလည်းကောင်း။ ကတမေ ဓမ္မာ ကုသလာ ပရိစ္ဆေဒါ ဟောန္တိ။

## ၂။ (က) ဝါကျသို့

ဆရာ ဆရာသည် ကတမေ ကတိမေ ဘာသမာနသာ - အစရှိသည်ဖြင့် မာတိကာပုဒ်တို့၏ အဖွင့်ကို ပြတော်မူ၏။ မာတိကာပုဒ်တို့၏ အဖွင့်ကို ပြပြီးဖြစ်၍ ထိုမာတိကာပုဒ်တို့၏ ပဒဘာဇနီကို ဖွင့်ပြသင့်သည် မဟုတ်ပါ လော။ (ပါဠိ ပနာ သွင်းလိုက ဤမျှသာဆိုရသော မာတိကာပုဒ်တို့၏ ပဒဘာဇနီ အဖွင့်ကို မပြဆိုဟူသော အနက်သည် ရောက်၏ဟု သွင်း) အသို့မှတ်ရမည် နည်း။ စုဒ်ကြောင့် (က)မိန့်။

## (တစ်နည်း)

ဆရာ ဆရာသည် ပါဠိတော်၌ ကတမေ ဓမ္မာ ကုသလာ အစရှိ သည်တို့ကို ဟောတော်မူခဲ့၏။ ယင်းသို့ ဟောသဖြင့် တစ်စုံတစ်ရာ အကျိုး မရှိသည် မဟုတ်လော။ အဘယ်အကျိုးငှါ ထိုကတမေ ဓမ္မာ ကုသလာ အစရှိသည်ကို ဟောအပ်ပါသနည်း။ စုဒ်ကြောင့် ကတမေ စသည်ကို မိန့်။

### အဓိပ္ပါယ်ကား

ကုသလာ ဓမ္မာ, အကုသလာ ဓမ္မာ,စသည်ဖြင့် ဟောကြားချထားအပ်ပြီး သော မာတိကာပါဠိတော်ဖြင့် သိမ်းယူအပ်ပြီးသော တရားတို့ကို ဤကား စိတ်, ဤကား ဖဿ, ဤကား ဝေဒနာ စသည်ဖြင့် အထူးအပြားကို ခွဲခြားပြ လိုသောကြောင့် ဟောရ၏ဟူလို။

## (ခ) ဝါကျသို့

ဆရာ ဆရာသည် (က) ဝါကျဖြင့် မာတိကာပုဒ်တို့ဖြင့် သိမ်းယူအပ် သော ဓမ္မ အထူးအပြားတို့ကို ပြလိုသောကြောင့် ကတမေ ဓမ္မာ ကုသလာ- စသော ပဒဘာဇနီကို အားထုတ်အပ်၏ဟု ဆိုတော်မူ၏။ ယင်းသို့ဆိုလျှင်

http://www.dhammadownload.com



ထိုပဒဘာဇနီဝယ် ရထိုက်သိထိုက်သော မဟာဝါရ, ပရိစ္ဆေဒတို့ကို ပြဆို သည့် ပါဠိဝဝတ္ထာန်ကို မဆိုတော့ပြီဟု မှတ်ရမည်လော။ အသို့မှတ်ရမည် နည်း။ စုဒ်ကြောင့် (ခ)ဝါကျမိန့်။

(ပါပနာသွင်းလိုက ယင်းသို့ဆိုလျှင် ထိုပဒဘာဇနီ၌ သိသင့်သိထိုက် သော မဟာဝါရ, ပရိစ္ဆေဒတို့ကို ခွဲခြားဝေဖန်ပြဆိုသည့် ပါဠိဝဝတ္ထာန် ကိုမပြဆိုဟူသော အနက်သည် ရောက်၏-ဟု သွင်းပါ။)

ပုဒ်တို့၏ ဝစနတ္ထတို့ကို မပြဆိုမီ မဟာဝါရသုံးပါး, ပရိစ္ဆေဒလေးပါးတို့ ဖြင့် ခွဲခြားပြရာဖြစ်သော ပါဠိဝဝတ္ထာန်ကို ငါပြဆိုဦးမည် ဟူလို။

## (ဂ) ဝါကျသို့

ဆရာ ဆရာသည် (ခ) ဝါကျဖြင့် ပဒဘာဇနီပါဠိတော်၌ ရထိုက်သော မဟာဝါရကြီးသုံးမျိုးရှိကြောင်း ဆိုတော်မူ၏။ ထိုမဟာဝါရကြီး သုံးပါးတို့တွင် ဓမ္မဝဝတ္ထာနဝါရသည် တစ်စုံတစ်ရာ အကွဲအပြားမရှိ အဘေဒဟု မှတ်ရမည် လော။ အဘယ်သို့ မှတ်အပ်သနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

**အဓိပ္ပါယ်ကား**

တစ်စုံတစ်ရာ အကွဲအပြား (ဘေဒ) မရှိသော အဘေဒဝါရ မဟုတ်။ ဥဒ္ဒေသ, နိဒ္ဒေသ ဟူ၍ နှစ်ပါးကွဲပြားသော ဒွိပ္ပကာရဝါရဖြစ်၏ ဟူလို။

၃။ (က) ဝါကျဖြင့် မာတိကာ၏ အဖွင့်ကို ပြပြီးနောက် ပဒဘာဇနီ၏ အဖွင့်ကို ပြသောကြောင့် အဗျာပိတ ပယ်သည်။

(ခ) ဝါကျဖြင့် ပဒဘာဇနီလာ မဟာဝါရကြီးသုံးပါးကို ထုတ်ပြ သောကြောင့် အဗျာပိတ ပယ်သည်။

(ဂ) ဝါကျဖြင့် ဓမ္မဝဝတ္ထာနဝါရ၏အပြား (ဘေဒ) ကို ပြသောကြောင့် အဗျာပိတ ပယ်သည်။

(ဃ) ဝါကျဖြင့် ဥဒ္ဒေသဝါရလာ ပရိစ္ဆေဒလေးပါးကို ပြသောကြောင့် အဗျာပိတ ပယ်သည်။

http://www.dhammadownload.com



၄။ * ပဘိဇ္ဇတီတိ ပဘေဒေါ။ (ပ+ဘိဒ+ဏ) ကွဲပြားခြင်း။

* ဘာဇီယတေ အနေနာတိ ဘာဇနီယံ။ ( ဘဇ+အနီယ )
ခွဲခြမ်းဝေဖန်ခြင်း။

* ပဒါနံ (တို့၏) ဘာဇနီယံ ပဒဘာဇနီယံ။

ကုသလာဓမ္မာ စသောပုဒ်တို့၏ + ဝေဖန်ကြောင်းဖြစ်သော ပဒဘာဇနီနှင့်အကြောင်း + အကျိုးအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျ-နိ။

ပုဒ်တို့ကို ဝေဖန်ခြင်းကြိယာသည် ပ-နိ။

**တစ်နည်း**

* ဘာဇီယတေ (ဝေဖန်ခြင်း) ဘာဇနံ။

* ဘာဇနဝသေန ပဝတ္တံ ဘာဇနီယံ။ (တဒ္ဓိတ်) (ဘာဇန+ဣယ)

* ပဒါနံ ဘာဇနီယံ ပဒဘာဇနီယံ။

* အာရဘီယတေတိ အာရဒ္ဓံ။ (အာ+ ရဘ+ တ) အားထုတ်ခြင်း။

* ဝိသုံ ဝိသုံ အဝိစ္ဆိန္နတ္တာ တိဋ္ဌန္တိ ဓမ္မာတိ ဝဝတ္ထာနော။
(ဝိ+ အဝ+ ဌာ(ထာ) +ယု) ပိုင်းခြား၍ထားခြင်း။

* ဓမ္မာနံ ဝဝတ္ထာနော ဓမ္မဝဝတ္ထာနော။

* ဓမ္မဝဝတ္ထာနော စ သော ဝါရော စာတိ ဓမ္မဝဝတ္ထာနဝါရော။
(ဘာသာဋီကာ)

* သင်္ဂယှတိ ဓမ္မာတိ သင်္ဂဟော။ (သံ + ဂဟ +အ)

* သုနသ္မ ဟိတံ သုညံ။ (တဒ္ဓိတ်) (သုန+ယ)

* သုနတိ တုစ္ဆဘာဝံ ဂစ္ဆတီတိ သုညံ။ (ကိတ်) (သုန+ယ)

* သုညံယေဝ သုညတာ။ (သွတ္ထ-၌ တ-ပစ္စည်း)

* နိဒ္ဒိသီယတိ ဓမ္မာတိ နိဒ္ဒေသော။

* သမယဿ နိဒ္ဒေသော သမယနိဒ္ဒေသော။ (ပရိစ္ဆေဒေါ)
(ဓမ္မုဒ္ဒေသော နည်းတူဆို)

http://www.dhammadownload.com



* အပ္ပေတီတိ အပ္ပနာ။ (အန+ယု) ရောက်ခြင်း။

၆။ အာဘော်များကို ပါဠိလျှောက် ဘာဝတ္ထ. သရုပ်ကြား အဘိဓေယျတ္ထ ဖော်ပါ။

၇။ (က) ဣဒံ = ပဒဘာဇနီယံစွဲ၊ (ပသိဒ္ဓ)
(ခ) ယဒေတံ = ယံ+ဧတံ= ကာမာဝစရကုသလံစွဲ။ (ပသိဒ္ဓ)
တဿ= ကာမာဝစရကုသလံစွဲ။ (ပဋ္ဌက္ကန္တ)
(ဂ) တေသု = မဟာဝါရကြီးသုံးပါးစွဲ၊ (ပဋ္ဌက္ကန္တ)
(ဃ) တေသု = ဥဒ္ဒေသ. နိဒ္ဒေသစွဲ၊ (ပဋ္ဌက္ကန္တ)

၈။ သင်္ဂဟိတေ ဓမ္မေ ပဘေဒတော ဒဿေတုံ

ဒဿေတုံ-အရ မာတိကာ ပဒသင်္ဂဟိတဓမ္မတို့၏ အထူးအပြားတို့ကို ပြလိုခြင်း (ဆန္ဒ)သည် ဒဿနတ္ထ။ မာတိကာ ပါဠိတော်တို့ကို ဟောပြီးခြင်း သည် ဒီပကတ္ထ။ ကတမေ ဓမ္မာ ကုသလာ စသော ပဒဘာဇနီကို ဟောတော်မူခြင်းသည် ပကာသနတ္ထ။ မယ်တော်ကြီးကို ကျေးဇူးဆပ်လိုခြင်း စသော အကြောင်းများသည် ဝိဘာဝတ္ထ။ ကာမာဝစရ ကုသိုလ်စိတ် စသည်တို့၏ သရုပ်သဘောတို့ကို ဝေနေယျတို့ သိရခြင်း စသည်သည် အနုဘာဝတ္ထ။

(ဒဿေတုံက- အကြောင်း။ အာရဒ္ဓံက အကျိုး)

ဣဒံ ပဒဘာဇနီယံ အာရဒ္ဓံ

ရဘ-ဓာတ်အရ အားထုတ်သော အခြင်းအရာအားဖြင့် ဖြစ်သော ဝီရိယပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။ မာတိကာပုဒ်ဖြင့် သိမ်းယူအပ်သော ဓမ္မတို့ကို အထူးအပြားအားဖြင့် ပြလိုသော ဆန္ဒတော်သည် ဒီပကတ္ထ။ ထိုပဒဘာဇနီတို့ အထူးအပြားတို့ကို ဝေနေယျတို့ သိရခြင်းသည် ပကာသနတ္ထ၊ မာတိကာ ပါဠိတော်ကို ဟောတော်မူပြီးခြင်း မယ်တော်ကြီးအား ကျေးဇူးဆပ်လိုခြင်း စသော

http://www.dhammadownload.com



အကြောင်းများသည် ဝိဘာဝတ္ထု။ ဝေနေယျတို့၏ အတ္ထဝေဒ, ဓမ္မဝေဒမှ စ၍ အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထု။

(ကာမာဝစရကုသလ် ဒသိတံ-၌ ဒိသဓာတ်အရလည်း ဤနည်းမှီ၍ ထုတ်ပါ။ ဒဿနတ္ထအရ ဒေသနာဉာဏ် စိတ္တုပ္ပါဒ်ထုတ်ခြင်းသာ ထူးသည်။)

## ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ

ကုသိုလ်စိတ်ဖြစ်ခြင်းသည် ဒဿနတ္ထ။ ကုသိုလ်စိတ် ဖြစ်ခြင်း၏ အကြောင်းဖြစ်သော ယောနိသောမနသိကာရ၊ ကုသိုလ်ကို ပြုအပ်၏ဟု သိမှတ်ခြင်း နိယမိတစသော အကြောင်းများသည် ဒီပကတ္ထ။ စိတ်နှလုံး သာရွှင်ခြင်း, ပီတိ ပါမောဇ္ဇဖြစ်ခြင်းတို့သည် ပကာသနတ္ထ။ သပ္ပုရိသူပ နိဿယ, ပတိရူပဒေသဝါသ စသော အကြောင်း များသည် ဝိဘာဝတ္ထ။ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ စသည့် အကျိုးများသည် အနုဘာဝတ္ထ။

## ၁၀။ ဓမ္မေ ပဘေဒတော ဒဿေတုံ။

ဒဿေတုံ-အရ ဆန္ဒ ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ရ၏။ (ပစ္စည်း) အာရဒ္ဓ-၌ ဓာတ်အရ ဝီရိယ ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ရ၏။ (ပစ္စယုပ္ပန်) ပကတူပသတ္တိ။

အာရဒ္ဓ (တပစ္စည်း)-အရ ကတမေ ဓမ္မာ ကုသလာ စသော ဝစီဘေဒ စိတ္တဇသဒ္ဒ ရ၏။ ပကတူပပင်။ (အခိုက်အတန့်မတူ)

## ပဒဘာဇနီယံ အာရဒ္ဓံ

ပဒဘာဇနီယံ -အရ ကတမေ ဓမ္မာ ကုသလာ စသော ဝစီဘေဒ စိတ္တဇသဒ္ဒ ရ၏။ (ပစ္စယုပ္ပန်) အာရဒ္ဓံ-၌ ဓာတ်အရ ဝီရိယပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် (ဒေသနာဉာဏ် စိတ္တုပ္ပါဒ်) ရ၏။ (ပစ္စည်း) သဟဇာတသတ္တိ၊ ကြီး ၄၊ ဝိပ္ပယုတ္တ၊ အငယ် -၇ ‌ပေါင်း ၁၂။

မှတ်ချက်။ ။အာရဒ္ဓံ-၌ ပစ္စည်းအရ (အာရဒ္ဓံ ပုဒ်လုံးအရ) ကတမေ

http://www.dhammadownload.com



မွှောကုသလာစသော ဝစီဘေဒ စိတ္တဇသဒ္ဒရုပ်ကိုကောက်၍ တစ်ပါး မဟာဘုတ် ပစ္စည်း. သုံးပါး မဟာဘုတ်နှင့် ဥပါဒါရုပ် ပစ္စယုပ္ပန် စသော နည်းဖြင့် သဟဇာတပြိုင်ပါ။ အကြီး ၄- ပစ္စည်းသာ။

## ကာမာဝစရ ကုသလံ ဒသိတံ

ကာမာဝစရကုသလံ-အရ ကာမာဝစရကုသိုလ် စိတ္တုပ္ပါဒ် ရ၏။ (ပစ္စည်း) ဒသိတံ-၌ ဒိသဓာတ်အရ ဒေသနာဉာဏ် စိတ္တုပ္ပါဒ်ရ၏။ (ပစ္စယုပ္ပန်) အာရမ္မဏ၊ အာ. မိ. ဥပ. ၃-ပစ္စည်း။

ဒသိတံ-အရ (တပစ္စည်းအရ) ကာမာဝစရသုသိုလ် စိတ္တုပ္ပါဒ်ကို ကောက်လျှင် သဟဇာတမျိုးပြိုင်ပါ။

≺ ≻

## ၄၆။ ပုစ္ဆာ ငါးမျိုးအဖွင့်

(က) တတ္ထ ဗုဒ္ဓါနံ ပုရိမာ တိဿော ပုစ္ဆာ နတ္ထိ။

(ခ) ကသ္မာ?

(ဂ) ဗုဒ္ဓါနဉ္ဟိ တီသု အဒ္ဓါသု ကိဉ္စိ သင်္ခတံ အဒ္ဓါဝိမုတ္တံ ဝါ အသင်္ခတံ အဒိဋ္ဌံ အနညာတံ အဇောတိတံ အတုလိတံ အတီရိတံ အဝိဘူတံ အဝိဘာဝိတံ နာမ နတ္ထိ။ တေန တေသံ အဒိဋ္ဌ ဇောတနာ ပုစ္ဆာ နတ္ထိ။

(ဃ) ယံ ပန ဘဂဝတာ အတ္တနော ဉာဏေန ပဋိဝိဒ္ဓံ၊ တဿ အညေန သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ သဒ္ဓိံ သံသန္ဒနကိစ္စံ နတ္ထိ၊ တေနဿ ဒိဋ္ဌ-သံသန္ဒနာ ပုစ္ဆာ နတ္ထိ။

http://www.dhammadownload.com



(င) ယသ္မာ ပနေသ အကထံကထီ တိဏ္ဏဝိစိကိစ္ဆော သဗ္ဗ-ဓမ္မေသု ဝိဟတသံသယော၊ တေနဿ ဝိမတိစ္ဆေဒနာ ပုစ္ဆာ နတ္ထိ။

(စ) ဣတရာ ပန ဒွေ ပုစ္ဆာ ဘဂဝတော အတ္ထိ။

(ဆ) တာသု အယံ " ကထေတုကမျတာပုစ္ဆာ" တိ ဝေဒိတဗ္ဗာ။ (ဋ္ဌ-၉၈)

၁။ (က) တတ္ထ၊ ထိုအဒိဋ္ဌဇောတနာပုစ္ဆာ, ဒိဋ္ဌသံသန္ဒနာပုစ္ဆာ, ဝိမတိစ္ဆေဒနာပုစ္ဆာ, အနုမတိပုစ္ဆာ, ကထေတုကမျတာ ပုစ္ဆာတို့တွင်။ ဗုဒ္ဓါနံ, ပုရိမာ, တိဿော၊ ကုန်သော။ ပုစ္ဆာ၊ အဒိဋ္ဌ, ဒိဋ္ဌ, ဝိမတိစ္ဆေဒနာ ပုစ္ဆာတို့သည်။ နတ္ထိ။

(စ) ပန၊ အနွယကိုဆိုအံ့။ ဣတရာ၊ ဆိုအပ်ပြီးသည်မှ တစ်ပါးသော။ ဒွေပုစ္ဆာ၊ အနုမတိပုစ္ဆာ, ကထေတုကမျတာပုစ္ဆာတို့သည်။ ဘဂဝတော၊ အတ္ထိ။

## ၂။ (က) ဝါကျသို့ ပါပနာ

ဆရာ ဆရာသည် ပဥ္စဝိဓာဟိ ပုစ္ဆာ - စသည်ဖြင့် ပုစ္ဆာငါးမျိုးရှိကြောင်း သရုပ်အဓိပ္ပာယ်နှင့်တကွ ပြဆိုတော်မူခဲ့၏။ ယင်းသို့ဆိုလျှင် ဘုရားရှင်တို့အား ထိုပုစ္ဆာငါးမျိုးလုံးရ၏ ဟူသောအနက်ရောက်၏။ စင်စစ် ထိုအနက်မရောက်သင့်။ ထို့ကြောင့် ဘုရားရှင်တို့အား ရနိုင်သော ပုစ္ဆာတို့ကို ပြဆိုသင့်သေး၏။ ပုစ္ဆာငါးမျိုးရှိကြောင်းကိုသာ မဆိုသင့်၊ စုဒ်ကြောင့် တတ္ထ ဗုဒ္ဓါနံ စသည်မိန့်။

**အဓိပ္ပါယ်ကား**

ငါးမျိုးလုံးမရ၊ ရှေ့သုံးမျိုးကိုသာ ရသည်ဟူလို။

## (ခ) သို့ ဥပနာပဥ္စက

ဆရာ ဆရာသည် (က) ဝါကျဖြင့် ဘုရားရှင်တို့အား အဒိဋ္ဌဇောတနာပုစ္ဆာ စသော ရှေ့ပုစ္ဆာသုံးပါး မရနိုင်ဟုဆိုတော်မူ၏။ ထိုသို့မရနိုင်ခြင်း၏ အကြောင်းကို မသိရသေးသည် မဟုတ်ပါလော။ အဘယ့်ကြောင့် ယင်းသုံးပါးတို့ကို မရပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ထိုအမေးကို

http://www.dhammadownload.com



ကိုယ်တိုင်ပြလိုသော ဆရာသည် (ခ) မိန့်။
(အမေးဝါကျဖြစ်၍ အဓိပ္ပာယ် ပြန်ဖွယ်မလို။)

## (ဂ) သို့ ဌပနာပဍ္ဍက

ဆရာ ဆရာသည် (ခ)ဖြင့် အဘယ့်ကြောင့် ဘုရားရှင်တို့အား ထိုပုစ္ဆာ သုံးပါးတို့ကို မရနိုင်သနည်း ဟူသော ပုစ္ဆာကို ပြတော်မူ၏။ ထိုပုစ္ဆာ၏ အဖြေကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော။ ထိုပုစ္ဆာ၏ အဖြေ ဝိဿဇ္ဇနာကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

ကား - ဘုရားရှင်တို့ မသိအပ်သော သစ်တ, အသစ်တ တရား မည်သည်မရှိသောကြောင့် အဒိဋ္ဌဇောတနာပုစ္ဆာကို မရနိုင် ဟူလို။

## (ဃ) သို့ ဌပနာပဍ္ဍက

ဆရာ ဆရာသည် (ဂ)ဖြင့် အဒိဋ္ဌဇောတနာပုစ္ဆာ မရခြင်း၏အကြောင်း ကို ဆိုတော်မူ၏။ ဒိဋ္ဌသံသန္ဒနာပုစ္ဆာ မရခြင်း၏အကြောင်းကို မပြပြီလော။ စုဒ်ကြောင့် (ဃ) မိန့်။

ကား - ဘုရားရှင်တို့သည် မိမိဉာဏ်ဖြင့် ထိုးထွင်းသိအပ်သော တရားကို (မှန်သလား,မှားသလား စသည်ဖြင့်) မည်သည့် ပုဂ္ဂိုလ်နှင့်မျှ ဆွေးနွေး စစ်ဆေးဖွယ် မလိုသောကြောင့် ဒိဋ္ဌ သံဝန္ဒနာပုစ္ဆာကို မရနိုင် ဟူလို။

## (ဆ) သို့ ပါပနာ

ဆရာ ဆရာသည် (စ) ဝါကျဖြင့် ဘုရားရှင်တို့အား အနုမတိပုစ္ဆာ, ကထေတုကမျတာပုစ္ဆာ နှစ်ပါးတို့ကိုသာ ရ၏ဟုဆို၏။ ယင်းသို့ဖြစ်လျှင် ဤ ကတမေ ဓမ္မာ ကုသလာ ဟူသော ပုစ္ဆာသည် ထိုနှစ်မျိုးလုံးပင် ဖြစ်သည် ဟူသော အနက်သည် ရောက်၏။ စင်စစ်မသင့်။ ထို့ကြောင့် ဤ ကတမေ ဓမ္မာ ကုသလာ ဟူသော ပုစ္ဆာသည် ထိုနှစ်မျိုးတို့တွင် အဘယ်ပုစ္ဆာ

http://www.dhammadownload.com



ဖြစ်သည်ကိုလည်း ပြဆိုသင့်သေး၏။ စုဒ်ကြောင့် (ဆ) ဝါကျမိန့်။

**ကား** - ကထေတုကမျတာ ပုစ္ဆာဖြစ်၏ ဟူလို။

၃။ (က) ဝါကျဖြင့် ပုစ္ဆာငါးမျိုးတို့တွင် ဘုရားရှင်တို့ သန္တာန်၌ အဒိဋ္ဌဇောတနာ ပုစ္ဆာ စသော ရှေ့သုံးပါးကို မရအပ်ဟု ပြသောကြောင့် (မလိုအပ်သော အနက်များ ကင်းစင်သွား၍) အတိဗျာပိတ. ဝိရောဓိဒေါသတို့ကို ပယ်သည်။

(ခ) ဖြင့် အဘယ့်ကြောင့် ယင်းသုံးပါးကို မရပါသနည်း-ဟု ပုစ္ဆာကိုပြ၍ အဖြေကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်သည်။

(ဂ-ဃ-င) ဝါကျတို့ဖြင့် အဒိဋ္ဌဇောတနာပုစ္ဆာ စသော သုံးမျိုးမရခြင်း၏ အကြောင်းများကို ပြဆိုသောကြောင့် ဩစိတျဟီန. ဝိရောဓိဒေါသတို့ကို ပယ်သည်။

ယင်းတို့တွင် အချင်းချင်း ပက္ခ. ပက္ခန္တရများ ဖြစ်သောကြောင့် အဗျာပိတဒေါသတို့ကိုလည်း ပယ်သည်။

(စ) ဝါကျဖြင့် ဘုရားရှင်တို့၏ သန္တာန်၌ ရထိုက်သော ပုစ္ဆာနှစ်မျိုးကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်သည်။

(ဆ) ဝါကျဖြင့် ဤနေရာ၌ လိုအပ်သော ပုစ္ဆာကို ပြဆိုသောကြောင့် အတိဗျာပိတ. ဝိရောဓိဒေါသတို့ကို ပယ်သည်။

၄။ * သတ္တာနံ ဇီဝိတံ အသတိ ခေပေတီတိ အဒ္ဓါ။ (အသ+ဓ)
ကုန်ခြင်းကြိယာ။

* အဒ္ဓါပဟိ ဝိမုတ္တော အဒ္ဓါဝိမုတ္တော။ (အသခ်တံ)

* ပဿီယတေတိ ဒိဋ္ဌော၊ န ဒိဋ္ဌော အဒိဋ္ဌော။

* အညာယတေ အာဇာနီယတေတိ အညာတော။(အာ+ဉာ+တ)

* ဇောတီယတေ ပကာသီယတေတိ ဇောတိတော။ (ဇုတ+တ)

* တုလီယတေ ပမီယတေတိ တုလိတော။ (တုလ+တ)

http://www.dhammadownload.com



* တိရိယတော နိဂ္ဂဟိတယတော (ဖြီးဆုံးစေအပ်၏) တိ တိရိတော။
(တိရ+ တ) ( န-နှင့် ကမ္မဓာရယ် တွဲပါ။)

* ဓောတိယတိ ဓောယတိ ဓောတနာ။ (ဓုတ+ယု)

* အဒိဋ္ဌသာ ဓောတနာ အဒိဋ္ဌဓောတနာ။

မသိမမြင်အပ်သော တရား၏+ထွန်းပြကြောင်းဖြစ်သော ပုစ္ဆာနှင့်
အကြောင်း+အကျိုးသမ္ဗန်သည် ဗျ-နိ။

မသိအပ်သော တရားတို့ကို ထွန်းပြခြင်းကြိယာသည် ပ-နိ။

* သံသန္ဒတိ တောယာတိ သံသန္ဒနာ။ သံ+ သန္ဒ (သန္ဒူ) + ယု
ဒိဋ္ဌသာ သံသန္ဒနာ ဒိဋ္ဌသံသန္ဒနာ။

* ဝိဝိဓေန အာကာရေန မညတီတိ ဝိမတိ။ (ဝိ+မန+တိ) (ဓာန်ဋီ)
န မတိ ဝိမတိ။ (အဋ္ဌသာလိနီ-၃၀၁) (ဝိသဒ္ဒါ ပဋိသေဓတ္ထ)။
ဆိန္ဒတိ တောယတိ ဆေဒနာ။
ဝိမတိယာ ဆေဒနာ ဝိမတိစ္ဆေဒနာ။

* ကထံ ကထံတိ ကထီယတိ တောယတိ ကထံကထာ။
(ကထံ သဒ္ဒါပုဒ ကထဓာတ်+အပစ္စည်း။ ကတ္တုလိင် အာပစ္စည်း)။
ဝိစိကိစ္ဆာ စေတသိက်ရ၏။
နတ္ထိ ကထံကထာ ဧတဿာတိ အကထံကထီ။ (တဒ္ဓိတန္တ
သမာသ်ပုဒ်၊ န+ကထံကထာ+ ဣ)။

ဝိစိကိစ္ဆာ မရှိခြင်းဂုဏ်၏+မြတ်စွာဘုရားနှင့် ဂုဏ်+ဂုဏေးသမ္ဗန် ဗျ-နိ။
ဝိစိကိစ္ဆာ မရှိခြင်းဂုဏ်သည် ပ-နိ။

( ကထံကထီကို အဿတ္ထိ တဒ္ဓိတ်ပြုပြီး န-နှင့် သမာသ်လည်း
တွဲနိုင်၏။)

* တိဏ္ဏာ ဝိစိကိစ္ဆာ ယေနာတိ တိဏ္ဏဝိစိကိစ္ဆော။

ကူးမြောက်အပ်ပြီး ဝိစိကိစ္ဆာ (ဝါ) ဝိစိကိစ္ဆာမရှိခြင်း ဂုဏ်၏+
မြတ်စွာဘုရားနှင့် ဂုဏ်+ဂုဏေး သမ္ဗန်သည် ဗျ-နိ။

http://www.dhammadownload.com



ဝိစိကိစ္ဆာမရှိခြင်းဂုဏ်သည် ပ-နိ။

* ဝိဟညတေ ပဇဟီယတေတိ ဝိဟတော။ (ဝိ+ဟန+တ)

* ဝိဟတော သံသယော ယေနာတိ ဝိဟတသံသယော။ (ဘဂဝါ)

* ကာမေတီတိ ကာမော။ (ပုဂ္ဂလော)

ကထေတုံ ကာမော ကထေတုကာမော။ (ပုဂ္ဂလော)

(တုံ-၌ နိဂ္ဂဟိတ်ချေ။)

ကထေတုကာမဿ (ပုဂ္ဂလဿ) ဘာဝေါ ကထေတုကမျံ။

(ကထေတုကာမ+ဏျ)။ (ဆန္ဒရ၏)

ပြောလိုသော ပုဂ္ဂိုလ်၏ ဆန္ဒနှင့် အကျိုး+အကြောင်း စပ်ခြင်းသမ္ဗန် ဗျ-နိ။ ပြောလိုသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ ဆန္ဒစေတသိက်သည် ပ-နိ။

* ကထေတုကမျံယေဝ ကထေတုကမျတာ။ (သွတ္ထ)

| | | |
|---|---|---|
| ၅။ | အဒ္ဒါ | = ကိတ်ပုဒ်၊ ပုံလိင်၊ ရာဇာဒိ၊ အာကာရန္တ။ |
| | တိဿော | = သင်္ချာသဗ္ဗနာမ်ပုဒ်၊ ထီလိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ ဩကာရန္တ။ |
| | အဒ္ဒိဌ္ဌ | = သမာသ်ပုဒ်၊ ပုံလိင်၊ ပုရိသာဒိ၊ အကာရန္တ။ (အနညာတံ စသည် နည်းတူ) |
| | ဝိမတိ | = နာမ်ပုဒ်. သမာသ်ပုဒ်၊ ထီလိင်၊ ရတ္တာဒိ၊ ဣကာရန္တ။ |
| | အကထံကထိ | = သမာသ်ပုဒ်၊ ပုံလိင်၊ ရတ္တာဒိ၊ ဤကာရန္တ။ |

၆။ အာဘော်များ လွယ်၏။ ဘာဝတ္ထပါဌ်လျှောက် ဖော်ပါ။

၇။ (ဂ) (ဃ) (င) ဝါကျရှိ တေန-တို့ကား လွန်ခဲ့ပြီးဝါကျ စကားရပ် အားလုံးကို စွဲသောကြောင့် အနဘူတဝိသယ။

| | | |
|---|---|---|
| (က) | တတ္ထ | = ပက္ကန္တ။ ဆိုပြီး ပုစ္ဆာငါးမျိုးကိုစွဲ။ |
| (ဆ) | တာသု | = ပက္ကန္တ။ (စ)ဖြင့် ပြခဲ့သော ပုစ္ဆာ ၂-မျိုးကိုစွဲ။ |
| | အယံ | = ပသိဒ္ဓ။ ဆိုဆဲ ကတမေ ဓမ္မာ ကုသလာကိုစွဲ။ |

http://www.dhammadownload.com



(ဃ) ဝါကျ ယံ ပန ဘဂဝတာ-၌ ယံ-ကား အနုမာနအားဖြင့် မှန်းဆ၍ သိအပ်သော ဓမ္မဇာတ-ကို စွဲသောကြောင့် ပသိဒ္ဓဝိသယ။ (တတ္ထ ဇာတကံ ဖလံ-၌ တတ္ထ ကဲ့သို့တည်း)။

တဿ အညေန-၌ တဿ-ကား ထို ယံ-သဒ္ဒါဖြင့် စွဲယူအပ်သော ဓမ္မဇာတကိုပင် စွဲသောကြောင့် ပတ္တုန္တဝိသယ။

## ၈။ အဒိဋ္ဌဇောတနာပုစ္ဆာ နတ္ထိ

ဘုရားရှင် သန္တာန်၌ အဒိဋ္ဌဇောတနာပုစ္ဆာ မရခြင်းသည် ဒဿနတ္ထ။ မသိအပ် မမြင်အပ်သော သခ်တဓမ္မ, အသခ်တဓမ္မ တစ်စုံတစ်ခုမျှ မရှိခြင်း သည်ဒီပကတ္ထ။ သခ်တဓမ္မ, အသခ်တဓမ္မတို့ကို အပိတ်အပင် အတားအဆီး မရှိ သိမြင်တော် မူခြင်းသည် ပကာသနတ္ထ။ (တစ်နည်း) ဝေနေယျတို့ သန္တာန်၌ အသိဉာဏ်ဖြစ်ခြင်းသည် ပကာသနတ္ထ။ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို ရခြင်းစသော ရှေးရှေး အကြောင်းများသည် ဝိဘာဝတ္ထ။ ဘုရားရှင်၏ အပိတ်အပင် အတားအဆီးမရှိ သိမြင်သော သဗ္ဗညုတဉာဏ် တော်ကို အာရုံပြု၍ ကြည်ညိုခြင်း သဒ္ဓါတရား တိုးပွါး ထက်သန်ခြင်းမှစ၍ အဆက်ဆက်သော အကျိုးတရားတို့သည် အနုဘာဝတ္ထ။

ဒိဋ္ဌသံသန္ဒနာ ပုစ္ဆာ နတ္ထိ-လည်း နည်းတူထုတ်။

ဝိမတိစ္ဆေဒနာ နတ္ထိ-၌ ဝိစိကိစ္ဆာကို ပယ်ပြီးခြင်းကို ဒီပကတ္ထထုတ်။ ကြွင်း နည်းမှီ၍ ထုတ်ပါ။

အဒိဋ္ဌံ (ပ) အဝိဘာဝိတံ နာမ နတ္ထိ-ကိုလည်း အဒိဋ္ဌဇောတနာ ပုစ္ဆာ နတ္ထိ နှင့် နည်းတူထုတ်။

## ဝေဒိတဗ္ဗာ ထားရခြင်းအကြောင်း

ဤ ကတမေ ဓမ္မာ ကုသလာ-ဟူသော ပုစ္ဆာကို ကထေတုကမျတာ ပုစ္ဆာအဖြစ် သိမှတ်ထိုက်သည်ဟူသော သံသယတ္ထ-ကို ပြလိုသောကြောင့် ဝေဒိတဗ္ဗာ ထားသည်။

http://www.dhammadownload.com



(အမှန်မှာ သံသယတ္ထ မဟုတ်။ မုချဓကေန် မှတ်ထိုက်သော သန္နိဋ္ဌာနတ္ထသာ ဖြစ်သည် နိယံအဆိုကို လိုက်၍ သံသယတ္ထဟု ရေးလိုက်သည်။)

## ၁၀။ အတ္တနော ဉာဏေန ပဋိဝိဒ္ဓံ

ဉာဏေန-အရ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ရ၏။

ပဋိဝိဒ္ဓံ-အရ သင်္ခတ, အသင်္ခတတရား အားလုံး ရ၏။

ပဋိဝိဒ္ဓံ-အရ ပစ္စည်းတရားက ဉာဏေန-အရ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ် ပစ္စယုပ္ပန် တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။ အာ ၈-ပစ္စည်းလုံး ပြိုင်။

အတ္တနော-အရ ဘုရားရှင်၏ ဟဒယဝတ္ထုရ၏။ ဉာဏေန-အရ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ရ၏။

ဟဒယဝတ္ထု ပစ္စည်းတရားက ဉာဏ် ပစ္စယုပ္ပန် တရားအား ဝတ္ထုပုရေဇာတ သတ္တိဖြင့် ကျေးဇူးပြုသည်။

ပုရေဇာတ, နိဿယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ၅-ပစ္စည်းပြိုင်။

## အဒိဋ္ဌ သံသန္ဒနာ

အဒိဋ္ဌ-အရ မိမိ မသိမမြင်အပ်သော သင်္ခတ, အသင်္ခတ ဓမ္မ ရ၏။ (ပစ္စည်း) သံသန္ဒနာ-အရ နှီးနှောသည်၏ အစွမ်းဖြင့် ဖြစ်သော ဆန္ဒ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ် ရ၏။ (ပစ္စယုပ္ပန်)။ အာရမ္မဏသတ္တိ။ ၈-ပစ္စည်း ယထာရဟ ပြိုင်။

(တစ်နည်း) အဒိဋ္ဌ-အရ မသိမမြင်အပ်သော သင်္ခတ, အသင်္ခတ ဓမ္မ ရ၏။ (ပစ္စည်း)။ သံသန္ဒနာ-အရ နှီးနှောကြောင်းဖြစ်သော စကား (ဝစီဘေဒ စိတ္တဇ သဒ္ဒ) ရ၏။ (ပစ္စယုပ္ပန်)။ ပကတူပ။

အတ္တတော ပန သဗ္ဗာပိ တထာပဝတ္တံ ဝစနံ, တဒုပ္ပါဒကော ဝါ စိတ္တုပ္ပါဒေါတိ ဝေဒိတဗ္ဗံ။ (အနုဋီကာ-၆၅)

http://www.dhammadownload.com



## ၄၇။ ကတမေ ဓမ္မာ ကုသလာ အဖွင့်

(က) တတ္ထ "ကတမေ"တိ ပဒေန နိဒ္ဒိသိတဗ္ဗဓမ္မေ ပုစ္ဆတိ။

(ခ) "ဓမ္မာ ကုသလာ"တိ ဟိ ဝစနမတ္တေန "ကိံ ကတာ, ကိံ ဝါ ကရောန္တိ"တိ န သက္ကာ ဉာတုံ။

(ဂ) "ကတမေ"တိ ဝုတ္တေ ပန တေသံ ပုဋ္ဌဘာဝေါ ပညာယတိ။

(ဃ) တေန ဝုတ္တံ "ကတမေတိပဒေန နိဒ္ဒိသိတဗ္ဗဓမ္မေ ပုစ္ဆတီ" တိ။

(င) "ဓမ္မာကုသလာ"တိပဒဒ္ဒယေန ပုစ္ဆာယ ပုဋ္ဌဓမ္မေ ဒဿေတိ။

(စ) တေသံ အတ္ထော ဟေဋ္ဌာ ပကာသိတောဝ။

(ဋ္ဌ-၉၈)

၁။ (က) တတ္ထ၊ ထို ကတမေ ဓမ္မာ ကုသလာ ဟူသော ပုစ္ဆာစကားရပ်၌။ (ရှေ့ကိုငဲ့၍ စွဲသည်) (ဘာသာဋီကာ)

တတ္ထ၊ ထိုကတမေ ဓမ္မာ ကုသလာ ဟူသောပုဒ်တို့တွင်။ (နောက်ကိုငဲ့၍ စွဲသည်။) (ပြည်+ဘာဋီ)

(ခ) ကုသလာ ဓမ္မာ၊ တို့ကို။ ကိံ၊ သို့။ ဘဂဝတာ၊ သည်။ ကတာ၊ ပြုအပ်ကုန်သနည်း။ ကုသလာ၊ ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ကိံ ဝါ၊ အသို့မူလည်း။ ကရောန္တိ၊ ပြုကုန်သနည်း။ ဣတိ ဉာတုံ န သက္ကာ။

စံထားးဂဏ္ဌိ-၌ " ကိံ ကေန၊ အဘယ်သူသည်။ ကတာ၊ ပြုအပ်ကုန်သနည်း။ ကိံ ဝါ ကမ္မံ၊ အဘယ်ကိုမူလည်း။ ကရောန္တိ၊ နည်း။(မိန္ဒောင်း)။

ကိံ ဝါ၊ အဘယ်ကိုမူလည်း။ ကတာ၊ ပြုအပ်ကုန်ပြီနည်း။ ကိံ ဝါ၊ ကိုမူလည်း။ ကရောန္တိ၊ ပြုကုန်ဆဲနည်း။ (ငါတို့ ကျေးရွာရှင်)" ဟု အနက်ပေးပုံများကို ပြဆိုထားသည်။

လိုရင်းမှာ.... ကတမေ မပါဘဲ "ကုသလာ ဓမ္မာ"ဟု လောက်သာ ဟောက ထိုကုသိုလ်တရားတို့ကို အဘယ်သို့ ပြုအပ်သည်။ သို့မဟုတ်-

http://www.dhammadownload.com



ထိုကုသိုလ်တရားတို့က အဘယ်သို့ပြုသည်ကို မသိနိုင်။ ကတမေ ဓမ္မာ ကုသလာဟု ဟောမှ "ထို ကုသိုလ် တရားတို့ဟူသည် အဘယ်တို့နည်း" ဟု မေးအပ်သည်အဖြစ်ကို သိနိုင်သည် ဟူလို။

**မှတ်ချက်။** ။ပြည်နီသဿယ – ၌ (ခ) ဝါကျကို အနက်ပေးပြီးနောက်။ (က) ဝါကျရှိ တသ္မာ ကတမေတိ ပဒေန နိဒ္ဒိသိတဗ္ဗဓမ္မေ ပုစ္ဆတိ ကို ပြန်အုပ်သည်။ (ဂ) (ဃ) ဝါကျရှိပြီးဖြစ်၍ ယင်းသို့ ပြန်အုပ်ဖွယ် မလိုပါ။

## ၂။ (က) ဝါကျသို့

ဆရာ ဆရာသည် တတ္ထ ကတမေ ဓမ္မာ ကုသလာတိ အယံ ကထေတု ကမျတာ ပုစ္ဆာ စသည်ဖြင့် ကတမေ ဓမ္မာ ကုသလာ ဟူသော ပါဠိတော်၏ ကထေတု ကမျတာပုစ္ဆာ၏ အဖြစ်ကို ပြဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် ကတမေ ဓမ္မာ ကုသလာ-ဟူသော ပါဠိတော်၏ ကထေတုကမျတာ ပုစ္ဆာအဖြစ်ကိုသာ သိရသေး၍ အဘယ်ပုဒ်ဖြင့် အဘယ်ကို ပြသည်ဟူသော ပါဠိဝဝတ္ထာန်ကို မသိရသေးသည် မဟုတ်ပါလော။ ပါဠိဝဝတ္ထာန်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (က) မိန့်။

**အဓိပ္ပါယ်ကား –**

တတ္ထ စသည်ဖြင့် ကတမေ ဓမ္မာ ကုသလာ- ဟူသောပါဠိတော်၌ ပါဠိဝဝတ္ထာန်ကို ပြဆိုပါမည် ဟူလို။

## (ခ) ဝါကျသို့

ဆရာ ဆရာသည် (က) ဝါကျ ကတမေပုဒ်ဖြင့် နိဒ္ဒိသိတဗ္ဗဓမ္မတို့ကိုမေးသည် (ဝါ) နိဒ္ဒိတိတဗ္ဗဓမ္မတို့ကို မေးသည့် အမေးပုစ္ဆာပြပုဒ်ဟု ဆိုတော်မူ၏။ ဆရာ့စကားကို အကြောင်းယုတ္တိခိုင်မာစွာဖြင့် ဆိုသင့်သေးသည် မဟုတ်ပါလော။ အဘယ်သို့သော အကြောင်းယုတ္တိဖြင့် ဆရာ့စကားကို ယုံကြည်လက်ခံထိုက်ပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

http://www.dhammadownload.com



**အဓိပ္ပါယ်ကား -**

မေ့ွာ ကုသလာ ဟူ၍သာ ဟောလျှင် ထိုဓမ္မတို့ကို အဘယ်သို့ ပြုအပ်သည် (သို့မဟုတ်) ထိုဓမ္မတို့သည် အဘယ်ကို ပြုကုန်သည် ဟု မသိနိုင်။ ကတမေပုဒ် ပါမှသာ ထိုကုသလဓမ္မတို့ကို မေးသည်ဟု သိနိုင်သည်။ ထိုကြောင့် ငါ့စကား ယုတ္တိတန်သည် ဟူလို။

(ဤဝါကျရှိ ဟိ - နိပါတ်သည် (ဂ) ဝါကျအဆုံးထိ ထိုင်သောကြောင့် ယင်းအထိ အဓိပ္ပာယ်ပြန်သည်။)

## (င) ဝါကျသို့

ဆရာ ဆရာသည် ကတမေ ဓမ္မာ ကုသလာ၌ ကတမေ သဒ္ဒါဖြင့် ပုစ္ဆာကိုပြ၏ ဟု ယုတ္တိနှင့်တကွ ပြဆို၏။ " ဓမ္မာ ကုသလာ " သဒ္ဒါတို့ကား အဘယ်ကို ပြပါသနည်း။ စုဒ်ကြောင့် (င) မိန့်။

**အဓိပ္ပါယ်ကား**

ထိုကတမေဖြင့် မေးအပ်သောတရားတို့ကို ပြပါ၏ ဟူလို။

၃။ (က) ဖြင့် အဗျာပိတကိုပယ်။ ကတမေ ဓမ္မာ ကုသလာ - ပုဒ်တို့၏ ပါဠိဝဝတ္ထာန်ကို ပြသောကြောင့်တည်း။

(ခ) ဖြင့် ဩစိတျဟီနဒေါသကိုပယ်။ (က) ဝါကျလာ စကားရပ်တို့၏ ယုတ္တိကို ပြသောကြောင့်တည်း။

(ဂ) ဖြင့် ဩစိတျဟီနဒေါသကိုပင် ပယ်သည်။ ကတမေသဒ္ဒါကို ဟောပါမှ ထိုကုသလ ဓမ္မတို့ကို မေးသည်၏အဖြစ်ကို သိနိုင်သည်ဟု အနွယယုတ္တိကို ပြသောကြောင့်တည်း။

(ဃ) ဖြင့် နိဂုံးကိုပြသောကြောင့် အဗျာပိတဒေါသကိုပယ်သည်။

(င) ဖြင့် ကုသလာ ဓမ္မာနစ်ပုဒ်ဖြင့် မေးအပ်သော ပုစ္ဆိတဗ္ဗဓမ္မတို့ကို ပြသည် ဟု ဆိုသောကြောင့် အဗျာပိတဒေါသကိုပယ်သည်။

http://www.dhammadownload.com



ထိုတွင် တေသံ အတ္ထော ပေဟ္ဌာ ပကာသိတောဝ-ဖြင့် ပုနရုတ္တိ ဒေါသကို ပယ်သည်။

၄။ ✱ ပုစ္ဆိတဗ္ဗာတိ ပုဋ္ဌာ။ (ပုစ္ဆ+တ) (မေးအပ်သော ကုသလဓမ္မ)
ပုဋ္ဌာနံ ဘာဝေါ ပုဋ္ဌဘာဝေါ။ (မေးခြင်းကြိယာ)
✱ နိဒ္ဒိသိယန္တေတိ နိဒ္ဒိသိတဗ္ဗာ။ (ဓမ္မာ)
✱ ဝစိတပ္ပန္တိ ဝစနံ။ (ဝစ+ယု)
✱ ဝစနံယေဝ မတ္တံ ဝစနမတ္တံ။
✱ ပဋ္ဌတော ဉာယတေ အတ္ထော ဧတေနာတိ ပဒံ။

၅။ ကတမေ = သဗ္ဗနာမ်ပုဒ်၊ ပုံလိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ အကာရန္တ။
သဏ္ဍာ = နိပါတ်ပုဒ်၊ အလိင်၊ ဂဏဝိမုတ်၊ အာကာရန္တ။
ဉာတုံ = နိပါတ်ပုဒ် (အဗျယ)၊ အလိင်၊ ဂဏဝိမုတ်၊ နိဂ္ဂဟီတန္တ။
ပညာယတိ = အာချာတ်ပုဒ်၊ အလိင်၊ ဒိဝါဒိ၊ အာကာရန္တ။

၆။ (က) တတ္ထ ကတမေတိ ပဒေန-စသည်ဖြင့် ကတမေ ဓမ္မာ ကုသလာ-၌ ကတမေပုဒ်သည် အကျယ်ညွှန်ပြအပ်သည့် ကုသလဓမ္မတို့ကို မေးသည့် ပုဒ်ဖြစ်ကြောင်း သိစေသည်။

(ခ) ဓမ္မာ ကုသလာတိ ဟိ-စသည်ဖြင့် ကတမေသဒ္ဒါမပါဘဲ ဓမ္မာ ကုသလာ ဟုသာ ဟောပါက "ထိုကုသလ ဓမ္မတို့ကို အဘယ်သို့ ပြအပ်သနည်း။ ထိုကုသလ ဓမ္မတို့သည် အဘယ်ကို ပြကုန်သနည်း"ဟု သိဖို့ရာ မစွမ်းနိုင်သည်၏အဖြစ်ကို သိစေသည်။

(ဂ) ကတာမေတိ ဝုတ္တေ ပန-စသည်ဖြင့် ကတမေဟူသော ပုဒ်ကို ဟောမှသာ ထိုကုသလ ဓမ္မတို့ကို မေးကြောင်း ထင်ရှားသည်၏ အဖြစ်ကို သိစေသည်။

(ဃ) တေန ဝုတ္တံ-စသည်ဖြင့် ထိုဆိုခဲ့ပြီးသော ယုတ္တိနှစ်မျိုး

http://www.dhammadownload.com



(ဗျတိရေက+အန္ဝယ) တို့ကြောင့် " ကတမေတိ ပဒေန နိဒ္ဒိသိတဗ္ဗ ဓမ္မေ ပုစ္ဆတိ " ဟူသော စကားကို မိမိဆိုခဲ့သည်ဟု နိဂုံးကို သိစေသည်။

* **တေန ဝုတ္တံ၊ ထည့်ပါဠိပြန်က၊ လဒ္ဓဂုဏ်ပြ၊ ဆိုကုန်ကြ၏။ နိဂုံးထင်လှ၊ နောတတ္တ။** (နိယံ) (စံထားဂဏ္ဍိက လဒ္ဓဂုဏ်)

(င) ဓမ္မာ ကုသလာတိ ပဒဒ္ဝယေန-ဖြင့် ဓမ္မာ, ကုသလာ နှစ်ပုဒ်တို့သည် ထိုပုစ္ဆာဖြင့် မေးအပ်သောတရားတို့ကို ပြသည်ဟု သိစေသည်။

တေသံ အတ္ထော ဟေဋ္ဌာ ပကာသိတောဝ-ဖြင့် ဓမ္မာပုဒ် ကုသလာ ပုဒ်တို့၏ အနက်ကို ကုသလတိက်အဖွင့်၌ ပြအပ်ခဲ့ပြီးသည်၏ အဖြစ်ကို သိစေသည်။

## ၇။ ဟေဋ္ဌာ ပကာသိတောဝ

ကုသလတိက်အဖွင့် (မာတိကာအဖွင့်)၌ ပြအပ်ခဲ့ပြီးသော အနက်သည် ဂဟေတဗ္ဗ။ မပြအပ်သေးသော အနက်သည် နိဝတ္တေတဗ္ဗ။

### တစ်နည်း

ဓမ္မသဒ္ဒါ ကုသလသဒ္ဒါတို့ကို အောက်၌ပြအပ်ပြီးပြီ ဟူသော အနက်သည် ဂဟေတဗ္ဗ။ အောက်၌ မပြအပ်သေး (ဝါ) ဤ၌အကျယ်တဝင့် ပြဦးမည် ဟူသော အနက်သည် နိဝတ္တေတဗ္ဗ။ ဝေဒနာတိက်စသည်၌ ပြအပ်ပြီးသော ဝေဒနာ စသည်၏ အနက်သည် အနုညာတ။ (သမ္ဗန္ဓာဝတ္ထုနည်း။)

(က) တတ္ထသည် ပက္ကန္တ။ လွန်ပြီး ကတမေ ဓမ္မာ ကုသလာဟူသော စကား ကိုစွဲ။

(ဂ) တေသံ - ပက္ကန္တ။ ဓမ္မာကုသလာ ပုဒ်တို့ကိုစွဲ။

(ဃ) တေန - အနဘူတဝိသယ။ (ခ) (ဂ) ဝါကျတို့ကိုစွဲ။

(စ) တေသံ - ဓမ္မာကုသလာ တို့ကိုစွဲ။ ပက္ကန္တ။

http://www.dhammadownload.com



## ၉။ နိဒ္ဒိသိတဗ္ဗဓမ္မေ ပုစ္ဆတိ-၌ ကြိယာငါးတန်

နိဒ္ဒိသိတဗ္ဗဓမ္မေ-အရ ကုသိုလ်တရားကိုကောက်၍ ကြိယာငါးတန် ထုတ်။

ပုစ္ဆတိ-အရ ဘုရားရှင်၏ သန္တာန်၌တည်သော ဟောပြတော်မူလိုသည့် ဆန္ဒပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဒဿနတ္တ။ ကုသလာ ဓမ္မာ ဟူသော မာတိကာပါဠိတော်သည် ဒီပကတ္တ။ (ကုသလာ ဓမ္မာ ဟု မာတိကာ ပါဠိတော်ကို ဟောပြီးဖြစ်သောကြောင့် ကတမေ ဓမ္မာ ကုသလာ- ကုသိုလ်တို့ကား အဘယ်ပါနည်းဟု မေးခြင်းဖြစ်သည်။) ယသ္မိံ သမယေ ကာမာ ဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ-စသည်ဖြင့် ဟောကြားတော်မူခြင်းသည် ပကာသနတ္တ။ မယ်တော်ကြီးအား ကျေးဇူးဆပ်လိုခြင်း စသော အကြောင်းများသည် ဝိဘာဝတ္တ။ ကုသလဓမ္မ အကုသလဓမ္မ စသည်ကို ဝေနေယျတို့သိရခြင်း စသည်တို့သည် အနုဘာဝတ္တ။

ဒဿေတိ-အရ ဒေသနာဉာဏ် စိတ္တုပ္ပါဒ်ကို ကောက်၍ထုတ်။

ပကာသိတော-၌ ဓာတ်အရ အဋ္ဌကထာဆရာ၏ သန္တာန်၌တည်သော ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ကို ကောက်၍ ထုတ်။

## ၁၀။ နိဒ္ဒိသိတဗ္ဗဓမ္မေ ပုစ္ဆတိ

နိဒ္ဒိသိတဗ္ဗဓမ္မေ-အရ အကျယ်ညွှန်ပြအပ်သည့် ကုသိုလ်တရားတို့ကို ရ၏။ (ပစ္စည်း) ပုစ္ဆတိအရ- မေးမြန်းသော အခြင်းအရာအားဖြင့်ဖြစ်သော မြတ်ဗုဒ္ဓ၏ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် ရ၏။ (ပစ္စယုပ္ပန်) အာရမ္မဏသတ္တိ၊ အာ.ဓိ. ဥပပြိုင်။

## တေန ဝုတ္တံ

တေန အရ- ဆိုအပ်ခဲ့ပြီးသော ဗျတိရေက အန္ဝယ အနက်ခြုပ် အတ္ထ ပညတ် ရ၏။ ဝုတ္တံ၌ ဓာတ်အရ အဋ္ဌကထာဆရာ၏ မဟာကုသိုလ် ဉာဏ

http://www.dhammadownload.com



သမ္ပယုတ် စိတ္တုပ္ပါဒ် ရ၏။ အာရမ္မဏသတ္တိ၊ ပြိုင် မရှိ။

ဝုတ္တံ ဋ္ဌ တပစ္စည်းအရ-ကတမေတိ ပဒေန နိဒ္ဒိသိတဗ္ဗမ္မေ ပုစ္ဆတိ ဟူသောစကား (အက္ခရာဝလိ နာမပညတ်) ရ၏။ ပကာတူပ။

## အတ္ထော ပကာသိတော၀

အတ္ထော အရ- ပြခဲ့ပြီးသောအနက် အတ္ထပညတ်။ ပကာသိတော ဋ္ဌ ဓာတ်အရ အဋ္ဌကထာဆရာ၏ မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ရ၏။ အာရမ္မဏသတ္တိ။

< >

## ၄၈။ ကတမေ ဓမ္မာ ကုသလာ အဖွင့် (၂)

(က) ကသ္မာ ပနေတ္ထ မာတိကာယံ ဝိယ " ကုသလာ ဓမ္မာ" တိ အဝတွာ "ဓမ္မာ ကုသလာ"တိ ပဒါနုက္ကမော ကတောတိ။

(ခ) ပဘေဒတော ဓမ္မာနံ ဒေသနံ ဒီပေတွာ ပဘေဒဝန္တ-ဒဿနတ္ထံ။

(ဂ) ဣမသ္မိံ ဟိ အဘိဓမ္မေ ဓမ္မာဝ ဒေသေတဗ္ဗာ၊ တေ စ ကုသလာဒီဟိ ပဘေဒေဟိ အနေကပ္ပဘေဒါ။

(ဃ) တသ္မာ ဓမ္မာယေဝ ဣဓ ဒေသေတဗ္ဗာ။ နာယံ ဝေါဟာရ-ဒေသနာ။

(င) တေ စ အနေကပ္ပဘေဒတော ဒေသေတဗ္ဗာ၊ န ဓမ္မ-မတ္တတော။

(စ) ပဘေဒတော ဟိ ဒေသနာ ဃနဝိနိဗ္ဘောဂ ပဋိသမ္ဘိဒါ-ဉာဏာဝဟာ ဟောတိ။

http://www.dhammadownload.com



(ဆ) ဣတိ "ကုသလာ ဓမ္မာ"တိ ဧဝံ ပဘေဒတော ဓမ္မာနံ ဒေသနံ ဒီပေတွာ ဣဒါနိ ယေ တေန ပဘေဒေန ဒေသေတဗ္ဗာ ဓမ္မာ၊ တေ ဒဿေတုံ အယံ "ကတမေ ဓမ္မာ ကုသလာ"တိ ပဒါနုက္ကမော ကတောတိ ဝေဒိတဗ္ဗော။

(ဠ-၉၈/၉၉)

**မှတ်ချက်။** ။

(ယ) ဝါကျရှိ တသ္မာကို (ဆ) ဝါကျရှိ ဒေသနံ ဒီပေတွာ-၌ ဒီပေတွာသို့ စပ်ပါ။

(ခ) ပဘေဒတော ဓမ္မာနံ ဒေသနံ ဒီပေတွာ-သည် မာတိကာနှင့်ဆိုင်၍ ပဘေဒဝန္တဒဿနတ္ထံ-သည် ပဒဘာဇနီနှင့်ဆိုင်သည်။

## ဆိုလိုရင်း ပိဏ္ဍတ္ထ

မာတိကာပါဠိ၌ကုသလာဓမ္မာ-ဟု ဟောပါလျက် ပဒဘာဇနီ (နိဒ္ဒေသ) ပါဠိ၌ ကတမေ ဓမ္မာ ကုသလာ-ဟု ကုသလနှင့် ဓမ္မကို ပြောင်းပြန်ပြု၍ အဘယ့်ကြောင့် ဟောရသနည်း ဟု မေးသည်။

မာတိကာပါဠိ၌ ပဘေဒ (ကုသိုလ်, အကုသိုလ် စသည်) ကို ပဓာနထား ပြလိုသောကြောင့် "ကုသလာ ဓမ္မာ" ဟု ပုဒ်စဉ်ပြု၍ ဟောသည်။

ပဒဘာဇနီပါဠိ၌ကား ပဘေဒဝန္တ (ပရမတ္ထဓမ္မ) ကို ပဓာနထားပြလိုသော ကြောင့် " ဓမ္မာ ကုသလာ" ဟု ပုဒ်စဉ်ပြု၍ ဟောသည်။

ဋီကာ-၌ ကုသလာ ဓမ္မာ-၌ ကုသလာ-ကား ဝိသေသန အပ္ပဓာန၊ ဓမ္မာကား ဝိသေသျပဓာန ဖြစ်၏။ ပဓာန, အပ္ပဓာန နှစ်ပါးတို့တွင် ပဓာနကိုသာ မေးခြင်း, ဖြေခြင်း ပြုသင့်သောကြောင့် " ဓမ္မာ ကုသလာ"ဟု ဟောရကြောင်း ဆိုသည်။

http://www.dhammadownload.com



## ၁။ (ဃ) (င) (စ) ဝါကျတို့၌ ဟေတု+ဖလ အစဉ်ကျအောင် အနက်ပေး-

(ဃ) ယသ္မာ၊ ကြောင့်။ အယံ ဒေသနာ၊ သည်။ ဝေါဟာရဒေသနာ၊ သည်။ န၊ မဟုတ်။ တသ္မာ၊ ကြောင့်။ ဣဓ၊ ဤ အဘိဓမ္မာ၌။ ဓမ္မာယေဝ၊ ပရမတ္ထ ဓမ္မ တို့ကိုသာလျှင်။ ဒေသေတဗ္ဗာ၊ ကုန်၏။

(စ) ဟိ ယသ္မာ၊ ကြောင့်။ ပဘေဒတော၊ ဖြင့်။ ဒေသနာ၊ သည်။ ယနုဝိနိဗ္ဘောဂ ပဋိသမ္ဘိဒါဉာဏာဝဟာ၊ သည်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ (င) တေ စ၊ ထိုပရမတ္ထ ဓမ္မတို့ကိုလည်း။ အနေကပ္ပဘေဒတော၊ ကုသိုလ် စသော တစ်ပါးမကများသော အပြားအားဖြင့်။ ဒေသေတဗ္ဗာ၊ ဟောအပ်ကုန် ၏။ ဓမ္မမတ္တတော၊ ဓမ္မသာမညအားဖြင့်။ န ဒေသေတဗ္ဗာ၊ မဟောအပ်ကုန်။

### (ဃ) ဝါကျ တသ္မာ

တသ္မာ၊ ထိုသို့ ပရမတ္ထ ဓမ္မတို့ကိုသာ ဟောအပ်သည်၏အဖြစ်၊ ထို ပရမတ္ထဓမ္မတို့ကိုလည်း တစ်ပါးမက များသောအပြားအားဖြင့် ဟောအပ် သည်၏ အဖြစ်ကြောင့်။

## ၂။ (က) ဝါကျသို့ ဌပနာပဋ္ဌက

ဆရာ မြတ်စွာဘုရားသည် ပဒဘာဇနီပါဠိတော်၌ " ကတမေ ဓမ္မာ ကုသလာ" စသည်ဖြင့် ဟောတော်မူ၏။ မာတိကာပါဠိတော်၌ " ကုသလာ ဓမ္မာ" ဟု ဟောသောကြောင့် ဤ ပဒဘာဇနီပါဠိတော်၌လည်း " ကတမေ ကုသလာဓမ္မာ "ဟု ဟောသင့်သည် မဟုတ်ပါလော။ (တစ်နည်း) မာတိကာ ပါဠိတော်၌ ကုသလာ ဓမ္မာဟု ဟောတော်မူသည် မဟုတ်ပါလော။ အဘယ့် ကြောင့် ပဒဘာဇနီ၌ ကတမေ ဓမ္မာ ကုသလာ-ဟု ပြောင်းပြန် ပြန်၍ ဟောပါ သနည်း။ စုဒ်ကြောင့် ယင်းစောဒနာကို ကိုယ်တိုင်ပြလိုသော ဆရာသည် ကသ္မာ ပနေတ္ထ- စသည်မိန့်။

http://www.dhammadownload.com



## (ဂ) ဝါကျသို့

ဆရာ ဆရာသည် (ခ) ဝါကျဖြင့် ပဘေဒအားဖြင့် ဓမ္မတို့ကိုပြပြီး၍ ပဘေဒဝန္တ ဖြစ်သော ဓမ္မတို့ကို ပြလိုသောကြောင့် ဤသို့ပုဒ်အစဉ်ကို ပြုအပ်၏ဟု ဆိုတော်မူ၏။ ထိုစကားသည် အကျဉ်းသခေ်ပဖြစ်၍ ဆိုလိုရင်း အနက်အဓိပ္ပာယ်ကို ရှင်းလင်းပီပြင်စွာ မသိရသေးသည် မဟုတ်ပါလော။ ထို့ကြောင့် အကျဉ်းသခေ်ပ အဖြေမျှကိုသာ မဆိုသင့်။ ယင်းသခေ်ပ စကားရပ်၏ အကျယ်ဝိတ္ထာရကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဂ)မိန့်။

**အဓိပ္ပါယ်ကား**

ဤအဘိဓမ္မာ၌ ပရမတ္ထဓမ္မတို့ကိုသာ ဟောသင့်သောကြောင့် ဓမ္မကို ရှေ့ထားပြီး ထိုဓမ္မတို့သည် ကုသိုလ်စသည်အားဖြင့် များသောအပြား ရှိကြောင်း ပြလိုသောကြောင့် ကုသလာကို နောက်ထားပြီး ဟော၏ ဟူလို။

"ပဘေဒတော ဓမ္မာနံ ဒေသနံ ဒီပေတွာ" တိ ဧတဿ အတ္ထံ့ဝိဝရိတုံ "ဣမသ္မိံဟိ" တိ အာဒိမာဟ။ (မူလဋီကာ)

## (ဃ) ဝါကျ နာယံ ဝေါဟာရ ဒေသနာသို့။

ဆရာ ဤအဘိဓမ္မာ၌ ပရမတ္ထဓမ္မတို့ကိုသာ ဟောအပ်သောကြောင့် ဓမ္မာကို ရှေ့ထား၍ ဟောသည်ဟုဆို၏။ ဤ အဘိဓမ္မာ၌ ပညတ္တိဓမ္မတို့ကိုသာ ဟောအပ် သည် မဟုတ်ပါလော။ အဘယ့်ကြောင့် ပရမတ္ထ ဓမ္မတို့ကိုသာ ဟောအပ်ပါသနည်း။ စုဒ်ကြောင့် နာယံ ဝေါဟာရ ဒေသနာ-ပါဌ်ကိုမိန့်။

**အဓိပ္ပါယ်ကား**

အဘိဓမ္မာ ဒေသနာသည် ဝေါဟာရဒေသနာ မဟုတ်၊ ပရမတ္ထဒေသနာ ဖြစ်သောကြောင့် ပရမတ္ထဓမ္မတို့ကိုသာ ဟောအပ်၏ ဟူလို။

## (င) ဝါကျသို့

ဆရာ ဆရာသည် (ဃ) ဝါကျဖြင့် ပဘေဒတော ဓမ္မာနံ ဒေသနံ ဒီပေတွာ

http://www.dhammadownload.com



၏ အကျယ်ကိုပြဆို၏။ ပဘောဒဝန္တ ဒဿနတ္ထံ ၏ အကျယ်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် တေ စ – စသော (င) ဝါကျကို မိန့်။

## (စ) ဝါကျသို့

ဆရာ ဆရာသည် ထို ပရမတ္ထဓမ္မတို့ကို များစွာသော အပြားတို့ဖြင့် ဟောအပ်၏။ ဓမ္မသာမညအားဖြင့် မဟောအပ် – ဟု ဆိုတော်မူ၏။ ပရမတ္ထ ဓမ္မတို့ကို ကုသိုလ်စသော များသောအပြားတို့ဖြင့် ဟောခြင်း၌ တစ်စုံတစ်ရာ အကျိုးမရှိသည် မဟုတ်ပါလော။ အဘယ်အကျိုးရှိ၍ ယင်းသို့ဟောရပါသနည်း။ စုဒ်ကြောင့် (စ) ဝါကျမိန့်။

**အဓိပ္ပါယ်ကား**

ယင်းသို့များသော အပြားအားဖြင့် ဟောခြင်းသည် ယနုဝိနိဗ္ဗောဂဉာဏ်, ပဋိသမ္ဘိဒါဉာဏ်ကို ရခြင်းအကျိုးရှိသည် ဟူလို။

## (ဆ) ဝါကျသို့

ဆရာ ဆရာသည် (ဂ) (ဃ) (င) (စ) ဝါကျတို့ဖြင့် "ပဘေဒတော ဓမ္မာနံ၊ ဒေသနံ ဒီပေတွာ" ဟူသော စကားရပ်၏ အကျယ်ကို ပြဆိုတော်မူခဲ့၏။ ပဘောဒဝန္တ ဒဿနတ္ထံ – ဟူသော စကားရပ်၏ အကျယ်ကို မသိရသေးသည် မဟုတ်ပါလော။ ယင်း၏ အကျယ်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် ယင်းစောဒနာကို အနုသန္ဓိ သမ္ဗန္ဓ သံဝဏ္ဏနာနည်းဖြင့် ဖြေလိုသော ဆရာသည် ဣတိ ကုသလာ ဓမ္မာတိ ဧဝံ စသော (ဆ) ဝါကျကို မိန့်။

" ပဘောဒဝန္တ ဒဿနတ္ထံ"န္တိ ဧတံ ဝိဝရိတုံ " ဣဒါနိ ယေ တေနာ"တိ အာဒိမာဟ။ (မူလဋီကာ)။

> (အနုသန္ဓေဝါကျကို စောဒနာတက်ရာ၌ "စကားနစ်ရပ်၊ သန္ဓေစပ်က" စသော နိယံနှင့်အညီ တက်နည်းလည်း ရှိသည်။ ဤနေရာ၌ ထို နည်းသုံးဖွယ်မလို။ သုံးလို့လည်းမရ။)

ဤ နိဂုံးဝါကျကို ထောက်၍ ပဘေဒတော ဓမ္မာနံ ဒေသနံ ဒီပေတွာ –

http://www.dhammadownload.com



သည် မာတိကာပါဠိတော် ဟောပုံနှင့် သက်ဆိုင်၍ ပဘေဒဝန္တ ဒဿနတ္တံ သည် ပဒဘာဇနီ ပါဠိတော်ဟောပုံနှင့် သက်ဆိုင်သည်ဟု သိနိုင်သည်။

မာတိကာ၌ ပဘေဒကို ပဓာနထားပြသည်။ ပဒဘာဇနီ၌ ပဘေဒဝန္တကို ပဓာနထားပြသည်ဟု မှတ်ပါ။

၃။ (က) ဖြင့် မာတိကာနှင့် ပဒဘာဇနီတို့ ပါဠိအစဉ်ချင်း မတူခြင်းနှင့် စပ်လျဉ်း၍ သိအပ်သိထိုက်သော ပုစ္ဆာကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်သည်။

(ခ) ဖြင့် အဖြေကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်သည်။

(ဂ) ဖြင့် (ခ) ၏ အကျယ်ကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်သည်။

(ဃ) ဖြင့် အဘိဓမ္မာ၌ ပရမတ္ထဓမ္မ တို့ကိုသာ ဟောထိုက်ခြင်း၏ အကြောင်းကို ပြသောကြောင့် ဩစိတျဟီနဒေါသ, ဝိရောဓိဒေါသတို့ကို ပယ်သည်။

(င) ဖြင့် ပဘေဒဝန္တဒဿနတ္တံ၏ အကျယ်ကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်သည်။

(စ) ဖြင့် ပဘေဒဝန္တကို ပြခြင်း၏ အကြောင်းကို ပြသောကြောင့် ဩစိတျဟီနဒေါသ, ဝိရောဓိဒေါသတို့ကို ပယ်သည်။

(ဆ) ဖြင့် ပဒဘာဇနီ ပါဠိတော်၌ ကတမေ ဓမ္မာ ကုသလာ-ဟု ဟောရခြင်း၏ အကြောင်းကို ပြသောကြောင့် ဩစိတျဟီန, ဝိရောဓိဒေါသ တို့ကို ပယ်သည်။

၄။ * ပဘိဇ္ဇတီတိ ပဘေဒေါ။ (ပ+ဘိဒ+ဏ)

ပဘေဒေါ ဧတေသံ အတ္ထီတိ ပဘေဒဝန္တော။

အထူး၏+ပဘေဒဝန္တဓမ္မတို့နှင့် ပဘေဒ+ပဘေဒဝန္တ အဖြစ်ဖြင့် စပ်ခြင်း

http://www.dhammadownload.com



သမ္ပန်သည် ဗျ-နိ။ အထူးသည် ပ - နိ။

* ပဘေဒဝန္တာနံ ဒဿနံ ပဘေဒဝန္တဒဿနံ။

* အနေကေ ပဘေဒါ ယေသန္တိ အနေကပ္ပဘေဒါ။

များစွာသော အပြား၏ ပရမတ္ထမွေတို့နှင့် ပဘေဒ + ပဘေဒဝန္တ အဖြစ်ဖြင့် စပ်ခြင်းသည် ဗျ-နိ။ များစွာသော အပြားသည် ပ - နိ။

* ဝေါဟာရန္တိ ဓတေနာတိ ဝေါဟာရော။
ဝေါဟာရဝသေန ပဝတ္တာ ဒေသနာ ဝေါဟာရဒေသနာ။

* ဟာညတေတိ ယနော။ (ဟာန + ယု) ထိခိုက်ခြင်း။

* ဝိနိဘုဥ္စနံ (ဝိနိဗ္ဘောဂဿ ကရဏံ) ဝိနိဗ္ဘောဂေါ။
(ဝိ + နီ + ဘုဇ + ဏ)
ခွဲခြမ်းခြင်း။ (ယောဇနာ)

* ယနဿ ကေတ္တဿ ဝိနိဗ္ဘောဂေါ ယနဝိနိဗ္ဘောဂေါ။ (ယောဇနာ)

တစ်လုံးတစ်ခဲတည်းသော ပရမတ္ထတရားတို့၏ + ခွဲခြားခြင်း (ဉာဏ်)နှင့် အာရုံ + အာရမ္မဏိက အဖြစ်ဖြင့် စပ်ခြင်း သမ္ပန်သည် ဗျ + နိ။ ခွဲခြားခြင်း ကြိယာသည် ပ - နိ။

* ပဋိသမ္ဘိဒါ ဧဝ ဉာဏံ ပဋိသမ္ဘိဒါဉာဏံ။

* ယနဝိနိဗ္ဘောဂေါ စ ပဋိသမ္ဘိဒါဉာဏံ စ ယနဝိနိဗ္ဘောဂပဋိသမ္ဘိဒါ ဉာဏံ။

၆။ (က) ကသ္မာ ပနေတ္ထ-စသည်ဖြင့် မာတိကာ၌ကဲ့သို့ ကုသလာ ဓမ္မာဟု မဟောဘဲ အဘယ့်ကြောင့် " ဓမ္မာ ကုသလာ" ဟု ဟောပါသနည်း ဟူသော ပုစ္ဆာကို သိစေသည်။

(ခ) ပဘေဒတော ဓမ္မာနံ-စသည်ဖြင့် အထူးအားဖြင့် ဓမ္မတို့ကို ဟောကြားခြင်းကို ပြပြီး၍ အထူးရှိသော တရားတို့ကို ဟောခြင်းငှာ ဓမ္မာ ကုသလာ-ဟု ဟောသည်၏ အဖြစ်ကို သိစေသည်။

http://www.dhammadownload.com



(ဂ) ဣမသ္မိံဟိ - စသည်ဖြင့် ဤ အဘိဓမ္မာ၌ ပရမတ္ထဓမ္မတို့ကိုသာ ဟော သည်အဖြစ်၊ ထို ပရမတ္ထဓမ္မတို့ကိုလည်း ကုသိုလ်, အကုသိုလ် စသော များစွာသော အထူးအပြားတို့ဖြင့် ဟောအပ်သည်၏ အဖြစ်ကို သိစေသည်။

(ဃ) ဓမ္မာယေဝ ဣဓ ဒေသေတဗ္ဗာ စသည်ဖြင့် ဤ အဘိဓမ္မာဒေသနာ သည် ဝေါဟာရဒေသနာမဟုတ်သောကြောင့် ပရမတ္ထဓမ္မတို့ကိုသာ ဟောအပ်၏ ဟူသော မိမိ၏ စကားရပ်ကို ယုတ္တိဖြင့် ခိုင်မာစေသည်။

(င) တေစ - စသည်ဖြင့် ထို ပရမတ္ထ ဓမ္မတို့ကို ကုသိုလ်စသော များသော အပြားအားဖြင့် ဟောထိုက်သည်။ ဓမ္မသာမညအားဖြင့် မဟော ထိုက် ဟူသောအနက်ကို သိစေသည်။

(စ) ပဘေဒတော ဟိ စသည်ဖြင့် ထိုသို့ ပရမတ္ထဓမ္မတို့ကို များသော အထူးအပြားတို့ဖြင့် ဟောကြားခြင်းသည် ယနုဝိနိဗ္ဗောဂဉာဏ်, ပဋိသမ္ဘိဒါ ဉာဏ်တို့ကို ရခြင်း အကျိုးရှိသည်၏ အဖြစ်ကို သိစေသည်။

(ဆ) ဣတိ ဇဝံ - စသည်ဖြင့် ဤသို့ အထူးအပြားအားဖြင့် ဓမ္မတို့ကို ဟောကြားခြင်းကို ပြပြီး၍ ထို အထူးအပြားတို့ဖြင့် ဟောအပ်သော ဓမ္မတို့ကို ပြခြင်းငှာ ကတမေ ဓမ္မာ ကုသလာဟု ပုဒ်အစဉ်ကို ပြအပ်သည်၏အဖြစ်ကို သိစေသည်။

## ၇။ ဓမ္မာဝ ဒေသေတဗ္ဗာ

ပရမတ္ထဓမ္မတို့သည် ဂဟေတဗ္ဗ။ ပညတ္တိဓမ္မတို့သည် နိဝတ္တေတဗ္ဗ။

## ဝိသယ

(က) ဝတ္တ = ဆိုဆဲ နိဒ္ဒေသဝါရကိုစွဲ။ ပသိဒ္ဓ။

(ဂ) ဣမသ္မိံ = အဘိဓမ္မဟု အစွဲ တိုက်ရိုက်ပါ။ ပသိဒ္ဓ။

တေ စ = လွန်ပြီး ပရမတ္ထ ဓမ္မကိုစွဲ။ ပက္ကန္တ။

(ဃ) တသ္မာ = (ဂ) ဝါကျတစ်ခုလုံးကိုစွဲ။ အနဘူတ။

နာယံ ဝေါဟာရဒေသနာ - ၌ အယံ - ကား အဘိဓမ္မာ

http://www.dhammadownload.com



ဒေသနာ။ (ဆိုဆဲ)ကို မှန်းဆသိရသောကြောင့် ပသိဒ္ဓ။
(တတ္ထ ဇာတကံ ဖလံ၌ ကဲ့သို့တည်း။)

(င) တော စ = ပက္ကန္တ။ ပရမတ္ထ ဓမ္မကိုစွဲ။

(ဆ) ဝါကျလာ ယ,တ,ဏ္ဍမ တို့ ပသိဒ္ဓချည်းသာ။

၈။ ပဒါနက္ကမော ကတော-၌ ကရဓာတ်-အရ ဒေသနာဉာဏ် စိတ္တုပ္ပါဒ်ကို ကောက်၍ထုတ်။

ဒီပေတွာ ဒဿနတ္ထံ ဒေသေတဗ္ဗာ တို့၌ ဓာတ်အရလည်း နည်းတူ။

## ယနဝိနိစ္ဆယ

အစိုင်အခဲကို ဖျက်ခွဲသိမြင်သောဉာဏ်သည် ဒဿနတ္ထ။ ဝိပဿနာဉာဏ်သည် ဒီပကတ္ထ။ ရုပ်, နာမ် တရားတို့၌ ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်သည် ပကာသနတ္ထ။ တိဟိတ်ပဋိသန္ဓေနေခြင်း စသော အကြောင်းများသည် ဝိဘာဝတ္ထ။ ပစ္စဝေက္ခဏာဉာဏ်တို့သည် ပကာသနတ္ထ။

ပဋိသမ္ဘိဒါဉာဏ်၏ ကြိယာ ငါးတန်ကို အမှတ် (၆) ဝါကျ နံပါတ် (၈) ၌ ရှုပါ။

## ၉။ ယန လေးမျိုး

၁။ **သန္တတိယန** = စက္ခုဝိညာဏ် စသော စိတ်အစဉ်များ ဝီထိစဉ် တစ်ခု အတွင်း၌ အတူတကွ ဖြစ်နေ၏။ သောတဝိညာဏ် စသော စိတ်အစဉ်များသည်လည်း သောတဒွါရ ဝီထိစဉ်၌ အတူတကွ ဖြစ်နေ၏။ ထိုသို့ တစ်သီးတခြားစီ ဖြစ်နေသော်လည်း တစ်သီးတခြားစီ ဖြစ်နေသည်ဟု မသိရလောက်အောင် စိတ်အစဉ်များ တစ်ဆက်တည်း ဖြစ်နေခြင်းတည်း။

၂။ **သမူဟယန** = စက္ခုဝိညာဏ်စိတ်၌ ဖဿစသော စေတသိက် တရားများ ယှဉ်နေကြရာ စိတ်ကတခြား ဖဿကတခြား ဝေဒနာ စသည်

http://www.dhammadownload.com



က တခြား ဖြစ်၏။ သို့သော် ထိုတရားတို့သည် ဤကား ဖဿ. ဤကားဝေဒနာ စသည်ဖြင့် မသိနိုင်လောက်အောင် စုပေါင်း တွေ့ ခဲ၍ ဖြစ်နေခြင်းတည်း။

၃။ **ကိစ္စဃန** = စိတ်. စေတသိက်တို့ အတူတကွ ဖြစ်နေရာ၌ စိတ်သည် ဝိဇာနနကိစ္စ၊ ဖဿသည် သံဃဋ္ဋနကိစ္စ၊ ဝေဒနာသည် အနုဘဝန ကိစ္စ ဤသို့ စသည်ဖြင့် ကိစ္စအသီးသီး ရှိနေသော်လည်း ထိုသို့ ကိစ္စအသီးသီး ရှိနေသည်ဟု မသိနိုင်လောက်အောင် ကိစ္စအားဖြင့် အတူယှဉ်တွဲ ပူးကပ်နေခြင်းတည်း။

၄။ **အာရမ္မဏဃန** = စက္ခုဒွါရ ဝီထိ၌ ပဉ္စဒွါရာဝဇ္ဇန်း စသော စိတ်တို့ သည် ရူပါရုံ တစ်ခုတည်းကို အာရုံပြုကြသဖြင့် ဤ ရူပါရုံကား ပဉ္စ ဒွါရာဝဇ္ဇန်းစိတ်၏အာရုံ၊ ဤအာရုံကားစက္ခုဝိညာဏ် စိတ်၏ အာရုံ စသည်ဖြင့် ခွဲခြမ်း၍ မသိနိုင်လောက်အောင် အာရုံအားဖြင့် ဆက်စပ် ပူးကပ် ဖြစ်နေခြင်းတည်း။

## ၁၀။ မေ့ာယေ၀ ဒေသေတဗ္ဗာ

ဒိသီတာတ်အရ- ဒေသနာဉာန် စိတ္တုပ္ပါဒ် ရ၏။ မေ့ာယေ၀-အရ တဗ္ဗ ပစ္စည်းအရ ဟောအပ်သော ပရမတ္ထမေ့ရ၏။ ပရမတ္ထမေ့ ပစ္စည်း. ဒေသနာ ဉာန် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်။ အာရမ္မသတ္တိ။ အာ. ဝိ. ဥပ။

### ဒေသနာ ဃနဝိနိဗ္ဘောဂ ပဋိသမ္ဘိဒါဉာဏာဝဟာ ဟောတိ

ဒေသနာ အရ- ဒေသနာဉာဏ် စိတ္တုပ္ပါဒ် ရ၏။ (ပစ္စည်း) ဃနဝိနိဗ္ဘောဂ အရ ဃနဝိနိဗ္ဘောဂဉာန် (နာမရူပပရိစ္ဆေဒဉာန်) ရ၏။ (ပစ္စယုပ္ပန်) ပကတူပ သတ္တိ။

## ဒီပေတဗ္ဗာ ဒသေတုံ

ဒီပေတဗ္ဗာအရ မာတိကာ ပါဠိတော်ကို ဟောသော ဒေသနာဉာန် စိတ္တုပ္ပါဒ် ရ၏။ (ပစ္စည်း) ဒသေတုံ-အရ ပဒဘာဇနီကို ပြလိုသော ဆန္ဒပြဋ္ဌာန်းသော

http://www.dhammadownload.com



မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ရ၏။ (ပစ္စယုပ္ပန်) ပကာတူပ သတ္တိ။

**ဒေသနံ ဒီပေတွာ**

ဒေသနံ အရ- မာတိကာ ပါဠိတော်ဟူသော ဒေသနာစဉ်ရ၏။ ဒီပေတွာ အရ ဒေသနာဉာဏ် စိတ္တုပ္ပါဒ်ရ၏။ အာရမ္မဏသတ္တိ။

**တေ ဒဿေတုံ**

တေ အရ- ပဒဘာဇနီ ပါဠိတော် အစဉ်ရ၏။ ဒဿေတုံ အရ- ဆန္ဒပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ရ၏။ အာရမ္မဏသတ္တိ။

< >

## ၄၉။ သမယသဒ္ဒါ အဖွင့်

(က) ကတ္ထခါနိ ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တန္တိ ဧတ္ထ- သမယေ နိဒ္ဒိသိ စိတ္တံ၊ စိတ္တေန သမယံ မုနိ။ နိယမေတွာန ဒီပေတုံ၊ ဓမ္မေ တတ္ထ ပဘေဒတော။

(ခ) "ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ" န္တိ ဟိ နိဒ္ဒိသန္တော ဘဂဝါ သမယေ စိတ္တံ နိဒ္ဒိသိ။

(ဂ) ကိံ ကာရဏာ?

(ဃ) တေန သမယနိယမိတေန စိတ္တေန ပရိယောသာနေ " တသ္မိံ သမယေ"တိ ဧဝံ သမယံ နိယမေတွာန အထ ဝိဇ္ဇမာနေပိ သမယ နာနတ္တေ ယသ္မိံ သမယေ စိတ္တံ။ တသ္မိံ ယေဝ သမယေ ဖဿော ဟောတိ ဝေဒနာ ဟောတီတိ ဧဝံ တသ္မိံ စိတ္တနိယမိတေ သမယေ ဧတေ သန္တတိ သမူဟာ

http://www.dhammadownload.com



ကိစ္စာရမ္မဏာ ယနဝသေန ဒုရနဖောဓပ္ပဘေဒေ ဖဿဝေဒနာ
ဒယော ဓမ္မေ ဖောဓေတုန္တိ အတ္ထော။

(၄-၉၉)

**စာစဉ်**

(က) ဣဒါနိ စတ္တုတို့ကိုဝိန္ဒိတ္တယော ဝေဒိတဗ္ဗော - ဝယ် ဝေဒိတဗ္ဗော ၌စပ်။ (ဘာသာဋီကာ - ၌ ဂါထာတွင်းရှိ နိဒ္ဒိသိသို့လည်း စပ်နိုင်ဖွယ် ရှိကြောင်းဆိုသည်။)

(ဃ) တောန စိတ္တေန - ကို နိယမေတွာ၌စပ်။ နိယမေတွာန အထ ဝိဠမာနေတို့ကို ဖောဓေတုံ ၌စပ်။ (ဘာသာဋီကာ၌ကား ဝိဠမာနေကို တသ္မိံ စိတ္တနိယမိတေ သမယေ၌ စပ်ဟုဆို၏။ သမယအမျိုးမျိုး ရှိသည့်အနက် စိတ်ဖြင့် မှတ်သားအပ်သော သမယ၌ - ဟု ဆိုလိုဟန် ရှိ၏။ အဓိပ္ပာယ်ကောင်းသော်လည်း စာစပ်နည်း မကျ)

## ၁။ နိဿယအတိုင်း အနက်မှတ်ပါ။

ယသ္မိံ သမယေ - ၌ သမယကား မည်သည့်သမယဟု အတိအကျ သတ်မှတ် မပြုရသေးသောကြောင့် ဝိသေသန၊ စိတ္တံကား ဝိသေသျ။

တသ္မိံ သမယေ - ၌ သမယကား အတိအကျ သတ်မှတ်ပြုပြီး ဖြစ်သောကြောင့် ဝိသေသျ။ စိတ္တံကား ဝိသေသန - ဟုမှတ်ပါ။

## ၂။ (က) ဝါကျသို့

ဆရာ ဆရာသည် တတ္ထ ကတမေတိ ပဒေန နိဒ္ဒိသိတဗ္ဗဓမ္မေ ပုစ္ဆတိ စသော ဝါကျတို့ဖြင့် ပရိစ္ဆေဒလေးပါးတို့တွင် ပုစ္ဆာပရိစ္ဆေဒကို ပြဆိုတော်မူ၏။ ပုစ္ဆာပရိစ္ဆေဒ၏ အခြားမဲ့၌ သမယနိဒ္ဒေသကိုပြရန် အစဉ်ရောက်လာသည့် အားလျော်စွာ သမယနိဒ္ဒေသကို ဖွင့်ပြတော့မည်ဟု မှတ်ရမည်လော။ အဘယ်သို့ မှတ်ရမည်နည်း။ စုဒ်ကြောင့် သမယ၌ စိတ်ကိုပြခြင်း၏အကျိုးကို

http://www.dhammadownload.com



ပြလိုသော ဆရာသည် ဣဒါနိ-စသော (က) ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား**

စိတ်ဖြင့် သမယကိုမှတ်သား၍ ထိုသမယ၌ဖြစ်သော တရားတို့ကို အထူးအပြားအားဖြင့် ပြလိုသောကြောင့် သမယ၌ စိတ်ကို ပြပါ၏ ဟူလို။

## (ခ) ဝါကျသို့

ဆရာ ဆရာသည် သမယ၌ စိတ်ကိုပြခြင်း၏ အကျိုးကို ပြလိုသောကြောင့် (က) ဝါကျကို ဆိုတော်မူ၏။ ထိုဂါထာ၏ အနက်အဓိပ္ပာယ်ကို ထင်ရှားစွာ မသိရသေးသည် မဟုတ်ပါလော၊ ယင်းဂါထာ၏ အကျယ် အနက်အဓိပ္ပာယ်ကို အဘယ်သို့ သိမှတ်ရမည်နည်း။ စုဒ်ကြောင့် (ခ) ဝါကျ မိန့်။

**အဓိပ္ပါယ်ကား**

(ခ) စသည်ဖြင့် အကျယ် အနက်အဓိပ္ပာယ်ကို ပြပါ၏ ဟူလို။

## (ဂ) ဝါကျသို့

ဆရာ ကာမာဝစရကိုသိုလ်စိတ်ကို ပြလိုသော မြတ်စွာဘုရားသည် သမယ၌ စိတ်ကိုပြတော်မူ၏ဟု ဆိုတော်မူ၏။ စိတ်ကိုပြလိုက သမယ မပါဘဲ စိတ်ကိုသာ ပြသင့်သည်မဟုတ်ပါလော။ အဘယ်ကြောင့် သမယကို ပါထည့်၍ ပြရပါသနည်း။ စုဒ်ကြောင့် ယင်း(စောဒနာ) အမေးကို ပြလိုသော ဆရာသည် ကိဉ္စာပိ ဟူသော (ဂ) ဝါကျကို မိန့်။

## (ဃ) ဝါကျသို့

ဆရာ ဆရာသည် (ခ) ဝါကျဖြင့် သမယေ နဒ္ဒိသိ စိတ္တံ စသောဂါထာ၌ သမယေ နိဒ္ဒိသိ စိတ္တံကို ဖွင့်ဆိုတော်မူခဲ့၏။ (တစ်နည်း) အဘယ့်ကြောင့် သမယ၌ စိတ်ကို ပြပါသနည်းဟု အမေးပုစ္ဆာကို ပြတော်မူ၏။ ယင်း၏

http://www.dhammadownload.com



အဖြေကို (ဝါ) စိတ္တေန သမယံ မုနိ -စသော ကြွင်းစကားရပ်တို့၏ အကျယ် အနက်ကိုလည်း ဆိုသင့်သေးသည်မဟုတ်ပါလော။ ယင်း၏ အဖြေအကျယ် စကားရပ်ကား အဘာယ်နည်း စုဒ်ကြောင့် (ဃ) မိန့်။

**အဓိပ္ပါယ်ကား**

ထမင်းစားရာကာလ သွားရာကာလ စသည်ဖြင့် သမယ အမျိုးမျိုးရှိသော်လည်း ဤနေရာ၌ စိတ်ဖြစ်ရာကာလ သမယ၌ ဖဿ စသော တရားတို့ပါ ယှဉ်တွဲဖြစ်နေသည်ကို ပြလိုသောကြောင့် စိတ်ကိုသာ မပြဘဲ သမယဖြင့် စိတ်ကို ပြပါ၏ ဟူလို။

၃။ (က) ဖြင့် ကိုသိုလ်စိတ်ကိုသာ မပြဘဲ သမယဖြင့် စိတ်ကိုပြရခြင်း၏ အကျိုးကိုပြသောကြောင့် နိရတ္ထကဒေါသကို ပယ်ပါသည်။

(ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ -စသည်ဖြင့် ဟောခြင်းသည် တစ်စုတစ်ရာ အကျိုးမရှိမဟုတ်၊ အကျိုးရှိပါသည်ဟု ဆိုလိုသည်။)

( ခ ) ဖြင့် (က)ဝါကျပါဂါထာ၏ အတ္ထယောဇနာနှင့်တကွ အနက် အဓိပ္ပါယ်တို့ကို ရှင်းပြသောကြောင့် သသံသယဒေါသ. ကိလိဋ္ဌဒေါသတို့ကို ပယ်သည်။

(ဂ) ဖြင့် သမယေ နိဒ္ဒိသိ စိတ္တံ -၏ အကျိုးစကားရပ်ဖြစ်ပုံကို ပုစ္ဆာဝါကျဖြင့် ပြသောကြောင့် ဝိရောဓိဒေါသကို ပယ်သည်။

(ဃ) ဖြင့် ကိံ ကာရဏာ၏အဖြေ (သို့မဟုတ်) စိတ္တေန သမယံ မုနိ စသော ဂါထာပါ စကားရပ်၏ အကျယ်ကို ပြသောကြောင့် အဗျာပိတ. ဝိရောဓိ ဒေါသတို့ကို ပယ်သည်။

၄။ * မုနာတိ ဇာနာတီတိ မုနိ။ (မုန+ဣ)

* နိဒ္ဒိသတီတိ နိဒ္ဒိသန္တော။ (နိ+ဒိသ+ အန္တ)

http://www.dhammadownload.com



* ဘဂါ သန္တိ အဿိန္တိ ဘဂဝါ။ (ဘဂ+ဝန္တု)

* သမယေန နိယမိတံ သမယနိယမိတံ။

သမယသဒ္ဒါ၏+မှတ်သားအပ်သောစိတ်နှင့် လက္ခဏ+လက္ချ အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဗျ-နီ။ သမယသဒ္ဒါဖြင့် မှတ်သားခြင်းသည် ပ-နီ။

* နာနာဘာဝေါ နာနတ္တံ။ (နာနာ+တ္တ)

* သမယာနံ နာနတ္တံ သမယနာနတ္တံ။

သမယတို့၏+အထူးထူး အပြားပြား များပြားခြင်း ပကာရဘောဂုဏ်နှင့် ပကာရဝန္တ+ပကာရ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျ-နီ။ ပကာရဘောဂုဏ်သည် ပ-နီ။

* သမ္မာ ဝိသေသေန စ ဦဟတေတိ သမူဟော။ (သံ+ဦဟ+အ)

* သမံ သဟာဝယဝေန ဦဟတိ တိဋ္ဌတိ ဝါတိ သမူဟော။ (သမ+ ဦဟ+အ)

* သမ္ဗန္ဓာ တတိ သန္တတိ။ (သံ+တန+တိ)

* သန္တတိ သမူဟ ကိစ္စ အာရမ္မဏ-ကို ဒွန်တွဲ။ ယ-နှင့် ဆဋ္ဌီ တပ္ပုရိသ်၊ ဝသနှင့် ဆဋ္ဌီတပ္ပုရိသ် သမာသ်တွဲ။

* ဒုက္ခေန အနုဗုဇ္ဈိယတေတိ ဒုရနုဗောဓော။ (ဒု+ အနု+ဗုဓ+အ) (ယောဇနာ)

* ဒုရနုဗောဓော ပဘေဒေါ ယေသန္တိ ဒုရနုဗောဓပ္ပဘေဒါ။ (မှော)

အသီခက်သော ပဘေဒ၏ ဖဿာဒိဓမ္မတို့နှင့် ပကာရ+ပကာရဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျ-နီ။ အသိခက်သော ပဘေဒ (သန္တတိ. သမူဟ. ကိစ္စ. အာရမ္မဏ ဟူသော ယနလေးပါး) သည် ပ-နီ။

၅။ မုနိ = ကိတ်ပုဒ်၊ ပုံလိင်၊ ရတ္တာဒိ၊ ဣကာရန္တ။
နိဒ္ဒိသန္တော = ကိတ်ပုဒ်၊ ပုံလိင်၊ ဂစ္ဆန္တာဒိ၊ အကာရန္တ။
ဘဂဝါ = တဒ္ဓိတ်ပုဒ်၊ ပုံလိင်၊ ဂုဏဝါဒိ၊ ဥကာရန္တ။

http://www.dhammadownload.com



နိယမေတွာန = ကိတ်ပုဒ်၊ (အဗျယ) အလိင်၊ ဂဏာဝိမုတ်၊ အကာရန္တ။
ဒီပေတုံ = နိပါတ်ပုဒ်၊ အလိင်၊ ဂဏာဝိမုတ်၊ နိဂ္ဂဟိတန္တ။

၆။ (က) သမယေ နိဒ္ဒိသိ စိတ္တံ - စသည်ဖြင့် စိတ်ဖြင့် သမယကိုမှတ်သား၍ ထိုစိတ်ဖြစ်သော သမယ၌ အတူတကွဖြစ်နေသော ဖဿ စသော တရားတို့ကို ပြခြင်းဟာ သမယ၌ စိတ်ကို ညွှန်ပြသည်ဟု သမယ၌ စိတ်ကို ညွှန်ပြခြင်း အကျိုးရှိပုံကို သိစေသည်။

(ခ) နိဒ္ဒိသန္တော ဘဂဝါ သမယေ စိတ္တံ နိဒ္ဒိသိ - ဖြင့် သမယေနိဒ္ဒိသိ စိတ္တံကို သမယေ စိတ္တံ နိဒ္ဒိသိ - ဟု အတ္တုက္ကမ ပြုရမည်၏အဖြစ်၊ စိတ္တေန သမယံ မုနိ - ၌ မုနိသဒ္ဒါသည် ရဟန်းသာမညအနက်ကို မဟော၊ မြတ်စွာဘုရားအနက်ကို ဟောသည်၏အဖြစ်၊ ထိုမုနိ (မြတ်စွာဘုရား) ဟူသည် "ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ" ဟု ဟောကြားတော်မူသော ဘုရားကို ယူရမည်၏အဖြစ်ကို သိစေသည်။

(ဂ) ဖြင့် အဘယ့်ကြောင့် သမယ၌ စိတ်ကို ညွှန်ပြရပါသနည်း ဟူသော ပုစ္ဆာကို သိစေသည်။ ထို့ပြင် သမယေ နိဒ္ဒိသိ စိတ္တံ ၏ အကျိုးပြ စကားရပ် အဖြစ်ကိုလည်း သိစေသည်။

(ဃ) တေန သမယနိယမိတေန စိတ္တေန - ဖြင့် စိတ္တေန သမယံ မုနိ၌ စိတ္တေနအရ သမယဖြင့် အထူးပြုမှတ်သားအပ်သော စိတ်ကိုယူရမည်၏ အဖြစ်။ ပရိယောသာနေ "တသ္မိံ သမယေ"တိ ဧဝံ သမယံ နိယမေတွာန - ဖြင့် နိယမေတွာန ဒီပေတုံ၌ နိယမ - မှတ်သားအပ် အထူးပြုအပ်ဟူသည် အဆုံး၌ တသ္မိံ သမယေ - ဟူ၍ သမယကို မှတ်သားအပ် အထူးပြုအပ်သည် အဖြစ်ကို သိစေ သည်။

အထ ဝိဇ္ဇမာနေပိ သမယနာနတ္တေ ယသ္မိံ သမယေ စိတ္တံ၊ တသ္မိံ ယေဝ သမယေဖြင့် တသ္မိံ သမယေ - ထိုအခါ၌ဟူသည် စားရာကာလ, သွားရာ ကာလ စသည်ဖြင့် ကာလသမယများစွာ ရှိသော်လည်း အခြားကာလ

http://www.dhammadownload.com



တို့ကိုမယူရ၊ စိတ်ဖြစ်ရာကာလ သမယကိုသာယူရမည့်၏ အဖြစ်ကို သိစေသည်။

ဖဿော ဟောတိ ဝေဒနာ ဟောတီတိ ဝံ တသ္မိံ စိတ္တနိယမိတေ သမယေဖြင့် ဓမ္မေ တတ္တ ပဘေဒတော၌ တတ္တအရ စိတ်ဖြင့် မှတ်သားအပ်သော (စိတ်နှင့်အတူ တကွ ဖဿစသော တရားတို့ဖြစ်ရာဖြစ်သော) သမယကို ယူရမည့်၏ အဖြစ်ကို သိစေ သည်။

ဓတေ သန္တတိ (ပ) ဝသေန ဒုရနုဗောဓပ္ပဘေဒေ ဖဿဝေဒနာဒယော ဓမ္မေ အရ ဗောဓေတုံ-နှင့် ဓမ္မေ တတ္တ ပဘေဒတော-၌ ဓမ္မေ-အရ တစ်ခုနှင့် တစ်ခု ခွဲခြား၍ မသိနိုင်လောက်အောင် သန္တတိ, သမူဟ, ကိစ္စ, အာရုံတို့၏ အဖြစ်ဖြင့် ယှဉ်တွဲ၍ ဖြစ်ပေါ်နေသော ဖဿ, ဝေဒနာ စသော တရားတို့ကို ယူရမည့်၏ အဖြစ်၊ ပဘေဒ အရကို ဖဿ,ဝေဒနာ စသော အထူးအပြားတို့ကို ယူရမည့်၏အဖြစ်၊ ဒီပေတုံ ပြခြင်းငှာဟူသည် ဝေနေယျတို့ကို သိစေခြင်းပင် ဟူသော အဓိပ္ပါယတ္တ အဖြစ်ကို သိစေသည်။

## ၇။ (ဃ) တသ္မိံ ယေဝ သမယေ

စိတ်ဖြစ်ရာ ကာလသည် ဂဟေတဗ္ဗ။ စားရာကာလ, သွားရာကာလ စသည် တို့သည် နိဝတ္တေတဗ္ဗ။ ဖဿ, ဝဒနာ စသော သမ္ပယုတ်တရားတို့၏ ဖြစ်ရာကာလသည် အနုညာတ။

## ဓမ္မေ တတ္တ ပဘေဒတော။

တတ္တ-ကား စိတ္တေန သမယံ မုနိ- ပါဒဖြင့် ဆိုခဲ့သော စိတ်ဖြင့် မှတ်သား အပ်သော သမယ-ကို စွဲသောကြောင့် ပဋ္ဋက္ခဝိသယ။

ကျန်ပုဒ်များ သိလွယ်သည်။

၈။ သမယေ နိဒ္ဒိသိ စိတ္တံ, နိယမေတွာန ဒီပေတုံ-တို့၌ နိဒ္ဒိသိ, နိယမေတွာန ဒီပေတုံတို့ဝယ် ဓာတ်အရ မြတ်ဗုဒ္ဓ၏ ဒေသနာဉာဏ် စိတ္တုပ္ပါဒ်ကို ကောက်၍ ကြိယာငါးတန် ထုတ်ပါ။

http://www.dhammadownload.com



## ဖောခေတုံ

ဖောခေတုံ-၌ ခာတ်အရ ဝေနေယျတို့၏ သန္တာန်၌ ဖြစ်သော ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။ မြတ်စွာဘုရားက ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ-စသည်ဖြင့် ဟောခြင်းသည် ဒီပနတ္ထ။ ဝေနေယျတို့၏ အတ္ထဝေဒ, ဓမ္မဝေဒ အကျိုးတို့သည် ပကာသနတ္ထ။ မြတ်ဗုဒ္ဓ၏ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်နှင့် မဟာကရုဏာတော် စသည်တို့သည် အကြောင်း ဝိဘာဝတ္ထ။ အဘိဓမ္မာ ပရမတ္ထသဘာဝတို့ကို ထိုးထွင်း သိမြင်ခြင်း, ရုပ်နာမ်ကို ခွဲခြားသိမြင်ခြင်း စသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

## ၁၀။ သမယေ နိဒ္ဒိသိ စိတ္တံ

နိဒ္ဒိသိ-အရ ဒေသနာဉာဏ် စိတ္တုပ္ပါဒ်။ (ပစ္စယုပ္ပန်)။ စိတ္တံ-အရ ကာမာဝစရ ကုသိုလ်စိတ်။ (ပစ္စည်း) အာရမ္မဏ။ အာ. ဓိ. ဥပ။

သမယေ-အရ ကာလပညတ်။ နိဒ္ဒိသိ-အရ ဒေသနာဉာဏ် စိတ္တုပ္ပါဒ်။ ပကတူပ။

## စိတ္တေန သမယံ မုနိ , နိယမေတွာန ဒီပေတုံ။

စိတ္တေန အရ ကာမာဝစရကုသိုလ် စိတ်ရ၏။ နိယမတွာန.ဒီပေတုံတို့-အရ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ရ၏။ ယခင်နည်းအတိုင်း အာရမ္မဏ ပြိုင်။

သမယံ-အရ ကာလပညတ်ရ၏။(တစ်နည်း) ပရမတ္ထဓမ္မမှ လွတ်သော ကာလ မည်သည်မရှိ၊ ပရမတ္ထတရားတို့၏ ဖြစ်ရာကာလကိုပင် ကာလ-ဟု ဆိုအပ်သောကြောင့် သမယံ-အရ ဤနေရာ၌ ကာမာဝစရာကုသိုလ် စိတ္တုပ္ပါဒ်ကို အဝိနာဘာဝနည်းဖြင့် ယူအပ်၏။ နိယမေတွာန - အရ ဒေသနာ ဉာဏ် စိတ္တုပ္ပါဒ်ကို ယူအပ်၏။ အာရမ္မဏ ပြိုင်။

ပညတ်ပစ္စည်းဖြစ်က ပြိုင်ပစ္စည်းမရှိ။ ကာမာဝစရကုသိုလ်ပစ္စည်းဖြစ်က အာ.ဓိ. ဥပပြိုင်။

http://www.dhammadownload.com



**နိယမေတွာန ဒီပေတုံ**

ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ကို ချည်းကောက်၍ ပကာတူပပြိုင်။ (တစ်နည်း) သဟာဇာတပြိုင်။

**နိဒ္ဒိသန္တော နိဒ္ဒိသိ**

ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ကို ချည်းကောက်၍ သဟာဇာတပြိုင်။

**ဓမ္မေ ဇောဓေတုံ**

ဓမ္မေ-အရ ဖဿ စသော တရား။ ဇောဓေတုံ-အရ ဉာဏ်ပြဋ္ဌာန်းသော မဟာကု+ကြိ စိတ္တုပ္ပါဒ်။ အာရမ္မဏာပြိုင်။

< >

## ၅၀။ သမယသဒ္ဒါ အဖွင့် (၂)

(က) ဧတသု ပစ္စယသာမဂ္ဂီ၊ သမဝါယော ခဏော ပန။
ခေကာဝ နဝမော ဧဉ္စယျော၊ စတ္တာနိ စတုရောပိ ဝါ။

(ခ) ယာ ဟိ ဧသာ သာဓာရဏဖလနိပ္ဖါဒကတ္တေန သဏ္ဌိတာ ပစ္စယာနံ သာမဂ္ဂီ၊ သာ ဣဓ "သမဝါယော"တိ ဉာတဗ္ဗာ။

(ဂ) "ဧကောဝ ခေါ ဘိက္ခဝေ ခဏော စ သမယော စ ဗြဟ္မစရိယ ဝါသာယာ"တိ ဧဝံ ဝုတ္တော ပန နဝမော ခဏော "ဧကော ခဏော"တိ ဝေဒိတဗ္ဗော။

(ဃ) ယာနိ ဝါ ပနေတာနိ "စတ္တာရိမာနိ ဘိက္ခဝေ စက္ကာနိ၊ ယေဟိ သမန္နာဂတာနံ ဒေဝမနုဿာနံ စတုစက္ကံ ဝတ္တတီ"တိ ဧတ္ထ ပတိရူပဒေသဝါသော, သပ္ပုရိသူပနိဿယော, အတ္တသမ္မာ ပဏိဓိ, ပုဗ္ဗေ စ ကတပုညတာတိ စတ္တာရိ စက္ကာနိ ဝုတ္တာနိ။

http://www.dhammadownload.com



(င) တောနိ ဝါ ကေဝ္လံ ကတွာ ဩကာသဋ္ဌေန "ခဏော" တိ ဝေဒိတဗ္ဗာနိ။
(စ) တာနိ ဟိ ကုသလုပ္ပတ္တိယာ ဩကာသဘူတာနိ။
(ဌ-၁၀၀၊ ၁၀၁)

(င) ဝါကျ၌ ဝါ-သဒ္ဒါပိုနေသည်။ ပါစရာမလို။
၁။ တေသု = ထိုသမဝါယ, ခဏ, ကာလ, သမူဟ, ဟေတု ဟူသော သမယ သဒ္ဒါ၏ အဓိပ္ပေတတ္ထ အနက်ငါးမျိုးတို့တွင်။

## ၂။ (က) ဝါကျသို့ ပါပနာ

ဆရာ ယသ္မိံ သမယေ ကာမာဝစရံ- အစရှိသောပါဠိ၌ သမယ-သဒ္ဒါသည် သမဝါယ စသော အနက်ငါးမျိုးတို့ကို ဟော၏ဟုဆိုတော်မူ၏။ ယင်းသို့သာဆိုလျှင် သမယသဒ္ဒါ၏ အဓိပ္ပေတတ္ထကိုသာ သိသင့်၍ ထိုသမဝါယ စသည်တို့၏သရုပ် (အဘိဓေယျတ္ထ)ကိုမူ မသိသင့် ဟူသော အနက်သည် ရောက်၏။ ယင်းတို့၏ သရုပ် (အဘိဓေယျတ္ထ)ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (က) မိန့်။
( အတိဗျာပိတဒေါသ, အဗျာပိတဒေါသလည်း တင်နိုင်။)

**အဓိပ္ပါယ်ကား**

အကြောင်းတရားတို့၏ ညီညွတ်ခြင်းသည် သမဝါယ၊ ဗုဒ္ဓုပ္ပါဒ နဝမခဏ နှင့် စတုစက္ကသမ္ပတ္တိခဏတို့သည် ခဏမည်၏ ဟူလို။

## (ခ) ဝါကျသို့

ဆရာ အကြောင်းတရားတို့၏ ညီညွတ်ခြင်းသည် သမဝါယမည်၏ဟု ဆိုတော်မူ၏။ ထိုစကားသည် အကျဉ်းမျှသာဖြစ်၍ အကျယ်ကို ပြဆိုသင့်သေးသည် မဟုတ်လော။ စုဒ်ကြောင့် (ခ) မိန့်။

**အဓိပ္ပါယ်ကား**

ဆက်ဆံသောအကျိုးကို ပြီးစေတတ်သည်၏ အဖြစ်ဟု ဆိုအပ်သော

http://www.dhammadownload.com



ဝတ္ထုပုရေဇာတသတ္တိ, အာရမ္မဏပုရေဇာတသတ္တိ စသည်ဖြင့် ကောင်းစွာတည်သော ဝတ္ထု, အာရုံ စသော အကြောင်းတရားတို့၏ ညီညွတ်ခြင်းသည် သမဝါယမည်၏ ဟူလို။

(ဂ) သို့--

ဆရာ ဆရာသည် (ခ) ဝါကျဖြင့် ပစ္စယသာမဂ္ဂီ သမဝါယော ဟူသော အကျဉ်းသခေ်ပ၏ အကျယ်ကို ဆိုတော်မူ၏။ ခေကာဝ နဝမော ခဏော-အရ နဝမခဏ-အရကို မသိရသေးသည် မဟုတ်ပါလော။ ယင်းနဝမခဏ ဟူသည် အဘယ်နည်း။ စုဒ်ကြောင့် (ဂ) မိန့်။

**အဓိပ္ပါယ်ကား**

ခေကာဝ ခေါ် ဘိက္ခဝေ ခဏော စ သမယော စ ပြဟ္မစရိယဝါသာယ-စသည်ဖြင့် ဟောကြားအပ်သော မဂ္ဂပြဟ္မစရိယကို ကျင့်သုံးခွင့် ရနိုင်သည့် ဗုဒ္ဓုပ္ပါဒနဝမခဏကို ယူရမည် ဟူလို။

(ဃ) သို့--

ဆရာ ဆရာသည် (ဂ) ဝါကျဖြင့် ဗုဒ္ဓုပ္ပါဒနဝမခဏ ဟူသော ကာလ၏ သရုပ်ကို ဆိုတော်မူ၏။ စက္ကာနိ စတုရောပိ ဝါ-အရ စက် ၄-ပါးသရုပ်ကို အကျယ် မသိရသေးသည် မဟုတ်ပါလော။ ထိုစက် ၄-ပါးသရုပ်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

**အဓိပ္ပါယ်ကား**

စတ္တာရိမာနိ ဘိက္ခဝေ စက္ကာနိ- စသည်ဖြင့် ဟောကြားတော်မူအပ်သော ပတိရူပဒေသဝါသ- စသော လေးပါးကို စက် ၄-ပါးဟု ဆိုပါ၏ ဟူလို။

(င) ဝါကျသို့--

ဆရာ ဆရာသည် ခဏ-အရ စတုစက္ကသမ္ပတ္တိခဏတို့ကို ယူရမည်ဟု ဆိုတော်မူခဲ့၏။ ယင်းသို့ဖြစ်လျှင် "ခဏော"ဟု ကေဝုစ်ဖြင့် မဆိုသင့်သည်

http://www.dhammadownload.com



မဟုတ်ပါလော။ (ခဏော-ဟု ဧဟုဝုစ်ဖြင့် ဆိုသင့်သည်မဟုတ်ပါလော။) အဘယ့်ကြောင့် ခဏောဟု ဧကဝုစ်ဖြင့် ဆိုရပါသနည်း။ စုဒ်ကြောင့် ဧတာနိ ဝါ ဧကစ္စံ စသော (င) ဝါကျကို မိန့်။

**အဓိပ္ပါယ်ကား**

သမ္ပတ္တိစက်သည် ၄-မျိုးပြားသော်လည်း တည်ရာဟူသော အနက်ကိုဟောတာချင်း တူသောကြောင့် တစ်ခုတည်းပေါင်းပြီး "ခဏော" ဟု ဧကဝုစ်ဖြင့် ဆိုရသည် ဟူလို။

## (စ) ဝါကျသို့--

ဆရာ တည်ရာဟူသော အနက်ကြောင့် နဝမခဏနှင့် စတုစက္ကသမ္ပတ္တိခဏတို့ကို တစ်ပေါင်းတည်းပေါင်း၍ ခဏောဟုဆိုကြောင်း ဆိုတော်မူ၏။ ထို နဝမခဏ,စတုစက္ကသမ္ပတ္တိခဏတို့သည် မျက်စိဖြင့် မြင်ကောင်းသော အရာများ မဟုတ်သောကြောင့် ဩကာသ-တည်ရာဟူ၍ မဆိုသင့်သည် မဟုတ်ပါလော။ အဘယ့်ကြောင့် ယင်းတို့ကို ဩကာသဟု ဆိုရပါသနည်း။ စုဒ်ကြောင့် (စ) ဝါကျ မိန့်။

**အဓိပ္ပါယ်ကား**

ထိုနဝမခဏ. စတုစက္ကသမ္ပတ္တိခဏတို့သည် ကုသိုလ်ဖြစ်ခြင်း၏ အခွင့်အလမ်း အကြောင်းဖြစ်သောကြောင့် ယင်းတို့ကို ဩကာသ (ခဏ) ဟူ၍ ဆိုရသည် ဟူလို။

၃။ (က) ဝါကျဖြင့် သမယသဒ္ဒါ၏ ဣစ္ဆာဓိပ္ပေတတ္ထ ငါးနက်တို့တွင် သမဝါယ အနက်. ခဏအနက်တို့၏ သရူပတ္ထကို ကောက်ပြသောကြောင့် အတိဗျာပိတကို ပယ်သည်။ (အဗျာပိတကို ပယ်သည်ဟုလည်း ဆိုနိုင်သည်။)

(ခ) ဝါကျဖြင့် (က) ဝါကျလာ အကျဉ်းသခ်ေပ စကားရပ်တို့၏ အကျယ်အနက်အဓိပ္ပါယ်ကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်သည်။

http://www.dhammadownload.com



(ဂ) ဝါကျဖြင့် နဝမခဏာ၏ အကျယ် (ဃ) ဝါကျဖြင့် စတုစက္ကသမ္ပတ္တိခဏတို့၏ အကျယ်ကိုပြသောကြောင့် အဇ္ဈာပိတဒေါသကို ပယ်သည်။

(င) ဝါကျဖြင့် ထိုသို့ခဏသည် နှစ်မျိုးပြားသော်လည်း ဩကာသ - အခွင့် အလမ်း ဟူသောအနက်ကြောင့် တစ်ခုတည်းပေါင်း၍ ဆိုရသည်ဟု ပြသောကြောင့် ဩစိတျဟီန. ဝိရောဓိဒေါသတို့ကို ပယ်သည်။

(စ) ဝါကျဖြင့် ထို နဝမခဏ. စတုစက္ကသမ္ပတ္တိခဏတို့သည် ကုသိုလ်ဖြစ်ခြင်း၏ အခွင့်အလမ်း ဖြစ်ခြင်းကြောင့် ဩကာသဋ္ဌ ဟူသော ဝါစကားသည် ယုတ္တိရှိသည်ဟု ပြသောကြောင့် ဩစိတျဟီန. ဝိရောဓိဒေါသတို့ကို ပယ်သည်။

**ဝါသဒ္ဒါ**

(က) စက္ကာနိ စတုရောပိ ဝါ၊ (ဃ) ယာနိ ဝါ ပနေတာနိ။

ဗုဒ္ဓုပ္ပါဒနဝမခဏဟူသော အနက်မှတစ်ပါး စတုစက္ကသမ္ပတ္တိခဏဟူသော အနက်ကို လဲပြလိုသောကြောင့် ဝါ- ထားသည်။

၄။ ＊ သမံ အဇတိ ဂစ္ဆတီတိ သမဂ္ဂေါ။ (သံ + အဇ + ဏ) (ဓာတုပစ္စယဒီပနီ)

＊ သမံ ဂယှတေတိ သမဂ္ဂေါ။ (သမ+ ဂဟ + ကွိ)။ (ဘာသာဋီကာ)

＊ သမဂ္ဂါနံ ဘာဝေါ သာမဂ္ဂီ။ (သမဂ္ဂ+ဏ+ဤ)။ (ရှု)

＊ ပစ္စယာနံ သာမဂ္ဂီ ပစ္စယသာမဂ္ဂီ။

အကြောင်းတရားတို့၏+ ညီညွတ်ခြင်းဂုဏ်နှင့် ဂုဏေး+ဂုဏ် စပ်ခြင်း သမ္ဗန်သည် ဖျ-နိ။ ညီညွတ်ခြင်းဂုဏ်သည် ပ-နိ။

＊ သန္နိဖွဲ့ သမေတိ သမဝေတီတိ သမဝါယော။
(သံ+ အဝ + ဣ + အ။ ဣ- ကို ဧ-ပြု၊ ဧ-ကို အာယပြု)။
အညီအညွတ် ဖြစ်ခြင်းကြိယာ။

＊ ခဏောတီတိ ခဏော။ (ခဏ+အ) ညှဉ်းဆဲခြင်း။

http://www.dhammadownload.com



(တစ်နည်း) သတ္တာနံ အာယု ခီယတိ ဧတ္တာတိ ခဏော။ (ခီ+ယု) ကုန်ခန်းခြင်း။

* နဝန္နံ ပူရဏော နဝမော။ (နဝ+မ)။

ကိုးခုတို့၏ + ပြည့်ကြောင်းဖြစ်သော ဝတ္ထုနှင့် အပေါင်း+အစိတ် သမ္ဗန်သည် ဗျု-နိ။ ကိုးခုမြောက်တစ်ခုသည် ပ-နိ။

* သဟ အာစာရဏေန ယံ ဝတ္တတီတိ သာစာရဏံ။ (ဖလံ)

* ကရောတိ ဂမနံ အနေနာတိ စက္ကံ။ (လှည်းဘီး)။ (ကရ+က) စရတိ ပဝတ္တတီတိ စက္ကံ။ (စရ+က) (လှည်းဘီး) စက္ကံ ဝိယ စက္ကံ။ (သမ္ဗုတ္တိစက်)။ (စက္က+ဏ)

လှည်းဘီး၏ + သမ္ဗုတ္တိစက်နှင့် ဥပမာန + ဥပမေယျ သမ္ဗန်သည် ဗျု-နိ။ တူမျှခြင်း (ဥပမာ) သည် ပ-နိ။

* ပတိရူပဒေသေ ဝါသော ပတိရူပဒေသဝါသော။

* သပ္ပုရိသာနံ ဥပနိဿယော သပ္ပုရိသူပနိဿယော။

* အတ္တနော သမ္မာပဏိဓိ အတ္တသမ္မာပဏိဓိ။

* ကတံ ပုညံ ယေနာတိ ကတပုညော။ (ပုဂ္ဂလော)

* ကတပုညဿ ဘာဝေါ ကတပုညတာ။ (ပုညံ)

ကောင်းမှုရှင် ပုဂ္ဂိုလ်၏+ကောင်းမှုနှင့် သာမီ+သံ စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။ ကောင်းမှုကုသိုလ်သည် ပ-နိ။

* စေတာ ယေဝ စေတ္တံ။ (စေတာ+ဏျ)။

၅။ သာမဂ္ဂီ = တဒ္ဓိတ်ပုဒ်၊ ဣတ္ထိလိင်၊ နဒါဒိ၊ ဤကာရန္တ။
ပဏိဓိ = ကိတ်ပုဒ်၊ ပုံလိင်၊ ရတ္တာဒိ၊ ဣကာရန္တ။
စတ္တာရိ = နပုံလိင်။ စတုရော = ပုံလိင်။

၆။ အာဘော်လွယ်ပြီ။ ပါဠိလျှောက် ဘာဝတ္ထ.သရုပ်ကြားအဘိဓေယျတ္ထဖော်။

http://www.dhammadownload.com



## ဂ။ ဓဇောဝ, နဝဓော ခဇော

ဗုဒ္ဓုပ္ပါဒနဝမခဏသည် ဂဟေတဗ္ဗ။ အဋ္ဌက္ခဏသည် နိဝတ္တေတဗ္ဗ။ စတုစက္ကသမ္ပတ္တိခဏသည် အနညာတ။ (ဓဇောဝ-၌ ဓဝသည် အဋ္ဌက္ခဏကိုသာ တားမြစ်နိုင်သည်။ ကုသိုလ်ဖြစ်ရန် အခွင့်အလမ်းဖြစ်သော စတုစက္ကသမ္ပတ္တိ ခဏကို မတားမြစ်နိုင်။)

### ဝိသယ

(က) ဓဇော = ပဋ္ဌက္က။ လွန်ပြီး အနက်ငါးပါးကို စွဲ။

(ခ) ယာ သော = ပသိဒ္ဓ။ ပစ္စယာနံ သာမဂ္ဂီ စွဲ။

(ဃ) ယာနိ တာနိ = ပသိဒ္ဓ။ စတ္တာရိ စက္ကာနိကို စွဲ။

(င) တောနိ = ပဋ္ဌက္က။

(စ) တာနိ = ပဋ္ဌက္က။

## ခ။ ဓဇောဝ နဝဓော ခဇော။

ဗုဒ္ဓုပ္ပါဒနဝမခဏသည် ဒဿနတ္တ။ ပါရမီတော်၏ ပြည့်စုံခြင်းသည် ဒီပကတ္တ။ ကုသိုလ်တရား ဖြစ်ပွားခြင်း ကုသိုလ်ပြုခွင့်ရခြင်းသည် ပကာသနတ္တ။ မြတ်ဗုဒ္ဓဟောကြားသည့် တရားတော်ကို နာကြားရခြင်း, လိုက်နာကျင့်သုံးခြင်း စသည်သည် အကျိုး ဝိဘာဝတ္တ။ မဂ္ဂဖြဟွစရိယကို ကျင့်သုံးရခြင်း, မဂ်, ဖိုလ်, နိဗ္ဗာန်ရခြင်း စသော အကျိုးများသည် အနဘာဝတ္တ။

### စတုစက္ကံ ဝတ္တတိ

လေးပါးသော သမ္ပတ္တိစက်သည် ဒဿနတ္တ။ ရှေးရှေးသော သမ္ပတ္တိစက်သည် ဒီပကတ္တ။ ကုသိုလ်တရား ဖြစ်ပွားခြင်းသည် ပကာသနတ္တ။ ဗုဒ္ဓသာသနာတော်နှင့် တွေ့ရခြင်း, အဆုံးအမကောင်းကိုရခြင်း စသည်တို့သည် ဝိဘာဝတ္တ။ စီးပွားဥစ္စာ တိုးတက်ခြင်း, ကောင်းသောသတင်း ကျော်ကြားခြင်းမှစ၍ မဂ်, ဖိုလ်, နိဗ္ဗာန်တိုင်အောင်သော အကျိုး အဆက်ဆက်သည် အနဘာဝတ္တ။

http://www.dhammadownload.com



## ပစ္စယာနံ သာမဂ္ဂီ

အာရုံ. ဝတ္ထု. မနသိကာရစသော အကြောင်းတရားတို့၏ ညီညွတ်ခြင်းသည် ဒဿနတ္ထ။ ဆန့်ကျင်ဘက် အကြောင်းတရားတို့၏ မရှိခြင်း ကင်းရှင်းခြင်းသည် ဒီပကတ္ထ။ သင့်လျော်သော အကျိုးတရား ဖြစ်ခြင်းသည် ပကာသနတ္ထ။ ဟေတု. အာရမ္မဏ စသော အကြောင်းများသည် ဝိဘာဝတ္ထ။ သုခ. ဒုက္ခ ခံစားရခြင်း ပီတိ. ပါမောဇ္ဇနှင့် ဒေါမနဿ. ဥပါယာသ ဖြစ်ခြင်းစသော အကျိုးများသည် အနုဘာဝတ္ထ။

၉။ သမ္ပတ္တိစက် ၄-ပါးတို့တွင် အဘယ် သမ္ပတ္တိစက်သည် ပဓာန ဖြစ်ပါသနည်း။

အင်္ဂုတ္တိုရ် အဋ္ဌကထာ စက္ကသုတ် အဖွင့်၌ ပုဗ္ဗေ စ ကတပုညတာ စက်သည် ပဓာနဖြစ်သည်။ ရှေးဘဝက ဉာဏသမ္ပယုတ် ကုသိုလ်ကံပါခဲ့မှ သင့်လျော်သော အရပ်ဒေသ၌ ဖြစ်ရသည်။ သူတော်ကောင်းတို့နှင့် တွေ့ဆုံပေါင်းသင်းရသည်။ မိမိကိုယ်.စိတ်ကို ကောင်းစွာထားတတ်သည်ဟု ဖွင့်၏။

ပုဗ္ဗေ စ ကတပုညတာတိ ပုဗ္ဗေ ဥပစိတကုသလတာ။

ဣဒမေဝ စေတ္ထ ပမာဏံ၊ ယေန ဟိ ဉာဏသမ္ပယုတ္တ စိတ္တေန ကုသလကမ္မ ကတံ ဟောတိ၊ တဒေဝ ကုသလံ တံ ပုရိသံ ပတိရူပဒေသေ ဥပနေတိ၊ သပ္ပုရိသေ ဘဇာပေတိ၊ သော ဇဝ စ ပုဂ္ဂလော အတ္တာနံ သမ္မာ ဌပေတိ။ (အံ-ဋ္ဌ၊၂၊၂၉၀)

မူလဋီကာ၌ကား အတ္တသမ္မာပဏိဓိကင်းပြီး ကုသိုလ်စိတ်တို့၏ ဖြစ်ခွင့်မည်သည် မရှိ။ အနည်းဆုံးအတ္တသမ္မာပဏိဓိရှိမှ ကုသိုလ်ဖြစ်နိုင်သည်-ဟု ဖွင့်သည်။ အတ္တသမ္မာပဏိဓိက ပဓာန ဖြစ်သည်ဟု ဆိုသည်။

သဗ္ဗတ္ထိမေန ပရိစ္ဆေဒေန အတ္တသမ္မာပဏိဓိနာ မန္တရေန နတ္ထိ ကုသလဿ ဥပ္ပတ္တီတိ ခဏော ဏ္ဍ ဂဟိတော။ (မူလဋီ၊ ၁၊ ၆၀)

အဇာတသတ်သည် ကုသိုလ်ကံကောင်း ပါခဲ့သောကြောင့် ဘုရင့်သား ဖြစ်၍ ဘုရင်စည်းစိမ် ခံစားရသည်။ သို့သော် အတ္တသမ္မပဏိဓိစိတ် ချို့တဲ့သဖြင့်

http://www.dhammadownload.com



အဖေကို ညှဉ်းဆဲသတ်ဖြတ်မိကာ အဝီစိ ငရဲကြီးသို့ ရောက်ခဲ့ရသည်။

ဒေဝဒတ်သည်လည်း တိဟိတ်ပုဂ္ဂိုလ်ဖြစ်၏။ ရျာန် အဘိညာဉ်တွေကို ပင် ရခဲ့၏။ ဤသို့ ပုဗ္ဗေ စ ကတပုညတာစက်နှင့် ပြည်းစုံသော်လည်း အတ္တသမ္မာပဏိဓိစက် ပျက်ကာ ယုတ်မာသောစိတ်များ ဝင်ခဲ့သောကြောင့် ဘုရားရှင်ကို မသင့်သော နည်းဖြင့် ပြုမိ၍ အဝီစိ ငရဲကြီးသို့ ရောက်ခဲ့ရသည်။

ဤသည်တို့ကိုထောက်၍ အတ္တသမ္မာပဏိဓိက ပိုပြီး အခြေခံကျကြောင်း သိနိုင်ပါသည်။

၁၀။ ဉာတဗ္ဗာ, ဝေဒိတဗ္ဗာ, ဝေဒိတဗ္ဗာနိ တို့၌ ဓာတ်-အရ သောတုဇနတို့၏ ဉာဏ်ပြဋ္ဌာန်းသော မဟာကု+ကြိ စိတ္တုပ္ပါဒ်ကို ကောက်၍ တဗ္ဗ-ပစ္စည်း တို့အရ ထိုက်သည့်အားလျော်စွာ အကြောင်းတို့၏ ညီညွတ်ခြင်း စသည်ကို ကောက်၍ အာရမ္မဏမျိုး ပြုင်ပါ။

ဝုတ္တော, ဝုတ္တာနိတို့၌ ဓာတ်အရ ဒေသနာဉာဉ် စိတ္တုပ္ပါဒ်ကို ကောက်၍ တပစ္စည်းအရ ဒေသနာဟူသော ဝစီဘေဒ စိတ္တဇသဒ္ဒကို ကောက်ကာ သဟဇာတမျိုး ပြုင်ပါ။

≺ ≻

## ၅၁။ သမယ အဖွင့် (၃)

(က) ကသ္မာ ပန ဓေတသု ယံကိဉ္စိ ဓကံ အပရိဂ္ဂဟေတွာ သဗ္ဗေသံ ပရိဂ္ဂဟော ကတောတိ? ။

(ခ) တေန တေန တဿ တဿအတ္တဝိသေသဿ ဒီပနတော။

(ဂ) ဓေတသု ဟိ သမဝါယသင်္ခါတော သမယော အနေက ဟေတုတော ဝုတ္တိံ ဒီပေတိ။

(ဃ) တေန ကေကာရဏဝါဒေါ ပဋိသေဓိတော ဟောတိ။

http://www.dhammadownload.com



(င) သမဝါယော စ နာမ သာဓာရဏဖလနိပ္ဖါဒနေ အညမညာ ပေက္ခော ဟောတိ၊ တသ္မာ "ဧကော ကတ္တာ နာမ နတ္ထိ" တိ ဉာပနတ္ထံ ဒီပေတိ။

(စ) သဘာဝေန ဟိ ကာရဏော သတိ ကာရဏန္တရာပေက္ခာ အယုတ္တာတိ။

(ဆ) ဇဝံ ကေဿ ကဿစိ ကာရကဿ အဘာဝဒီပနေန "သယံ ကတံ သုခဒုက္ခ" န္တိ အာဒိ ပဋိသေဓိတံ ဟောတိ။

(ဋ္ဌ-၁၀၂)

## ၁။ (ဃ) ဝါကျသို့

တေန - ထိုသို့ အနေကဟေတုကြောင့် ဖြစ်ခြင်းကို ပြခြင်းဖြင့်။ (ဝါ) အနေက ဟေတုကြောင့် ဖြစ်ခြင်းကို ပြကြောင်း ဖြစ်သော သမဝါယဟု ဆိုအပ်သော သမယဖြင့်။ (ပြည် နိဿယ)

## ၂။ (က) ဝါကျသို့

ဆရာ ဆရာသည် ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ၌ သမယသဒ္ဒါသည် သမဝါယစသော အနက်ငါးပါးတို့ကို သိမ်းယူအပ်၏ (ဟောအပ်၏) ဟု ဆို၏။ ထိုအနက်ငါးပါးတို့တွင် တစ်ပါးပါးကိုသာ ယူသင့်သည် မဟုတ်ပါလော။ အဘယ့်ကြောင့် တစ်ပါးပါးကို မယူဘဲ အနက်ငါးပါးလုံးကို ယူအပ်သနည်းဟု မေးဖွယ်ရှိ၍ ထိုအမေးကို ပြလိုသော ဆရာသည် (က) မိန့်။

## (ဂ) ဝါကျသို့ ပါပနာ

ဆရာ ဆရာသည် (ခ) ဝါကျဖြင့် ထိုထို သမယသဒ္ဒါဖြင့် ထိုထို အနက်ထူးကို ပြတတ်သောကြောင့် အနက်ငါးပါးလုံးကို ယူအပ်၏ဟု ဆိုတော်မူ၏။ ဤသို့သာဆိုလျှင် ထိုထို သမယသဒ္ဒါက ထိုထို အနက်ထူး (သမဝါယအနက်ထက် ပိုလွန်သော အနက်ထူး)ကို ပြနိုင်ပုံကို မသိသင့်

http://www.dhammadownload.com



ဟူသော အနက်သည် ရောက်၏။ စင်စစ် မရောက်သင့်၊ ထိုကြောင့် ထိုထို သမယသဒ္ဒါက ပြအပ်သော အနက်ထူး (အတ္တ ဝိသေသ)ကိုလည်း ဆရာ ဆိုသင့်သေး၏။ မဆိုဘဲ မနေသင့်။ နေရချေသော် အဗျာပိတဒေါသ ရောက်ရာ၏။ စုဒ်ကြောင့် (ဂ) ဝါကျမိန့်။

**အဓိပ္ပါယ်ကား**

သမယသဒ္ဒါက သမဝါယ အနက်ကို ဟောသောကြောင့် ကုသိုလ်စိတ်သည် တစ်ခုသော အကြောင်းကြောင့် ဖြစ်သည်မဟုတ်၊ များစွာသော အကြောင်းတို့ကြောင့် ဖြစ်သည်ဟူသော အနက်ထူးကို ပြနိုင်သည် ဟူလို။ (ဒေါသပယ်လေ)

## (ဃ) ဝါကျသို့ ပါပနာ

ဆရာ ဆရာသည် (ဂ) ဝါကျဖြင့် သမယသဒ္ဒါသည် သမဝါယ အနက်ကိုဟောသောကြောင့် ကုသိုလ်စိတ်သည် များစွာသော အကြောင်းတို့ကြောင့် ဖြစ်သည်ဟူသော အနက်ကို ပြ၏-ဟု ဆို၏။ ယင်းသို့သာ ဆိုချေသော် သမဝါယ အနက် ဟောသော သမယသဒ္ဒါက ပြနိုင်သော အနက်ထူးသည် ဤတစ်မျိုးသာ ရှိသည်ဟူသော အနက်သည် ရောက်၏။ အခြား အဘယ်အနက်ထူးကို ပြပါသေးသနည်း။ စုဒ်ကြောင့် (ဃ) ဝါကျမိန့်။

**အဓိပ္ပါယ်ကား**

ထို အနက်ထူးသာမက ကောကာရဏဝါဒကို တားမြစ်ရခြင်း အကျိုးရှိသည် ဟူသော အနက်ထူးကိုလည်း ပြနိုင်ပါသေး၏ဟူလို။

(င) ဝါကျလည်း အခြားရထိုက်သော အနက်ထူးကိုပင် ပြသည်။ နည်းမှီ၍ တက်ပါ။

## (စ) ဝါကျသို့

ဆရာ ဆရာသည် (င)ဝါကျဖြင့် သမဝါယအနက်ရှိသော သမယသဒ္ဒါ

http://www.dhammadownload.com



သည် ကုသိုလ်ဖြစ်အောင် ဖန်ဆင်းတတ်သော တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် မရှိဟူသော အနက်ကိုလည်း ပြရခြင်းအကျိုး ရှိသည်ဟုဆို၏။ ကုသိုလ်ကို တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က ဖန်းဆင်းသည်ပင် မဟုတ်ပါလော။ ဆရာ့စကား အသို့ သင့်ပါအံ့နည်း။ စုဒ်ကြောင့် (စ) မိန့်။

**အဓိပ္ပါယ်ကား**

သဘာဝတည်းဟူသော အကြောင်းမှန်ရှိနေပါလျှက် ဣဿရနိမ္မာနစသော အခြားအကြောင်းကို ရှာနေခြင်းသည် မသင့်၊ ထိုကြောင့် ကုသိုလ်ကို ဖန်ဆင်းသော တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်မည်သည် မရှိပါဟူသော ငါ၏ စကားသည် သင့်တန်ပါ၏ ဟူလို။

(ဆ) ဝါကျဖြင့်လည်း နောက်ထပ် ရထိုက်သောဒီပနတ္ထ အနက်ထူးကို ပြသောကြောင့် နည်းမှီ၍ တက်ပါ။

၃။ (က) ဖြင့် အနက်ငါးမျိုးလုံးကို ယူခြင်းကြောင့် ရထိုက်သော အကျိုးတို့ကို ပြလိုရာဝယ် ရှေးဦးစွာ ကထေတုကမျတာ ပုစ္ဆာကို ပြသောကြောင့် အဗျာပိတပယ်သည်။

(ခ) ဝါကျ ပက္ခန္တရ၊ ဝိသဇ္ဇနာဝါကျ၊ အဗျာပိတကို ပယ်သည်။

(ဂ) ဝါကျ ဝိတ္ထာရ၊ အဗျာပိတကို ပယ်သည်။

(ဃ) (င) (ဆ) ဝါကျများ ပက္ခန္တရ၊ အဗျာပိတကို ပယ်သည်။

(စ) ဝါကျကာရကဏဝါကျ ဖြစ်၍ ဩဗိတျဟီနဒေါသကို ပယ်သည်။

၄။ * ပရိဂ္ဂယှတေတိ ပရိဂ္ဂဟော။ (ပရိ + ဂဟ + အ)

* န ဧကော အနေကာ။ (အနေကေ ဝါ)

* အနေကေ (အနေကာ ဝါ) ဟေတူ အနေကဟေတူ။

* သမဝါယော အဿအတ္ထီတိ သမဝါယော။ (သဒ္ဒေါ)

သမဝါယအနက်၏ + သမဝါယသဒ္ဒါနှင့် ဝါစ္စ + ဝါ၁က စပ်ခြင်း သမ္ဗန်သည် ဗျု - နိ။ သမဝါယအနက်သည် ပ - နိ။

http://www.dhammadownload.com



* ( ပကတိ သခ်ိတံ ) ဧကံယေဝ ကာရဏံ ယဿာတိ ဧကကာရဏော။ (လောကော)

ပြဟ္မာ (ပကတိ) ဟူသော တစ်ခုသော အကြောင်း၏+လောက နှင့် အကြောင်း+အကျိုး စပ်ခြင်း သမ္ဗန်သည် ဗျု-နိ။

ပြဟ္မာ (ပကတိ) ဟူသော တစ်ခုတည်းသော အကြောင်းသည် ပ-နိ။

* ဧကကာရဏောတိ ပဝတ္တော ဝါဒေါ ဧကကာရဏဝါဒေါ။

(ယောဇနာဋ္ဌကား = ဧကကာရဏဝါဒေါ ္တတိ ဝါဒေါဟု ဖွင့်သည်။ ပြည်နိသာယ၌ ဧကေနေဝ ပကတိသခ်ါတေန ကာရဏေန ပဝတ္တော. န အနေကေဟိ ကာရဏေဟီတိ ဧကကာရဏဝါဒေါဟု ဆိုသည်။ ယင်းအလို ဧကံ ကာရဏံ ဧကကာရဏံ။ ဧကကာရဏေန ပဝတ္တောတိ ဝါဒေါ ဧကကာရဏဝါဒေါ-ဟု ဆိုရမည်။ အမှန်မှာ လောကကြီးကို ပြဟ္မာ (ပကတိ) တစ်ဦးတည်းက ဖန်ဆင်းခြင်းကြောင့် ဤလောကကြီးသည် ပြဟ္မာဟူသော အကြောင်းတစ်ပါးသာ ရှိသည်ဟု စွဲယူမှတ်ထင်ခြင်းသာ ဖြစ်ခြင်းကြောင့် ဧကကာရဏ-ကို ဗဟုဗ္ဗီဟိသမာသ် ပြုခြင်းသာ ကောင်းသည်။)

* အညမညံ အပေက္ခာ ယဿာတိ အညမညာပေက္ခော။ (သမဝါယော)

အချင်းချင်းငဲ့ခြင်း၏+ သမဝါယနှင့် သဘာဝ+သဘာဝဝန္တ စပ်ခြင်း သမ္ဗန်သည် ဗျု-နိ။ အချင်းချင်း ငဲ့ခြင်းသည် ပ-နိ။

(ပြည်နိသာယ၌ တပ္ပုရိသ်ပေး၏။ ဗဟုဗ္ဗီဟိသာ ဖြစ်သင့်သည်။)

* ကာရဏံ စ တံ အန္တရံ စာတိ ကာရဏန္တရံ။

* ကာရဏန္တရဿ အပေက္ခာ ကာရဏန္တရာပေက္ခာ။

* ဝတ္တနံ ပဝတ္တနံ ဝုတ္တိ။ (ဝတု + (ဝတ္တ) + တိ) ဖြစ်ခြင်း။

* ပဋိသေဓီယတေ (ပဋိသိဗ္ဗတေ)တိ ပဋိသေဓိတော။ (ပဋိ + သိဓ (သိဝု)+တ) တားမြစ်ခြင်း ကြိယာ။

၅။ ဝုတ္တိ = ကိတ်ပုဒ်၊ ္တတ္ထိလိင်၊ ရတ္တာဒိ၊ ္တကာရန္တ။

http://www.dhammadownload.com



| | |
|---|---|
| ကတ္တာ | = ကိတ်ပုဒ်၊ ပုံလိင်၊ သတ္တာဒိ၊ ဥကာရန္တ။ |
| သတိ | = ကိတ်ပုဒ်၊ နပုံလိင်၊ (ကာရဏော-ထောက်) ဂစ္ဆန္တာဒိ၊ အကာရန္တ။ |
| သုခဒုက္ခန္တိအာဒိ | = သမာသ်ပုဒ်၊ နပုံလိင်၊ (ပဋိသေဓိတံ -ထောက်) ရတ္တာဒိ၊ ဣကာရန္တ။ |

၆။ (က) ဝါကျဖြင့် သမယသဒ္ဒါ၏ အနက်ကို တစ်နက်သာ မယူဘဲ အဘယ့်ကြောင့် ငါးနက်လုံးကို ယူရပါသနည်း- - ဟူသော ပုစ္ဆာကို သိစေသည်။

(ခ) ဝါကျဖြင့် ထိုထို သမယသဒ္ဒါဖြင့် ထိုထို အနက်ထူးကို ပြလိုသောကြောင့် ငါးနက်လုံးကို ယူရသည်ဟု အဖြေကို သိစေသည်။

(ဂ) ဧတေသု ဟိ- စသည်ဖြင့် ထို အနက် ငါးမျိုးတို့တွင် သမဝါယ အနက်ရှိသော သမယသဒ္ဒါကို ယူခြင်းကြောင့် ကုသိုလ်စိတ်သည် များစွာသော အကြောင်းတို့ကြောင့် ဖြစ်သည်ဟူသော အနက်ထူးကို ပြသည်ဟု သိစေသည်။

(ဃ) တေန -စသည်ဖြင့် ထိုသို့ များစွာသော အကြောင်းတို့ကြောင့် ဖြစ်သည်ဟူသော အနက်ကို ပြသဖြင့် လောကကြီးသည် ဖြဟ္မာ ဟူသော အကြောင်းတစ်ပါးတည်းကြောင့် ဖြစ်သည်ဟု မှတ်ယူစွဲလမ်းသော ဧကကာရဏဝါဒကို တားမြစ်သည် ဟူသော အနက်ထူးကိုလည်း ပြသည်၏ အဖြစ်ကို သိစေသည်။

(င) သမဝါယော စ နာမ -စသည်ဖြင့် ဆက်ဆံသော အကျိုးကိုပြီးစေရာ၌ အကြောင်းအပေါင်း၏ အချင်းချင်းငဲ့ခြင်း ရှိသည်၏ အဖြစ်သည် သမဝါယ မည်၏ ဟူသော အနက်ကို သိစေသည်။

တသ္မာ ဧကော ကတ္တာ နာမ နတ္ထိ-စသည်ဖြင့် ထိုသို့ အကြောင်းအပေါင်းတို့ ညီညွတ်မှ ကုသိုလ်တရားတို့ ဖြစ်ခြင်းကြောင့် ပြုလုပ်တတ်

http://www.dhammadownload.com



ဖန်ဆင်းတတ်သော တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်မည်သည် မရှိဟူသော အနက်ထူးကို လည်းပြသေးသည်၏ အဖြစ်ကို သိစေသည်။

(စ) သဘာဝေန ဟိ-စသည်ဖြင့် ဝဏ္ဏ, အာရုံ စသော သဘာဝ အကြောင်းများ ရှိနေသောကြောင့် ဖြစ်ပွား, ဗိသနိုး စသော အခြားအကြောင်း တစ်ပါးကို ရှာခြင်း (ငဲ့ခြင်း)၏ မသင့်လျော်သည်၏ အဖြစ်ကို သိစေသည်။

(ဆ) ဇဝံ ကေသာ ကဿစိ ကာရကဿ - စသည်ဖြင့် ဤသို့ ပြုလုပ်တတ် ဖန်ဆင်းတတ်သော ပုဂ္ဂိုလ် တစ်စုံတစ်ယောက် မရှိဟု ပြသဖြင့် သုခ, ဒုက္ခတို့သည် မိမိဟူသော အတ္တသည် ပြုအပ်၏ဟူသော မိစ္ဆာဝါဒကို တားမြစ်သည် ဟူသော အနက်အထူးကို သိစေသည်။

ဆိုလိုရင်းမှာ- သမယသဒ္ဒါသည် သမဝါယအနက်ကို ဟောသည်ဟု ယူသဖြင့် သမဝါယ အနက်မျှကိုသာမကဘဲ (ဂ) (ဃ) (င) (ဆ) ဝါကျတို့ဖြင့် ပြအပ်သော အနက်ထူးတို့ကိုလည်း မှတ်သားရခြင်းအကျိုးရှိသည် ဟူလို။

၇။ ဝိသယ

(က) ဓေတသု = ပဋ္ဌာန္တ။ လွန်ပြီး အနက်ငါးပါးကိုစွဲ။

(ခ) တေန တေန = ပဋ္ဌာန္တ။ ဆိုခဲ့ပြီးအနက်ငါးပါးကို ဟောသော သမယ သဒ္ဒါကိုစွဲ။

တဿ တဿ = ပသိဒ္ဓ။ အတ္ထ ဝိသေသစွဲ။

(ဂ) ဓေတသု = ပဋ္ဌာန္တ။ အနက်ငါးပါးကိုစွဲ။ (တစ်နည်း) အနက်ငါးပါးကို ဟောသော သမယသဒ္ဒါကိုစွဲ။

(ဃ) တေန = အနဘူတ။ (ဂ) ဝါကျလာ အနေကဟေတုတော ဝုတ္တိ ဒီပေတိ ကိုစွဲ။

(င) တသ္မာ = အနဘူတ။ (င) ဝါကျရှေ့ပိုင်းရှိ စကားရပ်အားလုံး ကိုစွဲ။

http://www.dhammadownload.com



## ၈။ သမဝါယအနက်ဟော သမယသဒ္ဒါ၏ ကြိယာင်းတန်

၁။ သမဝါယအနက်သည် ဒဿနတ္ထ။

၂။ ဝတ္ထု, အာရုံ စသောအကြောင်းများ ပေါင်းဆုံမိမှ ကုသိုလ် စိတ်တို့၏ ဖြစ်ခြင်းသည် ဒီပကတ္ထ။ (ဝတ္ထု, အာရုံ စသော အကြောင်းများစွာ ပေါင်းဆုံမိမှ ကုသိုလ်စိတ်တို့ ဖြစ်သော ကြောင့် သမယသဒ္ဒါကို သမဝါယ အနက်ဟောဟု ယူရခြင်း ဖြစ်သည် ဟူလို)

၃။ ဧကကာရဏဝါဒကို တားမြစ်နိုင်ခြင်းသည် ပကာသနတ္ထ။

၄။ ပြဟ္မာ. ဗိဿနိုး စသော ပြုလုပ်တတ် ဖန်းဆင်းတတ်သူ တစ်စုံတစ်ယောက်မျှ မရှိဟု သိရခြင်းသည် အကျိုး ဝိဘာဝတ္ထ။ (အကြောင်း ဝိဘာဝတ္ထ မဟုတ်။)

၅။ သယံ ကတံ သုခံ ဒုက္ခံ ဟူသော မိစ္ဆာဝါဒကို တားမြစ်ခြင်း သည် အနုဘာဝတ္ထ။

(၄-၁၀၂)

## ခဏအနက်ဟော သမယသဒ္ဒါ၏ ကြိယာင်းတန်

၁။ ခဏအနက်သည် ဒဿနတ္ထ။

၂။ နဝမခဏ,စတုစက္ကသမ္ပတ္တိခဏတို့၏ ဒုလ္လဘအဖြစ်သည် ဒီပကတ္ထ။ (နဝမခဏ စသော အခွင့်ကောင်း အခါကောင်းကို ရမှသာ ကုသိုလ် ဖြစ်လေ့ရှိသောကြောင့် သမယသဒ္ဒါ ခဏအနက်ကို ဟောသည်ဟု သိရသည်ဟူလို။)

၃။ ကုသိုလ်၏ ဒုလ္လဘအဖြစ်သည် ပကာသနတ္ထ။ ( ကုသိုလ်ဖြစ်ဖို့ အခွင့်ကောင်းဖြစ်သည့် နဝမခဏ. စတုစက္ကသမ္ပတ္တိခဏတို့ ခဲယဉ်း သည် ဟု ဆိုသဖြင့် ထိုထိုအကြောင်းပြု၍ ဖြစ်သောကုသိုလ်လည်း ခဲယဉ်းသည် ဟု ဆိုလိုသည်။)

၄။ မနုဿတ္တ. ဗုဒ္ဓုပ္ပါဒ. သဒ္ဓမ္မဋ္ဌိတိ စသော အကြောင်းတို့၏ သာမဂ္ဂီ

http://www.dhammadownload.com



ဖြစ်ခြင်းသည် အကြောင်း ဝိဘာဝတ္ထ။

၅။ မောဃပုရိသ ကုသလ အနနုဋ္ဌာန ပုဂ္ဂိုလ်တို့၏ ပမာဒကို တားမြစ်ခြင်းသည် အနုဘာဝတ္ထ။ (ကုသိုလ်ဖြစ်ရန် အခွင့်ကြုံခဲသည်။ အခွင့်ကြုံခိုက် မေ့လျော့မနေဘဲ ကြိုးစားအားထုတ်ကြဟု တိုက်တွန်းရာ ရောက်သည် ဟူလို။)

(ဋ္ဌ-၁၀၂-၁၀၃)

## ကာလအနက်ဟော သမယသဒ္ဒါ၏ ကြိယာငါးတန်

၁။ ကာလအနက်သည် ဒဿနတ္ထ။

၂။ ကုသိုလ်စိတ် ဖြစ်ရာကာလ၏ အလွန်နည်းသည်၏ အဖြစ်သည် ဒီပကတ္ထ။

၃။ ကုသိုလ်စိတ်ဖြစ်ရာကာလကို သိနိုင်ခဲခြင်းသည် ပကာသနတ္ထ။

၄။ ထိုသို့သိရန် ခဲယဉ်းခြင်းကြောင့် ထိုကုသိုလ်စိတ် ဖြစ်ရာကာလကို (ကုသိုလ်စိတ်ကို) သိအောင် အားထုတ်ကြကုန်ဟု မတိုက်တွန်းသော်လည်း တိုက်တွန်းသကဲ့သို့ ဖြစ်သော အစီအရင်သည် ဝိဘာဝတ္ထ။

၅။ ကုသိုလ်စိတ်ဖြစ်အောင် (သိအောင်) အားထုတ်ခြင်းသည် အနုဘာဝတ္ထ။ (ဋ္ဌ-၁၀၃)

## သမူဟအနက်ဟော သမယသဒ္ဒါ၏ ကြိယာငါးတန်

၁။ သမူဟအနက်သည် ဒဿနတ္ထ။

၂။ ဖဿ စသောတရားတို့၏ အပေါင်းသည် ဒီပကတ္ထ။

၃။ ထိုဖဿစသော တရားအပေါင်းနှင့်အတူ စိတ်သည်ဖြစ်၏ဟု သိရခြင်းသည် ပကာသနတ္ထ။

၄။ ဖဿတစ်ပါးတည်းဖြစ်သည်, စိတ်တစ်ပါးတည်းဖြစ်သည် ဟူသော အယူဝါဒကို တားမြစ်နိုင်ခြင်းသည် အကျိုး ဝိဘာဝတ္ထ။

http://www.dhammadownload.com



၅။ စိတ်သည် ဖဿစသော သမ္ပယုတ်တရားတို့နှင့် အတူတကွ ဖြစ်သည်ဟု သိရခြင်းသည် အနုဘာဝတ္တ။

(ဋ္ဌ - ၁၀၃)

## ဟေတုအနက်ဟော သမယသဒ္ဒါ၏ ကြိယာငါးတန်

၁။ ဟေတွတ္တသည် ဒဿနတ္တ။

၂။ ပရာယတ္တဝုတ္တိသည် ဒီပကတ္တ။

၃။ အကြောင်းရှိမှဖြစ်သည်ဟူ၍ သိရခြင်းသည် ပကာသနတ္တ။

၄။ မိမိအလိုအတိုင်းဖြစ်၏ ဟူသော မိစ္ဆာဝါဒကို ပယ်မြစ်ခြင်းသည် အကျိုး ဝိဘာဝတ္တ။

၅။ အကြောင်းမရှိဘဲဖြစ်သည် ဟူသော အဟေတုကဝါဒကို တားမြစ်နိုင်ခြင်းသည် အနုဘာဝတ္တ။ (ဋ္ဌ - ၁၀၃)

## (ဂ) ဝုတ္တိ ဒီပေတိ။

၁။ များစွာသော အကြောင်းတို့ကြောင့် ဖြစ်၏ဟူသော အနက်သည် ဒဿနတ္တ။

၂။ တစ်ခုသောအကြောင်းကြောင့် မဖြစ်ခြင်းသည် ဒီပကတ္တ။

၃။ ဧကကာရဏဝါဒကို တားမြစ်ခြင်းသည် ပကာသနတ္တ။

၄။ ပြဟ္မာ, ဗိဿနိုး စသော ပြုလုပ်တတ် ဖန်ဆင်းတတ်သူ တစ်စုံတစ်ယောက်မျှမရှိဟု သိရခြင်းသည် အကျိုး ဝိဘာဝတ္တ။

၅။ သယံ ကတံ သုခံ ဒုက္ခံ ဟူသော မိစ္ဆာဝါဒကို တားမြစ်ရခြင်းသည် အနုဘာဝတ္တ။

(ဃ) ပဋိသေဓိတော ဟောတိ။

(င) အတ္ထံ ဒီပေတိ။

(စ) ပဋိသေဓိတံ ဟောတိ - တို့ကိုလည်း နည်းမှီထုတ်ပါ။

http://www.dhammadownload.com



## ၉။ သမဝါယနှင့် ခဏအထူး

အကျိုးတရားကို မှချဖြစ်စေနိုင်သော အကြောင်းအပေါင်း၏ ညီညွတ်ခြင်းသည် သမဝါယ၊ အကျိုးတရားကို မှချဖြစ်စေနိုင်သော သဘောမရှိသော်လည်း မိမိ၏ ပယောဂသမ္ပတ္တိ စသည်ကိုစွဲ၍ အကျိုးတရား ဖြစ်ပေါ်လာနိုင်သည့် အခွင့်အလမ်းသည် ခဏ။ (ဥပမာ - ဗုဒ္ဓုပ္ပါဒ ခဏရှိရုံဖြင့် ကုသိုလ်တရား မဖြစ်သေး၊ ကုသိုလ်ဖြစ်ရန် အခွင့်အလမ်းသာဖြစ်သည်။ ကုသိုလ်ဖြစ်အောင် မိမိက ကြိုးစားအားထုတ်မှသာ ကုသိုလ်ဖြစ်လာမည်။)

## ၁၀။ ပရိတ္တဟော ကထော

ကရ - ဓာတ်အရ သမဝါယ စသော အနက်တို့ကိုယူခြင်း, မှတ်ခြင်း၏ အစွမ်းဖြင့်ဖြစ်သော ဉာဏ်ပြဒ္ဒါန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ရ၏။ (ပစ္စယုပ္ပန်) တ - ပစ္စည်း အရ သမဝါယ စသော အနက်ငါးမျိုးကိုရ၏။ (ပစ္စည်း) အာရမ္မဏသတ္တိ။

### ဝုတ္တိ ဒီပေတိ

ဝုတ္တိ - အရ များစွာသော အကြောင်းတို့ကြောင့် ဖြစ်၏ဟူသော အနက်ကို ရ၏။ ဒီပေတိ - အရ သမယသဒ္ဒါရ၏။ ပကာတူပသတ္တိ။

### ပဋိသေဓိတော ဟောတိ

ပဋိသေဓိတော၌ သိဓ (သိဓု) ဓာတ် - အရ များစွာသော အကြောင်းတို့ကြောင့် ဖြစ်၏ဟူသော အနက်ရ၏။ တ ပစ္စည်း - အရ တားမြစ်အပ်သော ဧကကာရကဝါဒ ရ၏။ ပကာတူပသတ္တိ။

ဣမဿ အတ္ထံ ဒီပေတိ, ပဋိသေဓိတံ ဟောတိ - တို့၌လည်း နည်းမှီပြီး ပြုင်ပါ။

< >

http://www.dhammadownload.com



## ၅၂။ ကာမာဝစရ် အဖွင့် (၁)

(က) တတ္ထ သင်္ခေပတော ဒွေ ကာမာ ဝတ္ထုကာမော စ ကိလေသကာမော စ။

(ခ) တတ္ထ ကိလေသကာမော အတ္ထတော ဆန္ဒရာဂေါ၊ ဝတ္ထုကာမော တေဘူမကဝဋ္ဋံ။

(ဂ) ကိလေသကာမော စေတ္ထ ကာမေတီတိ ကာမော၊ ဣတရော ပန ကာမီယတီတိ ကာမော။

(ဃ) ယသ္မိံ ပန ပဒေသေ ဒုဝိဓောပေသော ကာမော ပဝတ္တိဝသေန အဝစရတိ၊ သော စတုန္နံ အပါယာနံ မနုဿာနံ ဆန္နဉ္စ ဒေဝလောကာနံဝသေန ဧကာဒသဝိဓော ပဒေသော "ကာမော ဧတ္ထ အဝစရတီ" တိ ကာမာဝစရော သသတ္ထာ ဝစရော ဝိယ။

(ဋ္ဌ-၁၀၄)

### ၂။ (ခ) ဝါကျ ဥပနာတိက ပုစ္ဆာတက်

ဆရာ ဆရာသည် (က) ဝါကျဖြင့် ကာမာဝစရ်၌ ကာမ၏ သရုပ်ကို ဆိုတော်မူ၏။ ယင်းသို့ဆိုလျှင် ကိလေသာကာမ-အရ တေဘူမကဝဋ်၊ ဝတ္ထုကာမအရ ဆန္ဒရာဂကို ကောက်ရမည်ဟု မှတ်ရမည်လော။ ထိုကာမနှစ်ပါး အရ အဘယ်တို့ကို ကောက်ယူရမည်နည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ထိုအမေးကို ဖြေလိုသော အဋ္ဌကထာ ဆရာသည် တတ္ထ စသော (ခ) ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား**

ကိလေသာကာမအရ တေဘူမကဝဋ်၊ ဝတ္ထုကာမအရ ဆန္ဒရာဂကို မကောက်ရ။ ကိလေသာကာမအရ ဆန္ဒရာဂ၊ ဝတ္ထုကာမအရ တေဘူမကဝဋ် တို့ကို ကောက်ယူရမည် ဟူလို။

http://www.dhammadownload.com



## (တစ်နည်း) (ခ) ဌပနာပဉ္စက စောဒနာတက် (ဝါကျတက်)

ဆရာ ဆရာသည် (က) ဝါကျဖြင့် ကာမ၏ သရုပ်တို့ကို ပြဆိုတော်မူခဲ့၏။ ယင်းသို့သာဆိုလျှင် ကာမ၏သရုပ်ကိုသာ သိရ၍ အရကောက် အဘိဓေယျတ္ထကို မသိရသေးသည် မဟုတ်ပါလော။ ထို့ကြောင့် ကာမ၏ သရုပ်ကိုသာ ဆရာမဆိုသင့်။ ကာမ၏ အရကောက်ကို ဆရာ မဆိုချေသော် ဆရာ့၌ စကားမပြည့်စုံသော အဗျာပိတ အပရိပုဏ္ဏဒေါသ ရောက်ရာ၏။ ဤသို့ စောဒနာဘွယ်ရှိသောကြောင့် ယင်းစောဒနာကို သောနေ့ာလိုသော အဌကထာ ဆရာသည် (ခ) ဝါကျကို မိန့်။

**အဓိပ္ပါယ်ကား**

အသင် စောဒကဆရာ ငါသည် ကာမ၏ သရုပ်ကိုသာ ပြဆိုသည် မဟုတ်ပါ။ ကိလေသာကာမဟူသည် ဆန္ဒရာဂ၊ ဝတ္ထုကာမဟူသည် တေဘူမကဝဋ္ဋဟု ထို ကာမနှစ်ပါး၏ သရုပ်အရကောက်ကိုလည်း ငါပြဆိုသောကြောင့် သင်တင်သောဒေါသ ငါ၌မရောက် ပျောက်ပါ၏ဟူလို။

## (ဂ) ဝါကျသို့

ဆရာ ဆရာသည် (က) (ခ) ဝါကျတို့ဖြင့် ကာမ၏ သရုပ်နှင့် အဘိဓေယျတ္ထတို့ကို ဆိုတော်မူ၏။ ကာမ၏ ဝစနတ္ထကို မသိရသေးသည် မဟုတ်ပါလော။ ကာမ၏ ဝစနတ္ထကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

## (ဃ) ဝါကျ ပါပနာ ပဉ္စက

ဆရာ ဆရာသည် (ဂ) ဝါကျဖြင့် ကာမာဝစရံဝယ် ကာမဟူသော ရှေ့ပုဒ်၏ဝစနတ္ထကို ဆိုတော်မူ၏။ ယင်းသို့သာ ဆိုချေသော် ကာမ၏ ဝစနတ္ထကိုသာ သိကောင်း၍ အဝစရနှင့် ကာမာဝစရံတို့၏ ဝစနတ္ထကိုမူ မသိကောင်းဟူသော အနက်သည် ရောက်၏။ စင်စစ် ထိုအနက်သည် မရောက်သင့်။ ထို့ကြောင့် အဝစရနှင့် ကာမာဝစရံတို့၏ ဝစနတ္ထကိုလည်း ဆိုသင့်သေး၏။ မဆိုဘဲ မနေသင့်။ ယင်းတို့၏ ဝစနတ္ထကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်

http://www.dhammadownload.com



ရှိသောကြောင့် (ဃ) မိန့်။

**အဓိပ္ပါယ်ကား**

အဝစရကို အဝစရတိ ဝေတ္တာတိ အဝစရော-ဟု အဓိကရဏသာဓ် ဝစနတ္ထ ပြ၍ ကာမာဝစရောကိုမူ ကာမသ အဝစရော ကာမာဝစရော ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြရမည် ဟူလို။

၃။ (က) ဝါကျဖြင့် ကာမာဝစရ၏ သဒ္ဒပတ္ထ အဘိဓေယျတ္ထ ဝစနတ္ထတို့ကို ပြည့်ပြည့်စုံစုံ ပြဆိုသောကြောင့် အဗျာပိတ.အပရိပုဏ္ဏဒေါသကို ပယ်သည်။

(ခ) ဝါကျဖြင့် ကာမ၏ သရုပ်မျှကိုသာမက အဘိဓေယျတ္ထ ဝစနတို့ကို ပါသိလာရသောကြောင့် ( စကားမပြည့်စုံသဖြင့် သင့်ရောက်နိုင်သော ) အဗျာပိတ၊ အပရိပုဏ္ဏဒေါသကို ပယ်သည်။

(ဂ) ဝါကျဖြင့် ကာမ၏ သရုပ်နှင့် အရကောက်ကိုသာမက .ဝစနတ္ထကိုပါ သိလာရသောကြောင့် အဗျာပိတ၊ အပရိပုဏ္ဏဒေါသကို ပယ်သည်။

(ဃ) ဝါကျဖြင့် ကာမဟူသော ပုဒ်တစ်စိတ်၏ သိအပ်ရာရာ အနက်-အဓိပ္ပာယ်မျှကိုသာမက၊ ကာမာဝစရံဟူသော မူလပုဒ်၌ အဝစရဟူသော နောက်ပုဒ်နှင့် ကာမာဝစရဟူသော ပုဒ်တို့၏ ဝစနတ္ထ အဘိဓေယျတ္ထ တို့ကိုလည်း ပြည့်စုံစွာ ပြဆိုသောကြောင့် အဗျာပိတ၊ အပရိပုဏ္ဏဒေါသကို ပယ်သည်။

၄။ ✱ ဝသီယတိ ဧတ္ထာတိ ဝတ္ထု။ (ဝသ+ထု) နေခြင်းကြိယာ။

✱ ကာမိယတေတိ ကာမော။ (ကာမ+အ) အလိုရှိခြင်းကြိယာ။

✱ ဝတ္ထုယေဝ ကာမော ဝတ္ထုကာမော။

(ဝတ္ထု စ တံ ကာမော စာတိ ဝတ္ထုကာမော။)

ဝတ္ထုနှင့် ကာမတို့၏ ဝိသေသန+ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် သည် ဗျုပ္ပတ္တိနိမိတ်။

ဝတ္ထုကာမဖြစ်သည် လည်းကောင်း၊ ဝတ္ထုကာမတို့၏ တစ်ခုသည် တစ်ခု နှင့်တူသော အခြင်းအရာဟု ဆိုအပ်သော သာမညဇာတ်သည် လည်းကောင်း

http://www.dhammadownload.com



ပဝတ္တိနိမိတ်။

* ကိလိဿတီတိ ကိလေသော။ (ကိလိသ + ဏ)

ကာမေတီတိ ကာမော။ (ကာမ +အ)

ကိလေသောယေဝ ကာမော ကိလေသကာမော။

(ကိလေသော စ သော ကာမော စာတိ ကိလေသကာမော။)

* ကာမေတီတိ ကာမော (ကတ္တုသာဓနေ) ကိလေသာကာမရဏ်။

(အစိတ်)

ကာမိယတီတိ ကာမော (ကမ္မ) ဝတ္ထုကာမ ရဏ်။ (အစိတ်)

* ကာမော စ ကာမော စ ကာမာ။ (အပေါင်း)

ကိလေသာကာမ. ဝတ္ထုကာမတို့၏ အချင်းချင်း ငဲ့ခြင်းဟုဆိုအပ်သော အညမညာပေက္ခ သမ္ဘန်သည် ဗျပ္ပတ္တိနိမိတ်။

ကိလေသာကာမဒြပ် ဝတ္ထုကာမဒြပ်သည် ပဝတ္တိနိမိတ်။

* ဒွေ ဝိဓာ ပကာရာ ယဿာတိ ဒုဝိဓော။

နှစ်ပါးအပြား၏ ကာမနှင့် သင်္ချာ + သင်္ချေယျ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျပ္ပတ္တိနိမိတ်။ နှစ်ပါးအပြားဟူသော သင်္ချာသည် ပဝတ္တိနိမိတ်။

* အယတော အပေတော အပါယော။

ချမ်းသာသုခ၏ ကင်းခြင်းဂုဏ်နှင့် ဂုဏေး+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန် သည် ဗျပ္ပတ္တိနိမိတ်။ ချမ်းသာသုခ မရှိခြင်းဂုဏ်သည် ပဝတ္တိနိမိတ်။

တစ်နည်း

* နတ္ထိ အယော (ပုည) ဧတသ္မိံတိ အပါယော။

ကုသိုလ်မရှိခြင်းဂုဏ်၏ အပါယ်ဘုံနှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျပ္ပတ္တိနိမိတ်။

ကုသိုလ်ကောင်းမှု မရှိခြင်းဂုဏ်သည် ပဝတ္တိနိမိတ်။

* မနော ဥဿော ဥဿန္နံ ဧတဿာတိ မနုဿော။ (သမာသ်)

http://www.dhammadownload.com



မနတိ ဇာနာတီတိ မနသော။ (မန+ဉသာ) (ကိတ်)

မနဓာတ် ဉသာပစ္စည်းသည်လည်းကောင်း၊ သိခြင်းကြိယာ သာမည သည် လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။

ကတ္တုသတ္တိဖြင့် အထူးပြုအပ်သော သိခြင်းကြိယာ ဝိသေသသည် လည်းကောင်း၊ လူဖြင့် အထူးပြုအပ်သော လူ၏ သိခြင်းကြိယာ ဝိသေသ သည်လည်းကောင်း ပဝတ္တိနိမိတ်။

* မနသော အပစ္စံ မနသော။ (တဒ္ဓိတ်)

* မနဿာ ဧတ္ထ သန္တီတိ မနဿာ။

လူတို့၏ လူ့ဘုံနှင့် ဌာနီ+ဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။ လူဒြပ်သည် ပဝတ္တိနိမိတ်။

* အဝစရတိ ဧတ္ထာတိ အဝစရော။ (အဝ+စရ+အ)

ကျင်လည်ခြင်း ဖြစ်ခြင်းကြိယာ။

* ကာမဿ အဝစရော ကာမာဝစရော။

ကာမနှစ်ပါး၏ ကာမ ၁၁-ဘုံနှင့် ဌာနီ+ဌာန . နိဿိတ+နိဿယ အဖြစ် ဖြင့် စပ်ခြင်းသမ္ဗန် ဗျု-နိ။

နှစ်ပါးသော ကာမဒြပ်သည် လည်းကောင်း၊ ကာမနှစ်ပါး၏ ကျင်လည် ခြင်း ကြိယာသည်လည်းကောင်း ပဝတ္တိနိမိတ်။

* သသတိ ဟိံသတိ ဧတေနာတိ သတ္ထံ၊ (သသု+ထ)

* သဟ သတ္ထေန ဃေ ဝတ္တန္တီတိ သသတ္ထာ၊ (ပုရိသာ)

လက်နက်နှင့် တကွဖြစ်ခြင်း သဟဘောဂုဏ်၏ စစ်သားတို့နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။

လက်နက်နှင့် တကွဖြစ်ခြင်းဂုဏ် (ဝါ) လက်နက်သည် ပဝတ္တိနိမိတ်။

* သသတ္ထာနံ အဝစရော သသတ္ထာဝစရော။

လက်နက်ကိုင် ယောကျ်ားတို့၏ အရပ်ဌာနနှင့် ဌာနီ+ဌာန. နိဿိတ +နိဿယ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။

http://www.dhammadownload.com



လက်နက်ကိုင် ယောက်ျားတို့သည် ပဝတ္တိနိမိတ်။
**(တစ်နည်း)**

လက်နက်ကိုင် ယောက်ျားတို့၏ ကျင်လည် ကျက်စားခြင်းကြိယာသည် လည်းကောင်း ပဝတ္တိနိမိတ်။

| | | | |
|---|---|---|---|
| ၅။ | ဉဒ္ဒါနတော | = | နိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ ဩကာရန္တ။ |
| | ဝတ္ထု | = | ကိတ်ပုဒ်၊ နပုံလိင်၊ ရတ္တာဒိ၊ ဥကာရန္တ။ |
| | ကာမေတိ | = | အာချာတ်ပုဒ်၊ အလိင်၊ စုရာဒိဂိုဏ်း၊ ကာမဓာတ် ယူလျှင် အကာရန္တ၊ ကမုဓာတ်ယူလျှင် ဥကာရန္တ။ |
| | ဣတရော | = | သဗ္ဗနာမ်ပုဒ်၊ ပုံလိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ အကာရန္တ။ |
| | ပဝတ္တိ | = | ကိတ်၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ ဣကာရန္တ။ |
| | စတုန္နံ | = | သင်္ချာသဗ္ဗနာမ်ပုဒ်၊ (အပါယကိုထောက်၍ ပုံလိင်)၊ သဗ္ဗနာမ်ဂိုဏ်း၊ ဥကာရန္တ။ |
| | မနဿာနံ | = | တဒ္ဓိတ်ပုဒ်၊ သမာသ်ပုဒ်၊ ကိတ်ပုဒ်၊ ပုံလိင်၊ ပုရိသာဒိ၊ အကာရန္တ။ |

၆။ (က) တတြာယံ ဝစနတ္ထော - ဖြင့် ကာမာဝစရံဟူသော သံဝဏ္ဏေတဗ္ဗ ပုဒ်၌ သိအပ်သိထိုက်သော ဝစနတ္ထစသည်ကို ငါပြဆိုမည်ဟူသော ပဋိပါဒိက ပဋိညာစကားအဖြစ်ကို သိစေပါသည်။

ဉဒ္ဒါနတော ဒွေ ကာမာ - စသည်ဖြင့် ကာမသည် အကျဉ်းအားဖြင့် ဝတ္ထုကာမ, ကိလေသာကာမဟူ၍ နှစ်မျိုးရှိသည်။ အကျယ်အားဖြင့်ကား ထိုထက်မက များစွာရှိသည်ဟူသော သရုပ်နှင့် အဓိပ္ပာယ်ကို သိစေပါသည်။

(ခ) တတ္ထ ကိလေသာကာမော အတ္ထတော ဆန္ဒရာဂေါဝဖြင့် ထိုနှစ်ပါး သော ကာမတို့တွင် ကိလေသာကာမအရ ပရမတ္ထ တရားကိုယ်အားဖြင့် ဆန္ဒရာဂကို ကောက်ယူရမည့်အဖြစ်ကို သိစေပါသည်။

ဝတ္ထုကာမော တေဘူမကဝဋ္ဋံ - ဖြင့် ဝတ္ထုကာမအရ ပရမတ္ထတရားကိုယ် အားဖြင့် ဆန္ဒရာဂနှင့်တကွ တေဘူမကဝဋ္ဋကို ကောက်ယူရမည်အဖြစ်ကို

http://www.dhammadownload.com



သိစေပါသည်။

(ဂ) ကိလေသကာမောစေတ္ထ ကာမေတိ - ဖြင့် ကာမအရကိလေသာ ကာမကိုယူနိုက် ကာမေတီတိ ကာမောဟု ကတ္တုသာဓ် ဝစနတ္ထပြုရမည် အဖြစ်ကိုလည်းကောင်း၊ ကာမဓာတ် အ - ပစ္စည်းအဖြစ်၊ ထို အ - ပစ္စည်း၏ ကတ္တားအနက်ကို ဟောသည်၏ အဖြစ်၊ ယင်းသို့ ဝစနတ္ထပြုနိုက် ကာမအရ ကိလေသာကာမကို ယူရမည်အဖြစ်ကို သိစေပါသည်။

က္ကတရော ပန ကာမိယတိ - ဖြင့် ကာမောကို ကာမိယတီတိ ကာမောဟု ကမ္မသာဓ် ဝစနတ္ထပြု၊ ကာမဓာတ်. အ.ပစ္စည်း၊ ယင်းအ - ပစ္စည်း၏ ကံအနက် ကို ဟောသည်၏အဖြစ်၊ ဤသို့ ကမ္မသာဓ် ဝစနတ္ထပြုလျှင် ဝတ္ထုကာမကို ကောက်ယူရမည် အဖြစ်ကို သိစေပါသည်။

(ဃ) ယသ္မိံ ပန ပဒေသေ (ပ) ပဝတ္တိံဝသေန အဝစရတိ - ဖြင့် ကာမာဝစရ၌ အဝစရကို အဝစရတိ ဧတ္ထာတိ အဝစရောဟု အဓိကရဏသာဓ် ဝစနတ္ထပြုရမည်အဖြစ်ကို လည်းကောင်း၊ အဝရှေးရှိသော စရဓာတ်. အ - ပစ္စည်း၊ အဝရှေးရှိသော စရဓာတ်သည် လှည့်လည် သွားလာခြင်းအနက်ကို မဟော၊ ဖြစ်ခြင်းအနက်ကို ဟောသည်အဖြစ်၊ အ - ပစ္စည်း၏ အဓိကရဏ သာဓနအနက်၌ သက်သည်အဖြစ်၊ ကာမာဝစရောကို ကာမဿ အဝစရော ကာမာဝစရောဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြု၊ ကာမ အရ ဝတ္ထုကာမ ကိလေသာကာမ နှစ်ပါးလုံးကို ယူရမည်အဖြစ်၊ ထိုကာမနှစ်ပါး၏ ကျင်လည် ရာ ဖြစ်သောအရပ်သည် ကာမာဝစရ မည်သည်အဖြစ်ကို သိစေပါသည်။

သော စတုန္နံ အပါယာနံ (ပ) ပဒေသော - ဖြင့် ထိုနှစ်ပါးသော ကာမ၏ ကျင်လည်ရာ ဖြစ်ရာအရပ်ဟူသည် အပါယ်လေးဘုံ. လူ့ဘုံ. နတ် ၆ - ဘုံ အားဖြင့် ၁၁ - ပါးသော ကာမဘုံပင်ဖြစ်သည်ဟု သိစေသည်။

ကာမော စေတ္ထ အဝစရတိ - ဖြင့် ကာမာဝစရေ - ၌ အဝစရကို အဝစရတိ ဧတ္ထာတိ အဝစရောဟု အဓိကရဏသာဓ် ဝစနတ္ထပြုရမည် အဖြစ်ကို လည်းကောင်း၊ အဝ ရှေးရှိ သော စရဓာတ်. အပစ္စည်း၊ ယင်း အ - ပစ္စည်း၏

http://www.dhammadownload.com



အဓိကရဏတ္ထကို ဟောသည့်အဖြစ်၊ ကာမာဝစရောကို ကာမဿ အာဝစရော ကာမာဝစရောဟု ဆဋ္ဌီတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည် အဖြစ်ကို လည်းကောင်း သိစေပါသည်။

သသတ္တာဝစရော ဝိယ-ဖြင့် ဥပမာကို သိစေပါသည်။

## ၇။ အတ္တတော ဆန္ဒရာဂေါဝ-၌ ဧဝ

၁။ ဆန္ဒရာဂဒြပ်သည် ဂဟေတဗ္ဗ။

၂။ လောဘမှတစ်ပါး ကျန် ကိလေသာကိုးပါးသည် နိဝတ္တေတဗ္ဗ။

၃။ ထိုဆန္ဒရာဂ၏ တပ်မက်ခြင်း သဘောဂုဏ်သည် အနုညာတ။

**သဗ္ဗပဒံ သာဝဓာရဏံနှင့်အညီ တေဘူမကဝဋ္ဋံနောင် ဧဝ ထိုင်လျှင်......**

၁။ တေဘူမကဝဋ္ဋသည် ဂဟေတဗ္ဗ။

၂။ လောကုတ္တရာစိတ်, စေတသိက်နှင့် နိဗ္ဗာန်သည် နိဝတ္တေတဗ္ဗ။

၃။ တေဘူမကဝဋ္ဋဟု ဆိုအပ်သော ဝတ္ထုကာမ၏ သာယာဖွယ်, တပ်မက်ဖွယ် ကာမနိယတာဂုဏ်သည် အနုညာတ။

## ဝိသယ

(က) တတြာယံ ဝစနတ္ထော၌ တတြကား လွန်ခဲ့ပြီးဝါကျရှိ ကာမာဝစရံ ဟူသော ပုဒ်ဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

အယံကား ဝစနတ္ထောဟူသော အစွဲပုဒ်တိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓ ဝိသယ။

(ခ) တတ္ထကား က-ဝါကျလာ ကာမနစ်ပါးဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

(ဂ) တွေကား ဆိုခဲ့ပြီးသော ကာမနစ်ပါးကို စွဲသောကြောင့် ပက္ကန္တ ဝိသယ။

(ဃ) ယသ္မိံ ပဒေသေ-၌ ယသ္မိံကား ပဒေသေဟူသော အစွဲပုဒ်

http://www.dhammadownload.com



တိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

သော စတုန္နံ သော-ကား ဓောဒသဝိဓောပဒေသော ဟူသော အစွဲ ပုဒ်တိုက်ရိုက် ရှိသောကြောင့် ပသိဒ္ဓဝိယ။

## ၈။ ကိလေသာကာမ ကြိယာငါးတန်

၁။ ကိလေသာကာမသည် ဒဿနတ္ထ။

၂။ အယောနိသောမနသိကာရ အဝိဇ္ဇာနုသယတို့သည် နီးသော အကြောင်း ဒီပကတ္ထ။

၃။ ထို ဝတ္ထု, အာရုံ ကာမဂုဏ်တို့ကို ရရှိအောင် ရှာဖွေအားထုတ်ခြင်း သည် အနီးဆုံးသော အကျိုးဖြစ်သော ပကာသနတ္ထ။

၄။ ဝတ္ထုကာမတို့၏ သာယာဖွယ် အဿာဒသဘောသည် လည်း ကောင်း၊အသပ္ပုရိသူပနိဿယ အသဒ္ဓမ္မဿဝန စသော ဝေးသော အကြောင်းများသည် ဝိဘာဝတ္ထ။

၅။ ဝတ္ထု, အာရုံ ကာမဂုဏ်တို့ကို ရှာဖွေသဖြင့် ရလာသောအခါ သောမနဿဖြစ်ခြင်း၊ မရသောအခါ ဒေါမနဿဖြစ်ခြင်းမှ စ၍ သောက, ပရိဒေဝ, ဥပါယာသတိုင်အောင်သော အကျိုးများသည် အဆက်ဆက်သောအကျိုး အနဘာဝတ္ထ။

## ဝတ္ထုကာမ ကြိယာငါးတန်

၁။ တေဘူမကဝဋ္ဋဟု ဆိုအပ်သော ဝတ္ထုကာမသည် ဒဿနတ္ထ။

၂။ အဝိဇ္ဇာနှင့် တဏှာဟူသော ဝဋ်မြစ်နှစ်ပါးသည် ဒီပကတ္ထ။

၃။ ထိုဝတ္ထုကာမကို အာရုံပြု၍ ကိလေသာကာမဖြစ်ခြင်းသည် ပကာ သနတ္ထ။

၄။ ကံ, စေတနာ, ဖဿ, စိတ်, ဥတု, အာဟာရ, အာရုံ, ဝတ္ထု စသော အကြောင်းများသည် ဝိဘာဝတ္ထ။

၅။ ဥပါဒါနမှစ၍ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ

http://www.dhammadownload.com



တိုင်အောင်သော အကျိုးအဆက်ဆက်သည် လည်းကောင်း၊ အဖန်ဖန် အို. နာ. သေ စသော အကျိုးများသည် လည်းကောင်း အနဘာဝတ္တ။

## ကိလေသာကာမကို ဝိထိနည်းနှင့်ထုတ်လျှင်

၁။ လောဘမူ ပထမဇောဟု ဆိုအပ်သော ကိလေသာကာမသည် ဒဿနတ္တ။

၂။ ထို၏ အနန္တရဖြစ်သော ဝုဋ္ဌောသည် ဒီပကတ္တ။

၃။ လောဘမူ ဒုတိယဇောသည် ပကာသနတ္တ။

၄။ အတီတဘဝင်မှစ၍ ရှေးရှေးသော စိတ္တုပ္ပါဒ်တို့သည် ဝိဘာဝတ္တ။

၅။ လောဘမူ တတိယဇောမှစ၍ နောက်နောက်သော စိတ္တုပ္ပါဒ်တို့ သည် အနဘာဝတ္တ။

## ၁၀။ ကာမေတီတိ ကာမော

ကာမဓာတ် အန္တတ္ထအရ- လောဘပြဌာန်းသော လောဘမူစိတ္တုပ္ပါဒ် ရ၏။ အပစ္စည်း ဗာဟျတ္ထအရ- ထိုလောဘပြဌာန်းသော လောဘမူစိတ္တုပ္ပါဒ် ကိုပင် ရ၏။

ထို့ကြောင့် အန္တတ္ထဓာတ်အရ လောဘပစ္စည်းတရားက ဗာဟျတ္ထ အပစ္စည်း အရ လောဘမှတစ်ပါး ကြွင်းသော လောဘမူသမ္ပယုတ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ကြီး-၄၊ အညာ၊ သမ္ပ၊ ဟေတု - ပြိုင်-၇။

## ကာမိယတီတိ ကာမော

ကာမဓာတ်အရ (အန္တတ္ထ) လောဘပြဌာန်းသော လောဘမူစိတ္တုပ္ပါဒ် ရ၏။ အပစ္စည်း (ဗာဟျတ္ထ) အရ လောကီစိတ်. စေတသိက်. ရုပ်တရားဟု ဆိုအပ်သော ဝတ္ထုကာမ ရ၏။ ထို့ကြောင့် ဗာဟျတ္ထဖြစ်သော လောကီစိတ်. စေတသိက်. ရုပ် အာရုံပစ္စည်းတရားက အန္တတ္ထဖြစ်သော လောဘပြဌာန်း

http://www.dhammadownload.com



သော လောဘမူ စိတ္တုပ္ပါဒ် အာရမ္မဏိက ပစ္စယုပ္ပန်တရားအား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပါသည်။ အာရမ္မဏ (၈) ပစ္စည်း ယထာရဟပြိုင်။

## ယသ္မိံ ပဒေသေ အဝစရတိ

ယသ္မိံ ပဒေသေ အရ – ကာမ၁၁ – ဘုံဟူသော ဌာနပညတ်ရ၏။ အဝစရ တိအရ ကာမစိတ် ၅၄၊ စေတသိက် ၅၂၊ ရုပ် ၂၈ ရ၏။ ပစ္စည်းပညတ် ပစ္စယုပ္ပန် ပရမတ်ဖြစ်၍ ပကတူပသတ္တိ။

## တစ်နည်း

ယသ္မိံ ပဒေသေအရ- ကာမ ၁၁ – ဘုံ၌တည်သော သတ္တဝါတို့၏ သန္တာန်၌ ရှိသည့် ဆဝတ္ထုရ၏။ (ပစ္စည်း) အဝစရတိအရ- ကာမစိတ်. စေတသိက်. ရုပ်အဋ္ဌဝီသ ရ၏။ (ပစ္စယုပ္ပန်) ဝတ္ထုပုရေဇာတသတ္တိဖြင့် ကျေးဇူး ပြုပါသည်။ နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ၆ – ပစ္စည်း ယထာရဟပြိုင်။

ဆဝတ္ထုပစ္စည်း ရုပ် – ပစ္စယုပ္ပန်ယူခဲ့လျှင် ပကတူပသတ္တိဖြင့် ကျေးဇူးပြု ပါသည်။ ပြိုင် မရှိ။

## တစ်နည်း

ဌာနာနုရူပကောက်လျှင် ပထမမဟာကုသိုလ် စိတ်အရာ ဖြစ်သော ကြောင့် အဝစရတိအရ ပထမမဟာကုသိုလ် စိတ္တုပ္ပါဒ်ကိုပင် ကောက်ရ၏။ ထို့ကြောင့် ယသ္မိံ ပဒေသေ အရကိုလည်း ဟဒယဝတ္ထုကိုသာ ကောက်ရ မည်။ ဝတ္ထုပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။ ဣန္ဒြိယမှ တစ်ပါး ကျန် ၅ – ပစ္စည်း ပြိုင်။

**မှတ်ချက်။** ။ ကာမာဝစရာ၌ ကာမအရနှင့် အဝစရ အရကောက်နိုင်း လျှင်လည်း ဤနည်းတူ။

http://www.dhammadownload.com



## ၅၃။ ကာမာဝစရံ အဖွင့် (၂)

(က) ယထာ ဟိ ယသ္မိံ ပဒေသေ သသတ္ထာ ပုရိသာ အဝစရန္တိ၊ သော ဝိဇ္ဇမာနေသုပိ အညေသု ဒွိပဒစတုပ္ပဒေသု အဝစရန္တေသု တေသံ အဘိလက္ခိတတ္တာ "သသတ္ထာ-ဝစရော" တွေဝ ဝုစ္စတိ။ ဧဝံ ဝိဇ္ဇမာနေသုပိ အညေသု ရူပါဝစရာဒီသု တတ္ထ အဝစရန္တေသု တေသံ အဘိလက္ခိ-တတ္တာ အယံ ပဒေသော "ကာမာဝစရော" တွေဝ ဝုစ္စတိ။

(ခ) သွာယံ ယထာ ရူပဘဝေါ ရူပံ၊ ဧဝံ ဥတ္တရပဒလောပံ ကတွာ "ကာမော" တွေဝ ဝုစ္စတိ။

(ဂ) ဧဝမိဒံ စိတ္တံ ဣမသ္မိံ ကာမသင်္ခါတေ ပဒေသေ အဝစရတီတိ ကာမာဝစရံ။

(ဋ္ဌ-၁၀၄)

၁။ အဘိလက္ခိတတ္တာ = ဟူသော ဟိတ်၏ သမ္ဗန်ကို တသ္မာ ပဒေသော ဟုခံပါ။

## ၂။ (က) ဝါကျသို့ ဒုပနာ ပဥှာ

ဆရာ ဆရာသည် ၁၁-ပါးသော ကာမဘုံသည် သသတ္ထာဝစရကဲ့သို့ ကာမာဝစရ မည်၏ဟု ဆိုတော်မူ၏။ ဆရာပြသော ဥပမာနသည် ဝုဋ္ဌပဋ္ဌိစ္စ ဖြစ်၍ မပေါ်လွင် မထင်ရှားသည် မဟုတ်ပါလော။ ထိုကြောင့် သသတ္ထာဝစရော ဝိယ ဟု အကျဉ်းသခေ်ပမျှကိုသာ ဆရာမဆိုသင့်။ ဥပမာန + ဥပမေယျတို့၏ တူမျှပုံ အခြင်းအရာကား အဘယ်ပါနည်း။ (တစ်နည်း) သသတ္ထာဝစရ၏ ဥပမာန အရာမြောက်နိုင်ပုံကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (က) ဝါကျကို မိန့်။

**အဓိပ္ပါယ်ကား**

လက်နက်ကိုင် ယောကျာ်းတို့၏ကျင်လည်ရာဖြစ်သော သသတ္ထာဝစရ

http://www.dhammadownload.com



မည်သောအရပ်၌ အခြား သတ္တဝါတို့ ရှိကြသော်လည်း၊ လက်နက်ကိုင် ယောကျ်ားတို့ဖြင့် သတ်မှတ်ထားသော အရပ်ဖြစ်၍ သသတ္တာဝစရဟူ၍သာ ဆိုရသကဲ့သို့ ကာမ ၁၁-ဘုံ၌ အခြားသော ရူပါဝစရ အရူပါဝစရ တရားတို့ ရှိသော်လည်း ကာမာဝစရဟူ၍သာ ဆိုအပ်ပါ၏ဟု သသတ္တာဝစရ၏ ဥပမာ အဖြစ် ထိုက်တန်ပုံကို ငါပြဆိုပါ၏ ဟူလို။

## (က) ဝါကျ ပါပနာပဋ္ဌက ပုစ္ဆာတက်

ဆရာ ဆရာသည် ကာမ ၁၁-ဘုံသည် သသတ္တာဝစရကဲ့သို့ ကာမာ ဝစရမည်၏ဟု ဆိုတော်မူ၏။ ယင်းသို့ ဆိုချေသော် သသတ္တာဝစရ ဟူသော ဥပမာနကို အကျဉ်းအားဖြင့်သာ သိသင့်၍ အကျယ် ဝိတ္ထာရကိုမူ မသိသင့် ဟူသော အနက်သည် ရောက်၏။ စင်စစ် ထိုအနက်သည် မရောက်သင့်။ ထို့ကြောင့် သသတ္တာ- ဝစရဟူသော ထို ဥပမာန၏ အကျယ် ဝိတ္ထာရကို လည်း ဆိုသင့်သေး၏။ မဆိုဘဲ မနေသင့်။ စုဒ်ကြောင့် (က) မိန့်။

## စောဒနာတက်လိုလျှင်

အကယ်၍ အကျယ်ဝိတ္ထာရကို မပြချေသော် ဆရာ့၌ သသံသယဒေါသ ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ ဤသို့ စုဒ်ကြောင့် (က) မိန့်။

## (ခ) ဝါကျ ပါပနာပဋ္ဌက စောဒနာ အဓိပ္ပါယ်တက်

ဆရာ ဆရာသည် ယသ္မိံ ပဒေသေ (ပ) ကာမာဝစရော သသတ္တာ ဝစရော ဝိယ ဟူသော ဝါကျဖြင့် ၁၁-ပါးသော ကာမဘုံသည် ကာမဿ အဝစရော ကာမာဝစရော ဟူသော ဝစနတ္ထကြောင့် ကာမာဝစရမည်ကြောင်း ဆိုတော်မူခဲ့၏။ ယင်းသို့ဆိုလျှင် ကာမ ၁၁-ဘုံကို ကာမာဝစရဟူ၍ ဆိုရ မည်ဟူသော အနက်သည် ရောက်၏။ စင်စစ်မသင့်။ ထို့ကြောင့် ကာမာ ဝစရဟု ဆိုသင့် မဆိုသင့် ဆရာပြဆိုသင့် သေး၏။ မပြဘဲ မနေသင့်။ နေချေသော် အဗျာပိတဒေါသ ရောက်ရာ၏။ စုဒ်ကြောင့် (ခ) မိန့်။

http://www.dhammadownload.com



**အဓိပ္ပါယ်ကား**

ကာမ ၁၁ - ဘုံကို ကာမာဝစရဟူ၍ မဆိုရ၊ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ၌ ရူပဘာဝဟုဆိုလိုလျက် ဘဝဟူသော နောက်ပုဒ်ကိုချေ၍ ရူပဟူ၍သာ ဆိုသကဲ့သို့ ဤ၌လည်း အဝစရဟူသော နောက်ပုဒ်ချေ၍ ကာမဟူ၍သာ ဆိုအပ်၏ ဟု ငါပြဆိုသောကြောင့် သင်တင်သောဒေါသ ငါ၌မရောက်ပျောက်ပါ၏ ဟူလို။

## (၈) ဝါကျ ပါပနာပဋ္ဌက စောဒနာတက်

ဆရာ ဆရာသည် သွာယံ ယထာ ရူပဘာဝေါ ရူပံ စသော ဝါကျဖြင့် ကာမာ - ဝစရ၌ ကာမဟူသော ရှေ့ပုဒ်ကို ကာမသဿ အဝစရော ကာမောဟု ဝစနတ္ထပြုရမည် အဖြစ်ကို ဆိုတော်မူခဲ့၏။ ယင်းသို့ဆိုလျှင် ကာမာဝစရံ ဟူသောပုဒ်၏ အပေါင်းဝစနတ္ထကိုမူ မသိသင့်ဟူသော အနက်သည် ရောက်၏။ စင်စစ် မသင့်။ ထို့ကြောင့် ကာမာဝစရံ၏ အပေါင်းဝစနတ္ထကိုလည်း ဆိုသင့်သေး၏။ မဆိုဘဲ မနေသင့်။ နေချေသော် ဆရာ၌ အဗျာပိတ အပရိပုဏ္ဏဒေါသ ရောက်ရာ၏။ ဤသို့ စုဒ်ကြောင့် (၈) မိန့်။

**အဓိပ္ပါယ်ကား**

ကာမာဝစရံကို ကာမေ အဝစရံ ကာမာဝစရံဟူ၍ သတ္တမီ တပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည် ဟု ငါပြဆိုသောကြောင့် သင်တင်သောဒေါသ ငါ၌မရောက် ပျောက်ပါ၏ ဟူလို။

## (တစ်နည်း)

ဆရာ ဆရာသည် ကာမာဝစရံ - ၌ ကာမဟူသော ရှေ့ပုဒ်သည် ဥတ္တရပဒ လောပဟု ဆိုတော်မူ၏။ ယင်းသို့ဆိုသဖြင့် တစ်စုံတရာ အကျိုးမရှိသည် မဟုတ်ပါလော။ အဘယ်သို့သော အကျိုးရှိ၍ ယင်းသို့ဆိုရပါသနည်း။ စုဒ်ကြောင့် (၈) မိန့်။

http://www.dhammadownload.com



**အဓိပ္ပါယ်ကား**

ကာမေ အဝစရံ ကာမာဝစရံဟု ဝစနတ္ထပြု၍ ကာမ ၁၁-ဘုံ၌ ဖြစ်သော စိတ်သည် ကာမာဝစရမည်၏ဟု မှတ်ရခြင်းအကျိုး ရှိပါ၏ဟူလို။ (ကာမာဝစရာ ဝစရ-ဟု မဆိုရ)

## ၃။ ဒေါသပယ်

(က) ဝါကျဖြင့် သသတ္တာဝစရ ဟူသော ဥပမာန၏ ကာမာဝစရ-ဟူသော ဥပမေယျနှင့် ဥပမာန+ဥပမေယျအဖြစ် ဆီလျော်ညီညွတ်ပုံကို ပြဆိုသောကြောင့် ဝိရောဓိဒေါသနှင့် ဩစိတျဟီန ဒေါသတို့ကို ပယ်သည်။

(ခ) ဝါကျဖြင့် ကာမဿ အဝစရော ကာမာဝစရောဟု ဝစနတ္ထ ပြုရသော်လည်း ကာမ ၁၁-ဘုံကို ကာမာဝစရဟူ၍ မဆိုရ၊ ရူပူပပတ္တိယာဌ် ရူပဘဝူပ-ပတ္တိယာဟု ဆိုလိုလျက် ဘဝဟူသော နောက်ပုဒ်ချေ၍ ဆိုသကဲ့သို့ အဝစရနောက်ပုဒ်ချေပြီး ကာမဟူ၍သာ ဆိုရမည်ဟု ပြဆိုသောကြောင့် အဗျာပိတ. အပရိပုဏ္ဏဒေါသကို ပယ်သည်။

(ဂ)ဝါကျဖြင့် ကာမဟူသောပုဒ် တစ်စိတ်၏ ဝစနတ္ထမှ တစ်ပါး ကာမာဝစရံဟူသောအပေါင်းပုဒ်၏ဝစနတ္ထကိုပြဆိုသောကြောင့်အဗျာပိတ. အပရိပုဏ္ဏဒေါသကို ပယ်သည်။

၄။ * ဝိဇ္ဇန္တီတိ ဝိဇ္ဇမာနာ၊ (ဝိဒ+ယ+မာန)၊ ရှိခြင်း ကြိယာ။

* ဒွေ ပဒါနိ ယေသန္တိ ဒွိပဒါ။ (သတ္တာ)

ခြေနှစ်ချောင်း၏ ခြေနှစ်ချောင်းရှိသူနှင့် အစိတ်+အပေါင်း ဌာနီ+ဌာန အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျ-နိ။ ခြေနှစ်ချောင်းသည် ပ-နိ။

* စတ္တာရိ ပဒါနိ ယေသန္တိ စတုပ္ပဒါ။

* ဒွိပဒါ စ စတုပ္ပဒါ စ ဒွိပဒစတုပ္ပဒါ။ (တေသု ဒွိပဒစတုပ္ပဒေသု)

ဒွိပဒ သတ္တဝါတို့၏ စတုပ္ပဒ သတ္တဝါတို့နှင့် တစ်ဦးသည် တစ်ဦးကို ငဲ့ခြင်းဟု ဆိုအပ်သော အညမညာပေက္ခ သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

http://www.dhammadownload.com



ခြေနှစ်ချောင်းရှိသော သတ္တဝါ ခြေလေးချောင်းရှိသော သတ္တဝါ ဖြစ်သည် လည်းကောင်း၊ ထို သတ္တဝါတို့၏ အချင်းချင်း တူမျှသော သားမညာဇာတ်သည် လည်းကောင်း ပဝတ္တိနိမိတ်။

* အဘိလက္ခီယတေတိ အဘိလက္ခိတော။ (အဘိ+လက္ခ+တ)

အဘိလက္ခိတဿ ဘာဝေါ အဘိလက္ခိတတ္တံ။

မှတ်သားအပ်သော အရပ်ဒေသ၏+ မှတ်သားခြင်းကြိယာနှင့် ကာရက + ကြိယာ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျု-နိ။

မှတ်ခြင်း ကြိယာသည် ပ-နိ။

* ရူပဿ ဘာဝေါ ရုပ်။ (ရူပဘာဝဟုဆိုလိုလျက် ဘဝပုဒ်ကျေ)။

* ဘဝတိ ဝတ္တာတိ ဘာဝေါ။ (ဘူ+အ)

* ရူပဿ ဘာဝေါ ရူပဘာဝေါ။

ရုပ်၏ ရူပဘုံနှင့် ဌာနီ+ဌာန သမ္ဗန်သည် ဗျု-နိ။

ရုပ်တရားဖြစ်သည် လည်းကောင်း၊ ထို ရုပ်၏ဖြစ်ခြင်း ကြိယာသည် လည်းကောင်း ပဝတ္တိနိမိတ်။

* ဥတ္တရပဒလောပံ ကတွာ ကာမောဝေ့ဝ ဝုစ္စတိ-၌ ကာမောကို

ကာမေတီတိ ကာမော။ (အစိတ်)

ကာမိယတီတိ ကာမော။ (အစိတ်)

ကာမော စ ကာမော စ ကာမာ။ (အစိတ်)

အဝစရတိ ဝတ္တာတိ အဝစရော။ (အစိတ်) (ကာမဘုံရစ်)

ကာမဿ အဝစရော ကာမော။ (အပေါင်း) ဟု ပြုရှိထုတ်ပါ။

နှစ်ပါးသောကာမ၏ ကာမ ၁၁-ဘုံနှင့် ဌာနီ+ဌာန၊ နိဿိတ+နိဿယ စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။ ကာမနှစ်ပါးသည် ပ-နိ။

* အဝစရတီတိ အဝစရံ။ (အဝ+ စရ+ အ) (ကာမစိတ်ရစ်။)

ကာမေ အဝစရံ ကာမာဝစရံ။

ကာမ ၁၁-ဘုံ၏ ကာမစိတ်နှင့် ဌာန+ဌာနီ၊ နိဿယ + နိဿိတ အစပ်သမ္ဗန်သည် ဗျု-နိ။ ကာမဘုံဖြစ်သည် လည်းကောင်း၊ ကာမဘုံ၌

http://www.dhammadownload.com



ဖြစ်ခြင်းကြီးယာသည် လည်းကောင်း ပဝတ္တိနိမိတ်။

| | | | |
|---|---|---|---|
| ၅။ | အဝစရန္တေသု | = | ကိတ်ပုဒ်၊ ပုံလိင်၊ ဂစ္ဆန္တာဒိ၊ အကာရန္တ။ |
| | အဘိလက္ခိတ | = | ကိတ်ပုဒ်၊ ပုံလိင်၊ (သောနှင့်အရတူ) ပုရိသာဒိ။ |
| | ရူပါဝစရာဒိ | = | သမာသ်ပုဒ်၊ ပုံလိင်၊ ရတ္တာဒိ၊ ဣကာရန္တ။ |
| | အယံ | = | သဗ္ဗနာမ်ပုဒ်၊ ပုံလိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ အကာရန္တ။ |
| | ရူပံ | = | သမာသ်ပုဒ်၊ နပုံလိင်၊ စိတ္တာဒိ၊ အကာရန္တ။ |

၆။ (က) ယထာဟိ (ပ) သသတ္တာဝစရောတွေဝ ဝုစ္စတိ–ဖြင့် အကြင် အရပ်၌ လက်နက်ကိုင်ယောကျ်ားတို့သည် ကျင်လည်ကြကုန်၏။ ထိုအရပ်၌ လက်နက်ကိုင်ယောကျ်ားတို့မှတစ်ပါး အခြားသော ဒွိပဒ စတုပ္ပဒသတ္တဝါတို့ ကျင်လည်ကြသော်လည်း ထိုလက်နက်ကိုင် ယောကျ်ားတို့ဖြင့် မှတ်သား အပ်သောကြောင့် သသတ္ထာ ဝစရဟူ၍သာ ဆိုအပ်၏။ ဒွိပဒါဝစရ, စတုပ္ပဒါ ဝစရဟူ၍ မဆိုအပ်သကဲ့သို့ ဟူသော သသတ္တာဝစရ၏ အကျယ်အနက် အဓိပ္ပာယ်ကို သိစေသည်။ (ဘာဝတ္ထ)

ဧဝံ ဝိဇ္ဇမာနေသုပိ (ပ) ကာမာဝစရောတွေဝ ဝုစ္စတိ–ဖြင့် ထိုနည်းတူစွာ ကာမ ၁၁–ဘုံ၌ ကာမာဝစရဓမ္မတို့မှတစ်ပါး ရူပါဝစရ အရူပါဝစရစိတ် စသည် တို့ဖြစ်သော်လည်း ထိုကာမဝစရဓမ္မတို့ဖြင့်သာ မှတ်အပ်သောကြောင့် ကာမာဝစရဟူ၍သာ ဆိုအပ်၏။ ရူပါဝစရ အရူပါဝစရ မဆိုအပ်ဟူသော ဥပမေယျ အကျယ်ကို သိစေသည်။

(ခ) သွာယံ ဥတ္တရပဒေ လောပံ ကတွာ ကာမောတွေဝ ဝုစ္စတိ–ဖြင့် ကာ–မဿ အဝစရော ကာမောဟု ဝစနတ္ထပြုရမည်အဖြစ်ကိုလည်းကောင်း၊ ကာမာဝစရောဟု ဆိုလိုလျက် အဝစရဟူသော နောက်ပုဒ်ကိုချေ၍ ကာမော ဟု ဆိုရသည်အဖြစ်၊ ထို ကာမောပုဒ်၏ ဥတ္တရပဒလောပ အဖြစ်ကို သိစေ သည်။

ယထာ ရူပဘဝေါ ရူပံ–ဖြင့် ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ–၌ ရူပကို ရူပဿ ဘဝေါ ရူပံ ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်အဖြစ်ကို

http://www.dhammadownload.com



လည်းကောင်း၊ ရူပဘဝေါဟု ဆိုလိုလျက် ဘဝဟူသော နောက်ပုဒ်ကိုချေ၍ ရူပဟူ၍သာ ဆိုရသည်အဖြစ်၊ ထို ရူပ်၏ ဥတ္တရပဒလောပ သမာသ် အဖြစ်ကို သိစေသည်။

(ဂ) အဝစရတိ-ဖြင့် ကာမာဝစရ၌ အဝစရကို အဝစရတိ ဝေါ်တိ အဝစရံ ဟု အဓိကရဏသာဓ် ဝစနတ္ထမပြုရ၊ အဝစရတီတိ အဝစရံဟု ကတ္တုသာဓ် ဝစနတ္ထပြုရမည်အဖြစ်ကို လည်းကောင်း၊ အဝရှေးရှိသော စရဓာတ်+အပစ္စည်း၊ ယင်း အပစ္စည်း၏ ကတ္တားအနက်ကို ဟောသည် အဖြစ်ကို သိစေသည်။

ကာမေ အဝစရတိ-ဖြင့် ကာမာဝစရံကို ကာမေ အဝစရံ ကာမာဝစရံဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်အဖြစ်ကို သိစေသည်။

ဣမသ္မိံ ကောဒသပဒေသသခါတေ ကာမေ-ဖြင့် ကာမာဝစရ၌ ကာမ အရ ကာမနစ်ပါးကို မယူရ။ ကာမ ၁၁-ဘုံကို ယူရမည် အဖြစ်ကို သိစေ သည်။

ဣဒံ စိတ္တံဖြင့် ကာမာဝစရံ-အရ ကာမ ၁၁-ဘုံကို မကောက်ရ၊ ကာမာဝစရ ကုသိုလ်စိတ်ကို ကောက်ယူရမည်အဖြစ်ကို သိစေသည်။ (အဘိဓေယျတ္ထ)

## ၇။ သသင်္ခါဝစရော တွေ့ဝ-၌ ဓဝ

၁။ သသင်္ခါဝစရ ဟူသော အမည်ဒြပ်သည် ဂဟောတဗ္ဗ။

၂။ ဒွိပဒါဝစရ စတုပ္ပဒါဝစရ စသော အခြားနာမည် ဒြပ်သည် နိဝတ္တေတဗ္ဗ။

၃။ ထိုသသင်္ခါဝစရ၏ လက်နက်ကိုင် ယောက်ျားတို့ ကျင် လည်ကျက်စားရာဖြစ်ခြင်း ဟူသော ဂုဏ်သည် အနညာတ။ (တစ်နည်း) ယောဓာဇီဝါစရ, သသင်္ခါဂေါစရ, သသင်္ခ နိဝါသ စသော အခြားဖြစ်သင့်သော နာမည်တစ်မျိုးသည် အနညာတ။

http://www.dhammadownload.com



**မှတ်ချက်။**

အမည်သညာတို့ကို ဂဟေတဗ္ဗ ထုတ်ရသည့်အရာမျိုး၌ ဆန့်ကျင်ဘက် အမည်တစ်ပါးကို နိဝတ္တေတဗ္ဗထုတ်ပြီး၊ အခြားဖြစ်သင့်သော အမည်တစ်ပါးကို အနညာတအဖြစ်ဖြင့် ထုတ်ရမည်။

## ကာမာဝစရော ဧတွေ၀ ဝုစ္စတိ

၁။ ကာမ ၁၁-ဘုံ၏ ကာမာဝစရ ဟူသော အမည်သည် ဂဟေတဗ္ဗ။

၂။ ကာမ ၁၁-ဘုံ၏ ရူပါဝစရ အရူပါဝစရ ဟူသော အမည်သည် နိဝတ္တေတဗ္ဗ။

၃။ ကာမာဝစရဘူမိ ဟူသော အမည်တစ်မျိုးသည် အနညာတ။

**မှတ်ချက်။**

(ခ) ဝါကျကို မျှော်လျှင်-ကာမဟူသော အမည်တစ်ပါးကို အနညာတအဖြစ် ထုတ်နိုင်ဖွယ်ရှိသော်လည်း ကာမောဧတွေ၀-၌ ဧဝကား ဤကာမာဝစရ ဟူသော အမည်ကို တားမြစ်ကန့်ကွက်သောကြောင့် ကာမာဝစရဘူမိကိုသာ အနညာတ အဖြစ် ထုတ်သည်။

## (ခ) ကာမော ဧတွေ၀

၁။ ကာမ ၁၁-ဘုံ၏ ကာမဟူသော အမည်ဒြပ်သည် ဂဟေတဗ္ဗ။

၂။ ကာမ ၁၁-ဘုံ၏ ကာမာဝစရ ဟူသော အမည်သည် နိဝတ္တေတဗ္ဗ။ (ဤဝါကျအခိုက်သာ ကြည့်ထုတ်သည်။)

၃။ ကိလေသာကာမ, ဝတ္ထုကာမတို့၏ ကာမဟူသော အမည်သည် အနညာတ။

## ဝိသယ

(က) ယသ္မိံ ပဒေသေ၌ ယ-ကား ပဒေသဟူသော အစွဲပုဒ်တိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

http://www.dhammadownload.com



သော ဝိဇ္ဇမာနေသုပိ၌ သော-ကား ဆိုခဲ့ပြီး ပဒေသေကို စွဲသောကြောင့် ပက္ကန္တဝိသယ။

တေသံ အဘိလက္ခိတတ္တာ-၌ တေသံ-ကား လွန်ပြီးဝါကျရှိ သသတ္တ ပုရိသကို စွဲသောကြောင့် ပသိဒ္ဓဝိသယ။

(တစ်နည်း) တေသံကား မိမိဆိုဆဲဖြစ်သည့် ဥပမာနဝါကျတွင်းရှိ သသတ္တပုရိသကို စွဲသောကြောင့် ပသိဒ္ဓဝိသယ။

တတ္ထ အဝစရန္တေသု၌ တတ္ထ-ကား လွန်ပြီးသောဝါကျရှိ ကောဒသ ဝိဓော ပဒေသောဖြင့် ညွှန်ပြအပ်သည့် ကာမ ၁၁-ဘုံကို စွဲသောကြောင့် ပက္ကန္တဝိသယ။

## ၈။ (၈) ကာမာဝစရံ-အရ ကြိယာငါးတန်

၁။ ပထမ မဟာကုသိုလ်စိတ်သည် ဒဿနတ္ထ။

၂။ ယောနိသောမနသိကာရသည် ဒီပကတ္ထ။

၃။ စိတ်၏ ကြည်လင်ဝမ်းမြောက်ခြင်းသည် ပကာသနတ္ထ။

၄။ ကုသိုလ်ကောင်းမှု ပြုကောင်း၏ဟု အမှတ်ရှိခြင်း နိယမိတ၊ ကုသိုလ်ပြုရန် စိတ်ညွတ် ထက်သန်ခြင်းဟူသော ပရိဏာမိတ၊ ကုသိုလ်ကို အဖန်ဖန်ပြုခဲ့ဘူးခြင်း သမုဒါစိဏ္ဏ၊ သူတော်ကောင်းတို့နှင့် ပေါင်းသင်းခြင်း သပ္ပုရိသူပနိဿယ၊ သူတော်ကောင်းတရားကို နာကြားရခြင်း သဒ္ဓမ္မသဝန (ဌ-၁၁၇) စသော အကြောင်းများသည် ဝိဘာဝတ္ထ။

၅။ လှူချစ်လှူခင်ပေါ်များခြင်း, ကောင်းသောသတင်း ကျော်စောခြင်း, မျက်နှာပွင့်လန်းခြင်းမှစ၍ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ, နိဗ္ဗာနသမ္ပတ္တိ အကျိုးအဆက်ဆက်သည် အနဘာဝတ္ထ။

## ကာမာဝစရ ဝုဋ္ဌိတဝယ် ဝစဓာတ်အရ ကြိယာငါးတန်

ကော... ၁။ ပြောဆိုသော အခြင်းအရာအားဖြင့် ဖြစ်သော ပညာရှိ လဲပြလိုသောကြော...

http://www.dhammadownload.com



ပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သည့် ဉာဏ်. ဝီရိယ ပြဌာန်းသော မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် သည် ဒသနတ္ထ။

၂။ ထိုပညာရှိပုဂ္ဂိုလ်တို့၏ ယောနိသောမနသိကာရနှင့် သောတု ဇနတို့အား သနားကြင်နာသော မေတ္တာ ကရုဏာသည် ဒီပကတ္ထ။

၃။ သောတုဇနတို့၏ သန္တာန်၌ ကာမ ၁၁-ဘုံကို ကာမဟူ၍ သာဆိုရမည်၊ ရူပါဝစရ စသည် မဆိုရဟု အသိဉာဏ်ဖြစ် ခြင်းသည် ပကာသနတ္ထ။

၄။ ပညာရှိတို့၏ သန္တာန်၌ဖြစ်သော ဆရာသမားများထံ နည်းခံ သင်ကြားခဲ့ခြင်း စသော အကြောင်းများသည် ဝိဘာဝတ္ထ။

၅။ သောတုဇနတို့၏ သန္တာန်၌ စိန္တာမယဉာဏ်ဖြစ်ခြင်း အဆင့် ဆင့်သင်ကြားပို့ချပေးခြင်း. ပရိယတ္တိသာသနာ စည်ပင်ပြန့် ပွားခြင်း၊ ဗုဒ္ဓသာသနာ အစွန့်ရှည်စွာ တည်တံ့ခြင်း စသော အကျိုးများသည် အနုဘာဝတ္ထ။

## ၁၀။ ယသ္မိံ ပဒေသေ သသတ္တာ ပုရိသာ အဝစရန္တိ။

ယသ္မိံ ပဒေသေအရ တပ်မြေ. စစ်မြေဟူသော အရပ်ဒေသရ၏။ (ပစ္စည်း) အဝစရန္တိ-အရ ကျင်လည်ကျက်စားသော အခြင်းအရာ အားဖြင့် ဖြစ်သော သသတ္တ ပုရိသတို့၏ သန္တာန်၌ဖြစ်သော ဝီရိယပြဌာန်းသည့် ကာမာဝစရကုသိုလ်. အကုသိုလ် စိတ္တုပ္ပါဒ် ရ၏။ (ပစ္စယုပ္ပန်)

အာရမ္မဏသတ္တိ။ အာ. ဓိ. ဥပ. ပု. အတ္ထိ. အဝိ = ၆-ပြိုင်။

## သသတ္တာဝစရောတွေ့ ဝုစ္စတိ၌

ဝစဓာတ်အရ ပြောဆိုသော အခြင်းအရာအားဖြင့်ဖြစ်သော ဝီရိယ ပြဌာန်းသော မဟာကုသိုလ်၊ မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ရ၏။ (အန္တတ္ထ) တေဝိဘတ်အရ သသတ္တာဝစရမည်သော အရပ်ဒေသရ၏။

http://www.dhammadownload.com



(ဟာဟျတ္တ)

ထို့ကြောင့် တေဝိဘတ်အရ ပစ္စည်းတရားက ဝစဓာတ်အရ ပစ္စယုပ္ပန် တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။

အာ. ဓိ. ဉပ. ပု. အတ္ထိ. အဝိဂတ ၆-ပစ္စည်းပြိုင်။

## ကာမေ အဝစရတီတိ ကာမာဝစရံ

ကာမေဟု ဆိုသောကြောင့် ကာမ ၁၁-ဘုံကို ယူထိုက်သော်လည်း အဝစရတိ ဟူသော သဒ္ဒန္တရိတ်ကို ထောက်ဆ၍ ထိုကာမ ၁၁-ဘုံ၌ ဖြစ်သော သတ္တဝါတို့ကို ဌာနူပစာအားဖြင့် ယူရမည်။

ထို့ကြောင့် ကာမေအရ ကာမဘုံသား သတ္တဝါတို့၏ ဟာဒယဝတ္ထုကို ရ၏။ (ပစ္စည်း) အဝစရတိအရ ပထမ မဟာကုသိုလ်စိတ် ရ၏။ (ပစ္စယုပ္ပန်)

ဝတ္ထုပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

ဣန္ဒြိယ -ချန် ကျန် ၅-ပစ္စည်းပြိုင်။

ကာမေအရ ကာမ ၁၁-ဘုံယူခဲ့လျှင် အဝစရတိအရနှင့် ပကတူပပြိုင်။ ပြိုင် မရှိ။

< >

## ၅၄။ ကာမာဝစရံ အဖွင့် (၃)

(က) ကိဉ္စာပိ ဟိ ဝေါ် ရူပါရူပဘဝေသုပိ အဝစရတိ၊ ယထာ ပန သင်္ဂါမေ အဝစရဏတော "သင်္ဂါမာဝစရော" တိ လဒ္ဓ နာမကော နာဂေါ် နဂရေ စရန္တောပိ " သင်္ဂါမာဝစရော" တွေဝ ဝုစ္စတိ။

(ခ) ထလဇလစရာ စ ပါဏာ အထလေ, အဇလေ စ ဌိတာပိ " ထလ စရာ ဇလစရာ" တွေဝ ဝုစ္စန္တိ။ ဧဝမိဒံ အညတ္ထ အဝစရန္တမ္ပိ ကာမာဝစရမေဝါတိ ဝေဒိတဗ္ဗံ။

http://www.dhammadownload.com



(ဂ) အာရုမ္ပကာကရဏာဝသေန ဝါ ဧတ္တ ကာမော အဝစရတီ တိပိ ကာမာဝစရံ။

(ဃ) ကာမဓေ္ဓသာ ရူပါရူပါဝစရေသုပိ အဝစရတိ၊ ယထာ ပန "ဝဒတီတိ ဝစ္ဆော၊ မဟီယံ သေတီတိ မဟီသော" တိ ဝုတ္တေ န သတ္တာ ယတ္တကာ ဝဒန္တိ၊ မဟီယံ ဝါ သေန္တိ၊ သဗ္ဗေသံ တံ နာမံ ဟောတိ၊ ဧဝံ သမ္ပဒမိဒံ ဝေဒိတဗ္ဗံ။

(င) အပိစ ကာမဘဝသင်္ခါတေ ကာမေ ပဋိသန္ဓိ အဝစာရေတီ တိပိ ကာမာဝစရံ။

(ဋ္ဌ-၁၀၄/၅)

## ၂။ (က) ဝါကျ ဥပနာပဋ္ဌက စောဒနာတက်

ဆရာ ဆရာသည် ဧဝမိဒံ စိတ္တံ (ပ) ကာမေ အဝစရတီတိ ကာမာဝစရံဖြင့် ကာမဘုံ၌ ဖြစ်တတ်သောကြောင့် ကာမာဝစရစိတ်ဟု ခေါ်ကြောင်း ဖွင့်ဆိုတော်မူခဲ့၏။ ယင်းသို့ဆိုလျှင် ကာမစိတ်တို့သည် ရူပဘုံ အရူပဘုံ တို့၌လည်း ဖြစ်သောကြောင့် (ဖြစ်ရာဘုံ ဌာနကိုစွဲ၍) ကာမာဝစရစိတ်ကို ရူပါဝစရ အရူပါဝစရဟုလည်း ခေါ်နိုင်သည်ဟု မှတ်ရမည်လော။ ထို့ကြောင့် ကာမဘုံ၌ ဖြစ်သောကြောင့် ကာမာဝစရစိတ်ကို ရူပါဝစရ အရူပါဝစရဟု ခေါ်သင့် မခေါ်သင့်ကို အဘယ်သို့ သိမှတ်ရပါမည်နည်း။ ထိုနှင့်စပ်၍ ဆရာမဆိုချေသော် ဆရာ၌ အတိဗျာပိတဒေါသနှင့် ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ ဤသို့ စောဒကာဘောဂကို ပရိဟာရဘောဂ တစ်စိတ်နှင့် တကွ ပြတော်မူလိုသော အဋ္ဌကထာဆရာသည် ကိဉ္စာပိ စသော ဝါကျကို မိန့်။

**အဓိပ္ပါယ်ကား**

ကာမစိတ်သည် ရူပ အရူပဘုံတို့၌ ဖြစ်သော်လည်း သင်္ဂါမာဝစရ အမည်ရသော တိုက်ဆင်ကြီးသည် မြို့၌ ကျက်စားသော်လည်း နဂရာဝစရဟု မဆိုဘဲ ယေဘုယျနည်းအားဖြင့် သင်္ဂါမာဝစရဟူ၍

http://www.dhammadownload.com



သာ ဆိုရသကဲ့သို့ ဤကာမစိတ်ကိုလည်း ယေဘုယျနည်းအားဖြင့် ကာမဝစရဟူ၍သာ ဆိုရမည်ဟု ငါပြဆိုသောကြောင့် သင်တင်သော ဒေါသ ငါ၌မတင် စင်ပါ၏ ဟူလို။

## (ခ) ဝါကျ ပါပနာပဋ္ဌက စောဒနာတက်

ဆရာ ဆရာသည် (က) ဝါကျဖြင့် ရူပဘုံ အရူပဘုံ၌ဖြစ်သော ကာမစိတ်ကို ရူပါဝစရ အရူပါဝစရဟု မဆိုရကြောင်း သင်္ဂါမာဝစရ ဥပမာပြ၍ ဖြေဆိုတော်မူခဲ့၏။ ယင်းသို့ဆိုလျှင် သင်္ဂါမာဝစရ ဥပမာသာရှိ၍ အခြားဖြစ် သင့်သော နိုင်မာသော ဥပမာမရှိတော့ ဟူသောအနက်သည် ရောက်၏။ စင်စစ် ထိုအနက်သည် မရောက်သင့်။ ထို့ကြောင့် ထိုထက်နိုင်မာသော သေချာသော အခြားဥပမာကိုလည်း ဆရာပြဆိုသင့်သေး၏။ မဆိုဘဲ မနေ သင့်။ နေချေသော် အဗျာပိတ, အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ ဤသို့ စုဒ်ကြောင့် (ခ) ဝါကျကို မိန့်။

**အဓိပ္ပါယ်ကား**

ကြည်း၌ကျက်စား, ရေ၌ကျက်စားသော သတ္တဝါတို့ကို (တစ်ခါ တစ်ရံ) ကြည်း၌မကျက်စား,ရေ၌မကျက်စားသော်လည်း ထလစရ, ဇလစရ ဟူ၍သာ ဆိုအပ်သကဲ့သို့ ကာမစိတ်ကိုလည်း ကာမာဝစရ ဟူ၍သာ ဆိုထိုက်သည်ဟု နိုင်မာသော သေချာသော ဥပမာနှင့် တကွ ငါပြဆိုသောကြောင့် သင်တင်သောဒေါသ ငါ၌မရောက် ပျောက်ပါ၏ ဟူလို။

## (ဂ) ဝါကျ ပါပနာပဋ္ဌက

ဆရာ ဆရာသည် "ဝေမိဒံ စိတ္တံ ဣမသ္မိံ ဧကာဒသပဒေသသင်္ခါတေ ကာမေ အဝစရတီတိ ကာမာဝစရံ" ဟူသော ဝါကျဖြင့် ကာမာဝစရံကို အဝစ ရတီတိ အဝစရံ၊ ကာမေ အဝစရံ ကာမာဝစရံ ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရ မည်၏အဖြစ်ကို ဆိုတော်မူ၏။ ယင်းသို့ဆိုချေသော် ကာမာ ဝစရံကို ကာမေ အဝစရံ ကာမာဝစရံ ဟူ၍ သတ္တမီတပ္ပုရိသ်သမာသ်

http://www.dhammadownload.com



ဝစနတ္ထသာ ပြကောင်း၏ဟူသော အနက်သည်ရောက်၏။ စင်စစ် မသင့်။ ထို့ကြောင့် ကာမာဝစရံ၏ ဖြစ်သင့်သော အခြားဝစနတ္ထတစ်မျိုးကိုလည်း ပြဆိုသင့်သေး၏။ မဆိုဘဲ မနေသင့်။ နေချေသော် အဗျာပိတ, အပရိပုဏ္ဏ ဒေါသသင့်ရောက်ရာ၏။ ဤသို့ စုဒ်ကြောင့် (ဂ) မိန့်။

**အဓိပ္ပါယ်ကား**

ကာမာဝစရံကို အဝစရတိ ဧတ္ထာတိ အဝစရံ၊ ကာမဿ အဝစရံ ကာမာဝစရံဟူ၍ ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထလည်း ပြကောင်း သေး၏ဟု ငါပြဆိုသောကြောင့် သင်တင်သောဒေါသ ငါ၌မတင် စင်ပါ၏ ဟူလို။

## (ဃ) ဝါကျသို့ ပါပနာပဋ္ဌက

ဆရာ ဆရာသည် ကိလေသာ ကာမ၏ ကျက်စားရာဖြစ်သောကြောင့် ကာမာဝစရမည်၏ဟု ဆိုတော်မူခဲ့၏။ ယင်းသို့ဆိုလျှင် ရူပါဝစရစိတ် အရူပါ ဝစရစိတ်တို့သည်လည်း ရူပတဏှာ၊ အရူပတဏှာဟူသော ကိလေသာ ကာမ၏ အာရုံပြုသောအားဖြင့် ကျက်စားရာဖြစ်သောကြောင့် ထိုရူပ, အရူပ စိတ်တို့ကိုလည်း ကာမာဝစရဟူ၍ ဆိုအပ်သည်ဟူသော အနက်သည် ရောက်၏။ စင်စစ် မသင့်။ ထို့ကြောင့် ထိုရူပါဝစရစိတ် အရူပါဝစရစိတ်တို့ကို ကာမာဝစရဟူ၍ မဆိုသင့်ပုံကို ဥပမာနှင့်တကွ ပြဆိုသင့်သေး၏။ မဆိုဘဲ မနေသင့်။ နေချေသော် ဩဗိတျဟီနဒေါသ, ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ ဤသို့ စောဒနာဘွယ် ရှိသောကြောင့် ယင်း စောဒနာကို စောဒနာဘောဂနှင့် တကွ ဖြေတော်မူလိုသော အဋ္ဌကထာဆရာသည် ကာမဋ္ဌေသ စသော (ဃ) ဝါကျကို မိန့်။

**အဓိပ္ပါယ်ကား**

ဝဋ္ဋောဟူသော အမည်သည် အော်မြည်တတ်သော သတ္တဝါတိုင်း နှင့် မသက်ဆိုင်၊ နွားငယ်နှင့်သာ သက်ဆိုင်၏။ မဟိံသဟူသော အမည်သည် မြေပေါ်၌ အိပ်တတ်သော သတ္တဝါတိုင်းနှင့် မသက်ဆိုင်

http://www.dhammadownload.com



ကွဲနှင့်သာ သက်ဆိုင်၏။ ဤ ဥပမာကဲ့သို့ ကာမာဝစရဟူသော အမည်သည်လည်း ရူပါဝစရစိတ် အရူပါဝစရစိတ်တို့နှင့် မသက်ဆိုင်။ ကာမာဝစရစိတ် တစ်မျိုးနှင့်သာ သက်ဆိုင်သော အထင်ရှဋ္ဌီသဒ္ဒါ ဖြစ်သောကြောင့် ရူပါဝစရစိတ် အရူပါဝစရစိတ်တို့ကို ကာမာဝစရ ဟူ၍ မဆိုထိုက်ဟု ငါပြဆိုသောကြောင့် သင်တင်သောဒေါသ ငါ့၌ မတင် စင်ပါ၏ ဟူလို။

## (င) ဝါကျ ဥပနာပဋ္ဌက

ဆရာ ဆရာသည် (ဂ) ဝါကျဖြင့် ကာမာဝစရံကို အဝစရတိ ဇတ္တာတိ အဝစရံ၊ ကာမသဿ အဝစရံ ကာမာဝစရံ ဟု ဝစနတ္ထ ပြုရမည်၏အဖြစ်ကို ဆိုတော်မူ၏။ ယင်းသို့ဆိုလျှင် ကာမာဝစရံကို ထိုသို့ ဆိုခဲ့ပြီးသော ဝစနတ္ထ အတိုင်းသာ မှတ်ရမည်လော။ (တစ်နည်း) အဝစာရေတီတိ အဝစာရံ၊ ကာမေ အဝစရံ ကာမာဝစရံဟူ၍လည်း ဝစနတ္ထပြုကောင်းသေးသည် မဟုတ်ပါလော။ ထို့ကြောင့် (ဂ) ဝါကျကိုသာ မဆိုသင့်။ အခြား အဘယ်သို့ ဝစနတ္ထပြုကောင်းပါသေးသနည်း။ ဤသို့ စုဒ်ကြောင့် (င) ဝါကျ မိန့်။

**အဓိပ္ပါယ်ကား**

ကာမာဝစရံကို အဝစာရေတီတိ အဝစာရံ၊ ကာမေ အဝစာရံ ကာမာဝစရံဟူ၍ သတ္တမီ တပ္ပုရိသ်သမာသ် ဝစနတ္ထလည်း ပြုကောင်းပါသေး၏ ဟူလို။

## ၃။ (ဂ) အာရမ္မဏကရဏဝသေန ဝါ၌ ဝါသဒ္ဒါ

(၁) အဝစရတီတိ အဝစရံ ဟူသော ကတ္တုသာဓနကိတ် ဝစနတ္ထမှ တစ်ပါး အဝစရတိ ဇတ္တာတိ အဝစရံ ဟူသော အဓိကရဏသာဓန ဝစနတ္ထကို လည်းကောင်း၊ (အကြောင်းလဲ)

(၂) အပစ္စည်း၏ ကတ္တတ္ထမှတစ်ပါး အဓိကရဏတ္ထကို လည်းကောင်း (နက်/ကြောင်း)

http://www.dhammadownload.com



(၃) ကာမ၏ ကာမဿ အဝစရော ကာမော ဟူသော ဥတ္တရပဒလောပ ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထမှတစ်ပါး ကာမေတီတိ ကာမော ဟူသော ကတ္တုသာဓနကိတ်ဝစနတ္ထကို လည်းကောင်း၊ (အကြောင်းလဲ)

(၄) ကာမ၏ သမာသ်ပုဒ် အဖြစ်မှတစ်ပါး ကိတ်ပုဒ်အဖြစ်ကို လည်းကောင်း (သဒ္ဒါ-အကျိုးလဲ)

(၅) ကာမအရ ကာမ ၁၁-ဘုံဟူသော အဘိဓေယျတ္ထမှတစ်ပါး ကိလေသာ ကာမဟူသော အဘိဓေယျတ္ထကိုလည်းကောင်း၊ (အနက်လဲ၊ အကြောင်းလဲ)

(၆) ကာမေ အဝစရံ ကာမာဝစရံဟူသော သတ္တမီတပ္ပုရိသ် သမာသ် ဝစနတ္ထမှတစ်ပါး ကာမဿ အဝစရံ ကာမာဝစရံဟူသော ဆဋ္ဌီတပ္ပုရိသ် သမာသ် ဝစနတ္ထကို လည်းကောင်း၊ (အကြောင်းလဲ၊ သဒ္ဒါလဲ)

(၇) ကာမာဝစရံ၏ သတ္တမီ တပ္ပုရိသ်သမာသ် အဖြစ်မှတစ်ပါး ဆဋ္ဌီ တပ္ပုရိသ်သမာသ် အဖြစ်ကိုလည်းကောင်း၊ (သဒ္ဒါလဲ၊ အကျိုးလဲ)

(၈) ကာမ ၁၁-ဘုံ၌ ကျင်လည်တတ်သောကြောင့် ကာမာဝစရံ မည်၏ဟူသော သကတ်အနက်မှတစ်ပါး ကိလေသာကာမ၏ ကျက်စားရာ ဖြစ်သောကြောင့် ကာမာဝစရမည်၏ဟူသော သကတ်အနက်ကို လည်းကောင်း၊ (အနက်/ အကြောင်း) လဲလိုသောကြောင့် ဝါသဒ္ဒါ ထားပါသည်။ (သဘောပေါက်အောင် စဉ်းစားပါ။)

## (င) ဝါကျ အပိစ ထားရခြင်းအကြောင်း

(၁) အဝစရတိ ဧတ္ထာတိ အဝစရံ ဟူသော အဓိကရဏသာဓ ဝစနတ္ထမှ တစ်ပါး၊ အဝစာရေတီတိ အဝစာရံ ဟူသော ဟေတုကတ္တုသာဓ ဝစနတ္ထကို လည်းကောင်း၊

(၂) အဝစရ၏ အဝ ရှေးရှိသော + စရဓာတ် + အ-ပစ္စည်းဖြင့် ပြီးသည်မှ တစ်ပါး အဝ -ရှေးရှိသော စရဓာတ် ကာရိတ်ဏေပစ္စည်း ဏပစ္စည်းဖြင့်

http://www.dhammadownload.com



ပြီးသည်၏ အဖြစ်ကို လည်းကောင်း၊ (သဒ္ဒါလဲ၊ အကျိုးလဲ)

(၃) ကာမေတီတိ ကာမော ဟူသော ကတ္တုသာဓ် ဝစနတ္ထမှ တစ်ပါး ကာမယသ အဝစရော ကာမော ဟူသော ဝစနတ္ထကို လည်းကောင်း၊

(၄) ကာမ၏ ကိလေသာ ကာမ ဟူသော အဘိဓေယျတ္ထမှ တစ်ပါး ကာမ ၁၁-ဘုံ ဟူသော အဘိဓေယျတ္ထကို လည်းကောင်း၊ (အနက်၊ အကြောင်း)

(၅) ကာမ၏ ကိတ်ပုဒ် အဖြစ်မှ တစ်ပါး သမာသ်ပုဒ် အဖြစ်ကို လည်းကောင်း၊

(၆) ကာမယသ အဝစရံ ကာမာဝစရံ ဟူသော ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထမှတစ်ပါး ကာမေ အဝစာရံ ကာမာဝစရံ ဟူသော သတ္တမီတပ္ပုရိသ် သမာသ် ဝစနတ္ထကို လည်းကောင်း၊

(၇) ကိလေသာကာမ၏ ကျက်စားရာ ဖြစ်သောကြောင့် ကာမာဝစရ မည်၏ ဟူသော သကတ်မှ တစ်ပါး ကာမ ၁၁-ဘုံ၌ ပဋိသန္ဓေကို ကျင်လည် စေတတ်သောကြောင့် ကာမာဝစရမည်၏ ဟူသော သကတ်ကို လည်းကောင်း၊ (အနက်လဲ/အကြောင်းလဲ) လဲလိုသောကြောင့် **အပိစ** ထားပါသည်။

**ဒေါသပယ်**

(က) ဝါကျကို မဆိုခဲ့လျှင် ရူပဘုံ အရူပဘုံတို့၌ ဖြစ်သော ကာမစိတ်ကို ဖြစ်ရာ ဘုံဌာန၏ အစွမ်းဖြင့် ရူပါဝစရ အရူပါဝစရဟု ခေါ်ဆိုနိုင်သည်ဟူသော မလိုအပ်သော အနက်များ ငြိကပ်ပါဝင်လာနိုင်ဖွယ်ရှိ၏။ ထို အနက်များ ငြိကပ်ပါဝင်လာလျှင် အတိဗျာပိတဒေါသနှင့် ဝိရောဓိဒေါသ သင့်ရောက် နိုင်၏။

(က) ဝါကျကို ဆိုလိုက်သဖြင့် ထို မလိုအပ်သော အနက်များ မငြိကပ် မပါဝင်နိုင်တော့သောကြောင့် ဆိုခဲ့ပြီးသော အတိဗျာပိတဒေါသ ဝိရောဓိ

http://www.dhammadownload.com



ဒေါသတို့ကို ပယ်သည်။

(ခ) ဝါကျဖြင့် ရူပဘုံ အရူပဘုံတို့၌ ဖြစ်သော ကာမစိတ်ကို ရူပါဝစရ အရူပါဝစရဟု မဆိုသင့်။ ယေဘုယျနည်းအားဖြင့် ကာမာဝစရဟူ၍သော ဆိုထိုက်ပုံကို အလွန်နိုင်မာ အားကောင်းသော ထလစရ, ဇလစရ ဥပမာ တို့ဖြင့် ထပ်လောင်း ဖြည့်စွက်၍ ပြသောကြောင့် (လိုအပ်သော အနက် အဓိပ္ပာယ် ခိုင်မာပြည့်စုံရကား) အဗျာပိတ အပရိပုဏ္ဏ ဒေါသတို့ကို ပယ် သည်။ (ဝါ) ဝိရောဓိဒေါသ, ဩစိတျဟီန ဒေါသတို့ကို ပယ်သည်။

(ဂ) ဝါကျကိုသာ မဆိုခဲ့လျှင် ကာမာဝစရ၏ ဖြစ်သင့်သော အခြား ဝစနတ္ထ တစ်မျိုးကို သိနိုင်ဖွယ် မရှိသောကြောင့် စကားမပြည့်စုံသော အဗျာပိတ, အပရိပုဏ္ဏဒေါသ သင့်ရောက်ဖွယ် ရှိ၏။

(ဂ) ဝါကျကို ဆိုလိုက်သဖြင့် ကာမာဝစရ၏ ဝိဂြိုဟ် တစ်မျိုးကို ဖြည့်စွက်မှတ်သားခွင့် ရသောကြောင့် ထို အဗျာပိတ, အပရိပုဏ္ဏ ဒေါသ တို့ကို ကင်းစင်စေပါသည်။

(ဃ) ဝါကျဖြင့် အတိဗျာပိတ, ဝိရောဓိ ဒေါသတို့ကို ပယ်သည်။

အကယ်၍ (ဃ) ဝါကျကိုသာ မဆိုခဲ့လျှင် ကာမသဿ အဝစရံ ကာမာ ဝစရံကိလေသာကာမ၏ ကျက်စားရာ ဖြစ်သောကြောင့် ကာမာဝစရမည်၏ ဟူသည် နှင့်အညီ ရူပတဏှာ အရူပတဏှာ ဟုဆိုအပ်သော ကိလေသာ ကာမ၏ ကျက်စားရာ ရူပစိတ် အရူပစိတ်တို့ကိုလည်း ကာမာဝစရဟု ခေါ် နိုင်သည်ဟူသော မလိုအပ်သော အနက်များ ငြိကပ်ပါဝင်လာနိုင်သော အတိဗျာပိတဒေါသ ဝိရောဓိဒေါသ သင့်ရောက်ဖွယ်ရှိ၏။

(ဃ) ဝါကျကို ဆိုလိုက်သဖြင့် ဝဋ္ဋ, မဟိသ ဥပမာတို့ကို ထောက်၍ ကာမာဝစရဟူသော အမည်သည် ကာမစိတ်၌သာ ထင်ရှားသော အထင် ရှဋ္ဌိဖြစ်ကြောင်းကို သိရသဖြင့် ဆိုအပ်ပြီးသော အနက်များ ငြိကပ်ပါဝင်မလာ နိုင်။ ထို့ကြောင့် အတိဗျာပိတဒေါသ, ဝိရောဓိဒေါသတို့ကို ပယ်ပါသည်။

(င) ဝါကျဖြင့် ကာမာဝစရ၏ ဝစနတ္ထ အပြည့်အစုံ သိရသောကြောင့်

http://www.dhammadownload.com



အဗျာဝိတ, အပရိပုဏ္ဏဒေါသ ပယ်ပါသည်။

## (က) ဝုစ္စတိသဒ္ဒါ ထားရခြင်းအကြောင်း

စစ်မြေပြင်၌ ကျက်စားကြသော ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ် အားလုံး၏ သင်္ဂါမာဝစရအမည်ကို အနည်းဖြစ်သော တိုက်ဆင် စစ်ဆင်ကြီး အပေါ်၌ တင်စား၍ဆိုသော ဧကဒေသူပစာရရှိ အဖြစ်ကို ပြလို သောကြောင့် ဝုစ္စတိသဒ္ဒါ ထားပါသည်။

(ထလစရာ, ဇလစရာတွေ့ဝ ဝုစ္စန္တိ-၌လည်း နည်းတူ)

၄။ * သင်္ဂါမေန္တိ ဧတ္ထာတိ သင်္ဂါမော။ (သင်္ဂါမဓာတ်+အ) စစ်ထိုးခြင်း။
အဝစရတီတိ အဝစရော။ (အ+စရ+အ) (ကတ္တုသာဓ်)
သင်္ဂါမေ အဝစရော သင်္ဂါမာဝစရော။

စစ်မြေပြင်၏ ဆင်ပြောင်ကြီးနှင့် ဌာန+ဌာနီ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန် သည် ဗျုပ္ပတ္တိနိမိတ်။ စစ်မြေပြင်၌ ကျက်စားခြင်း ကြိယာသည် ပဝတ္တိနိမိတ်။

* လဒ္ဓံ နာမံ ယေန (ယဿာ) တိ လဒ္ဓနာမကော။ (နာဂေါ)

ရအပ်သော အမည်၏ ဆင်ပြောင်ကြီးနှင့် နာမ+နာမီ သညာ+သညီ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။
သင်္ဂါမာဝစရဟူသော အမည်သည် ပဝတ္တိနိမိတ်။

* နဂါ သန္တိ အသ္မိန္တိ နဂရံ။ (နဂ+ရ) (တဒ္ဓိတ်ပုဒ်)
နံ (သံပုဏ္ဏံ) ယရံ ဧတ္ထာတိ နဂရံ။ (သမာသ်ပုဒ်၊ နပုဒ်+ ယရပုဒ်၊ ယ-ကို ဂ-ပြု။)
* တိဋ္ဌတိ ဧတ္ထာတိ ထလံ။ (ဌာ+အလ)။
ထလတိ တိဋ္ဌတိ ဧတ္ထာတိ ထလံ။ (ထလ+အ)။
* ဇလတိ သန္ဒတီတိ ဇလံ။ (ဇလ+အ) ယိုစီးခြင်းကြိယာ။
* ထလေ စရာ ထလစရာ။

http://www.dhammadownload.com



* ဖလေ စရာ ဖလစရာ။

ထလစရာ စ ဖလစရာ စ ထလဖလစရာ။

(ထလစရဋ္ဌ စရပုဒ်ကျေ)

(၂) ကြည်းသတ္တဝါတို့၏ ရေသတ္တဝါတို့နှင့် အချင်းချင်း ငဲ့ခြင်းဟု ဆိုအပ်သော အညမညာပေက္ခ သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

(၄) ကြည်းသတ္တဝါ၊ ရေသတ္တဝါတို့သည် လည်းကောင်း၊ ထို သတ္တဝါတို့၏တစ်ခုသည် တစ်ခုနှင့် တူသော အခြင်းအရာဟုဆိုအပ်သော သာမညဇာတ်သည် လည်းကောင်း ပဝတ္တိနိမိတ်။

(တစ်နည်း)

* ထလံ စ ဖလံ စ ထလဖလာနိ၊

ထလဖလေသု စရာ ထလဖလစရာ။

* ပဏ္ဏတ္တိ ဇီဝတ္တိ ဓေတနာတိ ပါဏော။ (ပဏ+ဏ) အသက်ရှင်ခြင်း။

* မဟာတိ ဝုဒ္ဓိ ဂစ္ဆတီတိ မဟီ။ (မဟ+အ+ဤ)။ ကြီးပွားခြင်း။

* မဟာတိ ဝုဒ္ဓိ ဘဝတီတိ မဟီ။ (မဟ+အ+ဤ)။

* ယံ ပရိမာဏံ ဧတေသန္တိ ယတ္တကာ။ (ယပုဒ်+တ္တက ပစ္စည်း)

အကြင်သို့သော အတိုင်းအရှည်၏ သတ္တဝါတို့နှင့် ပမာဏ+ပမာဏဝန္တ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

အကြင်သို့သော ပမာဏသည် ပဝတ္တိနိမိတ်။

* ဓဝံ သမ္ဗဒါ ယဿာတိ ဓဝံသမ္ဗံ။ (ဤသို့သော ဥပမာနှင့် ပြည့်စုံခြင်းရှိသော ကာမာစရစိတ် ဟု ပေးပါ။)

ဥပမာနှင့် ပြည့်စုံခြင်း၏ ကာမာဝစရစိတ်နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။ ဥပမာနှင့်ပြည့်စုံခြင်းဂုဏ်သည် ပ-နိ။

၅။ မဟိယံ = ကိတ်ပုဒ်၊ ဣတ္ထိလိင်၊ နဒါဒိဂိုဏ်း၊ ဤကာရန္တ။

ယတ္တကာ = တဒ္ဓိတ်ပုဒ်၊ ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အကာရန္တ။

http://www.dhammadownload.com



၆။ (က) ကိဉ္စာပိ ဟိ ဇဝံ ရူပါရူပဘဝေသုပိ အဝစရတိ-ဖြင့် ထို ကာမာဝစရ စိတ်သည် ရူပဘုံ အရူပဘုံတို့၌လည်း ဖြစ်သည်မဟုတ်လော ဟူသော စောဒကာဘောဂကို သိစေသည်။ (ဘာဝတ္ထ)

ယထာ ပန (ပ) သင်္ဂါမာဝစရောတွေဝ ဝုစ္စတိ-ဖြင့် ကာမစိတ်သည် ရူပဘုံ အရူပဘုံတို့၌ ဖြစ်သော်လည်း စစ်မြေပြင်၌ ကျက်စားတတ်သော ကြောင့် သင်္ဂါမာဝစရ အမည်ရသော ဆင်ပြောင်ကြီးသည် မြို့၌ ကျင်လည် ကျက်စားသော်လည်း သင်္ဂါမာဝစရဟူ၍သာ ဆိုအပ်သကဲ့သို့ ဟူသော ပရိဟာရာဘောဂ တစ်စိတ်ကို သိစေသည်။

ထိုတွင် သင်္ဂါမာ အဝစရဏာတော-ဖြင့် သင်္ဂါမာဝစရော-၌ အဝစရကို "အဝစရတီတိ အဝစရော" ဟု ကတ္တုသာဓ် ဝစနတ္ထပြု။ အဝ+စရ+အ၊ ယင်း အပစ္စည်း၏ ကတ္တားအနက်ကိုဟော။ သင်္ဂါမေ အဝစရော သင်္ဂါမာဝစရောဟု သတ္တမီ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည် အဖြစ်ကို သိစေသည်။

သင်္ဂါမေ ဝစရောတိ လဒ္ဓနာမကော နာဂေါ-ဖြင့် သင်္ဂါမာဝစရအရ စစ်မြေပြင်၌ ကျက်စားသော ဗိုလ်မှူး တပ်မှူး စစ်သား စသည်တို့ကို မယူရ။ တိုက်ဆင်ကြီးကိုသာ ယူရမည် လည်းကောင်း၊ ထိုသင်္ဂါမာဝစရ၏ နာမဝါစက သဒ္ဒါ၏ အဖြစ်ကိုလည်းကောင်း သိစေသည်။

(ခ) ထလဇလစရာစ ပါဏာ (ပ) ဝုစ္စန္တိ-ဖြင့် ကြည်း၌ ကျက်စားသော သတ္တဝါ ရေ၌ကျက်စားသော သတ္တဝါတို့ကို ကြည်းမဟုတ်သည် ရေမဟုတ် သည်၌ တည်ကုန်သော်လည်း ထလစရ ဇလစရ ဟူ၍သာ ဆိုအပ်သကဲ့သို့ ဟူသော ဒုတိယ ဥပမာန ပရိဟာရာဘောဂ တစ်စိတ်ကို သိစေသည်။

ဇဝံမိဒံ (ပ) ဝေဒိတဗ္ဗံ-ဖြင့် ဤအတူ ကာမစိတ်သည် အခြားသော ရူပဘုံ အရူပဘုံတို့၌ ဖြစ်သေးသော်လည်း ယေဘုယျနည်းအားဖြင့် ကာမာ ဝစရဟူ၍သာ သိအပ်ပါ၏ ဟူသော ပရိဟာရ အဖြေစကားရပ်ကို သိစေ သည်။

(ဂ) ဝါသဒ္ဒါဖြင့် နယန္တရကို သိစေသည်။

ဇတ္ထ ကာမော အဝစရတိ-ဖြင့် ကာမာဝစရ၌ အဝစရကို အဝစရတိ

http://www.dhammadownload.com



ဇ္ဈာတိ အဝစရံဟု အဓိကရဏသာဓ် ဝစနတ္ထပြုရမည်အဖြစ်ကို လည်းကောင်း၊ အဝ+စရ +အ၊ ယင်း အ-၏ အဓိကရဏအနက်ကို ဟော လည်းကောင်း၊ ကာမဿ အဝစရံ ကာမာဝစရံဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်အဖြစ်ကိုလည်းကောင်း၊ ကာမောအရ ကိလေသာကာမကို ယူရမည်အဖြစ်ကို လည်းကောင်း သိစေသည်။

အာရမ္မဏကရဏဝသေန-ဖြင့် ကိလေသာကာမ၏ ကျက်စားရာ ဟူသည် အတူတကွ သဟဇာတအားဖြင့် ဖြစ်ခြင်းမျိုးကို ဆိုလိုသည်မဟုတ်၊ ထိုကိလေသာကာမက ကာမာဝစရစိတ်ကို အာရုံပြုသောအားဖြင့် ကျေးဇူးပြု နေသည်ကိုပင် ကျက်စားသည်ကို ဆိုလိုသည်ဟု အဓိပ္ပာယ်ကို သိစေသည်။

(ယ) ကာမဥ္စေသ ရူပါရူပါဝစရေသုပိ အဝစရတိ-ဖြင့် ကိလေသာ ကာမ၏ အာရုံပြုသောအားဖြင့် ကျက်စားရာဖြစ်သောကြောင့် ကာမာဝစရ မည်၏ဟူသော စကားနှင့်စပ်လျဉ်း၍ ထိုကိလေသာကာမသည် ရူပါဝစရ စိတ်, အရူပါဝစရစိတ်တို့၌လည်း အာရုံပြုသောအားဖြင့် ကျက်စားနေသည် မဟုတ်လော ဟူသော စောဒကာဘောဂကို သိစေသည်။

ယထာ ပန စသည်ဖြင့် ရူပတဏှာ, အရူပတဏှာ ဟူသော ကိလေသာ ကာမသည် ရူပစိတ်, အရူပစိတ်တို့၌ ဖြစ်သော်လည်း ဝစ္ဆ-ဟူသောအမည် သည် အော်မြည်တတ်သော သတ္တဝါတိုင်းနှင့် မသက်ဆိုင်၊ နွားငယ်နှင့်သာ သက်ဆိုင်သကဲ့သို့လည်းကောင်း၊ မဟိံသဟူသော အမည်သည် မြေပေါ်၌ အိပ်တတ်သော သတ္တဝါတိုင်းနှင့် မသက်ဆိုင်၊ ကျွဲနှင့်သာ သက်ဆိုင် သကဲ့သို့ လည်းကောင်း၊ ထိုအတူ ကာမာ- ဝစရ ဟူသောအမည်သည် ကိလေသာ ကာမ၏ ကျက်စားရာ စိတ်အားလုံးနှင့် မသက်ဆိုင်၊ ကာမာ ဝစရစိတ်နှင့်သာ သက်ဆိုင်သော အမည်ဖြစ်သည် ဟူသော ပရိဟာရ ဘောဂ၊ ထို့ကြောင့် ကာမာဝစရစိတ်ကိုသာ ကာမာဝစရဟူ၍ ဆိုရမည် ဟူသော ပရိဟာရတို့ကို သိစေသည်။

ဝဒတီတိ ဝစ္ဆော-ဖြင့် ဝစ္ဆောကို ဝဒတီတိ ဝစ္ဆောဟု ကတ္တုသာဓ် ဝစနတ္ထပြု၊ ဝဒဓာတ်+ဆပစ္စည်း၊ ယင်း ဆပစ္စည်း၏ ကတ္တားအနက်ကို

http://www.dhammadownload.com



ပဟောသည့် အဖြစ်ကို လည်းကောင်း သိစေသည်။

မဟိယံ သေတီတိ မဟီသော-ဖြင့် မဟီသော-ကို မဟိယံ သေတီတိ မဟီသောဟု ကိတန္တတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်အဖြစ်၊ မဟီရှေး ရှိသော သီဓာတ် + အပစ္စည်း၊ ယင်းအပစ္စည်း၏ ကတ္တုတ္ထဝါစကအဖြစ်၊ မဟီသဟု ဆိုလိုလျက် ဤ-ကို ဣ-ရသပြု၊ နိဂ္ဂဟိတ်လာ၍ မဟီသဟု ပြီးသည်အဖြစ်ကို သိစေသည်။

(င) အပိစ-ဖြင့် နည်းတစ်ပါးကို သိစေသည်။

အဝစာရေတိ-ဖြင့် ကာမာဝစရ်၌ အဝစရကို အဝစာရေတီတိ အဝစာရ်ဟု ဟေတုကတ္တုသာဓ် ဝစနတ္ထပြုရမည်အဖြစ်၊ အဝရှေးရှိသော စရဓာတ် + ဏပစ္စည်း၊ယင်းဏပစ္စည်း၏ဟေတုကတ္တားအနက်၌ သက်သည် အဖြစ်ကို သိစေသည်။

ကာမေ အဝစာရတိ-ဖြင့် ကာမာဝစရ်ကို ကာမေ အဝစာရ် ကာမာ ဝစရ်ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်အဖြစ်၊ ကာမာဝစာရဟု ဆိုလိုလျက် စ-၏ အာ-ကို အ-ရဿပြု၍ ကာမာဝစရဟု ပြီးသည်အဖြစ် ကို သိစေသည်။

ကာမဘဝသင်္ခါတေ ကာမေ-ဖြင့် ကာမ-အရ ကာမ ၁၁-ဘုံကို ယူရမည် အဖြစ်၊ ကာမကို ကာမသ္မိ အဝစရော ကာမောဟု ဥတ္တရပဒ လောပသမာသ် ဝစနတ္ထပြုရမည်အဖြစ်၊ ကာမာဝစရောဟု ဆိုလိုလျက် အဝစရဟူသော နောက်ပုဒ် ကျေသည်အဖြစ်ကို သိစေသည်။

(င) ဝါကျ တစ်ဝါကျလုံးဖြင့် ကာမ ၁၁-ဘုံ၌ ပဋိသန္ဓေကိုကျင်လည် စေတတ်သောကြောင့် စိတ်သည် ကာမာဝစရ မည်သည်၏အဖြစ်ကို သိစေ သည်။

## ၇။ သင်္ဂါမာဝစရောတွေ၀ ဝုစ္စတိ-၌ ဓဝ

၁။ သင်္ဂါမာဝစရ ဟူသောအမည်သည် ဂဟေတဗ္ဗ။

http://www.dhammadownload.com



၂။ နဂရာဝစရ ဟူသောအမည်သည် နိဝတ္တောတဗ္ဗ။

၃။ ယုဒ္ဓါဝစရ စသော အခြားနာမည်တစ်မျိုးသည် အနညာတ။

**ထလစရာ ဇလစရာတွေ ဝုစ္စန္တိ-၌ ဓဝ**

၁။ ကုန်းသတ္တဝါ ရေသတ္တဝါ၏ ထလစရ, ဇလစရ ဟူသော အမည်တို့သည် ဂဟေတဗ္ဗ။

၂။ အထလစရ, အဇလစရဟူသော အမည်တို့သည် နိဝတ္တေတဗ္ဗ။

၃။ ပထဝီစရ, ဥဒကစရ ဟူသော အခြားနာမည် တစ်မျိုးသည် အနညာတ။

**ကာမာဝစရမေဝါတိ ဝေဒိတဗ္ဗံ-၌ ဓဝ**

၁။ ကာမာဝစရ ဟူသောအမည်သည် ဂဟေတဗ္ဗ။

၂။ ရူပါဝစရ, အရူပါဝစရဟူသော အမည်သည် နိဝတ္တေတဗ္ဗ။

၃။ ကာမာဝစရစိတ္တံ ဟူသော ဖြစ်သင့်သော နာမည်တစ်မျိုးသည် အနညာတ။

**၈။ (က) သင်္ဂါမာဝစရောတွေ ဝုစ္စတိ-၌ ကြိယာငါးတန်**

၁။ ဆင်ပြောင်ကြီးကို သင်္ဂါမာဝစရဟူ၍ ဆိုအပ်သောအနက်သည် ဒဿနတ္ထ။

၂။ ထိုဆင်ပြောင်ကြီး၏ စစ်မြေပြင်၌ ကျက်စားခြင်းသည် ဒီပကတ္ထ။

၃။ သောတုဇနတို့၏ သန္တာန်၌ ထိုဆင်ပြောင်ကြီးကို နဂရာဝစရဟု မခေါ်ရ သင်္ဂါမာဝစရဟူ၍သာ ခေါ်ရမည်ဟု အသိဉာဏ် ဖြစ်ခြင်းသည် ပကာသနတ္ထ။

၄။ ထို သင်္ဂါမဝစရအမည်၏ ကေဒေသျူပစာ အထင်ရှား ဖြစ်ခြင်း

http://www.dhammadownload.com



သည် ဝိဘာဝတ္ထ။

၅။ သုတမယညာဏ်မှ ဆက်၍ရအပ်သော အနက်အဓိပ္ပာယ်တို့ကို မှန်ကန်စွာသိရခြင်း စသော အကျိုးများသည် အနဘာဝတ္ထု။

## (ခ) ကာမာဝစရမေဝါတိ ဝေဒိတဗ္ဗံ-၌ ဝေဒိတဗ္ဗသဒ္ဒါ ထားရခြင်း အကြောင်း

ဌာနဖြစ်သော ကာမဘုံကို လည်းကောင်း၊ ယေဘုယျအားဖြင့် ဖြစ်ရာ ဖြစ်သော ကာမဘုံကိုလည်းကောင်း၊ အစွဲပြု၍ ကာမာဝစရဟု ဆိုထား သောကြောင့် (ကာမစိတ်သည် ရူပဘုံ, အရူပဘုံတို့၌ ဖြစ်သော်လည်း) ယေဘုယျနည်းအားဖြင့် ကာမာဝစရမည်၏ဟု နေယျတ္ထ. ဥပစာရတ္ထ. သံသယတ္ထကို ပြလိုသောကြောင့် ဝေဒိတဗ္ဗသဒ္ဒါ ထားသည်။

## (ဃ) ဝေသမ္ပဒမိဒံ ဝေဒိတဗ္ဗံ၌ ဝေဒိတဗ္ဗသဒ္ဒါ ထားရခြင်း အကြောင်း

ဝတ္ထ, မဟာ်သဟု ဆိုသော်လည်း အော်မြည်တတ်သော သတ္တဝါ, မြေ၌ အိပ်တတ်သော သတ္တဝါတိုင်းနှင့် မဆက်ဆံ၊ နွားငယ်နှင့်ကဲ့သို့သော ထင်ရှား သော အထင်ရှ ဥပစာသဒ္ဒါများ ဖြစ်သကဲ့သို့ ဤကာမာဝစရ ဟူသော အမည်သည်လည်း ကာမာဝစရစိတ်၌သာ ထင်ရှားသော အထင်ရှ ဥပစာ သဒ္ဒါဖြစ်ကြောင်း ပြလိုသောကြောင့် (ဝါ) ဥပစာရတ္ထ ဟူသော သံသယတ္ထကို ပြလိုသောကြောင့် ဝေဒိတဗ္ဗသဒ္ဒါ ထားသည်။

## (က) ဝါကျ၌ သိဒ္ဓိ

ယထာ ပန သင်္ဂါမေ စသော ဥပမာနစကားရပ်တို့ဖြင့် ကာမာဝစရ စိတ်ကိုသာ ကာမာဝစရဟု ခေါ်ရခြင်း၌ ဥပမာယုတ္တိဖြင့် ပြီးသောကြောင့် သိဒ္ဓေယျသိဒ္ဓိ ရသည်။

http://www.dhammadownload.com



## ၁၀။ ဇတော် ရူပါရူပ ဘဝေသုပိ အာဝစရတိ

ရူပါရူပ ဘဝေသု -အရ ရူပဘုံ. အရူပဘုံ ရ၏။ (ပစ္စည်း)

အဝစရတိ-အရ မဟာကုသိုလ်စိတ် ရ၏။ (ပစ္စယုပ္ပန်)

ပကတူပပစ္စယသတ္တိ၊ ပြိုင်မရှိ။

## တစ်နည်း

ရူပါရူပဘဝေသုအရတွင် ရူပဘဝ-အရ ဟာဒယဝတ္ထုကိုယူ၍ အဝစရတိ-အရ ကာမစိတ်ကိုယူခဲ့လျှင် ဝတ္ထုပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။ ဣန္ဒြိယချန် ကျန် -၅- ပစ္စည်းပြိုင်။

## သင်္ဂါမေ အဝစရကာတော

သင်္ဂါမေ-အရ စစ်မြေပြင်အရပ်ဟူသော အာရမ္မဏပစ္စည်းတရားက အဝစရကာတော-အရ ဆင်ကြီး၏ သန္တာန်၌ဖြစ်သော ဝီရိယပြဋ္ဌာန်းသော ကုသိုလ်. အကုသိုလ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။ အာရမ္မဏ. အဓိပတိ. ဥပနိဿယ. ပုရေဇာတ. အတ္ထိ. အဝိဂတ ပေါင်း ၆-ပြိုင်။

## သင်္ဂါမာဝစရောတွေ ဝုစ္စတိ

ဝုစ္စတိ၌ ဝစဓာတ်-အရ ပြောဆိုသောအခြင်းအရာအားဖြင့် ဖြစ်သော ဝီရိယပြဋ္ဌာန်းသော မဟာကုသိုလ်. မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ရ၏။ တေ-ဝိဘတ်-အရ ဆင်ပြောင်ကြီးဟု ဆိုအပ်သော ပညတ် မှော်ရုံ ရ၏။ ထို့ကြောင့် ပညတ် မှော်ရုံ ပစ္စည်းတရားက မဟာကုသိုလ်. မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။ ပြိုင်မရှိ။

## ကာမာဝစရမေဝါတိ ဝေဒိတဗ္ဗံ

ဝေဒိတဗ္ဗံ၌ ဝိဒဓာတ်-အရ ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်. မဟာ

http://www.dhammadownload.com



ကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ရ၏။ တဗ္ဗပစ္စည်း-အရ ကာမာဝစရ စိတ်ဟု ဆိုအပ်သော အတ္တပညတ်ရ၏။ ထို့ကြောင့် အတ္တပညတ် ပစ္စည်း တရားက မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပါဒ်ပစ္စယုပ္ပန် တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု၏ ပြိုင် မရှိ။

## တစ်နည်း

တဗ္ဗပစ္စည်း-အရ မဟာကုသိုလ်စိတ်ကို ကောက်ယူခဲ့လျှင် ထို မဟာ ကုသိုလ်စိတ် ပစ္စည်းတရားက မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ် စိတ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု၏။
အာ+ဓိ+ဥပ ပြိုင်။

## တွေ့ ကာမော အဝစရတီတိပိ ကာမာဝစရံ

ကာမ-အရ ကိလေသာကာမ ရ၏။ (ပစ္စယုပ္ပန်) အဝစရ-အရ ကာမ စိတ် ၅၄-ပါး ရ၏။ (ပစ္စည်း) အာရမ္မဏသတ္တိ။ အာ+ဓိ+ဥပ ပြိုင်။

## ကာမော အဝစရတိ

ကာမော-အရ ကိလေသာကာမ ရ၏။

အဝစရတိ-အရ ထို ကိလေသာကာမကိုပင် ရ၏။

ထို့ကြောင့် ကာမော-အရ လောဘ ပစ္စည်းတရားယူ၍ အဝစရတိ-အရ ထိုလောဘနှင့် ယှဉ်ဖော်ယှဉ်ဖက် လောဘမှတစ်ပါး လောဘမူစိတ္တုပ္ပါဒ် တို့ကိုယူပြီး သဟဇာတပြိုင်။ ကြီး ၄၊ အညမည၊ သမ္ပယုတ္တ၊ ဟေတု -ပေါင်း ၇-ပြိုင်။

## (၁) ကာမာဝစရံ

ကာမဟူသော ရှေ့ပုဒ်-အရ ကိလေသာကာမဟူသော (တဏှာ သမ္ပ ယုတ္တဓမ္မ စိတ္တုပ္ပါဒ်)ရ၏။ (ပစ္စယုပ္ပန်) အဝစရ-အရ ကာမစိတ် ၅၄-ပါး ရ၏။ (ပစ္စည်း) ထို့ကြောင့် အဝစရံ-အရ ပစ္စည်းတရားက ကာမ-အရ ပစ္စယုပ္ပန်

http://www.dhammadownload.com



## ရူပါရူပါဝစရေသုပိ အဝစရတိ

ရူပါရူပါဝစရေသု - အရ ရူပစိတ် အရူပစိတ်ရ၏။ (ပစ္စည်း)

အဝစရတိ - အရ ရူပတဏှာ အရူပတဏှာ (ကဏှာသမ္ပယုတ္တစမ္ပ စိတ္တုပ္ပါဒ်) (ပစ္စယုပ္ပန်) ရ၏။ အာရမ္မဏာသတ္တိ။ အာ+ဓိ+ဥပ ပြိုင်။

## (င) ပဋိသန္ဓိ အဝစာရေတိ

ပဋိသန္ဓိ-အရ ပဋိသန္ဓေ ကိစ္စတပ်သော မဟာဝိပါက်စိတ် ၈-ပါးတွင် တစ်ပါးပါးကို ရ၏။ (ပစ္စယုပ္ပန်)

အဝစာရေတိ - အရ မဟာကုသိုလ်စိတ် ၈-ပါးတွင် တစ်ပါးပါးရ၏။ (ဝါ) ထိုရှစ်ပါးနှင့်ယှဉ်သော စေတနာ ရ၏။ (ပစ္စည်း)။

ပကတူပသတ္တိဖြင့် ကျေးဇူးပြုသည်။ ပကတူပ၊ နာနက္ခဏိကကမ္မပြိုင်။

< >

## ၅၅။ ကုသလ် အဖွင့် (၁)

(က) ကုသလန္တိ ကုစ္ဆိတာနံ သလနာဒီဟိ အတ္ထေဟိ ကုသလံ။

(ခ) အပိစ အာရောဂျဋ္ဌေန အနဝဇ္ဇဋ္ဌေန ကောသလ္လ သမ္ဘူ-တဋ္ဌေန စ ကုသလံ။

(ဂ) ယထေဝ ဟိ "ကစ္စိ နု ဘောတော ကုသလ" န္တိ ရူပကာယေ အနာတုရတာယ အဂေလညေန နိဗ္ဗာဓိတာယ အာရော-ဂျဋ္ဌေန ကုသလံ ဝုတ္တံ၊ ဧဝံ အရူပဓမ္မေပိ ကိလေသာတုရ-တာယ ကိလေသဂေလညဿ စ ကိလေသဗျာဓိနော အဘာဝေန အာရောဂျဋ္ဌေန ကုသလံ ဝေဒိတဗ္ဗံ။

(ဃ) ကိလေသဝဇ္ဇဿ ပန ကိလေသဒေါသဿ ကိလေသဒရထဿ စ အဘာဝါ အနဝဇ္ဇဋ္ဌေန ကုသလံ။

http://www.dhammadownload.com



(င) ကောသလ္လံ ဝုစ္စတိ ပညာ၊ ကောသလ္လတော သမ္ဘူတတ္တာ ကောသလ္လသမ္ဘူတဋ္ဌေန ကုသလံ။ (ဌ -၁၀၅)

## ၂။ (က) ဥပနာ ပဥ္ဆက

ဆရာ ဆရာသည် ကာမာဝစရန္တိ ကတမေ ဓမ္မာ ကာမာဝစရံ စသည်ဖြင့် ကာမာဝစရ၏ ဝစနတ္ထ အဘိဓေယျတ္ထတို့ကို စုံလင်စွာ ပြဆိုတော်မူခဲ့၏။ ကုသလသဒ္ဒါ၏ ဝစနတ္ထ အဘိဓေယျတ္ထတို့ကို ကုသလာ ဓမ္မာ အဖွင့်၌ (ကုသလတိက်၌) အကျယ်ဖွင့်ဆိုပြီးဖြစ်၍ ဤ၌ မဖွင့်ဆိုတော့ပြီဟု မှတ်ရမည်လော။ ထိုကြောင့် ကာမာဝစရံ၏ အဖွင့်ကိုသာ ဆရာ မဆိုသင့်။ ကုသလ၏ ဝစနတ္ထစသည်ကို ဖွင့်ဆိုဦးမည် မဖွင့်ဆိုတော့ပြီကိုလည်း ဆိုသင့်သေး၏။ အဘယ်သို့ မှတ်ရမည်နည်း။

ဤသို့မေးဖွယ်ရှိသောကြောင့်(က)ဝါကျ မိန့်။

### အဓိပ္ပာယ်ကား

စက်ဆုပ်ဖွယ် အကုသိုလ်တို့ကို တုန်လှုပ်စေခြင်း စသော အနက်တို့ကြောင့် ကုသိုလ်မည်၏ဟု အကျဉ်းနည်း အညွှန်းနည်းအားဖြင့် ငါဖွင့်ဆိုပါဦးမည် ဟူလို။

## (ခ) ဝါကျပါပနာ ပဥ္ဆက စောဒနာ

ဆရာ ဆရာသည် (က) ဝါကျဖြင့် စက်ဆုပ်ဖွယ် အကုသိုလ်တို့ကို တုန်လှုပ်စေခြင်း စသော အနက်ကြောင့် ကုသလမည်၏ဟု (ကုသလတိက်၌ ဖွင့်ဆိုအပ်ပြီးသည်ကို ရည်ညွှန်း၍) မိန့်ဆိုတော်မူခဲ့၏။ ယင်းသို့ဆိုလျှင် စက်ဆုပ်ဖွယ် အကုသိုလ်တို့ကို တုန်လှုပ်စေခြင်းစသော အနက်တို့ကြောင့်သာ ကုသလမည်၏။ အခြားသော အကြောင်းတို့ကြောင့် ကုသလမည်သည် မဟုတ်ဟူသော အနက်သည် ရောက်၏။ စင်စစ် မသင့်။ ထို့ကြောင့် ဇာတက ဒေသနာစသော အခြားသော ဒေသနာတို့၌ လာရှိသည့် အနက်တစ်ပါးတို့ကိုလည်း ဆိုသင့်သေး၏။ မဆိုဘဲ မနေသင့်။ နေချေသော် အဗျာပိတ.အပရိပုဏ္ဏဒေါသ။ ဤသို့ စုဒ်ကြောင့် အပိစ စသော (ခ) ဝါကျမိန့်။

http://www.dhammadownload.com



**အဓိပ္ပာယ်ကား**

အာရောဂျအနက် အနဝဇ္ဇအနက် ကောသလ္လသမ္ဘူတ အနက်တို့ကြောင့်လည်း ကုသလ မည်ပါသေး၏ဟု ဇာတကဒေသနာ စသော အခြားသော ဒေသနာတို့၌ လာရှိသည့် အနက်တို့ကိုလည်း ငါပြဆိုသောကြောင့် သင်တင်သောဒေါသ ငါ၌မတင် စင်ပါ၏ ဟူလို။

## (ဂ) ဝါကျ ဥပနာ

ဆရာ ဆရာသည် (ခ) ဝါကျဖြင့် အနာရောဂါ ကင်းရှင်း ကျန်းမာခြင်းကြောင့် စိတ်သည် ကုသိုလ်မည်၏ဟု ဆိုတော်မူ၏။ ရောဂါကင်းရှင်း ကျန်းမာခြင်း ဟူသည် ရုပ်ခန္ဓာနှင့်သာ သက်ဆိုင်သည်ဖြစ်၍ နာမ်ခန္ဓာဖြစ်သော ကုသိုလ်စိတ်သည် ရောဂါကင်းရှင်း ကျန်းမာခြင်းကြောင့် ကုသလ မည်၏ဟု ဆိုအပ်သော ဆရာ့စကားသည် မယုံကြည်နိုင်ရာသည် မဟုတ်ပါလော။ ထို့ကြောင့် အနာရောဂါ ကင်းရှင်း ကျန်းမာခြင်းကြောင့် ကုသလ မည်၏ဟု ဆရာ မဆိုသင့်။ အဘယ်သို့သော ယုတ္တိသာဓကဖြင့် ဆရာ့စကား ယုံကြည်လက်ခံ နိုင်ပါမည်နည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) ဝါကျ မိန့်။

**အဓိပ္ပာယ်ကား**

ကိစ္စ န ဘောတော ကုသလံ၌ ထိုးကျင်နိပ်စက်တတ်သော အနာရောဂါကင်းသောကြောင့် ကုသလဟူ၍ ဆိုရသကဲ့သို့ ဤ ကုသိုလ်စိတ်၌လည်း ထိုးကျင်နိပ်စက်တတ်သည့် ကိလေသာ အနာရောဂါများ ကင်းစင်သောကြောင့် နာမ်တရားဖြစ်သော ကုသိုလ်စိတ်ကိုလည်း ရောဂါကင်းရှင်း ကျန်းမာခြင်းနှင့် ပြည့်စုံသောကြောင့် ကုသလမည်၏ဟု ငါဆိုရပါသည် ဟူလို။

## (ဃ) ဝါကျသို့ ပါပနာ

ဆရာ ဆရာသည် (ဂ) ဝါကျဖြင့် အာရောဂျဋ္ဌေနဿ အကျယ်ကို

http://www.dhammadownload.com



ဆိုတော်မူခဲ့၏။ ယင်းသို့ ဆိုရျေသော် အနဝဇ္ဇဒွေနှစ်၏ အကျယ်ကိုကား မသိသင့် ဟူသော အနက်သည် ရောက်၏။ စင်စစ် မသင့်။ ထို့ကြောင့် အနဝဇ္ဇဋ္ဌ၏ အကျယ်ကိုလည်း ဆိုသင့်သေး၏။ မဆိုဘဲမနေသင့်။ နေရျေ သော် အဗျာပိတ ဒေါသ ရောက်ရာ၏။ ဤသို့ စုဒ်ကြောင့် (ဃ) မိန့်။

## (င) ဝါကျ ကောသလ္လံ ဝုစ္စတိ ပညာသို့ ဋ္ဌပနာ ပဉ္စက

ဆရာ ဆရာသည် ကောသလ္လသမ္ဘူတဋ္ဌေန ကုသလံ-လိမ္မာ ကျွမ်း ကျင်ကြောင်းတရား (ကောသလ္လ)တို့ကြောင့် ဖြစ်သဖြင့် ကုသလမည်၏ဟု ဖွင့်ဆိုတော်မူခဲ့၏။ ကောသလ္လအရ လိမ္မာကျွမ်းကျင်ကြောင်းဖြစ်သော ကြိုးစားမှု ဝီရိယ, တည်ကြည်ငြိမ်သက်မှု သမာဓိ, ဆရာကောင်း သမား ကောင်းများထံ နည်းခံ လေ့လာမှု သပ္ပုရိသူပနိဿယ, သဒ္ဓမ္မဿဝနတို့ကို ယူရမည်ဟု မှတ်ရမည်လော။ ထို့ကြောင့် ကောသလ္လသမ္ဘူတဋ္ဌေန ကုသလံ ဟူ၍သာ မဆိုသင့်။ ကောသလ္လအရ အဘယ်ကို ယူရပါမည်နည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ကောသလ္လံ ဝုစ္စတိ ပညာ ဟူသော ပါဌ်ကိုမိန့်။

**အဓိပ္ပာယ်ကား**

ဝီရိယ, သမာဓိ စသည်သည် ကောသလ္လမမည်။ ပညာသည်သာ ကောသလ္လ မည်ပါ၏ ဟူလို။

## ၃။ အဝိစ ထားရခြင်းအကြောင်း

၁။ ကုသလတိက် အဖွင့်၌ ဖွင့်ဆိုအပ်ခဲ့ပြီးသော အနက်များမှ တစ်ပါး၊ ဇာတကဒေသနာတော်, ဗာဟိတိကသုတ္တန် ဒေသနာတော်, အဘိဓမ္မာ ဒေသနာတော် နည်းအားဖြင့် ကုသလသဒ္ဒါ၏ အာရောဂျဋ္ဌ, အနဝဇ္ဇဋ္ဌ, ကောသလ္လသမ္ဘူတဋ္ဌအနက်တို့ကိုလည်း ပြလိုသောကြောင့် လည်းကောင်း။

၂။ ကုသလသဒ္ဒါ၏ ဝိဂြိုဟ်ဝစနတ်ဓာတ် ပစ္စည်းတို့ဖြင့် ဝေဖန်ကောင်း သော နိပ္ပန္နပါဋိပဒိကသုဒ္ဓနာမ်ပုဒ် အဖြစ်မှတစ်ပါး အာရောဂျဋ္ဌ, အနဝဇ္ဇဋ္ဌ, ကောသလ္လသမ္ဘူတဋ္ဌဝါစီ အနိပ္ပန္နပါဋိပဒိကပုဒ် အဖြစ်ကို လည်းကောင်း လဲပြလိုသောကြောင့် အဝိစ ထားပါသည်။

http://www.dhammadownload.com



**ဒေါသပယ်**

(က) ဝါကျဖြင့် ကုသလတိက်၌ ဖွင့်ဆိုအပ်ခဲ့ပြီးသော ကုဋ္ဌိတေ ပါပဓမ္မေ သလယဋ္ဌိ စလယဋ္ဌိ စသော ဝစနတ္ထတို့ကို အကျဉ်းအားဖြင့် ညွှန်းပြသောကြောင့် ဂန္တဂရု၊ ပုနရုတ္တိဒေါသကို ပယ်သည်။

(ခ) ဝါကျဖြင့် ကုသလ သဒ္ဒါ၏ မပြအပ်ခဲ့သေးသော အနက်တို့ကို ဖြည့်စွက်၍ ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသ ပယ်သည်။

(ဂ) ဝါကျဖြင့် နာမ်ခန္ဓာ ဖြစ်သော စိတ်တရား၏ အနာရောဂါ ကင်းရှင်း ကျန်းမာခြင်းရှိသည်ဟု ဆိုနိုင်ပုံကို ဥပမာနှင့်တကွ ပြဆိုသောကြောင့် ဩစိတျဟီနဒေါသ ဝိရောဓိဒေါသတို့ကို ပယ်ပါသည်။

(ဃ) (င) ဝါကျတို့ဖြင့် ကုသလ၏ အနဝဇ္ဇဋ္ဌ ကောသလ္လသမ္ဘူတဋ္ဌ ဖြစ်ပုံကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်သည်။

၄။ အာရောဂျ၊ အနဝဇ္ဇတို့၏ ဝစနတ္ထကို အမှတ် (၈) ဝါကျ၌ ရှုပါ။

* အာရောဂျံ ယေဝ အတ္ထော အာရောဂျဋ္ဌော။

* အနဝဇ္ဇံ ယေဝ အတ္ထော အနဝဇ္ဇဋ္ဌော။

* ကုသလဿ ဘာဝေါ ကောသလ္လံ။

* ကောသလ္လေန သမ္ဘူတံ ကောသလ္လသမ္ဘူတံ။

ပညာ၏ ကုသိုလ်နှင့် အကြောင်း+အကျိုး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျ-နိ။ ပညာသည် ပဝတ္တိနိမိတ်။

* အာတုရတိ သီယံ ဂစ္ဆတီတိ အာတုရော။ (ကိတ်)
(ပကတိ အနာရောဂါရှိ၏။)

* အာတုရော ဝိယ အာတုရော။ (အာ+တုရ+ဏ) (တဒ္ဓိတ်)
(ကိလေသာရောဂါ ရှိ၏။)

* နတ္ထိ အာတုရော ယဿာတိ အနာတုရော။ (ကုသိုလ်စိတ်ရှိ၏။)

အနာရောဂါမရှိခြင်း အဘာဝဘောဂုဏ်၏ ကုသိုလ်စိတ်နှင့် ဂုဏ်+

http://www.dhammadownload.com



ဂုဏ္ဏာ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျု-နီ။ အနာရောဂါ မရှိခြင်း အဘာဝဘောဂုဏ်သည် ပ-နီ။

* အနာတုရဿ ဘာဝေါ အနာတုရတာ။

ကိလေသာ ရောဂါကင်းသော ကုသိုလ်စိတ်၏ ကိလေသာ အနာရောဂါ ကင်းခြင်း ဂုဏ်နှင့် ဂုဏ္ဏာ+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျု-နီ။ ကိလေသာ အနာရောဂါကင်းခြင်း ဂုဏ်သည် ပ-နီ။

* ဂိလာယတီတိ ဂိလာနော။ (ဂိလာ ဂိလေ+ယု)

နာကျင်ခြင်း ကြိယာ။

* ဂိလာနဿ ဘာဝေါ ဂေလညံ။ (ဂိလာန+ဏျ)

မကျန်းမာသူ၏+ မကျန်းမာခြင်းဂုဏ်နှင့် ဂုဏ္ဏာ+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျု-နီ။ မကျန်းမာခြင်းဂုဏ်သည် ပ-နီ။

* နတ္ထိ ဂေလညံ ယဿာတိ အဂေလညံ။ (ကုသိုလ်စိတ်) (တစ်နည်း)

* န ဂိလာနော အဂိလာနော။

အဂိလာနဿ ဘာဝေါ အဂေလညံ။ (အဂိလာန+ဏျ)

* ဗာဓတီတိ ဗျာဓိ။ (ဗာဓ+အ)

* ဝိဗ္ဗတီတိ ဗျာဓိ။ (ဝိဓ+က္က)

* နတ္ထိ ဗျာဓိ ယဿာတိ နိဗျာဓိ။ (အနာကင်းသောသူ)

အနာရောဂါကင်းသော ပုဂ္ဂိုလ်၏ အနာရောဂါကင်းခြင်းဂုဏ်နှင့် ဂုဏ္ဏာ+ ဂုဏ် အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျု-နီ။ အနာရောဂါကင်းခြင်း ဂုဏ်သည် ပ-နီ။

* ဗျာဓိ ဝိယာတိ ဗျာဓိ။ (ဗျာဓိပုဒ်+ဏပစ္စည်း) (ကိလေသာ အနာရောဂါ)

* ကိလေသော ယေဝ ဗျာဓိ ကိလေသဗျာဓိ။

ကိလေသော ယေဝ အာတုရော ယဿာတိ ကိလေသာတုရော။

http://www.dhammadownload.com



(ပုဂ္ဂလော)

* ကိလေသာတုရဿ ဘာဝေါ ကိလေသာတုရတာ။

* ကိလေသော ယေဝ ဂေလညံ့ ကိလေသဂေလညံ။

* ဒရတီတိ ဒရထော။ (ဒရ+ထ)

* ကိလေသော ယေဝ ဒရထော ကိလေသ ဒရထော။

* သမ္ဘဝတီတိ သမ္ဘုတံ။

သမ္ဘုတဿ ဘာဝေါ သမ္ဘုတတ္တံ။

ကောင်းစွာဖြစ်သော ကုသိုလ်၏ ကောင်းစွာဖြစ်ခြင်း ကြိယာနှင့် သာဓက + သာဓျ အဖြစ်ဖြင့် အစပ် သမ္ဗန် ဗျု-နိ။ ဖြစ်ခြင်း ကြိယာသည် ပ-နိ။

* ကုဋ္ဌာ သဥ္ဇာတာ ဓေတသံ အတ္ထီတိ ကုဋ္ဌိတာ။ (ကုဋ္ဌ+ဣတ)

စက်ဆုပ်ဖွယ် ဂုဏ်၏ အကုသိုလ်နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျု-နိ။ စက်ဆုပ်ဖွယ် ဂုဏ်သည် ပ-နိ။

| | | | |
|---|---|---|---|
| ၅။ | ကစ္စိ | = | ပုဥ္စာဝါစက နိပါတ်ပုဒ်၊ အလိင်၊ ဂဏာဝိမုတ်၊ ဣကာရန္တ။ |
| | ဘောတော | = | နာမ်ပုဒ်၊ ပုံလိင်၊ ဂစ္ဆန္တာဒိ၊ အကာရန္တ။ |
| | ဗျာဓိ | = | သမာသ်+ကိတ်ပုဒ်၊ ပုံလိင်၊ ရတ္တာဒိ၊ ဣကာရန္တ။ |
| | နိဗျာဓိ | = | သမာသ်၊ ပုံလိင်၊ ရတ္တာဒိ၊ ဣကာရန္တ။ |
| | သမ္ဘုတ | = | ကိတ်ပုဒ်၊ နပုံလိင်၊ စိတ္တာဒိ၊ အကာရန္တ။ |

၆။ (က) ကုဋ္ဌိတာနံ့ သလနာဒီဟိ အတ္တေဟိ ကုသလံ-ဖြင့် ကုသလံကို ကုဋ္ဌိတေ သလယတီတိ ကုသလံဟု ကိတန္တတပ္ပုရိသ် သမာသ် ဝစနတ္တ ပြု- လည်းကောင်း၊ ကုရှေးရှိသော သလဓာတ်, အပစ္စည်း၊ ယင်း အ-၏ ကတ္တားအနက်ကိုပေဟ လည်းကောင်း၊ ကု-၏ ကုဋ္ဌိတ အနက်ကိုပေဟ လည်းကောင်း။

(တစ်နည်း) ကုသလံကို ကုသေ လုနာတီတိ ကုသလံဟု ကိတန္တ

http://www.dhammadownload.com



တပ္ပုရိသ် သမာသ် ဝစနတ္ထပြု- လည်းကောင်း၊ ကုသသဒ္ဒူပပဒ လူဓာတ်+ အပစ္စည်း၊ ယင်း အ-ပစ္စည်း၏ ကတ္တားအနက်ကိုဟော လည်းကောင်း။

(တစ်နည်း) ကုသေန လာတဗ္ဗန္တိ ကုသလံဟု ကိတန္တတပ္ပုရိသ် သမာသ် ဝစနတ္ထပြု- လည်းကောင်း၊ ကုသ+လာဓာတ်+အပစ္စည်း၊ ယင်း အ-၏ ကံအနက်ကို ဟော-လည်းကောင်း။

(တစ်နည်း) ကုသာဝိယ လုနာတီတိ ကုသလံ ဟု ကိတန္တတပ္ပုရိသ် သမာသ် ဝစနတ္ထပြု- လည်းကောင်း၊ ကုသ+လူ+အပစ္စည်း၊ ယင်း အပစ္စည်း ၏ ကတ္တားအနက်ကို ဟော-လည်းကောင်း။ ဆိုအပ်ခဲ့ပြီးသော ဝစနတ္ထ လေးမျိုးကြောင့် ကုသလ မည်သည်၏ အဖြစ်ကိုလည်းကောင်း သိစေပါ သည်။

(ခ) အပိစ-ဖြင့် ထူးခြားသော နည်းတစ်ပါးကို သိစေသည်။

အာရောဂျဋ္ဌေန (ပ) ကုသလံ-ဖြင့် ကုသလသဒ္ဒါသည် ကုစ္ဆိတေ သလယတီတိ ကုသလံ စသည်ဖြင့် ဝိဂြိုဟ် ဝစနတ္ထပြု၍ ဓာတ်, ပစ္စည်း ဝေဖန်ကောင်းသော နိပ္ဖန္နပါဋိပဒိက မဟုတ်၊ အာရောဂျအနက်, အနဝဇ္ဇ အနက်, ကောသလ္လသမ္ဘူတ အနက်တို့ကို ဟောသော အနိပ္ဖန္နပါဋိပဒိက ရုဋ္ဌီပုဒ် အဖြစ်ကို သိစေသည်။

(ဂ) ယထေဝ ဟိ စသည်ဖြင့် ကစ္ဆိ နု ဘောတော ကုသလံ ဟူသော အာဂုံပါဠိတော်ကို ထောက်ဆ၍ ကုသလသဒ္ဒါ အာရောဂျအနက် ဟောနိုင် ပုံကို လည်းကောင်း၊ ရူပကာယ ရုပ်ခန္ဓာ၌ ထိုးကျင်နိပ်စက်တတ်သော အနာရောဂါဝေဒနာတို့ ကင်းစင်ခြင်းကို ကျန်းမာသည်ဟု ဆိုရသကဲ့သို့ ကုသိုလ်ဟု ဆိုအပ်သော နာမ်ခန္ဓာ၌လည်း ထိုးကျင်နိပ်စက် ဖျက်ဆီးတတ် သည့် ကိလေသာ အနာရောဂါဝေဒနာတို့ ကင်းစင်သောကြောင့် ကုသိုလ် စိတ်ကိုလည်း အာရောဂျ ကျန်းမာသည်ဟု ဆိုနိုင်ပုံကို လည်းကောင်း သိစေ သည်။

(ဃ) ကိလေသဝဇ္ဇဿ ပန စသည်ဖြင့် ကုသိုလ်စိတ်၌ အပြစ်အညစ်

http://www.dhammadownload.com



အပ္ပဟု ဆိုအပ်သော ကိလေသာတို့ ကင်းစင်သောကြောင့် အနဝဇ္ဇ အပြစ်ကင်းသည်ဟု ဆိုရသည်အဖြစ်ကို သိစေသည်။

(င) ကောသလ္လံ ဝုစ္စတိ ပညာ-ဖြင့် ကောသလ္လ သမ္ဘူတဋ္ဌ ကောသလ္လ အရလိမ္မာကျွမ်းကျင်ကြောင်းဖြစ်သော ဝီရိယ. သမာဓိ စသည်ကို မယူရ၊ ပညာကိုသာ ယူရမည်အဖြစ်ကို သိစေသည်။

ကောသလ္လတော သမ္ဘူတတ္တာဖြင့်ကောသလ္လသမ္ဘူတကို ကောသလ္လတော သမ္ဘူတံ ကောသလ္လသမ္ဘူတံဟု ပဉ္စမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုကို သိစေသည်။

ကောသလ္လသမ္ဘူတဋ္ဌေန ကုသလံဖြင့် ကုသိုလ်ဟူသည် ပညာကြောင့်ဖြစ်တတ်သော သဘောတည်းဟု သိစေသည်။

## သဗ္ဗပဒ် သာဝဓာရဏ်

၇။ သဗ္ဗပဒ်သာဝဓာရဏ်ဟူသည်နှင့်အညီ ကောသလ္လံ ဝုစ္စတိ ပညာ၌ ပညာနောင် ဧဝထိုင်လျှင် -

(၁) ပညာသည် ဂဟေတဗ္ဗ။

(၂) ဝီရိယ သမာဓိ စသည်သည် နိဝတ္တေတဗ္ဗ။

(၃) ပညာ၏ ပဇာနနလက္ခဏာဟူသော ဂုဏ်သည် အနုညာတ။

## နိပါတတ္ထ

(က) ကုသလန္တိ၌ ဣတိကား ပဒတ္ထဝိပလ္လာသတ္ထ။

(ခ) အပိကား အတ္ထန္တရဝိကပ္ပနတ္ထ။

(ဂ) ယထေဝ-ဥပမာန ဇောတက။

ဟိ ကား တပ္ပါကဋီကရဏ- တစ်နည်း ဝိတ္ထာရဇောတက၊ ကစ္စိနကား ပုစ္ဆာဝါစက။

(ဃ) ပနကား ပက္ခန္တရဇောတက။

(၈) ကုသလ်၏ ကြိယာငါးတန်ကို ကုသလတိက် အဖွင့် ပြန်ကြည့်ပါ။

http://www.dhammadownload.com



## ကုသလံ ဝေဒိတဗ္ဗံ-၌ ဝေဒိတဗ္ဗသဒ္ဒါ။

နာမ်တရားကို "ကျန်းမာစေသောကြောင့် ကုသလမည်၏" ဟု ဆိုအပ်သော စကားသည် ဥပမာနှင့်ကင်း၍ မထင်ရှား။ ထို့ကြောင့် ကစ္ဆု န သော တော ကုသလံ ဟူသော ဥပမာဖြင့် ဆောင်၍ ပြရသည်။ ဤသို့ တိုက်ရိုက်မသိအပ်ဘဲ ဥပမာဖြင့် ဆောင်၍ သိအပ်သောကြောင့် နေယျတ္ထ ဖြစ်သည်။ ဤသို့သော နေယျတ္ထကို ပြလိုသောကြောင့် ဝေဒိတဗ္ဗသဒ္ဒါ ထားသည်။

### (ဂ) ဝါကျ၌ ရနိုင်သော သိဒ္ဓိ-

ကုသိုလ်ဟု ဆိုအပ်သော နာမ်တရား၏ အာရောဂျ-အနာရောဂါ ကင်းရှင်း ကျန်းမာခြင်းရှိပုံကို "ကစ္ဆု န ဘောတော ကုသလံ" ဟူသော အာဂမယုတ္တိ"ကိလေသာတုရတာယ ကိလေသဂေလညာသ စ ကိလေသ ဗျာဓိနော အဘာ ဝေန " ဟူသော သဘာဝယုတ္တိတို့ဖြင့် ယုံကြည်လက်ခံ နိုင်အောင် ပြဆိုသောကြောင့် သဒ္ဒေယျသိဒ္ဓိ , သိဒ္ဓေယျသိဒ္ဓိ ရနိုင်သည်။

၁၀။ ကုစ္ဆိတာနံ သလနာဒီဟိ
ကုစ္ဆိတာနံအရ- အကုသိုလ်ရဖ်၊ သလနအရ- ကုသိုလ်ရဖ်။
ပကတူပ။ ပြိုင်မရှိ။

## ကုသလံ ဝုတ္တံ

ဝစခါတ်အရ ဒေသနာဉာဏ် စိတ္တုပ္ပါဒ် (ပစ္စယုပ္ပန်)၊ တပစ္စည်းအရ ပထမမဟာကုသိုလ်စိတ် ပရမတ္ထ (ပစ္စည်း) အာရမ္မဏ- အာ. မိ. ဥပ ပြိုင်။

## ကုသလံ ဝေဒိတဗ္ဗံ

ဝိဒခါတ်အရ ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ် မဟာကြိယာ စိတ္တုပ္ပါဒ် ရဖ်။ (ပစ္စယုပ္ပန်)

http://www.dhammadownload.com



တဗ္ဗပစ္စည်းအရ ကုသိုလ်ဟူသော နာမပညတ် -ဝါ အတ္ထပညတ် ရဏ်။ (ပစ္စည်း) အာရမ္မဏ။ ပြိုင် မရှိ။

**ကောသလ္လ သမ္ဘူတဋ္ဌာ**

ကောသလ္လတောအရ ပညာရဏ်။ (ပစ္စည်း)

သမ္ဘူတအရ ပထမ မဟာကုသိုလ်စိတ် ရဏ်။ (ပစ္စယုပ္ပန်)

သဟဇာတာသတ္တိ၊ ကြီး ၄၊ အညာ၊ သမ္ပ၊ ဟေ၊ အဓိ၊ မဂ္ဂ၊ ဣန္ဒြိယ = ပေါင်း ၁၀-ပစ္စည်းပြိုင်။

**ကောသလ္လံ ဝုစ္စတိ ပညာ**

ဝုစ္စတိ၌ ဝစဓာတ်အရ ဉာဏ် ဝီရိယ ပြဋ္ဌာန်းသော မဟာကုသိုလ် မဟာကြိယာ စိတ္တုပ္ပါဒ်ရဏ်။ (ပစ္စယုပ္ပန်) တေ-ဝိဘတ်အရ ပညာစေတသိက် ရဏ်။ (ပစ္စည်း) အာရမ္မဏာသတ္တိ၊ အာ. ဓိ. ဉပ ပြိုင် ၃-။

< >

## ၅၆။ ကုသလ် အဖွင့် (၂)

(က) ဉာဏသမ္ပယုတ္တံ တာဝ ဇဝံ ဟောတု၊ ဉာဏဝိပ္ပယုတ္တံ ကထန္တိ၊

(ခ) တမ္ပိ ရုဠှီသဒ္ဒေန ကုသလမေဝ။

(ဂ) ယထာ ဟိ တာလပဏ္ဏေဟိ အကတ္ဘာ ကိလဉ္ဇာဒီဟိ ကတမ္ပိ တံသရိက္ခတ္တာ ရုဠှီသဒ္ဒေန "တာလဝဏ္ဍံ" တွေ့ဝ ဝုစ္စတိ၊ ဇဝံ ဉာဏဝိပ္ပယုတ္တမ္ပိ ကုသလန္တွေဝ ဝေဒိတဗ္ဗံ။

http://www.dhammadownload.com



(ဃ) နိပ္ပရိယာယေန ပန ဉာဏသမ္ပယုတ္တံ အာရောဂျဋ္ဌေန အနဝဇ္ဇဋ္ဌေန ကောသလ္လသမ္ဘူတဋ္ဌေနာတိ တိဝိဓေနပိ "ကုသလ"န္တိ နာမံ လဘတိ၊ ဉာဏဝိပ္ပယုတ္တံ ဒုဝိဓေနေဝ။

(င) ဣတိ ယဉ္စ ဇာတကပရိယာယေန ယဉ္စ ဗာဟိတိကသုတ္တ ပရိယာယေန ယဉ္စ အဘိဓမ္မပရိယာယေန ကုသလံ ကထိတံ၊ သဗ္ဗံ တံ တီဟိပိ အတ္ထေဟိ ဣမသ္မိံ စိတ္တေ လဗ္ဘတိ။ (ဋ္ဌ-၁၀၅)

၁။ (ခ) ရှဋ္ဌီသဒ္ဒေနကို ရှဋ္ဌီ သုံးမျိုး ထင်ရှားအောင် အနက်ပေး။

ရှဋ္ဌီသဒ္ဒေန-ဉာဏသမ္ပယုတ် ကုသိုလ်၌ ထင်ရှားသော ကုသလ သဒ္ဒါဖြင့်။ (အထင်ရှဋ္ဌီ)။ ဝါ - ထို ဉာဏသမ္ပယုတ် ကုသိုလ်စိတ်တို့နှင့် အနဝဇ္ဇသုခဝိပါကလက္ခဏာအားဖြင့် တူသော ဉာဏဝိပ္ပယုတ် ကုသိုလ် စိတ်၌ တင်စားသော ကုသလသဒ္ဒါဖြင့်။ (အတင်ရှဋ္ဌီ)။ ဝါ-ဉာဏ်နှင့် ကင်းသော်လည်း ထိုကုသလသဒ္ဒါ၏ ဉာဏသမ္ပယုတ် ကုသိုလ်စိတ်၌ ကြာ မြင့်စွာသော ကာလကပင် ထင်ရှားခဲ့ တွင်ခဲ့သော ကုသလသဒ္ဒါဖြင့်။ (အတွင်ရှဋ္ဌီ)။

(ဂ) ဥပမာန+ဥပမေယျ ညီအောင် သမ္ဗန်။

ဟိ တာလပဏ္ဏေဟိ အကတ္ဝာ ကိလဉ္ဇာဒီဟိ ကတမ္ပိ တံ သရိက္ခတ္တာ ရုဠှီသဒ္ဒေန "တာလဝဏ္ဋံ" တွေ့ဝ ဝုစ္စတိယထာ၊ (ဥပမာန)

ဧဝံ ဉာဏဝိပ္ပယုတ္တမ္ပိ အနဝဇ္ဇသုခဝိပါက လက္ခဏေန ဉာဏ သမ္ပယုတ္တ သရိက္ခတ္တာ ရုဠှီသဒ္ဒေန ကုသလန္တွေ့ဝ ဝေဒိတဗ္ဗံ။ (ဥပမေယျ)။

၂။ (က) ဝါကျ ပါပနာပဉ္စက

ဆရာ ဆရာသည် ကောသလ္လသမ္ဘူတဋ္ဌေန ကုသလံ = သမ္ပယုတ် ပညာကြောင့် ဖြစ်သောကြောင့် ကုသိုလ်မည်၏ဟု ဆိုတော်မူ၏။ ယင်းသို့ ဆိုလျှင် ဉာဏ်နှင့်မယှဉ်သော ဉာဏဝိပ္ပယုတ် ကုသိုလ်စိတ်တို့သည်

http://www.dhammadownload.com



ကုသလမမည် ဟူသော အနက်သည်ရောက်၏။ စင်စစ် မသင့်၊ ထို့ကြောင့် ထိုဉာဏဝိပ္ပယုတ် ကုသိုလ်စိတ်တို့ ကုသလအမည် ရထိုက်ပုံ မရထိုက်ပုံကို ပြဆိုသင့်သေး၏။ မဆိုဘဲ မနေသင့်၊ နေချေသော် ဆရာ၌ ဝိရောဓိဒေါသ ရောက်ရာ၏။ ဤသို့ စောဒနာဘွယ်ရှိသောကြောင့် ယင်းစောဒနာကို ကိုယ်တိုင်ပြလိုသော အဋ္ဌကထာဆရာသည် ဉာဏသမ္ပယုတ္တံ စသော ဝါကျတို့ကို မိန့်။

**အဓိပ္ပါယ်ပြန်ဖွယ်မလို။**

## (ဂ) ဝါကျ ပါပနာပဋ္ဌက

ဆရာ ဆရာသည် ထို ဉာဏဝိပ္ပယုတ် ကုသိုလ်စိတ်သည်လည်း ရုဋ္ဌီသဒ္ဒါ အဖြစ်ကြောင့် ကုသလအမည်ကို ရထိုက်သည်သာဟု ဆိုတော်မူ၏။ ထိုသို့ ဆိုသော်လည်း ဆရာ့စကားသည် ဂုဋ္ဌပဋိဋ္ဌနွ သခေ်ပဖြစ်၍ မပေါ်လွင် မထင်ရှားသည် မဟုတ်ပါလော။ ထို့ကြောင့် တမွိ ရုဋ္ဌီသဒ္ဒေန ကုသလမေဝ ဟု မဆိုသင့်။ ယင်းစကားရပ်၏ ထင်ရှားစွာသိကြောင်း အခြင်းအရာကား အဘယ်ပါနည်း။ (ဝါ) ရုဋ္ဌီသဒ္ဒါဖြစ်ပုံကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ယထာ ဟိ စသော (ဂ) ဝါကျကို မိန့်။

**အဓိပ္ပါယ်ကား -**

> ထန်းရွက်ယပ်၏ တာလဝဏ္ဍအမည်ကို ဝါးနှီးစသည်ဖြင့် ပြုအပ်သော ယပ်၌ သဒိသူပစာအားဖြင့် တင်စား ခေါ်ဝေါ် အပ်သကဲ့သို့ ဉာဏဝိပ္ပယုတ် ကုသိုလ်စိတ်ကိုလည်း ထို သဒိသူပစာ ရုဋ္ဌီနည်းဖြင့် ကုသလဟု ဆိုထိုက်ပါ၏ ဟူလို။

## (ဃ) ဝါကျ ပါပနာပဋ္ဌက

ဆရာ ဆရာသည် (ခ) (ဂ)ဝါကျတို့ဖြင့် ဉာဏဝိပ္ပယုတ် ကုသိုလ်စိတ်သည် သဒိသူပစာ အထင်ရုဋ္ဌီနည်းအားဖြင့် ကုသလမည်၏ဟု ဆိုတော်မူ၏။ ယင်းသို့ဆိုလျှင် ဉာဏဝိပ္ပယုတ် ကုသိုလ်စိတ်သည် သဒိသူပစာ ပရိယာယ်အားဖြင့်သာ ကုသလအမည်ရ၍ မုချအားဖြင့် ကုသလမမည်ဟူသော

http://www.dhammadownload.com



အနက်သည်ရောက်၏။ စင်စစ်မသင့်။ ထို့ကြောင့် မုချနည်းအားဖြင့် ကုသလ မည်နိုင်ပုံကို ဆရာပြဆိုသင့်သေး၏။ မဆိုဘဲမနေသင့်။ (ဝါ) ဥပစာ အားဖြင့်သာ ကုသလမည်၏ဟူ၍ ဆရာ မဆိုသင့်။ ဆရာ့၌ ဝိရောဓိဒေါသ မရောက်လော။ ဤသို့ စုဒ်ကြောင့် (ယ)မိန့်။

**အဓိပ္ပါယ်ကား -**

ဉာဏသမ္ပယုတ်ကုသိုလ်စိတ်သည်ဆိုခဲ့ပြီးသော အကြောင်း သုံးပါးကြောင့် ကုသိုလ်မည်၏။ ဉာဏဝိပ္ပယုတ် ကုသိုလ် စိတ်ကား အာရောဂျတ္တ အနဝဇ္ဇတ္တ ဟူသော အကြောင်း နှစ်ပါးကြောင့် ကုသိုလ်မည်၏။ ဤသို့ မုချ တိုက်ရိုက်အား ဖြင့်လည်း ကုသိုလ်မည်သည် ဟု ငါ ပြဆိုသောကြောင့် သင်တင်သောဒေါသ ငါ၌မတင် စင်ပါ၏ ဟူလို။

## (င) ဝါကျသို့ ဒွပနာပဋ္ဌက

ဆရာ ဆရာသည် (က)စသော ဝါကျဖြင့် ဉာဏသမ္ပယုတ် ကုသိုလ် စိတ်၌ ကောသလ္လသမ္ဘူတဟူသော စကားသည် သင့်တန်၏။ ဉာဏဝိပ္ပ ယုတ် ကုသိုလ်စိတ်၌ ကောသလ္လသမ္ဘူတ ဟူသော စကားသည် အသို့လျှင် သင့်တန်ပါအံ့နည်း ဟူသော စောဒကာ၏ စောဒနာနှင့် စပ်လျဉ်း၍ သိသင့် သိထိုက်သော အဖြေ ဝိနိစ္ဆယကထာ ကို ဆိုတော်မူခဲ့၏။ ထိုဝိနိစ္ဆယကထာ သည် ပြည့်စုံလုံလောက်ပြီဖြစ်၍ နိဂုံးကမ္ပတ် အဆုံးသတ်စကားကို ပြဆို သင့်သေးသည် မဟုတ်ပါလော။ ထို့ကြောင့် ဝိနိစ္ဆယ ကထာ နိဂမနိယ စကားရပ်တို့ကိုသာ ဆရာ မဆိုသင့်။ ယင်း၏ နိဂုံး အဆုံးကမ္ပတ် အပြီး သတ်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ဣတိ ယဋ္ဌ ဇာတက ပရိယာယေန စသော (င)ဝါကျကို မိန့်။

## တစ်နည်း (င) ဝါကျသို့ ဒွပနာပဋ္ဌက

ဆရာ ဆရာသည် အပိစ အာရောဂျဋ္ဌေန အနဝဇ္ဇဋ္ဌေနစသော

http://www.dhammadownload.com



စကားရပ်တို့ဖြင့် ကုသလသဒ္ဒါသည် အာရောဂျ္ဇ အနဝဇ္ဇ ကောသလ္လ သမ္ဘူတဠတို့ကို ဟောကြောင်း ဆိုတော်မူခဲ့၏။ ထိုကုသလသဒ္ဒါသည် အာရောဂျ္ဇစသော အနက်သုံးပါးကို ဟောနိုင်ကြောင်း မည်သည့် ဒေသနာတော်၌ မိန့်ဆိုထားသည်ကို မသိရသေးသည် မဟုတ်ပါလော။ ထို့ကြောင့် အာရောဂျ္ဇ စသည်ကိုဟော၏ ဟူ၍သာ မဆိုသင့်။ အဘယ်ဒေသနာတို့၌ ယင်းသို့ ဟောကြားပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ယဋ္ဌ စသော (င) ဝါကျကို မိန့်။

**အဓိပ္ပာယ်ကား -**

ဇာတကဒေသနာတော်, ဗာဟိတိကာသုတ္တန် ဒေသနာတော်, အဘိဓမ္မာ ဒေသနာတော်တို့၌ ယင်းအနက်သုံးပါးကို ဟောထားသောကြောင့် ဤ၌လည်း ထိုအနက်သုံးပါးလုံး ယူထိုက်ပါ၏ ဟူလို။

## (၃) (ဃ) ဝါကျ၌ အတ္ထန္တရ ဝိကပ္ပနတ္ထ ဝါ အနက်ရှိသော ပနသဒ္ဒါ ထားရခြင်းအကြောင်း

ဉာဏဝိပ္ပယုတ်စိတ်ကို ကုသလဟု ခေါ်ဆိုရာ၌ တင်စားသော အထင်ရှဋ္ဌ သဒိသူပစာသဒ္ဒါ၏ အဖြစ်မှတစ်ပါး ဉာဏဝိပ္ပယုတ်စိတ်သည် အာရောဂျ္ဇ အနဝဇ္ဇ အနက်နှစ်ပါးကြောင့် ကုသလမည်၏ ဟူသော မုချသဒ္ဒါ၏ အဖြစ်ကို လဲပြလိုသောကြောင့် ပန ထားပါသည်။

## တာလဝဏ္ဍံ့နေ့ဝ ဝုစ္စတိ၌ ဝုစ္စတိ ထားရခြင်းအကြောင်း

ထန်းရွက်ယပ်တောင်၏ တာလဝဏ္ဍအမည်ကို နီးယပ်တောင်၌ တင်စား၍ နီးယပ်တောင်ကိုလည်း တာလဝဏ္ဍဟူ၍ပင် ဆိုအပ်၏ဟူသော သဒိသူပစာသဒ္ဒါ အဖြစ်ကို ပြလိုသောကြောင့် ဝုစ္စတိသဒ္ဒါ ထားပါသည်။ (ဝုစ္စတိ, ဝုတ္တံ၊ နာမ်ရှိရာ၊ ဉပစာ)

http://www.dhammadownload.com



**ဒေါသပယ်**

(ဂ) ဝါကျ သသံသယဒေါသ ကိလိဋ္ဌဒေါသတို့ကို ပယ်သည်။

**အကြောင်းကား -**

တမ္ပိ ရုဋ္ဌီသဒ္ဒေန ကုသလမေဝ ဟူသော စကားသည် အကျဉ်းဖြစ်၍ ရုဋ္ဌီသဒ္ဒါဖြစ်ပုံ မထင်ရှား၊ ထို့ကြောင့် ရုဋ္ဌီသဒ္ဒါဖြစ်ပုံကို ဥပမာနှင့်တကွ ရှင်းပြသောကြောင့် လည်းကောင်း၊ ရုဋ္ဌီသဒ္ဒေနဟု ဆိုသော်လည်း ကာရဏူပစာ ဖလူပစာသည် မယူရ၊ သဒိသူပစာသာ ယူရမည်ဟု ပြဆိုသောကြောင့် လည်းကောင်းတည်း။

၄။ ＊ ရုဟတီတိ ရုဋ္ဌိ (ရုဟ+တ+ဣ) တက်ရောက်ခြင်းကြီးယား။

＊ ရုဋ္ဌိ စ သာ သဒ္ဒေါစာတိ ရုဋ္ဌီသဒ္ဒေါ။

ရုဋ္ဌိနှင့် သဒ္ဒါတို့၏ ဝိသေသန+ဝိသေသျ စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။ ရုဋ္ဌီသဒ္ဒါဖြစ်ခြင်းဂုဏ်သည် ပ-နိ။

＊ တလတိ ပတိဋ္ဌာတီတိ တာလော။ (တာလ+အ)။ တည်ခြင်း။

တာလဿ ပဏ္ဏာ တာလပဏ္ဏာ။

ထန်းပင်၏ ထန်းရွက်တို့နှင့် ဌာန+ဌာနီ. အပေါင်း အစိတ် အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျု-နိ။ ထန်းရွက်ယပ်တို့၏ သာမညဇာတ်သည် ပ-နိ။

＊ ကိလနံ ဗန္ဓနံ ကိလော။ (ကိလ+အ)။ နှောင်ဖွဲ့ခြင်း။

＊ ကိလာယ ဇာယတီတိ ကိလဇ္ဇော။ (ကိလ+ဇန+ကွိ)

＊ ကိလဇ္ဇော အာဒိ ယေသန္တိ ကိလဇ္ဇာဒယော။

＊ သမာနမိဝ ဒိဿတေတိ သရိက္ခံ။ (တာလဝဏ္ဍံ)

(သမာန+ဒိသ+အ)

(သမာနကို သ ပြု၊ ဒိသကို ရိက္ခပြု) အတူကဲ့သို့ ရှုခြင်း။

＊ တေန သရိက္ခံ တံသရိက္ခံ။

ထန်းရွက်ယပ်၏ နီးယပ်တောင်နှင့် ဥပမာန+ဥပမေယျ စပ်ခြင်း သမ္ဗန် ဗျု-နိ။

http://www.dhammadownload.com



ဥပမာန + ဥပမေယျတို့၏ အချင်းချင်း တူမျှခြင်းဟု ဆိုအပ်သော သာဒိသျဗောဂုဏ်သည် ပ-နိ။

* တံ သရိက္ခသ ဘာဝေါ တံသရိက္ခတ္တံ။

ထန်းရွက်ယပ်နှင့်တူသော နီးယပ်တောင်၏ တူမျှခြင်း သာဒိသျဗောဂုဏ်နှင့် ဂုဏေး+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျ-နိ။ တူမျှခြင်း သာဒိသျဗောဂုဏ်သည် ပ-နိ။

* တာလဿ ဝဏ္ဍံ အဝယဝေါ တာလဝဏ္ဍံ ။ (ထန်းရွက်)

* တာလဝဏ္ဍေန ကတံ တာလဝဏ္ဍံ။ (ယပ်တောင်ရာ၏) (တဒ္ဓိတ်။)

ထန်းရွက်တို့၏ ပြုအပ်သော ယပ်တောင်နှင့် ဝိသေသ+သာမည အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျ-နိ။

ယပ်တောင်၏ တစ်ခုသည် တစ်ခုနှင့် တူသော အခြင်းအရာဟု ဆိုအပ်သော သာမညဇာတ်သည် ပ-နိ။

* ပရိဗျတ္တံ အတ္တံ အယတိ ဗုဇ္ဈတိ ဓောနာတိ ပရိယာယော။ (ပရိ+အယ+ဏ)

* န ပရိယာယော နိပ္ပရိယာယော။

ပဋိသေဓဗောဂုဏ်၏ ဥပစာသဒ္ဒါနှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျ-နိ။ ဥပစာသဒ္ဒါ၏ ပဋိသေဓဗောဂုဏ် (ဝါ) သာမည ဇာတ်သည်ပ-နိ။

* ဇာတန္တိ ကီယတိ ကထီယတိ တေသွိန္တိ ဇာတကံ။ (ဇာတ+ကေ+(ကီ)အ)

၅။ ရှဋ္ဌီ = ကိတ်။ ဣတ္ထိလိင်၊ နဒါဒိဂိုဏ်း၊ ဤကာရန္တ။
သရိက္ခံ = ကိတ်ပုဒ်၊ နပုံလိင်၊ စိတ္တာဒိ၊ အကာရန္တ။

၆။ (က)ဉာဏသမ္ပယုတ္တံ တာဝ ဓဝံ ဟောတု-ဖြင့် ဉာဏသမ္ပယုတ် စိတ်သည် အာရောဂျဖြစ်သော အနက်သုံးပါးတို့ကြောင့် ကုသလမည်သည် ရှိပါစေတော့ဟူသော အနုညာတကို သိစေပါသည်။

http://www.dhammadownload.com



ဉာဏဝိပ္ပယုတ္တံ ကထံ-ဖြင့် ဉာဏ်နှင့် မယှဉ်သော ဉာဏဝိပ္ပယုတ် စိတ်တို့၌ အဘယ့်ကြောင့် သိမှတ်ရပါမည်နည်း ဟူသော အမေးပုစ္ဆာကို သိစေ သည်။

(ခ)တမ္ပိ ရုဠှီသဒ္ဒေန ကုသလမေဝ-ဖြင့် ထိုကုသိုလ်ဟူသော အမည်သည် ရုဠှီသဒ္ဒါဖြစ်သောကြောင့် ဉာဏဝိပ္ပယုတ်စိတ်ကိုလည်း ကုသလဟူ၍ ဆိုထိုက်ပါသည်ဟု သိစေသည်။ (ဘာဝတ္ထ)

(ဂ)ယထာ ဟိ (ပ) ဝေဒိတဗ္ဗံ-ဖြင့် ထန်းရွက်တို့ဖြင့် မပြုသော်လည်း နီးဝါးတို့ဖြင့် ပြုအပ်သော ယပ်တောင်ကို ထိုထန်းရွက်နှင့် တူသောကြောင့် တာလဝဏ္ဋ ဟု ဆိုအပ်သကဲ့သို့ ဉာဏဝိပ္ပယုတ် ကုသိုလ်စိတ်သည်လည်း ဉာဏသမ္ပယုတ် ကုသိုလ်စိတ်နှင့် အနဝဇ္ဇ သုခဝိပါကလက္ခဏာအားဖြင့် တူသောကြောင့် သဒိသူပစာအားဖြင့် ကုသလဟု မှတ်ထိုက်သည် အဖြစ်ကို သိစေသည်။ (ဘာဝတ္ထ)

(ဃ)နိပ္ပရိယာယေန ပန စသည်ဖြင့် ဉာဏဝိပ္ပယုတ် ကုသိုလ်စိတ် သည် သဒိသူပစာ, ရုဠှီနည်းအားဖြင့်သာ ကုသလအမည်ရသည် မဟုတ်။ ဉာဏသမ္ပယုတ်စိတ်သည် အာရောဂျဋ္ဌ အနဝဇ္ဇဋ္ဌ ကောသလ္လသမ္ဘူတဋ္ဌ ဟူသော အနက်သုံးပါးတို့ကြောင့် ကုသလအမည်ရ၏။ ဉာဏဝိပ္ပယုတ် ကုသိုလ်စိတ်သည်ကား အာရောဂျဋ္ဌ,အနဝဇ္ဇဋ္ဌဟူသောအနက်နှစ်ပါးကြောင့် ကုသလမည်၏။ ဤသို့ မုချနည်းအားဖြင့်လည်း ဉာဏဝိပ္ပယုတ်စိတ်သည် ကုသိုလ်မည်သေးသည် အဖြစ်ကို သိစေသည်။ (ဘာဝတ္ထ)

(င)ဣတိ ယဉ္စ-စသည်ဖြင့် ဤသို့ ဆိုအပ်ခဲ့ပြီးသော အာရောဂျဋ္ဌ စသော အနက်သုံးပါးတို့သည် ဇာတကဒေသနာ, ဗာဟိတိကသုတ် ဒေသနာ, အဘိဓမ္မဒေသနာတို့၌ လာရှိသောကြောင့် ထိုအနက်သုံးမျိုးလုံးကို ဤပထမ မဟာကုသိုလ်စိတ်၌ ရထိုက်သည်အဖြစ်ကို သိစေသည်။ (ဘာဝတ္ထ)

## (၇) တမ္ပိ ရုဠှီ သဒ္ဒေန ကုသလမေဝ

၁။ ကုသိုလ်မည်၏ဟူသော အနက်သည် ဂဟေတဗ္ဗံ။

http://www.dhammadownload.com



၂။ ကုသိုလ်မမည်ဟူသော အနက်သည် နိဝတ္တေတဗ္ဗ။
၃။ ထိုကုသိုလ်၏ အနဝဇ္ဇသုခဝိပါက လက္ခဏာသည် အန - ညာတ။

## သမ္ဘန္ဓာဝတ္ထုနည်းဖြင့် ထုတ်လိုသော်

၁။ ဉာဏဝိပ္ပယုတ် ကုသိုလ်စိတ်သည် သဒိသူပစာ ရုဠှီနည်း အားဖြင့်ကုသလမည်၏ဟူသော အနက်သည် ဂဟေတဗ္ဗ။
၂။ (ယ)ဝါကျကို မရှုမှု၍ သိအပ်သော ဉာဏဝိပ္ပယုတ် ကုသိုလ် စိတ်သည် မုချအားဖြင့် ကုသိုလ်မည်၏ဟူသော အနက် သည် နိဝတ္တေတဗ္ဗ။
၃။ (ယ)ဝါကျဖြင့် ခွင့်ပြုအပ်သော ဉာဏသမ္ပယုတ် ကုသိုလ် စိတ်သည် မုချအားဖြင့် ကုသိုလ်မည်၏ဟူသော အနက် သည် အနညာတ။

မှတ်ချက်။ ။ဝေသည် (ယ) ဝါကျကို မတားနိုင်၊ ထို့ကြောင့် အနညာတ အဖြစ် (ယ) ဝါကျဖြင့် ပြအပ်သော အနက်ကို ထုတ်ရ သည်။

## တာလာဝဏ္ဍန္တေ ဝ ဝုစ္စတိ (သမ္ဘန္ဓာဝတ္ထုနည်း)

၁။ နီးယပ်တောင်ကို တာလဝဏ္ဍဟူ၍ ဆိုအပ်၏ ဟူသော အနက်သည် ဂဟေတဗ္ဗ။
၂။ နီးယပ်တောင်ကို ကလဋ္ဌဗီဇနီ-ဟူ၍ ဆိုအပ်၏ ဟူသော အနက်သည် နိဝတ္တေတဗ္ဗ။

တစ်နည်း- နီးယပ်တောင်ကို တာလဝဏ္ဍ ဟူ၍ မဆိုအပ် ဟူသော အနက်သည် နိဝတ္တေတဗ္ဗ။

၃။ ထန်းရွက်ယပ်တောင်ကိုလည်း တာလဝဏ္ဍ ဆိုထိုက်သေး သည် ဟူသော အနက်သည် အနညာတ။ (ထန်းရွက်

http://www.dhammadownload.com



တောင်ကိုသာ တာလဝဏ္ဍဆိုအပ်သည် မဟုတ်။ နီးယပ် တောင်ကိုလည်း တာလဝဏ္ဍ ဟု ဆိုအပ်သေးသည်။)

## ဉာဏဝိပ္ပယုတ္တမှို ကုသလ်တွေ့ဝ ဝေဒိတဖွံ့။

၁။ ဉာဏဝိပ္ပယုတ်စိတ်ကို ကုသိုလ်ဟူ၍ သိအပ်၏ ဟူသော အနက်သည် ဂဟေတဗ္ဗ။

၂။ ဉာဏဝိပ္ပယုတ်စိတ်ကို ကုသိုလ်ဟူ၍ မမှတ်ထိုက် ဟူသော အနက်သည် နိဝတ္တေတဗ္ဗ။

၃။ ဉာဏသမ္ပယုတ်စိတ်ကို ကုသိုလ်ဟူ၍ ဆိုထိုက်၏ ဟူသော အနက်သည် အနညာတ။

(သမ္ဗန္ဓာဝတ္တနည်း)

## တစ်နည်း

ကုသလ ဟူသောအမည်သည် ဂဟေတဗ္ဗ။ အကုသလ စသော အမည်သည် နိဝတ္တေတဗ္ဗ။ အနဝဇ္ဇသုခဝိပါက စသော အမည်သည် အနညာတ။

## ဉာဏဝိပ္ပယုတ္တံ ဒုဝိဓေနေဝ

၁။ အာရောဂျဋ္ဌ အနဝဇ္ဇဋ္ဌ ဟူသော အနက်နှစ်ပါးသည် ဂဟေတဗ္ဗ။

၂။ ကောသလ္လသမ္ဘူတဋ္ဌ ဟူသော အနက်သည် နိဝတ္တေတဗ္ဗ။

၃။ အနညာတ မရှိ။

## ဝိသယ

(ခ) ဝါကျတမှိသည် ပုဗ္ဗာဝါကျရှိ ဉာဏဝိပ္ပယုတ္တံကို စွဲသော ကြောင့် ပက္ကန္တဝိသယ။

(င) ဝါကျရှိ ယဋ္ဌသုံးချက်ကား ဝါကျတွင်းရှိ ကုသလ်ကို စွဲသော

http://www.dhammadownload.com



ကြောင့် ပသိဒ္ဓဝိသယ။

(င) သဗ္ဗ တံ-၌ တံ-ကား သဗ္ဗဟု တိုက်ရိုက်ပါသော်လည်း ထိုသဗ္ဗအရ လွန်ပြီးဝါကျရှိ ကုသလဘာဝ သုံးမျိုးကို စွဲယူသောကြောင့် ပက္ကန္တဝိသယသာ မှတ်ရမည်၊ ပသိဒ္ဓဝိသယ ဟူ၍ မမှတ်ရ။ ဣမသ္မိံ စိတ္တေ-ကား အစွဲပုဒ် တိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

## နိပါတတ္ထ

(က) တာဝ နိပါတ်ကား အနုညာတတ္ထ၊ ဓဝံကား ပေဟတွတ္ထ၊ ကတမိ၌ ဣတိကား ပရိသမာပနတ္ထ။

(ခ) တမ္ဟိ၌ ပိကား သမုစ္စယတ္ထ၊ ဝေကား အဝဓာရဏတ္ထ။

(ဂ) ဟိကား တပ္ပါကဋီကရဏတ္ထ၊ ယထာကား ဥပမာန ဇောတကတ္ထ။

(ဃ) ပနကား ပက္ခန္တရတ္ထ။

## ၈။ ဉာဏသမ္ပယုတ် ကုသိုလ်စိတ်၏ ကြိယာငါးတန်

၁။ ဉာဏသမ္ပယုတ် ကုသိုလ်စိတ်သည် ဒဿနတ္ထ။

၂။ ဣန္ဒြေရင့်ကျက်ခြင်း, ကိလေသာ ကင်းဝေးခြင်း, ကောင်းသော အကျိုးတရားကို သိမြင်ခြင်းတို့သည် ဒီပကတ္ထ။

၃။ နှလုံးသာရှင် စိတ်ကြည်လင်ခြင်းသည် ပကာသနတ္ထ။

၄။ အတိတ်ဘဝက ဉာဏ်ပညာထက်မြက်ကြောင်း ကောင်းမြတ်သော ကုသိုလ်ကံတို့ကို ဆည်းပူးခဲ့ခြင်း၊ နတ်ဘုံ ဗြဟ္မာဘုံတို့၌ ဖြစ်ရခြင်းတို့သည် ဝိဘာဝတ္ထ။

၅။ တိဟိတ်ပဋိသန္ဓေကို ရရှိခြင်း, ဉာဏ်ထက်မြက်ခြင်း, ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိမှ စ၍ နိဗ္ဗာနသမ္ပတ္တိ တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

http://www.dhammadownload.com



## တာလဝတ္ထုနေ့ဝ ဝုစ္စတိ။

နီးယပ်တောင်ကို တာလဝတ္ထုဟု ဆိုခြင်းသည် ဒဿနတ္ထ။ ရုဠှီသဒ္ဒါ ဖြစ်ခြင်းသည် ဒီပကတ္ထ။ နီးယပ်တောင်စသည်ကို တာလဝတ္ထုဟု ဆိုအပ်သည်ဟု သောတုဇနတို့သိရခြင်းသည် ပကာသနတ္ထ။ ထန်းရွက်ယပ်တောင်နှင့် တူခြင်းသည် ဝိဘာဝတ္ထ။ အတ္ထဝေဓ ဓမ္မဝေဓမှုစ၍ အဆက်ဆက်သော အကျိုးသည် အနုဘာဝတ္ထ။

## ကုသလနေ့ဝ ဝေဒိတဗ္ဗံ။

ဉာဏဝိပ္ပယုတ်စိတ်ကို ကုသိုလ်ဟူ၍ သိရခြင်းသည် ဒဿနတ္ထ။ ကုသလသဒ္ဒါ၏ ရုဠှီသဒ္ဒါအဖြစ်သည် ဒီပကတ္ထ။ သောတုဇနတို့ သန္တာန်၌ အသိဉာဏ်ပွားရခြင်းသည် ပကာသနတ္ထ။ ဉာဏသမ္ပယုတ် ကုသိုလ်နှင့် အနဝဇ္ဇသုခဝိပါက လက္ခဏာအားဖြင့် တူမျှခြင်းသည် ဝိဘာဝတ္ထ။ အတ္ထဝေဓ ဓမ္မဝေဓစသည် အနုဘာဝတ္ထ။

## ကုသလနေ့ ဝ ဝေဒိတဗ္ဗံ – ၌ဝေဒိတဗ္ဗသဒ္ဒါ ထားရခြင်းအကြောင်း

နီးယပ်တောင်ကို သဒိသူပစာ ရုဠှီနည်းအားဖြင့် တာလဝတ္ထုဟူ၍ ဆိုအပ်သကဲ့သို့ ဉာဏဝိပ္ပယုတ်စိတ်ကိုလည်း သဒိသူပစာ ရုဠှီနည်းအားဖြင့် ကုသလဟူ၍ သိအပ်ပါ၏ဟူ၍ ဥပစာရတ္ထ. နေယျတ္ထ. သံသယတ္ထကို ပြလိုသောကြောင့် ဝေဒိတဗ္ဗသဒ္ဒါ ထားသည်။

## (ဂ) ဝါကျ၌ သိဒ္ဓိ

ဉာဏဝိပ္ပယုတ်စိတ်သည် အဘယ်သို့လျှင် ကုသလမည်ပါသနည်းဟူသော စောဒက၏ စောဒနာကို တာလဝတ္ထု ဥပမာပြ၍ စောဒနာကို ပယ်ရှားပြီးလျှင် ဉာဏဝိပ္ပယုတ်စိတ်ကိုလည်း ကုသလဟူ၍ မှတ်ထိုက်ပါသည်ဟု မိမိစကားကို ယုံကြည်စေအပ်. ပြီးစေအပ်သောကြောင့် သဒ္ဒေယျ သိဒ္ဓိ. သိဒ္ဓေယျသိဒ္ဓိ ရသည်။

http://www.dhammadownload.com



## ၁၀။ တာလဝဏ္ဏေ ဝုစ္စတိ။

ဝုစ္စတိ၌ ဝစဓာတ်အရ ဝီရိယ ပြဋ္ဌာန်းသော မဟာကုသိုလ် မဟာကြိယာ စိတ္တုပ္ပါဒ် ရ၏။ (ပစ္စယုပ္ပန်) တေဝိဘတ်အရ - နီးဖြင့် ပြုအပ်သော ယပ်တောင်ရ၏။ (ပစ္စည်း) အာရမ္မဏာသတ္တိဖြင့် ကျေးဇူးပြု။ အာ. ဓိ. ဥပ ပုရေဇာတ + အတ္ထိ. အဝိဂတ ပြိုင်။

**မှတ်ချက်။** ။တေဝိဘတ်အရ တာလဝဏ္ဏဟူသော အမည်ပညတ်ကို ယူခဲ့လျှင် အာရမ္မဏ၊ တစ်ပစ္စည်းသာ။

### တာလဝဏ္ဏ

တာလအရ ထန်းပင်ဟု ဆိုအပ်သော ဥတုဇ အဌကလာပ်ရုပ် ရ၏။ ဝဏ္ဏအရ - ထန်းရွက်ဟူသော ဥတုဇ အဌကလာပ်ရုပ်ကိုပင် ရ၏။ ထို့ကြောင့် တာလ အရ ပထဝီ မဟာဘုတ်ကို ပစ္စည်းယူခဲ့လျှင် ဝဏ္ဏအရကြွင်း မဟာဘုတ် သုံးပါးနှင့် ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာဟူသော ဥပါဒါရုပ်တို့ကို ပစ္စယုပ္ပန်ယူ၍ သဟဇာတ ပြိုင်ပါ။ အကြီး ၄ပြိုင်။

### ကုသလန္တေ ဝေဒိတဗ္ဗံ

ဝေဒိတဗ္ဗံ၌ ဝိဒဓာတ်အရ ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ် မဟာကြိယာ စိတ္တုပ္ပါဒ်ရ၏။ တဗ္ဗပစ္စည်း အရ ဉာဏဝိပ္ပယုတ် ကုသိုလ်စိတ် ရ၏။ ထို့ကြောင့် တဗ္ဗပစ္စည်း အရ ပစ္စည်းတရားက ဝိဒဓာတ်အရ ပစ္စယုပ္ပန် တရားအား အာရမ္မဏာသတ္တိဖြင့် ကျေးဇူးပြုပါသည်။ အာ. ဓိ. ဥပ ပြိုင်။

### ကုသလံ ကထိတံ

ကုသလံအရ ကုသိုလ်ဟု ဆိုအပ်သော အမည်နာမ ပညတ်ရ၏။ (ကထိတံ၌ တပစ္စည်းအရလည်း ဤသည်ပင်) (ပစ္စည်း)ကထိတံ၌ ကထဓာတ်အရ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ရ၏။ (ပစ္စယုပ္ပန်) အာရမ္မဏာသတ္တိဖြင့် ကျေးဇူးပြု။ ပြိုင် မရှိ။

ကုသလံအရ ကုသိုလ်စိတ်ပရမတ္ထကောက်လျှင် အာ. ဓိ. ဥပ. သုံး

http://www.dhammadownload.com



ပစ္စည်း ပြိုင်။

## ဣမသ္မိံ စိတ္တေ လဗ္ဘတိ

ဣမသ္မိံ စိတ္တေအရ ပဌမ မဟာကုသိုလ်စိတ် ရ၏။ (ပစ္စည်း) လဗ္ဘတိ၌ လာဘာစာတ် အရ ညာန်ပြဌာန်းသော မဟာကုသိုလ်, မဟာကြိယာစိတ္တုပ္ပါဒ် ရ၏။ (ပစ္စယုပ္ပန်) အာရမ္မဏသတ္တိ၊ အာ, ဓိ, ဥပ သုံးပစ္စည်း ပြိုင်။

ဣမသ္မိံ စိတ္တေ အရ ပဌမ မဟာကုသိုလ်စိတ် ရ၏။ လဗ္ဘတိ၌ တေဝိဘတ် အရ ကုသိုလ်ဟူသော အမည်ရ၏။ ပစ္စည်း ပစ္စယုပ္ပန် ကြုံကြိုက်ရာယူ၍ ပကတူပ ပြိုင်၊ ပြိုင် မရှိ။

≺ ≻

## ၅၇။ လက္ခဏာဒိ စတုက္က အဖွင့်

(က) တဒေတံ လက္ခဏာဒိဝသေန အနဝဇ္ဇသုခ ဝိပါက လက္ခဏံ၊ အကုသလ ဝိဒ္ဓံသနရသံ၊ ဝေါဒါနပစ္စုပဋ္ဌာနံ၊ ယောနိသော မနသိကာရပဒဋ္ဌာနံ။

(ခ) အဝဇ္ဇပဋိပက္ခတ္တာ ဝါ အနဝဇ္ဇလက္ခဏမေဝ ကုသလံ၊ ဝေါဒါန ဘာဝရသံ၊ ဣဋ္ဌဝိပါက ပစ္စုပဋ္ဌာနံ၊ ယထာဝုတ္တ ပဒဋ္ဌာနမေဝ။

(ဂ) လက္ခဏာဒီသု ဟိ တေသံ တေသံ မွောန် သဘာဝေါ ဝါ သာမည့် ဝါ လက္ခဏံနာမ၊ ကိစ္စံ ဝါ သမ္ပတ္တိ ဝါ ရသောနာမ၊ ဥပဋ္ဌာနကာရော ဝါ ဖလံ ဝါ ပစ္စုပဋ္ဌာန် နာမ၊ အာသန္နကာရဏံ ပဒဋ္ဌာန် နာမ။

(ဃ) ဣတိ ယတ္ထ ယတ္ထ လက္ခဏာဒီနိ ဝက္ခာမ၊ တတ္ထ တတ္ထ ဣမိနာဝ နယေန တေသံ နာနတ္တံ ဝေဒိတဗ္ဗံ။

(ဋ္ဌ-၁၀၅)

http://www.dhammadownload.com



## ၂။ အနုသန္ဓေတက်

ဤသို့ ကုသလန္တိ ကုစ္ဆိတာနံ သလနာဒီဟိအတ္ထေဟိ စသော ဝါကျတို့ဖြင့် ကုသလ်၏ ဝစနတ္ထတို့ကို ပြဆိုတော်မူပြီး၍ (ပုဗ္ဗာနုသန္ဓေ) ယခုအခါ၌ ကုသိုလ်၏ လက္ခဏာဒိ စတုက္ကကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည် တဒေတံစသော ဝါကျတို့ကို မိန့်။

### (က) ဝါကျ ပါပနာပဉ္စက

ဆရာ ဆရာသည် ကုသလန္တိ ကုစ္ဆိတာနံ သလနာဒီဟိ အတ္ထေဟိ စသော ဝါကျတို့ဖြင့် ကုသလ၏ ဝစနတ္ထတို့ကို ဆိုတော်မူခဲ့၏။ ယင်းသို့ဆိုချေသော် ကုသလ၏ ဝစနတ္ထကိုသာ သိသင့်၍ လက္ခဏာဒိစတုက္ကကိုကား မသိသင့် ဟူသော အနက်သည် ရောက်၏။ စင်စစ်မသင့်။ ထို့ကြောင့် ကုသလ၏ လက္ခဏာဒိစတုက္ကကိုလည်း ဆိုသင့်သေး၏။ မဆိုပဲ မနေသင့်။ နေချေသော် အဗျာပိတဒေါသ ရောက်ရာ၏။ ဤသို့ စောဒနာဖွယ်ရှိသောကြောင့် (က) ဝါကျကို မိန့်။

### (ခ)ဝါကျ ဌပနာပဉ္စက

ဆရာ ဆရာသည် (က)ဝါကျဖြင့် ကုသလ၏ လက္ခဏာဒိစတုက္ကကို ထုတ်ပြတော်မူခဲ့၏။ ယင်းသို့ဆိုလျှင် ကုသိုလ်သည် အနဝဇ္ဇသုခဝိပါက လက္ခဏာ, အကုသလဝိဒ္ဓံသနရသာ, ဝေါဒါနပစ္စုပဋ္ဌာန်, ယောနိသောမနသိကာရပဒဋ္ဌာန်သာ ရှိ၏။ အခြားသောလက္ခဏာမရှိ ဟူသောအနက်သည် ရောက်ရာသည် မဟုတ်ပါလော။ ထို့ကြောင့်(က)ဝါကျကိုသာ ဆရာ မဆိုသင့်။ ကုသလ၏အခြားဖြစ်သင့်သောလက္ခဏာဒိစတုက္ကကား အဘယ် ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) ဝါကျကို မိန့်။

### (ဂ)ဝါကျသို့ ဌပနာပဉ္စက

ဆရာ ဆရာသည် (က)(ခ)ဝါကျတို့ဖြင့် ကုသလ၏ လက္ခဏာဒိ စတုက္ကကို ပြဆိုတော်မူခဲ့၏။ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့၏

http://www.dhammadownload.com



သဘော - သဘာဝကို အကျယ်မသိရသေးသည် မဟုတ်ပါလော။ ထို့ကြောင့် လက္ခဏာဒိ စတုက္ကမျှကို သာ ဆရာမဆိုသင့်။ ယင်းတို့၏ သရုပ် အဓိပ္ပါယ်အကျယ်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) ဝါကျကို မိန့်။

**အဓိပ္ပာယ်ကား -**

ထိုထိုပရမတ္ထတရားတို့၏ သဘာဝလက္ခဏာ သာမည လက္ခဏာသည် လက္ခဏာမည်၏။ ပြီးစေအပ်သော ကိစ္စနှင့် ပြည့်စုံလာသော ဂုဏ်သည် ရသမည်၏။ ထင်လာသော အခြင်းအရာနှင့် အကျိုးသည် ပစ္စုပဋ္ဌာန်မည်၏။ နီးသော အကြောင်းသည် ပဒဋ္ဌာန်မည်၏ ဟူလို၊

## (ဃ) ဝါကျ ပါပနာ

ဆရာ ဆရာသည် (က) (ခ)ဝါကျတို့ဖြင့် ကုသလ၏ လက္ခဏာဒိ စတုက္ကကို လည်းကောင်း၊ (ဂ)ဝါကျဖြင့် ထိုလက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် တို့၏အချင်းချင်း ထူးခြားပုံကို လည်းကောင်း ဆိုတော်မူခဲ့၏။ ယင်းသို့ဆိုလျှင် ဤနေရာ၌ ဆိုအပ်သည့်နည်းတူ နောက်နောက်၌ ပြဆိုလတ္တံ့ ဖြစ်သော လက္ခဏာဒိစတုက္က အရာ၌လည်း ထိုလက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့၏ အထူးကိုပြဦးမည်ဟူသော အနက်သည် ရောက်၏။ စင်စစ် မသင့်။ ထို့ကြောင့် ထိုလက္ခဏာဒိ စတုက္ကတို့၏ ထူးခြားပုံကို ဆိုဦးမည် မဆိုတော့ပြီကို ပြသင့်သေး၏။ မပြဘဲ မနေသင့်။ နေရျေသော် ဆရာ၌ အတိဗျာပိတဒေါသနှင့်တကွ ဂန္ထဂရု, ပုနရုတ္တိ ဒေါသ ရောက်ရာ၏။ ဤသို့ စောဒနာဖွယ် ရှိသောကြောင့် (ဃ)ဝါကျကို မိန့်။

## ၃။ (ခ)ဝါကျ၌ ဝါသဒ္ဒါ

၁။ ကုသိုလ်သည် အနဝဇ္ဇသုခဝိပါက လက္ခဏာရှိ၏ ဟူသော အနက်မှတစ်ပါး အနဝဇ္ဇလက္ခဏာရှိ၏ ဟူသော အနက်ကိုလည်းကောင်း။

http://www.dhammadownload.com



၂။ ကုသိုလ်သည် အကုသလဝိဒ္ဓံသနရသရှိ၏ ဟူသော အနက်မှတစ်ပါး ဝေါဒါနဘာဝရသရှိ၏ ဟူသော အနက်ကိုလည်းကောင်း၊

၃။ ကုသိုလ်သည် ဝေါဒါနပစ္စုပဋ္ဌာန်ရှိ၏ ဟူသော အနက်မှတပါး ဣဋ္ဌဝိပါက ပစ္စုပဋ္ဌာန်ရှိ၏ ဟူသောအနက်ကိုလည်းကောင်း။

၄။ ကုသိုလ်၏ အကုသလဝိဒ္ဓံသန ကိစ္စရသမှတစ်ပါး၊ ဝေါဒါနဘာဝသမ္ပတ္တိရသကို လည်းကောင်း။

၅။ ကုသိုလ်၏ဝေါဒါနအာကာရပစ္စုပဋ္ဌာန်မှတစ်ပါး ဣဋ္ဌဝိပါက ဖလပစ္စုပဋ္ဌာန်ကို လည်းကောင်း လဲပြလိုသောကြောင့် ဝါ-သဒ္ဒါ ထားပါသည်။

(ဂ)ဝါကျလာ ဝါသဒ္ဒါများကား သမုစ္စယတ္ထကို ပြလိုသောကြောင့် ထားပါသည်။

၄။ * လက္ခီယန္တိ ဧတေနာတိ လက္ခဏံ။

* အနဝဇ္ဇသုခဝိပါကော လက္ခဏံ ဧတဿာတိ အနဝဇ္ဇသုခဝိပါကလက္ခဏံ။

အနဝဇ္ဇသုခဝိပါကလက္ခဏာ၏ + ကုသိုလ်နှင့် လက္ခဏ + လက္ချ အဖြစ်ဖြင့် အစပ်သမ္ဗန်သည် ဗျ-နီ။ အနဝဇ္ဇသုခဝိပါက လက္ခဏာသည် ပ-နီ။

**တစ်နည်း**

* လက္ခီယတီတိ လက္ခဏံ။ (သဘာဝ ရ၏)

* အနဝဇ္ဇသုခဝိပါကာ စ တေ လက္ခဏဉ္စာတိ အနဝဇ္ဇသုခဝိပါက လက္ခဏံ။

အနဝဇ္ဇသုခဝိပါက ကုသိုလ်တရားတို့၏ လက္ခဏနှင့် ဝိသေသန + ဝိသေ သျ စပ်ခြင်း သမ္ဗန်သည် ဗျ-နီ။ ထိုကုသိုလ်တရားတို့၏ အနဝဇ္ဇသုခ

http://www.dhammadownload.com



ဝိပါက လက္ခဏာအားဖြင့် တစ်ပါးသည် တစ်ပါးနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော သာမညဇာတ်သည် ပ-နိ။

* ဝိဒ္ဓံသီယတေ ဝိဒ္ဓံသနံ။ (ဝိ+ဓံသ (ဓံသု)+ယု) ဖျက်ဆီးခြင်း။

ဝိဒ်, ဓံ. သ, နံ့ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါ၏ အကြောင်းဖြစ်သော ဖျက်ဆီးခြင်းကြိယာသည် ဗျု-နိ။ ဝိဒ္ဓံသနံ ဟူသော အပေါင်းပညတ္တိသဒ္ဒါ၏အကြောင်းဖြစ်သော ဖျက်ဆီးခြင်းကြိယာသည် ပ-နိ။

* အကုသလဿ ဝိဒ္ဓံသနံ အကုသလဝိဒ္ဓံသနံ။

အကုသိုလ်၏ ဖျက်ဆီးခြင်းကြိယာနှင့် ကာရက+ကြိယာအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန် ဗျု-နိ။ အကုသိုလ်ကို ဖျက်ဆီးခြင်းကြိယာသည် ပ-နိ။

* ရသီယတိ နိပ္ဖာဒီယတီတိ ရသော။ (ရသ+အ)

* အကုသလဝိဒ္ဓံသနံ ရသော ဧတဿာတိ အကုသလဝိဒ္ဓံသနရသံ။

အကုသလဝိဒ္ဓံသနရသ၏ ကုသိုလ်နှင့် ရသ+ရသဝန္တ စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။ အကုသလဝိဒ္ဓံသနရသသည် ပ-နိ။

* ဝေါဒါယတီတိ ဝေါဒါနံ။ (ဝိ+အဝ+ဒါ+ယု) ဖြူစင်ခြင်းကြိယာ။

* ဥပဋ္ဌီယတေ ဥပဋ္ဌာနံ။ (ဘာဝသာဓန)

* အတ္တနော ကာရဏံ ပဋိစ္စ ဥပဋ္ဌာနံ ပစ္စုပဋ္ဌာနံ။

* ဝေါဒါနံ ပစ္စုပဋ္ဌာနံ ဧတဿာတိ ဝေါဒါနပစ္စုပဋ္ဌာနံ။

ဝေါဒါနပစ္စုပဋ္ဌာန်၏ ကုသိုလ်နှင့် လက္ခဏ+လက္ချအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန် ဗျု-နိ။ ဝေါဒါနပစ္စုပဋ္ဌာန်သည် ပ-နိ။

* ပဒဿ ဌာနံ ပဒဋ္ဌာနံ။

* ပဋိဝိရုဒ္ဓေါ ပက္ခော ပဋိပက္ခော။

* အဝဇ္ဇဿ ပဋိပက္ခံ အဝဇ္ဇပဋိပက္ခံ။ (ကုသလံ)

* အဝဇ္ဇပဋိပက္ခဿ ဘာဝေါ အဝဇ္ဇပဋိပက္ခတ္တံ။

ကုသိုလ်တရားတို့၏+ကိလေသာတို့နှင့် ဆန့်ကျင်ဘက်ဖြစ်ခြင်း

http://www.dhammadownload.com



ပဋိပက္ခဘောဂုဏ်နှင့် ဂုဏေး+ဂုဏ်အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။ ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်ခြင်း ပဋိပက္ခဘောဂုဏ်သည် ပ-နိ။

* ဘာဝီယတိ လက္ခီယတိ ဧတေနာတိ ဘာဝေါ။

* သဿ အတ္တနော ဘာဝေါ သဘာဝေါ။

ပထဝီ ဖဿစသော မိမိတို့၏+ကက္ခဠလက္ခဏာ, ဖုသနလက္ခဏာ စသည်တို့နှင့် သဘာဝ+သဘာဝန္တအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။ မိမိတို့၏သဘောလက္ခဏာသည် ပ-နိ။

* သမာနဿ ဘာဝေါ သာမညံ။ (သမာန+ဏျ)

တူသော ရုပ်တရား နာမ်တရားတို့၏ + တူခြင်း သာဒိသျဘောဂုဏ် နှင့် ဂုဏေး + ဂုဏ်အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။ တူခြင်း သာဒိသျ ဘောဂုဏ်သည် ပ-နိ။

* ကာရေတဗ္ဗံ နိပ္ဖါဒေတဗ္ဗန္တိ ကိစ္စံ။ (ကရ+ရိစ္စ)

* ရသီယတိ နိပ္ဖာဒီယတီတိ ရသော။ (ကိစ္စရသ ရ၏) (ကမ္မသာဓ်)

* ရသတိ သမ္ပဇ္ဇတီတိ ရသော။ (သမ္ပတ္တိရသ ရ၏) (ကတ္တုသာဓ်)

* သမ္ပဇ္ဇတီတိ သမ္ပတ္တိ။ (ဂုဏ်ရ၏)

* ဥပဋ္ဌီယတေ ဥပဋ္ဌဟာတီတိ ဝါ ဥပဋ္ဌာနံ။

* ပရိမုခံ ဥပဋ္ဌီယတေ ဥပဋ္ဌာတီတိ ဝါ ပစ္စုပဋ္ဌာနံ။
(အာကာရပစ္စုပဋ္ဌာန်)

* ကာရဏံ ပဋိစ္စ ဥပဋ္ဌာတီတိ ပစ္စုပဋ္ဌာနံ ။ (ဖလပစ္စုပဋ္ဌာန်)

၆။ (၁)ဝါကျ လက္ခဏာဒီသု ဟိ တေသံ တေသံ ဓမ္မာနံ သဘာဝေါ ဝါ သာမညံ ဝါ လက္ခဏံနာမ -ဖြင့် လက္ခဏာသည် သဘာဝလက္ခဏာ သာမည လက္ခဏာအားဖြင့် နှစ်မျိုးရှိသည်၏ အဖြစ်ကိုလည်းကောင်း၊ လက္ခဏာကို လက္ခီယတေ အနေနာတိ လက္ခဏံဟု ကရဏသာဓ် ဝစနတ္ထပြုရမည် အဖြစ်ကို လည်းကောင်း၊ ရုပ်နာမ်ပရမတ္ထတို့တွင် ပထဝီဓာတ်၏ ကက္ခဠ

http://www.dhammadownload.com



လက္ခဏာသည် သဘာဝလက္ခဏာမည်၏၊ ပထဝီဓာတ်၏ ရုပ္ပနလက္ခဏာသည် သာမညလက္ခဏာ မည်၏၊ ဖဿ၏ ဖုသနလက္ခဏာသည် သဘာဝလက္ခဏာမည်၏၊ဖဿ၏ နမနလက္ခဏာသည် သာမညလက္ခဏာမည်၏။ ဤသို့သော အဓိပ္ပါယ်ကို လည်းကောင်း သိစေသည်။ (အဘိဓေယျတ္ထ၊ သကတ္ထသံဝဏ္ဏနာ)

ကိစ္စံ ဝါ သမ္ပတ္တိ ဝါ ရသောနာမ - ဖြင့် ရသသည် ကိစ္စရသ (ပြီးစေအပ်သောကိစ္စ)သမ္ပတ္တိရသ (ပြည့်စုံလာသောဂုဏ်)ဟု နှစ်မျိုးရှိသည်အဖြစ်၊ (သရုပ်ကြားအဘိဓေယျတ္ထ) (သကတ္ထ)။ ရသော ကို ရသီယတိ နိပ္ဖါဒီယတီတိ ရသော (ကိစ္စရသ) ရသတိ သမ္ပဇ္ဇတီတိ ရသော (သမ္ပတ္တိရသ) ဟု ဝစနတ္ထပြုရမည် အဖြစ်ကို သိစေသည်။

ဥပဋ္ဌာနာကာရော ဝါ ဖလံ ဝါ ပစ္စုပဋ္ဌာန် နာမ - ဖြင့် ပစ္စုပဋ္ဌာန်သည် အာကာရပစ္စုပဋ္ဌာန် (ထင်လာသော အခြင်းအရာ)ဖလပစ္စုပဋ္ဌာန် (ဖြစ်လာသောအကျိုး) ဟု နှစ်မျိုးပြားသည်အဖြစ်၊ ပစ္စုပဋ္ဌာန်ကို ပရိမုခံ ဥပဋ္ဌီယတေ ဥပဋ္ဌာတီတိ ဝါ ပစ္စုပဋ္ဌာနံ (အာကာရပစ္စုပဋ္ဌာန်)။ ကာရဏံ ပဋိစ္စ ဥပဋ္ဌာတီတိ ပစ္စုပဋ္ဌာနံ (ဖလ ပစ္စုပဋ္ဌာန်)ဟု ဝစနတ္ထ ပြုရမည်အဖြစ်ကို သိစေသည်။

အာသန္နကာရဏံ ပဒဋ္ဌာန် နာမ - ဖြင့် ပဒဋ္ဌာန်ကို ပဒါနံ ဌာနံ ပဒဋ္ဌာနံ၊ တစ်နည်း - ပဒဉ္စ တံ ဌာနံစာတိ ပဒဋ္ဌာန်ဟု ဝစနတ္ထပြုရမည်အဖြစ်၊ နီးသော အကြောင်းသည် ပဒဋ္ဌာန်မည်သည်၏ အဖြစ်ကို သိစေသည်။

၇။ (က) တဒေတံ - ကား ဆိုနေဆဲဖြစ်သော ကုသိုလ်စိတ်ကိုပင် စွဲသောကြောင့် ပသိဒ္ဓဝိသယ။
(ဂ) တေသံ တေသံ မွှာနံ - ကား ပသိဒ္ဓဝိသယ။
(ဃ) တတ္ထ တတ္ထ - ကား ယတ္ထ ယတ္ထ ဟူသော အနိယမဝါကျဖြင့် ညွှန်းဆိုသော ထိုထိုအရာဌာနကို စွဲသောကြောင့် ပက္ကန္တဝိသယ။

ဣမိနာဝ နယေန - ကား ပသိဒ္ဓဝိသယ။တေသံ - ကား ပက္ကန္တဝိသယ။

http://www.dhammadownload.com



**အနဝဇ္ဇလက္ခဏမေဝ**

ဓေဝ-ကို အနဝဇ္ဇနောင်ထိုင်ပါ။ အနဝဇ္ဇမေဝ -

၁။ အနဝဇ္ဇလက္ခဏာသည် ဂဟေတဗ္ဗ။

၂။ သုခဝိပါကလက္ခဏာသည် နိဝတ္တေတဗ္ဗ။

၃။ ထိုအနဝဇ္ဇလက္ခဏာရှိသော ကုသိုလ်ဖြစ်သည်အနည်ာတ။

**ဣမိနာဝ နယေန ဝေဒိတဗ္ဗံ**

၁။ ဤယခုဆိုအပ်ခဲ့ပြီးသောနည်းသည် ဂဟေတဗ္ဗ။

၂။ ဤနည်း၏ ဆန့်ကျင်ဘက်ဖြစ်သော အခြားနည်းသည် နိဝတ္တေတဗ္ဗ။

**ယထာဝုတ္တ ပဒတ္ထာနမေဝ**

၁။ ဆိုခဲ့ပြီးသော ယောနိသောမနသိကာရ ပဒဋ္ဌာန်သည် ဂဟေတဗ္ဗ။

၂။ အခြားပဒဋ္ဌာန်သည် နိဝတ္တေတဗ္ဗ။

## ၈။ လက္ခဏာဒိစတုက္ကကို ကြိယာငါးတန်ထုတ်နည်း

**နိယံ။** ။ လက္ခဏံ ဒဿန၊ ဒီပက ပဒဋ္ဌာန်၊ ရသံ သမ္ပတ္တိ၊
ထုတ်ဘိ ပကာသံ၊ ကိစ္စံ ရသ၊ ဝိဘာဝတည်း၊
အနဘာဝ ပစ္စုပဋ္ဌာန်၊ ထုတ်ကြောင်းမှန်သည်၊
ငါးတန်ကြိယာ ထုတ်နည်းတည်း။

လက္ခဏာကို ဒဿနတ္ထ၊ ပဒဋ္ဌာန်ကို ဒီပကတ္ထ၊ သမ္ပတ္တိရသကို ပကာသနတ္ထ၊ ကိစ္စရသကို ဝိဘာဝတ္ထ၊ ပစ္စုပဋ္ဌာန်ကို အနဘာဝတ္ထ ထုတ်ရမည်၊ ဤအခွဲ၌ ဝိဘာဝတ္ထကို အကြောင်းဟု မယူဘဲ အကျိုးဟု ယူသည်။

**နောက်တစ်နည်း**

**ဆောင်။** ဒဿ +လက်. ဒီ+ဋ္ဌာန်၊ ပကာသံ၊ ကိစ္စံရသမှတ်။
သမ္ပတ်+အာကာ၊ ဝိဘာဝါ၊ ဖလာအနမှတ်။

http://www.dhammadownload.com



လက္ခဏာကို ဒဿနတ္ထ၊ ပဒဋ္ဌာန်ကို ဒီပကတ္ထ၊ ကိစ္စရသကို ပကာသနတ္ထ၊ သမ္ပတ္တိရသနှင့် အာကာရပစ္စုပဋ္ဌာန်ကို ဝိဘာဝတ္ထ၊ ဖလ ပစ္စုပဋ္ဌာန်ကို အနုဘာဝတ္ထ ထုတ်ရမည်။

## ကုသိုလ်ကို လက္ခဏာဒိ စတုက္ကနည်းအားဖြင့် ကြိယာငါးတန်

၁။ အနဝဇ္ဇသုခဝိပါက လက္ခဏာသည် ဒဿနတ္ထ။
၂။ ယောနိသောမနသိကာရ ပဒဋ္ဌာန်သည် ဒီပကတ္ထ။
၃။ ဝေါဒါန ဘာဝသမ္ပတ္တိရသသည် ပကာသနတ္ထ။
၄။ အကုသလ ဝိဒ္ဓံသန ကိစ္စရသသည် ဝိဘာဝတ္ထ။ (အကျိုး)
၅။ ဝေါဒါနပစ္စုပဋ္ဌာန်, ဣဋ္ဌဝိပါကပစ္စုပဋ္ဌာန်တို့သည် အနု- ဘာဝတ္ထ။

## တစ်နည်း

၁။ အနဝဇ္ဇလက္ခဏာသည် ဒဿနတ္ထ။
၂။ ယောနိသော မနသိကာရ ပဒဋ္ဌာန်သည် ဒီပကတ္ထ။
၃။ အကုသလ ဝိဒ္ဓံသန ကိစ္စရသသည် ပကာသနတ္ထ။
၄။ ဝေါဒါနဘာဝသမ္ပတ္တိရသနှင့် ဝေါဒါနအာကာရပစ္စုပဋ္ဌာန် တို့ သည် ဝိဘာဝတ္ထ။
၅။ ဣဋ္ဌဝိပါက ဖလပစ္စုပဋ္ဌာန်သည် အနုဘာဝတ္ထ။
(အကျယ်ကို ပထမပိုင်း စည်းမျဉ်းဖွင့်ဆိုချက်၌ ရှုပါ။)

## (ဃ) ဝါကျ ဝေဒိတဗ္ဗ ထားရခြင်းအကြောင်း

နောက်နောက်၌ ပြဆိုလတ္တံ့သော လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် တို့၏ အထူးကို ဤနည်းအတူ သိရမည်ဟု တိုက်ရိုက်မဟုတ်သော အညွှန်း နေယျတ္ထ, ဥပစာရတ္ထ, သံသယတ္ထတို့ကို ပြလိုသောကြောင့် ဝေဒိတဗ္ဗသဒ္ဒါ ထားသည်။

http://www.dhammadownload.com



### ၁၀။ ယတ္ထ ယတ္ထ လက္ခဏာဒီနိ ၀က္ခာမ

လက္ခဏာဒီနိ အရ ဆိုလတ္တံ့သော အနာဂတ်ဖြစ်သည့် ထိုထို လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ဟု ဆိုအပ်သော အတ္ထပညတ် ရ၏။ (ပစ္စည်း)

၀က္ခာမ၌ ဓာတ်အရ ရှင်မဟာဗုဒ္ဓဃောသ၏ သန္တာန်၌တည်သော ဉာဏ်. ဝီရိယပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ရ၏။ (ပစ္စယုပ္ပန်) အာရမ္မဏ၊ ပြိုင် မရှိ။

### တေသံ နာနတ္တံ ဝေဒိတဗ္ဗံ

နာနတ္တံ အရ လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့၏ ထူးပုံ အခြင်းအရာဟု ဆိုအပ်သော အာကာရ ပညတ်ရ၏။ (ပစ္စည်း)

တဗ္ဗ ပစ္စည်းအရလည်း ၎င်းကိုပင် ရ၏။ (ပစ္စယုပ္ပန်) ပကတူပ။

ဝေဒိတဗ္ဗံ ၌ ဝိဒဓာတ်အရ ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ရ၏။ (ပစ္စယုပ္ပန်) အာရမ္မဏ၊ ပြိုင် မရှိ။

< >

## ၅၈။ စိတ္တံ အဖွင့် (၁)

(က) စိတ္တန္တိ အာရမ္မဏံ စိန္တေတီတိ စိတ္တံ။

(ခ) ဝိဇာနာတီတိ အတ္ထော။

(ဂ) ယသ္မာ ဝါ စိတ္တန္တိ သဗ္ဗစိတ္တ သာဓာရဏော ဧသ သဒ္ဒေါ၊ တသ္မာ ယဒေတ္ထ လောကိယကုသလာကုသလ ကိရိယ စိတ္တံ၊ တံ ဇဝနဝီထိဝသေန အတ္တနော သန္တာနံ စိနောတီတိ စိတ္တံ။

(ဃ) ဝိပါကံ ကမ္မကိလေသေဟိ စိတန္တိ စိတ္တံ။

(င) အပိစ သဗ္ဗမ္ပိ ယထာနုရူပတော စိတ္တတာယ စိတ္တံ။

http://www.dhammadownload.com



(စ) စိတ္တကာရဏာတာယ စိတ္တန္တိ ဝေမွေတ္တ အတ္တော ဝေဒိတဗ္ဗော။ (ဋ္ဌ- ၁၀၆)

**မှတ်ချက်။**

(စ) ဝေမွေတ္တ + ဝေမေတ္တ။
ဝေမ္ဗိ တွေ့ စိတ္တန္တိ ပဒေ - ဟု ယောဇနာ ဆိုသောကြောင့် ဝေမွေတ္တသာသင့်။

၁။ **(ခ) ဝါကျ၌ အတ္ထောကို သဒ္ဒဝါစက အတ္ထဝါစကကြ၍ ယင်း၏ သမ္ဗန်တို့ကို အသီးသီးထုတ်ပြပြီးလျှင်ထို(ခ)ဝါကျ အနက်ယောဇနာပုံ**

ဝိဇာနာတိ၊ သညာ. ပညာတို့၏ ကိစ္စတို့မှ ထူးသောအားဖြင့် သိတတ်၏။ ဣတိ အယံ၊ ဤဝိဇာနာတိဟူသော သဒ္ဒါသည်၊ စိန္တေတီတိ ပဒဿ၊ စိန္တေတိ ဟူသောပုဒ်၏။ (သမ္ဗန်)။ အတ္တော၊ အနက်ရှိသော သဒ္ဒါတည်း။ (သဒ္ဒဝါစက)

ဝိဇာနာတိ၊ သညာ -ပ- သိတတ်၏။ ဣတိ အယံ၊ ဤသညာ ပညာတို့၏ ကိစ္စတို့မှ ထူးသောအားဖြင့် သိတတ်၏ ဟူသော အနက်သည်၊ စိန္တေတီတိ ပဒဿ၊ စိန္တေတိ ဟူသော ပုဒ်၏။ အတ္တော၊ အနက်တည်း။ (အတ္ထဝါစက) (မဏိမဥ္ဇူ၊ ပ ၊ ၁၂၅။)

(စ) ဝါကျ စိတ္တကာရဏာတာယ၏ အနက်လေးမျိုးကို နိဿယ၌ ရှုပါ။

၂။ **(က) အနုသန္ဓေ**

ဤသို့ ကုသလန္တိ ကုစ္ဆိတာနံ သလနာဒီဟိ အတ္တေဟိ ကုသလံ စသော ဝါကျတို့ဖြင့် ကုသလံပုဒ်၏ အဖွင့်သံဝဏ္ဏနာတို့ကို ပြဆိုတော်မူပြီး၍ ယခုအခါ၌အစဉ်ရောက်လာသည့်အားလျော်စွာ စိတ္တံ ဟူသောပုဒ်၏ သံဝဏ္ဏနာကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည် စိတ္တန္တိ စသော ဝါကျတို့ကို မိန့်၊

http://www.dhammadownload.com



## (ခ) ဝါကျ ပါပနာပဥ္စက

ဆရာ ဆရာသည် (က) ဝါကျဖြင့် စိတ္တံကို အာရမ္မဏံ စိန္တေတီတိ စိတ္တံ ဟု ဝစနတ္ထပြုရမည်၏ အဖြစ်ကို ဆိုတော်မူခဲ့၏။ ယင်းသို့ဆိုလျှင် စိန္တေတီတိ စိတ္တံ အရ ဥဂ္ဂဟနစိန္တာ, ပဇာနနစိန္တာတို့ကို ယူရမည်ဟူသော အနက်သည် ရောက်၏။

တစ်နည်း – ဥဂ္ဂဟနစိန္တာ, ပဇာနနစိန္တာ, ဝိဇာနနစိန္တာတို့ကို ယူရမည် ဟူသော အနက်သည် ရောက်၏။ စင်စစ်တမူကား စိတ္တပုဒ်ကို ဖွင့်ဆိုရာ ဖြစ်သောကြောင့် ထိုအနက်သည် မရောက်သင့်။ ထို့ကြောင့် ဤ၌ယူသင့် သော စိန္တာကို ဆရာ ပြဆိုသင့်သေး၏။ မဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့၌ အတိဗျာပိတဒေါသ, ဝိရောဓိဒေါသ ရောက်ရာ၏။ ဤသို့ စုဒ်ကြောင့် (ခ) မိန့်။

**အဓိပ္ပါယ်ကား**

> အာရမ္မဏံ စိန္တေတိဟု သာမညဆိုသော်လည်း ဥဂ္ဂဟနစိန္တာ, ပဇာနန စိန္တာတို့ကို မယူရ။ ဝိဇာနနစိန္တာကိုသာ ယူရမည်ဟု ငါပြဆိုသော ကြောင့် သင်တင်သောဒေါသ ငါ၌မရောက် ပျောက်ပါ၏ ဟူလို။

## (ဂ) ဝါကျ ဋ္ဌပနာပဥ္စက

ဆရာ ဆရာသည် (က) ဝါကျဖြင့် အာရမ္မဏံ စိန္တေတီတိ စိတ္တံဟု စိတ္တ၏ဝစနတ္ထကို ပြဆိုတော်မူခဲ့၏။ ယင်းသို့ပင် ဆိုသော်လည်း ထိုအာရမ္မဏံ စိန္တေတီတိ စိတ္တံ ဟူသော စကားသည် စိတ်အားလုံးနှင့် ဆက်ဆံနေ သောကြောင့် လောကီ ကုသိုလ်, အကုသိုလ်, ကြိယာစသော ထိုထိုစိတ် အထူးတို့နှင့် သင့်လျော်သည့် ဝိသေသ ဝစနတ္ထတို့ကိုလည်း ဆိုသင့်သေး သည် မဟုတ်ပါလော။ ထို့ကြောင့် စိတ်အားလုံးနှင့် သက်ဆိုင်သော အာရမ္မဏံ စိန္တေတီတိ စိတ္တံ ဟူသော သာမညဝစနတ္ထကိုသာ ဆရာမဆိုသင့်။ ထိုထို စိတ်အားလျော်သော ဝိသေသဝစနတ္ထကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဂ) ဝါကျကို မိန့်။

http://www.dhammadownload.com



**တစ်နည်း**

ဆရာ ဆရာသည် စိတ္တံကို အာရမ္မဏံ စိန္တေတီတိ စိတ္တံဟု ဝစနတ္ထပြုရမည်၏ အဖြစ်ကို ဆိုတော်မူခဲ့၏။ ယင်းသို့ဆိုလျှင် လောကီကုသိုလ်, အကုသိုလ်, ကြိယာဇောတို့ကို ဟောရာ၌ စိတ္တံကို အာရမ္မဏံ စိန္တေတီတိ စိတ္တံဟူ၍ပင် ဝစနတ္ထပြုရမည်ဟု မှတ်ရမည်လော။ ထို့ကြောင့် (က) ဝါကျကိုသာ မဆိုသင့်၏။ လောကီကုသိုလ်, အကုသိုလ်, ကြိယာဇောစိတ်တို့ကို ကောက်ယူလိုရာ၌ အဘယ်သို့ ဝစနတ္ထ ပြုရပါမည်နည်း။ စုဒ်ကြောင့် (ဂ) ဝါကျကို မိန့်၊

**အဓိပ္ပါယ်ကား -**

လောကီကုသိုလ်, အကုသိုလ်, ကြိယာဇောစိတ်တို့ကို ကောက်လိုရာ၌ အတ္တနော သန္တာနံ စိနောတီတိ စိတ္တံ ဟု ဝစနတ္ထပြုရမည် ဟူလို။

## (ဃ) ဝါကျ ပါပနာပဋ္ဌက

ဆရာ ဆရာသည် (ဂ) ဝါကျဖြင့် လောကီကုသိုလ်, အကုသိုလ်, ကြိယာဇောတို့ကို ယူနိုက် အတ္တနော သန္တာနံ စိနောတီတိ စိတ္တံ ဟု ကတ္တုသာဓ် ဝစနတ္ထပြုရမည်၏ အဖြစ်ကို ဆိုတော်မူ၏။ ယင်းသို့ဆိုလျှင် ဝိပါက်စိတ်တို့ကို ကောက်ယူလိုရာ၌လည်း ထိုနည်းတူပင် ဝစနတပြုရမည်ဟူသော အနက်သည် ရောက်၏။ စင်စစ်မသင့်။ ထို့ကြောင့် ဝိပါက်စိတ်တို့ကို ကောက်ယူလိုရာ၌ ဖြစ်သင့်သော ဝစနတ္ထကိုလည်း ဆရာဆိုသင့်သေး၏။ မဆိုဘဲ မနေသင့်။ နေချေသော် ဆရာ၌ အဗျာပိတဒေါသ, ဝိရောဓိဒေါသ ရောက်ရာ၏။ ဤသို့ စုဒ်ကြောင့် (ဃ) မိန့်၊

**အဓိပ္ပါယ်ကား**

ဝိပါက်စိတ်ကို ကောက်လိုရာ၌ ကမ္မကိလေသေဟိ စိတန္တိ စိတ္တံဟု ကမ္မသာဓန ဝစနတ္ထ ပြုရမည် ဟူလို။

http://www.dhammadownload.com



## (င) ဝါကျ ပါပနာပဋ္ဌက

ဆရာ ဆရာသည် (ဂ) (ဃ) ဝါကျတို့ဖြင့် စိတ္တ၏ ဝစနတ္ထနှစ်မျိုးကို ဆိုတော်မူခဲ့၏။ ယင်းသို့ဆိုလျှင် အာဝဇ္ဇန်းဒွေးနှင့် အဆုံးဇောတို့သည် စိတ္တမမည်ဟူသော အနက်သည် ရောက်၏။ စင်စစ်တမူကား ထိုအာဝဇ္ဇန်းဒွေးနှင့် အဆုံးဇောတို့သည်လည်း စိတ်ပင်ဖြစ်သောကြောင့် ထိုအနက်သည် မရောက်သင့်။ ထို့ကြောင့် အာဝဇ္ဇန်းဒွေး အဆုံးဇောတို့နှင့် တကွ စိတ်အားလုံးရနိုင်သော ဝစနတ္ထ တစ်မျိုးကိုလည်း ဆိုသင့်သေး၏။ မဆိုဘဲမနေသင့်။ နေချေသော် ဆရာ၌ အဗျာပိတဒေါသ ရောက်ရာ၏။ ဤသို့ စုဒ်ကြောင့် (င) ဝါကျမိန့်။

**အဓိပ္ပါယ်ကား**

> အာဝဇ္ဇန်းဒွေး.အဆုံးဇောတို့နှင့်တကွစိတ်အားလုံးသည်သမ္ပယုတ်.ဘုံ. အာရုံအားဖြင့် ဆန်းကြယ်သောကြောင့် စိတ္တေတိတိ စိတ္တံဟု ဝစနတ္ထပြုရမည်ဟု ငါပြဆိုသောကြောင့် သင်တင်ဒေါသ ငါ၌မရောက် ပျောက်ပါ၏ ဟူလို။

## ၃။ (ဂ) ယသ္မာ ဝါ ၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း

၁။ အာရမ္မဏံ စိန္တေတီတိ စိတ္တံ ဟူသော ကတ္တုသာဓ ဝစနတ္ထမှ တစ်ပါး အတ္တနော သန္တာနံ စိနောတီတိ စိတ္တံ ဟူသော ဝစနတ္ထကို လည်းကောင်း။

၂။ စိန္တဓာတ်(စိတိဓာတ်) တပစ္စည်းဖြင့် ပြီးသည်မှတစ်ပါး စိ-ဓာတ်၊ တ-ပစ္စည်းဖြင့် ပြီးသည်၏ အဖြစ်ကို လည်းကောင်း။

၃။ စိတ္တ အရ စိတ်အကျဉ်း ၈၉၊ အကျယ် ၁၂၁ ဟူသော အဘိဓေယျတ္ထမှ တစ်ပါး၊ လောကီကုသိုလ်. အကုသိုလ်. ကြိယာဇော ဟူသော အဘိဓေယျတ္ထကို လည်းကောင်း။

၄။ အာရုံကို သိတတ်သောကြောင့် စိတ်မည်၏ ဟူသော

http://www.dhammadownload.com



အကြောင်းသကာတ်မှ တစ်ပါး၊ ဇောဝီထိ၏ အစွမ်းဖြင့် မိမိအစဉ်ကို စီတတ်သောကြောင့် စိတ်မည်၏ဟူသော အကြောင်းသကာတ်ကို လည်းကောင်း။ (ဤလေးချက်သည် (ဂ)ဝါကျကို ကြည့်ထုတ်သည်။)

၅။ စိနောတီတိ စိတ္တံ ဟူသော ဝစနတ္ထမှတစ်ပါး ကမ္မကိလေသေဟိ စိတန္တိ စိတ္တံ ဟူသော ဝစနတ္ထကို လည်းကောင်း။

၆။ တပစ္စည်း၏ ကတ္တုတ္ထမှ တစ်ပါး၊ ကမ္မတ္ထကို လည်းကောင်း။

၇။ လောကီကုသိုလ်. အကုသိုလ်. ကြိယာဇောဟူသော အဘိဓေယျတ္ထ မှ တစ်ပါး ဝိပါက်ဟူသော အဘိဓေယျတ္ထကိုလည်းကောင်း။

၈။ ဇောဝီထိ၏ အစွမ်းအားဖြင့် မိမိအစဉ်ကို စီတတ်သောကြောင့် စိတ်မည်၏ ဟူသော သကာတ်မှတစ်ပါး ကံ. ကိလေသာတို့သည် စီအပ်သော ကြောင့် စိတ်မည်၏ ဟူသော အကြောင်းသကာတ်ကိုလည်းကောင်း၊ (ဃ-ဝါကျကို ကြည့်ထုတ်သည်) လဲလိုသောကြောင့် ဝါ-သဒ္ဒါ ထားသည်။

## (င) ဝါကျ အဝိစ ထားရခြင်းအကြောင်း

၁။ စိနောတီတိ စိတ္တံ ။ ကမ္မကိလေသေဟိ စိတန္တိ စိတ္တံ ဟူသော ဝစနတ္ထ မှ တစ်ပါး စိတ္တေတီတိ စိတ္တံ ဟူသော ဝစနတ္ထကိုလည်းကောင်း။

၂။ စိဓာတ် - တပစ္စည်းဖြင့် ပြီးသည်မှတစ်ပါး၊ စိတ္တဓာတ် အ-ပစ္စည်းဖြင့်ပြီးသည်ကိုလည်းကောင်း။

၃။ လောကီကုသိုလ်. အကုသိုလ်. ကြိယာဇော. ဝိပါက် ဟူသော အဘိဓေယျတ္ထမှတစ်ပါး၊ အာဝဇ္ဇန်း. အဆုံးဇောနှင့် တကွသော စိတ်အားလုံး ဟူသော အဘိဓေယျတ္ထကို လည်းကောင်း။

၄။ မိမိအစဉ်ကို စီတတ်သောကြောင့် စိတ်. ကံ. ကိလေသာတို့သည် စီအပ်သောကြောင့် စိတ်ဟူသော အကြောင်းသကာတ်မှတစ်ပါး၊ သမ္ပယုတ်. ဘုံ. အာရုံ အားလျော်စွာ ဆန်းကြယ်သောကြောင့် စိတ်မည်၏ ဟူသော အကြောင်း သကာတ်ကိုလည်းကောင်း လဲလိုသောကြောင့် **အဝိစ** ထားသည်။

http://www.dhammadownload.com



**မှတ်ချက်။** ။ ယထာနုရူပတော စိတ္တတာယ စိတ္တံ - ဖြင့် စိတ္တသဒ္ဒါသည် ဆန်းကြယ်ခြင်း အနက်ဟော၊ အနိပ္ဖန္န ပါဠိပဒိကပုဒ်ဟုလည်း ယူကြသည်။ ယင်းအလို - စိတ္တံ၏ နိပ္ဖန္န ပါဠိပဒိကပုဒ်အဖြစ်မှ တစ်ပါး၊ အနိပ္ဖန္နပါဠိပဒိကပုဒ် အဖြစ်ကို လည်းကောင်း၊ စိတ္တအရ လောကီကုသိုလ်. အကုသိုလ်. ကြိယာဇော. ဝိပါက် ဟူသော အဘိဓေယျတ္ထမှ တစ်ပါး စိတ်အားလုံးဟူသော အဘိဓေယျတ္ထကို လည်းကောင်း လဲလိုသောကြောင့် အပိစ - ထားသည်။

## (င) ဝါကျ သမ္ဗန္ဓ ၌ ဝိ-ကား

စိတ်အားလုံးသည် ဆန်းကြယ်သကဲ့သို့ တစ်ခုတစ်ခုသော စိတ်သည်လည်း သမ္ပယုတ်. ဘုံ. အာရုံအားဖြင့် ဆန်းကြယ်သည်သာဟု အစိတ်ကို ဆည်းလိုသောကြောင့် ပိသဒ္ဒါ ထားပါသည်။ (အဝယဝ သမုစ္စည်းဟူလို)

**ဒေါသပယ်**

(က) ဝါကျဖြင့် ကုသလ်၏ အဖွင့်မှတစ်ပါး စိတ္တံ၏ အဖွင့်ကို ပြဆိုသောကြောင့် အဗျာပိတ. အပရိပုဏ္ဏ ဒေါသပယ်သည်။

(ခ) ဝါကျဖြင့် အာရမ္မဏံ စိန္တေတိအရ ဥပဟနနစိန္တာ. ပဇာနန စိန္တာတို့ကို မယူရ၊ ဝိဇာနနစိန္တာကိုသာ ယူရမည်ဟု စိန္တေတိအရကို အတိအကျ သတ်မှတ်ပြဆိုသောကြောင့် အတိဗျာပိတဒေါသ. ဝိရောဓိဒေါသတို့ကို ပယ်သည်။

(ဂ) ဝါကျဖြင့် လောကီကုသိုလ်. အကုသိုလ်. ကြိယာဇောစိတ်စသော ထိုထိုစိတ်အထူးတို့နှင့် လျော်ညီသော ဝိသေသ ဝစနတ္ထတို့ကို ပြဆိုသောကြောင့် အဗျာပိတ. အပရိပုဏ္ဏဒေါသ ပယ်သည်။

ကျန် (ဃ) (င) (စ) ဝါကျတို့ဖြင့်လည်း အဗျာပိတ. အပရိပုဏ္ဏဒေါသ ပယ်သည်။ ( အကျယ်ကို သိလေ)

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com



တပစ္စည်း၊ ထိုစိတ်ဓာတ်သည် ပွားစေခြင်း ဆည်းပူးခြင်းအနက်ကို မဟော၊ ဣဋ္ဌကံ စိနောတိကဲ့သို့ စီခြင်းအနက်ကိုဟော၊ တ - ပစ္စည်း၏ ကတ္တား အနက်ကို ဟောသည်အဖြစ်၊ ကုသိုလ်, အကုသိုလ်, ကြိယာဇောတို့သည် ဇောဝီထိ၏ အစွမ်းဖြင့် မိမိအစဉ်ကို စီတတ်သောကြောင့် စိတ္တမည်သည်၏အဖြစ်ကို သိစေသည်။

(ဃ) ဝိပါကံ ကမ္မကိလေသေဟိ စိတံ - ဖြင့် စိတ္တံကို ကမ္မကိလေသေဟိစိတံ (စီယတေ)တိ စိတ္တံဟု ကမ္မသာဓ် ဝစနတ္ထပြုရမည်၊ စိဓာတ် တ - ပစ္စည်း၊ ယင်းတပစ္စည်း၏ ကံအနက်ကို ဟောသည်အဖြစ်၊ ထိုသို့ ဝစနတ္ထ ပြုရိုက် ဝိပါက်စိတ်ကို ကောက်ယူရမည်အဖြစ်၊ ဝိပါက်စိတ်သည် ကံ, ကိလေသာတို့က စီအပ်,ဖြစ်စေအပ်သည်၏ အဖြစ်ကြောင့် စိတ္တမည်သည်၏အဖြစ်ကို သိစေသည်။

(င) ဝါကျ အဝိစဖြင့် နည်းတစ်ပါးကို သိစေသည်။

သဗ္ဗမ္ပိ ယထာနုရူပတော စိတ္တတာယ စိတ္တံ - ဖြင့် စိတ္တံကို စိတ္တေတီတိ စိတ္တံဟု ကတ္တုသာဓ် ဝစနတ္ထပြုရမည်။ စိတ္တဓာတ် + အပစ္စည်း။ ယင်း အပစ္စည်း၏ ကတ္တားအနက်ကို ဟောသည်အဖြစ်၊ ဤသို့ ဝစနတ္ထပြုရိုက် အာဝဇ္ဇန်းဒွေး, အဆုံးဇော, လောကုတ္တရာဇောတို့နှင့်တကွ စိတ်အားလုံးကို ယူရမည်အဖြစ်၊ ထိုစိတ်အားလုံးသည်လည်းကောင်း၊ ထိုစိတ်တို့တွင် ပါဝင်သော တစ်ပါးပါးသော စိတ်သည်လည်းကောင်း၊ သမ္ပယုတ်, ဘုံ, အာရုံ အားဖြင့် ဆန်းကြယ်သောကြောင့် စိတ္တမည်သည်၏ အဖြစ်ကို သိစေသည်။

(စ) စိတ္တကရဏတာယ စိတ္တံ - စသည်ဖြင့် စိတ္တံ ဠ စိတ္တ ဓာတ်သည် စိတ္တိ ကရဏအနက်, ဒဿနအနက် နှစ်မျိုးတို့တွင် စိတ္တိကရဏအနက်ကို ဟောသည်အဖြစ်ကို သိစေသည်။

(စိတ္တကရဏတာယ - ဖြင့် စိတ္တကရဏ (တစ်နည်း) ကရဏစိတ္တ ဟုဆိုလိုလျက် ကရဏပုဒ် ကျေသည်ဟုလည်း ယူကြသေးသည်။)

ဝေမ္မွေတ္တ အတ္တော ဝေဒိတဗ္ဗော - ဖြင့် စိတ္တသဒ္ဒါသည် စိတ်အားလုံးနှင့် ဆက်ဆံသော သဒ္ဒါဖြစ်သောကြောင့် ထိုထိုစိတ်အားလျော်စွာ ဆိုအပ်

http://www.dhammadownload.com



ခဲ့ပြီးသော ဝစနတ္ထတို့ကိုလည်း ဝိသေသဝစနတ္ထအဖြစ် မှတ်သားထိုက်သည် အဖြစ်ကို သိစေသည်။

၇။ သဗ္ဗစိတ္တသာဓာရဏော သေသဒ္ဒေါ-၌ သေ-ကား သဒ္ဒေါဟူသော အစွဲ ဝိသယ တိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။
တဿာ ယဒေတ္ထ-၌ တ-ကား ဆိုခဲ့ပြီး အနိယမဝါကျ တစ်ခုလုံးကို ကြိယာနှင့်တကွ စွဲယူသောကြောင့် အနုဘူတဝိသယ။

**၈။ ဝေဝမ္ဘေတ္ထ အဝေတ္တာ ဝေဒိတဗ္ဗော ၌ ဝေဒိတဗ္ဗသဒ္ဒါ ထားရခြင်း အကြောင်း**

စိတ္တကရဏတာယ စိတ္တံ- သမ္ပယုတ်, ဘုံ, အာရုံအားဖြင့် လည်းကောင်း, ဂတိ အကျိုးစသည်အားဖြင့် လည်းကောင်း၊ ဆန်းကြယ်စွာ ပြုတတ်သောကြောင့် စိတ်မည်၏ဟု ဆန်းကြယ်ပုံအခြင်းအရာကို ပီပြင် ထင်ရှားစွာ မပြဆိုဘဲ အကျဉ်းမျှသာ ပြဆိုသောကြောင့် ဂုဠ္ဟပဋိစ္ဆန္နသခေ်ပ ဖြစ်သည်။ ဂုဠ္ဟပဋိစ္ဆန္နသခေ်ပသည် သံသယကို ဖြစ်စေရကား ထိုသံသယတ္ထ ကို ပြလိုသောကြောင့် ဝေဒိတဗ္ဗသဒ္ဒါ ထားပါသည်။

**ကိရိယာစိတ်၏ ကြိယာငါးတန်**

၁။ ကိရိယာသည် ဒဿနတ္ထ။

၂။ အရဟတ္တမဂ်နှင့် ကံ, ကိလေသာကို ပယ်သတ်ခြင်းသည် (ဝါ) အနုသယ ကင်းခြင်းသည် ဒီပကတ္ထ။

၃။ ပြုပြုသမျှ ကောင်း, မကောင်းအမှုတို့ ကံအဖြစ်သို့ မရောက် ခြင်းသည် ပကာသနတ္ထ။

၄။ အောက်မဂ်, အောက်ဖိုလ်တို့နှင့် တကွ သီလ, သမာဓိ စသော ရှေးရှေးသော အကြောင်းများသည် ဝိဘာဝတ္ထ။

၅။ ဖလသမာပတ္တိသုခမှစ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com



တာယ စိတ္တန္တိ ဝတ္တုံ ဝဋ္ဋတိ။

(ဂ) ဇဝံ တာဝ စိတ္တတာယ စိတ္တံ။

(ဃ) ကထံ စိတ္တကရဏတာယာတိ လောကသ္မိဉှိ စိတ္တကမ္မတော ဥတ္တရိ အညံ စိတ္တံ နာမ နတ္ထိ။

(င) တသ္မိမ္ပိ စရဏံ နာမ စိတ္တံ အတိစိတ္တမေဝ ဟောတိ။

(စ) တံ ကရောန္တာနံ စိတ္တကာရာနံ "ဧဝံဝိဓာနိ ဧတ္ထ ရူပါနိ ကာတဗ္ဗာနီ" တိစိတ္တသညာ ဥပ္ပဇ္ဇတိ၊ တာယ စိတ္တသညာယ လေခါဂဟဏရဉ္ဇန ဥဇ္ဇောတနဝတ္တနာဒိနိပ္ဖါဒိကာ စိတ္တကိရိယာ ဥပ္ပဇ္ဇန္တိ။ တတော စရဏသင်္ခါတေ စိတ္တေ အညတရံ ဝိစိတ္တရူပံ နိပ္ဖဇ္ဇတိ။ (ဠ္ဌ -၁၀၆)

၁။ (ခ) အန္တောဂဓတ္တာ - ၏ သမ္ဗန်ကို ဧကေသ စိတ္တသ - ဟု ထည့်။

(ဂ) ဝါကျ စိတ္တတာယ - ၏ သမ္ဗန်လည်း နည်းတူ။

ဝတ္တုံ ဝဋ္ဋတိ - ၏ ကတ္တားကို မယာ - ဟု ထည့်။

* **ဝတ္တုံ ဝဋ္ဋတိ၊ သူ၏ကတ္တား၊ ထည့်လိုပြား၊ မှတ်သား အဝုတ္တ။**

## ၂။ (က)ဝါကျ အနုသန္ဓေ

ဤသို့ တတ္ထ ယသ္မာ အညဒေဝ သရာဂံ စိတ္တံ စသည်ဖြင့် သဗ္ဗမ္ပိ ယထာနုရူပတော စိတ္တတာယ စိတ္တံအရ သမ္ပယုတ် ဘုံ အာရုံအားဖြင့် စိတ်တို့၏ ဆန်းကျယ်ပုံကို အကျယ်တဝင့် ဖွင့်ပြတော်မူပြီး၍ ယခုအခါ၌ တစ်ခုတည်းသော စိတ်ကို ဆန်းကြယ်သောကြောင့် စိတ်မည်၏ဟု ဆိုနိုင်/ မဆိုနိုင်ကို ပြတော်မူလို သော အဋ္ဌကထာဆရာသည် ရှေးဦးစွာ စောဒကာ ဘောဂစကားရပ်ကို ပြလိုရကား ကာမဉ္စေတ္ထ စသော ဝါကျကို မိန့်။

## (က) ဝါကျ ဋ္ဌပနာပဋ္ဌက

ဆရာ ဆရာသည် ယထာနုရူပတော စိတ္တတာယ စိတ္တံဖြင့် စိတ်အား

http://www.dhammadownload.com



လုံးသည် သမ္ပယုတ် ဘုံ အာရုံအားဖြင့် ဆန်းကြယ်သောကြောင့် စိတ်မည်၏ဟု ဆိုတော်မူခဲ့၏။ တစ်ပါးတည်းသောစိတ်သည် သမ္ပယုတ်. ဘုံ. အာရုံအားဖြင့် မဆန်းကြယ်သည် မဟုတ်ပါလော။ ဝါ-တစ်ပါးတည်းသော စိတ်သည် သမ္ပယုတ်. ဘုံ. အာရုံအားဖြင့် မဆန်းကြယ်သောကြောင့် စိတ်ဟူ၍ မဆိုထိုက်သည် မဟုတ်ပါလော။ ထို့ကြောင့် သမ္ပယုတ်. ဘုံ. အာရုံအားဖြင့် ဆန်းကြယ်သောကြောင့် စိတ်မည်၏ဟု မဆိုသင့်။ ထိုတစ်ခုတည်းသော စိတ်ကို အဘယ်သို့သောနည်းဖြင့် စိတ်ဟု ဆိုထိုက်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ထိုအမေးကို စောဒကာ ဘောဂနင့်တကွ ပြတော်မူလိုသော အဋ္ဌကထာဆရာသည် ကာမဠ္ဌေတ္ထ စသော ဝါကျကို မိန့်။ (အဓိပ္ပာယ် ပြန်ဖွယ်မလို)

## (က) ဝါကျ ပါပနာပဋ္ဌကတက်လိုလျှင်

ဋ္ဌပနာ တူပြီ။ ယင်းသို့ဆိုလျှင် တစ်ခုတည်းသော စိတ်သည်လည်း သမ္ပယုတ်. ဘုံ. အာရုံအားဖြင့် ဆန်းကြယ်သည်ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား တစ်ခုတည်းသောစိတ်သည် ဆန်းကြယ်သည်ဟု မဆိုနိုင်သောကြောင့် ထိုအနက်သည် မရောက်သင့်။ ထို့ကြောင့် တစ်ခုတည်းသော စိတ်ကို ဆန်းကြယ်သောကြောင့် စိတ်မည်၏ဟု ဆိုထိုက် မဆိုထိုက်သည်ကိုလည်း ပြဆိုသင့်သေး၏။ မဆိုဘဲမနေသင့်။ အဘယ်သို့ သိမှတ်ရပါမည်နည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ကာမဠ္ဌေတ္ထ စသော ပါဠ်ကို မိန့်။

## (ဂ) ဝါကျ ဋ္ဌပနာပဋ္ဌက

ဆရာ ဆရာသည် ယထာနုရူပတော စိတ္တတာယ စိတ္တံ အရ သမ္ပယုတ်. ဘုံ. အာရုံအားဖြင့် ဆန်းကြယ်သောကြောင့် စိတ်မည်ပုံကို အကျယ်တဝင့် ပြဆိုတော်မူခဲ့၏။ စိတ္တတာယ စိတ္တံနှင့် စပ်လျဉ်း၍ သိသင့် သိထိုက်သော အတ္ထ ဝိနိစ္ဆယတို့ကို စုံလင်စွာ ပြဆိုပြီးဖြစ်၍ ယင်းစကားရပ်တို့ကို နိဂုံးကမ္ပတ် အဆုံးသတ်သင့်ပြီ မဟုတ်ပါလော။ ထို့ကြောင့် တတ္ထ

http://www.dhammadownload.com



ယသ္မာ စသော စကားရပ်တို့ကိုသာ ဆရာမဆိုသင့်။ ယင်း၏အဆုံး နိဂုံး ကမ္ပတ် အပြီးကား အဘာယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ဇဝ တာဝ စိတ္တတာယ စိတ္တံ ပါဌ်ကိုမိန့်။

## (င) ဝါကျသို့

ဆရာ ဆရာသည် (ယ)ဝါကျ လောကသ္မိံဥ္စ စသည်ဖြင့် လောက၌ ပန်းရိုးအမှုထက် ပို၍ ဆန်းကြယ်သော အမှုမည်သည် မရှိဟု ဆိုတော်မူခဲ့၏။ ယင်းသို့ဆိုလျှင် ပန်းရိုးအမှုအားလုံးသည် တန်းတူညီမျှ သာလွန် ဆန်းကြယ် ကြသည် ဟူသောအနက်သည် ရောက်၏။ (တစ်နည်း) အခြားသော ပန်းရိုး ကားတို့သည် လက်စွမ်းပြ ပန်းရိုးကားနည်းတူ ဆန်းကြယ်သည်ဟူသော အနက်သည် ရောက်၏။ စင်စစ်မသင့်။ ထို့ကြောင့် ပန်းရိုးမှုအပေါင်းတို့တွင် သာလွန်ဆန်းကြယ်သော ပန်းရိုးအမှုကိုလည်း ဆိုသင့်သေး၏။ မဆိုဘဲ မနေသင့်။ နေရျေသော် အဗျာပိတဒေါသ ရောက်ရာ၏။ ဤသို့ စုဒ်ကြောင့် (င) ဝါကျ မိန့်။

**အဓိပ္ပာယ်ကား**

> ထိုဆန်းကြယ်သော ပန်းရိုးအမှုတို့တွင် လက်စွမ်းပြ ပန်းရိုးကား သည် သာလွန်ဆန်းကြယ်ပါ၏ဟု ငါပြဆိုသောကြောင့် သင်တင် သောဒေါသ ငါ၌မရောက် ပျောက်ပါ၏ ဟူလို။

## (စ) ဝါကျ ပါပနာပဋ္ဌက

ဆရာ ဆရာသည် တသ္မိမ္ပိ စရဏံ နာမ စိတ္တံ အတိစိတ္တမေဝ ဟောတိဖြင့် ပန်းရိုးအမှုတို့တွင် လက်စွမ်းပြ ပန်းရိုးကားရေးဆွဲမှုသည် (ဝါ) လက်စွမ်းပြပန်းရိုးကားသည် သာ၍ဆန်းကြယ်၏ဟု ဆိုတော်မူ၏။ ယင်းသို့ ဆိုလျှင် လက်စွမ်းပြပန်းရိုးကား ရေးစွဲမှုသည် လောက၌ အဆန်းကြယ်ဆုံး ဖြစ်သည်ဟူသော အနက်သည် ရောက်၏။ စင်စစ်မသင့်။ ထို့ကြောင့် ထိုလက်စွမ်းပြ ပန်းရိုးကားထက် သာ၍ ဆန်းကြယ်သော အရာကိုလည်း ဆရာ ဆိုသင့်သေး၏။ မဆိုဘဲ မနေသင့်။ နေရျေသော် ဆရာ၌ အဗျာပိတ

http://www.dhammadownload.com



ဒေါသ ရောက်ရာ၏။ ဤသို့ စုဒ်ကြောင့် (စ) ဝါကျ မိန့်။

**အဓိပ္ပာယ်ကား**

လက်စွမ်းပြပန်းချီကားသည် ဆန်းကြယ်သော်လည်း ထိုလက်စွမ်းပြ ပန်းချီကားကို မည်သို့မည်ပုံ ရေးစွဲမည်။ မည်သည့်ဆေးရောင်များ သွင်းမည် စသည်ဖြင့် ကြံစည်စိတ်ကူးစိတ်က ပို၍ဆန်းကြယ်သည်ဟု ငါပြဆိုသော ကြောင့် သင်တင်သောဒေါသ ငါ့၌မရောက် ပျောက်ပါ၏ ဟူလို။

## ၃။ ဒေါသပယ်

(က) စိတ်တို့သည် သမ္ပယုတ်. ဘုံ. အာရုံအားဖြင့် ဆန်းကြယ်သော ကြောင့် စိတ္တမည်၏ဟုဆိုလျှင် တစ်ခုတည်းသောစိတ်သည် သမ္ပယုတ်. ဘုံ အာရုံ အားဖြင့် ဆန်းကြယ်သည်ဟု မဆိုနိုင်ပါသလော ဟူသော စောဒက စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို ပြလိုသောကြောင့် (က)ဝါကျဖြင့် ဩစိတျ ဟီနဒေါသ. ဝိရောဓိဒေါသတို့ကို ပယ်သည်။

(ခ) ဝါကျဖြင့် တစ်ခုတည်းသောစိတ်ကို စိတ္တဟုဆိုရာ၌ ပဓာန အကြောင်းဖြစ်သော ပရိဟာရဘောဂကို ပြဆိုသောကြောင့် ဝိရောဓိ ဒေါသကို ပယ်သည်။

**တစ်နည်း**- စောဒကာဘောဂမှတစ်ပါး ပရိဟာရဘောဂကို ပြသောကြောင့် အဗျာပိတ. အပရိပုဏ္ဏဒေါသကို ပယ်သည်။

(ဂ) ဝါကျဖြင့် စိတ္တတာယ စိတ္တံနှင့်ပတ်သက်၍ လိုအပ်သောနိဂုံးကို ပြဆိုသောကြောင့် အဗျာပိတ. အပရိပုဏ္ဏဒေါသကို ပယ်သည်။

(ဃ) ဝါကျဖြင့် စိတ္တကရဏတာယ စိတ္တံ၏ အကျယ်ကို ပြသော ကြောင့် အဗျာပိတဒေါသကို ပယ်သည်။

(င) ဝါကျဖြင့် ဆန်းကြယ်သော ပန်းချီအမှုထက် လက်စွမ်းပြ ပန်းချီကားက ပို၍ ဆန်းကြယ်သည်ဟု ပြဆိုသောကြောင့် အဗျာပိတဒေါသ ကိုပယ်သည်။

http://www.dhammadownload.com



(စ) ဝါကျဖြင့် ထိုလက်စွမ်းပြပန်းချီကားထက် ထိုလက်စွမ်းပြပန်းချီကားကို ရေးဆွဲရန် ကြံစည်စဉ်းစားရသောစိတ်က သာ၍ဆန်းကြယ်သည်ဟု ပြဆိုသောကြောင့် အဗျာပိတ. အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။

**တစ်နည်း-** (စ) ဝါကျဖြင့် လောက၌ ပန်းချီအမှုသည် ဆန်းကြယ်၏။ ထို့ထက် လက်စွမ်းပြပန်းချီကား ရေးဆွဲမှုသည် ပို၍ဆန်းကြယ်၏။ ထို့ထက် လက်စွမ်းပြ ပန်းချီကားကို ရေးဆွဲရန် ကြံစည်စဉ်းစားရသောစိတ်သည်ပို၍ဆန်းကြယ်၏။ ထို့ကြောင့် ဆန်းကြယ်သော ပန်းချီအမှုကို ပြုတတ်သော ကြောင့်စိတ်မည်၏ ဟူသော ငါ၏စကားသည် ယုတ္တိရှိ ခိုင်မာပါပေသည်ဟု ပြဆိုသောကြောင့် ဩစိတျဟီနဒေါသကို ပယ်သည်။

## (က) ဝါကျ၌ ကာမဋ္ဌသဒ္ဒါ ထားရခြင်းအကြောင်း

ဆန်းကြယ်သောကြောင့် စိတ်-ဟု ဆိုလျှင် တစ်ခုသောစိတ်ကို ဆန်းကြယ် သည်ဟု မဆိုနိုင်၊ ထို့ကြောင့် စိတ္တတာယ စိတ္တံ ဟု မဆိုသင့်ဟု အဋ္ဌကထာဆရာ၏ ယင်းစကားကို မနစ်သက်၍ ထားပါသည်။

## (င) ဝါကျ တသ္မိမ္ပိ-၌ ပိသဒ္ဒါ

လောက၌ ဆန်းကြယ်သော အမှုအပေါင်းသည် ရှိ၏၊ ထိုအမှုအပေါင်း၌ ပန်းချီအမှုသည် ဆန်းကြယ်သည်၊ ပန်းချီအမှု၌လည်း လက်စွမ်းပြပုံ စရဏမည်သော ပန်းချီကား အလွန်ဆန်းကြယ်သည်ဟု တစ်ခြားသော ပန်းပုစသော ဆန်းကြယ်သော အမှုကို ငဲ့သည်ဟု အပေက္ခာအနက်ကို ပြလိုသောကြောင့် ပိသဒ္ဒါ ထားပါသည်။ (ယောဇနာက စိတ္တကို ငဲ့သည့် အပေက္ခာဟု ဆိုသည်။ ဘာသာဋီကာက ရိုးရာ အတိုင်း အပေက္ခာ-ဟု ဆိုသည်။)

## ၄။ (က)ဝါကျ စိတ္တံ

* စိတ္တေတီတိ စိတ္တံ။ (စိတ္တ+အ) ဆန်းကြယ်ခြင်း။

http://www.dhammadownload.com



(စိန္တေတီတိ စိတ္တံ၊ အတ္တနော သန္တာနံ စိနောတီတိ စိတ္တံ၊ ကမ္မကိလေသေဟိ စိတန္တိ စိတ္တံ ဟု ဝစနတ္ထ မပြုရ။)

* အန္တော အဝဂဓတိ ပရိသတီတိ အန္တောဂဓံ။

* အန္တောဂဓဿ ဘာဝေါ အန္တောဂဓတ္တံ။

အတွင်းဝင်နေသော တစ်ခုသော စိတ်၏+အတွင်းဝင်ခြင်းကြိယာနှင့် ဌာန+ဌာနီ သမ္ဗန် ဗျု-နိ။ အတွင်းဝင်ခြင်း ကြိယာသည် ပ-နိ။

မှတ်ချက်။ ။တ္တ-ပစ္စည်းအရ အတွင်းဝင်ခြင်း (ပါဝင်ခြင်း) ဂုဏ်ကိုလည်း ကောက်နိုင်သည်။

* ကရောတီတိ ကရဏံ။

* စိတ္တဿ ကရဏံ စိတ္တကရဏံ။

(စိတ္တဿ။ ဆန်းကြယ်သောမှုကို။ (ဝါ) ဆန်းကြယ်သောအကျိုးကို ဟုပေး။ ယုယောဂ ဆဋ္ဌီ)

ဆန်းကြယ်သော ပန်းချီမှု၏+ဆန်းကြယ်အောင် ပြုတတ်သော စိတ်နှင့်အကျိုး + အကြောင်း စပ်ခြင်းသမ္ဗန် ဗျုပ္ပတ္တိနိမိတ်။

ဆန်းကြယ်အောင် ပြုခြင်းကြိယာသည် လည်းကောင်း၊ ဆန်းကြယ်အောင် ပြုနိုင်သောဂုဏ်သည် လည်းကောင်း ပဝတ္တိနိမိတ်။

* စိတ္တကရဏဿ ဘာဝေါ စိတ္တကရဏတာ။

ဆန်းကြယ်အောင် ပြုသောစိတ်၏+ဆန်းကြယ်အောင် ပြုခြင်းကြိယာနှင့် သာမိ+သာမျ သမ္ဗန် ဗျုပ္ပတ္တိနိမိတ်။

ဆန်းကြယ်အောင်ပြုခြင်း ကြိယာသည် ပဝတ္တိနိမိတ်။

* စရိတဗ္ဗန္တိ စရဏံ။ (စရ+ယု) သွားခြင်း။

သွားခြင်းကြိယာ သာမညသည် ဗျုပ္ပတ္တိနိမိတ်။

ကမ္မသတ္တိဖြင့် အထူးပြုအပ်သော သွားခြင်းကြိယာဝိသေသ၊ တစ်နည်း လက်စွမ်းပြ ပန်းချီကား၏ သွားလေရာရာ ဆောင်ထိုက်ခြင်း ဂုဏ်သည် ပဝတ္တိနိမိတ်။

http://www.dhammadownload.com



* စိတ္တံ ကရောန္တီတိ စိတ္တကာရာ။

ပန်းချီကား၏+ပန်းချီဆရာနှင့် သံ+သာမိ(သာရ+သာဓက) သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ ပန်းချီရေးဆွဲခြင်း ကြိယာသည် ပဝတ္တိနိမိတ်။

* ဇဝံ ဝိဓာ ပကာရာ ဇဝေသန္တိ ဇဝံဝိဓာနိ။

* စိတ္တံ သညာ စိတ္တသညာ။

ဆန်းကြယ်သောဂုဏ်သည် ပဝတ္တနိမိတ်။

* လိခိတဗ္ဗာတိ လေခါ။ (ရေးသားအပ်သော ပုံကြမ်း)။

[ဘာသာဋီကာ၌ လိခီယတိ တောယာတိ လေခါ-ဟုပြုသည်]။

* လေခါယ ဂဟနံ လေခါဂဟနံ။

ရေးခြစ်အပ်သော ပုံကြမ်း၏+ရေးခြစ်ခြင်းကြိယာ နှင့် အကျိုး+အကြောင်းစပ်ခြင်း သမ္ဗန် ဗျုပ္ပတ္တိနိမိတ်။ ပုံကြမ်းရေးသားခြင်း ကြိယာသည် ပဝတ္တိနိမိတ်။

* ရဥ္ဇိယတေ ရဥ္ဇနံ။

ရဉ်. ဇ. နံ ဟူသော အစိတ်ပရမတ္ထသဒ္ဒါ၏ အကြောင်းဖြစ်သော ဆေးဆိုးခြင်းကြိယာသည် ဗျုပ္ပတ္တိနိမိတ်။

ရဥ္ဇနံ ဟူသောအပေါင်းပညတ္တိသဒ္ဒါ၏ အကြောင်းဖြစ်သောဆေးဆိုးခြင်းကြိယာသည် ပဝတ္တိနိမိတ်။

* ဥဇ္ဇောတာပီယတေ ဥဇ္ဇောတနံ။ (ဥ=ဇုတ+ယု။ ကာရိတ်ကျေ)

(ဘာဋီ-၌ ဥဇ္ဇောတီယတေ ဥဇ္ဇောတနံ ဟုဆို၏။)

၆။ (က)ကာမေဥ္စတ္တ-စသည်ဖြင့်ဤစိတ်အပေါင်းတို့တွင်တစ်ခုတည်းသာလျှင် ဖြစ်သောစိတ်သည် ဤသို့ မဆန်းကြယ်သည် မဟုတ်ပါလောဟူသော စောဒကာဘောဂကို သိစေသည်။

(ခ) စိတ္တာနံ ပန စသည်ဖြင့် ထိုသို့ တစ်ခုတည်းသော စိတ်သည် သမ္ပယုတ်. ဘုံ. အာရုံအားဖြင့် မဆန်းကြယ်သော်လည်း ထိုစိတ်အပေါင်းတို့တွင် အပါအဝင် ဖြစ်သောကြောင့် အပေါင်းဖြစ်သော စိတ်အားလုံး၏

http://www.dhammadownload.com



စိတ္တအမည်ကို အစိတ်ဖြစ်သော တစ်ခုတည်းသော စိတ်၌တင်စား၍ ဧက ဒေသူပစာနည်းအားဖြင့် တစ်ခုတည်းသောစိတ်ကိုလည်း ဆန်းကြယ်သည် ဟု (ဝါ) ဆန်းကြယ်သောကြောင့် စိတ်ဟု ဆိုထိုက်သည်အဖြစ်ကို သိစေ သည်။

(ဂ) ဓဝံ တာဝ စိတ္တတာယ စိတ္တံ ဖြင့် စိတ္တတာယ စိတ္တံ ဟူသော အကျဉ်းသခေ်ပ၏ နိဂုံးကို သိစေသည်။

(ဃ) ကထံ စိတ္တကရဏတာယဖြင့် ဆန်းကြယ်သော ပန်းချီအမှုကို ပြုတတ်သောကြောင့် စိတ်မည်၏ဟူသည် အဘယ်နည်းဟူသော ပုစ္ဆာကို သိစေသည်။

လောကသ္မိဉှိ စသည်ဖြင့် လောက၌ ပန်းချီအမှုထက် ဆန်းကြယ် သော ဆန်းကြယ်မှုသည် မရှိသည်အဖြစ်ကို သိစေသည်။

(င) တမ္ပိ စရဏံ နာမ စသည်ဖြင့် ထိုပန်းချီအမှုတို့တွင်လည်း သွားလေရာရာ ဆောင်ယူအပ်သော လက်စွမ်းပြ နမူနာပန်းချီကားသည် အလွန်ဆန်းကြယ်သည်၏ အဖြစ်ကို သိစေသည်။

(စ) တံ ကရောန္တာနံ စသည်ဖြင့် ထိုဆန်းကြယ်သော ပန်းချီကားကို ရေး ဆွဲကြသော ပန်းချီဆရာတို့၏ "ဤနေရာ၌ ဤသို့သောအရုပ်တို့ကို ရေးခြယ်အပ်သည်ဟု" ဆန်းကြယ်သော သညာဖြစ်ပုံကို လည်းကောင်း။

တာယ စိတ္တသညာယ စသည်ဖြင့် ထိုဆန်းကြယ်သော သညာ ကြောင့် ပုံကြမ်းရေးဆွဲခြင်း, ဆေးဆိုးခြင်း, အရောင်သွင်းခြင်း, ရွဲလုံးရွဲပျောက် ထိုးခြင်း စသည်ကို ပြီးစေတတ်သော ဆန်းကြယ်သော စိတ်၏ အမှုအရာတို့ ဖြစ်ကြပုံကို လည်းကောင်း။

တတော စရဏ သဓိတေ စသည်ဖြင့် ထိုသို့ ပထမတစ်ရုပ် ဆွဲပြီးနောက် ထိုလက်စွမ်းပြ ပန်းချီကား၌ အခြားသော ဆန်းကြယ်သော အရုပ်ဖြစ်ပေါ်လာပုံကို လည်းကောင်း သိစေသည်။ (ဘာဝတ္ထ)

၇။ ကေမေဝ ဓဝံ စိတ္တံ နပဟောတိ။

http://www.dhammadownload.com



**အသမ္ဗန္ဓာဝတ္ထုနည်း**

(၁) တစ်ခုသောစိတ်သည် ဂဟေတဗ္ဗ

(၂) များစွာသောစိတ်သည် နိဝတ္တေတဗ္ဗ။

**သမ္ဗန္ဓာဝတ္ထုနည်းဖြင့် ထုတ်လိုလျှင်-**

(၁) တစ်ခုတည်းသောစိတ်သည် ဆန်းကြယ်သည် မဟုတ်ဟူသော အနက်သည် ဂဟေတဗ္ဗ။

(၂) တစ်ခုတည်းသောစိတ်သည် ဆန်းကြယ်၏ ဟူသောအနက်သည် နိဝတ္တေတဗ္ဗ။ (နဟောတိက န-ကိုဖြုတ်)

(၃) များစွာသောစိတ်သည် ဆန်းကြယ်၏ ဟူသော အနက်သည် အနုညာတ။

**တသ္မိံမ္ပိ စရဏံနာမ စိတ္တံ အတိစိတ္တမေဝ ဟောတိ**

(၁) ပန်းချီမှု၌ လက်စွမ်းပြ ပန်းချီကားသည် အလွန်ဆန်းကြယ်၏ ဟူသော အနက်သည် ဂဟေတဗ္ဗ။

(၂) လက်စွမ်းပြ ပန်းချီကားသည် မဆန်းကြယ်ဟူသော အနက်သည် နိဝတ္တေတဗ္ဗ။

(၃) ပန်းပုမှု စသော အခြားသော ဆန်းကြယ်သော အမှုတို့၌ လက်စွမ်းပြပန်းပုရုပ်စသောအမှုသည်ပိုဆန်းကြယ်၏ဟူသောအနက်သည် အနုညာတ။

**မှတ်ချက်။** ။ တသ္မိံမ္ပိ -၌ အပေက္ခာအနက်ရှိသော အပိကို မျှော်၍ ထုတ်သည်။

**၈။ တသ္မိံမ္ပိ စရဏံ နာမ စိတ္တံ အတိစိတ္တမေဝ ဟောတိ ၌ ကြိယာငါးတန်**

(က) အလွန်ဆန်းကြယ်သော လက်စွမ်းပြ ပန်းချီကားသည် ဒဿနတ္ထ။

http://www.dhammadownload.com



(ခ) စိတ်ကူး စိတ်သန်း ဆန်းကြယ်မှုသည် ဒီပကတ္ထ။
(ဂ) မြင်ရသူများ ရင်သပ်ရှုမော အံ့သြမှုဖြစ်ရခြင်းသည် ပကာ-
သနတ္ထ။
(ဃ) ပန်းချီအရာ လိမ္မာကျွမ်းကျင်သော ပန်းချီဆရာတို့၏နည်းနာ
နိဿယကို ရရှိခြင်း၊ အဖန်ဖန် လေ့ကျင့်ခြင်း၊ ပန်းချီဆိုင်ရာ
ဗဟုသုတတို့ကို လေ့လာဆည်းပူးခြင်း စသော အကြောင်း
များသည် ဝိဘာဝတ္ထ။
(စ) ရှင်လူ အပေါင်းတို့၏ ချီးမွမ်းမြှောက်စားခြင်းမှ စ၍ ထင်ပေါ်
ကျော်ကြား စီးပွားဥစ္စာတိုးတက်ခြင်း စသော အကျိုးများ
သည် အနုဘာဝတ္ထ။

**ကေနဋ္ဌ စိတ္တတာယ စိတ္တန္တိ ဝတ္တုံ ဝဋ္ဋတိ**

(၁) တစ်ခုသောစိတ်ကို စိတ္တဟူ၍ ဆိုထိုက်ခြင်းသည် ဒဿ-
နတ္ထ။
(၂) ဆန်းကြယ်ခြင်းသည် ဒီပကတ္ထ။
(၃) သောတုဇနတို့၏ သန္တာန်၌ တစ်ခုတည်းသော စိတ်ကို
လည်း စိတ္တဟူ၍ဆိုထိုက်သည် ဟု အသိဉာဏ်ဖြစ်ခြင်း
သည် ပကာသနတ္ထ။
(၄) ထိုထိုစိတ်တို့၏ သမ္ပယုတ် ဘုံ အာရုံအားဖြင့် ဆန်းကြယ်
ခြင်း၊ ထို ဆန်းကြယ်သော စိတ်တို့တွင် အပါအဝင် ဖြစ်ခြင်း
တို့သည် ဝိဘာဝတ္ထ။
(၅) သောတုဇနတို့၏ သုတမယဉာဏ်မှ ဆက်၍ ဗဟုသုတ
ပြည့်စုံခြင်း၊ စိတ်နှင့် ဆိုင်ရာ အနက်မိပ္ပါယ်တို့ကို ဝေဖန်ခွဲ
ခြမ်း သိနိုင်စွမ်းခြင်းစသော အကျိုးများသည် အနုဘာဝတ္ထ။

http://www.dhammadownload.com



## စိတ္တကိရိယာ ဥပမာရွှန္တိ

(၁) ဆန်းကြယ်သော အမှုအရာ ကိရိယာတို့ ဖြစ်ခြင်းသည် ဒဿနတ္ထ။

(၂) ဆန်းကြယ်သော သညာသည် ဒီပကတ္ထ။

(၃) ဆန်းကြယ်သော လက်စွမ်းပြပန်းချီကားသည် ပကာသနတ္ထ။

(၄) ဆန်းကြယ်သော စိတ်ကူးစိတ်သန်းသည် လည်းကောင်း၊ လိမ္မာကျွမ်းကျင်သော ဆရာများ၏ နည်းနာနိဿယကို ရခြင်း စသော အကြောင်းများသည် လည်းကောင်း ဝိဘာဝတ္ထ။

(၅) မြင်ရသူတို့ ရင်သပ်ရှုမော အံ့ဩခြင်း, ချီးမွမ်းခြင်း, နာမည် ကျော်ကြားထင်ရှားခြင်း စသော အကျိုးများသည် အနု-ဘာဝတ္ထ။

## ၁၀။ တာယ စိတ္တသညာယ စိတ္တ ကိရိယာ ဥပမာရွှန္တိ

တာယ စိတ္တသညာယ - အရ ပန်းချီမရေးဆွဲမီ ရှေးအဖို့၌ဖြစ်သော ဆန်းကြယ်သော သညာရ၏။ (ပစ္စည်း)

ဥပမာရွှန္တိအရ - ပန်းချီရေးဆွဲသော အခိုက်အတန့်ဖြစ်သည့် ဆန်းကြယ်သော အမှုအရာ (ဝါ) စိတ်၏ အမှုအရာဟု ဆိုအပ်သော ကာယဝိညတ္တိက နဝကကလာပ် ရ၏။ ဝါ - ကာယဝိညတ် ရ၏။ ပစ္စယုပ္ပန်။

သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

ကြီး - ၄၊ ဝိပ္ပယုတ္တ၊ အငယ် - ၇ = ပေါင်း ၁၂ - ယထာရဟပြိုင်။

## တံ ကရောန္တာနံ စိတ္တကာရာနံ

တံ - အရ လက်စွမ်းပြ ပန်းချီကား ရ၏။ ကရောန္တာနံ - အရ ပန်းချီ ရေးဆွဲသော ဝီရိယပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ် ရ၏။ လက်စွမ်းပြ ပန်းချီကားဟူသော ပစ္စည်းတရားက ကုသိုလ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား

http://www.dhammadownload.com



အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။ အာရမ္မဏ, ပုရေဇာတ, အတ္ထိ, အဝိဂတ ၄ - ပစ္စည်းပြိုင်။

ကရောန္တာနံအရ - ပစ္စည်း။ တံအရ - ပစ္စယုပ္ပန်ယူခဲ့လျှင် ပကတူပပြိုင်။

< >

## ၆၀။ ဥပ္ပန္န အဖွင့်

(က) ဥပ္ပန္နံ ဟောတီတိ ဧတ္ထ ဝတ္တမာနဘူတာပဂတောကာသတ ဘူမိလဒ္ဓဝသေန ဥပ္ပန္နံ နာမ အနေကပ္ပဘေဒံ။

(ခ) တတ္ထ သဗ္ဗမ္ပိ ဥပ္ပါဒဇရာဘင်္ဂသမင်္ဂီ သင်္ခါတံ ဝတ္တမာနုပ္ပန္နံနာမ။

(ဂ) အာရမ္မဏရသံ အနုဘဝိတွာ နိရုဒ္ဓံ အနုဘူတာပဂတ သင်္ခါတံ ကုသလာကုသလံ, ဥပ္ပါဒါဒိတ္တယံ အနုပ္ပတွာ နိရုဒ္ဓံ ဘူတာပဂတသင်္ခါတံ သေသသင်္ခတဉ္စ ဘူတာပဂတုပ္ပန္နံ နာမ။

(ဃ) "ယာနိဿ တာနိ ပုဗ္ဗေ ကတာနိ ကမ္မာနိ" တိ ဧဝမာဒိနာ နယေန ဝုတ္တံ ကမ္မံ အတီတမ္ပိ သမာနံ အညံ ဝိပါကံ ပဋိဗာဟိတွာ အတ္တနော ဝိပါကဿောကာသံ ကတွာ ဌိတတ္တာ, တထာ ကတောကာသဉ္စ ဝိပါကံ အနုပ္ပန္နမ္ပိ ဧဝံ ကတေ ဩကာသေ ဧကန္တေန ဥပ္ပဇ္ဇနတော ဩကာသကတုပ္ပန္နံ နာမ။

(င) တာသု တာသု ဘူမီသု အသမူဟတံ အကုသလံ ဘူမိ လဒ္ဓုပ္ပန္နံနာမ။

(စ) ဧတ္ထ စ ဘူမိယာ ဘူမိလဒ္ဓဿ စ နာနတ္တံ ဝေဒိတဗ္ဗံ ဘူမီတိ ဝိပဿနာယ အာရမ္မဏဘူတာ တေဘူမကာ ပဉ္စက္ခန္ဓာ။ ဘူမိလဒ္ဓံနာမ တေသု ခန္ဓေသု ဥပ္ပတ္တာရဟံ ကိလေသဇာတံ။

http://www.dhammadownload.com



(ဆ) တေန ဟောသာ ဘူမိ လဒ္ဓါနာမ ဟောတိ၊ တဿာ ဘူမိလဒ္ဓန္တိ ဝုစ္စတိ။

(ဇ) ဝေဝမေတောသု စတူသု ဉပ္ပန္နေသု ဣဓ ဝတ္တမာနုပ္ပန္နံ အဓိပ္ပေတံ။ (ဠ-၁၀၈/၉)

မှတ်ချက်

(ဃ) ယာနီဿ တာနိ+ယာနိ တာနိ၊

ယာနိဿာတိ အဿ အနေန သတ္တေန ယာနိ တာနိ ကမ္မာနိ-ဟု ယောဇနာ (၈၄)ဆိုသောကြောင့် ယာနိဿ တာနိ-သာသင့်။ (နိဿယ)

စ-သန္ဓိ

(ဂ) ဝါကျ သေသသစ်တည-၌ စ-ကား ဌာနာဌာနပယုဂ်၊ ကုသလာကုသလံနောင်လည်းယှဉ်ပါ။ (ဃ) ဝါကျတထာကတော ကာသည -၌ စ-ကားအဌာနပယုဂ်၊ ကမ္မံနှင့်ဝိပါကံ နောင်ယှဉ်။ (ယောဇနာ)

ပါဠိဝဝတ္ထာန်

(က) ဝါကျဖြင့် ဉပ္ပန္န လေးမျိုးရှိကြောင်း ပြသည်။

(ခ) ဝါကျဖြင့် ဉပ္ပါဒ်, ဌီ, ဘင် ဟူသော ခဏတ္တယနှင့် ပြည့်စုံသော သစ်တတရား မှန်သမျှသည် ဝတ္တမာနုပ္ပန္န မည်၏ဟု ပြသည်။

(ဂ) ဝါကျဖြင့် အာရုံ၏ အရသာကို ခံစားပြီး၍ ချုပ်သွားပြီးသော ကုသိုလ် အကုသိုလ်ဇောသည် လည်းကောင်း၊ ခဏတ္တယသို့ အစဉ်ရောက်၍ ချုပ်သွားပြီးသော သစ်တတရားမှန်သမျှသည်လည်းကောင်း ဘူတာပဂတုပ္ပန္န မည်၏ဟု ပြသည်။

(ဃ) ဝါကျဖြင့် အတိတ်ကံသည်လည်းကောင်း၊ ဖြစ်လတ္တံ့အကျိုး ဝိပါက်သည် လည်းကောင်း၊ ဩကာသကတုပ္ပန္နမည်၏ဟု ပြသည်။

(င) ဝါကျဖြင့် မိမိသန္တာန်၌ အရဟတ္တမဂ်ဖြင့် မခွာမနှုတ်ရသေး

http://www.dhammadownload.com



သော အကုသိုလ်သည် ဘူမိလဒ္ဓုပ္ပန္နမည်၏ဟု ပြသည်။

(စ) ဝါကျဖြင့် ဘူမိလဒ္ဓ၌ ဘူမိနှင့် ဘူမိလဒ္ဓအရကို ခွဲခြားပြသည်။

(ဆ) ဝါကျဖြင့် ကိလေသာကို ဘူမိလဒ္ဓဟု ဆိုရခြင်းအကြောင်းကို ပြသည်။

(ဇ) ဝါကျဖြင့် ဤ၌လိုအပ်သော ဝတ္တမာနုပ္ပန္နကို ပြသည်။

## ၁။ (ဂ)(ဃ)(င)ဝါကျတို့လာ သံဝဏ္ဏေတဗ္ဗပုဒ်တို့ကိုသာ သဒ္ဒတ္ထ, အဓိပ္ပာယတ္ထ, သရူပတ္ထပေါ်လွင်အောင် အနက်ပေးပုံ

(ဂ) ဘူတာဂတုပ္ပန္နံ၊ အာရုံ၏အရသာကို ခံစားပြီး၍ ကင်းပြီး, ချုပ်ပြီးသော ဥပ္ပန္နဟု ဆိုအပ်သော (သဒ္ဒတ္ထ) ကုသိုလ်, အကုသိုလ်သည် (သရူပတ္ထ)။

ဝါ - ဥပါဒ် စသော ခဏသုံးပါးသို့ အစဉ်အားဖြင့်ရောက်၍ ကင်းပြီး, ချုပ်ပြီးသော ဥပ္ပန္နဟုဆိုအပ်သော (သဒ္ဒတ္ထ) ကြွင်းသော သင်္ခတ တရားနှင့် တကွ ကုသိုလ်, အကုသိုလ်သည် (အဘိဓေယျတ္ထ)။

(ဃ) ဩကာသကတုပ္ပန္နံ၊ အခြားသောကံ၏ အကျိုးပေးခွင့်ကို တားမြစ်၍ မိမိဟူသောကံ၏ အကျိုးပေးခွင့်ကို ပြုခြင်းရှိသော (သဒ္ဒတ္ထ) အတိတ်ဖြစ်သော ကုသိုလ်ကံ, အကုသိုလ်ကံဟု ဆိုအပ်သည့် ဥပ္ပန္နသည်။

တစ်နည်း - ထိုသို့ကံသည် ပြုအပ်သော အခွင့်ရှိသည်ဖြစ်၍ အကျိုးပေးခွင့်ရလျှင် စင်စစ်ကေန် အမှန်အကျိုးဖြစ်သော (အဓိပ္ပာယတ္ထ) (အကျိုးဖြစ်လတ္တံ့သော) ဝိပါက်ဟူသော ဥပ္ပန္နသည်။

(င) ဘူမိလဒ္ဓုပ္ပန္နံ၊ အရဟတ္တမဂ်ဖြင့် မပယ် မစွာရသေးသော ကြောင့် ရအပ်သောဘုံဟု ဆိုအပ်သော ခန္ဓာရှိသော ကိလေသာဟူသော ဥပ္ပန္နသည်။

http://www.dhammadownload.com



## ၂။ (က) အနုသန္ဓေ

ဤသို့ စိတ္တန္တိ အာရမ္မဏံ စိန္တေတီတိ စိတ္တံ စသည်ဖြင့် စိတ္တံကို ဖွင့်ပြတော် မူပြီး၍ ယခုအခါ၌ အစဉ်ရောက်လာသည့် အားလျော်စွာ ဥပ္ပန္နံ ဟောတိကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာသည် ဥပ္ပန္နံ ဟောတီတိ ဝတ္တ စသော ဝါကျ မိန့်။

## (ခ) ဝါကျ ပါပနာပဋ္ဌက

ဆရာ ဆရာသည် (က)ဝါကျဖြင့် ဥပ္ပန္နသည့် ဝတ္တမာနုပ္ပန္န စသော အားဖြင့် များသောအပြား (၄-ပါး)ရှိ၏ဟု ဆိုတော်မူ၏။ ယင်းသို့ဆိုလျှင် ဥပ္ပန္န၏ ပဘေဒကို သာသိရ၍ အဓိပ္ပာယတ္ထ, သဒ္ဒပတ္ထတို့ကိုမူ မသိသင့် ဟူသောအနက်သည် ရောက်၏။ စင်စစ်မသင့်။ ထို့ကြောင့် ယင်းဥပ္ပန္နတို့၏ အဓိပ္ပာယတ္ထ, သဒ္ဒပတ္ထတို့ကို ဆိုသင့်သေး၏။ မဆိုဘဲ မနေသင့်။ နေချေသော် ဆရာ၌ အဗျာပိတ, အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ ဤသို့ စောဒနာဖွယ် ရှိသောကြောင့် (ခ) မိန့်။

**အဓိပ္ပါယ်ကား**

> ဥပ္ပါဒ်, ဋ္ဌီ, ဘင်ဟုဆိုအပ်သော ခဏသုံးပါးနှင့် ပြည့်စုံသော အလုံးစုံ သော သင်္ခတတရားသည် ဝတ္တမာနုပ္ပန္နမည်၏ ဟု အဓိပ္ပာယတ္ထ နှင့်တကွ သဒ္ဒပတ္ထတို့ကို ငါပြဆိုသောကြောင့် သင်တင်သောဒေါသ ငါ၌မရောက် ပျောက်ပါ၏ ဟူလို။

## (ဂ) ဝါကျ ဥပနာပဋ္ဌက

ဆရာ ဆရာသည် (ခ) ဝါကျဖြင့် ဝတ္တမာနုပ္ပန္န၏ အဓိပ္ပာယတ္ထ, သဒ္ဒတ္ထတို့ကို ဆိုတော်မူ၏။ ဘူတာပဂတုပ္ပန္န၏ သဒ္ဒတ္ထ, အဓိပ္ပာယတ္ထ, သဒ္ဒပတ္ထတို့ကို မသိရသေးသည် မဟုတ်ပါလော၊ ထို့ကြောင့် (ခ)ဝါကျကိုသာ ဆရာမဆိုသင့်၊ ဘူတာပဂတုပ္ပန္န၏အဓိပ္ပာယတ္ထနှင့် သဒ္ဒပတ္ထကို အဘယ်သို့ မှတ်ရမည်နည်း။ အဓိပ္ပာယတ္ထ, သဒ္ဒပတ္ထကို ဆိုချေသော် ဆရာ၌ သသံသယ

http://www.dhammadownload.com



ဒေါသနှင့်တကွ ဝိရောဓိဒေါသ ရောက်ရာ၏။ ဤသို့ စောဒနာဖွယ်ရှိသော ကြောင့် (ဂ) ဝါကျမိန့်။

**အဓိပ္ပါယ်ကား**

ကုသိုလ် အကုသိုလ်ကိုလည်းကောင်း၊ ကြွင်းသော သစ်တတရား နှင့် ကုသိုလ်. အကုသိုလ်ကိုလည်းကောင်း၊ ဘူတာပဂတုပ္ပန္နအရ ကောက်ရမည်ဟု ငါပြဆိုသောကြောင့် သင်တင်သောဒေါသ ငါ၌ မရောက် ပျောက်ပါ၏ဟူလို။

## (ဂ) ဝါကျ ဉပ္ပါဒါဒိတ္တယံ အနုပ္ပတ္တာသို့

ဆရာ ဆရာသည် အာရမ္မဏရသံ အနုဘဝိတ္ဝာ နိရုဒ္ဓံ ဘူတာပဂတ သင်္ခါတံ ကုသလာကုသလံဖြင့် အာရုံ၏အရသာကို ခံစားပြီး၍ ချုပ်သွားသော ကုသိုလ်. အကုသိုလ်သည် ဘူတာပဂတုပ္ပန္န မည်၏ဟု ဆိုတော်မူ၏။ ထိုအာရုံ၏ အရသာကို ခံစားပြီး၍ ချုပ်သွားသော ကုသိုလ်. အကုသိုလ် သည်သာလျှင် ဘူတာပဂတုပ္ပန္န မည်သလော။ (ဗျတိရေက အာဘော်) ခဏ သုံးပါးသို့ ရောက်သွား၍ ချုပ်သွားသော ကြွင်းသော သစ်တတရားသည် လည်း ဘူတာပဂတုပ္ပန္နမည်သည် မဟုတ်ပါလော။ (အန္ဝယ အာဘော်) အဘယ်သို့ မှတ်ရမည်နည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ဉပ္ပါဒါဒိတ္တယံ အနုပ္ပတ္တာ မိန့်။

**အဓိပ္ပာယ်ကား**

ခဏသုံးပါးသို့ ရောက်၍ ချုပ်သွားသော ကုသိုလ်. အကုသိုလ်နှင့် တကွ ကြွင်းသစ်တတရားသည်လည်း ဘူတာပဂတုပ္ပန္န မည်၏ ဟူလို။

## (ဃ) ဝါကျ အတီတမ္ပိ သမာနံ စသည်သို့ လီနတ္ထရစောဒနာ ဥပနာပဋ္ဌက တက်

ဆရာ ဆရာသည် ယာနိသာ တာနိ (ပ) ဝုတ္တံ ကမ္မံ -ဖြင့် အတိတ်

http://www.dhammadownload.com



ဖြစ်သော ကံသည် ဩကာသကတုပ္ပန္နမည်၏ဟု ဆိုတော်မူ၏။ ထိုကံသည် အတိတ်ဖြစ်၍ မိမိ၏ အခွင့်ကို မပြုနိုင်သည် မဟုတ်ပါလော။ ထို့ကြောင့် အတိတ်ဖြစ်သော ကံသည် ဩကာသကတုပ္ပန္နမည်၏ ဟုမဆိုသင့်။ အဘယ် သို့သော အကြောင်းကြောင့် ထိုအတိတ်ဖြစ်သောကံကို ဩကာသကတုပ္ပန္န ဟု ဆိုရပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် အတီတမ္ပိ သမာနံ စသည် မိန့်။

**အဓိပ္ပါယ်ကား**

ထိုကံသည် အတိတ်ဖြစ်သော်လည်း အခြားသောကံ၏ အကျိုးကို တားမြစ်၍ မိမိအကျိုးပေးခွင့်ရအောင် ပြုလုပ်တတ်သောကြောင့် ဩကာသကတုပ္ပန္န မည်ပါ၏ ဟူလို။

## (ဃ) ဝါကျ တထာ ကတောကာသဉ္စ ဝိပါကံ သို့ ပါပနာ

ဆရာ ဆရာသည် ယာနိဿ တာနိ ပုဗ္ဗေကတာနိ (ပ) ကမ္မံ - ဖြင့် ကုသိုလ် အကုသိုလ်ကံသည် ဩကာသကတုပ္ပန္န မည်၏ဟု ဆိုတော်မူ၏။ ယင်းသို့ဆိုလျှင် ကုသိုလ် အကုသိုလ်ကံသည်သာ ဩကာသကတုပ္ပန္န မည် ၏။ ဝိပါက်သည်ဩကာသကတုပ္ပန္န မမည်ဟူသော အနက်သည် ရောက်၏။ စင်စစ် မသင့်။ ထို့ကြောင့် ထိုဝိပါက်စိတ်တို့ဩကာသကတုပ္ပန္န မည်, မမည် ကိုလည်း ဆရာဆိုသင့်သေး၏။ မဆိုဘဲ မနေသင့်။ ထိုဝိပါက်စိတ်တို့ကို အဘယ်သို့ သိမှတ်ရပါမည်နည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် တထာ ကတောကာသဉ္စ ဝိပါကံ စသော ပါဌ်ကို မိန့်။

**အဓိပ္ပါယ်ကား**

ဝိပါက်စိတ်သည်လည်း ဩကာသကတုပ္ပန္န မည်၏ ဟူလို။

## (ဃ) ဝါကျ အနုပ္ပန္နမ္ပိ သမာနံ စသည်တို့

ဆရာဆရာသည် တထာကတောကာသဉ္စ ဝိပါကံ - ဖြင့် ဝိပါက်စိတ် သည် ဩကာသကတုပ္ပန္နမည်၏ဟု ဆိုတော်မူ၏။ ထိုဝိပါက်စိတ်သည် ယခု

http://www.dhammadownload.com



လောလောဆယ် မဖြစ်သေးသည် မဟုတ်ပါလော၊ (ဝါ) ယခုလောလော ဆယ် မဖြစ်သေးသောကြောင့် ဩကာသကတုပ္ပန္န ဟု မဆိုသင့်သည် မဟုတ်ပါလော။ ထို့ကြောင့် ဝိပါက်စိတ်သည် ဩကာသကတုပ္ပန္န မည်၏ဟု မဆိုသင့်။ ဤသို့ မေးဖွယ်ရှိသောကြောင့် အနုပ္ပန္နမှိ သမာနံ စသည် မိန့်။

**အဓိပ္ပါယ်ကား**

ဝိပါက်စိတ်သည် ယခု လောလောဆယ် မဖြစ်သေးသော်လည်း နောင်အခါ သေချာပေါက် ဖြစ်မည်ဖြစ်သောကြောင့် အခွင့်ပြုပြီးရာ ဖြစ်ရကား ဩကာသကတုပ္ပန္န ဆိုနိုင်ပါ၏ ဟူလို။

## ၃။ (ဂ) ဝါကျ သေသသန်တဝယ် အတ္ထန္တရ ဝိကပ္ပနတ္ထ ဝါသဒ္ဒါ အနက်ရှိသော စ-သဒ္ဒါ ထားရခြင်းအကြောင်း

(၁) ဘူတာပကတဒ္ဓ ဘူတ၏ အနဘာဝိတ္တာတိ အနဘူတံ ဟူသော ဝစနတ္ထမှ တစ်ပါး ဘဝိတ္တာတိ ဘူတံဟူသော ဝစနတ္ထကို လည်းကောင်း။

(၂) အန ရှေးရှိသော ဘူဓာတ် တပစ္စည်း ပြီးသည်မှတစ်ပါး ဘူဓာတ် တပစ္စည်းဖြင့် ပြီးသည်ကို လည်းကောင်း။

(၃) အနဘူတံ ဟုတွာ အပဂတံ အနဘူတာပဂတံ ဟူသော ဝစနတ္ထမှ တစ်ပါး ဘူတံ ဟုတွာ အပဂတံ ဘူတာပဂတံ ဟူသော ဝစနတ္ထကို လည်းကောင်း။

(၄) အာရုံ၏ အရသာကို ခံစား၍ ချုပ်သွားသော တရားသည် ဘူတာ ပဂတုပ္ပန္န မည်၏ဟူသော အဓိပ္ပါယ်မှတစ်ပါး ခဏသုံးပါးသို့ ရောက်၍ ချုပ်ပြီးသော တရားသည် ဘူတာပဂတ မည်၏ဟူသော အဓိပ္ပါယ်ကို လည်းကောင်း။

(၅) ဘူတာပဂတုပ္ပန္န အရ ကုသိုလ် အကုသိုလ်ဟူသော အဘိ ဓေယျတ္ထ မှတစ်ပါး ကုသိုလ် အကုသိုလ်နှင့်တကွ ကြွင်းသော သင်္ခတတရား ဟူသော အဘိဓေယျတ္ထကို လည်းကောင်း။ လဲလိုသောကြောင့် စသဒ္ဒါ

http://www.dhammadownload.com



ထားသည်။

## (ဃ) ဝါကျ ရှိ တထာ ကတောကာသဋ္ဌဝယ် အတ္ထန္တရ ဝိကပ္ပန ဝါ-အနက်ရှိသော စ-သဒ္ဒါ ထားရခြင်းအကြောင်း

(၁) ဩကာသော ကတော ယေနာတိ ဩကာသကတော (ဩကာသ ကတံ)ဟူသော တတိယာဗဟုဗ္ဗီသမာသ် ဝစနတ္ထမှတစ်ပါး ဩကာသော ကတော ယဿာတိ ဩကာသကတော (ဩကာသကတံ)ဟူသော စတုတ္ထီ (ဆဋ္ဌီ) ဗဟုဗ္ဗီ သမာသ် ဝစနတ္ထကို လည်းကောင်း။

(၂) အခြားသောကံ၏ အကျိုးပေးခွင့်ကိုတားမြစ်၍ မိမိအကျိုးပေးခွင့် ရအောင် ပြုတတ်သောကြောင့် ဩကာသကတ မည်၏ ဟူသော အဓိပ္ပါယ် မှတစ်ပါး အခွင့်ရသည်ရှိသော် မုချဧကန် အမုန်အားဖြင့် အကျိုးဖြစ်မည် ဖြစ် သောကြောင့် ဩကာသကတမည်၏ ဟူသော အဓိပ္ပါယ်ကို လည်းကောင်း။

(၃) ဩကာသကတ အရ ကံဟူသော အဘိဓေယျတ္ထမှတစ်ပါး ဝိပါက် ဟူသော အဘိဓေယျတ္ထကို လည်းကောင်း လဲလိုသောကြောင့် စသဒ္ဒါ ထားသည်။

## (ဃ) ကမ္မံ အတီတမ္ပိ သမာနံ၌ ပိသဒ္ဒါ

အတိတ်ကံသည် အတိတ်ဖြစ်၍ ယခုလောလောဆယ် မဖြစ်သေး သော်လည်း အခြားသောကံ အကျိုးပေးခွင့်ကို တားမြစ်၍ မိမိအကျိုး ပေးခွင့်ရအောင် အခွင့်ကို ပြုအပ်ပြီးဖြစ်သောကြောင့် ဩကာသကတုပ္ပန္န ဟူ၍ ဆိုထိုက်သည်ဟု မိမိဟူသော ကံကို ချီးမြှောက်၍ ဆိုထားသောကြောင့် သမ္ဘာဝနာ၊ ထိုသမ္ဘာဝနာကို ပြလိုသောကြောင့် ပိ-သဒ္ဒါ ထားပါသည်။

## အနုပ္ပန္နမ္ပိ သမာနံ၌ ပိသဒ္ဒါ

ဝိပါက်သည် ယခုလောလောဆယ်၌ မဖြစ်သေးသော်လည်း နောင် အခွင့်ရလျှင် သေချာပေါက်ဖြစ်မည်ဖြစ်သောကြောင့် ဩကာသကတုပ္ပန္န ဟူ

http://www.dhammadownload.com



၍ ဆိုထိုက်သည်ဟု မိမိစကားကို ချီးမြှောက်သော သမ္ဘာဝနာအဖြစ်ကို ပြလိုသောကြောင့် ပိသဒ္ဒါထားပါသည်။

## (ခ) ဝါကျ သမ္ပိဏ္ဍိ ပိသဒ္ဒါ

အလုံးစုံသော သစ်တတရားတို့သည် ဝတ္တမာနုပ္ပန္န မည်သကဲ့သို့ တစ်ပါး တစ်ပါးသော သစ်တတရားသည်လည်း ဝတ္တမာနုပ္ပန္န မည်သည်ဟု အစိတ်ကို ဆည်းသော အဝယဝသမုစ္စည်းကို ပြလိုသောကြောင့် ပိ - သဒ္ဒါ ထားသည်။

## (ဆ) ဝါကျ တသဒ္ဒါ

ကိလေသာသည် တေဘူမကခန္ဓာငါးပါးဟူသော ဘူမိကို ရအပ်သောကြောင့် ထိုအနုသယကိလေသာကို ဘူမိလဒ္ဓဟူ၍ ဆိုရသည်ဟူသော အကျိုးကို ပြသောကြောင့် တသဒ္ဒါထားပါသည်။

**ဆောင်** = လဒ္ဓဂုဏ်၊ ကျိုးဖလနှင့်၊ နိဂမတစ်ဖြာ၊ ပြလိုရာ၊ တသဒ္ဒါ တေနထား။

## (ဇ) ဝါကျ၌ အဓိပ္ပေတ

ဉပ္ပန္န လေးမျိုးဟူသော သာမညအနက်မှ ဝတ္တမာနုပ္ပန္န ဟူသော ဝိသေသကို ပြလိုသောကြောင့်လည်းကောင်း၊ စောဒကဏ်စကားကိုပယ်ရှား၍ ဝတ္တမာနုပ္ပန္န ဟူသော မိမိစကားကိုသာ အတည်ပြုလိုသောကြောင့် လည်းကောင်း အဓိပ္ပေတ ထားသည်။

## ၄။ ဉပ္ပန္နံ

(ခ) ဝါကျအလို ဉပ္ပန္နတီတိ ဉပ္ပန္နံ။ (ပစ္စုပ္ပန်ကာလ)

(ဂ) ဝါကျ ပထမပိုင်းအလို - ဉပ္ပဇ္ဇိတ္ထာတိ ဉပ္ပန္နံ။ (အတိတ်)

(ဃ) ဝါကျ ပထမပိုင်းအလို - ကံကိုကောက်သည့် အနိုက် ဉပ္ပဇ္ဇိတ္ထာတိ ဉပ္ပန္နံ။ (အတိတ်)

http://www.dhammadownload.com



(ဃ) ဝါကျဒုတိယပိုင်းအလို - ဝိပါက်ကို ကောက်ခိုက် ဥပ္ပန္နံသာ တီတိ ဥပ္ပန္နံ (အနာဂါတ်)

(င) ဝါကျ ဘူမိလဒ္ဓုပ္ပန္နကို ယူခိုက် ဋီကာကျော်အလို ဥပ္ပန္နံသာ တီတိ ဥပ္ပန္နံဟု ဝိဂြိုဟ်ပြု။ တစ်ခြားဆရာ အလို ဥပ္ပန္နံ ဥပ္ပန္နတိ ဥပ္ပန္နံသာတီတိ ဥပ္ပန္နံ ဟူ၍တောကာလိက ဝိဂြိုဟ်ပြု။

ဤဥပ္ပန္နံ ပဟာတဗ္ဗ ဥပ္ပန္န အရ ဝတ္တမာနပ္ပန္နကို အလိုရှိအပ်သော ကြောင့် ဥပ္ပန္နတီတိ ဥပ္ပန္နံဟု ပစ္စုပ္ပန် ဝစနတ္ထပြုပါ။

**တစ်နည်း-** ဥဒ္ဓံ ပန္နံ ဥပ္ပန္နံ။

အထက်ကာလ၏ ကုသိုလ်စိတ်နှင့် ကာလ + ကာလဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် ဗျုပ္ပတ္တိနိမိတ်။ အထက်ကာလ၌ ဖြစ်ခြင်းသည် ပဝတ္တနိမိတ်။

* အနေကေ ပဘေဒါ ယဿာတိ အနေကပဘေဒံ။

အနေကပဘေဒ၏ ဥပ္ပန္နနှင့် ပဘေဒ+ ပဘေဒဝန္တ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန် ဗျု-နိ၊ အနေကပဘေဒသည်ပ-နိ။

* သမံ အင်္ဂံ သမင်္ဂေါ၊

* သမင်္ဂေါ အဿ အတ္ထီတိ သမင်္ဂီ။

ပြည့်စုံခြင်းဂုဏ်၏ +ခဏတ္တယသမင်္ဂီစိတ်နှင့် ဂုဏ်+ ဂုဏေးအဖြစ် ဖြင့်စပ်ခြင်းသမ္ဗန်သည် ဗျု-နိ။ အညီအမျှဖြစ်ခြင်းဂုဏ်သည်ပ-နိ။

* ဝတ္တတီတိ ဝတ္တမာနံ။ (ဝတ္တ+မာန)

* ဝတ္တမာနံ စ တံ ဥပ္ပန္နံ စာတိ ဝတ္တမာနုပ္ပန္နံ။

ဝတ္တမာနဖြစ်သော ခဏတ္တယသမင်္ဂီစိတ်တို့၏ ဥပ္ပန္နဖြစ်သော ခဏတ္တယ သမင်္ဂီစိတ်တို့နှင့် ဝိသေသန+ဝိသေသျအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျု-နိ။ ဖြစ်ခြင်းကြိယာသည်ပ-နိ။

* နိရုဇ္ဈိတ္ထာတိ နိရုဒ္ဓံ။ ( နိ+ ရုဓ+ တ)

* အနုဘဝိတ္ထာတိ အနုဘူတံ။ (ကုသိုလ် အကုသိုလ်ရ၏)။

* အပဂစ္ဆီတိ အပဂတံ ။ (ကုသိုလ် အကုသိုလ် ရ၏။)

http://www.dhammadownload.com



* အနဇ္ဈာရူဠံ စ တံ အပဂတံ စာတိ အနဇ္ဈာရူဠာပဂတံ။

* အနဇ္ဈာရူဠံ ဟုတွာ အပဂတံ အနဇ္ဈာရူဠာပဂတံ။

* တိဏ္ဏံ သမူဟော တယံ။

* ဥပ္ပါဒါဒီနံ တယာ ဥပ္ပါဒါဒိတ္တယံ။

ဥပါဒ်အစရှိသော သုံးပါးတို့၏ သုံးပါးအပေါင်းနှင့် အစိတ်+အပေါင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျ - နိ။

ဥပါဒ်အစရှိသော သုံးပါးတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော သာမညဇာတ်သည် ပ - နိ။

* ဘဝိတွာတိ ဘူတံ။ (သင်္ခတ ရဏ)

* အပဂစ္ဆီတိ အပဂတံ။ (သင်္ခတ ရဏ)

* ဘူတံ စ တံ အပဂတံ စာတိ ဘူတာပဂတံ။ (အစိတ်)

အနဇ္ဈာရူဠာပဂတံ စ ဘူတာပဂတံ စာတိ ဘူတာပဂတံ။

(အပေါင်း) (ဧကသေသ)

အနဇ္ဈာရူဠာပဂတဖြစ်သော ကုသိုလ် အကုသိုလ်ဇောတို့၏ ဘူတာပဂတဖြစ်သော ကုသိုလ် အကုသိုလ်နှင့်တကွ အလုံးစုံသော သင်္ခတတရားတို့နှင့် အချင်းချင်း ငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခ သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

ထိုသင်္ခတတို့၏ တစ်ပါးသည် တစ်ပါးနှင့် တူသော အခြင်းအရာဟု ဆိုအပ်သော သာမညဇာတ်သည် ပဝတ္တိနိမိတ်။

* ဩကာသော ကတော ယေနာတိ ဩကာသကတံ။

(အတိတ်ကံ ရဏ)။

**တစ်နည်း -**

* ဩကာသော ကတော ယသ္သာတိ ဩကာသကတံ။

(ဝိပါက်ရဏ)

* ဩကာသကတံ စ ဩကာသကတံ စ ဩကာသကတံ။

http://www.dhammadownload.com



(သရူပေကသိသ်)

* ဘဝတိ ဧတ္ထာတိ ဘူမိ။ (ဘူ + မိ) (တေဘူမကခန္ဓာ ငါးပါးရ၏)

* လဗ္ဘတေတိ လဒ္ဓါ။ (လဘ+တ) (ငင်းပင်)

* ဘူမိလဒ္ဓါ ယေနာတိ ဘူမိလဒ္ဓံ။ (ကိလေသာရ၏)

တေဘူမကခန္ဓာ ငါးပါး၏ + ကိလေသာနှင့် အာရုံ + အာရမ္မဏိက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျ-နိ။ တေဘူမကခန္ဓငါးပါးသည် ပ-နိ။

၅။ သမာ်ဂီ =တဒ္ဓိတ်၊ ပုံလိင်၊ ရတ္ထာဒိ၊ ဤကာရန္တ။

ဘူတာပဂတ =ဩကာသကတ ကေသိသ်တဒ္ဓိတ်၊ နပုံလိင်၊ စိတ္တာဒိ၊ အကာရန္တ။

ဘူမိ =ကိတ်၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ ဣကာရန္တ။

၆။ (က) ဝတ္တမာန ဘူတာ -ပ- အနေကပ္ပဘေဒံ -ဖြင့် ဥပ္ပန္နသည် ဝတ္တမာနုပ္ပန္နစသောအားဖြင့် လေးပါးအပြားရှိသည်၏ အဖြစ်ကို သိစေသည်။

(ခ) တတ္ထ သဗ္ဗမ္ပိ စသည်ဖြင့် ဝတ္တမာနုပ္ပန္နအရအလုံးစုံသော သင်္ခတ တရားတို့ကိုယူရမည် အဖြစ်ကိုလည်းကောင်း၊ ထိုအလုံးစုံသော သင်္ခတ တရားတို့သည် ဥပါဒ်, ဌီ, ဘင်ဟူသော ခဏသုံးပါးနှင့် ပြည့်စုံသောကြောင့် ဝတ္တမာနုပ္ပန္န မည်သည်၏ အဖြစ်ကိုလည်းကောင်း၊ (ဘာဝတ္ထ)။ ဝတ္တမာနုပ္ပန္နံ ကို ဝတ္တတီတိ ဝတ္တမာနံဟု ကတ္တုသာဓ်ဝစနတ္ထပြုလည်းကောင်း၊ ဝတ္တုဓာတ် မာနပစ္စည်း၊ ယင်းမာနပစ္စည်း၏ ကတ္တားအနက်ကို ဟောသည်လည်းကောင်း၊ ဥပ္ပန္နံကို ဥပ္ပဇ္ဇတီတိ ဥပ္ပန္နံ ဟု ကတ္တုသာဓ်ဝစနတ္ထ ပြုလည်းကောင်း၊ ဥရှေ့ရှိ သော ပဒဓာတ် တပစ္စည်း၊ ယင်းတပစ္စည်း၏ ကတ္တားအနက်ကို ဟောသည် လည်းကောင်း၊ ဝတ္တမာနံ စ တံ ဥပ္ပန္နံ စာတိ ဝတ္တမာနုပ္ပန္နံ ဟု ကမ္မဓာရဲသမာသ် ဝစနတ္ထပြုလည်းကောင်း သိစေသည်။

(ဂ) အာရမ္မဏရသံ အနုဘဝိတွာ ဖြင့် ဘူတာပဂတဝယ် အပါဝင်ဖြစ် သော အနုဘူတကို အနုဘဝိတ္တာတိ အနုဘူတံဟု ကတ္တုသာဓ် ဝစနတ္ထပြု

http://www.dhammadownload.com



လည်းကောင်း၊ အနုရှေးရှိသော ဘူစာတ် တပစ္စည်း၊ ယင်းတပစ္စည်း၏ ကတ္တား အနက်. အတိတ်အနက်ကို ဟောလည်းကောင်း၊ အနုရှေးရှိသော ဘူဓာတ်၏ ခံစားခြင်း အနုဘဝနအနက်ကို ဟောလည်းကောင်း သိစေ သည်။

နိရုတ္တိ ဖြင့် အနုဘူတာ ပဂတံ ၌ အပဂတကို အပဂစ္ဆိတိ အပဂတံဟု ကတ္တုသာဓ် ဝစနတ္ထပြုလည်းကောင်း၊ အပရှေးရှိသော ဂမုဓာတ် တပစ္စည်း၊ ယင်း တပစ္စည်း၏ ကတ္တားအနက်. အတိတ်အနက်ကို ဟောလည်းကောင်း၊ အပရှေးရှိသော ဂမုဓာတ်၏ ကင်းခြင်း ချုပ်ခြင်းအနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ သိစေသည်။

အာရမ္မဏ ရသံ အနုဘဝိတွာ နိရုတ္တိ ဖြင့် အနုဘူတာပဂတံကို အနုဘူတံ စ တံ အပဂတံ စာတိ အနုဘူတာပဂတံ ဟု ကမ္မာဓာရဲသမာသ် ဝစနတ္ထပြုလည်းကောင်း သိစေသည်။

အနုဘူတာပဂတသင်္ခါတံ ကုသလာကုသလံဖြင့် အနုဘူတာပဂတ ကို ယင်းသို့ ဝစနတ္ထပြုပြီးနောက် အနုဘူတာပဂတအရ ကုသိုလ်အကုသိုလ် ကို ယူရမည်အဖြစ်ကို သိစေသည်။

အာရမ္မဏရသံ အနုဘဝိတွာ နိရုဒ္ဓံ အနုဘူတာပဂတသင်္ခါတံ ကုသလာကုသလံဖြင့် အာရုံ၏ အရသာကို ခံစားပြီး၍ ချုပ်ပြီးသော ကုသိုလ် အကုသိုလ်ကို အနဘူတပဂတဟု ဆိုရမည်အဖြစ်ကို သိစေသည်။

ဥပ္ပါဒါဒိတ္တယံ အနုပ္ပတွာဖြင့် ဘူတာပဂတုပ္ပန္နံ ဝယ် အပါအဝင် ဖြစ်သော ဘူတာပဂတ၌ ဘူတကို ဘဝိတ္တာတိ ဘူတံဟု ကတ္တုသာဓ် ဝစနတ္ထ ပြု လည်းကောင်း၊ ဘူဓာတ် တပစ္စည်း၊ ယင်းဘူဓာတ်၏ အစဉ်ရောက်ခြင်း ဖြစ်ခြင်း အနက်ကိုဟော လည်းကောင်း၊ တပစ္စည်း၏ ကတ္တားအနက်. အတိတ်အနက်ကို ဟောလည်းကောင်း သိစေသည်။

ဥပ္ပါဒါဒိတ္တယံ အနုပ္ပတွာ နိရုဒ္ဓံ ဖြင့် ဘူတာပဂတံကို ဘူတံ စ တံ အပဂတံ စာတိ ဘူတာပဂတံ (တစ်နည်း) ဘူတံ ဟုတွာ အပဂတံ ဘူတာ ပဂတံ ဟု ကမ္မဓာရဲသမာသ် ဝစနတ္ထ ပြုရမည်အဖြစ်ကို သိစေသည်။

http://www.dhammadownload.com



ဘူတာပဂတသင်္ခတံ သေသသင်္ခတဋ္ဌဖြင့် ဘူတာပဂတအရ ကုသိုလ် အကုသိုလ်နှင့်တကွ ကြွင်းသော သင်္ခတတရားအားလုံးကို ယူရမည်၏အဖြစ်ကို သိစေသည်။

ဥပ္ပါဒိဒိတ္တွာယံ အနုပ္ပတ္တာ နိရုဒ္ဓံ ဘူတာပဂတသင်္ခတံ သေသသင်္ခတဋ္ဌဖြင့် ဥပါဒ်စသော ခဏတ္တယသုံးပါးသို့ အစဉ်ရောက်၍ ချုပ်လေပြီးသော ကုသိုလ်အကုသိုလ်နှင့်တကွ ကြွင်းသော သင်္ခတ တရားအားလုံးကို ဘူတာပဂတဟု ဆိုရမည်၏ အဖြစ်ကို သိစေသည်။

အာရမ္မဏာရသံ (ပ) ဘူတာ ပဂတုပ္ပန္နံနာမ ဟူသော တစ်ဝါကျလုံးဖြင့် ဘူတာပဂတုပ္ပန္နဝယ် ဘူတာပဂတကို အနုဘူတာပဂတံ စ ဘူတာပဂတံ စ ဘူတာပဂတံဟု ဧကသေသ်တဒ္ဓိတ် ဝစနတ္ထပြုလည်းကောင်း၊ ဥပ္ပန္နံကို ဥပ္ပဇ္ဇိတွာတိ ဥပ္ပန္နံ ဟု ကတ္တုသာဓ် ဝစနတ္ထပြုလည်းကောင်း၊ ဥရှေးရှိသော ပဒဓာတ် တပစ္စည်း၊ ယင်းတပစ္စည်း၏ ကတ္တား, အတိတ်အနက်ကို ဟောလည်းကောင်း၊ ဘူတာပဂ တံ စ တံ ဥပ္ပန္နံ စာတိ ဘူတာပဂတုပ္ပန္နံ ဟု ကမ္မဓာရဲသမာသ်ဝစနတ္ထပြု လည်းကောင်း၊ ထိုဘူတာပဂတုပ္ပန္နအရ အာရုံ၏ အရသာကို ခံစားပြီး၍ ချုပ်ပြီးသော ကုသိုလ် အကုသိုလ်၊ ခဏတ္တယသို့ ရောက်၍ ချုပ်ပြီးသော အလုံးစုံသော သင်္ခတမွေတို့ကို ကောက်ယူရမည် အဖြစ်ကို သိစေသည်။

(ယ) ယာနိဿ တာနိ (ပ) ဝုတ္တံ ကမ္မံ- ဖြင့် မရဏာသန္နအခါ၌ ထင်လာ သည့် အတိတ်ဖြစ်သော ကုသိုလ်ကံ, အကုသိုလ်ကံ ( ကံအာရုံ) ကို ဩကာသကတုပ္ပန္နအဖြစ် ယူရမည်အဖြစ်ကို သိစေသည်။

အတီတမ္ပိ သမာနံ (ပ) ဌိတတ္တာ-ဖြင့် ထိုမရဏာသန္နအခိုက်၌ ဖြစ်သော ကုသိုလ်ကံ အကုသိုလ်ကံ အာရုံသည် အတိတ်ဖြစ်သော်လည်း အခြားသော ဝိပါက်ကို တားမြစ်၍ မိမိဝိပါက်အခွင့်ရအောင် ပြုအပ်သော ကြောင့်ဩကာသကတုပ္ပန္နမည်သည် အဖြစ်ကိုလည်းကောင်း၊ဩကာသော ကတော ယေနာတိ ဩကာသ ကတံဟု တတိယာဗဟုဗ္ဗိသမာသ် ဝစနတ္ထ ပြုလည်းကောင်း၊ ဥပ္ပန္နံကို ဥပ္ပဇ္ဇိတွာတိ ဥပ္ပန္နံဟု ကတ္တုသာဓ် ဝစနတ္ထ

http://www.dhammadownload.com



ပြုလည်းကောင်း၊ ဥ-ရှေးရှိသော ပဒတတ် တပစ္စည်း၊ ယင်းတပစ္စည်း၏ ကတ္တား, အတိတ်အနက်ကိုဟော လည်းကောင်း၊ ဩကာသ ကတံ စ တံ ဥပ္ပန္နံ စာတိ ဩကာသကတုပ္ပန္နံ ဟု ကမ္မဓာရဲသမာသ် ဝစနတ္ထ ပြုရမည်အဖြစ် ကို လည်းကောင်း သိစေသည်။

တထာ ကတောကာသဋ္ဌ ဝိပါကံ - ဖြင့် ဩကာသကတုပ္ပန္နအရ အနာဂတ်ဖြစ်သော (ဝါ) အကျိုးဖြစ်လတ္တံ့သော ဝိပါက်စိတ်ကို ကောက်ယူရ မည် အဖြစ်ကို သိစေသည်။

အနုပ္ပန္နမ္ပိ သမာနံ (ပ) ဥပ္ပန္နနတော - ဖြင့် ထိုဝိပါက်စိတ်သည် ယခုလော လောဆယ် မဖြစ်သေးသော်လည်း၊ နောင် သေချာပေါက် ဖြစ်လတ္တံ့ ဖြစ်သောကြောင့် ဩကာသကတုပ္ပန္န ဟု ဆိုထိုက်သည် အဖြစ်ကိုလည်း ကောင်း၊ ဩကာသော ကတော ယဿာတိ ဩကာသကတောဟု ဆဋ္ဌီ ဗဟုဗ္ဗီသမာသ် ဝစနတ္ထလည်းကောင်း၊ ဥပ္ပန္နကို ဥပ္ပန္နိဿတီတိ ဥပ္ပန္နံ ဟု ကတ္တုသာဓ်ဝစနတ္ထ ပြုလည်းကောင်း၊ ဥ-ရှေးရှိသော ပဒတတ် တပစ္စည်း၊ ယင်းတပစ္စည်း၏ ကတ္တား, အနာဂတ်အနက်ကို ဟောလည်းကောင်း၊ ဩကာသကတုပ္ပန္နံကို ဩကာသကတဋ္ဌ စ တံ ဥပ္ပန္နံ စာတိ ဩကာသ ကတုပ္ပန္နံဟု ကမ္မဓာရဲသမာသ် ဝစနတ္ထပြုလည်းကောင်း၊ သိစေသည်။

ယာနိဿ တာနိ (ပ) ဩကာသကတုပ္ပန္နံ နာမ ဟူသော တစ်ဝါကျလုံး ဖြင့် ဩကာသကတုပ္ပန္နံ ကို ဩကာသကတုပ္ပန္နံ စ ဩကာသကတုပ္ပန္နံ စ ဩကာသကတုပ္ပန္နံ ဟု ဧကသိသ်တဒ္ဓိတ် ဝစနတ္ထပြု လည်းကောင်း၊ ထိုဩ ကာသက တုပ္ပန္န အရ မရဏာသန္နအခါ ထင်လာသော အတိတ်ဖြစ်သော ကုသိုလ်ကံ, အကုသိုလ်ကံ (ကံအာရုံ)နှင့် ထိုက်သည် ပြုအပ်သော အခွင့် ရှိသော အခွင့်ရလျှင် သေချာပေါက် ဖြစ်မည်ဖြစ်သော ဝိပါက်စိတ်တို့ကို ကောက်ယူရမည်အဖြစ်ကို လည်းကောင်း သိစေပါသည်။

(င) တာသု တာသု ဘူမိသု အသမူဟတံ အကုသလံ ဘူမိလဒ္ဓုပ္ပန္နံ နာမဖြင့် ဘူမိလဒ္ဓုပန္န အရ ထိုထိုခန္ဓာတို့၌ အရဟတ္တမဂ်ဖြင့် မပယ်မရှား မနုတ်အပ်သေးသော အနုသယကိလေသာ အကုသိုလ်ကို ယူရမည်အဖြစ်

http://www.dhammadownload.com



ကို သိစေသည်။

(စ) ဧတ္တ စ ဘူမိယာဖြင့် ဘူမိလဒ္ဓါပုဒ်နှစ်၌ ဘူမိနှင့် ဘူမိလဒ္ဓတို့၏ အထူးကို သိထိုက်သည်၏ အဖြစ်ကို သိစေသည်။

ဘူမိ (ပ) အာရမ္မဘူတာ စသည်ဖြင့် ဝိပဿနာ၏ အာရုံဖြစ်ထိုက်သော တေဘူမကခန္ဓာငါးပါးကို ဘူမိအရ ယူရမည်အဖြစ်ကို လည်းကောင်း၊ (အဘိဓေယျတ္ထ) ဘူမိကို ဘဝတိ ဧတ္ထာတိ ဘူမိ ဟု အဓိကရဏသာဓ်ဝစနတ္ထပြုလည်းကောင်း၊ ဘူဓာတ် မိပစ္စည်း၊ ယင်းမိပစ္စည်း၏ အဓိကရဏတ္ထ၌ သက်သည်ကို လည်းကောင်း သိစေသည်။

ဘူမိလဒ္ဓံ နာမ စသည်ဖြင့် ထိုခန္ဓာတို့၌ ဖြစ်ခြင်းငှါ ထိုက်သော ကိလေသာ အပေါင်းကို ဘူမိလဒ္ဓအရ ယူရမည်အဖြစ်ကို သိစေသည်။

(ဆ) တေန ဟောသာ စသည်ဖြင့် ဘူမိလဒ္ဓံကို ဘူမိ လဒ္ဓါ ယေနာတိ ဘူမိလဒ္ဓါဟု တတိယာဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်အဖြစ်ကို လည်းကောင်း။ ထိုကိလေသာအပေါင်းသည် ထိုခန္ဓာ၌ ဖြစ်သောကြောင့် ထိုခန္ဓာကို ရအပ်သည် မည်၏။ ထို့ကြောင့် ကိလေသာအပေါင်းကို ဘူမိလဒ္ဓဟု ဆိုထိုက်သည် အဖြစ်၊ ဘူမိလဒ္ဓါပုဒ်ကို ဘူမိလဒ္ဓံ စ တံ ဥပ္ပန္နံ စာတိ ဘူမိလဒ္ဓါပုဒ်ဟု ကမ္မဓာရည်း သမာသ်ဝစနတ္ထ ပြုရမည်အဖြစ်ကိုလည်းကောင်း သိစေသည်။

(ဇ) ဓေမေတေသု စသည်ဖြင့် ဆိုအပ်ခဲ့ပြီးသော ဥပ္ပန္နလေးပါးတို့တွင် ဤဥပ္ပန္နံ ဟောတိ၌ ဥပ္ပန္နအရ ဝတ္တမာနုပ္ပန္နကို ယူရမည်အဖြစ်ကိုလည်းကောင်း၊ ထိုဥပ္ပန္နကို ဥပ္ပဇ္ဇတီတိ ဥပ္ပန္နံ ဟု ကတ္တုသာဓ်ဝစနတ္ထပြုရမည်အဖြစ်ကိုလည်းကောင်း၊ ဥရှေ့ရှိသော ပဒဓာတ် တပစ္စည်း၊ ယင်းတပစ္စည်း၏ ကတ္တားအနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း သိစေသည်။

၇။ သဗ္ဗပဒံ သာဝဓာရဏံ နှင့် အညီ (ဇ)ဝါကျ ဝတ္တမာနပ္ပန္နံ နောင် ဓေထိုင်လျှင် (ဝတ္တမာနပ္ပန္နံ ယေဝ)

ဂဟောတဗ္ဗကား ဝတ္တမာနပ္ပန္နတည်း။

http://www.dhammadownload.com



နိဝတ္တေတဗ္ဗကား ဘူတာပဂတုပ္ပန္န စသော သုံးပါးတည်း။

အနညာတကား ထိုဝတ္တမာနုပ္ပန္န၏ ဖြစ်ဆဲ ဖြစ်ခြင်းဂုဏ်တည်း။

**ဝိသယ**

ဥပ္ပန္နံ ဟောတီတိ ဖွေ့၌ ဖွေ့ကား ဥပ္ပန္နံ ဟောတိ ဟူသော အစွဲပုဒ် တိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

(ခ) တတ္ထ ကား (က) ဝါကျရှိ ဥပ္ပန္နလေးပါးကို စွဲသောကြောင့် ပက္ကန္တဝိသယ။

(ဃ) ယာနိဿ တာနိ ပုဗ္ဗေကတာနိ၌ ယာနိ တာနိတို့ကား ပုဗ္ဗေကတာနိ ကမ္မာနိ ဟူသော အစွဲပုဒ် တိုက်ရိုက်ရှိသော ကြောင့် ပသိဒ္ဓဝိသယ။

(ဆ) တဿာကား (စ) ဝါကျ တစ်ခုလုံးကို စွဲသောကြောင့် အနဘူတဝိသယ။

**၈။ (ဇ) ဝါကျ ဣစ ဝတ္တမာနုပ္ပန္နံ အစိပ္ပေတံ၌ ကြိယာငါးတန်**

၁။ ဥပ္ပန္နံ ဟောတိ၌ ဥပ္ပန္နအရ ဝတ္တမာနုပ္ပန္နကို ယူရခြင်းသည် ဒဿနတ္ထ။

၂။ ဤနေရာ၌ဝတ္တမာနုပ္ပန္နသာ ဖြစ်သင့်ခြင်းသည် ဒီပကတ္ထ။

၃။ ဥပ္ပန္နံ ဟောတိအရ ဖြစ်ထိုက်သော မဟာကုသိုလ်စိတ်၏ ခဏတ္တယနှင့် ပြည့်စုံသည်၏ အဖြစ်ကို သိရခြင်းသည် ပကာသနတ္ထ။

၄။ အဝိဇ္ဇာ တဏှာ ကံ အာဟာရ စိတ် ဥတု စသော အကြောင်း များသည် ဝိဘာဝတ္ထ။

၅။ ဇရာ ဗျာဓိ မရဏ သောက ပရိဒေဝစသော အကျိုးအဆက် ဆက်သည် အနဘာဝတ္ထ။

**ယာနိဿ တာနိ ပုဗ္ဗေကတာနိ ကမ္မာနိ အရ**

(၁) မရဏာသန္နအခါ၌ အတိတ်ဖြစ်သော ကုသိုလ်ကံ အကုသိုလ်

http://www.dhammadownload.com



ကံရ၏။ ယင်းသည် ဒဿနတ္တ။

(၂) ထိုကံဖြစ်စဉ်က ယောနိသောမနသိကာရ အယောနိသော မနသိကာရ ဟူသော အကြောင်းများသည် ဒီပကတ္တ။

(၃) ထင်လာသော အာရုံအားလျော်စွာ စိတ်ညစ်ညူးခြင်း၊ စိတ်နှလုံး သာရွှင်ခြင်း ဟူသော အကျိုးအဆက်ဆက်သည် ပကာသနတ္တ။

(၄) အသပ္ပုရိသူပနိဿယ အသဒ္ဓမ္မသဝန စသော ရှေးရှေးသော အကြောင်းများသည် ဝိဘာဝတ္တ။

(၅) ထိုထင်လာသော ကံအာရုံအားလျော်စွာ ကောင်းရာသုဂတိ, မကောင်းသော ဒုဂ္ဂတိဘဝသို့ ရောက်ခြင်း စသော အကျိုးများသည် အနုဘာဝတ္တ။

တထာ ကတော‌ကာသဉ္စ ဝိပါကံ၌ ဝိပါကအရ

(၁) စုတိ၏ အနန္တရ၌ အကျိုးဖြစ်လတ္တံ့သော ပဋိသန္ဓေ ဝိပါက် စိတ် စေတသိက် ကဋတ္တာရုပ်သည် ဒဿနတ္တ။

(၂) မရဏာသန္နအခါ၌ ထင်လာသော ကုသိုလ်ကံ အကုသိုလ် ကံဇောသည် ဒီပကတ္တ။

(၃) ဘဝသစ်၌ သုခ ဒုက္ခ ခံစားခြင်း ပကာသနတ္တ။

(၄) ထိုဇနကကံဖြစ်စဉ်အခါ၌ရယူဆည်းပူးအပ်သည့် ကုသိုလ်ကံ အကုသိုလ်ကံနှင့် ယောနိသောမနသိကာရ, အယောနိသောမနသိကာရ စသော အကြောင်းများသည် ဝိဘာဝတ္တ။

(၅) ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ စသော အကြောင်းများသည် အနုဘာဝတ္တ။

ဘူမိလဒ္ဓုပ္ပန္နအရ - အနုသယကိလေသာ ရ၏။

(၁) ယင်းသည် ဒဿနတ္တ။

(၂) အဝိဇ္ဇာ တဏှာတို့ကို မပယ်သတ်နိုင်ခြင်း (ဝါ) အရဟတ္တ

http://www.dhammadownload.com



မင်္ဂ.ဖိုလ်ကို မရသေးခြင်းသည် ဒီပကတ္ထ။

(၃) ပရိယုဋ္ဌာနကိလေသာ ဖြစ်ခြင်းသည် ပကာသနတ္ထ။

(၄) အောက်မင်္ဂ အောက်ဖိုလ်ဉာဏ်တို့ကို မရသေးခြင်းမှ စ၍ အသဒ္ဓမ္မသဝန အသပ္ပုရိသူပနိဿယ တိုင်အောင်သော အကြောင်းအဆက်ဆက်သည် ဝိဘာဝတ္ထ။

(၅) ဝီတိက္ကမကိလေသာ ဖြစ်ပေါ်လာခြင်းမှ စ၍ များစွာသော အကျိုး အဆက်ဆက်သည် အနုဘာဝတ္ထ။

## ၁၀။ အာရမ္မဏ ရသံ အနုဘဝိတွာ -၌

အာရမ္မဏ ရသံအရ စိတ်စေတသိက် ရုပ် နိဗ္ဗာန် ပညတ်ဟူသော အာရုံ ၆-ပါး ပစ္စည်းတရား ရ၏။ အနုဘဝိတွာ၌ ဘူဓာတ်အရ ကုသိုလ် အကုသိုလ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်ရ၏။ အာရမ္မဏသတ္တိ၊ အာရမ္မဏ ၈-ပစ္စည်း ယထာရဟ ပြိုင်၏။

## အနုဘာဝိတွာ နိရုဒ္ဓံ

အနုဘဝိတွာ အရ ဥပါဒ်ခဏ,ဌီခဏဖြစ်သော ကုသိုလ်,အကုသိုလ် စိတ္တုပ္ပါဒ်ရ၏။ နိရုဒ္ဓံ အရ ဘင်ခဏ၌ ဖြစ်သော ကုသိုလ်,အကုသိုလ် စိတ္တုပ္ပါဒ် ရ၏။ ပကတူပ။

## ဥပ္ပါဒါဒိတ္တယံ အနုပ္ပတွာ

ဥပ္ပါဒါဒိတ္တယံ အရ ဥပါဒ် ဌီ ဘင် ဟူသော ခဏသုံးပါး ရ၏။ (ထို ခဏသုံးပါးဟူသည် ထိုထို စိတ်စေတသိက် ရုပ်တရားတို့ပင်တည်း) အနုပ္ပတွာ၌ ဓာတ်အရ ထိုထို စိတ်စေတသိက် ရုပ်တရား ရ၏။ သဟဇာတ သတ္တိဖြင့် ကျေးဇူးပြု။ ၁၅-ပစ္စည်း ပြိုင်၏။

မှတ်ချက်။ ။ဥပ္ပါဒါဒိတ္တယံ အရ ဥပါဒ် ဌီ ဘင် ဟူသော ခဏသုံးပါး ပညတ်တရားကိုယူလျှင် ပကတူပသတ္တိ၊ ပြိုင် မရှိ။

## တာသုတာသု ဘူမိသု အသမ္ပဟတံ အကုသလံ၌

ဘူမိသု အရ တေဘူမက ခန္ဓာငါးပါး ရ၏။ (ပစ္စည်း)
အသမ္ပဟတံ အရ - အနုသယကိလေသာ ရ၏။ (ပစ္စယုပ္ပန်)
အာရမ္မဏသတ္တိ၊ ယထာရဟ ၈ - ပစ္စည်းပြိုင်။

## သဟဇာတမျိုး ပြိုင်လိုလျှင်

ဘူမိသု အရ အကုသိုလ်စိတ်,စေတသိက်,စိတ္တဇရုပ် ပစ္စယုပ္ပန်ယူ၍ အသမ္ပဟတံ အရ အနုသယကိလေသာ ပစ္စည်းယူပြီး၊ ပြိုင်။

## ဝတ္ထုမျိုး ပြိုင်လိုလျှင်

ဘူမိသု အရ ဝတ္ထုရုပ် ၆ - ပါး (ပစ္စည်း)
အသမ္ပကတ အရ အနုသယကိလေသာ (ပစ္စယုပ္ပန်) ယူ၍ ပြိုင်။

## နာနတ္တံ ဝေဒိတဗ္ဗံ

ဝေဒိတဗ္ဗံ - ၌ ဝိဒဓာတ်အရ ဉာန်ပြဌာန်းသော မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် (ပစ္စယုပ္ပန်)။ တဗ္ဗ ပစ္စည်းအရ ဘူမိနှင့် ဘူမိလဒ္ဓတို့၏ ထူးခြားသော အခြင်းအရာ နာနာကရဏ ပညတ်ရ၏။ အာရမ္မဏ၊ ပြိုင် မရှိ။

## ဘူမိလဒ္ဓံ ၌ -

သမာသ်ပုဒ်အရ တေဘူမက ခန္ဓာငါးပါး ရ၏။
အညပုဒ် အရ အနုသယကိလေသာ ရ၏။
(တာသု တာသု ဘူမိသု နှင့် နည်းတူ ပြိုင်)

## ဘူမိလဒ္ဓန္တိ ဝုစ္စတိ၌

ဝစဓာတ်အရ ဉာန် ဝီရိယပြဌာန်းသော မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပါဒ်ရ၏။ (ပစ္စယုပ္ပန်)။ တေ - ဝိဘတ်အရ ဘူမိလဒ္ဓ ဟူသော အနုသယကိလေသာ ရ၏။ အာရမ္မဏသတ္တိ၊ အာ - မိ - ဥပ - ပြိုင်။

http://www.dhammadownload.com



## ဝတ္ထုမာနုပ္ပန္န် အဓိပ္ပေါ်တ် ၌

အဓိရှေး ပ-ရှေးရှိသော ကာတ်အရ ဘုရားရှင်၏ သန္တာန်၌ ဖြစ်သော ဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ရ၏။ (ပစ္စယုပ္ပန်) တဗ္ဗပစ္စည်းအရ ဝတ္ထုမာနုပ္ပန္နဟု ဆိုအပ်သော သစ်တတရား အားလုံး ရ၏။ (ပစ္စည်း) အာရမ္မဏသတ္တိ၊ ၈-ပစ္စည်း ယထာရဟ ပြိုင်။

< >

## ၆၁။ စိတ္တံ ဥပ္ပန္နံ ဟောတိ အဖွင့်

(က) "စိတ္တံ ဥပ္ပန္နံ ဟောတီတိ" စေတံ ဒေသနာသီသမေဝ။

(ခ) န ပန စိတ္တံ ကေကမေဝ ဥပ္ပဇ္ဇတိ။

(ဂ) တသ္မာ ယထာ "ရာဇာ အာဂတော"တိ ဝုတ္တေ န ပရိသံ ပဟာယ ကေကောဝ အာဂတော၊ ရာဇပရိသာယ ပန သဒ္ဓိံ ယေဝ အာဂတောတိ ပညာယတိ။ ဧဝမိဒမ္ပိ ပရောပဏ္ဏာသ ကုသလ ဓမ္မေဟိ သဒ္ဓိံယေဝ ဥပ္ပန္နန္တိ ဝေဒိတဗ္ဗံ။

(ဃ) ပုဗ္ဗင်္ဂမဋ္ဌေန ပန "စိတ္တံ ဥပ္ပန္နံ ဟောတိ" စ္စေဝ ဝုတ္တံ။

(ဋ္ဌ-၁၀၉/၁၁၀)

၁။ စ-ဆက်၊ စိတ္တံ ဥပ္ပန္နံ ဟောတီတိ- ဧတံ ဝစနံ စိတ္တံ ဥပ္ပန္နံ ဟောတိ ဟူသော ဤစကားသည်၊ ဒေသနာသီသမေဝ -ဒေသနာ၌ ပဓာနစကား သည်သာလျှင်၊ ဟောတိ-၏။

တစ်နည်း စိတ္တံ (ပ) ဟောတီတိ ဧတ္ထ - ဤပါဠိ၌၊ ဧတံ -ဤစိတ် သည်၊ ဒေသနာ သီသမေဝ-ဒေသနာ၏ ပဓာနဖြစ်သော တရားသည်သာ လျှင်၊ ဟောတိ-၏။

http://www.dhammadownload.com



## နိယတ် , အနိယတ် ပေးလိုလျှင်

စိတ္တံ ဥပ္ပန္နံ ဟောတီတိ - ဟူသော ၊ ယံ ၀စနံ - အကြင်စကားကို၊ ဘဂဝတာ၊ ဝုတ္တံ၊ တံ၀စနံ၊ ဒေသနာသီသမေဝ။ တစ်နည်း စိတ္တံ (ပ) ဟောတီတိ ဝုတ္တ - ၌။ ယံ စိတ္တံ၊ အကြင်စိတ်ကို။ ဘဂဝတော၊ ဝုတ္တံ၊ တံ - ထိုစိတ်သည်။ ဒေသနာ သီသမေဝ - ဒေသနာ၌ ပဓာနဖြစ်သော တရားသည်သာလျှင်၊ ဟောတိ - ၏။

## (ခ) ဝါကျ

ဤဝါကျကို နိသ္သယ၌ ဗျတိရေကဝါကျဟု ဆို၏။ ဘာသာဋီကာ၌ စင်စစ်သော်ကားဟု အနွယအနက် ပေးသည်။

စိတ္တံ ဥပ္ပန္နံ ဟောတိ၏ ဒေသနာသီသဖြစ်ရခြင်းသည် စိတ်၏ တစ်ပါးတည်း ဖြစ်လေ့မရှိသောကြောင့် ဖြစ်၏။ စိတ်သည် တစ်ပါးတည်းသာ ဖြစ်လေ့ရှိလျှင် ဒေသနာသီသဟု ဆိုဖွယ်မလို။ ထို့ကြောင့် "ပန"ကို ကာရဏ သော်လည်းကောင်း၊ ဒဠှသော်လည်းကောင်း ယူခြင်းကသာ - သင့်လျော်မည် ထင်ပါသည်။

## (ဂ) ဝါကျ

ဤဝါကျရှိ တသ္မာကိုလည်း နိသ္သယနစ်စောင်လုံး၌ "ထိုသို့ တစ်ခုတည်းသာဖြစ်သည် မဟုတ်သည်၏အဖြစ်ကြောင့်" ဟု ပေးသည်။

"တသ္မာ - ထိုသို့ ဒေသနာသီသဖြစ်သည်၏ အဖြစ်ကြောင့်" ဟု လည်း ပေးနိုင်သည်။ (ဒေသနာသီသဖြစ်၍ ဤစိတ်သည် ငါးဆယ်ကျော် သောကုသိုလ် တရားတို့နှင့်အတူတကွ ဖြစ်သည်ဟု မှတ်ရမည်ဟု ဆိုလို သည်။)

## (က) (ခ) ဝါကျ အပြန်အလှန်

(က) စိတ္တံ ...ပ...ဟောတီတိ ဝုတ္တံ ဒေသနာသီသမေဝ၊ ကသ္မာ (ဟိတ်ထည့်) (ခ)ပန ယသ္မာ စိတ္တံ ဧကကံ မေဝ န ဥပ္ပဇ္ဇတိ။ တသ္မာ စိတ္တံ ...ပ

http://www.dhammadownload.com



...ဟောတိတိ ဝေါ် ဒေသနာသီသမေဝ။ (က - ဝါကျ ပြန်အုပ်)

## ၂။ (က) ဝါကျသို့

ဆရာ ဆရာသည် စိတ္တံ ဥပ္ပန္နံ ဟောတိ၏ သဒ္ဒတ္ထ အဘိဓေယျတ္ထ ဝစနတ္ထတို့ကို စုံလင်စွာ ပြဆိုတော်မူခဲ့၏။ ယင်းသို့ဖြစ်လျှင် ထို စိတ္တံ ဥပ္ပန္နံ ဟောတိ ဟူသောစကားသည် ဟောတော်မူသည့်အတိုင်း ယူရမည့် အာဟစ္စ ဘာသိတ မုချတ္ထ နီတတ္ထ ဒေသနာဖြစ်သည်ဟူသော အနက်သည် ရောက် ၏။ စင်စစ် မသင့်။ ထို့ကြောင့် ထိုစကားသည် နီတတ္ထ ဟုတ်.မဟုတ် ဆိုသင့် သေး၏။ စုဒ်ကြောင့် (က)မိန့်။

**အဓိပ္ပာယ်ကား**

အာဟစ္စဒေသနာ နီတတ္ထဒေသနာ မဟုတ်၊ ဒေသနာသီသ နေယျတ္ထဒေသနာသာ ဖြစ်သည် ဟူလို။

## (ခ) ဝါကျသို့ ဥပနာပဋ္ဌက

ဆရာ ဆရာသည် စိတ္တံ ဥပ္ပန္နံ ဟောတိသည် ဒေသနာသီသဖြစ်၏ ဟု ဆို၏၊ ထိုဒေသနာသည် အာဟစ္စဘာသိတ နီတတ္ထ ဒေသနာသာ ဖြစ်ကောင်းသည် မဟုတ်ပါလော။ အဘယ်ကြောင့် ဒေသနာသီသနေယျတ္ထ ဒေသနာဟု ဆိုရသနည်း။ စုဒ်ကြောင့် (ခ) ဝါကျမိန့်။

**အဓိပ္ပာယ်ကား -**

စိတ်သည် တစ်ပါးတည်း ဖြစ်လေ့မရှိသောကြောင့် ယင်းစိတ္တံ ဥပ္ပန္နံ ဟောတိသည် ဒေသနာသီသနေယျတ္ထ ဒေသနာဖြစ်ကြောင်း သိနိုင်ပါ၏ ဟူလို။

## (ဂ) ဝါကျသို့ ဥပနာပဋ္ဌက

ဆရာ ဆရာသည် စိတ္တံ ဥပ္ပန္နံ ဟောတိသည် ဒေသနာသီသ ဖြစ်ကြောင်း (ခ) ဝါကျလာ ယုတ္တိနှင့်တကွ ဆိုတော်မူ၏။ ယင်းသို့ဆိုသဖြင့်

http://www.dhammadownload.com



တစ်စုံတစ်ရာ အကျိုးမရှိသည် မဟုတ်ပါလော၊ အဘယ်အကျိုးရှိပါသနည်း စုဒ်ကြောင့် (ဂ)မိန့်။

ထိုသို့ ဒေသနာသီသဆိုသောကြောင့် စိတ်သည် ငါးဆယ်ကျော်သော ကုသိုလ်တရားတို့နှင့် အတူတကွ ဖြစ်သည်ဟူသော အနက်ကို မှတ်ရခြင်း အကျိုး ရှိပါ၏ ဟူလို။

**မှတ်ချက်။** ။နိဿယနစ်စောင် အတိုင်းဆိုလျှင် ဆရာ ဆရာသည် စိတ်သည် တစ်ပါးတည်း မဖြစ်ဟုဆို၏။ ယင်းသို့ဆိုသဖြင့် အကျိုးမရှိသည် မဟုတ်လော၊ အဘယ်အကျိုးရှိသနည်း စုဒ်ကြောင့် (ဂ) မိန့်ဟု တက်ပါ။

## (ဃ) သို့ ပါပနာ

ဆရာ ဆရာ သည် (ဂ) ဖြင့် စိတ်သည် ငါးဆယ်ကျော်သော ကုသိုလ်တရားတို့နှင့်အတူ ဖြစ်၏ဟုဆို၏။ ယင်းသို့ဆိုလျှင် မြတ်ဗုဒ္ဓက "တသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ပရော ပဏ္ဏာသ ကုသလေဟိ ဓမ္မေဟိ သဒ္ဓိံ ဥပ္ပန္နံ ဟောတိ" ဟု ဟောသင့်သည် ဟူသော အနက်သည် ရောက်၏။ စင်စစ် ထိုသို့မဟောခဲ့။ အဘယ်ကြောင့် ယင်းသို့မဟောဘဲ စိတ္တံ ဥပ္ပန္နံ ဟောတိ ဟူ၍သာ ဟောရပါသနည်း စုဒ်ကြောင့် (ဃ) မိန့်။

**အဓိပ္ပာယ်ကား**

ထိုငါးဆယ်ကျော် တရားအပေါင်းတို့တွင် စိတ်သည် ပြဓာန်းသောကြောင့် စိတ္တံ ဥပ္ပန္နံ ဟောတိ ဟူ၍သာ ဟောရပါ၏ ဟူလို။

၃။ (က) ဝါကျဖြင့် စိတ္တံ ဥပ္ပန္နံ ဟောတိ၏ ဝစနတ္ထ အဘိဓေယျတ္ထတို့ကို သာမက သန္ဓာယဘာသိတ ဒေသနာသီသဖြစ်ပုံကိုပါ သိရသောကြောင့် အဗျာပိတကို ပယ်သည်။

(ခ) ဖြင့် စိတ္တံ ဥပ္ပန္နံ ဟောတိ၏ ဒေသနာသီသဖြစ်ပုံကို အကြောင်း ယုတ္တိဖြင့် ပြသောကြောင့် ဩစိတျဟီန ဝိရောဓိဒေါသတို့ကို ပယ်သည်။

http://www.dhammadownload.com



(ဂ) ဖြင့် ဒေသနာသီသဖြစ်သဖြင့် ရထိုက်သော အကျိုးကိုပြသော ကြောင့် နိရုတ္တကဒေါသကို ပယ်သည်။

(ဃ) ဖြင့် စိတ်သည် ငါးဆယ်ကျော်သော ကုသိုလ်တရားတို့နှင့် အတူတကွ ဖြစ်သည်ဟူသော မိမိ (အဋ္ဌကထာ) စကားနှင့် စိတ္တံ ဥပ္ပန္နံ ဟောတိ ဟူသော ပါဠိတော်စကားတို့ကို မဆန့်ကျင်အောင် ပြသောကြောင့် ဝိရောဓိကို ပယ်သည်။

၄။ ✱ ဒေသီယတိ ကထီယတီတိ ဒေသနာ။

✱ ဒေသနာယ သီသံ ဒေသနာသီသံ ။
ဒေသနာတော်၏ စိတ္တံ ဥပ္ပန္နံ ဟောတိ ဟူသော အနက်နှင့် အပေါင်း+အစိတ် ဝါစက+ဝါစ္စ သမ္ဗန်သည် ဗျ-နိ။
ဒေသနာ၏ အဦးပဓာနဖြစ်ခြင်း ဂုဏ်သည် ပ-နိ။

✱ အသဟာယ ဘာဝေန ဇတိ ပဝတ္တီတိ ဇေကံ ။(ဏ္ဍ+ဏွ)

✱ ဧကမေဝ ဧကကံ ။

✱ ပရိသမန္တတော သေတိ ပဝတ္တတီတိ ပရိသာ ။ (ပရိ+သိ+အ)

✱ ရညော ပရိသာ ရာဇပရိသာ ။ (သာမီ+သံ စပ်)

✱ ဒသစ ဒသစ ဒသစ ဒသစ ဒသစ ပဏ္ဏာသာ ။

✱ (ဒသငါးခုကို ကေသိသ်ပြု ။ ကေသိသ် ဒသကို ပဏ္ဏာသပြု)

✱ ပဏ္ဏာသာယ ပရော အဓိကော ပရောပဏ္ဏာသာ။
ငါးဆယ်၏ အပိုအလွန်နှင့် ဂုဏော+ဂုဏ် သမ္ဗန် ဗျ-နိ ။
ငါးဆယ်ထက် ပိုလွန်ခြင်း ဂုဏ်သည် ပ-နိ။

✱ ပရောပဏ္ဏာသာ စ တေ ကုသလဓမ္မာ စာတိ ပရောပဏ္ဏာသ ကုသလဓမ္မာ။

✱ ပုဗ္ဗံ ဂစ္ဆတီတိ ပုဗ္ဗင်္ဂမံ။ (ပုဗ္ဗ+ဂမု+အ) (စိတ္တံ)

✱ ပုဗ္ဗင်္ဂမံ ယေဝ အတ္ထော ပုဗ္ဗင်္ဂမတ္ထော။ (ပုဗ္ဗင်္ဂမကို ဘာဝပဓာနယူ)

http://www.dhammadownload.com



ရှေ့သွားဖြစ်ခြင်းဂုဏ်၏ အနက်နှင့် ဂုဏ်+ဂုဏေး သမွန် ဗျူ-နိ၊
ရှေ့သွားဖြစ်ခြင်း ဂုဏ်သည် ပ-နိ။

**မှတ်ချက်။** ။ပုဗ္ဗင်္ဂမသဿ ဘာဝေါ ပုဗ္ဗင်္ဂမဋ္ဌံ (ပုဗ္ဗင်္ဂမတ္တံဟု ဆိုလိုလျက် တ္တ-ကို ဋ္ဌ-ပြု၊ ဣန္ဒဋ္ဌံ ဣန္ဒဘာဝေါကို မှီ။)

၆။ (က) စိတ္တံ ဥပ္ပန္နံ ဟောတီတိ စေတံ ဒေသနာသီသမေဝ-ဖြင့် စိတ္တံ ဥပ္ပန္နံ ဟောတိသည် အာဟစ္စဘာသိတ နီတတ္ထဒေသနာ မဟုတ်၊ သန္ဓာယ ဘာသိတ နေယျတ္ထဒေသနာအဖြစ်ကို သိစေပါသည်။

(ခ) န ပန စိတ္တံ စသည်ဖြင့် စိတ်သည် တပါးတည်းဖြင့် ဖြစ်လေ့ မရှိဟူသောအနက်၊ ထိုသို့တစ်ပါးတည်းဖြစ်လေ့မရှိသောကြောင့် စိတ္တံ ဥပ္ပန္နံ ဟောတိသည် ဒေသနာသီသဖြစ်ရသည် ဟူသော အနက်အဓိပ္ပါယ်တို့ကို သိစေပါသည်။

(ဂ) ယထာ ရာဇအာဂတောတိ ဝုတ္တေ-စသည်ဖြင့် ရာဇာအာဂတော ဟုဆိုသည်ရှိသော် မင်းတစ်ပါးတည်းသာ လာသည်မဟုတ်၊ အခြံအရံ မင်းပရိသတ်နှင့်အတူတကွသာ လာသကဲ့သို့ဟူသော ဥပမာနကို သိစေပါ သည်။

ဧဝမိဒမ္ပိ စသည်ဖြင့် ထိုနည်းအတူ ဤကုသိုလ်စိတ်သည်လည်း ငါးဆယ်ကျော်သော ကုသိုလ်တရားတို့နှင့် အတူတကွသာ ဖြစ်သည် ဟူသော ဥပမေယျကို သိစေသည်။

(ဃ) ပုဗ္ဗင်္ဂမဋ္ဌေန ပန စသည်ဖြင့် ထိုသို့ ငါးဆယ်ကျော်သော ကုသိုလ်တရားတို့၌အတူတကွဖြစ်သော်လည်း စိတ်ကရှေ့သွားခေါင်းဆောင် ဖြစ်သောကြောင့် စိတ္တံ ဥပ္ပန္နံ ဟောတိ ဟူ၍သာ ဟောအပ်သည်၊ ပရော ပဏ္ဏာသ ကုသလဓမ္မာဟိ သဒ္ဓိံ ဥပ္ပန္နံ ဟောတိဟု မဟောအပ်သည် အဖြစ်ကို လည်းကောင်း၊ စိတ္တံ ဥပ္ပန္နံ ဟောတိ၏ ပဓာနနည်း ဧကဒေသျူပစာအဖြစ်ကို လည်းကောင်း သိစေသည်။

http://www.dhammadownload.com



## ၇။ ဒေသနာ သီသမေဝ

စိတ္တံ ဥပ္ပန္နံ ဟောတိ ဟူသော ဒေသနာသည် သန္တာယဘာသိတ နေယျတ္ထ ဒေသနာသီသဖြစ်သည် ဟူသောအနက်သည် ဂဟေတဗ္ဗ။

အာဟစ္စဘာသိတ. နီတတ္ထ. မုချဒေသနာ ဖြစ်သည်ဟူသော အနက်သည် နိဝတ္တေတဗ္ဗ။

## န ပန စိတ္တံ ဧကကမေဝ ဥပ္ပဇ္ဇတိ (သမ္ဗန္ဓာ ဝတ္တနည်း)

စိတ်သည် တစ်ပါးတည်းဖြစ်သည်မဟုတ် ဟူသောအနက်သည် ဂဟေတဗ္ဗ၊ စိတ်သည် တစ်ပါးတည်းသာ ဖြစ်သည် ဟူသောအနက်သည် နိဝတ္တေတဗ္ဗ၊ စိတ်သည် ငါးဆယ်ကျော်သော ကုသိုလ်တရားတို့နှင့် အတူ တကွဖြစ်သည် ဟူသော အနက်သည် အနုညာတ။

## ဧကကမေဝ (အသမ္ဗန္ဓာဝတ္တနည်း)

တစ်ပါးတည်းသာ ဟူသောအနက်သည် ဂဟေတဗ္ဗ။ ငါးဆယ်ကျော် သော တရားတို့နှင့် အတူဖြစ်သည် ဟူသောအနက်သည် နိဝတ္တေတဗ္ဗ။

**မှတ်ချက်။** ။န-ပဋိသေဓပါသော ဤဝါကျမျိုး၌ အသမ္ဗန္ဓာဝတ္တနည်း ဖြင့်ထုတ်ခြင်းသည် မကောင်း။ သမ္ဗန္ဓာဝတ္တနည်းဖြင့် ထုတ် မှသာ ဆိုလိုရင်း အဓိပ္ပာယ်နှင့် ညီညွတ်သောကြောင့် ကောင်းသည်။ အသမ္ဗန္ဓာဝတ္တ၏ ယုတ္တိမရှိပုံကို ဆိုလိုရင်း အာဘော်နှင့် ယှဉ်၍ စဉ်းစားပါ။

## န ပရိသံ ပဟာယ ဧကကောယေဝ အာဂတော (သမ္ဗန္ဓာဝတ္တနည်း)

မင်းတစ်ပါးတည်း မလာဟူသောအနက်သည် ဂဟေတဗ္ဗ။ မင်းတစ်ပါး တည်းသာလာသည် (မင်းပရိသတ်မပါ) ဟူသောအနက်သည် နိဝတ္တေတဗ္ဗ၊ မင်းပရိသတ်နှင့် အတူလာသည် ဟူသော အနက်သည် အနုညာတ။

http://www.dhammadownload.com



## သဒ္ဒိယေဝ ဥပ္ပဇ္ဇန္တိ

ငါးဆယ်ကျော် ကုသိုလ်တရားတို့နှင့် အတူတကွဖြစ်သည် ဟူသော အနက်သည် ဂဟေတဗ္ဗ။ ငါးဆယ်ကျော်သော ကုသိုလ်တရားတို့နှင့် အတူ မဖြစ် (စိတ်တစ်ပါးတည်းသာဖြစ်သည်) ဟူသောအနက်သည် နိဝတ္တေတဗ္ဗ။ ဤမဟာကုသိုလ်စိတ် မှတစ်ပါး အခြားသောစိတ်တို့သည်လည်း သမ္ပယုတ် တရားတို့နှင့် အတူတကွဖြစ်သည် ဟူသောအနက်သည် အနုညာတ။

## စိတ္တံ ဥပ္ပန္နံ ဟောတိစေ့ဝ ဝုတ္တံ

စိတ္တံ ဥပ္ပန္နံ ဟောတိ ဟူ၍ ဟောခြင်းသည် ဂဟေတဗ္ဗ။ စိတ္တံ ပရော ပဏ္ဏာသကုသလဓမ္မေဟိ သဒ္ဒိံ ဥပ္ပန္နံ ဟောတိဟူ၍ ဟောခြင်းသည် နိဝတ္တေတဗ္ဗ။

(စိတ္တံ ဥပ္ပန္နံ ဟောတိ ဟူသော ဒေသနာသည် ဂဟေတဗ္ဗ၊ စိတ္တံ ပရောပဏ္ဏာသကုသလဓမ္မေဟိ သဒ္ဒိံ ဥပ္ပန္နံ ဟောတိ ဟူသော ဒေသနာသည် နိဝတ္တေတဗ္ဗဟုလည်း ထုတ်နိုင်သည်။)

## ဝိသယ

(က) ဓော - ပသိဒ္ဓ။ (ဂ) တသ္မာ - အနုဘူတ။

## ဂ။ (က) ဝါကျ၌ ရထိုက်သော ကြိယာငါးတန်

စိတ္တံ ဥပ္ပန္နံ ဟောတိ၏ ဒေသနာသီသဖြစ်ခြင်းသည် ဒဿနတ္ထ။ စိတ်တို့၏ တစ်ပါးတည်း ဖြစ်လေ့မရှိခြင်းသဘောသည် ဒီပကတ္ထ။ ပထမ မဟာကုသိုလ်စိတ်သည် ငါးဆယ်ကျော်သော ကုသိုလ်တရားတို့နှင့် အတူ တကွဖြစ်သည်ဟု သိရခြင်းသည် ပကာသနတ္ထ။ မြတ်ဗုဒ္ဓ၏ ဒေသနာဉာဏ်, သဗ္ဗညုတဉာဏ်, ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော် စသည်တို့သည် ဝိဘာဝတ္ထ။ သောတုဇနတို့၏ သန္တာန်၌ ဒေသနာတော်၏ ဆိုလိုရင်းအနက် မှန်ကိုသိရခြင်း ထိုသို့ သိရသဖြင့် ပျော်ရွှင်ဝမ်းမြောက်ခြင်း (အတ္ထဝေဒ ဓမ္မဝေဒ) မှစ၍ အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

http://www.dhammadownload.com



## သဒ္ဒါယောဝ ဥပ္ပန္နန္တိ ဝေဒိတဗ္ဗံ

မဟာကုသိုလ်စိတ်သည် ငါးဆယ်ကျော်သော ကုသိုလ်တရားတို့နှင့် အတူဖြစ်သည်ဟု သိရခြင်းသည် ဒဿနတ္ထ။ စိတ္တံ ဥပ္ပန္နံ ဟောတိ ဟူသော ဒေသနာသည် ဒေသနာ သီသသာဖြစ်သည်ဟု ပြဆိုသော အဋ္ဌကထာဆရာ၏စကားရပ်သည် ဒီပကတ္ထ။ သောတုဇနတို့၏ ပါဠိအနက်တို့၌ လိမ္မာကျွမ်းကျင်ခြင်း အမှန်အကန် သိရခြင်းတို့သည် ပကာသနတ္ထ။ အဋ္ဌကထာဆရာ၏ သန္တာန်၌တည်သော မေတ္တာ ကရုဏာနှင့် သောတုဇနတို့၏ သန္တာန်၌တည်သော ယောနိသောမနသိကာရ စသော အကြောင်းများသည် ဝိဘာဝတ္ထ။ ပရိယတ္တိသာသနာ စည်ပင်ပြန့်ပွားခြင်း ပဋိပတ္တိသာသနာ ထွန်းကားခြင်း ပဋိဝေဓသာသနာကို သိမြင်ခြင်း စသော အကျိုးတို့သည် အနုဘာဝတ္ထ။ (ဤကား တစ်ဝါကျ ခြုံ၍ ထုတ်အပ်သော နည်းဖြစ်သည်၊ ဝေဒိတဗ္ဗံကို ထုံးစံအတိုင်း ထုတ်ပါ။)

## (ခ) ဝါကျ ၌ သိဒ္ဓိ

စိတ်သည် တစ်ပါးတည်း ဖြစ်လေ့မရှိဟု ဗျတိရိက်ကို ဆိုသဖြင့် သမ္ပယုတ်တရားတို့နှင့် အတူတကွဖြစ်သည်ဟူသော အန္ဝယအနက်ကို ပြီးစေသောကြောင့် အတ္ထာပန္နသိဒ္ဓိ ရသည်။

## (ဂ) ဝါကျ ၌ သိဒ္ဓိ

ပထမမဟာကုသိုလ်စိတ် တစ်ပါးတည်း ဖြစ်လေ့မရှိပုံကို "ရာဇာ အာဂတော" ဟူသော လောကဥပမာဖြင့် ယုံကြည်စေအပ် ပြီးစေအပ်သောကြောင့် သဒ္ဒေယျသိဒ္ဓိ, သိဒ္ဓေယျသိဒ္ဓိ ရသည်။

## (ဃ) ဝါကျ ၌ သိဒ္ဓိ

ဗုဒ္ဓဂ်မဖြစ်သောကြောင့် စိတ္တံ ဥပ္ပန္နံ ဟောတိ ဟူ၍ ဟောရသည်ဟု အကြောင်းကိုဆိုသဖြင့် ပထမမဟာကုသိုလ်စိတ်မှတစ်ပါး အခြားသော စိတ်တို့သည်လည်း ဆိုင်ရာဆိုင်ရာ သမ္ပယုတ်တရားတို့ အတူတကွဖြစ်

http://www.dhammadownload.com



သည် ဟူသော အကျိုးကို ကြံဆ၍ သိအပ်သောကြောင့် ပရိကပ္ပသိဒ္ဓိ ရသည်။

**တစ်နည်း**

ဖုဿံမဖြစ်သော အနက်ကြောင့် စိတ္တံ ဥပ္ပန္နံ ဟောတိဟူ၍သာ ဟောအပ်သည်ဟု အန္ဝယကိုဆိုသဖြင့် စိတ္တံ ပရောပဏ္ဏာသကုသလေဟိဓမ္မေဟိ သဒ္ဓိံ ဥပ္ပန္နံ ဟောတိဟု မဟောဟူသော ဗျတိရေကတ္ထကို သိရသောကြောင့် အတ္ထာပန္နသိဒ္ဓိ ရသည်။

**၁၀။ ရာဇာ အာဂတော**

နှစ်ပုဒ်လုံးအရ သွားဆဲ အခိုက်အတန့်၌ ဖြစ်သော ဝီရိယပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်နှင့် ကာယဝိညတ္တိ နဝကကလာပ်ရုပ်များရ၏။ ထို့ကြောင့် ရာဇာအရ ဝီရိယ (သမ္မာဝါယာမ) ယူလျှင် အာဂတောအရ ကြွင်းသမ္ပယုတ်နာမက္ခန္ဓာနှင့် စိတ္တဇကာယဝိညတ္တိ နဝကကလာပ်ယူ၍ သဟဇာတမျိုး ပြိုင်။

**တစ်နည်း**

ရာဇာအရ ပဌမဇောပစ္စည်း အာဂတော အရ ဒုတိယဇော ပစ္စယုပ္ပန် ယူလျှင် အနန္တရပြိုင်။

## ဥပ္ပန္နံ ဝေဒိတဗ္ဗံ

ဝိဒဓာတ်အရ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်။ တဗ္ဗပစ္စည်း အရ ပထမ မဟာကုသိုလ်စိတ် ပစ္စည်း။ အာရမ္မဏ ပြိုင်။

< >

http://www.dhammadownload.com



## ၆၂။ ဝိညတ္တိ အဖွင့် (၁)

(က) ဝိညာပနတ္တာ ပနေသာ ဝိညတ္တီတိ ဝုစ္စတိ။

(ခ) ကိံ ဝိညာပေတိ? ဧကံ ကာယိကကရဏံ။

(ဂ) စက္ခုပထသ္မိံဟိ ဋ္ဌိတော ဟတ္ထံ ဝါ ပါဒံ ဝါ ဥက္ခိပတိ။ သီသံ ဝါ ဘမုကံ ဝါ စာလေတိ။ အယံ ဟတ္ထာဒီနံ အာကာရော စက္ခုဝိညေယျော ဟောတိ၊ ဝိညတ္တိ ပန န စက္ခု ဝိညေယျာ၊ မနောဝိညေယျာ ဧဝ။

(ဃ) စက္ခုနာ ဟိ ဝိကာရာဒိဝသေန ဝိပ္ဖန္ဒမာနံ ဝဏ္ဏာရမ္မဏမေဝ ပဿတိ၊ ဝိညတ္တိံ ပန မနောဒွါရိကစိတ္တေန စိန္တေတ္တွာ "ဣဒဉ္စိဒဉ္စ ဧသ ကာရေတိ မညေ" တိ ဇာနာတိ။

(ဋ္ဌ-၁၂၅)

၁။ (က) ဝါကျ၌ တောယ၊ ဤအာကာရ ဝိကာရဇာတိသည်။ဏ္ဏတ္တိ၊ မိန်းမကို သော်လည်းကောင်း။ ပုရိသံဝါ၊ ကောင်း။ ကာယိကကရဏာသာ၊ ကိုယ်၌ဖြစ်သော အမူအရာအထူးကို (ဝိညာပနတ္တာ သိစေတတ်သည်၏ အဖြစ်ကြောင့်။ သော၊ ကို။ ဝိညတ္တီတိ၊ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။)

(ဃ)၌ ဇာနာတိ၏ ကရိုက်းကို မနောဒွါရိကစိတ္တေန-တတိယ မနောဒွါရိက စိတ်ဖြင့်ဟု ခံပါ။ (စိန္တေတ္တွာ၏ ကရိုက်းဖြစ်သော မနောဒွါရိက စိတ္တေန-ကို ဒုတိယ မနောဒွါရိကစိတ်ဖြင့်ဟု ပေးပါ။)

## ၂။ (က) သို့

ဆရာ ဆရာသည် စိတ္တဇဝါယောဓာတ်နှင့် အတူတကွဖြစ်သော ရူပကာယကို လှုပ်ရှားစေတတ်သော တစ်ခုသော ထူးခြားသောအခြင်း အရာသည် ဝိညတ်မည်၏ဟု ဆိုတော်မူ၏။ ယင်းသို့ဆိုလျှင် ဝိညတ္တိအရ ကောက်ကိုသာသိရ၍ဝစနတ္ထကိုမသိရသေးသည်မဟုတ်ပါလော။(ဝိညတ္တိ ကို ဝိဇာနာတီတိ ဝိညတ္တိ ဟု ကတ္တုသာဓ်ပြုရမည်လောဟုလည်း အာဘော် ထားနိုင်သည်။) အဘယ်သို့ ဝစနတ္ထ ပြုရမည်နည်း။ စုဒ်ကြောင့် (က) မိန့်။

http://www.dhammadownload.com



**အဓိပ္ပါယ်ကား**

ဝိညာပေတီတိ ဝိညတ္တိဟု ဟေတုကတ္တုသာဓ် ဝစနတ္ထပြုရမည်ဟူလို။

## (ဂ) သို့ -

ဆရာ ဆရာသည် ဝိညတ်ဟူသည် ကာယဒွါရ၌ဖြစ်သော စိတ်၏အမူအရာကို သိစေတတ်၏ဟု ဆိုတော်မူ၏။ ယင်းသို့ဖြစ်လျှင် ထိုဝိညတ်ကိုမျက်စိဖြင့် မြင်ကောင်း၏ ဟူသောအနက်သည် ရောက်၏။ စင်စစ် ဝိညတ်သည် စက္ခုဝိညေယျ မဟုတ်သောကြောင့် ထိုအနက်သည် မရောက်သင့်။ ထို့ကြောင့် ထိုဝိညတ်သည် စက္ခုဝိညေယျ ဟုတ် - မဟုတ်ကို ဆရာ ဆိုသင့်သေး၏။ စုဒ်ကြောင့် (ဂ) မိန့်။

**အဓိပ္ပါယ်ကား**

လှုပ်ရှားသောလက် စသည်၏ လှုပ်ရှားသော အခြင်းအရာကိုသာ စက္ခုဝိညာဏ်ဖြင့် မြင်အပ်၏။ ဝိညတ်ကိုမူ စက္ခုဝိညာဉ်ဖြင့် မမြင်အပ်။ မနောဝိညာဉ်ဖြင့်သာ သိအပ်ပါ၏ဟူလို။

## (ဃ) သို့ -

ဆရာ ဆရာသည် ဝိညတ်သည် မနောဝိညေယျသာဟု ဆို၏။ ဆရာ စကားကို အဘယ်သို့သော ယုတ္တိဖြင့် ယုံကြည်လက်ခံထိုက်ပါသနည်း။ ယုတ္တိကို မပြပြီလော။ စုဒ်ကြောင့် (ဃ) မိန့်။

**အဓိပ္ပါယ်ကား**

လှုပ်ရှားသောလက် စသည်၏ လှုပ်ရှားသော ရုပ်အဆင်းကိုသာ စက္ခုဝိညာဉ်က မြင်၏။ ဝိညတ်ကိုကား တတိယမနောဒွါရိက စိတ်ဖြင့်သိ၍ ဤသူသည် ဤမည်သောအမှုကို ပြုစေလို၏ဟု (စတုတ္ထမနောဒွါရိကဝီထိစိတ်ဖြင့်)သိသည်။ ဤသို့သော အဘိဓမ္မာယုတ္တိကို ထောက်ဆ၍ ဝိညတ်၏ မနောဝိညေယျ အဖြစ်ကို သိထိုက်ပါ၏ဟူလို။

http://www.dhammadownload.com



**(ဝဏ္ဏံ ပထမစိတ္တေန၊ တီတံ ဒုတိယစေတသာ၊ တတိယေန တု ဝိညတ္တိံ၊ ဘာဝံ စတုတ္ထစေတသာ။)**

၃။ (က) ဖြင့် ဝိညတ္တိ၏ ဝစနတ္ထကိုပါ သိရသောကြောင့် အဗျာပိတ ပယ်သည်။

(ခ)ဖြင့် ကာယဒွါရ၌ဖြစ်သော စိတ်၏အမူအရာကို ဝိညတ်က သိစေသည်ဟု ပြသောကြောင့် အဗျာပိတ ပယ်သည်။

(ဂ) ဖြင့် ဝိညတ်ကို စက္ခုဝိညေယျဟု မယူရ၊ မနောဝိညေယျဟုသာ ယူရမည်ဟု ပြသောကြောင့် သသံသယဒေါသ, ဝိရောဓိဒေါသတို့ကို ပယ်သည်။

(ဃ) ဖြင့် ဝိညတ်၏ မနောဝိညေယျဖြစ်ပုံကို ယုတ္တိဖြင့် ပြသောကြောင့် သြစိတျဟီနဒေါသ ပယ်သည်။

၄။ * ဝိညာပေတီတိ ဝိညတ္တိ။ (ဝိ+ဉာ+တိ။ ကာရိတ်ကျေ)

* ကာယေ ပဝတ္တံ ကာယိကံ။ (ကာယ+ဏိက) အမူအရာကြီးယာရ၏။

* ကရီယတေ ကာရကံ။ (ဘာဝသာနေ)

* ကာယိကံ ကာရကံ ကာယိကကရကံ။

* စက္ခုသ္သ ပထော စက္ခုပထော။

* ဟာရတီတိ ဟတ္ထော။ (ဟာရ+ထ)

* ပဇ္ဇတိ ဂစ္ဆတိ အနေနာတိ ပါဒေါ။ (ပဒ+ဏ)

* သီယတိ ဗန္ဓီယတိ ဧတ္ထာတိ သီသံ။ (သိ+သ)

* သယန္တိ ဧတ္ထ ဦကာဒယောတိ သီသံ။ (သိ+သ)

* ဘမတိ စလတီတိ ဘမုကော။ (ဘမ+ဥ။ က-လာ)

* ဝိညာတဗ္ဗောတိ ဝိညေယျော။ (ဝိ+ဉာ+ဏျော)

* စက္ခုနာ ဝိညေယျော စက္ခုဝိညေယျော။

http://www.dhammadownload.com



စက္ခုဝိညာဉ်၏ ရူပါရုံနှင့် အာရမ္မဏိက + အာရုံစပ်ခြင်း သမ္ဗန်သည် ဗျု-နိ။ စက္ခုဝိညာဉ်ဖြင့် သိထိုက်ခြင်းဂုဏ်သည် ပ-နိ။

* မနေန ဝိညေယျာ မနောဝိညေယျာ။

(မနောဂိုဏ်းသဒ္ဒါဖြစ်၍ သမာသ်အလယ်၌ ဩ-ပြု။)

* ဝိညာပေတီတိ ဝိညာပနံ။ (ဝိ+ဉာ+ဏာပေ+ယု)

* ဝိညာပနာယ ဘာဝေါ ဝိညာပနတ္တံ။

သိစေတတ်သော ဝိညတ်၏ သိစေခြင်းကြိယာနှင့် သာဓက+သာဓျ သမ္ဗန် ဗျု-နိ။ သိစေခြင်းကြိယာ ပ-နိ။

* ဝိပ္ပန္နတီတိ ဝိပ္ပန္နမာနံ။ (အာရမ္မဏံ။) (ဝိ+ဖန္ဒ+အ+မာန)

၅။ ဝိညတ္တိ = ကိတ်ပုဒ်၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ ဣကာရန္တ။
ဝိညာပန = ဤနေရာ၌ ဣတ္ထိလိင်၊ ကညာဒိ၊ အာကာရန္တ။

၆။ (က) ဝိညာပနတ္တာ-ဖြင့် ဝိညတ္တိကို ဝိညာပေတီတိ ဝိညတ္တိဟု ပောတု ကတ္တုသာဓ် ဝစနတ္ထပြုရမည်အဖြစ်၊ ဝိ-ရှေးရှိသော ဉာဓာတ် တိပစ္စည်း၊ ယင်း တိ-၏ ကတ္တုတ္ထဝါစကအဖြစ်၊ ကာရိတ်ကျေနေသည်ကို သိစေပါသည်။

သော ဝိညတ္တီတိ ဝုစ္စတိ-ဖြင့် ဝိညတ္တိအရ စိတ္တဇဝါယောဓာတ်နှင့် တကွဖြစ်သော ရူပကာယကို ထောက်ပံ့ခိုင်စေခြင်း လှုပ်ရှားစေခြင်း၏ အကြောင်းဖြစ်သော အာကာရဝိထိ ကာရဇာတိကို ယူရမည်အဖြစ်ကို သိစေ သည်။

ကျန်ဝါကျများ ပါဌ်လျှောက် ဘာဝတ္ထဖော်ပါ။

## ၇။ (ဂ) မနောဝိညေယျာ ၈ဝ

မနောဝိညေယျသည် ဂဟေတဗ္ဗ။ စက္ခုဝိညေယျသည် နိဝတ္တေ တဗ္ဗ။ (မနောဝိညေယျ ကာယဝိညတ်၏အလိုကို သိစေတတ်သော ဂုဏ် သတ္တိသည် အနုညာတ။)

http://www.dhammadownload.com



## (ဃ) ဝဏ္ဏာရမ္မဏ မေဝ

ရူပါရုံသည် ဂဟေတဗ္ဗ။ ဝိညာဉ်သည် နိဝတ္တေတဗ္ဗ။ (ရူပါရုံ၏ ဒဋ္ဌဗ္ဗ ဘာဝလက္ခဏာဟူသော ဂုဏ်သည် အနုညာတ။)

## ၈။ ဝိညာဉ်၏ ကြိယာငါးတန်

ဝိညာဉ်သည် ဒဿနတ္ထ။ ဝါယောဓာတ်သည် ဒီပကတ္ထ။ ဝိညာဉ်ကို ပြုသူ၏ အလိုဆန္ဒကို သိရခြင်းသည် ပကာသနတ္ထ။ခေါ်လို ပြုစေလိုသော စိတ်ဆန္ဒသည် ဝိဘာဝတ္ထ။ အလိုဆန္ဒအတိုင်း ပြုမူဆောင်ရွက်ခြင်း စသော အကျိုးသည် အနုဘာဝတ္ထ။

## သီသံ ဝါ ဘမုကံ ဝါ စာလေတိ

ခေါင်းလှုပ် မျက်ခုံးလှုပ်ခြင်းသည် ဒဿနတ္ထ။ ကိုယ်လှုပ်ရှားမှု ကိုဖြစ်စေတတ်သော စိတ္တဇဝါယောဓာတ်သည် ဒီပကတ္ထ။ လှုပ်ရှားသော ခေါင်း, မျက်ခုံး တို့ကိုမြင်သဖြင့် အလိုကိုမှန်းဆ၍ သိရခြင်းသည် ပကာသနတ္ထ။ ထိုစိတ္တဇဝါယောဓာတ်ကို ဖြစ်စေသည့် သိစေလိုသည့်စိတ်သည် ဝိဘာဝတ္ထ။ ပြုစေလို ပြောစေလိုသည့်အတိုင်း ဆောင်ရွက်ခြင်း ကိစ္စပြီးခြင်း စသည်သည် အနုဘာဝတ္ထ။

## ဝဏ္ဏာရမ္မဏမေဝ ပဿတိ

(ရူပါရုံ အဆင်းကို) မြင်ခြင်းသည် ဒဿနတ္ထ။ ရူပါရုံသည် အာရုံအကြောင်း ဒီပကတ္ထ။ အဖြူ အမည်း စသည်ကို သိခြင်းသည် ပကာသနတ္ထ။ အလင်းရောင် မနသိကာရစသော အကြောင်းတို့သည် ဝိဘာဝတ္ထ။ ကောင်းသော ဣဋ္ဌာရုံကိုမြင်ရလျှင် ဝမ်းမြောက်ခြင်း မကောင်းသော အနိဋ္ဌာရုံ ကိုမြင်ရလျှင် ဒေါသဖြစ်ခြင်း စသော အကျိုးတို့သည် အနုဘာဝတ္ထ။

http://www.dhammadownload.com



**တစ်နည်း**

**(ဃ) ဝါကျနှင့်ညီညွတ်အောင် ထုတ်လျှင်....**

လှုပ်ရှားသော ရုပ်ပါရုံကိုမြင်ခြင်းသည် ဒဿနတ္ထ။ လှုပ်ရှားသောသူနှင့် လှုပ်ရှားစေတတ်သော ဝါယောဓာတ်တို့သည် ဒီပကတ္ထ။ ဝိညတ်ကို မနောဒွါရိကစိတ်ဖြင့် သိခြင်းသည် ပကာသနတ္ထ။ သိစေလိုသော စိတ်ဆန္ဒ အကြောင်းများသည် ဝိဘာဝတ္ထ။ ဤသူသည် ဤအမှုကို ပြုစေလို၏ဟု အလိုဆန္ဒကို သိရခြင်းသည် အနုဘာဝတ္ထ။

၉။ ဝိညတ္တိ (ဝိညာပန) အရ ကာယဝိညတ် ဝစီဝိညတ်။

ပဿတိ - စက္ခုဝိညာဉ်စိတ်။

မနောဝိညေယျာ ဓဝ - မနောဝိညာဉ်။

စက္ခုဝိညေယျံ - ရုပါရုံ။

သီသံ ဝါ ဘမုကံ ဝါ စာလေတိ အရ စိတ္တဇဝါယောဓာတ်တို့ကို ကောက်၍ လက္ခဏာဒိစတုက္က ထုတ်ပါ။

၁၀။ **ဝိညာပနတ္ထာ/ဝိညာပေတိ**

သိစေတတ် (ဟေတုကတ္တား) အရ - ဝိညတ်ရ၏။

သိတတ် (ဓာတ်ကတ္တား) အရ - သိသောသူ၏ သညာပြဌာန်းသော ကုသိုလ်, အကုသိုလ် မဟာကြိယာ စိတ္တုပ္ပါဒ်ရ၏။ (ပုဂ္ဂိုလ် မတူ)။ ပကတူပ။

**ကာယိကကရဏ် ဝိညာပေတိ။**

ကာယိကကရဏ်အရ ဝိညတ်ပြုသူ၏ သန္တာန်၌ တည်သော အလို ဆန္ဒ အကြံအစီ ရ၏။ ဝိညာပေတိအရ ဝိညတ်ရ၏။ သဟာဇာတပြိုင်။ (နာမ်ပစ္စည်း + ရုပ်ပစ္စယုပ္ပန်)

ကာယိက ကရဏ်အရ တရားက ဝိညာပေတိ၌ ဓာတ်အရ သညာ ပြဌာန်းသော စိတ္တုပ္ပါဒ်အား ပတူကပ။

http://www.dhammadownload.com



## ဟတ္ထံ ဝါ ပါဒံ ဝါ ဥက္ခိပတိ

ဟတ္ထံ့.ပါဒံအရ လက်ခြေတို့ကိုရ၏။ (ပစ္စည်း)။ ဥက္ခိပေတိအရ ဝီရိယ ပြဋ္ဌာန်းသော ကုသိုလ် အကုသိုလ် ကြိယာဇောများ ရ၏။ (ပစ္စယုပ္ပန်) အာရမ္မဏာသတ္တိ။ အာ-ပု-အတ္ထိ- အဝိဂတ-၄ = ပစ္စည်းပြိုင်။

## သီသံ ဝါ ဘမုကံ ဝါ စာလေတိ

သီသံ ဘမုကံ အရ ခေါင်း. မျက်ခုံး ရ၏။ စာလေတိအရ - လှုပ်ရှား စေတတ်သော စိတ္တဇဝါယောဓာတ် ရ၏။ ပကာတူပ။

အကယ်၍ သီသံ ဘမုကံ အရ ထိုစိတ္တဇဝါယောဓာတ်နှင့် အတူ တကွ ဖြစ်သော (ခေါင်း. မျက်ခုံးတို့၌ ဖြစ်သော) စိတ္တဇရုပ်များယူခဲ့လျှင် သဟဇာတမျိုး ပြိုင်ပါ။ (ဝါယောဓာတ်ပစ္စည်း ကြွင်းမဟာဘုတ် ဥပါဒါရုပ် ပစ္စယုပ္ပန်ဟုပြိုင်။)

## ဝဏ္ဏာရမ္မဏမေဝ ပဿတိ

ဝဏ္ဏာရမ္မဏာအရ ရူပါရုံ။ ပဿတိအရ စက္ခုဝိညာဉ်စိတ်။ အာရုံမျိုး ပြိုင်ပါ။

## ဝိညတ္တိံ ပန မနောဒွါရိကစိတ္တေန စိန္တေတွာ

ဝိညတ္တိံ အရ ဝိညတ်။ စိန္တေတွာအရ တတိယဝီထိ (ဒုတိယမြောက် မနောဒွါရိကဝီထိ)၌ ရှိသော ဇောစိတ်ရ၏။ အာရမ္မဏာပြိုင်။

## စိန္တေတွာ (ပ) ဇာနာတိ (ယ) ဝါကျ

စိန္တေတွာအရ တတိယဝီထိ၌ရှိသော ဇောစိတ္တုပ္ပါဒ်ရ၏။ ဇာနာတိအရ စတုတ္ထဝီထိ၌ ရှိသော ဇောစိတ္တုပ္ပါဒ် ရ၏။ ပကာတူပ။

http://www.dhammadownload.com



## ၆၃။ ဝိညတ္တိ အဖွင့် (၂)

(က) န ကေဝလဥ္စေသာ ဝိညာပနတောဝ ဝိညတ္တိနာမ၊ ဝိညေယျတောပိ ပန ဝိညတ္တိယေဝ နာမ။

(ခ) အယဥှိ ပရေသံ အန္တမသော တိရစ္ဆာနဂတာနမ္ပိ ပါကဋာ ဟောတိ။

(ဂ) တတ္ထ တတ္ထ သန္နိပတိတာ ဟိ သောဏသိင်္ဂါလကာကဂေါဏာဒယော ဒဏ္ဍံ ဝါ လေဍ္ဍုံ ဝါ ဂဟေတွာ ပဟာရဏာကာရေ ဒဿိတေ "အယံ နော ပဟရိတုကာမော" တိ ဉတွာယေန ဝါ တေန ဝါ ပလာယန္တိ။

(ဃ) ပါကာရကုဋ္ဋာဒိအန္တရိကဿ ပန ပရဿ အပါကဋကာလောပိ အတ္ထိ။

(င) ကိဥ္စာပိ တသ္မိံ ခဏေ အပါကဋာ၊ သမ္မုခီဘူတာနံ ပန ပါကဋတ္တာ ဝိညတ္တိယေဝနာမ ဟောတိ။ (ဋ္ဌ-၁၂၆)

### ၁။ (ဂ) သိင်္ဂါလ+သိဂါလ။

သရဓာတ်+အလ (အာလ) ပစ္စည်း ။ သရဓာတ်ကို သိင်္ဂပြုဟု သူစိဆို၏။ မောဂ္ဂလာန်၌ သိဂ-ပြုဟုလည်း ဆို၏။ ထို့ကြောင့် ၂-ပါဌ်လုံး သင့်၏။

### လေဍ္ဍု+လေဍ္ဍ။

လေဍ္ဍုဏ္ဍော မတ္တိကာခဏ္ဍော -ဟုအဘိဓာန်ဆိုသည်။ အဋ္ဌသာလိနီယောဇနာ၌ လေဍ္ဍ လေဍ္ဍုန္တိ ပရိယာယော-ဟုဆိုသည်။ ထို့ကြောင့်၂-ပါဌ် သင့်၏၊ လေဍ္ဍု ယုတ္တတရ။

### (ဃ) အန္တ ရိတ+အန္တ ရိက။

အန္တရိတပုဒ်သည် အန္တရ (အန္တရေ)ပုဒ်+တပစ္စည်းဖြင့်ပြီး၏။ အန္တရိက

http://www.dhammadownload.com



ပုဒ်သည် အန္တရပုဒ်+ဏ္ဍကပစ္စည်းဖြင့် ပြီး၏။ ၂-ပုဒ်လုံး ခြားကွယ်ခြင်း အနက်ကို ဟောနိုင်သောကြောင့် ၂-ပါဌ်လုံး သင့်။

၂။ (က) သို့-

ဆရာ ဝိညတ္တိကို ဝိညာပေတီတိ ဝိညတ္တိ ဟေတုကတ္တုသာဓ် ဝစနတ္ထ ပြုရမည်အဖြစ်ကိုဆို၏။ (ဝါ) သိစေတတ်သောကြောင့် ဝိညတ်မည်၏ဟု ဆို၏။ ဤသို့ ဟေတုကတ္တုသာဓ်သာ ဝစနတ္ထပြုကောင်းပါသလော။ အဘယ် သို့လည်း ဝစနတ္ထပြုကောင်းပါသေးသနည်း-စုဒ်ကြောင့် (က) မိန့်။

**အဓိပ္ပာယ်ကား-**

ဝိညာယတီတိ ဝိညတ္တိဟု ကမ္မသာဓ် ဝစနတ္ထပြုကောင်းပါ၏ ဟူလို။

(ခ) သို့-

ဆရာ သိအပ်သောကြောင့် ဝိညတ်မည်၏ ဟုဆို၏။ ဆရာ့စကား သည် ယုတ္တိကင်းသော စကားဟု မှတ်ရမည်လော။ ယုံကြည်လက်ခံနိုင် ကြောင်း ယုတ္တိကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ) မိန့်။

**အဓိပ္ပာယ်ကား-**

ဝိညတ်သည် အခြားသူတို့အား အယုတ်ဆုံးအားဖြင့် တိရစ္ဆာန်တို့ အားလည်း ထင်ရှားသောကြောင့် ၎င်းစကား ယုတ္တိတန်ပါ၏ ဟူလို။

(ဂ) သို့-

ဆရာ ဝိညတ်သည် အခြားသူတို့အား အယုတ်ဆုံးအားဖြင့် တိရစ္ဆာန် တို့အားသော်လည်း ထင်ရှားပါ၏ဟုဆို၏။ ဆရာ့စကားထင်ရှားအောင် ချဲ့ ပြသင့်သည်မဟုတ်လော။ တိရစ္ဆာန်တို့အားသော်လည်းအဘယ်သို့ ထင်ရှား ပါသနည်း-စုဒ်ကြောင့် (ဂ) မိန့်။

**အဓိပ္ပာယ်ကား-**

စုဝေးနေသော ခွေး, မြေခွေး စသည်တို့ကို ဒုတ်, ခဲဖြင့် ပစ်မည်ဟု

http://www.dhammadownload.com



ရှယ်လိုက်သည်ကိုမြင်လျှင် ထိုခွေး,မြေခွေးစသည်တို့သည် အရပ်တစ်ပါးသို့ ပြေးသွားကြသည်ကို ထောက်၍ ဝိညတ်၏ ထင်ရှားသည်၏ အဖြစ်ကို လက်ခံထိုက်ပါ၏ ဟူလို။

(ဃ) သို့ ပါပနာ -

ဆရာ (ခ-ဂ) တို့ဖြင့် တိရစ္ဆာန်တို့အားသော်လည်း ထိုဝိညတ်၏ ထင်ရှားပုံကို ဆိုတော်မူခဲ့၏။ ယင်းသို့ဆိုလျှင် ဝိညတ်သည် အခြားသော သူတို့အား အမြဲတမ်း ထင်ရှားသည်ဟူသော အနက်သည် ရောက်၏။ အမြဲတမ်း ထင်ရှားသည် မထင်ရှားသည်ကို အဘယ်သို့သိရမည်နည်း။ စုဒ်ကြောင့် (ဃ) မိန့်၊

အဓိပ္ပာယ်ကား -

နံ့ရံစသည်ဖြင့် ခြားကွယ်နေသည့် ပုဂ္ဂိုလ်တို့အား မထင်ရှားပါ ဟူလို။

(င) သို့ -

ဆရာ ဝိညတ်သည် နံ့ရံစသည်ဖြင့် ခြားနေသော သူတစ်ပါးတို့အား မထင်ရှား (ဝါ) မသိအပ်ဟု ဆို၏။ ယင်းသို့ဖြစ်လျှင် သိအပ်သောကြောင့် ဝိညတ်မည်၏ဟု မဆိုသင့်သည် မဟုတ်ပါလော။ အဘယ်သို့မှတ်ရမည်နည်း။ စုဒ်ကြောင့် ယင်းစောဒနာကို စောဒကာဘောဂနှင့်တကွ ဖြေလိုသော ဆရာသည် (င) မိန့်။

အဓိပ္ပာယ်ကား -

နံ့ရံစသည်ဖြင့် ခြားကွယ်နေသူတို့အား မထင်ရှားသော်လည်း မျက်မှောက်ဖြစ်သောသူတို့အား ထင်ရှားသောကြောင့် (ဝါ) သိအပ်သောကြောင့် ဝိညတ်ဟူ၍ ဆိုထိုက်ပါသည် ဟူလို။

၃။ ဒေါ်သပယ်။

(က)ဖြင့် ဝိညတ္တိ၏ ဝစနတ္ထတစ်မျိုးကို ဆက်ပြသောကြောင့် အဗျာပိတပယ်သည်။

http://www.dhammadownload.com



(ခ)(ဂ)တို့ဖြင့်ဝိညာဉ်၏ ထင်ရှားစွာ သိအပ်ပုံကို ယုတ္တိဖြင့် ပြသော ကြောင့် ဩဇိတျပကီနဒေါသကို ပယ်သည်။

(ဃ)ဖြင့် ဝိညာဉ်၏ မထင်ရှားရာကာလ ရှိသေးပုံကို ဆက်ပြသော ကြောင့် အဗျာပိတ ပယ်သည်။

(င)ဖြင့် ထိုသို့ မထင်ရှား(မသိအပ်)သော်လည်း သမ္မုစိဘူတ ပုဂ္ဂိုလ်တို့ အတွက်မူ ထင်ရှားစွာ သိအပ်သောကြောင့် ဝိညာဉ်ဟူ၍ပင် ဆိုထိုက်သည်ဟု ပြသောကြောင့် ဩဇိတျပကီန. ဝိရောဓိဒေါသတို့ကို ပယ်သည်။

## (က) ဝါကျရှိ အတ္ထန္တရဝိကပ္ပနတ္ထ (ပကန္တရ) အနက်ရှိသော ပန သဒ္ဒါ။

ဝိညာပေတီတိ ဝိညတ္တိဟူသော ဟေတုကတ္တုသာဓ် ဝစနတ္ထမှ တစ်ပါး ဝိညာယတီတိ ဝိညတ္တိ ဟူသောကမ္မသာဓ်ဝစနတ္ထကိုလည်းကောင်း။

တိ-ပစ္စည်း၏(ဟေတုကတ္တတ္ထမှတစ်ပါး ကမ္မတ္ထကိုလည်းကောင်း။

သိစေတတ်သောကြောင့် ဝိညတ်မည်၏ဟူသော သကတ္ထမှတစ်ပါး သိအပ်သောကြောင့် ဝိညတ်မည်၏ ဟူသော သကတ္ထကို လည်းကောင်း လဲပြလိုသောကြောင့် ပန-ထားသည်။

## (ခ) ဝါကျ တိရစ္ဆာဂတာနမ္ပိ-၌ ပိ-သဒ္ဒါ။

ဤဝိညတ်သည် အယုတ်ဆုံးအားဖြင့် တိရစ္ဆာန်တို့အားသော်လည်း ထင်ရှားသေး၏။ လူတို့အတွက်မှာမူ ပြောဖွယ်ပင်မလိုတော့ဟု ဝိညတ်၏ သိအပ်သော သဘောရှိသည် အဖြစ်ကို ချီးမြှောက်သော သမ္ဘာဝနာကို ပြလို၍ ပိ-သဒ္ဒါထားသည်။

## (င) ဝါကျ သမ္မုစိဘူတာနံ ပန-၌ ပန-သဒ္ဒါ။

နံရံစသည်ဖြင့် ခြားကွယ်နေသော ပုဂ္ဂိုလ်တို့အဖို့ ဝိညတ်သည် မထင်ရှားသော်လည်း မျက်မှောက်ဖြစ်သော ပုဂ္ဂိုလ်တို့အတွက်မူ ထင်ရှား

http://www.dhammadownload.com



သောကြောင့် ဝိညတ်ဟူ၍ပင် ဆိုထိုက်သည်ဟု ဝိညတ်၏ သိအပ်ခြင်း (ထင်ရှားခြင်း) အနက်ကို မြင့်တင်သော သမ္ဘာဝနာကို ပြလိုသောကြောင့် ပန - သဒ္ဒါ ထားသည်။

၄။ * တိရိယံ အဥ္စတီတိ တိရစ္ဆာနော။ (တိရိယသဒ္ဒါ ရှေးရှိသော အဥ္စဓာတ် + ယုပစ္စည်း။ တိရိယကို တိရပြု၊ အဥ္စဓာတ်ကို စ္ဆ - ပြု။) (သူစိ)။ (ဖီလာကန့်လန့် သွားခြင်း။)

**တစ်နည်း**

* တိရတိ တိရောဘာဝေန ဂစ္ဆတီတိ တိရစ္ဆာနော။ (တိရဓာတ် + စ္ဆာန ပစ္စည်း။) ဓာတွတ္ထသင်္ဂဟ၊ ကစ္စည်းတို့အလို။ (ဓာတွတ္ထသင်္ဂဟ -၌ အဥ္စဓာတ်အရာ၌ တိရစ္ဆာနကို ထည့်ပြသည်။ အဥ္စဓာတ်ကို မပြ။)
* တိရစ္ဆာနော ယေဝ တိရစ္ဆာနဂတော။

**တစ်နည်း -**

* တိရစ္ဆာနေသု ဂတော တိရစ္ဆာနဂတော။
  အန္တေဇာတော အန္တိမော။ (အန္တ + က္ကမ)။
  အန္တိမောယေဝ အန္တမသော။ (က္က - ကို အ - ပြု။)
* သုဏာတီတိ သောဏော။ (သု + အ)
* သသာဒယော သရတိ ဟိံသတီတိ သိင်္ဂါလော။ (သရ + အလ။ သရကို သိင်္ပြု။ မောဂ္ဂလာန်ကား = သိဂပြု၊ အာလ ပစ္စည်းဟု ဆိုသည်။)
* ကဝတိ သဒ္ဒံ ကရောတီတိ ကာကော။ (ကု + က)
* ဒမန္တိ ဖေတေနာတိ ဒဏ္ဍော။ (ဒမု + ဍ)
* ဒဏ္ဍတိ ဖေတေနာတိ ဒဏ္ဍော ဟုလည်းပြု။
* လေဍ္ဍတိ ဟိံသတိ ဖေတေနာတိ လေဍ္ဍု။
  (လေဍ္ဍ + ဥ။ ဓာတွတ္ထသင်္ဂဟ၌ လေဍ္ဍဓာတ်မပါ။)

http://www.dhammadownload.com



* ဒသသန် ကဋ္ဌတိ ဂစ္ဆတီတိ ပါကဋ္ဌာ။
(ဝိညတ္တိကို ငဲ့၍ ဏ္ဍတ္တိလိင်ချေ။) (ပ+ကုဋ္ဌ+အ)

၅။ တိရစ္ဆာန = ကိတ်ပုဒ်၊ ပုံ+ထီ၊ လိင်အားလျော်စွာ ပုရိသာဒိ. ကညာဒိ။
လေဍ္ဍု = ကိတ်ပုဒ်၊ ပုံလိင်၊ (လေဍ္ဍုတ္တော မတ္တိကာခဏ္ဍော)။ ရတ္တာဒိ၊
ဥကာရန္တ။

၆။ (က) န ကေဝလဥ္စသာ - ဝိညာပနတော ဝိညတ္တိနာမ - ဖြင့် သိစေ
တတ်သောကြောင့်သာ ဝိညတ်မည်သည်မဟုတ်သေးဟူသော အနက်ကို
သိစေသည်။

ဝိညေယျတောပိ ပန - စသည်ဖြင့် သိအပ်သောကြောင့်လည်း
ဝိညတ်မည်သည်အဖြစ်၊ ဝိညတ္တိကို ဝိညာတဗ္ဗာတိ ဝိညတ္တိဟု ကမ္မသာဓ်
ဝစနတ္ထပြုရမည်အဖြစ်၊ ဝိရှေးရှိသော ဉာဓာတ်. တိပစ္စည်း။ ယင်းတိပစ္စည်း၏
ကမ္မတ္ထဝါစကအဖြစ်ကို သိစေသည်။
ကြွင်းဝါကျများ ပါဠ်လျော်က် ဘာဝတ္ထချည်းဖော်။

## ၇။ ဝိညာပနတော ဝိညတ္တိနာမ - ၌ - ဇဝ။

သိစေတတ်ဟူသော ဟေတုကတ္တတ္ထသည် ဂဟေတဗ္ဗ။ သိတတ်
ဟူသော သုဒ္ဓကတ္တတ္ထသည် နိဝတ္တေတဗ္ဗ။ သိအပ်ဟူသော ကမ္မတ္ထသည်
အနညာတ။ (အသမ္ဘန္ဓာ ဝတ္တနည်း။)

## သမ္ဘန္ဓာ ဝတ္တနည်းဖြင့်ထုတ်လျှင် -

သိစေတတ်သောကြောင့် ဝိညတ်မည်၏ဟူသော အနက်သည်
ဂဟေတဗ္ဗ။ သိတတ်သောကြောင့် ဝိညတ်မည်၏ ဟူသောအနက်သည်
နိဝတ္တေတဗ္ဗ။ သိအပ်သောကြောင့်လည်း ဝိညတ်မည်သေးသည် ဟူသော
အနက်သည် အနညာတ။

http://www.dhammadownload.com



**ဝိညေယျတော၀ ဝိညတ္တိယေ၀ နာမ။**

ဝိညတ်မည်၏ဟူသော အနက်သည် ဂဟေတဗ္ဗ။ ဝိညတ်မမည် ဟူသော အနက်သည် နိဝတ္တေတဗ္ဗ။ (အသမ္ဘန္ဓ ဝတ္တနည်း။)

သိအပ်သောကြောင့် ဝိညတ်မည်၏ ဟူသော အနက်သည် ဂဟေတဗ္ဗ။ သိတတ်သောကြောင့် ဝိညတ်မည်၏ ဟူသောအနက်သည် နိဝတ္တေတဗ္ဗ။ သိစေတတ်သောကြောင့် ဝိညတ်မည်၏ ဟူသောအနက်သည် အနုညာတ။ (သမ္ဘန္ဓာ ဝတ္တနည်း။)

( င ) ဝါကျ ဝိညတ္တိယေ၀ နာမ ဟောတိကို အထက်ပါ အသမ္ဘန္ဓာ ဝတ္တနည်းအတိုင်း ထုတ်ပါ။

**ဝိသယ။**

(ဂ) ဝါကျ တတ္ထ တတ္ထကား ပသိဒ္ဓဝိသယ။ (လွန်ခဲ့ပြီး ဝါကျရှိဒြပ်ကို လည်းမစွဲ။ တစ်ဝါကျလုံးကိုလည်း မစွဲ။ ထို့ကြောင့် ပက္ကန္တလည်း မဟုတ်။ အနုဘူတလည်း မဟုတ်။ ထိုထိုအရပ်ဒေသဟူသော ဝိသယကို ကြံဆ မှန်းဆ၍ သိရသောကြောင့် တတ္ထဇာတကံ ဖလံ ဝါ ပတ္တံ ဝါ -၌ တတ္ထ ကဲ့သို့ ပသိဒ္ဓ ဝိသယသာဖြစ်သည်။) ကြွင်းပုဒ်များ သိသာ၏။

## ၈။ ဝိညတ္တိ၏ ကြိယာ ငါးတန်။ ( ရှေ့ဝါကျ၌ ပြပြီး။)

ယေန ဝါ တေန ဝါ ပလာယန္တိ။

ထိုထို အရပ်မျက်နှာဖြင့် (သို့) ပြေးသွားခြင်းသည် ဒဿနတ္ထ။ ငါတို့ကို ပစ်လိမ့်မည်ဟု သိခြင်းသည် ဒီပကတ္ထ။ ဒုတ်. ခဲ အန္တရာယ်မှ လွတ်မြောက်ခြင်းသည် ပကာသနတ္ထ။ ပစ်ခတ်မည့်သူ၏ ဒုတ်. ခဲစသည်ဖြင့် ပစ်ရန် ချိန်ရွယ်ခြင်းစသော အကြောင်းများသည် ဝိဘာဝတ္ထ။ အန္တရာယ်မှ လွတ်သဖြင့် ဆင်းရဲဒုက္ခမရောက်ရခြင်း အသက်ရှည်ခြင်း စသော အကျိုးများသည် အနုဘာဝတ္ထ။

http://www.dhammadownload.com



**သိဒ္ဓိ။**

(ခ) (ဂ) ဝါကျတို့ဖြင့် ဝိညတ်၏ သိအပ်သော သဘောရှိပုံကို ယုတ္တိသာဓကတို့ဖြင့် ခိုင်မြဲစေအပ် ယုံကြည်စေအပ်သောကြောင့် သဒ္ဒေယျသိဒ္ဓိ. သိဒ္ဓေယျသိဒ္ဓိတို့ကို ရသည်။

၉။ ဝိညာပနတ္တာ–၌ ဝိညာပန ၊ ဝိညေယျတော–၌ ဝိညေယျတို့အရ ဝိညတ် ကို ကောက်၍ထုတ်။

## ၁၀။ ဝိညေယျတောပိ ဝိညတ္တိ။

ဉာတတ်အရ–ဝိညတ်ကိုသိသော ဒုတိယမနောဒွါရဝီထိ၌ပါသော ဇောစိတ် ရ၏။ (ပစ္စယုပ္ပန်) ဉေယျပစ္စည်း+တိ ပစ္စည်းတို့အရ သိအပ်သော ဝိညတ်ကိုရ၏။ (ပစ္စည်း)။ အာရမ္မဏာသတ္တိ။ ပြိုင်မရှိ။

### ဥဿုတ္တာ ပလာယန္တိ။

ဥဿုတ္တာ အရ–ခွေး.မြေခွေး စသည်တို့၏ သန္တာန်၌တည်သော သညာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ရ၏။ ပလာယန္တိအရ ကြောက်ရွံ့သော အခြင်းအရာအားဖြင့်ဖြစ်သော ဝီရိယပြဋ္ဌာန်းသော ဒေါသမူစိတ္တုပ္ပါဒ် ရ၏။ ပကတူပ။ ပြိုင်မရှိ။

### ဒဿိတေ ဥဿုတ္တာ။

ဒဿိတေ–၌ ဒိဿတတ်အရ–ခွေး.မြေခွေး စသူတို့၏ သန္တာန်၌ဖြစ်သော ပစ်အံ့သော အခြင်းအရာကိုမြင်သော တတိယဝီထိ၌ဖြစ်သော မနောဒွါရိက စိတ္တုပ္ပါဒ်ရ၏။ ဥဿုတ္တာအရ အလိုဆန္ဒကိုသိသော စတုတ္ထမနောဒွါရိက စိတ္တုပ္ပါဒ် ရ၏။

ပကတူပ။ ပြိုင်မရှိ။

http://www.dhammadownload.com



## ၆၄။ ပါဏာတိပါတ အဖွင့်

(က) တတ္ထ ပါဏဿ အတိပါတော ပါဏာတိပါတော နာမ။

(ခ) ပါဏဝဓော ပါဏဃာတောတိ ဝုတ္တံ ဟောတိ။

(ဂ) ပါဏောတိ စေတ္ထ ဝေါဟာရတော သတ္တော ပရမတ္ထော ဇီဝိတိန္ဒြိယံ။

(ဃ) တသ္မိံ ပန ပါဏေ ပါဏသညိနော ဇီဝိတိန္ဒြိယုပစ္ဆေဒက ဥပက္ကမ သမုဋ္ဌာပိကာ ကာယဝစီဒွါရာနံ အညတရဒွါရ ပဝတ္တာ ဝဓကစေတနာ ပါဏာတိပါတော။

(င) သော ဂုဏဝိရဟိတေသု တိရစ္ဆာနဂတာဒိသု ပါဏေသု ခုဒ္ဒကေ ပါဏေ အပ္ပသာဝဇ္ဇော၊ မဟာသရီရေ မဟာသာဝဇ္ဇော။

(စ) ကသ္မာ? ပယောဂမဟန္တတာယ ။

(ဋ္ဌ-၁၄၀)

၁။ ပါဏာတိပါတော = သတ္တဝါကို လျင်စွာချခြင်း။ ဝါ-သတ္တဝါကို ဓားလက်နက် စသည်တို့ဖြင့် နိုက်စက်၍ ချခြင်း။ (သဒ္ဒတ္ထ)။

ပါဏာတိပါတော = သတ္တဝါသတ်ခြင်း။ (ဝေါဟာရတ္ထ)။

ပါဏာတိပါတော = ဇီဝိတိန္ဒြေကို လျင်စွာချခြင်း၏ အကြောင်း ဖြစ်သော ဝဓကစေတနာ။ (သရူပတ္ထ)။

(ဂ) ပါဏောတိ = ပါဏဟူသည်ကား (ဣတိသဒ္ဒါသဒ္ဒပဒတ္ထက)

ပါဏောတိ = ပါဏမည်၏။ (ဣတိသဒ္ဒါ သညာဝါစက။)

ပါဏောတိ = ပါဏ ဟူ၍ (ဣတိသဒ္ဒါ အာကာရတ္ထ။)

### အနက်ပေးပုံ

စ. တ္ထေ, ပါဏောတိ-ပါဏ ဟူသည်ကား။ ဝေါဟာရတော,

http://www.dhammadownload.com



သဗ္ဗော - သဗ္ဗဝါတည်း။ ပရမတ္ထတော. ဇီဝိတန္ဒြိယံတည်း (ပဟောတိကြိယာ ထည့်၍လည်းပေး။)

ဝေါဟာရတော.သဗ္ဗော - သဗ္ဗဝါသည်။ ပါကောတိ - ပါကမည်၏။ ပရမတ္ထတော.ဇီဝိတန္ဒြိယံ -ဇီဝိတိန္ဒြေသည်။ ပါကောတိ - ပါကမည်၏။

ဝေါဟာရတော. သဗ္ဗော - ကို။ ပရမတ္ထတော. ဇီဝိတန္ဒြိယံ - ကို။ ပကောတိ - ပါကဟူ၍။ ဝုစ္စတိ - အပ်၏။

## ၂။ (က) သို့ ဋ္ဌပနာပဋ္ဌက။

ဆရာ ဆရာသည် ပါဏာတိပါတော အဒိန္နာဒါနံ (ပ) ဒသ အကုသလ ကမ္မပထာနာမ - ဖြင့် အကုသလကမ္မပထ - ၁၀ပါးရှိကြောင်း ဆိုတော်မူ၏။ ယင်းသို့ဆိုလျှင် အကုသလကမ္မပထတရား ၁၀ - ပါးတို့၏ သရုပ်ကိုသာ သိရသေး၍ အကုသလကမ္မပထ တရားတို့တွင် ပါဝင်သော ပါဏာတိပါတ စသော ပုဒ်တို့၏ ဝစနတ္ထ. အဘိဓေယျတ္ထ. ဝေါဟာရတ္ထတို့ကို မသိရသေး သည် မဟုတ်လော။ ပါဏာတိပါတ စသည်တို့၏ ဝစနတ္ထ. အဘိဓေယျတ္ထ စသည်ကို အဘယ်သို့ မှတ်ရအံ့နည်း - စုဒ်ကြောင့် တတ္ထ - စသည်မိန့်။

## (ခ) သို့ ဋ္ဌပနာပဋ္ဌက။

ဆရာ ဆရာသည် (က) ဖြင့် ပါဏာတိပါတ၏ ဝစနတ္ထကို ဆိုတော်မူ၏။ သဗ္ဗဝါကို လျင်စွာချ၏ဟူသည် ကုဋ္ဌင်ညှောင်စောင်း စသည် တို့မှ ချခြင်းကို ဆိုလိုပါသလော။ အဘယ်သို့ ပြုခြင်းကို ချခြင်းဟု ဆိုပါ သနည်း - စုဒ်ကြောင့် (ခ) မိန့်။

**အဓိပ္ပာယ်ကား**

သဗ္ဗဝါကို သတ်ခြင်းကို လျင်စွာကျစေခြင်း = ချခြင်းဟု ဆိုလိုသည် ဟူလို။ (ဝါကျတက်လိုက - ပါဏာတိပါတ၏ လောကဝေါဟာရတ္ထ ကို မသိရသေးသည် မဟုတ်ပါလော - ဟု အာဘော်ထားပါ။)

http://www.dhammadownload.com



## (ဂ) သို့ ဋ္ဌပနာပဉ္စက။

ဆရာ (က) (ခ) ဝါကျတို့ဖြင့် ပါဏာတိပါတ၏ ဝစနတ္ထ, ဝေါဟာရတ္ထ တို့ကို ဆို၏။ ပါဏအရ သတ္တဝါဟူသော ခန္ဓာငါးပါးကို ယူရမည်လော။ အဘယ်ကို ပါဏအရ ယူရမည်နည်း - စုဒ်ကြောင့် (ဂ) မိန့်။

### အဓိပ္ပာယ်ကား

ဝေါဟာရအားဖြင့် သတ္တဝါ, ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကို ယူရမည် ဟူလို။(ဝါ ကျတက် တက်လိုက ပါဏာတိပါတ၏ သရုပ်, အဘိဓေယျတ္ထ ပရမတ္ထ တရားကိုယ်တို့ကို မသိရသေးသည် မဟုတ်ပါလော - ဟု အာဘော် သွင်းပါ။)

## (ဃ) သို့ ဋ္ဌပနာပဉ္စက။

ဆရာ (ဂ) ဖြင့် ပါဏာတိပါတ - ၌ ပါဏ - ၏ အရကောက် အဘိ ဓေယျတ္ထကို ဆိုတော်မူ၏။ ပါဏာတိပါတအရ သူတစ်ပါးကို သတ်ခြင်း ဟူသော ဓားဖြင့်ခုတ်ခြင်း, ဒုတ်ဖြင့် ရိုက်ခြင်းစသည်ကို ယူရမည်လော။ အဘယ်သည် ပါဏာတိပါတ မည်သနည်း။ စုဒ်ကြောင့် -တသ္မိံ ပန ပါဏေ စသော (ဃ) ဝါကျမိန့်။

### အဓိပ္ပာယ်ကား

ပါဏာတိပါတ အရ ဓားဖြင့်ခုတ်ခြင်း ဒုတ်ဖြင့်ရိုက်ခြင်းတို့ကို မယူရ။ သတ္တဝါဟု အမှတ်ရှိလျက် ဇီဝိတိန္ဒြေကို ဖြတ်ကြောင်းဖြစ်သော လုံ့လပယောဂကို ဖြစ်စေတတ်သည့် ကာယဒွါရ, ဝစီဒွါရတို့တွင် တစ်ပါးပါး၌ဖြစ်သော ဝဓကစေတနာကို ကောက်ယူရမည် ဟူလို။

(ဝါကျတက် တက်လိုက - ပါဏ၏ အရကောက်ကိုသာ သိရသေး၍ ပါဏာတိပါတ၏ အရကောက်ကို မသိရသေးသည် မဟုတ်ပါလောဟု အာဘော်ထားပါ။)

http://www.dhammadownload.com



## ( င) သို့ ဥပနာ ပဉ္စက။

ဆရာ (က) စသော ဝါကျတို့ဖြင့် ပါဏာတိပါတ၏ ဝစနတ္ထ. အဘိဓေယျတ္ထတို့ကို ပြဆိုတော်မူခဲ့၏။ ထိုပါဏာတိပါတသည် ငယ်ငယ်ကြီးကြီး မည်သည့် သတ္တဝါကို သတ်သတ် ထပ်တူထပ်မျှ အကျိုးရှိသည်ဟု မှတ်ရမည်လော။ (ဝါကျတက် တက်လိုက "ပါဏာတိပါတ၏ အပ္ပသာဝဇ္ဇ. မဟာသာဝဇ္ဇ ဖြစ်ပုံကို မသိရသေးသည် မဟုတ်လော"ဟု အာဘော်ထားပါ။) အသို့မှတ်ရမည်နည်း–စုဒ်ကြောင့် (င) မိန့်။

**အဓိပ္ပာယ်ကား**

ဂုဏ်မရှိသော သတ္တဝါတို့တွင်–ငယ်သော သတ္တဝါ၌ အပြစ်သေး၏။ ကြီးသော သတ္တဝါ၌ အပြစ်ကြီး၏ ဟူလို။

## (စ) သို့ ဥပနာပဉ္စက။

ဆရာ ဆရာသည် (င) ဝါကျဖြင့် သေးငယ်သော သတ္တဝါ၌ အပ္ပသာဝဇ္ဇ ကြီးသောသတ္တဝါ၌ မဟာသာဝဇ္ဇဟု ဆိုတော်မူ၏။ ဇီဝိတိန္ဒြေကို ဖြတ်ခြင်း(သတ်ခြင်း)အားဖြင့် တူသည်ဖြစ်၍ အကျိုးအားဖြင့်လည်း တူသင့်သည် မဟုတ်ပါလော။ အဘယ်ကြောင့် ကြီးမားသော သတ္တဝါ၌ အပြစ်ကြီး ရပါသနည်း –စုဒ်ကြောင့် ယင်းစုဒ်ကိုပြ၍ ဖြေလိုရကား (စ)မိန့်။

**အဓိပ္ပာယ်ကား**

ကြီးမားသော သတ္တဝါ၌ ပယောဂ (အားထုတ်မှု အားစိုက်မှု) များသောကြောင့် မဟာသာဝဇ္ဇ ဖြစ်ရသည်ဟူလို။

(ဝါကျတက် တက်လိုက–ကြီးမားသော သတ္တဝါကို သတ်ရာ၌ ကြီးသော အပြစ်ရှိကြောင်းကို မသိရသေးသည် မဟုတ်ပါလော–ဟု အာဘော်ထားပါ။)

## ၃။ ဒေါသပယ်

(က) ဖြင့်ပါဏာတိပါတ၏ ဝစနတ္ထကိုပြသောကြောင့် အဗျာပိတ

http://www.dhammadownload.com



ကို ပယ်သည်။

(ခ) ဖြင့် ပါဏာတိပါတ၏ ဝေါဟာရတ္ထကို ပြသောကြောင့် အဗျာပိတကို ပယ်သည်။

(ဂ) ဖြင့် ပါဏအရ ခန္ဓာငါးပါးလုံးကို မယူရ။ ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေ ပညတ်အားဖြင့် သတ္တဝါကိုယူဟု အတိအကျ သတ်မှတ်ပြသောကြောင့် အတိဗျာပိတဒေါသကို ပယ် သည်။

(ဃ) ဖြင့်ပါဏာတိပါတ-အရလောကပသိဒ္ဓဖြစ်သော သတ်ခြင်းဟု ဆိုအပ်သည့် ဓားဖြင့်ခုတ်၍ သတ်ခြင်း, ဒုတ်ဖြင့်ရိုက်၍ သတ်ခြင်း (ဝိညတ်)ကို မယူရ။ ထိုကိုဖြစ်စေတတ်သော ဝဓကစေတနာကို ယူရမည်ဟု အတိအကျ သတ်မှတ်ပြသောကြောင့် အတိဗျာပိတကို ပယ်သည်။

(င) ဖြင့် အပြစ်ကြီး+ငယ်ပုံကို ပြသောကြောင့် အဗျာပိတကို ပယ်သည်။

(စ) ဖြင့်ကြီးမားသောသတ္တဝါ၌ မဟာသာဝဇ္ဇဖြစ်ခြင်း၏ အကြောင်းကိုပြသောကြောင့် ဩဗိတျဟီနဒေါသကို ပယ်သည်။

## ဝုတ္တံ ဟောတိ

ပါဏာတိပါတ၏ ဝေါဟာရတ္ထ, ဝိဂ္ဂဟတ္ထကို ပြသောကြောင့် (ခ) ဝါကျ၌ ဝုတ္တံ ဟောတိ-ကို ထားသည်။

၄။ * ပဏာတိ ဇီဝတီတိ ပါဏော။ (ပဏ+ဏ) အသက်ရှင်ခြင်း။

အတီဝ အဘိဘဝိတွာ ပတနံ အတိပါတော။(အတိ=ပတ+ဏ)

* ပါဏဿ အတိပါတော ပါဏာတိပါတော။

သတ္တဝါ၏ (ဝါ) ဇီဝိတိန္ဒြေ၏ လျင်စွာချုပ်ခြင်းနှင့် အာရုံ+အာရမ္မဏိက သမ္ဗန်သည် ဗျူပ္ပတ္တိနိမိတ်။ လျင်စွာချုပ်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

http://www.dhammadownload.com



(ဟနန် ၀ဓော။ ဟနန် ယာတော။ ပါကာသ ၀ဓော ပါကာ၀ဓော။ ပါကာသ ယာတော ပါကာယာတော-ပြု။)

* ဝေါဟာရီယတိ ဓတေနာတိ ဝေါဟာရော။ (ဝိ+အ၀+ဟာရ+ဏ)

* ပရမော အဝိပရီတော အတ္ထော သဘာဝေါ ပရမတ္ထော။

မဖောက်မပြန် မှန်ကန်ခြင်းဂုဏ်၏ ပရမတ္ထသဘာဝတရားနှင့် ဂုဏ်+ဂုဏေး သမ္ဗန်သည် ဗျ-နိ။ မှန်ကန်ခြင်းဂုဏ်သည် ပ-နိ။

* ပါကာ ပဝတ္တာ သညာ ပါကာသညာ။ (သညာ စေတသိက်)

ပါကာသညာ အဿ အတ္ထီတိ ပါကာသညီ။ (ပုဂ္ဂိုလ်)။

(ပါကာသညာ+ဤ)

သတ္တဝါဟူသော အမှတ်သညာ၏ ထိုအမှတ်သညာရှိသူနှင့် ဌာနီ+ဌာန စပ်ခြင်းသမ္ဗန်သည် ဗျ-နိ။ သတ္တဝါဟူသော အမှတ်သညာသည် ပ-နိ။

* ဥပစ္ဆိန္ဒတိ ဓတေနာတိ ဥပစ္ဆေဒကော။ (ဥပ=ဆိဒိ+ဏွု။)

* ဇီဝိတိန္ဒြိယဿ ဥပစ္ဆေဒကော ဇီဝိတိန္ဒြိယုပစ္ဆေဒကော။

ဇီဝိတိန္ဒြေ၏ ဖြတ်ကြောင်းဖြစ်သော ဝိညာတ်နှင့် ပကတူပ ပစ္စည်း+ပစ္စယုပ္ပန် သမ္ဗန်သည် ဗျ-နိ၊ ဇီဝိတိန္ဒြေကို ဖြတ်ခြင်းသည် လည်းကောင်း။ ဝိညာတ်၏ သာမညဇာတ်သည် လည်းကောင်း ပ-နိ။

(ဇီဝိတိန္ဒြိယုပစ္ဆေဒကော ပယောဂေါ ဇီဝိတိန္ဒြိယုပစ္ဆေဒက ပယောဂေါ။)

ဇီဝိတိန္ဒြိယုပစ္ဆေဒကော ပယောဂေါ ဇီဝိတိန္ဒြိယုပစ္ဆေဒကပယောဂေါ။

* သမုဋ္ဌာပေတီတိ သမုဋ္ဌာပိကာ။ (သံ+ဥ+ဌာ+ဏာပေ+ဏွု။)

ဇီဝိတိန္ဒြိယုပစ္ဆေဒက ပယောဂဿ (ပယောဂံ ဝါ) သမုဋ္ဌာပိကာ ဇီဝိတိန္ဒြိယု ပစ္ဆေဒကပယောဂသမုဋ္ဌာပိကာ။ (စေတနာ)

ဇီဝိတိန္ဒြေကို ဖြတ်ကြောင်းဖြစ်သော ပယောဂ(ဝိညာတ်)၏+ ၀ဓက စေတနာ နှင့် အကျိုး+အကြောင်း သမ္ဗန်သည် ဗျ-နိ။ ထို ၀ဓကစေတနာ၏ သာမညဇာတ်သည် ပ-နိ။

http://www.dhammadownload.com



* ကာယဒ္ဒါရံ စ ဝစီဒ္ဒါရံ စ ကာယဝစီဒ္ဒါရံ။ (ကာယဒ္ဒါရဝစီဒ္ဒါရ ဟု ဆိုလိုလျက် ရှေ့ပုဒ်၌ ဒ္ဒါရပုဒ်ကျေ။)
* ဟနတီတိ ဝဓကော။ (ဟန+ဏွု) သတ်တတ်သူ။ ဝဓကဿ စေတနာ ဝဓကစေတနာ။ (ဝဓကကို ဘာဝပ္ပဓာန ကြံလျှင် စေတနာနှင့် ကမ္မဓာရဲ တွဲ။)
* သဟ အဝဇ္ဇေန ယော ဝတ္တတီတိ သာဝဇ္ဇော။ (ပါဏာတိပါတ) အပ္ပေါ သာဝဇ္ဇော အပ္ပသာဝဇ္ဇော။

နည်းသော ဂုဏ်၏+အပြစ်ရှိသော ပါဏာတိပါတနှင့် ဂုဏ်+ဂုဏေး သမ္ဗန် ဗျု-နိ။ နည်းသော ဂုဏ်သည် ပ-နိ။

* ခုဒတိ အသဟာတီတိ ခုဒ္ဒေါ။ (ခုဒ+ဒက်) မောဂ္ဂလန်။ ခုဒ္ဒေါယေဝ ခုဒ္ဒကော။
* သရတိ ဂစ္ဆတီတိ သရီရံ။ (သရ + ဤရ) မဟန္တံ သရီရံ ယဿာတိ မဟာသရီရော။
* မဟန္တော ပယောဂေါ ယဿာတိ ပယောဂမဟန္တော။ ပယောဂမဟန္တဿ ဘာဝေါ ပယောဂမဟန္တတာ။ (ပုဂ္ဂလော)

ပယောဂများသောပုဂ္ဂိုလ်၏ ပယောဂများခြင်းနှင့် ဂုဏေး+ ဂုဏ် သမ္ဗန် ဗျုပ်-နိ။ ပယောဂများခြင်း ဂုဏ်သည် ပ-နိ။

၆။ (က) ပါဏဿ အတိပါတော -ဖြင့် ပါဏာတိပါတော၌ အတိပါ တောကို အတိဝ ပါတနံ အတိပါတော-ဟု ဘာဝသာဓန ဝစနတ္ထ ပြုရမည်၏ အဖြစ်။

အတိရှေးရှိသော ပတဓာတ်+ဏပစ္စည်း၊ ယင်းဏပစ္စည်း၏ ဘာဝတ္ထ၌ သက်သည်၏ အဖြစ်၊ ပါဏာတိပါတောကို ပါဏဿ အတိပါတော ပါဏာတိ ပါတောဟု ဆဋ္ဌီ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကို သိစေပါ သည်။

(ခ) ပါဏဝဓော ပါဏဃာတောတိ ဝုတ္တံ ဟောတိ -ဖြင့် ပါဏာတိ

http://www.dhammadownload.com



ပါတ သတ္တဝါကို လျင်စွာချခြင်းဟူသည် သတ္တဝါကို သတ်ခြင်းပင်တည်းဟု ဝေါဟာရတ္ထ, ဘာဝတ္ထကို သိစေပါသည်။

(ဂ) ပါဏောတိ စေတ္တ - စသည်ဖြင့် ပါဏာတိပါတ - ၌ ပါဏအရ ဝေါဟာရ(ပညတ်)အားဖြင့် သတ္တဝါ၊ ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကို ကောက်ယူရမည်၏အဖြစ်ကို သိစေပါသည်။

(ဃ) ဝဓကစေတနာ - ဖြင့် ပါဏာတိပါတောအရ လောက၌ ထင်ရှားသော ဓားဖြင့်ခုတ်ခြင်း, ဒုတ်ဖြင့်ရိုက်ခြင်းတို့ကို မယူရ၊ ထိုသို့ သတ်ကြောင်းဖြစ်သော သတ်စေလို(သတ်လို)သော စေတနာကို ယူရမည်၏ အဖြစ်ကို သိစေပါသည်။

တသ္မိံ ပါဏေ (ပ) ဝဓကစေတနာ - ဖြင့် ဝဓကစေတနာဟူသည် သတ္တဝါကို သတ္တဝါမှန်းသိ၍ ထိုသတ္တဝါမှန်းသိ၍ ထိုသတ္တဝါ၏ ဇီဝိတိန္ဒြေကို ဖြတ်ကြောင်းဖြစ်သော လုံ့လပယောဂကို ဖြစ်စေတတ်သော စေတနာတည်း၊ အခြားစေတနာမဟုတ်သည်၏အဖြစ်၊ ထိုစေတနာသည် ကာယဒွါရ, ဝစီဒွါရ တို့တွင် တစ်ပါးပါး၌ ဖြစ်သည်၏အဖြစ် (ကိုယ်တိုင်သတ်ရာ၌ ကာယဒွါရ၊ သူတစ်ပါးကို သတ်ခိုင်းရာ၌ ဝစီဒွါရ၌ ဖြစ်သည်)ကို သိစေပါသည်။

## အကျယ်ဖော်နည်း

တသ္မိံ ပါဏေ - ဖြင့် ပါဏာတိပါတ - သည် သတ္တဝါကိုသတ်မှသာ ပါဏာတိပါတ ဖြစ်သည်၊ သတ္တဝါမဟုတ်ရာ၌ ပါဏာတိပါတ မဖြစ်ဟု ပြသည်။

ပါဏသညိနော - ဖြင့် သတ္တဝါဟုသိလျက် သတ်မှ ပါဏာတိပါတ ဖြစ်သည်၊ သတ္တဝါမှန်းမသိဘဲ (မြေပေါ်ကို ရေနွေးပူဖြင့် လောင်းချခြင်း စသည်ကဲ့သို့) သတ်မိရာ၌ ပါဏာတိပါတကမ္မပထ မမြောက်ဟု သိစေသည်။

ဇီဝိတန္ဒြိယုပစ္ဆေဒက ပယောဂသမုဋ္ဌာပိကာ - ဖြင့် ဇီဝိတိန္ဒြေကို ဖြတ်လို (သတ်လို)သော သဘောဖြင့် ပယောဂကိုဖြစ်စေမှသာ ပါဏာတိ

http://www.dhammadownload.com



ပါတ ဖြစ်သည်။ အခြားသဘောဖြင့် ပယောဂပြုမိ၍ သတ္တဝါသေရာ၌ ပါဏာတိပါတ ကမ္မပထ မဖြစ်ဟု သိစေသည်။

ကာယဝစီဒွါရာနံ အညတြဒွါရပဝတ္တာ-ဖြင့် ကာယဒွါရ, ဝစီဒွါရ တစ်ခုခု၌ ဖြစ်သော ဝဓကစေတနာသည်သာ ပါဏာတိပါတဖြစ်သည်။ သတ်ရန်ကြံနေရုံမျှဖြင့် (မနောဒွါရ သက်သက်ဖြင့်) ပါဏာတိပါတ မဖြစ်ဟု သိစေသည်။

ဝဓကစေတနာဖြင့်-ထိုသတ္တဝါကို သေစေလိုသောစေတနာရှိမှသာ ပါဏာတိပါတ ဖြစ်သည်၊ နာကြင်စေလိုသော စေတနာရှိလျှင် (သေပင် သေသွားသော်လည်း) ပါဏာတိပါတကမ္မပထ မမြောက်ဟု သိစေသည်။

(ဝိညတ်သည် ပါဏာတိပါတမမည်၊ ဝဓကစေတနာသည်သာ ပါဏာတိပါတ မည်သည်ဟု သိစေသည်-ဟုလည်းဖော်။)

(င) (စ) ဝါကျ အာဘော်လွယ်သည်။

၇။ ဝိသယ။

(ဂ) ဓတ္တေ = ပသိဒ္ဓဝိသယ၊ ပါဏာတိပါတကို စွဲ။

(ဃ) တသ္မိံ ပါဏေ = ပါဏေဟု တိုက်ရိုက်ပါသော်လည်း ပသိဒ္ဓ ဝိသယ မဟုတ်။ ထိုပါဏဟူသည် (ဂ)ဝါကျ၌ ဆိုအပ်ခဲ့ပြီး သော ပါဏဟု (ဂ) ဝါကျရှိ ဝေါဟာရတော သတ္တော, ပရမတ္ထတော ဇီဝိတိန္ဒြိယံ ဟု ပြခဲ့သော ပါဏကို စွဲသော ကြောင့် ပဏ္ဏတ္တိဝိသယသာ။

**ဝေတ္တဗ္ဗဖလ**

သဗ္ဗပဒ် သာဝဓာရဏ်-နှင့်အညီ ဝဓကစေတနာနောင် ဝေထိုင် ခဲ့လျှင် -

ဝဓကစေတနာသည် ဂဟေတဗ္ဗ။ ဓားဖြင့်ခုတ်ခြင်းစသော ဝိညတ် သည် နိဝတ္တေတဗ္ဗ။ (ဝဓကစေတနာနှင့် ယှဉ်သော သမ္ပယုတ်တရားများ

http://www.dhammadownload.com



သည် အနုဉာတ။)

## ၈။ ပါဏာတိပါတ၏ ကြိယာငါးတန်

ဝဓကစေတနာသည် ဂဟေတဗ္ဗ၊ အနိဋ္ဌာရုံ. အာယာတဝတ္ထု. အယောနိသောမနသိကာရတို့သည် ဒီပကတ္ထ။ သတ်ကြောင်း လုံ့လပယောဂ (ဝိညတ်)သည် ပကာသနတ္ထ၊ အသပ္ပုရိသူပနိဿယ စသည်သည် ဝိဘာဝတ္ထ။ စိတ်နလုံး ပူပန်ရခြင်း, မင်းပြစ်မင်းဒဏ်သင့်ခြင်း, ဒုဂ္ဂတိဘဝသို့ ရောက်ရခြင်း, အင်္ဂါခြေလက် ချို့တဲ့ခြင်း, အသက်တိုခြင်း, အနာရောဂါများခြင်း စသော အကျိုးများသည် အနုဘာဝတ္ထ။

## ပါဏ အရ ကြိယာငါးတန်

ပါဏအရ သတ်အပ်သောပုဂ္ဂိုလ်၏ ခန္ဓာပဉ္စကသည် ဒဿနတ္ထ။ ကံ ကိလေသာသည် ဒီပကတ္ထ။ အကြောင်းအားလျော်စွာ သုခ ဒုက္ခကို ခံစားရခြင်းသည် ပကာသနတ္ထ။ အဝိဇ္ဇာ, တဏှာစသော ကိလေသာတို့သည် ဝိဘာဝတ္ထ။ အို . နာ . သေ စသော အကျိုးများသည် အနုဘာဝတ္ထ။

## သိဒ္ဓိ

(ဂ) ဝါကျ၌ ပါဏ၏ ပရမတ္ထတရားကိုယ် (ဃ)ဝါကျ၌ ပါဏာတိပါတ၏ သဘောလက္ခဏာနှင့် တရားကိုယ် ပရမတ္ထ တရားတို့ကို ပြဆိုသောကြောင့် ပစ္စက္ခသိဒ္ဓိ ရသည်။

၉။ ပါဏ အရ ဇီဝိတိန္ဒြေစေတသိက်. ဇီဝိတရုပ်ကို ကောက်၍ထုတ်။
ပါဏာတိပါတ အရ စေတနာ။ (ဝဓကစေတနာ)ကို ကောက်၍ထုတ်။

ဇီဝိတိန္ဒြိယုပစ္ဆေဒက အရ ဝိညတ်ကိုကောက်။ (ပယောဂအရလည်း နည်းတူ) ကာယဒွါရအရ ကာယဝိညတ်၊ ဝစီဒွါရအရ ဝစီဝိညတ်ကို ကောက် ၍ ထုတ်။

http://www.dhammadownload.com



၁၀။ ပါကသသ အတိပါတော (ပါကာတိပါတော)

ပါကာဿအရ သတ္တဝါပညတ် ပစ္စည်း၊ အတိပါတ အရ ဝဓက စေတနာ ပစ္စယုပ္ပန်။ အာရမ္မဏ ပြိုင်မရှိ။

ပါကာဿအရ ရုပ်ဇီဝိတ, နာမ်ဇီဝိတ ပစ္စည်း၊ အတိပါတအရ ဝဓက စေတနာ ပစ္စယုပ္ပတန်။ အာရမ္မဏ။ အာ, ပု, အတ္တိ, အဝိဂတ ၄ - ပစ္စည်းပြိုင်။

## ပါကာသညီနော

ပါက - အရ သတ္တဝါ, ဇီဝိတိန္ဒြေပစ္စည်းသည် သညာပြတန်းသော ဒေါသမူစိတ္တုပ္ပါဒ် ပစ္စယုပ္ပန်။ ယခင်နည်းတူ အာရမ္မဏ ၂ - မျိုး ခွဲ၍ပြိုင်။

## ပယောဂ သမုဋ္ဌာပိကာ -

ပယောဂအရ ဝိညတ်ဒွေ(ပစ္စယုပ္ပန်)။ သမုဋ္ဌာပိကာ အရ ဝဓက စေတနာ(ပစ္စည်း) သဟဇာတ။ ကြီး၄၊ ဝိပ္ပယုတ္တ၊ အာဟာရ၊ ကမ္မ - ပေါင်း ၇ - ပစ္စည်းပြိုင်။

< >

## ၆၅။ အဒိန္နာဒါန အဖွင့်

(က) အဒိန္နဿ အာဒါနံ အဒိန္နာဒါနံ။
(ခ) ပရဿဟရဏံ ထေယျံ စောရိကာတိ ဝုတ္တံ ဟောတိ။
(ဂ) တတ္ထ အဒိန္နန္တိ ပရပရိဂ္ဂဟိတံ။
(ဃ) ယတ္ထ ပရော ယထာကာမကာရိတံ အာပဇ္ဇန္တော အဒဏ္ဍာရဟော အနုပဝဇ္ဇော စ ဟောတိ။
(င) တသ္မိံ ပန ပရပရိဂ္ဂဟိတေ ပရပရိဂ္ဂဟိတသညိနော တဒါဒါယက ဥပက္ကမသမုဋ္ဌာပိကာ ထေယျစေတနာ အဒိန္နာဒါနံ။
(စ) တံ ဟီနေ ပရသန္တကေ အပ္ပသာဝဇ္ဇံ၊ ပဏီတေ မဟာသာဝဇ္ဇံ။

(ဌ - ၁၄၀)

http://www.dhammadownload.com



## ၁။ (ဃ)ဝါကျ အာဂုတ္တိနည်းဖြင့် အနက်ပေး။

ယတ္ထ - အကြင်ဥစ္စာ၌။ ပရော - သူတစ်ပါးသည်။ ယထာကာမ ကာရိတံ - သို့။ အာပဇ္ဇန္တော - ရောက်သော်လည်း။ အဒက္ခာရပဟော, အနုပ ဝဇ္ဇော စ, ဟောတိ။ တံ ခန် - သည်။ ပရပရိဂ္ဂဟိတံနာမ - မည်၏။

## ၂။ (ခ) သို့ -

ဆရာ ဆရာသည် (က)ဝါကျဖြင့် အရှင်မပေးသော ဥစ္စာကိုယူခြင်း သည် အဒိန္နာဒါနမည်၏ဟု ဆိုတော်မူ၏။ မပေးဘဲယူခြင်းဟူသည် ခေတ္တ ခဏယူခြင်း (တာဝကာလိက၊ အကျွမ်းဝင်၍ယူခြင်း (ဝိဿာသဂ္ဂါဟ) တို့ကို ဆိုလိုပါသလော။ အဘယ်သို့ယူခြင်းကို အဒိန္နာဒါနဟု ဆိုပါသနည်း - စုဒ်ကြောင့် (ခ)မိန့်။

**အဓိပ္ပာယ်ကား -**

တာဝကာလိက, ဝိဿာသဂ္ဂါဟ ယူခြင်းမျိုးကို ဆိုသည်မဟုတ် သူတစ်ပါး ဥစ္စာကို ခိုးယူခြင်းကို အဒိန္နာဒါနဟု ဆိုသည်ဟူလို။

(ဝါကျတက် တက်လိုက ဆရာ အဒိန္နာဒါန၏ ဝစနတ္ထကိုပြ၏၊ ဝေါဟာရတ္ထကို မပြပြီလော - ဟု အာဘော်သွင်းပါ။)

## (ဂ) သို့ -

ဆရာ (က) (ခ)ဝါကျတို့ဖြင့် အဒိန္န၏ ဝစနတ္ထနှင့် ဝေါဟာရတ္ထတို့ကို ဆိုတော်မူ၏။ အဒိန္နဒါနဟူသည် ဒုက္ကပေါက သိက္ခာပုဒ်၌ အကပ်မခံရ သေးသော မိမိပိုင် ပစ္စည်းဥစ္စာကိုပင် ဆိုလိုပါသလော။ အဘယ်သည် အဒိန္န မည်ပါသနည်း။ စုဒ်ကြောင့် (ဂ)မိန့်။

**အဓိပ္ပာယ်ကား**

ဒုက္ကပေါကသိက္ခာပုဒ်လာ အဒိန္နမျိုးမဟုတ်။ ဒုတိယပါရာဇိက သိက္ခာ ပုဒ်လာအဒိန္နကဲ့သို့ သူတစ်ပါးပိုင်ပစ္စည်းကို အဒိန္နဟု ဆိုသည် ဟူလို။

http://www.dhammadownload.com



## (ဃ) ဝါကျသို့

ဆရာ ဆရာသည် (ဂ)ဝါကျဖြင့် သူတစ်ပါးတို့ ထိမ်းသိမ်းစောင့်ရှောက်အပ်သော ပစ္စည်းသည် အဒိန္နမည်၏ဟု ဆို၏။ ယင်းသို့ဆိုလျှင် သူတစ်ပါးတို့က သိမ်းဆည်းရန် အပ်နှံထားသဖြင့် စောင့်ရှောက်ထားအပ်သော ပစ္စည်းဥစ္စာသည် အဒိန္နဒါနမည်သည်ဟု မှတ်ရပါမည်လော။ အဘယ်သို့ မှတ်ရပါမည်နည်း။ စုဒ်ကြောင့် (ဃ) မိန့်။

**အဓိပ္ပာယ်ကား -**

သူတစ်ပါးတို့က အပ်နှံသဖြင့် သိမ်းဆည်းထားအပ်သော ပစ္စည်းကို ပရပရိဂ္ဂဟိတ ပစ္စည်းဟု ဆိုလိုသည် မဟုတ်။ မိမိစိတ်တိုင်းကျ ပြုလုပ်ဆောင်ရွက်သော်လည်း ဒဏ်ထားခြင်းငှာမထိုက်, စီစစ်မေးမြန်းခြင်းငှာလည်း မထိုက်အောင် ကိုယ်စိုးကိုယ်ပိုင် မဟုတ်သော သူတစ်ပါး၏ ပစ္စည်းဥစ္စာကိုသာ ပရပရိဂ္ဂဟိတဟု ဆိုထိုက်ပါ၏ ဟူလို။

## (င) သို့ -

ဆရာ ဆရာသည် (ဂ) ဝါကျဖြင့် အဒိန္န၏ သရုပ်ကို ဆိုတော်မူ၏။ အဒိန္နာဒါန ဟူသည် ထိုသူတစ်ပါးသာ ပစ္စည်းကို ခိုးယူသော အခြင်းအရာအားဖြင့် ဖြစ်သော ကာယဝိညတ်ကို ဆိုလိုပါသလော။ အဘယ်သည် အဒိန္နာဒါန မည်ပါသနည်း - စုဒ်ကြောင့် (င)မိန့်။

**အဓိပ္ပါယ်ကား -**

သူတစ်ပါးဥစ္စာကို ခိုးယူကြောင်းဖြစ်သော ကာယဝိညတ်ကို ဖြစ်စေသည့် ထေယျစေတနာသည် အဒိန္နာဒါန မည်ပါ၏ ဟူလို။

(ဝါကျတက် တက်လိုက - ဆရာ အဒိန္န၏ သရုပ်ကို ဆို၏။ အဒိန္နာဒါန၏ သရုပ်ကို မဆိုတော့ပြီလော - ဟု အာဘော်သွင်းပါ။)

၄။ * ဒါတဗ္ဗန္တိ ဒိန္နံ။ န ဒိန္နံ အဒိန္နံ။

http://www.dhammadownload.com



အာဒီယတေ အာဒါနံ။ (ဘာဝသာဓန)။

အဒိန္နဿ အာဒါနံ အဒိန္နာဒါနံ။ [(င) ဝါကျကို ထောက်လျှင် အာဒီယတေ ဧတေနာတိ အာဒါနံ-ဟု ကရဏသာဓ်လည်း ပြုသင့်သည်။]

* ပရဿ ဣဒံ ပရံ။ (ပရ+ဏ)

သူတစ်ပါး၏ ပစ္စည်းဥစ္စာနှင့် သာမီ+သံ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန် သည့်ဏျ-နိ။ ခိုးယူခြင်းကြိယာသည် ပ-နိ။ ပစ္စည်း ဥစ္စာဒြပ်သည် ပ-နိ။

* ပရဿ ဟရဏံ ပရဟရဏံ။(ပရဿဒ္ဓသ-ဝိဘတ်မကျေ)

သူတစ်ပါးပိုင် ဥစ္စာ၏ ခိုးယူခြင်းနှင့် အာရုံ+အာရမ္မဏိက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် ဏျ-နိ။ ခိုးယူခြင်း ကြိယာသည် ပ-နိ။

* ထေနေတီတိ ထေနော။(ထေန+အ) ခိုးသူရ၏။

* ထေနဿ ဘာဝေါ ထေယျံ။ (ထေန+ဏျ)

(ခိုးကြောင်းစေတနာ ရ၏)

ခိုးသူ၏+ခိုးခြင်း (ခိုးကြောင်းစေတနာ)နှင့် ဌာန + ဌာနီ သမ္ဗန် ဏျ-နိ။ ခိုးခြင်း( ခိုးကြောင်းစေတနာ) သည် ပ-နိ။

* စောရဿ ဧသာ စောရိကာ။ (စောရ+ဣက)။ထေယျံကဲ့သို့ထုတ်။

* ပရိဂ္ဂယှတေတိ ပရိဂ္ဂဟိတော၊ ပရေဟိ ပရိဂ္ဂဟိတော ပရပရိဂ္ဂ-ဟိတော။

* ထေယျံ စ တံ စေတနာ စာတိ ထေယျစေတနာ။

* ပဓာနဘာဝေန နီယတေတိ ပဏီတံ။ (ပ+နီ+တ)။ (ပရသက္က)

* ဟောသိ ဟီနတ္တံ အဂမီတိ ဟီနံ။(ပရသက္ကံ)

| | | |
|---|---|---|
| ၅။ | စောရိကာ | = တဒ္ဓိတ်ပုဒ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာကာရန္တ။ |
| | ယထာကာမစာရီ | = သမာသ်ပုဒ်၊ ပုလ္လိင်၊ ရတ္တာဒိ၊ ဤကာရန္တ။ |
| | ယထာကာမစာရိတံ | = တဒ္ဓိတ်ပုဒ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာကာရန္တ။ |

http://www.dhammadownload.com



၆။ (က) အဒိန္နဿ အာဒါနံ -ဖြင့် အဒိန္နာဒါနံ၌ အာဒါနကို အာဒီယတေ အာဒါနံဟု ဘာဝသာဓန ဝစနတ္ထ ပြုရမည်၏အဖြစ်၊ အာ+ဒါ+ယု၊ ယုပစ္စည်း၏ ဘာဝတ္ထ၌ သက်သည်၏ အဖြစ်၊ အဒိန္နာဒါနံကို အဒိန္နဿ အာဒါနံ အဒိန္နာဒါနံ ဟု ဝစနတ္ထ ပြုရမည်၏အဖြစ်ကို သိစေသည်။

(ခ) ပရဿ ဟရဏံ - စသည်ဖြင့် သူတစ်ပါးဥစ္စာကို ယူခြင်းဟူသည် တာဝကာလိက ယူခြင်း, ဝိဿာသဂ္ဂါဟ ယူခြင်းမျိုးကို ဆိုလိုသည်မဟုတ်၊ ခိုးယူခြင်းကို ဆိုလိုသည်၏ အဖြစ်ကို သိစေသည်။

(ဂ) တတ္ထ အဒိန္နန္တိ ပရပရိဂ္ဂဟိတံ ဖြင့် အဒိန္နဟူသည် ဒန္တပေါဏ သိက္ခာပုဒ်လာ အဒိန္နကဲ့သို့ အကပ်မခံအပ်သေးသော ကိုယ်ပိုင်ပစ္စည်းဥစ္စာကို ဆိုလိုသည်မဟုတ်၊ ဒုတိယ ပါရာဇိကသိက္ခာပုဒ်လာ အဒိန္နကဲ့သို့ သူတစ်ပါး ပိုင် ပစ္စည်းကို ဆိုလိုသည် အဖြစ်၊ အဒိန္နံကို ဒီယတေတိ ဒိန္နံ။ န ဒိန္နံ အဒိန္နံဟု ဝစနတ္ထ ပြုရမည်၏အဖြစ်၊ ဒိန္နံ၌ တ -ပစ္စည်း၏ ကမ္မဝါစက အဖြစ်ကို သိစေ သည်။

(ဃ) ယတ္ထ ပရော - စသည်ဖြင့် သူတစ်ပါးတို့ သိမ်းဆည်းအပ်သော ပစ္စည်းဟူသည် ခေတ္တခဏ သိမ်းဆည်းရန် အပ်နှံထားသဖြင့် ထိန်းသိမ်းစောင့် ရှောက်ထားအပ်သော ပစ္စည်းကို ဆိုလိုသည်မဟုတ်၊ အကြြင်ပစ္စည်း၌ သူတစ်ပါး စိတ်တိုင်းကျ ဆောင်ရွက်စီမံသော်လည်း တစ်စုံတစ်ရာ ဒဏ် မထိုက်, သူတစ်ပါးတို့ ကဲ့ရဲ့စွက်စွဲခြင်းငှာလည်း မထိုက်, ထိုသို့ စိတ်တိုင်းကျ စီမံပိုင်ခွင့်ရှိသည့် သူတစ်ပါး ပစ္စည်းကိုသာ ပရပရိဂ္ဂဟိတပစ္စည်းဟု ဆိုထိုက် သည် အဖြစ်ကို သိစေသည်။

(င) တသ္မိံ ပန ပရပရိဂ္ဂဟိတေ -စသည်ဖြင့် သူတစ်ပါးပိုင် ပစ္စည်း ဥစ္စာ၌ သူတစ်ပါးပိုင်ဟု သိလျက် သူတစ်ပါးပိုင်ပစ္စည်းကို ခိုးယူခြင်းငှာ လုံ့လ ပယောဂကို ဖြစ်စေတတ်သည့် ထေယျစေတနာသည် အဒိန္နာဒါနမည်၏။ (ခိုးယူသောအခြင်းအရာအားဖြင့် ဖြစ်သော ကာယဝိညတ်သည် အဒိန္နာဒါန မမည်။)ဟု သိစေသည်။

(ပါဏာတိပါတ ဝါကျ၌ကဲ့သို့ အစိတ်စိတ်လည်း ဖော်ပါ။)

http://www.dhammadownload.com



၇။ (င) တသ္မိံ ပန ပရပရိဂ္ဂဟိတေ ၌ တသ္မိံ ကား (ဂ) (ဃ) ဝါကျတို့ဖြင့် ပြအပ်သော ပရပရိဂ္ဂဟိတ ဝတ္ထုကို စွဲသောကြောင့် ပစ္စတ္တဝိသယ။ (ပရ ပရိဂ္ဂဟိတဝတ္ထု ဟူသည် ထို (ဂ) (ဃ) ဝါကျတို့ဖြင့် ပြအပ်ခဲ့သော ပရ ပရိဂ္ဂဟိတဝတ္ထုဟု သိစေလိုသောကြောင့် တသ္မိံ ပရပရိဂ္ဂဟိတေဟု ဆိုသည်။ ထို့ကြောင့် ပစ္စတ္တဝိသယဟု ယူ၊ ပသိဒ္ဓဝိသယဟု မယူနှင့်)

ကြွင်းသဒ္ဒါများ သိသာသည်။

## ထေယျ စေတနာနောင် ဇဝ ထိုင်ခဲ့လျှင်

ထေယျစေတနာသည် ဂဟေတဗ္ဗ။ ခိုးယူသော အခြင်းအရာအား ဖြင့်ဖြစ်သော ကာယဝိညတ်သည် နိဝတ္တေတဗ္ဗ။ (စေတနာ သမ္မယုတ္တဓမ္မ သည် အနုညာတ။)

## ၈။ အဒိန္နာဒါနရဲ့ ကြိယာငါးတန်

သူတစ်ပါး ဥစ္စာကို ခိုးယူခြင်းသည် ဒဿနတ္ထ။ ထိုပစ္စည်းကို မက်မော ခြင်း တဏှာသည် ဒီပကတ္ထ။ ခိုးယူသော အခြင်းအရာ ကာယဝိညတ် (ဝစီဝိညတ်) သည် ပကာသနတ္ထ။ အသပ္ပုရိသူပနိဿယ, အယောနိသော မနသိကာရ စသည်တို့သည် ဝိဘာဝတ္ထ။ ရလာသောအခါ ဝမ်းမြောက်ခြင်း, ဖမ်းမိသောအခါ အရိုက်အနက်ခံရခြင်း, ထောင်ကျခြင်း စသော မျက်မှောက် ဆိုးကျိုးအမျိုးမျိုးနှင့် ဘဝအဆက်ဆက်၌ဥစ္စာနည်းမွဲ ဆင်းရဲငတ်ဘိ လိုရှိမရ သောဂပျက်စီး စသော အဒိန္နာဒါနရဲ့အကျိုးများသည် အနုဘာဝတ္ထ။

(ထေယျံ စောရိကာ တို့ အရလည်း နည်းတူထုတ်)

၉။ အဒိန္နာဒါနံ. ထေယျံ. စောဒိကာ = စေတနာကောက်။
ဥပက္ကမ = ဝိညတ်။ ဥပက္ကမ သမုဋ္ဌာပိကာ = စေတနာ။

## ၁၀။ အဒိန္နဿ အာဒါနံ အဒိန္နာဒါနံ။

အဒိန္နဿ (အဒိန္န)အရ ခိုးယူအပ်သော ပစ္စည်း ဥစ္စာရဲ့။ (အာရုံ

http://www.dhammadownload.com



ပစ္စည်း)အာဒါန် အရ ထေယျစေတနာရ၏။ (အာရမ္ဘကိက ပစ္စယပုပ္ပန်) အာ.ဓိ. ဥပ. ပုရေ. အတ္ထိ. အဝိဂတ = ၆ - ပစ္စည်း။

< >

## ၆၆။ မုသာဝါဒ အဖွင့်

(က) မုသာတိ ဝိသံဝါဒနပုရေက္ခာရဿ အတ္ထဘဉ္ဇကော ဝစီပယောဂေါ ကာယပယောဂေါ ဝါ။

(ခ) ဝိသံဝါဒနာဓိပ္ပါယေန ပနဿ ပရဝိသံဝါဒက ကာယဝစီပယောဂ သမုဋ္ဌာပိကာ စေတနာ မုသာဝါဒေါ။

(ဂ) အပရော နယော၊ မုသာတိ အဘူတံ အတစ္ဆံ ဝတ္ထု။

(ဃ) ဝါဒေါတိ တဿ ဘူတတော တစ္ဆတော ဝိညာပနံ။

(င) လက္ခဏတော ပန အတထံ ဝတ္ထုံ တထတော ပရံ ဝိညာပေတုကာမဿ တထာဝိညတ္တိ သမုဋ္ဌာပိကာ စေတနာ မုသာဝါဒေါ။ (ဌ - ၁၄၁)

**မှတ်ချက်။**

### ပုရက္ခာရ + ပုရေက္ခာရ -

